
အရှင်ဂုဏိန္ဒ
ဓမ္မာကထိကအိတ်ဆောင်
အမှတ်(၅)

အင်္ဂုတ္တရနိကာယ်၊ ဝဋ္ဋကနိပါတ်၊ သုမနဝဂ်၊ စုန္ဒီသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဘဝကောင်းရေး + အမေး အဖြေ

## တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဘဝကောင်းရေး + အမေး အဖြေ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

ဘဝကောင်းရေး အမေး အဖြေ တရားပါဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဝေဠုဝန်မှာ + စောမြတ်စွာ

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တွေကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

စုန္ဒီရောက်လာ+မေးလျှောက်ရှာ

အဲဒီအချိန်မှာ စုန္ဒီမင်းသမီးလေးဟာ ရထား ငါးရာ၊ သတို့သမီး ငါးရာ ခြံရံပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာ ရှိခိုးပြီးတော့ တစ်ခုသောနေရာမှာ ထိုင်နေပါတယ်။

တစ်ခုသောနေရာမှာ ထိုင်နေပြီးတော့ စုန္ဒီမင်းသမီးလေးဟာ မြတ်စွာဘုရားကို ဒီစကားလေး မေးလျှောက်လိုက်ပါတယ်။

### မောင်တော်စုန္ဒ + ပြောပြသည်မှာ

အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ မောင်ဖြစ်တဲ့ စုန္ဒမင်းသားဟာ ဒီလိုပြောဆိုပါတယ် ဘုရား။

"မိန်းမပဲ ဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ဘုရား တရား သံဃာကို ကိုးကွယ်

သူ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် သူ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် သူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ် သူ၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ၊ ကုသိုလ်တရားတွေမှာ မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူဟာ သေပြီးတဲ့နောက် ကောင်းတဲ့ သုဂတိ ဘုံဘဝကိုပဲ ရောက်ရပါတယ်။ မကောင်းတဲ့ ဘုံဘဝကို မရောက်ရပါ''လို့ ပြောဆိုပါတယ် ဘုရား။

ဘယ်လိုဗုဒ္ဓ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

အရှင်ဘုရား၊ တပည့်တော် စုန္ဒီ မြတ်စွာဘုရားကို မေးလျှောက်ပါရစေ။

ဘယ်လိုဘုရားမှာ ကြည်ညိုသူဟာ ခန္ဓာကိုယ်ပျက်စီး သေပြီးတဲ့နောက်မှာ ကောင်းတဲ့ဘုံဘဝ ရောက်နိုင်ပါသလဲ။ မကောင်းတဲ့ ဘုံဘဝ မရောက်နိုင်ပါသလဲ လို့ မေးလျှောက်ပါတယ်။

ဒီနေရာလေး လျှောက်ထားတာ ကြည့်လိုက်တော့ နောက်ဘဝကောင်းရေး နောက်ဘဝ၊ ဘဝကောင်းရေး မေးလျှောက်နေတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## အရေးကြီးကာ + မေးလျှောက်တာ

နောက်ဘဝ တစ်ဘဝကောင်းရေး အရေးမကြီးဘူးလား။

(အရေးကြီးပါတယ် ဘုရား)

အေး စုန္ဒီမင်းသမီးလေးက အရေးကြီးလို့ မေးလျှောက်နေတာ ဖြစ်တယ် နော်။ (မှန်လှပါဘုရား)

## နေမထူး သေမထူး

လူ့လောကမှာတော့ လူတွေဟာ နောက်ဘဝရေး မတွေးတဲ့လူ၊ နေမထူး၊ သေမထူးလူတွေ များတယ်နော်။ (မှန်လှပါဘုရား)

နေမထူး သေမထူး လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ဘုန်းကြီးတို့ကတော့ လူ့ဘဝ တစ်ခဏလေး နေရစဉ်မှာလည်း ကုသိုလ်တွေနဲ့ နေပြီးတော့ သေဆုံးတဲ့အခါမှာလည်း ကုသိုလ်တရားတွေနဲ့ သေနိုင်ကာ နေလည်း ထူး၊ သေလည်း ကောင်းတဲ့ဘဝတွေ ရောက်ပြီး ထူးစေချင်ပါတယ်။

ဘယ်လိုဓမ္မကြည်ညိုမှ ဘဝကောင်းရမှာလဲ?

နောက်ပြီးတော့ ဘယ်လိုတရားတော်ကိုကြည်ညိုမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်သလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသံဃာ၊ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသံဃာ ကြည်ညိုပါမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသီလ ဖြည့်ကျင့်မှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသီလတွေမှာ ဖြည့်ကျင့် ဆည်းပူးမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

## အမေး လေးပါး + လင်္ကာများ

စုန္ဒီမင်းသမီးလေးရဲ့ အမေး လေးပါး။

ဘယ်နှစ်ပါးတဲ့လဲ? (လေးပါးပါ ဘုရား)

အဲဒီ အမေးလေးပါးကို လင်္ကာလေးတွေ ရေးထားတယ်။ အားလုံး မှတ်မိသွားအောင် လိုက်ဆိုကြပါ။

* ဘယ်လိုဗုဒ္ဓ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုဓမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသံဃာ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောက်မှာလဲ?

## များပြားလှစွာ + သတ္တဝါ

အဲဒီလို စုန္ဒီမင်းသမီးလေးက မေးလျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က–

စုန္ဒီ အခြေမရှိတဲ့သတ္တဝါ၊ အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါ၊ အခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အခြေများစွာရှိတဲ့ သတ္တဝါ၊ ရုပ်ရှိတဲ့ သတ္တဝါ၊ ရုပ်မဲ့တဲ့ သတ္တဝါ၊ သညာရှိတဲ့ သတ္တဝါ၊ သညာမဲ့တဲ့ သတ္တဝါ၊ ရုန့်ရင်းတဲ့သညာကား မရှိ သိမ်မွေ့တဲ့ သညာမရှိသည် မဟုတ်တဲ့ သတ္တဝါရယ်လို့ သတ္တဝါတွေ များစွာရှိတယ်။

## ဗုဒ္ဓမြတ်စွာ+မြတ်ဆုံးပါ

အဲဒီလို များစွာရှိတဲ့သတ္တဝါတွေထဲမှာ ကိလေသာတွေမှ ဝေးကွာတော်မူ

တဲ့ မြတ်စွာဘုရား။ အလုံးစုံသော တရားတွေကို ကိုယ်တိုင် မှန်စွာသိတော်မူတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံး ဖြစ်တော်မူတယ်။

အရဟံ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ ဟာ အမြတ်ဆုံးနော် (မှန်လှပါ ဘုရား)

## ဘုရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ အမြတ်မှာ ကြည်ညိုသူတွေ ဖြစ်တယ်။ အဲဒီလို အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပြည့်ဝတော်မူတဲ့ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ မြင့်မြတ်ကောင်းကျိုး အမျိုးမျိုးတွေ ပွားတိုးရရှိနိုင်တယ်။ ကောင်းတဲ့ဘဝဟွေ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်နိုင်ဘူးလို့ ဟောကြား အဖြေပေးတော်မူတယ်။

## ဘဝကောင်းရ + သာဓက

ဒီနေရာမှာ 'ခင်ပုတ်ငှက် ဝတ္ထု' ကို ပြောပြချင်ပါတယ်။

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဝေဒိသကတောင် ဣန္ဒသာလ လိုဏ်ဂူမှာနေတော်မူပါတယ်။

ခင်ပုတ်ငှက်တစ်ကောင်ဟာ မြတ်စွာဘုရား ရွာထဲကို ဆွမ်းခံကြွတော်မူ တဲ့အခါမှာ လမ်းတစ်ဝက်ထိ သွားရောက်ကြိုဆိုပါတယ်။ ပြန်ကြွတော်မူတဲ့အခါမှာ လည်း လမ်းတစ်ဝက်အထိ လိုက်ပို့ပါတယ်။

အဲဒီခင်ပုတ်ငှက်ဟာ တစ်နေ့တော့ ညနေချမ်းအချိန် ရဟာန်းအပေါင်း ခြံရံတော်မူပြီး နေတော်မူတဲ့ မြတ်စွာဘုရားကို တောင်ကနေဆင်းကာ အတောင် နှစ်ဖက် ယှက်ပြီးတော့ ဦးညွှတ်ရှိခိုးနေတယ်။

မြတ်စွာဘုရားဟာ အဲဒီခင်ပုတ်ငှက်ကို ကြည့်ပြီးတော့ ပြုံးတော်မူလိုက်ပါ တယ်။

အရှင်အာနန္ဒာက 'မြတ်စွာဘုရား။ ဘာ့ကြောင့် ပြုံးတော်မူရပါသလဲ၊ ပြုံးတော်မူခြင်းရဲ့ အကြောင်းကို ဟောပြတော်မူပါ ဘုရား' လို့ လျှောက်ထားတော်မူ ပါတယ်။

ဘုရားရှင်က 'အာနန္ဒာ၊ ဒီခင်ပုတ်ငှက်ကို ကြည့်လိုက်စမ်းပါ။ ဒီခင်ပုတ် ငှက်ဟာ ငါဘုရားနဲ့ သံဃာတော်များကို စိတ်ကြည်ညိုတဲ့ကောင်းမှုကြောင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး အပါယ်လေးပါးလွတ်ပြီးတော့ လူ့နတ်ဘဝမှာပဲ ဖြစ်ရကာ နောင်အခါမှာ သောမနဿအမည်ရတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ရမယ်' လို့ ဟောပြတော် မူပါတယ်။ (မူလပဏ္ဏာသ၊ ဌ၊ ၁၊ ၃၂၂)

ဒီခင်ပုတ်ငှက်ဝတ္တုကို ကြည့်လိုက်တဲ့အခါမှာ ဘုရားကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် အပါယ်လေးပါး လွတ်ရခြင်း၊ လူ နတ်ဘဝ ဖြစ်ရခြင်း၊ ဖလမွှာဘုရား ဖြစ်ရမယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

ဒီတော့ အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တွေ ပြည့်ဝတော်မူတဲ့ အမြတ်ဆုံး ဗုဒ္ဓကို ကြည်ညိုတဲ့၊ ကြိုဆိုတဲ့၊ ပူဇော်တဲ့ ခင်ပုတ်ငှက်ဟာ အပါယ်လွတ်မြောက် လူ နတ် ဆိုတဲ့ ဘဝကောင်းတွေ ရောက်ရတယ် မဟုတ်လား။

(ရောက်ရပါတယ် ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* အရဟံဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* သမ္မာသမ္ဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* မြတ်စွာဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အပယ်မရောက် + နတ်ပြည်ရောက်

ဘုရားကို ကြည်ညိုကိုးကွယ်ဆည်းကပ်သူတွေဟာ အပါယ်လေး မရောက်တော့ဘူး။ လူ့ခန္ဓာကို ပယ်စွန့်ရတဲ့အခါမှာလည်း နတ်ရွာ၊ လောကဘုံဘဝကောင်းကိုပဲ ရောက်ရတယ်။ (ဒီ ၂- ၂၀၄။ သံ-၁-၂၅)

## တကယ်သိမှတ် + ပီတိမြတ်

ဘုရားလို့ ကြားရတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ပီတိဟာ ဇမ္ဗူဒိပ်ထစ်ကျွန်းလုံးမှာ အစိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်ရတာထက် မြတ်တယ်။

(ဒီ ဋ- ၁၅၄။ ဗုဒ္ဓတိဝုတ်၊ ဌ၊ ၂၇၁)

## ကောင်းကျိုးဆယ်ဖြာ + ရအံ့သာ

နတ်တို့အရှင် သိကြားမင်း၊ ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းဟာ ကောင်းတယ်။ ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒီလောကမှာ အချို့သတ္တဝါတွေဟာ သေဆုံးရတဲ့အခါ နတ်ပြည်ကို ရောက်ရမယ်။ နတ်ပြည်ကို ရောက်တဲ့အခါမှာလည်း နတ်၌ဖြစ်တဲ့အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံ၊ အစိုးရခြင်း။

နတ်၌ဖြစ်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကောင်းကျိုး ၁၀ မျိုးဟာ အခြားနတ်တွေကို လွှမ်းမိုးနိုင်တယ်။ (အသာရတယ်) ဆိုတဲ့ ဟောကြားချက်တွေ အများကြီးရှိသေးတယ်နော်။ (မှန်လှပါဘုရား) (သံ၊ ပါ၊ ၂၊ ၄၆၇)

## အင်္ဂါရှစ်ပါး + မဂ်တရား

စုန္ဒီ၊ အကြောင်းတရားတွေ ပြုပြင်အပ်တဲ့ သင်္ခတ တရားတွေ ရှိတယ်။ အဲဒီသင်္ခတ တရားတွေထဲမှာတော့ ဖြူစင်သန့်ရှင်း ဖျပြစ်ကင်းတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်တရားဟာ အမြတ်ဆုံးဖြစ်တယ်။

သင်္ခတ တရားတွေထဲမှာ အမြတ်ဆုံးက ဘာ? (မဂ္ဂင်ရှစ်ပါးပါ ဘုရား)

## မဂ္ဂင်ရှစ်ပါး + မြတ်တရား

အဲဒီမဂ္ဂင်ရှစ်ပါးကတော့–

* သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် (ဆင်းရဲမှန်ကိုသိတာ)၊ ဆင်းရဲကြောင်းအမှန်ကို သိတာ၊ ဆင်းရဲချုပ်ရာ အမှန်ကိုသိတာ၊ ဆင်းရဲချုပ်သို့ရောက်ကြောင်း အမှန်ကို သိတာဖြစ်တယ်။
* သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံ၊ (ကိလေသာ ကာမ၊ ဝတ္ထုကာမတွေမှာ လွတ်မြောက်ရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မဖျက်ဆီးရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်း ဖြစ်တယ်)
* သမ္မာဝါစာ၊ ကောင်းတဲ့စကားကို ဆိုခြင်း၊ (ဝစီ ဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာ)
* သမ္မာကမ္မန္တ၊ ကောင်းတဲ့အမှုကိုသာ ပြုတာ။ (ကာယ ဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်တာ)
* သမ္မာအာဇီဝ၊ ကောင်းတဲ့အသက်မွေးခြင်း၊ (မကောင်းမှု ဒုစရိုက် ခုနစ်ပါးတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တာ)
* သမ္မာဝါယမ၊ ကောင်းတဲ့အားထုတ်ခြင်း။ (မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ရန်၊ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို အစဉ်အမြဲ ပိုတိုးပွားအောင် အားထုတ်ခြင်း)
* သမ္မာသတိ၊ ကောင်းစွာ မမေ့မလျော့ခြင်း။ (ကိုယ်ကာယ၊ ခံစားမှုဝေဒနာ၊ စိတ်၊ နိဝရဏစသော တရားများ၌ မိမိစိတ်တည်နေစေရန် မမေ့မလျော့တာ)
* သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ (ပဌမ ဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များ ကို ဆိုလိုတယ်)

(မဟာဗုဒ္ဓဝင်၊ ပဌမတွဲ၊ ပဌမပိုင်း (လာ) မှ)

## တရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားမှာ ကြည်ညိုသူတွေဟာ အမြတ်ဓမ္မ ကြည်ညိုကြသူတွေ ဖြစ်တယ်။

ဒီနေရာမှာ ကြည်ညိုတယ်ဆိုတာ လိုက်နာ ကျင့်သုံးတာကို ဆိုလိုပါတယ်။

အဲဒီအမြတ်ဓမ္မ ကြည်ညိုကြသူတွေမှာ မြတ်တဲ့ကောင်းကျိုးအမျိုးမျိုးတွေ ပွားတိုးပိုင်ပိုင် ရရှိနိုင်တယ်။ ကောင်းတဲ့ဘဝ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝ တွေ မရောက်တော့ဘူးလို့ ဖြေကြားတော်မူပါတယ်။

## ကောင်းရာရောက်သွား + ဖားနတ်သား

ဒီနေရာမှာ လူတွေအသိများ ထင်ရှားတဲ့ ဖား နတ်သားဝတ္ထုကို ပြောပြ ချင်ပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ရဟန်းအပေါင်း ခြံရံကာ စမ္ပာ ပြည်ကို ဆွမ်းခံရွာပြုပြီးတော့ ဂဂ္ဂရာရေကန်ရဲ့အနီးက ကျောင်းတိုက်ကြီးမှာ သီတင်း သုံးနေထိုင်တော်မူပါတယ်။ (မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ ၆၁၃)

## သတ္တလောက + ကြည့်ရှုရာဝယ်

တစ်နေ့တော့ မြတ်စွာဘုရားဟာ မိုးသောက်ထအခါ ဘုရားတို့ ဓမ္မတာ အတိုင်း မဟာကရုဏာ သမာပတ်ဝင်စားပြီး သမာပတ်မှထကာ သတ္တလောကကို ကြည့်ရှုတော်မူလိုက်ပါတယ်။

အဲဒီလိုကြည့်ရှုလိုက်တော့ 'ဒီနေ့ ငါဘုရား ညနေချမ်းအခါ တရားဟောရင် ဖားငယ်တစ်ကောင်ဟာ ငါဘုရားရဲ့ တရားသံမှာ အာရုံနိမိတ်ရယူနေစဉ် သူ့တစ်ပါး လှံ့လနဲ့ သေပြီးတော့ နတ်ပြည်မှာ ဖြစ်မယ်။ အခြံအရံများစွာနဲ့ ငါဘုရားထံ လူတွေကြည့်နေစဉ်မှာပဲ လာရောက်မယ်။ အဲဒီအစည်းအဝေးမှာ သတ္တဝါတွေ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလိမ့်မယ်'လို့ သိမြင်တော်မူပြီးနောက် နံနက်အခါ စမ္ပာပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူတယ်။ ဆွမ်းကိစ္စပြီးတော့ ကျောင်းတိုကတစ်ဖန် ပြန်ကြွတော်မူလာ တယ်။

ရဟန်းတော်တွေဟာ ဝတ်ပြုကြပြီးတော့ မိမိတို့နေရာ ပြန်သွားကြတယ်။ ဘုရားရှင်တော့ ဂန္ဓကုဋီကျောင်းတော်ဝင်ပြီးတော့ အရဟတ္တဖိုလ် သမာပတ် ချမ်းသာနဲ့ နေ့ပိုင်းအချိန်ကို ကုန်လွန်စေတော်မူတယ်။

## တရားဟောပြ + မြတ်ဗုဒ္ဓ

ညနေချမ်းအခါ ပရိသတ်လေးပါး စုံလင်တော့ မြတ်စွာဘုရားဟာ ဂန္ဓကုဋိကျောင်းတော်မှ ထွက်ပြီး ဂဂ္ဂရာရေကန်ရဲ့အနီးမှာရှိတဲ့ တရားမဏ္ဍပ်ထဲ ဝင်တော်မူကာ ဘုရားနေရာ တရားပလ္လင်မှာ ထိုင်နေတော်မူပြီးတော့ ပရိသတ် လေးပါးကို တရားဟောတော်မူပါ တယ်။

## ဖားငယ်လေးဟာ + တရားနာ

အဲဒီအချိန်မှာ ဖားငယ်လေးတစ်ကောင်ဟာ ရေကန်မှတက်လာပြီးတော့ 'ဒီအသံဟာ ဓမ္မကို ဟောဆိုနေတဲ့ အသံဖြစ်တယ်'လို့ ဓမ္မဆိုတဲ့ အမှတ်သညာနဲ့ တရားသံမှာ အာရုံနိမိတ်ယူလိုက်တယ်။ ပြီးတော့ ပရိသတ်တွေရဲ့နောက်ဆုံးနားက ဝပ်ပြီးတော့ နာယူနေတယ်။

## သညာသိတော့ သိနိုင်တယ်

တိရစ္ဆာန်တွေဟာ လူတွေလို တရားသဘောကို ဝိညာဏ်သိ၊ ပညာအသိမျိုးနဲ့ မသိကြပေမယ့် 'ဒီအသံဟာ တရားသံ၊ ဒီအသံဟာ မတရားသံ၊ ငါတို့ကို နှိပ်စက် ရန်မူမည့်အသံ'လို့ သညာသိကတော့ သိနိုင်ပါတယ်။

## ဟော နာနေတာ + သူမြင်ရှာ

နွားကျောင်းသားလေးတစ်ယောက်ဟာ အဲဒီအရပ်ကို ရောက်လာပြီးတော့ မြတ်စွာဘုရား တရားဟောနေတာ၊ ပရိသတ်များ အေးအေးဆေးဆေး တရားနာနေ တာကို မြင်ရပါတယ်။

## ရှေးဖားဘဝ + သူမြင်ရ

နွားကျောင်းသားလေးရဲ့စိတ်ဟာ ဘုရားနဲ့တရားနာ ပရိသတ်ထံ စိတ်ရောက် သွားပြီး မိမိမှာပါလာတဲ့ တုတ်နှင်တံကို ထောက်ကာ အမှတ်တမဲ့ ရပ်လိုက် တယ်။ သူ့တုတ်နှင်တံဟာ ဖားငယ်လေးရဲ့ဦးခေါင်းမှာ ဖိထောက်မိသွားတယ်။

ဖားငယ်လေးဟာ တရားဆိုတဲ့ သညာနဲ့ သေဆုံးတဲ့ခဏလေးမှာပဲ တာဝတိံသာနတ်ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သားဖြစ်ရတယ်။ အိပ်စက်ရာမှာ နိုးလာတဲ့သူလိုပါပဲ။ တာဝတိံသာနတ်ပြည်မှာ နတ်သမီးတွေ ဝိုင်းရံနေတဲ့ မိမိကိုယ်ကို မြင်ရတော့ 'ငါ ဘယ်ကလာရောက်ကာ ဒီတာဝတိံသာ နတ်ပြည်မှာ ဖြစ်ရသလဲ' လို့ စဉ်းစားလိုက်တဲ့အခါ ရှေးဖားဘဝကို မြင်ရပါတယ်။

## တရားတော်သံ + ကုသိုလ်ကံမြင်

အဲဒီလိုမြင်တဲ့အခါ 'ငါလို ဖားတိရစ္ဆာန်တောင် နတ်ပြည်မှာ ဖြစ်ရသေးတယ်။ ဒီလိုနတ်စည်းစိမ်ကြီးကို ရရှိရသေးတယ်။ ငါဟာ ဘယ်လို ကုသိုလ်ကံကို ပြုခဲ့လေသလဲ'လို့ ဆက်လက်ဆင်ခြင်လိုက်တော့ မြတ်စွာဘုရားရဲ့ တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းမှတစ်ပါး အခြားကုသိုလ်ကံကို မမြင်ရပါဘူး။ (တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းဆိုတဲ့ ကုသိုလ်ကံကိုသာ မြင်ရပါတယ်။)

## ဘုရားထံသွား + ဖားနတ်သား

ဖားနတ်သားဟာ မကြာခင်မှာပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂဂ္ဂရာ ရေကန်ဆီ လာရောက်ပြီးတော့ လူတွေကြည့်ရှုနေစဉ်မှာပဲ နတ်သမီးတွေ များစွာခြံရံကာ နတ်ရဲ့အာနုဘော်နဲ့ ဘုရားရှင်ထံ ချဉ်းကပ်လိုက်ပါတယ်။ ချဉ်းကပ်ပြီးတော့ မြတ်စွာဘုရားရဲ့ခြေတော်တို့ကို ဦးဖြင့်တိုက်ကာ လက်အုပ်ချီမိုး ရှိခိုး ရပ်တည်နေပါတယ်။

## လူတွေသိရေး + ဘုရားမေး

မြတ်စွာဘုရားက ဖားနတ်သားဆိုတာ သိပါတယ်။ လူတွေသိအောင်၊ ကံကံရဲ့အကျိုးကို နားလည်သဘောပေါက်အောင် ဘုရားရှင်တို့ရဲ့ တန်ခိုးအာနုဘော်ကို သိအောင် သိသိကြီးနဲ့ပဲ အောက်ပါအတိုင်း မေးတော်မူလိုက်ပါတယ်။

## ရှိခိုးကြည်ဖြူ + သင်ဘယ်သူ

နတ်တွေရဲ့တန်ခိုးနဲ့ နတ်သမီးတွေအများကြီး ခြံရံကာ ထွန်းလင်းတောက်ပြောင်ပြီး အရပ်မျက်နှာ အသီးသီးတို့ကို နှစ်သက်ဖွယ် တကယ်ကောင်းအောင် တောက်ပြောင်နေတဲ့ ပကတိအဆင်းအရောင်နဲ့ ထွန်းလင်းတောက်ပလျက် ငါဘုရားရဲ့ ရွှေကြာပဒုံ ခြေတော်အစုံတို့ကို ရှိခိုးနေသူကား နတ်လား၊ လူလား ဘယ်သူလဲလို့ မေးတော်မူလိုက်ပါတယ်။

## ပြည့်စုံလျှောက်ထား + ဖားနတ်သား

ဖားနတ်သားလေးကလည်း ပြည့်စုံစွာ အောက်ပါအတိုင်း လျှောက်ထားလိုက်ပါတယ်။

## တရားနာစဉ် + သေပွဲဝင်

မြတ်စွာဘုရား၊ တပည့်တော်ဟာ ရှေးဘဝက ရေထဲမှာ ကျက်စားလေ့ရှိ

တဲ့ ရေမှာပေါက်ပွား ဖားသူငယ်လေး ဖြစ်ခဲ့ပါတယ်။ တရားဟောဖော် ရှင်တော်ဘုရားရဲ့ တရားတော်ကို တရားတော်သံ ကမ္မနိမိတ် စိတ်၌စွဲထင် နာယူစဉ်မှာပဲ နွားကျောင်းသားဟာ တပည့်တော်ကို နှင်တံဖြင့်ထောက် အသက်ပျောက်စေခဲ့ပါတယ် ဘုရား။

## ဆင်ခြင်သမှု + ကြည့်ရှုတော်မူပါ

မြတ်စွာဘုရား၊ ဖားနတ်သားခေါ် တပည့်တော်ရဲ့ အချိန်မကြာလှ တစ်ခဏမျှလေးမှာပဲ ဘုရားဟောဖော်၊ တရားတော်၌၊ ကော်ရော်ရွှန်းစို၊ ကြည်ညိုတဲ့ သဒ္ဒါတရားကြောင့် ပြည့်စုံရိပ်ငြိမ်၊ နတ်စည်းစိမ်နဲ့ ထွန်းထိန်များလျှံ အခြံအရံတွေကို ဆင်ခြင်သမှု၊ ကြည့်ရှုတော်မူပါ ဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ လိုရာအဆင်း ပြည့်စုံခြင်းအစရှိတဲ့ နတ်တွေရဲ့သုံးဆောင်ဖွယ် အသွယ်သွယ်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ ကိုယ်ရေအဆင်း ပြည့်စုံခြင်းနဲ့ ထွန်းလင်းထိန်ပြောက် ဆယ်နှစ်ယူဇနာတိုင်အောင် ပြန့်နှံ့တဲ့ ကိုယ်ရောင်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါ ဘုရား။

## ပျော်ပျော်နှေ့ညှ + နာကြားကြရ

ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၊ ဘုန်းကံကြီးသူ များရှင်လူတွေဟာ ရှည်မြင့်လှစွာ အခါပတ်လုံး ရှင်တော်ဘုရားရဲ့ ဟောကြားမိန့်ဖော် တရားတော်ကို ပျော်ပျော် နှေ့ညှ နာကြားကြပါပြီ။

## စိုးရိပ်ခပ်သိမ်း + ကင်းငြိမ်းမှာပါ

ဘုန်းကံကြီးသူ များရှင်လူတွေဟာ အေးရာအမှန် မြတ်နိဗ္ဗာန်ကို အမှန်အံ့လောက် မဂ်ပညာ အစွမ်းပေါက်ကာ ရောက်ရတဲ့အခါမှာ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြရမှာ မလွဲပါဘူး။

## နိဗ္ဗာန်ရောက်မှာ + မလွဲပါ

ဘုန်းကံကြီးသူ ရှင်လူများစွာ သတ္တဝါတွေဟာ မတုန်လှုပ်မှန်၊ မဖောက်ပြန်မြတ်၊ နိဗ္ဗာန်အရပ်သို့၊ မပြတ်မဂ္ဂ၊ ပညာလှဖြင့်၊ မုချရောက်မှာ၊ မလွဲပါဟု ဂါထာစုနဲ့ လျှောက်တင်ပြုတယ်။

## သစ္စာသိမြင် + ကျွတ်တမ်းဝင်

မြတ်စွာဘုရားက ဖားနတ်သားနဲ့ ရောက်လာတဲ့ ပရိသတ်ရဲ့ ရှေးကုသိုလ်ရင်း

ပြည့်စုံခြင်းကို ကြည့်၍ ဆင်ခြင်တော်မူကာ သင့်တော်တဲ့ တရားဒေသနာ အကျယ်ကို ဟောပြတဲ့အခါမှာ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင်တို့ဟာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပါတယ်။

## နတ်ပြည်ပြန်သွား + ဖားနတ်သား

ဖားနတ်သားလည်း သောတာပတ္တိဖိုလ်တည်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော်များကို ရှိခိုးပြီး နတ်သမီးတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်စရာ

ဖားနတ်သားလေးရဲ့ နတ်ပြည်ကို ပြန်ရတဲ့ အပြန်လမ်းဟာ သောတာပတ္တိ ဖိုလ်နဲ့ ပြန်ရတာဆိုတော့ အပါယ်လေးပါး လွတ်ငြိမ်းတဲ့အတွက် ပျော်စရာကောင်း တဲ့ အပြန်လမ်းလေး ဖြစ်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်နိုင်ပါစေ

အပြန်လမ်းဟာ တကယ်အရေးကြီးပါတယ်။ အနည်းဆုံး အပါယ်လေး လွတ်အောင် သောတာပတ္တိ မဂ်၊ ဖိုလ်ရပြီးတော့ ပြန်နိုင်အောင် ကြိုးစားသင့်ပါ တယ်။

အပြန်လမ်းမှာ ပျော်နိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။

## အပါယ်လွတ်မြောက် + ကောင်းရာရောက်

ဒီဖားနတ်သားဝတ္ထုကို ကြည့်လိုက်တဲ့အခါမှာ တရားတော်ကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် (သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားတွေကို ကြည်ညို တဲ့ ကောင်းမှုကြောင့်) အပါယ်လွတ်မြောက် တာဝတိံသာ နတ်ပြည်ရောက်ရ တယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* တရားဝမ္မ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္မ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္မ၊ ကျင့်သုံးမှု ဘဝကောင်းရာရောက်မှာပဲ။

## နိဗ္ဗာန်အေးမြ + ဝိရာဂ

နောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က စုန္ဒီ၊ ပြုပြင်အပ်တဲ့ သခ်တ

တရား၊ မပြုပြင်အပ်တဲ့ အသင်္ခတ တရားဆိုတဲ့ တရားတွေထဲမှာတော့ ယဇ်ခြင်း ကင်းရာ၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၊ တောင့်တခြင်း အာသာကို ပယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာ ကုန်ရာ၊ မတပ်မက်ရာ၊ ဆင်းရဲခပ်သိမ်း ချုပ်ရာ၊ အေး ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားဟာ အမြတ်ဆုံး ဖြစ်တယ်။

စုန္ဒီ၊ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ အမြတ်ကို ကြည် ညိုသူတွေ ဖြစ်တယ်။

အဲဒီနိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေမှာ မြတ်တဲ့ကောင်းကျိုး အမျိုးမျိုး ပိုင်ပိုင်ရရှိနိုင်တယ်လို့ ဟောကြား အဖြေပေးတော်မူတယ်။

## နိဗ္ဗာန်ရလို + တောင်းဆုဆို

ဒီနေ့ တရားဟော တရားနာရတဲ့ ကောင်းမှုတွေကြောင့် နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားကို ပိုင်ဆိုင်ရရှိရပါ လို၏လို့ ဆုတောင်းရမယ်နော်။

(မှန်လှပါ ဘုရား)

❀ ဘာဆုတောင်းမလဲ?

(နိဗ္ဗာန်ဆုပါ ဘုရား)

## နိဗ္ဗာန်အကြောင်း + သိကောင်းစရာ

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နည်းနည်းလေး ပြောကြရအောင်။

နိဗ္ဗာန်ဆိုတာ လောကုတ္တရာလို့ဆိုအပ်တဲ့ လေးပါးသော မဂ်ဉာဏ်နဲ့ မျက် မှောက်ပြုထိုက်တဲ့ တရားဖြစ်တယ်တဲ့။

ဒီနေရာလေးမှာ **မေးချင်** တာကတော့ တရားဟော ဘုန်းကြီးရော၊ ဒကာ၊ ဒကာမတွေရော မဂ်ဉာဏ် လေးပါး ရပြီးပြီလား?

(မရသေးပါ ဘုရား)

## ရယ်ချင်စရာ + ကောင်းလိုက်တာ

မရသေးဘဲနဲ့ ဟောရ ပြောရတာဆိုတော့ မှန်းဆပြီး ပြော ဟောရတာပါပဲ။ တစ်ခါတစ်လေတော့လည်း မှန်းဆပြီးတော့ ပြောဟောရတာကို မရောက်ဖူးတဲ့ အရပ်ဒေသအကြောင်း ရမ်းပြီးပြောနေရသလိုပဲ ခံစားရတယ်။ ဆားမပါတဲ့ ဟင်းလျာ စားရသလို ပေါ့တော့တော့ကြီးပါလားလို့ ခံစားရတယ်။ အားမလို အားမရဖြစ်ပြီး ရယ်ချင်စိတ်များလည်း ပေါက်မိပါတယ်။ မရသေး မရောက်သေး ဘဲနဲ့ ပြော ဟောနေတာ ရယ်ချင်စရာ ကောင်းလိုက်တာလို့လည်း ကောက်ချက်ချ မိပါတယ်။

## နိဗ္ဗာန်မေးတာ + မဖြေပါ

တစ်ခါတုန်းက နာမည်ကြီး တရားဟောဆရာတော်ကြီးကို ဒကာကြီး တစ်ယောက်က နိဗ္ဗာန်အကြောင်း မေးလျှောက်ပါတယ်။ အဲဒီလို မေးလျှောက်တော့ ဆရာတော်ကြီးက နိဗ္ဗာန်အကြောင်းကို မဖြေပါဘူး။

ပရိသတ်ရေ ဆရာတော်ကြီး ဖြေရဲ့လား။

(မဖြေပါ ဘုရား)

ဒကာ ဒကာမတွေလည်း နိဗ္ဗာန်အကြောင်း ဘုန်းကြီးကို မမေးနဲ့၊ မေးလည်း မဖြေဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဆရာတော်ကြီးက မဖြေဘဲ မေးတဲ့ဒကာကြီးကို 'ဒကာကြီး၊ နိဗ္ဗာန် ရောက်ဖူးသလား' တဲ့။ ဆရာတော်ကြီးက ပြန်မေးလိုက်တာနော်။

(မှန်လှပါ ဘုရား)

အဲဒီလိုမေးလိုက်တော့ ဒကာကြီးက 'မရောက်ဖူးပါ ဘုရား' လို့ အဖြေပေး တယ်။

အဲဒီလိုအဖြေပေးတော့ ဆရာတော်ကြီးက 'ဒကာကြီး၊ ဘုန်းကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး၊ ဒကာကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ အဲဒီတော့ မရောက်ဖူးတဲ့သူအချင်းချင်း ပြောဟောနေတာ ထူးမှာမဟုတ်ဘူး။ ဘုန်းကြီးကော ဒကာကြီးကော နိဗ္ဗာန်အတူရောက်မှ အဲဒီနိဗ္ဗာန်အကြောင်း ပြောကြတာပေါ့တဲ့။

(အားလုံး ရယ်ကြ)

ကဲ– ဒကာ ဒကာမတွေ ဘယ့်နှယ်လဲ၊ ဘယ်လိုလဲ? မရောက်ဖူးတဲ့သူ အချင်းချင်း ပြောဟောနေရင် ဘာတဲ့လဲ? (မထူးပါ ဘုရား)

အဲဒီတော့ အဲဒီနိဗ္ဗာန်အကြောင်းကို ဘုန်းကြီးနဲ့ ဒကာ ဒကာမတွေ အတူတူရောက်မှ အတူတူပြောကြတာပေါ့။ (အားလုံး ရယ်ကြ)

## နိဗ္ဗာန်ခေါ်တာ + ဒီလိုပါ

နိဗ္ဗာန်ဆိုတာ မဂ် ဖိုလ်တရားတွေရဲ့ အာရုံဖြစ်တယ်တဲ့။ ဝါနလို့ခေါ်ဆိုတဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်လို့ ခေါ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လောကုတ်ဆိုအပ်၊ လေးမဂ်မြတ်၊ သိအပ်တရားတော်။
* မဂ်ပိုင်ဓမ္မ၊ အာရုံလှ၊ မှတ်ကြဖြစ်တယ်နော်။
* ဝါနတဏှာ၊ ထွက်မြောက်ရာ၊ မှတ်ပါနိဗ္ဗာန်ခေါ်။

## အပျင်းဖြေရေး + ဟာသလေး

ကဲ– ထားပါတော့။ စောစောက ရယ်စရာဟာသလေးတွေနဲ့ ရောနှောပြီးတော့ အပျင်းပြေအောင် ပြော ဟောလိုက်တာပါ။ ဘယ်လိုဟော?

(အပျင်းပြေအောင် ဟောလိုက်တာပါ ဘုရား)

အပျင်းပြေအောင် ဟုတ်လား?

(အားလုံး ရယ်ကြ)

ဩော်– ဒကာ ဒကာမတွေက ဘုန်းကြီးရဲ့တရားကို အပျင်းပြေ သဘောထားပြီး နာနေကြတာကိုး။

(အားလုံး ရယ်ကြ)

## နိဗ္ဗာန်အေးမှာ + တွေးမိတာ

ကဲ– ထားပါတော့၊ နိဗ္ဗာန်ကို မရသေး မရောက်သေးပေမယ့်လည်း နိဗ္ဗာန်ဆိုတဲ့ အသံလေး ကြားလိုက်ရရင်ပဲ ရင်ထဲမှာ အစဉ်အမြဲ အေးသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဘုန်းကြီး စဉ်းစားမိတယ်။ ကြားရတာတောင် ဒီလောက်အေးရင် ရများရရင် ဘယ်လောက်အေးမလဲလို့ (ပြောမပြဝာဟ်အောင် အေးမှာပဲလို့) တွေးမိပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* နိဗ္ဗာန်အသံ၊ ကြားရပြန်၊ အမှန်ရင်အေးပြီး။
* နိဗ္ဗာန်ရပြန်၊ အေးချမ်းဟန်၊ အမှန်ရင်တွေးပြီ။

## အကောင်းဆုံးဘဝ + နိဗ္ဗာန်ရ

နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ တကယ်အမြတ် ကြည်ညိုသူတွေ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

နိဗ္ဗာန်ကို ကြည်ညိုသူ၊ နိဗ္ဗာန်ကို ရရောက်သူတွေရဲ့ ဘဝဟာ အမြတ်ဆုံးဘဝ၊ အကောင်းဆုံးဘဝ၊ ဘဝကောင်းဖြစ်သွားတယ်။ ဆင်းရဲငြိမ်းအေးခြင်း အမြတ်ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အကောင်းဆုံး ဘဝပိုင်ရှင်ဖြစ်အောင် ဘာလုပ်ရမလဲ?

(နိဗ္ဗာန်ရောက်အောင် ကြိုးစားရမှာပါ ဘုရား)

ဘုရားဟောထားခဲ့တဲ့ တရားတော်တွေ များများသိအောင် လုပ်ရမယ်။ တရားတွေ များများနာကြားရမယ်။ တရားတွေ များများကျင့်ရမယ်။ ဒီလိုမဟုတ်လား?

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝမြတ်မှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝမြတ်မှာပဲ။

## သံဃာ ဂိုဏ်းမှာ + မြတ်သံဃာ

စုန္ဒီ၊ ပုဂ္ဂိုလ်သတ္တဝါ အပေါင်းအစု သံဃာ၊ ပုဂ္ဂိုလ်သတ္တဝါ အသင်းအဖွဲ့ ဂိုဏ်းတွေ ရှိကြတယ်။ အဲဒီ သံဃာ၊ ဂိုဏ်းတွေထဲမှာတော့ မြတ်စွာဘုရားရဲ့ တပည့် အရိယာသံဃာတော်ဟာ အမြတ်ဆုံးဖြစ်တယ်။

## ရှစ်ပါးအရိယာ + မြတ်သံဃာ

အဲဒီအရိယာသံဃာတော်ဆိုတာ သူ့မဂ် သူ့ဖိုလ် စုံတွဲဆိုရင် အစုံအားဖြင့် လေးစုံ၊ သူ့မဂ်သူ့ဖိုလ် တွဲဆိုမထား တစ်သီးတခြားစီအားဖြင့် ရှစ်ပါးသော ယောကျ်ားမြတ်တွေပဲ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ တွဲလျက်လေးပါး၊ ခွဲထား ရှစ်ဖော် အဲဒီအရိယာသံဃာတော်ဟာ–

* လေးစားကြည်ဖြူ၊ အဝေးမှပင် ဆောင်ယူ၍ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို ခံယူ တော်မူထိုက်တယ်။
* ဝေးနယ်ရပ်ခြား၊ ဧည့်သည်များအတွက် သီးခြားစီမံထားတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* တမလွန်အကျိုးကို မျှော်ကိုး ယုံကြည်ပြီးတော့ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တယ်။
* သတ္တဝါအပေါင်းရဲ့ ကောင်းမှုပြုရန်အတွက် အမြတ်ဆုံး လယ်ယာမြေကောင်းကြီး ဖြစ်တယ်။

## အမြတ်ကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အရိယာသံဃာတော်မှာ ကြည်ညိုကြသူတွေဟာ အမြတ်ကြည်ညိုသူတွေ ဖြစ်တယ်။ အမြတ်ကြည်ညိုသူတွေမှာ မြင့်မြတ်တဲ့ကောင်းကျိုးတွေ ရမယ်။ ဘဝကောင်းတွေပဲ ရောက်မယ်၊ မကောင်းတဲ့ဘဝကို မရောက်တော့ဘူးလို့ ဟောကြားတော်မူတယ်။

## ရာဇဂြိုဟ်မြို့သူ + ဆွမ်းပင့်လှူ

ဒီနေရာမှာ ဒါယိကာမလေးတစ်ယောက် အကြောင်းကို ပြောပြချင်ပါတယ်။ သူကတော့ သဒ္ဓါတရားကောင်းတဲ့ ရာဇဂြိုဟ်မြို့သူလေးပါ။ တစ်နေ့ ရဟန္တာအရှင်မြတ်တစ်ပါး ဆွမ်းခံကြွတော်မူတာကို မြင်တွေ့ရတော့ ကြည်ညိုပြီး သူရဲ့အိမ်ထဲကို ပင့်ပြီးတော့ ဆွမ်းလှူလိုက်ပါတယ်။ (ဝိမာန၊ ပါဠိ၊ ၃၂၊ ၄၊ ၁၀၈)

## နတ်ပြည်ရောက်ရ + သုဘာဝ

သူဟာ သေဆုံးတဲ့အခါမှာ ရဟန္တာဖူးမြင်ရတဲ့ ကုသိုလ်၊ ဆွမ်းလှူရတဲ့ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

ဆွမ်းဒါယိကာမလေးဟာ အပါယ်လွတ်မြောက် နတ်ပြည်ကို ရောက်ရတာဟာ အမြတ်ဆုံး အရိယာကို ကြည်ညိုလို့ နော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* အရိယာသံဃ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* အရိယာသံဃ၊ လှူဒါန၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အမြတ်သီလ + ဖြည့်ကျင့်ကြ

စုန္ဒီ၊ ရှိရှိသမျှ သီလတွေထဲမှာ မကျိုးမပေါက် မပြောက်မကျား တဏှာကျွန်မှ လွတ်သွားစေတတ်၊ ပညာရှိတွေ ချီးမွမ်းအပ်တဲ့၊ မှားသောအားဖြင့် မသုံးသပ်အပ်တဲ့ သမာဓိဖြစ်စေတတ်တဲ့ အရိယာတွေ နှစ်သက်တော်မူတဲ့ မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေဟာ အမြတ်ဆုံး သီလတွေပဲ ဖြစ်တယ်။

စုန္ဒီ၊ အဲဒီအရိယာတွေ နှစ်သက်တော်မူတဲ့ ငါးပါးသီလ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ဖြည့်ကျင့်နေသူတွေဟာ အမြတ်ဆုံးသီလမှာ ဖြည့်ကျင့်နေသူတွေ ဖြစ်တယ်။

## အရိယာကန္တ + ငါးသီလ

ဒီနေရာမှာ မှတ်စရာက အရိယာတွေ နှစ်သက်တဲ့ သီလဆိုတာ ၅ ပါး သီလနော်။

(မှန်လှပါ ဘုရား)

ဘာသီလတဲ့လဲ?

(ငါးပါး သီလပါ ဘုရား)

အရိယာတွေဟာ ဘ၀ပြောင်းသွားတာတောင်မှ အဲဒီ ၅ ပါးသီလကို မစွန့်ဘူးတဲ့။

## မဂ်ဖိုလ်သီလ + ထပ်မှတ်ကြ

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ ဒီသီလနေရာမှာ တကယ်လိုအပ်တဲ့ တကယ်ယူရတဲ့ သီလကတော့ မဂ် ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ယူရမယ်လို့ မှတ်ရ မယ်နော်။

(မှန်လှပါ ဘုရား) (အံ၊ ၄၊ ၂၊ ၁၇) (အံ၊ ၆၊ ၃၊ ၁၅)

## မကောင်း ကျောင်းပို့

ဒီနေရာမှာ အရက်သောက်တတ်တဲ့ ဒကာလေးတစ်ယောက်အကြောင်း ပြောဦးမယ်။

အဲဒီဒကာလေးကို သူ့မိဘတွေက ပြောဆိုမရလို့ ဘုန်းကြီးကျောင်းမှာ ရဟန်းခဏ၀တ်ပေးပါတယ်။

မိဘတွေက အရက်သေစာ မသောက်ဖို့ ဆုံးမပေးပါလို့လည်း လျှောက် ပါတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း သား သမီးတွေ ပြောဆိုမကောင်း ရင် ကိုးကွယ်ကြည်ညိုတဲ့ ဘုန်းကြီးတွေပဲ အပ်တော့တာပဲ။ ဒါကြောင့်ပဲထင်ပါရဲ့။ ဘာတဲ့လဲ၊ မကောင်း? (ကျောင်းပို့ပါ ဘုရား)

## အရိယာတွေ + မကြိုက်ပေမယ့်

အဲဒီဒကာလေး ရဟန်းခဏ၀တ်နေစဉ်မှာ တစ်နေ့ ဘုန်းကြီးက အရိယာ သူတော်ကောင်းတွေ မကြိုက်တဲ့ သေရည်သေရက်သောက်တာ မကောင်းဘူးကွ၊ အဲဒီသေရည် သေရက်သောက်တာ မသောက်တော့ပါလို့ ဂတိပေး ငါ့ကို လျှော်ပါကွာ လို့ ဘုန်းကြီးက အလှူခံပါတယ်။

အဲဒီဒကာလေးက 'တပည့်တော် မလှူနိုင်ဘူးဘုရား'လို့ လျှောက်တယ်။ ဘုန်းကြီးက 'ဘာပြုလို့တုံးကွ ပြောစမ်းပါဦး'လို့ မေးတော့ 'ဆရာတော်၊ အရိယာသူတော်ကောင်းတွေသာ မကြိုက်တာ၊ တပည့်တော်က ကြိုက်နေလို့ပါ ဘုရား' တဲ့။

(အားလုံး ရယ်ကြ)

သူပြောတာလည်း မှန်တာပဲနော်။

(အားလုံးရယ်ကြ)

## ကောင်းမှန်း မသိလို့ပါ

ရွာတစ်ရွာမှာလည်း တအားသောက်တတ်တဲ့ သားလေးကို သူ့ဖခင်က မင်းဟာ တော်တော်ဆိုးတယ်။ ခွေးတောင် မသောက်တဲ့အရည်တွေကို မင်းသောက်နေတယ်လို့ ပြောတော့ သူ့သားက ဘာပြန်ပြောတယ် မှတ်လဲ။ အဖေတဲ့၊ ခွေးက ကောင်းမှန်းမသိလို့ပါတဲ့။

(အားလုံး ရယ်ကြ)

ဟုတ်လား။ ရှေ့က ဒကာကြီးတွေ?

(အားလုံး ရယ်ကြ)

## ဘီယာမလေးတွေ

တစ်ခါလည်း ကျောင်းအလှူလာလုပ်တဲ့ ဒကာ ဒကာမတွေကို ခုခေတ်စားနေတဲ့ ဘီယာဆိုတာ ဘယ်လိုဟာလဲ၊ တော်တော်မူးစေသလားလို့ မေးလိုက်တော့ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ဦးက မမူးပါဘူး ဘုန်းဘုန်းရယ်၊ တပည့်တော်တို့တောင် သောက်နိုင်တယ်တဲ့။

(အားလုံး ရယ်ကြ)

အင်း– ကလေးမလေးတွေလည်း ဘီယာမလေးတွေ ဖြစ်နေပြီနော်။

(အားလုံး ရယ်ကြ)

## မြင့်မြတ်ကောင်းရာ + ရောက်ရမှာ

ကဲ– ထားပါတော့၊ အရိယာတွေ နှစ်သက်တဲ့ ငါးပါးသီလ၊ အရိယာတွေ နှစ်သက်တဲ့ မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်နေသူတွေမှာ ခုနောင်ဘဝ မြင့်မြတ်လှတဲ့ ကောင်းကျိုးတွေကို ရရှိမယ်။ ကောင်းတဲ့ဘဝပဲ ရောက်မယ်။ မကောင်းတဲ့ဘဝတွေကို မရောက်တော့ဘူးနော်။

(မှန်လှပါ ဘုရား)

## အရှင်နိသဘထံ + သီလခံယူ

ဒီနေရာမှာ ပဉ္စသီလသမာဒါနိယ (ငါးပါးသီလ မထေရ်အကြောင်းကို အကျဉ်းချုပ် ပြောချင်ပါသေး တယ်။ (အပါဒါန၊ ပါဠိ၊ ၁၊ ၈၄)

သူဟာ အနော်မဒဿီဘုရားလက်ထက်မှာ ဆင်းရဲသားလေး ဖြစ်ခဲ့ပါတယ်။ လှူစရာမရှိတဲ့အတွက် ငါးပါးသီလကို လုံခြုံအောင် စောင့်ရရင် ကောင်းမယ်လို့ စိတ်ကူးပြီးတော့ အနောမဒဿီ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သူ အရှင်နိသဘထံမှာ ငါးပါးသီလ ခံယူဆောက်တည်ပါတယ်။

အဲဒီတုန်းက အသက်တန်းဟာ အနှစ်တစ်သိန်းတန်း ဖြစ်ပါတယ်။ သူဟာ အနှစ်တစ်သိန်း ကာလပတ်လုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါတယ်။

## ငါးပါးသီလ + အမှတ်ရ

သေခါနီးမှာ နတ်တွေက သူ့ကို သတိပေးကာ သက်သာရာရစေပါတယ်။ အဲဒီနတ်တွေရဲ့ သတိပေးမှု၊ သက်သာရာရစေမှုကြောင့် သေခါနီးမှာ ငါးပါးသီလကို အောက်မေ့အမှတ်ရလိုက်ပါတယ်။ သေခါနီးဆိုတာ အရေးကြီးပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု ပြုလုပ်ပြီးတာတွေကို အနားကနေပြီး သတိပေးပြောကြားတတ်ဖို့ လိုပါတယ်။ လူနာရဲ့အခြေအနေ မကောင်းတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမယ့်အစား လူနာ ဘဝကူးကောင်းအောင် (လူနာသေပြီးရင် လူ နတ် ဆိုတဲ့ ဘဝကောင်းရောက်အောင် သရဏဂုံသုံးပါး၊ ပရိတ်၊ ပဋ္ဌာန်းစသည် ရွတ်ဖတ်ပေးတာ၊ ကုသိုလ်ကောင်းမှုတွေ ပြောပြသတိပေးတာတွေဟာ တကယ် လုပ်ပေးသင့်တဲ့ အလုပ်တွေပါပဲ။

## တာဝတိံသာ + ရောက်ရရှာ

သူဟာ သူကိုယ်တိုင် ကောင်းစွာဆောက်တည် ပြုလုပ်ခဲ့တဲ့ ငါးပါးသီလ ကောင်းမှုကြောင့် သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ပါတယ်။

## နတ်မင်း စကြာ + ကြိမ်များစွာ

နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် (၃၀)၊ စကြဝတေးမင်း (၇၅) ကြိမ် ဖြစ်ရပါတယ်။ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရပါတယ်။

## ကြွယ်ဝချမ်းသာ + အမျိုးမှာ

နတ်ပြည်က စုတေတဲ့အခါမှာတော့ ဝေသာလီပြည်မှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ အမျိုးမှာ လာဖြစ်ရပါတယ်။

## တစ်ထိုင်တည်းမှာ + ရဟန္တာ

ဒီဘုရားလက်ထက်မှာ ဝါဆိုချိန်နီးတော့ သူ့မိဘတွေဟာ ငါးပါးသီလ ဆောက်တည်ကြတယ်။ အဲဒီသီလကထာကို ကြားရတာနဲ့တစ်ပြိုင်နက် မိမိရဲ့သီလ ကို အမှတ်ရလိုက်တယ်။ တစ်ထိုင်တည်းပဲ ရဟန္တာ ဖြစ်သွားပါတယ်။

## ငါးနှစ်သားလေး + ရဟန်းပြုပေး

ငါးနှစ်သားလေးနဲ့ ရဟန္တာဖြစ်သွားပါတယ်။ မြတ်စွာဘုရားက သူ့ကို ရဟန်း ပြုပေးတော်မူပါတယ်။

## ငါးပါးသီလ + စောင့်ရှောက်ရကျိုး အမျိုးမျိုး

ငါးပါးသီလကုသိုလ်ကြောင့် အပါယ်လေးပါးကို မရောက်ရပါဘူး။ လူ နတ် စည်းစိမ် အခြံအရံအမျိုးမျိုးကို ခံစားရပါတယ်။ **အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာ ပေါ်များခြင်း၊ ပညာထက်မြက်ကြီးမားခြင်း**ဆိုတဲ့ ကောင်းကျိုးတွေလည်း ထူးထူး ခြားခြား ရရှိပါတယ်။ အနှောင်အဖွဲ့အားလုံးကလည်း လွတ်မြောက်ရပါတယ်တဲ့။

ဒီငါးပါးသီလမထေရ်ဝတ္ထုကို ကြည့်လိုက်တော့ ငါးပါးသီလ အစွမ်းကြောင့် ကောင်းတဲ့ဘဝတွေ ရောက်ရပုံ၊ မြင့်မြတ်တဲ့ကောင်းကျိုးတွေရပုံ။ မကောင်းတဲ့ ဘဝတွေ မရောက်ရပုံတွေ ထင်ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ငါးပါးသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောမှာပဲ။
* ငါးပါးသီလ၊ ကျင့်သုံးမှ၊ဘဝကောင်းရာရောမှာပဲ။
* မဂ်ဖိုလ်သီလ၊ ဖြည့်ကျင့်မှ၊ဘဝကောင်းရာရောမှာပဲ။
* ဘဝကောင်းရေး၊ စုန္ဒီမေး၊ဖြေပေး ဘုရားပဲ။

## ဘဝကောင်းရေး အမေးအဖြေ

စုန္ဒီမင်းသမီးလေးက ဘဝကောင်းရေး (ဘဝကောင်းရောက်ရေး) မေးတာ ကို ဘုရားက အဖြေပေးလိုက်တဲ့ ''ဘဝကောင်းရေး အမေး အဖြေတရား''

ဘာတရားတဲ့လဲ?

(ဘဝကောင်းရေး အမေး အဖြေ တရားတော်ပါ ဘုရား)

## ကြည်ညိုနှေ့ညှ + ဖြည့်ကျင့်ကြ

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဘဝကောင်းရောက်

ချင်ရင်၊ မကောင်းတဲ့ဘဝတွေ မရောက်ချင်ဘူးဆိုရင်၊ အမြတ်ဆုံး ကောင်းကျိုးတွေ ရချင်ရင်၊ အမြတ်ဆုံး ဘုရား၊ အမြတ်ဆုံးတရား၊ အမြတ်ဆုံး သံဃာတွေမှာ ကြည်ညိုကြပါ။ အမြတ်ဆုံး ငါးပါးသီလ၊ အမြတ်ဆုံး မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်ကြပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

## သိအောင်လုပ်ပါ + ကြည်ညိုပါ

နောက်ဆုံး အကျဉ်းချုပ်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က–

* ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို သိအောင်လုပ်ရမယ်။
* သိအောင်လုပ်ပြီးတော့ ကြည်ညိုရမယ်။
* မြတ်သောအလှူကို ခံယူတော်မူထိုက်ပြီး၊ ဂိုဒ်ထက် ထူးချွန်လွန်မြတ်သူ မရှိတဲ့ မြတ်စွာဘုရားကို ကြည်ညိုရမယ်။
* ကိလေသာအားလုံးတို့ရဲ့ ပျက်စီးကြောင်း၊ ကင်းငြိမ်းကြောင်းဖြစ်တဲ့ ငွေ့ဆင်းရဲ ကုန်ရာ၊ သင်္ခါရကင်းငြိမ်းရာ ချမ်းသာအစစ်တကယ်ဖြစ်တဲ့ နိဗ္ဗာန်တရားတော်ကို ကြည်ညိုရမယ်။
* အမြတ်ဆုံးကောင်းမှုတွေကို ပြုရန်အတွက် လယ်ယာမြေကောင်းကြီးသဖွယ်ဖြစ်တော်မူတဲ့ အမြတ်ဆုံး အရိယာ သံဃာ (အမြတ်ဆုံး အရိယာသံဃာဖြစ်အောင် ပရိယတ် ပဋိပတ် တာဝန်နှစ်ရပ်ကို ကြိုးစားအားထုတ်နေတဲ့ ယခုရှိကြတဲ့ သမ္မုတိ သံဃာ) တွေကို ကြည်ညိုရမယ်။

## ကောင်းမှု ကောင်းကျိုး + မြင့်ပွားတိုး

အဲဒီရတနာသုံးပါးကို ကြည်ညိုသူတွေ၊ ရတနာသုံးပါးမှာ ပေးလှူကြသူတွေမှာ မြတ်တဲ့ကုသိုလ်ကောင်းမှုတွေ တိုးပွားနေတယ်။ ကောင်းမှုတိုးပွားနေရင် ကောင်းကျိုးတွေလည်း အမြဲတစေ တိုးပွားနေတာ ပါပဲ။

## ဗုဒ္ဓပူဇာ + မင်္ဂလာ

ဒီနေရာမှာ ဋီကာဖွင့်လေး ပြောချင်ပါသေးတယ်။

* သက်တော်ထင်ရှား မြတ်စွာဘုရားကို ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးပြုစုတာ ဒါကတစ်မျိုး။
* သက်တော်ထင်ရှား ဘုရားမရှိတဲ့ ခုလိုအချိန်မှာတော့ ပရိနိဗ္ဗာန်ဝင် စံကြွသွားတော်မူတဲ့ ဘုရားရှင်ကို ရည်မှန်းပြီးတော့ ဓာတုစေတီ၊ ဓမ္မစေတီ၊

ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုတဲ့ စေတီလေးမျိုးမှာ ပစ္စည်းလေးပါး၊ ပန်း၊ ရေချမ်း၊ ဆီမီး အသီးသီးတွေနဲ့ ပူဇော်တာဟာလည်း ဘုရားကို ပူဇော်ရာရောက်တာပါပဲ။ ဒါက တစ်မျိုးလို့ ကွဲပြားအောင် ခွဲခြားမှတ်သားပါ။

## ဓမ္မပူဇာ + မင်္ဂလာ

တရားတော်ကို ပူဇော်တယ်ဆိုတာ တရားတွေကို မကွယ်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ တရားတော်တွေ ရှည်ကြာတည်တံ့ ခိုင်ခံ့အောင် ပြုတာပါပဲ။

## သံဃပူဇာ + မင်္ဂလာ

* သံဃပူဇာဆိုတာ အရိယာသံဃာတော်များကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။
* အဲဒီလို သံဃာတော်ကို ရည်မှန်းပြီးတော့ အခြား အရိယာသံဃာ မဖြစ်သေးတဲ့၊ အရိယာသံဃာဖြစ်အောင် ကျင့်ကြံကြိုးစားအားထုတ်နေကြတဲ့ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးနဲ့ပြုစုတာ၊ လုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။ ဒီလိုလည်း ကွဲပြား အောင် ခွဲခြားမှတ်သားရမယ်။

(အံ၊ ဋ္ဌ၊ ၂၊ ၂၉၁)

## နေ့တိုင်းတိုးပွား + ကောင်းကျိုးများ

အဲဒီရတနာသုံးပါးမှာ ကြည်ညိုသူ၊ ပေးလှူသူတွေမှာ အမြဲတစေ အချိန်တိုင်း၊ နေ့တိုင်း တိုးပွား နေမယ့် ကောင်းကျိုးတွေကတော့–

* လူ နတ် ဖြစ်လေရာ အသက်ရှည်ခြင်း။
* လူ နတ် ဖြစ်လေရာ အဆင်းလှခြင်း။
* လူ နတ် ဖြစ်လေရာ အခြံအရံပရိသတ်ပေါများခြင်း။
* လူ နတ် ဖြစ်လေရာ ကျော်စောခြင်း (ထင်ပေါ်ခြင်း)
* လူ နတ် ဖြစ်လေရာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း။
* လူနတ်ဖြစ်လေရာ ကိုယ်အားဉာဏ်အားပြည့်စုံခြင်း။
* ပညာရှိသူ နတ် လူ ဖြစ်ရခြင်း။
* မြင့်မြတ်သော နတ် လူ ဖြစ်ရခြင်း။
* နောက်ဆုံး မြတ်သောမဂ်ဖိုလ်တရားများ ပိုင်ဆိုင် ရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေပဲ ဖြစ်တယ်။ (အံ၊ ပါ၊ ၂၊ ၂၉+၃၀။ အံ၊ ဋ္ဌ၊ ၂၊ ၂၉၀၊ ၂၉၁)

ကဲ–ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။

* သုံးပါးရတနာ ကြည်ညိုကြလို့
  ပေးလှူဒါန ပြုသူမှာ။
* အသက်ရှည်ကြာ အဆင်းလှလို့
  ခြံရံမချို့ ပေါ်များမှာ။
* ကျော်စော ချမ်းသာ ဉာဏ်ပါကြီးလို့
  ပညာရှိကြီး ဖြစ်မှာပါ။
* ပညာရှိသူ နတ် လူ ဖြစ်ရ
  ဖြစ်ရာဘဝ မြင့်မြတ်မှာ။
* နောက်ဆုံးမဂ်ဖိုလ် တရားမြတ်ကို
  မမှားမပြတ် ရရှိမှာ။

(သိကြပါ)၂

သာဓု၊ သာဓု၊ သာဓု။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ္ဂပါဠိရဝဂ်၊ သရဏာဂမနိယတ္ထေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

## တရားတော်

ဒီနေ့ ငြိမ်းချမ်းရေးကို လိုလားနေကြတဲ့ ဒကာဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဒေါသကင်းဝေး ငြိမ်းချမ်းရေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားတော်ပါ ဘုရား။

### နှစ်ဦးနတ်မင်း + စစ်တိုက်ခြင်း

ကဲ– စပြီးတော့ ဟောကြား နာကြရအောင်။

သရဏာဂမနိယ မဟာတရိအလောင်း သူဟော်ကောင်းဟာ ရှေးဘုရားများ လက်ထက်မှာ ကောင်းမှုတွေ များစွာပြုထားသူ ဖြစ်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာ ဘုရားရဲ့လက်ထက်မှာတော့ သူဟာ ဟိမဝန္တာအရပ်မှာ နတ်မင်းဖြစ်နေပါတယ်။ တစ်နေ့တော့ အခြားနတ်မင်းတစ်ဦးနဲ့ စစ်လိုးမြင်း (စစ်တိုက်ခြင်း) ကိစ္စ ဖြစ်ပေါ်လာပါတယ်။ နတ်မင်းနှစ်ဦးဟာ စစ်တိုက်ဖို့အတွက် တစ်ဖက်ကို နတ်တွေ ၁၀၀၀ စီ ခြံရံကာ ပြင်ဆင်စုဝေးနေကြပါတယ်။ ဆူညံတဲ့ ကြွေးကြော်သံတွေဟာ ဟိမဝန္တာကို လွှမ်းမိုးသွားစေပါတယ်။ (အပဒါန၊ ပါ၊ ၁၊ ၁၆၂)

### သစ္စာဟောပြ + မြတ်ဗုဒ္ဓ

လောကကိုသိတော်မူပြီးတော့ လူ့ဖွယ်ပစ္စည်း အသီးသီးကို အလှူခံတော်မူထိုက်တဲ့ ပဒုမုတ္တရာမြတ်စွာ ဘုရားဟာသတ္တဝါတွေကို သနားတော်မူတဲ့အတွက် ကောင်းကင်မှာတည်နေပြီးတော့ ချီတက်လာတဲ့ နတ်စစ်သည်တွေကို သစ္စာလေးပါး တရား ဟောကြားတော်မူကာ ထိတ်လန့်စေတော်မူတယ်။

နတ်စစ်သည်တွေကို တရားဟောတဲ့ တရားက ဘာတဲ့လဲ?

(သစ္စာလေးပါး တရားပါ ဘုရား)

အဲဒီသစ္စာလေးပါးကို မှတ်သားထားပါဦး။

* ဘုံသုံးပါးမှာ ဖြစ်စေတတ်တဲ့ မကောင်းတာ ဆင်းရဲတာ အမှန်ဖြစ်စေတဲ့ လောကီစိတ်၊ စေတသိက်၊ ရုပ်တွေကို ဒုက္ခသစ္စာလို့ ခေါ်တယ်။
* ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ တဏှာလောဘကို သမုဒယသစ္စာလို့ ခေါ်ပါတယ်။

တဏှာက ဘာသစ္စာ?

(သမုဒယသစ္စာပါ ဘုရား)

* တဏှာလောဘ ချုပ်ငြိမ်းရာ၊ ရုပ်နာမ်ခဝ်သိမ်း ပြတ်ငြိမ်းရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။

ပရိသတ်ရေ၊ နိဗ္ဗာန်က ဘာသစ္စာ?

(နိရောဓသစ္စာပါ ဘုရား)

* နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကိုတော့ မဂ္ဂသစ္စာလို့ခေါ်တယ်။

မဂ္ဂင်ရှစ်ပါးက ဘာသစ္စာ?

(မဂ္ဂသစ္စာပါ ဘုရား)

အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားက–

* သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို အမှန်အတိုင်း ရှုမှတ်ဆင်ခြင် သိမြင်တာ။
* သမ္မာသင်္ကပ္ပ၊ ရုပ်နာမ်အာရုံမှာ စိတ်ကိုတင်ပေး တတ်တဲ့ ဝိတက်တရား။
* သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြောဆိုတာ။
* သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြုလုပ်တာ။
* သမ္မာအာဇီဝ၊ အသက်မွေးမှုအတွက် မှားယွင်းတဲ့ ကာယကံ၊ ဝစီကံတွေမှ ရှောင်ကြဉ်ပြီး ကောင်းစွာ မှန်ကန်စွာ အသက်မွေးတာ။
* သမ္မာဝါယမ၊ ကောင်းစွာကြိုးကုတ် အားထုတ်တာ။
* သမ္မာသတိ၊ စိတ်ကို ရုပ်နာမ်အာရုံမှ မကွာရအောင် ကောင်းစွာ စောင့်ရှောက် အောက်မေ့နေတာ။
* သမ္မာသမာဓိ၊ ရှုမှတ်နေတဲ့စိတ်ဟာ ရုပ်နာမ်အာရုံမှာပဲ မြဲနေ တည်ငြိမ်နေတာတွေပဲ ဖြစ်တယ်။

## သစ္စာလေးပါး + လင်္ကာများ

အဲဒီသစ္စာလေးပါး လင်္ကာလေးတွေ လိုက်ဆိုကြပါ။

* ဆင်းရဲဖြစ်စေ၊ ကီစိတ်၊ စေ၊ ရုပ်တွေ 'ဒု'သစ္စာ။ မွေး၊ အို၊ နာ၊ သေ၊
တွဲ၊ ကွဲနေ၊ ခေါ်ပေဆင်းရဲတာ။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲဒုက္ခပါ။
လိုရာထွေထွေ၊ မရပေ၊ မှတ်လေ ဆင်းရဲတာ။
အကျဉ်းဟောကြား၊ ခန္ဓာငါး၊ မှတ်သား 'ဒု'သစ္စာ။

* ဆင်းရဲကြောင်းဖြစ်၊ တဏှာဖြစ်၊ စီစစ် 'သမု'ပါ။

* တဏှာ ရုပ် နာမ်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။
ဒု+သ နှစ်တန်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။

* နိဗ္ဗာန်ရောက်ရန်၊ အကျင့်မှန်၊ ရှစ်တန် 'မဂ္ဂ'ပါ။
မဂ္ဂင်ရှစ်ပါး မြတ်တရား၊ မှတ်သား 'မဂ္ဂ'ပါ။
သစ္စာလေးပါး မြတ်တရား၊ ဟောကြားဆုံးမတာ။

## လက်နက်တွေချ + ရှိခိုးကြ

အဲဒီလို သစ္စာလေးပါး ဟောကြားပြီးတော့ ထိတ်လန့်စေတဲ့အခါမှာ နတ်တွေအားလုံး ချပ်မိန်ဆို (စစ်ဝတ်တန်ဆာ) တွေ ချွတ်ပြီး လက်နက်တွေ ချထားကြကာ မြတ်စွာဘုရားကို ရှိခိုးပြီးတော့ တည်ငြိမ်စွာနေကြတယ်။

## သနားဟောပြ + မြတ်ဗုဒ္ဓ

အစဉ်သနားတော်မူတဲ့ မြတ်စွာဘုရားဟာ သူ့ရဲ့စိတ်အကြံကို သိပြီးတော့ မြတ်တဲ့တရားစကားကို ဟောကြားတော်မူတယ်။ သတ္တဝါအပေါင်းကိုလည်း ငြိမ်းအေးစေတော်မူတယ်။

## ညှဉ်းဆဲပြစ်မှား + အပယ်လား

ပြစ်မှားလိုစိတ်ရှိတဲ့ သတ္တဝါဟာ တစ်ဦးဦးကို ညှဉ်းဆဲနှိပ်စက်ရင် အဲဒီ ညှဉ်းဆဲနှိပ်စက်ခြင်းဆိုတဲ့ စိတ်ပြစ်မှားမှု (စိတ်ဓာတ်ပျက်စီးမှုကြောင့်) အပါယ်လေးပါး လားရောက်ရမယ်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ရင် ဘယ်ကိုရောက်မတဲ့လဲ?
(အပါယ်လေးပါး လားရောက်ရမှာပါ ဘုရား)

## မညှဉ်းဆဲရေး+ဟောပြပေး

စစ်မြေပြင်ဦးမှာ တိုက်ဆင်ကြီးဟာ သတ္တဝါများကို အကြိမ်ကြိမ်ညှဉ်းဆဲသလို မညှဉ်းဆဲကြပါနဲ့။

မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ ဟောကြားတော်မူပါတယ်။

ဒကာ ဒကာမတွေကို မေးဦးမယ်။ သူတစ်ပါးကို ညှဉ်းဆဲတာ ဘာစိတ်ပါလိမ့်?

(ဒေါသစိတ်ပါ ဘုရား)

ဒေါသကို လွယ်လွယ်ပြောကြတော့ စိတ်တိုတာလို့ ပြောကြမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်တို + စိုတိတ်

ဒီနေရာလေးမှာ မှတ်သားစရာလေး ပြောဦးမယ်။ အဲဒါက ဘာလဲဆိုတော့ စိတ်တို၊ စိုတိတ်တဲ့။ ဘာတဲ့လဲ?

(စိတ်တို၊ စိုတိတ်ပါ ဘုရား)

စိတ်တိုရင် စိတ်တိုသူတွေမှာ စိုပြေမှု၊ သာယာမှု၊ အေးမြမှု၊ ငြိမ်းချမ်းမှုတွေ အစစအရာရာ စိုပြေသာယာအေးမြတဲ့ ကောင်းတဲ့အကျိုးတွေ တိတ်သွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## ဒီလိုမနေ + ဒီလိုနေ

တချို့ပြောကြသေးတယ် မဟုတ်လား။ ဒီလိုမနေနဲ့၊ ဒီလိုနေ။ ဒီလိုမနေနဲ့ ဆိုတာ ဒေါသစိတ်ကြီးနဲ့ မနေနဲ့၊ ဒီလိုနေဆိုတာ ဒေါသကင်းဝေး အေးအေးချမ်းချမ်း ပြုံးပြုံးလေးနေ၊ ဒီလိုနေ်။

(မှန်လှပါ ဘုရား)

ပုံလေးနဲ့တောင် ယှဉ်တဲပြထားတယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ရှည် သက်ရှည်၊ စိတ်တို သက်တို

နောက်ပြောကြသေးတယ်။ စိတ်ရှည်ရင်အသက် ရှည်မယ်။ စိတ်တိုရင် အသက်တိုမယ်လို့ ပြောကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ အသက်ရှည်ချင်သလား၊ အသက်တိုချင်သလား?

(အသက်ရှည်ချင်ပါတယ် ဘုရား)

အေး– အသက်ရှည်ချင်ရင် စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ သဘောထား ကြီးရမယ်၊ အရာရာကို ခွင့်လွှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသပြေဆေး + ကဗျာလေး

ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။ စိတ်တိုလာရင် စိတ်ဆက်မတိုအောင် ကိုယ့်ကိုယ်ကို သတိပေးတဲ့ ကဗျာလေးတစ်ပုဒ် ရေးထားတယ်။ အဲဒီကဗျာလေး ကတော့–

'ဒေါသအမျက်၊ ချောင်းချောင်းထွက်က၊ အသက်လည်း တို၊ ရုပ်လည်း အိုငေါ်၊ မဆိုမျက်နှာ၊ မှန်းစရာဟု၊ သတိပြုလေ။ ဒေါသပြေလော့' ဆိုတဲ့ ကဗျာလေးပါပဲ။

ဆိုလိုတာကတော့ ဒေါသဖြစ်လာရင် အသက်တိုမယ်၊ ရုပ်အိုလွယ်မယ်။ (ဒေါသကြီးသူဟာ ရုပ်အိုလွယ်တယ်၊ ရုပ်ကျလွယ်တယ်လို့ ဆိုလိုတာပါ) ဒေါသ ကြီးသူရဲ့ မျက်နှာဟာ စိုပြေမှုလုံးဝမရှိဘူး။ ဒေါသထွက်နေသူရဲ့ မျက်နှာဟာ ဘီလူးတို့၊ သားရဲသဘက်တို့ မျက်နှာတွေလိုပဲ ကြောက်စရာကောင်းတယ်။ ကျက် သရေလည်း လုံးဝမရှိဘူး။ ဒေါသကြီးသူရဲ့မျက်နှာဟာ တကယ်မုန်းစရာ ကောင်း တယ်။

အဲဒီလိုဆိုးကျိုး မကောင်းတာတွေ ဖြစ်လာမှာကို သတိပြုပြီး ဒေါသပြေပါလို့ ဆိုလိုတာပါ။

ဘုန်းကြီးကတော့ ဒေါသဖြစ်လာပြီဆိုရင် အဲဒီကဗျာလေးကို သတိရကာ ရွတ်ဆိုလိုက်ပါတယ်။ ဒေါသဟာ အဝေးကို ပြေးသွားတော့တာပါပဲ။

## ဒေါသကြီးသူ + သတိမူစရာများ

ဒီနေရာမှာ ဆက်ပြီးတော့ ဒေါသအမျက် ချောင်းချောင်းထွက်ရင် ဆက် လက်ပြီးတော့ ဖြစ်ပေါ်နိုင်တဲ့ ဆိုးကျိုးတွေကို ကောဓနသုတ်မှ ထုတ်ပြီး ပြောချင် ပါသေးတယ်။ မှတ်သားစရာကောင်းလွန်းလို့ပါ။ ဒေါသကြီးသူ သတိမူစရာတွေပါပဲ။

ဒေါသဆိုတာ စာလုံးလေးနှစ်လုံးပဲ ရှိတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသဆိုတဲ့ စာလုံးလေးနှစ်လုံးကို မထိန်းနိုင်လို့ ဆင်းရဲဒုက္ခတွေ ရောက်နေကြတာနော်။

(မှန်လှပါ ဘုရား)

## အမျက်ထွက်က + ဆင်းမလှ

* အမျက်ထွက်သူဟာ အဆင်းမလှဘူး။ ဆင်းရဲစွာ အိပ်ရ၊ နေရမယ်။ အကျိုးစီးပွား ရှိမယ်ထင်တာတွေဟာ အကျိုးမဲ့ဖြစ်သွားစေတယ်။

(အံ၊ ပါ၊ ၂၊ ၄၇၁)

## အမျက်ထွက်က + ဆုံးရှုံးရ

* အမျက်ထွက်တတ်ပြီး အမျက်ဒေါသ နှိပ်စက်ခံနေရသူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှုကို ပြုလို့ ဥစ္စာတွေ ဆုံးရှုံး ပျက်စီးတတ်တယ်။

## ခြံရံကင်းကွာ + ရှောင်ကြဉ်မှာ

* အမျက်ဒေါသဆိုတဲ့ ယစ်ခြင်းနဲ့ ယစ်တဲ့ယောကျ်ားဟာ အခြံအရံ အကျော်အစော မရှိတဲ့ အပြစ်ရောက်မယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေက အမျက်ထွက်သူကို ရှောင်ကြဉ်ကြမယ်။

## စိတ်ကိုဖျက်တတ် + ဒေါသမှတ်

* အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။ အမျက်ဒေါသဟာ စိတ်ကို ဖျက်ဆီးတတ်တယ်။ စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေကို ပညာမဲ့သူတွေ မသိပါဘူး။

## ကျိုးကြောင်းပိုင်ပိုင် + မသိနိုင်

* အမျက်ထွက်သူဟာ အကျိုးစီးပွားကို မသိနိုင်ဘူး။ အမျက်ထွက်သူဟာ အကြောင်းတရားကို မမြင်နိုင်ဘူး။ အမျက်ဒေါသဟာ သတ္တဝါကို နှိပ်စက်တဲ့အခါ အလွန်မိုက်မဲမှု ဖြစ်တယ်။

## မီးလောင်သလို + ပူပန်ဗိုလ်

* အမျက်ထွက်သူဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။ သူဟာ နောင်အခါမှာတော့ အမျက်ဒေါသ ပြေပျောက်သွားရင် မီးလောင်သလို ပူပန်ရတယ်။

## ရှိန်စော်ကင်းပြန် + မျက်နှာဟန်

* အမျက်ဒေါသကြောင့် သတ္တဝါတွေဟာ အမျက်ထွက်ကြတယ်။ အမျက်ထွက်

တဲ့အခါမှာ မီးဟာ တထောင်းထောင်းထနေတဲ့ အခိုးကို ပြနေသလိုပဲ အရှိန်အစော်ကင်းမဲ့တဲ့ မျက်နှာရှိဟန်ကို ပြတယ်။

## ရှက် ထိတ် ရှိသေ + မရှိပေ

* အမျက်ထွက်သူမှာ ရှက်တာ၊ ထိတ်လန့်တာ မရှိ။
အမျက်ထွက်သူမှာ ဆုံးမတဲ့စကားကို ရိုသေမှု မရှိ။
အမျက်ဒေါသ နှိပ်စက်သူမှာ မှီခိုရာတစ်စုံတစ်ရာမျှ မဖြစ်နိုင်။

## စကားအလှ+ နာယူကြ

* ပူပန်သောကရောက်စေတတ်တဲ့ အဖသတ်ခြင်းစတဲ့ ကံတွေဟာ သမထ ဝိပဿနာတရားတွေမှ ဝေးကွာကြတယ်။
အဲဒီအကြောင်းကံတွေကို ဟုတ်တိုင်းမှန်စွာ ပြောကြားမယ်။ အဲဒီစကား တွေကို နာယူကြပါ။

## အမျက်ထွက်လတ် + ဖ မိ သတ်

* အမျက်ထွက်သူဟာ အဖ၊ အမိ၊ ရဟန္တာ၊ ပုထုဇဉ် ကို သတ်တတ်တယ်။

## အမိ အမြတ် + သူသတ်တတ်

* အမိမွေးမြူထားတဲ့သားဟာ ဒီလောကကို တွေ့မြင်ရတယ်။ အသက်ကို ပေးတတ်တဲ့ ငြိမ်းအေးသူ အမိကိုပင် အမျက်ထွက်သူ ပုထုဇဉ်ဟာ သတ် တတ်တယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ကိုယ့်ကိုသတ်တတ် + သတိချပ်

* ကိုယ်ချင်းစာတရား ရှိကြသူတွေဟာ မိမိကိုယ်ကို လွန်စွာချစ်တယ်။ အမျက် ထွက်သူဟာ အမျိုးမျိုးများနေ၊ အာရုံတွေမှာ တွေဝေနေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

## အဆိပ်စား။ ခုန်ချ + သေကြရ

* မိမိကိုယ်ကို သန်လျက်နဲ့သတ်တယ်။ တွေဝေနေတဲ့အတွက် အဲဆိပ်ကို စားတယ်။ ဖွဲ့ကြိုးချသေကြတယ်။ တောင်ပေါ်မှ ခုန်ချ၊ ချောက်ထဲကို ခုန် ချပြီး သေကြတယ်။

## ပျက်စီးကြောင်းစစ် + ဒေါသဖြစ်

* စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကိုသေ စေတတ်တဲ့အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။
အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်း ဖြစ်တယ်။
ဒီဒေါသဟာ ကောဓအသွင်နဲ့ ဖြစ်နေတယ်။ နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ကျော့ကွင်းသဖွယ် ဖြစ်တယ်။ အဲဒီဒေါသကို ပညာ၊ ဝီရိယ၊ သမ္မာဒိဋ္ဌိ (ပညာ) နဲ့ ဆုံးမရမယ်၊ ပယ်ဖြတ်ရမယ်။

## ကုသိုလ်မွေ + ကျင့်သုံးရမယ်

* ပညာရှိဟာ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သကဲ့သို့ ထို့အတူပင် ငါတို့အား နှလုံးမသာယာ မျက်နှာမရွှင်တဲ့အဖြစ် မဖြစ်ပါစေနဲ့လို့ နှလုံးပြုပြီး ကုသိုလ်တရားတွေကို ကျင့်သုံးရမယ်။

## ကိလေသာတွေ + ငြိမ်းအေးပေ

* ဒေါသကင်းကွာပြီး ပင်ပန်းခြင်းမရှိသူ၊ လောဘကင်းကွာပြီး ငြူစူခြင်းမရှိသူ၊ ယဉ်ကျေးသူတွေဟာ အမျက်ဒေါသကို ပယ်ဖျောက်နိုင်သူတွေဟာ အာသဝေါကင်းကွာ ကိလေသာငြိမ်းအေးကြရတယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဘုရားက သတ္တဝါတွေကို မညှဉ်းဆဲရေး၊ မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားရေး ရှေ့နားမှာ ဟောခဲ့တာလေး ပြန်ဆက်ကြရအောင်။

လောကမှာ လူတွေဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားမနေကြဘူးလား။

(ကြိုးစားနေကြပါတယ် ဘုရား)

ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒေါသကင်းဝေးမှ ငြိမ်းချမ်းရေး ရမယ်။ ဒီလိုမဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီး တရားအမည် ပေးထားတာပါ။ ဘာတရားပါလိမ့်။

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားပါဘုရား။

## ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေး

ပရိသတ်ရေ၊ သူများကို အတင်းပဲညှဥ်းဆဲချင်တဲ့ ဒေါသစိတ် ကင်းဝေးမှ သူသူငါငါ သတ္တဝါတွေ လိုလားကြတဲ့ ငြိမ်းချမ်းရေး ရမယ်နော်။

(မှန်လှပါ ဘုရား)

ငြိမ်းချမ်းရေး ရပြီဆိုရင် သူသူငါ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းအေးမြမှာ မလွဲပါဘူး။

ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေးဆိုတာ တွဲနေပါ တယ်။

## ဘာသာမလို + ငြိမ်းချမ်းလို

တချို့ပညာရှင်ကြီးတွေ ပြောတာကြားဖူးတာလေး ရှိသေးတယ်။ အဲဒါက တော့ 'ဘာသာမလိုချင်ဘူး။ ငြိမ်းချမ်းရေးပဲ လိုချင်တယ်' ဆိုတဲ့စကားပါပဲ။

ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ အများကြီး ရှိပါထယ်။အဲဒီဘာသာ တိုင်းရဲ့ အဆုံးအမကောင်းတွေကို မျက်နှာလွှဲနေကြတော့ လူတွေလိုချင်တဲ့ ငြိမ်း ချမ်းရေးဆိုတာ ကွယ်ပျောက်နေတာပါပဲ။

ဘာသာအမျိုးမျိုးကြောင့် ကွာဟမှုတွေ၊ ငြင်းခုံမှုတွေ၊ စိတ်ဓာတ်အမျိုးမျိုး တွေ၊ သူ့ဘာသာ၊ ကိုယ့်ဘာသာစတဲ့ အစွဲအလမ်းကြီးမှုတွေကြောင့် ငြိမ်းချမ်း ရေး လမ်းစလေး ပျောက်နေတာကို သိမြင်ကြတဲ့ ပညာရှင်တွေက အထက်ပါစကား ကို ပြောဆိုတာဖြစ်မယ် ထင်ပါတယ်။ သူတို့ပြောတာ မှန်သင့်သလောက်တော့ လည်း မှန်နေတာပါပဲ။

## တွေးမိတာလေး ရေးမိတယ်

ဒီနေရာမှာ တွေးမိတာလေးကတော့ ဘာသာတိုင်းမှာ တကယ်ကောင်းတဲ့ အဆုံးအမကောင်းတွေ ရှိတယ်။ ဒီတော့ အဲဒီလိုအဆုံးအမကောင်းတွေ ပေး ထားတဲ့ ဘာသာကို လိုကိုလိုချင်ရမယ်။ အဆုံးအမကောင်းတွေပေးတဲ့ ဘာသာရှိနေ တာတောင် ငြိမ်းချမ်းရေး ပျောက်နေရင် ဘာသာမရှိပါက ပိုတောင်ဆိုးလာနိုင် တယ်လို့ တွေးမိပါသေးတယ်။

ဘာသာမလိုချင်ဘူးဆိုတာ ဘာသာရဲ့အဆုံးအမတွေကို မလိုချင်ဘူးလို့ ပြောသလို ဖြစ်သွားတယ်။

ဘာသာရဲ့အဆုံးအမကောင်းတွေ သိရ၊ မြင်ရ၊ ကြားရ၊ ဖတ်ရ၊ လိုက်နာ ကျင့်သုံးရတဲ့အတွက်ကြောင့် လောကမှာ လူတော်လူကောင်းတွေ အများကြီး ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ ဘာသာမဲ့ရင် ကျန်တာမဲ့တယ်လို့ ပြောချင်ပါတယ်။

ဘာသာမဲ့သူတွေဟာ ကျန်တဲ့ကောင်းကျိုးတရားတွေ မဲ့နေတယ်လို့ ဆိုတာပါ။

ဘာသာမဲ့ရင် ဘာတဲ့လဲ?

(ကျန်တာမဲ့ပါတယ် ဘုရား)

ဘာသာသိရင် ကျန်တာသိတယ်။

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ဘာသာ သိရင် ကျန်တာသိတယ်။ ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ သိနေရင် ကျန်တဲ့လောကရေး၊ ဓမ္မရေး စတဲ့ အရေးပေါင်းစုံ သိသွားတာပါပဲ။ သာသနာနဲ့ ဘဝကို သာယာအောင် တည်ဆောက်လို့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဘာသာသိရင် (ဘာသာရဲ့အဆုံးအမကောင်းတွေ သိပြီဆိုရင်) လူတိုင်းရဲ့ ဘဝ သာယာပြီ၊ ငြိမ်းချမ်းရေး ရပြီ၊ ငြိမ်းချမ်းအေးမြပြီလို့ ဆိုချင်ပါတယ်။

ဒီတော့ ပရိသတ်ရေ၊ လူတိုင်းရဲ့ဘဝကို သာယာစိုပြေအောင် ဖန်ဆင်းနိုင်တာ ဘာသာတရား၊ ဘာတရားတဲ့လဲ?

(ဘာသာတရားပါ ဘုရား)

## ဘာသာရေးနဲ့ သာယာရေး

ကောင်းတဲ့ကောင်းကျိုးတွေ ဘာသာချင်သလဲ။ သာချင်တဲ့ကောင်းကျိုးတွေ ဘာမဆို သာအောင် ဆောင်ရွက်နိုင်တာ ဘာသာတရားဖြစ်တယ်။

'ဘာသာ' မှာ စာလုံးလေးနှစ်လုံးက ဘာရယ်၊ သာရယ်။ 'ဘာ သာ' ချင်သလဲ။ အားလုံးသာအောင် ပေးစွမ်းနိုင်တယ်။ အဲဒါ 'ဘာသာ' ဖြစ်တယ်လို့ အဓိပ္ပာယ်ပေါ်အောင် ဖော်ကြည့်မိပါတယ်။

ဘာသာမှာ ဘာပါသတဲ့လဲ?

(ဘာရယ် သာရယ်ပါပါတယ် ဘုရား)

သဘောပေါက်ပြီနော်။

(ပေါက်ပါပြီ ဘုရား)

ဘာသာရေးဟာ တကယ်တော့ သိသူ၊ လိုက်နာ ကျင့်သုံးသူတွေအတွက် ခုရော နောင်ပါ သာယာရေးဖြစ်တယ်ဆိုတာ ပညာရှင်ကြီးတွေ လက်ခံထားကြပါတယ်။

ဘာသာရေးနဲ့ သာယာရေးဟာ တွဲနေပါတယ်။ ဘာသာရေးနဲ့ သာယာရေးဟာ ခွဲမနေပါဘူး။ ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဆိုတာလည်း တွဲနေပါတယ်လို့ သတိပြုသင့်ပါတယ်။

## ဘာသာရှိရင် ကျန်တာရှိတယ်

ဘာသာရှိရင် ကျန်တာရှိတယ်။ ဘာတဲ့လဲ?

(ဘာသာရှိရင် ကျန်တာရှိပါတယ် ဘုရား)

အေး– ဟုတ်ပြီ၊ ဘာသာရှိရင် ကျန်တဲ့လောကီ လောကုတ္တရာ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ၊ ခုရော နောင်ပါ အရာရာ ကောင်းကျိုးအမျိုးမျိုးတွေ ရှိသွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ပညာရှင်ကြီးတွေရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ တင်ပြပြောဆိုတဲ့ အဆိုအမိန့်တွေကို နှစ်သက်အားရ သဘောကျပါတယ်။

ဖြည့်စွက်ပြီး တင်ပြချင်တာကတော့ "ဘာသာလည်း လိုချင်ပါ၊ ငြိမ်းချမ်းရေး လည်း လိုချင်ပါ" ဆိုတဲ့ စကားလေးပဲ ဖြစ်ပါတယ်။

ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဟာ ညီအစ်ကိုလို့ ဆိုချင်ပါတယ်။

## ငြိမ်းချမ်းရေးအတွက် + ဆေးတစ်ခွက်

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြပါစို့။

ဘုရားက စစ်တိုက်ဖို့ ပြင်ဆင်နေကြတဲ့ နတ်မင်းကြီးနှစ်ဦးကို စစ်မတိုက်ဖို့၊ မညှဉ်းဆဲကြဖို့၊ ဒေါသစိတ် ကင်းဝေးဖို့ 'ငြိမ်းချမ်းရေး' တရားတော် ဟောကြား တော်မူလိုက်ပါတယ်။

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့လို့ ငြိမ်းချမ်းရေးအတွက် ဆေးတစ်ခွက် တိုက်ကျွေးတော်မူတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို (ဒီစကားလေး) ကို ကြည့်ပြီးတော့ 'ငြိမ်းချမ်းရေး တွက်+ဆေးတစ်ခွက်' တရားတော်လို့ အမည်ပေးရင်ကော ဖရဘူးလား။

(ရပါတယ် ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ငြိမ်းချမ်းရေး လိုချင်တယ်ဆိုရင် ငြိမ်းချမ်းအေးမြ ချင်တယ်ဆိုရင် သူများကို ညှဉ်းဆဲလို့ ဖြစ်ပါ့မလား?

(မဖြစ်ပါဘူး ဘုရား)

## ဘေးနဲ့ အေး

ညှဉ်းဆဲရင် သူ့ရောကိုယ်ပါ သတ္တဝါအားလုံး ဆင်းရဲမယ်နော်။

(မှန်လှပါ ဘုရား)

ညှဉ်းဆဲရင်? (ဆင်းရဲမှာပါ ဘုရား)

ညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဘေးဖြစ်မယ်။ မညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်စိတ်ဆင်းရဲဘေး ဝေးကာ အေးရမယ်။

ဒီတော့ 'ညှဉ်းဆဲရင် ဘေး။ မညှဉ်းဆဲရင် အေး' လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မေတ္တာသုတ်ပါ အကြိုက်ဆုံးဂါထာ

ဒီနေရာမှာ ဆက်စပ်လို့ ပြောချင်ပါသေးတယ်။ မေတ္တာသုတ်ထဲမှာပါတဲ့ ဂါထာလေးပါ။ ဘုန်းကြီး အကြိုက်ဆုံး ဂါထာလေးပါပဲ။ အဲဒီဂါထာလေးကတော့

န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ ဂါထာလေးပါ။

## လှည့်ပတ်လိမ်ခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်က။ ပရံ– တစ်ယောက်ကို။ နနိကုဗ္ဗေထ– မလိမ်လည် မလှည့်ဖြားပါစေသား။

တစ်ယောက်က တစ်ယောက်ကို လိမ်လည် လှည့်ပတ်တာတွေ မဖြစ်ပါစေနဲ့လို့ ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ အစီးအပွားမဲ့တွေကို ဖယ်ရှားလိုတဲ့ မေတ္တာပို့ ဆုတောင်းနော်။ (မှန်လှပါ ဘုရား)

လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာတွေဟာ ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။ လူတွေ ရန်များနေတာ၊ အစစအရာရာ အဆင်မပြေဖြစ်နေတာတွေဟာ တကယ်ကောက်ချက်ချကြည့်လိုက်တော့ လိမ်ညာ လှည့်ပတ်နေတာကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာဟာလည်း လူတွေကို ဆင်းရဲအောင် ညှဉ်းဆဲတာ တစ်မျိုးပဲနော်။ (မှန်လှပါ ဘုရား)

## အထင်သေးခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်သောသူသည်၊ ကိဉ္စိ– တစ်စုံ တစ်ယောက်သော၊ နံပရံ– ထိုသူတစ်ပါးကို၊ ကတ္ထစိ– တစ်စုံတစ်ခုသော အရာဌာန၊ တစ်စုံတစ်ခုသော

အမှုကိစ္စမှာမူ။ နာတိမညေထ– လေးမြတ်ထိုက်သူ၊ မဟုတ်ဟူ၍၊ မကြည်ဖြူချေ၊ မရှိသေချင်၊ မထီမဲ့ မြင် မပြုပါရစေသော။

ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် တစ်ယောက်အပေါ်မှာ တစ်ယောက်က 'ဟာ ဒီကောင်က လေးစားထိုက်သူ မဟုတ်ပါဘူး။ ရှိသေထိုက်သူ မဟုတ်ပါဘူး' လို့ မထီမဲ့မြင် မလေးမစား အထင်သေး၊ အမြင်သေး ပြောဆို၊ ပြုလုပ်မှုတွေ မဖြစ်ပါစေနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးနေတာ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

တစ်ယောက်နဲ့တစ်ယောက် အထင်သေး၊ အမြင်သေးပြီဆိုရင် ရန်ဖြစ်တော့တာပဲ၊ ရန်ဖြစ်တော့ ဆင်းရဲဒုက္ခတွေ တစ်သီတစ်တန်းကြီး များတော့တာပါပဲ။

ဒီတော့ အထင်သေးတာ၊ မထီမဲ့မြင်ပြုတာ၊ ပြောတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာတစ်မျိုးပဲ ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## ဆင်းရဲလိုခြင်း + ကင်းရှင်းပါစေ

* ဗျာရောသနာ– ကိုယ်နှင့်နှုတ်ကို၊ ချုပ်ချယ်လိုရိုး အလိုဆိုးဖြင့်လည်းကောင်း။ ပဋိဃသညာ– မနောဒွါရအား ထိပါးလိုရိုး၊ အလိုဆိုးဖြင့်လည်းကောင်း၊ အညမညဿ– တစ်ယောက်သည် တစ်ယောက်အား။ ဒုက္ခံ– ဆင်းရဲဒုက္ခ၊ မှန်သမျှကို။ နဣစ္ဆေယျ– နေ့ညခါခါ၊ အလိုမရှိပါစေသော။

ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ချုပ်ချယ်ထိပါးလိုတဲ့ အလိုဆိုးနဲ့ တစ်ယောက်နဲ့တစ်ယောက် အချင်းချင်း ဆင်းရဲဒုက္ခတွေကို မလိုလားကြပါနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးတာ ဖြစ်တယ်။

အဲဒီတော့ အချင်းချင်း ဆင်းရဲဒုက္ခရောက်အောင် ပြုတာ၊ ပြောတာ၊ ကြံတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာပါပဲ။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေးဂါထာ

ဒီဂါထာလေးကို ကောက်ချက်ချလိုက်တဲ့အခါမှာ လှည့်ပတ်ခြင်းကင်းတာ၊ အထင်သေးခြင်း ကင်းတာ၊ အထင်သေးခြင်း ကင်းရှင်းတာ၊ ဆင်းရဲလိုခြင်း ကင်းရှင်းတာတွေဟာ မညှဉ်းဆဲတာဖြစ်တယ်။ ဒေါသကင်းဝေးအောင် လုပ်တာဖြစ်တယ်။ မဆင်းရဲအောင် လုပ်တာဖြစ်တယ်လို့ ကောက်ချက်ချလို့ရတယ်။

ဒီတော့ ဒီ 'နပရောပရံ' စတဲ့ဂါထာတော်ဟာ 'မညှဉ်းဆဲအေး+ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်။ 'ဒေါသကင်းဝေး+ ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## အားလုံးငြိမ်းအေး + ငြိမ်းချမ်းရေး

ဒကာ ဒကာမတွေ ဒီဂါထာလေး ဆောင်ထား။ ဒီဂါထာလေးဟာ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းရေးဂါထာပါ ဘုရား)

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ မကောင်းတဲ့ ဆိုးကျိုးတွေ အားလုံးငြိမ်းပြီးတော့ အေးချင်တာတွေ အားလုံး အေးစေတဲ့ 'ငြိမ်းချမ်းအေး' ဂါထာတော်တဲ့။ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းအေး ဂါထာတော်ပါဘုရား)

## လောကမချေး + ငြိမ်းချမ်းရေး

လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒီဂါထာလေး လာတဲ့အတိုင်း မေတ္တာလည်း ပို့ရမယ်။ လက်တွေ့လည်း လိုက်နာကျင့်သုံးရမယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– ငြိမ်းချမ်းရေးလင်္ကာလေးတွေ လိုက်ဆို

* လှည့်ပတ်လိုလား။ စိတ်ဆိုးများ။ ပယ်ရှားနိုင်ပါစေ။
* အထင်သေးချင်၊ စိတ်အစဉ်၊ လူရှင်ကင်းပါစေ။
* ဆင်းရဲလိုလား။ စိတ်ဆိုးများ။ ပယ်ရှားနိုင်ပါစေ။

ညှဉ်းဆဲလိုလား။ စိတ်ဆိုးများ။ ပယ်ရှားနိုင်ပါစေ။
ဒေါ်သကင်းဝေး။ ငြိမ်းချမ်းရေး။ အားပေးနိုင်ပါစေ
မညှဉ်းဆဲအေး။ ငြိမ်းချမ်းရေး အားပေးနိုင်ပါစေ။
ငြိမ်းချမ်းရေးတွက်၊ ဆေးတစ်ခွက်၊ ဆက်လက် သောက်နိုင်စေ။

## ငြိမ်းချမ်းရေးတွက် + ဆေးနှစ်ခွက်

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့ဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးတစ်ခွက် တိုက်ကျွေးပြီးတော့ ဒေါ်သစိတ်ကို အမြန်ဆုံး ငြိမ်းအောင်လုပ်ကြပါဆိုတဲ့ ဆေးတစ်ခွက်ကို ထပ်ပြီးတော့ တိုက်ကျွေးတော်မူတော်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မညှဉ်းဆဲခြင်းဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးက တစ်ခွက်၊ ဒေါ်သစိတ်ကို ငြိမ်းအေးအောင် အမြန်ဆုံး ကြိုးစားကြပါဆိုတဲ့ ဆေးက တစ်ခွက်၊

ပေါင်းလိုက်တော့ ငြိမ်းချမ်းရေးတွက် ဆေးနှစ်ခွက်နော်။

(မှန်လှပါ ဘုရား)

## တူရာပေါင်းတော့ + တစ်ခွက်ပေါ့

မည့ဉ်းဆဲခြင်းဆိုတာလည်း ဒေါသစိတ် ငြိမ်းအေးအောင် လုပ်တာ၊ ဒေါသစိတ် ငြိမ်းအေးခြင်း ဆိုတာဟာလည်း မည့ဉ်းဆဲခြင်းပါပဲလို့ တူရာပေါင်းလိုက်ရင်တော့ 'ငြိမ်းချမ်းရေးတွက်+ ဆေးတစ်ခွက်' ပဲနော်။ (မှန်လှပါ ဘုရား)

## များလေ ကောင်းလေ + ဒကာဆွေ

ရှေ့က တရားထောက်တဲ့ ဒကာဆွေကို မေးရဦးမယ်။ တစ်ခွက် ကြိုက်သလား၊ နှစ်ခွက် ကြိုက်သလား? များလေ ကောင်းလေပါပဲ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

ဒကာက များများသောက်နေကြတယ်ထင်တယ်။

(အားလုံး ရယ်ကြ)

## စစ်ပွဲငြိမ်းအေး + တရားဆေးကြောင်း

ကဲ- ထားပါတော့။ ရှေ့ဆက်ကြရအောင်

ဘုရားရဲ့ မည့ဉ်းဆဲကြပါနဲ့၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ တိုက်တွန်းဟောပြောတဲ့ တရားဆေး နှစ်ခွက်ကို သောက်သုံးလိုက်ရတယ်ဆိုရင်ပဲ နတ်မင်းကြီးနှစ်ပါးရဲ့ စစ်ပွဲဟာ တစ်ခါတည်း မီးကို ရေနဲ့သတ်လိုက်သလိုပဲ ပြေငြိမ်းသွားတယ်။ မြတ်စွာဘုရားရဲ့ တရားဆေးဟာ တကယ်အံ့သြစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## များ နည်း ကောင်းတာ + မေး ဖြေလှာ

ငြိမ်းချမ်းရေးတွက် ဆေးဘယ်နှစ်ခွက် တိုက်ကျွေးလိုက်သလဲ?

(နှစ်ခွက်ပါ ဘုရား)

ဒကာဆွေ၊ (ဘုရား)

များလေ ကေင်းလေပဲလား။ (အားလုံး ရယ်ကြ)

ဆေးပြောပါတယ်။ (အားလုံး ရယ်ကြ)

ဆေးကတော့? (များလေကောင်းလေပါဘုရား)

ကျန်တာတော့? (နည်းလေကောင်းလေပါဘုရား)

ဒကာဆွေ။ (ဘုရား)
နည်းလေ ကောင်းလေဆိုတာ ဘာလဲ?
(ဘီယာပါ ဘုရား) (အားလုံး ရယ်ကြ)
သောက်နေကြလေး တန်းပြောတာပဲနော်။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
ဘီယာဆိုတာ ဘာလဲ? အရက်နုပါ ဘုရား။
(အားလုံး ရယ်ကြတယ်)
အောင်မယ် အရက်တောင်မှ အရက်နုဆိုပါလား။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
အရက်ကြမ်းဆိုတာ ရှိသေးလား?
(အားလုံးရယ်ကြ)

## ဘီယာဆိုတာ + သိစရာ

ကဲ– ထားပါတော့၊ ဘီယာဆိုတာ အရက်နု၊ အရက်ကြမ်း ခေါ်တာ၊ မခေါ်တာတော့ မသိပါဘူး။ သိတာလေးကို စာပေအတိုင်း သဒ္ဒါရေးနဲ့ ပြောမယ် ဆိုရင်တော့ ဘယ က လာတာဖြစ်တယ်။ ဘယ ဆိုတော့ ဘေးပေါ့။ အဲဒီ ဘီယာ ဆိုတာ သောက်ရင် ဘေးဖြစ်မယ်။ ဘေးပေါင်းစုံဖြစ်စေတတ်လို့ ဘီယာ ခေါ်တယ်။

ကဲ– လင်္ကာလေး လိုက်ဆို

* ဘေးဖြစ်စေသော၊ ထိုသဘော၊ ဆိုပြောဘီယာခေါ်။
* ဘယဘေးတွေ၊ ဖြစ်စေတတ်၊ မှတ်လေ ဘီယာခေါ်။
* ဘယဘေးတွေ၊ အစုံပေ၊ ဖြစ်စေ ဘီယာခေါ်။

## ဆေးဖြစ် ဝါးဖြစ်

ဒကာဆွေ၊ (ဘုရား)
များလေ ကောင်းလေက?
(တရားဆေးပါဘုရား)
နည်းလေ ကောင်းလေက?
ဘီယာဆေးပါ ဘုရား။ (ရယ်ကြ)

တပည့်တော် ယောင်ပြောတာပါ ဘုရား။

(ရယ်ကြ)

ဒကာဆွေက ဘီယာကိုတောင် ဆေးဆိုပါလား။

(ရယ်ကြ)

များများသောက်တတ်တဲ့ ဒကာတွေကို ဘုန်းကြီးက သိပ်ပြီးမသောက်ကြနဲ့လို့ လျှော့သောက်လို့ ပြောတော့ ဒကာတစ်ယောက်က တပည့်တော် ဆေးဖြစ် ဝါးဖြစ်ပဲ သောက်တာပါ ဘုရားလို့ လျှောက်တယ်။

(အားလုံး ရယ်ကြ)

အဲဒီလိုလျှောက်တဲ့ ဒကာတစ်ယောက်ကို ဘုန်းကြီးက ဆေးဖြစ်ဆိုတာတော့ ထားပါတော့၊ 'ဝါး' ဖြစ်ဆိုတာ သိရဲ့လားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာက မသိပါ ဘုရားလို့ မလျှောက်ပါတယ်။ မသိရင် မှတ်ထားပါ။ တို့တွေးမိတာလေး ပြောဦးမယ်ဆိုပြီး ပြောပြလိုက်ပါတယ်။

အဲဒီသေရည် သေရက်တွေ၊ ခုခေတ်ဖေါ် ဘီယာစတဲ့ မူးမေ့စေတတ်တဲ့ အရည်တွေ အသောက်များသူတွေဟာ ရောဂါဆိုး ရောဂါအမျိုးမျိုးတွေ ရပြီးတော့ ဆေးမျိုးစုံကို ဝါးရတော့တာပါပဲ။ အဲဒီလို ဆေးမျိုးစုံ ဝါးဖြစ်တာကြောင့် ပါးဖြစ်။

(အားလုံးရယ်ကြ)

နောက်ပြီးတော့ အသောက်များသူတွေဟာ မသေခင်လည်း ပိန်ပိန်ကပ်ကပ်လေး၊ သေတော့လည်း ပိန်ခြောက်ပြီး ပိန်ပိန်ကပ်ကပ်လေး သေဆုံးရတယ်။ အဲဒီလို ပိန်ပိန်ခြောက်ခြောက်လေးနေ၊ ပိန်ပိန်ခြောက်ခြောက်လေး သေရတာကို တင်စားပြီးတော့ ဝါးလုံးလေးလို ဖြစ်သွားတာကြောင့်လည်း ဝါးဖြစ်။

(အားလုံး ရယ်ကြ)

ဈေးကြီးတဲ့ ဆေးမျိုးစုံနဲ့ ဆေးဖိုးရဲ့ ဝါးမျိုခြင်းကို ခံရတဲ့အတွက်ကြောင့်လည်း ''ဝါး''ဖြစ်။

(အားလုံး ရယ်ကြ)

ကဲ– ''ဝါးဖြစ်'' လင်္ကာလေးတွေ လိုက်ဆို

* ရောဂါရတုန်၊ ဆေးမျိုးစုံ၊ အကုန်ဝါးဖြစ်ပေ။

* ရောဂါရချေ၊ ပိန်ကပ်နေ၊ ပိန်သေ ဝါးဖြစ်ပေ။

* ဈေးကြီးဆေးများ၊ ဆေးဖိုးများ၊ မျိုဝါး ဝါးဖြစ်ပေ။

## သူတို့အားထား + မြတ်ဘုရား

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

လောကရဲ့အကြီးအမှူးဖြစ်တဲ့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်ရာရယ်လို့ ဆည်းကပ်ကြတယ်။

နတ်မင်းကြီးနှစ်ဦးဟာ မြတ်စွာဘုရားကို တကယ် အားထားသွားကြတယ် နော်။ (မှန်လှပါဘုရား)

## သူတို့ဘဝ + ရင်အေးရ

ဘုရားက တရားဟောတော့ တရားနာကြားတာဟာ တရားကို လိုက်နာကျင့်သုံးတာဟာ တရားကို ကိုးကွယ်အားထားတာ ဖြစ်တယ်။ ဒီတော့ နတ်မင်းကြီး နှစ်ပါးရဲ့ နှလုံးသားမှာ ဘုရားသရဏဂုံ၊ တရား သရဏဂုံတွေ တည်သွားကြပြီနော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* နတ်မင်းနှစ်ပါး၊ မြတ်ဘုရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ မြတ်တရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ ဘုရားတည်လေပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ အပြုံးများရပြီ။
* ဒေါသကင်းဝေး၊ ငြိမ်းချမ်းရေး၊ ရင်အေးရလေပြီ။

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

စကျွင်းပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ စစ်မြေပြင်မှာ ရှိနေကြတဲ့ နတ်အပေါင်းကို သိစေတော်မူကာ ခြေတော်ကို ကြွချီတော်မူတယ်။

နတ်အများ ကြည့်ရှုနေစဉ်မှာပဲ မြောက်အရပ်ကို ကြွသွားတော်မူတယ်။

## ကမ္ဘာထစ်သိမ်း + အပါယ်ငြိမ်း

အခြေနှစ်ချောင်းရှိသူ နတ်လူတွေကို အမြဲရကာ တာဒိဂုဏ်နဲ့ ပြည့်စုံ

တော်မူတဲ့ မြတ်စွာဘုရားကို သူဟာ ရှေးဦးစွာ ကိုးကွယ်အားထား ဆည်းကပ်သူ ဖြစ်တယ်။ သူဟာ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလား မရောက်ရပါဘူး။

ဘုရားကိုးကွယ်၊ တရားကိုးကွယ်တဲ့ ကုသိုလ်ကြောင့် သူဟာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။

လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးလုံးကို ခံစားရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ဘုရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* တရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* ဘုရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* တရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* လူ နတ် နှစ်ပါး၊ ချမ်းသာများ၊ ခံစားရလေပြီ။

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ကမ္ဘာသုံးသောင်းထက်မှာတော့ ရထားစီးမင်းတွေထက် မြတ်တဲ့ 'မဟာဒုန္ဒုဘိ' အမည်ရှိတဲ့ စကြဝတေးမင်းတွေ ၁၆ ကြိမ် ဖြစ်ဖူးပါတယ်။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ အမျိုးကောင်းအိမ်မှာ လာဖြစ်ရတယ်။ အရွယ်ကြီးလာတော့ ဘုရားကြည်ညိုကာ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

စကြဝတေးမင်းဖြစ်ရတဲ့ ကောင်းကျိုး၊ နောက်ဆုံး ရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးတွေဟာ ဘုရားကိုးကွယ်၊ တရားကိုးကွယ်ရတဲ့ ကောင်းကျိုးတွေနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဒီနေ့ ဒကာ ဒကာမတွေကို အဓိကအမည်ပေး ပြီး ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတဲ့ လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေးပါ) တရားတော်ပါ ဘုရား။

ဒကာ ဒကာမတွေ၊ ငြိမ်းချမ်းရေး မလိုချင်ကြ ဘူးလား?

(လိုချင်ပါတယ် ဘုရား)

အေး– ငြိမ်းချမ်းရေးလိုချင်ရင် ဘာကင်းအောင် လုပ်ရမလဲ?

(ဒေါသကင်းအောင် လုပ်ရမှာပါ ဘုရား)

## ဘယ်သူ့ရည်ရွယ် ဖြေပြကွယ်

ဒီတရား ဘယ်သူ့ကို အဓိကရည်ရွယ်ပြီးတော့ ဟောတယ်ဆိုတာ သိရဲ့လား?

(သိပါတယ်ဘုရား)

ဘယ်သူ့ကိုလဲ?

(စိတ်တိုတဲ့ တပည့်တော်တို့ကိုပါ ဘုရား)

အဲဒီ အဖြေ မှားတယ်။ အဖြေမှန် မသိချင်ဘူးလား?

(သိချင်ပါတယ် ဘုရား)

သိချင်ရင် တရားနာနေကြတဲ့ ဒကာ ဒကာမတွေ အားလုံး ဘုန်းကြီးကို ကြည့်လိုက်ကြပါ။ ဘုန်းကြီး သေသေချာချာပြမယ်။ ဘုန်းကြီးရဲ့လက်ညှိုးလေးနဲ့ ထိုးပြတာ မြင်ရပြီနော်။

(မြင်ရပါပြီ ဘုရား)

ဘယ်သူ့ကို ရည်ရွယ်?

(တရားဟောနေတဲ့ ဘုန်းကြီးကိုပါ ဘုရား)

အောင်မယ်လေး၊ လျှာရှည်လိုက်တာ 'ဘုန်းကြီး' ဆို တော်ရောပေါ့။ ခုတော့ ဝိသေသန မပြီးတော့ တရားဟောနေတဲ့ဆိုတာ သူတို့မှ ထည့်ရက်တယ်။

(အားလုံး ရယ်ကြ)

ထပ်ဖြေပါဦး၊ ဘယ်သူ့ကို ရည်ရွယ်?

(ဘုန်းကြီးကိုပါ ဘုရား)

အဲဒီလောက်ဆို သိလောက်ပါတယ်။ တော်သေးတာပေါ့။

(အားလုံး ရယ်ကြ)

ကဲ– ထားပါတော့။ တရားဟောတဲ့ ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။

စိတ်တိုလို့ မှားခဲ့တာတွေလည်း မရေနိုင်တော့ပါဘူး။ ဒါကြောင့် ဒီတရားတော်ဟာ သူများရည်ရွယ်ပြီးတော့ ဟောတဲ့တရားမဟုတ်ပါဘူး။ တရားဟောနေတဲ့ ပလ္လင်ပေါ်က ကိုယ့်ကိုယ်ကို ရည်ရွယ်ပြီး ဟောတဲ့တရားပါလို့ အမှန်အတိုင်း ဝန်ခံ ပြောပြမိပါတယ်။

## ဒေါသကြောင့်မှား အမှားတစ်ထောင်

ဒေါသကြောင့် မှား။ အမှား မရေနိုင်လို့တောင် မှတ်တမ်းတင်မိပါတယ်။

တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေ ကျောင်းလာရင် ဘာလုပ်လာတာလဲလို့ မေးတော့ တရားပွဲ လာပင့်ကြောင်း လျှောက်တဲ့အခါ ပြောမိတာလေးက တရားပွဲ ပင့်မနေပါနဲ့တော့၊ တရားမဟောချင်တော့ဘူးလို့ ပြောမိပါတယ်။ အဲဒီလို ပြောတော့ တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေက ဘာဖြူလို့ မဟောချင်တာလဲဘုရား။ တပည့်တော်တို့ လှူတာ နည်းလို့လားလို့ ထပ်လျှောက်ကြပါတယ်။

ဘုန်းကြီး ပြောလိုက်တာကို သေသေချာချာ နားထောင်နော်။ နည်းလို့ မဟုတ်ပါဘူး၊ မများလို့ပါ။

(အားလုံး ရယ်ကြ)

ကဲ– ထားပါတော့၊ ဒါက ရယ်စရာလေး ပြောတာပါ။ တကယ်ပြောတဲ့ စကားက 'တို့တရားဟောနေတဲ့ ဘုန်းကြီးကိုယ်တိုင် တရားမရှိလို့ပါ' လို့ ပြောလိုက်တာပါ။

(ရယ်ကြ)

မရယ်နဲ့၊ တကယ်ပြောတာ။

(ထပ်ရယ်ကြ)

## မီးသတ်ကားကြီး မီးလောင်နေ

တစ်ခါက မြို့တစ်မြို့မှာ နာမည်ကြီး ဆရာတော်ကြီးတစ်ပါး တရားဟောတော့ မိုက်က တဂွီဂွီမြည်နေတယ်။ အဲဒီဆရာတော်ကြီးက ဟောက်ငေါက်မာန်မဲပြီး မိုက်ကိုချွတ်ပြီး ကိုင်ပေါက်လိုက်တယ်။ ပြီးတော့ တရားမဟောဘဲ ပလ္လင်ပေါ်က ဆင်းသွားတယ်။

ဒကာ ဒကာမတွေက ကောင်းတဲ့မိုက် စီမံပေးပါ့မယ်၊ တရားဆက်ဟောပါဘုရားလို့ ငိုယိုလျှောက်ပေမယ့်လည်း မရပါဘူး။ အဲဒီမြင်ကွင်းကို တွေ့မြင်လိုက်ရတဲ့ လက်သံပြောင် စာရေးဆရာတစ်ယောက်က ဆောင်းပါးရေးထည့်လိုက်တယ်။

သူဆောင်းပါးရဲ့ နာမည်ခေါင်းစီးက တော်တော်လေးကောင်းတယ်။ "မီးသတ်ကားကြီး မီးလောင်နေတယ်" ဆိုတဲ့ ခေါင်းစီးပါ။ ဘုန်းကြီးတို့ တရားဟော ဘုန်းကြီးတွေ၊ စာရေးဆရာတွေ၊ တရားပြဆရာတွေဟာ သူများကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာမီးတွေ ငြိမ်းအေးအောင် မီးငြိမ်းပေးနေ သူတွေပါ။ တင်စားပြောမယ်ဆိုရင်တော့ မီးသတ်ကားကြီးပါ။ သူများကို မီးငြိမ်းပေး မယ့် (မီးသတ်ပေးမယ့်) ဘုန်းကြီးတို့ မီးသတ်ကားကြီး ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိတဲ့ ကိလေသာမီးတွေ လောင်နေမယ်ဆိုရင်တော့ "မီးသတ်ကားကြီး မီးလောင်နေတယ်" ဆိုတဲ့ စာရေးဆရာရဲ့ ရေးသားချက်ဟာ နည်းတောင်နည်းသေးတယ်လို့ ပြောရမှာပါပဲ။ တရားဟောသူ မီးသတ်ကားကြီး ကိုယ်တိုင်က မီးလောင်နေရင် သူများဟောလို့ မီးငြိမ်းပေးဖို့ ဖြစ်ပါတော့မလား။

(မဖြစ်ပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးပြောတဲ့ တရားမရှိလို့ တရားတွေ ကုန်နေလို့ တရားမဟောချင်ဘူးဆိုတာ သဘာဝကျတယ်နော်။

(မှန်လှပါ ဘုရား)

## အရိပ်ထဲက အပူသည်

တချို့ကလည်း တင်စားပြီးတော့ ရေးသားကြ၊ ပြောကြသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တရားဟောသူ၊ တရားပြသူ၊ တရားစာ ရေးသားထုတ်ဝေသူ၊ စာရေးဆရာဆိုသူတွေဟာ အားမနာတမ်း ပြောရမယ်ဆိုရင်တဲ့ "အရိပ်ထဲက အပူသည်တွေ"တဲ့။ တော်တော်လေး ကောင်းပါတယ်။ မှန်တာပေါ့။ သူများကို တော့ အေးမြအောင် အရိပ်ကောင်းတွေ ပေးနေကြတာပဲ။ အရိပ်ပေးနေသူတွေ ကိုယ်တိုင်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ များနေမယ် ဆိုရင် တကယ်မှန်တဲ့ "အရိပ်ထဲက အပူသည်တွေ"ပါပဲ။

## စဉ်းစား တကယ် ရှက်မိတယ်

တစ်ခါတလေတော့လည်း စဉ်းစားတွေးတောပြီး ရှက်မိသေးတယ်။ ငါဟာ 'မီးလောင်နေတဲ့ မီးသတ်ကားကြီး'ပါလား။ 'အရိပ်ထဲက အပူသည်ကြီး'ပါလား။ 'လရောင်အောက်မှာ လမ်းပျောက်နေသူ'ပါလားလို့ စဉ်းစားတွေးတောကာ ရှက်မိ တာပါ။

## တစ်ခါတလေ အားတင်းနေ

တစ်ခါတလေတော့လည်း အားတင်းလိုက်ပါတယ်။ 'မီးသတ်ကား ဖြစ်ရတာ နည်းတဲ့ကုသိုလ် မဟုတ်ပါလား'၊ 'အပူသည်ဆိုပေမယ့်လည်း တော်သေးရဲ့၊ အရိပ်ထဲက အပူသည်ဖြစ်ရတာ'၊ 'လမ်းပျောက်တာ တော်သေးရဲ့၊ လရောင်အောက်မှာ လမ်းပျောက်တာ'လို့ တွေးတောစဉ်းစား အားတင်းလိုက်တာပါပဲ။

## မီးသတ်ကားကြီး နောက်တစ်စီး

မီးသတ်ကားကြီး တစ်စီးအကြောင်း ပြောရဦးမယ်။ ဒီအကြောင်းကတော့ သာကေတမြို့က အကြောင်းကလေးပါ။ သာကေတမြို့က ဓမ္မာရုံတစ်ရုံမှာ နှစ်စဉ် တရားပွဲများ ကျင်းပလေ့ရှိပါတယ်။ နာမည်ကြီး ဆရာတော်များကိုရွေးပြီး ပင့်လေ့ ရှိပါတယ်။ အဲဒီပင့်တဲ့ဆရာတော်တွေထဲမှာ ဘွဲ့တော်ဆင်တူရိုးမှား ဖြစ်နေတဲ့ ဆရာတော်နှစ်ပါး ပါပါတယ်။ လုံးဝတော့ မတူပါဘူး။ နည်းနည်းလေးတူသလို ဖြစ်နေပါတယ်။ ကျောင်းတိုက်တွေ၊ မြို့နယ်တွေကတော့ လုံးဝကို မတူပါဘူး။ တရားပွဲ ကျင်းပသူတွေက တရားပွဲအစီအစဉ်ကို သတင်းစာထဲမှာ ထည့်လိုက်ပါတယ်။ ဆင်တူရိုးမှား ဆရာတော်နှစ်ပါးရဲ့ နေ့ရက်တွေ၊ ကျောင်းတိုက်တွေ၊ မြို့နယ်တွေမှန်ပြီးတော့ ဘွဲ့တော်တွေဟာ မှားနေတာ ပါလာပါတယ်။ နာမည် အကြီးဆုံး ဆရာတော်ဟောမယ့်ရက်မှာ ကြွရောက်လာပြီး ဓမ္မာရုံက လူကြီးတွေကို တော်တော်လေး ဆူပါတယ်၊ ငေါက်မာန်ပါတယ်။

ဓမ္မာရုံက လူကြီးတွေက မှားတာ တောင်းပန်လျှောက်ထားလည်း မရပါဘူး။ တရားဟောတော့လည်း စိတ်တိုတိုကြီးနဲ့ ဟောတာ မကောင်းပါဘူး။ ဟိုပြော ဒီပြော စောင်းတဲ့ရွဲ့တဲ့စကားတွေနဲ့ပဲ တရားပွဲပြီးသွားပါတယ်။ တရားပွဲပြီး ပြန်ခါနီးမှာလည်း မင်းတို့ဓမ္မာရုံ ငါ့ကို ဘယ်တော့မှ မပင့်နဲ့လို့ ဒေါသသံကြီးနဲ့ ပြော သွားပါသတဲ့။

အဲဒီလိုပြောတာ ကြားလိုက်တဲ့ ဒကာတွေထဲမှာ စိတ်တိုတတ်တဲ့ လူငယ်လေး တစ်ယောက်က ''စိတ်ချပါ၊ မပင့်ပါဘူး''လို့ လျှောက်လိုက်ပါသတဲ့။

ဓမ္မာရုံက လူကြီးတွေဟာ တော်တော်လေး စိတ်ပျက်သွားကြပါတယ်။ တရားဟောတဲ့ မီးလောင်နေတဲ့ မီးသတ်ကားကြီးတွေကို လန့်နေတယ်တဲ့။

ဓမ္မာရုံ လူကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတာကတော့ 'တပည့်တော်တို့ကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ နည်းပါးအောင် ဆုံးမမယ့် တရားဟောဆရာတော်က တပည့်တော်တို့ထက် ဒေါသကြီးနေ

တာ အံ့ဩစရာကောင်းတယ် ဘုရား။ တပည့်တော်တို့ကလည်း သူက မပင့်နဲ့ဆို တော့ မပင့်ရဲတော့ပါဘူး ဘုရား' လို့ လျှောက်ထားပါတယ်။

## သာသနာပြု + ကဗျာနံ

အဲဒီလိုလျှောက်ထားတော့ အဲဒီဒကာတွေ စိတ်သက်သာရာ ရအောင် အားပေးစကား ပြောကြားလိုက်တာကတော့ ''စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'' ဆိုတဲ့ ကဗျာလေးအတိုင်း စိတ်ရှည်ရှည်ထားပြီး ဖွဲ့သန်သန်နဲ့ သည်းခံကာ သာသနာပြုပါလို့ ပြောလိုက်ပါတယ်။

## မီးသတ်ကားတွေ + ရေပါပါစေ

နောင်တရားပွဲပင့်တဲ့အခါမှာလည်း ''ရေပါတဲ့ မီးသတ်ကားကြီးတွေ၊ ကား လတ်တွေ၊ ကားလေးတွေ ရွေးပင့်ပါ''လို့ ပြောလိုက်ပါတယ်။

မြှာရုံဒကာကြီးတစ်ယောက်က ''ဆရာတော် ပြောတာ သဘောမပေါက်ဘူး။ ရှင်းပြပါဦး ဘုရား'' လျှောက်ထားပါတယ်။

ရေပါတဲ့ မီးသတ်ကားဆိုတာ ဒကာ ဒကာမတွေရဲ့အပေါ်မှာ တကယ် ကောင်းကျိုးလိုလားတဲ့ မေတ္တာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ သံသရာ ဝဋ်ဆင်းရဲက တကယ်လွတ်မြောက်စေချင်တဲ့ သနားခြင်း ကရုဏာရေကို ဆိုလို တာပါ။ ဒကာ ဒကာမတွေ တရားတွေ နာကြ၊ သိတတ် ကျင့်ကြံတတ်တဲ့အခါမှာ ဝမ်းမြောက်တဲ့ မုဒိတာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ ကံမကောင်း အကြောင်းမလှတဲ့အခါမှာလည်း ဒါဟာ တကယ်တော့ ကံအတိုင်းပဲ ဖြစ်ကြ ပျက်ကြရတာပဲလို့ အသင့်အားဖြင့် ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ဥပေက္ခာရေကို ဆိုလိုတာပါလို့ ရှင်းပြလိုက်တော့မှ သဘောကျသွားပါတယ်။

မီးသတ်ကားတွေ ရေပေါ့ပါစေလို့ ဆုတောင်းပါတယ်။

မီးပါတဲ့ မီးသတ်ကားတွေ ပင့်လို့ကတော့ မီးဆက်လောင်နေဦးမှာပဲလို့ လည်း မှာလိုက်ပါတယ်။

ဒကာတစ်ယောက်ကတော့ ''မီးပါတဲ့ မီးသတ်ကား၊ ရေပါတဲ့ မီးသတ်ကား'' ဆိုတာ ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲ ဘုရားလို့ လျှောက်ပါသေးတယ်။

ဘုန်းကြီးကတော့''ပကတိမျက်စိနဲ့လည်း ကြည့်၊ ဉာဏ်မျက်စိနဲ့လည်း ကြည့်ပါ'' သိပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။

ကဲ– ထားပါတော့၊ မီးသတ်ကားကြီးတွေ အကြောင်းပြောတာ တော်တော် လေး စုံသွားပါပြီ။

## ငြိမ်းချမ်းရေးရ + အေးမြပါစေ

ဘုန်းကြီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြစ်မှားတိုတတ်တဲ့ ဒေါသဆိုးများ နုလုံးသားဝေးကွာ သာယာအေးမြ ငြိမ်းချမ်းရေး ရကြပါစေ၊ ငြိမ်းချမ်းအေးမြကြပါစေလို့ ကုသိုလ်ပြုတိုင်း ဆုတောင်းမိတဲ့ "ငြိမ်းချမ်းရေး ဆုတောင်း" ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

"ပြစ်မှားတိုတတ်၊ စိတ်မမြတ်ခြင်း။ ဒေါသကင်းမှ၊ ရင်တွင်းမှာအေး။ ငြိမ်းချမ်းရေးတွေ၊ ရနိုင်ပေဟု၊ ကဗျာပြုယုံ့ စာနုဆို၍၊ ခုကိုငြိမ်းချမ်း။ နောင်ငြိမ်းချမ်းစေ၊ တောင်းဆုချွေသည်၊ ကောင်းမှုထွေထွေ ပြုတိုင်း တည်း"

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ကျမ်းညွှန်း ။ အပဒါန၊ ပါဠိ၊ ၁၁၆၂
အပဒါန၊ ၅၊ ၂၊ ၁၃၀
မြန်မာပြန်၊ ၁၊ ၁၆၆။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာဝဂ္ဂ၀ိယဝဂ်၊ ယညသာမိက
ထွေရအပဒါန်ကို ဟန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# သိပ်မြွတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲတော်သဘင် ဆင်ယင်ကျင်းပနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို ဟောကြားမယ့် တရားတော်က ''သိပ်မြွတ် ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်'' တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(သိပ်မြွတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်) တရားတော်ပါ ဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

ယညသာမိက မထေရ်ဟာ သူ့ဘဝအကြောင်းတွေကို သူကိုယ်တိုင် ပြန် ဟောပြထားတဲ့ တရားတော်ပါ။

### ယစ်ပူဇော်ရန်+အားထုတ်ပြန်

ငါဟာ မွေးဖွားပြီးတော့ ခုနစ်နှစ်ပဲ ရှိပါသေးတယ်။ ဗေဒင်ကိုတော့ တစ်ဖက်ကမ်းရောက် တတ်မြောက်ပါတယ်။ အမျိုးအနွယ်ရဲ့ကျင့်ဝတ်ကိုတော့ ဆောင်ထားပါတယ်။ ငါဟာ ယစ်ပူဇော်ရန် အားထုတ်နေပါတယ်။

(အပဒါန်၊ ပါဠိ ၁၊ ၂၉၆)

### တိုင်မှာချည်ထား + သားကောင်းများ

ငါဟာ ရှစ်သောင်းလေးထောင်ကုန်သော သားကောင်တွေကို သတ်ဖြတ် တယ်၊ အဲဒီသားကောင်တွေကို ကြိုးတွေနဲ့ ချည်ကာ ယူဆောင်ပြီးတော့ ယစ် ပူဇော်ရန်အတွက် တိုင်မှာချည်ထားပါတယ်။

### ရွှေရှားမီးလို + နေလလို

ပန်းထိမ်ဖိုမှာ ဦးပြီးတဲ့ရွှေလို၊ ရှားမီးလို၊ တက်လာတဲ့ နေမင်းလို၊ လပြည့် နေမင်းလို–

## ဘုရားငါ့ထံ + ကြွလာပြန်

လောကီ လောကုတ္တရာ အကျိုးအားလုံးကို ပြီးစေတော်မူတဲ့ လူသုံးပါးတွေ ပူဇော်အပ်တဲ့ အကျိုးစီးပွားကို ဆောင်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ထံ ကြွလာပြီးတော့ ဒီစကားတော်ကို မိန့်တော်မူတယ်။ (ဒီတရားကို ဟောတော်မူတယ်)

## ဘုရားနှစ်သက် + မိန့်မှာချက် လေးပါး

သတ္တဝါ။ သတ္တဝါအားလုံးကို မညှဉ်းဆဲတာကို ငါဘုရား နှစ်သက်တော်မူတယ်။

* ခိုးခြင်း ရှောင်တာ၊
* သူများ ကာမပိုင်လွန်ကျူးပြီး ကျင့်ခြင်းရှောင်တာ၊
* သေရည်သေရက် သောက်ခြင်း ရှောင်တာ ငါဘုရား နှစ်သက်တော်မူတယ် တဲ့။

## သေရည်ဆိုတာ + မှတ်စရာ

သေရည်ဆိုတာ လူတွေကို (သောက်သူတွေကို) မြန်မြန် သေစေတတ်တဲ့ အရည်၊ ကုသိုလ်ကောင်းမှုတွေကို သေစေတတ်တဲ့ အရည်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

အဲဒီအရည်တွေ သောက်ပြီဆိုရင် ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်သေးရဲ့ လား။

(မလုပ်နိုင်တော့ ပါဘုရား)

ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်တော့ ကုသိုလ်ကောင်းမှုတွေ သူ့အတွက် သေမနေဘူးလား။

(သေနေပါတယ် ဘုရား)

သေရည်ဆိုတာ သဘောပေါက်ပြီနော်။

(မှန်လှပါ ဘုရား)

## သေရက်ဆိုတာ + ဒီလိုပါ

သေရက်ဆိုတဲ့ အဲဒီအရည်တွေ သောက်သူတွေဟာ သေမယ့်ရက်တွေနဲ့ အမြန်ဆုံးနီးကပ်သူတွေ ဖြစ်တဲ့အတွက် သေရက်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ခုခေတ်မှာတော့ 'သေ'ဆိုတဲ့ စကားလုံးလေး ပျောက်ပြီး အရက်လို့ ခေါ်နေကြတာပါပဲ။

## မြန်မြန်သေချင် များများသောက်

ဘုန်းကြီးတို့ ဒကာတွေထဲမှာ သေရည် သေရက် သောက်သူတွေ ပါတယ်။ အဲဒီ ဒကာတွေကို ဘုန်းကြီး ပြောတဲ့စကားကတော့ ဒကာ၊ မြန်မြန်သေချင်ရင် မြန်မြန်သောက်၊ များများသောက်ပါလို့ ပြောမိပါတယ်။ မြန်မြန်မသေချင်ရင်တော့ လျှော့သောက်လို့ ပြောရပါတယ်။

## ဒကာတစ်ယောက် + လျှော့သောက်ပုံလေး

ဒကာတစ်ယောက်ကတော့ လျှော့သောက်ဆိုလို့ လျှော့သောက်နေပါတယ် ဘုရားလို့ လျှောက်တော့ ဘုန်းကြီးက အဟုတ်မှတ်နေတာ။ မင်း တကယ်လျှော့ သောက်နေပြီလားလို့ မေးတော့ တပည့်တော် တအားသောက်လို့ ဗိုက်တင်းလာရင် ပုဆိုးဖြေလျှော့ပြီး ထပ်သောက်တာပါ ဘုရားတဲ့၊ ကောင်းရောဗျာ။

## လူမိုက်အကြီးစား + လူမိုက်ကြီးများ

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်။

ဟိုတလောက ရပ်ကွက်ဒကာမတစ်ယောက်ရဲ့ အသက် ၄၀ ကျော် မောင်လေး ဆုံးတော့ တရားဟော ရောက်သွားတယ်။ ရပ်ကွက်ဒကာမရဲ့ ငိုသံဆန်းလေး ကြားရတော့ ဘုန်းကြီးတောင် စိတ်မကောင်းဖြစ်မိသေးတယ်။ သူငိုပုံလေးက မောင်လေး လူမိုက်ကြီး၊ မင်း မသောက်ပါနဲ့ဆိုတာ ပြောမရဘူး။ ခုတော့ မင်းအစ်ကိုကြီး၊ အစ်မကြီးတွေအရင် သေရပြီမဟုတ်လား။ လူမိုက်ကြီး၊ လူမိုက်ကြီးလို့ ခေါ်ခေါ်ပြီး တော့ ငိုတာပါပဲ။ အဲဒီငိုသံကြားရတော့မှ လူမိုက်တောင်မှ သေးသေးမွှားမွှား အသေးစား အငယ်စား လူမိုက်မဟုတ်ပါလား။ များများသောက်ပြီး ငယ်ငယ်ရွယ် ရွယ်နဲ့ မြန်မြန်သေတဲ့လူတွေဟာ "လူမိုက်အကြီးစား၊ လူမိုက်ကြီးတွေပါလား"လို့ သတိထားမိပါတော့တယ်။

ကဲ– ဒီတရားနာ ပရိသတ်တွေထဲမှာ အကြီးစားတွေ ဘယ်လောက်ပါသလဲ ကြည့်လိုက်စမ်းမယ်။ ဟာ မနည်းပါလား။ (ရယ်ကြ)

အလကား ရယ်စရာပြောတာပါ။ တရားနာတဲ့ ဒကာတွေ မပါပါဘူး။

## ဘုရားနှစ်သက် + မိန့်မှာချက် သုံးပါး

* မြတ်တဲ့ (တူမျှတဲ့) အကျင့်မှာ မွေ့လျော်ပျော်ပိုက်တာ ငါဘုရား နှစ်သက်တော်မူတယ်။
* အကြားအမြင်များတာ ငါဘုရား နှစ်သက်တော်မူတယ်။

ဒီနေ့ ဒကာ ဒကာမတွေ လောကီ၊ လောကုတ္တရာ အသိဉာဏ်တွေ များအောင် တရားနာနေတာဟာ ဘုရားနှစ်သက်တဲ့ လုပ်ငန်းဖြစ်တယ်နော်။

(မှန့်လုပါဘုရား)

* ကိုယ့်အပေါ် ပြုထားတဲ့ သူတစ်ပါးရဲ့ ကျေးဇူးတရားတွေ သိတာကို ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို ဘာပြောချင်၊ မှာချင်သလဲဆိုတော့ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူများရဲ့ အပေါ်မှာ ကျေးဇူးသိပါ။ ကျေးဇူးပြောပါ။ ကျေးဇူးမှတ်ပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူး မမေ့ပါနဲ့လို့ ပြောချင် မှာချင်တာပါပဲ။

## ကျေးဇူး သိ ဆပ် + ကိုယ့်မူမြတ်

ဘုန်းကြီးတို့မူကတော့ ကျေးဇူးသိ၊ ကျေးဇူးကြည့်၊ ကျေးဇူးပြော၊ ကျေးဇူးမှတ်၊ ကျေးဇူးဆပ်တဲ့ မူပါပဲ။ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဘယ်အပြောကိုပဲ ပြောပြော၊ ဘယ်အကြံကိုပဲ ကြံကြံ အဲဒီလို ကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့မူနဲ့ပဲ လုပ်ကိုင်၊ ပြောဆို၊ ကြံစည်ပါတယ်။ ဒါဟာ ဘုန်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးတဲ့မူပါပဲ။ ဒကာ ဒကာမတွေ တပည့်တွေကိုလည်း ဒီမူကို အမြဲပြောဟောဆုံးမပါတယ်။

ခုလို လောက၊ သာသနာ အရာရာမှာ သာသနာ ပြုနိုင်တာ၊ သာသနာပြုခွင့် ရတာဟာ ဒီမူကြောင့်လို့ ပြောဆိုမယ်ဆိုရင် အမှန်ဆုံး ပြောဆိုနည်းလို့ ဆိုနိုင်ပါတယ်။

## လူကောင်း လူတော် + သတ်မှတ်ခေါ်

လောကလူတွေကို လူကောင်း လူတော် သတ်မှတ်တဲ့နေရာမှာလည်း ဘုန်းကြီးကတော့ အဲဒီမူနဲ့ပဲ သတ်မှတ်ပါတယ်။

ဘုန်းကြီးရဲ့ "လူကောင်း လူတော် လူမြင့်မြတ်" ဆိုတဲ့ ကျေးဇူးဆိုင်ရာ မှတ်တမ်းလွှာ ဆောင်ပုဒ်လေးတွေကို အောက်ပါအတိုင်း ရေးထားပါတယ်။

## ကျေးဇူးဆိုင်ရာ + မှာတမ်းလွှာ

* အားလုံးကို ကျေးဇူးတင်ပါ။
* ကျေးဇူးရှင်
ကျေးဇူးစဉ်
ကျေးဇူးမြင်
ကျေးဇူးတင်
* ကျေးဇူးတွေး
ကျေးဇူးရေး
* ကျေးဇူးရှိ
ကျေးဇူးသိ
* ကျေးဇူးပြော
ကျေးဇူးဟော
* ကျေးဇူးမှတ်
ကျေးဇူးဆပ်
* လူကောင်း လူတော် လူမြင့်မြတ်။

## ရန်သူသည်ပင် + ကျေးဇူးရှင်

တကယ်တော့ လောကမှာ ကျေးဇူးတင်တတ်မယ်ဆိုရင် ကိုယ့်ကို အမြဲလို ရန်မူနေကြတဲ့ ရန်သူတွေပင် ကျေးဇူးရှင်ဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရန်သူတွေကြောင့် ကိုယ့်ဘဝမှာ သည်းခံစိတ် ခန္တီပါရမီတွေ၊ လောကဓံ ခံနိုင်ရည်တွေ၊ ဘဝအတွေ့အကြုံ ရင့်ကျက်မှုတွေ မြင့်တက်လာတယ်။ ဒါကြောင့် ရန်သူသည်ပင် ကျေးဇူးရှင်ဖြစ်တယ်လို့ ပြောလိုက်တာပါ။

## ကျေးဇူးမကန်းရေး + သတိပေး

ကျေးဇူးရှိသူတွေရဲ့ ကျေးဇူးကို မသိချင်၊ မပြောချင်၊ မဆပ်ချင်နေပါ၊ ကျေးဇူးတော့ မကန်းပါနဲ့လို့ သတိပေးချင်ပါတယ်။

## အမည်လှပ ရာဇကုမာ

ဒီနေရာမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ လူကောင်း လူတော် လူမြင့်မြတ်လေးတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။

သူ့အမည်က ''ရာဇကုမာရ'' တဲ့။

ဘယ်သူတဲ့လဲ? (ရာဇကုမာရပါ ဘုရား)

နာမည်လေးကလည်း သိပ်လှတယ်၊ စိတ်နေစိတ်ထားက ပိုလှတယ်။ နာမည်လှဖို့ထက် စိတ်နေစိတ်ထားလှဖို့ ပိုအရေးကြီးပါတယ်။

သူ့ရဲ့စိတ်နေစိတ်ထား ပိုလှပုံလေးကို တင်ပြမှာပါ။ သူဟာ ကျုန်စစ်သားရဲ့ သားတော်အရင်းခေါက်ခေါက်ဖြစ်ပါတယ်။ ဒါပေမယ့် ငယ်ငယ်လေးကတည်းက သူ့ကို ထီးနန်းအတွက် နန်းလျာမထားခဲ့ဘူးဆိုတာ ပုဂံပြည်သူပြည်သားတွေလည်း သိ၊ သူလည်းသိတယ်။

ဒီတော့ ပရိသတ်ရေ ပုဂံလည်း သိ၊ သူလည်းသိတယ်နော်။

(မှန်လှပါဘုရား)

## နှလုံးသား တရားရောက်

နန်းမရပေမယ့် သူ့နှလုံးသားမှာ တရားသိ၊ တရားရှိ တရားရောက်နေတော့ နေပုံ ထိုင်ပုံတွေက ပကတိအေးချမ်းနေတယ်။ ဒီနေရာမှာ စဉ်းစားတွေးတော မိတာလေး ရှိတယ်။ အဲဒါကတော့ ''နှလုံးသား တရားရောက်နေတဲ့သူ့အတွက် တရားလောက် တန်ဖိုးရှိတာ ဘာရှိမှာလဲ'' ဒီလိုစဉ်းစားမိတယ်နော်။

(မှန်လှပါ ဘုရား)

တရားသိ တရားရှိသူအတွက် တရားရှိနေခြင်းဟာ အားလုံးရှိနေခြင်း၊ အားလုံး ပြည့်စုံနေခြင်းပဲနော်။ (မှန်လှပါ ဘုရား)

နန်းမရပေမယ့် နန်းထက်တန်ဖိုးရှိတဲ့ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သူရထားတယ်၊ သူ့ရင်ထဲ ရှိထားတယ်ဆိုတော့ ဘာပြဿနာတက်စရာ လိုသေးလဲ၊ (ဘာမှ မလိုပါဘူး ဘုရား) ပြဿနာတက်တယ်ဆိုတာ ဓမ္မမရှိသူတွေ၊ ဓမ္မမသိသူတွေ၊ ဓမ္မကို ခုန်ကျော်ပြေးလွှားနေသူတွေကြောင့် ပြဿနာတက်နေတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းပြောတာ မရှိပါ

ဖခင်ကျုန်စစ်သားမင်းကြီး ကောင်းမယ်ထင်လို့ စီမံတာ သူ ဘာမှမကောင်း မပြောဘူးနော်။ (မှန်လှပါ ဘုရား)

ခုခေတ် သားသမီးတွေနဲ့ မကွာဘူးလား။ (ကွာပါတယ်ဘုရား)

မကွာပါဘူး။ နည်းနည်းလေးပဲ ကွာတယ်နော်။ (အားလုံး ရယ်ကြ)

## အပြောမှားလေး ပြင်ကာပေး

ခုခေတ် သားသမီးတွေက အမေ၊ အဖေတွေကို အမေက ဘာမှမသိပါဘူး။ အဖေက ဘာမှမသိပါဘူးလို့ ပြောတတ်ကြသေးတယ်။ ဒီတော့ ဘုန်းကြီးတို့က ပြောရတယ်။ ဒီလိုမပြောကြနဲ့ အမေလောက်သိတာ အမေပဲရှိတယ်။ အဖေလောက် သိတာ အဖေပဲရှိတယ်၊ ပြောတာ မှားနေတယ်လို့ ပြင်ပေးရတယ်။

## သူ့နှလုံးသား မိတ္တူပွား

ရာဇကုမာရရဲ့ နှလုံးသားက ဖခင်ကျန်စစ်မင်းကြီးဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်တာပဲလို့ သဘောထားကြီးကြီးနဲ့ လက်ခံတယ်နော်။

(မှန်လှပါ ဘုရား)

''သူ့နှလုံးသား မိတ္တူပွား'' ကိုယ့်နှလုံးသား ထည့်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သတ္တိရှိသူ လိုချင်တာရ

သူဟာ ထီးနန်းကို မရလို့ မယူတာ မဟုတ်ပါဘူး။ မယူချင်လို့ မယူတာ၊ ဘာတဲ့လဲ? (မယူချင်လို့ မယူတာပါ ဘုရား)

သူယူချင်ရင် ရပါတယ်။ ယူချင်ရင်? (ရပါတယ် ဘုရား)

သူ့မှာ သတ္တိရှိတယ်၊ ဘာရှိ? (သတ္တိရှိပါတယ် ဘုရား)

သတ္တိရှိသူအတွက် ယူချင်တာ ရနိုင်တယ်။ မရနိုင်တာ ဘာမှမရှိဘူးနော်။

(မှန်လှပါ ဘုရား)

## မယူတာဟာ ချီးကျူးစရာ

သူ့မှာ ဖွဲ့ရှိတယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရှိတယ်၊ အင်အားရှိတယ်၊ ယူချင်ရင် ယူချင်တာကို လိုတာကို ယူနိုင်ဖို့ အားလုံးပြည့်စုံနေတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယူနိုင်တဲ့အား ပြည့်စုံနေရက်သားနဲ့ မယူတာကိုက ချီးကျူးစရာ ကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## နာမကျန်းဖြစ် မင်းကျန်စစ်

ကဲ- ထားပါတော့။ လိုရင်း ပြောချင်တာလေး ဆက်ကြရအောင်။

အဲဒီလို နေရင်း ထိုင်ရင်းက ကျန်စစ်မင်းကြီး နာမကျန်းဖြစ်လာတယ်။ နေမကောင်းဖြစ်လာတယ်။ နေမကောင်းတဲ့အချိန်ဆိုတာ အရေးကြီးတဲ့အချိန် ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီလို တကယ်အရေးကြီးတဲ့အချိန်မှာ ရာဇကုမာရဟာ ဆရာတော်ကြီး ၅ ပါးနဲ့အတူ နန်းတော်ကို ရောက်လာခဲ့ပါတယ်။ သူ့ခေါင်းပေါ်မှာ ပင့်လာတဲ့ ရွှေလင့်ပန်းထဲမှာတော့ "ရွှေဆင်းတု" တစ်ဆူ သီတင်းသုံးကာ ပါလာပါတယ်။

## ရွှေဆင်းတု ပြ သားရာဇ

ရာဇကုမာရမင်းသားဟာ ရွှေဆင်းတုကို ခမည်းတော် ကျန်စစ်မင်းကြီး ကြည်ညိုနိုင်အောင် အနီးကပ်ပြထားပါတယ်။

## သားတော်လူအေး လျှောက်သံလေး

ပြီးတော့ အနီးမှာရှိတဲ့ ခုံမြင့်တစ်ခုပေါ်ကိုတင်ပြီး ရွှေဆင်းတုနဲ့ပက်သက်လို့ လျှောက်တင်လိုက်ပါတယ်။ "ဖခင်၊ အာရုံတစ်ပါး စိတ်မသွားဘဲ၊ အာရုံမများ စိတ်မများဘဲ သားတော်လူအေး လျှောက်တင်သံလေးကို ရွှေနားတော် ဆင်ပေးတော်မူပါ"

## ရွှေစင်အစစ် ဆင်းတုဖြစ်

ဖခင်ထံမှောက် အရောက်ကြွလာ ဒီရွှေဆင်းတုတော်ဟာ စိတ်ထားကောင်းခြင်း၊ ဖခင်မင်းကြီးက မိခင်စိတ်ကြည် တိလောကဝဋ်သကာဒေဝီကို ကရုဏာစီ ပေးသနားတဲ့ လက်ဝတ်လက်စားများကို ထုခွဲအပုတ် သွန်းလုပ်ထားတဲ့ ရွှေစင် အစစ် ဆင်းတုတော်ဖြစ်ပါတယ် ဘုရား။

## ကျန်းမာစေကြောင်း သားဆုတောင်း

ခမည်းတော်ရဲ့ ကျန်းမာရေး ကောင်းမွန်စေရန် ရည်သန်ရှေးရှု ဆုတောင်းပြုကာ ဒီရွှေဆင်းတုကို ပူဇော်ခါခါ လှူဒါန်းမှာကတော့ ဖခင်က မိခင်ကို အလေးထား ပေးသနားတဲ့ ကျွန်သုံးရွာပဲ ဖြစ်ပါတယ်လို့ လျှောက်ပါတယ်။

## ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ

အဲဒီကနောက် သားလျှောက်တောင်းပန် စကားသံက "ဖခမည်းတော်၊

ဖခမည်းတော်က မယ်တော်ကို ပေးသနားတဲ့ ပစ္စည်းများနဲ့ သွန်းလုပ်လှူဒါန်းတဲ့ ရွှေဆင်းတုကို ခမည်းတော်ကိုယ်တိုင်ကိုယ်ကျ ရေစက်ချတော်မူပါ''လို့ လျှောက်ထား တောင်းပန်ပါတယ်။

## စိတ်ထဲချမ်းသာ စိတ်ကျန်းမာ

ကျန်စစ်မင်းကြီးဟာ တော်တော်ကြီးနေမကောင်းဖြစ်နေရာက ရတ်တရက် အားပြည့်လာသလို ရွှင်ရွှင်ပျပျ ထပြီးထိုင်တော်မူပါတယ်။

ဒီနေရာမှာ ရာဇကုမာရ် ကုသပေးတဲ့ ဘုရားဆေး၊ ကုသိုလ်ဆေး၊ မေတ္တာဆေးဟာ သိပ်ပြီးတော့ အစွမ်းထက်မြက်တယ်လို့ ပြောချင်ပါတယ်။

ကျန်စစ်မင်းကြီးဟာ ဘာပဲပြောပြော အသက်အရွယ်တော်အရ ကိုယ်ကျန်းမာရေး တအားကောင်းမလာပေမယ့် သားတော်ပြုပေး ကုသိုလ်ဆေးကြောင့် စိတ်ကျန်းမာရေးကတော့ ပြန်ကောင်းလာမှာ သေချာပါတယ်။ စိတ်ထဲမှာ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအကုသိုလ်တရားတွေ ဝေးကွာသွားခြင်းဟာ တကယ်တော့ စိတ်ကျန်းမာရေးကောင်းခြင်းပါပဲ။ ဒါကြောင့် 'ရာဇကုမာ သားလိမ္မာ'ဆိုတဲ့ ကဗျာကို ရေးတော့ ''ရာဇကုမာ ကုသပေးတဲ့၊ ဘုရားဆေးကြောင့် ပြန်ကျန်းမာ''ဆိုတာ အဓိကကတော့ စိတ်ကျန်းမာရေး ပြန်ပြီးတော့ လန်းဆန်းကောင်းမွန်တာကို ရည်ရွယ်ပြီး ရေးသားတာပါပဲ။

## စိတ်မကျန်းမာ သိစရာ

လူတွေဟာ များသောအားဖြင့် ကိုယ်ကျန်းမာရေးကောင်းတာ၊ မကောင်းတာကိုပဲ သတိထားတတ်ကြပါတယ်။ စိတ်ကျန်းမာရေး ကောင်းတာ၊ မကောင်းတာကို သတိပြုသူ နည်းပါးပါတယ်။

စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားတွေ များနေဝင်ရောက်နေတယ်ဆိုရင် အမှန်ကတော့ စိတ်နေမကောင်းတာ၊ စိတ်မကျန်းမာတာပဲဖြစ်ပါတယ်။

ကိုယ်နေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုဆိုးပါတယ်။ ကိုယ်နေမကောင်းတာ အပါယ်မရောက်နိုင်ပါဘူး။ စိတ်နေမကောင်းရင် အပါယ်ရောက်နိုင်ပါတယ်။

## သားလှယဉ်ကျေး ဆောင်ရွက်ပေး

ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ် ကျေးဇူးဆပ်ပုံလေးဟာ ကိုယ်ကျန်းမာရေး စိတ်ကျန်းမာရေး ကောင်းအောင် ဆောင်ရွက်ပေးလိုက်တာပါပဲ။

## သီလခံကာ ပရိတ်နာ

ကျန်စစ်မင်းကြီးဟာ ထထိုင်တော်မူပြီးတော့ ဆရာတော် ငါးပါးထံက သီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များလည်း နာကြားတော်မူပါတယ်။

## ရေစက်ချပျော် သာဓုခေါ်

ပြီးတော့မှ ရွှေကရားနဲ့ ရေစက်သွန်းချပြီး သာဓုသုံးကြိမ်ခေါ်တော်မူပါတယ်။

ရာဇကုမာရကတော့ ဖခမည်းတော်ရဲ့နောက်ကနေပြီး မှေးကာ ထိန်းပေး တော်မူပါတယ်။

## နောက်ဆုံးခရီး အရေးကြီး

ကျန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ပုံဟာ အတုယူစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

ဘဝတစ်ခုရဲ့ နောက်ဆုံးခရီး အရေးကြီးတယ်။ ဘာတဲ့လဲ?

(နောက်ဆုံးခရီး အရေးကြီးပါတယ် ဘုရား)။

ကျန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ဘဝကူးကောင်းဖို့ရန်အတွက် ရာဇ ကုမာရ်ကတော့ သူ့ဖခမည်းတော်ကို ဗုဒ္ဓဘာသာဝင် ကလျာဏမိတ္တ (မိတ်ဆွေ ကောင်းဖြစ်တဲ့) သားကောင်းပီပီ ဆောင်ရွက်ပေးလိုက်တာပါပဲ။

အဲဒီလို အရေးကြီးတဲ့ နောက်ဆုံးခရီးမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ် နည်း အကောင်းဆုံးနဲ့ ကျေးဇူးဆပ်လိုက်တဲ့ ရာဇကုမာရ်ဟာ လူကောင်း၊ လူတော်၊ လူမြင့်မြတ်လေးဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## မေတ္တာပြပွဲ ဆင်နွဲနိုင်စေ

အဲဒီကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ပွဲဟာ ရာဇကုမာရ်ရဲ့ သားမြတ်မေတ္တာ သရုပ်ပြပွဲဖြစ်တယ်နော်။ (မှန်လှပါဘုရား)

မိဘတွေရဲ့အပေါ်မှာ ရာဇကုမာရ်လို မေတ္တာသရုပ်ပြပွဲ ဆင်နွဲနိုင်ရမယ်နော်။ (မှန်လှပါ ဘုရား)

## ဂူပြောက်ဘုရား သူတည်ထား

ကျန်စစ်မင်းကြီး နတ်ရွာစံ ကံတော်ကုန်ပြီးတာနဲ့ မကြာခင်မှာပဲ မြင်းကပါ အရပ်မှာ ဂူပြောက်ဘုရားတည်ပါတယ်။ ရွှေဆင်းတုတော်ကို ဂူပြောက်ဘုရား တည်ပြီး အထွတ်မှာ ထည့်သွင်းဌာပနာပါတယ်။

## သားမေတ္တာလှ သရုပ်ပြ

ပုဂံရောက်ရင် အဲဒီဂူပြောက်ဘုရားကို သွားရောက်ပြီးတော့ ဖူးမြင်ကြပါ။ ရာဇကုမာ သားလိမ္မာရဲ့ သားမေတ္တာလှ သရုပ်ပြတဲ့ဘုရား ဖြစ်ပါတယ်။

## မရှိဘူးပင် ပြောလိုက်ချင်

ရာဇကုမာရ်ရဲ့ သိပ်မြတ်လှပ စိတ်ဓာတ်အလှကိုလည်း ကူးယူခဲ့ပါလို့ မှာ လိုက်ချင်ပါတယ်။ သူ့ရဲ့ကျေးဇူးသိပုံ၊ ကျေးဇူးဆပ်ပုံ၊ နန်းမရလို့ မချမ်းမမြမဖြစ်ပုံ၊ စိတ်နေစိတ်ထား အေးချမ်းတည်ကြည်ပုံ၊ မြင့်မြတ်ပုံတွေကို ကြားရတာ တကယ် မင်္ဂလာရှိပါတယ်။ သူလိုလူကတော့ လောကမှာ ရှိတော့ရှိတယ် တကယ်ရှားပါတယ်။

ဘာတဲ့လဲ? (ရှိတော့ရှိတယ် ရှားပါတယ် ဘုရား)

ဘုန်းကြီးကတော့ ရှိတောင်မရှိဘူးလို့ ပြောချင်ပါတယ်။

ကဲ– ထားပါတော့။ ရာဇကုမာရ်အကြောင်း ပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။ (မှန်လှပါ ဘုရား)

## သူ့အကြောင်းရေး ကဗျာလေးတွေ

သူ့အကြောင်းလေးတွေကို စပေါင်းတွေးပြီးတော့ ကဗျာလင်္ကာလေးတွေ ရေးမိတယ်။

သူ့နှလုံးသား စိတ်ကောင်းများကို ကိုယ့်နှလုံးသားမှာ ပွားယူမိပါတယ်။

သူ့အကြောင်းတွေး ရေးဖွဲ့ထားတဲ့ ကဗျာလေးတွေကို မြည်းကြည့်ကြရ အောင်။

## ရာဇကုမာ သားလိမ္မာ

* ပုဂံပြည်မှာ၊ ဟိုးရှေးခါဖြစ်၊ မင်းကျန်စစ်နှင့် သားချစ်ရာဇာ၊ ကုမာရ်တို့၊ ပြုကြပုံလေး။ ကဗျာရေးအံ့။
ယုယပုံလေး ကဗျာရေးအံ့။

နုလုပုံလေး၊ ကဗျာရေးအံ့။

* စစ်တွေးအပြီး မင်းကြီးကျွန်စစ်၊ ရောဂါဖြစ်သော်၊ သားချစ်ရာဇ၊ ကုမာရ်က၊ မာတာ့လက်ဝတ်၊ ထုခွဲဆစ်၍ ဖစစ်အတွက်၊ ရည်ရွယ်ချက်ဖြင့်၊ စိတ်စက်လန်းပြု၊ ရွှေဆင်းတုကို၊ သွန်းထုပူဇော်၊ ပြီးပါသော်ကား ဖတော်နား၌၊ တင်ထားခုံပေါ်၊ အာရုံဖော်ဖို့ ရွှေတော်ဆင်းတု၊ ကြောင်းစုံစုကို၊ လျှောက်ကာပြု နားဆင်၊ အိုဖခင်တဲ့။

* ရည်မွန်ကောင်းပို၊ သားသံချိုဖြင့်၊ ကြည်ညိုသွန်းထု၊ ရွှေဆင်းတုကား၊ ဖဘုရားတွက်၊ ကျန်းမာဆက်ဖို့ ချစ်ဖက်မာတာ၊ ပိတာပေးထား၊ လက်ဝတ်များကို၊ ချစ်သားခွဲထု၊ ရောင်းချပြု၍၊ သွန်းထုကာထား၊ ရွှေဘုရားဟု၊ ရွှေသားနှုတ်ဟ၊ လျှောက်တင်ပြ၏။

* ထိုမှတစ်ဖန်၊ ချိုမြသံဖြင့်၊ အမှန်ဖစစ်၊ မယ်တော်ချစ်ကို၊ နှစ်နှစ်ကာကာ၊ မေတ္တာ့သနား၊ သစ္စာထား၍၊ ပေးငြားခဲ့ရာ၊ ကျွန်သုံးရွာကို၊ မြတ်စွာဗုဒ္ဓ၊ အတုလရှု၊ ရွှေဆင်းတုအား၊ ပူဇော်သွားမှာ၊ လျှောက်ထားရှာ၏။

* တဖြာဆက်လက်၊ တောင်းပန်ချက်ကား၊ ဖဘုရားတဲ့၊ ထူးခြားသွန်းပြု၊ ရွှေဆင်းတုကို၊ ယခုစိတ်ခိုင်၊ ထပြီးထိုင်၍ ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ၊ လျှောက်ထားရှာသော်----

* သားတော်ရာဇ၊ ကောင်းလေစွတဲ့။

ရာဇဖချစ်၊ မင်းကျွန်စစ်ကား၊ စိတ်သစ်ရုပ်သစ်၊ အဟုတ်ဖြစ်၍၊ ရုပ်စစ်မှန်းပါ၊ မကျန်းမာမှ ကျန်းမာစိတ်ဓာတ် (ချမ်းသာစိတ်ဓာတ်) ရွှင်ပျလတ်၍၊ မြင့်မြတ်စိတ်လှ၊ ရွှင်ပျပျဖြင့် နောက်ကရာဇာ၊ ဖေးကူမခြင်း၊ အကြောင်းရင်းကြောင့်၊ ကောင်းခြင်းထထိုင်၊ ရေစက်ကိုင်ချ ပြီးဆုံးကသော်၊ သာဓုတော်ပိုင်၊ သုံးကြိမ်တိုင်မျှ သူခေါ်ပြလျက်၊ အမျှရစေ၊ များဝေနေလည်း၊ ရစေစိတ်ထား၊ ပုဂံသား ပုဂံသူ၊ အမှန်ဖြူကြ၊ ဟူသမျှလည်း၊ အဝိကအနေ၊ သိကြပါစေ၊ သိရပါ စေ၊ မျှဝေသွားပြန်၊ သူ့အသံကား၊ ထူးခြားဟန်သစ်၊ ထူးခြားကျွန်စစ်၊ မင်းကြီးဖြစ်၏။

* သားချစ်ရာဇ၊ ကုမာရ၏၊ သားလုကောင်းပီ၊ သားဂုဏ်ရည်ဖြင့်၊ ရွှေပြည်ပုဂံ၊ ရွှေရည်လျှံဖို့၊ ရွှေမှန်တွေစု၊ ရွှေဆင်းတုကို၊ ရွှေနုရွှေလှ၊ ရွှေမေတ္တာဖြင့်၊ ရွှေစာကမ္ပည်း၊ ရွှေစာကြီးဖြင့်၊ ရွှေနည်းတွေပေါင်း၊ ရွှေစိတ်ကောင်းပေါက်၊ ရွှေဂူပြောက်တွင်၊ ရွှေထွတ်တင်ပြု၊ ရွှေဆင်းတုသာ၊ ရွှေဌာပနာထား၊ ရွှေထူးခြားပြန်၊ ရွှေပုဂံရောက်၊ ရွှေဂူပြောက်ဖူး၊ ရွှေကျေးဇူးမြတ်၊

ရွှေသိဆပ်ဖူး၊ ရွှေစိတ်ကူးယူ၊ ရွှေမိတ္တူလှ၊ ရွှေစိတ်ပြေ၍၊ ရွှေနေ့ရွှေညာ၊ ရွှေဘဝတွေ၊ ရွှေပိုင်စေချင်၊ ရွှေစိတ်တင်ပြ၊ ရွှေညတိုင်းမှာ၊ ရွှေလသာစေ၊ ရွှေဆုရွှေသည်၊ ရွှေနုရွှေစာ၊ ရွှေကဗျာတည်။

## ကျေးဇူးကန်းတော့ + ကန်းတာပေါ့

ကျေးဇူးကန်းတော့ ဘာဖြစ်လဲလို့ ပြောချင်ပြောကြလိမ့်ဦးမယ်။ ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ 'ကန်း'သူတစ်ယောက် အကြောင်း ပြောချင်ပါတယ်။

## အလောင်းစည်သူ + သတိမူစရာ

ပုဂံပြည်မှာ အလောင်းစည်သူမင်းဆိုတာ ရှိခဲ့တယ်။ ဘာမင်းတဲ့လဲ?

(အလောင်းစည်သူမင်းပါ ဘုရား)

အဲဒီအလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်တဲ့အခါမှာ ထူးထူးဆန်းဆန်း မမြင်ဖူးတာတွေ မြင်ရတော့ "ငါ့ရဲ့ဘေးတော်၊ ဘိုးတော်တွေဟာ ငါ့လို ဘုန်းကံ မရှိလောက်ဘူး"လို့ စိတ်နဲ့ပြစ်မှားလိုက်တဲ့ ခဏလေးမှာပဲ မျက်စိကန်းသွားတယ်၊ မျက်စိကွယ်သွားတယ်။

ဘေးတော် ဘိုးတော်တွေရဲ့ ကျေးဇူးကန်းတဲ့ အလောင်းစည်သူမင်း ဘာဖြစ်သလဲ?

(မျက်စိကန်းသွားပါတယ် ဘုရား)

ဒါကြောင့် ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောတာနော်။

(မှန်လှပါ ဘုရား)

## ကျေးဇူးကန်း+ ဘေးထူးဆန်း

ဘုန်းကြီးတပည့်တွေကို ပြောတဲ့စကားလေး ရှိတယ်။ အဲဒီစကားက ဘာလဲဆိုတော့ ကျေးဇူးမကန်းနဲ့၊ ကျေးဇူးကန်းရင် ဘေးအထူးအဆန်း ရောဂါအထူးအဆန်းတွေ တွေ့တတ်တယ်၊ ဖြစ်တတ်တယ်ဆိုတဲ့ စကားပါပဲ။

## စော်ကား + ချော်သွား

ကျေးဇူးရှိသူတွေကို မစော်ကားနဲ့၊ စော်ကားရင် ကိုယ်လုပ်တာ၊ ပြောတာ၊ ကြံစည်တာတွေ အဆင်မပြေဘဲ ချော်သွားတတ်တယ်လို့လည်း သတိပေးပါတယ်။

## ဘေး ဘိုး ရုပ်ထု + ပူဇော်ပြု

အလောင်းစည်သူမင်းဟာ မျက်စိကန်းသွားရတဲ့အခါမှာ ဘေးတော်၊ ဘိုးတော်တွေရဲ့ အရုပ်တွေကို ထုလုပ်ပြီး ပူဇော်ကန်တော့တဲ့အခါမှာ မျက်စိနှစ်ကွင်း ပြန်ပြီးအလင်းရတယ်ဆိုတာ မြန်မာရာဇဝင်မှာ ရှိတယ်။ ဒီရာဇဝင်တွေကို သတိထားပြီးတော့ မပြစ်မှားသင့်တဲ့ ကျေးဇူးရှိသူတွေကို မပြစ်မှားဘဲ တကယ်လို့ ပြစ်မှားမိတယ်ဆိုရင်လည်း ပြန်ပြီးတော့ ပူဇော်ကန်တော့မှ အပြစ်တွေကျေပျောက်တယ်ဆိုတာ သတိထားသင့်တယ်၊ သိထားသင့်ပါတယ်။

အဲဒီအကြောင်းလေးကို ကဗျာကောင်းလေး စီရေးထားတယ်။ အားလုံး ဝစီကုသိုလ်ဖြစ်အောင် လိုက်ဆိုကြပါ။

* ပုဂံပြည်မှာ ဟိုရှေးတုန်းက
ဖြစ်ဖူးထုံးပြု ဒီလိုပါ။
* အလောင်းစည်သူ မင်းရာဇာ
တိုင်းခန်းဌာန လှည့်သောခါ။
* မမြင်ဖူးတာ ထူးထူးဆန်းဆန်း
တိုင်းခန်းလှည့်ရင်း မြင်သောခါ။
* ငါ့ရဲ့ဘေးတော် ဘိုးတော်များတို့
ငါကဲ့သို့ဘုန်း မရှိရာ။
* ဘေးတော် ဘေးတော် ကျေးဇူးများကို
စိတ်နဲ့ပြစ်မှား မင်းရာဇာ။
* ခဏလေးပင် မျက်စိကန်းလို့
ဖြစ်ပုံဆန်းတို့ ဖြစ်ဖူးရှာ။
* ကျေးဇူးကန်းရင် ကန်းပုံလေးကို
ကဗျာဆန်းရေး ဖော်ပြတာ။
* အလောင်းစည်သူ မင်းရာဇသို့
မကန်းကြဖို့ ရေးပြတာ။
* အလောင်းစည်သူ မင်းရာဇဝယ်
မျက်စိကွယ်ရလေသောခါ။
* ဘေးတော် ဘိုးတော် အရုပ်များကို
ထင်ရှားထုလုပ် ပူဇော်ရှာ။
* ကန်တော့ပူဇော် အချိန်တွင်းဝယ်
မျက်စိနှစ်ကွင်း ပြန်လင်းလာ။

* ရာဇဝင်ဝယ် ဒါတွေရှိခဲ့
စာပေသိကွဲ့ မျိုးမြန်မာ။
* ကျေးဇူးရှိသူ ရှင်လူများရဲ့
ကျေးဇူးတရားကို ဖော်ထုတ်ပါ။
* ကျေးဇူးကန်းရင် ဘေးထူးဆန်းနဲ့
ရောဂါဆန်းကွဲ့ ဝင်နိုင်တာ။
* ကျေးဇူးရှင်တွေ မစော်ကားနဲ့
စော်ကားရင်ကွဲ့ ချော်သွားမှာ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ ဖတ်စမ်းပါ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ မှတ်စမ်းပါ။
* ပြစ်မှားမိရင် ပြန်ကန်တော့ကြ
အမှန်မပေါ့မှ ကောင်းမြတ်မှာ။
* ရှေးပုဂံပြည် ဖြစ်စဉ်ထုံးကို
ကဗျာချယ်မှုန်း ရေးပြတာ။
တွေးကြပါ၊ တွေးကြပါ။

အဲဒီအကျင့်မြတ်မှာ မွေ့လျော်ပျော်ပိုက်ကာ အကြားအမြင်များတာ၊ သူ့ကျေးဇူးကို သိဆပ်တာဆိုတဲ့ တရားတွေဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ တကယ်ချီးမွမ်းထိုက်တဲ့ တရားတွေဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ခုနောင်ဘဝ ချီးမွမ်းခံရအောင် အကျင့်မြတ်နဲ့ လျော်မွေ့ရမယ်။ လောကီ၊ လောကုတ္တရာ အကြားအမြင်များအောင် လုပ်ရမယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရမယ်နော်။

(မှန်လှပါ ဘုရား)
ကျေးဇူးဆိုင်ရာ တော်တော်လေး စုံသွားပါပြီ။
နောက်တစ်ပုဒ် ဆက်ကြရအောင်

## လိုက်နာကျင့်သုံး အားလုံးအကျိုးဆောင်

* သတို့သား၊ သင်ဟာ ငါဘုရားနှစ်သက်တဲ့ တရားတွေကို လိုက်နာကျင့်သုံးပွားများရတယ်။

* သတ္တဝါအားလုံးရဲ့ ကောင်းကျိုးစီးပွား အစားစားတွက် ကြိုးစားဆောင်ရွက်ရမယ်။ အများအကျိုး သည်ပိုးဆောင်ရွက်မှုမှာ မွေ့လျော်ပျော်ပိုက်ရမယ်တဲ့။ တော်တော်ကောင်းတဲ့ တရားစကားနော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ လင်္ကာကျမ်း၊ ဆန်းကျမ်းတွေကို ရေးသား စီရင်တော်မူခဲ့တဲ့ အရှင်သံဃရက္ခိတ မဟာသာမိ မထေရ်ရဲ့ ဆုံးမသြဝါဒစကားလေး လက်ဆောင်ပေးချင်ပါသေးတယ်၊ ကောင်းလွန်းလို့ပါ။ သူဆုံးမတဲ့ သြဝါဒစကား ဂါထာလေးက–

သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရသတ္တ မကုဗ္ဗတော။
(သာရတ္ထဝိလာသိနီ ပဋိကာဋီကာကျမ်း)

ပရသတ္တံ– သူတစ်ပါးကောင်းကျိုး အမျိုးမျိုးကို၊ အကုဗ္ဗတော– မပြုမလုပ်၊ နောက်ဆုတ်၍နေသော ပုဂ္ဂိုလ်အား။ သကတ္ထော– ကိုယ်တိုင်လိုလား၊ တောင့်တထားသည့်၊ စီးပွားကိုယ်ကျိုး၊ အမျိုးမျိုးသည်။ နတ္ထိ နတ္ထေဝ–တကယ်ကေန်၊ အမှန်သေချာ၊ မရှိနိုင်သည်သာတည်း။ သစ္စံ– သူတစ်ပါးကောင်းကျိုး၊ မသည်ပိုးက၊ ကိုယ်ကျိုးမရှိ ဆိုသည့်စကား၊ မှတ်သားသေချာ၊ မှန်လှပါပေ၏။ ပုနပိ– မြဲရာသံပတ်၊ ကျစ်ရာသစ်ပင်း၊ ပမာခင်း၍၊ ရှင်းလင်းကေန်၊ နောက်ထပ်တစ်ဖန်လည်း။ သစ္စံ– မလွဲကေန်၊ တကယ်ပင် မှန်လှပါပေ၏။ ဣတိ– ဤသို့။ ဘုဇံ– အားတင်းအားကောင်း၊ လက်ရုံးလက်မောင်းကို။ ဥက္ခိပ္ပ– အားရပါးရ မြှောက်ချီပြ၍။ ဝုစ္စတေ– အဟုတ်ပုံသေ၊ ဆိုသင့်ပါပေ၏ တဲ့။

သူတစ်ပါးအကျိုး မသယ်ပိုးဘဲ အချောင်နေသူဟာ ကိုယ်ကျိုးဘယ်တော့မှ မပြီးဘူး။ အဲဒီစကားဟာ တကယ်မှန်တဲ့စကားဖြစ်တယ်။ နောက်ထပ် တစ်ခါ ပြောဦးမယ်တဲ့။ "မြဲရာသံပတ်၊ ကျစ်ရာသစ်ပင်း" ဆိုတာ ကြားဖူးတယ် မဟုတ်လား။ မြဲတဲ့နေရာလေးကို သံနဲ့ တုတ်လိုက်ပတ်လိုက် ချည်လိုက်တယ်ဆိုရင် ပိုပြီးတော့ ခိုင်မြဲသွားတယ်။ ကျစ်တဲ့နေရာလေးကို သစ်ပင်းလိုက်ရင် ပိုပြီးတော့ ကျစ်သွားတယ်မဟုတ်လား။ အဲဒီသဘောသွား ဥပမာထားပြီးတော့ နောက်ထပ် တစ်ဖန် တကယ့်ကိုမှန်ပါတယ်လို့ အတည်ပြု ပြောကြားတော်မူတယ်။

အဲဒီသူတစ်ပါးအကျိုး မဆောင်ရင် ကိုယ့်ရဲ့အကျိုး မပြီးဘူးဆိုတာကို လက်ရုံးလက်မောင်း အားရပါးရ မြှောက်ပြီးတော့ ရဲရဲရင့်ရင့်ဆိုသင့်ပါတယ်။ ဆိုထိုက်ပါတယ်လို့ ဆုံးမတော်မူတယ်။

ဒီတော့ ဒကာ ဒကာမတွေ ကိုယ်ကျိုးကိစ္စ အဝဝတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။

(သူတစ်ပါးအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ရမှာပါ ဘုရား)

အေး–-ဟုတ်ပြီ၊ အလကားမနေကြနဲ့၊ မိသားစု အကျိုး၊ ရပ်ရွာ၊ မြို့၊ တိုင်း၊ နိုင်ငံ၊ ဘာသာ သာသနာအကျိုး သည်ပိုးဆောင်ရွက်ရမယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ အရှင်သံဃရက္ခိတမထေရ်ရဲ့ စကားကို အမှီပြုပြီးတော့ ကဗျာ ဆောင်ပုဒ် အတိုချုပ်လေး ရေးသားထားတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

"အများအကျိုး၊ မသည်ပိုးဘဲ၊ ကိုယ်ကျိုးလိုရာ၊ မပြီးပါဟု၊ ဆရာသံဃ၊ မိန့်ဆိုပြ၏၊ စိတ်လှဖြူစင်၊ လူရှင်ကောင်းကျိုး၊ ဆောင်သည်ပိုးမှာ၊ ကိုယ်ကျိုး လိုရာ၊ အဖြာဖြာလည်း၊ မကြာမှချ၊ ပြီးစီးရမြဲ၊ မှန် မလွဲဘူး၊ အားခဲသူကျိုး၊ ဆောင်သည်ပိုးလော့"

**အများအကျိုး + ဆောင်သည်ပိုး**

* အများအကျိုး မသည်ပိုးဘဲ
ကိုယ်ကျိုးတွေလည်း မပြီးပါ။

* အများအကျိုး မသည်ပိုးက
ကိုယ်ကျိုးကိစ္စ မပြီးပါ။

* အဲဒီလိုဆို မိန့်စကားက
သေချာမှတ်သား မှန်သည့်သာ။

* မြရာသံပတ် အနေမှတ်လို့
သေချာနောက်ထပ် အမြဲမှာ။

* ကျပ်ရာသပ်ပင်း ပမာခင်းလို့
သေချာရှင်းလင်း နောက်ထပ်မှာ။

* အဟုတ်တကယ် မှန်ကန်ကြောင်းကို
လက်ရုံးလက်မောင်း မြှောက်ပြောပါ။

* အဲဒီလိုသာ ထေရ်သံဃက
ဝေဖန်ကျန ဆိုမိန့်မှာ။

* ကိုယ်ကျိုးအောင်ချင် လူအများတို့
သူတစ်ပါးကျိုး သည်ပိုးပါ။

* သူများအကျိုး ဆောင်သည့်ပိုးက
ကိုယ်ကျိုး မုချအောင်မြင်မှာ။
* အဲဒါကြောင့်လေ အများအကျိုးကို
မနားသည့်ပိုး ဆောင်ရွက်ပါ။
(အောင်ဆက်မှာ)၂
(နောင်တွက် မှာ)၂

## ဘုရားမမေ့ရေး + သတိပေး

* ပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုလေးစား အရေးထားပါ၊ ဘုရား မမေ့ပါနဲ့လို့ သတိပေးတော်မူပါတယ်။

## တရား မမေ့ရေး + သတိပေး

* ပြီးတော့ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အကြံအစည်၊ မှန်ကန်တဲ့စကား၊ မှန်ကန်တဲ့ အလုပ်၊ မှန်ကန်တဲ့ အသက်မွေးမှု၊ မှန်ကန်တဲ့ လုံ့လ၊ မှန်ကန်တဲ့ သတိ၊ မှန်ကန်တဲ့ သမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပွားများနေပါ။ တရားကို မမေ့ရေး သတိပေးတော်မူပါတယ်။

ဒီစကားတော်တွေဟာ သိဒ္ဓတ္ထဘုရားရဲ့ သိပ်မြတ်လှတဲ့ အမြွမိန့်ကြား စကားတော်တွေပဲ ဖြစ်ပါတယ်။

သိပ်မြတ်ချင်သူတွေဟာ သိဒ္ဓတ္ထဘုရားရဲ့ အသားပါလှတဲ့ တရားမေ့စကား တွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

## ကောင်းကင်ပြန့်ကြွ + မြတ်ဗုဒ္ဓ

ဒီတရားစကားတော်တွေကို မိန့်တော်မူပြီးတော့ လောကရဲ့ အကြီးအမျှး ဖြစ်တဲ့ လူတွေထက် မြတ်တဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ကို ဆုံးမတော်မူကာ ကောင်းကင်တက်ကြွတော်မူတယ်။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ငါဟာ ရှေးဦးစွာ စိတ်ကို သုတ်သင်လိုက်တယ်။ (သိပ်မြတ်ချင်တဲ့အတွက် ဘုရားမကြိုက်တဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တယ်) ဘုရားမကြိုက်တာတွေကို ရှောင်ကြဉ်လိုက်တာဟာ စိတ်ကို သုတ်သင်ပြင်ဆင် လိုက်တာပါပဲ။

ဘုရားကြိုက်တာတွေကို လိုက်နာကျင့်သုံးတာဟာ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်လိုက်တာပါပဲ။

မကောင်းတဲ့စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တော့ စိတ်ကြည်လင်လာတယ်။ စိတ်ထဲ ရှင်းရှင်း လင်းလင်း ဖြစ်လာတယ်။ အဲဒီမကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာတဲ့အတွက်ကြောင့် သေဆုံးတော့ ငါဟာ တုသိတာနတ်ပြည်ကို ရောက်ရပါတယ်။

## တုသိတာဆီ ရောက်ရပြီ

သိပ်မြတ်တဲ့ တုသိတာနတ်ပြည်ကို ရောက်ရတာဟာ တကယ်တော့ ဘုရားမကြိုက်တာတွေကို လိုက်စားချင်တဲ့ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ သိပ်မြတ်ချင်ရင် ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရမှာပါ ဘုရား)

## မကောင်းစိတ်ဓာတ် ကျဉ်းချုပ်မှတ်

အဲဒီတရားတော်မှာ ပါတဲ့အတိုင်း မကောင်းတဲ့စိတ်ဓာတ်တွေကို အကျဉ်းချုပ်ကြည့်လိုက်တော့–

* သူများသတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ချင်တာ။
* သူများဥစ္စာ ခိုးယူချင်တာ။
* သူများကာမပိုင်ကို ပြစ်မှားစော်ကားချင်တာ။
* သေရည် သေရက် သောက်သုံးချင်တာ။
* မမြတ်တဲ့အကျင့်မှာ ပျော်ပိုက်ချင်တာ။
* အကြားအမြင်များအောင် မလုပ်ချင်တာ။
* ကျေးဇူးကန်းချင်တာ။
* အများအကျိုး မသည်ပိုးချင်တာ။
* ဘုရားမေ့တာ။
* တရားမေ့တာ ဆိုတဲ့ အချက်တွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ သိပ်ပြီးတော့ အထက်တန်းကျချင်ကြတယ်။ သိပ်မြတ်ချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

အေး– သိပ်မြတ်ချင်ရင် မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတယ်လို့ အသိဉာဏ်ပေးတဲ့ ''သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင်''တရားတော် ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ တရားစကားတော်တွေကို နာကြားရတော့ မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်တဲ့ လူငယ်လေးဟာ သိပ်မြတ်တဲ့ သုတိသာနတ်ပြည် ရောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ

(''သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်'' တရားပါ ဘုရား)

## ဗုဒ္ဓသညာ+မင်္ဂလာ

ဒီကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာ မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာခဲ့တဲ့ အချိန်မှစပြီးတော့ အပါယ်လေးပျိုးဆိုတာ မသိရခြင်းဟာ ဘုရားဆိုတဲ့ အမှတ်သညာကို ရခြင်းရဲ့အကျိုး ပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ အပါယ်လေးပါး မရောက်ရခြင်းဟာလည်း မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲနေကြတော့ ဒကာ ဒကာမတွေဟာ မကောင်းတဲ့ စိတ်ဓာတ်တွေ ပယ်ရှားပြီးတော့ ကောင်းတဲ့ဗုဒ္ဓသညာ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ စိတ်ကောင်းစိတ်မြတ်တွေ လွှမ်းခြုံထားကြတာဆိုတော့ အပါယ်လေးပါး လွတ်ဖို့ စိတ်ချရတယ် နော်။ (မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်ရပါတယ်။

အဲဒီသိပ်မြတ်တဲ့ မြတ်ရဟန္တာ ဖြစ်ရတာဟာလည်း မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲ။

ဒီတော့ သိပ်မြတ်တဲ့ အမြတ်ဆုံး ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးတွေ ရချင်တယ်ဆိုရင်လည်း ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင် ဆင်ရမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့ လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားပါ ဘုရား)

မကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ရေး အသိဉာဏ်ပေးတဲ့ တရားနော်။

(မှန်လှပါ ဘုရား)

မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်ရင် သိပ်မြတ်တဲ့ သက်ရှိသက်မဲ့ ကောင်းကျိုးတွေ လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ၊ ခု နောင်ဘဝ ကောင်းကျိုး အလုတွေ ရရှိမှာ မလွဲဘူးနော်။

(မှန်လှပါ ဘုရား)

## သူ့ဘဝမှာ + မင်္ဂလာ

ယညာသာမိက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝကို ကြည့်လိုက်တဲ့အခါမှာ သိဒ္ဓတ္ထဘုရားနဲ့ တွေ့ရတာ သူ့ဘဝမှာ မင်္ဂလာဖြစ်သွားတယ်။ ဘုရားရဲ့ တရားတွေ နာကြားရတာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်။ ဘုရားရဲ့ တရားစကားတွေကို လိုက်နာကျင့်သုံးလိုက်တာဟာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## မင်္ဂလာဆိုတာ+ ဒီလိုပါ

မင်္ဂလာဆိုတာ ဘာလဲ?

မင်္ဂလာဆိုတာ မကောင်းတာတွေ၊ မကောင်း ကျိုးတွေ၊ မကောင်းတာ၊ ဆိုးတာတွေ အကုန်ပျောက်ပြီး ကောင်းတာတွေ ကောင်းကျိုးတွေ အကုန်လုံး ရောက်ရှိလာတာကို မင်္ဂလာလို့ ခေါ်ပါတယ်။

ကဲ- လင်္ကာဆောင်ပုဒ်လေး လိုက်ဆို။

* မကောင်းတာပျောက်၊ ကောင်းတာရောက်၊ မှတ်လောက် မင်္ဂလာ။
* မကောင်းတာပယ်၊ ကောင်းတာတွယ်၊ ဆောင်သည် မင်္ဂလာ။
* မကောင်းတာဖြုတ်၊ ကောင်းတာမှတ်၊ ယူတတ် မင်္ဂလာ။
* မကောင်းတာရှင်း။ ကောင်းတာသွင်း။ ကောင်းခြင်း မင်္ဂလာ။

## တရားနာရ + ဗုဒ္ဓတွေ့တာ

ဒီယညသာမိကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝမှာ ဘုရား

နဲ့တွေ့ရ၊ ဘုရားတရားတော် နာကြားရ၊ ဘုရားစကားတော်တွေကို လိုက်နာကျင့်သုံးရတဲ့အတွက် သူ့ဘဝမှာ မင်္ဂလာဖြစ်သွားသလို ဒီနေ့ တရားတော်တွေကို နာယူနေကြတဲ့ ဒကာ ဒကာမတွေမှာလည်း ဘုရား တရားတော်တွေ နာယူရ၊ လိုက်နာကျင့်သုံးရတာ မင်္ဂလာမဖြစ်ပေဘူးလား။

(ဖြစ်ပါတယ် ဘုရား)

ဘုရားတရားတော်တွေကိုနာယူရတာဟာ ဘုရားနဲ့ တွေ့ရတာပဲနော်။

(မှန်လှပါ ဘုရား)

## ကိုယ့်ဘဝမှာ + မင်္ဂလာ

သူ့ဘဝမှာ မင်္ဂလာဖြစ်သလို ဒီနေ့ ဒကာ ဒကာမတွေရဲ့ ကိုယ့်ဘဝမှာ မင်္ဂလာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီလိုဆိုရင် ဒီနေ့ ဟောတဲ့တရားတော်ကို "သူ့ဘဝမှာ မင်္ဂလာ"၊ "ကိုယ့်ဘဝမှာ မင်္ဂလာ" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* ဘုရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* ဘုရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ဒီတရားတော်ကို ဟောလိုက်တာ တော်တော် လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရား၊ တရား၊ သံဃာ ပူဇော်ပွဲ ဆင်နွှဲပြီး တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို အဓိက ဟောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားတော်ပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။ ညီညီညာညာ လိုက်ဆိုကြပါ။

* ညှဉ်းဆဲသတ်ဖြတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ခိုးယူဆောင်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကာမမှားတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သေရည်သောက်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* မကောင်းကျင့်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကြားမြင်နည်းလတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကျေးဇူးကန်းတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သူများအကျိုး၊ မသည်ပိုး၊ စိတ်ဆိုးပြင်ဆင်ပါ။
* ဘုရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* တရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ လူရှင်မင်္ဂလာ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ ရအင်ကောင်းကျိုးမှာ။
* စိတ်ကြည်လင်ရ၊ ငါ့ဘဝ၊ အရကောင်းကျိုးပါ။
* တုသိတာဆီ၊ ရောက်ရပြီ၊ အတည်ကောင်းကျိုးပါ။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ မြတ်လှကောင်းကျိုးပါ။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးပါ။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သီဟာသနိယဝဂ်၊
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်ကို ထန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "လူနတ်ချစ်ခင် + မြတ်အရှင်"

## တရားတော်

ဒီနေ့ ဘုရားပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းလှူကြတဲ့ သံဃိကဒါန ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

(လူနတ်ချစ်ခင်+ မြတ်အရှင်) တရားတော်ပါ ဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားစေတီ + ပူဇော်ပြီ

လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ သုမေဓာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါမှာ ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ ကြည်လင်ဝမ်းမြောက်တဲ့စိတ်နဲ့ သုမေဓာ မြတ်စွာဘုရားရဲ့ စေတီတော်ကို ပူဇော်ခဲ့ပါတယ်။

### စေတီလေးဖြာ + မှတ်စရာ

ဒီနေရာမှာ စေတီလေးမျိုးကို ပြောပြချင်ပါသေးတယ်။

### ပရိဘောဂစေတီ

မြတ်စွာဘုရား သက်န်း၊ သပိတ်စတဲ့ အသုံးအဆောင်တွေကို ဌာပနာပြီး တည်တဲ့စေတီကို ပရိဘောဂစေတီလို့ ခေါ်တယ်။

မြတ်စွာဘုရား အသုံးအဆောင်တွေက ဘာစေတီတဲ့လဲ? က

(ပရိဘောဂစေတီပါ ဘုရား)

ဗောဓိပင်ဟာလည်း ပရိဘောဂစေတီ ထိုက်တယ်တဲ့။ ဒါလေးလည်း အပို မှတ်ထားပါ။

## ဥဒ္ဒိဿကစေတီ

ဘုရားကို ရည်မှန်းပြီးတော့ အတုအစားပြုထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကို ဥဒ္ဒိဿက စေတီလို့ခေါ်တယ်။

ရုပ်ပွားတော် ဆင်းတုတော်တွေက ဘာစေတီတဲ့လဲ?

(ဥဒ္ဒိဿက စေတီပါ ဘုရား)

## ဓာတုစေတီ

ဓာတ်တော်တွေကို ဌာပနာပြုပြီး တည်တဲ့စေတီကို ဓာတုစေတီလို့ ခေါ်တယ်။

ဓာတ်တော်တွေက ဘာစေတီတဲ့လဲ?

(ဓာတုစေတီပါ ဘုရား)

## ဓာတ်တော် သုံးမျိုး

ဒီနေရာမှာလည်း ဓာတ်တော် (၃) မျိုး မှတ်သားထားပါဦး။ အကြီးဆုံးဓာတ်တော်၊ အလယ်အလတ်ဓာတ်တော်၊ အငယ်စားဓာတ်တော်ရယ်လို့ ဓာတ်တော် ၃ မျိုး ရှိတယ်။

အကြီးဆုံးဓာတ်တော်တွေက ပဲနောက်စေ့လောက် ရှိတယ်။ သေချာမှတ်ထားနော်။ အကြီးဆုံးဓာတ်တော် ဘယ်လောက်ရှိသတဲ့လဲ?

(ပဲနောက်စေ့လောက်ပါ ဘုရား)

## ဓာတ်တော်ကြီးကြီး+လက်သီးဆုပ်လောက်

ဘုန်းကြီးတို့ သာကေတမြို့ရောက်ခါက ဓာတ်တော်ပူဇော်ပွဲ ဆွမ်းကပ်ချင်လို့ပါ ဘုရားလို့ လျှောက်တော့ ဆွမ်းစားကြွသွားပါတယ်။ အဲဒီအိမ်ရောက်တော့ ဓာတ်တော် ဘယ်မှာလဲ၊ ပြစမ်းပါဦးလို့ မေးလိုက်တော့ 'ဒီစားပွဲပေါ်က ပန်းကန်ပြားထဲမှာပါ ဘုရား' လို့ ပြသကြပါတယ်။

ပရိသတ်ရေ၊ မရယ်ကြနဲ့။ ဓာတော်တော်က လက်သီးဆုပ်လောက်ကြီး ဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဘယ်လောက်ဖြစ်နေ?

(လက်သီးဆုပ်လောက်ပါ ဘုရား)

ဘုန်းကြီးတော့ အားမနာနိုင်ဘူး။ အဲဒီအိမ်ကလူတွေနဲ့ တရားနာလာကြတဲ့ လူတွေကို ပြောရပါတယ်။ ဒါ ဓာတ်တော်မဟုတ်ဘူး၊ ကျောက်တုံး ကျောက်ခဲပဲ

ဖြစ်တယ်။ ဓာတ်တော်ဆိုတာ အကြီးဆုံးက ပဲနောက်စေ့လောက်ပဲ ရှိတယ်လို့ ပြောရပါတယ်။

ဒီတရားနာပြီးရင် ဓာတ်တော်ပူဇော်ပွဲတွေများ ရောက်သွားတဲ့အခါ ဓာတ်တော် အကြီးဆုံးဆိုတာ ပဲနောက်စေ့လောက်ပဲ၊ ဒါ့ထက်ကြီးနေရင် ဓာတ်တော် မဟုတ်ဘူးဆိုတာ သတိထားရမယ်နော်။

(မှန်လှပါ ဘုရား)

ဒါကြောင့် ဘုန်းကြီးတို့က ရှေ့နားမှာ သေချာမှတ်ထားနော်လို့ ပြောခဲ့တာပါ။

## အလယ်အလတ် ဓာတ်တော်

နောက်တစ်ခါ အလယ်အလတ် ဓာတ်တော်တွေကတော့ ဆန်ကျိုးစေ့လောက် ရှိတယ်။ အလတ်စား ဓာတ်တော်တွေက ဘယ်လောက်ရှိသတဲ့လဲ?

(ဆန်ကျိုးစေ့လောက်ပါ ဘုရား)

## အငယ်စား ဓာတ်တော်

အငယ်စား ဓာတ်တော်တွေကတော့ မုန်ညင်းစေ့လောက် ရှိတယ်။ အငယ်စားက?

(မုန်ညင်းစေ့လောက်ပါ ဘုရား)

## အရောင် ၃ မျိုး

* အကြီးဆုံး ဓာတ်တော်က ရွှေရောင်။
အကြီးဆုံးက? (ရွှေရောင်ပါ ဘုရား)

* အလတ်စားက ပုလဲရောင်။
အလတ်ငယ်စားက မြတ်လေးပန်းရောင်။
အငယ်က? (မြတ်လေးပန်းရောင်ပါ ဘုရား)

## ဓာတ်တော်ကြွင်းကျန်မှတ်သားရန်

* အကြီးဆုံး ဓာတ်တော်တွေက ငါးပြည်။
* အလတ်စားဓာတ်တော်တွေက ငါးပြည်။
* အငယ်ဆုံးဓာတ်တော်တွေက ခြောက်ပြည်။
ပေါင်းလိုက်တော့ ၁၆ ပြည် ကျန်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ဓာတုစေတီနဲ့ပတ်သက်ပြီး တော်တော်လေး စုံသွားပါပြီ။ ဓမ္မစေတီဆိုတာကို ဆက်ကြပါစို့။

## ဓမ္မစေတီ

* ဓမ္မစေတီ= မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ္တိဆိုတဲ့ တရားတော်တွေကို ဓမ္မ စေတီလို့ ခေါ်တယ်။

တရားတော်တွေကို၊ (ဓမ္မစေတီလို့ ခေါ်ပါတယ် ဘုရား)

တရားဟောတာ၊ တရားပြတာ၊ တရားသင်တန်းပေးတာ၊ စာသင်စာချတာ၊ တရားစာအုပ်ဝေတာ၊ တရားလှူတာ၊ တရားစာ ရွတ်စေတာ၊ တရားယပ်တောင် လှူတာ၊ ပေစာ၊ ကျောက်စာထိုးပြီး လှူတာ၊ တရားတော်တွေ ရေးသားပြီး ဘုရားဌာပနာပြုပြီး ဘုရားတည်တာတွေဟာ ဓမ္မစေတီပါပဲ။

## ဗောဓိပင်ပေါင်း ၈၄၀၀၀

ဒီနေရာမှာ ဆက်စပ်နေလို့ ပြောချင်ပါသေးတယ်။ တစ်နေ့ ဗုဒ္ဓဂါယာကနေ ဘုရားဖူးပြန်လာတဲ့ ဒကာမကြီးတစ်ယောက် ကျောင်းရောက်လာတယ်။ အဲဒီ ဒကာမကြီးက ဆရာတော်ကျောင်းမှာ တပည့်တော် ဗုဒ္ဓဂါယာက ပင့်လာတဲ့ ဗောဓိပင် စိုက်ပျိုးပြီး လှူချင်ပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဆရာတော် ကျောင်းမှာ ဗောဓိပင် စိုက်ထားတာ ရှိပါသလား ဘုရားလို့လည်း ထပ်ပြီးလျှောက် ထားပါတယ်။

အဲဒီလိုလျှောက်ထားတော့ ဘုန်းကြီးက 'ဒကာမကြီး ဘုန်းကြီးကျောင်းမှာ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိပါတယ်'လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော်ကတော့ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ပြောတယ်။ တပည့်တော် တော့ တစ်ပင်မှ မတွေ့မိပါ ဘုရား'လို့ လျှောက်ပါတယ်။

ဒီတော့ ဘုန်းကြီးက ရင်ပုတ်ပြလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာ တော် ဘာပြုလို့လဲ၊ ရင်ထဲမကောင်းလို့လား။ ဒါမှမဟုတ် ဗိုက်ဆာလို့လား။ ရင်အောင့် လို့လား'လို့ ပြန်မေးပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဆိုလိုတာ မသိပါဘူး ဘုရား'လို့ ပြန်လျှောက်ပါတယ်။

'ဒကာမကြီး။ သေသေချာချာမှတ်ထားနော်။ ဘုန်းကြီးပြောတော့မယ်။ ဘုန်းကြီးတို့ စာသင် စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားဝေနေတဲ့ ဆရာတော် သံဃာတော်ကြီးတွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့

ရင်ထဲမှာ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ဆိုတဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိတဲ့ အတွက် ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ဆိုလိုတာကို ရှင်းပြလိုက်ပါတယ်။

အဲဒီတော့မှ အဲဒီဒကာမကြီးက သဘောကျသွားပြီး တပည့်တော်တို့က အပြင်ဗောဓိပင်ပဲ မြင်တတ်တာ ညံ့သေးတယ် ဘုရား။ အမှန်က ဆရာတော် သံဃာတော်တွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့ ရင်ထဲက ဗောဓိပင်ပေါင်း ၈၄၀၀၀ ကို မြင်ရမယ်ဆိုတာကို တပည့်တော် နားလည်ပါပြီ ဘုရားလို့ လျှောက်ထားပါ တယ်။

## ရင်ဗောဓိပင် + စိုက်စေချင်

ဒီတော့ ဒကာ၊ ဒကာမတွေကို ပြောချင်တာက အပြင်ဗောဓိပင်လည်း စိုက်ပျိုးပါ၊ ပူဇော်ပါ၊ ကောင်းပါတယ်။ မကောင်းဘူး မပြောပါဘူး။ အပြင်ဗောဓိ ပင် စိုက်ပျိုးရုံလောက်နဲ့တော့ အချိန်မကုန်စေသင့်ပါဘူး။ ရင်ဗောဓိပင် စိုက်ပျိုးဖို့ က ပိုပြီးအရေးကြီးပါတယ်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားကောင်း တရားမြတ်တွေ ရင်ထဲမှာ အများကြီးသိအောင် လုပ်တာ၊ သိတဲ့အတိုင်း လိုက်နာ ကျင့်သုံးတာ၊ တရားတော် မကွယ်မပျောက်အောင် ထိန်းသိမ်းတော်မူကြတဲ့ သံဃာ တော်များကို ပစ္စည်းလေးပါး မပင်ပန်းအောင် ထောက်ပံ့အားပေးတာတွေဟာ ရင်ဗောဓိပင် စိုက်ပျိုးပူဇော်နေတာပါပဲ။ ရင်ဗောဓိပင် အဓိကစိုက်ပျိုးကြပါလို့ မှာချင်ပါတယ်။

တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ဘုန်းကြီးကို ဗောဓိပင် စိုက်ပျိုး ဖို့ လာလျှောက်ရင် ဘုန်းကြီးကတော့ ရင်ပုတ်ပြလိုက်မှာပဲ။ ရင်ပုတ်ပြရင် ဒကာ ဒကာမတွေ သိပ်မလား?

(သိပါတယ် ဘုရား)

သိမှာပေါ့၊ ဘုန်းကြီးက ပြောထားတာကိုး။

(အားလုံးရယ်ကြ)

အဲဒီစေတီလေးမျိုးကို ပူဇော်သင့် ပူဇော်ထိုက်လို့ စေတီလို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ တစ်ဝဓာတု၊ ဓမ္မရှု၊ လေးခုစေတီလာ။
* ပူဇော်ထိုက်သော၊ ထိုသဘော၊ ဆိုပြောစေတီပါ။

* မြတ်စွာဗုဒ္ဓ၊ သုံးဆောင်က၊ မှတ်ကြပရိဘောဂါ။
* ဘုရားရည်ပြု၊ ရုပ်ပွားစု၊ ဆင်းတုဥဒ္ဒိဿာ။
* ဓာတ်တော်တွေစု၊ တည်ထားပြု၊ ဓာတုစေတီ။
ဓာတ်တော်တွေက ဘေဟုပ၊ မှတ်ကြစေတီပါ။
ကြီး, လတ်, ငယ်စား၊ ဓာတ်တော်များ၊ မှတ်သားသုံးမျိုးလာ။
ရွှေ, ပုလဲရောင်၊ မြတ်လေးရောင်၊ အရောင်စဉ်တိုင်းသာ။
ကြီး, လတ်, ငါးပြည့်၊ ငယ် ခြောက်ပြည့်၊ ကျန်သည့်ဓာတ်တော်ပါ။
* တရားတော်က၊ မြတ်ဓမ္မ၊ မှတ်ကြစေတီပါ။

## သံဃာပင့်ကာ+ဆွမ်းလှူရှာ

သုမေဓာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရာ အရပ်မှာပဲ အဘိညာဉ် ခြောက်ပါးနဲ့ ပြည့်စုံတော်မူကြတဲ့ တန်ခိုးကြီးမား ရဟန္တာအရှင်မြတ်များကို ပူဇော်ရာဌာန ပင့်ဆောင်ပြီးတော့ သံဃိကဒါနဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဘာဒါနလှူ?

(သံဃိကဒါနလှူပါတယ် ဘုရား)

ခုဘဝ၊ နောက်ဘဝ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် သက်မဲ့၊ သက်ရှိ ကောင်းကျိုးချမ်းသာတွေ ရချင်တယ်ဆိုရင်၊ အကျိုးများချင်တယ်၊ အကျိုးကြီးချင်တယ်ဆိုရင် သံဃာလှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဘုရားက "သံဃေဒိန္နံ မဟပ္ဖလံ" လို့ ဟောခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ဝေဘူထေရ်ကျော်+စကားတော်

ဒီနေရာမှာ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးရဲ့ ဩဝါဒစကားလေး လက်ဆောင်ပါးချင်ပါသေးတယ်။ ရန်ကုန်က စာသင်တိုက်ဆရာတော်တစ်ပါး ကျောက်ဆည်မြို့ရောက်တုန်း ရောက်ခိုက် ဝေဘူဆရာတော်ကြီး သွားပြီးဖူးမြင်ပါတယ်။ ဝေဘူဆရာတော်ကြီးက "ကိုယ်တော်လေး ဘယ်ကကြွလာပါသလဲ"လို့ မေးပါတယ်။ "ရန်ကုန်ကပါ ဘုရား"လို့ ပြန်လျှောက်ထားပါတယ်။ ဆရာတော်ကြီးက "ကိုယ်တော် ရန်ကုန်မှာ ဘာလုပ်နေပါသလဲ"လို့ ထပ်မေးပါတယ်။ "တပည့်တော် သံဃာ ၅၀ ကျော်လောက်ကို နေ့စဉ် စာဝါ လေး ငါးကြိမ်လောက် ပို့ချပေးနေပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

ဝေဘူဆရာတော်ကြီးက "ကောင်းလိုက်တာ ကိုယ်တော် သာဓု သာဓု သာဓု"ပါလို့ သာဓုခေါ်တော်မူပါတယ်။ ပြီးတော့ ဆရာတော်ကြီးက "ကိုယ်တော် သံဃာတွေ မွေး။ သံဃာတွေ ကျွေးလိုက်ကတော့ ဘုန်းကံတွေ အံ့ဩလောက်အောင် ကြီးလာပါလိမ့်မယ်"လို့လည်း ပြောပါသေးသတဲ့။

ဝေဘူဆရာတော်ကြီးရဲ့ စကားဟာ တော်တော်မှတ်သားစရာ ကောင်းပါတယ်။ "သံဃေဒိန္နံမဟပ္ဖလံ" ဆိုတဲ့ ဘုရားစကားတော်နဲ့လည်း ကိုက်ညီပါတယ်။ ဆရာတော်ကြီးကတော့ မြင်လွယ် ယင်လွယ်အောင် ရိုးရိုးရှင်းရှင်းကြီး ပြောလိုက်တာ ဖြစ်ပါတယ်။

## ညောင်တုန်း အဘိဓဇ + စကားလှ

ဘုန်းကြီးတို့ ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာဂုရု) ဆရာတော်ကြီးကလည်း ဘုန်းကြီးကို ပြောဖူးတဲ့ စကားရှိတယ်။ အဲဒီစကားက ဘာစကားလဲဆိုတော့ ဘုန်းကြီး စာသင်တိုက် တည်ထောင်ခါစက မကားပါ။ "ဦးဂုဏိန်၊ သံဃာများလာရင် စား ဝတ် နေရေး ခက်လာလိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့၊ ကိုယ်တော်တစ်ပါးထဲ နေရင် တစ်ပါးစာပဲ ရောက်လာမယ်၊ သံဃာအပါး ၁၀၀ နေရင် အပါး ၁၀၀ စာ ရောက်လာမယ်။ အဲဒါ ကိုယ်တော် အမြဲမှတ်ထားပါ" လို့ မိန့်ကြားတော်မူပါတယ်။

ဆရာတော်ကြီးက အားပေးမိန့်ကြားတော်မူပေမယ့်လည်း ဘုန်းကြီးက ဟုတ်မှဟုတ်ပါ့မလားလို့ အမြဲတွေးတောပူပန်မိပါတယ်။

ဆရာတော်ကြီး အားပေးမိန့်ကြားတာ မှန်ပါတယ်။ သံဃာတွေ များလာ လေလေ ပစ္စည်းလေးပါး ပိုပြီးတော့ပြည့်စုံလာတာ တွေ့ရပါတယ်။ အဲဒီလို ဆရာ တော်ကြီးတွေ ပြောတာ မှန်ကန်တာတွေ ကိုယ့်ကိုယ်တွေ့ မြင်ရတော့မှ ဆရာတော် ကြီးတွေဟာ စာပေအတွေ့အကြုံ ဘဝအတွေ့အကြုံနဲ့ ပြောတာဆိုတော့ တကယ် မှန်တာပေါ့လို့ ကောက်ချက်ချမိပါတယ်။

ညောင်တုန်းပါဠိတက္ကသိုလ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ စကား ဟာ စာသင်တိုက် ဆရာတော်များအတွက် တကယ်မှတ်သားစရာကောင်းတဲ့ စကား အလှပဲ ဖြစ်ပါတယ်။

ဆရာတော်ကြီး နှစ်ပါးရဲ့ စကားတော်ကို ကဗျာဆောင်ပုဒ်လေး ရေးထား တယ်။ အားလုံး လိုက်ဆိုကြပါ။

## ဝေဘူထေရ+စကားလှကဗျာ

* ဝေဘူထေရ်ကျော်၊ စကားတော်၊ မှတ်နော် စွဲမြဲစွာ။
* စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျွေးမွေးပြုရပါ။
* အသိဉာဏ်ပေး၊ ပညာရေး အားပေးပို့ချပါ။
* သံဃာပေးပြန်၊ ကျွေးမွေးပြန်၊ ဘုန်းကံကြီးမားမှာ။
* အံ့ဩဖွယ်ပင်၊ ဘုန်းကံတွင်၊ အစဉ်ကြီးမားမှာ။
* ဝေဘူထေရ၊ စကားလှ၊ မုချမှန်သည်သာ။

## ညောင်တုန်းထေရ+ စကားလှကဗျာ

* ညောင်တုန်းတိုက်က၊ ဘိဇေ၊ မိန့်ပြစကားမှာ။
* တစ်ပါးတည်းပင်၊ နေထိုင်လျှင်၊ ရောက်အင်တစ်ပါးစာ။
* တစ်ရာနေလျှင်၊ တစ်ရာပင်၊ ရောက်နိုင်တစ်ရာစာ။
* သံဃာများလျှင်၊ ခက်မည်ထင်၊ အစဉ်မတွက်ရာ။
* သံဃာများလျှင်၊ ပေါ်များအင်၊ အစဉ်တွက်ထားပါ။
* သံဃာများက၊ ပိုပေါရ၊ မုချမလွဲပါ။
* သံဃာများက၊ ပိုပေါရ၊ မုချကိုယ်တွေ့ပါ။
* ညောင်တုန်းထေရ၊ ဘိဇေ၊ ဟောပြမှန်သည်သာ။

## တရားဟောပြ + အရှင်သုမေဓာ

သုမေဓာမြတ်စွာဘုရားရဲ့ အလုပ်အကျွေး မထေရ်တစ်ပါး ရှိပါတယ်။ ဘွဲ့တော်ကလည်း သုမေဓာလို့ပဲ ထင်ရှားပါတယ်။ အဲဒီသံဃိကဆွမ်းကပ်ပွဲမှာ သုမေဓာမထေရ်က ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

## ဆွမ်းလှူစိတ်ကြည် + နတ်ဖြစ်ပြီ

ဆွမ်းလှူတဲ့ စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နတ်ဗိမာန်မှာ ဖြစ်ရပါတယ်။ နတ်သမီးပေါင်း ၈၆၀၀၀ က ဖျော်ဖြေခစားကြပါတယ်။

## အခြားနတ်တွေ + သာလွန်ပေ

အဲဒီနတ်သမီးတွေက ကာမဂုဏ်အာရုံအမျိုးမျိုးနဲ့ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ကာ အမြဲတစေ ဖျော်ဖြေပေးကြပါတယ်။ သူဟာ အခြားနတ်တွေကိုလည်း

အသက်၊ အဆင်းစတဲ့ ကောင်းကျိုးတွေ သာလွန်လွှမ်းမိုးရပါတယ်။ အဲဒီကောင်းကျိုးတွေ ရတာဟာ သူကိုယ်တိုင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့တဲ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကောင်းမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

## စင်ကြယ်မြတ်လှ + ဘောဇဉ်ရ

နှစ်ဆယ့်ငါးကမ္ဘာထက်မှာ ဝရဏာဆိုတဲ့ စကြဝဠာမင်း ဖြစ်ရပါတယ်။ အထူးကောင်းမြတ် စင်ကြယ်တဲ့ ဘောဇဉ်များ ရရှိသူ ဖြစ်ပါတယ်။

## သလေးကောင်းပွေ့+စားရပေ

တိုင်းသူပြည်သား လူအများတွေဟာ မျိုးစေ့မစိုက်ပျိုးရပါဘူး။ ထွန်တုံးတွေကိုလည်း မကိုင်ကြရပါဘူး။ မထွန်မယက်ကြရဘဲ အလိုလိုကျလာတဲ့ သလေးတွေကိုသာ လူတွေ စားသုံးကြရပါတယ်။

## နတ်ပြည်တစ်ဖန် + ဖြစ်ရပြန်

အဲဒီတိုင်းပြည်မှာ မင်းပြုပြီးတော့ သေဆုံးကဲ့အခါမှာ နတ်ပြည်ကို တဖန် ရောက်ရပါတယ်။ အဲဒီနတ်ပြည်ဖြစ်ရတဲ့ဘဝမှာလည်း စည်းစိမ်ဥစ္စာအဖြာဖြာတွေ ပြည့်စုံပေါ်များရပါတယ်။

## ညှဉ်းဆဲကင်းစင် + များချစ်ခင်

မိတ်ဆွေဟုတ်သူ မဟုတ်သူ အားလုံးက သူ့ကို မညှဉ်းဆဲကြပါဘူး။ အားလုံးက သူ့ကို ချစ်ခင်မြတ်နိုးကြပါတယ်။ ဒီကောင်းကျိုးတွေဟာ ဗုဒ္ဓထု ပပူဇာ၊ သံဃိကဒါနပူဇာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီတရားနာနေကြတဲ့ ဒကာဒကာမတွေ ဘဝတိုင်း ညှဉ်းဆဲမခံရအောင် အားလုံးက ကိုယ့်ကိုချစ်ခင်လေးစား အရေးထားအောင် ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကုသိုလ်တွေ များများလုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

သူရတဲ့ ဒီကောင်းကျိုး နှစ်မျိုးလုံးဟာ တကယ်ကို ချစ်စရာကောင်းပါတယ်။ ဘုန်းကြီးကတော့ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုးကို တော်တော်လေး သဘောကျပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကြီးနိုင်ငယ်ညှဉ်း လုပ်ချင်ကြတယ်။ ကိုယ်ချင်းစာတရား ကင်းမဲ့နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှုတွေ

အားနည်းနေကြတယ်။ ညီအစ်ကို မောင်နှမအရင်း အချင်းချင်းပင် ပြိုင်ချင်ဆိုင်ချင်၊ ညှဉ်းဆဲချင်၊ မုန်းစိတ်တွေ ဝင်နေကြတယ်။

ဒါကြောင့် ဒီဆုတောင်းကျိုး နှစ်မျိုးဟာ လိုချင်စရာကောင်းတယ်လို့ ပြောတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုး ဆုမတောင်းသင့်ဘူးလား?

(ဆုတောင်းသင့်ပါတယ် ဘုရား)

ကဲ– ဆုတောင်းကောင်းလေး လိုက်ဆိုကြပါ။

* ကိုယ်ကလည်း ဘယ်သူ့ကိုမှ မညှဉ်းဆဲပါရစေနဲ့၊
ကိုယ့်ကိုလည်း ဘယ်သူကမှ မညှဉ်းဆဲနိုင်ပါစေသား။

* ကိုယ်ကလည်း အားလုံးကို ချစ်ခင်ပါရစေ၊
ကိုယ့်ကိုလည်း အားလုံးက ချစ်ခင်ကြပါစေသား။

## လူတွေချစ်ခင် + မြတ်အရှင်

သူ့ကို လူတွေက ချစ်ခင်ကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကိုကြည့်ပြီး ပြောဟောမယ်ဆိုရင်တော့ "လူတွေချစ်ခင်+မြတ်အရှင်"လို့ ပြောဟောရမှာပါပဲ။ လူတွေချစ်တာလည်း မဆန်းပါဘူး။ လူတွေချစ်တာ အကြောင်းရှိပါတယ်။ သူကိုယ်တိုင် ငါးပါးသီလ မြဲတယ်။ လူတွေကိုလည်း ငါးပါးသီလမြဲအောင် ဟောပြောပေးတယ်။ စားဝတ်နေရေး ကျန်းမာရေးစတဲ့ အရေးပေါင်းများစွာ ပြည့်စုံအောင် စီမံပေးတော့ လူတွေက ချစ်ခင်မြတ်နိုးကြတာပါပဲ။ ဒါကြောင့် လူတွေ ချစ်ခင်တာ အကြောင်းရှိတယ်လို့ ပြောခဲ့တာပါ။

မထွန်မယက်ဘဲ သလေးစပါး ကောင်းတာတွေ စားသုံးရခြင်းဆိုတဲ့ အကြောင်းတွေလည်း ပါပါတယ်။ ဒါတွေ ရှေ့နားမှာ ပြောဟောခဲ့ပြီးပါပြီ။

## နံ့သာလျှုပေး + အပါယ်ဝေး

သူဟာ ကမ္ဘာသုံးသောင်းအထက်မှာ အမွှေးနံ့သာ လှူဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ သူဟာ အပါယ်လေးပါးဆိုတာ သိတောင်မသိဘူးပါဘူးတဲ့။ ဒီကောင်းကျိုး ရရှိတာဟာ နံ့သာလိမ်းကျံလှူဒါန်းရခြင်းရဲ့ အကျိုးပဲ ဖြစ်ပါတယ်တဲ့။

ဒီနေရာလေးကို ကြည့်ပြီးတော့ နှံ့သာနဲ့ပူဇော်ဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။ ပရိသတ်ရေ၊ အပါယ်ဘေးမှ တကယ်ဝေးရတာ ဘယ်ဒါနကြောင့်တဲ့လဲ?

(နှံ့သာဒါနကြောင့်ပါ ဘုရား)

## အနံ့သာလိုသူ + နံ့သာလှူ

ဘဝတိုင်း ဘဝတိုင်း ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကောင်းတဲ့အနံ့တွေ သာချင်တယ်ဆိုရင် နံ့သာလှူပါ၊ ဘာလှူရမတဲ့လဲ?

(နံ့သာလှူရမှာပါ ဘုရား)

''အနံ့သာရေး နံ့သာလှူပေး'' ဒီလိုနော်။

(မှန်လှပါ ဘုရား)

အနံ့သာလိုသူ ဘာလှူ?

(နံ့သာလှူရမှာပါ ဘုရား)

## မင်းမြတ်စကြာ + တစ်ကြိမ်ပြု

သူဟာ ဘဒ္ဒကမ္ဘာမှာတော့ လူတွေကို အစိုးရကာ တန်ခိုးကြီးမားပြီး များမြတ်အင်အား တကယ်များတဲ့ စကြာဝတေးမင်းတစ်ပါး တစ်ကြိမ်ဖြစ်ဖူးပါသေးတယ်။

## နတ်တွေချစ်ခင် + မြတ်အရှင်

သူစကြာဝတေးမင်း ဖြစ်တဲ့အချိန်တုန်းက လူတွေကို ငါးပါးသီလ တည်အောင် ဟောပြောပေးပါတယ်။ လူတွေကလည်း သူဆုံးမတဲ့အတိုင်း ငါးပါးသီလ တည်အောင် လိုက်နာကျင့်သုံးကြပါတယ်။ အဲဒီငါးပါးသီလ တည်ကြသူတွေဟာ သေဆုံးတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်။ နတ်ပြည်ရောက်တဲ့နတ်တွေဟာ စဉ်းစားတွေးတောကြတယ်။ ငါတို့ ခုလိုနတ်ပြည်ရောက်ရတာ ဘယ်သူ့ရဲ့ ကျေးဇူးကြောင့်လဲလို့ ကြည့်လိုက်တဲ့အခါမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း ဖြစ်တဲ့ စကြာဝတေးမင်းရဲ့ ကျေးဇူးကြောင့်ဆိုတာကို သိမြင်ကြပါတယ်။

ဒီနေရာမှာ သူ့အကြောင်းလေး ပြောပြဦးမယ်။

သူဟာ ဘုန်းကြီးတို့ ဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့ ပုဏ္ဏားမျိုးမှာ လာဖြစ်ရပါတယ်။ ပိလိန္ဒဝစ္ဆလို့ ခေါ်ပါတယ်။ သူဟာ သံသရာမှာ ငြိုးငွေ့လာတဲ့အတွက် ပရိဗိုဇ်ရဟန်းပြုပြီး စူဠဂန္ဓာရခေါ်တဲ့ မန္တန်အတတ်ကို သင်ကြားတတ်

ပြောက်ပါတယ်။ အဲဒီအတတ်နဲ့ ကောင်းကင်မှာ သွားနိုင်တယ်။ သူတစ်ပါးစိတ်ကို လည်း သိမြင်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ လာဘ်ပေါများသူ၊ အခြံအရံပေါများသူ ဖြစ်နေပါတယ်။

ဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူလာတဲ့အခါမှာ ဒေသစာရီကြွချီတော့ ရာဇဂြိုဟ်ပြည်ရောက်တော်မူပါတယ်။ ဘုရားရှင်က ရာဇဂြိုဟ်ပြည်ရောက်တဲ့အချိန် ကစပြီးတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ရဲ့ စူဠဂန္ဓာရီအတတ်ဟာ သူလိုတဲ့ကိစ္စတွေ မပြီးစေ တော့ပါဘူး။

အဲဒီအချိန်မှာ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "မဟာဂန္ဓာရဝိဇ္ဇာ ထင်ရှားရှိတဲ့အရပ် မှာ စူဠဂန္ဓာရဝိဇ္ဇာဟာ မပြည့်စုံနိုင်ဘူးလို့ ဆရာ့ ဆရာတွေ ပြောတာ ငါကြားဖူး တယ်။ ရဟန်းဂေါတမ ဒီရာဇဂြိုဟ်ပြည်ရောက်လာတဲ့အချိန်မှစပြီးတော့ ငါ့ရဲ့ စူဠဂန္ဓာရဝိဇ္ဇာအတတ်ကို တတ်သိသူဖြစ်မယ်။ ငါ သူ့ကို ဆည်းကပ်ပြီးတော့ မဟာဂန္ဓာရဝိဇ္ဇာအတတ်ကို သင်ယူရရင် ကောင်းမယ်"လို့ ကြံစည်ပြီးတော့ မြတ် စွာဘုရားထံ ဆည်းကပ်ပါတယ်။ ဆည်းကပ်ပြီးတော့ "ရဟန်းမြတ်၊ အကျွန်ုပ် ရဟန်းမြတ်ထံမှာ ဝိဇ္ဇာအတတ်တစ်မျိုး သင်ယူချင်ပါတယ်။ သင်ခွင့်ပြုပါ"လို့ တောင်းပန်လျှောက်ထားပါတယ်။

မြတ်စွာဘုရားက "အဲဒီဝိဇ္ဇာအတတ် သင်ကြားချင်ရင် သင် ရှင်ရဟန်းပြု ပါ"လို့ ပြောတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "ရှင်ရဟန်းပြုတာဟာ ဝိဇ္ဇာအတတ်ရဲ့ ရှေ့ပိုင်းအလုပ်လို့ အောက်မေ့ပြီး ရှင်ရဟန်းပြုပါတယ်။

ဘုရားက သူ့ကို သူနဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။ သူဟာ ရှေးကောင်းမှုနဲ့ ပြည့်စုံသူဖြစ်တော့ မကြာခင်မှာပဲ ဝိပဿနာတရား ပွား များပြီး ရဟန္တာဖြစ်သွားပါတယ်။ (အပဒါန၊ ၄၊ ၂၊ ၁၂၊ ၁၃)

သူ့ကျေးဇူးကို သိကြတဲ့ နတ်ပြည်ရောက်နေတဲ့ နတ်တွေဟာ အရှင်ပိလိန္ဒ ဝစ္ဆထံ ညဦး၊ နံနက် အစဉ်မပြတ် အရှင်မြတ် ပိလိန္ဒဝစ္ဆမထေရ်ကို လာရောက်ပြီး ရှိခိုးကြတယ်၊ ဆည်းကပ်ခစားကြတယ်။

နတ်တွေက အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ကို ချစ်ခင်မြတ်နိုးကြတယ်နော်။
(မှန်လှပါ ဘုရား)

တစ်ချိန်မှာ မြတ်စွာဘုရားက အရိယာသံဃာတော်များရဲ့အလယ်မှာ ထိုင် နေတော်မူပါကာ "ရဟန်းတို့ နတ်တွေချစ်မြတ်နိုးတဲ့ ငါဘုရားရဲ့တပည့် ရဟန်းတွေ ထဲမှာ ပိလိန္ဒဝစ္ဆရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်တယ်"လို့ ဧတဒဂ်ရာထူး ထားတော်မူပါတယ်။ (အပဒါန၊ ၄၊ ၂၊ ၁၃)

## လူ နတ်ချစ်ခင် + မြတ်အရှင်

ဒီတရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ မင်းလုပ်စဉ်က လူတွေက ချစ်မြတ်နိုးတယ်၊ လူတွေကို ငါးပါးသီလမြဲအောင် ဟောပြောပေးတော့ နတ်ပြည် ရောက်ကြတဲ့ နတ်တွေဟာ သူ့ကျေးဇူးသိပြီးတော့ နေ့ရောညပါ လာရောက်ခစား ချစ်ခင်မြတ်နိုးကြတယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မေးရဦးမယ်၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကို လူတွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

နတ်တွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ မင်္ဂလာပွဲ ဆင်ကာန္တဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောပြောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

('လူနတ်ချစ်ခင်+မြတ်အရှင်' တရားတော်ပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဒီဘုရားလက်ထက်မှာ ဝိမောက္ခရှစ်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လူတွေ နတ်တွေ+ ချစ်ခင်ကြပါစေ

ဒီတရားတော်ကို နာကြားနေကြတဲ့ ဒကာ ဒကာမတွေကို ဆုပေးမယ်၊ ယူမယ် မဟုတ်လား?

(ယူပါ့မယ် ဘုရား)

လူတွေ နတ်တွေချစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား)

"လူနတ်ချစ်ခင်+ မြတ်အရှင်" တရားတော်ပြီးပြီ။

## တရားအမည်ပေးရာ၌

* လူ နတ် ချစ်တာ+ အကြောင်းရှာပါ။
* လူ နတ် ချစ်တာ+ အကြောင်းရှိပါတယ်။
* လူ နတ် ချစ်တာ+ ဘယ်အရာကြောင့်လဲ။

* လူ နတ် ချစ်ဆေး+ ပေးပါရစေ။
* လူ နတ် ချစ်စေ+ တောင်းဆုချွေမယ်။
* လူ နတ် ချစ်ရေး+ အကြောင်းလေးတွေ။
* လူ နတ် ချစ်အောင်+ ကြိုးစားဆောင်ရွက်ပါ။
* ဗုဒ္ဓ၊ သံဃာ+ ပေးလှူပါ။
* လူတွေလည်းချစ်+ နတ်လည်းချစ်သူ၊
* လူတွေချစ်ခင်+ မြတ်အရှင်။
* အနှံ့သာလိုသူ+ နံ့သာလှူပါ။
* နံ့သာလှူပေး+ အပါယ်ဝေး တရားတော်စသည်ဖြင့် ကြိုက်ရာ ရွေးကာ အမည်ပေး ဟောကြားပါ။

သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြာဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊
ဥဒယသုတ်တော်ကို ဇာန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "အဖန်ဖန် အခါခါ + ပေးလှူပါ"

တရားတော်

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့တော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ နံနက်အချိန်အခါမှာ သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ် သင်္ကန်းကို ဆောင်ယူကာ ဥဒယဆိုတဲ့ပုဏ္ဏားရဲ့အိမ်ကို ကြွတော်မူပါတယ်။

ဥဒယပုဏ္ဏားဟာ သူစားရန် ပြင်ဆင်ထားတဲ့ ဘောဇဉ်ကို မြတ်စွာဘုရားအား လောင်းလှူလိုက်ပါတယ်။

ဒုတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။ ဥဒယပုဏ္ဏားကလည်း ဆွမ်းလောင်းလိုက်ပါတယ်။

တတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။

အဲဒီ တတိယနေ့မှာတော့ ပုဏ္ဏားကြီးဟာ စိတ်ဆိုးဆိုးနဲ့ ဆွမ်းလောင်းထည့်ပြီးတော့ "ဒီရဟန်းဂေါတမဟာ အရသာမှာ တပ်မက်သူဖြစ်တယ်။ ထပ်ကာထပ်ကာ ငါ့ရဲ့အိမ်ကို လာပြီးတော့ ဆွမ်းခံလာနေတော့တာပဲ"လို့ ကဲ့ရဲ့ပြောဆိုပါတယ်။

ပုဏ္ဏားကြီးဟာ ပထမ၊ ဒုတိယရက်တွေမှာလည်း သဒ္ဓါတရားရှိလို့ လှူနေတာ မဟုတ်ပါဘူး။ "မိမိအိမ်ပေါက် အလှူခံရောက်လို့မှ လှူဖော်မရဘူး"လို့ ကဲ့ရဲ့မှာ ကြောက်လို့ ဟန်ဆောင်လှူနေခြင်းဖြစ်ပါတယ်။

ဘုရားကလည်း တတိယနေ့တိုင်အောင် ဆွမ်းခံကြွရင် ဒီပုဏ္ဏား ဒီစကားမျိုး ပြောမယ်ဆိုတာ သိပါတယ်။

အဲဒီစကားမျိုးပြောရင် ဒီတရားဟောတဲ့အခါ ဒီပုဏ္ဏား သရဏဂုံတည်မယ်ဆိုတာ မြင်တော်မူတဲ့အတွက် ၃ ရက် ဆက်တိုက် ကြွတော်မူတာပါပဲ။

ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။
အို ပုဏ္ဏား။ ဒီလောကမှာ–
၁။ မျိုးစေ့ကို အဖန်ဖန် အခါခါ စိုက်ပျိုးရမယ်။
၂။ မိုးမင်းကလည်း အဖန်ဖန် အခါခါ ရွာချတယ်။
၃။ လယ်သမားတွေကလည်း အဖန်ဖန် အခါခါ လယ်ယာထွန်ယက်ကြတယ်။
၄။ တိုင်းသူပြည်သား လူအများတွေကလည်း ဆန်စပါး လုပ်ရာဌာနကို အဖန်ဖန် အခါခါ ကပ်ရောက်ကြပါတယ်။
၅။ ဘုန်းတောင်းယာစကာတွေဟာလည်း အဖန်ဖန် အခါခါ တောင်းရမ်းကြတယ်။
၆။ အလှူရှင်တွေကလည်း အဖန်ဖန် အခါခါ ပေးလှူကြတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတာပါ။ ဘာတဲ့လဲ?
(တရားအမည်လေးက အဖန်ဖန် အခါခါ ပေးလှူပါ တရားပါ ဘုရား)
အေး ဟုတ်ပြီ၊ ကိုယ်ရှိတာလေး လက်မနှေးဘဲ အဖန်ဖန့် အခါခါ ပေးရ၊ လှူရ၊ ကျွေးရမယ်နော်။
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ မပေါချင်ဘူးလား?
(ပေါချင်ပါတယ် ဘုရား)
အေး၊ ပေါချင်ရင် ပေးရတယ်၊ လှူရတယ်၊ ကျွေးရတယ်။
ကဲ– ဘုန်းကြီးရဲ့ လက်သုံးဆောင်ပုဒ်လေး လိုက်ဆို
* ပေါချင်ရင် ပေးပါ၊
ပေးချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် လှူပါ၊
လှူချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ပေါပါလိမ့်မယ်။
ဒကာ ဒကာမတွေ မချောချင်ဘူးလား?
(ချောချင်ပါတယ် ဘုရား)
အေး ချောချင်ရင်လည်း ဘာလုပ်ရမလဲ?
(ပေးရ၊ လှူရ၊ ကျွေးရမှာပါ ဘုရား)
အေး ဟုတ်ပြီ၊ ဆောင်ပုဒ်လေး ပြောင်းပြီးဆိုကြည့်ရအောင်။

* ချောချင်ရင် ပေးပါ၊
ပေးချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် လှူပါ၊
လှူချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ချောပါလိမ့်မယ်။

ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ ဒကာမတွေဟာ ဘုရားအမျိုးရှိတဲ့ သံဃာတော်များကို ခဏခဏ မကြာမကြာ ပင့်ဖိတ်ပြီး ဆွမ်းကပ်ကြတယ်။ ဧည့်ပရိသတ်တွေကိုလည်း ခဏခဏဖိတ်ပြီး ကျွေးမွေးပြုစုကြတယ်ဆိုတော့ ဘယ်တရားမျိုး ဟောရရင် ကောင်းမလဲလို့ ရွေးကြည့်တဲ့အခါ ဒီတရားစကားလေးကို တွေ့ရပါတယ်။ ဒီနေ့ အလှူရှင်တွေနဲ့ လိုက်ဖက်တဲ့တရားလေး ဖြစ်ပါတယ်။

အဖန်ဖန် အခါခါ ပေးလှူသူတွေကို ဒီနေ့ဂုဏ်ပြု အသိဉာဏ်ပေးလိုက်တဲ့ တရား ဖြစ်ပါတယ်။

ဘာတရားတဲ့လဲ?
('အဖန်ဖန် အခါခါ ပေးလှူပါ' တရားပါ ဘုရား)
တရားပေါ်ပြီနော်။
(ပေါ်ပါပြီ ဘုရား)
အေး တရားပေါ်ပေမယ့် တရားမပြီးသေးဘူး။ ရှေ့ဆက်ပြီးတော့ နာကြားကြည့်ကြရအောင်။

၇။ အလှူရှင်တွေဟာ အဖန်ဖန် အခါခါ ပေးလှူတဲ့အတွက်
၈။ အဖန်ဖန် အခါခါ နတ်ပြည်ကိုရောက်ရတယ်တဲ့။

ဒကာ ဒကာမတွေ နတ်ပြည်ကို အဖန်ဖန် အခါခါ မရောက်ချင်ဘူးလား?
(ရောက်ချင်ပါတယ် ဘုရား)
နတ်ပြည်ရောက်ချင်တာကတော့ ဟုတ်ပါပြီ၊ နတ်ပြည်ရောက်တဲ့အခါမှာ နတ်သမီး ဖြစ်ချင်သလား? နတ်သားဖြစ်ချင်သလား? အားလုံးဖြေ။
(နတ်သား ဖြစ်ချင်တာပါ ဘုရား)
နတ်သား ဘာကြောင့်ဖြစ်ချင်တယ်ဆိုတာကို ရှေ့က တရားထောက် ဒကာကြီးတစ်ယောက်ထဲ ဖြေစမ်းပါ။
(နတ်သမီးလေးတွေ တစ်ဖက် လေးငါးရာနဲ့ နေချင်လို့ပါ ဘုရား)
(အားလုံး ရယ်ကြ)

## နားငြီးလို့ပါ ဘုရား

ဒီနေရာလေးမှာ ကြုံတုန်း ပြောရဦးမယ်။ ဘုန်းကြီး သံဃဒါနဆွမ်း အောင်ပွဲ တစ်နေရာမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဟာ သံဃိကဆွမ်းဒါန ကောင်းမှုကြောင့် နတ်ပြည်ရောက်သွားပါတယ်။ နတ်ပြည်ရောက်သွားတော့ သူ့ကို နတ်သမီး ပေါင်း ရှစ်သောင်းခြောက်ထောင်က ဖျော်ဖြေခစားကြရပါတယ်။ အဲဒီလို နတ်သမီး တွေ အများကြီး ဖျော်ဖြေခစားကြရတဲ့ နေရာလေးကို ဟောရင်း ဘုန်းကြီးက ရှေ့တရားထောက်တဲ့ ဒကာကြီးတစ်ယောက်ကို ဒကာကြီး အဲဒီအရှင်ပိလိန္ဒဝစ္ဆ မထေရ်အလောင်းလို နတ်သမီးတွေ အများကြီး မလိုချင်ဘူးလားလို့ မေးလိုက် ပါတယ်။ အဲဒီဒကာကြီးက မလိုချင်ပါဘူး ဘုရားလို့ ဖြေပါတယ်။ ဘုန်းကြီးက ဆက်ပြီးတော့ ဒကာကြီး။ ဘာကြောင့် မလိုချင်တာတုံး။ ဆက်ပြောစမ်း။ လျှောက် စမ်းပါဦးဆိုတော့ အဲဒီဒကာကြီးက လူ့ပြည်က တစ်ယောက်ထဲတောင် နားငြီးလို့ ပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ကဲ– ထားပါတော့၊ အဖန်ဖန် အခါခါ ပေးလှူရင် အဖန်ဖန် အခါခါ နတ်ပြည်ကို ရောက်ရတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဖန်ဖန် အခါခါ မပေးမလှူသင့်ဘူးလား?

(ပေးလှူသင့်ပါတယ် ဘုရား)

အဖန်ဖန် အခါခါပေးလှူတာဟာ နတ်ပြည် အဖန်ဖန် အခါခါ ရောက် ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

၉။ နို့ညှစ်သမားတွေကလည်း အဖန်ဖန် အခါခါ နို့ညှစ်ကြတယ်တဲ့။

နွားနို့ရောင်းတဲ့သူတွေဟာ နွားမနို့ကို အဖန်ဖန် အခါခါ နို့မညှစ်ကြဘူးလား။

(နို့ညှစ်ကြပါတယ် ဘုရား)

ဘာတဲ့လဲ? နွားနို့ရောင်းစားသူတွေကို ချီးတဲ့စာကလေးက "နွားနို့တစ်မြူ ရေကိုးမြူ။ ဖြူတောင် ဖြူသေးတယ်"တဲ့။

အဲ– တရားနာ ပရိသတ်ထဲ နွားနို့ရောင်းတဲ့လူ မပါလောက်ပါဘူးနော်။

(တစ်ယောက်တော့ ပါပါတယ် ဘုရား)

ပါလည်း မတတ်နိုင်ဘူး တဲ့တဲ့ပြောဟောလိုက်တယ်လို့သာ မှတ်ပေတော့။

(အားလုံး ရယ်ကြ)

၁၀။ နွားငယ်ကလေးတွေကလည်း နို့ဆာတဲ့အတွက် အဖန်ဖန်အခါခါ အမေ နွားမကြီးထံ ကပ်ရောက်ကြတယ်။

၁၁။ ထိုထိုများလှ ကိစ္စကြီးငယ် အသွယ်သွယ် နှေးညပြုလုပ်နေရတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ ပင်ပန်းကြရတယ်။

၁၂။ အကျိုးမရှိတာတွေနဲ့ ယှဉ်တွဲနေကြတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ တုန်လှုပ်လည်း တုန်လှုပ်ရတယ်။

၁၃။ ပညာမဲ့သူ လူအပေါင်းဟာ အဖန်ဖန် အခါခါ အမိဝမ်းထဲ ရောက်ကြရတယ်။

၁၄။ အဖန်ဖန် အခါခါ ပဋိသန္ဓေနေရတယ်။

၁၅။ အဖန်ဖန် အခါခါ သေလည်း သေရတယ်။

၁၆။ အဖန်ဖန် အခါခါ သုသာန်သင်္ချိုင်း ပို့ဆောင်ကြရတယ်။

၁၇။ ကြီးကျယ်မြင့်မြတ် ပညာတတ် ရှိသူ သူတော်ကောင်းကတော့ နောက်ထပ်တစ်ဖန် အဖန်ဖန် အခါခါ မဖြစ်ခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ ကျင့်စဉ်လမ်းကို ရရှိတဲ့အတွက် အဖန်ဖန်အခါခါ ပဋိသန္ဓေ မနေရတော့ပါဘူးလို့ ဟောကြားတော်မူပါတယ်။

ဒီတရားတော်ကို နာကြားရတဲ့ ဥဒယပုဏ္ဏားဟာ သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ဖြစ်သွားပါတယ်။

ဒီသုတ်တော်မှာ ဘုရားရှင်က အဖန်ဖန် အခါခါဖြစ်ရတဲ့ တရား ၁၆ ပါးနဲ့ အဖန်ဖန် အခါခါမဖြစ်ရတဲ့ တရားတစ်ပါးကို ကွဲပြားအောင် ခွဲခြားပြီး ဟောကြားတော်မူပါတယ်။

ကဲ- ဒီတရားတော်ကို စုံစုံလင်လင်လေး ဟောပြီးသွားတော့ အဓိကဟောတဲ့ တရားအမည်လေးကို ပြန်ပြောကြရအောင်။

ဒီနေ့ အဓိက ဟောပြောတဲ့တရားက ဘာတရားတဲ့လဲ?

(အဖန်ဖန် အခါခါ+ပေးလှူပါ) တရားပါ ဘုရား။

အေး ဟုတ်ပြီ၊ ဒီတရားတော်ကို နာကြားကြရတဲ့ အဖန်ဖန် အခါခါ ပေးလှူကြတဲ့ ဒီနေ့အလှူရှင်တွေနဲ့တကွ လာလာသမျှ တရားနာကြားကြသူ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုများကို အဖန်ဖန် အခါခါ ပြုလုပ်ပြီးတော့ အဖန်ဖန် အခါခါ ပင်ပန်းခြင်း၊ အဖန်ဖန် အခါခါ တုန်လှုပ်ခြင်း၊ အဖန်ဖန် အခါခါ အမိဝမ်းထဲရောက်ရခြင်း၊ အဖန်ဖန် အခါခါ ပဋိသန္ဓေတည်နေရခြင်း၊ အဖန်ဖန် အခါခါ အို၊ နာ၊ သေရခြင်း၊ အဖန်ဖန်အခါခါ သင်္ချိုင်းရောက်ရခြင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကောင်း တရားမြတ်ကို မြန်စွာပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဓမ္မာစရိယ၊ သာသနဓဇ ... ပဏ္ဍိတ

ဝိပဿနာ ... ဆရာတော်ကြီး ... ဟောကြားသော

ဟောကြား ပြောကြားအပ်သော

# "တွေးတိုင်း နေ့ည + ကုသိုလ်ရ"

## တရားတော်

ဒီနေ့ ဦး (    ) ဒေါ် (    ) မိသားစုတို့ရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပွဲမှာ ဟောကြားမယ့် တရားတော်က "တွေးတိုင်း နေ့ည ကုသိုလ်ရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(တွေးတိုင်း နေ့ည ကုသိုလ်ရ တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

တစ်နေ့ ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားထံ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကာ တစ်နေရာမှာ ထိုင်နေပါတယ်။

အဲဒီအနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားက–

ဒါယကာ. တရားလေးမျိုးနဲ့ ပြည့်စုံတဲ့ အရိယာတပည့်ဟာ အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာဖြစ်စေတတ်တဲ့ လူတွေရဲ့ကျင့်ဝတ်ကို ကျင့်ရာရောက်တယ်။ လူ့ကျင့်ဝတ်တရားလေးမျိုးလို့ ဆိုလိုပါတယ်။

အဲဒီလူ့ကျင့်ဝတ် တရားလေးမျိုးက

၁။ ဒါယကာ ဒီသာသနာတော်မှာ အရိယာတပည့်ဟာ ရဟန်းသံဃာကို ဝတ် ရေးအတွက် သင်္ကန်းလှူရမယ်။

ဘာလှူရမတဲ့လဲ၊

(သင်္ကန်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း လူဖြစ်ရင်လည်း ဝတ်စရာအဝတ် ပေါချင်ရင် ရဟန်း

ဖြစ်ရင်လည်း ဝတ်စရာသက်နိုးတွေ ပေါချင်ရင် သက်နိုးလှူရမယ်နော်။
(မှန်လှပါ ဘုရား)

## သက်နိုးလှူရ+ကောင်းကျိုးလှများ

ဒီနေရာမှာ ဝိလိန္ဒဝတ္ထုထေရအပဒါန်မှာ လာတဲ့ သက်နိုးလှူခြင်း အကျိုး ၈ မျိုးကို မှတ်သားထားပါ။

* ရွှေအဆင်းနဲ့တူတဲ့ အဆင်းပိုင်ရှင်ဖြစ်မယ်၊ မှတ်သားရလွယ်ကူအောင် ပြော ရရင်တော့ အသားဖြူတယ်၊ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကို ရတတ်တယ်။ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကိုရတယ်။ ဘာကောင်း ကျိုး ရသလဲ?
(အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးပါ ဘုရား)

## အသားမည်းတာ+မေးသောခါ

ဒီနေရာမှာ ကြားဖူးတာလေး ပြောရဦးမယ်။ ဝါဆိုသက်နိုးကပ်ပွဲတစ်ခုမှာ ဆရာတော်ကြီးတစ်ပါးက ဝါဆိုသင်္ကန်းလှူတဲ့သူတွေဟာ အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးရတယ်လို့ ပြောဟောရင်း သင်္ကန်းအလှူရှင် ဒကာကြီးကို ဒကာကြီး။ ခုခေတ် အသားမည်းနက်နေတဲ့သူတွေ ဘာကြောင့် အသားမည်းနက်နေတာလဲလို့ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက ဖြေလိုက်ပုံက–

'သပိတ်လှူလှူခဲ့လို့ပါ ဘုရားတဲ့' (အားလုံးရယ်ကြ)

တရားဟောဆရာတော်ကြီး မတွေးမိတဲ့အချက်ဖြစ်ပါတယ်။ တရားဟော ဆရာတော်ကြီး ဆိုလိုတာက သင်္ကန်းမလှူခဲ့လို့ အသားမည်းနက်နေတာ ဖြစ်တယ် လို့ ဆိုလိုတာပါ။ အဲဒီလို ဖြေမယ်ထင်တာပဲ။ အဲဒီဒကာကြီးရဲ့ မထင်မှတ်တဲ့ အဖြေကို ကြားလိုက်ရတော့ ဆရာတော်ကြီးနဲ့ တရားနာသူတွေအားလုံး ပြုံးကြရ ပါတယ်။

* ကဲ– ထားပါတော့၊ နောက် ဒုတိယ ကောင်းကျိုးက ခန္ဓာကိုယ်မှာ ပကာတိ အညစ်အကြေးနဲ့ ကိလေသာမြူ အညစ်အကြေး ကင်းဝေးခြင်း ဖြစ်ပါတယ်။
* တတိယကောင်းကျိုးက ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်းဖြစ်တယ်။ ခန္ဓာကိုယ်မှာ အရောင်တွေ ထွက်နေသလို ထင်ရတယ်။ ဒီနေရာမှာ ပကာတိ အသားအရောင်တွေ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း။ သီလ၊ သမာဓိ၊

ပညာရောင်တွေပါ ပြိုးပြိုးပြက်ပြက် ဝင်းသက်လက် အရောင်ထွက်ခြင်းတွေပါ ယူနိုင်ပါတယ်။

* စတုတ္ထကောင်းကျိုးကတော့ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ တန်ခိုးကြီးမားခြင်းပါပဲ။
* ပဉ္စမကောင်းကျိုးကတော့ ခန္ဓာကိုယ်မှာ ပြေပြစ်နူးညံ့သိမ်မွေ့ခြင်းပါပဲ။
* ဆဋ္ဌမ ကောင်းကျိုးကတော့ အဖြူရောင်၊ အဝါရောင်၊ အနီရောင်အဝတ်တွေ တစ်သိန်းလောက် ရရှိခြင်း (အဝတ်မျိုးစုံ ပေါများစွာ ဝတ်ရခြင်းပါပဲ)။
* သတ္တမကောင်းကျိုးကတော့ ပိုးချည်အဝတ်၊ သက္ကလတ် (ကမ္ဗလာ) အဝတ်များစွာ ရရှိခြင်းပါပဲ။
* အဋ္ဌမကောင်းကျိုးကတော့ ခေါမချည်၊ ဝါချည်အဝတ်တွေ များစွာရရှိခြင်းပါပဲ။ (အပဒါန၊ ပါ၊ ၁၊ ၃၅၈၊ ၃၅၉)

၂။ ဒါယကာ၊ ရဟန်းသံဃာကို စားရေးအတွက် ဆွမ်းလှူရမယ်။

ဘာလှူရမတဲ့လဲ?

(ဆွမ်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း အစားအသောက်တွေ ပေါချင်ရင် ဆွမ်းလှူရမယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေရာမှာ ဆွမ်းလှူရတဲ့ အကျိုး ငါးမျိုးကို မှတ်သားထားပါ။ အသက်ရှည်ခြင်းဆိုတဲ့ ကောင်းကျိုး။ ဒကာ ဒကာမတွေ အသက် မရှည်ချင်ဘူးလား?

(ရှည်ချင်ပါတယ် ဘုရား)

ကြုံတုန်း ပြောရဦးမယ်။ တစ်ခါက သံဃဒါန ဆွမ်းအောင်ပွဲတစ်ခု တရားဟောတော့ ဆွမ်းလှူတာဟာ အသက်ရှည်တယ်လို့ ပြောဟောရင်း တရားထောက် ဒကာကြီးကို ဒကာကြီး အသက်မရှည်ချင်ဘူးလားလို့ မေးလိုက်တော့ အဲဒီ ဒကာကြီးက မရှည်ချင်ပါဘူး ဘုရားတဲ့။ များသောအားဖြင့် လူတွေဟာ အသက်ရှည်ချင်ကြတယ်။ ဒကာကြီးက ဘာကြောင့် အသက်မရှည်ချင်တာလဲလို့ ထပ်မေးလိုက်တော့ အဲဒီ ဒကာကြီး ဖြေလိုက်ပုံက ဆလိမ် ဈေးကြီးလို့ပါ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

အဲဒီဒကာကြီး ဖြေတာ သဘောပေါက်တယ်နော်။

(ပေါက်ပါတယ် ဘုရား)

ဘာကိုဆိုလိုတာပါလိမ့်?

(ဆန်၊ ဆီ၊ ဆား၊ ဆေး ကို ဆိုလိုတာပါပါ ဘုရား)

ကဲ– ထားပါတော့။

* ဒုတိယကောင်းကျိုးကတော့ အဆင်းလှခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* တတိယကောင်းကျိုးကတော့ ချမ်းသာကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* စတုတ္ထကောင်းကျိုးကတော့ ခွန်အားကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* ပဉ္စမကောင်းကျိုးကတော့ ဉာဏ်ကောင်းခြင်း၊ ဉာဏ်ပညာကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။

(ဘောဇနသုတ်၊ အံ၊ ပါ၊ ၂၊ ၃၅)

၃။ ဒါယကာ၊ ရဟန်းသံဃာကို နေရေးအတွက် ကျောင်းလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ကျောင်းလှူရမှာပါ ဘုရား)

ကျောင်းအလှူဆိုတာ တကယ်တော့ နေရာအလှူပါပဲ။ ဘာအလှူတဲ့လဲ?

(နေရာအလှူပါ ဘုရား)

## နေရာလှူက+နေရာရ

လောကမှာ လူတွေဟာ ကောင်းတဲ့နေရာတွေ လိုချင်ကြတယ်။ နေရာကောင်း လိုချင်သူတွေဟာ နေရာလှူရတယ်။ နေရာလှူမှ နေရာကောင်း ရတယ်။ ဒီနေရာမှာ ကောသနဒါယက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝ အကြောင်းကို အကျဉ်းချုပ် ပြောပြချင်တယ်။ ကောသနဒါယကဆိုတာ နေရာလေး တစ်ခုကိုသာ လှူတဲ့သူလို့ အဓိပ္ပာယ်ရတယ်။ အဲဒီကောသနဒါယကမထေရ် အလောင်း သူတော်ကောင်းလေး နေထိုင်ရာဖြစ်တဲ့ ဟိမဝန္တာရဲ့အနီးက ဂေါသိတ တောင်ကို ပဒုမုတ္တရာ မြတ်စွာဘုရား ကြွတော်မူလာတယ်။ သူ့မှာ ဘာမှလှူစရာ မရှိပါဘူး။ ကြွေကျတဲ့သစ်သီးတွေကို စားသုံးနေသူ ဖြစ်ပါတယ်။ သူ့မှာရှိတဲ့ သစ်သား ညောင်စောင်းကို ခင်းပြီးတော့ သစ်နက်ရေလေး ထပ်ပြီးဖြန့်ခင်းကာ ပဒုမုတ္တရာ မြတ်စွာဘုရားကို နေရာလေးတစ်ခု လှူလိုက်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ အဲဒီသစ်သားညောင်စောင်းပေါ်မှာ ထိုင်နေတော်မူပါတယ်။ တစ်ခဏလောက် ထိုင်နေတော်မူပြီးတော့ ဒီစကားတွေကို မိန့်တော်မူပါတယ်။

* သင် လိုလားတောင့်တတဲ့ ဆုတွေအားလုံး နောင်အခါမှာ ပြည့်ဝလိမ့်မယ်၊ ဒီနေရာအလှူနဲ့ စေတနာတောင့်တမှုတွေကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လွတ်မယ်။

* သိကြားမင်း အကြိမ် ၅၀ ဖြစ်မယ်။
* စကြဝတေးမင်း အကြိမ် ၈၀ ဖြစ်မယ်။
* ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအပြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်မယ်။
* ဘဝတိုင်း ချမ်းသာသူဖြစ်မယ်လို့ မိန့်ကြားပြီး ပြန်ကြွတော်မူတယ်။

လူမင်း၊ နတ်မင်း၊ စကြဝတေးမင်းဆိုတဲ့နေရာကောင်းများကို ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို နေရာတစ်ခု လှူခဲ့ခြင်းရဲ့ ကောင်းကျိုးဆက်တွေ ဖြစ်တယ်။

နေရာကောင်းလိုချင်ရင် ဘာလှူရမတဲ့လဲ၊

(နေရာ လှူရမှာပါ ဘုရား)

နေရာလှူရင် ဘာရသတဲ့လဲ?

(နေရာကောင်းတွေ ရပါတယ် ဘုရား)

နောက်ပြီးတော့ ရရှိတဲ့ကောင်းကျိုးတွေက ဘာတွေလဲဆိုတော့-

ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားနဲ့တကွသော သိလျှင်း (ထမ်းစင်) ရရှိခြင်း။

* တောထဲဝင်လိုက်တဲ့အခါမှာ နေရာကို အလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင် အနီးမှာ ရောက်လာခြင်း။
* ရေလယ်ကို ရောက်တဲ့အခါမှာလည်း နေရာကိုအလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင်အနီးမှာ ရောက်လာခြင်း၊
* လူ နတ် ဖြစ်လေရာမှာ ပလ္လင်တစ်သိန်း ရရှိခြင်း။
* လူ့ဘဝ နတ်ဘဝမှာပဲ ဖြစ်ရခြင်း။
* မင်းမျိုး၊ ပြာဟ္မဏမျိုးမှာသာ ဖြစ်ရခြင်း၊
* တရားပလ္လင်ရရှိပြီး အာသဝမရှိဘဲ နေရခြင်း၊
* အဝိယ်လေးပါး မလား မရောက်ရခြင်း၊
* ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာ ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၂၊ ၄+၅+၆)

အဲဒီလို လောကီ လောကုတ္တရာ၊ သက်ရှိ သက်မဲ့ နေရာကောင်းတွေ ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို ညောင်စောင်းနဲ့ သစ်နက်ရေဆိုတဲ့ နေရာလေးတစ်ခု လှူဒါန်းခဲ့ခြင်းကြောင့် ရရှိတာဖြစ်တယ်။

နေရာလှူရင် နေရာကောင်းတွေ ရတယ်ဆိုတဲ့ အသိဉာဏ်တွေ ဦးစီးပြီး

တော့ နေရာလှူတတ်ကြပါစေ။ နေရာရနေသူတွေဟာ နေရာလှူခဲ့လို့ပါပဲ။ နေရာမရသူတွေဟာ နေရာမလှူခဲ့သူတွေပါပဲ။

ကျောင်းလှူမှ နေရာအလှူမှ မဟုတ်ပါဘူး။ ကိုယ့်အိမ်ကြွလာတဲ့ သံဃာတော်တွေကို ဖျာတွေ၊ စောင်တွေ၊ နေရာထိုင်အခင်းလေးတွေ ခင်းပေးတာဟာလည်း နေရာအလှူပါပဲ။ ကိုယ်က ဘတ်စ်ကားတွေ၊ ရထား၊ သင်္ဘောတွေ စီးသွားတဲ့အခါမှာ နေရာရထားရင် နေရာမရသေးတဲ့ ရဟန်းသံဃာ၊ အသက်ကြီးသူစတဲ့ ပုဂ္ဂိုလ်များကို ကိုယ်ရထားတဲ့နေရာလေး ထပြီး နေရာပေးလိုက်တာဟာလည်း နေရာအလှူပါပဲ။

## စက်ာပူဝယ်+အတုယူဖွယ်

ဒီနေရာမှာ စက်ာပူနိုင်ငံရဲ့ အတုယူစရာလေး ပြောချင်ပါသေးတယ်။ စက်ာပူနိုင်ငံရဲ့ ကားတွေ၊ ရထားတွေမှာ အဘိုးကြီးတွေ၊ အဘွားကြီးတွေရဲ့ ပုံတွေ၊ ကလေးလေးတွေ လက်ဆွဲပြီး လာသူတွေ၊ ကလေးလေးတွေ ချီပိုးပြီး လာသူတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေရဲ့ ပုံတွေရေးဆွဲထားပါတယ်။ ပုံတွေနဲ့တွဲပြီး စာတွေလည်း ရေးထားပါတယ်။ အဘိုး၊ အဘွား၊ ကလေးပါသူ၊ ကိုယ်ဝန်ဆောင်များ ရောက်လာရင် သင့်ရထားတဲ့ နေရာလေး အမြန်ယပေးလိုက်ပါ။ နေရာပေးလိုက်ပါဆိုတဲ့ စာတန်းလေးတွေ ဖြစ်ပါတယ်။ အင်မတန် အတုယူစရာကောင်းတဲ့ စက်ာပူနိုင်ငံဖြစ်ပါတယ်။

ဘုန်းကြီး စက်ာပူနိုင်ငံရောက်စဉ်က အဲဒီမြင်ကွင်းလေးကို သဘောကျလို့ လက်ာဆောင်ပုဒ်လေး ရေးခဲ့ပါတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

* အဘိုး အဘွား၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေး နေရာ။
* ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* စက်ာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတယ်။

၄။ ဒါယကာ၊ ရဟန်းသံဃာကို ကျန်းမာရေးအတွက် ဆေးလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ဆေးလှူရမှာပါ ဘုရား)

ဒီနေရာမှာလည်း ဆေးလှူရခြင်းအကျိုး ၁၀ ပါးကို မှတ်သားထားပါဦး။ အဲဒီအကျိုး ၁၀ ပါးက–

* အသက်ရှည်ခြင်း။

* ခွန်အားကြီးခြင်း။
* ပညာကြီးခြင်း။
* အဆင်းလှခြင်း။
* အခြံအရံများခြင်း။
* ချမ်းသာကြီးခြင်း။
* ဘေးရန် မရှိခြင်း။
* ဆင်းရဲမရှိခြင်း။
* သူတစ်ပါးတို့က အမြဲပူဇော်ခြင်း။
* ချစ်ခင်သူများနဲ့ မကွဲမကွာ မခွဲမခွာ နေရခြင်းတို့ပဲ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၁၊ ၃၆၃)

## ဆေးဝါး

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးမကောင်းချင်ကြဘူးလား?

(ကောင်းချင်ပါတယ် ဘုရား)

ကျန်းမာရေးကောင်းချင်ရင် ဘာလှူရမတဲ့လဲ?

(ဆေးဝါး လှူရမှာပါ ဘုရား)

ဆေးပဲ ထားပါ၊ ဝါးကြီး မထည့်ပါနဲ့။ (ရယ်ကြ)

တော်တော်အဝါးခံချင်ပုံရတယ်။ (ထပ်ရယ်ကြ)

ရှေးတုန်းက လူကြီးတွေက အတွေ့အကြုံလေးတွေနဲ့ ပြောခဲ့တာဆိုတော့ တော်တော်လေး မှန်နေတာတွေ တွေ့ရတယ်။ ဥပမာ ပြောမယ်ဆိုရင် ဆေးနဲ့ ပတ်သက်လို့ ဆေးဖိုးဝါးခတဲ့။ ဘာတဲ့လဲ?

(ဆေးဖိုး ဝါးခပါ ဘုရား)

ကြည့်နော်၊ ဆေးဖိုးနဲ့ ဘာနဲ့တွဲထားလဲ?

(ဝါးနဲ့ တွဲထားပါတယ်ဘုရား) (ရယ်ကြ)။

## လှူဝါး

ဆေးကိုလည်း ဆေးလို့ ရိုးရိုးလေး ပြောရင် ရရဲ့သားလို့ ခုတော့ ဆေးဝါး လို့ ဝါးနဲ့တွဲပြီး သုံးမထားဘူးလား။

(သုံးထားပါတယ် ဘုရား)

ဒါလည်း အတွေ့အကြုံနဲ့ သုံးတာဖြစ်မှာပါပဲ။

ဘုန်းကြီး ဒီနေရာလေးမှာလည်း စဉ်းစားကြည့်တယ်။ ဆေးဝါး ဆိုတာလေးကိုပါ။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။ ဒါလေး စဉ်းစားမိတာ။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။

(လူက ဝါးတာပါ ဘုရား)

အေး အဲဒါဆိုရင် စာတန်းလေး စကားလေး ပြောင်းလိုက်၊ ဘယ်လိုပြောင်းမလဲ။

(လူဝါးပါ ဘုရား) (အားလုံး ရယ်ကြ)

ဒကာ ဒကာမတွေ ပြောတာနော်၊ ဘုန်းကြီးက မေးရုံပဲ မေးတာ။

(အားလုံး ရယ်ကြ)

## အကောင်းဆုံး လာဘ်

ကဲ– ထားပါတော့၊ ကျန်းမာရေးကောင်းဖို့ အရေးမကြီးဘူးလား။

(ကြီးပါတယ် ဘုရား)

လာဘ်တကာ လာဘ်တွေထဲမှာလည်း ဘယ်လာဘ်ဟာ အကောင်းဆုံး လာဘ်တဲ့လဲ?

(ကျန်းမာရေးကောင်းခြင်း လာဘ်ပါ ဘုရား)

အေး ဟုတ်ပြီ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မပဒပါ ပါဠိတော်မှာ–

အာရောဂျပရမာ လာဘာ (ဓမ္မပဒ၊ ၅၊ ၂၊ ၁၄၃)

ကျန်းမာရေးကောင်းခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးလာဘ်လို့ ဟောခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ရောဂါဖြစ်နေရင် ရထားတဲ့ စီးပွားဥစ္စာ ရထူး ဂုဏ်သိန် အရှိန်အဝါ လာဘ်တွေတာ ဘာမှအသုံးမကျတော့တဲ့အတွက် လစတ်ကောင်း လာဘ်မြတ်မဟုတ်တော့ဘူးတဲ့။ ရောဂါကင်းနေမှ လာဘ်အားလုံးဟာ အသုံးဝင်တယ်။ အသုံးကျတယ်။ ရောဂါကင်းနေရင် လာဘ်တွေအားလုံး ရောက်လာနိုင်တယ်။

## ဒေါက်တာမိမိ+ပြုသကြည့်ပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဒေါက်တာမိမိအကြောင်း ပြောဦးမယ်။ တစ်နေ့ အိမ်တစ်အိမ်မှာ ကျောင်းထိုင်ဆရာတော်ကြီးတွေ ၁၀ ပါး ဆွမ်းကပ်တယ်။

ဆရာတော်ကြီးတစ်ပါးမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ စုံအောင်ဖြစ်နေတယ်။ အစားအသောက်တော့ သိပ်မရှောင်ဘူး။ မတ့တဲ့အစားအစာတွေ ဘုဉ်းပေးတော့ မယ်ဆိုရင်လည်း ပုတီးစိပ်ပြီးတော့ ဘုဉ်းပေးတော့တာပဲ။ သူ့ပုတီးစိပ်ကတော့ "ဆီးချိုချို၊ သွေးတိုးတိုး၊ နှလုံး လုံးလုံး" ဆိုတဲ့ ပုတီးစိပ်ကို ရွတ်ဆိုပြီးတော့ သေတစ်နေ့ မွေးတစ်နေ့ပဲကွာဆိုပြီး ဘုဉ်းပေးတော့တာပါပဲ။

အဲဒီဆရာတော်ကြီးရဲ့ ရောဂါတွေ သိထားတဲ့ ဆရာတော်တစ်ပါးက အဲဒီ ဆရာတော်ကြီးကို ဆရာတော်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါပျောက်အောင် ကပေးတဲ့ ဒေါက်တာ ရှိတယ်။ အဲဒီဒေါက်တာ ပြသကြည့်ပါလား ဘုရားလို့ လျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတော့ အဲဒီရောဂါရှင် ဆရာတော်ကြီး က အဲဒီဒေါက်တာက ဘယ်သူလဲကွ၊ လိပ်စာလေး ပြောစမ်းပါဦးလို့ ပြန်မေးပါတယ်။

အဲဒီလိုမေးတော့ ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက အေး၊ ဒေါက်တာမိမိဆိုတဲ့ နာမည်တော့ သိရပါပြီ၊ သူက ဘယ်ဆေးခန်းမှာ ထိုင်တာလဲ၊ ဘယ်နေရာမှာလဲ ဆက်မေးပါတယ်။

ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား၊ ဒေါက်တာ မိမိပါဘုရား"လို့ ထပ်ပြီးလျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတာကို ရောဂါ ရှင် ဆရာတော်ကြီးက သဘောမပေါက်သေးပါဘူး။ အခြားဆရာတော်တွေအားလုံး က သဘောပေါက်ကြပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက စိတ်နည်းနည်းဆိုး လာပြီး ကိုယ်တော်ကလည်း ဒေါက်တာမိမိပဲ ထပ်တလဲလဲ ပြောနေတာပဲ။ လိပ်စာ ပေးပါဆို မပေးလည်း နေတော့ ကိုယ်တော်လို့ ပြောပါတယ်။

အဲဒီလို သဘောမပေါက်တဲ့ ရောဂါရှင်ဆရာတော်ကြီးကို ပြောတဲ့ဆရာတော် က "ဆရာတော်၊ ဒေါက်တာမိမိလိပ်စာ ပေးမယ်၊ တပည့်တော်ကို ကြည့်ပါဘုရား ဆိုပြီးတော့ သူ့ရဲ့လက်ဝါးနဲ့ပဲ သူ့ရဲ့ရင်ဘတ်ကို သုံးလေးခါလောက် ပုတ်ပြလိုက် တော့မှ သဘောပေါက်သွားပါတော့တယ်။

အဲဒီလို ပြမှ သဘောပေါက်တော့တဲ့ ရောဂါရှင် ဆရာတော်ကြီးက ပြုံးပြုံး ကြီးနဲ့ သဘောကျသွားပါတော့တယ်။ အဲဒီရောဂါရှင် ဆရာတော်ကြီးက "မှန်လိုက် တာ ကိုယ်တော်၊ မှန်လိုက်တာ ကိုယ်တော်၊ အစားအသောက် မဆင်ခြင်တဲ့ တပည့်တော်ကို ကိုယ်တော်က အစားအသောက်ဆင်ခြင်တတ်ပြီး ရောဂါသက်သက် သာသာဖြစ်အောင် နည်းပေးလိုက်တာပါပဲ။ ကိုယ်တော့်ကို တပည့်တော် ကျေးဇူး

တင်ပါတယ်။ ဒေါက်တာဟာ မိမိကိုယ်တိုင်ပင်ဖြစ်တယ်ဆိုတာကို သတိထားမိပါပြီလို့ ပြန်ပြောပါတယ်။

အဲဒီရောဂါရှင် ဆရာတော်ကြီးဟာ ဒေါက်တာမိမိနဲ့ ပြသကြည့်တာ သူ့ရောဂါတွေ တော်တော်သက်သာသွားကြောင်း သိရပါတယ်။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးကောင်းအောင် ရောဂါကင်းအောင် ဆေးလည်း လျှုရမယ်၊ ဒေါက်တာမိမိနဲ့လည်း ပြရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါက်တာဟာ တကယ်တော့ ဘယ်သူပါလိမ့်?

(မိမိပါ ဘုရား)

မိမိရဲ့အခြေအနေကို မိမိကိုယ်တိုင် သတိ၊ အသိထားပြီး စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ အရာရာကို ဆင်ခြင်ရမယ်နော်။

(မှန်လှပါ ဘုရား)

မိမိဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဟာ ဘယ်ဒေါက်တာပါလိမ့်။

(ဒေါက်တာမိမိပါ ဘုရား)

ဒေါက်တာမိမိနဲ့ အမြဲတစေ တွဲနေရမယ့်အတူ ဒေါက်တာကြီးနှစ်ယောက် ရှိသေးတယ်။ အဲဒီဒေါက်တာကြီးနှစ်ယောက်ကတော့ ဒေါက်တာသတိနဲ့ ဒေါက်တာအသိ (ဒေါက်တာပညာ) ဖြစ်တယ်။

ဒီတော့ ဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဘယ်နှစ်ယောက် ဖြစ်သွားမလဲ? (သုံးယောက်ပါ ဘုရား)

ဒေါက်တာမိမိရယ်၊ ဒေါက်တာသတိရယ်၊ ဒေါက်တာပညာရယ် သုံးယောက်နော်။ (မှန်လှပါ ဘုရား)

ဒေါက်တာ မိမိ၊ သတိ၊ ပညာ ဒီလိုမဟုတ်လား? (မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ ဆေးဖိုးဝါးခ အကုန်သက်သာအောင် ကျန်းမာရေး လက်ဆောင်ပေးနေတာနော်။ (မှန်လှပါ ဘုရား)

## အသက်ရှည်ကြောင်း အဆောင်ကောင်း

ဘုန်းကြီးက အသက်ရှည်တဲ့ ဆရာတော်ကြီးတွေနဲ့ တွေ့တဲ့အခါမှာ "အသက်ရှည်တာ" ကို မေးလေ့ရှိပါတယ်။ တစ်ခါက အသက် ၉၀ ကျော်နေပြီ ဖြစ်တဲ့ ဆရာတော်ညီအစ်ကိုနှစ်ပါးကို ဆရာတော်များ ခုလို အသက်ရှည် ကျန်းမာနေတာ ဘာ့ကြောင့်ပါလဲ ဘုရားလို့ လျှောက်ထားတော့ အဲဒီဆရာတော်ကြီးနှစ်ပါး

မှာ အစ်ကိုဖြစ်တဲ့ ဆရာတော်ကြီးက "သီ၊ ဣန္ဒြိ၊ ဘော၊ ဇာ" ပေါ့ကွာလို့ ပြောပါတယ်။ ဘုန်းကြီးကတော့ တန်းပြီးသဘောပေါက်ပါတယ်။ ဒကာ ဒကာမတွေကတော့ တန်းပြီး သဘောပေါက်ဖို့ မလွယ်လှပါဘူး။

အဲဒါလေးကို အကျဉ်းမျှ ရှင်းပြပါဦးမယ်။

* သီ= ဆိုတာ ကိုယ်နဲ့နှုတ်ကို ထိန်းသိမ်းမှု သီလကို ဆိုလိုပါတယ်။
* ဣန္ဒြိ= ဆိုတာက မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်မှာ လောဘ ဒေါသဆိုတဲ့ အကုသိုလ်တရားတွေ မဝင်အောင် စောင့်ရှောက်ခြင်းကို ဆိုလိုပါတယ်။
* ဘော= ဆိုတာကတော့ ဘောဇဉ်အစားအစာကို သတိ၊ အသိဉာဏ်နဲ့ အတိုင်းအရှည်ကို သိပြီး ဆင်ဆင်ခြင်ခြင် စားသောက်တာကို ဆိုလိုတာပါ။
* ဇာ= ဆိုတာက ဇာဂရိယ၊ နံနက်၊ နေ့ ညဆိုတဲ့ အချိန်တိုင်းမှာ သွားရပ် ထိုင် အိပ်တဲ့အခါ ကုသိုလ်တရားတွေကို ပိတ်ပင်တတ်တဲ့ ကာမစ္ဆန္ဒစတဲ့ နီဝရဏတရားတွေ မိမိစိတ်ထဲ ဝင်ရောက်မလာအောင် စိတ်ကို သုတ်သင်ရှင်းလင်းထားတာဟာ ဇာဂရိယ (နိုးကြားခြင်းနဲ့ယှဉ်တယ်) နိုးနိုးကြားကြား နေတယ်လို့ ဆိုလိုပါတယ်။ (အံ၊ ပါ၊ ၁၊ ၃၄၈)

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသက်ရှည်ပြီး ကျန်းမာချင်တယ်ဆိုရင် သီ၊ ဣန္ဒြိ၊ ဘော၊ ဇာ ဆိုတဲ့ တရားလေးမျိုးကို ဆောင်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဘာကို ဆောင်ရမတဲ့လဲ?.

(သီ၊ ဣန္ဒြိ၊ ဘော၊ ဇာ ကိုပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* သီ၊ ဣန္ဒြိ၊ ဘော၊ ဇာ၊ ဤလေးဖြာ၊ ကျန်းမာသက်ရှည်ကြောင်း။
* ဆေးဖိုး ဝါးခ၊ မကုန်ရ၊ မှချအဆောင်ကောင်း။
* သက်ရှည်၊ ကျန်းမာ၊ ဘေးရောဂါ၊ ဝေးကွာအဆောင်ကောင်း။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ပြောဟောလိုက်တာ တော်တော်လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဘုရားရှင်က ဒါယကာ၊ အဲဒီသင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ နေရာ၊ ဆေးဆိုတဲ့ ပစ္စည်းလေးမျိုး ပြည့်စုံအောင် ဆောင်ရွက်လှူဒါန်းထောက်ပံ့သူဟာ

အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာ ဖြစ်စေတတ်တဲ့ လှူကျင့်ဝတ်ကို ကျင့်တဲ့သူဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ဘဝတိုင်းမှာ အခြံအရံ အကျော်အစော ကောင်းကျိုးကို ရချင်တယ်ဆိုရင် ပြီးတော့ နတ်ပြည်မှာ ဖြစ်ချင်တယ်ဆိုရင် ပစ္စည်းလေးပါး ပေးလှူခြင်းဆိုတဲ့ လှူကျင့်ဝတ်ကို ကျင့်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတရားတော်ကို ကြည့်ပြီးတော့ လှူကျင့်ဝတ်လေးပါးလို့ ပြောမယ်ဆိုရင်လည်း ရပါတယ်။

ဘုရားက အကျဉ်းချုပ်အနေနဲ့ အောက်ပါအတိုင်း ဟောပြောတော်မူပါတယ်။

* ပညာရှိတွေဟာ ကိုယ်စိတ်ညီညွတ်ပြီး သီလရှိကြတဲ့ အလှူခံပုဂ္ဂိုလ်တွေကို သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ဆေးတွေ လှူရမယ်။ အဲဒီ ပစ္စည်းလေးပါး လှူဒါန်းခြင်းဟာ လှူကျင့်ဝတ်ကို ကျင့်ကြတာဖြစ်တယ်။

## တွေးတိုင်းနွေသ + ကုသိုလ်ရ

* အဲဒီလှူကျင့်ဝတ် ကျင့်နေသူတွေမှာ နေ့ရောညပါ ဘယ်ခါမဆို မိမိရဲ့ လှူကျင့်ဝတ် ကုသိုလ်လေးမျိုးကို တွေးလိုက်တိုင်း တွေးလိုက်တိုင်း အမှတ်ရတိုင်း အမှတ်ရတိုင်း အမြဲတစေ ကုသိုလ်တွေရနေတယ်၊ ကောင်းမှု ကောင်းကျိုး အမျိုးမျိုးတွေ တိုးပွားနေတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားနာမည်ပေးထားတာပါ။ ဘာတရားတဲ့လဲ?

('တွေးတိုင်း နွေသ+ကုသိုလ်ရ' တရားတော်ပါ ဘုရား)

ကုသိုလ်တွေ ပြုပြီးရင် ပြုပြီး ပြီးတာပဲလို့ သဘောမထားပါနဲ့၊ ပြုပြီးရင် ပြုပြီးတဲ့ ကုသိုလ်တွေကို တွေးရတယ်။ သတိရရတယ်။ တွေးရင် တွေးတိုင်း နွေသ ကုသိုလ်ရနေတယ်။ အမြဲနွေသ ကုသိုလ်ရနေတယ်လို့ အသိဉာဏ်ပေးတဲ့ တရားပါ။

## သေရင် နတ်ပြည် + ရောက်ရသည်

အဲဒီလှူကျင့်ဝတ်ကို ကျင့်သူတွေဟာ ကောင်းမြတ်တဲ့ ကောင်းမှုတွေကို ပြုပြီးတဲ့အတွက် သေတဲ့အခါမှာလည်း နတ်ပြည်ကို ရောက်ကြရပါတယ်လို့ အဆုံးသတ်အနေနဲ့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ပစ္စည်းလေးပါး လှူကြတဲ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('တွေးတိုင်း နွေညှ ကုသိုလ်ရ' တရားတော်ပါ ဘုရား)

အေး မိမိတို့ ကုသိုလ်တရားတွေကို အမြဲတစေ တွေးနေပါ။ သတိရနေပါ။ အမှန်ရနေပါ။ ကုသိုလ်တွေ အမြဲရနေမယ်၊ ကောင်းကျိုးတွေ အမြဲဖြစ်နေမယ်လို့ အသိဉာဏ်ပေးလိုက်ပါတယ်။

ဒီနေ့ ဟောတဲ့တရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ

* ပစ္စည်းလေးပါး လှူခြင်းဟာ လူ့ကျင့်ဝတ်ကောင်းဖြစ်တယ်။
* အခြံအရံ အကျော်အစောကို ရစေတယ်။
* နတ်ပြည်ကို ရောက်စေမယ်။
* တွေးတိုင်း နွေညှ ကုသိုလ်ရနေမယ်။
* အမြဲနွေညှ ကုသိုလ်ရနေမယ်ဆိုတာတွေကို တွေ့ရတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ကျောင်းဒကာအား။ မြတ်ဘုရား။ ဟောကြားလိုက်သည်မှာ။
* ပစ္စည်းလေးပါး၊ သံဃာအား။ ကြိုးစားလှူခြင်းဟာ။
* လူတွေကျင့်အပ်၊ ကျင့်ဝတ်မြတ်၊ သိမှတ်စွဲမြဲစွာ။
* ပစ္စည်းလေးဝ၊ လှူပြီးက၊ နွေညှတွေးကြပါ။
* တွေးတိုင်း နွေညှ ကုသိုလ်ရ၊ ဟောပြတရားပါ။
* အမြဲနွေညှ၊ ကုသိုလ်ရ၊ ဟောပြတရားပါ။
* ခြံရံပေါရ၊ သေဆုံးက၊ ရောက်ရနတ်ပြည်ပါ။

ဗုဒ္ဓကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာပုပ္ဖိယဝဂ်၊

သုမနာဝေဠိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး

ဟောကြား ပြောကြားအပ်သော

# "ချစ်ကြ ခင်ကြ + ပူဇော်ကြ"

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနိယပွဲသဘင်မှာ ဟောကြားမည့်တရားတော်ကတော့ "ချစ်ကြ ခင်ကြ+ပူဇော်ကြ" တရားတော်တဲ့။

ဘာတရားကဲ့လဲ?

('ချစ်ကြခင်ကြ+ပူဇော်ကြ' တရားတော်ပါ ဘုရား)

လူတွေဟာ များသောအားဖြင့် ကိုယ့်ကို သူတစ်ပါးက "မျက်နှာမြင် ချစ်ခင်စေချင်ကြတယ်"၊ "အသံကြား သနားစေချင်ကြတယ်" မဟုတ်လား။

(မှန်လှပါ ဘုရား)

ပူဇော်ဖွယ်ရာ အဖြာဖြာနဲ့လည်း ပူဇော်စေချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### စုပေါင်းဗုဒ္ဓ + ပူဇော်ကြ

လောကရဲ့ အကြီးအမှူးဖြစ်တော်မူသော တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဝေဿဘူမြတ်စွာဘုရားကို လူတွေများစွာ စုဝေးစုပေါင်းပြီးတော့ ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြတယ်။ (အပဒါန်၊ ပါ၊ ၁၊ ၃၀၁)

ဘယ်လုပ်နေ?

(ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြပါတယ် ဘုရား)

### ဦးဆောက်ပန်းပြု + ပူဇော်မှု

အဲဒီလို ပူဇော်ပွဲကြီး လုပ်နေချိန်မှာ သုမနာဝေဠိယမထေရ်အလောင်း

သူတော်ကောင်းဟာ အင်္ဂတေစိုင်ကို ပန်းတင်ရန် ပြုလုပ်ပြီးတော့ မြတ်လေးပန်းနဲ့ ဦးဆောက်ပန်း ပြုလုပ်ကာ မြတ်စွာဘုရားရဲ့ရှေ့မှာ တင်လှူပူဇော်ခဲ့တယ်။

## မေးလျှောက်ကြည့်ကြ + ပန်းလှလှ

လူတွေဟာ စည်းဝေးပေါင်းဆုံကြပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို မေးလျှောက်ကြပါတယ်။ ဘယ်လိုမေးလျှောက်ကြသလဲဆိုတော့ "မြတ်စွာဘုရား။ ဒီပန်းလှလှလေးကို ဘယ်သူပူဇော်ထားပါသလဲ"လို့ မေးလျှောက်ကြပါတယ်။ အဲဒီလိုမေးလျှောက်ကြပြီးတော့ မြတ်လေးပန်းနဲ့ စီမံပြုလုပ်ထားတဲ့ ဦးဆောက်ပန်းကို စိတ်ဝင်စားကာ ကြည့်ရှုနေကြပါတယ်။

ထူးထူးဆန်းဆန်းလေး၊ လှလှပပလေး စီမံထားတာ မြင်ရတော့ ဒကာ ဒကာမတွေ စိတ်မဝင်စားကြဘူးလား?

(စိတ်ဝင်စားကြပါတယ် ဘုရား)

စိတ်ဝင်စားတော့ ဒါ ဘယ်သူလှူပါသလဲလို့ မေးပြီးတော့ အားရပါးရ ကြည့်ရှုကြတယ်နော်။

(မှန်လှပါ ဘုရား)

## ပန်းလှူ စိတ်ကြည် + နိဗ္ဗာပြည်

သူဟာ ပန်းလှူတဲ့စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နိမ္မာနရတိ နတ်ဘုံ ရောက်ရပါတယ်။

ဘယ်ကိုရောက်?

(နိမ္မာနရတိနတ်ဘုံပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ နတ်ပြည်ရောက်ချင်ရင် ထူးထူးဆန်းဆန်း ပန်းလှူပါ၊ ဘာလှူ?

(ထူးထူးဆန်းဆန်း ပန်းလှူရမှာပါ ဘုရား)

ရိုးရိုးလေး လှူရမှာလား။ ထူးထူးဆန်းဆန်းလေး လုပ်ပြီးတော့ လှူရမှာလား?

(ထူးထူးဆန်းဆန်းလေး လုပ်ပြီး လှူရမှာပါ ဘုရား)

ထူးထူးဆန်းဆန်းလေး လုပ်လှူတော့ စိတ်ထဲမှာ ပိုပြီးတော့ ကြည်လင် အားရ သဘောကျတယ်နော်။

(မှန်လှပါ ဘုရား)

လျှူတယ်၊ စိတ်ကြည်လင်တယ်၊ ဒီနှစ်ချက်ကြောင့် နိဗ္ဗာန်ရတိဘုံ ရောက်ရတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေကို မှာချင်တာက လှူပါ၊ စိတ်ကြည်လင်ပါလို့ မှာချင်ပါတယ်။

## ကောင်းကျိုးပေးတာ + ကုသိုလ်ပါ

မိမိကိုယ်တိုင် ရှေးက ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိကုသိုလ်ကံရဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒါလေးကို လွယ်လွယ်ပြောမယ်ဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံက ကိုယ့်ကို ကောင်းကျိုးတွေ ပေးတယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ကောင်းကျိုးရအောင် ကုသိုလ်လုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ကောင်းကျိုးပေးတာ ဘယ်အရာတဲ့လဲ?

(ကုသိုလ်ပါ ဘုရား)

## ချစ်ကြခင်ကြ + ပန်းဒါန

နောက်ပြီး သူရတဲ့ စိတ်ဝင်စားစရာ တကယ်ကောင်းတဲ့ ကောင်းကျိုးက ဘာလဲဆိုတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာဘဝတိုင်းမှာ လူတွေ၊ နတ်တွေရဲ့ ချစ်ခင်မှုကို ခံယူရတယ်တဲ့။

အဲဒီလို လူတွေ၊ နတ်တွေအားလုံးက ချစ်ခင်တာဟာ ပန်းပူဇော်ခဲ့တဲ့ ကုသိုလ်ကြောင့်ပါပဲတဲ့။

ဒီတော့ လူတွေ နတ်တွေက ချစ်ကြခင်ကြတာဟာ ဘာကြောင့်တဲ့လဲ?

(ပန်းဒါနကြောင့်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ပန်းဒါနကြောင့်ပဲ၊
လူ နတ်တွေက၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဘယ်ဒါနကြောင့်လဲ၊
ချစ်ကြခင်ကြ၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

ဒီနေရာလေးကို ကြည့်ပြီးတော့ "ချစ်ကြခင်ကြ" လို့ အမည်ပေးထားတာ နော်။

(မှန်လှပါ ဘုရား)

ကိုယ့်ကို လူတွေ နတ်တွေ ချစ်ခင်စေချင်တယ်ဆိုရင် ပန်းဒါနပြုရမယ်နော်။

(မှန်လှပါ ဘုရား)

## ဆဲရေးဖူးတာ + မသိပါ

ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းကြတဲ့ ရသေ့၊ ရဟန်းတွေကို သူဟာ ဆဲရေးမှုကို ပြုဖူးတယ်ဆိုတာ မသိခဲ့ဘူးပါဘူး။ (မဆဲရေးခဲ့ဖူးပါဘူး) တဲ့။

သူတော်ကောင်းအလုပ် အားထုတ်နေကြတဲ့ ရသေ့၊ ရဟန်းတွေဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းနေကြသူတွေ ဖြစ်တယ်။

အဲဒီ ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းနေကြတဲ့ ရသေ့၊ ရဟန်းတွေကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးနဲ့ မပြစ်မှားရဘူး။ မစော်ကားရဘူး၊ မဆဲရေးရဘူး နော်။ (မှန်လှပါ ဘုရား)

## ပြစ်မှား အပြစ်များ

တချို့က မေးချင် မေးကြလိမ့်မယ်။ ပြစ်မှားတော့ ဘာဖြစ်လဲ?

ပရိသတ်ရေ၊ ပြစ်မှားတော့ အပြစ်များတာပေါ့လို့ မှတ်ပါ။

ပြစ်မှားတော့?

(အပြစ်များပါတယ် ဘုရား)

ပြစ်မှားရင် ခုဆင်းရဲဆိုတဲ့ အပြစ်၊ နောင်ဆင်းရဲဆိုတဲ့ အပြစ်၊ ကိုယ်ဆင်းရဲဆိုတဲ့အပြစ်၊ စိတ်ဆင်းရဲဆိုတဲ့အပြစ်၊ အပါယ်ဆင်းရဲဆိုတဲ့ အပြစ်တွေ များမယ် နော်။ (မှန်လှပါ ဘုရား)

## မပြစ်မှားအပ် + ပုဂ္ဂိုလ်မြတ်များ

ဒီနေရာမှာ မပြစ်မှားထိုက်သူ ခင်ပွန်းကြီး ၁၀ ပါး ကို ပြောချင်ပါသေးတယ်။

၁။ ဘုရား။

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ရဟန္တာ၊

၄၊ အဂ္ဂသာဝက၊

၅။ အမိ၊
၆။ အဖ၊
၇။ ဆရာ၊
၈။ လေးစားထိုက်သောပုဂ္ဂိုလ် (အသက်၊ ဂုဏ် ဝါကြီးသူများ)၊
၉။ တရားဟောသူ၊
၁၀။ ကျေးမွေးပြုစုထောက်ပံ့ လှူဒါန်းပေးကမ်းသူတွေပါပဲ။

## ပြစ်မှားသူအား ဒဏ် ၁၀ ပါး

အဲဒီမပြစ်မှားထိုက်သူတွေ ပြစ်မှားရင် ဒဏ် ၁၀ ပါးမှ တစ်ပါးပါး ရောက်လာတတ်တယ်။

အဲဒီ ဒဏ် ၁၀ ပါးကတော့–

၁။ ခေါင်းကိုက်၊ ခေါင်းခဲခြင်းစတဲ့ ကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။
၂။ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးတတ်တယ်။
၃။ လက် ခြေ ပြတ်ခြင်းစတဲ့ ကိုယ်အင်္ဂါပျက်စီးတတ်တယ်။
၄။ ဆွံ့အခြင်း၊ ကျွေးကောက်ခွင်ခြင်း၊ နူနာစတဲ့ ရောဂါကြီးတွေ ဖြစ်လာတတ်တယ်။
၅။ ရူးတတ်တယ်။
၆။ မင်းဘေးနဲ့တွေ့ရတတ်တယ်။
၇။ ကြမ်းတမ်းတဲ့ စွပ်စွဲခြင်း ခံရတတ်တယ်။
၈။ မိမိမှီခိုအားထားရတဲ့ ဆွေမျိုးတွေ သေဆုံးပျက်စီးတတ်တယ်။
၉။ အသုံးအဆောင်ပစ္စည်းဥစ္စာများ အလိုအလျောက် ကွယ်ပျောက်ပြုန်းတီးပျက်စီး ပြောင်းလဲသွားတတ်တယ်။
(စပါးစသည် ပုပ်ဆွေးသွားတာ၊ ရွှေဟာ မီးသွေးဖြစ်သွားတာ၊ ပုလဲဟာ ဝါဇေ့ဖြစ်သွားတာ၊ ငွေဟာ အိုးခြမ်းကွဲဖြစ်သွားတာမျိုးကို ဆိုလိုတယ်။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ ပျက်စီးကန်းတာ၊ လက်ခြေ ကွေးကောက်သွားတာတွေကို ဆိုလိုပါတယ်)
၁၀။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ် နေအိမ်ကို မီးလောင်ခံရတတ်ပါတယ်။
မိုးကြိုးလောင်မီး ကျတတ်တယ်။ (မပ္မပဒ၊ ၄၊ ၁၊ ၁၁၅)

## မဃဒေဝ + လင်္ကာလှ

မဃဒေဝလင်္ကာသစ် ရေးသားတော်မူတဲ့ မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝမှာ အောက်ပါအတိုင်း လင်္ကာရေး ဆုံးမတော်မူခဲ့ပါတယ်။

၁။ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား။
၂။ လျှော့ပါးစည်းစိမ်၊
၃။ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊
၄။ ကျိုးပျက်အင်္ဂါ၊
၅။ နူနာ၊
၆။ စိတ်ဖောက်၊
၇။ ကျရောက်မင်းဒဏ်၊
၈။ မမှန်စွပ်စွဲ၊
၉။ ပြိုကွဲမျိုးဆွေ၊
၁၀။ ရွှေငွေကျွဲနွား။ ယွင်းဖောက်ပြားသား။ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ လားတို့ရာ၏" တဲ့။
(မဃဒေဝ ၁၈၈)

## ဇော်ကား + ချော်သွား

မပြစ်မှားရဘူး။ ပြစ်မှားရင် အပြစ်များတာ ပြောပြီးတော့ မဇော်ကားရဘူး ဆိုတာပါ၊ ဇော်ကားရင် စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေ၊ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ ချော်သွားတတ်တယ်နော်။

(မှန်လှပါ ဘုရား)

ဇော်ကားရင် ဘာတဲ့လဲ?

(ချော်သွားတတ်ပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ တစ်ခုခုချော်နေပြီဆိုရင် သတိသာထားပေတော့။ ပြစ်မှားမိတာတွေ၊ ဇော်ကားမိတာတွေ ရှိရင် ကန်တော့ပေတော့။

## ဆဲရေး + မလှဲဘေး (မနည်းဘေး)

မဆဲရေးရဘူး။ ဆဲရေးရင်တော့ မလှဲဘေးတွေ့မယ်၊ မနည်းတဲ့ (များတဲ့) ဘေးတွေနဲ့ တွေ့မယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## လူ့နတ်တွေက + ပူဇော်ကြ

သူဟာ အဲဒီကောင်းသောအကျင့်နဲ့ စိတ်ရဲတောင့်တမှုတွေကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ လူဖြစ်ရင် လူတွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြတယ်။ နတ်ဖြစ်ရင်လည်း နတ်တွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြပါတယ်တဲ့။ အဲဒီလိုလူတွေ နတ်တွေအားလုံးက ပူဇော်ကြတဲ့ ကောင်းကျိုးရရှိတာဟာ မဆဲရေးခြင်းကြောင့် ရရှိတဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

လူတွေ၊ နတ်တွေက သူ့ကို ပူဇော်ကြတာဟာ ဘာ့ကြောင့်တဲ့လဲ?

(မဆဲရေးခြင်းကြောင့်ပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီး တရားအမည်ပေးထားတာက?

(ပူဇော်ကြပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
ဟောပါ ဘာ့ကြောင့်လဲ။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
မဆဲတာကြောင့်ပဲ။

## သဟာသရ + မင်းစကြာ

ဒီဘဒ္ဒကမ္ဘာမှာ တစ်ဆယ့်တစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်လေဘိ ဗိုလ်ပါအင်အားရှိတဲ့ သဟာသရမည်တဲ့ စကြာဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် မြတ်ရဟန္တာ ဖြစ်ရပါတယ်။

## ပေါ်ပြီ + တော်ပြီ

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွဲပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို အဓိက အသိဉာဏ်ပေး ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

(ချစ်ကြခင်ကြ+ပူဇော်ကြ) တရားပါ ဘုရား။

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

## အကျဉ်းချုပ်ပြ + သူ့ဘဝ

ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ ပန်းဒါနကြောင့်။

၁။ နိမ္မာနရတိ နတ်ပြည်ရောက်ရခြင်း။

၂။ လူ နတ်တွေက ချစ်ကြခင်ကြ ခါစ်ခင်ကြခြင်း။

၃။ မဆဲရေးခြင်းကြောင့် လူတွေ နတ်တွေက ပူဇော်ကြခြင်း၊

၄။ သဟာသရစကြဝတေးမင်း ဖြစ်ရခြင်း၊

၅။ အပါယ်လေးပါး လွတ်ရခြင်း။

၆။ နောက်ဆုံး ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေကို တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

## တရားသိမ်းကဗျာ + လိုက်ဆိုပါ

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* နိမ္မာဘုံမှာ၊ ရောက်ရတာ၊ ကြည်သာပန်းလှူကျိုး။
* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဒါနပန်းလှူကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ မှတ်ကြ မဆဲကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ ဟောပြ မဆဲကျိုး။
* သဟာသရ၊ မင်းစကြ၊ ဖြစ်ရပန်းလှူကျိုး။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ ဒါနပန်းလှူကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကြည်သာပန်းလှူကျိုး။

သာဓု၊ သာဓု၊ သာဓု။

## တရားအမည်ပေးရာ၌–

* လူ နတ်တွေက+ချစ်ခင်ကြ၊
* လူ နတ်တွေက+ပူဇော်ကြ၊
* လူ နတ်ချစ်ဆေး+ပူဇော်ရေး၊
* ဖြစ်ရာမှာ ချစ်တာခံချင်ရင်ဖြင့် စသည်အမည်ပေးကာ ဟောပြောပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနိဝဂ်၊.

သယနဒါယကတ္ထေရအပဒါန်ကို ဟန်ဆာဆင်၍ ဟောကြားအပ်သော

# “ကောင်းကင်အိပ်ပြီး + မြေကြီးဆောင်နိုင် + စိုးရပိုင်”

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ ကုလားထိုင်၊ အခင်း၊ ဖျာသတဲ့ အိပ်ရာ နေရာတွေ လှူတဲ့ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

('ကောင်းကင်အိပ်ပြီး+မြေကြီးဆောင်နိုင်+စိုးရပိုင်' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### အထူးကြည်သာ + လှူနေရာ

သယနဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ လူအားလုံးကို အစဉ်သနားတော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားကို အထူးကြည်ညိုတဲ့စိတ်နဲ့ ညောင်စောင်း အင်းပျဉ်နေရာ ပေးလှူခဲ့တယ်။

### စည်းစိမ်ပေါ်ရ + သူ့ဘဝ

သူဟာ ညောင်စောင်းအင်းပျဉ်ကို ပေးလှူခြင်းနဲ့ လယ်ယာမြေကောင်း သဖွယ်ဖြစ်တဲ့ သာသနာတော်မှာ ကုသိုလ်မျိုးစေ့ ပြည့်စုံအောင် စိုက်ပျိုးခဲ့တဲ့အတွက် စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခဲ့တယ်။ အဲဒီလို စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခြင်းဟာ ညောင်စောင်းအင်းပျဉ် နေရာကို လှူရတဲ့အကျိုးပဲ ဖြစ်တယ်။

ဒီတော့ ပရိသတ်ရေ စည်းစိမ်ဥစ္စာတွေ များစွာရရှိချင်တယ်ဆိုရင် စေတနာတွေ ထားပြီးတော့ ညောင်စောင်းအင်းပျဉ်ဆိုတဲ့ နေရာတွေ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကင်သွားနိုင် + အိပ်ပြနိုင်

နောက်ပြီးတော့ သူဟာ ကောင်းကင်မှာ သွားနိုင်၊ အိပ်နိုင်တဲ့ ချမ်းသာမျိုး ကိုလည်း ရတယ်တဲ့။

ကောင်းကင်မှာ သွားနိုင်တယ်၊ ကောင်းကင်မှာ အိပ်ပြနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ 'ကောင်းကင်အိပ်ပြီး' ဆိုတဲ့အမည်လေးကို ပေးထားတာပါ။

## မြေကြီးပိုင်ပိုင် သူဆောင်နိုင်

နောက်ပြီးတော့ ဒီမြေကြီးကို ဆောင်နိုင်တယ်တဲ့။ ဒီစကားလေးကို ယူပြီးတော့ 'မြေကြီးဆောင်နိုင်' အမည်ပေးထားတာ ဖြစ်တယ်။

## သတ္တဝါတွေ စိုးရပေ

နောက်ပြီးတော့ သတ္တဝါတွေကို အစိုးရပိုင်ဆိုင်ရတယ်တဲ့။ ဒီနေရာလေးကို ကြည့်ပြီးတော့ 'စိုးရပိုင်' ဆိုတဲ့ အမည်ပေးထားတာ ဖြစ်တယ်။

အဲဒီကောင်းကင်မှာ သွားနိုင်တဲ့၊ အိပ်နိုင်တဲ့ ကောင်းကျိုး၊ မြေကြီးကို ဆောင်နိုင်တဲ့ ကောင်းကျိုး၊ သတ္တဝါတွေကို အစိုးရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရတာဟာ ညောင်စောင်းအခင်းပျဉ်နေရာလှူခဲ့တာကြောင့် ရတာနော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

နောက်ပြီးတော့ ကမ္ဘာ ၅၀၀၀ ထက်မှာ တန်ခိုးကြီးတဲ့ စကြာမင်း ရှစ်ကြိမ် ဖြစ်ဖူးတယ်။

၃၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တဲ့ ဗိုလ်ပါအင်အားရှိတဲ့ စကြာမင်းလေးကြိမ် ဖြစ်ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ မြတ်စွာဘုရား တရားတော် နာကြားကြည်ညို ကာ ရဟန်းပြုလာတယ်။ ဝိပဿနာတရား အားထုတ်တယ်။ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ဦး (  ) ဒေါ် (  ) မိသားစုတို့လည်း သဃနဒါယကမထေရ် ရရှိတဲ့ ကောင်းကျိုးတွေ ရရှိမှာမလွဲပါဘူးလို့ ဝမ်းမြောက်ဖွယ်ရာ တရားစကား ပြောကြားခဲ့ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားအား
ကြည်ညိုစိတ်ထား ညောင်စောင်းလှူ။
* စည်းစိမ်ဉစ္စာ တကယ်ပေါရ
ဖြစ်ရာချော့လှ ပြည့်စုံသူ။
* ကောင်းကင်မှာလေ အိပ်နိုင်ပြီးတော့
မြေကြီးကိုလည်း ဆောင်နိုင်သူ။
* သတ္တဝါတွေ အကျိုးရဖို့
အစိုးရလည်း ပြုနိုင်သူ။
* မင်းမြတ်စကြာ တကယ်ဖြစ်ရ
အပါယ်လွတ်ရ+ရဟန္တာ။
* ညောင်စောင်းအင်းပျဉ် နေရာထူးကို
သေချာလှူဖူး ကောင်းကျိုးပါ။
* ကောင်းကျိုးရတာ တကယ်သိလို့
တကယ်ကြည်ကာ ပေးလှူပါ။

(ဖွေးဖြူသဒ္ဒါ)၂

ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင် တရားတော်ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ထေဝဒူမိယဝဂ်၊ ဓဇဒါယကထေရ
အပဒါန်ကို ထုန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "တံခွန်လှူရ + ကောင်းကျိုးလှ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ တံခွန်လှူပွဲမှာ ဟောကြားမည့် တရားတော်က "တံခွန်လှူရ+ကောင်းကျိုးလှ" တရားတော်ပဲ။

ဘာတရားတဲ့လဲ?

('တံခွန်လှူရ+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### တံခွန်ဆိုတာ+သိစရာ

တံခွန်ဆိုတာ ဘာလဲ။ ဒါအရင်သိဖို့လိုတယ်။ တံခွန်ဆိုတာ ဘုရားအနီး၊ ကျောင်းအနီးမှာ မြင့်မြင့်လေးလွှင့်ထူပြီး ထားရတဲ့အရာကို တံခွန်လို့ခေါ်တယ်။

(မြန်မာအဘိဓာန်၊ ၁၄၇)

### တံခွန်တင်လှူ+ပူဇော်သူ

လောကရဲ့အကြီးအမှူးဖြစ်ပြီး လူတွေထက် မြတ်တော်မူတဲ့ တိဿမြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီတိဿမြတ်စွာဘုရားရဲ့ ဥပဓိသုံးပါး ကုန်ခန်းတာကို သိမြင်ပြီးတော့ ဓဇဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ တိဿမြတ်စွာဘုရားမှာ တံခွန်ကို တင်လှူပူဇော်ခဲ့တယ်။

### တာဝတိံသာ ရောက်ရရှာ

ကောင်းစွာပြုလုပ်တဲ့ ကောင်းမှုကံနဲ့ စေတနာတောင့်တမှုတွေကြောင့် သူဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည် ရောက်ရပါတယ်။

ဒီတော့ တာဝတိံသာနတ်ပြည်ရောက်ရတာဟာ တံခွန်လှူရတဲ့ ကောင်းကျိုးလှ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နတ်မင်းစကြာ+ကြိမ်များစွာ

နောက်ပြီးတော့ အကြိမ် ၃၀၀ နတ်မင်းဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာမင်း ဖြစ်ရတယ်။

ဒီကောင်းကျိုးလှတွေဟာ တံခွန်လှူရတဲ့ ကောင်းကျိုးတွေပဲနော်။

(မှန်လှပါ ဘုရား)

## ပဒေသရာဇာ မရေသာ

နောက်ပြီးတော့ ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ ရေတွက်လို့ မရအောင် ဖြစ်ရပါတယ်တဲ့။ ဒီကောင်းကျိုးလှ ရရှိတာဟာလည်း ရှေးက မိမိကိုယ်တိုင် ကောင်းစွာပြုခဲ့တဲ့ ကောင်းမှုကံကြောင့်ပါပဲ။

## အပါယ်လေးဝ ကွယ်ဝေးရ

သူဟာ ဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာတော့ တံခွန်လှူတဲ့ ကောင်းမှုကံကို ပြုခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတာ မသိဘူးပါဘူးတဲ့။

ဒီကောင်းကျိုးလှဟာလည်း တံခွန်လှူရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## အလိုရှိပိုင်+ဖုံးလွှမ်းနိုင်

သူဟာ ယနေ့ပဲ အလိုရှိရင် ဟိမဝန္တာတောင်နဲ့တကွ စကြဝဠာတောင်နဲ့တကွသော အရပ်ကို ခေါမတိုင်းမှာဖြစ်တဲ့ ပုဆိုးတွေနဲ့ ဖုံးလွှမ်းနိုင်တယ်တဲ့။

တော်တော်အံ့ဩစရာကောင်းတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီလိုဖြစ်ရခြင်း။ ဒီလိုအံ့ဩစရာကောင်းတဲ့ ကောင်းကျိုးလှတွေကို ရရှိတာဟာ သူကိုယ်တိုင် ပြုခဲ့တဲ့ တံခွန်ဒါနကြောင့်ပါပဲတဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်

ခြောက်ပါးပိုင်ရှင် ဓေဒါယကာ ဆိုတဲ့ ရဟန္တာတစ်ပါး ထင်ထင်ရှားရှား ဖြစ်လာပါ တယ်။

## ကောင်းကျိုးလှတွေ သိနိုင်စေ

ဒီနေ့ တံခွန်လှူနေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း တံခွန် လှူတာဟာ ဒီလိုကောင်းကျိုးလှတွေ ရနိုင်တယ်ဆိုတာ သိနိုင်ပါစေလို့ ရည်ရွယ် ပြီးတော့ ဟောကြားလိုက်ပါတယ်။

## အချုပ်မှတ်ဖွယ် ကဗျာရှုယ်

ကဲ– လင်္ကာလေးတွေ နဲ့ တရားသိမ်းကြရအောင်။

* တာဝတိံသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
တာဝတိံသာ၊ ရောက်ရတာ၊ တံခွန်ဒါနပဲ။

* နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
နတ်မင်းဖြစ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။

* စကြာဖြစ်ရ၊ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
စကြာဖြစ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။

* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
ပဒေသရာဇာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။

* အပါယ်လွတ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
အပါယ်လွတ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါပဲ။

* ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။

* စကြဝဠာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
စကြဝဠာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
တံခွန်လှူရ၊ ကောင်းကျိုးလှ၊ ဟောပြတ့ရားပဲ။

"တံခွန်လှူရ၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဇာတိဒါယကထေရ်၊ ကေသဝတ္ထိယထေရ

အပဒါန်တို့ တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ထီးဖြူဆောင်းရ+သူ့ဘဝ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ထီးလှူပွဲမှာ ဟောကြားမည့် တရားတော်က "ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ထီးဖြူဆောင်းရ+သူ့ဘဝ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### နေပူချိန်ကြွ+မြတ်ဗုဒ္ဓ

မြေကြီးဟာ မီးကျီးလို ဖြစ်နေတယ်။ မြေကြီးဟာ ပြာပူလို ဖြစ်နေတယ်။ တအားပူတယ်ဆိုတာကို တင်စားပြီးတော့ ပြောနေတာတော်။

(မှန်လှပါ ဘုရား)

အဲဒီလို တအားပူပြင်းနေတဲ့ အချိန်မှာ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ လွင်တီးခေါင်မှာ စင်္ကြံကြွတော်မူတယ်။

### ဘုရားတွေ့မြင် နှစ်သက်အင်

ကေသဝတ္ထိယမထေရ်အလောင်း သူတော်ကောင်းဟာ ထီးဖြူကိုယူပြီးတော့ ခရီးရှည် ခရီးဝေးသွားနေတယ်။ လမ်းခရီးမှာ မြတ်စွာဘုရားကို မြင်ရတော့ သူ့မှာ အားရနှစ်သက်ခြင်း ဖြစ်ပေါ်လာတယ်။

### လေမုန်တိုင်းတွေ တိုက်ခတ်နေ

မြေကြီးဟာ တံလျှပ်တွေနဲ့ ဖုံးလွှမ်းနေတယ်။ ဒီမြေကြီးဟာ မီးကျီးလို

ဖြစ်နေတယ်။ ကိုယ်အသက်ကို ကုန်ခန်းစေတဲ့ လေမုန်တိုင်းတွေကလည်း တိုက်ခတ်နေကြတယ်။

## အပူငြိမ်းရေး ထီးလှူပေး

အအေး အပူ အားလုံးကို ပယ်ဖျောက်နိုင်ပြီး လေနေပူကို တားမြစ်နိုင်တဲ့ ဒီထီးကို အလှူခံတော်မူပါ၊ အပူတွေ ငြိမ်းအေးခြင်းကို တွေ့ထိစေလိုပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဒကာ ဒကာမတွေလည်း ထီးလှူတဲ့အခါမှာ ဒီလိုစိတ်ထားကောင်းလေးတွေ ထားပြီး လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ကြံသိပြန် ထီးအလှူခံ

အစဉ်သနားစောင့်ရှောက်တော်မူတတ်တဲ့ မဟာကရုဏာရှိတော်မူတဲ့ အခြံအရံ များပြားတဲ့ ပဒုမုတ္တရမြတ်စွာဘုရားဟာ ထီးအလှူရှင် သူ့ရဲ့စိတ်အကြံကို သိပြီးတော့ အလှူခံတော်မူတယ်။

## သိကြား စကြာ+ကြိမ်များစွာ

သူဟာ ကမ္ဘာ ၃၀ ပတ်လုံး နတ်တွေကို အစိုးရတဲ့ သိကြားနတ်မင်း ဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာဝတေးမင်း ဖြစ်ရတယ်။

## ပဒေသရာဇ် ရေမဖြစ်

ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။ ရှေးက ကိုယ်တိုင်ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိရဲ့ကောင်းမှုအကျိုးကို ခံစားရတယ်တဲ့။

## ထီးဖြူဆောင်းရ သူ့ဘဝ

ဒီဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်။ ငါ့အတွက် နောက်ဆုံးဘဝဖြစ်တယ်လို့လည်း ဝမ်းသာကြည်နူး ဥဒါန်းကျူးနေတယ်။ ယခုဘဝမှာလည်း ထီးဖြူဟာ သူ့ကို အမြဲတစေ ဆောင်းမိုးနေတယ်တဲ့။

ဒီနေရာလေးကြည့်ပြီးတော့ "ထီးဖြူဆောင်းရ+သူ့ဘဝ" ဆိုတဲ့ တရားအမည် ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(ထီးဖြူဆောင်းရ သူ့ဘဝပါ) တရားတော်ပါ ဘုရား။

## အပါယ်လေးပါး သုမထား

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်မှာ ထီးလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရတဲ့ ကောင်းကျိုး ရတယ်နော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ထီးလှူ ထီးတော်း ထီးပူဇော်ရတဲ့ ဒကာ ဒကာမတွေလည်း ဒီကောင်းကျိုးတွေရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးရင်း ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားကို
  သေချာသူကား ထီးပေးလှူ။
* သိကြား စကြာ ခါခါဖြစ်ရ
  ပဒေသရာဇာ များစွာဟူ။
* ဘဝဖြစ်ရာ ထီးဖြူဆောင်းရ
  အပါယ်ဘေးမှ ကင်းဝေးသူ။
* နောက်ဆုံးသေချာ ရဟန္တာဖြစ်ရ
  ထီးလှူဒါန ကောင်းကျိုးဟူ။
* ဘဝဖြစ်ရာ ထီးဖြူရဖို့
  သေချာနှေ့ည မြတ်ထီးလှူ

"ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော် ပြီး၏။

ဗုဒ္ဓတန်ခိုးကာယ်၊ ထေရာဝဒါနုဝါဒ်တော်၊ သုဝါဒီစရိယဝင်၊

ဓမ္မဒါယကတွေ့ရအာဝဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "လိုရာပြည့်ဝ + ဝမ်းမြောက်ရ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ သစ်သီးခဲဖွယ် အသွယ်သွယ် ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('လိုရာပြည့်ဝ+ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### သစ်သီးခဲဖွယ် လှူခဲ့တယ်

ခဇ္ဇကဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ ရှေးတုန်းက တိဿ မြတ်စွာဘုရားကို သရက်သီး၊ သပြေသီးစတဲ့ သစ်သီးတွေ ပေးလှူခဲ့ဖူးတယ်။ အုန်းသီးလည်း ပေးလှူခဲ့ဖူးတယ်၊ ပျားရည်စသည်တို့နဲ့ ကောင်းစွာစီရင်ထားတဲ့ ခဲဖွယ်ကိုလည်း ပေးလှူခဲ့ဖူးတယ်။

### လိုရာပြည့်ဝ ဝမ်းမြောက်ရ

သူဟာ မြတ်တဲ့သီလက္ခန္ဓစတဲ့ ကျေးဇူးကို ရှာမှီးတော်မူတဲ့ တိဿမြတ်စွာဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေ ပေးလှူခဲ့တဲ့ကောင်းမှုကြောင့် အလိုရှိတဲ့ ကာမဂုဏ်တွေ ရရှိကာ ဝမ်းမြောက်ခဲ့ရတယ်တဲ့။

ဒီတော့ သူလိုချင်တဲ့ ကာမဂုဏ်တွေ ရရှိတော့ သူ့စိတ်ထဲ ဝမ်းမြောက် ဝမ်းသာရတယ်နော်။

(မှန်လှပါ ဘုရား)

သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် လိုချင်တာတွေရပြီး လိုရာပြည့်ဝရင် ဝမ်းမြောက်ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတဲ့ တရားပါ။ ဘာတရားတဲ့လဲ။

('လိုရာပြည့်ဝ ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

## လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါ

ဒီနေ့ ဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေနဲ့ ဆက်ကပ်နေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## မှာချင်တယ် ဒီစကား

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ လိုချင်တဲ့ ကာမဂုဏ်တွေရ ဝမ်းမြောက်ချင်ကြတယ်ဆိုရင် ရတနာသုံးပါးကို သစ်သီး ခဲဖွယ်တွေ လှူဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။

ကိုယ်လိုချင်တဲ့ ကာမဂုဏ်တွေ၊ လိုရာတွေ မပြည့်ဝသေးဘူးဆိုရင် ဘုရားကို မကြာမကြာ သစ်သီးကပ်၊ ခဲဖွယ်တွေသာ ကပ်ပါလို့ ထပ်ပြီးမှာခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ခွဲစိတ်သေချာ ဆက်ကပ်ပါ

သစ်သီးကပ်တဲ့အခါမှာလည်း သေသေချာချာ ရွေးဆေးပြီးတော့ ခွဲစိတ်ပြီး ကပ်ပါ။ ကိုယ်ဘယ်လိုစားလဲ? ကိုယ်စားသလို ခွဲစိတ်ပြီး ကပ်ပါ။ ခုတွေ့ရတာတွေကတော့ ငှက်ပျောသီး အဖီးလိုက်၊ ကျွဲကောသီး၊ ပန်းသီး အလုံးလိုက် ဖြစ်နေတွေ့နေရတယ်၊ ဒါတွေဟာ ပြုပြင်သင့်တဲ့အရာတွေပါ။

## အပါယ်လေးပါး လွတ်မြောက်သွား

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ သစ်သီး၊ ခဲဖွယ်လှူခဲ့တဲ့အခါမှစပြီးတော့ အပါယ်လေးပါး မရောက်ရခြင်းဟာ သစ်သီးလှူခဲ့တဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

ဒီတော့ အပါယ်လေးပါး လွတ်ချင်ရင်လည်း သစ်သီး ခဲဖွယ် လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ၁၃ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ ဗိုလ်ပါ အင်အား အလွန်များတဲ့ "ဣန္ဒသမ" မည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ရှေးအခါမှာ တိဿဘုရားကို
စိတ်လှုတွေထား သစ်သီးလှူ။

* အုန်းသီးလည်းပါ ခဲဖွယ်များကို
လေးလေးစားစား ကောင်းစွာလှူ။

* လိုရှိကာမှာ အကုန်ရလို့
ဝမ်းမြောက်နှစ်ခြိုက် ပြည့်စုံသူ။

* အပါယ်ဘေးတွေ ကင်းစင်ဝေးရ
မင်းမြတ်စကြ ဖြစ်ရသူ။

* နောက်ဆုံးတော့လေ ရဟန္တာဖြစ်ရ
သေချာစစ်က သစ်သီးလှူ။

"လိုရာပြည့်ဝ+ဝမ်းမြောက်ရ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဗီဇနီဝဂ်၊ ဝဠဒီဝကတ္ထေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# "ယူဇနာတစ်ရာ ဝေးသော်လည်း"
## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ယုံကြည်ဖြောင့်မတ် + ပုဂ္ဂိုလ်မြတ်

ဒီပင္ကဒီပကမထေရ်အလောင်း သူတော်ကောင်းဟာ သတ္တဝါအားလုံးကို အစဉ်သနားတော်မူတတ်တဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့ တရားတော်မှာ ယုံကြည်သူ၊ ဖြောင့်မတ်တဲ့ အယူရှိသူဖြစ်ခဲ့တယ်။

ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ရတာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရလို့ ဖြစ်တာနော်။

(မှန်လှပါ ဘုရား)

### မှာချင်တယ် ဒီစကား

ဒါကြောင့် မှာချင်တာက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာမပျင်းပါနဲ့လို့ မှာချင်တာပါပဲ။

### ကံ ကံကျိုးယုံ+သူလှူပုံ

လူတွေဟာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတယ်။ သူမြင်ရတော့ သူ

လည်းပဲ ကိုယ်တိုင်ကိုယ်ကျ အဲဒီထင်းရှူးဖောခိပင်ကို ခြံရံပြီးတော့ ဆီမီးအလှူ ပေးလှူခဲ့တယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီးတော့ ဆီမီးတွေကို ညှိထွန်းပူဇော် ခဲ့တယ်တဲ့။

## • သူပေးလှူတာ + နည်းယူပါ

ဒီနေရာမှာ သူ့ရဲ့လှူပုံလေးကို နည်းယူမှတ်သားသင့်တယ်။ ကံ ကံရဲ့အကျိုး ကို ယုံကြည်ပြီးတော့ လှူတယ်ဆိုတဲ့ လှူနည်းနော်။

(မှန်လှပါ ဘုရား)

## ကုသိုလ်ဖြစ်ဖို့လို

လှူနေချိန်လေးမှာ ကံ ကံရဲ့အကျိုးကို သိမြင်ပြီးတော့ ဉာဏ်နဲ့လှူရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အကောင်းဟိတ်သုံးပါး ပါဝင်သွားတဲ့အတွက် 'တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါန' ဖြစ်သွားတယ်။

တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါနဖြစ်တော့ ဘာဖြစ်လဲ။ ဘဝတိုင်း ပညာ တော်မယ်၊ ပညာကျော်မယ်၊ ပညာနဲ့ပတ်သက်ရင် ပေါ်လွင်ထင်ရှားမယ်၊ ပညာ ကြီးမယ်၊ သတ်မှတ်ထားတဲ့ လောကီ လောကုတ္တရာကိစ္စကြီးငယ် အသွယ်သွယ်တွေ အောင်မြင်ပြီးမြောက် ခရီးရောက်မယ်။

ကံ ကံရဲ့အကျိုးကို မသိမမြင်ရင်တော့ အလောဘ၊ အဒေါသဆိုတဲ့ ဟိတ် ကောင်း နှစ်ပါးသာ ပါဝင်တဲ့အတွက် ဒွိဟိတ်ကုသိုလ်၊ ဒွိဟိတ်ဒါန ဖြစ်သွားတယ်။

ဒီတော့ ဘယ်ကုသိုလ်ကိုပဲလုပ်လုပ် တိဟိတ်ကုသိုလ်ဖြစ်အောင် လုပ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* ကုသိုလ်ပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။

* ကုသိုလ်ပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။

## ကောင်းကင်မှာဆောင် ဆီမီးရောင်

သူဟာ နတ် လူဘဝ၊ ဖြစ်လေရာမှာ ကောင်းကင်မှာ ဆီမီးရောင်ကို ဆောင်နိုင်တယ်။ ဒီကောင်းကျိုးဟာ ဆီမီးလှူခဲ့တဲ့ ကောင်းကျိုးကြောင့်ပဲဖြစ်တယ်။

## ယူဇနာတစ်ရာ ဝေးသော်လည်း

နောက်ပြီးတော့ နံရံတစ်ဖက်၊ ကျောက်တောင်တစ်ဖက်၊ မြေတောင်တွေကို ကျော်လွန်ပြီးတော့ သူဟာ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒီတော့ ဆီမီးအလှူဟာ ယူဇနာတစ်ရာဝေးသော်လည်း အဲဒီယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားက ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားပါဘုရား)

ဒီတော့ ဆီမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီးစတဲ့ မီးအလှူတွေသာ လှူထားရင် ယူဇနာတစ်ရာလောက် ဝေးပါစေ၊ ယူဇနာတစ်ရာလောက်တော့ အေးအေးဆေးဆေး မြင်နိုင်ပါတယ်။

## နိဗ္ဗာန်ရောက်ပြန် ကံကြွင်းကျန်

သူဟာ ကြွင်းကျန်တဲ့ကံကြောင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ရပါတယ်။ ခြေနှစ်ချောင်းရှိသူ လူတွေကို အစိုးရတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အဆုံးဖြစ်တဲ့ကိုယ်ကို ဆောင်ရပါတယ်။

## မင်းမြတ်စကြာ ဖြစ်ရရှာ

၁၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တန်ခိုး အမျိုးမျိုးရှိတဲ့ "သတစက္ခု" လို့ တူတဲ့အမည်ရှိတဲ့ စကြာဝတေးမင်း ဖြစ်ခဲ့ဖူးပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## ကောင်းကျိုးပိုင်ပိုင် ရရှိနိုင်

ဒီနေ့ ဆီမီး ၁၀၀၀ ပူဇော်နေကြတဲ့ ဦး (   ) ဒေါ် (   ) မိသားစုတို့လည်း ဒီမထေရ်ရတဲ့ ကောင်းကျိုးတွေ ရရှိနိုင်ပါတယ်လို့ အသိဉာဏ်ပေးခဲ့ပါတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ပဒုမုတ္တရာမြတ်ဘုရား၏
ထင်းရှူးဗောဓိ ဆီမီးလှူ။

* လူ နတ် ဖြစ်ရာ ကောင်းကင်ကြီး၌
ဆီမီးရောင်ကြီး ဆောင်နိုင်သူ။

* ယူဇနာတွေ တစ်ရာဝေးလည်း
အေးအေးဆေးဆေး မြင်နိုင်သူ။

* နိဗ္ဗာန်ရောက်ကာ စကြာဖြစ်လို့
ရဟန္တာစစ် ဖြစ်တော်မူ။

* ဆီမီးတွေလှူ သူ့အကြောင်းကို
ကဗျာကောင်းတွေး ရေးစပ်ယူ။

(မှတ်တော်မူ)၂

"ယူဇနာတစ်ရာဝေးသော်လည်း" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သကဥသာမွင္ဝထေယ်၊ ဝေခမ္မသာဝနိယ ထွေရအာပဒါန်ကို ထန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “မမြဲတစ်ခု+အမြဲရှု”

## တရားတော်

ဒီနေ့ ဓမ္မပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က ''မမြဲတစ်ခု+အမြဲရှု တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('မမြဲတစ်ခု+အမြဲရှု' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### သစ္စာဟောကာ ကယ်တင်ရှာ

တရားအားလုံးကို တစ်ဖက်ကမ်းရောက် သိမြင်တော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရှင်ဟာ သစ္စာလေးပါး တရားတော်ကို ဟောပြတော်မူကာ လူတွေကို ကယ်တင်တော်မူတယ်။

### သစ္စာဟောပြ မြတ်ဗုဒ္ဓ

ပရိသတ်ရေ၊ ဘုရား ဘာတရားဟော?

(သစ္စာလေးပါး တရားဟောပါတယ် ဘုရား)

သစ္စာလေးပါး တရားဟောပြီးတော့ ကင်တယ်တော်မူတယ်နော်။

(မှန်လှပါ ဘုရား)

### လယ်တီသစ္စာလေးပါး+လင်္ကာ

ဒီနေရာမှာ လယ်တီဆရာတော်ကြီးရဲ့ သစ္စာလေးပါးဆိုင်ရာ လင်္ကာလေးတွေကို အာရုံပြုကြည့်ကြရအောင်။

"အဓွန့်ရှည်ကြာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆိုလေ"တဲ့။

သံသရာအဓွန့်ခရီး ဘယ်လောက်ကြီးပဲကြာကြာ မဟာကပ်ပေါင်း အသင်္ချေအနန္တ ကြာချင်တိုင်း ကြာပါစေ၊ တစ်ခါတလေမှ သူ့ရဲ့ ပီဠနတ္ထ=အကျဉ်းအကျပ်နှိပ်စက်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ သင်္ခတဋ္ဌ= အမြဲမပြတ် ပြုပြင်အပ်တဲ့ ဒုက္ခသဘောရှိတယ်။ သန္တာပဋ္ဌ= ကြောင့်ကြစိုက်ရေး လွန်ရှုပ်ထွေးပြီး အေးခွင့်မရပူပန်ရတဲ့ ဒုက္ခသဘောရှိတယ်။ ဝိပရိဏာမဋ္ဌ= နှစ်မြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ ဒီလေးချက်ကို ဒုက္ခသစ္စာရဲ့ အနက်လေးချက်လို့ ခေါ်တယ်။ အဲဒီဒုက္ခအချက် အနက်လေးပါးနဲ့ ဖြစ်ကြမြဲဓမ္မတာဟာ ဘယ်တော့မှ ပြောင်းမဖြစ်ဘူး။ ဒါကို သစ္စာလို့ ဆိုတာနော်။

(မှန်လှပါ ဘုရား)

"ထိုသစ္စာကား၊ လေးထွေပြားပေ၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

* ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။

  (သူသူငါငါ သတ္တဝါတွေ ရထားတဲ့ လောကီခန္ဓာငါးပါးကို ဒုက္ခသစ္စာခေါ် တယ်။)

* ထိုဒုက္ခပေါင်း ပွားကြောင်းအမူ၊ လောဘစုမှု၊ သမုဒယ၊ အမည်ရ၏။

  (လောဘခေါ်တဲ့ တဏှာ၊ အဲဒီတဏှာတွေဟာ ဒုက္ခတွေ ပွားဖို့ရန်အတွက်၊ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာလို့ ခေါ်တယ်။)

* လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းသိသည်၊ သန္တိသဘော၊ အဆင်ချောကို၊ နိရောဓဟူ။

  (လောဘခပ်သိမ်း အကြွင်းမရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။)

* ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို မဂ္ဂခေါ်၏။

  (သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်တဲ့အမြင်ကို မြင်ခြင်း၊
  သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံကို ကြံခြင်း၊
  သမ္မာဝါစာ၊ ကောင်းမြတ်တဲ့စကားကို ပြောခြင်း၊
  သမ္မာကမ္မန္တ၊ ကောင်းမြတ်တဲ့အလုပ်ကို ပြုလုပ်ခြင်း၊
  သမ္မာအာဇီဝ၊ ကောင်းမြတ်တဲ့ အသက်မွေးခြင်း၊
  သမ္မာဝါယမ၊ ကောင်းမြတ်တဲ့ အလုပ်ကို အားထုတ်ခြင်း၊

သမ္မာသတိ၊ ကောင်းမြတ်တဲ့တရား၌ မမေ့မလျော့ခြင်း။

သမ္မာသမာဓိ၊ ကောင်းမြတ်တဲ့အာရုံ၌ တည်ကြည်ခြင်း

ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တယ်။)

## ကောင်းကင်မှာသွား+ရသေ့တစ်ပါး

အဲဒီလို ပဒုမုတ္တရာမြတ်စွာဘုရားဟာ သစ္စာလေးပါး တရားဟောပြီးတော့ လူတွေကို ကယ်တင်တဲ့အခါမှာ ဒီ "မွေ့သဝနိယမထေရ်အလောင်း" သူတော်ကောင်းဟာ တန်ခိုးရှိတဲ့ရသေ့ဖြစ်နေတယ်။ လျှော်တေသက်န်းကို ခါပြီးတော့ ကောင်းကင်မှာ သွားနေတယ်။

## ငှက်ကျောက်တောင်မှာ သွားကာ မရ

သူဟာ ဘုရားမြတ်ရဲ့အထက်မှာ မသွားဝံ့တော့ပါဘူး။ ငှက်ဟာ ကျောက်တောင်ကို ရောက်တဲ့အခါမှာ သွားခွင့်မရသလိုပါပဲ။ သူဟာ သွားခွင့်မရတော့ပါဘူး။ မသွားရဲ့တော့ပါဘူး။

## မဖြစ်စဖူး+အဖြစ်ထူး

ရေမှာ သက်ဆင်းပြီး သွားရသလို ကောင်းကင်မှာသွားရတယ်၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်တဲ့ ဒီအကြောင်းဟာ ရှေးတုန်းက မဖြစ်ဖူးပါဘူးတဲ့။

## အကြောင်းကိုရှာ ကျိုးရမှာ

သူဟာ ယခုအခါမှာ အဲဒီအကြောင်းကို ရှာတော့မယ်တဲ့။ အကျိုးကို ရနိုင်လောက်ပါတယ်လို့ ကြံပြီးတော့ ကောင်းကင်မှ ဆင်းသက်လိုက်တယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့အသံတော်ကို ကြားနာရတယ်။

## မမြဲဟောပြ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ နှစ်သက်ဖွယ်၊ နာပျော်ဖွယ်ကောင်းအောင် သာယာတဲ့ အသံနဲ့ မမြဲခြင်း အနိစ္စတရားကို ဟောတော်မူနေပါတယ်။

ဘာတရားဟောနေ?

(မမြဲခြင်းအနိစ္စတရားကို ဟောနေပါတယ် ဘုရား)

ဘာသံနဲ့ ဟောနေ?

(သာယာတဲ့အသံနဲ့ ဟောနေပါတယ် ဘုရား)

## အသံတော်ရှစ်ပါး မြတ်ဘုရား

ဒီနေရာလေးမှာ မြတ်စွာဘုရားရဲ့ အသံတော်ရှစ်ပါး ပြောပြချင်ပါတယ်။

* သန့်ရှင်းစင်ကြယ်ခြင်း။
* သာယာခြင်း။
* သိသာခြင်း (သိလွယ်ခြင်း)၊
* နာချင်ဖွယ်ရှိခြင်း။
* ပြန့်နှံ့ခြင်း။
* တစ်စည်းတစ်လုံးတည်းရှိခြင်း။
* နက်နဲခြင်း။
* ပဲ့တင်ထပ်ခြင်းတို့ပဲ ဖြစ်တယ်။ (မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၇၀)

## မမြဲတာကယ် နာချင်ဖွယ်

သာယာတဲ့အသံနဲ့ ဟောတဲ့ မမြဲခြင်းအနိစ္စတရားတော်ဟာ နှစ်သက်ဖွယ်၊ နာချင်ဖွယ်ကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ တရားပဲဟောဟော၊ စကားပဲပြောပြော သာယာတဲ့အသံဖြစ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု သင်ယူ၅

သာယာတဲ့အသံနဲ့ မမြဲတရားကို ဟောကြားတော်မူနေတဲ့ မြတ်စွာဘုရားရဲ့ အထံမှာ သူဟာ အနိစ္စဆိုတဲ့ မမြဲခြင်းတရားကိုပဲ သင်ယူခဲ့ပါတယ်။

ဘာတရား သင်ယူ?

(အနိစ္စတရားပါ ဘုရား)

## မမြဲသင်ယူ ပြန်လာသူ

မမြဲခြင်းအနိစ္စသညာကို သင်ယူပြီးတော့ သူဟာ သူ့ရဲ့သခ်ႋးကျောင်းဆီ ပြန်သွားခဲ့တယ်။ (ပြန်လာခဲ့တယ်) သူ အမြဲပွားနေတာဟာ မမြဲခြင်းအနိစ္စတရားပဲ ဖြစ်တယ်။

## မမြဲတစ်ခု အမြဲရှု

ဒီကောမှေသနိယမထေရ်အလောင်း သူတော်ကောင်းလေး အမြဲတမ်းရှုပွားတဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲခြင်းတရားပါ ဘုရား)

ဒီတော့ သူရော ကိုယ်ပါ သတ္တဝါတွေ တကယ်အမြဲရှုရမယ့်တရားဟာ ''မမြဲခြင်း''ဆိုတဲ့ တရားတစ်ခုပဲဆိုတာ တွေ့ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှု တရားပါ ဘုရား)

သူဟာ ဒီ ''မမြဲခြင်း'' တရားလေးတစ်ခုထဲကိုပဲ အမြဲရှုပွားနေတယ်နော်။

(မှန်လှပါ ဘုရား)

သက်မဲ့ကိုပဲကြည့်ကြည့်၊ သက်ရှိကိုပဲကြည့်ကြည့် မြဲတာ ဘာတွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့လည်း? (မမြဲပါ ဘုရား)

သက်ရှိလည်း? (မမြဲပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* သက်မဲ့လည်း မြဲ၊ သက်ရှိမြဲ၊ တွေ့လည်း မတွေ့ပါ။
* သက်မဲ့ မမြဲ၊ သက်ရှိလည်း၊ မမြဲတွေ့ရတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ပွားပြုသူနေရှာ။

## မမြဲတစ်ခု အောက်မေ့မှု

သူဟာ သူ့ရဲ့သခ်မ်းကျောင်းဆီ ပြန်လာပြီး မမြဲခြင်းတရားကိုပဲ အမြဲရှုပွားနေတယ်။ အဲဒီမမြဲခြင်းတရားကိုပဲ အသက်ထက်ဆုံး အမြဲရှုပွားပြီး သေဆုံးခဲ့တယ်။ မမြဲခြင်းပဲ ရှုနေတယ်။ မမြဲခြင်းပဲ ရှုပွားရင်း သေဆုံးတယ်နော်။

(မှန်လှပါ ဘုရား)

နောက်ဆုံး သေခါနီးတော့လည်း ကြားနာခဲ့ရတဲ့ မမြဲခြင်းဆိုတဲ့ သူတော်ကောင်း တရားကို အောက်မေ့အမှတ်ရနေပါတယ်။

## ကောင်းတဲ့နေခြင်း ကောင်းတဲ့သေခြင်း

ဒီတော့ မမြဲတဲ့အနိစ္စတရားကို အမြဲရှုပွားနေတာဟာ ကောင်းတဲ့နေခြင်း။

မမြဲတဲ့ အနိစ္စတရားကို အမြဲရှုပွား အမှတ်ရပြီး သေတာဟာ ကောင်းတဲ့သေခြင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတာကြုံ စိတ်မတုန်

ဒကာ ဒကာမတွေကို သတိပေးချင်တာ မှာချင်တာကတော့ မမြဲခြင်း အနိစ္စတရားတစ်ခုထဲကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေပါလို့ သတိပေးချင်၊ မှာချင်တာပါပဲ။ အဲဒီလိုနေတော့ ဘာဖြစ်လဲ။ သက်မဲ့ သက်ရှိ ပျက်စီးတာတွေ၊ မမြဲတာတွေ တွေ့ကြုံရတော့ ခုလို ပျက်စီးတာ၊ မမြဲတာတွေ တွေ့ကြုံရတာ ဘာဆန်းလဲ၊ မတွေ့ကြုံရရင်သာ ဆန်းတာ၊ ထူးတာ။ ဒီမမြဲခြင်းတရားသဘောကို ငါကြိုပြီးတော့ ဆင်ခြင်နှလုံးသွင်းထားတာပဲဆိုပြီးတော့ ဖြေဆည်ရာ၊ သက်သာရာရတယ်။ မမြဲတာတွေ တွေ့ရကြုံရ ဘုံဘဝမှာ စိတ်မကုန်တော့ဘူး။ စိတ်မဖြုန်တော့ဘူးပေါ့။

## တရားခေါ်တာ ဒီလိုပါ

အဲဒီလို လူတွေကို သက်သာရာရအောင် စွမ်းဆောင်ပေးနိုင်တဲ့အတွက်ကြောင့် ဓမ္မ (တရား) လို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အပူပေါလှတဲ့ လူ့လောကမှာ အပူတွေကင်းပျောက် အအေးဓာတ်တွေ ရွှင်းရွှင်းလင်းလင်းကြီးရောက်အောင် ထွေးမတ်လို့ပေးနိုင်တာဟာ အခြားမရှိ၊ တရားပဲရှိတယ်နော်။

(မှန်လှပါ ဘုရား)

## တာဝတိံသာ ရောက်ရရှာ

သူဟာ ကောင်းစွာပြုလုပ်ခဲ့တဲ့ မမြဲခြင်း ပွားများမှု ကောင်းမှုကံနဲ့ စေတနာ တောင့်တမှုကြောင့် လူ့ခန္ဓာကိုယ်ကို စွန့်ရတဲ့အခါမှာ တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

## နတ်ပြည်ပျော်ရ သူ့ဘဝ

နောက်ပြီးတော့ ကမ္ဘာ ၃၀၀၀၀ ပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရတယ်။ နတ်မင်း ၅၁ ကြိမ် ဖြစ်ရတယ်။

## မင်းမြတ်စကြာ ကြိမ်များစွာ

စကြာဝတေးမင်း ၂၁ ကြိမ် ဖြစ်ရတယ်။ ပြန့်ပြောတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။

## ဖြစ်ရာဘဝ ချမ်းသာရ

နောက်ပြီးတော့ သူဟာ ဘဝကြီးငယ်အသွယ်သွယ်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူဖြစ်ရတယ်။ သူကိုယ်တိုင် ပြုတဲ့ ကောင်းမှုရဲ့အကျိုးကို ခံစားရတယ်။

## မမြဲတရား အမြဲပွား

ဘဝကြီးငယ် အသွယ်သွယ် ကျင်လည်ရတဲ့အခါမှာလည်း မမြဲခြင်းအနိစ္စ သညာကိုပဲ အောက်မေ့ပွားများနေတယ်။ သူဟာ ဘဝရဲ့အဆုံးဖြစ်တဲ့ စုတေခြင်း ကင်းတဲ့ ပညာရှိတွေရောက်အပ်တဲ့ နိဗ္ဗာန်ကိုတော့ ထိုးထွင်းပြီး မသိသေးပါဘူးတဲ့။

## မမြဲဟောဖော် + ရဟန်းတော်

တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်မှာ လူလာဖြစ်တဲ့အခါ တစ်နေ့တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါး လုံခြုံအောင် ပွားများပြီးတဲ့ ရဟန်းတော်တစ်ပါးဟာ သူ့ဖခင်အိမ်မှာ ကြွရောက်ထိုင်နေတော်မူ ပါတယ်။ ပြီးတော့ တရားစကား ဟောပြပါတယ်။ တိုက်ဆိုင်တာကတော့ အဲဒီ ရဟန်းတော် ဟောပြောတဲ့တရားတော်ဟာ မမြဲခြင်းအနိစ္စတရားဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီရဟန်းတော်ဟာ မမြဲခြင်းအနိစ္စတရားကိုပဲ ထုတ်ဆောင်ဟော ပြောနေပါတယ်။ သူ့အတွက်ကတော့ ဒီမမြဲခြင်းတရားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေပါတယ်။ မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲရှုပွားဖို့ ဟောပြောနေပါတယ်။ ဒီနေရာလေးကြည့်ပြီးတော့လည်း မမြဲခြင်းတရားတစ်ခုဆိုတာ အမြဲရှုရမယ့်တရား ဖြစ်နေတာကို တွေ့ရပါတယ်။

## မမြဲမှန်လှ + သစ္စာ

သင်္ခါရတရားတွေဟာ တကယ်တော့ ဘာမှအမြဲမရှိကြပါဘူး။ ပရိသတ်ရေ ဘာမြဲတာ တွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့ သက်ရှိအားလုံး နောက်ဆုံးတော့ ဘာနဲ့နိဂုံးချုပ်လဲ?

(မမြဲခြင်းနဲ့ပဲ နိဂုံးချုပ်ပါတယ် ဘုရား)

ဖြစ်ပြီးရင် ပျက်စီးတဲ့သဘောပဲ ရှိကြတယ်။ ဒါကြောင့် ဖြစ်ပျက်၊ ဖြစ်ပျက် လို့ ပြောနေကြတာနော်။

(မှန်လှပါ ဘုရား)

ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ သင်္ခါရ တရားတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကတော့ တကယ် ချမ်းသာတဲ့ တရားဖြစ်တယ်လို့ ဟောပြောတော်မူပါတယ်။

## မမြဲလင်္ကာ+မှတ်စရာ

ကဲ– လင်္ကာကဗျာလေးတွေ လိုက်ဆို။

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ ဘာမှမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဖြစ်ကြပျက်ကြမှာ။
* ရုပ်နာမ်ဓမ္မ၊ ဖြစ်ပြီးက၊ မုချချုပ်ပျောက်မှာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ချုပ်မှ အေးမှာပါ။
* သင်္ခါရချုပ်၊ နိဗ္ဗာန်ဟုတ်၊ မရှုပ်အေးချမ်းသာ။

## မမြဲကြားနာ ရဟန္တာဖြစ်

သူဟာ အဲဒီတရားဂါထာလေးကို နာကြားလိုက်ရတာနဲ့တစ်ပြိုင်နက် ရှေးက ပြုခဲ့တဲ့ ကောင်းမှုကံကို အမှတ်ရခဲ့တယ်။ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။

## မမြဲရှုနေ ပေါ်လွင်ပေ

တော်တော်အံ့ဩစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

သူ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေလို့ ဖြစ်တယ်ဆိုတာ ပေါ်လွင်မနေဘူးလား။

(ပေါ်လွင်နေပါတယ် ဘုရား)

## တရားအမည် ပေါ်နေပြီ

ဒီတော့ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမြဲရှုရမယ့် တရားက ဘာတရားပါလိမ့်?

(မမြဲခြင်းတရားပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှ တရားပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

## မမြဲဘူးသိ ဝိပဿနာ

သခ်ါရတရားတွေရဲ့အပေါ်မှာ မမြဲဘူးလို့ သိတာ၊ ကြည့်တာ၊ ပွားများတာဟာ ဝိပဿနာပါပဲ။ ဝိပဿနာဆိုတာ မမြဲဘူးလို့ အထူးသိတာ၊ အထူးကြည့်တာ၊ အထူးပွားများနေတာနော်။

(မှန်လှပါ ဘုရား)

## ခုနစ်နှစ်မှာ ရဟန္တာ

သူဟာ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ အရဟတ္တဖိုလ်ကို ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။ ခုနစ်နှစ်သား ရဟန္တာပါပဲ။ စကျေငါးပါးပိုင်ရှင် မြတ်စွာဘုရားဟာ သူ့ရဲ့ဂုဏ်ကို သိပြီးတော့ ရဟန်းပြုပေးတော်မူပါတယ်။ အဲဒီလို ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ နာကြားရတဲ့ကောင်းကျိုးပဲ ဖြစ်တယ်။

## ရဟန္တာဖြစ်ကြောင်း တရားကောင်း

ဒီတော့ ဒကာ ဒကာမတွေ တရားနာတဲ့အခါမှာလည်း မမြဲတရားတော်တွေကို နာကြားရမယ်ဆိုတာ ပေါ်လွင်နေတယ်နော်။

(မှန်လှပါ ဘုရား)

"မမြဲတရားနာ၊ မမြဲတရားပွား။ အဲဒါ ရဟန္တာဖြစ်ကြောင်းတရား"လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု + အမြဲရှ

ဒီတော့ ဒကာ ဒကာမတွေ အမြဲတစ်ခု ဘယ်လိုရှုမယ်?

(အမြဲရှုမှာပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေကို ဝိပဿနာတရားအနေနဲ့ အသိဉာဏ်ပေးနေတဲ့ တရားက ဘာတရားတဲ့လဲ?

(မပြတ်စခု အမြဲရှုတရားပါ ဘုရား)

## ပေါ်တာမပြ+ရှုအမြဲ

ဘုန်းကြီးတို့က တရားတွေ အများကြီးရှုနိုင်းတာလား၊ တစ်ခုပဲရှုနိုင်းတာ လား?

(တစ်ခုထဲပဲ ရှုနိုင်းတာပါ ဘုရား)

ဘာပေါ်ပေါ် ပေါ်လာတဲ့အားလုံး "မပြခြင်း"တစ်ခုပဲ ရှုနိုင်းနေတာနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆို။

* ပေါ်လာသမျှ၊ အနိစ္စ၊ ရှုကြဲ မမြဲတာ။
* ပေါ်တာတစ်ခု၊ သတိပြု၊ ကြည့်ရှု မမြဲတာ။
* ပေါ်တာတစ်ခု၊ အသိရှု၊ ကြည့်ရှု မမြဲတာ။
* ပေါ်သမျှလည်း၊ ဖြစ်ပျက်ပဲ၊ ရှုမြဲ အနိစ္စာ။
* ကိုယ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* ကောင်းဆိုး လတ်ဝေ၊ ပေါ်တာတွေ၊ ရှုနေ မမြဲတာ။
* စိတ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* သဘောတရား၊ ပေါ်လာငြား၊ ရှုပွား မမြဲတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဖြစ်မှု ရဟန္တာ။
* မမြဲတရား၊ အသည်းကြား၊ အမြဲထားရမှာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ယခု နောင်အခါ။
* မမြဲရှုပြန်၊ မမြဲဒဏ်၊ တွေ့ပြန်ခံနိုင်မှာ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မတုန်ပါ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မဖြုန်ပါ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဟောပြပေးနေတာ။
* သက်မဲ့ သက်ရှိ၊ မမြဲသိ၊ ရှုကြည့် စွဲမြဲစွာ။
* မမြဲတရား၊ သူနာကြား၊ ဖြစ်သွားရဟန္တာ။

## အပါယ်ဘေးမှ ကွယ်ဝေးရ

ဒီဘဒ္ဒကမ္ဘာတစ်သိန်းထက်မှာ မမြဲခြင်းတရားတော်ကို နာခဲ့ရတဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတယ်ဆိုတာ မသိဖူးပါဘူးတဲ့။ အဲဒီလို အပါယ်လေးပါး ကင်းဝေးသွားရတာဟာ မမြဲခြင်းတရား နာကြားရတဲ့ ကောင်းကျိုးပဲ ဖြစ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မမြဲတစ်ခု၊ နာကြားပြု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတရား၊ သူနာကြား၊ ဝေးသွားပါယ်လေးရွာ။
* မမြဲတရား၊ သူနာကြား၊ ရှုပွားပါယ်လွတ်တာ။

## ကိလေသာတွေ+လောင်ကျွမ်းစေ

သူဟာ ကိလေသာတွေကို ရှို့မြှိုက်လောင်ကျွမ်းစေအဝ်ပြီးတဲ့ ဘဝအားလုံးကို ပယ်နုတ်ပြီးပြီတဲ့။ ဆင်ပြောင်ကြီးဟာ အနှောင်အဖွဲ့ကို ဖြတ်ပြီးနေသလို သူဟာ အသဝမရှိဘဲ နေရတယ်တဲ့။

## ကောင်းသောလာခြင်း+သူလာခြင်း

သူ့ရဲ့လာခြင်းဟာ တကယ်တော့ ကောင်းတဲ့လာခြင်းဖြစ်တယ်တဲ့။ သူဟာ မြတ်စွာဘုရားထံတော်မှာ ဝိဇ္ဇာသုံးပါးကိုရပြီးပြီတဲ့။ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်သွားတယ်တဲ့။

## သူ့ရဲ့ဘွဲ့တော် ဒီလိုခေါ်

သူ့ရဲ့ဘွဲ့တော်ကတော့ မမြဲခြင်းတရားတစ်ခုတည်းကိုပဲ နာကြားရှုပွားကာ ရဟန္တာဖြစ်သူလို့ အဓိပ္ပာယ်ရတဲ့ ''ဧကဓမ္မသဝနိယမထေရ်''လို့ ခေါ်တယ်နော်။ (မှန်လှပါ ဘုရား)

## တရားနိဂုံး အဆုံးပတ္တနာ

တရားနာပရိသတ်အားလုံး မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲနာကြား နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်ကာ ရဟန္တာဖြစ်ကြပါစေ။

### မပြတ်စခု အမြဲရှ ကဗျာလင်္ကာများ

* ပဒုမုတ္တရာမြတ်ဘုရားက
သစ္စာတရား ဟောပြနေ။
(သစ္စာလေးပါး ဟောပြနေ)
* လူအပေါင်းကို နေ့နေ့ ညည
ပြည့်ပြည့်ဝဝ ကယ်တင်နေ။
* တန်ခိုးရှိသူ ရသေ့တစ်ပါး
ကောင်းကင်မှာသွား၊ ဝတ်လျှော်တေ။
* ဘုရားထက်မှာ သွားမရတော့
ကောင်းကင်မှဆင်း ကြောင်းရှာဖွေ။
* အကျိုးကောင်းတွေ ရမှာပဲဟု
သူရင်မှာစွဲ ထင်မိပေ။
* ကောင်းကင်မှသာ ဆင်းလာငြားက
မြတ်ဘုရားသံ ကြားရပေ။
* နှစ်သက်နာဖွယ် တကယ်ကောင်းတဲ့
သာယာသံနဲ့ ဟောပြနေ။
* အနိစ္စခေါ် တရားမြတ်ကို
ဘုရားမပြတ် ဟောပြနေ။
* ဘုရားထံမှာ အနိစ္စတရားကို
စိတ်ကထူးခြား၊ သင်ယူနေ။
* မမြဲသညာ သင်ယူပြီးတော့
သခ်မ်းကျောင်းကြီး ပြန်ခဲ့ပေ။
* သခ်မ်းကျောင်းမှာ မမြဲတရားကို
အမြဲရှုပွား ဆင်ခြင်နေ။
* သေခါနီးမှာ ကြားနာခဲ့ရ
မမြဲမှု အောက်မေ့နေ။

* ကောင်းမှုကံပါ စေတနာစုနဲ့
တောင့်တမှုကြောင့် သေတော့လေ။
* တာဝတိံသာ နတ်ရွာရောက်ရ
မဖြစ်မွ အစွမ်းပေ။
* သုံးသောင်းကမ္ဘာ နတ်ပြည်မွေ့ရ
ငါးတစ်ကြိမ်က နတ်မင်းပေ။
* နှစ်တစ်ကြိမ်မှာ စကြာဖြစ်ရ
တွက်ကာစစ်က များလှပေ။
* ပဒေသရာဇာ ရေမရလို့
သေချာပြသ များလှပေ။
* ဘဝကြီးငယ် ချမ်းသာပြီးတော့
ကောင်းမှုကျိုးကြီး ခံစားနေ။
* ဘဝကြီးငယ် ကျင်လည်ရလည်း
အနိစ္စပဲ အောက်မေ့နေ။
* ပညာရှိတွေ သိအပ်ငြားတဲ့
တရားနိဗ္ဗာန် မသိပေ။
* တစ်နေ့သောခါ ပွားများပြီးသည့်
ဉာဏ်ရှိ ရဟန်းလေ။
* မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို
သေချာပွားနိုင် ရဟန်းသေ။
* အဖအိမ်မှာ ကြွလာတုန်းပေါ့
သာယာသံသုံး တရားဝေ။
* သူ့တရားဟာ ဘာတရားလဲ
သေချာနားစိုက် နာတော့လေ။
* မမြဲခြင်းကို ဟောဖော်ပြသ
အနိစ္စတရား ဖြစ်လို့နေ။
* ရုပ်နာမ်မွှော သင်္ခါရတို့
သေချာမှတ်ကြ မမြဲပေ။
* ဖြစ်ပြီးပျက်ဟန် သဘောများကို
သေချာစဉ်းစား မိပါစေ။

* ဖြစ်ပြီး ချုပ်ပြန် သဘာဝကို
မကြာခဏ ရှုပါလေ။
* သင်္ခါရတွေ တကယ်ချုပ်တဲ့
နိဗ္ဗာန်အဟုတ် အေးချမ်းပေ။
* အဲဒီဂါထာ ကဗျာတရားကို
နာကာ ကြားရ ခဏလေ။
* ရှေးက သညာ အောက်မေ့ပွားတော့
ရဟန္တာတစ်ပါး ဖြစ်ရပေ။
* ခုနစ်နှစ်မှာ ရဟန္တာဖြစ်ရ
မမြဲမှု စွမ်းအားပေ။
* လေးပါးအပါယ် ဝေးကွယ်သွားရ
မမြဲမှာ စွမ်းအားပေ။
* မမြဲမှာ တစ်ခုတရားကို
အမြဲရှုပွား အမြဲနေ။
* အနေကောင်းကာ အသေလှလို့
နိဗ္ဗာန်ပြည်မှ ရောက်နိုင်ပေ။
* ကေမမှာသံဝေနိယ
မထေရ်ရတဲ့ ကောင်းကျိုးတွေ။
* အမြဲသိကာ မမြဲတစ်ခုကို
မမြဲရှုပွား အမြဲနေ။
* မမြဲရှုလျှင် မမြဲတာများကို
တွေ့ကြုံငြားက မတုန်ပေ။
(မဖြုန်ပေ)၂
ကဗျာကောင်းတွေး ရေးစပ်ယူ။
(မှတ်တော်မူ)၂

"မမြဲတစ်ခု အမြဲရှု" တရားတော် ပြီးပြီ။

ဓမ္မတနင်္ဂဟာယ်၊ ထေရုပ္ပဒါနပါဠိတော်၊ ဓီဇဝင်၊ သပရိဂ်ထေရာသန

ထွေထွေနာဝဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကောင်းကျိုးသီးမှာ မလွဲပါ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ကျောင်းအလှူ ဆွမ်းအလှူ ပွဲမှာ ဟောကြားမည့်တရားတော်က "ကောင်းကျိုးသီးမှာ-မလွဲပါ" တရားတော်တဲ့၊

ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားမြတ် ဆွမ်းကပ်တဲ့သူ

သပရိဂ်သနမထေရ်အလောင်း သူတော်ကောင်းဟာ ပဒုမုတ္တရာ မြတ်စွာဘုရားကို ဆွမ်းလှူခဲ့ပါတယ်။ ဘာလှူ?

(ဆွမ်းလှူပါတယ် ဘုရား)

လှူတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ သဒ္ဓါတရားဖြစ်မှ လှူတာနော်။

(မှန်လှပါ ဘုရား)

သူဟာ သဒ္ဓါတရားဖြစ်လာပြီးတော့ သာသနာကို ကြည်ညိုလာတယ်။ ဒါနရဲ့ကောင်းကျိုးပေးမှာကို ယုံကြည်လာတယ်။ အဲဒီလို ယုံကြည်လာတဲ့အတွက် ထူးခြားမွန်မြတ်တဲ့ ဆွမ်းဘောဇဉ်ကို လှူလိုက်ပါတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ရယူရမှာကတော့ ဘာပဲလှူလှူ ထူးတာလေးတွေ ကောင်းတာလေးတွေ ရွေးချယ်ပြီး လှူရမှာပါပဲ။

### ထူးတာကောင်းတာ ရွေးလှူပါ

ဒီတော့ ပြီးပြီးရော လှူရမှာလား။ ထူးတာ ကောင်းတာလေးတွေ ရွေးပြီး လှူရမှာလား?

(ထူးတာ၊ ကောင်းတာလေးတွေ ရွေးလှူရမှာပါ ဘုရား)

အလှူတတ်အောင် ပြောနေတာနော်?

(မှန်လှပါ ဘုရား)

အလှူတတ်မှ အလှူမြတ်ပယ်၊ ဘဝတိုင်း ထူးတဲ့ ကောင်းတဲ့ မြတ်တဲ့ ကောင်းကျိုးတွေ ရမယ်။

## နေရာဟောင်းလေး ကောင်းစေသူ

သူဟာ ဆွမ်းလှူပြီးတော့ ညစ်နွမ်းတဲ့နေရာလေးတွေကို လျှောက်သွားပြီးတော့ စပယ်ပန်း၊ ကြက်ရုန်းပန်းတွေနဲ့ ခြံရံကာ ဖုံးလွှမ်းလိုက်တယ်။ ကြည့်ရှုမကောင်းတဲ့ နေရာဟောင်းလေးတွေကို စေတနာကောင်းလေးထားပြီးတော့ နေရာကောင်းလေး ဖြစ်အောင် ဖန်ဆင်းလိုက်တာပါပဲ။ သူ့ရဲ့မြင်တတ်တဲ့ အမြင်ကောင်းလေးဟာ နည်းယူစရာပါပဲ။ ဘုန်းကြီးတို့ကတော့ ကျောင်းထဲမှာပဲဖြစ်ဖြစ် လမ်းသွားရင်းပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတဲ့ မြက်၊ သစ်ရွက်၊ ဆူးငြောင့်၊ သံတိုသံစ၊ ခဲလုံး ကျောက်စတဲ့ အမှိုက်တွေ တွေ့ရင် သွားရင်းလာရင်း ကုသိုလ်ယူတဲ့သဘောနဲ့ ရှင်းလင်းခဲ့တယ်။ ကျောင်းတိုက်မှာလည်း တပည့်တွေကို အမြဲပြောတဲ့စကားလေးက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတာတွေ တွေ့ရမြင်ရရင် ကြည့်ရှုကောင်းအောင် ပြုပြင်သွားရတယ်၊ အမြင်မကောင်းတာတွေကို အမြင်ကောင်းအောင် လုပ်ရတယ်။ မိမိရဲ့ရုပ်ခန္ဓာကိုယ်ကို အလှပြင် အလှဆင်တတ်ကြသလို အမြင်မကောင်းတာလေးတွေကိုလည်း အမြင်ကောင်းအောင် အလှပြင် အလှဆင်ခဲ့ကြပါလို့ ပြောရပါတယ်။

## ရင်ထဲထည့်ပေး ကဗျာလေးများ

အောက်ပါကဗျာလေးတွေကိုလည်း ရင်ထဲ ထည့်ပေးလိုက်ပါတယ်။

* ကြည့်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။
* မြင်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။
* ကြည့်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။
* မြင်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။
* မိမိကိုယ်ကို၊ အလှပို၊ ပြင်ဆင်သလိုလေ။
* ကြည့်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။
* မြင်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* အမှိုက်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်အမှိုက်တွေ။
* ဆူးငြောင့်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်ဆူးငြောင့်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းအမှိုက်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းဆူးငြောင့်တွေ။

## အစားထိုးတတ်+စိတ်ထားမြတ်

နွမ်းနေရာလေးကို ပန်းနေရာလေးနဲ့ အစားထိုးလိုက်ပါတယ်။ တစ်မျိုးပြောကတော့ ဆွမ်းစားတဲ့နေရာလေးလို့ ဖွင့်ပြတာလည်း ရှိပါတယ်။ အဲဒီအဖွင့်လေးဟာလည်း သဘာဝကျပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆွမ်းစားတဲ့နေရာဆိုတာ ညစ်တတ်ပေတတ်တာကြောင့်ပါပဲ။

နွမ်းနေရာပဲဖွင့်ဖွင့်၊ ဆွမ်းနေရာပဲဖွင့်ဖွင့် သဘာဝကျတာချည်းပါပဲ။

အဲဒီပန်းနေရာမှာ နေတော်မူတဲ့လူတွေထက် အမြတ်ဆုံး ရွှေသွားဖြစ်တော်မူတဲ့ ဖြောင့်မတ်တည်ကြည်တော်မူတဲ့ မြတ်စွာဘုရားဟာ ဆွမ်းအကျိုး (ဆွမ်းအနုမောဒနာ) တရားဟောကြားတော်မူပါတယ်။

ဘာတရားဟော?

(ဆွမ်းအကျိုးတရားပါ ဘုရား)

ကောင်းမြတ်တဲ့လယ်မှာ မျိုးစေ့နည်းနည်းလေး စိုက်ပျိုးထားပေမယ်လို့ မိုးက ကောင်းစွာရွာမယ်ဆိုရင် (မလိုအပ်တဲ့အချိန်မှာ မရွာဘဲ တကယ်လိုအပ်တဲ့အချိန်လေးမှာ မိုးရွာမယ်ဆိုရင်) အသီးတွေ တအားသီးပြီးတော့ လယ်သမားကြီးတွေကို နှစ်သက်စေသလိုပါပဲတဲ့။

ဥပမာလေး ဟောပြောနေတာနော်။

(မှန်လှပါ ဘုရား)

လောကမှာ စကားပဲပြောပြော၊ တရားပဲဟောဟော ဥပမာပေးပြီး ဥပမာလေးနဲ့ ပြောဟောရင် ပိုပြီးတော့ နားလည်လွယ်တယ်၊ သဘောပေါက်လွယ်တယ်လို့ စာပေတွေမှာ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီတောတောက ပြောခဲ့တဲ့ ဥပမာအတိုင်းပါပဲ။ သင် ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ ပန်းဒကာလေးဟာ ဆွမ်းမျိုးစေ့ (ပန်းမျိုးစေ့) တွေကို ငါဘုရားဆိုတဲ့ လယ်ယာမြေကောင်းမှာ စိုက်ပျိုးလိုက်တာ ဖြစ်တယ်။ အဲဒီလို စိုက်ပျိုးလိုက်တဲ့ ကောင်းမှုကြောင့် ဘဝသံသရာဖြစ်ရတဲ့အခါမှာ ကောင်းကျိုးတွေ သီးမှာ မလွဲပါဘူးတဲ့။

ကောင်းကျိုးသီးမှာ ဘာတဲ့လဲ?

(မလွဲပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားပါဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကောင်းတဲ့မျိုးစေ့သာ စိုက်ပျိုးပါ။ ကောင်းကျိုးဆိုတဲ့ အသီးတွေ သီးမှာ လွဲပါဦးမလား?

(မလွဲပါ ဘုရား)

ကောင်းကျိုးသီးမှာ သေချာတယ်နော်?

(မှန်လှပါ ဘုရား)

## နှစ်သက်စေမှာ သေချာပါတယ်

အဲဒီကောင်းတဲ့ အသီးအနှံတွေက သင်ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ သင်ပန်းဒကာလေးကို နှစ်သက်စေမှာ သေချာတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးသီးမှာ + ဖြစ်လေရာ

ဒီနေ့ ဆွမ်းတွေ၊ ပန်းတွေ၊ ကျောင်းအလှူတွေ လှူနေကြတဲ့ ဒကာ ဒကာမတွေလည်း ဖြစ်လေရာဘဝတိုင်းမှာ ကောင်းကျိုးတွေ သီးမှာပါပဲလို့ အသိ ဉာဏ်ပေးခဲ့ပါတယ်။ ဖြစ်လေရာ ဘာတွေ သီးမှာပါလိမ့်?

(ကောင်းကျိုးတွေ သီးမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားကို "ကောင်းကျိုးသီးမှာ+ဖြစ်လေရာ" တရား လို့ အမည်ပေးရင်လည်း ရတယ်နော်?

(မှန်လှပါ ဘုရား)

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

ပုဒ္ဓမုတ္တရာမြတ်စွာဘုရားဟာ အဲဒီစောစောက ပြောဟောခဲ့တဲ့ တရားစကား တွေ ဟောပြောတော်မူပြီးတော့ ဆွမ်းအလှူကို ခံယူတော်မူကာ မြောက်အရပ်ကို ကြွတော်မူပါတယ်။

## ခမ်းနားကြီးကျယ်+ဖြစ်ရာဝယ်

သူဟာ အဲဒီ ဆွမ်း၊ ပန်းနေရာ ကောင်းမှုတွေကြောင့် လူ့ဘဝ၊ နတ်ဘဝ ဆိုတဲ့ ဖြစ်လေရာဘဝတိုင်းမှာ ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ စည်းစိမ်ချမ်းသာ တွေကို များစွာပဲ ခံစားရပါတယ်။ (အပ၊ ၅၊ ၂၊ ၈၂)

## သီလမယိမ်း စောင့်ရှောက်ထိန်း

သူဟာ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်စည်းတယ်။ ပါတိ မောက္ခသံဝရသီလဆိုတာ ဒွေမာတိကာလို့ခေါ်တဲ့ ပါတိမောက်သာမက ဝိနည်း ပါဠိတော်မှာ ဘုရားပညတ်ထားတဲ့ သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်း ပါပဲ။

## ဣန္ဒြေငါး+စောင့်ရှောက်ထား

နောက်ပြီးတော့ သူဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေငါးပါးကိုလည်း အမြဲတစေ စောင့်စည်းနေတယ်တဲ့။

## ဝိဝေကသုံးပါး+အမြဲပွား

နောက်ပြီးတော့ ကိုယ်ဆိတ်ငြိမ်ခြင်း (ဆိတ်ငြိမ်ရာအရပ် ကပ်ရောက်ခြင်း) ကာယဝိဝေက၊ စိတ်၏ကိလေသာတွေမှ ဆိတ်ငြိမ်ခြင်း။ စိတ္တဝိဝေက၊ နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေက၊ အဲဒီ ဝိဝေကသုံးပါးကို ပွားများအားထုတ်ကာ အာသဝကင်းကွာ ကိလေသာပြတ်လို့ နေထိုင်ရတယ်တဲ့။

## ဝိဝေကအကျယ်+ထပ်မှတ်ဖွယ်

ဒီနေရာမှာ ထပ်ပြီးတော့ မှတ်စရာကတော့–

* ဂိုဏ်းဂဏစတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပြီးတော့နေတာကို ကာယ ဝိဝေက၊
* ကိလေသာဆိုတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပယ်ရှားပြီးတော့ နေ တာကို စိတ္တဝိဝေက၊
* သင်္ခါရတရားတွေကို ရှောင်ခွာပယ်ဖျောက်နေတာကို ဥပဓိဝိဝေကလို့ခေါ် တယ်။ (မှေပဒ၊ ၅၊ ၁၊ ၃၄၅)

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့အကြောင်းဖြစ်တယ်။ စိတ္တဝိဝေကဟာ ဥပဓိ ဝိဝေကရဲ့အကြောင်းဖြစ်တယ်။ (ဓမ္မပဒ၊ ဋ္ဌ။ ၁၊ ၃၄၅)

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ ဒီဘုရားလက်ထက်မှာတော့ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ လာဖြစ်ပြီးတော့ သဒ္ဓါတရားနဲ့ ကြည်ညိုကာ ရဟန်းပြုလာပါတယ်။

ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## သူ့ရဲ့ဘွဲ့တော် + ဒီလိုခေါ်

သူဟာ ဘုရားကို ဆွမ်းလှူစဉ်က ဆွမ်းနေရာ၊ ပန်းနေရာဆိုတဲ့ အခြံအရံကောင်းလေးတွေ ခြံရံပြီး လှူတဲ့အတွက် သပရိဝါရာသန (အခြံအရံနဲ့တကွ ဆွမ်းနေရာ၊ ပန်းနေရာ) လှူတဲ့ မထေရ်ဆိုတာ ဖြစ်လာပါတယ်။

## ခြံရံပေါ်ရေး + လှူနည်းလေး

ဒါလည်း မှတ်သားစရာ ကောင်းပါတယ်။ ဘာပဲလှူလှူ အခြံအရံလေးတွေနဲ့ လှူရမယ်ဆိုတဲ့ အသိဉာဏ်တွေ ရယူရတာပါပဲ။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ထပ်ပေးချင်တာကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြံအရံပေါ်ချင်ရင် အခြံအရံလေးတွေနဲ့ လှူပါဆိုတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ အခြံအရံမပေါ်ချင်ဘူးလား?

(ပေါ်ချင်ပါတယ် ဘုရား)

ပေါ်ချင်ရင် ဘယ်လိုလှူရမလဲ?

(အခြံအရံနဲ့ လှူရမှာပါ ဘုရား)

## စုံစုံလင်လင် လှူစေချင်

သက်န်းလှူတယ်ဆိုရင်လည်း သက်န်းရယ်၊ ထီးရယ်၊ ဖိနပ်ရယ်၊ နေရာထိုင်လေးရယ်၊ ဖယောင်းတိုင်လေးရယ်၊ ခါးပန်းကြိုးလေးရယ်စတဲ့ အခြံအရံတွေနဲ့ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေကို မေးရဦးမယ်၊ သက်မဲ့ကော၊ သက်ရှိကော ကောင်းကျိုးတရားတွေရတဲ့အခါမှာ တစ်ခုတည်းလိုချင်တာလား၊ အစုံလိုချင်တာလား?

(အစုံလိုချင်တာပါ ဘုရား)

အေး အစုံလိုချင်ရင် အခြွအရံလေးနဲ့ အစုံလှူရမယ်နော်?

(မှန်လှပါ ဘုရား)

## တွဲလှူမှလေ + အဆင်ပြေ

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင်လည်း ဆွမ်းကော၊ ဆွမ်းဟင်းကော လှူပါ။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်းမပါဘူး။ ဆွမ်းဟင်းတော့ လှူတယ်၊ ဆွမ်းမပါဘူးဆိုရင် အဆင်မပြေပါဘူး။ တွဲစားရတာဆိုတော့ တွဲပြီးတော့ လှူမှ ပိုပြီးအဆင်ပြေပါတယ်။

## ဖြစ်တတ်တာလေး + သတိပေး

ဒီနေရာမှာ မေဓာဝီထိကဆရာတော်တစ်ပါး တရားဟောတာ ကြားဖူးတဲ့ ဟာသလေး ပြောပြချင်ပါသေးတယ်။

အဲဒါကတော့ ဘာလဲဆိုတော့ တစ်နေ့ တရားဟောဆရာတော်တစ်ပါးက မြို့တစ်မြို့က ဆွမ်းသိမ်းအောင်ပွဲမှာ တရားဟောနေပါတယ်။ တရားဟောရင်း တရားနာပရိသတ်တွေကို မေးလိုက်တာက ဒကာ ဒကာမတွေ၊ ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင် ဆွမ်းနဲ့ဆွမ်းဟင်း တွဲပြီးတော့ လှူကြရဲ့လားလို့ မေးပါတယ်။ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက လှူကြတဲ့အကြောင်း လျှောက်ထားကြပါတယ်။

နောက်ပြီး တရားဟောဆရာတော်က အေး ကောင်းတယ်၊ အဲဒီလို ဆွမ်းနဲ့ ဆွမ်းဟင်း စုံလင်အောင် တွဲပြီးတော့ လှူရတယ်။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်း မလှူဘူး။ ဆွမ်းဟင်းတော့လှူတယ်၊ ဆွမ်းတော့မလှူဘူးဆိုရင် ဘာဖြစ်တတ်သလဲ သိလားလို့ မေးတော်မူပါတယ်။ ဒကာ ဒကာမတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ အဲဒီမှာ တရားဟောဆရာတော်က မသိရင် ပြောမယ်၊ ကျုပ်ကို သေသေချာချာကြည့်ပါဆိုပြီးတော့ သူ့ရင်ကို လက်ဝါးနဲ့ ပုတ်ပြတယ်။

(အားလုံးရယ်ကြ)

တရားဟောဆရာတော်က ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(ဘုန်းကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးဖြစ်တာ သိတယ်မဟုတ်လား။ အစုံမလှူခဲ့လို့နော်တဲ့။

(အားလုံး ရယ်ကြ)

## နောက်ပြီးဖြစ်အင် + သီလရှင်

နောက်ပြီးတော့ ဘာဖြစ်တတ်သလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် ကြည့်ကြဆိုပြီးတော့ သူ့ရှေ့မှာနေပြီး တရားနာနေကြတဲ့ သီလရှင်တွေကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲ- ဘာဖြစ်တတ်သတဲ့လဲ?

(သီလရှင် ဖြစ်တတ်ပါတယ် ဘုရား)

ဒကာ ဒကာမတွေ ပြောထားနော်။ ဘုန်းကြီးက လက်ညှိုးထိုးပြရုံနဲ့ မေးရုံပဲ မေးတာတဲ့။ (အားလုံး ရယ်ကြ)

## အပျိုကြီးတွေ + ဖြစ်တတ်ပေ

နောက်ပြီးတော့ ဘာဖြစ်တတ်သေးသလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် သေသေချာချာကြည့်ကြနော်ဆိုပြီးတော့ သီလရှင်တွေရဲ့နောက်နားမှာ တရားနာနေကြတဲ့ သူ့ဒကာမအရင်း အပျိုကြီးအုပ်စုကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲဗျာ- ဘာဖြစ်တတ်သတဲ့လဲ?

(အပျိုကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးက လက်ညှိုးထိုးပြရုံလေးပဲ မေးတာနော်။

(အားလုံး ရယ်ကြ)

ဓမ္မကထိက ဆရာတော် တင်ပြတဲ့ ဟာသလေးပါ။ ဆွမ်း၊ ဆွမ်းဟင်း တွဲမလှူရင် ဖြစ်တတ်ပုံလေးကို လူတွေ နားလည်သဘောပေါက်လွယ်အောင် ဟာသနှောပြီးတော့ ဟောပြောတာပါပဲ။

## ဟာသဆိုတာ + ပညာတစ်မျိုး

ဟာသဆိုတာ ရယ်ရွှင်စိတ်ဖြစ်အောင် ဖန်ဆင်းပေးတတ်တဲ့ ပညာရပ်တစ်မျိုးပါပဲ။ ဟာသပညာရှင်တွေကို လူရွှင်တော်လို့လည်း ခေါ်ပါတယ်။ လူတွေကို (လူတွေရဲ့စိတ်ကို ရွှင်လန်းအောင်၊ ရွှင်အောင်လုပ်ပေးတတ်တဲ့ နေရာမှာ တော်လို့ လူရွှင်တော်လို့ ခေါ်တာပါပဲ။)

## ဟာနေတာလေး+သကာပေး

ဟာသဆိုတာလေးကို မြန်မာလို ရိုးရိုးလေးပဲ ကြုံပြီးပြောချင်ပါသေးတယ်။ လူတွေရဲ့စိတ်ထဲမှာ သားရေး သမီးရေး၊ စီးပွားရေးစတဲ့ ရေးပေါင်းများစွာကြောင့် ဟာနေတာကတော့ ပျော်ရွှင်မှုပါပဲ။ အဲဒီဟာနေတဲ့ ကွက်လပ်လေးကို ပြန်ပေါ်လာအောင် သူတို့ရဲ့ပညာရပ်နဲ့ 'သ'ပေးလိုက်တာပါပဲ။

'ဟာသ'ကို အဲဒီလိုတွေး၊ အဲဒီလို ရေးမိပါတယ်။

ကဲ– ထားပါတော့၊ ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
('ကောင်းကျိုးသီးမှာ+မလွဲပါ' ထရားပါဘုရား)

**အကျဉ်းချုပ် ကဗျာလေးနဲ့ တရားသိမ်းကြပါစို့။**

* ပဒုမုတ္တရာဘုရားမြတ်ကို
ဆွမ်းတော်ဆက်ကပ် လှူဖူးတယ်။
* ညစ်နွမ်းနေရာ ကိုယ်တိုင်သွားလို့
ပန်းလှများနဲ့ ဖုံးလွှမ်းတယ်။
* ဆွမ်းစားနေရာ ပန်းအလှနဲ့
သေချာ၊ ပြုနှ ပြုပြင်တယ်။
* ပန်းနေရာနေ မြတ်ဘုရားက
ဆွမ်းကပ်ကျိုးများ ဟောပြတယ်။
* လယ်ယာကောင်းမှာ မျိုးစေ့လေးကို
မနှေးစိုက်ပျိုး အခါဝယ်။
* မိုးတွေကောင်းရင် အသီးသီးလို့
လယ်သမားကြီး ပျော်ရတယ်။
* အဲဒီတိုင်းသာ ပမာပြလို့
ဆွမ်းဒကာလှ မှတ်ရမယ်။
* ဆွမ်းမျိုးစေ့ကို ဘုရားကောင်း၌
ဆုတောင်းနှစ်ခြိုက် စိုက်သူဝယ်။
* ဖြစ်လေရာမှာ ကောင်းကျိုးသီးလို့
ကောင်းမိုးကြီးတွေ ရွာချမယ်။
* ကောင်းစေ့စိုက်ရင် ကောင်းကျိုးသီးရ
ကေန်မုချ မလွဲကွယ်။

* သီ၊ ကျံစောင့်ကာ ဝိဝေပွားလို့
ကိလေသာများ ဝေးရတယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်း ပန်းဒါန ထူးခြားတယ်။
* ဆွမ်းတွေ ဟင်းတွေ ပန်းတွေနှေ့ညှ
မမေ့ကြဘဲ လှူရမယ်
(ဖြူလှမယ်)၂

**"ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော် ပြီးပြီ။**

တရားအမည်ပေးရာ၌–
* ကောင်းကျိုးသီးမှာ+ဖြစ်လေရာ။
* ကောင်းတာ ထူးတာ+ရွေးလှူပါ။
* ဆွမ်းနေရာနဲ့ ပန်းနေရာ စသည်အမည်ပေးကာ ဟောကြားပါ။

ဥဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဝံသုတ္တလဝဝ်၊ ဓမ္မရုစိယတ္ထေရအာပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# “လမ်းမှားကိုလျှောက်+လူတစ်ယောက်”

## တရားတော်

ဒီနေ့ လူငယ်တွေ ဦးစီးပြီးတော့ ဆင်ယင်ကျင်းပပူဇော်ကြတဲ့ မွေ့သဘင်မှာ ဟောကြားမည့်တရားတော်ကို ကြိုပြီးတော့ ကြော်ငြာထားတယ်နော်?

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက်+လူတစ်ယောက် တရားပါဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားဖြစ်မှာ မိန့်ကြားလျှာ

မာရ်ငါးပါးကို အောင်တော်မူတဲ့ ဒီပင်္ကရာမြတ်စွာဘုရားဟာ သုမေဓာရသေ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။

မိန့်ကြားတော်မူပုံကတော့ ဒီကမ္ဘာမှ မရေမတွက်နိုင်တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်မှာ ဒီရသေ့ဟာ ဘုရားဖြစ်မယ်။

### မိဘနာမည် ဟောပြပြီ

ဒီရသေ့ရဲ့ မယ်တော်ရင်းက မာယာ ဖြစ်မယ်။ ခမည်းတော်က သုဒ္ဓေါဒန ဖြစ်မယ်။ ဒီရသေ့ကတော့ ဂေါတမ ဘုရားဖြစ်မယ်။

### ပြုနိုင်ခဲတာ ပြုကျင့်တာ

ဒီရသေ့ဟာ ကမ္မဋ္ဌာန်းအားထုတ်ပြီးတော့ ပြုနိုင်ခဲတဲ့အကျင့်ကို ပြုကျင့်ကာ ညောင်ဗုဒ္ဓေပင်ရင်းမှာ များတဲ့အခြံအရံ အကျော်အစောရှိတဲ့ ဘုရားဖြစ်ပြီး ပွင့်တော်မူမယ်။

## အဂ္ဂသာဝက ဟောဖော်ပြ

ဥပတိဿနဲ့ ကောလိတာဟာ အဂ္ဂသာဝက ဖြစ်ကြမယ်။ အာနန္ဒာလို့ ထင်ရှားတဲ့ ရဟန်းဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလိမ့်မယ်။

## အဂ္ဂသာဝိကာ ဥပါသကာ

ခေမာနဲ့ ဥပ္ပလဝဏ္ဏာဟာ မြတ်တဲ့ အဂ္ဂသာဝိကာမတွေ ဖြစ်ကြမယ်။ စိတ္တနဲ့ အာဠဝကဟာ မြတ်တဲ့ဥပါသကာတွေ ဖြစ်ကြမယ်။

## ဥပါသိကာ မိန့်ကြားလျှာ

ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာဟာ မြတ်တဲ့ဥပါသိကာမတွေ ဖြစ်ကြမယ်။ ရဲရင့်တဲ့ လုံ့လရှိတဲ့ ဒီဂေါတမဘုရားရဲ့ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေလို့ ခေါ်ဆိုရလိမ့်မယ်။ ဒီလိုဗျာဒိတ်စကားတွေ စုံစုံလင်လင် မိန့်ကြားတော်မူပါတယ်။

## စကားကြားရ ရှိုးနိုးကြ

လူ နတ်တွေဟာ အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ ဒီစကားတွေကို ကြားရတဲ့အတွက် အလွန်ဝမ်းမြောက်ကြတယ်။ လက်အုပ်ချီမိုး ရှိုးနိုးကြတယ်။

## မေဃလုလင် သူဖြစ်အင်

မြတ်စွာဘုရား။ အကျွန်ုပ်ဟာ အဲဒီအချိန်တုန်းက ကောင်းစွာသင်ကြားပြီးတဲ့ အတတ်ရှိသူ 'မေဃ'လို့ ခေါ်တဲ့ လုလင်ဖြစ်ခဲ့ပါတယ်။

သုမေဓာရသေ့ကို မိန့်ကြားတဲ့ ဗျာဒိတ်စကားမြတ်ကိုကြားရတော့-

## အတူတကွ အမျှယူ

ကရုဏာရဲ့တည်ရာဖြစ်တဲ့ သုမေဓာရသေ့ကို အလွန်ပဲ စိတ်ဝင်စားပြီးတော့ အလွန်ပဲ ခင်မင်လေးစား အရေးထားကာ ချစ်ကျွမ်းဝင်သွားတယ်။ ''ပုဂ္ဂိုလ်ခင်မှ တရားမင်''ဆိုတဲ့ အတိုင်းပဲ ရသေ့ရဟန်းဖြစ်တဲ့ သုမေဓာရသေ့နောက်လိုက်ပြီး တော့ အတူတကွ အယူမျှကာ ရဟန်းပြုခဲ့ပါတယ်။

## လမ်းမှန်ကိုလျှောက် လူတစ်ယောက်

ဘုရားအလောင်း သုမေဓာရသေ့ကောင်းနဲ့ ပေါင်းသင်းနေထိုင်တာဟာ လမ်းမှန်ကို လျှောက်နေတာနော်?

(မှန်လှပါ ဘုရား)

F'21A

ဒီနေရာလေးကို ကြည့်ပြီးတော့ ရေးမယ်၊ ပြောမယ်၊ ဟောမယ်ဆိုရင်တော့ "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်"လို့ ရေးရ၊ ပြောရ၊ ဟောရမှာပါပဲ။

## လုံခြုံအပြီး+သူစောင့်စည်း

သူဟာ ရသေ့ရဟန်းပြုပြီးတဲ့အခါမှာ ပါတိမောက်သီလနဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေကိုငါးပါးမှာလည်း လုံခြုံအောင် စောင့်စည်းနေထိုင်ခဲ့သူ ဖြစ်ပါတယ်။

## အသက်မွေးတာ စင်ကြယ်ရှာ

နောက်ပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းလည်း ရှိပါတယ်တဲ့၊ ဒီနေရာမှာ စင်ကြယ်တဲ့ အသက်မွေးခြင်းဆိုတာ ဘာလဲ? အဲဒါ သိဖို့လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မအပ်ရှာမှီး အသီးသီး

ဒါကြောင့် ရဟန်းဖြစ်လာရင် မစင်ကြယ်တဲ့အသက်မွေးမှုတွေ မလုပ်ရဘူး။ ဒီတော့ မစင်ကြယ်တဲ့ အသက်မွေးမှုဖြစ်တဲ့ မအပ်တဲ့ ရှာမှီးခြင်း "အနေသန-၂၁ ပါး"ကို သိထားသင့်တယ်။ အဲဒီ 'အနေသန ၂၁ ပါး'ကတော့

၁။ ဝါးပေးတာ၊

၂။ အရွက်ပေးတာ၊

၃။ ပန်းပေးတာ၊

၄။ အသီးပေးတာ၊

၅။ ရေချိုးစရာအမှုန့် ပေးတာ၊

၆။ မြေညက်ပေးတာ၊

၇။ မျက်နှာချေမှုန့်ပေးတာ၊

၈။ တံပူ (သွားပွတ်တံ) ပေးတာ၊

၉။ မျက်နှာသစ်ရေပေးတာ၊

၁၀။ မိမိကို နှိမ့်ချပြောဆိုတာ၊

၁၁။ မနုပ် နည်းပါး အနုပ်များတဲ့ ပဲနောက်ဟင်းလို အမှန်နည်းပါး အမှားများတဲ့ စကားကို ပြောဆိုတာ၊

၁၂။ ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးတာ၊

၁၃။ ရွာတစ်ပါး အရပ်တစ်ပါးကို လူတွေရဲ့ပေးစာ၊ နှုတ်မှာစကားကို ယူဆောင်သွားလာတာ၊

၁၄။ ဆေးပေးမှု၊ ဆေးကုသမှု ပြုတာ၊

၁၅။ လူတွေရဲ့ စေတမန်ပြုလုပ်တာ၊

၁၆။ လူတွေရဲ့အစေအခိုင်းခံတာ၊

၁၇။ ဆွမ်းတို့ပေးတာ၊

၁၈။ ပေးတို့ပေးတာ (လှူသူကို သင့်တော်တာ ပြန်ပေးတာ)

၁၉။ အိပ်ရာ မြေရာစတဲ့အတတ်၊

၂၀။ နက္ခတ်တွေရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်းအတတ်၊

၂၁။ မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းလက္ခဏာကို သိကြောင်းအတတ်တွေပဲ ဖြစ်တယ်။

သူဟာ အဲဒီလို မစင်ကြယ်တဲ့ အသက်မွေးမှုတွေ ကင်းရှင်းပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းရှိတဲ့သူ ဖြစ်တယ်လို့ ပြောပြတာနော်။

(မှန်လှပါ ဘုရား)

## သတိ၊ ဝီရိယ+ပြည့်စုံလှ

နောက်ပြီးတော့ သူဟာ သတိ၊ ဝီရိယနဲ့ ပြည့်စုံသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာပြုကျင့်ခဲ့သူ ဖြစ်တယ်တဲ့။

## အဆုံးအမ+ဆုံးထိမ

ဒီနေရာ "အဆုံးအမ" ဆိုတဲ့စကားလေးကို ပြောချင်ပါသေးတယ်။ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့ တရားစကားတော်တွေဟာ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ထိအောင် ကောင်းကျိုးတရားတွေ အပြည့်အဝရအောင် ချီးမြှောက်မ,စပေးတယ်။ ခုဘဝ၊ နောက်ဘဝ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ အဆုံးထိအောင် 'မ' ပေးတယ်၊ တစ်ဝက်တစ်ပျက်လောက် ကောင်းကျိုးရအောင် 'မ' ပေးတာ မဟုတ်ဘူး။ နိဗ္ဗာန်ရတဲ့ဘဝဆုံးရာ၊ အဆုံးထိအောင် 'မ'ပေးတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းမိတ်ဆွေ တိုက်တွန်းပေ

သူဟာ အဲဒီလို သူတော်ကောင်းနဲ့ ပေါင်းဖော်ပြီးတော့ လမ်းမှန်ကို လျှောက်

လုပ်နေစဉ်မှာ တစ်နေ့တော့ ယုတ်မာတဲ့ အကျင့်မကောင်းတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ရတယ်။ အဲဒီမိတ်ဆွေဟာ မလုပ်သင့်တဲ့ မကောင်းတဲ့အကျင့်တွေ လုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်လာတယ်။ အဲဒီမိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်ရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် သူဟာ ကောင်းတဲ့အကျင့်လမ်းစဉ်မှ လျှောကျခဲ့တယ်တဲ့။

## လူပေါင်းမမှားရေး သတိပေး .

ဒီနေရာလေးကြည့်ပြီးတော့ သတိထားရမှာက လူပေါင်းမမှားရေးနော်။

(မှန်လှပါ ဘုရား)

ဒီဓမ္မစရိယမထေရ်အလောင်း သူတော်ကောင်းဟာ နဂိုက ဘုရားအလောင်း သုမေဓာသူတော်ကောင်းနဲ့ ပေါင်းပြီးတော့ တကယ်အကျင့်ကောင်းတဲ့ စံပြသူတော်ကောင်းလေး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းမှားကိုလျှောက် လူတစ်ယောက်

ဒီတော့ မိတ်ဆွေယုတ်နဲ့ ပေါင်းသင်းလိုက်တော့ လမ်းမှားလျှောက်တဲ့ လူတစ်ယောက် ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက် လူတစ်ယောက်တရားပါ ဘုရား)

## စံပြ + လန်ကျ

ဘုရားလောင်းနဲ့ ပေါင်းတုန်းကတော့ စံပြ၊ မိတ်ဆွေယုတ်နဲ့ ပေါင်းလိုက်တော့ ကောင်းတာတွေ လန်ကျသွားတယ်နော်။

(မှန်လှပါ ဘုရား)

## လူပေါင်းမှားရင် လူကောင်းများတောင်

ဒီနေရာမှာ ဘုန်းကြီးရဲ့တပည့် စာသင်သားတွေကို ပြောတဲ့စကားလေး ရှိသေးတယ်။ အဲဒါကတော့ "တပည့်တို့၊ လူပေါင်းမမှားစေနဲ့။ လူပေါင်းမှားရင် လူကောင်းများတောင် ပျက်စီးသွားတတ်တယ်"ဆိုတဲ့စကားပါပဲ။

## လူကောင်းလေး ပျက်စီးသွား

ဒီမွေ့ရှုစိယမထေရ်အလောင်း သူတော်ကောင်းလေးကို ကြည့်လိုက်စမ်းပါ။ လူပေါင်းမှားတဲ့အတွက် လူကောင်းလေး မွေ့ရှုစိယအလောင်း ပျက်စီးသွားရတယ် မဟုတ်လား?

(မှန်လှပါ ဘုရား)

## ပေါင်းကြည့် + ကြည့်ပေါင်း

ဒါကြောင့် တပည့်တွေကို ပြောရတယ်။ လူတွေကို ပေါင်းကြည့်ပါ၊ ပေါင်းကြည့်ပြီးတဲ့အခါ မကောင်းတဲ့လူဆိုရင် ကြည့်သာပေါင်းပေတော့လို့ သတိပေးရပါတယ်။

## သာသနာမှ ဖဲခွာရ

သူဟာ ယုတ်မာတဲ့အကြံအစည်ရဲ့ အလိုကို လိုက်မိသူဖြစ်ပြီးတော့ သာသနာတော်မှ ဖဲခွာခဲ့ရပါတယ်တဲ့။

သာသနာတော်ကို တကယ်ချစ်ခင်မြတ်နိုးတဲ့ သာသနာ့သူရဲကောင်း တစ်ယောက် သာသနာတော်ကနေ ပျောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

## အမေသတ်တာ + သားယုတ်မာ

နောက်တော့ အဲဒီယုတ်မာတဲ့ မိတ်ဆွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် အမေအရင်းကိုတောင် သတ်မိသွားတယ်တဲ့။

ဒီတော့ မိတ်ဆွေယုတ်ဟာ ကြောက်စရာကောင်းတယ်။ မိမိရဲ့စိတ်ယုတ် စိတ်ဆိုးတွေဟာလည်း ကြောက်စရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းများကိုလျှောက် သားတစ်ယောက်

ဒီတော့ အမေရင်းကိုတောင် သတ်မိသူဟာ တကယ်လမ်းမှားကို လျှောက်သွားတဲ့ လူတစ်ယောက် (သားတစ်ယောက်) ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီနေ့ဟောနေတဲ့ တရားက?

(လမ်းမှားကိုလျှောက် လူတစ်ယောက်ပါ ဘုရား)

ဂါပ်မှတ်လိုက်ပါဦး။ လမ်းမှားကိုလျှောက် သားတစ်ယောက်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဘာကြောင့် ဒီတရား ဟောနေရတာလဲဆိုတော့ ခုခေတ် မိဘမှန်း မသိသူတွေ များနေတဲ့အတွက် လမ်းမှားကိုလျှောက်မိရင် ဆင်းရဲဒုက္ခတွေ များမှာစိုးလို့ ဟောနေတာနော်။ (မှန်လှပါ ဘုရား)

## ဖြစ်မှားစိတ်ဓာတ် အမေသတ်

သူဟာ ဖြစ်မှားတဲ့စိတ်နဲ့ အမေကိုသတ်မိတော့ အနန္တရိယကံကို ပြုမိသူ ဖြစ်သွားတယ်။

အနန္တရိယကံဆိုတာ အခြားမဲ့ဘဝမှာ မုချအကျိုးပေးတဲ့ ကံကြီးလို့ ဆိုလိုပါတယ်။ အနန္တရိယကံ ၅ ပါး ရှိတယ်။ အဲဒီငါးပါးကတော့ အမိကိုသတ်တာ၊ အဖကိုသတ်တာ၊ ရဟန္တာကို သတ်တာ၊ ဘုရားရှင်မှာ သွေးကိုဖြစ်စေတာ၊ သံဃာတွေ မညီမညွတ်အောင် သံဃာသင်းခွဲတာတို့ ဖြစ်တယ်။ အဲဒီအနန္တရိယကံ ၅ ပါးမှာ တစ်ပါးပါးပြုမိတယ်ဆိုရင် သေတဲ့အခြားမဲ့မှာ အဝီစိငရဲကျရတယ်။

## အဝီစိကျ သူ့ဘဝ

သူဟာ သေတဲ့အခါ အလွန်ကြမ်းကြုတ်တဲ့ အဝီစိငရဲကြီးကို ရောက်သွားရတယ်။

## ဆင်းရဲနွမ်းညှိုး ကျင်လည်ရ

သူဟာ ဖရိုဖရဲပျက်စီးပြီး ကျရာ ငရဲပြည်ရောက်သွားရတဲ့အခါ ကြာမြင့်စွာ ကာလပတ်လုံး ဆင်းဆင်းရဲရဲ ကျင်လည်ခဲ့ရပါတယ်တဲ့။

## မတွေ့ရပါ သုမေဓာ

လုံ့လရှိသူတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ သုမေဓာရသေ့ကို တစ်ဖန် မတွေ့ရတော့ပါဘူးတဲ့။

## ကျွက်စားဖို့ရန် ချဉ်းကပ်ပြန်

သူဟာ အဝီစိငရဲကနေ လွတ်မြောက်လာတဲ့အခါ ဒီကမ္ဘာတွင် သမုဒ္ဒရာမှာ

ဟိမိပိဂ်လင်ါးကြီး ဖြစ်ခဲ့ရတယ်။ သမုဒ္ဒရာမှာ လှေကိုမြင်ရတော့ ကျက်စားရန်အတွက် ချဉ်းကပ်လိုက်တယ်။ (အစာရှာရန် ချဉ်းကပ်လိုက်တယ်)

## မြတ်စွာဗုဒ္ဓ အောက်မေ့ကြ

ကုန်သည်တွေဟာ ငါးကြီးကိုမြင်ရတဲ့အခါ တအားကြောက်ရွံ့ကာ ဘုရားမြတ်ကို မပြတ်ခါခါ အောက်မေ့ကြပါတယ်။ "ဂေါတမဘုရား။ ကယ်တော်မူပါ။ ဂေါတမဘုရား ကယ်တော်မူပါ"လို့ အောက်မေ့ကြ၊ အော်ဟစ်ကြတယ်နော်။

(မှန်လှပါ ဘုရား)

## ဂေါတမသံ ကြားရပြန်သော်

ငါးကြီးဟာ ကုန်သည်တွေ အော်မြည်မြွက်ဆိုတဲ့ ဂေါတမဆိုတဲ့အသံကြီးကို ကြားရပါတယ်။ အဲဒီလိုကြားတဲ့အခါ–

## ကြွယ်ဝချမ်းသာ အမျိုးလာဖြစ်

ရှေးကပြစ်ဖူးတဲ့ အမှတ်သညာကို အောက်မေ့ပြီး ငါးဘဝကနေ သေဆုံးတဲ့အခါမှာ သာဝတ္ထိမြို့မှာ ကြွယ်ဝတဲ့အမျိုးဖြစ်တဲ့ ပုဏ္ဏားမျိုး လာဖြစ်တယ်။

## ဓမ္မရုစိ အမည်ရှိ

သူဟာ အကုသိုလ်အားလုံးကို စက်ဆုပ်တတ်တဲ့ ဓမ္မရုစိဆိုတဲ့ အမည်ရှိသူဖြစ်ခဲ့တယ်။ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ မြတ်စွာဘုရားကို ဖူးမြင်ရတယ်။

## သုံးကြိမ်ချဉ်းကပ် ဘုရားမြတ်

ဇေတဝန်ကျောင်းတော်သွားကာ ရဟန်းဘောင်ဝင်ရောက်ခဲ့တယ်။ ညဥ့်ရော နေ့ပါ သုံးကြိမ် မြတ်စွာဘုရားကို ချဉ်းကပ်ပါတယ်။

## ကြာမြင့်ပြောရာ လျှောက်ထားလွှာ

အဲဒီလို ချဉ်းကပ်တဲ့အခါမှာ မြတ်စွာဘုရားက သူ့ကို မြင်ပြီးတော့ 'ဓမ္မရုစိ' ကြာမြင့်ပြီနော်လို့ မိန့်ဆိုကော်မူပါတယ်။

အဲဒီလို မိန့်ဆိုတော်မူတဲ့အခါ သူဟာ မြတ်စွာဘုရားကို ရှေးကသာ အကြောင်းရင်းရှိတဲ့ စကားကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားနဲ့ မေ့ရစ် ပြောကြားလျှောက်ထားနေတဲ့ ဒီနေရာလေးကြည့်ပြီး တော့ သနားစရာ ဝမ်းနည်းစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## ဘုရားဖူးရ ကောင်းမြတ်လှ

အရာမကတဲ့ ဘုန်းကံလက္ခဏာရှိတော်မူတဲ့ ရှေးဘဝမှာ အထူးစင်ကြယ် တဲ့ အကြောင်းကံရှိတော်မူတဲ့ မြတ်စွာဘုရားကို မဖူးမြင်ရသည်မှာ အလွန်ကြာမြင့် ပါပြီ။

ယခုတော့ တပည့်တော်ဟာ အရှင်ဘုရားရဲ့ မနှိုင်းယှဉ်နိုင်တဲ့ ကိုယ်တော် ကို ဖူးမြင်ရပါပြီ။

ဒီလိုဖူးမြင်ရခြင်းဟာ တကယ်တော့ ကောင်းမြတ်တဲ့ ဖူးမြင်ရခြင်း ဖြစ်ပါ တယ် ဘုရား။

## မောဟမိုက်မှောင် ဖျက်ဆီးဆောင်

အရှင်ဘုရားဟာ အလွန်ကြာမြင့်စွာ မောဟအမိုက်မှောင်ကို ဖျက်ဆီးတော် မူပါပေတယ်။

တပည့်တော်ဟာ စင်ကြယ်စွာစောင့်ရှောက်အပ်တဲ့ သီလအကျင့်မြတ်နဲ့ တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ။

မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ဉာဏ်ဖြင့်ပြီးတဲ့ မျက်လုံးတော်ကို အညစ် အကြေး မရှိအောင် အလွန်ကြာမြင့်စွာ သုတ်သင်တော်မူအပ်ပါပြီ။

## ပေါင်းဆုံကွေကွင်း ပြန်ဆုံခြင်း

တပည့်တော်ကား အရှင်ဘုရားနဲ့ ကာလကြာမြင့်စွာ အတူတကွ ပေါင်းဆုံ ခဲ့ရပါတယ်။

တစ်ဖန် ဘဝအလယ်မှာ ကြာမြင့်စွာ ကွေကွင်းခဲ့ရပါတယ်။

## အမှန်တွေလျှောက် ကံမပျောက်

ယခုတစ်ဖန် အရှင်ဘုရားနဲ့ ပေါင်းဆုံရပြန်ပါတယ်။ ဂေါတမမြတ်စွာဘုရား၊ မှန်ပါတယ်။ ပြုလုပ်တဲ့ကံတွေဟာ မပျောက်မပျက်ပါဘူးဘုရားလို့ လျှောက်ထားပါ တယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လမ်းမှန်ကိုလေ လျှောက်နိုင်စေ

ဒီနေ့ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဦးစီးပူဇော်နေကြတဲ့ လူဝယ်တွေနဲ့ တရားနာပရိသတ်အားလုံး "လမ်းမှားကိုလျှောက် လူတစ်ယောက်" ရဲ့ အမှားတွေကို နားလည်သဘောပေါက်ပြီး "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်" ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

## "လမ်းမှားကိုလျှောက် လူတစ်ယောက်" တရားတော် ပြီးပြီ။

## လမ်းမှားကိုလျှောက် လူတစ်ယောက်ကဗျာများ

* ဒီပင်္ကရာ မြတ်ဘုရားက
သုမေဓာအား ဗျာဒိတ်ချွေ။

* ဘုရားဖြစ်မှာ ဘဝကြောင်းကို
စုံအောင်ကောင်းကောင်း ဟောမိန့်ပေ။

* မယ်တော်မာယ အမေရင်းနဲ့
သုဒ္ဓေါဓနမင်း ဖြစ်တယ်လေ။

* ဒီရသေ့ဟာ ဂေါတမဟု
သေချာဗုဒ္ဓဖြစ်မယ်လေ။

* ပြုနိုင်ခဲ့တာ တကယ်ပြုကျင့်
ဘုရားဖြစ်ပွင့် မလွဲပေ။

* ဥပတိဿ၊ ကောလိတက
အဂ္ဂသာဝက ဖြစ်မယ်လေ။

* အာနန္ဒာခေါ် ရဟန်းတစ်ပါးက
မြတ်ဘုရားရဲ့ လုပ်ကျွေးပေ။

* ခေမာ သေချာ ဥပ္ပလဝဏ်
အဂ္ဂသာဝိကာမပေ။

* စိတ္တဒကာ အာဠဝက
ဥပါသကာ ဖြစ်မယ်လေ။

* ဥပါသိကာ သေချာထုတ်ပြ
ခုဖွဲ့တွရာ နမူနာပေ။
* လှုံ့လရှိသူ ဂေါ်တမ၏
ဗောဓိပင်သိ ညောင်ဗုဒ္ဓဟေး။
* အဲဒီလိုသာ ဗျာဒိတ်စကား
သေချာမိန့်ကြားခဲ့တယ်လေ။
* လူ နတ်တွေဟာ မြတ်ဘုရား၏
စကားသိကြား ဝမ်းမြောက်ပေ။
* မေဃလုလင် သူပင်ဖြစ်ခဲ့
ကောင်းတဲ့အတတ် ရှိသူပေ။
* သုမေဓာကို ဗျာဒိတ်ကြားတော့
သုမေဓာအား ခင်သွားပေ။
* သုမေဓာခေါ် ရသေ့နောက်သို့
အတူလျှောက်ပြု ရဟန်းပေ။
* အဲဒီချိန်မှာ လမ်းမှန်လျှောက်လို့
လမ်းကောင်းရောက်တဲ့ လူမြတ်ပေ။
* သီ၊ ဣန္ဒြေစောင့်ကာစည်းလို့
အသက်မွေးလည်း စင်ကြယ်နေ။
* သတိ ဝီရိယ ပြည့်စုံလှလို့
လိုက်တာမချို့ ကျင့်သုံးနေ။
* တစ်နေ့တော့လေ ယုတ်မာဆိုးတဲ့
မိတ်ဆွေဆိုးနဲ့ တွေ့ရပေ။
* မိတ်ဆွေဆိုးဟာ မကောင်းတာများကို
အကြောင်းရှာထား တိုက်တွန်းနေ။
* အကျင့်ကောင်းတွေ အကုန်ပျောက်လို့
လမ်းမှားကိုရောက်သွားရပေ။
* မကောင်းကြံစည် အလိုလိုက်က
သာသနာမှ ခွာရပေ။
* နောင်အခါမှာ မိတ်ဆွေယုတ်၏
တိုက်တွန်းအမိ သတ်မိပေ။

* အမေသတ်သူ လမ်းမှန်ပျောက်လို့
လမ်းမှားကို ရောက်သွားရပေ။
* သေသောအခါ ကြမ်းကြုတ်လှသည့်
အဝီစိငရဲ ကျရပေ။
* ငရဲရောက်ရင် အကြာကြီးပဲ
ဆင်းဆင်းရဲရဲ နေရပေ။
* ဆိုးယုတ်မိတ်ဆွေ ပေါင်းမိခဲ့တဲ့
သူ့ရဲ့အကြောင်း မကောင်းပေ။
* လူဆိုးပေါင်းရင် လမ်းမှန်လျှောက်လို့
လမ်းမှားကိုရောက် ဆင်းရဲနေ။
* သုမေဓာခေါ် ရှင်ရသေ့ကို
တစ်ဖန် မတွေ့ရတော့ပေ။
* သမုဒ္ဒရာမှာ တိမိင်္ဂလ
ငါးကြီးမုချ လာဖြစ်ပေ။
* သမုဒ္ဒရာမှာ လှေကိုတွေ့က
အစာရဖို့ ချဉ်းကပ်ပေ။
* ငါးကြီးကိုမြင် ကုန်သည်များက
ဘုရားကိုတ အောက်မေ့နေ။
* ကုန်သည်တွေဟာ ဂေါတမဟု
အသံကြီးပြု ကြားရပေ။
* ရှေးကသညာ အောက်မေ့ပြေးက
ငါးဘဝမှ သေတော့လေ။
* သာဝတ္ထိမှာ ကြွယ်ဝမျိုး၌
ပုဏ္ဏားမဆိုး ဖြစ်ရပေ။
* အကုသိုလ်တွေ စက်ဆုပ်တတ်သည့်
ဓမ္မရုစိ မည်ရှိပေ။
* ခုနစ်နှစ်မှာ မြတ်ဗုဒ္ဓကို
ဖူးမြင်ရတော့ ဝမ်းမြောက်နေ။
* ဇေတဝန်ခေါ် ကျောင်းတော်သွားလို့
ရဟန်းဘောင်သို့ ဝင်ခဲ့ပေ။

* တစ်နေ့သုံးကြိမ် မြတ်ဘုရားကို
ဦးနှိမ်ဝပ်တွား ခစားပေ။
* သူ့ကိုမြင်ရင် မြတ်ဘုရားက
လွန်စွာသနားမိကာလေ။
* သူ့အမည်ခေါ် ကြာမြင့်ကြောင်းကို
သေချာအကောင်း မိန့်ဆိုပေ။
* သူ့ရဲ့ရှေးကံ အကြောင်းရင်းရှိ
စကားကိုကြည့် လျှောက်ထားပေ။
* မြတ်ဘုရားကို မဖူးမြင်ရ
ကြာမြင့်လှတာ လျှောက်ထားပေ။
* ယခုမှပင် မြတ်ဘုရားကို
ဖူးမြင်ခစား ကောင်းလှပေ။
* မြတ်ဘုရားရှင် မောဟထုကို
ဖျက်ဆီးပြုတာ လျှောက်တင်ပေ။
* သူလည်းစင်ကြယ် သီလတရားနဲ့
တဏှာမြစ်များ ခြောက်သွေ့စေ။
* မြတ်ဘုရားရှင် ဉာဏ်မျက်လုံးနဲ့
ညစ်ကြေးအားလုံး သုတ်သင်ပေ။
* အကျွန်ုပ်သည် မြတ်ဘုရားနဲ့
ကာလရှည်လျား ပေါင်းခဲ့ပေ။
* ဘဝလယ်မှာ မြတ်ဘုရားနဲ့
ကာလရှည်လျား ခွဲရပေ။
* ယခုတစ်ဖန် မြတ်ဘုရားနဲ့
ပေါင်းဆုံခဲ့ရ ကောင်းလှပေ။
* ရှေးကပြုပြန် ကံတရားတို့
အမှန်ထင်ရှား မပျောက်ဖူပေ။
* ဘုရားထံမှာ ရဟန္တာဖြစ်ရ
သူ့ဘဝလေး အေးသွားပေ။

* လမ်းမှားရောက်သူ လူတစ်ယောက်ရဲ့
မှတ်လောက်လေတဲ့ အကြောင်းတွေ။
* လူပေါင်းမှားရင် လမ်းမှန်ပျောက်လို့
လမ်းမှားရောက်မှာ မလွဲပေ။
* လူပေါင်းမှားရင် လူကောင်းများတောင်
ပျက်စီးသွားတတ် သိပါလေ။
* လူပေါင်းမှားချင် လူငယ်များတို့
သတိထားဖို့ ရေးဟောဝေ။
* ကောင်းသူ တော်သူ လူကောင်းများကို
ရွေးချယ်ပေါင်းသွား ကောင်းတော်စေ။
* ကောင်းတော်ပါစေ ကောင်းစိတ်ထားနဲ့
ကောင်းတရားတွေ ပြောပြနေ။
(ဟောပြဝေ)၂

ခုဒ္ဒတင်္ဂိုကာယ်၊ ထေရာပဒါနပါဠိတော်၊ ဂုဏ္ဍာဓာနဝဂ်၊ အဓိမုတ္တတ္ထေရအပဒါန်ကို
တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ"

## တရားတော်

ဒီနေ့ မဏ္ဍပ်တွေ ဆောက်ပြီး ဆွမ်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ' တရားတော်ပါ ဘုရား)

### အထူးကြည်သာ+သံဃာလုပ်ကျွေး

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

လူတွေရဲ့ ကိုးကွယ်ရာလည်းဖြစ်၊ လူတွေထက်လည်း မြတ်တော်မူတဲ့ အတ္ထဒဿီဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ အခါမှာ အဓိမုတ္တမထေရ်အလောင်း သူတော်ကောင်းလေးဟာ အထူးကြည်လင်တဲ့စိတ်နဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခဲ့တယ်။

### ဆွမ်းကပ်ဆုတောင်း+နိဗ္ဗာန်ကောင်း

သူဟာ သူ့ဆွမ်းကပ်ပွဲကို ဖြောင့်မတ်တည်ကြည်တဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီးတော့ ကြွေတွေနဲ့ မဏ္ဍပ်ဆောက်လိုက်တယ်။ အဲဒီကြွေမဏ္ဍပ်ထဲမှာ သံဃာတော်မြတ်တွေကို ဆွမ်းဆက်ကပ်ပြီးတော့ အေးမြတဲ့နိဗ္ဗာန်ကို ဆုတောင်းလိုက်ပါတယ်။

### လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ

သူဟာ လူ့ပြည်ဖြစ်ဖြစ်၊ နတ်ပြည်ဖြစ်ဖြစ် ဖြစ်လေရာ ဘဝတိုင်းမှာ အားလုံးသော သတ္တဝါတွေကို ဂုဏ်အားဖြင့် လွှမ်းမိုးသာလွန်ရတယ်။

အဲဒီဂုဏ်တွေကတော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ ခံစားစရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဂုဏ်တွေပါပဲ။

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ ကောင်းတဲ့ဂုဏ်တွေ လွှမ်းမိုးသာလွန်ချင်ရင် သံဃာမမေ့ရဘူးနော်။

(မှန်လှပါ ဘုရား)

သံဃာရှိရင် ဘုရားရှိတယ်၊ သံဃာရှိရင် တရားရှိတယ်၊ သံဃာရှိရင် သာသနာရှိတယ်နော်။

(မှန်လှပါ ဘုရား)

သံဃာ့ကျေးဇူး အထူးသိကာ ဆွမ်းကပ်တဲ့ ဒကာလေးမှာ လူ နတ် ဖြစ်ရာ လွှမ်းမိုးသာတဲ့ ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ?

(လွှမ်းမိုးဂုဏ်သာ ဖြစ်လေရာ တရားတော်ပါ ဘုရား)

## အပါယ်လေးပါး သူမလား

သူဟာ ၁၈၀၀ ကမ္ဘာထက်မှာ သံဃိကဒါနလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားရတော့ပါဘူးတဲ့။ ဒီအပါယ်လွတ်တဲ့ ကောင်းကျိုးရတာဟာ ကြိမ်ကျွပ်လှူခြင်း၊ သံဃိက ဆွမ်းကပ်ခြင်း ကုသိုလ်တွေကြောင့် ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သဒ္ဒါအရ တည်တံ့ခိုင်မြဲတဲ့ အဓိမုတ္တမထေရ် ဆိုတဲ့ ရဟန္တာဖြစ်တော်မူရပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* အတ္ထဒဿီ၊ ဘုရားသည်၊ စံပြီးပရိနိဗ္ဗာန်၊
* အထူးကြည်သာ၊ မြတ်သံဃာ၊ သေချာလုပ်ကျွေးပြန်၊
* ဖြောင့်မတ်တည်ကြည်၊ ဂုဏ်တွေစီ၊ ပင့်ပြီးမြတ်သံဃ၊
* ကြိမ်ကျွပ်ပေါ်၊ သံဃာတော်၊ ပင့်ပျော်ဆွမ်းကပ်ပြန်၊
* လူ နတ်ဖြစ်ရာ၊ သတ္တဝါ၊ ဂုဏ်သာလွှမ်းမိုးပြန်၊
* လွှမ်းမိုးဂုဏ်သာ၊ ဖြစ်လေရာ၊ ပါယ်ရှာလွတ်ရပြန်၊
* မြတ်ရဟန္တာ၊ ဖြစ်ရရှာ၊ သေချာဆွမ်းဒါန်။

"လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော် ပြီး၏။

ဥဿကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ စိင်္ဂနိပါတ်၊ ဝန္နောဒကိယ
ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော

# "သောကကင်းဝေး+ငြိမ်းချမ်းအေး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့်+ဗုဒ္ဓနေ့" မှာ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "သောကကင်းဝေး+ငြိမ်းချမ်းအေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('သောကင်းဝေး+ငြိမ်းချမ်းအေး' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ပူဇော်ဆင်နွှဲ+ဗောဓိပွဲ

ပဒုမုတ္တရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ မြို့သူမြို့သား လူအများ တွေဟာ မြတ်တဲ့တင်းရှူးဗောဓိပင် ပူဇော်ပွဲကြီး လုပ်နေကြတယ်။

အဲဒီလို ဗောဓိပူဇော်ပွဲ လုပ်နေတာကို မြင်ရတော့ ဂန္ဓောဒကိယမထေရ် အလောင်း သူတော်ကောင်းလေးဟာ ရတနာ့ခြူးပန်းခြူးနွယ်တွေနဲ့ ဆန်းကြယ်တဲ့ အိုးကိုယူပြီးတော့ နံ့သာရေနဲ့ ဗောဓိပင်ကို သွန်းလောင်းပူဇော် လှူဒါန်းခဲ့ပါတယ်။

### ဗောဓိပူဇာ+မိုးတွေရွာ

အဲဒီထင်းရှူးဗောဓိပင်ကို ပက်ဖြန်းသွန်းလောင်းနေချိန်မှာ မိုးကလည်း အကြီးအကျယ် ရွာချနေပါတယ်။ မိုးကြိုးပစ်လိုက်တဲ့အခါမှာ မိုးကြိုးသံကြီး ထွက် ပေါ်လာပါတယ်။

### မိုးကြိုးစက်ဟုန်+သေပွဲကြို

သူဟာ ဗောဓိပင် ပူဇော်နေခိုက်မှာပဲ အဲဒီမိုးကြိုးစက်ရဲ့အဟုန်ကြောင့် သေပြီးတော့ နတ်ပြည်ရောက်ရပါတယ်။ နတ်ပြည်ရောက်တော့ ယခုဆိုမည့်ဂါထာ တွေကို ရွတ်ဆိုလိုက်ပါတယ်။

## အံ့ဩစရာ မြတ်ဗုဒ္ဓါ

မြတ်စွာဘုရားဟာ အံ့ဩစရာကောင်းတယ်။
တရားတော်ဟာ အံ့ဩစရာကောင်းတယ်။
ငါတို့မှာ ဆရာရဲ့ပြည့်စုံခြင်းဟာ အံ့ဩစရာကောင်းတယ်။
ငါ့ရဲ့ကိုယ်ကောင်ဟာ မြေမှာကျသွားတယ်။
ငါဟာ နတ်ပြည်မှာ ပျော်မွေ့ရတော့တယ်တဲ့။

## နတ်သမီးတွေ+ခစားနေ

သူ့ရဲ့နေရာ ဗိမာန်ဟာ ဘုံဆင့်ပေါင်း တစ်ရာရှိတယ်၊ မြင့်စောက်တယ်၊ ကောင်းကင်ကို စွင့်စွင့်တက်တယ်။ သူ့ကို နတ်သမီးပေါင်း တစ်သိန်းက အမြဲတစေ ခြံရံနေကြတယ်တဲ့။

## အနာရောဂါ+မဖြစ်ပါ

သူ့မှာ အနာရောဂါဆိုတာ မဖြစ်ဘူးတဲ့။ အနာရောဂါဘေး ကင်းဝေးရတယ်။
အနာရောဂါဘေး ကင်းဝေးအောင် ဘုရားကို ရေလှူရမယ်။ ရေသပ္ပာယ် ရမယ်နော်။
(မှန်လှပါ ဘုရား)

## သူ့ရဲ့ရင်ဝယ် သောကကွယ်

သူ့မှာ စိုးရိမ်ခြင်းသောကဆိုတာလည်း မရှိဘူးတဲ့။ သောကဆိုတာ ဝေလာဝေး။ သောကအေးတယ်၊ သောကဝေးတယ်။ သူ့ရဲ့ရင်မှာ စိုးရိမ်ခြင်းသောကဆိုတာ ကင်းဝေး ကွယ်ပျောက်သွားတယ်နော်။
(မှန်လှပါ ဘုရား)
ဒီတော့ ဒီနေရာလေးကို ကြည့်ပြီးတော့ သူ့ရဲ့ရင်မှာ သောကကွယ်ပျောက်သွားရသလို ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း သောကတွေ ကွယ်ပျောက်သွားရအောင် ဘာလှူရမလဲ?
(ရေလှူရမှာပါ ဘုရား)

## ကဆုန်လပြည့်+ဗုဒ္ဓနေ့

ဒီနေ့ ဘာနေ့ပါလိမ့်။
(ကဆုန်လပြည့်နေ့ပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြလဲ
(ဖောဇိဦးပြောင်ပင် ရေလှူနေကြပါတယ် ဘုရား)

## သောကရောက် သောကပျောက်

ဒီရေအလှူ အထင်မသေးနဲ့ သောကပျောက်ဆေး ဖြစ်တယ်နော်။
(မှန်လှပါ ဘုရား)

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ ရေးပေါင်းများစွာ အခက်အခဲတွေကြောင့် သောကတွေ ရောက်နေရတယ်ဆိုရင် ဘုရားကို ရေသပ္ပာယ်ပါ၊ ရေလှူပါ၊ ရေကပ်ပါ။ အဲဒီလို ရေကုသိုလ်လေး ပြုပေးရင် သောကရောက်နေသူတွေ သောကပျောက်မယ်နော်။
(မှန်လှပါ ဘုရား)

## သောကကင်းဝေး ငြိမ်းချမ်းအေး

ဖောဇိပင် ရေအလှူကြောင့် သောကပျောက်၊ သောကကင်းဝေးသွားတော့ သူ့ရင်ထဲမှာ ငြိမ်းချမ်းအေးမြမသွားဘူးလား?
(ငြိမ်းချမ်းအေးမြသွားပါတယ် ဘုရား)
ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
("သောကင်းဝေး+ငြိမ်းချမ်းအေး" တရားပါ ဘုရား)

## ဆုပေးချင်တာ ဒီလိုပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဆုပေးချင်တာကတော့ သောကရောက်နေရင် သောကတွေ အကုန်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးကြပါစေ၊ သောကရင်ဝယ် ကင်းဝေးကွယ်ပျောက်ကြပါစေလို့ ဆုပေးချင်တာပါပဲ။

## ကိုယ်စိတ်နှစ်ဖြာ+မပူပါ

နောက်ပြီးတော့ သူ့မှာ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မမြင်ဖူးဘူးတဲ့။ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မရှိဘူးတဲ့။

ဒီလိုကောင်းကျိုးတရားတွေ ရတာဟာ တကယ်တော့ ဖောဇိပင်ကို နံ့သာရေနဲ့ လှူဒါန်းပူဇော်ခဲ့တဲ့ ကောင်းမှုကံကြောင့် ရတာဖြစ်တယ်တဲ့။

ဒကာ ဒကာမတွေ ကိုယ်ပူ စိတ်ပူ ကင်းဝေးချင်ရင် ဘာလှူရမလဲ?
(ဖောဇိပင် ရေလှူရမှာပါ ဘုရား)

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပင်ကို နှံ့သာရေနဲ့ ပူဇော်နေကြတာဟာ အပူပျောက်ကြောင်း နည်းလမ်းကောင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## ပူတာစတာ ဘယ်နေရာ

ဒီနေရာမှာ အပူသည့်ဒကာကြီးတစ်ယောက်အကြောင်း ပြောဦးမယ်။ ရွာတစ်ရွာမှာ ဦးစိတ်ပူဆိုတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်။ သူ့အိမ်မှာ သားသမီးအပူ၊ မြေးအပူဆိုတဲ့ အပူတွေများတဲ့အတွက် တစ်နေ့မှာ ဦးစိတ်ပူ စဉ်းစားတယ်၊ ရဟန်းသံဃာတွေ၊ ကိုရင် ဦးဇင်းတွေနေတဲ့ကျောင်းဆိုရင် ဘာအပူမှ ရှိမှာမဟုတ်ဘူးလို့ စဉ်းစားတာပါ။ စဉ်းစားပြီးတော့ ဘုန်းကြီးကျောင်း သွားနေတာ အပူသက်သာလောက်တယ်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ တော်တော်လေးကြာတော့ ကိုရင်လေးတွေ စာအော်ကျက်ကြတယ်။ မင်္ဂလသုတ်ထဲက "ပူဇာစ ပူဇနေယျာနံ" ဆိုတဲ့အပိုဒ်ကို ခဏခဏ အော်ကျက်နေတာ ကြားရတော့ ဦးစိတ်ပူ စဉ်းစားတယ်။ ဩော် အပူသက်သာအောင်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်၊ ခုတော့ ပူတာတွေစတာ ဘုန်းကြီးကျောင်းကဆိုပါကော။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ၊ ဦးစိတ်ပူ စဉ်းစားနေတယ်။ ပူတာတွေ 'စ'တာ ဘယ်ကတဲ့လဲ?

(ဘုန်းကြီးကျောင်းကပါ ဘုရား)

ဘုန်းကြီးကျောင်းက ဘုန်းကြီးတွေမှာ အပူမရှိဘူး မထင်နဲ့၊ ဘုန်းကြီးကျောင်း ပိုပူတယ်။ (အားလုံး ရယ်ကြ)

ဘုန်းကြီးတွေ ပိုပူတယ်။ (အားလုံး ရယ်ကြ)

အဲဒီ "ပူတာစ ပူစနေယျာနံ" ဆိုတဲ့ ကိုရင်လေးတွေရဲ့ စာကျက်သံလည်း ကြားရတော့ ဦးစိတ်ပူက ဘုန်းကြီးကျောင်းလည်း ပူနေတာပါပဲလား။ ပူတာစတဲ့နေရာကြီးဟာ ဘုန်းကြီးကျောင်းပါလားလို့ တွေးတောပြီးတော့ ဘုန်းကြီးကျောင်းကနေ ပြန်ထွက်သွားပါတယ်။

## တောထဲ တောင်ထဲ+ပူတာပဲ

ဦးစိတ်ပူ ထပ်ပြီးတော့ စဉ်းစားတယ်။ တောထဲတောင်ထဲဆိုရင်တော့ ဘာအပူမှ ရှိမှာမဟုတ်ပါဘူး။ အဲဒီလိုစဉ်းစားပြီးတော့ တောထဲတောင်ထဲ ရောက်သွားတယ်။ ညနေ ၅ နာရီ ၆ နာရီလောက် ရောက်တော့ 'ဘုတ်'ဆိုတဲ့ ငှက်က "ပူ"

''ပူ'' ''ပူ'' ''ပူ'' လို့ အော်မြည်သံကြားရပြန်တယ်။ အဲဒီလို ''ဘုတ်''မြည်သံကြားရပြန်တော့ ဩော် တောထဲတောင်ထဲလည်း 'ပူ'တာပါပဲလားလို့ စဉ်းစားတွေးတောကာ ဘယ်နေရာမှ အပူမကင်းပါလား၊ ဘုန်းကြီးကျောင်းလည်း ပူတာပဲ၊ တောထဲတောင်ထဲလည်း ပူတာပဲလို့ ကောက်ချက်ချကာ ကိုယ့်အိမ်ပဲပြန်တာ ကောင်းပါတယ်ဆိုပြီးတော့ အိမ်ပဲပြန်ရောက်လာတယ်တဲ့။

## နောက်ဆုံးဆိုက်တာ + ဘယ်ဘူတာ

ဒီတော့ ပရိသတ်ရေ၊ ဘုန်းကြီးကျောင်းလည်း?
(ပူတာပါပဲ ဘုရား)
ဘုန်းကြီးတွေလည်း?
(ပူတာပါပဲ ဘုရား)
တောထဲတောင်ထဲလည်း?
(ပူတာပါပဲ ဘုရား)
နောက်ဆုံးတော့ ဘယ်ဘူတာ ပြန်ဆိုက်လဲ?
(ကိုယ့်အိမ်ဘူတာပဲ ပြန်ဆိုက်ပါတယ် ဘုရား)

## တိုက်ရိုက်မပြော + ပုံနဲ့ပြော

နောက်ဆုံးတော့ ကိုယ်နေနေကျဖြစ်တဲ့ ကိုယ့်အိမ်ပဲ အကောင်းဆုံးနေရာနော်။ (မှန်လှပါ ဘုရား)

တချို့ဒကာ ဒကာမတွေက ကျောင်းဆို အပူသက်သာမှာပဲဆိုပြီးတော့ တပည့်တော်တို့ ကျောင်းလာနေမယ်၊ ဆရာတော် လက်ခံမှာလားလို့ မေးတဲ့အခါ ဘုန်းကြီးက လက်ခံမယ်လည်း မပြောဘူး၊ လက်မခံဘူးလို့လည်း မပြောဘူး။ ဘုန်းကြီးပြောတာလေး နားထောင်ဆိုပြီးတော့ ဦးစိတ်ပူကြီးအကြောင်း ပြောပြလိုက်တာပါပဲ။ ဒကာ ဒကာမတွေက ဘာပြောလဲဆိုတော့ ဆရာတော်တို့များ စာတော်တော် တတ်တယ်တဲ့၊ လက်မခံချင်ဘူး၊ လက်မခံဘူးဆိုတာကို တိုက်ရိုက်မပြောဘူး၊ ပုံလေးနဲ့ ပြောတတ်တယ်တဲ့။

## အပူကင်းရေး + ရေလှူပေး

ကဲ– ထားပါတော့၊ ကိုယ်ပူစိတ်ပူ ကင်းဝေးလိုသူတွေဟာ ဗောဓိပင်ကို ဘုရားကို ရေလှူရမယ်၊ ရေပူဇော်ရမယ်နော်။
(မှန်လှပါ ဘုရား)

## အပူပျောက်စေ တောင်းဆုရွေ

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ အပူတွေများ ရောက်နေရင် ဘုရားကိုသာ ရေကပ်လိုက်၊ ရေလှူလိုက်၊ ရေပူဇော်လိုက်၊ ပြီးတော့ အဲဒီအပူတွေ အမြန်ဆုံး ပျောက်ကွယ်သွားပါစေလို့ ဆုတောင်းလိုက်ပါ။

## နေပူတွေခြောက် နေပူတွေပျောက်

အဲဒီရေလှူ ရေကပ်ပြီး ဆုတောင်းနေစဉ်လေးမှာပဲ ကိုယ်ပူ စိတ်ပူတွေ သက်သာလာတာ တွေ့ရပါလိမ့်မယ်။ အပူတွေ အပူပြေလာပါလိမ့်မယ်။ အပူတွေ အေးလာပါလိမ့်မယ်။ ရေအလှူဟာ ဘဝနေပူတွေ ခြောက်၊ ဘဝနေပူတွေ ပျောက် စေနိုင်ပါတယ်။

## ဗုဒ္ဓ မေတ္တာ+ရေနှစ်ဖြာ

တကယ်တော့ သူရောကိုယ်ပါ သတ္တဝါတွေဟာ အပူသည်တွေပါ။ အပူသည် တွေအတွက် ကူဆယ်၊ ကူကယ်နိုင်တာဟာ ဘုရားတရားရေမှတစ်ပါး အခြားရေ ဘာမှမရှိဘူးဆိုတာကိုလည်း နားလည်သဘောပေါက်ရမှာ ဖြစ်ပါတယ်။

## သေချာရေရာ+ရေဆိုတာ

ရေဆိုတာ တကယ်တော့ လူတွေအတွက် ရေရာအောင် သေချာအေးမြ အောင် ဆောင်ရွက်ပေးတဲ့ အလိုအပ်ဆုံး အရာတစ်ခုပါ။ ဒါကြောင့် ရေရာသေချာ တဲ့ အနာရောဂါ ကင်းဝေးခြင်း၊ စိုးရိမ်ပူပန်မှု ကင်းဝေးခြင်း၊ ကိုယ်ပူ စိတ်ပူဆိုတာ ကင်းဝေးခြင်းဆိုတဲ့ ကောင်းကျိုးတွေရအောင် ဘုရားကို၊ ဗောဓိပင်ကို ရေလှူရ မယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သံဝသိတ+မင်းစကြ

သူဟာ ၂၀၀၀ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ် တဲ့ ဗိုလ်ပါအင်အားရှိတဲ့ ''သံဝသိတ'' ဆိုတဲ့ စကြဝတေးမင်း ဖြစ်ဖူးပါတယ်။

## အပူကင်းဝေး+ငြိမ်းချမ်းအေး

သူဟာ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ချမ်းသာတွေ များစွာ ခံစားရပြီးတော့ ကိုယ်ပူစိတ်ပူစတဲ့ အပူအားလုံးက ကင်းဝေးအေးမြသူ ဖြစ်ရပါ တယ်။ (၄၊ ၂၊ ၈၀)

ဒီနေရာလေးကိုကြည့်ပြီးတော့ ပြောမယ်ဆိုရင်တော့ ''အပူကင်းဝေး ငြိမ်းချမ်းအေး'' သူ ဖြစ်ရတယ်လို့ ပြောရမှာပါပဲ။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သိတတ်လိမ္မာတဲ့ အရွယ်မှာ ဘုရားကြည်ညိုပြီး ရဟန်းပြုလာပါတယ်။ ဝိပဿနာတရားတွေ အားထုတ်ပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါ၊ ဝိမောက္ခရှစ်ပါ၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

ဒီနေ့ ''ကဆုန်လပြည့်+ဗုဒ္ဓနေ့''မှာ ဗောဓိပင်မှာ အောင်စေသွန်းကာ ညောင်ရေသွန်းနေကြတဲ့ ဒကာ ဒကာမတွေ အစစအရာရာ အောင်မြင်ကြပါစေ၊ အနာရောဂါတွေ ကင်းဝေးကြပါစေ၊ သောကဟူသမျှ မြူတစ်စိလောက်မျှ မရောက်ကြပါစေ၊ သောကရောက်နေရင်လည်း သောကတွေ အမြတ်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးမြကြပါစေ၊ ကိုယ်ပူ စိတ်ပူ အပူကင်းဝေး ငြိမ်းချမ်း အေးမြကြပါစေလို့ ဆုပေး ဆုတောင်းပြီးတော့ ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားရဲ့
ထင်ရှားထင်းရှူး ဗောဓိဝယ်။

* ခြူးပန်း ခြူးနွယ် ဆံန်းကြယ်အိုးကို
ယူကာသည်ပိုး နံ့သာချယ်။

* နံ့သာရေတွေ သွန်းလောင်းတုန်းမှာ
မိုးကြီးကောင်းဆုံး ရွာချတယ်။

* မိုးကြိုးပစ်ကာ မိုးကြိုးစက်ကြောင့်
ဤငါအသက် ထွက်ရတယ်။

* နတ်ပြည်ရောက်ကာ ဂါထာများကို
သေချာထင်ရှား ရွတ်ပြမယ်။

* ဗုဒ္ဓ ဓမ္မာ အံ့ဖွယ်ရှိစွ
ဆရာပြည့်ဝ အံ့ဩဖွယ်။

* ငါ့ရဲ့ကိုယ်ဟာ မြေမှာကျလို့
ငါက နတ်ပြည်ပျော်ရတယ်။

* ဘုံဆင့်တစ်ရာ ဗိမာန်ကြီး၌

နတ်သမီးတွေ ခစားတယ်။
* လူနတ်ဖြစ်ရာ အနာဝေးလို့
ကျန်းမာရေးတွေ သိပ်ကောင်းတယ်။
* သောကအပူ မြူတစ်မှုန်
ငါ့ဘဝမှာ ရှိဘူးကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* ကိုယ်ပူ စိတ်ပူ အပူများလည်း
နှလုံးသား၌ ကင်းဝေးကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* မင်းမြတ်စကြာ 'ဿံဝံသိတ'
အမှန်တကယ် ဖြစ်သေးတယ်။
* ရဟန္တာပင် အမှန်ဖြစ်ရ
ဗောဓိပူဇ ထူးခြားတယ်။
* ဖြစ်လေရာမှာ အနာဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
(ဖြေယူမယ်)၂

ဥဒ္ဒေတနိကာယ်၊ ထေရာပဒါနပါဠိတော်၊ အာယာဂဒါယက ထေရအပဒါန်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကျောင်းလှူဒါန+ကောင်းကျိုးလှ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆွမ်းစားကျောင်း လှူပွဲမှာ ဟောကြားမည့်တရားတော်က "ကျောင်းလှူဒါန+ကောင်းကျိုးလှ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကျောင်းလှူဒါန+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### စေတီပုထိုး+သူရှိခိုး

ဘုရားရှင်လို့ ဝန်ခံပြောဆိုသူတွေရဲ့အလယ်မှာ ထူးမြတ်တဲ့ သိခီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ သူဟာ ရွှင်လန်းတဲ့စိတ်နဲ့ မြတ်တဲ့ပုထိုးစေတီတော်ကို ရှိခိုးလိုက်ပါတယ်။

### ဆွမ်းစားကျောင်းတော် ဆောက်ခိုင်းပျော်

သူဟာ လက်သမားတွေကို ခေါ်ပြီးတော့ ဆွမ်းစားကျောင်းရဲ့ ပဏာမကို ပြောပြလိုက်ပါတယ်။ တန်ရာတန်ကြေး အဖိုးလက်ခပေးပြီးတော့ ရွှင်လန်းရွှင်ပြတဲ့ စိတ်နဲ့ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကို ဆောက်လုပ်ခိုင်းပါတယ်။

### ဆွမ်းကျောင်းလှူကာ+ပီတိဖြာ

အဲဒီစိတ်ထဲမှာ တကယ်နှစ်သက်စရာကောင်းတဲ့ ဆွမ်းစားကျောင်းတော်ကြီး ဆောက်ပြီးတဲ့အခါမှာတော့ ရဟန်းသံဃာတွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်ပါတယ်။ သူဟာ သူ့ရဲ့ကျောင်းဒါန၊ ဆွမ်းဒါနတွေကို တော်တော်လေး စိတ်ထဲ ကြည်လင်ပြီး ပီတိတွေ ဖြစ်နေပါတယ်။

## လူ နတ်ဖြစ်ရ + ကျောင်းဒါန

သူဟာ ရှစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာပဲ လူ့ဘဝနဲ့ မရောနှောဘဲ နေရပါတယ်။ ကြွင်းတဲ့ကမ္ဘာတွေမှာတော့ သူဟာ လူ့ဘဝ၊ နတ်ဘဝ ရောနှောပြီးတော့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက် ကျင်လည်ရပါတယ်။

ဆွမ်းစားကျောင်းလှူတဲ့ ကောင်းမှုဒါနကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## အဆိပ်ကင်းရ + ကျောင်းဒါန

နောက်ပြီးတော့ သူ့ရဲ့ကိုယ်မှာ အဆိပ်တွေ မတက်နိုင်ဘူး။ မပြန့်နိုင်ဘူးတဲ့။ အဆိပ်ဘေးကင်းတဲ့ ကောင်းကျိုးနော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဆိပ်ဘေးကင်းဝေးချင်တယ်ဆိုရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရဟန်းသံဃာတွေနေတဲ့ ကျောင်းမှာ ဆွမ်းစားကျောင်းဟာ တကယ်အရေးမကြီးဘူးလား?

(ကြီးပါတယ် ဘုရား)

ဒါကြောင့် ရှေးက ဆရာတော်ကြီးတွေက "ဆွမ်းစားကျောင်းသာ အမိ၊ ဆွမ်းစားကျောင်းသာ အဖ" လို့ မိန့်တော်မူကြတယ်။

## ကြည်နူးအားရ + ကျောင်းဒါန

ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ဝမ်းသာရမှာက တကယ်အရေးကြီးတဲ့ ဆွမ်းစားကျောင်းဒါနကြီး ပြုနေရပါလားလို့ တအားကြည်နူးရမယ်၊ တအားဝမ်းသာရမယ်နော်။

(မှန်လှပါ ဘုရား)

## လက်နက်ဘေးကင်း + ကျောင်းလှူခြင်း

နောက်ပြီးတော့ သူ့ကို လက်နက်တွေ မစူးမရှနိုင်ဘူးတဲ့။ လက်နက်ဘေးကင်းဝေးတဲ့ ကောင်းကျိုးရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့လက်နက်ဘေး ကင်းဝေးချင်ရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ဒီနေ့ ကမ္ဘာကြီး ဘာလုပ်နေလဲ၊ လက်နက်တွေ အပြိုင်အဆိုင် လုပ်နေ၊ ထုတ်နေကြတယ်နော်။

(မှန်လှပါ ဘုရား)

လုပ်ချင်သလောက် လုပ်၊ ထုတ်ချင်သလောက် ထုတ်စမ်းပါစေ၊ ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ကြောက်စရာလိုသေးရဲ့လား?

(မလိုပါဘူး ဘုရား)

လိုရင်လည်း သွားတောင်းလိုက်ကြပေါ့ဗျာ။

(အားလုံး ရယ်ကြ)

## ပျင်းတောင်ပျင်းသေး စကားလေး

လက်နက်ဘေး ကင်းဝေးတာလောက်တော့ တွံတေးသိန်းတန်စကားနဲ့ ပြောရရင် ဘယ်လိုပြောမလဲ?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

ပျင်းလည်း အိပ်လိုက်တော့ဗျာ။

(အားလုံး ရယ်ကြ)

## ရေဘေးကင်းရ ကျောင်းဒါန

နောက်ပြီးတော့ ရေနစ်ပြီးတော့ မသေရဘူးတဲ့၊ ရေဘေးကင်းဝေးတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ရေဘေးကင်းဝေးချင်ရင် ဘာလှူ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရေဘေးကင်းဝေးတာလောက်တော့– ဆက်လိုက်ပါဦး?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

အဲဒီလို အဆိပ်ဘေး၊ လက်နက်ဘေး၊ ရေဘေးတွေ ကင်းဝေးတာဟာ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကြီး လှူရတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## မိုးရွာ နတ်တွေ + လိုလိုက်ပေ

နောက်ပြီးတော့ သူက မိုးကို အလိုရှိတယ်ဆိုရင် မိုးရွာချပေးရတယ်တဲ့။ နတ်တွေကလည်း သူ့အလိုကို လိုက်ပေးကြရတယ်တဲ့။ အဲဒီလို ထူးခြားဆန်းကြယ်တဲ့ ကောင်းကျိုးတွေ ရတာဟာ ကောင်းမှုကံရဲ့ အကျိုးတွေပဲ ဖြစ်တယ်တဲ့။

## စကြာမင်းလှ + ကျောင်းဒါန

နောက်ပြီးတော့ သူဟာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းအကြိမ် ၃၀ ဖြစ်ရတယ်။

## မထိမဲ့မြင် မပြုအင်

သူ့ကို ဘယ်သူကမှ မထိမဲ့မြင် မပြုဝံ့ကြဘူးတဲ့။ ဒီကောင်းကျိုးတွေဟာ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးလှတွေပဲ ဖြစ်တယ်။

## အပါယ်လွတ်ရ + ကျောင်းဒါန

ဒီဘဒ္ဒကမ္ဘာမှ ၃၁ ကမ္ဘာထက်မှာ ဆွမ်းစားကျောင်းရှည်ကို ဆောက်လုပ်လှူဒါန်းခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး မရောက်ရပါဘူး။

ဒီအပါယ်လေးပါး ကင်းဝေးတဲ့ ကောင်းကျိုးဟာလည်း ရှည်လျားတဲ့ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သဒ္ဓါတရားနဲ့ ရဟန်းပြုကာ ဝိပဿနာတရား ကြိုးစားအားထုတ်ပြီးတော့ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

ဒီလို ကောင်းကျိုးလှတွေ စုံစုံလင်လင် ရရှိတာဟာ ဆွမ်းစားကျောင်း လှူတဲ့ ဒါနကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နေ့ရှေ့ညည သတိရပါ

ဒီနေ့ ဆွမ်းစားကျောင်းလှူကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတွေလည်း အခုဟောပြီးခဲ့တဲ့ ကောင်းကျိုးတွေ ပိုင်ဆိုင်ရရှိမှာ မလွဲပါဘူးလို့ မှတ်သားကြပါ၊ ဝီတိဖြစ်ကြပါ၊ ကိုယ်လှူတဲ့ ကျောင်းဒါနကို နေ့ရှေ့ညည သတိရကြပါ၊ အောက်မေ့အမှတ်ရကြပါ၊ ဆင်ခြင်နှလုံးသွင်းကြပါလို့ မှာချင်ပါတယ်။

ကဲ– ကျောင်းလှူဒါန ကောင်းကျိုးလှ ကဗျာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ဆွမ်းစားကျောင်းတော် အရှည်ကြီးကို
  သဒ္ဓါဦးစီး လှူခဲ့တယ်။
* ကျောင်းဆောက်ပြီးသော် သံဃာများကို
  ပင့်ကာထားလို့ ဆွမ်းကပ်တယ်။
* ဆွမ်းကျောင်းလှူကာ သူ့ရင်ဦး၌
  ပီတိထူးဆိုက် ကြည်နူးတယ်။
* ရှစ်ကမ္ဘာမှာ နတ်ပြည်ဖြစ်ရ
  လူ့ဘဝနဲ့ မရောကွယ်။
* ကြွင်းကမ္ဘာမှာ လူ နတ်ရောလို့
  အံ့ဩလောက်အောင် ဖြစ်ရတယ်။
* အဆိပ်ဘေးတွေ ကင်းစင်ဝေးရ
  သူ့ဘဝမှာ အေးချမ်းတယ်။
* လက်နက်ဘေးတွေ ကင်းစင်ဝေးရ
  လက်နက်ဒုက္ခ ရောက်ဘူးကွယ်။
* ရေဘေးတွေပါ ကင်းစင်ဝေးရ
  ရေမှာနစ်ကျ သေဘူးကွယ်။
* ပူအိုက်မိုးကို သူလိုလားက
  မိုးတွေများစွာ ရွာချတယ်။
* သူ့အလိုကို နတ်အများက
  မပြတ်မနား လိုက်ပေးတယ်။
* ရတနာတွေ အစုံရတဲ့
  မင်းလုစကြာ ဖြစ်ရတယ်။
* မထီမဲ့မြင် ဘယ်သူကမှ
  မပြုဝံ့ကြ သူ့ကိုကွယ်။
* အပါယ်ဆိုတာ ရောက်ဖို့ဝေးစွ
  သိရုံလေးမျှ သိဘူးကွယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
  ဆွမ်းကျောင်းဒါန ကောင်းကျိုးကွယ်။

* ကျောင်းလှူရတာ ကောင်းကျိုးလှကို
ကြောင်းကျိုးပြကာ ကဗျာချယ်။
* ဆွမ်းကျောင်းလှူသူ ပီတိပွားဖို့
ကဗျာလေးများ ရေးစပ်တယ်။
(မှတ်ကွယ်)၂

"ကျောင်းလှူဒါန၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ နာဂသမလဝဂ်၊
ပဒသညကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ခြေတော်ရာဖူး+ကောင်းကျိုးထူး"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဗုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က "ခြေတော်ရာဖူး+ကောင်းကျိုးထူး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ခြေတော်ရာဖူး+ကောင်းကျိုးထူး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ခြေတော်ရာဖူး အထူးစိတ်ကြည်

နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ တိဿမြတ်စွာဘုရား နင်းသွားတော်မူတဲ့ ခြေတော်ရာကို ဖူးမြင်ရတဲ့ ပဒသညကမထေရ်အလောင်း သူတော်ကောင်းလေးဟာ သူ့စိတ်ထဲ တော်တော်လေး ရွှင်လန်းသွားတယ်။ ခြေတော်ရာမှာ စိတ်ကို အထူးပဲ ကြည်လင်စေပါတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ မှာကြားချင်တာကတော့ ခြေတော်ရာတွေ သွားဖူးတဲ့အခါမှာ အထူးပဲ စိတ်ကြည်လင်ပါစေလို့ မှာချင်တာပါပဲ။

### ပဒစေတီ+ပြလေပြီ

တိဿဘုရားရှင် ကိုယ်တော်မြတ်က ပဒသကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတာကို သိပြီးတော့ "ဒီဒကာလေး ခြေတော်ရာကို မြင်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ပဒစေတီ (ခြေတော်ရာစေတီ) ကို ပြတော်မူတာပါပဲ။ (အပဒါန၊ ၄၊ ၂၊ ၉၉)

## အပါယ်လေးဖြာ မသီပါ

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ ဘုရားရှင်ရဲ့ ခြေတော်ရာဆိုတဲ့ အမှတ်သညာကို ရခဲ့တဲ့အခါကစပြီးတော့ အပါယ်လေးပါး လားရတယ်ဆိုတာ မသိဘူးပါဘူးတဲ့။

ဒီအပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးဟာ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ခြေတော်ရာဖူးရတဲ့၊ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးထူးဟာ အပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(ခြေတော်ရာဖူး ကောင်းကျိုးထူး တရားပါ ဘုရား)

## ခြေတော်ရာမှတ် ကောင်းကျိုးမြတ်

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ခြေတော်ရာမှတ် ကောင်းကျိုးမြတ်တဲ့။ ဘာတဲ့လဲ?

(ခြေတော်ရာမှတ် ကောင်းကျိုးမြတ်ပါ ဘုရား)

အပါယ်လေးပါး လွတ်တဲ့ ကောင်းကျိုးမြတ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်ဗိုလ်ပါ အင်အားများစွာရှိတဲ့ သုမေဓလို့ခေါ်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

အဲဒီစကြဝတေးမင်း ဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာဖူးရ၊ ခြေတော်ရာ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ လူ နတ်စည်းစိမ်တွေ ခံစားပြီးတော့ ဒီဘုရားလက်ထက်မှာ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ လာဖြစ်တယ်။ နောက်တော့ သဒ္ဓါတရားနဲ့ ရဟန်းပြုလာ

တယ်။ မကြာခင်မှာပဲ ဝိပဿနာတရား ပွားများကာ ပဋိသမ္ဘိဒါ လေးပါး ဝိမောက္ခ ရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

ဒီရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာကို ဖူးမြင်ပူဇော်ရ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

ကဲ- ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

* တိဿတွင်ခေါ် မြတ်ဘုရားရဲ့
နင်းကြွသွားတဲ့ ခြေတော်ရာ။
* ရှင်လန်းသာကြည် ဖူးမြင်ရင်းနဲ့
ပူဇော်ခြင်းကွဲ့ မှတ်သားတာ။
* လူ နတ်ချမ်းသာ တကယ်ရလို့
အပါယ်မှလည်း လွတ်သေးတာ။
* သုမေဓခေါ် စကြာမင်းလည်း
သေချာရှင်းရှင်း ဖြစ်ရတာ။
* ခြေတော်ရာကို ဖူးမြင်ခဲ့ရ
ထူးမွန်လှတဲ့ ကောင်းကျိုးပါ။
* ခြေတော်ရာကို နေ့နေ့ညည
မမေ့ကြဘဲ ဖူးကြပါ။
(ထူးရမှာ)၂

**"ခြေတော်ရာဖူး+ ကောင်းကျိုးထူး" တရားတော် ပြီး၏။**

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ္ဂပါဠိရပ်ဝင်၊
ကောသမ္ဗိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "တကယ်ငြိမ်းသွား+မီးသုံးပါး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်ကာနွဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('တကယ်ငြိမ်းသွား+မီးသုံးပါး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဆည်းကပ်ခစား+မြတ်ဘုရား

ဒီကောသမ္ဗိယမထေရ်အလောင်း သူတော်ကောင်းဟာ အတ္ထဒဿီဘုရားလက်ထက်မှာ 'ဝရုဏ'လို့ ခေါ်တဲ့ ထင်ရှားတဲ့ သိကြားနတ်မင်း ဖြစ်ဖူးတယ်။ သူဟာ မြတ်စွာဘုရားကို ဖူးမြင်ရပြီးတော့ အင်မတန် ကြည်ညိုကာ ဆင်မြင်းဗိုလ်ပါယာဉ်များစွာနဲ့တကွ မြတ်စွာဘုရားကို ဆည်းကပ်ခစားတယ်။

### ဗောဓိပင်ဆီ+သူသွားပြီ

လူတွေရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ သူဟာ တူရိယာအားလုံးကို ယူပြီးတော့ မြတ်တဲ့ဗောဓိပင်ကို သွားတယ်။

### သက်တော်ထင်ရှား ပူဇော်ငြားသို့

သူဟာ မောင်းကြေးနင်းခွက်ခွင်းနဲ့တကွ တီးမှုတ်ကခုန်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်မှောက်မှာပဲ ဆည်းကပ်ပူဇော်သလို မြတ်သောဗောဓိပင်ကို ဆည်းကပ်ပူဇော်ပါတယ်။

ဒီနေရာမှာ ဒကာ ဒကာမတွေ သတိထားကာ မှတ်သားရမှာကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ဆည်းကပ်ခြင်းဆိုတာပဲ နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးတွေက + အတူရ

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ဓာတ်ပုံ၊ ပန်းချီကား၊ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ စေတီပုထိုး အမျိုးမျိုးသော ဘုရားတွေမှာ သဒ္ဓါ ပညာ အတူထားကာ ပူဇော်ရင် ကောင်းကျိုးတရားတွေ အတူတူပဲ ရတယ် နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မှာချင်တာက လေးလေးနက်နက် ပူဇော်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ပါလို့ မှာချင်တာပါပဲ။

## ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ

ဒီနေရာမှာ ဝေဘူဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒစကားလေး ပြော ချင်ပါသေးတယ်။

ဒကာ ဒကာမတွေက ''ဘုရားကို မတွေ့တွဲ့သူငယ်ချင်း အိမ်လာတာလောက် မှ ဂရုမစိုက်ချင်ဘူး''တဲ့။

မတွေ့တွဲ့သူငယ်ချင်း အိမ်လာရင် သောက်ပါဦး၊ စားပါဦး၊ ထိုင်ပါဦး၊ နေပါ ဦးနဲ့ ပျာပျာသလဲ လုပ်သေးတယ်တဲ့။ ဘုရားအပေါ်ကျတော့ ပျာပျာသလဲ မလုပ် ကြဘူး။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး မကပ်ချင်ကြဘူးတဲ့။

မင်းတို့ ဒကာ ဒကာမတွေ ဆင်းရဲနေတာ မတွေ့တွဲ့သူငယ်ချင်း အိမ်လာတာ လောက်မှ ဘုရားကို ဂရုမစိုက်လို့ ဆင်းရဲနေကြတာပေါ့လို့ မိန့်တော်မူပါတယ်။ ဒီစကားလေးဟာ မှတ်သားစရာ တကယ်ကောင်းပါတယ်။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဒကာ ဒကာမတွေ တစ်နေ့ ရေဘယ်နှစ်ခါသောက်လဲ?

(ခဏခဏသောက်ပါတယ် ဘုရား)

ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မဖြေ၊ အားလုံး ရယ်နေကြ)

ရှေ့က တရားတောက်ကဲ့ဒကာကြီးကို မေးမယ်။ ဒကာဆွေ၊ ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မနက်တစ်ခါပဲ ကပ်ပါတယ် ဘုရား)၊ (အားလုံး ရယ်ကြ)

ဒါဆိုရင် ဒကာကြီးလည်း တစ်နေ့ ရေတစ်ခါတည်းပဲ သောက်သလား?

(တစ်ခါမက မကြာမကြာသောက်ပါတယ် ဘုရား)

တော်တော်ကောင်းတယ်နော်။ ဘုရားကျတော့ တစ်ခါ၊ သူ့ကျတော့ မကြာမကြာ)

(အားလုံး ရယ်ကြ)

ဒီတော့ ဝေဘူဆရာတော်ကြီး ပြောတဲ့စကား မမှန်ဘူးလား?

(မှန်ပါတယ် ဘုရား)

မှန်မှာပေါ့ဗျ။ ဝေဘူဆရာတော်ဆိုတာ ရဟန္တာလို့ ထင်ရှားတယ်။ ပြောကြ၊ ဟောကြ၊ ရေးကြတယ်နော်။

(မှန်လှပါ ဘုရား)

## အနာခံကာ လမ်းလျှောက်လာ

ဆက်စပ်နေလို့ ဝေဘူဆရာတော်ကြီးအကြောင်း ဖတ်ဖူး ကြားဖူးတာလေး ပြောဦးမယ်။

တစ်နေ့ ဝေဘူဆရာတော်ထံ ဒကာကြီးတစ်ယောက် ရောက်လာတယ်။

ဆောင်းတွင်း နံနက်ပိုင်းမှာ ဝေဘူဆရာတော်ကြီးက လမ်းလျှောက်နေတယ်။ ဘာလုပ်နေလဲ?

(လမ်းလျှောက်နေပါတယ် ဘုရား)

အဲဒီဒကာကြီးက "ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကို လူတွေက အနာဂါမ်လို့ ပြောနေကြပါတယ် ဘုရား၊ အဲဒါ ဟုတ်သလား" တဲ့။

အဲဒီလိုလျှောက်တော့ ဝေဘူဆရာတော်ကြီးက "ဒကာ ငါဒီ[illegible]ခံပြီး လမ်းလျှောက်နေတာ နင်မမြင်ဘူးလား" လို့ မိန့်တော်မူတယ်တဲ့။

## သူ့ပစ္စည်း သူယူတာ+ယူပါစေ

တစ်ခါတော့လည်း ဝေဘူဆရာတော်ကြီးရဲ့ ကျောင်းဆောင်ထဲက တိုင်ကပ်နာရီကြီးကို သူခိုးတစ်ယောက်က ခိုးနေတာကို ဝေဘူဆရာတော်ကြီးက ဘာမှ မပြောပါဘူး။ ကပ္ပိယကြီးကမြင်တော့ "သူခိုး၊ သူခိုး"လို့ အော်တဲ့အခါ ဝေဘူဆရာတော်ကြီးက "ဟဲ့၊ ကပ္ပိယ၊ သူ့ပစ္စည်းသူ ယူတာ ယူပါစေ၊ မအော်နဲ့"လို့ မိန့်တော်မူပါသတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ ဝေဘူဆရာတော်ကြီးနည်းယူပြီးတော့ ကိုယ့်အိမ်က ပစ္စည်းတွေ သူခိုးများ လာခိုးရင် ဘယ်လိုသဘောထားမလဲ?

(မဖြေ၊ ရယ်နေကြ)

သူ့ပစ္စည်း သူယူတာ ယူပါစေ၊ ဒီလိုသဘောထားရမှာနော်။

(မှန်လှပါ ဘုရား)

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

## ဗောဓိပင်မှာ သေဆုံးရှာ

သူဟာ မြေမှာပေါက်နေတဲ့ ဗောဓိပင်ကို ပူဇော်ဆည်းကပ် ပူဇော်ပြီးတော့ ကိုယ်ကို ထက်ဝယ်ဖွဲ့ခွေကာ အဲဒီဗောဓိပင်ရင်းမှာပဲ သေဆုံးခဲ့တယ်။

## နိမ္မာနရတိပြည် + သူရောက်ပြီ

သူဟာ မိမိလုပ်ရမည့်ကုသိုလ်လုပ်ငန်းတွေမှာ အားထုတ်ပြီးသူ ဖြစ်တယ်။ မြတ်သောဗောဓိပင်ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည်ညိုခဲ့သူဖြစ်တယ်။ သူ့ရဲ့စိတ်ကြည်လင်ခြင်း၊ ကြည်ညိုခြင်းကြောင့် နိမ္မာနရတိနတ်ဘုံမှာ ရောက်ရပါတယ်။

## တူရိယာတွေ ခစားနေ

လှုပြည်၊ နတ်ပြည် ဘဝကြီးငယ် ဖြစ်လေရာဘဝတိုင်းမှာ တူရိယာပေါင်း ခြောက်သောင်းက သူ့ကို အမြဲတစေ ခြံရံခစားနေကြတယ်။

## တကယ်ငြိမ်းသွား + မီးသုံးပါး

သူ့မှာ ဘောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ မီးသုံးပါး၊ မီးဘယ်နှစ်ပါးလဲ?

(မီးသုံးပါးပါ ဘုရား)

အဲဒီမီးသုံးပါး တကယ်ငြိမ်းသွားရတယ်တဲ့။ ဒီနေရာလေး ကြည့်ပြီးတော့ တရားနာမည်လေး ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(တကယ်ငြိမ်းသွား မီးသုံးပါးတရားပါ ဘုရား)

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

အဲဒီမီးသုံးပါးထဲမှာ ဘယ်မီးကောင်းသလဲ?
(ဘယ်မီးမှ မကောင်းပါ ဘုရား)
သက်မဲ့သက်ရှိ အရာရာလိုချင်တဲ့ လောဘမီး ကောင်းရဲ့လား?
(မကောင်းပါ ဘုရား)

## ကိုယ်တွင်းဖြစ်လာ + ပျက်စီးမှာ

ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်း ဘုရားထံရောက်လာပါတယ်။ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးပြီး သူနဲ့သင့်တော်တဲ့နေရာမှာ ထိုင်နေပြီးတော့ မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ ဘယ်လိုမေးလျှောက်သလဲဆိုတော့ "မြတ်စွာဘုရား၊ သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဘယ်လိုတရားတွေ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်ပေါ်လာနိုင်ပါသလဲ? လို့ မေးလျှောက်ပါတယ်။

ဘုရားရှင်က "မင်းကြီး၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးပါး သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေပျက်စီးမယ်၊ ကိုယ်စိတ်ဆင်းရဲရမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်"လို့ ဟောတော်မူပါတယ်။ (သံ၊ ပါ၊ ၁၊ ၇၀)

ဒီတော့ ပရိသတ်ရေ၊ လောဘမီး ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးမယ်၊ ဆင်းရဲမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်နော်။
(မှန်လှပါ ဘုရား)

## ကောင်းကျိုးစီးပွား + ပျက်စီးသွား

ဒီနေရာမှာ လောဘကြောင့် ကောင်းကျိုးစီးပွား ပျက်စီးပုံလေးကို ပြောချင်ပါသေးတယ်။

ဘုန်းကြီးကိုးကွယ်တဲ့ ဒကာကြီးမိသားစုဟာ လက်သမား၊ ပန်းရန်ကိစ္စတွေ ကျွမ်းကျင်တတ်မြောက်ကြပါတယ်။ စည်းကမ်းလည်းကောင်း၊ သပ်ရပ်မှုလည်း ရှိတဲ့အတွက် သူတို့သားအဖတွေ အလုပ်ကောင်းကြပါတယ်။

သူတို့နေတဲ့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်ကြတဲ့အခါ ဒကာကြီးက ကျောင်းထိုင်ဘုန်းကြီးကို လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော်သားကို နေ့တွက်နှုန်း ပိုပေးပါ၊ အပြင်မှာလည်း သူ့အနေအထားဆိုရင် တပည့်တော်

တိုးပေးဖို့ လျှောက်တာထက်တောင် ရနေပါတယ်''လို့ လျှောက်တော့ ကျောင်းထိုင်ဆရာတော်ကြီးက ''မပေးနိုင်ဘူးကွာ၊ မလုပ်ချင် နေ''လို့ မိန့်တော်မူပါသတဲ့။

ဒကာကြီးကလည်း ''မလုပ်တော့ဘူး ဘုရား''ဆိုပြီးတော့ မလုပ်တော့ဘဲ အိမ်ပြန်လာခဲ့သတဲ့။

ကျောင်းထိုင်ဆရာတော်ကြီးက ကျောင်းဒကာ ဒကာမတွေကို ခေါ်ပြီးတော့ အကျိုးအကြောင်းခေါ်ပြီးတော့ ပြောပြတဲ့အခါ အားလုံးက ''ဆရာတော်၊ အဲဒီဒကာကြီး တိုးတောင်းတာ မှန်တယ်၊ အပြင်မှာ သူတို့လက်ရာလောက် မကောင်းတဲ့သူတွေတောင် သူတို့ထက် လက်ခပိုယူနေကြတယ်၊ သူတို့သားအဖတွေကို တောင်းတဲ့အတိုင်း ပေးသင့်ပါတယ်။ သူတို့သားအဖတွေက လက်ရာကောင်းတယ်၊ ပြန်ခေါ်ပြီး အလုပ်နိုင်းပါ''လို့ လျှောက်ကြပါသတဲ့။

ဆရာတော်ကြီးက ''ဒကာကြီးတို့ သားအဖကို ခေါ်ပြီးတော့ နိုင်းဖို့ရန်အတွက် ဒကာကြီးကို ခေါ်ပြီးတော့ လက်ခတိုးပေးမယ် ပြန်လုပ်ပါ''လို့ ပြောပါသတဲ့၊

ဒကာကြီးက မလုပ်တော့ဘူးလို့ ပြန်လျှောက်ပါတယ်။ ဘုန်းကြီးက ''ဘာကြောင့် မလုပ်ချင်တာတုံး''လို့ ပြန်မေးပါသတဲ့။

အဲဒီလိုမေးတဲ့အခါ ဒကာကြီးက ''တပည့်တော်ကလည်း လောဘကြောင့် တိုးတောင်းမိတာ၊ အရှင်ဘုရားကလည်း လောဘကြောင့် တိုးမပေးချင်တာ ဖြစ်တယ်။ ဒီတော့ လောဘသမား အချင်းချင်း ဆက်လုပ်နေရင် အဆင်ပြေမှာမဟုတ်ပါ ဘုရား''လို့ လျှောက်ပြီးတော့ ပြန်လာခဲ့သတဲ့။

ဒီစကားလေးကို ကောက်ချက်ချလိုက်တော့ လောဘကြောင့် ဘုန်းကြီးကော ဒကာကြီးပါ အဆင်မပြေတာဖြစ်တယ်၊ ဒီတော့ ဘုန်းကြီးကျောင်းလည်း ပြီးရမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ မပြီးဘဲ အချိန်တွေ ကြာသွားတယ်။ ဒကာကြီးတို့မိသားစုလည်း အလုပ်ရက် နည်းနည်းနားလိုက်ရတော့ ငွေတွက်တွေ လျော့သွားတယ်။ ဒီအကြောင်းလေးကို ဒကာကြီးက ကိုယ်တိုင်ပြောပြပါတယ်။ ဒီနေရာမှာ လောဘကြောင့် သူရောကိုယ်ပါ အကျိုးမရှိတာကို သိစေချင်လို့ ဖော်ပြတာပါပဲ။

## လောဘလိုက + ဆင်းရဲရ

အောက်ပါကဗျာလေးကိုလည်း ရေးသားမိပါတယ်။

''လောဘလိုသော၊ ထိုသဘောကြောင့်၊ ကိုယ်ရောသူပါ၊ သတ္တဝါတို့၊ ခါခါနွေညှ၊ ဆင်းရဲရ၊ လောဘနည်းအောင်လုပ်'' ဆိုတဲ့ ကဗျာလေးပါပဲ။

## လောဘနည်းသူ စိတ်ထားဖြူ

ဒီနေရာမှာ လောဘနည်းအောင် ကိုယ့်ကိုယ်ကို အမြဲတစေ ဆုံးမနေတဲ့ ဒကာမတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။ သူပြောပြတာကတော့ သူတို့အိမ်မှာ ညီမဝမ်းကွဲတစ်ယောက် ကျောင်းလာနေပါတယ်တဲ့။ မိဘတွေက စားစရာ သောက်စရာတွေ ခွဲဝေပေးရင် ညီမဝမ်းကွဲလေးကို ကြိုက်တာ အရင်ယူ ခိုင်းပါတယ်တဲ့။ ပြီးမှ သူက ယူပါသတဲ့။ တစ်နေ့တော့ မိဘတွေက လက်စွပ်လေး နှစ်ကွင်း လုပ်ပြီးတော့ ကောင်းတဲ့လက်စွပ်လေးကို သူ့ပေးပြီးတော့ တန်ဖိုးနည်းတဲ့ လက်စွပ်လေးကို ညီမဝမ်းကွဲလေးကို ပေးပါသတဲ့။ သူက မိဘတွေရှေ့မှာပဲ ညီမလေး၊ အစ်မလက်စွပ်ကြိုက်ရင် အစ်မလက်စွပ်ကို ယူပါလို့ ပေးပါသတဲ့။ ညီမဝမ်းကွဲလေးကလည်း ကြိုက်တယ်ဆိုပြီး ယူကာ သူဝတ်ထားတဲ့လက်စွပ်ကို အစ်မဝမ်းကွဲကို ပေးလိုက်ပါသတဲ့။ အဲဒီမြင်ကွင်းလေးကို တွေ့လိုက်ရတဲ့ မိဘတွေက ကွယ်ရာမှာ သမီးကိုခေါ်ပြီးတော့ သမီးက ဘာပြုလို့ ကောင်းတဲ့လက်စွပ်ကို ညီမလေး ပေးလိုက်ရတာလဲ၊ သမီးအတွက် သီးသန့်လုပ်လာတာလို့ ပြောပြီး ဆူငေါက်ပါတယ်။

အဲဒီလို မိဘတွေက ဆူငေါက်တော့ သူပြောတဲ့စကားလေးက "အမေရယ်၊ အဖေရယ်၊ သမီးတို့အိမ် သူလာနေတဲ့အချိန်မှာ သမီးက ကောင်းတာ၊ ကြိုက်တာ ယူလိုက်ရင် ညီမလေး စိတ်မကောင်းဖြစ်မှာ၊ အားငယ်မှာစိုးလို့ပါ"တဲ့။ တော်တော် လေး မွန်မြတ်တဲ့စိတ်ထားကောင်း ဖြစ်ပါတယ်။ သူက ငယ်ငယ်လေးထဲက အဲဒီလို လောဘနည်းအောင် အမြဲတစေဆုံးမပြီး နေခဲ့ကြောင်း လျှောက်ပြတာ ကောင်းလွန်းလို့ ရေးပြလိုက်တာပါပဲ။

စိတ်ထားကောင်းသူတွေရဲ့အကြောင်း ကြားရတာ၊ ရေးရတာ တကယ် အရသာရှိပါတယ်။ ကြားရ၊ ရေးရချိန်လေးမှာလည်း ရင်ထဲမှာ တကယ်ပဲ အေးချမ်း လှပါတယ်။ တကယ်တော့ **လောဘနည်းသူဟာ စိတ်ထားဖြူသူပါပဲ။**

အောက်ပါကဗျာလေးကိုလည်း ရေးသား မှတ်တမ်းတင်မိပါတယ်။

"လောဘတရား၊ လွန်နည်းပါးသူ၊ စကားဖြူလှ၊ ကြားလိုက်ရစဉ်၊ ရေးနေ စဉ်၌၊ ရွှေရင်စိတ်မှာ၊ အေးချမ်းလာ၍၊ ဤငါလည်းပဲ၊ လောဘနည်းမှ၊ ဆင်းရဲ ထွေထွေ၊ နည်းနိုင်ပေဟု၊ ဆုံးမပြုသည်၊ သုံးချအနုကဗျာတည်း"

ဒီကဗျာလေးဟာ ကိုယ့်ကိုယ်ကိုဆုံးမတဲ့ကဗျာလေးပါပဲ။ တကယ်ပဲ အသုံး ချ လိုက်နာကျင့်သုံးရမယ့် ကဗျာလေးနော်။

(မှန်လှပါ ဘုရား)

လိုချင်တဲ့ လောဘမီး။ မကောင်းတာ ပြောပြီးပြီနော်။
(မှန်လှပါ ဘုရား)

## အရာရာတို့ + ဒေါသဆို

ဒီတစ်ခါ အလိုမကျတာ အရာရာကို တိုတတ်တဲ့ ဒေါသမီးအကြောင်း ပြောရအောင်။ ကဗျာလေး ဆိုလိုက်ပါဦး။

* အလိုမကျတာ၊ အရာရာ၊ တိုတာ ဘာမီးလဲ။
အလိုမကျတာ၊ အရာရာ။ တိုတာ ဒေါသပဲ။
ပရိသတ်ရေ၊ တိုတာ ဘာမီးတဲ့လဲ။
(ဒေါသမီးပါ ဘုရား)
ဒေါသဆိုတဲ့ တရားဟာ အဆိုးတွေကိုပဲ ဖန်ဆင်းတယ်နော်။
(မှန်လှပါ ဘုရား)

## ဒေါသကြီးက ရုပ်မလှ

ဒီနေရာမှာ ဒေါသဆိုးကျိုး အမျိုးမျိုးတွေကို ဘုရားဟောထားတဲ့အတိုင်း မှတ်သားကြည့်ကြရအောင်။

ကောဓနော ဒုဗ္ဗဏ္ဏော ဟောတိ။ (အံ၊ ၁။ ၂၊ ၄၇၁)
ဒေါသကြီးသူ ရုပ်အဆင်းမလှတော့ဘူးတဲ့။
ဘယ်လောက်ကြီးပဲ ချောမောလှပစေကာမူ ဒေါသထွက်နေတဲ့အချိန် ကြည့်မကောင်းတော့ဘူး၊ မလှတော့ဘူးနော်။
(မှန်လှပါ ဘုရား)
ဒေါသထွက်နေတဲ့အချိန် ကိုယ့်ရုပ်ကို မှန်ထဲသွားကြည့်၊ ဘယ်လိုနေမလဲ။
(ရုပ်ဆိုးပါတယ် ဘုရား)
ရုပ်ဆိုးတာဟာ ဘာ့ကြောင့်လဲ? (ဒေါသဆိုတဲ့ စိတ်ဆိုးလို့နော်)
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ ရုပ်ဆိုးချင်သလား၊ ရုပ်ချောချင်သလား။
(ရုပ်ချောချင်ပါတယ် ဘုရား)
အေး– ရုပ်ချောချင်ရင် စိတ်ချောပါ၊ စိတ်မဆိုးပါနဲ့။

## ဆင်းရဲအိပ်ရ တိုဒေါသ

အထော ဒုက္ခံ သေတိ သော၊

နောက်ပြီးတော့ ဒေါသကြီးတဲ့သူဟာ ဆင်းဆင်းရဲရဲ အိပ်ရ နေရတယ်တဲ့။ ဘယ်တော့မှ အိပ်မပျော်ဘူးတဲ့။ ဘယ်လိုကောင်းတဲ့နေရာကြီးပေါ်မှာ အိပ်ရအိပ်ရ အရသာမရှိတော့ဘူး။ ဆင်းရဲနေတာပဲနော်။

(မှန်လှပါ ဘုရား)

## အကျိုးစီးပွား + ပျက်စီးသွား

အထော အတ္တံ ဂဟေတွာန၊

အနတ္တံ အဓိပဇ္ဇတိ။

နောက်ပြီးတော့ လုပ်လိုက်တာကတော့ အကျိုးစီးပွားရှိမယ်ထင်ပြီး လုပ်လိုက်တာပါပဲ။ တကယ်တော့ အကျိုးစီးပွား ပျက်စီးသွားတာပဲ ဖြစ်သွားတယ်။ ဟုတ်မယ် ကောင်းမယ်ထင်ပြီး လုပ်လိုက်တာ မဟုတ်တာ မကောင်းတာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ တပည့်ဦးဇင်းလေးတစ်ပါးအကြောင်း တင်ပြချင်ပါသေးတယ်။ ဒကာမတစ်ယောက်က စနေသား ဦးဇင်းတစ်ပါးကို ဗေဒင်ဆရာက သင်္ကန်းထပ်ပေးလိုက်ပါလို့ စနေသား ဦးဇင်းတစ်ပါး ရှာပေးပါ၊ သင်္ကန်းထပ်ချင်ပါတယ်ဘုရား လို့ လာလျှောက်ပါတယ်။

အဲဒီလို လာလျှောက်တဲ့ ဒကာမကို စနေသားဦးဇင်းတော့ မရှိဘူး။ အသက်ပြည့်ပြီး ရဟန်းမခံရသေးတဲ့ စနေသား ကိုရင်တော့ ရှိတယ်။ ဦးဇင်းဖြစ်ပြီးသား စနေသားကို သင်္ကန်းထပ်ပေးတာထက် ဦးဇင်းမဖြစ်သေးတဲ့ စနေသား ကိုရင်ကို ရဟန်းဘောင်ရောက်အောင် ချီးမြှောက်ပေးတာက ပိုအကျိုးရှိတယ်လို့ ပြောတော့ ဒကာမက ဆရာတော်ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဘုရားဆိုပြီးတော့ ပရိက္ခရာရှစ်ပါး စုံလင်စွာ သင်္ကန်း၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခြုံထည်၊ ဖျာ၊ မျက်နှာသုတ်ပဝါ၊ နေရာထိုင်၊ ထီး၊ ဖိနပ်၊ ယပ်စသည် စုံလင်စွာ အကောင်းတွေချည်းဝယ်ပြီး ရဟန်းခံပေးပါတယ်။ ကျွန်တဲ့အသုံးအဆောင်တွေ၊ စာအုပ်တွေလည်း စုံလင်အောင် ဝယ်လှူပါတယ်။ ဒကာမလေးက တော်တော်လေး စေတနာကောင်းပါတယ်။ လှူတာတွေ များတောင်နေပါသေးတယ်။

စာမေးပွဲဖြေပြီးတော့ ရွာပြန်၊ ရွာကပြန်လာတော့ ဒကာမလည်း ကျောင်းလာခိုက်မှာ ဦးဇင်းလေးကို တွေ့ပေးပြီးတော့ မင့်ဒကာမ ပေးဖို့ ရွာကဘာပါသလဲ၊ ပေးစရာရှိရင် ပေးလိုက်လို့ ပြောတဲ့အခါ ရွာက ဘာမှမပါကြောင်း ပြန်လျှောက်ပါတယ်။

ကျောင်းမှ အပြင်ထွက်လို့ရတဲ့ ဥပုသ်နေ့မှာ ဦးဇင်းလေးဟာ သူ့ဒကာမ အိမ်ကို သွားပါတယ်။ သွားပြီးတော့ မုန့်တွေပေးပါတယ်။ သူ့ဒကာမ အပြင်သွားခိုက်မို့ သူ့ဒကာမနဲ့တော့ မတွေ့ခဲ့ပါဘူး။ အခြားအိမ်က လူတွေကို မှာပြီး မုန့်တွေပေးခဲ့ပါတယ်။

ဦးဇင်းလေးတစ်ပါးက မုန့်တွေ ပေးခဲ့တယ်ဆိုတာ သူ့ဒကာမ အပြင်က ပြန်လာတော့ သိရတဲ့အတွက် ဒကာမက ဘုန်းကြီးဆီကို ဖုန်းဆက်ပါတယ်။ ဆရာတော်၊ ကိုရင် ဦးဇင်းတစ်ပါးပါး အိမ်ကို လွှတ်လိုက်ပါသလား ဘုရားလို့ ဖုန်းဆက် မေးလျှောက်ပါတယ်။ ဘုန်းကြီးက မလွှတ်ကြောင်း ပြန်ပြောလိုက်ပါတယ်။

ဦးဇင်းလေးဟာ ညနေ ၄ နာရီ ပြန်ရောက်ရမယ့်အချိန်မှာ ပြန်မရောက်ပါဘူး။ သံဃာစစ်တော့ မပါဘဲဖြစ်နေပါတယ်။ ညနေ ၅ နာရီလောက်မှ ပြန်ရောက်လာပါတယ်။ သူမလျှောက်ဘဲ ရဟန်းဒကာမအိမ်ကို သွားပြီး မုန့်ပေးတယ်ဆိုတာကို ဘုန်းကြီးက ဖုန်းလာပြီးလို့ သိပြီးဖြစ်နေပါတယ်။

ဦးဇင်းလေး ပြန်ရောက်လာတော့ လာလျှောက်ပါတယ်။ အစတော့ လိမ်ညာပါသေးတယ်။ နောက် လိမ်မရတော့ ဒကာမအိမ် မုန့်သွားပေးကြောင်း လျှောက်ပြပါတယ်။

မလျှောက်ဘဲ သွားတာ၊ နောက်ကျတာကြောင့် နှစ်ချက် ရိုက်လိုက်ပါတယ်။ စည်းကမ်းလိုက်နာတတ်အောင် နောက် သတိထားနိုင်အောင် ရိုက်လိုက်တာပါပဲ။

နောက် မကြာခင်မှာဘဲ သူ့ရဟန်းဒကာမ ရောက်လာပါတယ်။ သူကလည်း သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ မနှင်အောင် လာလျှောက်ဖို့ လိုက်လာတာပါပဲ။

သူရောက်လာတော့ ဒကာမအိမ်ကို မုန့်တွေပေးသွားတာ ဘယ်ကကိုယ်တော်တွေလဲလို့ မေးလိုက်ပါတယ်။ ဒကာမလေးက 'မန္တလေးက အသိကိုယ်တော်တွေပါ ဘုရား' လို့ လျှောက်ပါတယ်။ နင် ငါ့ကို မညာနဲ့နော်၊ မှန်တာပြောလို့ ပြောတဲ့အခါ ဟုတ်ပါတယ် ဘုရား။ မန္တလေးက ကိုယ်တော်တွေပါလို့ ထပ်လျှောက်ပါတယ်။

နင်လည်း ငါ့ကို ညာလျှောက်တယ်၊ ကျောင်းကို ဘယ်တော့မှ မလာခဲ့နဲ့

လို့ ပြောတော့မှ မှန်တဲ့အတိုင်း လျှောက်ပါတယ်။ သူကတော့ သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ လျှောက်တာပါပဲ။

ဘုန်းကြီးက နှင့်ဦးဇင်း မနှင်ပါဘူး၊ စောစောက နှစ်ချက်ရိုက်ပြီးပြီလို့ ပြောပြပါတယ်။

နောက်နေ့မှာ ဦးဇင်းက သူကျောင်းပြောင်းမယ့်အကြောင်း လာလျှောက် ပါတယ်။ တားရိုးထုံးစံမရှိပါဘူး။ ခွင့်ပြုလိုက်ပါတယ်။ သူ့ဒကာမဆီကိုတော့ ဖုန်း ဆက်ပြီး အကြောင်းကြားပေးလိုက်ပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ဒကာမမိသားစု ကျောင်းရောက်လာပါ တယ်။ သူ့မှာ ၅ နှစ်သား သားလေးပါ ပါလာပါတယ်။ တော်တော်လေးကြာတော့ ဘုန်းကြီးက ရိုက်တဲ့အကြောင်း၊ ဒကာမက လိမ်ညာတဲ့အကြောင်း၊ ဦးဇင်းလေးက လည်း ကျောင်းကထွက်သွားတဲ့အကြောင်း ပြောကြပါတယ်။

အဲဒီလိုပြောပြီးတော့ ဘုန်းကြီးက ကလေးကို မင်း သေသေချာချာ ပြော စမ်း၊ ဒီကိစ္စမှာ ဘယ်သူမှားသလဲလို့ မေးလိုက်တဲ့အခါ ကလေးက ၃ ယောက်စလုံး မှားတယ်တဲ့။

(အားလုံး ရယ်ကြ)

ဘုန်းကြီးကော သူ့မိခင်ပါ မတွေးတဲ့အတွေးပဲ ဖြစ်ပါတယ်။ ကဲ– ဘယ်လို မှားတာတုံး ပြောစမ်းပါဆိုတော့ ကလေးက "ဘုန်းဘုန်းကလည်း မရိုက်ဘဲ ဒဏ် လောက်ပေးရင် ပြီးသွားတာပါပဲ၊ ခုတော့ ရိုက်လိုက်တော့ ဘုန်းဘုန်းလည်း မှား တယ်။ မေမေကလည်း လိမ်ညာပြောတဲ့အတွက် မှားတယ်။ ဦးဇင်းလေးကလည်း မလျှောက်ဘဲ သွားတာ၊ နောက်ကျတာ၊ ရိုက်လို့ ကျောင်းကထွက်သွားတာ မှား တယ်လို့ ဆုံးဖြတ်ပေးပါတယ်။

စောစောက ပြောပြတဲ့ဦးဇင်းလေးကိစ္စမှာ ဘုန်းကြီးက နောင် စည်းကမ်း လိုက်နာအောင်၊ မှတ်သွားအောင်ဆိုပြီးတော့ ကောင်းကောင်းလုပ်လိုက်တာပါပဲ၊ ဒါပေမဲ့ ဒေါသကြောင့် ဘုန်းကြီးကလည်း ရိုက်မိ၊ ဦးဇင်းလေးကလည်း ဆရာက ဆုံးမတာကို မကျေနပ်တဲ့ဒေါသကြောင့် ဆရာ့ကျေးဇူး ဒကာမကျေးဇူးကို မထောက် ထားဘဲ ကျောင်းကထွက်သွားတော့ မကောင်းတာတွေဘဲ ဆက်တိုက်ဖြစ်သွားတာ ပါပဲ။

ကလေးပြောတော့မှ ၃ ယောက်လုံး မှားတယ်ဆိုတာ မှန်တာပဲ၊ ဒီကလေး ဟာ တော်တော်လေး အတွေးကောင်းတယ်လို့ ချီးကျူးမိပါတယ်။

ကလေးဉာဏ်ကို ဖွင့်ပေးပါ။ ကလေးဉာဏ်ကို အထင်မသေးပါနဲ့၊ ကလေးဉာဏ်ဟာ အတွေးမှန်ကို ပေးတတ်ပါလားလို့ ကောက်ချက်ချမိပါတယ်။

ဒေါသကြောင့် ဆရာလည်း အကျိုးမရှိ၊ ဦးဖင်းလေးလည်း အကျိုးမရှိ၊ ဒကာမလည်း စိတ်မကောင်းဖြစ်ပြီး အကျိုးမရှိပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြလိုက်တာပါပဲ။

ဒေါသနဲ့ ဆောင်ရွက်သမျှ ဘယ်တော့မှ ကောင်းတာ အကျိုးရှိတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ သတိထားမိပါတယ်။ ဒေါသကြောင့် မှား၊ အမှားတစ်ထောင်၊ ဒေါသသမား အမှားမရေနိုင်လို့လည်း မှတ်တမ်းတင်မိပါတယ်။

## ဥစ္စာခနဲ ဆုံးရှုံးရ

တတော ကာယေန ဝါစာယ၊
ဝဓံ ကတွာန ကောဓနော။
ကောဓာ ဘိဘူတော ပုရိသော၊
ဓနဇာနိံ နိဂစ္ဆတိ။

ဒေါသအမျက် နှိပ်စက်သူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှု ပြုတတ်တယ်။ (ခြေလွန်၊ လက်လွန် ဖြစ်တတ်တယ်)

အဲဒီလို ခြေလွန် လက်လွန်ဖြစ်ပြီး သတ်ပုတ်ညှဉ်းဆဲမှုကို ပြုမိရင် ဥစ္စာတွေ ဆုံးရှုံးတတ်တယ်။

ဒီနေရာမှာ ဆရာတော်တစ်ပါးအကြောင်း ပြောပြပါဦးမယ်။ ဆရာတော်တစ်ပါးရဲ့ ကျောင်းနားမှာ ရေအိုင်ကြီးတွေ များစွာရှိတယ်။ ရပ်ကွက်ထဲက လူတွေဟာ အဲဒီရေအိုင်ထဲက ငါးတွေကို လာပြီးတော့ ဖမ်းယူလေ့ရှိတယ်။ ဆရာတော်ကြီးက "ငါးမဖမ်းရ၊ ငါးမမျှားရ" ဆိုတဲ့ စာတမ်းတွေ ချိတ်ထား ကပ်ထားတယ်။ ဒါပေမဲ့ လူတွေကတော့ လစ်ရင် လစ်သလို ဖမ်းယူလေ့ရှိတယ်။ တစ်ခါတလေမှာ ဆရာတော်ကြီးက တပည့်လေးငါးပါး ခေါ်ပြီးတော့ ရပ်ကြည့်လေ့ရှိတယ်။ ငါးဖမ်းနေသူတွေဟာ ထွက်ပြေးကြတယ်။ တစ်နေ့တော့ ငါးဖမ်းနေသူတွေ ၁၀ ယောက်လောက် ရှိတယ်။ ဆရာတော်က မဖမ်းကြနဲ့၊ ပြန်သွားကြလို့ ပြောတာကို သူတို့ကလည်း ၁၀ ယောက်လောက်ဆိုတော့ မပြန်ဘဲ ဖမ်းမြဲဖမ်းနေကြတယ်။ ဆရာတော်က သူ့ကျောင်းမှာရှိတဲ့ စာသင်သားများစွာထဲက လက်ရွေးစင် စာသင်သားအပါး ၂၀ လောက်ကို ခေါ်ပြီးတော့ ကဲ- မင်းတို့တုတ်တွေ ကိုယ်စီကိုင်ထားကြ၊ တကယ်တော့ မရိုက်နဲ့၊ သူတို့ပြေးရုံလောက်ပဲ ဟန်ရေးပြတာပေါ့လို့ ပြောပြီး

ကျောင်းအပြင် ထွက်ကြပါတယ်။ ရှစ်ယောက်က မြင်တာနဲ့ ပြေးကြတယ်။ နှစ်ယောက်ကတော့ မပြေးဘဲ ပေကပ်ကပ်လုပ်နေကြတယ်။ အဲဒီပေကပ်ကပ် လုပ်နေတဲ့ နှစ်ယောက်ကို ဆရာတော်က နှစ်ချက် သုံးချက်လောက်စီ ရိုက်ချလိုက်တယ်။ အဲဒီကျမှ ပြေးကြတော့တယ်။

အဲဒီအရိုက်ခံရတဲ့ ကလေးနှစ်ယောက်ဟာ ဘုန်းကြီးသံဃနာယကရုံး သွားတိုင်ကြတယ်။ ရပ်ကွက်သံဃာ့နာယကဆရာတော်က မင်းတို့က သူ့ကျောင်းနား၊ သူ့ဘုရားနား ငါးမဖမ်းရလို့ ရေးထားတာ တွေ့ပါလျက် သွားဖမ်းတာ မင်းတို့ မှားတာပေါ့။ တို့က ဘာမှလုပ်ပေးလို့မရဘူးလို့ ပြောလိုက်ပါတယ်တဲ့။ ကလေးနှစ်ယောက်က တပည့်တော်တို့ နှစ်ယောက်လုံး အရိုက်ခံရတာ ဒဏ်ရာတွေ ဖြစ်နေတယ်။ ဆေးဖိုးလေးတော့ တောင်းပေးပါလို့ ပြောတော့ ရပ်ကွက်သံဃာ့ နာယက ဆရာတော်က သူ့ကျောင်းက ဦးဇင်းတစ်ပါးကို စာရေးပြီး ပေးခိုင်းလိုက်တယ်။ စာထဲမှာတော့ "အရှင်ဘုရား၊ ကလေးတွေကို ဆုံးမလိုက်တာ ကောင်းပါတယ်။ ဒဏ်တွေဖြစ်နေတာလည်း တွေ့ရတယ်။ ကလေးတွေက ဆေးဖိုးလေး တောင်းပေးပါလို့ လျှောက်ကြတယ်။ အရှင်ဘုရား စေတနာရှိသလောက် ဆေးဖိုး လေး ပေးလိုက်စေလိုပါတယ်လို့ ပါရှိပါတယ်။ စာဖတ်ပြီးစမှာတော့ မပေးဘူး။ ပေးစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နောက်တော့ ကုသိုလ်တောင်ဖြစ်ပါသေး တယ်လို့ သနားစိတ်ဝင်ပြီး ဆေးဖိုး ၃၀၀၀ ကျပ် ပေးလိုက်ပါတယ်တဲ့။

အကြောင်းအရာလေးကတော့ ဒါပါပဲ။

တုတ်နဲ့ရိုက်ပုတ် ညှဉ်းဆဲလိုက်တဲ့အတွက်ကြောင့် ငွေ ၃၀၀၀ ကျပ် တစ် ခဏလေးအတွင်းမှာပဲ ပါသွား။ ဆုံးရှုံးသွားရတယ်ဆိုကာပါပဲ။ ဒေါသဆိုတာ ကောင်းတာမဟုတ်ဘူး။ **ဆုံးရှုံးခြင်းကို ဖြစ်စေတတ်တယ်။**

ဒီအကြောင်းအရာလေးကို ကြားနာရတော့ ဒကာ ဒကာမတွေ အဲဒီဆရာ တော်ဟာ ဘယ်ဆရာတော်ပါလိမ့်လို့ မသိချင်ဘူးလား။

(သိချင်ပါတယ် ဘုရား)

သူများအကြောင်းဆို စိတ်ဝင်စားတယ်နော်။

(အားလုံး ရယ်ကြ)

ကဲ– တရားနာပရိသတ်ရေ၊ သိချင်ရင် ဘုန်းကြီးပြောတာ နားထောင်၊ ဘုန်းကြီးဆီကို ကြည့်လိုက်ပါ။ ခုပြောဟောနေတဲ့ ဒီကိုယ်တော်၊ ဒီကိုယ်တော်ပဲ။

(အားလုံး ရယ်ကြတယ်)

အဲဒီနေ့က နာရီပိုင်းအတွင်းမှာ ငွေ ၃၀၀၀ ပါသွားတာ နပြောလိုက်တာ။

(အားလုံး ရယ်ကြ)
ပေးချင်တာမဟုတ်ဘူး။ သနားလို့။
(အားလုံး ရယ်ကြ)

ကဲ– ဘားပါတော့၊ ဒေါသကြောင့် ငွေ ၃၀၀၀ ပါသွားတာ၊ ဥစ္စာဆုံးရှုံးပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြတာနော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေလည်း ဒေါသကြောင့် ဆုံးရှုံးပျက်စီးတာ ကိုယ်တွေ့လေးတွေ ရှိမှာပါပဲ။ ပြောရမှာ ရှက်လို့ ဝှက်ထားတာနေမှာပါ။ ဘုန်းကြီးကတော့ ရှက်ပါဘူး။ နောင် ကိုယ်ရော သူပါ သတိထားစရာဆိုပြီးတော့ ပြောလိုက်တာပါပဲ။

## ဒေါသရှောင်ရေး ကဗျာလေး

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ဒေါသအမျက်၊ လွှန်နိုပ်စက်၊ ခြေလက်လွှန်သွားကာ။
* သတ်ပုတ်ညှဉ်းဆဲ၊ ပြုရင်လည်း၊ ဆင်းရဲ ဆုံးဥစ္စာ။
* သိက္ခာ ခေန၊ စိတ်သာချ၊ မချဆုံးရှုံးမှာ။
* ဒေါသဖြစ်မှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## ကျော်စောကင်းရ+ရှောင်သွားကြ

ကောဓသမ္ပဒ သမ္ပတ္တော၊
အာယံသကျံ နိဂစ္ဆတိ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊
ပရိဝဇ္ဇန္တိ ကောဓနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

ဒေါသဖြစ်သူ အခြံအရံ အကျော်အစောမရှိ ဖြစ်တတ်တယ်။ (သူ့အနား ဘယ်သူကမှ မကပ်ချင်ကြဘူး။ အဲဒီလူ အနားကပ်ရတာထက် ကျားမြီးပဲသွားဆွဲလိုက်တယ်ချင်တယ်လို့ ပြောကြတယ်။)

နောက်ပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေအားလုံးက ဒေါသကြီးသူကို ရှောင်ကွင်းသွားကြတယ်။

ဒါလည်း မှန်တာပါပဲ။ ဘုန်းကြီးလည်း ကိုယ်တွေ့လေးတွေ ရှိပါတယ်။ ဒကာ ဒကာမတွေလည်း ရှိမှာပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* ဒေါသကြီးပြန်၊ အခြံရုံ အမှန်ကင်းဝေးမှာ။
* ထင်ပေါ်ကျော်ကြား၊ ကောင်းကျိုးများ၊ ဝေးသွားပျောက်ကွယ်မှာ။
* ဆွေမျိုး မိတ်သင်၊ ချစ်ကျွမ်းဝင်၊ ရှောင်ကြဉ်သွားကြမှာ။
* ဒေါသကြီးမှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## စိတ်ကိုဖျက်တတ်+ဒေါသမှတ်

အနတ္ထဇနနော ကောဓော၊
ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။
(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။
အမျက်ဒေါသဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။
အဲဒီအကြောင်းတွေကို ပညာမဲ့သူ (ပညာနည်းသူ) မသိနိုင်ဘူး။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* ဒေါသတရား၊ ကျိုးစီးပွား၊ မှတ်သားဖျက်ဆီးမှာ။
* စိတ်ကိုလည်းပဲ၊ ဒေါသပဲ၊ အမြဲဖျက်ဆီးမှာ။
* စိတ်အတွင်းဝယ်၊ ဘေးကိုကွယ်၊ တကယ်ဖြစ်စေမှာ။
* ပညာနည်းလျှင်၊ မသိမြင်၊ မြတ်ရှင်ဟောကြားတာ။

## ကျိုးကြောင်းသိမြင်+ကင်းဝေးစင်

ကုဒ္ဓေါ အတ္ထံ နဇာနာတိ၊
ကုဒ္ဓေါ ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ ကောဓော သဟတေ နရံ။ (အံ၊ ပါ၊ ၂၊ ၄၅၁)
* အမျက်ထွက်သူဆိုတာ အကျိုးစီးပွားကို မသိနိုင်ဘူး။
* အမျက်ထွက်သူဆိုတာ အကြောင်းတရားကို မမြင်နိုင်ဘူး။

* အမျက်ဒေါသက သတ္တဝါတွေကို နှိပ်စက်တဲ့အခါမှာ အလွန်မိုက်မဲမှု ဖြစ် သွားတယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်ကြောင်း ကျိုးစီးပွား၊ မှတ်သားမသိနိုင်။
* အမျက်ထွက်ကြောင်း ကြောင်းတရား၊ မှတ်သား မမြင်နိုင်။
* အမျက်ဒေါသ၊ နှိပ်စက်က၊ သတ္တမိုက်မဲတာ။

## မီးလောင်သလို ပူပန်ရို

ယံ ကုဒ္ဓေါ ဥပရောဓေတိ၊
သုကရံ ဝိယ ဒုက္ကရံ။
ပစ္ဆာ သော ဝိဂတေ ကောဓေ၊
အဂ္ဂိဒဍ္ဍောဝ တပ္ပတိ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူဆိုတာ ပြုနိုင်ခဲကဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။

အဲဒီအမျက်ထွက်သူဟာ နောင် အမျက်ဒေါသပြေပျောက်တဲ့အခါမှာ (ဒေါသကြောင့် မှားသွားတဲ့ အမှားကြီးကို သတိရပြီးအောင့် အကြီးအကျယ်) မီးလောင်သလို ပူပန်ခံစားရတတ်တယ်

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ပြုနိုင်ခဲမှု၊ ပြုလွယ်ဟု၊ ထင်ပြုချွတ်ယွင်းစေ။
* ဒေါသပြေရာ၊ နောင်အခါ၊ ကြီးစွာပူပန်ခံနေ။
* ဒေါသပြေလျှင်၊ မီးလောင်အင်၊ အစဉ်ပူရပေ။

## ရှက် ထိတ်လန့်တာ + မရှိပါ

နာသဿ ဟိရီ နဩတ္တပ္ပံ၊
နဝါစော ဟောတိ ဂါရဝေါ။
ကောဓေန အဘိဘူတဿ၊
န ဒီပံ ဟောတိ ကိဉ္စနံ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူ ရှက်တာ ထိတ်လန့်တာ မရှိ၊
အမျက်ထွက်သူ ဆုံးမတဲ့စကား ရှိသေမှုမရှိ၊
အမျက်ဒေါသနှိပ်စက်သူ မှိုင်ရာ တစ်စုံတစ်ရာမရှိ။
ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်သူ၊ လောကလူ၊ ရှက်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ လန့်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ ဝေးမှုရှိသေတာ။
* မှိုင်ရာလည်း၊ မရှိပြ၊ မှတ်စွဲသေသေချာ။

## အမျက်ထွက်လတ်+မိဘသတ်

ကုဒ္ဓေါ ဟိ ပိတရံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ သမာတရံ။
ကုဒ္ဓေါ ဟိ ဗြာဟ္မဏံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ထွက်သူဟာ အဖ အမိ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တတ်တယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို

* အမျက်ထွက်က၊ မြတ်မိဘ၊ မုချသတ်တတ်သည်။
* အမျက်ထွက်လာ၊ ရဟန္တာ၊ မုန်စွာသတ်တတ်သည်။
* အမျက်ထွက်လျှင်၊ ပုထုဇဉ်၊ အစဉ်သတ်တတ်သည်။
* အမျက်ထွက်လျှင်၊ အကုန်ပင်၊ အစဉ်သတ်တတ်သည်။
* အမျက်ဒေါသ၊ လူလောက၊ ဘာမှမကောင်းပြီ။
* ပညာရှိလျက်၊ ဒေါသမျက်၊ တစ်သက်မကောင်းပြီ။

## တွေ့ရမြင်ရ+ဒီလောက

ယာယ မာတု ဘတော ပေါသော၊
ဤမံ လောကံ အဝေက္ခတိ။
တမ္ပိ ပါဏာဒဒိ သန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနော။

(အံ၊ ပါ၊ ၂၊ ၄၇၂)

အမိမွေးမြူလိုက်လို့ သားသမီးဟာ ဒီလောကကို တွေ့မြင်ရတာပါ။ (ဒီလောကမှာ ဖြစ်ပေါ်နေတဲ့ ကောင်းတာ ဆိုးတာ အရာရာကို သိမြင်ခွင့် ရတယ်လို့ ဆိုလိုတာပါ) အသက်ပေးပြီး ချစ်တတ်တဲ့ ငြိမ်းချမ်းအေးမြသူ အမိကိုတောင် အမျက်ထွက်သူဟာ သတ်တတ်တယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမိမွေးမှ၊ သားပုတ္တ၊ လောကတွေ့ရသည်။
* အသက်ပေးချစ်၊ အမေစစ်၊ သတ်ပစ်တတ်ပေသည်။
* အမျက်ထွက်လာ၊ မွေးမာတာ၊ သေချာသတ်တတ်သည်။

## အမျက်ထွက်လတ် + ကိုယ့်ကိုယ်သတ်

အတ္တူပမာ ဟိ တေ သတ္တာ၊
အတ္တာ ဟိ ပရမော ပိယော။
ဟန္တိ ကုဒ္ဓေါ ပုထုတ္တာနံ၊
နာနာရူပေသု မုစ္ဆိတော။

(အံ၊ ပါ။ ၂။ ၄၅၂)

သတ္တဝါတွေဟာ ကိုယ်ချင်းစာတရား ရှိကြတယ်။
မိမိကိုယ်ကို အလွန်ချစ်ခင်တယ်။

အမျက်ထွက်သူဟာ အာရုံအမျိုးမျိုးမှာ တွေဝေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* များသတ္တဝါ၊ ကိုယ်ချင်းစာ၊ ဓမ္မာရှိကြသည်။
* မိမိကိုယ်ကို၊ အချစ်ပို၊ ပြစ်ဆိုမရပြီ။
* အမျက်ထွက်လျှင်၊ ကိုယ့်ကိုယ်ပင်၊ အစဉ်သတ်တတ်သည်။

## သေအောင်သတ်နည်း + အသီးသီး

အသိနာ ဟန္တိ အတ္တာနံ၊
ဝိသံ ခါဒန္တိ မုစ္ဆိတာ။
ရဇ္ဇုယာ ဗဇ္ဈ မီယန္တိ၊
ပဗ္ဗတာ မပိ ကန္ဒရေ။

(အံ၊ ပါ။ ၂။ ၄၅၂)

မိမိကိုယ်ကို သန်လျက်နဲ့ သတ်ကြတယ်။
တွေဝေတဲ့အတွက် အဆိပ်ကို စားကြတယ်။
ကြိုးနဲ့ နှောင်ဖွဲ့ပြီး သေကြတယ်။
တောင်ပေါ်ကနေ ချောက်ထဲခုန်ချသေကြတယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* မိမိကိုယ်ကို သန်လျက်နဲ့
အမှန်ဆက်ဆက် သတ်တတ်တယ်။
* မသိတွေဝေ အဆိပ်စားလို့
သေကြောင်းများကွဲ့ ကြံတတ်တယ်။
* ကြိုးဆွဲချကာ၊ သေကြေကြလို့
ချောက်ထဲ ခုန်ချ သေတတ်တယ်။
* သေအောင်သတ်နည်း အသီးသီးကို
ကဗျာစုပြီး ရေးပြတယ်။
(တွေးကြကွယ်)၂

## တကယ်သေချာ+မသိပါ

ဘူနဟာစ္စာနိ ကမ္မာနိ၊
အတ္တ မာရဏီယာနိစ။
ကရောန္တ နာဝဗုဇ္ဈန္တိ၊
ကောဓဇာတော ပရာဘဝေါ။ (အံ၊ ပါ၊ ၂၊ ၄၅)

စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကို သေစေတတ်တဲ့ အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။ (ဒေါသကြီးမြဲ ကြီးနေကြတယ်။ ဒေါသပဲ အမြဲတစေ ထွက်နေကြတယ်)

အဲဒီဒေါသဖြစ်လာရင် သူ့ရောကိုယ်ပါ မကောင်းတဲ့ ဆိုးကျိုးတွေကိုသာ ဖြစ်တတ်တယ်ဆိုတာ မသိကြဘူးလား။

(သိကြပါတယ် ဘုရား)

တကယ်သိရဲ့လား?

(မဖြေ၊ အားလုံးရယ်ကြ)

တကယ်မသိကြပါဘူး။ တကယ်မသိတော့ သတိလွှတ်ပြီးတော့ ဒေါသတွေ ကြီးမြဲ ကြီးနေကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသတွေ ကြီးမြကြီးနေကြတာ ဘယ်သူထင်လဲ?

(မသိပါ ဘုရား)

အေး– သိချင်ရင် ဘုန်းကြီးကိုကြည့်၊ အခု ဒကာ ဒကာမတွေကို ဒေါသ မီး ကင်းအောင် ရေးသားဟောပြနေတဲ့ ပလ္လင်ပေါ်က ဒီဘုန်းကြီးပါ။

(အားလုံး ရယ်ကြ)

ကိုယ့်မကောင်းကြောင်းလေးတွေ ပြောရတာ အရသာရှိလိုက်တာ။

(အားလုံး ရယ်ကြ)

သူများမကောင်းကြောင်း မပြောနဲ့၊ ဘာတဲ့လဲ?

(သူများမကောင်းကြောင်း မပြောနဲ့ပါ ဘုရား)

ဒကာ ဒကာမတွေကော ဒီဘုန်းကြီးကော သူများမကောင်းကြောင်းတွေ ပြောလာတာ များပြီ၊ သူများမကောင်းကြောင်း ပြောရင် အပြစ်ရှိတယ်။ ကိုယ့် မကောင်းကြောင်း ကိုယ်ပြောတာ အပြစ်မရှိဘူး။ အပြစ်ကင်းတယ်။ ဒီတော့ အပြစ်ကင်းအောင် ကိုယ့်အကြောင်းကို ပြောပါ။

## မှားမိတာလေး ပြောပေးပါ

ကိုယ့်အကြောင်း ကိုယ်ပြောဆိုတဲ့နေရာမှာလည်း ကိုယ့်မကောင်းကြောင်း၊ ကိုယ်သတိမထားမိလို့ မှားခဲ့မိတဲ့အကြောင်းလေးတွေကို ပြောရမှာဖြစ်တယ်။ ကိုယ် တော်ကြောင်း၊ ကိုယ်သိကြောင်း၊ ကိုယ်ကောင်းကြောင်းဆိုတဲ့ ကောင်းတာတွေကို ပြောရမှာ မဟုတ်ပါဘူး။ အဲဒါတွေ ပြောမိရင် တကယ်ဟုတ်ဦးတော့ သူများက ကြွားတယ်ထင်ပြီး "လူကြွားကြီး"၊ "လူပေါ်ကြီး" လို့ သတ်မှတ်တာ ခံရတတ် တယ်။

## ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

လောကလူတွေ ပြောကြတာ တစ်ခုရှိတယ် မဟုတ်လား။ "ကိုယ့်ဂုဏ် ကိုယ်ဖော်+မသူတော်" ဆိုတဲ့စကားပါပဲ။ ကိုယ့်ဂုဏ်တွေပဲ ဖော်ပြော၊ ဖော်ဟော နေရင် ဘာတဲ့လဲ? (မသူတော်ပါ ဘုရား)

## မသူတော်ခေါ် + ဒီလိုနော်

မသူတော်ဆိုတာကိုကော သိရဲ့လား?

(မသိပါ ဘုရား)

အေး– မသိရင် သေသေချာချာ မှတ်ထား။ 'မဟုတ်တဲ့နေရာ၊ မကောင်းတဲ့ နေရာတွေမှာ သွားပြီးတော်နေတာကို မသူတော်'လို့ ခေါ်တယ်။

## သမီးချော မချော အရပ်ကပြောမယ်

အမှန်ကတော့ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီးတော့ ပြောဟောနေစရာ မလိုပါဘူး။ ကိုယ်တိုင် ကြော်ငြာနေစရာ မလိုပါဘူး။ မြန်မာစကားပုံတစ်ခု ရှိတယ်မဟုတ်လား။ ဘာတဲ့လဲ? "သမီးချော မချော အရပ်က ပြောလိမ့်မယ်" ဆိုတဲ့စကားပဲ မဟုတ်လား။ ကိုယ့်သမီးလေး ချောတယ်၊ မချောဘူးဆိုတာ ကိုယ်ကလည်ပြီး ပြောနေစရာ မလိုပါဘူး။ အရပ်က သူ့ဟာသူ ပြောသွားမှာပဲ မဟုတ်လား။

## ပျက်စီးကြောင်းစစ် အမှန်ဖြစ်

ကဲ– ထားပါတော့၊ နောက်တစ်မျိုး ဆက်ကြရအောင်။

အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်းဖြစ်တယ်တဲ့။ ကောင်းတဲ့ အရာအားလုံး ဆုံးရှုံးကြောင်းဖြစ်တယ်တဲ့။ ဒီအကြောင်းတွေ ရှေ့မှာ တော်တော် လေး ဟောပြောပြီးပါပြီ။ ဘုန်းကြီးကော၊ ဒကာ ဒကာမတွေဟာ အမျက်ထွက်ခြင်း ကြောင့် ပျက်စီးဆုံးရှုံးခဲ့တာ၊ ကောင်းကျိုးတွေ လက်လွှတ်ခဲ့တာ များပြီနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* စီးပွားချမ်းသာ၊ ပယ်ဖျက်ဆီးတတ်၊
ကိုယ်ကိုသေ သတ် အမူတွေ။

* သူ့သူငါငါ နေ့နေ့ညည
ပြုနေကြလည်း မသိပေ။

* သတိပညာ မပါကြတော့
တစ်ခါတစ်ခါ လွှတ်သွားပေ။

* အမျက်ထွက်ရင် နေ့နေ့ညည
တကယ်မုချ ပျက်စီးပေ။

* အဲဒါတွေကို သတိထားလို့
အသိတရားနဲ့ ပြော ပြုနေ။

(ဟော ဆုရွှေ)၂

## ဒေါသဝေးကြောင်း တရားကောင်းများ

ဣတာယံ ကောဓရူပေန၊
ဓစ္စုပါသော ဂုဟာသယော။
တံ ဒမေန သမုစ္ဆိန္ဒေ၊
ပညာ ဝီရိယေန ဒိဋ္ဌိယာ။
(အံ၊ ပါ၊ ၂၊ ၄၇၂)

ဒေါသဟာ ကောဓအသွင်နဲ့ဖြစ်တယ်။
နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ ကျော့ကွင်းသဖွယ်ပဲဖြစ်တယ်။

အဲဒီဒေါသကို ဝိပဿနာ၊ ပညာ၊ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ ဆုံးမနိုင်ကြွင်ကြောင်း တရားနဲ့ အကြွင်းမဲ့ ပယ်ဖြတ်ရမယ်။ (အကြွင်းမဲ့ ပယ်ဖြတ်နိုင်အောင် ကြိုးစားရမယ်) ဒီတော့ ဒေါသဝေးကြောင်း၊ ဒေါသပြေးကြောင်း၊ ဒေါသအေးကြောင်း၊ တရားကောင်းတွေဟာ ဝိပဿနာပညာ၊ အဲဒီဝိပဿနာပညာနဲ့ ယှဉ်ဘက် ကာယိက၊ စေတသိကဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ တရားသုံးမျိုးကို တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ရုပ်နာမ်မွေ့ သင်္ခါရတရားတွေရဲ့အပေါ်မှာ မြဲတာ ဘာမှမရှိပါလား။ ဆင်းရဲတာချည်းပါလား၊ ပိုင်တာ ဆိုင်တာ အစိုးရတာ ဘာမှမရှိပါလားလို့ မလွတ်တမ်း စစ်ဖမ်းပြီးတော့ ရှုနေ မှတ်နေရင် ဒေါသတွေကို အနိုင်မယူနိုင်ဘူးလား?

(ယူနိုင်ပါတယ် ဘုရား)

ရှုမှတ်နေချိန်လေးမှာပဲ ဒေါသတွေ ဝေးနေ၊ ပြေးနေ၊ အေးမနေဘူးလား?

(နေပါတယ် ဘုရား)

ဒီတော့ ရှုမှတ်ချိန်၊ ဒေါသဝေးတယ်၊ ဒေါသပြေးတယ်၊ ဒေါသ အေးတယ် နော်?

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို

* ဒေါသဆိုတာ ကောဓသဘောနဲ့
လောကတော်မှာ ဖြစ်နေတယ်။

* နှလုံးအိမ်ဂူ အမြဲကိန်းလို့
ထိန်းသိမ်းဖို့လည်း သိပ်ခက်တယ်။

* သူသူ ငါငါ ရှင်သေမင်းရဲ့

ကျော့ကွင်းကြီးကွဲ ဖြစ်ပါတယ်။

* ဝိပဿနာ ပညာမြတ်နဲ့
  ဒေါသဆိုးသတ် နှိမ်ရမယ်။
* ဝီရိယ+မဂ္ဂါ သမ္မာ ဒိဋ္ဌိ
  မှန်စွာ နှိပ်ဖိ နှိမ်ရမယ်။
* ရှုမှတ်ချိန်မှာ ဒေါသဝေးလို့
  ဒေါသပြေးကာ အေးမြမယ်။
* ဒေါသဝေးစေ ပြေးစေကြောင်းကို
  ဆုတွေတောင်းလို့ ကဗျာချယ်။

## မဿာမယာ + ကင်းရှိန်ဝါ

ယထာ မေတံ အကုသလံ၊
သမုစ္ဆိန္ဒေ ထ ပဏ္ဍိတော။
တထေဝ ဓမ္မေ သိက္ခေထ၊
မာ နော ဒုမ္မင်္ကုယံ အဟု။

(အံ၊ ပါ၊ ၂၊ ၄၅၂)

ငါတို့မှာ ဒေါသကြောင့် မျက်နှာမဿာမယာ အရှိန်အဝါမရှိခြင်းတွေ မဖြစ်ပါစေနဲ့လို့ တောင့်တရမယ်။ ဒေါသဖြစ်နေရင် ဘယ်လိုနေလဲ?

(ချက်နှာမဿာမယာ ဖြစ်နေပါတယ် ဘုရား)

မယာလေးကို မပြောနဲ့ဦး၊ မယာလေးကို ဖြုတ်ထားလိုက်ပါဦး၊ ဘယ်လိုနေ?

(မျက်နှာ မဿာ ဖြစ်နေပါတယ် ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာဖြစ်နေ?

(မဿာဖြစ်နေပါတယ် ဘုရား)

မဿာ (အသုဘ) များ ဘယ်လောက်ပဲ ပြုပြင်ပေးပေး ကြည့်လို့ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာနဲ့တူ?

(မဿာနဲ့ တူပါတယ် ဘုရား)

ဒီတော့ ပရိသတ်ရေ၊ ဆိုလိုက်စမ်းပါ။

* ဒေါသဖြစ်ရင် သတိထား၊

မသာကြီးနဲ့ တူပါလား။
* ဒေါသကြီးရင် သတိထား
မသာ အသုဘ တူကာသွား။

## မသာဖြစ်မှု+သတိပြု

ဒီတော့ ကိုယ့်ဒေါသကြီးရင် ကိုယ်ဘာဖြစ်?

(မသာဖြစ်ပါတယ် ဘုရား)

ကိုယ်မသာဖြစ်နေတာ အမြန်သိပြီးတော့ ဒေါသကိုအုပ်၊ ဒေါသကိုချုပ်ထိန်းရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးသူတွေ တွေ့ရင်လည်း ဟာ မသာကြီးပါလားလို့ သတိထားကာရှောင်ရှားရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသကင်းက အေးမြမြ

ဒေါသကင်းသူရဲ့မျက်နှာဟာ သာယာစိုပြေတယ်၊ ကြည့်လို့ကောင်းတယ်၊ အေးမြတယ်၊ မေတ္တာပြည့်ဝတဲ့ အရိုက်အငွေ့တွေ တွေ့ရတယ်။

## ကောင်းရှိန်ငွေ့တွေ ပျောက်ကွယ်နေ

ဒေါသဖြစ်သူရဲ့မျက်နှာကတော့ သာယာစိုပြေမှု မရှိဘူး။ ကြည့်လို့မကောင်းဘူး။ ပူလောင်နေတယ်။ မေတ္တာစတဲ့ အရှိအငွေ့တွေလည်း ကွယ်ပျောက်နေတယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးရင် ဘယ်လောက်ပဲ ရာထူးဂုဏ်သိန် အရှိအငွေ့တွေရှိရှိ အဲဒီအရှိန်အဝါတွေ ကွယ်ပျောက်ပြီးတော့ "အဲဒီဘုန်းကြီးဟာ၊ အဲဒီလူကြီးဟာ ဒေါသတအားကြီးတယ်"ဆိုတဲ့ သမိုင်းကြီးပဲ တွင်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## အေးအေးဆေးဆေး ပြု ပြော တွေး

ဒီတော့ ပရိသတ်ရေ ဒေါသရဲ့အပြစ်တွေကို နားလည်သဘောပေါက်ပြီးတော့ ဒေါသကင်းရပါလို၏လို့ အမြဲတစေ ဆုတောင်းရမယ်။ ဒေါသကင်းစင်

ဘုရားရှင်ကို မြင်ယောင်ရှိခိုးရမယ်။ ဒေါသဆိုးတွေ ဝေးအောင်၊ ပြေးအောင် အရာရာကို အေးအေးဆေးဆေး တွေးတတ်၊ ပြောတတ်၊ ပြုတတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသဖြစ်လာ ဖြေစရာ

ကဲ- "ဒေါသဖြစ်လာ၊ ဖြေစရာ" "ဒေါသကင်းစင်+ဘုရားရှင်"ဆိုတဲ့ ကဗျာလေး လိုက်ဆို ရှိခိုးပြီး ဆုတောင်းကြရအောင်။

"ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးဒေါသ ကင်းစေသော်"

ဒေါသဖြစ်လာရင် ဒီကဗျာလေး ရွတ်နော်။

(မှန်လှပါ ဘုရား)

## အမျက်ဒေါသ ပယ်ဖြတ်ကြ

ပညာရှိဆိုတာ ဒေါသဆိုတဲ့ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်တယ်။

ပရိသတ်ရေ၊ ပညာရှိ ပယ်ဖြတ်သင့်တာ ဘာတဲ့လဲ?

(ဒေါသအကုသိုလ်ပါ ဘုရား)

## မကောင်းလေးပါး သတိထား

ဒီနေရာမှာ မကောင်းလေးပါး ပြောချင်ပါသေးတယ်။ ဘာလေးပါးတဲ့လဲ?

(မကောင်းလေးပါးပါ ဘုရား)

အလသော ဂိဟီ ကာမဘောဂီ နသာဓု။

ကာမစည်းစိမ်ကို ခံစားနေတဲ့လူဟာ ပျင်းနေရင် မကောင်းဘူးတဲ့။

## ရဟန်းဖြစ်ပြီး မစောင့်စည်း

အသညတော ပဗ္ဗဇိတော နသာဓု။

ရဟန်းဖြစ်ပြီးတော့ ကိုယ် နှုတ် နှလုံး မစောင့်ရှောက်ရင် မကောင်းဘူးတဲ့။

## မဆင်ခြင်က မကောင်းလှ

ရာဇာ နသာဓု အနိသမ္မကာရီ။

လောက ဓမ္မ နှစ်ဌာနမှာ မဆင်ခြင်ဘဲ ပြုလေ့ရှိတဲ့မင်းဟာ မကောင်းဘူးတဲ့။

## အမျက်ထွက်တာ မကောင်းပါ

ယော ပဏ္ဍိတော ကောဓနော တံ နသာဓု။
ပညာရှိ အမျက်ထွက်ရင် မကောင်းဘူးတဲ့။
ဒီတော့ ပရိသတ်ရေ ပညာရှိဆိုသူတွေ အမျက်ထွက်ရင် ကောင်းပါ့မလား?
(မကောင်းပါ ဘုရား)

ဒီနေရာမှာ ဘုန်းကြီးစဉ်းစားမိတာလေး ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ''ပညာတကယ်မရှိသေး''လို့ အမျက်ထွက်တာ ဖြစ်မယ်လို့ စဉ်းစားမိတာပါ။

နောက်ပြီးတော့ ရှိသေးတယ်။ ပညာရှိတွေကို သတိပေးတဲ့စကားလေး ''ပညာရှိ၊ သတိဖြစ်ခဲ'' ဆိုတဲ့ စကားလေးပါ။ ဒါလည်း စဉ်းစားမိတာကတော့ ပညာတကယ်မရှိလို့ သတိလွတ်သွားတာပါဆိုတဲ့ စဉ်းစားချက်လေးပါ။

## မေတ္တာနဲ့ပယ် သတ်ရမယ်

ဒေါသဖြစ်လာရင် အဲဒီဒေါသကို မေတ္တာဆိုတဲ့ အဒေါသနဲ့ သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
ဒေါသဂ္ဂိ ပန မေတ္တာယ
နိဗ္ဗာပေန္တိ နရုတ္တမာ။
(ဣတိဝုတ်၊ ပါ၊ ၂၅၇)

## သ ၀ နှစ်ဖြာ ကျင့်ကြံပါ

ပညာရှိဆိုတာ ဒေါသအကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်သလို ထို့အတူပဲ သမထ၊ ဝိပဿနာ တရားတွေကို အမြဲတစေ ဖြည့်ကျင့်နေရမယ်တဲ့။

ဒီတော့ ပညာရှိဆိုတာ ဒေါသကို ပယ်ဖြတ်၊ သမထ၊ ဝိပဿနာဆိုတဲ့ တရားတွေကို ကျင့်နေရမယ်၊ ဒီလိုနော်။
(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို။
* ဒေါသကင်းစေ ဆုတောင်းပြု
ဒေါသအကု ပယ်ရမယ်။
* သမထခေါ် မြတ်တရားနဲ့
ဝိပဿနာပွားကျွဲ နေရမယ်။

* ဒေါသမီးတွေ လောင်နေငြားလည်း
မေတ္တာတရားနဲ့ သတ်ရမယ်။
(မှတ်ကွယ်)၂

## ကိလေသာဝေး ငြိမ်းချမ်းအေး

ဝီတကောဓာ အနုပါယာသာ၊ ဝီတလောဘာ အနုဿုကာ၊
ဒန္တာ ကောဓံ ပဟန္တွာန၊ ပရိနိဗ္ဗန္တိ အနာသဝါ။ (အံ၊ ပါ၊ ၂၊ ၄၇၂)
ပညာရှိဆိုတာ အမျက်ဒေါသကို ပယ်ရမယ်။
အမျက်ဒေါသကင်းအောင် ကြိုးစားရမယ်။
ဒေါသထန်ပြင်း၊ ပင်ပန်းခြင်းမရှိအောင် ကြိုးစားရမယ်။
လောဘကင်းအောင် ကြိုးစားရမယ်။
ကိစ္စကြီးကယ် အသွယ်သွယ်တွေ များမနေရဘူး။ (အလုပ်ရှုပ်မနေရဘူး)
ယဉ်ကျေးသိမ်မွေ့ရမယ်။
ကိလေသာကင်းဝေး ငြိမ်းချမ်းအေးမြမှုရအောင် ကြိုးစားရမယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ပညာရှိဟာ ဒေါသကြီးကို
သေချာအပြီး ပယ်ရမယ်။
* လောဘ ဒေါသာ ဖြစ်နေကြလို့
သူငါများတို့ ပင်ပန်းတယ်။
* လောဘ ဒေါသာ ကင်းကွာရေးနဲ့
ကိစ္စနည်းရေး ကြိုးစားမယ်။
* ယဉ်ကျေးလိမ္မာ ကိလေဝေးမှ
ငြိမ်းချမ်းအေးမြ ရနိုင်မယ်။

## မောဟမီးလေး ဆက်ဟောပေး

ကဲ– ဒေါသမီးအကြောင်း မကောင်းပုံကို အကြောင်းစုံလေး ပြောပြီးတော့ မောဟမီးအကြောင်း ပြောကြရအောင်။

မောဟဆိုတာ ဘာလဲ။ မောဟဆိုတာ အမှားနဲ့အမှန်၊ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားမသိတာ၊ သစ္စာလေးပါး မသိတာ၊ သူတော်ကောင်းတရားတွေ မသိတာဟာ မောဟပါပဲ။

## ကျိုးမဲ့ဖြစ်စေတာ မောဟပါ

အနတ္ထဇနနော မောဟော၊
မောဟော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(ဣတိဝုတ်ပါဠိ ၂၅၂)

မောဟဆိုတာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။
မောဟဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
အတွင်းစိတ်ထဲမှာဖြစ်တဲ့ မောဟဆိုတဲ့ ဘေးကို လူတွေမသိနိုင်ဘူး။

## မကသဇာတ် သိမှတ်စရာ

ဒီနေရာမှာ မောဟကြောင့် အကျိုးမဲ့ဖြစ်စေတာလေးကို ပြောပြလိုပါတယ်။

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်နေပါတယ်။ ဘုရားလောင်းကတော့ ကုန်သွယ်ခြင်းနဲ့ အသက်မွေးနေပါတယ်။ ကာသိတိုင်းက ရွာတစ်ရွာမှာ လက်သမားတွေ အများကြီး နေကြပါတယ်။ တစ်နေ့တော့ လက်သမားဆရာကြီးတစ်ဦးရဲ့ ဦးခေါင်းမှာ မှတ်ကိုက်နေပါတယ်။ လက်သမားဆရာကြီးက သူ့သားကို မှက်ကိုက်နေကြောင်း၊ မှတ်ကို ခြောက်ပေးဖို့အကြောင်း ပြောပါတယ်။ သားက အနားမှာရှိနေတဲ့ ပုဆိန်ကြီးကို ယူပြီးတော့ သူ့ဖခင်အနားရပ်ကာ မှတ်ကို ခြောက်ပေးမယ်ဆိုပြီး ဖခင်ရဲ့ဦးခေါင်းကို ပုဆိန်ကြီးနဲ့ ပေါက်ချလိုက်ပါတယ်။ လက်သမားဆရာကြီးဟာ ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ဒီဝတ္ထုမှာ သားရဲ့ မသိခြင်းမောဟကြောင့် အဖသေဆုံးရတာပဲ ဖြစ်ပါတယ်။

သားဟာ ဖြစ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်ကို မသိခြင်းကြောင့် လုပ်မိတာ ဖြစ်ပါတယ်။

ဘုရားလောင်းလည်း အဲဒီသားအဖ ဖြစ်ရပ်ကို ကြည့်ပြီးတော့ ကောက်ချက် ချလိုက်ပါတယ်။

အဲဒါကတော့ "ရန်သူပညာရှိကတောင် ပိုမြတ်တယ်။ အဲဒီစကား မှန်တယ်။ ရန်သူပညာရှိဟာ ဖြစ်လာမည့်ဘေးရန်၊ ဘေးဒဏ်မှ ကြောက်တဲ့အတွက် လူကို မသတ်ပါဘူး" ဆိုတဲ့ ကောက်ချက်ပဲ ဖြစ်ပါတယ်။

(မကသဇာတ်၊ ဇာ၊ ပါ၊ ၁၊ ၁၁)

## အမိုက်မှောင်လွှမ်း အတန်းကြီးဖြစ်

မူဠ္ဟော အတ္ထံ နဇာနာတိ၊
မူဠ္ဟော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ မောဟော သဟတေ နရံ။

(ဣတိဝုတ်ပါဠိ၊ ၂၅၂)

တွေဝေခြင်းမောဟဖြစ်သူဟာ အကျိုးမသိနိုင်ပါဘူး။

ကောင်းမြတ်မှန်ကန်တဲ့ တရားသဘောကို မမြင်နိုင်ပါဘူး။

မောဟတရားက လူတွေကို လွှမ်းမိုးဖိစီးသွားတဲ့အခါ အမိုက်မှောင် လွှမ်း အကန်းကြီးလို ဖြစ်သွားတယ်။

မောဟဖြစ်ရင် ကောင်းတာ ဆိုးတာ၊ မှန်တာ မှားတာ မခွဲခြားတတ်တော့ဘူး နော်။

(မှန်လှပါ ဘုရား)

ကဲ- ကဗျာ လင်္ကာလေးတွေ လိုက်ဆို။

* မောဟဖြစ်သူ ရှင်လူများမှာ
ကောင်းကျိုးစီးပွား ဖျက်သွားတယ်။
* မောဟဖြစ်ရင် စိတ်ဖျက်ဆီးတတ်
သတိမပြတ် ထားရမယ်။
* မောဟတွင်းမှာ ဖြစ်လာငြားက
ဘေးဆိုးများကို သိဘူးကွယ်။
* မကာသခေါ် ဇာတ်တရားနဲ့
မှတ်သားဖို့ကို ပြထားတယ်။
* ဖခင်ခေါင်းမှာ မှက်ကကိုက်တော့
ဖခင်သားမိုက် ခြောက်နိုင်းတယ်။
* ပုဆိန်ယူကာ ဖခင်ခေါင်းကို
သားမောင်ပေစောင်းပေါက် ခြောက်တယ်။
* လက်သမား တော်ဖခင်ကြီးဟာ
ပွဲချင်းပြီးပဲ သေသွားတယ်။
* အဲဒီချိန်မှာ ဘုရားလောင်းက

ကောက်ချက် အကောင်းချုပြတယ်။

* ပညာရှိသူ ရန်သူကတောင်
ဉာဏ်ထူသားထက် ပိုမြတ်တယ်။

* ပညာရှိသူ ရန်သူများက
ဘေးဒဏ်ကြောက်ခြား သတ်ဘူးကွယ်။

(မှတ်ဦးတကာယ်)၂

## မောဟမီးသတ် ပညာမြတ်

အဲဒီမသိခြင်း မောဟမီးကို သိခြင်းပညာနဲ့ ပယ်သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
မောဟဂ္ဂိ ပန ပညာယ၊
ယာယံ နိဗ္ဗေဓဂါမိနီ။ (ဣတိဝုတ်ပါဠိ၊ ၂၅၇)

## တော်တော်လေးပင် ဟောစုံလင်

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးပါး ငြိမ်းသွားတော်မူတဲ့ ကောသနိယ မထေရ်အကြောင်း ဟောပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။
(မှန်လှပါ ဘုရား)

## မီးငြိမ်းဖို့ရာ ကြိုးစားပါ

ဒီတရားကို ဟောကြားရသူ၊ နာကြားရသူ၊ တရားလှူသူတွေလည်း အဲဒီ မီးသုံးပါးရဲ့ မကောင်းကျိုးပေးပုံတွေကို သိပြီးတော့ အဲဒီမီးသုံးပါး နည်းပါးအောင်၊ ငြိမ်းသွားအောင် ကြိုးစားရမယ်နော်။ (မှန်လှပါ ဘုရား)

## ဘဝသီးသီး ပယ်နုတ်ပြီး

သူဟာ ဘဝအားလုံးကို ပယ်နုတ်ပြီးသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့သာသနာ တော်မှာ အဆုံးဖြစ်တဲ့ ကိုယ်ကိုဆောင်တယ်တဲ့။

## မင်းမြတ်စကြာ+ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာ ၅၀၀ ထက်မှာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ "သုမာဟု" လို့ ခေါ်တဲ့ ထင်ရှားတဲ့ စကြဝတေးမင်း ၃၄ ကြိမ် ဖြစ်ဖူးတယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

## ဆုတောင်းမေတ္တာ+ပတ္တနာ

ဒီနေ့ တရားဟော တရားနာ တရားလှူရတဲ့ ကုသိုလ်ကောင်းမှု အံစုစု ကြောင့် "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်လာ ကောသနိယမထေရ်လို တကယ်မီးတွေ ငြိမ်းသွားအောင် ကြိုးစားနိုင်ကြပါစေ။

**"တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော် ပြီးပြီ။**

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တုယေ့ဒါယကဝဂ်၊ ဓာတုပူဇက
ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ဓာတုပူဇာ+မင်္ဂလာ"

## တရားတော်

ဒီနေ့ မြတ်စွာဘုရားရဲ့ ကိုယ်ပွား၊ ကိုယ်စား ဓာတ်တော်များကို လေးစား ကြည်ညိုပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က 'ဓာတုပူဇာ+မင်္ဂလာ' တရားတဲ့

ဘာတရားတဲ့လဲ?

('ဓာတုပူဇာ၊ မင်္ဂလာ' တရားပါ ဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်။

### ဓာတ်တော်တစ်ဆူ+ရခဲ့သူ

လူတွေထက် မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ ခြေနှစ်ချောင်းရှိတဲ့ နတ်လူတွေကို အစိုးရပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဓာတော်တစ်ဆူကို ဟောဒီဓာတုပူဇကမထေရ် အလောင်း သူတော်ကောင်းလေးဟာ ရရှိလာခဲ့တယ်။

ဓာတ်တော်ဘယ်နှစ်ဆူရခဲ့သတဲ့လဲ? (တစ်ဆူပါ ဘုရား)

သူရခဲ့တာ ဓာတ်တော်တစ်ဆူတည်းနော်။ (မှန်လှပါ ဘုရား)

### သူပူဇော်တာ + ငါးနှစ်ကြာ

သူဟာ နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ ဓာတ်တော်ကို ယူပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလစ်ကျွေးသလိုပဲ ငါးနှစ်ပတ်လုံး ပြုစုလုပ်ကျွေးခဲ့တယ်။

ဒါ သေသေချာချာမှတ်ပါ။ ဓာတ်တော်ပဲဆိုပြီးတော့ ပေါ့တော့တော့ ပူဇော်

တာ မဟုတ်ပါဘူး။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို လေးလေး နက်နက် ပူဇော်တာ၊ လုပ်ကျွေးတာနော်။ (မှန်လှပါ ဘုရား)

ဘယ်နှစ်နှစ် လုပ်ကျွေး? (ငါးနှစ်ပါ ဘုရား)

ပရိသတ်ရေ၊ သေသေချာချာထပ်ပြော? (ငါးနှစ်ပါ ဘုရား)

## ဒကာတစ်ယောက် + ငါးနှစ်ပေါက်

ဒီတရား တစ်နေရာမှာဟောတော့ ဘုန်းကြီးက ပြုစုလုပ်ကျွေးတဲ့နှစ်ကို နှစ်ခါ သုံးခါလောက် မှတ်မိအောင် မေးလိုက်ပါတယ်။ ဒကာတစ်ယောက်က သူဟာသူ အတွေးပေါက်ပြီး (၅၂) လို့ နှစ်လုံးနံပါတ်ကောက်ပြီး ထိုးလိုက်တာ ပေါက်သွားပါတယ်။ နောက်နေ့ကျတော့ အဲဒီဒကာက ကျောင်းကို လှူဖွယ်ဝတ္ထု တွေနဲ့ ရောက်လာပါတယ်။ ဘုန်းကြီးက.ဒကာ ဘာအတွက် လှူတာလဲ၊ ပြောပါဦး။ ရေစက်ချရအောင်ဆိုပြီးတော့ မေးလိုက်ပါတယ်။ အဲဒီဒကာက ဘာအတွက်မှ မဟုတ်ပါဘူး ဘုရား။ ဆရာတော် မနေ့က မွှာရုံလာ တရားဟောတော့ ငါးနှစ် လုပ်ကျွေးတာ နှစ်ခါသုံးခါမေးတော့ ဒါ အတိတ်ပေးတာပဲဆိုပြီး အဲဒါ ကောက်ထိုး လိုက်တာ၊ ပေါက်တဲ့အတွက် လာလှူတာပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ဖြစ်မှ ဖြစ်ရလေ ဒကာရယ်၊ ဘုန်းကြီးက နံပါတ်ပေးတဲ့ဘုန်းကြီး မဟုတ် ပါဘူး။ တရားဟောတဲ့ဘုန်းကြီးပါလို့ ပြောရပါတယ်။

## နှစ်လုံးရောဂါ ရနေရှာ

လူတွေဟာ အဲဒီရောဂါ ရနေကြတယ်နော်။ (မှန်လှပါ ဘုရား)

ဘယ်ရောဂါလဲ? (နှစ်လုံးရောဂါ ပါဘုရား)

လုပ်နေကျဆိုတော့ သိတယ်နော်။ (အားလုံး ရယ်ကြ)

## နောက်နေ့အတွက် ပေးတစ်ကွက်

အဲဒီဒကာက ဘုန်းကြီးကို ဆက်လျှောက်တယ်။

ဆရာတော် ၅၂ တော့ မှန်သွားပြီ။ နောက်နေ့အတွက် တစ်ကွက်လောက် အတိတ်ပေးပါဦး ဘုရားလို့ လျှောက်ပါတယ်။

## သေချင်းဆိုးပေး မွှံပုံလေး

အဲဒီလိုလျှောက်တော့ အဲဒီဒကာကို ဘုန်းကြီးက 'ဒကာ၊ ဘုန်းကြီး ခုပြော

မည့်စကားကို သေသေချာချာ နားထောင်ပါ။ ဟိုတုန်းက နေ့စဉ် အချိန်မှန်မှန်ကြွတဲ့ ဆွမ်းခံကိုယ်တော်လေးတစ်ပါး ရှိတယ်။ အဲဒီကိုယ်တော်လေးဟာ ချမ်းသာကြွယ်ဝတဲ့ အိမ်တစ်အိမ်က ဒကာမကြီးတစ်ယောက်နဲ့ သားအမိလို ရင်းနှီးတယ်။ ဒကာမကြီးဟာ ချမ်းသာကြွယ်ဝသူပီပီ လက်ဝတ်တန်ဆာတွေ တော်တော်လေးဝတ်စားထားလေ့ရှိတယ်။ အိမ်မှာလည်း အသုံးအဆောင် ပရိဘောဂပစ္စည်းတွေ တော်တော်လေးစုံလင်ပါတယ်။ ဆွမ်းခံကိုယ်တော်လေးကတော့ နေ့စဉ်ပဲ အကဲခတ်ကြည့်နေပါတယ်။ ဒကာမကြီး လက်ဝတ်တန်ဆာတွေလည်း ကုန်လုနီးပါး ဖြစ်နေတာ တွေ့ရပါတယ်။ နောက်ပြီးတော့ အိမ်ရှိပရိဘောဂတွေလည်း တစ်နေ့တစ်မျိုး လျော့နေတာ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတော့ ကိုယ်တော်လေးက ဒကာမကြီးနဲ့ သားအမိလို ရင်းနှီးသူဖြစ်နေတော့ 'ဒကာမကြီး၊ ဒကာမကြီးရဲ့ လက်မှာလည်မှာ လက်ဝတ်တန်ဆာတွေလည်း သိပ်မတွေ့ရတော့ပါလား၊ ပရိဘောဂပစ္စည်းတွေလည်း တစ်နေ့တစ်မျိုး လျော့နေပါလား' အဲဒါ ဘာကြောင့်ပါလဲ? လို့ မေးပါတယ်။

အဲဒီဒကာမကြီးက 'တပည့်တော် အခုလိုမွဲနေတာ မပြောချင်ပါဘူး ဘုရား' တဲ့။ မပြောချင်ပါဘူးဆိုလေ၊ ကိုယ်တော်လေးက ပြောပါ ဒကာမကြီးရဲ့ ပြောပါ။ ဒကာမကြီးရဲ့လို့ ခဏခဏပြောနိုင်းပါတယ်။ ဒကာမကြီးကတော့ 'ပြောချင်ပါဘူး ကိုယ်တော်၊ ပြောချင်ပါဘူး ကိုယ်တော်'လို့ ခဏခဏပြန်လျှောက်ပါတယ်။

နောက်ဆုံးတော့ ကိုယ်တော်လေးက ခဏခဏပြောနိုင်းတဲ့အတွက် ဒကာမကြီးက 'ကိုယ်တော်လေးရယ်၊ သေသေချာချာ နားထောင်ပါတဲ့။ တပည့်တော် ခုလိုမွဲရတာ ကျောင်းက သေချင်းဆိုးဘုန်းကြီး ပေးတိုင်း ထိုးလို့ မွဲရတာ' တဲ့။

(အားလုံးရယ်ကြ)

ဘယ်ကျောင်းကတဲ့တော့ မသိဘူး။ (အားလုံးရယ်ကြ)

ကဲ– ဒကာ ဘယ်လိုလဲ? နှစ်လုံးနံပါတ် အတိတ်တောင်းဦးမှာလားလို့ မေးလိုက်ပါတယ်။

အဲဒီဒကာက တောင်းဦးမှာဘုရားလို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုန်းကြီးက ဒကာတောင်းလည်း ဘုန်းကြီးက မပေးဘူး။ ဘုန်းကြီးက ဟိုဒကာမကြီး ပြောတဲ့ 'သေချင်းဆိုး ဘုန်းကြီး'လို့ အပြောမခံနိုင်ဘူးလို့ ပြောလိုက်ရပါတယ်။

ဒီတော့ ပရိသတ်ရေ၊ မွဲရင်၊ မပေါက်ရင် ဘာဘုန်းကြီးတဲ့လဲ?

(သေချင်းဆိုး ဘုန်းကြီးပါ ဘုရား)

ဘုန်းကြီးကတော့ အဲဒီလိုအပြောမခံနိုင်ဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဒကာလေးကို ခုလည်း (ငါးနှစ်) သွားမလုပ်နဲ့ဦး။ မွဲရင် မပေါက်ရင် ဘုန်းကြီးကို သေချင်းဆိုးဘုန်းကြီး ပြောနေဦးမယ်။

(အားလုံး ရယ်ကြ)

## အလုံးလေးတွေ အကြောင်း

အဲဒီအလုံးတွေအကြောင်း ဆက်ပြောဦးမယ်။ နားထောင်မယ်မဟုတ်လား။

(နားထောင်ပါမယ် ဘုရား)

ဒါမျိုးကျတော့ ဝါသနာပါတယ်နော်။

(အားလုံး ရယ်ကြ)

အလုံးတွေအကြောင်း။ ဘာအကြောင်းတဲ့လဲ?

(အလုံးတွေအကြောင်းပါ ဘုရား)

## တိုက်ဆိုင်ရှေ့ဆုံး + ဒကာလုံး

ဒီနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရှေ့က တရားထောက်ဒကာကြီးက လည်း ဦးလုံးဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဒကာလုံး။ (ဘုရား)

အလုံးရောဂါဆိုတာ ဘာကိုပြောတာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ဒကာလုံးတို့က လုံးနေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

ပရိသတ်ကို မေးမယ်၊ ပရိသတ်ရေ၊ အလုံးရောဂါဆိုတာ ဘာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ပရိသတ်ကလည်း လုပ်နေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

## သုံးမလောက်တာ 'လုံး' ကြောင့်ပါ

တစ်နေ့ တောမှာ ကျောင်းထိုင်တဲ့ သူငယ်ချင်းတွေ ရောက်လာကြတယ်။

ဆွမ်းစားပြီး ရေနွေးပွဲမှာ ဘုန်းကြီးက 'ကိုယ်တော်၊ ဘယ်နှယ်လဲ၊ တောမှ ကျောင်း ထိုင်ရတာ အဆင်ပြေရဲ့လား။ ဆွမ်း ကွမ်း လာဘ်လာဘ စသည်ပေါ့ ကိုယ်တော်' လို့ မေးလိုက်ပါတယ်။

အဲဒီလိုမေးလိုက်တော့ တောမှာကျောင်းထိုင်တဲ့ သူငယ်ချင်းဆရာတော်က "တပည့်တော်ရွာက အိမ်ခြေတစ်ထောင်လောက်ရှိတယ်။ ကျောင်းကလည်း တပည့်တော် တစ်ကျောင်းတည်းပါပဲ။ ဆွမ်း ကွမ်း လာဘ်လာဘစသည်အားလုံး အဆင်ပြေပါတယ်။ ဒါပေမယ့် တပည့်တော်ကတုံးက နှစ်လုံး၊ သုံးလုံး၊ ဘောလုံး ဆိုတဲ့ 'လုံးသုံးလုံး' လောင်းကစားလုပ်တဲ့အတွက် သုံးလို့မလောက်ဘူးတဲ့။

(အားလုံး ရယ်ကြ)

## တုံးမွဲ ထုံးမွဲ

အဲဒီကိုယ်တော်က 'ဘုန်းကြီး၊ ဘုန်းကြီးက စာရေးတာဆိုတော့ စာရေးရင် ထည့်ရေးလို့ရအောင် ကဗျာလေး ယူဦးမလား'လို့ မေးပါတယ်။

ဘုန်းကြီးက လုပ်စမ်းပါဦး ကိုယ်တော်၊ ကိုယ်တော့်ကဗျာလေး မှတ်ပါရစေဦး။ ရွတ်လိုက်စမ်းပါဆိုတော့ 'ဘုန်းကြီး သေသေချာချာမှတ်နော်' တဲ့။ တပည့်တော်တို့ရွာမှာ ဒီကဗျာလေး ခေတ်စားနေတယ်တဲ့။ အဲဒီကဗျာလေးကတော့–

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ နှစ်လုံးထိုးပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ သုံးလုံးထိုးပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လုပ်ရင် ဘာတဲ့လဲ? (ကတုံးလည်း မွဲ၊ ဆံထုံးလည်းမွဲပါ ဘုရား)

ဆံထုံးဆိုတာ ဘယ်သူတွေပါလိမ့်? (ဒကာမတွေပါ ဘုရား)

သိရင် ပြီးတာပဲ။ (အားလုံး ရယ်ကြ)

## ရာသီစာလေး ပြောမနေး

ဒီနေရာလေးမှာ 'နှစ်လုံး၊ သုံးလုံး'တွေ များစွာလုပ်တဲ့ ဒကာမကြီးတစ်ယောက်အကြောင်း ပြောရဦးမယ်။ အဲဒီဒကာမကြီးကို ဘုန်းကြီးက ဒါတွေဟာ ဘဝပျက်သွားနိုင်တယ်၊ ဘဝပျက်သူတွေ များတာလည်း ဒကာမကြီး မြင်နေကြားနေရတာပဲ။ အဲဒီနှစ်လုံး သုံးလုံး မလုပ်ပါနဲ့တော့၊ မလုပ်တော့ပါဘုရားလို့

ဘုန်းကြီးကို ဂတိပေးပါလို့ ပြောတော့ အဲဒီဒကာမကြီးက –

"ဂတိမပေးပါရစေနဲ့ ဘုရား။ ရာသီစာလေးဆိုတော့ မနေနိုင်လို့ပါ' ဘုရား" တဲ့။ (အာလုံး ရယ်ကြ)

ပရိသတ်ရေ့ ဘာလေးတဲ့လဲ? (ရာသီစာလေးပါ ဘုရား)

ဒီပရိသတ်ထဲမှာ ရာသီစာ ဒကာ ဒကာမတွေ ဘယ်လောက်ပါလဲ၊ ကြည့်လိုက်စမ်းမယ်၊ ဟာ မနည်းပါလား။ (အားလုံး ရယ်ကြ)

## ခဏာခဏာ သေပေးကြ

မြို့တစ်မြို့ တရားဟောရောက်တော့လည်း အဲဒီမြို့က ဒဲ့သူငယ်ချင်း ကျောင်းထိုင်ဆရာတော်ကို အခြေအနေ ကောင်းရဲ့လားစသည် မေးကြည့်တော့ သူဖြေပုံလေးက သေသေချာချာ နားထောင်နော်။

'ဒီမြို့မှာ ကျောင်းထိုင်ရတာ မဆိုးပါဘူး ဘုန်းကြီးရယ်။ မသာလေးကတော့ သုံးလို့စွဲလို့ရအောင် ခဏာခဏာ သေပေးသား၊ ဒါပေမဲ့ ကိုယ်က နှစ်လုံး သုံးလုံး ဘောလုံး လောင်းတော့ သုံးလို့မလောက်ဘူး' လို့ ပြောပါတယ်။ (အားလုံး ရယ်ကြ)

အဲဒီကိုယ်တော်ကလည်း ဘုန်းကြီးက စာရေးတာ တရားဟောတာဆိုတော့ ကဗျာလေး မှတ်သွားပါဦးလားလို့ ပြောပါတယ်။ သူ့ရဲ့ကဗျာလေးတွေကတော့–

* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ နှစ်လုံးထီပဲ။
* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ သုံးလုံးထီပဲ။
* မင်းလောင်းလည်း မွဲ၊ ငါလောင်း မွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။
  (အားလုံး ရယ်ကြ)

## လောင်းကစားရှောင် ကောင်းစားအောင်

ကဲ– ထားပါတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီနှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ လောင်းကစားတွေ ရှောင်ကြရမယ်နော်။

(မှန်လှပါ ဘုရား)

လောင်းကစားကြောင့် ကောင်းစားသူတွေဆိုတာ ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကောင်းစားချင်သူတွေကို မှာချင်တာကတော့ လောင်းကစား ရှောင်ပါလို့ မှာချင်တာပါပဲ။

## အပါယ်လွတ်ရ + သုဂတိဘဝ

ဒီဘဒ္ဒကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာတော့ ဓာတ်တော်ပူဇော်ခဲ့တဲ့အခါမှ စပြီး တော့ အပါယ်လေးပါး လားရောက်ရကယ်ဆိုတာ မသိဘူးပါတဲ့။ အဲဒီလို အပါယ် လေးပါး လွတ်ရတာဟာ ဓာတ်တော်ကို ပူဇော်လုပ်ကျွေးရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

သူ့အကြောင်းတွေကို သူကိုယ်တိုင် ဒီအတိုင်းပဲ ပြန်ဟောပြတယ်နော်။

(မှန်လှပါ ဘုရား)

## ဓာတုပူဇာ + မင်္ဂလာ

သိဒ္ဓတ္ထဘုရားရဲ့ ဓာတ်တော်တစ်ဆူကို လေးလေးနက်နက် ပူဇော်လုပ်ကျွေး လိုက်တော့ သုဂတိဘဝမှာ အပါယ်လေးပါးလွတ်၊ လူနတ်ကောင်းရာဘဝတွေမှာပဲ ဖြစ်ပြီး နောက်ဆုံး ဓာတုပူဇကမထေရ်ဆိုတဲ့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုး တွေရကာ မင်္ဂလာဖြစ်သွားတယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ ?

(ဓာတုပူဇာ မင်္ဂလာ တရားပါဘုရား)

ဒီနေ့ဓာတ်တော်ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီဓာတုပူဇက မထေရ် ရတဲ့ကောင်းကျိုးတွေ ရမှာမလွဲဘူးနော်။ (မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေကို လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* သိဒ္ဓတ္ထတွင်၊ ဘုရားရှင်၊ စံဝင်ပရိနိဗ္ဗာန်။
* ဓာတ်တော်တစ်ဆူ၊ ရခဲ့သူ၊ ကြည်ဖြူပူဇော်ပြန်။
* သက်တော်ထင်ရှား၊ မြတ်ဘုရား၊ တူထားပူဇော်ပြန်။
* ငါးနှစ်လုံးပင်၊ စိတ်ကြည်လင်၊ အစဉ်ပူဇော်ပြန်။
* အပါယ်လွတ်ကာ၊ ရဟန္တာ၊ သေချာဖြစ်ရပြန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ရတာကောင်းကျိုးမှန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ပြုပါကုသိုလ်မြန်။

သာဓု သာဓု သာဓု။

ကျမ်းညွှန်း- အပဒါနပါဠိ ၁၊ ၂၅၂။
၅/မ ဖွင့်၊ မြန်မာပြန် ၁၊ ၂၆၂

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနိစ္စလက္ခဏဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# “မမြဲတစ်ခု + စွဲမြဲရှု”
တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ အနိစ္စာအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## တောထွက်ကြိုးစား ရဟန်းငါးရာ

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူပြီးတော့ တောထဲသွား ကြိုးစားအားထုတ်ကြပါတယ်။

သူတို့ဟာ ကြိုးစားအားထုတ်ပေမယ့်လည်း တရားထူး မရကြပါဘူး။ အရဟတ္တဖိုလ်ကို မရောက်ကြပါဘူး။

## ရဟန်းငါးရာ ပြန်ရောက်လာ

အရဟတ္တဖိုလ်ကို မရောက်တဲ့အတွက် ထူးထူးခြားခြား ကမ္မဋ္ဌာန်းတွေ သင်ယူဦးမယ်၊ နာကြားဦးမယ်လို့ ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရားထံ ပြန်ရောက်လာကြတယ်။

## စဉ်းစားဆင်ခြင် ဘုရားရှင်

အဲဒီရဟန်းငါးရာ ပြန်ရောက်လာတော့ မြတ်စွာဘုရားက စဉ်းစားဆင်ခြင်တော်မူပါတယ်။

ဘယ်လိုစဉ်းစားဆင်ခြင်တော်မူသလဲဆိုတော့ ဒီရဟန်းငါးရာနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းဟာ ဘယ်ကမ္မဋ္ဌာန်းဖြစ်မလဲလို့ ဒီလိုဆင်ခြင်တော်မူပါတယ်။

## မမြဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

အဲဒီလို ဘုရားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ အဲဒီရဟန်းငါးရာဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အနှစ်နှစ်သောင်း ကြာအောင် မမြဲခြင်းအနိစ္စလက္ခဏာကို စွဲစွဲမြဲမြဲရှုမှတ် ကြိုးစားအားထုတ်ဖူးတာကို တွေ့ရပါတယ်။

## ဖြစ်ပြီး ပျက်ရ အနိစ္စ

အဲဒီလို မမြဲခြင်းအနိစ္စတရားကို စွဲစွဲမြဲမြဲ ရှုတာကို တွေ့ရတဲ့အတွက်ကြောင့် မမြဲခြင်းအနိစ္စလက္ခဏာနဲ့ အဲဒီရဟန်းငါးရာကို ဂါထာတစ်ပုဒ် ရွေးကာထုတ်ပြီးတော့ တရားဟောသင့်တယ်လို့ ကြံတွေးဉာဏ်မြင် ဆင်ခြင်တော်မူပြီးတော့ ''ချစ်သား ရဟန်းတို့ ကာမဘဝအစရှိသည်တို့မှာ အားလုံးသောသင်္ခါရတရားတွေဟာ ဖြစ်ပြီး ရင် မရှိခြင်းဆိုတဲ့ အနက်သဘောကြောင့် အနိစ္စသာဖြစ်တယ်''လို့ မိန့်ကြား တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူလိုက်ပါတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၅၂၊ ၂၇၅)

ဘိက္ခဝေ– မမြဲတရား မြဲစွာရှုပွားခဲ့ဖူးသည့် အိုချစ်သား ရဟန်းများတို့။ သဗ္ဗေ၊ အားလုံးကုန်သော။ သင်္ခါရာ–ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာ တို့၊ ကောင်းစွာပြုဖန်၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိစ္စာ– ဖြစ်ပြီး ပျက်ရ၊ သဘာဝကြောင့်၊ မုချပုံသေ၊ အမြဲမရှိကြလေကုန်။ ဣတိ– ဤသို့။ ယဒါ– တရား အလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်လေရာ၊ အကြင်အခါ၌။ ပညာယ– အထူး ရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ထင်ထင်၊ ထိုသို့ရှုမြင်လေသော်၊ ဒုက္ခေ– ခန္ဓာဆောင်ရ ပင်ပန်းရ မြဲ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ– ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေညစ်ကြေး၊ အပြစ်ဘေးတို့ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေ တော့၏။

ကံ, စိတ်, ဥတု. အာဟာရဆိုတဲ့ အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားအားလုံးဟာ အမြဲမရှိဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်

သိမြင်လာတဲ့အခါ ဒီခန္ဓာကိုယ်ကို ဆောင်ရခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှာ စိတ်ပျက်ပြီး ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာ စင်ကြယ်ခြင်းရဲ့ လမ်းကြောင်းဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဖြစ်ပြီး ပျက်ရ မမြဲခြင်း အနိစ္စ၊ မပြတ်စ်ခု စွဲမြဲရှုဆိုတဲ့ ဒီတရားဒေသနာတော်ရဲ့ အဆုံးမှာတော့ အဲဒီရဟန်းငါးရာဟာ (ဖြစ်ပြီးပျက်ရ အနိစ္စ၊ မပြတ်စ်ခု စွဲမြဲရှု) တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## ဆုတောင်းမိတာ ဒီလိုပါ

ဖြစ်ပြီးပျက်ရ၊ မမြဲခြင်းအနိစ္စသဘောတရားကို စွဲစွဲမြဲမြဲရှုမှတ်ဆင်ခြင် နှလုံးသွင်းခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိစေတာကို တွေ့ရပါတယ်။

ဒီ "မပြတ်စ်ခု စွဲမြဲရှု" ဆိုတဲ့ တရားတော်ကို နာကြားရသူ၊ လေ့လာဖတ်ရှုရသူများလည်းပဲ ရဟန်းငါးရာလို ရဟန္တာဖြစ်အောင် "မပြတ်စ်ခုကို စွဲစွဲမြဲမြဲ လေးလေးစားစား အရေးထားကာ ရှုပွားဆင်ခြင် နှလုံးသွင်းနိုင်ကြပါစေ"လို့ ဆုတောင်းမိပါတယ်။

## အထူးသတိလေး ကူညီရေး

မိဘတို့ မိဘ၊ ဆရာသမား၊ ဆွေမျိုးစတဲ့ ပုဂ္ဂိုလ်တွေ နေမကောင်းတဲ့အခါ၊ သို့မဟုတ် သေခါနီးအချိန်တွေမှာ ဒီဂါထာလေးတွေ ရွတ်ပေးသင့်တယ်။ ဝိပဿနာ ရှုပွားစေသင့်တယ်။ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းနိုင်တယ်။ တရားထူးလည်း ရသွားနိုင်တယ်။ ဘဝကူးလည်း ကောင်းသွားနိုင်တယ်။

နေမကောင်းသူ၊ သေခါနီးသူများကို အထူးကူညီသင့်ပါတယ်။ ရောဂါပျောက်ရေး၊ ဘဝကူးကောင်းရေး အထူးသတိပေး ကူညီသင့်ပါတယ်။

## အရှင်သောဏ မွေကာထိက

ဒီနေရာမှာ ဆက်စပ်နေတဲ့အတွက် သောဏတောင်ခြေက အစလကျောင်းတိုက်မှာ နေတော်မူတဲ့ အရှင်သောဏ မွေကာထိကဆရာတော်ရဲ့ အဖေကို ကျေးဇူး

ဆပ်ပုံကောင်းလေးကို ပြောပြချင်ပါတယ်။ ဘဝကူးကောင်းရေး နိမိတ်ဖြစ်ပြီး အထူးကူညီသတိပေးပုံလေးကို ပြောပြချင်ပါတယ်။

## သောဏဖခင် မုဆိုးပင်

အရှင်သောဏရဲ့အဖေက ခွေးမုဆိုးဖြစ်နေပါတယ်။ ခွေးတွေနဲ့ လှည့်လည်ပြီး သားကောင်တွေကို သတ်ဖြတ်နေပါတယ်။

## ပြောဆိုဆုံးမ သူမရ

အရှင်သောဏက ပြောဆိုဆုံးမပေမယ့် မရပါဘူး။ ဆက်ပြီး လုပ်မြဲလုပ်နေပါတယ်။

အသက်အရွယ်ကြီးလာတဲ့အခါမှာ သနားတာနဲ့ သက်နိုးဝတ်ရန် အလိုမရှိတဲ့ဖခင်ကြီးကို အရှင်သောဏက အတင်းပဲ သက်နိုးဝတ် ရဟန်းပြုပေးလိုက်ပါတယ်။

## အတင်းလုပ်ပေး ကုသိုလ်ရေး

(ဒီနေရာလေးကို ကြည့်ပြီးတော့ မိဘများကို ကောင်းတဲ့ကုသိုလ်အလုပ်တွေကို ဖွတ်အတင်း လုပ်ပေးဖို့ လိုတယ်လို့ ကောက်ချက်ချမိပါတယ်။

## စားတော့မည့်ဟန် ခွေးဝိုင်းရံ

အဲဒီတောထွက်ရဟန်းကြီး နေမကောင်းလို့ အိပ်နေစဉ်မှာ ငရဲနိမိတ်ထင်လာပါတယ်။ သောဏတောင်ခြေက ခွေးကြီးတွေလာပြီး ကိုက်စားတော့မလို ဝိုင်းရံနေကြပါတယ်။ တောထွက်ရဟန်းကြီးက အလွန်ကြောက်လန့်ပြီးတော့ "ချစ်သား သောဏ တားမြစ်ပေးပါဦး၊ ချစ်သားသောဏ တားမြစ်ပေးပါဦး"လို့ ပြောနေပါတယ်။

## အစုံပြောပြ သောဏဖခင်

အရှင်သောဏက "ဘာလဲ ဦးပဥ္စင်းကြီးရဲ့"လို့ မေးတော့ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ သင်မမြင်ဘူးလား"လို့ ပြောပြီးတော့ ခွေးကြီးတွေ ဝိုင်းနေတယ် ဆိုတဲ့အကြောင်းစုံကို ပြောပြပါတယ်။

## စေတီရင်ပြင် ပန်းတွေတင်

ဒီတော့ အရှင်သောဏက "ငါလို ဓမ္မကထိကရဟန်းတစ်ပါးရဲ့အဖော ဘာ့ကြောင့်ရဲဖြစ်ရမှာလဲ၊ ငါဟာ ဖခင်ဦးပဥ္စင်းကြီးရဲ့ ထောက်တည်ရာဖြစ်ရတော့မယ်"ဆိုတဲ့ အကြံနဲ့ ကိုရင်တွေကို ပန်းကွေချူးခိုင်းလိုက်ပါတယ်။ ကိုရင်တွေ ချူးလာတဲ့ပန်းတွေနဲ့ စေတီရင်ပြင် ဗောဓိရင်ပြင်တွေမှာ တစ်ပြင်လုံး ပန်းတွေခင်း ပူဇော်မှုနဲ့ နေရာကို ပူဇော်မှုတွေ အလုပ်ခိုင်းထားပါတယ်။

## ဖခင်တွက်ပါ ပန်းနေရာ

ဖခင်ဦးပဥ္စင်းကြီးကို ခုတင်နဲ့ စေတီရင်ပြင်ပေါ်ကို ယူလာပါတယ်။ ဦးပဥ္စင်းကြီးကို ခုတင်ပေါ်မှာ လဲလျောင်းနေစေပြီး "ဦးပဥ္စင်းကြီး၊ ဒီပန်းတွေ ဒီနေရာတွေဟာ ဦးပဥ္စင်းကြီးအတွက် ပူဇော်ထားတာဖြစ်တယ်။

## ပြောဟောသင်ပြ သားသောဏ

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့ဒီပူဇော်မှုဟာ သူဆင်းရဲရဲ့လက်ဆောင်လေး ဖြစ်ပါတယ်လို့ နှုတ်ကလည်း ဆိုလိုက်ပါဦး။ ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလိုက်ပါ။ စိတ်ကလည်း လှူရတာ၊ ရှိခိုးရတာတွေကို ဝမ်းသာပြီး ကြည်ညိုနေပါ၊ ကြည်လင်နေပါ။ (စိတ်ကို ကြည်လင်ပါစေ)" သို့ ဓမ္မကထိကပီပီ သင်ပြဟောပြော ပေးပါတယ်။

## ကြည်ညိုကြည်လင် နတ်ပြည်ထင်

ဦးပဥ္စင်းကြီးကလည်း ပန်းပူဇော်ထားတာကို ကြည့်ရှုပြီး သားတော်သောဏ သင်ပြဟောပြောပေးတဲ့အတိုင်း ပြောဆိုပြုလုပ်ကာ စိတ်ကိုကြည်ညိုစေပါတယ်။ (စိတ်ကို ကြည်ကြည်လင်လင်လေး ထားလိုက်ပါတယ်။)

အဲဒီအချိန်မှာပဲ ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ် ထင်လာပါတယ်။ နန္ဒဝန် ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ ဗိမာန်တွေ၊ နတ်ကချေသည်တွေ ခြံရံလို့ တည်နေကြသလို ဖြစ်နေကြပါတယ်။

## တွေ့ရမြင်ရ ဖယ်ပေးကြ

ဒါတွေကိုတွေ့ရတော့ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ၊ ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါ"လို့ ပြောနေပါတယ်။

## မယ်တော်များစွာ လာနေတာ

အဲဒီလိုပြောတော့ အရှင်သောဏက "ဦးပဥ္စင်းကြီး၊ ဘာတွေပြောနေတာလဲ၊ ဘာတွေလဲ" လို့ မေးတဲ့အခါမှာ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ၊ သင့်မယ်တော်တွေ (သင့်မိထွေးတွေ) လာနေကြတယ်လို့ ပြန်ပြောပြပါတယ်။

## နိမိတ်ကောင်းထင်+သားသိမြင်

အဲဒီလို ဖခင်ဦးပဥ္စင်းကြီးရဲ့ ပြောပြတာကို ကြားရတော့ အရှင်သောဏက "ငါ့ဖခင်ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ်ထင်လာပြီ" လို့ စဉ်းစားဆင်ခြင် သိမြင်သွားပါတယ်။ ဖခင်ဦးပဥ္စင်းကြီးကို နိမိတ်ကောင်းထင်လာအောင် ကြိုးစားပြုပြင်ပေးရကျိုး နပ်သွားပါတယ်။ (သမ္မောဟဝိနောဒနီ၊ ၅၊ ၄၂၀)

## အထူးနှော့ ကူညီကြ

အရှင်သောဏ (ဓမ္မကထိက) ဆရာတော်နဲ့ သူ့ဖခင်အကြောင်းကို ဖတ်ရှုပြီးတဲ့အခါမှာ သားကောင်း ဓမ္မကထိက အရှင်သောဏလို မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူအပေါင်းတွေ ဘဝနိဂုံးချုပ်ခါနီးမှာ ဂတိကောင်းအောင်၊ ဘဝကူးကောင်းအောင်၊ ကောင်းရာရောက်အောင် အထူးကူညီသတိပေးနိုင်ကြပါစေ၊ အထူးကူညီသတိပေးတတ်ကြပါစေ။

## ဘဝကူးကောင်းမှာ မလွဲပါ

မိမိအပေါ်မှာ ကျေးဇူးတရား အလွန်များကြတဲ့–

၁။ ပထမဆုံးရဲ့ဟန်းဒါယကာကြီး ဦးသိန်း (မော်လမြိုင်ကျွန်းမြို့)။

၂။ ဖခမည်းတော်ကြီး ဦးကြည်မောင် (ကင်မွန်းတောင့်ရွာ၊ ဆိပ်ဖြူမြို့နယ်)။

၃။ ဆရာတော်ဦးကေလာသ (စာချဆရာတော်၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်းမြို့)၊
(မိမိအား ဆင်ဖြူတောင်ကျောင်း လွှဲအပ်သွားသော ဆရာတော်)။

၄။ ဒေါ်အမာ (ကျောက်တန်းမြို့။ ကျောင်း၊ ပလ္လင်၊ ဘုရားများလှူ)

၅။ ဒေါ်ဝင်းဝင်းရီ (ဝိဇိတာရုံငါးထပ်တိုက်ကျောင်းတော်ကြီး၊ ဝင်းမေတ္တာမြေညီထပ် တိုက်ကျောင်း ဒါယိကာမ၊ ရဟန်းဒါယိကာမကြီး) တို့ကား မိမိဟောပြော ရွတ်ဖတ်ပေးနေတဲ့ အနိစ္စစသောတရားများ၊ ပရိတ်ပဋ္ဌာန်းဇာတ်ရားတော်များကို နာကြားရင်း ဘဝနိဂုံးချုပ်သွားကြတယ်။

သူတို့ဘဝများကား ဘဝကူးကောင်းမှာ မလွဲပါဟု ကောက်ချက်ချမိပါတယ်။

## အကျိုးများတဲ့ တရားတစ်ပုဒ်

ဒီ "မမြဲတစ်ခု+စွဲမြဲရှု"ဆိုတဲ့ တရားတော်ကို နာကြားရန် ရောက်လာကြတဲ့ တရားနာပရိသတ်တွေအတွက်လည်း "မမြဲတစ်ခုကို စွဲမြဲစွာ ရှုမှတ်ဆင်ခြင် ပွားများခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိတဲ့တရားတော်ဖြစ်တယ်။ ငါတို့လည်း မမြဲခြင်းတရားကို စွဲစွဲမြဲမြဲ ရှုပွားသင့်တယ်"ဆိုတဲ့ အသိဉာဏ်တွေ တိုးပွားစေကာ အကျိုးရှိတဲ့၊ အကျိုးများတဲ့ တရားတော်ကြီးတစ်ပုဒ် ဖြစ်သွားပါတယ်။

## မမြဲတစ်ခု စွဲကြိုးရှု

မမြဲတစ်ခုကို စွဲစွဲမြဲမြဲရှုပါ၊ ကြိုးရှုပါ။ မမြဲတာတွေ တွေ့လာရင် ခံနိုင်ရည်ရှိမယ်၊ ရှုမထားရင်တော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

ကြိုးတင်ပြီး ရှုထားရင် ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမယ်။

## ဝိပဿနာ+မြတ်ကဗျာ

* ရုပ်နာမ်ဝမ္မ၊ သင်္ခါရ၊ ဘာမှမမြဲပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်္ဂတွင်ငြိမ်းငွေ့လာ။
* ငြိမ်းငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မမြဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မွေပဒ၊ ၄၊ ၂၊ ၂၅၅)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ ဒုက္ခလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ဆင်းရဲတစ်ခု + စွဲမြဲရှု"

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ ဒုက္ခာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရား တော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်း ငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### ရဟန်းငါးရာ ပြန်ရောက်လာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲသွား တရား အားထုတ်နေကြတယ်။ တရားထူးမရတော့ အခြားကမ္မဋ္ဌာန်းတရား နာကြားသင်ယူ မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားထံပြန်ရောက်လာကြပါတယ်။

### ဆင်းရဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

ဘုရားက သူတို့အတွက် သင့်တော်မည့်ကမ္မဋ္ဌာန်းတရားကို စဉ်းစားဆင်ခြင် တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက ဆင်းရဲခြင်းဒုက္ခ လက္ခဏာမှာ စွဲစွဲမြဲမြဲ ရှုမှတ်ဆင်ခြင်နှလုံးသွင်း အားထုတ်ဖူးတာကို တွေ့ရတဲ့ အတွက် "ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ အဖန်တလဲလဲ နှိပ်စက်ခြင်းဆိုတဲ့ အနက်ကြောင့် ဆင်းရဲဒုက္ခတွေပဲ ဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ၊ ၄၊ ၂၊ ၂၇၈)

သဗ္ဗေ– အလုံးစုံကုန်သော။ သင်္ခါရာ– ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ ဒုက္ခာ– အမြဲမပြတ်၊ နှိပ်စက်တတ်သော၊ ထိုသဘောကြောင့်၊ ဆိုပြောအရုံ၊ ဆင်းရဲကုန်၏။ ဣတိ–ဤသို့။ ယဒါ– ဝိပဿနာဉာဏ်၊ ရင့်သန်လာရာ၊ အကြင်အခါ၌။ ပညာယ– အထူးရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ကောင်းစွာ၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲစိတ်မှာ၊ ငြီးငွေ့လာ၏။ ဧသ–ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင်ဖြစ်ပါပေတော့၏။

အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးဟာ ဆင်းရဲတွေပဲလို့ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်ကိုသိမြင်လာတဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာတွေ စင်ကြယ်ကြောင်းဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တယ်လို့ ဟောကြားတော်မူလိုက်ပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဒီတရားတော်ရဲ့အဆုံးမှာ ဆင်းရဲတစ်ခုကို စွဲစွဲမြဲမြဲရှုခဲ့တဲ့ ရဟန်းငါးရာဟာ ဆင်းရဲတစ်ခုကို စွဲမြဲစွာရှုလိုက်တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## အကျိုးများသော တရားတစ်ပုဒ်

ဒီ 'ဆင်းရဲတစ်ခု စွဲမြဲရှု' ဆိုတဲ့ တရားတော်ဟာ တရားနာရောက်လာသူတွေ အတွက်လည်း အကျိုးများတဲ့၊ အကျိုးကြီးတဲ့ အသိဉာဏ်တွေ အများကြီးရစေတဲ့ တရားကောင်းတစ်ပုဒ် ဖြစ်သွားပါတယ်။

## ဆင်းရဲတစ်ခု စွဲကြိုးရှု

ဆင်းရဲတဲ့ဒုက္ခတရားကို စွဲစွဲမြဲမြဲ ကြိုးကြိုးတင်တင် ရှုထားရင် ဆင်းရဲဒဏ်တွေ တွေ့လာရင် ဆင်းရဲဒဏ်ခံနိုင်ရည်ရှိမယ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် အကျိုးရှိမယ်။

## အားပေးတာဟာ အားဆေးပါ

ဆင်းရဲတဲ့ ရောဂါဝေဒနာဒဏ်တွေ ခံစားနေရသူများကို ဒီတရားစကား ဂါထာလေးအတိုင်း ပြောပေး ဟောပေး အားပေးသင့်တယ်။ အားပေးတာဟာ အားဆေးကောင်းဖြစ်တယ်။ ဝိပဿနာဆိုင်ရာ ဂါထာတွေ၊ ကဗျာလင်္ကာတွေ၊ စကားပြေဝတ္ထုသွား ပြောဟောပေးမှုတွေဟာ အကောင်းဆုံးအားပေးမှု၊ အကောင်းဆုံး အားဆေးအစုဖြစ်တယ်။

## ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်မေ့၊ သခါရ၊ ဒုက္ခဆင်းရဲတာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင့်တွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* ဆင်းရဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မေ့ပဒ၊ ၄း ၂၊ ၂၅၅၊ ၂၅၆)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနတ္တလက္ခဏဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "စွဲမြဲရှုပါ+မပိုင်တာ"

တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေဓမ္မာ အနတ္တာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီ တရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## တောထဲကိုသွား ရဟန်းငါးရာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းတောင်းယူပြီး တောထဲသွား တရားအားထုတ်နေကြတယ်။

## တရားမရ ပြန်လာကြ

တရားထူးမရတော့ ဘုရားထံ ပြန်ရောက်လာကြတယ်။ သူတို့ပြန်လာတာ ကတော့ အခြားကမ္မဋ္ဌာန်း သင်ယူနားကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်လာတာပါပဲ။

## ဆင်ခြင်ဟောပြ အနတ္တ
## စွဲမြဲရှုပါ မပိုင်တာ

ဘုရားက သူတို့နဲ့ သင့်တော်မည့်တရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက မပိုင်ခြင်း၊ မနိုင်ခြင်း၊ အလိုသို့ မလိုက်ခြင်း၊ အစိုးမရခြင်းဆိုတဲ့ အနတ္တလက္ခဏာမှာ အဖန်တလဲလဲ စွဲမြဲစွာ အားထုတ်ဖူးတာကို သိရတဲ့အတွက်–

ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ မိမိရဲ့အလိုသို့ မလိုက်ခြင်းဆိုတဲ့

အနက်သဘောကြောင့် အနတ္တဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါ စွဲမြဲရှုပါ မပိုင်တာ ဂါထာတော်ကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၌၊ ၂၊ ၂၅၆)

သဗ္ဗေ– အလုံးစုံကုန်သော။ ဓမ္မာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ– မအိုခါခါ၊ မသေပါလို့၊ တောင်းဆုဆိုလည်း၊ ဆိုကာမရ၊ အစိုးမရကုန်။ ဣတိ– ဤသို့။ ယဒါ– ဉာဏ်မြင်ရင့်လာ၊ အကြင်အခါ၌။ ပညာယ– ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့် ထင်ထင်၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ကိုယ်ကောင်ဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ–ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ–မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေတော့၏။

ခန္ဓာငါးပါး အလုံးစုံသော ရုပ်နာမ်တရားတွေဟာ မအိုပါစေနဲ့ မသေပါစေနဲ့ လို့ တောင်းဆုဆိုလို့ မရနိုင်ဘူး။ ကိုယ့်အလို ကိုယ့်အကြိုက် ဘာတစ်ခုမှ အလို မလိုက် အကြိုက်မဆောင်ကြဘူး၊ အစိုးမရကြဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်ကို သိမြင်တဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့စိတ်ပျက်လာတယ်။

အဲဒီငြီးငွေ့စိတ်ပျက်ခြင်းဟာ ကိလေသာစင်ကြယ်ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမြတ်ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ "စွဲမြဲရှုပါ မပိုင်တာ"ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာတော့ ရဟန်းငါးရာဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

တရားနာရောက်လာ ပရိသတ်များစွာအတွက်လည်းပဲ အကျိုးရှိတဲ့ တရားကောင်းတစ်ပုဒ် ဖြစ်သွားပါတော့တယ်။

## ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်ဓမ္မ၊ အနတ္တ၊ မှတ်ကြမပိုင်တာ။
* စွဲမြဲစွာရှု၊ မပိုင်မှု၊ သတိပြုစရာ။

F 31 R

* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်တွင်ငြိုးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မပိုင်အမှု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မပိုင်တရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၅၅၊ ၂၅၆)

## ဆရာတော်ဦးသီလ စကားလှ အနတ္တလက်ဆောင်

ဒီနေရာမှာ ဆက်စက်နေတဲ့အတွက် ရဟန္တာလို့ ကျော်ကြားတော်မူတဲ့ ဆရာတော်ဦးသီလရဲ့အကြောင်းကို တင်ပြချင်ပါတယ်။

တစ်နေ့ ဆရာတော်ဦးသီလထံကို မြို့ပိုင်၊ နယ်ပိုင်ကြီးတွေ သွားရောက်ပြီး ဖူးမြော်ကြပါတယ်။

ဆရာတော်ကြီးက ရောက်လာတဲ့ ဒကာကြီးတွေကို ဘယ်ကလဲစသည်ဖြင့် မေးတဲ့အခါမှာ ဒကာကြီးတစ်ယောက်က "တပည့်တော်က ဘယ်မြို့က မြို့ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

နောက်တစ်ယောက်ကလည်း "တပည့်တော်က ဘယ်နယ်က နယ်ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ အားရပါးရ ဂုဏ်ထူးတွေဖော်ပြီး လျှောက်ထား ကြပါတယ်။

အဲဒီဒကာကြီးတွေ လျှောက်ထားပြီးတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒီဘက်က ဒကာကြီးက မြို့ပိုင်ကြီး ဟုတ်လား" လို့ မေးတော်မူပါတယ်။

မြို့ပိုင်ဒကာကြီးက ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ တော်လိုက်တာ၊ မြို့တောင်ပိုင်တယ်၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်ကိုတောင် မပိုင် ဘူးဗျာ"လို့ မိန့်တော်မူပါတယ်။

နောက်ဆက်ပြီးတော့ ဆရာတော်ဦးသီလက "ဟိုဘက်က ဒကာကြီးက နယ်ပိုင်ကြီးဆိုတာ ဟုတ်လား"လို့ မေးတော်မူပါတယ်။

နယ်ပိုင်ကြီးကလည်း ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ

တော်လိုက်တာ၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်တောင် မပိုင်ဘူးဗျာ''လို့ မိန့်တော်မူလိုက်ပါသတဲ့။

ဆရာတော်ကြီးက အနတ္တသဘောကို နားမလည်သူတွေကို အနတ္တသဘော နားလည်သွားအောင် တရားပြ၊ တရားဟောလိုက်တာပါပဲ။ မြို့ပိုင်၊ နယ်ပိုင်ကြီးတွေရဲ့ ''ပိုင်''ဆိုတဲ့ စကားလုံးလေးကို ''မပိုင်''ဆိုတဲ့ ''အနတ္တ''တရားလေး မြင်အောင် ပြင်ပေးလိုက်တာပါပဲ။

ဆရာတော်ဦးသီလရဲ့ သီလတွေကလည်း ရဟန္တာလို့ ကျော်ကြားသည်အထိ လှပတော်မူပါတယ်။ မြို့ပိုင် နယ်ပိုင်ကြီးတွေကို ဆုံးမလိုက်တဲ့ တရားစကားကလည်း တကယ်လှပတော်မူပါတယ်။

## ပြုံးစိပြုံးစိ ဖုံးဖိကာပြန်

မြို့ပိုင်၊ နယ်ပိုင်ကြီးတွေဟာ ဆရာတော်ကြီးဖူးပြီး စကားကောင်း၊ တရားကောင်း အဆုံးအမကောင်းလေးကို နာကြားမှတ်ယူပြီး ပြုံးစိပြုံးစိနဲ့ သူတို့ရဲ့ မြို့ပိုင် နယ်ပိုင်ဆိုတဲ့ ဂုဏ်ထူးကို ဖုံးကာဖိကာ ပြန်သွားကြပါတယ်။

## အမြဲတွေး အမြဲမေ့ကာ အတ္တခွာ

အိုလူသား သတိထားပါ၊ အသိများပါ၊ သင်ကော ငါပါ
ဘယ်အရာတွေ ပိုင်သလဲ?
ဘယ်အရာတွေ နိုင်သလဲ?
ဘယ်အရာတွေ ဆိုင်သလဲ?
ဘယ်အရာတွေ မယိုင်မြဲ?
ဘယ်အရာတွေ အစိုးရသလဲ?
ဘယ်အရာတွေ အလိုလိုက်သလဲ?
ဘယ်အရာတွေ အကြိုက်ဆောင်သလဲ?
အမြဲတွေးကာ အမြဲမေ့ပါ။
* အနတ္တသဘောတရားတွေကို
အမှတ်တရ တွေး၊ အမှတ်တရမေ့ကာ
အတ္တကွာ အတ္တခွာနိုင်ကြပါစေ။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်၊ ပဉ္စသတဘိက္ခုဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ပန်းနဲ့ပြိုင်ကာ ကြိုးစားပါ"

တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

ဝဿိကာဝိယ ပုပ္ဖာနိ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## ပန်းကြွေမြင်ရ တဒင်္ဂဝယ်

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲသွားတရားအားထုတ်ကြတဲ့အခါ နံနက်စောစောပိုင်းက ပွင့်ကြတဲ့ မြတ်လေးပန်းတွေဟာ ညနေချမ်းအချိန်ရောက်တော့ အညှာမှကြွေကျ မြေခနေတာကို တွေ့မြင်ကြရပါတယ်။

ပန်းတွေက ရဟန်းတွေကို တရားပြနေသလို ရဟန်းတွေမှာ ခံစားရပါတယ်။

လောကကြီးမှာ မြင်တတ် ရှုတတ်မယ်ဆိုရင် အရာအားလုံးဟာ တရားတွေ ချည်းပါပဲလို့ ဆိုချင်ပါတယ်။

ခုပဲကြည့်လေ၊ မြတ်လေးပန်းအတွေတွေက ရဟန်းတွေကို တရားပြနေသလိုပါပဲ။

ဝိပဿနာရှုမှတ်တဲ့ ရဟန်းမြတ်တွေဆိုတော့ မြတ်လေးပန်းတွေ ကြွေကျလို့ အခြေအနေမလှမပ မြေအခ မြင်ကွင်းလေးကိုကြည့်ပြီးတော့ သတိထား၊ အသိပွားပြီးတော့ တရားရှုကြတယ်။

## ပန်းနဲ့ပြိုင်ယှဉ် ကြိုးစားစဉ်

ဘယ်လိုရှုကြသလဲ၊ ရှုပုံလေးက ဒီလိုပါ။ ဟော့ ပန်းကလေးတွေ သင်တို့

အညာတွေကနေပြီးတော့ ကြွေမကျခင်မှာဘဲ ငါတို့ဟာ ရာဂအစရှိတဲ့ တရားဆိုးတွေက လွတ်အောင် ကြိုးစားအားထုတ်ပြမယ်လို့ ဆုံးဖြတ်ပြီး ပန်းတွေနဲ့ပြိုင်ကာ တရားအားထုတ် ကြိုးစားနေကြပါတယ်။

## ရောင်ခြည်လွှတ်ကာ ဟောကြားရှာ

မြတ်စွာဘုရားက အဲဒီရဟန်းတွေကို ကြည့်ရှုတော်မူပြီးတော့ "ချစ်သားရဟန်းတို့၊ ရဟန်းဆိုတာ အညာကနေ လွတ်ထွက်ကြွေကျနေတဲ့ ပန်းနဲ့တူစွာ ပန်းနဲ့ပြိုင်ပြီးတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ကြိုးစားအားထုတ်ရမယ်လို့ (ပန်းနဲ့ပြိုင်ကာ ကြိုးစားဝါလို့) မိန့်တော်မူကာ ဂန္ဓကုဋီမှာ နေတော်မူပြီးတော့ ရောင်ခြည်တော်အလင်းရောင်ကို ဖြန့်နှံ့စေကာ (ရောင်ခြည်တော်လွှတ်ပြီး) ဒီဂါထာတော်ကို ဟောကြားတော်မူပါတယ်။

## မြတ်စွာဟောပြ ပန်းခြွေချ

ဝဿိကာ ဝိယ ပုပ္ဖာနိ၊
မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊
ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

(ဓမ္မပဒ၊ ၅၊ ၂၊ ၃၇၇)

ဝဿိကာ– မိုးရာသီရောက်၊ မိုးရေသောက်ကာ၊ ပွင့်လာတွင်တွင်၊ မြတ်လေးပင်သည်။ မဒ္ဒဝါနိ– ပွင့်ပြီးနောက်မှာ၊ ညှိုးနွမ်းလာကြကုန်သော၊ ပုပ္ဖာနိ– တစ်ညဉ့်လွန်လျက်၊ တစ်ရက်ကူးပြောင်း၊ ပန်းပွင့်ဟောင်းတို့ကို။ ပမုဉ္စတိဝိယ– လောကအသုတ်၊ ညှာမှဖြုတ်ကာ၊ ခြွေချပါသကဲ့သို့။ ဧဝံ– ပမာနိုင်းယှူ၊ ဤအတူပင်လျှင်။ ဘိက္ခဝေါ– သံသရာဘေး၊ တွေ့မည့်ရေးကို၊ မျှော်တွေးကြောက်ငြား၊ အိုရဟန်းများတို့။ တုမှေ– သံသရာဘေး၊ လွတ်ရေးရည်မှန်း၊ သင်ရဟန်းတို့သည်။ ရာဂဉ္စ– တဏှာရမက်၊ အလိုပျက်ကိုလည်းကောင်း၊ ဒေါသဉ္စ– ဖျက်ဆီးတတ်လှ၊ မျက်ဒေါသကိုလည်းကောင်း။ ဝိပ္ပမုဉ္စေထ– ကိုယ်မှလွှဲသုန်၊ လွတ်မြောက်စေကြကုန်လော့။

(ဓမ္မပဒပန်းကုံး–၄၃၄)

## ကြွေကျအောင် ခြွေချရမယ်

မြတ်လေးပန်းပင်ဟာ ရင့်ရော်ညှိုးနွမ်းနေကြတဲ့ အပွင့်တွေကို ကြွေကျစေ

သလို (ခြွေချသလို) ရဟန်းတို့ သင်တို့ကလည်း သင်တို့ရင်မှာ တွယ်ကပ်ခိုအောင်းကာ ပွင့်လန်းနေကြတဲ့ ရာဂပန်း၊ ဒေါသပန်းတွေကို ကြွေကျအောင် ခြွေချရမယ်လို့ အားပေးတရား ဟောကြားတော်မူပါတယ်။

## ပန်းနှဲပြိုင်ကာ ရဟန္တာ

အဲဒီမြတ်စွာဘုရားရဲ့ အားပေးစကား အားပေးတရားနဲ့ ကြိုးစားအားထုတ်လိုက်ကြတာ "ပန်းနှဲပြိုင်ကာ ကြိုးစားပါ" ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာ ရဟန်းတော် ငါးရာဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်တော်မူကြပါတယ်။

## ကြိုးစားနိုင်စေ တောင်းဆုချွေ

ပန်းနှဲပြိုင်ကာ ရဟန္တာဖြစ်အောင် ဝိပဿနာတရားတွေ ကြိုးစားအားထုတ်နိုင်ကြပါစေ။

ပန်းနှဲပြိုင်ကာ ကြိုးစားပါ တရားတော် ပြီးပြီ။

## ၁။ စုန္ဒီသုတ္တံ

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

အထ ခေါ စုန္ဒီ ရာဇကုမာရီ ပဉ္စဟိ ရထသတေဟိ ပဉ္စဟိ ကုမာရိသတေဟိ ပရိဝုတာ ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊

ဧကမန္တံ နိသိန္နာ ခေါ စုန္ဒီ ရာဇကုမာရီ ဘဂဝန္တံ ဧတဒဝေါစ–

အမှာကံ ဘန္တေ ဘာတာ စုန္ဒော ရာဇကုမာရော ဧဝမာဟ ''ယဒေဝ သော ဟောတိ ဣတ္ထီ ဝါ ပုရိသော ဝါ ဗုဒ္ဓံ သရဏံ ဂတော, ဓမ္မံ သရဏံ ဂတော, သံဃံ သရဏံ ဂတော,

ပါဏာတိပါတာ ပဋိဝိရတော,
အဒိန္နာဒါနာ ပဋိဝိရတော,
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော,
မုသာဝါဒါ ပဋိဝိရတော,
သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော,

သော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိ''န္တိ။

သာဟံ ဘန္တေ ဘဂဝန္တံ ပုစ္ဆာမိ–

* ကထံရူပေ ခေါ ဘန္တေ သတ္ထရိ ပသန္နော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိံ၊
* ကထံရူပေ ဓမ္မေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။
* ကထံရူပေ သံဃေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။
* ကထံရူပေသု သီလေသု ပရိပူရကာရီ (ပ) နော ဒုဂ္ဂတိန္တိ။

* ယာဝတာ စုန္ဒီ သတ္တာ အပဒါဝါ, ဒွိပဒါဝါ, စတုပ္ပဒါဝါ, ဗဟုပ္ပဒါဝါ, ရူပိနောဝါ, အရူပိနောဝါ, သညိနောဝါ, အသညိနောဝါ, နေဝသညီ နာသညိနောဝါ။

တထာဂတော တေသံ အဂ္ဂမက္ခာယတိအရဟံ သမ္မာသမ္ဗုဒ္ဓေါ။
ယေ ခေါ် စုန္ဒိ ဗုဒ္ဓေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒိ ဓမ္မာ သင်္ခတာ၊
အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတိ။
ယေ ခေါ် စုန္ဒိ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါ်ပန ပသန္နနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒိ ဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ၊
ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ မဒနိမ္မဒနော
ဝိပါသဝိနယော
အာလယသမုဂ္ဃာတော
ဝဋ္ဋုပစ္ဆေဒေါ
တဏှက္ခယော
ဝိရာဂေါ
နိရောဓော
နိဗ္ဗာနံ။
ယေ ခေါ် စုန္ဒိ ဝိရာဂေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒိ သံဃာဝါ ဂဏာဝါ၊
တထာဂတသာဝကသံဃော တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ယေ ခေါ စုန္ဒ သံဃေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ သီလာနိ၊
အရိယကန္တာနိ သီလာနိ တေသံ အဂ္ဂမက္ခာယတိ။
ယဒိဒံ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ၊ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။
ယေ ခေါ စုန္ဒ အရိယကန္တေသု သီလေသု ပရိပူရကာရိနော၊
အဂ္ဂေ တေ ပရိပူရကာရိနော၊
အဂ္ဂေ ခေါပန ပရိပူရကာရီနံ အဂ္ဂေါ ဝိပါကော ဟောတီတိ။

* အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
* အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ။ ပုညက္ခေတ္တေ အနုတ္တရေ။

* အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ၊
* အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော၊
ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတီတိ။

## ခင်ပုတ်ငှက်ဝတ္ထု

ဘဂဝါ ကိရ ဝေဒိသကပဗ္ဗတေ ဣန္ဒသာလဂုဟာယံ ပဋိဝသတိ။
အထေကော ဥလူကသကုဏော ဘဂဝတိ ဂါမံ ပိဏ္ဍာယ ပဝိသန္တေ ဥပဍ္ဎမဂ္ဂံ အနုဂစ္ဆတိ၊
နိက္ခန္တေ ဥပဍ္ဎမဂ္ဂံ ပစ္စုဂ္ဂမနံ ကရောတိ။
သော ကေဒိဝသံ သမ္မာသမ္ဗုဒ္ဓံ သယာနုသမယေ ဘိက္ခုသံဃပရိဝုတံ နိသိန္နံ ပဗ္ဗတာ ဩရုယှ ဝန္ဒိတွာ ပက္ခေ ပဏာမေတွာ အဉ္ဇလိံ ပဂ္ဂယှ သီသံ ဟေဋ္ဌာ ကတွာ ဒသဗလံ နမဿမာနော အဋ္ဌာတိ၊
ဘဂဝါ တံ ဩလောကေတွာ သိတံ ပါတွာကာသိ။
အာနန္ဒတ္ထေရော "ကောနုခေါဘန္တေ" ဟေတု ကော ပစ္စယော သိတဿ ပါတုကမ္မာယ"တိ ပုစ္ဆိ၊

"ပဿာနန္ဒ ကမ္မံ ဥလူကာသကဏံ၊
အယံ မယိစ ဘိက္ခုသံဃေစ စိတ္တံ ပသာဒေတွာ
သတသဟဿကပ္ပေ ဒေဝေသုစ မနုဿေသုစ သံသရိတွာ
သောမနဿောနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ"တိ အာဟ။

* ဥလူကမဏ္ဍလက္ခိက၊ ဝေဒိသကေ စီရဒီဃဝါသိက။
သုခိတောသိ တွံ အယျကောသိယ၊ ကာလုဋ္ဌိတံပဿသိ ဗုဒ္ဓဝရံ။

* မယိ စိတ္တံ ပသာဒေတွာ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပာနံ သတသဟဿာနိ၊ ဒုဂ္ဂတေသော နဂစ္ဆတိ။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

## အပါယ်မရောက် +နတ်ပြည်ရောက်

* ယေကေစိ ဗုဒ္ဓံ သရဏံဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ဒီပါဠိ၊ ၂-၂၀၄။ သံပါဠိ-၁၊ ၂၅)

## တကာယ်သိမှတ် + ပီတိဖြစ်

* ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏောနပိ ဇမ္ဗုဒီပဿ။

(ဒီ ဋ္ဌ၊၁၊ ၅၄။ ဓာတုဝတ်၊ ဋ္ဌ-၂၇၁)

## ကောင်းကျိုးဆယ်ဖြာ+ရအသာ

သာဓုခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊
ဗုဒ္ဓံ သရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။
တေအညေဒေဝေ ဒသဟိ ဌာနေဟိ အဓိဂ္ဂဏှန္တိ-
ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေနဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန,
ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ, ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ။

(သံ၊ ပါ၊ ၂၊ ၄၆၇)

## ရှိခိုးကြည်ဖြူ+သင်ဘယ်သူ

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

## တရားနာစဉ်+သေပွဲဝင်

မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

## ဆင်ခြင်သမှု+ကြည့်ရှုတော်မူပါ

မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

## ပျော်ပျော်နေ့ည+နာကြားရ
## စိုးရိမ်ခစ်သိမ်း+ကင်းငြိမ်းမှာပါ

ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာ တေ အစလံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။
(ဝိမာနဝတ္ထု၊ ပါဠိ၊ ၇၃၊ ၆-၂၀၁)

## ဗုဒ္ဓပူဇာ+မင်္ဂလာ

* ဧရမာနံ ဘဂဝန္တံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သက္ကရောန္တာ,
* ပရိနိဗ္ဗုတံ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သက္ကရောန္တာ, ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။

## ဓမ္မပူဇာ+မင်္ဂလာ

* "ဓမ္မံ ပူဇေဿမာ" တိ ဓမ္မဓရေ ပုဂ္ဂလေ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ၊
ဓမ္မဉ္စ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

## သံဃပူဇာ+မင်္ဂလာ

* တထာ အရိယသံဃံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တသက္ကရောန္တာ တံ ဥဒ္ဒိဿ ဣတရသ္မိမ္ပိ တထာ ပဋိပဇ္ဇန္တာ သံဃေ ဒါနံ ဒဒန္တိနာမ။
(အံ၊ ဋီ၊ ၂၊ ၂၉၀)

### ရာဇဂြိုလ်မြို့သူ+ဆွမ်းပင့်လှူ

တတ္ထ အညတရာ ကုလ္ဓီတ သဒ္ဓါ ပသန္နာ အညတရံ ခီဏာသဝတ္ထေရံ ပိဏ္ဍာယ စရန္တံ ဒိသွာ အတ္တနော ဂေဟံ ပဝေသေတွာ ဘောဇနံ အဒါသိ။

(ဝိမာန၊ ၄-၁၀၈)

### နတ်ပြည်ရောက်ရ+သူ့ဘဝ

သာအပရေနသမယေန ကာလံ ကတွာ
တာဝတိံသဘဝနေ၊ နိဗ္ဗတ္တိ။ (ဝိမာန၊ ၄။ ၁၀၈)

### အရှင်နိသဘထံ+သီလခံယူ

* အနောမဒဿိဿ မုနိနော၊ နိသဘောနာမ သာဝကော။
တမဟံ ဥပသင်္ကမ္မ၊ ပဉ္စသိက္ခာ ပဒဂ္ဂဟိံ။
* ဝဿတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ ပဉ္စသီလာနိ၊ ပရိပုဏ္ဏာနိ ဂေါပယိံ။

### ငါးပါးသီလ+အမှတ်ရ
### တာဝတိံသာ+ရောက်ရရှာ

* မပစ္စုကာလေစ သမ္ပတ္တေ၊ ဒေဝါ အဿာသယန္တိ မံ။
ရထော သဟဿယုတ္တော တေ၊ မာရိသာ'ယံ ဥပဋ္ဌိတော။
* ဝတ္တန္တေ စရိမေ စိတ္တေ၊ မမ သီလံ အနုဿရိံ။
တေနကမ္မေန သုကတေန၊ တာဝတိံသံ အဂစ္ဆဟံ။

### နတ်မင်းစကြာ+ကြိမ်များစွာ

* တိံသက္ခတ္တုံစ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
ဒိဗ္ဗသုခံ အနုဘဝိံ၊ အစ္ဆရာဟိ ပုရက္ခတော။
* ပဉ္စသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလ၊ ဂဏနာတော အသင်္ခိယံ။

### ပြည့်ဝချမ်းသာ+အမျိုးမှာ

* ဒေဝလောကာ စဝိတွာန၊ သုက္ကမူလေန စောဒိတော။
ပုရေ ဝေသာလိယံ ဇာတော၊ မဟာသာလေ သုအဍ္ဎကေ။

## တစ်ထိုင်တည်းမှာ+ရဟန္တာ

* ဝဿူပနာယိကေ ကာလေ၊ ဒိဗ္ဗန္တေ ဓိနုသာသနေ။
မာတာစ မေ ပိတာစေဝ၊ ပဋ္ဌသိက္ခာ ပဒ္ဒဂ္ဂဟုံ။
* တာဝသုတ္တာန ဟံ သီလံ၊ မမ သီလ် အနုဿရိံ။
ကောသဇ္ဇနံ နိသီဒိတွာ၊ အရဟတ္တ မပါပုဏိံ။

## ငါးနှစ်သားလေး+ရဟန်းပြုပေး

* ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တ မပါပုဏိ
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။

## ငါးပါးသီလ စောင့်ရှောက်ရကျိုး အမျိုးမျိုး

* ပရိပုဏ္ဏာနိ ဂေါပေတွာ၊ ပဉ္စသိက္ခာ ပဒါနိ ဟံ။
အပရိမေယျေ ကပ္ပေ၊ ဝိနိပါတံ နဂစ္ဆဟံ။

## ၂။ သရဏဂမနိယတ္ထေရအပဒါန
(အပဒါန၊ ယိ၊ ၁၊ ၁၆၂)

၁။ ဥဘိန္နံ ဒေဝရာဇူနံ၊ သင်္ဂါမော သမုပဋ္ဌိတော။
အဟောသိ သမုပဗျူဠှော၊ မဟာဃောသော အဝတ္တထ။

၂။ ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
အန္တလိက္ခေ ဌိတော သတ္ထာ၊ သံဝေဇေသိ မဟာဇနံ။

၃။ သဗ္ဗေဒေဝါ အတ္တမနာ၊ နိက္ခိတ္တကဝစာဝုဓာ။
သမ္ဗုဒ္ဓံ အဘိဝါဒေတွာ၊ ဧကဂ္ဂါ'သိံသု တာဝဒေ၊

၄။ မယှံ သင်္ကပ္ပမညာယ၊ ဝါစာသဘိ'မုဒီရယိ။
အနုကမ္ပကော လောကဝိဒူ၊ နိဗ္ဗာပေသိ မဟာဇနံ။

၅။ ပဒုဋ္ဌစိတ္တော မနုဇော၊ ဧကပါဏံ ဝိဟေဌယံ။
တေန စိတ္တပ္ပဒေါသေန၊ အပါယံ ဥပပဇ္ဇတိ။

၆။ သင်္ဂါမသီသေ နာဂေါဝ၊ ဗဟူပါဏေ ဝိဟေဌယံ။
နိဗ္ဗာပေထ သကံစိတ္တံ၊ မာ ဟညိတ္ထော ပုနပ္ပုနံ။

၇။ ဒွိန္နမ္ပိ ယက္ခရာဇူနံ၊ သေနာ သာ ဝိမှိတာ အဟု။
သရဏဉ္စ ဥပါဂစ္ဆုံ၊ လောကဇေဋ္ဌံ သုတာဒိနံ။

၈။ သညာပေတွာန ဇနတံ၊ ပဒမုဒ္ဓရိ စက္ခုမာ။
ပေက္ခမာနောဝ ဒေဝေဟိ၊ ပက္ကာမိ ဥတ္တရာမုခေါ။

၉။ ပဌမံ သရဏံ ဂစ္ဆိံ၊ ဒွိပဒိန္ဒဿ တာဒိနော။
ကပ္ပာနံ သတသဟဿံ၊ ဒုဂ္ဂတိံ နုပပဇ္ဇဟံ။

၁၀။ မဟာဒုန္ဒုဘိနာမစ၊ သောဠသာသုံ ရထေသဘာ။
တိံသကပ္ပသဟဿမှိ၊ ရာဇာနော စက္ကဝတ္တိနော။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၃။ ယညသာမိကတ္ထေရအပဒါန

၁။ ဇာတိယာ သတ္တဝဿောဟံ၊ အဟောသိံ မန္တပါရဂူ။
ကုလဝတ္တံ အဓာရေသိံ၊ ယညော ဥဿာဟိတော မယာ။

၂။ စုလ္လာသီတိ သဟဿာနိ၊ ပသူ ဟညန္တိ မေ တဒါ။
သာရထမ္ဘုပနီတာနိ၊ ယညတ္ထာယ ဥပဋ္ဌိတာ။

၃။ ဥက္ကာမုခပဟဋ္ဌောဝ၊ ခဒိရင်္ဂါရသန္နိဘော။
ဥဒယန္တောဝ သူရိယော၊ ပုဏ္ဏမာ ယေဝ စန္ဒိမာ။

၄။ သိဒ္ဓတ္ထော သဗ္ဗသိဒ္ဓတ္ထော၊ တိလောကမဟိတော ဟိတော။
ဥပဂန္တွာန သမ္ဗုဒ္ဓေါ၊ ဣဒံ ဝစန မဗြဝိ။

၅။ အဟိံသာ သဗ္ဗပါဏီနံ၊ ကုမာရ မမ ရုစ္စတိ။
ထေယျာစ အတိစာရာစ၊ မဇ္ဇပါနာစ အာရတိ။

၆။ ရတိစ သမစရိယာယ၊ ဗာဟုသစ္စံ ကတညုတာ။
ဒိဋ္ဌေ ဓမ္မေ ပရတ္ထစ၊ ဓမ္မာ ဧတေ ပသံသိယာ။

၇။ ဧတေ ဓမ္မေ ဘာဝယိတွာ၊ သဗ္ဗသတ္တဟိတေ ရတော။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဘာဝေဟိ မဂ္ဂမုတ္တမံ။

၈။ ဣဒံ ဝတွာန သဗ္ဗညူ၊ လောကဇေဋ္ဌော နရာသဘော။
မမေဝံ အနုသာသိတွာ၊ ဝေဟာသံ ဥဂ္ဂတော ဂတော။

၉။ ပုဗ္ဗေ စိတ္တံ ဝိသောဓေတွာ၊ ပစ္ဆာ စိတ္တံ ပသာဒယိံ။
တေနစိတ္တပ္ပသာဒေန၊ တုသိတံ ဥပပဇ္ဇဟံ။

၁၀။ စတုန္နဝုတိတော ကပ္ပေ၊ ယဒါ စိတ္တံ ပသာဒယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၉၆)

## ၄။ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သုမေဓေ အဂ္ဂပုဂ္ဂလေ။
ပသန္နစိတ္တော သုမနော၊ ထူပပူဇံ အကာသဟံ။
၂။ ယေစ ခီဏာသဝါ တတ္ထ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တေ ဟံ တတ္ထ သမာနေတွာ၊ သံဃဘတ္တံ အကာသဟံ။
၃။ သုမေဓဿ ဘဂဝတော၊ ဥပဋ္ဌာကော တဒါ အဟု။
သုမေဓော နာမ နာမေန၊ အနုမောဒိတ္ထ သော တဒါ။
၄။ တေန စိတ္တပ္ပသာဒေန၊ ဝိမာနံ ဥပပဇ္ဇဟံ။
ဆဠာသီတိ သဟဿာနိ၊ အစ္ဆရာယော ရမိံသု မေ။
၅။ မမေဝ အနုဝတ္တန္တိ၊ သဗ္ဗကာမေဟိ တာ သဒါ။
အညေဒေဝေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၆။ ပဉ္စဝီသတိ ကပ္ပမှိ၊ တရုဏော နာမ ခတ္တိယော။
ဝိသုဒ္ဓဘောဇနော အာသိံ၊ စက္ကဝတ္တီ အဟံ တဒါ။
၇။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။
၈။ တတ္ထ ရဇ္ဇံ ကရိတွာန၊ ဒေဝတ္တံ ပုန ဂစ္ဆဟံ။
တဒါပိ ဧဒိသာ မယှံ၊ နိဗ္ဗတ္တာ ဘောဂသမ္ပဒါ။
၉။ န မံ မိတ္တာ အမိတ္တာဝါ၊ ဟိံသန္တိ သဗ္ဗပါဏိနော။
သဗ္ဗေသမ္ပိ ပိယော ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၁၀။ တိံသကပ္ပသဟဿမှိ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဂန္ဓာလေပဿိဒံ ဖလံ။
၁၁။ ဣမသ္မိံ ဘဒ္ဒကေ ကပ္ပေ၊ ဧကော အာသိံ ဇနာဓိပေါ။
မဟာနုဘာဝေါ ရာဇာဟံ၊ စက္ကဝတ္တီ မဟဗ္ဗလော။
၁၂။ သောဟံ ပဉ္စသု သီလေသု၊ ဌပေတွာ ဇနတံ ဗဟုံ။
ပါပေတွာ သုဂတိံယေဝ၊ ဒေဝတာနံ ပိယော အဟုံ။
၁၃။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၆၅)

## ၅။ ဥဒယသုတ် (သံ၊ ဖိ၊ ၁၊ ၁၇၅)

သာဝတ္ထိ နိဒါနံ။

အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။

အထခေါ ဥဒယော ဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေသိ။

ဒုတိယမ္ပိ ခေါ ဘဂဝါ (ပ) တေနုပသင်္ကမိ၊

တတိယမ္ပိခေါ ဥဒယောဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေတွာ ဘဂဝန္တံ ဧတဒဝေါစ

"ပကဋ္ဌကောယံ သမဏောဂေါတမော ပုနပ္ပုနံအာဂစ္ဆတီ"တိ။

၁။ ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊
ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊
ပုနပ္ပုနံ ဓညံ မုပေတိ ရဋ္ဌံ။
၂။ ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊
ပုနပ္ပုနံ သဂ္ဂ မုပေန္တိ ဌာနံ။
၃။ ပုနပ္ပုနံ ခီရနိကာ ဒုဟန္တိ၊
ပုနပ္ပုနံ ဝစ္ဆော ဥပေတိ မာတရံ။
ပုနပ္ပုနံ ကိလမတိ ဖန္ဒတိစ၊
ပုနပ္ပုနံ ဂဗ္ဘ မုပေတိ မန္ဒော။
၄။ ပုနပ္ပုနံ ဇာယတိ မီယတိစ၊
ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဉ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊
န ပုနပ္ပုနံ ဇာယတိ ဘူရိပညော။

ဧဝံဝုတ္တေ ဥဒယော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘော ဂေါတမ (ပ) သရဏံဂတ"န္တိ။

E 33 R

## ၆။ ဂိဟိသာမီစိသုတ္တန်

အထခေါ် အနာထပိဏ္ဍိကော ဂဟပတိ ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ဧကမန္တံ နိသိန္နံ ခေါ် အနာထပိဏ္ဍိကံ ဂဟပတိံ ဘဂဝါ ဧတဒဝေါစ–

စတူဟိ ခေါ် ဂဟပတိ ဓမ္မေဟိ သမန္နာဂတော၊ အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကံ။

ကတမေဟိ စတူဟိ——

၁။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ စီဝရေန။

၂။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ ပိဏ္ဍပါတေန။

၃။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ သေနာသနေန။

၄။ ဣဓ ဂဟပတိ အရိယသာဝကော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန။

ဣမေဟိ ခေါ် ဂဟပတိ စတူဟိဓမ္မေဟိသမန္နာဂတော အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကန္တိ။

* ဂိဟိသာမီစိပဋိပဒံ၊ ပဋိပဇ္ဇန္တိ ပဏ္ဍိတာ။
သမ္မဂ္ဂတေ သီလဝန္တေ၊ စီဝရေန ဥပဋ္ဌိတာ။
ပိဏ္ဍပါတသယနေန၊ ဂိလာနပ္ပစ္စယေန စ။

* တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
သဂ္ဂဉ္စ ကမတိဋ္ဌာနံ၊ ကမ္မံ ကတွာန ဘဒ္ဒကန္တိ။
(အံ၊ ပါ၊ ၁၊ ၃၇၆)

## ၇။ သုမနာဝေဠီယတ္ထေရအပဒါန

၁။ ဝေဿဘုဿ ဘဂဝတော လောကဇေဋ္ဌဿ တာဒိနော။
သဗ္ဗေဇနော သမာဂမ္မ၊ မဟာပူဇံ ကရောန္တိ တေ။

၂။ သုဓာယ ပိဏ္ဍံ ကတွာန၊ အာဝေဠံ သုမနာယဟံ။
သီဟာသနဿ ပုရတော၊ အဘိရောပေသဟံ တဒါ။

၃။ သဗ္ဗေဇနာ သမာဂမ္မ၊ ပေက္ခန္တိ ပုပ္ဖမုတ္တမံ။
ကေနိဒံ ပူဇိတံ ပုပ္ဖံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။

၄။ တေန စိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတမတ္တနော။

၅။ ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေသာနံ ပိယော ဟောမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

၆။ နာဘိဇာနာမိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။
သံယတာနံ တပဿီနံ၊ ကတံ အက္ကောသိတံ မယာ။

၇။ တေန သုစရိတေနာ ဟံ၊ စိတ္တဿ ပဏိဓီဟိ စ။
သဗ္ဗေသံ ပူဇိတော ဟောမိ၊ အနက္ကောသဿိဒံ ဖလံ။

၈။ ဣတော ကောဒသေ ကပ္ပေ၊ သဟဿာရောသိခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၉။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၃၀၁)

## ၈။ သယနဒါယကတ္ထေရအပဒါနံ

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ ပါဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ တေန သယနဒါနေန၊ သုခေတ္တေ ဗီဇသမ္ပဒါ။
ဘောဂါ နိဗ္ဗတ္တရေ တဿ၊ သယနဿ ဣဒံ ဖလံ။

၃။ အာကာသေ သေယျံ ကပ္ပေမိ၊ ဓာရေမိ ပထဝိံ ဣမံ။
ပါဏေသု မေ ဣဿရိယံ၊ သယနဿ ဣဒံ ဖလံ။

၄။ ပဉ္စကပ္ပသဟဿမှိ၊ အဋ္ဌ အာသုံ မဟာတေဇာ၊
စတုတ္တိံသေ ကပ္ပသတေ၊ စတုရော စ မဟဗ္ဗလာ။

၅။ ပဋိသမ္ဘိဒါ စတဿော၊ (ပ) သာသနံ။ (အပဒါန၊ ပါ၊ ၁၊ ၁၁၆)

## ၉။ ဓဇဒါယကတ္ထေရအပဒါနံ

၁။ တိဿော နာမ အဟု သတ္ထာ၊ လောကဇေဋ္ဌော နရာသဘော။
တယော' ပဓိက္ခယေ ဒိသွာ၊ ဓဇံ အာရောပိတံ မယာ။

၂။ တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

၃။ သတာနံ တီဏိက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇံ အကာရယိံ။
သတာနံ ပဉ္စက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသ ဟံ။

၄။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၅။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓဇဒါနဿိဒံ ဖလံ။

၆။ ဣစ္ဆမာနော စ' ဟံ အဇ္ဇ၊ သကာနနံ သပဗ္ဗတံ။
ခေါမဒုဿေန ဆာဒေယျံ၊ တဒါ မယှံ ကတေ ဖလံ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၃၁၉၊ ၃၂၀)

## ၁၀။ ဧကဆတ္တိယတ္ထေရအပဒါန

၁။ …င်္ဂါရဇာတာ ပထဝီ ကုက္ကုဠာနုဂတာ မဟီ။
…ဒုမုတ္တရော ဘဂဝါ၊ အဗ္ဘောကာသမှိ စင်္ကမိ။

၂။ ပဏ္ဍရံ ဆတ္တမာဒါယ၊ အဒ္ဓါနံ ပဋိပဇ္ဇဟံ။
တတ္ထ ဒိသွာန သမ္ဗုဒ္ဓံ၊ ဝိတ္တိ မေ ဥပပဇ္ဇထ။

၃။ မရီစိယောတ္ထဋာ ဘူမိ၊ အင်္ဂါရာဝ မဟီ အယံ။
ဥပဟန္တိ မဟာဝါတာ၊ သရီရဿာ သုခေပနာ။

၄။ သီတံ ဥဏှံ ဝိဟနန္တံ၊ ဝါတာတပနိဝါရဏံ။
ပဋိဂ္ဂဏှ ဣမံဆတ္တံ၊ ဖဿယိဿာမိ နိဗ္ဗုတိံ။

၅။ အနုကမ္ပကော ကာရုဏိကော၊ ပဒုမုတ္တရော မဟာယသော။
မမ သင်္ကပ္ပ မညာယ၊ ပဋိဂ္ဂဏှိ တဒါ ဇိနော။

၆။ တိံသကပ္ပာနိ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သတာနံ ပဉ္စက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။

၇။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၈။ အယံ မေ ပစ္ဆိမာ ဇာတိ၊ စရိမော ဝတ္တတေ ဘဝေါ။
အဇ္ဇာပိ သေတစ္ဆတ္တံ မေ၊ သဗ္ဗကာလံ ဓရီယတိ။

၉။ သတသဟဿိတော ကပ္ပေ၊ ယံဆတ္တ မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဆတ္တဒါနဿိဒံ ဖလံ။

၁၀။ ကိလေသာ (ပ) အနာသဝေါ။
၁၁။ သွာဂတံ ဝတ (ပ) သာသနံ။
၁၂။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၂၊ ၃၅၊ ၃၆)

## ၁၁။ ခဒိရကဒါယကတ္ထေရအပဒါန

၁။ တိဿဿ ခေါ ဘဂဝတော၊ ပုဗ္ဗေ ဖလ မဒါသဟံ။
နာဠိကေရဉ္စ ပါဒါသိံ၊ ခဇ္ဇကံ အဘိသမ္မတံ။

၂။ ဗုဒ္ဓဿ တမဟံ ဒတွာ၊ တိဿဿ တု မဟေသိနော။
မောဒါမဟံ ကာမကာမီ၊ ဥပပဇ္ဇိံ ယမိစ္ဆကံ။

၃။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဖလဒါနဿိဒံ ဖလံ။

၄။ ဣတော တေရသကပ္ပမှိ၊ ရာဇာ ဣန္ဒသမော အဟု။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁၊ ၂၀၂)

## ၁၂။ ပဥ္စဒီပကတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗဘူတာနုကမ္ပိနော။
သဒ္ဓဟိတွာန သဒ္ဓမ္မေ၊ ဥဇုဒိဋ္ဌိ အဟောသဟံ။

၂။ ပဒီပဒါနံ ပါဒါသိံ၊ ပရိဝါရေတွာန ဗောဓိယံ။
သဒ္ဓဟန္တော ပဒီပါနိ၊ အကရိံ တာဝဒေ အဟံ။

၃။ ယံ ယံ ယောနုံ ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာကာသေ ဥက္ကံ ဓာရေန္တိ၊ ဒီပဒါနဿိဒံ ဖလံ။

၄။ တိရောကုဋ္ဋံ တိရောသေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ ဒဿနံ အနုဘောမဟံ။

၅။ တေနကမ္မာဝသေသေန၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ ဒီပဒိန္နဿ သာသနေ။

၆။ စတုတ္တိံသေကပ္ပသတေ၊ သတစက္ခုသနာမကာ။
ရာဇာ ဟေသုံ မဟာတေဇာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ။ ၁၊ ၁၁၉၊ ၁၂၀)

## ၁၃။ ဓမ္မဿဝနိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၂. ၁၀)

၁။ ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
စတုသစ္စံ ပကာသေန္တော၊ သန္တာရေသိ ဗဟုံ ဇနံ။

၂။ အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။
ဓုနန္တော ဝါကစီရာနိ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

၃။ ဗုဒ္ဓသေဋ္ဌဿ ဥပရိ၊ ဂန္တုံ န ဝိသဟာမဟံ။
ပက္ခီဝ သေလမာသဇ္ဇ၊ ဂမနံ န လဘာမဟံ။

၄။ ဥဒကေ ဝေါက္ကမိတွာန၊ ဧဝံ ဂစ္ဆာမိ အမ္ဗရေ။
န မေ ဣဒံ ဘူတပုဗ္ဗံ၊ ဣရိယာပထဝိကောပနံ။

၅။ ဟန္ဒ မေတံ ဂဝေသိဿံ၊ အပ္ပေဝတ္ထံ လဘေယျဟံ။
ဩရောဟန္တော အန္တလိက္ခာ၊ သဒ္ဒမဿောသိ သတ္ထုနော။

၆။ သရေန ရဇနီယေန၊ သဝနီယေန ဝဂ္ဂုနာ။
အနိစ္စတံ ကထေန္တဿ၊ တမေဝ ဥဂ္ဂဟိံ တဒါ။
အနိစ္စသညံ ဥဂ္ဂယှ၊ အဂမာသိံ မမဿမံ။

၇။ ယာဝတာယုံ ဝသိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။
စရိမေ ဝတ္တမာနမှိ၊ သဒ္ဓမ္မဿဝနံ သရိံ။

၈။ တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

၉။ တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိံ အဟံ။
ဧကပညာသက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇ မကာရယိံ။

၁၀။ ဧကသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။

၁၁။ အနုဘောမိ သကံ ပုညံ၊ သုခိတောဟံ ဘဝါဘဝေ။
အနုဿရာမိ တံ သညံ၊ သံသရန္တော ဘဝါဘဝေ။
န ကောဋိံ ပဋိဝိဇ္ဈာမိ၊ နိဗ္ဗာနံ အစ္စုတံ ပဒံ။

၁၂။ ပိတုဂေဟေ နိသီဒိတွာ၊ သမဏော ဘာဝိတိန္ဒြိယော။
ကထံသ ပရိဒီပေန္တော၊ အနိစ္စ တ မုဒါဟရိ။

၁၃။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပာဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၁၄။ သဟ ဂါထံ သုဏိတွာန၊ ပုဗ္ဗသညံ မနုဿရိံ။
ကောသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။

၁၅။ ဇာတိယာ သတ္တဝဿေန၊ အရဟတ္တ မပါပုဏိံ။
ဥပသမ္ပာဒယီ ဗုဒ္ဓေါ၊ ဓမ္မဿဝနဿိဒံ ဖလံ။

၁၆။ သတသဟဿိတော ကပ္ပေ၊ ယံ ဓမ္မ မသုဏိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓမ္မဿဝနဿိဒံ ဖလံ။

၁၇။ ကိလေသာ (ပ) အနာသဝေါ။

၁၈။ သွာဂတံဝတ (ပ) သာသနံ။

၁၉။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၁၄။ သပရိဝါရာသနတ္ထေရအပဒါနံ

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ ပိဏ္ဍပါတံ အဒါသဟံ။
ဂန္ဓာ ကိလိဋ္ဌကံ ဉာနိ၊ မလ္လိကာဟိ ပရိက္ခိတံ။

၂။ တမှာသနမှိ အာသီနော၊ ဗုဒ္ဓေါ လောကဂ္ဂနာယကော။
အကိတ္တယိ ပိဏ္ဍပါတံ၊ ဥဇုဘူတော သမာဟိတော။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

၄။ တထေဝါယံ ပိဏ္ဍပါတော၊ သုခေတ္တေ ရောပိတော တယာ။
ဘဝေ နိဗ္ဗတ္တမာနမှိ၊ ဖလံ တေ တောသယိဿတိ။

၅။ ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ ဇလဇုတ္တမ နာမကော။
ပဏ္ဍပါတံ ဂဟေတွာန၊ ပက္ကာမိ ဥတ္တရာမုခေါ။

၆။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသုစ ပဉ္စသု။
ပဝိဝေက မနုယုတ္တော၊ ဝိဟရာမိ အနာသဝေါ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါဠိ၊ ၁-၁၁၇)

## ၁၅။ မေ့ရူစိယတ္ထေရအပဒါန

၁။ ယဒါ ဒီပင်္ကရော ဗုဒ္ဓေါ၊ သုမေဓံ ဗျာကရီ ဇိနော။
အပရိမေယျေ ကပ္ပေ ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
၂။ ဣမဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော။
၃။ ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။
အဿတ္ထမူလေ သမ္ဗုဒ္ဓေါ၊ ဗုဇ္ဈိဿတိ မဟာယသော။
၄။ ဥပတိဿော ကောလိတောစ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
အာနန္ဒောနာမ နာမေန၊ ဥပဋ္ဌိဿတိ မံ ဇိနံ။
၅။ ခေမာ ဥပ္ပလဝဏ္ဏာစ၊ အဂ္ဂါဟေဿန္တိ သာဝိကာ။
စိတ္တော အာဠဝကောစေဝ၊ အဂ္ဂါ ဟေဿန္တု ပါသကာ။
၆။ ခုဇ္ဇုတ္တရာ နန္ဒမာတာ၊ အဂ္ဂါ ဟေဿန္တု ပါသိကာ။
ဗောဓိ ဣမဿ ဝီရဿ၊ အဿတ္ထောတိ ပဝုစ္စတိ။
၇။ ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ နမဿန္တိ ကတဉ္ဇလီ။
၈။ တဒါဟံ မာဏဝေါ အာသိံ၊ မေဃောနာမ သုသိက္ခိတော။
သုတွာ ဗျာကရဏံ သေဋ္ဌံ၊ သုမေဓဿ မဟာမုနေ။
၉။ သံဝိသဋ္ဌော ဘဝိတွာန၊ သုမေဓေ ကရုဏာသယေ။
ပဗ္ဗဇန္တဉ္စ တံ ဝီရံ၊ သဟာဝ အနုပဗ္ဗဇိံ။
၁၀။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသုစ ပဉ္စသု။
သုဒ္ဓါဇီဝေါ သတော ဝီရော၊ ဇိနသာသနကာရကော။
၁၁။ ဧဝံဝိဟရမာနောဟံ၊ ပါပမိတ္တေန ကေနစိ။
နိယောဇိတော အနာစာရေ၊ သုမဂ္ဂါ ပရိဓံသိတော။

၁၂။ ဝိတက္ကဝသိကော ဟုတွာ၊ သာသနတော အပက္ကမိ။
ပဏ္ဍာ တေန ကုမိတ္တေန၊ ပယုတ္တော မာတုဃာတနံ။
၁၃။ အကရိ အာနန္တရိယံ၊ ဃာတယိ ဒုဋ္ဌမာနသော။
တတော စုတော မဟာဝီစိ၊ ဥပပန္နော သုဒါရုဏံ။
၁၄။ ဝိနိပါတဂတော သန္တော၊ သံသရိ ဒုက္ခိတော စိရံ။
န ပုနော အဒ္ဒသံ ဝီရံ၊ သုမေဓံ နရပုင်္ဂဝံ။
၁၅။ အသ္မိံ ကပ္ပေ သမုဒ္ဒမှိ၊ မစ္ဆော အာသိ တိမင်္ဂလော။
ဒိသွာ ဟံ သာဂရေ နာဝံ၊ ဂေါစရတ္ထ မုပါဂမိံ။
၁၆။ ဒိသွာ မံ ဝါဏိဇာ ဘီတာ၊ ဗုဒ္ဓသေဋ္ဌ မနုဿရုံ။
ဂေါတမောတိ မဟာ ဃောသံ၊ သုတွာ တေဟိ ဥဒီရိတံ။
၁၇။ ပုဗ္ဗသညံ သရိတွာန၊ တတော ကာလကတော အဟံ။
သာဝတ္ထိယံ ကုလေ ဣဒ္ဓေ၊ ဇာတော ဗြာဟ္မဏဇာတိယံ။
၁၈။ အာသိံ ဓမ္မရုစိ နာမ၊ သဗ္ဗပါပဇိဂုစ္ဆကော။
ဒိသွာဟံ လောကပဇ္ဇောတံ၊ ဇာတိယာ သတ္တဝသိကော။
၁၉။ မဟာဇေတဝနံ ဂန္တွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
ဥပေမိ ဗုဒ္ဓံ တိက္ခတ္တုံ၊ ရတ္တိယာ ဒိဝသဿ စ။
၂၀။ တဒါ ဒိသွာ မုနိ အာဟ၊ စိရံ ဓမ္မရုစီတိ မံ။
တတော ဟံ အဝစံ ဗုဒ္ဓံ၊ ပုဗ္ဗကမ္မပဘာဝိတံ။
၂၁။ သုစိရံ သတပုညလက္ခဏံ၊ ပတိပုဗ္ဗေန ဝိသုဒ္ဓပစ္စယံ။
အဟ မဇ္ဇ သုပေက္ခနံ ဝတ၊ တဝ ပဿာမိ နိရူပမံ ဝိဂ္ဂဟံ။
၂၂။ သုစိရံ ဝိဟတတ္တမော မယာ၊ သုစိရက္ခေန နဒီ ဝိသောသိတာ။
သုစိရံ အမလံ ဝိသောဓိတံ၊ နယနံ ဉာဏမယံ မဟာမုနေ။
၂၃။ စိရကာလသမင်္ဂိတော တယာ၊
အဝိနဋ္ဌော ပုနရန္တရံ စိရံ။
ပုန ရဇ္ဇသမာဂတော တယာ၊
န ဟိ နဿန္တိ ကတာနိ ဂေါတမ။
၂၄။ ကိလေသာ (ပ) အနာသဝေါ။
၂၅။ သွာဂတံ (ပ) သာသနံ။
၂၆။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ဓမ္မရုစိယတ္ထေရအပဒါန
## အဋ္ဌကထာကောက်နုတ်ချက်

ယဒါ သုမေဓပဏ္ဍိတော ဒီပင်္ကရဘဂဝတော သန္တိကာ ဗျာကရဏံ လဘိ။

တဒါ အယံ မေဃောနာမ ဗြာဟ္မဏမာဏဝေါ ဟုတွာ သုမေဓတာပသေန သဟ ဣသိပဗ္ဗဇ္ဇံ သဗ္ဗဇိတွာ သိက္ခာပဒေသု သိက္ခိတော ကေနစိ ပါပသဟာယေန သံသဂ္ဂော သံသဂ္ဂဒေါသေန ပါပမိတ္တဗ္ဗာဒိဝသံ ဂတော မာတုဃာတကမ္မံ သေန နရကေ အဂ္ဂိဇာလာဒိဒုက္ခမနုဘဝိတွာ တတော စုတော သမုဒ္ဒေ တိမိင်္ဂလမဟာမစ္ဆော ဟုတွာ နိဗ္ဗတ္တော၊

သမုဒ္ဒမဇ္ဈေ ဂစ္ဆန္တံ မဟာနာဝံ ဂိလိတုကာမောဂတော၊ ဒိသွာ မံ ဝါဏိဇာ ဘီတာ ''အဟော ဂေါတမော ဘဂဝါ'' တိ သဒ္ဒ မကံသု။

အထ မဟာမစ္ဆော ပုဗ္ဗဝါသနာဝသေန ဗုဒ္ဓဂါရဝံ ဥပ္ပာဒေတွာ တတော- စုတော သာဝတ္ထိယံ ဝိဘဝသမ္ပန္နေ ဗြာဟ္မဏကုလေ နိဗ္ဗတ္တော သဒ္ဓေါ ပသန္နော သတ္ထုဓမ္မဒေသနံ သုတွာ ပဗ္ဗဇိတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ ဒိဝသသ တိက္ခတ္တုံ ဥပဋ္ဌာနံ ဂန္တွာ သရမာနော ဝန္ဒတိ။

တဒါ ဘဂဝါ ''စိရံ ဓမ္မရုစိ''တိ မံ အာဟ။

အထ သော ထေရော ''သုစိရံ သတပုညလက္ခဏ''န္တိ အာဒိဟိ ဂါထာဟိ ထောမေသိ။

ဂေါတမ သဗ္ဗညု ဗုဒ္ဓ တယာ သဒ္ဓိံ ကတာနိ သမာဂမာဒီနိ န ဟိ နသသန္တိ ယာဝ ခန္ဓပရိနိဗ္ဗာနာ နဝိနာ ဘဝိဿန္တီတိ အတ္ထော။

(အပဒါန၊ ၄၊ ၂၊ ၂၁၀၊ ၂၁၁၊ ၂၁၂)

## ၁၆။ အဝိမုတ္တတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ။
ဥပဋ္ဌဟိံ ဘိက္ခုသံဃံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ နိမန္တေတွာ ဘိက္ခုသံဃံ၊ ဥဇုဘူတံ သမာဟိတံ။
ဥစ္ဆုနာ မဏ္ဍပံ ကတွာ၊ ဘောဇေသိံ သံဃမုတ္တမံ။

၃။ ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေ သတ္တေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။

၄။ အဋ္ဌာရသေ ကပ္ပသတေ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥစ္ဆုဒါနဿိဒံ ဖလံ။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၇။ ဂန္ဓောဒကိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၁-၁၁၇)

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟု။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒက မဒါသဟံ။

၂။ နှာနကာလေစ ဗောဓိယာ၊ မဟာမေဃော ပဝဿထ။
နိန္နာဒေါစ မဟာ အာသိ၊ အသနိယာ ဖလန္တိယာ။

၃။ တေနေဝ သနိဝေဂေန၊ တတ္ထ ကာလင်္ကတော အဟံ။
ဒေဝလောကေ ဌိတောသန္တော၊ ဣမာဂါထာ အဘာသဟံ။

၄။ အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသမ္ပဒါ။
ကဠေဝရံ မေ ပတိတံ၊ ဒေဝလောကေ ရမာမဟံ။

၅။ ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

၆။ အာဗာဓာ မေ န ဝိဇ္ဇန္တိ၊ သောကော မယှံ န ဝိဇ္ဇတိ။
ပရိဠာဟံ နပဿာမိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ အဋ္ဌဝီသေ ကပ္ပသတေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

## ၁၈။ အာယာဂဒါယကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိခိမှိ ဝဒတံ ဝရေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အဝန္ဒိံ ထူပမုတ္တမံ။

၂။ ဝဍ္ဎကီဟိ ကထာပေတွာ၊ မူလံ ဒတွာနဟံ တဒါ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာယာဂံ ကာရပေသဟံ။

၃။ အဋ္ဌကပ္ပာနိ ဒေဝေသု၊ အဗ္ဘောကိဏ္ဏံ ဝသိံ အဟံ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သံသရိံ အဟံ။

၄။ ကာယေ ဝိသံ နကမတိ၊ သတ္ထာနိ န စ ဟန္တိ မေ။
ဥဒကေ ဟံ န မိယျာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၅။ ယဒိစ္ဆာမိ အဟံ ဝဿံ၊ မဟာမေဃော ပဝဿတိ။
ဒေဝါပိ မေ ဝသံ ဧန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၆။ သတ္တရတနသမ္ပန္နော၊ တိံသက္ခတ္တုံ အဟောသဟံ။
န မံ ကေစာဝဇာနန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ ကေတ္တိံသေကပ္ပေ ကပ္ပေ၊ အာယာဂံ ယံ မကာရယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၈။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၉။ ပဒသညကတ္ထေရအပဒါန

၁။ အက္ကန္တဉ္စ ပဒံ ဒိသွာ၊ တိဿဿာဒိစ္စဗန္ဓုနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဒေ စိတ္တံ ပသာဒယိံ။

၂။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ သညံ မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဒသညာယိဒံ ဖလံ။

၃။ ဣတော သတ္တမကေ ကပ္ပေ၊ သုမေဓော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန ပါဠိ၊ ၁-၁၃၂)

## ၂၀။ ကောသနိယတ္တေရအပဒါန

၁။ ဝရုဏောနာမ နာမေန၊ ဒေဝရာဇာ အဟံ တဒါ၊
ဥပဋ္ဌဟေသိ သမ္ဗုဒ္ဓံ၊ သယောဂ္ဂဗလဝါဟနော။

၂။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ၊
တူရိယံ သဗ္ဗမာဒါယ၊ အဂမံ ဗောဓိ မုတ္တမံ။

၃။ ဝါဒိတေန စ နစ္စေန၊ သမ္မတာဠ သမာဟိတော၊
သမ္မုခါဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌိ ဗောဓိမုတ္တမံ။

၄။ ဥပဋ္ဌဟိတွာ တံဗောဓိံ၊ ဓရဏီရုဟပါဒပံ၊
ပလ္လင်္ကံ အာဘုဇိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။

၅။ သကကမ္မာ ဘိရဒ္ဓေါဟံ၊ ပသန္နာ ဗောဓိမုတ္တမေ၊
တေနစိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။

၆။ သဋ္ဌိတူရိယသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ၊
မနုဿေသုစ ဒေဝေသု၊ ဝတ္တမာနံ ဘဝါဘဝေ။

၇။ တိဝိဓဂ္ဂိ နိဗ္ဗုတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ၊
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

၈။ သုဗာဟူနာမ နာမေန၊ စတုတ္တိံသာသု ခတ္တိယာ၊
သတ္တရတနသမ္ပန္နာ၊ ပဉ္စကပ္ပသတေ ဣတော။

၉။ ပဋိသမ္ဘိဒါ စတဿော (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၆၃)

## ၂၁။ ဓာတုပူဇကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိဒ္ဓတ္ထမှိ နရုတ္တမေ။
ဧကာ ဓာတု မယာ လဒ္ဓါ၊ ဒွိပဒိန္ဒဿ တာဒိနော။

၂။ တာဟံ ဓာတုံ ဂဟေတွာန၊ ဗုဒ္ဓဿာဒိစ္စ ဗန္ဓုနော။
ပဉ္စဝဿေ ပရိစရိံ၊ တိဋ္ဌန္တံဝ နရုတ္တမံ။

၃။ စတုန္နဝုတိတော ကပ္ပေ၊ ယံ ဓာတုံ ပူဇယိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓာတုပဋ္ဌဟနေ ဖလံ။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၅၂)

## ၂၂။ အနိစ္စလက္ခဏဝတ္ထု

သဗ္ဗေသင်္ခါရာ အနိစ္စာတိ ဣမံဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဂန္တွာ အရညေ ဝါယမန္တာပိ အရဟတ္တံ အပ္ပတွာ "ဝိသေသတွာ ကမ္မဋ္ဌာနံ ဥဂ္ဂဏှိဿာမာ"တိ သတ္ထု သန္တိကံ အာဂမိံသု။

သတ္ထာ "ကိံနုခေါ ဣမေသံ သပ္ပာယ" န္တိ ဝီမံသန္တော "ဣမေ ကဿပဗုဒ္ဓကာလေ ဝီသတိဝဿသဟဿာနိ အနိစ္စ လက္ခဏေ အနုယုဉ္ဇိံသု၊ တသ္မာ အနိစ္စလက္ခဏေနေဝ ဧတေသံ ဧကံ ဂါထံ ဒေသေတုံ ဝဋ္ဋတီ"တိ စိန္တေတွာ "ဘိက္ခဝေ ကာမဘဝါဒီသု သဗ္ဗေပိ သင်္ခါရာ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ ဧဝါ"တိ ဝတွာ ဣမံဂါထမာဟ–

"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

ဒေသနာဝသာနေ တေဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု၊
သမ္ပတ္တပရိသာနမ္ပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသီတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၅၅)

## ၂၃။ ဒုက္ခလက္ခဏာဝတ္ထု

ဒုတိယဂါထာယပိ ဝေရှပမေဝ ဝတ္ထု။

တဒါ ဟိ ဘဂဝါ တေသံဘိက္ခူနံ ဒုက္ခလက္ခဏေ ကတာဘိယောဂဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ ပဋိ ပီဠနဋ္ဌေန ဒုက္ခာဝေါ"တိ ဝတွာ ဣမံဂါထမာဟ–

"သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

(ဓမ္မပဒ၊ ၄၊ ၂။ ၂၅၅)

## ၂၄။ အနတ္တလက္ခဏာဝတ္ထု

တတိယဂါထာယပိ ဧသောဝနယော။

ကေဝလဉှိ ဧတ္ထ ဘဂဝါ တေသံ ဘိက္ခူနံ ပုဗ္ဗေအနတ္တလက္ခဏေ အနုယုတ္တဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာဝေါ"တိ ဝတွာ ဣမံဂါထ မာဟ–

"သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

(ဓမ္မပဒ၊ ၄၊ ၂။ ၂၅၆)

## ၂၅။ ပဓာနကမ္မိကဘိက္ခုဝတ္ထု

ဝသိကာ ဝိယ ပုပ္ဖာနီတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဥ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ အရညေ သမဏဓမ္မံ ကရောန္တာ ပါတောဝ ပုပ္ဖိတာနိ ဝသိကပုပ္ဖာနိ သာယံ ဝဏ္ဋတော မုစ္စန္တာနိ ဒိသွာ "ပုပ္ဖာနံ ဝဏ္ဋေဟိ မုစ္စနတော မယံ ပဌမတရံရာဂါဒီဟိ မုစ္စိဿာမာ"တိ ဝါယမိံသု။

သတ္ထာ တေ ဘိက္ခူ ဩလောကေတွာ "ဘိက္ခဝေ ဘိက္ခုနာနာမ ဝဏ္ဋတော မုစ္စနပုပ္ဖေနဝိယ ဒုက္ခတော မုစ္စိတုံ ဝါယမိတဗ္ဗမေဝါ"တိ ဝတွာ ဂန္ဓကုဋိယံ နိသိန္နောဝ အာလောကံ ဖရိတွာ ဣမံ ဂါထ မာဟ–

ဝသိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ''တိ။

ဒေသနာဝသာနေ သဗ္ဗေပိ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသူတိ။

(ဓမ္မပဒ၊ ဋ၊ ၂၊ ၃၇၇)

# ဆောင်တော်မူ

"ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းတော်ဘ၀၊ ချမ်းမြမြ၀ယ်၊ စန်းလနှယ်သို့၊ တင့်တယ်နေကြ၊ သာသနာ့၀န်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်းပြောခန်း၊ မမောပန်းအောင်၊ လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဇောစေတနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသား၊ ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်ထဲဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ရွှေပါဠိ၊ ၄၅၊ ၄၉ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစုံ၊ စာအနုဖြင့်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်၀င်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာရှင်ထား၊ ဒီတရားစာအုပ်၊ ၀င့်ထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာဓမ္မကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊ အိတ်ဆောင် ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ။"

## စာရေးသူ၏ ဘဝဖြစ်စဉ်

ဤကျမ်းစာရေးသူသည် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ကင်မွန်းတောင့်ရွာ၊ ဦးကြည်မောင်+ဒေါ်ငယ်တို့မှ ၁၃၂၄-ခု၊ တပေါင်းလဆန်း (၁၀)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။

၁၃၄၅-ခု၊ တန်ခူးလပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်၊ ရန်ကင်းမြို့နယ်၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၁၅)၊ ၁၄-လမ်းနေ ဦးသိန်း + ဒေါ်လှခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဖြစ်သည်။

### စာသင်ရာကျောင်းတိုက်များ

၁။ သဒ္ဓမ္မကာရီကျောင်းတိုက်၊
   ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။
၂။ ရွှေပြည်တန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။
၃။ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။
၄။ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။
၅။ ရွာမစာသင်တိုက်၊ အင်းစိန် + ရန်ကုန်။
၆။ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်း + ရန်ကုန်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁။ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့။
ဝိနယပါလစာမေးပွဲ၊ မူလတန်း၊ အငယ်တန်း

၂။ ငှင်းမြို့ ကမ်းနားပရိယတ္တိအသင်းစာမေးပွဲ
မူလအလတ် (တတိယ) မူလအကြီးတန်း၊
ပထမငယ်တန်း (တတိယ)

၃။ ဘိုကလေးမြို့၊ ပရိယတ္တိသာသနာပါလအသင်း
စာမေးပွဲ၊ ပထမငယ်တန်း (ဝိနယဂုဏ်ထူး)

၄။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်စာမေးပွဲ
ပထမလတ်တန်း (ပထမ)

၅။ ငှင်းမြို့ အမျိုးသားစာမေးပွဲ ပထမငယ်တန်း၊
ပထမလတ်တန်း (တတိယ)၊ ပထမကြီးတန်း။

၆။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနကိုရ
စာမေးပွဲ ပထမကြီးတန်း (ဒုတိယ)

၇။ အင်းစိန်၊ ဝိနယာဓိကစာမေးပွဲ၊
ပထမကြီးတန်း (တတိယ)၊ ရွာမစာသင်တိုက်
သဒ္ဓမ္မဝံသစာမေးပွဲ ပထမကြီးတန်း (တတိယ)

၈။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိအသင်းစာမေးပွဲ
ပထမကြီးတန်း (ပထမ) ပရဒေသီ။

၉။ ဆူးလေ အဘိဓမ္မာစာမေးပွဲ ယမက - ၃/၁ အုပ်

၁၀။ ဘုရားဖြူစာမေးပွဲ၊ ပထမငယ်တန်း။

၁၁။ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိသာသနာဟိတ
အသင်းစာမေးပွဲ၊ ပထမဆင့်၊
မဟာဝေယျာကရဏိကတန်း။

၁၂။ ဗဟန်း၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ပရိယတ္တိ
သာသနာပါလအသင်းစာမေးပွဲ၊ ဓမ္မာစရိယတန်း (တတိယ)

၁၃။ အစိုးရစာမေးပွဲ၊ ဓမ္မာစရိယတန်း (၁၃၅၁)

**ယခုနေရာ**

ဆင်ဖြူတောင်စာသင်တိုက်၊ သာကေတ။
၁၃၅၅ ခု၊ နယုန်လပြည့်ကျော် (၇)ရက်
၁၁-၆-၉၃ မှ စကာ စာသင်တိုက်ဖွင့်
စာသင်စာချ၊ တရားဟော၊ စာရေးသည်။

<u>ဆင်ဖြူတောင်ထုတ်ဝေပြီးစာအုပ်များ</u>

၁။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၁) (၂) (၃) (၄) (၅)
၂။ ဂါထာအိတ်ဆောင်
၃။ ပဋ္ဌာန်းအိတ်ဆောင်
၄။ မိဘကျေးဇူးတရားတော်များ
၅။ မိဘကျေးဇူး+ရွှေစာထူး
၆။ ပါရာဇိကဏ်ပါဠိဝိနိစ္ဆယ
၇။ မန္တမ်းစေသင့်+ပန်းသုံးပွင့်
၈။ အတွေးဖြူဖြူ+ဆေးလှူသူ
၉။ စကားနှစ်ရွှေမှုန်များ
၁၀။ ပူဇော်ဆင်နွဲ+ပဌာန်းပွဲ
၁၁။ အနှစ်သာရ+စကားလှ အမှတ် (၁) (၂)
၁၂။ ကဗျာချိုချို+စာတိုတိုများ
၁၃။ ကဗျာအိတ်ဆောင်
၁၄။ အပူငြိမ်းအေး+ဖြေဆေးတစ်ခွက်
၁၅။ အဆောင်ကောင်းဂါထာတော်များ
၁၆။ သင့်အတွက်အလင်္ကာ
၁၇။ သင့်အတွက်ဆန်း
၁၈။ အထူးဆောင်ရန်+အဘိဓာန်
၁၉။ သင့်အတွက်ဇာတ်
၂၀။ ဆင်ဖြူတောင်ဝတ်ရွတ်စဉ်နှင့်
ဘဝအတွက်အောင်မြင်ကြီးပွားတိုးတက်ရေးလမ်းညွှန်ချက်များ
၂၁။ သုခချမ်းသာ+မင်္ဂလာတရားတော်များ
၂၂။ ရတနာအစစ်ဝတ်လိုက်စမ်းပါ။
၂၃။ အောင်ရာအောင်ကြောင်း အဆောင်ကောင်းများ (၁) (၂)
၂၄။ ကောင်းလမ်းကိုလျှောက် ကောင်းရာရောက်
၂၅။ အပဒါန်မှ စကားလှများ
၂၆။ ဘဝမစောင်း ကြီးပွားကြောင်း

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင်တရားတော်များ

## အမှတ် (၅)

အရှင်ဂုဏိန္ဒ
သာသနဓဇဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်
ဖုန်း– ၅၄၀၈၅၈

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဦးဇာနည်ဝင်း ( ညွှန်ကြားရေးမှူး )

၏

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ( ၁၆ ) ရက်

စာအမှတ် – ၁၁၉/၁ (ပုံနှိပ်)/သသန–၀၇

ခွင့်ပြုချက်အရ

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၄၀–လမ်း ( အပေါ် )

သင်္ဂဟပုံနှိပ်တိုက်တွင်

ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စုန္ဒီသုတ္တန်<br>(ဘဝတောင်းရေး + အမေးအဖြေ)<br>◆ ရတနာသုံးပါး ပူဇော်ပွဲ၊ သီလပွဲ၊<br>ဒါန, သီလ, ဘာဝနာပွဲမျိုးစုံ တော | ၇ |
| ၂။ | သရဏာဂမနီယတွေ့ရအပဒါန်<br>(ဒေါ်သကင်းဝေး + ငြိမ်းချမ်းရေး)<br>◆ စေတ္တာအခါတော်နေ့၊ ရတနာသုံးပါးပူဇော်ပွဲ၊<br>ညီညွတ်ရေးပွဲ တော၊ နေ့ပွဲ, ညပွဲ အစုံတော | ၃၀ |
| ၃။ | ယညသာမိတတွေ့ရအပဒါန်<br>(သိဝ်မြတ်ချင်ရင် + စိတ်စာတ်ပြင်ဆင်)<br>◆ ရတနာသုံးပါးပူဇော်ပွဲ၊ တောဖူးဆပ်ပွဲ၊ ပရတိတပွဲများ<br>ဒါ, သီ, ဘာ ပွဲမျိုးစုံ နေ့ပွဲ + ညပွဲ အစုံတော | ၅၅ |
| ၄။ | ပိလိန္ဒဝစ္ဆတွေ့ရအပဒါန်<br>(လူ နတ် ချစ်ခင် + မြတ်အရှင်)<br>◆ ရတနာသုံးပါးပူဇော်ပွဲ၊ ဒါ, သီ ဘာပွဲ၊<br>နေ့ပွဲ + ညပွဲ အစုံတော | ၇၀ |
| ၅။ | ဥဒယသုတ္တန်<br>(အဇန်ဇန်အခါခါ + ပေးလှူပါ)<br>◆ ဒါ, သီ, ဘာ ပွဲမျိုးစုံတော | ၉၂ |
| ၆။ | ဂိတိသာမီစိသုတ္တန်<br>(တွေးတိုင်း နေ့ည + ကုသိုလ်ရ)<br>◆ ဆွမ်း သင်္ကန်း ကျောင်း ဆေး လှူပွဲတိုင်းတော | ၉၇ |
| ၇။ | သုမနာဝေဠိယတွေ့ရအပဒါန်<br>(ချစ်ကြ ခင်ကြ + ပူဇော်ကြ)<br>◆ ပန်းပူဇော်ပွဲ၊ မိဘာ ဆရာ ပူဇော်ပွဲ တော။ | ၁၁၀ |

စဉ် အကြောင်းအရာ စာမျက်နှာ


၈။ သယနတ္တေရအပဒါန
(ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင်)
* ကျောင်း, သိမ်, ဇရပ် တန်ဆောင်း စသော
နေရာလှူပွဲတိုင်း ဟော ၁၁၈

၉။ ဓဇဒါယကတ္ထေရအပဒါန
(တံခွန်လှူရ + ကောင်းကျိုးလှ)
* ထီး, တံခွန် လှူပွဲ ဟော ၁၂၁

၁၀။ ကေဆတ္တိယတ္ထေရအပဒါန
(ထီးဖြူဆောင်းရ + သူ့ဘဝ)
* ထီးလှူပွဲ၊ ထီးတင်ပွဲ ဟော ၁၂၄

၁၁။ ခဇ္ဇကဒါယကတ္ထေရအပဒါန
(လိုရာပြည့်ဝ + ဝမ်းမြောက်ရ)
* သစ်သီးလှူပွဲ၊ ခဲဖွယ် (မုန့်လှူပွဲ) ဟော ၁၂၇

၁၂။ ပဥ္စဒီပကတ္ထေရအပဒါန
(ယူဇနာတစ်ရာ ဝေးသော်လည်း)
* ဆီမီးပူဇော်ပွဲ ဟော ၁၃၀

၁၃။ ကေဓမ္မသဝနိယတ္ထေရအပဒါန
(မမြဲတစ်ခု + အမြဲရှု)
* နာရေးပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း ဟော ၁၃၄

၁၄။ သပရိဝါရာသနတ္ထေရအပဒါန
(ကောင်းကျိုးသီးမှာ မလွဲပါ)
* ကျောင်း ဆွမ်းလှူပွဲ ဟော ၁၃၈

၁၅။ ဓမ္မရုစိယတ္ထေရအပဒါန
(လမ်းမှားကိုလျှောက် လူတစ်ယောက်)
* နေ့ပွဲ + ညပွဲ အစုံဟော ၁၅၈

၁၆။ အမိမုတ္တတ္ထေရအပဒါန
(လွှမ်းမိုးဂုဏ်သာ + ဖြစ်လေရာ)
* မဏ္ဍပ်လှူပွဲ၊ ဆွမ်းလှူပွဲ၊ ဆွမ်းအောင်ပွဲ ဟော ၁၇၂

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဂန္ဓောဒကီယထွေရအပဒါန<br>(သောကကင်းဝေး + ငြိမ်းချမ်းအေး)<br>* ကဆုန်လပြည့် ဗုဒ္ဓနေ့ ပဟော၊ ဗောဓိပင် ပူဇော်ပွဲတိုင်း<br>ဟော၊ နှံ့သာလှူပွဲ၊ ရေလှူပွဲ ဟော | ၁၇၄ |
| ၁၈။ | အာယာဂဒါယကထွေရအပဒါန<br>(ကျောင်းလှူဒါန + ကောင်းကျိုးလှ)<br>* ဆွမ်းစားကျောင်းစသော ကျောင်းလှူပွဲ ဟော | ၁၈၂ |
| ၁၉။ | ပဒသညကထွေရအပဒါန<br>(ခြေတော်ရာဖူး + ကောင်းကျိုးထူး)<br>* ခြေတော်ရာ ပူဇော်ပွဲ ဟော | ၁၈၈ |
| ၂၀။ | ကောသနီယ ထွေရအပဒါန<br>(တကယ်ငြိမ်းသွား + မီးသုံးပါး)<br>* ကဆုန်လပြည့် ဗုဒ္ဓနေ့ဟော၊ ဗောဓိပူဇော်ပွဲ ဟော၊<br>နေ့ပွဲ ညပွဲ အစုံ ဟော | ၁၉၁ |
| ၂၁။ | ဓာတုပူဇကထွေရအပဒါန<br>(ဓာတုပူဇာ + မင်္ဂလာ)<br>* ဓာတ်တော်ပူဇော်ပွဲဟော | ၂၂၂ |
| ၂၂။ | အနိစ္စလက္ခဏာဝတ္ထု<br>(မမြဲတစ်ခု + စွဲမြဲရှု)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၂၉ |
| ၂၃။ | ဒုက္ခလက္ခဏာဝတ္ထု<br>(ဆင်းရဲတစ်ခု + စွဲမြဲရှု)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၃၆ |
| ၂၄။ | အနတ္တလက္ခဏာဝတ္ထု<br>(စွဲမြဲရှုပါ + မပိုင်တာ)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၃၉ |
| ၂၅။ | ပဋ္ဌသတာဘိက္ခုဝတ္ထု<br>(ပန်းနဲ့ပြိုင်ကာ ကြိုးစားပါ)<br>* ဝိပဿနာပွဲတိုင်း ဟော | ၂၄၇ |

## အမှာစကား

စာရေးသူသည် ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ် (၅) ၌ တရားတော်ပိုဒ်ရေ (၂၅) ပုဒ် ရေးသားထားပါသည်။ တရားတော်များကို ရေးသားရာ၌ ကြည့်ရှု မှတ်သား ဟောကြားရာတွင် လွယ်ကူစေရန် စိတ်ရည်သန်ကာ မြန်မာလို ရေးသားလိုက်ပါသည်။

မူရင်းမှီရာ ပါဠိတော်များကို ကျက်မှတ်ဟောကြားလိုသူ ပါဠိပညာရှင်များအတွက် ပါဠိတော်နောက်ဆက်တွဲကို တရားတော် အစဉ်အတိုင်း ဖော်ပြထားပါသည်။ လိုအပ်မည်ထင်သောနေရာ များ၌ ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ များကိုပါ ဖော်ပြထားပါသည်။ စုံစုံလင်လင် သိစေချင်သောကြောင့် ဖြစ်ပါသည်။

ဟောကာပြောကာ သာသနာကို ရှည်ကြာတည်တံ့ မြဲခိုင်ခံ့ အောင် အဆောင်ထူးခြား ဗိုလ်ငါးပါးဖြင့် မနားမနေ တရားအမွေ ခံယူကာ ကြိုးစားဆောင်ရွက်နိုင်ကြပါစေ။

## ကျေးဇူးတင်လွှာ

စာရေးသူ၏ ဓမ္မကထိကအိတ်ဆောင် အမှတ် (၅)ပါ တရားစာများကို ကွန်ပျူတာစာစီရိုက်ပေးခြင်းဖြင့် ဓမ္မဒါန တရား အလှူပြုလုပ်ပေးသော ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏ သမီး မနန္ဒာချစ်ကြည် တို့အား အထူးအစဉ် ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**အရှင်ဂုဏဓိန္န**
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်။
၉-၉-၂၀၀၇

## ပဋ္ဌာန်းအိပ်မက် ထူးခြားချက်
## ကဗျာ

- အိပ်မက်ကဗျာ၊ အိပ်မက်စာတမ်း၊
  အိပ်မက်ဆန်းကို ကဗျာဆိုအံ့။

- ဟိုအတိတ်က၊ ညတစ်ညမှာ၊
  ဘဂဝါဇိန၊ အတိအကျဟောဖော်၊
  တရားတော်ထူးဆန်း၊ မြတ်ပဋ္ဌာန်းကို၊
  ရှင်လန်းကြည်သာ၊ ရွတ်ပြီးပါလျှင်၊
  အိပ်ရာဝင်ခဲ့။

- အိပ်ပင်မကြာ၊ သိပ်ရှင်ပါသည့်၊
  ရတနာခေါ်၊ ဆင်ဖြူတော်လှ၊
  မြူးခုန်ကပြီး၊ ခြသေ့်ကြီးပါ၊ အနီးမှာရှိ၊
  နေတုံ့ဘိသည်၊ ထူးသည့်အိပ်မက်၊
  ရက်တစ်ရက်က၊ ညတစ်ည။

- ဆင်ဖြူ ခြသေ့်၊ အိပ်မက်တွေ့၍ (မြင်ခင်တွေ့၍)
  ကောင်းပေ့အတိတ်၊ ကောင်းနိမိတ်ဟု၊
  စိတ်ထင်မှုတိုင်း၊ မှန်မဆိုင်းပေ၊
  မြို့သာကေမှ၊ ဆင်လှရတနာ၊ အမည်ပါဓလောင်း၊
  ဆင်ဖြူတောင်ခေါ်၊ ကျောင်းတိုက်တော်ကို၊
  စိတ်တော်မပန်း၊ ဘဝင်ချမ်းမြ၊ ရှင်လန်းရခဲ့။

* ရတဲ့အခါ၊ ကျောင်းမျက်နှာစာတွင်၊
ဆင်လှရတနာ၊ မြင်ကြစရာကား၊
များပြားစင်စစ်၊ တစ်ရှူ့ရှစ်ပင်၊
* မြတ်သောခြင်္သေ့၊ ရှာကြံတွေ့ပြန်၊
တိုက်နံ့ရံနှင်၊ ထပ်မံတွေ့လာ၊ မီရှိမှာပဲ။
* အိပ်မက်ထဲက၊ ဆင်လှအကျော်၊
ဆင်ဖြူတော်နှင့်၊ ခင်ဖော်အနီး၊
ခြင်္သေ့ကြီးဟာ၊ တည်ငြိမ်စွာပင်၊
တွေ့ကာမြင်ရ၊ ချိန်ကာလမှာ၊
သြော်…ထူးစွာဟု၊ အံ့ဩပြုမိ။
* ကြီးဘိဆင်နှင့်၊ ခြင်္သေ့ ဆင့်ကာ၊ အိပ်မက်လွှာကြောင့်၊
မှန်စွာမစောင်း၊ ဆင်ဖြူတောင်ကျောင်းရ၊
ပဓာနပဲ၊ အကြီးအကဲဖြစ်ရ၊
တိုက်ဆိုင်လှစွာ၊ ဒီကဗျာနှ၊ စီကာပြုမိ။
* မြတ်သည့်ပဋ္ဌာန်း၊ မြတ်အစွမ်းကြောင့်၊
ထူးဆန်းအိပ်မက်၊ ထူးခြားချက်ကို၊
ကဗျာဆိုလျက်၊ အိပ်မက်ကဗျာ၊
ကြည့်စမ်းပါဟု၊ နိဒါန်းပြုသည်၊
ပဋ္ဌာန်းရွှေစာ အစွမ်းတည်း။

အင်္ဂုတ္တရနိကာယ်၊ ဝဏ္ဏုတနိပါတ်၊ သုမနဝဂ်၊ စုန္ဒီသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဘဝကောင်းရေး + အမေး အဖြေ

## တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဘဝကောင်းရေး + အမေး အဖြေ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

ဘဝကောင်းရေး အမေး အဖြေ တရားပါဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဝေဠုဝန်မှာ + စောမြတ်စွာ

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တွေကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

စုန္ဒီရောက်လာ+မေးလျှောက်ရှာ

အဲဒီအချိန်မှာ စုန္ဒီမင်းသမီးလေးဟာ ရထား ငါးရာ၊ သတို့သမီး ငါးရာ ခြံရံပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာ ရှိခိုးပြီးတော့ တစ်ခုသောနေရာမှာ ထိုင်နေပါတယ်။

တစ်ခုသောနေရာမှာ ထိုင်နေပြီးတော့ စုန္ဒီမင်းသမီးလေးဟာ မြတ်စွာဘုရားကို ဒီစကားလေး မေးလျှောက်လိုက်ပါတယ်။

### မောင်တော်စုန္ဒ + ပြောပြသည်မှာ

အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ မောင်ဖြစ်တဲ့ စုန္ဒမင်းသားဟာ ဒီလိုပြောဆိုပါတယ် ဘုရား။

"မိန်းမပဲ ဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ဘုရား တရား သံဃာကို ကိုးကွယ်

သူ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် သူ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် သူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ် သူ၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ၊ ကုသိုလ်တရားတွေမှာ မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူဟာ သေပြီးတဲ့နောက် ကောင်းတဲ့ သုဂတိ ဘုံဘ၀ကိုပဲ ရောက်ရပါတယ်။ မကောင်းတဲ့ ဘုံဘ၀ကို မရောက်ရပါ''လို့ ပြောဆိုပါတယ် ဘုရား။

ဘယ်လိုဗုဒ္ဓ ကြည်ညိုမှ ဘ၀ကောင်းမှာလဲ?

အရှင်ဘုရား၊ တပည့်တော် စုန္ဒီ မြတ်စွာဘုရားကို မေးလျှောက်ပါရစေ။

ဘယ်လိုဘုရားမှာ ကြည်ညိုသူဟာ ခန္ဓာကိုယ်ပျက်စီး သေပြီးတဲ့နောက်မှာ ကောင်းတဲ့ဘုံဘ၀ ရောက်နိုင်ပါသလဲ၊ မကောင်းတဲ့ ဘုံဘ၀ မရောက်နိုင်ပါသလဲ လို့ မေးလျှောက်ပါတယ်။

ဒီနေရာလေး လျှောက်ထားတာ ကြည့်လိုက်တော့ နောက်ဘ၀ကောင်းရေး နောက်ဘ၀၊ ဘ၀ကောင်းရေး မေးလျှောက်နေတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## အရေးကြီးကာ + မေးလျှောက်တာ

နောက်ဘ၀ တစ်ဘ၀ကောင်းရေး အရေးမကြီးဘူးလား။

(အရေးကြီးပါတယ် ဘုရား)

အေး စုန္ဒီမင်းသမီးလေးက အရေးကြီးလို့ မေးလျှောက်နေတာ ဖြစ်တယ် နော်။ (မှန်လှပါဘုရား)

## နေမထူး သေမထူး

လူ့လောကမှာတော့ လူတွေဟာ နောက်ဘ၀ရေး မတွေးတဲ့လူ၊ နေမထူး သေမထူးလူတွေ များတယ်နော်။ (မှန်လှပါဘုရား)

နေမထူး သေမထူး လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ဘုန်းကြီးတို့ကတော့ လူ့ဘ၀ တစ်ခဏလေး နေရစဉ်မှာလည်း ကုသိုလ် တွေနဲ့ နေပြီးတော့ သေဆုံးတဲ့အခါမှာလည်း ကုသိုလ်တရားတွေနဲ့ သေနိုင်ကာ နေလည်း ထူး၊ သေလည်း ကောင်းတဲ့ဘ၀တွေ ရောက်ပြီး ထူးစေချင်ပါတယ်။

ဘယ်လိုဓမ္မကြည်ညိုမှ ဘ၀ကောင်းရမှာလဲ?

နောက်ပြီးတော့ ဘယ်လိုတရားတော်ကိုကြည်ညိုမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်သလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသံဃ၊ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသံဃာ ကြည်ညိုပါမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသီလ ဖြည့်ကျင့်မှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသီလတွေမှာ ဖြည့်ကျင့် ဆည်းပူးမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

## အမေး လေးပါး + လင်္ကာများ

စုန္ဒြီမင်းသမီးလေးရဲ့ အမေး လေးပါး။

ဘယ်နှစ်ပါးတဲ့လဲ? (လေးပါးပါ ဘုရား)

အဲဒီ အမေးလေးပါးကို လင်္ကာလေးတွေ ရေးထားတယ်။ အားလုံး မှတ်မိသွားအောင် လိုက်ဆိုကြပါ။

* ဘယ်လိုဗုဒ္ဓ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုဓမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသံဃ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောက်မှာလဲ?

## များပြားလှစွာ + သတ္တဝါ

အဲဒီလို စုန္ဒြီမင်းသမီးလေးက မေးလျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က–

စုန္ဒြီ အခြေမရှိတဲ့သတ္တဝါ၊ အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါ၊ အခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အခြေများစွာရှိတဲ့ သတ္တဝါ၊ ရုပ်ရှိတဲ့ သတ္တဝါ၊ ရုပ်မဲ့တဲ့ သတ္တဝါ၊ သညာရှိတဲ့ သတ္တဝါ၊ သညာမဲ့တဲ့ သတ္တဝါ၊ ရုန့်ရင်းတဲ့သညာကား မရှိ သိမ်မွေ့တဲ့ သညာမရှိသည် မဟုတ်တဲ့ သတ္တဝါရယ်လို့ သတ္တဝါတွေ များစွာရှိတယ်။

## ဗုဒ္ဓမြတ်စွာ+မြတ်ဆုံးပါ

အဲဒီလို များစွာရှိတဲ့သတ္တဝါတွေထဲမှာ ကိလေသာတွေမှ ဝေးကွာတော်မူ

တဲ့ မြတ်စွာဘုရား။ အလုံးစုံသော တရားတွေကို ကိုယ်တိုင် မှန်စွာသိတော်မူတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံး ဖြစ်တော်မူတယ်။

အရဟံ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ ဟာ အမြတ်ဆုံးနော် (မှန်လှပါ ဘုရား)

## ဘုရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ အမြတ်မှာ ကြည်ညိုသူတွေ ဖြစ်တယ်။ အဲဒီလို အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပြည့်ဝတော်မူတဲ့ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ မြင့်မြတ်ကောင်းကျိုး အမျိုးမျိုးတွေ ပွားတိုးရရှိနိုင်တယ်။ ကောင်းတဲ့ဘဝတွေ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်နိုင်ဘူးလို့ ဟောကြား အဖြေပေးတော်မူတယ်။

## ဘဝကောင်းရ + သာဓက

ဒီနေရာမှာ 'ခင်ပုတ်ငှက် ဝတ္ထု' ကို ပြောပြချင်ပါတယ်။

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဝေဒိသကတောင် ဣန္ဒသာလ လိုဏ်ဂူမှာနေတော်မူပါတယ်။

ခင်ပုတ်ငှက်တစ်ကောင်ဟာ မြတ်စွာဘုရား ရွာထဲကို ဆွမ်းခံကြွတော်မူ တဲ့အခါမှာ လမ်းတစ်ဝက်ထိ သွားရောက်ကြိုဆိုပါတယ်။ ပြန်ကြွတော်မူတဲ့အခါမှာ လည်း လမ်းတစ်ဝက်အထိ လိုက်ပို့ပါတယ်။

အဲဒီခင်ပုတ်ငှက်ဟာ တစ်နေ့တော့ ညနေချမ်းအချိန် ရဟန်းအပေါင်း ခြံရံတော်မူပြီး နေတော်မူတဲ့ မြတ်စွာဘုရားကို တောင်ကနေဆင်းကာ အတောင် နှစ်ဖက် ယှက်ပြီးတော့ ဦးညွှတ်ရှိခိုးနေတယ်။

မြတ်စွာဘုရားဟာ အဲဒီခင်ပုတ်ငှက်ကို ကြည့်ပြီးတော့ ပြုံးတော်မူလိုက်ပါ တယ်။

အရှင်အာနန္ဒာက 'မြတ်စွာဘုရား။ ဘာ့ကြောင့် ပြုံးတော်မူရပါသလဲ၊ ပြုံးတော်မူခြင်းရဲ့ အကြောင်းကို ဟောပြတော်မူပါ ဘုရား' လို့ လျှောက်ထားတော်မူ ပါတယ်။

ဘုရားရှင်က 'အာနန္ဒာ၊ ဒီခင်ပုတ်ငှက်ကို ကြည့်လိုက်စမ်းပါ။ ဒီခင်ပုတ် ငှက်ဟာ ငါဘုရားနဲ့ သံဃာတော်များကို စိတ်ကြည်ညိုတဲ့ကောင်းမှုကြောင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး အပါယ်လေးပါးလွတ်ပြီးတော့ လူနတ်ဘဝမှာပဲ ဖြစ်ရကာ နောင်အခါမှာ သောမနဿအမည်ရတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ရမယ်' လို့ ဟောပြတော် မူပါတယ်။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

ဒီခင်ပုတ်ငှက်ဝတ္တုကို ကြည့်လိုက်တဲ့အခါမှာ ဘုရားကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် အပါယ်လေးပါး လွတ်ရခြင်း၊ လူ နတ်ဘဝ ဖြစ်ရခြင်း၊ ဗုဒ္ဓနောဗ္ဗာန်ရ ဖြစ်ရမယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

ဒီတော့ အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တွေ ပြည့်ဝတော်မူတဲ့ အမြတ်ဆုံး ဗုဒ္ဓကို ကြည်ညိုတဲ့၊ ကြိုဆိုတဲ့၊ ပူဇော်တဲ့ ခင်ပုတ်ငှက်ဟာ အပါယ်လွတ်မြောက် လူ နတ် ဆိုတဲ့ ဘဝကောင်းတွေ ရောက်ရတယ် မဟုတ်လား။

(ရောက်ရပါတယ် ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* အရဟံဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* သမ္မာသမ္ဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* မြတ်စွာဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အပါယ်မရောက် + နတ်ပြည်ရောက်

ဘုရားကို ကြည်ညိုကိုးကွယ်ဆည်းကပ်သူတွေဟာ အပါယ်လေး မရောက်တော့ဘူး။ လူ့ခန္ဓာကို ပယ်စွန့်ရတဲ့အခါမှာလည်း နတ်ရွာ၊ လောကသုံဘဝကောင်းကိုပဲ ရောက်ရတယ်။ (ဒီ ၂– ၂၀၄။ သံ–၁–၂၅)

## တကယ်သိမှတ် + ပီတိမြတ်

ဘုရားလို့ ကြားရတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ပီတိဟာ ဇမ္ဗူဒိပ်ထစ်ကျွန်းလုံးမှာ အစိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်ရတာထက် မြတ်တယ်။

(ဒီ ၄– ၁၊၅၄။ ဏ္ဍာတိဝတ်၊ ၄၊၂၇၁)

## ကောင်းကျိုးဆယ်ဖြာ + ရအံ့သာ

နတ်တို့အရှင် သိကြားမင်း ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းဟာ ကောင်းတယ်။ ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒီလောကမှာ အချို့သတ္တဝါတွေဟာ သေဆုံးရတဲ့အခါ နတ်ပြည်ကို ရောက်ရမယ်။ နတ်ပြည်ကို ရောက်တဲ့အခါမှာလည်း နတ်၌ဖြစ်တဲ့အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံ၊ အစိုးရခြင်း။

နတ်၌ဖြစ်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကောင်းကျိုး ၁၀ မျိုးဟာ အခြားနတ်တွေကို လွှမ်းမိုးနိုင်တယ်။ (အသာရတယ်) ဆိုတဲ့ ဟောကြားချက်တွေ အများကြီးရှိသေးတယ်နော်။ (မှန်လှပါဘုရား) (သံ၊ ပါ၊ ၂၊ ၄၆၇)

## အင်္ဂါရှစ်ပါး + မဂ်တရား

စုန္ဒီ၊ အကြောင်းတရားတွေ ပြုပြင်အပ်တဲ့ သင်္ခတ တရားတွေ ရှိတယ်။ အဲဒီသင်္ခတ တရားတွေထဲမှာတော့ ဖြူစင်သန့်ရှင်း ဖောပြစ်ကင်းတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်တရားဟာ အမြတ်ဆုံးဖြစ်တယ်။

သင်္ခတ တရားတွေထဲမှာ အမြတ်ဆုံးက ဘာ? (မဂ္ဂင်ရှစ်ပါးပါ ဘုရား)

## မဂ္ဂင်ရှစ်ပါး + မြတ်တရား

အဲဒီမဂ္ဂင်ရှစ်ပါးကတော့–

* သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် (ဆင်းရဲမှန်ကိုသိတာ)၊ ဆင်းရဲကြောင်းအမှန်ကို သိတာ၊ ဆင်းရဲချုပ်ရာ အမှန်ကိုသိတာ၊ ဆင်းရဲချုပ်သို့ရောက်ကြောင်း အမှန်ကို သိတာဖြစ်တယ်။
* သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံ၊ (ကိလေသာ ကာမ၊ ဝတ္ထုကာမတွေမှာ လွတ်မြောက်ရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မဖျက်ဆီးရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်း ဖြစ်တယ်)
* သမ္မာဝါစာ၊ ကောင်းတဲ့စကားကို ဆိုခြင်း၊ (ဝစီ ဒုစရိုက်လေးပါးမှ ရှောင်ကြဉ် တာ)
* သမ္မာကမ္မန္တ၊ ကောင်းတဲ့အမှုကိုသာ ပြုတာ။ (ကာယ ဒုစရိုက် သုံးပါးတို့ မှ ရှောင်ကြဉ်တာ)
* သမ္မာအာဇီဝ၊ ကောင်းတဲ့အသက်မွေးခြင်း၊ (မကောင်းမှု ဒုစရိုက် ခုနစ်ပါး တို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တာ)
* သမ္မာဝါယာမ၊ ကောင်းတဲ့အားထုတ်ခြင်း။ (မဖြစ်သေးတဲ့ အကုသိုလ်တရား တွေကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ရန်၊ မဖြစ် သေးတဲ့ ကုသိုလ်တရားတွေကို အစဉ်အမြဲ ပိုတိုးပွားအောင် အားထုတ်ခြင်း)
* သမ္မာသတိ၊ ကောင်းစွာ မမေ့မလျော့ခြင်း။ (ကိုယ်ကာယ၊ ခံစားမှုဝေဒနာ၊ စိတ်၊ နိဝရဏစသော တရားများ၌ မိမိစိတ်တည်နေစေရန် မမေ့မလျော့ တာ)
* သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ (ပထမ ဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များ ကို ဆိုလိုတယ်)

(မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း (လာ) မှ)

## တရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားမှာ ကြည်ညိုသူတွေဟာ အမြတ်ဓမ္မ ကြည်ညိုကြသူတွေ ဖြစ်တယ်။

ဒီနေရာမှာ ကြည်ညိုတယ်ဆိုတာ လိုက်နာ ကျင့်သုံးတာကို ဆိုလိုပါတယ်။

အဲဒီအမြတ်ဓမ္မ ကြည်ညိုကြသူတွေမှာ မြတ်တဲ့ကောင်းကျိုးအမျိုးမျိုးတွေ ပွားတိုးပိုင်ပိုင် ရရှိနိုင်တယ်။ ကောင်းတဲ့ဘဝ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်တော့ဘူးလို့ ဖြေကြားတော်မူပါတယ်။

## ကောင်းရာရောက်သွား + ဖားနတ်သား

ဒီနေရာမှာ လူတွေအသိများ ထင်ရှားတဲ့ ဖား နတ်သားဝတ္ထုကို ပြောပြချင်ပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ရဟန်းအပေါင်း ခြံရံကာ စမ္ပာပြည်ကို ဆွမ်းခံရွာပြုပြီးတော့ ဂဂ္ဂရာရေကန်ရဲ့အနီးက ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။ (မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ ၆၁၃)

## သတ္တလောက + ကြည့်ရှုရာဝယ်

တစ်နေ့တော့ မြတ်စွာဘုရားဟာ မိုးသောက်ထအခါ ဘုရားတို့ ဓမ္မတာအတိုင်း မဟာကရုဏာ သမာပတ်ဝင်စားပြီး သမာပတ်မှထကာ သတ္တလောကကို ကြည့်ရှုတော်မူလိုက်ပါတယ်။

အဲဒီလိုကြည့်ရှုလိုက်တော့ 'ဒီနေ့ ငါဘုရား ညနေချမ်းအခါ တရားဟောရင် ဖားငယ်တစ်ကောင်ဟာ ငါဘုရားရဲ့ တရားသံမှာ အာရုံနိမိတ်ရယူနေစဉ် သူ့တစ်ပါး လှံ့လနဲ့ သေပြီးတော့ နတ်ပြည်မှာ ဖြစ်မယ်။ အခြံအရံများစွာနဲ့ ငါဘုရားထံ လူတွေကြည့်နေစဉ်မှာပဲ လာရောက်မယ်။ အဲဒီအစည်းအဝေးမှာ သတ္တဝါတွေ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလိမ့်မယ်' လို့ သိမြင်တော်မူပြီးနောက် နံနက်အခါ စမ္ပာပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူတယ်။ ဆွမ်းကိစ္စပြီးတော့ ကျောင်းတိုကတစ်ဖန် ပြန်ကြွတော်မူလာ တယ်။

ရဟန်းတော်တွေဟာ ဝတ်ပြုကြပြီးတော့ မိမိတို့နေရာ ပြန်သွားကြတယ်။ ဘုရားရှင်တော့ ဂန္ဓကုဋိကျောင်းတော်ဝင်ပြီးတော့ အရဟတ္တဖိုလ် သမာပတ် ချမ်းသာနဲ့ နေ့ပိုင်းအချိန်ကို ကုန်လွန်စေတော်မူတယ်။

## တရားဟောပွဲ + မြတ်ဗုဒ္ဓ

ညနေချမ်းအခါ ပရိသတ်လေးပါး စုံလင်တော့ မြတ်စွာဘုရားဟာ ဂန္ဓကုဋိကျောင်းတော်မှ ထွက်ပြီး ဂဂ္ဂရာရေကန်ရဲ့အနီးမှာရှိတဲ့ တရားမဏ္ဍပ်ထဲ ဝင်တော်မူကာ ဘုရားနေရာ တရားပလ္လင်မှာ ထိုင်နေတော်မူပြီးတော့ ပရိသတ် လေးပါးကို တရားဟောတော်မူပါ တယ်။

## ဖားငယ်လေးဟာ + တရားနာ

အဲဒီအချိန်မှာ ဖားငယ်လေးတစ်ကောင်ဟာ ရေကန်မှတက်လာပြီးတော့ 'ဒီအသံဟာ ဓမ္မကို ဟောဆိုနေတဲ့ အသံဖြစ်တယ်'လို့ ဓမ္မဆိုတဲ့ အမှတ်သညာနဲ့ တရားသံမှာ အာရုံနိမိတ်ယူလိုက်တယ်။ ပြီးတော့ ပရိသတ်တွေရဲ့နောက်ဆုံးနားက ဝပ်ပြီးတော့ နာယူနေတယ်။

## သညာသိတော့ သိနိုင်တယ်

တိရစ္ဆာန်တွေဟာ လူတွေလို တရားသဘောကို ဝိညာဏ်သိ၊ ပညာအသိမျိုးနဲ့ မသိကြပေမယ့် 'ဒီအသံဟာ တရားသံ၊ ဒီအသံဟာ မတရားသံ၊ ငါတို့ကို နှိပ်စက် ရန်မူမည့်အသံ'လို့ သညာသိကတော့ သိနိုင်ပါတယ်။

## ဟော နာနေတာ + သူမြင်ရှာ

နွားကျောင်းသားလေးတစ်ယောက်ဟာ အဲဒီအရပ်ကို ရောက်လာပြီးတော့ မြတ်စွာဘုရား တရားဟောနေတာ၊ ပရိသတ်များ အေးအေးဆေးဆေး တရားနာနေ တာကို မြင်ရပါတယ်။

## ရှေးဖားဘဝ + သူမြင်ရ

နွားကျောင်းသားလေးရဲ့စိတ်ဟာ ဘုရားနဲ့တရားနာ ပရိသတ်ထံ စိတ်ရောက် သွားပြီး မိမိမှာပါလာတဲ့ တုတ်နှင်တံကို ထောက်ကာ အမှတ်တမဲ့ ရပ်လိုက် တယ်။ သူ့တုတ်နှင်တံဟာ ဖားငယ်လေးရဲ့ဦးခေါင်းမှာ ဖိထောက်မိသွားတယ်။

ဖားငယ်လေးဟာ တရားဆိုတဲ့ သညာနဲ့ သေဆုံးတဲ့ခဏလေးမှာပဲ တာဝတိံသာနတ်ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သားဖြစ်ရတယ်။ အိပ်စက်ရာမှ နိုးလာတဲ့သူလိုပါပဲ။ တာဝတိံသာနတ်ပြည်မှာ နတ်သမီးတွေ ဝိုင်းရံနေတဲ့ မိမိကိုယ်ကို မြင်ရတော့ 'ငါ ဘယ်ကလာရောက်ကာ ဒီတာဝတိံသာ နတ်ပြည်မှာ ဖြစ်ရသလဲ' လို့ စဉ်းစားလိုက်တဲ့အခါ ရှေးဖားဘဝကို မြင်ရပါတယ်။

## တရားတော်သံ + ကုသိုလ်ကံမြင်

အဲဒီလိုမြင်တဲ့အခါ 'ငါလို ဖားတိရစ္ဆာန်တောင် နတ်ပြည်မှာ ဖြစ်ရသေးတယ်။ ဒီလိုနတ်စည်းစိမ်ကြီးကို ရရှိရသေးတယ်။ ငါဟာ ဘယ်လို ကုသိုလ်ကံကို ပြုခဲ့လေသလဲ'လို့ ဆက်လက်ဆင်ခြင်လိုက်တော့ မြတ်စွာဘုရားရဲ့ တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းမှတစ်ပါး အခြားကုသိုလ်ကံကို မမြင်ရပါဘူး။ (တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းဆိုတဲ့ ကုသိုလ်ကံကိုသာ မြင်ရပါတယ်။)

## ဘုရားထံသွား + ဖားနတ်သား

ဖားနတ်သားဟာ မကြာခင်မှာပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂဂ္ဂရာ ရေကန်ဆီ လာရောက်ပြီးတော့ လူတွေကြည့်ရှုနေစဉ်မှာပဲ နတ်သမီးတွေ များစွာခြံရံကာ နတ်ရဲ့အာနုဘော်နဲ့ ဘုရားရှင်ထံ ချဉ်းကပ်လိုက်ပါတယ်။ ချဉ်းကပ်ပြီးတော့ မြတ်စွာဘုရားရဲ့ခြေတော်တို့ကို ဦးဖြင့်တိုက်ကာ လက်အုပ်ချီမိုး ရှိခိုး ရပ်တည်နေပါတယ်။

## လူတွေသိရေး + ဘုရားမေး

မြတ်စွာဘုရားက ဖားနတ်သားဆိုတာ သိပါတယ်။ လူတွေသိအောင်၊ ကံကံရဲ့အကျိုးကို နားလည်သဘောပေါက်အောင် ဘုရားရှင်တို့ရဲ့ တန်ခိုးအာနုဘော်ကို သိအောင် သိသိကြီးနဲ့ပဲ အောက်ပါအတိုင်း မေးတော်မူလိုက်ပါတယ်။

## ရှိခိုးကြည်ဖြူ + သင်ဘယ်သူ

နတ်တွေရဲ့တန်ခိုးနဲ့ နတ်သမီးတွေအများကြီး ခြံရံကာ ထွန်းလင်းတောက်ပြောင်ပြီး အရပ်မျက်နှာ အသီးသီးတို့ကို နစ်သက်ဖွယ် တကယ်ကောင်းအောင် တောက်ပြောင်နေတဲ့ ပကတိအဆင်းအရောင်နဲ့ ထွန်းလင်းတောက်ပလျက် ငါဘုရားရဲ့ ရွှေကြာပဒုံ ခြေတော်အစုံတို့ကို ရှိခိုးနေသူကား နတ်လား၊ လူလား ဘယ်သူလဲလို့ မေးတော်မူလိုက်ပါတယ်။

## ပြည့်စုံလျှောက်ထား + ဖားနတ်သား

ဖားနတ်သားလေးကလည်း ပြည့်စုံစွာ အောက်ပါအတိုင်း လျှောက်ထားလိုက်ပါတယ်။

## တရားနာစဉ် + သေပွဲဝင်

မြတ်စွာဘုရား၊ တပည့်တော်ဟာ ရှေးဘဝက ရေထဲမှာ ကျက်စားလေ့ရှိ

တဲ့ ရေမှာပေါက်ပွား ဖားသူငယ်လေး ဖြစ်ခဲ့ပါတယ်။ တရားဟောဖော် ရှင်တော်ဘုရားရဲ့ တရားတော်ကို တရားတော်သံ ကမ္မနိမိတ် စိတ်၌စွဲထင် နာယူစဉ်မှာပဲ နွားကျောင်းသားဟာ တပည့်တော်ကို နှင်တံဖြင့်ထောက် အသက်ပျောက်စေခဲ့ပါတယ် ဘုရား။

## ဆင်ခြင်သမှု + ကြည့်ရှုတော်မူပါ

မြတ်စွာဘုရား၊ ဖားနတ်သားခေါ် တပည့်တော်ရဲ့ အချိန်မကြာလှ တစ်ခဏမျှလေးမှာပဲ ဘုရားဟောဖော်၊ တရားတော်၌၊ ကော်ရော်ရွှန်းစို၊ ကြည်ညိုတဲ့ သဒ္ဓါတရားကြောင့် ပြည့်စုံရိပ်ငြိမ်၊ နတ်စည်းစိမ်နဲ့ ထွန်းထိန်များလျှံ အခြံအရံတွေကို ဆင်ခြင်သမှု၊ ကြည့်ရှုတော်မူပါ ဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ လိုရာအဆင်း ပြည့်စုံခြင်းအစရှိတဲ့ နတ်တွေရဲ့သုံးဆောင်ဖွယ် အသွယ်သွယ်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ ကိုယ်ရေအဆင်း ပြည့်စုံခြင်းနဲ့ ထွန်းလင်းထိန်ပြောက် ဆယ်နှစ်ယူဇနာတိုင်အောင် ပြန့်နှံ့တဲ့ ကိုယ်ရောင်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါ ဘုရား။

## ပျော်ပျော်ရွှေညှ + နာကြားကြရ

ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၊ ဘုန်းကံကြီးသူ များရှင်လူတွေဟာ ရှည်မြင့်လှစွာ အခါပတ်လုံး ရှင်တော်ဘုရားရဲ့ ဟောကြားမိန့်ဖော် တရားတော်ကို ပျော်ပျော် ရွှေညှ နာကြားကြပါပြီ။

## စိုးရိပ်ခပ်သိမ်း + ကင်းငြိမ်းမှာပါ

ဘုန်းကံကြီးသူ များရှင်လူတွေဟာ အေးရာအမှန် မြတ်နိဗ္ဗာန်ကို အမှန်အံ့လောက် မဂ်ပညာ အစွမ်းပေါက်ကာ ရောက်ရတဲ့အခါမှာ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြရမှာ မလွဲပါဘူး။

## နိဗ္ဗာန်ရောက်မှာ + မလွဲပါ

ဘုန်းကံကြီးသူ ရှင်လူများစွာ သတ္တဝါတွေဟာ မတုန်လှုပ်မှန်၊ မဖောက်ပြန်မြတ်၊ နိဗ္ဗာန်အရပ်သို့၊ မပြတ်မဂ္ဂ၊ ပညာလှဖြင့်၊ မုချရောက်မှာ၊ မလွဲပါဟု ဂါထာစုနဲ့ လျှောက်တင်ပြုတယ်။

## သစ္စာသိမြင် + ကျွတ်တမ်းဝင်

မြတ်စွာဘုရားက ဖားနတ်သားနဲ့ ရောက်လာတဲ့ ပရိသတ်ရဲ့ ရှေးကုသိုလ်ရင်း

ပြည့်စုံခြင်းကို ကြည့်၍ ဆင်ခြင်တော်မူကာ သင့်တော်တဲ့ တရားဒေသနာ အကျယ်ကို ဟောပြတဲ့အခါမှာ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင်တို့ဟာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပါတယ်။

## နတ်ပြည်ပြန်သွား + ဖားနတ်သား

ဖားနတ်သားလည်း သောတာပတ္တိဖိုလ်တည်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော်များကို ရှိခိုးပြီး နတ်သမီးတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်စရာ

ဖားနတ်သားလေးရဲ့ နတ်ပြည်ကို ပြန်ရတဲ့ အပြန်လမ်းဟာ သောတာပတ္တိ ဖိုလ်နဲ့ ပြန်ရတာဆိုတော့ အပါယ်လေးပါး လွတ်ပြီဖြစ်တဲ့အတွက် ပျော်စရာကောင်း တဲ့ အပြန်လမ်းလေး ဖြစ်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်နိုင်ပါစေ

အပြန်လမ်းဟာ တကယ်အရေးကြီးပါတယ်။ အနည်းဆုံး အပါယ်လေး လွတ်အောင် သောတာပတ္တိ မဂ်၊ ဖိုလ်ရပြီးတော့ ပြန်နိုင်အောင် ကြိုးစားသင့်ပါ တယ်။

အပြန်လမ်းမှာ ပျော်နိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။

## အပါယ်လွတ်မြောက် + ကောင်းရာရောက်

ဒီဖားနတ်သားဝတ္ထုကို ကြည့်လိုက်တဲ့အခါမှာ တရားတော်ကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် (သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားတွေကို ကြည်ညို တဲ့ ကောင်းမှုကြောင့်) အပါယ်လွတ်မြောက် တာဝတိံသာ နတ်ပြည်ရောက်ရ တယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* တရားဝမ္ပ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္ပ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္ပ၊ ကျင့်သုံးမှု၊ ဘဝကောင်းရာရောက်မှာပဲ။

## နိဗ္ဗာန်အေးမြ + ဝိရာဂ

နောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က စုန္ဒီ၊ ပြုပြင်အပ်တဲ့ သခ်တ

တရား၊ မပြုပြင်အပ်တဲ့ အသင်္ခတ တရားဆိုတဲ့ တရားတွေထဲမှာတော့ ယမ်ခြင်း ကင်းရာ၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၊ တောင့်တခြင်း အာသာကို ပယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာ ကုန်ရာ၊ မတပ်မက်ရာ၊ ဆင်းရဲခပ်သိမ်း ချုပ်ရာ၊ အေး ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားဟာ အမြတ်ဆုံး ဖြစ်တယ်။

စုန္ဒီ၊ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ အမြတ်ကို ကြည် ညိုသူတွေ ဖြစ်တယ်။

အဲဒီနိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေမှာ မြတ်တဲ့ကောင်းကျိုး အမျိုးမျိုး ပိုင်ပိုင်ရရှိနိုင်တယ်လို့ ဟောကြား အဖြေပေးတော်မူတယ်။

## နိဗ္ဗာန်ရလို + တောင်းဆုဆို

ဒိနေ့ တရားဟော တရားနာရတဲ့ ကောင်းမှုတွေကြောင့် နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားကို ပိုင်ဆိုင်ရရှိရပါ လို၏လို့ ဆုတောင်းရမယ်နော်။

(မှန်လှပါ ဘုရား)

- ဘာဆုတောင်းမလဲ?

(နိဗ္ဗာန်ဆုပါ ဘုရား)

## နိဗ္ဗာန်အကြောင်း + သိကောင်းစရာ

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နည်းနည်းလေး ပြောကြရအောင်။

နိဗ္ဗာန်ဆိုတာ လောကုတ္တရာလို့ဆိုအပ်တဲ့ လေးပါးသော မဂ်ဉာဏ်နဲ့ မျက် မှောက်ပြုထိုက်တဲ့ တရားဖြစ်တယ်တဲ့။

ဒီနေရာလေးမှာ **မေးချင်** တာကတော့ တရားဟော ဘုန်းကြီးရော၊ ဒကာ၊ ဒကာမတွေရော မဂ်ဉာဏ် လေးပါး ရပြီးပြီလား?

(မရသေးပါ ဘုရား)

## ရယ်ချင်စရာ + ကောင်းလိုက်တာ

မရသေးဘဲနဲ့ ဟောရ ပြောရတာဆိုတော့ မှန်းဆပြီး ပြော ဟောရတာပါပဲ။ တစ်ခါတစ်လေတော့လည်း မှန်းဆပြီးတော့ ပြောဟောရတာကို မရောက်ဖူးတဲ့ အရပ်ဒေသအကြောင်း ရမ်းပြီးပြောနေရသလိုပဲ ခံစားရတယ်။ ဆားမပါတဲ့ ဟင်းလျာ စားရသလို ပေါ့တော့တော့ကြီးပါလားလို့ ခံစားရတယ်။ အားမလို အားမရဖြစ်ပြီး ရယ်ချင်စိတ်များလည်း ပေါက်မိပါတယ်။ မရသေး မရောက်သေး ဘဲနဲ့ ပြော ဟောနေတာ ရယ်ချင်စရာ ကောင်းလိုက်တာလို့လည်း ကောက်ချက်ချ မိပါတယ်။

## နိဗ္ဗာန်မေးတာ + မဖြေပါ

တစ်ခါတုန်းက နာမည်ကြီး တရားဟောဆရာတော်ကြီးကို ဒကာကြီး တစ်ယောက်က နိဗ္ဗာန်အကြောင်း မေးလျှောက်ပါတယ်။ အဲဒီလို မေးလျှောက်တော့ ဆရာတော်ကြီးက နိဗ္ဗာန်အကြောင်းကို မဖြေပါဘူး။

ပရိသတ်ရေ ဆရာတော်ကြီး ဖြေရဲ့လား။

(မဖြေပါ ဘုရား)

ဒကာ ဒကာမတွေလည်း နိဗ္ဗာန်အကြောင်း ဘုန်းကြီးကို မမေးနဲ့ မေးလည်း မဖြေဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဆရာတော်ကြီးက မဖြေဘဲ မေးတဲ့ဒကာကြီးကို 'ဒကာကြီး၊ နိဗ္ဗာန် ရောက်ဖူးသလား' တဲ့။ ဆရာတော်ကြီးက ပြန်မေးလိုက်တာနော်။

(မှန်လှပါ ဘုရား)

အဲဒီလိုမေးလိုက်တော့ ဒကာကြီးက 'မရောက်ဖူးပါ ဘုရား' လို့ အဖြေပေး တယ်။

အဲဒီလိုအဖြေပေးတော့ ဆရာတော်ကြီးက 'ဒကာကြီး၊ ဘုန်းကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ ဒကာကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ အဲဒီတော့ မရောက်ဖူးတဲ့သူအချင်းချင်း ပြောဟောနေတာ ထူးမှာမဟုတ်ဘူး။ ဘုန်းကြီးကော ဒကာကြီးကော နိဗ္ဗာန်အတူရောက်မှ အဲဒီနိဗ္ဗာန်အကြောင်း ပြောကြတာပေါ့'တဲ့။

(အားလုံး ရယ်ကြ)

ကဲ– ဒကာ ဒကာမတွေ ဘယ့်နှယ်လဲ၊ ဘယ်လိုလဲ? မရောက်ဖူးတဲ့သူ အချင်းချင်း ပြောဟောနေရင် ဘာတဲ့လဲ? (မထူးပါ ဘုရား)

အဲဒီတော့ အဲဒီနိဗ္ဗာန်အကြောင်းကို ဘုန်းကြီးနဲ့ ဒကာ ဒကာမတွေ အတူတူရောက်မှ အတူတူပြောကြတာပေါ့။ (အားလုံး ရယ်ကြ)

## နိဗ္ဗာန်ခေါ်တာ + ဒီလိုပါ

နိဗ္ဗာန်ဆိုတာ မဂ် ဖိုလ်တရားတွေရဲ့ အာရုံဖြစ်တယ်တဲ့။ ဝါနလို့ခေါ်ဆိုတဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်လို့ ခေါ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လောကုတ်ဆိုအပ်၊ လေးမဂ်မြတ်၊ သီအပ်တရားတော်။
* မဂ်ပိုင်ဝမ္မ၊ အာရုံလှ၊ မှတ်ကြဖြစ်တယ်နော်။
* ဝါနတဏှာ၊ ထွက်မြောက်ရာ၊ မှတ်ပါနိဗ္ဗာန်ခေါ်။

## အပျင်းဖြေရေး + ဟာသလေး

ကဲ– ထားပါတော့။ စောစောက ရယ်စရာဟာသလေးတွေနဲ့ ရောနှောပြီးတော့ အပျင်းပြေအောင် ပြော ဟောလိုက်တာပါ။ ဘယ်လိုဟော?

(အပျင်းပြေအောင် ဟောလိုက်တာပါ ဘုရား)

အပျင်းပြေအောင် ဟုတ်လား?

(အားလုံး ရယ်ကြ)

ဩော်– ဒကာ ဒကာမတွေက ဘုန်းကြီးရဲ့တရားကို အပျင်းပြေ သဘောထားပြီး နာနေကြတာကိုး။

(အားလုံး ရယ်ကြ)

## နိဗ္ဗာန်အေးမှာ + တွေးမိတာ

ကဲ– ထားပါတော့၊ နိဗ္ဗာန်ကို မရသေး မရောက်သေးပေမယ့်လည်း နိဗ္ဗာန်ဆိုတဲ့ အသံလေး ကြားလိုက်ရရင်ပဲ ရင်ထဲမှာ အစဉ်အမြဲ အေးသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဘုန်းကြီး စဉ်းစားမိတယ်။ ကြားရတာတောင် ဒီလောက်အေးရင် ရများရရင် ဘယ်လောက်အေးမလဲလို့ (ပြောမပြတတ်အောင် အေးမှာပဲလို့) တွေးမိပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* နိဗ္ဗာန်အသံ၊ ကြားရပြန်၊ အမှန်ရင်အေးပြီး။

* နိဗ္ဗာန်ရပြန်၊ အေးချမ်းဟန်၊ အမှန်ရင်တွေးပြီ။

## အကောင်းဆုံးဘဝ + နိဗ္ဗာန်ရ

နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ တကယ်အမြတ် ကြည်ညိုသူတွေ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

နိဗ္ဗာန်ကို ကြည်ညိုသူ၊ နိဗ္ဗာန်ကို ရရောက်သူတွေရဲ့ ဘဝဟာ အမြတ်ဆုံးဘဝ၊ အကောင်းဆုံးဘဝ၊ ဘဝကောင်းဖြစ်သွားတယ်။ ဆင်းရဲငြိမ်းအေးခြင်း အမြတ်ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အကောင်းဆုံး ဘဝပိုင်ရှင်ဖြစ်အောင် ဘာလုပ်ရမလဲ?

(နိဗ္ဗာန်ရောက်အောင် ကြိုးစားရမှာပါ ဘုရား)

ဘုရားဟောထားခဲ့တဲ့ တရားတော်တွေ များများသိအောင် လုပ်ရမယ်။ တရားတွေ များများနာကြားရမယ်။ တရားတွေ များများကျင့်ရမယ်။ ဒီလိုမဟုတ်လား?

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝမြတ်မှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝမြတ်မှာပဲ။

## သံဃာ ဂိုဏ်းမှာ + မြတ်သံဃာ

စန္ဒီ၊ ပုဂ္ဂိုလ်သတ္တဝါ အပေါင်းအစု သံဃာ၊ ပုဂ္ဂိုလ်သတ္တဝါ အသင်းအဖွဲ့ ဂိုဏ်းတွေ ရှိကြတယ်။ အဲဒီ သံဃာ၊ ဂိုဏ်းတွေထဲမှာတော့ မြတ်စွာဘုရားရဲ့ တပည့် အရိယာသံဃာတော်ဟာ အမြတ်ဆုံးဖြစ်တယ်။

## ရှစ်ပါးအရိယာ + မြတ်သံဃာ

အဲဒီအရိယာသံဃာတော်ဆိုတာ သူ့မဂ် သူ့ဖိုလ် စုံတွဲဆိုရင် အစုံအားဖြင့် လေးစုံ၊ သူ့မဂ်သူ့ဖိုလ် တွဲဆိုမထား တစ်သီးတခြားစီအားဖြင့် ရှစ်ပါးသော ယောကျ်ားမြတ်တွေပဲ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ တွဲလျက်လေးပါး၊ ခွဲထား ရှစ်ဖော် အဲဒီအရိယာသံဃာတော်ဟာ–

* လေးစားကြည်ဖြူ၊ အဝေးမှပင် ဆောင်ယူ၍ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို ခံယူ တော်မူထိုက်တယ်။
* ဝေးနယ်ရပ်ခြား၊ ဧည့်သည်များအတွက် သီးခြားစီမံထားတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* တမလွန်အကျိုးကို မျှော်ကိုး ယုံကြည်ပြီးတော့ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တယ်။
* သတ္တဝါအပေါင်းရဲ့ ကောင်းမှုပြုရန်အတွက် အမြတ်ဆုံး လယ်ယာမြေ ကောင်းကြီး ဖြစ်တယ်။

## အမြတ်ကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အရိယာသံဃာတော်မှာ ကြည်ညိုကြသူတွေဟာ အမြတ်ကြည်ညိုသူတွေ ဖြစ်တယ်။ အမြတ်ကြည်ညိုသူတွေမှာ မြင့်မြတ်တဲ့ကောင်းကျိုးတွေ ရမယ်။ ဘဝကောင်းတွေပဲ ရောက်မယ်၊ မကောင်းတဲ့ဘဝကို မရောက်တော့ဘူးလို့ ဟောကြားတော်မူတယ်။

## ရာဇဂြိုဟ်မြို့သူ + ဆွမ်းပင့်လှူ

ဒီနေရာမှာ ဒါယိကာမလေးတစ်ယောက် အကြောင်းကို ပြောပြချင်ပါတယ်။ သူကတော့ သဒ္ဓါတရားကောင်းတဲ့ ရာဇဂြိုဟ်မြို့သူလေးပါ။ တစ်နေ့ ရဟန္တာ အရှင်မြတ်တစ်ပါး ဆွမ်းခံကြွတော်မူတာကို မြင်တွေ့ရတော့ ကြည်ညိုပြီး သူ့ရဲ့ အိမ်ထဲကို ပင့်ပြီးတော့ ဆွမ်းလှူလိုက်ပါတယ်။ (ဝိမာန၊ ပါဠိ၊ ၃၂၊ ၄၊ ၁၀၈)

## နတ်ပြည်ရောက်ရ + သုဘဝ

သူဟာ သေဆုံးတဲ့အခါမှာ ရဟန္တာဖူးမြင်ရတဲ့ ကုသိုလ်၊ ဆွမ်းလှူရတဲ့ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

ဆွမ်းဒါယိကာမလေးဟာ အပါယ်လွတ်မြောက် နတ်ပြည်ကို ရောက်ရတာဟာ အမြတ်ဆုံး အရိယာကို ကြည်ညိုလို့ နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* အရိယာသံဃ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* အရိယာသံဃ၊ လှူဒါန၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အမြတ်သီလ + ဖြည့်ကျင့်ကြ

စုန္ဒီ၊ ရှိရှိသမျှ သီလတွေထဲမှာ မကျိုးမပေါက်၊ မပြောက်မကျား တဏှာကျွန်မှ လွတ်သွားစေတတ်၊ ပညာရှိတွေ ချီးမွမ်းအပ်တဲ့၊ မှားသောအားဖြင့် မသုံးသပ်အပ်တဲ့ သမာဓိဖြစ်စေတတ်တဲ့ အရိယာတွေ နှစ်သက်တော်မူတဲ့ မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေဟာ အမြတ်ဆုံး သီလတွေပဲ ဖြစ်တယ်။

စုန္ဒီ၊ အဲဒီအရိယာတွေ နှစ်သက်တော်မူတဲ့ ငါးပါးသီလ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ဖြည့်ကျင့်နေသူတွေဟာ အမြတ်ဆုံးသီလမှာ ဖြည့်ကျင့်နေသူတွေ ဖြစ်တယ်။

## အရိယာကန္တ + ငါးသီလ

ဒီနေရာမှာ မှတ်စရာက အရိယာတွေ နှစ်သက်တဲ့ သီလဆိုတာ ၅ ပါး သီလနော်။

(မှန်လှပါ ဘုရား)

ဘာသီလတဲ့လဲ?

(ငါးပါး သီလပါ ဘုရား)

အရိယာတွေဟာ ဘ၀ပြောင်းသွားတာတောင်မှ အဲဒီ ၅ ပါးသီလကို မစွန့်ဘူးတဲ့။

## မဂ်ဖိုလ်သီလ + ထပ်မှတ်ကြ

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ ဒီသီလနေရာမှာ တကယ်လိုအပ်တဲ့ တကယ်ယူရတဲ့ သီလကတော့ မဂ် ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ယူရမယ်လို့ မှတ်ရ မယ်နော်။

(မှန်လှပါ ဘုရား) (အံ၊ ၄၊ ၂၊ ၁၇) (အံ၊ ၄၊ ၃၊ ၁၅)

## မကောင်း ကျောင်းပို့

ဒီနေရာမှာ အရက်သောက်တတ်တဲ့ ဒကာလေးတစ်ယောက်အကြောင်း ပြောဦးမယ်။

အဲဒီဒကာလေးကို သူ့မိဘတွေက ပြောဆိုမရလို့ ဘုန်းကြီးကျောင်းမှာ ရဟန်းခဏဝတ်ပေးပါတယ်။

မိဘတွေက အရက်သေစာ မသောက်ဖို့ ဆုံးမပေးပါလို့လည်း လျှောက် ပါတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း သား သမီးတွေ ပြောဆိုမကောင်း ရင် ကိုးကွယ်ကြည်ညိုတဲ့ ဘုန်းကြီးတွေပဲ အပ်တော့တာပဲ။ ဒါကြောင့်ပဲထင်ပါရဲ့။ ဘာတဲ့လဲ၊ မကောင်း? (ကျောင်းပို့ပါ ဘုရား)

## အရိယာတွေ + မကြိုက်ပေမယ့်

အဲဒီဒကာလေး ရဟန်းခဏဝတ်နေစဉ်မှာ တစ်နေ့ ဘုန်းကြီးက အရိယာ သူတော်ကောင်းတွေ မကြိုက်တဲ့ သေရည်သေရက်သောက်တာ မကောင်းဘူးကွ၊ အဲဒီသေရည် သေရက်သောက်တာ မသောက်တော့ပါလို့ ဂတိပေး ငါ့ကို လျှုပါကွာ လို့ ဘုန်းကြီးက အလှူခံပါတယ်။

အဲဒီဒကာလေးက 'တပည့်တော် မလှူနိုင်ဘူးဘုရား'လို့ လျှောက်တယ်။ ဘုန်းကြီးက 'ဘာပြုလို့တုံးကွ ပြောစမ်းပါဦး'လို့ မေးတော့ 'ဆရာတော်၊ အရိယာသူတော်ကောင်းတွေသာ မကြိုက်တာ၊ တပည့်တော်က ကြိုက်နေလို့ပါ ဘုရား' တဲ့။

(အားလုံး ရယ်ကြ)

သူပြောတာလည်း မှန်တာပဲနော်။

(အားလုံးရယ်ကြ)

## ကောင်းမှန်း မသိလို့ပါ

ရွာတစ်ရွာမှာလည်း တအားသောက်တတ်တဲ့ သားလေးကို သူ့ဖခင်က မင်းဟာ တော်တော်ဆိုးတယ်။ ခွေးတောင် မသောက်တဲ့အရည်တွေကို မင်းသောက်နေတယ်လို့ ပြောတော့ သူ့သားက ဘာပြန်ပြောတယ် မှတ်လဲ။ အဖေတဲ့၊ ခွေးက ကောင်းမှန်းမသိလို့ပါတဲ့။

(အားလုံး ရယ်ကြ)

ဟုတ်လား။ ရှေ့က ဒကာကြီးတွေ?

(အားလုံး ရယ်ကြ)

## ဘီယာမလေးတွေ

တစ်ခါလည်း ကျောင်းအလှူလာလုပ်တဲ့ ဒကာ ဒကာမတွေကို ခုခေတ်စားနေတဲ့ ဘီယာဆိုတာ ဘယ်လိုဟာလဲ၊ တော်တော်မူးစေသလားလို့ မေးလိုက်တော့ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ဦးက မမူးပါဘူး ဘုန်းဘုန်းရယ်၊ တပည့်တော်တို့တောင် သောက်နိုင်တယ်တဲ့။

(အားလုံး ရယ်ကြ)

အင်း- ကလေးမလေးတွေလည်း ဘီယာမလေးတွေ ဖြစ်နေပြီနော်။

(အားလုံး ရယ်ကြ)

## မြင့်မြတ်ကောင်းရာ + ရောက်ရမှာ

ကဲ- ထားပါတော့၊ အရိယာတွေ နှစ်သက်တဲ့ ငါးပါးသီလ၊ အရိယာတွေ နှစ်သက်တဲ့ မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်နေသူတွေမှာ ခုနောင်ဘဝ မြင့်မြတ်လှတဲ့ ကောင်းကျိုးတွေကို ရရှိမယ်။ ကောင်းတဲ့ဘဝပဲ ရောက်မယ်။ မကောင်းတဲ့ဘဝတွေကို မရောက်တော့ဘူးနော်။

(မှန်လှပါ ဘုရား)

## အရှင်နိသဘထံ + သီလခံယူ

ဒီနေရာမှာ ပဥ္စသီလသမာဒါနိယ (ငါးပါးသီလ မထေရ်အကြောင်းကို အကျဉ်းချုပ် ပြောချင်ပါသေး တယ်။ (အပါဒါန၊ ပါဠိ၊ ၁၊ ၈၄)

သူဟာ အနော်မဒဿီဘုရားလက်ထက်မှာ ဆင်းရဲသားလေး ဖြစ်ခဲ့ပါတယ်။ လှူစရာမရှိတဲ့အတွက် ငါးပါးသီလကို လုံခြုံအောင် စောင့်ရရင် ကောင်းမယ်လို့ စိတ်ကူးပြီးတော့ အနောမဒဿီ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သူ အရှင်နိသဘထံမှာ ငါးပါးသီလ ခံယူဆောက်တည်ပါတယ်။

အဲဒီတုန်းက အသက်တန်းဟာ အနှစ်တစ်သိန်းတန်း ဖြစ်ပါတယ်။ သူဟာ အနှစ်တစ်သိန်း ကာလပတ်လုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါတယ်။

## ငါးပါးသီလ + အမှတ်ရ

သေခါနီးမှာ နတ်တွေက သူ့ကို သတိပေးကာ သက်သာရာရစေပါတယ်။ အဲဒီနတ်တွေရဲ့ သတိပေးမှု၊ သက်သာရာရစေမှုကြောင့် သေခါနီးမှာ ငါးပါးသီလကို အောက်မေ့အမှတ်ရလိုက်ပါတယ်။ သေခါနီးဆိုတာ အရေးကြီးပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု ပြုလုပ်ပြီးတာတွေကို အနားကနေပြီး သတိပေးပြောကြားတတ်ဖို့ လိုပါတယ်။ လူနာရဲ့အခြေအနေ မကောင်းတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမယ့်အစား လူနာ ဘဝကူးကောင်းအောင် (လူနာသေပြီးရင် လူ နတ် ဆိုတဲ့ ဘဝကောင်းရောက်အောင် သရဏဂုံသုံးပါး၊ ပရိတ်၊ ပဋ္ဌာန်းစသည် ရွတ်ဖတ်ပေးတာ၊ ကုသိုလ်ကောင်းမှုတွေ ပြောပြသတိပေးတာတွေဟာ တကယ် လုပ်ပေးသင့်တဲ့ အလုပ်တွေပါပဲ။

## တာဝတိံသာ + ရောက်ရရှာ

သူဟာ သူကိုယ်တိုင် ကောင်းစွာဆောက်တည် ပြုလုပ်ခဲ့တဲ့ ငါးပါးသီလ ကောင်းမှုကြောင့် သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ပါတယ်။

## နတ်မင်း စကြာ + ကြိမ်များစွာ

နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် (၃၀)၊ စကြဝတေးမင်း (၇၅) ကြိမ် ဖြစ်ရပါတယ်။ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရပါတယ်။

## ကြွယ်ဝချမ်းသာ + အမျိုးမှာ

နတ်ပြည်က စုတေတဲ့အခါမှာတော့ ဝေသာလီပြည်မှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ အမျိုးမှာ လာဖြစ်ရပါတယ်။

## တစ်ထိုင်တည်းမှာ + ရဟန္တာ

ဒီဘုရားလက်ထက်မှာ ဝါဆိုချိန်နီးတော့ သူ့မိဘတွေဟာ ငါးပါးသီလ ဆောက်တည်ကြတယ်။ အဲဒီသီလကထာကို ကြားရတာနဲ့တစ်ပြိုင်နက် မိမိရဲ့သီလကို အမှတ်ရလိုက်တယ်။ တစ်ထိုင်တည်းပဲ ရဟန္တာ ဖြစ်သွားပါတယ်။

## ငါးနှစ်သားလေး + ရဟန်းပြုပေး

ငါးနှစ်သားလေးနဲ့ ရဟန္တာဖြစ်သွားပါတယ်။ မြတ်စွာဘုရားက သူ့ကို ရဟန်းပြုပေးတော်မူပါတယ်။

## ငါးပါးသီလ + စောင့်ရှောက်ရကျိုး အမျိုးမျိုး

ငါးပါးသီလကုသိုလ်ကြောင့် အပါယ်လေးပါးကို မရောက်ရပါဘူး။ လူ နတ် စည်းစိမ် အခြံအရံအမျိုးမျိုးကို ခံစားရပါတယ်။ **အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာပေါ်များခြင်း၊ ပညာထက်မြက်ကြီးမားခြင်း**ဆိုတဲ့ ကောင်းကျိုးတွေလည်း ထူးထူးခြားခြား ရရှိပါတယ်။ အနှောင်အဖွဲ့အားလုံးကလည်း လွတ်မြောက်ရပါတယ်တဲ့။

ဒီငါးပါးသီလမထေရ်ဝတ္ထုကို ကြည့်လိုက်တော့ ငါးပါးသီလ အစွမ်းကြောင့် ကောင်းတဲ့ဘဝတွေ ရောက်ရပုံ၊ မြင့်မြတ်တဲ့ကောင်းကျိုးတွေရပုံ။ မကောင်းတဲ့ ဘဝတွေ မရောက်ရပုံတွေ ထင်ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ငါးပါးသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောမှာပဲ။
* ငါးပါးသီလ၊ ကျင့်သုံးမှ၊ဘဝကောင်းရာရောမှာပဲ။
* မဂ်ဖိုလ်သီလ၊ ဖြည့်ကျင့်မှ၊ဘဝကောင်းရာရောမှာပဲ။
* ဘဝကောင်းရေး၊ စုန္ဒီမေး၊ဖြေပေး ဘုရားပဲ။

## ဘဝကောင်းရေး အမေးအဖြေ

စုန္ဒီမင်းသမီးလေးက ဘဝကောင်းရေး (ဘဝကောင်းရောက်ရေး) မေးတာကို ဘုရားက အဖြေပေးလိုက်တဲ့ ''ဘဝကောင်းရေး အမေး အဖြေတရား''

ဘာတရားတဲ့လဲ?

(ဘဝကောင်းရေး အမေး အဖြေ တရားတော်ပါ ဘုရား)

## ကြည်ညိုနှေး + ဖြည့်ကျင့်ကြ

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဘဝကောင်းရောက်

ချင်ရင်၊ မကောင်းတဲ့ဘဝတွေ မရောက်ချင်ဘူးဆိုရင်၊ အမြတ်ဆုံး ကောင်းကျိုးတွေ ရချင်ရင်၊ အမြတ်ဆုံး ဘုရား၊ အမြတ်ဆုံးတရား၊ အမြတ်ဆုံး သံဃာတွေမှာ ကြည်ညိုကြပါ။ အမြတ်ဆုံး ငါးပါးသီလ၊ အမြတ်ဆုံး မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်ကြပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

## သိအောင်လုပ်ပါ + ကြည်ညိုပါ

နောက်ဆုံး အကျဉ်းချုပ်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က–

* ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို သိအောင် လုပ်ရမယ်။
* သိအောင်လုပ်ပြီးတော့ ကြည်ညိုရမယ်။
* မြတ်သောအလှူကို ခံယူတော်မူထိုက်ပြီး၊ ဂိုဒ်ထက် ထူးချွန်လွန်မြတ်သူမရှိတဲ့ မြတ်စွာဘုရားကို ကြည်ညိုရမယ်။
* ကိလေသာအားလုံးတို့ရဲ့ ပျက်စီးကြောင်း၊ ကင်းငြိမ်းကြောင်းဖြစ်တဲ့ ငွေဆင်းရဲ ကုန်ရာ၊ သင်္ခါရကင်းငြိမ်းရာ ချမ်းသာအစစ်တကယ်ဖြစ်တဲ့ နိဗ္ဗာန်တရားတော်ကို ကြည်ညိုရမယ်။
* အမြတ်ဆုံးကောင်းမှုတွေကို ပြုရန်အတွက် လယ်ယာမြေကောင်းကြီးသဖွယ်ဖြစ်တော်မူတဲ့ အမြတ်ဆုံး အရိယာ သံဃာ (အမြတ်ဆုံး အရိယာသံဃာဖြစ်အောင် ပရိယတ် ပဋိပတ် တာဝန်နှစ်ရပ်ကို ကြိုးစားအားထုတ်နေတဲ့ ယခုရှိကြတဲ့ သမ္မုတိ သံဃာ) တွေကို ကြည်ညိုရမယ်။

## ကောင်းမှု ကောင်းကျိုး + မြင့်ပွားတိုး

အဲဒီရတနာသုံးပါးကို ကြည်ညိုသူတွေ၊ ရတနာသုံးပါးမှာ ပေးလှူကြသူတွေမှာ မြတ်တဲ့ကုသိုလ်ကောင်းမှုတွေ တိုးပွားနေတယ်။ ကောင်းမှုတိုးပွားနေရင် ကောင်းကျိုးတွေလည်း အမြဲတစေ တိုးပွားနေတာ ပါပဲ။

## ဗုဒ္ဓပူဇာ + မင်္ဂလာ

ဒီနေရာမှာ ဋီကာဖွင့်လေး ပြောချင်ပါသေးတယ်။

* သက်တော်ထင်ရှား မြတ်စွာဘုရားကို ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးပြုစုတာ ဒါကတစ်မျိုး။
* သက်တော်ထင်ရှား ဘုရားမရှိတဲ့ ခုလိုအချိန်မှာတော့ ပရိနိဗ္ဗာန်ဝင် စံကြွသွားတော်မူတဲ့ ဘုရားရှင်ကို ရည်မှန်းပြီးတော့ ဓာတုစေတီ၊ ဓမ္မစေတီ၊

ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုတဲ့ စေတီလေးမျိုးမှာ ပစ္စည်းလေးပါး၊ ပန်း၊ ရေချမ်း၊ ဆီမီး အသီးသီးတွေနဲ့ ပူဇော်တာဟာလည်း ဘုရားကို ပူဇော်ရာရောက်တာပါပဲ။ ဒါက တစ်မျိုးလို့ ကွဲပြားအောင် ခွဲခြားမှတ်သားပါ။

## ဓမ္မပူဇာ + မင်္ဂလာ

တရားတော်ကို ပူဇော်တယ်ဆိုတာ တရားတွေကို မကွယ်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ တရားတော်တွေ ရှည်ကြာတည်တံ့ ခိုင်ခံ့အောင် ပြုတာပါပဲ။

## သံဃပူဇာ + မင်္ဂလာ

* သံဃပူဇာဆိုတာ အရိယာသံဃာတော်များကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။
* အဲဒီလို သံဃာတော်ကို ရည်မှန်းပြီးတော့ အခြား အရိယာသံဃာ မဖြစ်သေးတဲ့၊ အရိယာသံဃာဖြစ်အောင် ကျင့်ကြံကြိုးစားအားထုတ်နေကြတဲ့ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးနဲ့ပြုစုတာ၊ လုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။ ဒီလိုလည်း ကွဲပြား အောင် ခွဲခြားမှတ်သားရမယ်။

(အံ၊ ဋ္ဌ၊ ၂၊ ၂၉၁)

## နေ့တိုင်းတိုးပွား + ကောင်းကျိုးများ

အဲဒီရတနာသုံးပါးမှာ ကြည်ညိုသူ၊ ပေးလှူသူတွေမှာ အမြဲတစေ အချိန်တိုင်း၊ နေ့တိုင်း တိုးပွား နေမယ့် ကောင်းကျိုးတွေကတော့-

* လူ နတ် ဖြစ်လေရာ အသက်ရှည်ခြင်း။
* လူ နတ် ဖြစ်လေရာ အဆင်းလှခြင်း။
* လူ နတ် ဖြစ်လေရာ အခြံအရံပရိသတ်ပေါများခြင်း။
* လူ နတ် ဖြစ်လေရာ ကျော်စောခြင်း (ထင်ပေါ်ခြင်း)
* လူ နတ် ဖြစ်လေရာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း။
* လူနတ်ဖြစ်လေရာ ကိုယ်အားဉာဏ်အားပြည့်စုံခြင်း။
* ပညာရှိသူ နတ် လူ ဖြစ်ရခြင်း။
* မြင့်မြတ်သော နတ် လူ ဖြစ်ရခြင်း။
* နောက်ဆုံး မြတ်သောမဂ်ဖိုလ်တရားများ ပိုင်ဆိုင် ရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေပဲ ဖြစ်တယ်။ (အံ၊ ပါ၊ ၂၊ ၂၉+၃၀။ အံ၊ ဋ္ဌ၊ ၂၊ ၂၉၀၊ ၂၉၁)

ကဲ–ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။

* သုံးပါးရတနာ ကြည်ညိုကြလို့
  ပေးလှူဒါန ပြုသူမှာ။
* အသက်ရှည်ကြာ အဆင်းလှလို့
  ခြံရံမချို့ ပေါ်များမှာ။
* ကျော်စော ချမ်းသာ ဉာဏ်ပါကြီးလို့
  ပညာရှိကြီး ဖြစ်မှာပါ။
* ပညာရှိသူ နတ် လူ ဖြစ်ရ
  ဖြစ်ရာဘဝ မြင့်မြတ်မှာ။
* နောက်ဆုံးမဂ်ဖိုလ် တရားမြတ်ကို
  မမှားမပြတ် ရရှိမှာ။

(သိကြပါ)၂

သာဓု၊ သာဓု၊ သာဓု။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ်ပါဠိတော်၊ သရဏာဂမနိယတ္ထေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ဒေါ်သကင်းဝေး + ငြိမ်းချမ်းရေး

တရားတော်

ဒီနေ့ ငြိမ်းချမ်းရေးကို လိုလားနေကြတဲ့ ဒကာဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဒေါသကင်းဝေး ငြိမ်းချမ်းရေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားတော်ပါ ဘုရား။

## နှစ်ဦးနတ်မင်း + စစ်တိုက်ခြင်း

ကဲ– စပြီးတော့ ဟောကြား နာကြားရအောင်။

သရဏာဂမနိယ မထေရ်အလောင်း သူဟာ ကောင်းဟာ ရှေးဘုရားများ လက်ထက်မှာ ကောင်းမှုတွေ များစွာပြုထားသူ ဖြစ်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့လက်ထက်မှာတော့ သူဟာ ဟိမဝန္တာအရပ်မှာ နတ်မင်းဖြစ်နေပါတယ်။ တစ်နေ့တော့ အခြားနတ်မင်းတစ်ဦးနဲ့ စစ်လိုမြင်း (စစ်တိုက်ခြင်း) ကိစ္စ ဖြစ်ပေါ်လာပါတယ်။ နတ်မင်းနှစ်ဦးဟာ စစ်တိုက်ဖို့အတွက် တစ်ဖက်ကို နတ်တွေ ၁၀၀၀ စီ ခြံရံကာ ပြင်ဆင်စုဝေးနေကြပါတယ်။ ဆူညံတဲ့ကြွေးကြော်သံတွေဟာ ဟိမဝန္တာကို လွှမ်းမိုးသွားစေပါတယ်။ (အပဒါန၊ ပါ၊ ၁၊ ၁၆၂)

## သစ္စာဟောပြ + မြတ်ဗုဒ္ဓ

လောကကိုသိတော်မူပြီးတော့ လူ့ဖွယ်ပစ္စည်း အသီးသီးကို အလှူခံတော်မူထိုက်တဲ့ ပဒုမုတ္တရာမြတ်စွာ ဘုရားဟာသတ္တဝါတွေကို သနားတော်မူတဲ့အတွက် ကောင်းကင်မှာတည်နေပြီးတော့ ချီတက်လာတဲ့ နတ်စစ်သည်တွေကို သစ္စာလေးပါး တရား ဟောကြားတော်မူကာ ထိတ်လန့်စေတော်မူတယ်။

နတ်စစ်သည်တွေကို တရားဟောတဲ့ တရားက ဘာတဲ့လဲ?

(သစ္စာလေးပါး တရားပါ ဘုရား)

အဲဒီသစ္စာလေးပါးကို မှတ်သားထားပါဦး။

* ဘုံသုံးပါးမှာ ဖြစ်စေတတ်တဲ့ မကောင်းတာ ဆင်းရဲတာ အမှန်ဖြစ်စေတဲ့ လောကီစိတ်၊ စေတသိက်၊ ရုပ်တွေကို ဒုက္ခသစ္စာလို့ ခေါ်တယ်။
* ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ တဏှာလောဘကို သမုဒယသစ္စာလို့ ခေါ်ပါတယ်။

တဏှာက ဘာသစ္စာ?

(သမုဒယသစ္စာပါ ဘုရား)

* တဏှာလောဘ ချုပ်ငြိမ်းရာ၊ ရုပ်နာမ်ခဝ်သိမ်း ပြတ်ငြိမ်းရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။

ပရိသတ်ရေ၊ နိဗ္ဗာန်က ဘာသစ္စာ?

(နိရောဓသစ္စာပါ ဘုရား)

* နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကိုတော့ မဂ္ဂသစ္စာလို့ခေါ်တယ်။

မဂ္ဂင်ရှစ်ပါးက ဘာသစ္စာ?

(မဂ္ဂသစ္စာပါ ဘုရား)

အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားက–

* သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို အမှန်အတိုင်း ရှုမှတ်ဆင်ခြင် သိမြင်တာ။
* သမ္မာသင်္ကပ္ပ၊ ရုပ်နာမ်အာရုံမှာ စိတ်ကိုတင်ပေး တတ်တဲ့ ဝိတက်တရား။
* သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြောဆိုတာ။
* သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြုလုပ်တာ။
* သမ္မာအာဇီဝ၊ အသက်မွေးမှုအတွက် မှားယွင်းတဲ့ ကာယကံ၊ ဝစီကံတွေမှ ရှောင်ကြဉ်ပြီး ကောင်းစွာ မှန်ကန်စွာ အသက်မွေးတာ။
* သမ္မာဝါယမ၊ ကောင်းစွာကြိုးကုတ် အားထုတ်တာ။
* သမ္မာသတိ၊ စိတ်ကို ရုပ်နာမ်အာရုံမှ မကွာရအောင် ကောင်းစွာ စောင့်ရှောက် အောက်မေ့နေတာ။
* သမ္မာသမာဓိ၊ ရှုမှတ်နေတဲ့စိတ်ဟာ ရုပ်နာမ်အာရုံမှာပဲ မြဲနေ တည်ငြိမ်နေတာတွေပဲ ဖြစ်တယ်။

## သံစွာလေးပါး + လက်ာများ

အဲဒီသစ္စာလေးပါး လင်္ကာလေးတွေ လိုက်ဆိုကြပါ။

* ဆင်းရဲဖြစ်စေ၊ ကီစိတ်၊ စေ၊ ရုပ်တွေ 'ဒု'သစ္စာ။ မွေး၊ အို၊ နာ၊ သေ၊ တွဲ၊ ကွဲနေ၊ ခေါ်ပေဆင်းရဲတာ။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲဒုက္ခပါ။ လိုရာထွေထွေ၊ မရပေ၊ မှတ်လေ ဆင်းရဲတာ။ အကျဉ်းဟောကြား၊ ခန္ဓာငါး၊ မှတ်သား 'ဒု'သစ္စာ။
* ဆင်းရဲကြောင်းဖြစ်၊ တဏှာဖြစ်၊ စီစစ် 'သမု'ပါ။
* တဏှာ ရုပ် နာမ်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။ ဒု+သ နှစ်တန်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။
* နိဗ္ဗာန်ရောက်ရန်၊ အကျင့်မှန်၊ ရှစ်တန် 'မဂ္ဂ'ပါ။ မဂ္ဂင်ရှစ်ပါး မြတ်တရား၊ မှတ်သား 'မဂ္ဂ'ပါ။ သစ္စာလေးပါး၊ မြတ်တရား၊ ဟောကြားဆုံးမတာ။

## လက်နက်တွေချ + ရှိခိုးကြ

အဲဒီလို သစ္စာလေးပါး ဟောကြားပြီးတော့ ထိတ်လန့်စေတဲ့အခါမှာ နတ်တွေအားလုံး ချပ်မိန်ဆို (စစ်ဝတ်တန်ဆာ) တွေ ချွတ်ပြီး လက်နက်တွေ ချထားကြကာ မြတ်စွာဘုရားကို ရှိခိုးပြီးတော့ တည်ငြိမ်စွာနေကြတယ်။

## သနားဟောပြ + မြတ်ဗုဒ္ဓ

အစဉ်သနားတော်မူတဲ့ မြတ်စွာဘုရားဟာ သူ့ရဲ့စိတ်အကြံကို သိပြီးတော့ မြတ်တဲ့တရားစကားကို ဟောကြားတော်မူတယ်။ သတ္တဝါအပေါင်းကိုလည်း ငြိမ်းအေးစေတော်မူတယ်။

## ညှဉ်းဆဲပြစ်မှား + အပယ်လား

ပြစ်မှားလိုစိတ်ရှိတဲ့ သတ္တဝါဟာ တစ်ဦးဦးကို ညှဉ်းဆဲနှိပ်စက်ရင် အဲဒီ ညှဉ်းဆဲနှိပ်စက်ခြင်းဆိုတဲ့ စိတ်ပြစ်မှားမှု (စိတ်ဓာတ်ပျက်စီးမှုကြောင့်) အပါယ်လေးပါး လားရောက်ရမယ်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ရင် ဘယ်ကိုရောက်မတဲ့လဲ?

(အပါယ်လေးပါး လားရောက်ရမှာပါ ဘုရား)

## မညှဉ်းဆဲရေး+ဟောပြပေး

စစ်မြေပြင်ဦးမှာ တိုက်ဆင်ကြီးဟာ သတ္တဝါများကို အကြိမ်ကြိမ်ညှဉ်းဆဲသလို မညှဉ်းဆဲကြပါနဲ့။

မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ ဟောကြားတော်မူပါတယ်။

ဒကာ ဒကာမတွေကို မေးဦးမယ်။ သူတစ်ပါးကို ညှဉ်းဆဲတာ ဘာစိတ်ပါလိမ့်?

(ဒေါသစိတ်ပါ ဘုရား)

ဒေါသကို လွယ်လွယ်ပြောကြတော့ စိတ်တိုတာလို့ ပြောကြမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်တို + စိုတိတ်

ဒီနေရာလေးမှာ မှတ်သားစရာလေး ပြောဦးမယ်။ အဲဒါက ဘာလဲဆိုတော့ စိတ်တို၊ စိုတိတ်တဲ့။ ဘာတဲ့လဲ?

(စိတ်တို၊ စိုတိတ်ပါ ဘုရား)

စိတ်တိုရင် စိတ်တိုသူတွေမှာ စိုပြေမှု၊ သာယာမှု၊ အေးမြမှု၊ ငြိမ်းချမ်းမှုတွေ အစုအရာရာ စိုပြေသာယာအေးမြတဲ့ ကောင်းတဲ့အကျိုးတွေ တိတ်သွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## ဒီလိုမနေ + ဒီလိုနေ

တချို့ပြောကြသေးတယ် မဟုတ်လား။ ဒီလိုမနေနဲ့၊ ဒီလိုနေ။ ဒီလိုမနေနဲ့ ဆိုတာ ဒေါသစိတ်ကြီးနဲ့ မနေနဲ့၊ ဒီလိုနေဆိုတာ ဒေါသကင်းဝေး အေးအေးချမ်းချမ်း ပြုံးပြုံးလေးနေ၊ ဒီလိုနေ်။

(မှန်လှပါ ဘုရား)

ပုံလေးနဲ့တောင် ယှဉ်တဲပြထားတယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ရှည် သက်ရှည်၊ စိတ်တို သက်တို

နောက်ပြောကြသေးတယ်။ စိတ်ရှည်ရင်အသက် ရှည်မယ်။ စိတ်တိုရင် အသက်တိုမယ်လို့ ပြောကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ အသက်ရှည်ချင်သလား၊ အသက်တိုချင်သလား?

(အသက်ရှည်ချင်ပါတယ် ဘုရား)

အေး– အသက်ရှည်ချင်ရင် စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ သဘောထား ကြီးရမယ်၊ အရာရာကို ခွင့်လွှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသပြေဆေး + ကဗျာလေး

ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။ စိတ်တိုလာရင် စိတ်ဆက်မတိုအောင် ကိုယ့်ကိုယ်ကို သတိပေးတဲ့ ကဗျာလေးတစ်ပုဒ် ရေးထားတယ်။ အဲဒီကဗျာလေး ကတော့–

'ဒေါသအမျက်၊ ချောင်းချောင်းထွက်က၊ အသက်လည်း တို၊ ရုပ်လည်း အိုငါ့၊ မရိုမျက်နှာ၊ မှန်းစရာဟု၊ သတိပြုလေ။ ဒေါသပြေလော့' ဆိုတဲ့ ကဗျာလေးပါပဲ။

ဆိုလိုတာကတော့ ဒေါသဖြစ်လာရင် အသက်တိုမယ်၊ ရုပ်အိုလွယ်မယ်။ (ဒေါသကြီးသူဟာ ရုပ်အိုလွယ်တယ်၊ ရုပ်ကျလွယ်တယ်လို့ ဆိုလိုတာပါ) ဒေါသ ကြီးသူရဲ့ မျက်နှာဟာ စိုပြေမှုလုံးဝမရှိဘူး။ ဒေါသထွက်နေသူရဲ့ မျက်နှာဟာ ဘီလူးတို့၊ သားရဲသဘက်တို့ မျက်နှာတွေလိုပဲ ကြောက်စရာကောင်းတယ်။ ကျက် သရေလည်း လုံးဝမရှိဘူး။ ဒေါသကြီးသူရဲ့မျက်နှာဟာ တကယ်မုန်းစရာ ကောင်း တယ်။

အဲဒီလိုဆိုးကျိုး မကောင်းတာတွေ ဖြစ်လာမှာကို သတိပြုပြီး ဒေါသပြေပါလို့ ဆိုလိုတာပါ။

ဘုန်းကြီးကတော့ ဒေါသဖြစ်လာပြီဆိုရင် အဲဒီကဗျာလေးကို သတိရကာ ရွတ်ဆိုလိုက်ပါတယ်။ ဒေါသဟာ အဝေးကို ပြေးသွားတော့တာပါပဲ။

## ဒေါသကြီးသူ + သတိမူစရာများ

ဒီနေရာမှာ ဆက်ပြီးတော့ ဒေါသအမျက် ချောင်းချောင်းထွက်ရင် ဆက် လက်ပြီးတော့ ဖြစ်ပေါ်နိုင်တဲ့ ဆိုးကျိုးတွေကို ကောဓနသုတ်မှ ထုတ်ပြီး ပြောချင် ပါသေးတယ်။ မှတ်သားစရာကောင်းလွန်းလို့ပါ။ ဒေါသကြီးသူ သတိမူစရာတွေပါပဲ။

ဒေါသဆိုတာ စာလုံးလေးနှစ်လုံးပဲ ရှိတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသဆိုတဲ့ စာလုံးလေးနှစ်လုံးကို မထိန်းနိုင်လို့ ဆင်းရဲဒုက္ခတွေ ရောက်နေကြတာနော်။

(မှန်လှပါ ဘုရား)

## အမျက်ထွက်က + ဆင်းမလှ

* အမျက်ထွက်သူဟာ အဆင်းမလှဘူး။ ဆင်းရဲစွာ အိပ်ရ၊ နေရမယ်။ အကျိုးစီးပွား ရှိမယ်ထင်တာတွေဟာ အကျိုးမဲ့ဖြစ်သွားစေတယ်။

(အံ၊ ပါ၊ ၂၊ ၄၇၁)

## အမျက်ထွက်က + ဆုံးရှုံးရ

* အမျက်ထွက်တတ်ပြီး အမျက်ဒေါသ နှိပ်စက်ခံနေရသူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှုကို ပြုပြီး ဥစ္စာတွေ ဆုံးရှုံး ပျက်စီးတတ်တယ်။

## ခြံရံကင်းကွာ + ရှောင်ကြဉ်မှာ

* အမျက်ဒေါသဆိုတဲ့ ယစ်ခြင်းနဲ့ ယစ်တဲ့ယောကျ်ားဟာ အခြံအရံ အကျော်အစော မရှိတဲ့ အပြစ်ရောက်မယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေက အမျက်ထွက်သူကို ရှောင်ကြဉ်ကြမယ်။

## စိတ်ကိုဖျက်တတ် + ဒေါသမှတ်

* အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။ အမျက်ဒေါသဟာ စိတ်ကို ဖျက်ဆီးတတ်တယ်။ စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေကို ပညာမဲ့သူတွေ မသိပါဘူး။

## ကျိုးကြောင်းပိုင်ပိုင် + မသိနိုင်

* အမျက်ထွက်သူဟာ အကျိုးစီးပွားကို မသိနိုင်ဘူး။ အမျက်ထွက်သူဟာ အကြောင်းတရားကို မမြင်နိုင်ဘူး။ အမျက်ဒေါသဟာ သတ္တဝါကို နှိပ်စက်တဲ့အခါ အလွန်မိုက်မဲမှု ဖြစ်တယ်။

## မီးလောင်သလို + ပူပန်ရို

* အမျက်ထွက်သူဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။ သူဟာ နောင်အခါမှာတော့ အမျက်ဒေါသ ပြေပျောက်သွားရင် မီးလောင်သလို ပူပန်ရတယ်။

## ရှိန်စော်ကင်းပြန် + မျက်နှာဟန်

* အမျက်ဒေါသကြောင့် သတ္တဝါတွေဟာ အမျက်ထွက်ကြတယ်။ အမျက်ထွက်

တဲ့အခါမှာ မီးဟာ တထောင်းထောင်းထနေတဲ့ အခိုးကို ပြနေသလိုပဲ အရှိန်အစော်ကင်းမဲ့တဲ့ မျက်နှာရှိဟန်ကို ပြတယ်။

## ရှက် ထိတ် ရှိသေ + မရှိပေ

* အမျက်ထွက်သူမှာ ရှက်တာ၊ ထိတ်လန့်တာ မရှိ။
အမျက်ထွက်သူမှာ ဆုံးမတဲ့စကားကို ရိုသေမှု မရှိ။
အမျက်ဒေါသ နှိပ်စက်သူမှာ မှီခိုရာတစ်စုံတစ်ရာမျှ မဖြစ်နိုင်။

## စကားအလှ+ နာယူကြ

* ပူပန်သောကရောက်စေတတ်တဲ့ အဖသတ်ခြင်းစတဲ့ ကံတွေဟာ သမထ ဝိပဿနာတရားတွေမှ ဝေးကွာကြတယ်။
အဲဒီအကြောင်းကံတွေကို ဟုတ်တိုင်းမှန်စွာ ပြောကြားမယ်။ အဲဒီစကား တွေကို နာယူကြပါ။

## အမျက်ထွက်လတ် + ဖ မိ သတ်

* အမျက်ထွက်သူဟာ အဖ၊ အမိ၊ ရဟန္တာ၊ ပုထုဇဉ် ကို သတ်တတ်တယ်။

## အမိ အမြတ် + သူသတ်တတ်

* အမိမွေးမြူထားတဲ့သားဟာ ဒီလောကကို တွေ့မြင်ရတယ်။ အသက်ကို ပေးတတ်တဲ့ ငြိမ်းအေးသူ အမိကိုပင် အမျက်ထွက်သူ ပုထုဇဉ်ဟာ သတ် တတ်တယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ကိုယ့်ကိုသတ်တတ် + သတိချပ်

* ကိုယ်ချင်းစာတရား ရှိကြသူတွေဟာ မိမိကိုယ်ကို လွန်စွာချစ်တယ်။ အမျက် ထွက်သူဟာ အမျိုးမျိုးများနေ၊ အာရုံတွေမှာ တွေဝေနေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

## အဆိပ်စား။ ခုန်ချ + သေကြရ

* မိမိကိုယ်ကို သန်လျက်နဲ့သတ်တယ်။ တွေဝေနေတဲ့အတွက် အဆိပ်ကို စားတယ်။ ဖွဲကြိုးချသေကြတယ်။ တောင်ပေါ်မှ ခုန်ချ၊ ချောက်ထဲကို ခုန် ချပြီး သေကြတယ်။

## ပျက်စီးကြောင်းစစ် + ဒေါသဖြစ်

* စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကိုသေ စေတတ်တဲ့အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။
အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်း ဖြစ်တယ်။
ဒီဒေါသဟာ ကောဓအသွင်နဲ့ ဖြစ်နေတယ်။ နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ကျော့ကွင်းသဖွယ် ဖြစ်တယ်။ အဲဒီဒေါသကို ပညာ၊ ဝီရိယ၊ သမ္မာဒိဋ္ဌိ (ပညာ) နဲ့ ဆုံးမရမယ်၊ ပယ်ဖြတ်ရမယ်။

## ကုသိုလ်မွေ့ + ကျင့်သုံးရမယ်

* ပညာရှိဟာ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သကဲ့သို့ ထို့အတူပင် ငါတို့အား နှလုံးမသာယာ မျက်နှာမရွှင်တဲ့အဖြစ် မဖြစ်ပါစေနဲ့လို့ နှလုံးပြုပြီး ကုသိုလ်တရားတွေကို ကျင့်သုံးရမယ်။

## ကိလေသာတွေ + ငြိမ်းအေးပေ

* ဒေါသကင်းကွာပြီး ပင်ပန်းခြင်းမရှိသူ၊ လောဘကင်းကွာပြီး ငြူစူခြင်းမရှိသူ၊ ယဉ်ကျေးသူတွေဟာ အမျက်ဒေါသကို ပယ်ဖျောက်နိုင်သူတွေဟာ အာသဝေါကင်းကွာ ကိလေသာငြိမ်းအေးကြရတယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဘုရားက သတ္တဝါတွေကို မညှဉ်းဆဲရေး၊ မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားရေး ရှေ့နားမှာ ဟောခဲ့တာလေး ပြန်ဆက်ကြရအောင်။

လောကမှာ လူတွေဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားမနေကြဘူးလား။

(ကြိုးစားနေကြပါတယ် ဘုရား)

ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒေါသကင်းဝေးမှ ငြိမ်းချမ်းရေး ရမယ်။ ဒီလိုမဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီး တရားအမည် ပေးထားတာပါ။ ဘာတရားပါလိမ့်။

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားပါဘုရား။

## ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေး

ပရိသတ်ရေ၊ သူများကို အတင်းပဲညှဉ်းဆဲချင်တဲ့ ဒေါသစိတ် ကင်းဝေးမှ သူသူငါငါ သတ္တဝါတွေ လိုလားကြတဲ့ ငြိမ်းချမ်းရေး ရမယ်နော်။

(မှန်လှပါ ဘုရား)

ငြိမ်းချမ်းရေး ရပြီဆိုရင် သူသူငါ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းအေးမြမှာ မလွဲပါဘူး။

ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေးဆိုတာ တွဲနေပါ တယ်။

## ဘာသာမလို + ငြိမ်းချမ်းလို

တချို့ပညာရှင်ကြီးတွေ ပြောတာကြားဖူးတာလေး ရှိသေးတယ်။ အဲဒါက တော့ 'ဘာသာမလိုချင်ဘူး။ ငြိမ်းချမ်းရေးပဲ လိုချင်တယ်' ဆိုတဲ့စကားပါပဲ။

ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ အများကြီး ရှိပါထယ်။အဲဒီဘာသာ တိုင်းရဲ့ အဆုံးအမကောင်းတွေကို မျက်နှာလွှဲနေကြတော့ လူတွေလိုချင်တဲ့ ငြိမ်း ချမ်းရေးဆိုတာ ကွယ်ပျောက်နေတာပါပဲ။

ဘာသာအမျိုးမျိုးကြောင့် ကွာဟမှုတွေ၊ ငြင်းခုံမှုတွေ၊ စိတ်ဓာတ်အမျိုးမျိုး တွေ၊ သူ့ဘာသာ၊ ကိုယ့်ဘာသာစတဲ့ အစွဲအလမ်းကြီးမှုတွေကြောင့် ငြိမ်းချမ်း ရေး လမ်းစလေး ပျောက်နေတာကို သိမြင်ကြတဲ့ ပညာရှင်တွေက အထက်ပါစကား ကို ပြောဆိုတာဖြစ်မယ် ထင်ပါတယ်။ သူတို့ပြောတာ မှန်သင့်သလောက်တော့ လည်း မှန်နေတာပါပဲ။

## တွေးမိတာလေး ရေးမိတယ်

ဒီနေရာမှာ တွေးမိတာလေးကတော့ ဘာသာတိုင်းမှာ တကယ်ကောင်းတဲ့ အဆုံးအမကောင်းတွေ ရှိတယ်။ ဒီတော့ အဲဒီလိုအဆုံးအမကောင်းတွေ ပေး ထားတဲ့ ဘာသာကို လိုကိုလိုချင်ရမယ်။ အဆုံးအမကောင်းတွေပေးတဲ့ ဘာသာရှိနေ တာတောင် ငြိမ်းချမ်းရေး ပျောက်နေရင် ဘာသာမရှိပါက ပိုတောင်ဆိုးလာနိုင် တယ်လို့ တွေးမိပါသေးတယ်။

ဘာသာမလိုချင်ဘူးဆိုတာ ဘာသာရဲ့အဆုံးအမတွေကို မလိုချင်ဘူးလို့ ပြောသလို ဖြစ်သွားတယ်။

ဘာသာရဲ့အဆုံးအမကောင်းတွေ သိရ၊ မြင်ရ၊ ကြားရ၊ ဖတ်ရ၊ လိုက်နာ ကျင့်သုံးရတဲ့အတွက်ကြောင့် လောကမှာ လူတော်လူကောင်းတွေ အများကြီး ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ ဘာသာမဲ့ရင် ကျန်တာမဲ့တယ်လို့ ပြောချင်ပါတယ်။

ဘာသာမဲ့သူတွေဟာ ကျန်တဲ့ကောင်းကျိုးတရားတွေ မဲ့နေတယ်လို့ ဆိုတာပါ။

ဘာသာမဲ့ရင် ဘာတဲ့လဲ?

(ကျန်တာမဲ့ပါတယ် ဘုရား)

ဘာသာသိရင် ကျန်တာသိတယ်။

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ဘာသာ သိရင် ကျန်တာသိတယ်။ ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ သိနေရင် ကျန်တဲ့လောကရေး၊ ဓမ္မရေး စတဲ့ အရေးပေါင်းစုံ သိသွားတာပါပဲ။ သာသနာနဲ့ ဘဝကို သာယာအောင် တည်ဆောက်လို့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဘာသာသိရင် (ဘာသာရဲ့အဆုံးအမကောင်းတွေ သိပြီဆိုရင်) လူတိုင်းရဲ့ ဘဝ သာယာပြီ၊ ငြိမ်းချမ်းရေး ရပြီ၊ ငြိမ်းချမ်းအေးမြပြီလို့ ဆိုချင်ပါတယ်။

ဒီတော့ ပရိသတ်ရေ၊ လူတိုင်းရဲ့ဘဝကို သာယာစိုပြေအောင် ဖန်ဆင်းနိုင်တာ ဘာသာတရား။ ဘာတရားတဲ့လဲ?

(ဘာသာတရားပါ ဘုရား)

## ဘာသာရေးနဲ့ သာယာရေး

ကောင်းတဲ့ကောင်းကျိုးတွေ ဘာသာချင်သလဲ။ သာချင်တဲ့ကောင်းကျိုးတွေ ဘာမဆို သာအောင် ဆောင်ရွက်နိုင်တာ ဘာသာတရားဖြစ်တယ်။

'ဘာသာ' မှာ စာလုံးလေးနှစ်လုံးက ဘာရယ်၊ သာရယ်။ 'ဘာ သာ' ချင်သလဲ။ အားလုံးသာအောင် ပေးစွမ်းနိုင်တယ်။ အဲဒါ 'ဘာသာ' ဖြစ်တယ်လို့ အဓိပ္ပာယ်ပေါ်အောင် ဖော်ကြည့်မိပါတယ်။

ဘာသာမှာ ဘာပါသတဲ့လဲ?

(ဘာရယ် သာရယ်ပါပါတယ် ဘုရား)

သဲဘောပေါက်ပြီနော်။

(ပေါက်ပါပြီ ဘုရား)

ဘာသာရေးဟာ တကယ်တော့ သိသူ၊ လိုက်နာ ကျင့်သုံးသူတွေအတွက် ခရော နောင်ပါ သာယာရေးဖြစ်တယ်ဆိုတာ ပညာရှင်ကြီးတွေ လက်ခံထားကြပါတယ်။

ဘာသာရေးနဲ့ သာယာရေးဟာ တွဲနေပါတယ်။ ဘာသာရေးနဲ့ သာယာရေးဟာ ခွဲမနေပါဘူး။ ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဆိုတာလည်း တွဲနေပါတယ်လို့ သတိပြုသင့်ပါတယ်။

## ဘာသာရှိရင် ကျန်တာရှိတယ်

ဘာသာရှိရင် ကျန်တာရှိတယ်။ ဘာတဲ့လဲ?

(ဘာသာရှိရင် ကျန်တာရှိပါတယ် ဘုရား)

အေး– ဟုတ်ပြီ၊ ဘာသာရှိရင် ကျန်တဲ့လောကီ လောကုတ္တရာ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ၊ ခရော နောင်ပါ အရာရာ ကောင်းကျိုးအမျိုးမျိုးတွေ ရှိသွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ပညာရှင်ကြီးတွေရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ တင်ပြပြောဆိုတဲ့ အဆိုအမိန့်တွေကို နှစ်သက်အားရ သဘောကျပါတယ်။

ဖြည့်စွက်ပြီး တင်ပြချင်တာကတော့ "ဘာသာလည်း လိုချင်ပါ၊ ငြိမ်းချမ်းရေး လည်း လိုချင်ပါ" ဆိုတဲ့ စကားလေးပဲ ဖြစ်ပါတယ်။

ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဟာ ညီအစ်ကိုလို့ ဆိုချင်ပါတယ်။

## ငြိမ်းချမ်းရေးအတွက် + ဆေးတစ်ခွက်

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြပါစို့။

ဘုရားက စစ်တိုက်ဖို့ ပြင်ဆင်နေကြတဲ့ နတ်မင်းကြီးနှစ်ဦးကို စစ်မတိုက်ဖို့၊ မညှဉ်းဆဲကြဖို့၊ ဒေါသစိတ် ကင်းဝေးဖို့ 'ငြိမ်းချမ်းရေး' တရားတော် ဟောကြား တော်မူလိုက်ပါတယ်။

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့လို့ ငြိမ်းချမ်းရေးအတွက် ဆေးတစ်ခွက် တိုက်ကျွေးတော်မူတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို (ဒီစကားလေး) ကို ကြည့်ပြီးတော့ 'ငြိမ်းချမ်းရေး တွက်+ဆေးတစ်ခွက်' တရားတော်လို့ အမည်ပေးရင်ကော ဖရဘူးလား။

(ရပါတယ် ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ငြိမ်းချမ်းရေး လိုချင်တယ်ဆိုရင် ငြိမ်းချမ်းအေးမြ ချင်တယ်ဆိုရင် သူများကို ညှဉ်းဆဲလို့ ဖြစ်ပါ့မလား?

(မဖြစ်ပါဘူး ဘုရား)

## ဘေးနဲ့ အေး

ညှဉ်းဆဲရင် သူ့ရောကိုယ်ပါ သတ္တဝါအားလုံး ဆင်းရဲမယ်နော်။

(မှန်လှပါ ဘုရား)

ညှဦးဆဲရင်? (ဆင်းရဲမှာပါ ဘုရား)

ညှဦးဆဲရင် သူရော ကိုယ်ပါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဘေးဖြစ်မယ်။ မညှဦးဆဲရင် သူရော ကိုယ်ပါ ကိုယ်စိတ်ဆင်းရဲဘေး ဝေးကာ အေးရမယ်။

ဒီတော့ 'ညှဦးဆဲရင် ဘေး။ မညှဦးဆဲရင် အေး' လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မေတ္တာသုတ်ပါ အကြိုက်ဆုံးဂါထာ

ဒီနေရာမှာ ဆက်စပ်လို့ ပြောချင်ပါသေးတယ်။ မေတ္တာသုတ်ထဲမှာပါတဲ့ ဂါထာလေးပါ။ ဘုန်းကြီး အကြိုက်ဆုံး ဂါထာလေးပါပဲ။ အဲဒီဂါထာလေးကတော့

န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ ဂါထာလေးပါ။

## လှည့်ပတ်လိမ်ခြင်း + ကင်းရှင်းပါစေ

* ပရော- တစ်ယောက်က။ ပရံ- တစ်ယောက်ကို။ နနိကုဗ္ဗေထ- မလိမ် လည် မလှည့်ဖြားပါစေသား။

တစ်ယောက်က တစ်ယောက်ကို လိမ်လည် လှည့်ပတ်တာတွေ မဖြစ်ပါ စေနဲ့လို့ ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ အစီးအပွားမဲ့တွေကို ဖယ်ရှားလိုတဲ့ မေတ္တာပို့ ဆုတောင်းနော်။ (မှန်လှပါ ဘုရား)

လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာတွေဟာ ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။ လူတွေ ရန်များနေတာ၊ အစစအရာရာ အဆင်မပြေဖြစ်နေတာတွေ ဟာ တကယ်ကောက်ချက်ချကြည့်လိုက်တော့ လိမ်ညာ လှည့်ပတ်နေတာကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာဟာလည်း လူတွေကို ဆင်းရဲ အောင် ညှဦးဆဲတာ တစ်မျိုးပဲနော်။ (မှန်လှပါ ဘုရား)

## အထင်သေးခြင်း + ကင်းရှင်းပါစေ

* ပရော- တစ်ယောက်သောသူသည်၊ ကိဉ္စိ- တစ်စုံ တစ်ယောက်သော၊ နံပရံ- ထိုသူတစ်ပါးကို၊ ကတ္ထစိ- တစ်စုံတစ်ခုသော အရာဌာန၊ တစ်စုံတစ်ခုသော

အပ္ပကိစ္စမှာမှ။ နာတိမညေထ– လေးမြတ်ထိုက်သူ၊ မဟုတ်ဟူ၍၊ မကြည်ဖြူချေ၊ မရှိသေချင်၊ မထီမဲ့ မြင် မပြုပါရစေသား။

ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် တစ်ယောက်အပေါ်မှာ တစ်ယောက်က 'ဟာ ဒီကောင်က လေးစားထိုက်သူ မဟုတ်ပါဘူး။ ရိုသေထိုက်သူ မဟုတ်ပါဘူး'လို့ မထီမဲ့မြင် မလေးမစား အထင်သေး၊ အမြင်သေး ပြောဆို၊ ပြုလုပ်မှုတွေ မဖြစ်ပါစေနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးနေတာ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

တစ်ယောက်နဲ့တစ်ယောက် အထင်သေး၊ အမြင်သေးပြီဆိုရင် ရန်ဖြစ်တော့တာပဲ။ ရန်ဖြစ်တော့ ဆင်းရဲဒုက္ခတွေ တစ်သီတစ်တန်းကြီး များတော့တာပါပဲ။

ဒီတော့ အထင်သေးတာ၊ မထီမဲ့မြင်ပြုတာ၊ ပြောတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာတစ်မျိုးပဲ ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## ဆင်းရဲလိုခြင်း + ကင်းရှင်းပါစေ

* ဗျာရောသနာ– ကိုယ်နှင့်နှုတ်ကို၊ ချုပ်ချယ်လိုရိုး အလိုဆိုးဖြင့်လည်းကောင်း။ ပဋိဃသညာ– မနော်ဒွါရအား ထိပါးလိုရိုး၊ အလိုဆိုးဖြင့်လည်းကောင်း၊ အညမညဿ– တစ်ယောက်သည် တစ်ယောက်အား။ ဒုက္ခံ– ဆင်းရဲဒုက္ခ၊ မှန်သမျှကို။ နဣစ္ဆေယျ– နေ့ညခါခါ၊ အလိုမရှိပါစေသား။

ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ချုပ်ချယ်ထိပါးလိုတဲ့ အလိုဆိုးနဲ့ တစ်ယောက်နဲ့တစ်ယောက် အချင်းချင်း ဆင်းရဲဒုက္ခတွေကို မလိုလားကြပါနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးတာ ဖြစ်တယ်။

အဲဒီတော့ အချင်းချင်း ဆင်းရဲဒုက္ခရောက်အောင် ပြုတာ၊ ပြောတာ၊ ကြံတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာပါပဲ။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေးဂါထာ

ဒီဂါထာလေးကို ကောက်ချက်ချလိုက်တဲ့အခါမှာ လှည့်ပတ်ခြင်းကင်းတာ၊ အထင်သေးခြင်း ကင်းတာ၊ အထင်သေးခြင်း ကင်းရှင်းတာ၊ ဆင်းရဲလိုခြင်း ကင်းရှင်းတာတွေဟာ မညှဉ်းဆဲတာဖြစ်တယ်။ ဒေါသကင်းဝေးအောင် လုပ်တာ ဖြစ်တယ်။ မဆင်းရဲအောင် လုပ်တာဖြစ်တယ်လို့ ကောက်ချက်ချလို့ရတယ်။

ဒီတော့ ဒီ 'နပရောပရံ' စတဲ့ဂါထာတော်ဟာ 'မညှဉ်းဆဲအေး+ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်။ 'ဒေါသကင်းဝေး+ ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## အားလုံးငြိမ်းအေး + ငြိမ်းချမ်းရေး

ဒကာ ဒကာမတွေ ဒီဂါထာလေး ဆောင်ထား။ ဒီဂါထာလေးဟာ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းရေးဂါထာပါ ဘုရား)

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ မကောင်းတဲ့ ဆိုးကျိုးတွေ အားလုံးငြိမ်းပြီးတော့ အေးချင်တာတွေ အားလုံး အေးစေတဲ့ 'ငြိမ်းချမ်းအေး' ဂါထာတော်ကြဲ့။ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းအေး ဂါထာတော်ပါဘုရား)

## လောကမနေး + ငြိမ်းချမ်းရေး

လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး ရချင်ဟယ်ဆိုရင် ဒီဂါထာလေး လာတဲ့အတိုင်း မေတ္တာလည်း ပို့ရမယ်။ လက်တွေ့လည်း လိုက်နာကျင့်သုံးရမယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– ငြိမ်းချမ်းရေးလင်္ကာလေးတွေ လိုက်ဆို

* လှည့်ပတ်လိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

* အထင်သေးချင်၊ စိတ်အစဉ်၊ လှူရှင်ကင်းပါစေ။

* ဆင်းရဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

ညှဉ်းဆဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

ဒေါ်သကင်းဝေး၊ ငြိမ်းချမ်းရေး၊ အားပေးနိုင်ပါစေ

မညှဉ်းဆဲအေး၊ ငြိမ်းချမ်းရေး အားပေးနိုင်ပါစေ။

ငြိမ်းချမ်းရေးတွက်၊ ဆေးတစ်ခွက်၊ ဆက်ီလက် သောက်နိုင်စေ။

## ငြိမ်းချမ်းရေးတွက် + ဆေးနှစ်ခွက်

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့ဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးတစ်ခွက် တိုက်ကျွေးပြီးတော့ ဒေါသစိတ်ကို အမြန်ဆုံး ငြိမ်းအောင်လုပ်ကြပါဆိုတဲ့ ဆေးတစ်ခွက်ကို ထပ်ပြီးတော့ တိုက်ကျွေးတော်မူတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ မညှဉ်းဆဲခြင်းဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးက တစ်ခွက်၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် အမြန်ဆုံး ကြိုးစားကြပါဆိုတဲ့ ဆေးက တစ်ခွက်၊

ပေါင်းလိုက်တော့ ငြိမ်းချမ်းရေးတွက် ဆေးနှစ်ခွက်နော်။
(မှန်လှပါ ဘုရား)

## တူရာပေါင်းတော့ + တစ်ခွက်ပေါ့

မညှဉ်းဆဲခြင်းဆိုတာလည်း ဒေါသစိတ် ငြိမ်းအေးအောင် လုပ်တာ၊ ဒေါသစိတ် ငြိမ်းအေးခြင်း ဆိုတာဟာလည်း မညှဉ်းဆဲခြင်းပါပဲလို့ တူရာပေါင်းလိုက်ရင်တော့ 'ငြိမ်းချမ်းရေးတွက်+ ဆေးတစ်ခွက်' ပဲနော်။ (မှန်လှပါ ဘုရား)

## များလေ ကောင်းလေ + ဒကာဆွေ

ရှေ့က တရားထောက်တဲ့ ဒကာဆွေကို မေးရဦးမယ်။ တစ်ခွက် ကြိုက်သလား။ နှစ်ခွက် ကြိုက်သလား? များလေ ကောင်းလေပါပဲ ဘုရားတဲ့။
(အားလုံး ရယ်ကြ)
ဒကာက များများသောက်နေကြတယ်ထင်တယ်။
(အားလုံး ရယ်ကြ)

## စစ်ပွဲငြိမ်းအေး + တရားဆေးကြောင်း

ကဲ– ထားပါတော့။ ရှေ့ဆက်ကြရအောင်

ဘုရားရဲ့ မညှဉ်းဆဲကြပါနဲ့၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ တိုက်တွန်းဟောပြောတဲ့ တရားဆေး နှစ်ခွက်ကို သောက်သုံးလိုက်ရတယ်ဆိုရင်ပဲ နတ်မင်းကြီးနှစ်ပါးရဲ့ စစ်ပွဲဟာ တစ်ခါတည်း မီးကို ရေနဲ့သတ်လိုက်သလိုပဲ ပြေငြိမ်းသွားတယ်။ မြတ်စွာဘုရားရဲ့ တရားဆေးဟာ တကယ်အံ့သြစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## များ နည်း ကောင်းတာ + မေး ဖြေလှာ

ငြိမ်းချမ်းရေးတွက် ဆေးဘယ်နှစ်ခွက် တိုက်ကျွေးလိုက်သလဲ?
(နှစ်ခွက်ပါ ဘုရား)
ဒကာဆွေ၊ (ဘုရား)
များလေ ကောင်းလေပဲလား။ (အားလုံး ရယ်ကြ)
ဆေးပြောပါတယ်။ (အားလုံး ရယ်ကြ)
ဆေးကတော့? (များလေကောင်းလေပါဘုရား)
ကျန်တာတော့? (နည်းလေကောင်းလေပါဘုရား)

ဒကာဆွေ။ (ဘုရား)
နည်းလေ ကောင်းလေဆိုတာ ဘာလဲ?
(ဘီယာပါ ဘုရား) (အားလုံး ရယ်ကြ)
သောက်နေကြလေး တန်းပြောတာပဲနော်။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
ဘီယာဆိုတာ ဘာလဲ? အရက်နုပါ ဘုရား။
(အားလုံး ရယ်ကြတယ်)
အောင်မယ် အရက်တောင်မှ အရက်နုဆိုပါလား။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
အရက်ကြမ်းဆိုတာ ရှိသေးလား?
(အားလုံးရယ်ကြ)

## ဘီယာဆိုတာ + သိစရာ

ကဲ– ထားပါတော့၊ ဘီယာဆိုတာ အရက်နု၊ အရက်ကြမ်း ခေါ်တာ၊ မခေါ်တာတော့ မသိပါဘူး။ သိတာလေးကို စာပေအတိုင်း သဒ္ဒါရေးနဲ့ ပြောမယ်ဆိုရင်တော့ ဘယ က လာတာဖြစ်တယ်။ ဘယ ဆိုတော့ ဘေးပေါ့။ အဲဒီ ဘီယာဆိုတာ သောက်ရင် ဘေးဖြစ်မယ်။ ဘေးပေါင်းစုံဖြစ်စေတတ်လို့ ဘီယာ ခေါ်တယ်။

ကဲ– လင်္ကာလေး လိုက်ဆို

* ဘေးဖြစ်စေသော၊ ထိုသဘော၊ ဆိုပြောဘီယာခေါ်။
* ဘယဘေးတွေ၊ ဖြစ်စေတတ်၊ မှတ်လေ ဘီယာခေါ်။
* ဘယဘေးတွေ၊ အစုံပေ၊ ဖြစ်စေ ဘီယာခေါ်။

## ဆေးဖြစ် ဝါးဖြစ်

ဒကာဆွေ၊ (ဘုရား)
များလေ ကောင်းလေက?
(တရားဆေးပါဘုရား)
နည်းလေ ကောင်းလေက?
ဘီယာဆေးပါ ဘုရား။ (ရယ်ကြ)

တပည့်တော် ယောင်ပြောတာပါ ဘုရား။

(ရယ်ကြ)

ဒကာဆွေက ဘီယာကိုတောင် ဆေးဆိုပါလား။

(ရယ်ကြ)

များများသောက်တတ်တဲ့ ဒကာတွေကို ဘုန်းကြီးက သိပ်ပြီးမသောက်ကြနဲ့လို့ လျှော့သောက်လို့ ပြောတော့ ဒကာတစ်ယောက်က တပည့်တော် ဆေးဖြစ်ဝါးဖြစ်ပဲ သောက်တာပါ ဘုရားလို့ လျှောက်တယ်။

(အားလုံး ရယ်ကြ)

အဲဒီလိုလျှောက်တဲ့ ဒကာတစ်ယောက်ကို ဘုန်းကြီးက ဆေးဖြစ်ဆိုတာတော့ ထားပါတော့၊ 'ဝါး' ဖြစ်ဆိုတာ သိရဲ့လားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာက မသိပါ ဘုရားလို့ မလျှောက်ပါတယ်။ မသိရင် မှတ်ထားပါ။ တို့တွေးမိတာလေး ပြောဦးမယ်ဆိုပြီး ပြောပြလိုက်ပါတယ်။

အဲဒီသေရည် သေရက်တွေ၊ ခုခေတ်ဖေါ် ဘီယာစတဲ့ မူးမေ့စေတတ်တဲ့ အရည်တွေ အသောက်များသူတွေဟာ ရောဂါဆိုး ရောဂါအမျိုးမျိုးတွေ ရပြီးတော့ ဆေးမျိုးစုံကို ဝါးရတော့တာပါပဲ။ အဲဒီလို ဆေးမျိုးစုံ ဝါးဖြစ်တာကြောင့် ပါးဖြစ်။

(အားလုံးရယ်ကြ)

နောက်ပြီးတော့ အသောက်များသူတွေဟာ မသေခင်လည်း ပိန်ပိန်ကပ်ကပ်လေး၊ သေတော့လည်း ပိန်ခြောက်ပြီး ပိန်ပိန်ကပ်ကပ်လေး သေဆုံးရတယ်။ အဲဒီလို ပိန်ပိန်ခြောက်ခြောက်လေးနေ၊ ပိန်ပိန်ခြောက်ခြောက်လေး သေရတာကို တင်စားပြီးတော့ ဝါးလုံးလေးလို ဖြစ်သွားတာကြောင့်လည်း ဝါးဖြစ်။

(အားလုံး ရယ်ကြ)

ဈေးကြီးတဲ့ ဆေးမျိုးစုံနဲ့ ဆေးဖိုးရဲ့ ဝါးမျိုခြင်းကို ခံရတဲ့အတွက်ကြောင့်လည်း "ဝါး"ဖြစ်။

(အားလုံး ရယ်ကြ)

ကဲ– "ဝါးဖြစ်" လင်္ကာလေးတွေ လိုက်ဆို

* ရောဂါရတုန်၊ ဆေးမျိုးစုံ၊ အကုန်ဝါးဖြစ်ပေ။

* ရောဂါရချေ၊ ပိန်ကပ်နေ၊ ပိန်သေ ဝါးဖြစ်ပေ။

* ဈေးကြီးဆေးများ၊ ဆေးဖိုးများ၊ မျိုဝါး ဝါးဖြစ်ပေ။

## သူတို့အားထား + မြတ်ဘုရား

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

လောကရဲ့အကြီးအမှူးဖြစ်တဲ့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်ရာရယ်လို့ ဆည်းကပ်ကြတယ်။

နတ်မင်းကြီးနှစ်ဦးဟာ မြတ်စွာဘုရားကို တကယ် အားထားသွားကြတယ် နော်။ (မှန်လှပါဘုရား)

## သူတို့ဘဝ + ရင်အေးရ

ဘုရားက တရားဟောတော့ တရားနာကြားတာဟာ တရားကို လိုက်နာကျင့်သုံးတာဟာ တရားကို ကိုးကွယ်အားထားတာ ဖြစ်တယ်။ ဒီတော့ နတ်မင်းကြီး နှစ်ပါးရဲ့ နှလုံးသားမှာ ဘုရားသရဏဂုံ၊ တရား သရဏဂုံတွေ တည်သွားကြပြီနော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* နတ်မင်းနှစ်ပါး၊ မြတ်ဘုရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ မြတ်တရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ ဘုရားတည်လေပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ အပြုံးများရပြီ။
* ဒေါသကင်းဝေး၊ ငြိမ်းချမ်းရေး၊ ရင်အေးရလေပြီ။

## ဖြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

စကျွင်းပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ စစ်မြေပြင်မှာ ရှိနေကြတဲ့ နတ်အပေါင်းကို သိစေတော်မူကာ ခြေတော်ကို ကြွချီတော်မူတယ်။

နတ်အများ ကြည့်ရှုနေစဉ်မှာပဲ မြောက်အရပ်ကို ကြွသွားတော်မူတယ်။

## ကမ္ဘာတစ်သိန်း + အပါယ်ငြိမ်း

အခြေနှစ်ချောင်းရှိသူ နတ်လူတွေကို အမြဲရကာ တာဒိဂုဏ်နဲ့ ပြည့်စုံ

တော်မူတဲ့ မြတ်စွာဘုရားကို သူဟာ ရှေးဦးစွာ ကိုးကွယ်အားထား ဆည်းကပ်သူ ဖြစ်တယ်။ သူဟာ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလား မရောက်ရပါဘူး။

ဘုရားကိုးကွယ်၊ တရားကိုးကွယ်တဲ့ ကုသိုလ်ကြောင့် သူဟာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။

လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးလုံးကို ခံစားရပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ဘုရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* တရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* ဘုရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* တရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* လူ နတ် နှစ်ပါး၊ ချမ်းသာများ၊ ခံစားရလေပြီ။

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ကမ္ဘာသုံးသောင်းထက်မှာတော့ ရထားစီးမင်းတွေထက် မြတ်တဲ့ 'မဟာ ဒုန္ဒုဘိ' အမည်ရှိတဲ့ စကြဝတေးမင်းတွေ ၁၆ ကြိမ် ဖြစ်ဖူးပါတယ်။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ အမျိုးကောင်းအိမ်မှာ လာဖြစ်ရတယ်။ အရွယ်ကြီးလာတော့ ဘုရားကြည်ညိုကာ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

စကြဝတေးမင်းဖြစ်ရတဲ့ ကောင်းကျိုး၊ နောက်ဆုံး ရဟန္တာဖြစ်ရတဲ့ ကောင်း ကျိုးတွေဟာ ဘုရားကိုးကွယ်၊ တရားကိုးကွယ်ရတဲ့ ကောင်းကျိုးတွေနော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဒီနေ့ ဒကာ ဒကာမတွေကို အဓိကအမည်ပေး ပြီး ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတဲ့ လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေးပါ) တရားတော်ပါ ဘုရား။

ဒကာ ဒကာမတွေ၊ ငြိမ်းချမ်းရေး မလိုချင်ကြ ဘူးလား?

(လိုချင်ပါတယ် ဘုရား)

အေး– ငြိမ်းချမ်းရေးလိုချင်ရင် ဘာကင်းအောင် လုပ်ရမလဲ?

(ဒေါသကင်းအောင် လုပ်ရမှာပါ ဘုရား)

## ဘယ်သူ့ရည်ရွယ် ဖြေပြကွယ်

ဒီတရား ဘယ်သူ့ကို အဓိကရည်ရွယ်ပြီးတော့ ဟောတယ်ဆိုတာ သိရဲ့လား?

(သိပါတယ်ဘုရား)

ဘယ်သူ့ကိုလဲ?

(စိတ်တိုတဲ့ တပည့်တော်တို့ကိုပါ ဘုရား)

အဲဒီ အဖြေ မှားတယ်။ အဖြေမှန် မသိချင်ဘူးလား?

(သိချင်ပါတယ် ဘုရား)

သိချင်ရင် တရားနာနေကြတဲ့ ဒကာ ဒကာမတွေ အားလုံး ဘုန်းကြီးကို ကြည့်လိုက်ကြပါ။ ဘုန်းကြီး သေသေချာချာပြမယ်။ ဘုန်းကြီးရဲ့လက်ညှိုးလေးနဲ့ ထိုးပြတာ မြင်ရပြီနော်။

(မြင်ရပါပြီ ဘုရား)

ဘယ်သူ့ကို ရည်ရွယ်?

(တရားဟောနေတဲ့ ဘုန်းကြီးကိုပါ ဘုရား)

အောင်မယ်လေး၊ လျှာရှည်လိုက်တာ 'ဘုန်းကြီး' ဆို တော်ရောပေါ့။ ခုတော့ ဝိသေသန မပြီးတော့ တရားဟောနေတဲ့ဆိုတာ သူတို့မှ ထည့်ရက်တယ်။

(အားလုံး ရယ်ကြ)

ထပ်ဖြေပါဦး၊ ဘယ်သူ့ကို ရည်ရွယ်?

(ဘုန်းကြီးကိုပါ ဘုရား)

အဲဒီလောက်ဆို သိလောက်ပါတယ်။ တော်သေးတာပေါ့။

(အားလုံး ရယ်ကြ)

ကဲ– ထားပါတော့။ တရားဟောတဲ့ ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။

စိတ်တိုလို့ မှားခဲ့တာတွေလည်း မရေနိုင်တော့ပါဘူး။ ဒါကြောင့် ဒီတရားတော်ဟာ သူများရည်ရွယ်ပြီးတော့ ဟောတဲ့တရားမဟုတ်ပါဘူး။ တရားဟောနေတဲ့ ပလ္လင်ပေါ်က ကိုယ့်ကိုယ်ကို ရည်ရွယ်ပြီး ဟောတဲ့တရားပါလို့ အမှန်အတိုင်း ဝန်ခံ ပြောပြမိပါတယ်။

## ဒေါသကြောင့်မှား အမှားတစ်ထောင်

ဒေါသကြောင့် မှား။ အမှား မရေနိုင်လို့တောင် မှတ်တမ်းတင်မိပါတယ်။

တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေ ကျောင်းလာရင် ဘာလုပ်လာတာလဲလို့ မေးတော့ တရားပွဲ လာပင့်ကြောင်း လျှောက်တဲ့အခါ ပြောမိတာလေးက တရားပွဲ ပင့်မနေပါနဲ့တော့၊ တရားမဟောချင်တော့ဘူးလို့ ပြောမိပါတယ်။ အဲဒီလို ပြောတော့ တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေက ဘာဖြူလို့ မဟောချင်တာလဲ ဘုရား။ တပည့်တော်တို့ လှူတာ နည်းလို့လားလို့ ထပ်လျှောက်ကြပါတယ်။

ဘုန်းကြီး ပြောလိုက်တာကို သေသေချာချာ နားထောင်နော်။ နည်းလို့ မဟုတ်ပါဘူး။ မများလို့ပါ။

(အားလုံး ရယ်ကြ)

ကဲ- ထားပါတော့၊ ဒါက ရယ်စရာလေး ပြောတာပါ။ တကယ်ပြောတဲ့ စကားက 'တို့တရားဟောနေတဲ့ ဘုန်းကြီးကိုယ်တိုင် တရားမရှိလို့ပါ' လို့ ပြောလိုက်တာပါ။

(ရယ်ကြ)

မရယ်နဲ့၊ တကယ်ပြောတာ။

(ထပ်ရယ်ကြ)

## မီးသတ်ကားကြီး မီးလောင်နေ

တစ်ခါက မြို့တစ်မြို့မှာ နာမည်ကြီး ဆရာတော်ကြီးတစ်ပါး တရားဟောတော့ မိုက်က တဂွီဂွီမြည်နေတယ်။ အဲဒီဆရာတော်ကြီးက ဟောက်ငေါက်မာန်မဲပြီး မိုက်ကိုချွတ်ပြီး ကိုင်ပေါက်လိုက်တယ်။ ပြီးတော့ တရားမဟောဘဲ ပလ္လင်ပေါ်က ဆင်းသွားတယ်။

ဒကာ ဒကာမတွေက ကောင်းတဲ့မိုက် စီမံပေးပါ့မယ်၊ တရားဆက်ဟောပါဘုရားလို့ ငိုယိုလျှောက်ပေမယ့်လည်း မရပါဘူး။ အဲဒီမြင်ကွင်းကို တွေ့မြင်လိုက်ရတဲ့ လက်သံပြောင် စာရေးဆရာတစ်ယောက်က ဆောင်းပါးရေးထည့်လိုက်တယ်။

သူဆောင်းပါးရဲ့ နာမည်ခေါင်းစီးက တော်တော်လေးကောင်းတယ်။ ''မီးသတ်ကားကြီး မီးလောင်နေတယ်'' ဆိုတဲ့ ခေါင်းစီးပါ။ ဘုန်းကြီးတို့ တရားဟော ဘုန်းကြီးတွေ၊ စာရေးဆရာတွေ၊ တရားပြဆရာတွေဟာ သူများကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာမီးတွေ ငြိမ်းအေးအောင် မီးငြိမ်းပေးနေသူတွေပါ။ တင်စားပြောမယ်ဆိုရင်တော့ မီးသတ်ကားကြီးပါ။ သူများကို မီးငြိမ်းပေးမယ့် (မီးသတ်ပေးမယ့်) ဘုန်းကြီးတို့ မီးသတ်ကားကြီး ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိတဲ့ ကိလေသာမီးတွေ လောင်နေမယ်ဆိုရင်တော့ ''မီးသတ်ကားကြီး မီးလောင်နေတယ်'' ဆိုတဲ့ စာရေးဆရာ့ရဲ့ ရေးသားချက်ဟာ နည်းတောင်နည်းသေးတယ်လို့ ပြောရမှာပါပဲ။ တရားဟောသူ မီးသတ်ကားကြီး ကိုယ်တိုင်က မီးလောင်နေရင် သူများဟောလို့ မီးငြိမ်းပေးဖို့ ဖြစ်ပါတော့မလား။

(မဖြစ်ပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးပြောတဲ့ တရားမရှိလို့ တရားတွေကုန်နေလို့ တရားမဟောချင်ဘူးဆိုတာ သဘာဝကျတယ်နော်။

(မှန်လှပါ ဘုရား)

## အရိပ်ထဲက အပူသည်

တချို့ကလည်း တင်စားပြီးတော့ ရေးသားကြ၊ ပြောကြသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တရားဟောသူ၊ တရားပြသူ၊ တရားစာ ရေးသားထုတ်ဝေသူ၊ စာရေးဆရာဆိုသူတွေဟာ အားမနာတမ်း ပြောရမယ်ဆိုရင်တဲ့ ''အရိပ်ထဲက အပူသည်တွေ''တဲ့။ တော်တော်လေး ကောင်းပါတယ်။ မှန်တာပေါ့။ သူများကိုတော့ အေးမြအောင် အရိပ်ကောင်းတွေ ပေးနေကြတာပဲ။ အရိပ်ပေးနေသူတွေ ကိုယ်တိုင်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ များနေမယ်ဆိုရင် တကယ်မှန်တဲ့ ''အရိပ်ထဲက အပူသည်တွေ''ပါပဲ။

## စဉ်းစား တကယ် ရှက်မိတယ်

တစ်ခါတလေတော့လည်း စဉ်းစားတွေးတောပြီး ရှက်မိသေးတယ်။ ငါဟာ 'မီးလောင်နေတဲ့ မီးသတ်ကားကြီး'ပါလား။ 'အရိပ်ထဲက အပူသည်ကြီး'ပါလား။ 'လရောင်အောက်မှာ လမ်းပျောက်နေသူ'ပါလားလို့ စဉ်းစားတွေးတောကာ ရှက်မိတာပါ။

## တစ်ခါတလေ အားတင်းနေ

တစ်ခါတလေတော့လည်း အားတင်းလိုက်ပါတယ်။ 'မီးသတ်ကား ဖြစ်ရတာ နည်းတဲ့ကုသိုလ် မဟုတ်ပါလား'၊ 'အပူသည်ဆိုပေမယ့်လည်း တော်သေးရဲ့ အရိပ်ထဲက အပူသည်ဖြစ်ရတာ'၊ 'လမ်းပျောက်တာ တော်သေးရဲ့ လရောင်အောက်မှာ လမ်းပျောက်တာ'လို့ တွေးတောစဉ်းစား အားတင်းလိုက်တာပါပဲ။

## မီးသတ်ကားကြီး နောက်တစ်စီး

မီးသတ်ကားကြီး တစ်စီးအကြောင်း ပြောရဦးမယ်။ ဒီအကြောင်းကတော့ သာကေတမြို့က အကြောင်းကလေးပါ။ သာကေတမြို့က ဓမ္မာရုံတစ်ရုံမှာ နှစ်စဉ်တရားပွဲများ ကျင်းပလေ့ရှိပါတယ်။ နာမည်ကြီး ဆရာတော်များကိုရွေးပြီး ပင့်လေ့ရှိပါတယ်။ အဲဒီပင့်တဲ့ဆရာတော်တွေထဲမှာ ဘွဲ့တော်ဆင်တူရိုးမှား ဖြစ်နေတဲ့ ဆရာတော်နှစ်ပါး ပါပါတယ်။ လုံးဝတော့ မတူပါဘူး။ နည်းနည်းလေးတူသလို ဖြစ်နေပါတယ်။ ကျောင်းတိုက်တွေ၊ မြို့နယ်တွေကတော့ လုံးဝကို မတူပါဘူး။ တရားပွဲ ကျင်းပသူတွေက တရားပွဲအစီအစဉ်ကို သတင်းစာထဲမှာ ထည့်လိုက်ပါတယ်။ ဆင်တူရိုးမှား ဆရာတော်နှစ်ပါးရဲ့ နေ့ရက်တွေ၊ ကျောင်းတိုက်တွေ၊ မြို့နယ်တွေမှန်ပြီးတော့ ဘွဲ့တော်တွေဟာ မှားနေတာ ပါလာပါတယ်။ နာမည်အကြီးဆုံး ဆရာတော်ဟောမယ့်ရက်မှာ ကြွရောက်လာပြီး ဓမ္မာရုံက လူကြီးတွေကို တော်တော်လေး ဆူပါတယ်၊ ငေါက်မာန်ပါတယ်။

ဓမ္မာရုံက လူကြီးတွေက မှားတာ တောင်းပန်လျှောက်ထားလည်း မရပါဘူး။ တရားဟောတော့လည်း စိတ်တိုတိုကြီးနဲ့ ဟောတာ မကောင်းပါဘူး။ ဟိုပြော ဒီပြော စောင်းတဲ့ရွဲ့တဲ့စကားတွေနဲ့ပဲ တရားပွဲပြီးသွားပါတယ်။ တရားပွဲပြီး ပြန်ခါနီးမှာလည်း မင်းတို့ဓမ္မာရုံ ငါ့ကို ဘယ်တော့မှ မပင့်နဲ့လို့ ဒေါသသံကြီးနဲ့ ပြောသွားပါသတဲ့။

အဲဒီလိုပြောတာ ကြားလိုက်တဲ့ ဒကာတွေထဲမှာ စိတ်တိုတတ်တဲ့ လူငယ်လေး တစ်ယောက်က ''စိတ်ချပါ၊ မပင့်ပါဘူး''လို့ လျှောက်လိုက်ပါသတဲ့။

ဓမ္မာရုံက လူကြီးတွေဟာ တော်တော်လေး စိတ်ပျက်သွားကြပါတယ်။ တရားဟောတဲ့ မီးလောင်နေတဲ့ မီးသတ်ကားကြီးတွေကို လန့်နေတယ်တဲ့။

ဓမ္မာရုံ လူကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတာကတော့ 'တပည့်တော်တို့ကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ နည်းပါးအောင် ဆုံးမမယ့် တရားဟောဆရာတော်က တပည့်တော်တို့ထက် ဒေါသကြီးနေ

တာ အံ့ဩစရာကောင်းတယ် ဘုရား။ တပည့်တော်တို့ကလည်း သူက မပင့်နဲ့ဆို တော့ မပင့်ရဲတော့ပါဘူး ဘုရား'လို့ လျှောက်ထားပါတယ်။

## သာသနာပြု + ကဗျာနု

အဲဒီလိုလျှောက်ထားတော့ အဲဒီဒကာတွေ စိတ်သက်သာရာ ရအောင် အားပေးစကား ပြောကြားလိုက်တာကတော့ "စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ" ဆိုတဲ့ ကဗျာလေးအတိုင်း စိတ်ရှည်ရှည်ထားပြီး ဖွဲ့သန်သန်နဲ့ သည်းခံကာ သာသနာပြုပါလို့ ပြောလိုက်ပါတယ်။

## မီးသတ်ကားတွေ + ရေပါပါစေ

နောင်တရားပွဲပင့်တဲ့အခါမှာလည်း "ရေပါတဲ့ မီးသတ်ကားကြီးတွေ၊ ကား လတ်တွေ၊ ကားလေးတွေ ရွေးပင့်ပါ"လို့ ပြောလိုက်ပါတယ်။

မှော်ရုံဒကာကြီးတစ်ယောက်က "ဆရာတော် ပြောတာ သဘောမပေါက်ဘူး။ ရှင်းပြပါဦး ဘုရား" လျှောက်ထားပါတယ်။

ရေပါတဲ့ မီးသတ်ကားဆိုတာ ဒကာ ဒကာမတွေရဲ့အပေါ်မှာ တကယ် ကောင်းကျိုးလိုလားတဲ့ မေတ္တာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ သံသရာ ဝဋ်ဆင်းရဲက တကယ်လွတ်မြောက်စေချင်တဲ့ သနားခြင်း ကရုဏာရေကို ဆိုလို တာပါ။ ဒကာ ဒကာမတွေ တရားတွေ နာကြ၊ သိတတ် ကျင့်ကြံတတ်တဲ့အခါမှာ ဝမ်းမြောက်တဲ့ မုဒိတာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ ကံမကောင်း အကြောင်းမလှတဲ့အခါမှာလည်း ဒါဟာ တကယ်တော့ ကံအတိုင်းပဲ ဖြစ်ကြ ပျက်ကြရတာပဲလို့ အသင့်အားဖြင့် ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ဥပေက္ခာရေကို ဆိုလိုတာပါလို့ ရှင်းပြလိုက်တော့မှ သဘောကျသွားပါတယ်။

မီးသတ်ကားတွေ ရေပေါပါစေလို့ ဆုတောင်းပါတယ်။

မီးပါတဲ့ မီးသတ်ကားတွေ ပင့်လို့ကတော့ မီးဆက်လောင်နေဦးမှာပဲလို့ လည်း မှာလိုက်ပါတယ်။

ဒကာတစ်ယောက်ကတော့ "မီးပါတဲ့ မီးသတ်ကား၊ ရေပါတဲ့ မီးသတ်ကား" ဆိုတာ ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲ ဘုရားလို့ လျှောက်ပါသေးတယ်။

ဘုန်းကြီးကတော့ "ပကတိမျက်စိနဲ့လည်း ကြည့်၊ ဉာဏ်မျက်စိနဲ့လည်း ကြည့်ပါ" သိပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။

ကဲ– ထားပါတော့၊ မီးသတ်ကားကြီးတွေ အကြောင်းပြောတာ တော်တော် လေး စုံသွားပါပြီ။

## ငြိမ်းချမ်းရေးရ + အေးမြပါစေ

ဘုန်းကြီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြစ်မှားတိုတတ်တဲ့ ဒေါသ ဆိုးများ နှလုံးသားဝေးကွာ သာယာအေးမြ ငြိမ်းချမ်းရေး ရကြပါစေ၊ ငြိမ်းချမ်း အေးမြကြပါစေလို့ ကုသိုလ်ပြုတိုင်း ဆုတောင်းမိတဲ့ "ငြိမ်းချမ်းရေး ဆုတောင်း" ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

"ပြစ်မှားတိုတတ်၊ စိတ်မမြတ်ခြင်း။ ဒေါသကင်းမှ၊ ရင်တွင်းမှာအေး။ ငြိမ်းချမ်းရေးတွေ၊ ရနိုင်ပေပဟု၊ ကဗျာပြုယုံ၊ စာနုဆို၍၊ ခုကိုငြိမ်းချမ်း။ နောင်ငြိမ်းချမ်း စေ၊ တောင်းဆုချွေသည်၊ ကောင်းမှုထွေထွေ ပြုတိုင်း တည်း"

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ကျမ်းညွှန်း ။ အပဒါန၊ ပါဠိ၊ ၁၊၁၆၂
အပဒါန၊ ဋ္ဌ၊ ၂၊ ၁၃၀
မြန်မာပြန်၊ ၁၊ ၁၆၆။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာစုပ္ပိယဝဂ်၊ ယညသာမိက
ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲတော်သဘင် ဆင်ယင်ကျင်းပနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို ဟောကြားမယ့် တရားတော်က "သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်) တရားတော်ပါ ဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

ယညသာမိက မထေရ်ဟာ သူ့ဘဝအကြောင်းတွေကို သူကိုယ်တိုင် ပြန် ဟောပြထားတဲ့ တရားတော်ပါ။

### ယဇ်ပူဇော်ရန်+အားထုတ်ပြန်

ငါဟာ မွေးဖွားပြီးတော့ ခုနစ်နှစ်ပဲ ရှိပါသေးတယ်။ ဗေဒင်ကိုတော့ တစ်ဖက်ကမ်းရောက် တတ်မြောက်ပါတယ်။ အမျိုးအနွယ်ရဲ့ကျင့်ဝတ်ကိုတော့ ဆောင်ထားပါတယ်။ ငါဟာ ယဇ်ပူဇော်ရန် အားထုတ်နေပါတယ်။

(အပဒါန်၊ ပါဠိ ၁၊ ၂၉၆)

### တိုင်မှာချည်ထား + သားကောင်းများ

ငါဟာ ရှစ်သောင်းလေးထောင်ကုန်သော သားကောင်တွေကို သတ်ဖြတ်တယ်၊ အဲဒီသားကောင်တွေကို ကြိုးတွေနဲ့ ချည်ကာ ယူဆောင်ပြီးတော့ ယဇ်ပူဇော်ရန်အတွက် တိုင်မှာချည်ထားပါတယ်။

### ရွှေရှားမီးလို + နေလာလို

ပန်းထိမ်ဖိုမှာ ဦးပြီးတဲ့ရွှေလို၊ ရှားမီးလို၊ တက်လာတဲ့ နေမင်းလို၊ လပြည့် နေမင်းလို–

## ဘုရားငါ့ထံ + ကြွလာပြန်

လောကီ လောကုတ္တရာ အကျိုးအားလုံးကို ပြီးစေတော်မူတဲ့၊ လူသုံးပါးတွေ ပူဇော်အပ်တဲ့၊ အကျိုးစီးပွားကို ဆောင်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ထံ ကြွလာပြီးတော့ ဒီစကားတော်ကို မိန့်တော်မူတယ်။ (ဒီတရားကို ဟောတော်မူတယ်)

## ဘုရားနှစ်သက် + မိန့်မှာချက် လေးပါး

သတ္တဝါ။ သတ္တဝါအားလုံးကို မညှဉ်းဆဲတာကို ငါဘုရား နှစ်သက်တော်မူတယ်။

* ခိုးခြင်း ရှောင်တာ၊
* သူများ ကာမပိုင်လွန်ကျူးပြီး ကျင့်ခြင်းရှောင်တာ၊
* သေရည်သေရက် သောက်ခြင်း ရှောင်တာ ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

## သေရည်ဆိုတာ + မှတ်စရာ

သေရည်ဆိုတာ လူတွေကို (သောက်သူတွေကို) မြန်မြန် သေစေတတ်တဲ့ အရည်၊ ကုသိုလ်ကောင်းမှုတွေကို သေစေတတ်တဲ့ အရည်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

အဲဒီအရည်တွေ သောက်ပြီဆိုရင် ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်သေးရဲ့လား။

(မလုပ်နိုင်တော့ ပါဘုရား)

ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်တော့ ကုသိုလ်ကောင်းမှုတွေ သူ့အတွက် သေမနေဘူးလား။

(သေနေပါတယ် ဘုရား)

သေရည်ဆိုတာ သဘောပေါက်ပြီနော်။

(မှန်လှပါ ဘုရား)

## သေရက်ဆိုတာ + ဒီလိုပါ

သေရက်ဆိုတဲ့ အဲဒီအရည်တွေ သောက်သူတွေဟာ သေမယ့်ရက်တွေနဲ့ အမြန်ဆုံးနီးကပ်သူတွေ ဖြစ်တဲ့အတွက် သေရက်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ခုခေတ်မှာတော့ 'သေ'ဆိုတဲ့ စကားလုံးလေး ပျောက်ပြီး အရက်လို့ ခေါ်နေကြတာပါပဲ။

## မြန်မြန်သေချင် များများသောက်

ဘုန်းကြီးတို့ ဒကာတွေထဲမှာ သေရည် သေရက် သောက်သူတွေ ပါတယ်။ အဲဒီ ဒကာတွေကို ဘုန်းကြီး ပြောတဲ့စကားကတော့ ဒကာ၊ မြန်မြန်သေချင်ရင် မြန်မြန်သောက်၊ များများသောက်ပါလို့ ပြောမိပါတယ်။ မြန်မြန်မသေချင်ရင်တော့ လျှော့သောက်လို့ ပြောရပါတယ်။

## ဒကာတစ်ယောက် + လျှော့သောက်ပုံလေး

ဒကာတစ်ယောက်ကတော့ လျှော့သောက်ဆိုလို့ လျှော့သောက်နေပါတယ် ဘုရားလို့ လျှောက်တော့ ဘုန်းကြီးက အဟုတ်မှတ်နေတာ။ မင်း တကယ်လျှော့သောက်နေပြီလားလို့ မေးတော့ တပည့်တော် တအားသောက်လို့ ဗိုက်တင်းလာရင် ပုဆိုးဖြေလျှော့ပြီး ထပ်သောက်တာပါ ဘုရားတဲ့၊ ကောင်းရောဗျာ။

## လူမိုက်အကြီးစား + လူမိုက်ကြီးများ

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်။

ဟိုတလောက ရပ်ကွန်းဒကာမတစ်ယောက်ရဲ့ အသက် ၄၀ ကျော် မောင်လေး ဆုံးတော့ တရားဟော ရောက်သွားတယ်။ ရပ်ကွန်းဒကာမရဲ့ ငိုသံဆန်းလေး ကြားရတော့ ဘုန်းကြီးတောင် စိတ်မကောင်းဖြစ်မိသေးတယ်။ သူငိုပုံလေးက မောင်လေး လူမိုက်ကြီး၊ မင်း မသောက်ပါနဲ့ဆိုတာ ပြောမရဘူး။ ခုတော့ မင်းအစ်ကိုကြီး၊ အစ်မကြီးတွေအရင် သေရပြီမဟုတ်လား။ လူမိုက်ကြီး၊ လူမိုက်ကြီးလို့ ခေါ်ခေါ်ပြီးတော့ ငိုတာပါပဲ။ အဲဒီငိုသံကြားရတော့မှ လူမိုက်တောင်မှ သေးသေးမွှားမွှား အသေးစား အငယ်စား လူမိုက်မဟုတ်ပါလား။ များများသောက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မြန်မြန်သေတဲ့လူတွေဟာ "လူမိုက်အကြီးစား၊ လူမိုက်ကြီးတွေပါလား"လို့ သတိထားမိပါတော့တယ်။

ကဲ- ဒီတရားနာ ပရိသတ်တွေထဲမှာ အကြီးစားတွေ ဘယ်လောက်ပါသလဲ ကြည့်လိုက်စမ်းမယ်။ ဟာ မနည်းပါလား။ (ရယ်ကြ)

အလကား ရယ်စရာပြောတာပါ။ တရားနာတဲ့ ဒကာတွေ မပါပါဘူး။

## ဘုရားနှစ်သက် + မိန့်မှာချက် သုံးပါး

* မြတ်တဲ့ (တူမျှတဲ့) အကျင့်မှာ မွေ့လျော်ပျော်ပိုက်တာ ငါဘုရား နှစ်သက်တော်မူတယ်။
* အကြားအမြင်များတာ ငါဘုရား နှစ်သက်တော်မူတယ်။

ဒီနေ့ ဒကာ ဒကာမတွေ လောကီ၊ လောကုတ္တရာ အသိဉာဏ်တွေ များအောင် တရားနာနေတာဟာ ဘုရားနှစ်သက်တဲ့ လုပ်ငန်းဖြစ်တယ်နော်။

(မှန်လှပါဘုရား)

* ကိုယ့်အပေါ် ပြုထားတဲ့ သူတစ်ပါးရဲ့ ကျေးဇူးတရားတွေ သိတာကို ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို ဘာပြောချင်၊ မှာချင်သလဲဆိုတော့ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူများရဲ့ အပေါ်မှာ ကျေးဇူးသိပါ။ ကျေးဇူးပြောပါ။ ကျေးဇူးမှတ်ပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူး မမေ့ပါနဲ့လို့ ပြောချင် မှာချင်တာပါပဲ။

## ကျေးဇူး သိ ဆပ် + ကိုယ့်မူမြတ်

ဘုန်းကြီးတို့မူကတော့ ကျေးဇူးသိ၊ ကျေးဇူးကြည့်၊ ကျေးဇူးပြော၊ ကျေးဇူးမှတ်၊ ကျေးဇူးဆပ်တဲ့ မူပါပဲ။ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဘယ်အပြောကိုပဲ ပြောပြော၊ ဘယ်အကြံကိုပဲ ကြံကြံ အဲဒီလို ကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့မူနဲ့ပဲ လုပ်ကိုင်၊ ပြောဆို၊ ကြံစည်ပါတယ်။ ဒါဟာ ဘုန်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးတဲ့မူပါပဲ။ ဒကာ ဒကာမတွေ တပည့်တွေကိုလည်း ဒီမူကို အမြဲပြောဟောဆုံးမပါတယ်။

ခုလို လောက၊ သာသနာ အရာရာမှာ သာသနာ ပြုနိုင်တာ၊ သာသနာပြုခွင့်ရတာဟာ ဒီမူကြောင့်လို့ ပြောဆိုမယ်ဆိုရင် အမှန်ဆုံး ပြောဆိုနည်းလို့ ဆိုနိုင်ပါတယ်။

## လူကောင်း လူတော် + သတ်မှတ်ခေါ်

လောကလူတွေကို လူကောင်း လူတော် သတ်မှတ်တဲ့နေရာမှာလည်း ဘုန်းကြီးကတော့ အဲဒီမူနဲ့ပဲ သတ်မှတ်ပါတယ်။

ဘုန်းကြီးရဲ့ ''လူကောင်း လူတော် လူမြင့်မြတ်'' ဆိုတဲ့ ကျေးဇူးဆိုင်ရာ မှတ်တမ်းလွှာ ဆောင်ပုဒ်လေးတွေကို အောက်ပါအတိုင်း ရေးထားပါတယ်။

## ကျေးဇူးဆိုင်ရာ + မှာတမ်းလွှာ

* အားလုံးကို ကျေးဇူးတင်ပါ။
* ကျေးဇူးရှင်
  ကျေးဇူးစဉ်
  ကျေးဇူးမြင်
  ကျေးဇူးတင်
* ကျေးဇူးတွေး
  ကျေးဇူးရေး
* ကျေးဇူးရှိ
  ကျေးဇူးသိ
* ကျေးဇူးပြော
  ကျေးဇူးဟော
* ကျေးဇူးမှတ်
  ကျေးဇူးဆပ်
* လူကောင်း လူတော် လူမြင့်မြတ်။

## ရန်သူသည်ပင် + ကျေးဇူးရှင်

တကယ်တော့ လောကမှာ ကျေးဇူးတင်တတ်မယ်ဆိုရင် ကိုယ့်ကို အမြဲလို ရန်မူနေကြတဲ့ ရန်သူတွေပင် ကျေးဇူးရှင်ဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရန်သူတွေကြောင့် ကိုယ့်ဘဝမှာ သည်းခံစိတ် ခန္တီပါရမီတွေ၊ လောကဓံ ခံနိုင်ရည်တွေ၊ ဘဝအတွေ့အကြုံ ရင့်ကျက်မှုတွေ မြင့်တက်လာတယ်။ ဒါကြောင့် ရန်သူသည်ပင် ကျေးဇူးရှင်ဖြစ်တယ်လို့ ပြောလိုက်တာပါ။

## ကျေးဇူးမကန်းရေး + သတိပေး

ကျေးဇူးရှိသူတွေရဲ့ ကျေးဇူးကို မသိချင်၊ မပြောချင်၊ မဆပ်ချင်နေပါ၊ ကျေးဇူးတော့ မကန်းပါနဲ့လို့ သတိပေးချင်ပါတယ်။

## အမည်လှပ ရာဇကုမာ

ဒီနေရာမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ လူကောင်း လူတော် လူမြင့်မြတ်လေးတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။

သူ့အမည်က ''ရာဇကုမာရ'' တဲ့။

ဘယ်သူတဲ့လဲ? (ရာဇကုမာရပါ ဘုရား)

နာမည်လေးကလည်း သိပ်လှတယ်၊ စိတ်နေစိတ်ထားက ပိုလှတယ်။ နာမည် လှဖို့ထက် စိတ်နေစိတ်ထားလှဖို့ ပိုအရေးကြီးပါတယ်။

သူ့ရဲ့စိတ်နေစိတ်ထား ပိုလှပုံလေးကို တင်ပြမှာပါ။ သူဟာ ကျွန်စစ်သားရဲ့ သားတော်အရင်းခေါက်ခေါက်ဖြစ်ပါတယ်။ ဒါပေမယ့် ငယ်ငယ်လေးကတည်းက သူ့ကို ထီးနန်းအတွက် နန်းလျာမထားခဲ့ဘူးဆိုတာ ပုဂံပြည်သူပြည်သားတွေလည်း သိ၊ သူလည်းသိတယ်။

ဒီတော့ ပရိသတ်ရော ပုဂံလည်း သိ၊ သူလည်းသိတယ်နော်။

(မှန်လှပါဘုရား)

## နှလုံးသား တရားရောက်

နန်းမရပေမယ့် သူ့နှလုံးသားမှာ တရားသိ၊ တရားရှိ တရားရောက်နေ တော့ နေပုံ ထိုင်ပုံတွေက ပကတိအေးချမ်းနေတယ်။ ဒီနေရာမှာ စဉ်းစားတွေးတော မိတာလေး ရှိတယ်။ အဲဒါကတော့ ''နှလုံးသား တရားရောက်နေတဲ့သူ့အတွက် တရားလောက် တန်ဖိုးရှိတာ ဘာရှိမှာလဲ'' ဒီလိုစဉ်းစားမိတယ်နော်။

(မှန်လှပါ ဘုရား)

တရားသိ တရားရှိသူအတွက် တရားရှိနေခြင်းဟာ အားလုံးရှိနေခြင်း၊ အားလုံး ပြည့်စုံနေခြင်းပဲနော်။ (မှန်လှပါ ဘုရား)

နန်းမရပေမယ့် နန်းထက်တန်ဖိုးရှိတဲ့ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သူရထားတယ်၊ သူ့ရင်ထဲ ရှိထားတယ်ဆိုတော့ ဘာပြဿနာတက်စရာ လိုသေး လဲ၊ (ဘာမှ မလိုပါဘူး ဘုရား) ပြဿနာတက်တယ်ဆိုတာ ဓမ္မမရှိသူတွေ၊ ဓမ္မမသိ သူတွေ၊ ဓမ္မကို ခုန်ကျော်ပြေးလွှားနေသူတွေကြောင့် ပြဿနာတက်နေတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းပြောတာ မရှိပါ

ဖခင်ကျွန်စစ်သားမင်းကြီး ကောင်းမယ်ထင်လို့ စီမံတာ သူ ဘာမှမကောင်း မပြောဘူးနော်။ (မှန်လှပါ ဘုရား)

ခုခေတ် သားသမီးတွေနဲ့ မကွာဘူးလား။ (ကွာပါတယ်ဘုရား)

မကွာပါဘူး။ နည်းနည်းလေးပဲ ကွာတယ်နော်။ (အားလုံး ရယ်ကြ)

## အပြောမှားလေး ပြင်ကာပေး

ခုခေတ် သားသမီးတွေက အမေ၊ အဖေတွေကို အမေက ဘာမှမသိပါဘူး။ အဖေက ဘာမှမသိပါဘူးလို့ ပြောတတ်ကြသေးတယ်။ ဒီတော့ ဘုန်းကြီးတို့က ပြောရတယ်။ ဒီလိုမပြောကြနဲ့ အမေလောက်သိတာ အမေပဲရှိတယ်။ အဖေလောက် သိတာ အဖေပဲရှိတယ်၊ ပြောတာ မှားနေတယ်လို့ ပြင်ပေးရတယ်။

## သူ့နှလုံးသား မိတ္တူမွှား

ရာဇကုမာရရဲ့ နှလုံးသားက ဖခင်ကျွန်စစ်မင်းကြီးဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်တာပဲလို့ သဘောထားကြီးကြီးနဲ့ လက်ခံတယ်နော်။

(မှန်လှပါ ဘုရား)

"သူ့နှလုံးသား မိတ္တူမွှား" ကိုယ့်နှလုံးသား ထည့်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သတ္တိရှိသူ လိုချင်တာရ

သူဟာ ထီးနန်းကို မရလို့ မယူတာ မဟုတ်ပါဘူး။ မယူချင်လို့ မယူတာ၊ ဘာတဲ့လဲ? (မယူချင်လို့ မယူတာပါ ဘုရား)

သူယူချင်ရင် ရပါတယ်။ ယူချင်ရင်? (ရပါတယ် ဘုရား)

သူ့မှာ သတ္တိရှိတယ်၊ ဘာရှိ? (သတ္တိရှိပါတယ် ဘုရား)

သတ္တိရှိသူအတွက် ယူချင်တာ ရနိုင်တယ်။ မရနိုင်တာ ဘာမှမရှိဘူးနော်။

(မှန်လှပါ ဘုရား)

## မယူတာဟာ ချီးကျူးစရာ

သူ့မှာ ဖွဲ့ရှိတယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရှိတယ်၊ အင်အားရှိတယ်၊ ယူချင်ရင် ယူချင်တာကို လိုတာကို ယူနိုင်ဖို့ အားလုံးပြည့်စုံနေတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယူနိုင်တဲ့အား ပြည့်စုံနေရက်သားနဲ့ မယူတာကိုက ချီးကျူးစရာ ကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## နာမကျန်းဖြစ် မင်းကျန်စစ်

ကဲ- ထားပါတော့။ လိုရင်း ပြောချင်တာလေး ဆက်ကြရအောင်။

အဲဒီလို နေရင်း ထိုင်ရင်းက ကျန်စစ်မင်းကြီး နာမကျန်းဖြစ်လာတယ်။ နေမကောင်းဖြစ်လာတယ်။ နေမကောင်းတဲ့အချိန်ဆိုတာ အရေးကြီးတဲ့အချိန် ဖြစ်ဘယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီလို တကယ်အရေးကြီးတဲ့အချိန်မှာ ရာဇကုမာရဟာ ဆရာတော်ကြီး ၅ ပါးနဲ့အတူ နန်းတော်ကို ရောက်လာခဲ့ပါတယ်။ သူ့ခေါင်းပေါ်မှာ ပင့်လာတဲ့ ရွှေလင့်ပန်းထဲမှာတော့ "ရွှေဆင်းတု" တစ်ဆူ သီတင်းသုံးကာ ပါလာပါတယ်။

## ရွှေဆင်းတု ပြ သားရာဇ

ရာဇကုမာရမင်းသားဟာ ရွှေဆင်းတုကို ခမည်းတော် ကျန်စစ်မင်းကြီး ကြည်ညိုနိုင်အောင် အနီးကပ်ပြထားပါတယ်။

## သားကော်လှူအေး လျှောက်သံလေး

ပြီးတော့ အနားမှာရှိတဲ့ ခုံမြင့်တစ်ခုပေါ်ကိုတင်ပြီး ရွှေဆင်းတုနဲ့ပက်သက်လို့ လျှောက်တင်လိုက်ပါတယ်။ "ဖခင်၊ အာရုံတစ်ပါး စိတ်မသွားဘဲ၊ အာရုံမများ စိတ်မများဘဲ သားတော်လှူအေး လျှောက်တင်သံလေးကို ရွှေနားတော် ဆင်ပေးတော်မူပါ"

## ဖွှေစင်အစစ် ဆင်းတုဖြစ်

ဖခင်ထံမှောက် အရောက်ကြွလာ ဒီရွှေဆင်းတုတော်ဟာ စိတ်ထားကောင်းခြင်း၊ ဖခင်မင်းကြီးက မိခင်စိတ်ကြည် တိလောကဝင့်သကာဒေဝီကို ကရုဏာစီ ပေးသနားတဲ့ လက်ဝတ်လက်စားများကို ထုခွဲအပုတ် သွန်းလုပ်ထားတဲ့ ရွှေစင်အစစ် ဆင်းတုတော်ဖြစ်ပါတယ် ဘုရား။

## ကျန်းမာစေကြောင်း သားဆုတောင်း

ခမည်းတော်ရဲ့ ကျန်းမာရေး ကောင်းမွန်စေရန် ရည်သန်ရှေးရှု ဆုတောင်းပြုကာ ဒီရွှေဆင်းတုကို ပူဇော်ခါခါ လှူဒါန်းမှာကတော့ ဖခင်က မိခင်ကို အလေးထား ပေးသနားတဲ့ ကျွန်သုံးရွာပဲ ဖြစ်ပါတယ်လို့ လျှောက်ပါတယ်။

## ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ

အဲဒီကနောက် သားလျှောက်တောင်းပန် စကားသံက "ဖခမည်းတော်၊

ဖခမည်းတော်က မယ်တော်ကို ပေးသနားတဲ့ ပစ္စည်းများနဲ့ သွန်းလုပ်လှူဒါန်းတဲ့ ရွှေဆင်းတုကို ခမည်းတော်ကိုယ်တိုင်ကိုယ်ကျ ရေစက်ချတော်မူပါ''လို့ လျှောက်ထား တောင်းပန်ပါတယ်။

## စိတ်ထဲချမ်းသာ စိတ်ကျန်းမာ

ကျန်စစ်မင်းကြီးဟာ တော်တော်ကြီးနေမကောင်းဖြစ်နေရာက ရုတ်တရက် အားပြည့်လာသလို ရွှင်ရွှင်ပျပျ ထပြီးထိုင်တော်မူပါတယ်။

ဒီနေရာမှာ ရာဇကုမာရ် ကုသပေးတဲ့ ဘုရားဆေး၊ ကုသိုလ်ဆေး၊ မေတ္တာဆေးဟာ သိပ်ပြီးတော့ အစွမ်းထက်မြက်တယ်လို့ ပြောချင်ပါတယ်။

ကျန်စစ်မင်းကြီးဟာ ဘာပဲပြောပြော အသက်အရွယ်တော်အရ ကိုယ်ကျန်းမာရေး တအားကောင်းမလာပေမယ့် သားတော်ပြုပေး ကုသိုလ်ဆေးကြောင့် စိတ်ကျန်းမာရေးကတော့ ပြန်ကောင်းလာမှာ သေချာပါတယ်။ စိတ်ထဲမှာ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအကုသိုလ်တရားတွေ ဝေးကွယ်သွားခြင်းဟာ တကယ်တော့ စိတ်ကျန်းမာရေးကောင်းခြင်းပါပဲ။ ဒါကြောင့် 'ရာဇကုမာ သားလိမ္မာ'ဆိုတဲ့ ကဗျာကို ရေးတော့ ''ရာဇကုမာ ကုသပေးတဲ့၊ ဘုရားဆေးကြောင့် ပြန်ကျန်းမာ''ဆိုတာ အဓိကကတော့ စိတ်ကျန်းမာရေး ပြန်ပြီးတော့ လန်းဆန်းကောင်းမွန်တာကို ရည်ရွယ်ပြီး ရေးသားတာပါပဲ။

## စိတ်မကျန်းမာ သိစရာ

လူတွေဟာ များသောအားဖြင့် ကိုယ်ကျန်းမာရေးကောင်းတာ၊ မကောင်းတာကိုပဲ သတိထားတတ်ကြပါတယ်။ စိတ်ကျန်းမာရေး ကောင်းတာ၊ မကောင်းတာကို သတိပြုသူ နည်းပါးပါတယ်။

စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားတွေ များနေဝင်ရောက်နေတယ်ဆိုရင် အမှန်ကတော့ စိတ်နေမကောင်းတာ၊ စိတ်မကျန်းမာတာပဲဖြစ်ပါတယ်။

ကိုယ်နေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုဆိုးပါတယ်။ ကိုယ်နေမကောင်းတာ အပါယ်မရောက်နိုင်ပါဘူး။ စိတ်နေမကောင်းရင် အပါယ်ရောက်နိုင်ပါတယ်။

## သားလှယဉ်ကျေး ဆောင်ရွက်ပေး

ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ် ကျေးဇူးဆပ်ပုံလေးဟာ ကိုယ်ကျန်းမာရေး စိတ်ကျန်းမာရေး ကောင်းအောင် ဆောင်ရွက်ပေးလိုက်တာပါပဲ။

## သီလခံကာ ပရိတ်နာ

ကျွန်စစ်မင်းကြီးဟာ ထထိုင်တော်မူပြီးတော့ ဆရာတော် ငါးပါးထံက သီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များလည်း နာကြားတော်မူပါတယ်။

## ရေစက်ချပျော် သာဓုခေါ်

ပြီးတော့မှ ရွှေကရားနဲ့ ရေစက်သွန်းချပြီး သာဓုသုံးကြိမ်ခေါ်တော်မူပါတယ်။

ရာဇကုမာရကတော့ ဖခမည်းတော်ရဲ့နောက်ကနေပြီး မှေးကာ ထိန်းပေး တော်မူပါတယ်။

## နောက်ဆုံးခရီး အရေးကြီး

ကျွန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ပုံဟာ အတုယူစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

ဘဝတစ်ခုရဲ့ နောက်ဆုံးခရီး အရေးကြီးတယ်။ ဘာတဲ့လဲ?

(နောက်ဆုံးခရီး အရေးကြီးပါတယ် ဘုရား)။

ကျွန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ဘဝကူးကောင်းဖို့ရန်အတွက် ရာဇ ကုမာရ်ကတော့ သူ့ဖခမည်းတော်ကို ဗုဒ္ဓဘာသာဝင် ကလျာဏမိတ္တ (မိတ်ဆွေ ကောင်းဖြစ်တဲ့) သားကောင်းပီပီ ဆောင်ရွက်ပေးလိုက်တာပါပဲ။

အဲဒီလို အရေးကြီးတဲ့ နောက်ဆုံးခရီးမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ် နည်း အကောင်းဆုံးနဲ့ ကျေးဇူးဆပ်လိုက်တဲ့ ရာဇကုမာရ်ဟာ လူကောင်း၊ လူတော်၊ လူမြင့်မြတ်လေးဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## မေတ္တာပြပွဲ ဆင်နွဲနိုင်စေ

အဲဒီကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ပွဲဟာ ရာဇကုမာရ်ရဲ့ သားမြတ်မေတ္တာ သရုပ်ပြပွဲဖြစ်တယ်နော်။ (မှန်လှပါဘုရား)

မိဘတွေရဲ့အပေါ်မှာ ရာဇကုမာရ်လို မေတ္တာသရုပ်ပြပွဲ ဆင်နွဲနိုင်ရမယ်နော်။ (မှန်လှပါ ဘုရား)

## ဂူပြောက်ဘုရား သူတည်ထား

ကျန်စစ်မင်းကြီး နတ်ရွာစံ ကံတော်ကုန်ပြီးတာနဲ့ မကြာခင်မှာပဲ မြင်းကာပါ အရပ်မှာ ဂူပြောက်ဘုရားတည်ပါတယ်။ ရွှေဆင်းတုတော်ကို ဂူပြောက်ဘုရား တည်ပြီး အထွတ်မှာ ထည့်သွင်းဌာပနာပါတယ်။

## သားမေတ္တာလှ သရုပ်ပြ

ပုဂံရောက်ရင် အဲဒီဂူပြောက်ဘုရားကို သွားရောက်ပြီးတော့ ဖူးမြင်ကြပါ။ ရာဇကုမာ သဘွားလိမ္မာရဲ့ သားမေတ္တာလှ သရုပ်ပြတဲ့ဘုရား ဖြစ်ပါတယ်။

## မရှိဘူးပင် ပြောလိုက်ချင်

ရာဇကုမာရ်ရဲ့ သိပ်မြတ်လှပ စိတ်ဓာတ်အလှကိုလည်း ကူးယူခဲ့ပါလို့ မှာ လိုက်ချင်ပါတယ်။ သူ့ရဲ့ကျေးဇူးသိပုံ၊ ကျေးဇူးဆပ်ပုံ၊ နန်းမရလို့ မချမ်းမမြမဖြစ်ပုံ၊ စိတ်နေစိတ်ထား အေးချမ်းတည်ကြည်ပုံ၊ မြင့်မြတ်ပုံတွေကို ကြားရတာ တကယ် မင်္ဂလာရှိပါတယ်။ သူလိုလူကတော့ လောကမှာ ရှိတော့ရှိတယ် တကယ်ရှားပါတယ်။

ဘာတဲ့လဲ? (ရှိတော့ရှိတယ် ရှားပါတယ် ဘုရား)

ဘုန်းကြီးကတော့ ရှိတောင်မရှိဘူးလို့ ပြောချင်ပါတယ်။

ကဲ– ထားပါတော့။ ရာဇကုမာရ်အကြောင်း ပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။ (မှန်လှပါ ဘုရား)

## သူ့အကြောင်းရေး ကဗျာလေးတွေ

သူ့အကြောင်းလေးတွေကို စပေါင်းတွေးပြီးတော့ ကဗျာလင်္ကာလေးတွေ ရေးမိတယ်။

သူ့နှလုံးသား စိတ်ကောင်းများကို ကိုယ့်နှလုံးသားမှာ ပွားယူမိပါတယ်။

သူ့အကြောင်းတွေ ရေးဖွဲ့ထားတဲ့ ကဗျာလေးတွေကို မြည်းကြည့်ကြရ အောင်။

## ရာဇကုမာ သားလိမ္မာ

* ပုဂံပြည်မှာ၊ ဟိုးရှေးခါဖြစ်၊ မင်းကျန်စစ်နှင့် သားချစ်ရာဇာ၊ ကုမာရ်တို့၊ ပြုကြပုံလေး၊ ကဗျာရေးအံ့။
ယုယပုံလေး ကဗျာရေးအံ့။

နလုပ်ပုံလေး၊ ကဗျာရေးအံ့။

* စစ်တွေးအပြီး၊ မင်းကြီးကျန်စစ်၊ ရောဂါဖြစ်သော်၊ သားချစ်ရာဇ၊ ကုမာရ်က၊ မာတာ့လက်ဝတ်၊ ထုခွဲဆစ်၍၊ ဖစစ်အတွက်၊ ရည်ရွယ်ချက်ဖြင့်၊ စိတ်စက်လန်းပြု၊ ရွှေဆင်းတုကို၊ သွန်းထုပူဇော်၊ ပြီးပါသော်ကား၊ ဖတော်နား၌၊ တင်ထားခံ့ပေါ်၊ အာရုံဖော်ဖို့၊ ရွှေတော်ဆင်းတု၊ ကြောင်းစုံစုကို၊ လျှောက်ကာပြု နားဆင်၊ အိုဖခင်တဲ့။
* ရည်မွန်ကောင်းပို၊ သားသံချိုဖြင့်၊ ကြည်ညိုသွန်းထု၊ ရွှေဆင်းတုကား၊ ဖဘုရားတွက်၊ ကျန်းမာဆက်ဖို့၊ ချစ်ဖက်မာတာ၊ ပိတာပေးထား၊ လက်ဝတ်များကို၊ ချစ်သားခွဲထု၊ ရောင်းချပြု၍၊ သွန်းထုကာထား၊ ရွှေဘုရားဟု၊ ရွှေသားနှုတ်ဟ၊ လျှောက်တင်ပြ၏။
* ထိုမှတစ်ဖန်၊ ချိုမြသံဖြင့်၊ အမှန်ဖစစ်၊ မယ်တော်ချစ်ကို၊ နှစ်နှစ်ကာကာ၊ မေတ္တာ့သနား၊ သစ္စာထား၍၊ ပေးငြားခဲ့ရာ၊ ကျွန်သုံးရွာကို၊ မြတ်စွာဗုဒ္ဓ၊ အတုလရှု၊ ရွှေဆင်းတုအား၊ ပူဇော်သွားမှာ၊ လျှောက်ထားရှာ၏။
* တဖြာဆက်လက်၊ တောင်းပန်ချက်ကား၊ ဖဘုရားတဲ့၊ ထူးခြားသွန်းပြု၊ ရွှေဆင်းတုကို၊ ယခုစိတ်ခိုင်၊ ထပြီးထိုင်၍၊ ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ၊ လျှောက်ထားရှာသော်----
* သားတော်ရာဇ၊ ကောင်းလေစွတဲ့။

ရာဇဖချစ်၊ မင်းကျန်စစ်ကား၊ စိတ်သစ်ရုပ်သစ်၊ အဟုတ်ဖြစ်၍၊ ရုပ်စစ်မှန်းပါ၊ မကျန်းမာမှ ကျန်းမာစိတ်ဓာတ် (ချမ်းသာစိတ်ဓာတ်) ရွှင်ပျလတ်၍၊ မြင့်မြတ်စိတ်လှ၊ ရွှင်ပျပျဖြင့်၊ နောက်ကရာဇာ၊ ဖေးကူမခြင်း၊ အကြောင်းရင်းကြောင့်၊ ကောင်းခြင်းထထိုင်၊ ရေစက်ကိုင်ချ ပြီးဆုံးကသော်၊ သာခုတော်ပိုင်၊ သုံးကြိမ်တိုင်မျှ၊ သူခေါ်ပြလျက်၊ အမျှရစေ၊ များဝေနေလည်း၊ ရစေစိတ်ထား၊ ပုဂံသား ပုဂံသူ၊ အမှန်ဖြူကြ၊ ဟူသမျှလည်း၊ အဓိကအနေ၊ သိကြပါစေ၊ သိရပါ စေ၊ မျှဝေသွားပြန်၊ သူ့အသံကား၊ ထူးခြားဟန်သစ်၊ ထူးခြားကျန်စစ်၊ မင်းကြီးဖြစ်၏။

* သားချစ်ရာဇ၊ ကုမာရ၏၊ သားလုကောင်းပီ၊ သားဂုဏ်ရည်ဖြင့်၊ ရွှေပြည်ပုဂံ၊ ရွှေရည်လျှံဖို့၊ ရွှေမှန်တွေစု၊ ရွှေဆင်းတုကို၊ ရွှေနုရွှေလှ၊ ရွှေမေတ္တာဖြင့်၊ ရွှေစာကမ္ပည်း၊ ရွှေစာကြီးဖြင့်၊ ရွှေနည်းတွေပေါင်း၊ ရွှေစိတ်ကောင်းပေါက်၊ ရွှေဂူပြောက်တွင်၊ ရွှေထွတ်တင်ပြု၊ ရွှေဆင်းတုသာ၊ ရွှေဌာပနာထား၊ ရွှေထူးခြားပြန်၊ ရွှေပုဂံရောက်၊ ရွှေဂူပြောက်ဖူး၊ ရွှေကျေးဇူးမြတ်၊

ရွှေသိဆပ်ဖူး၊ ရွှေစိတ်ကူးယူ၊ ရွှေမိတ္တူလှ၊ ရွှေစိတ်ပြေ၍၊ ရွှေနေ့ရွှေည၊ ရွှေဘဝတွေ၊ ရွှေပိုင်စေချင်၊ ရွှေစိတ်တင်ပြ၊ ရွှေညတိုင်းမှာ၊ ရွှေလသာစေ၊ ရွှေဆုရွှေသည်၊ ရွှေနှုရွှေစာ၊ ရွှေကဗျာတည်။

## ကျေးဇူးကန်းတော့ + ကန်းတာပေါ့

ကျေးဇူးကန်းတော့ ဘာဖြစ်လဲလို့ ပြောချင်ပြောကြလိမ့်ဦးမယ်။ ကျေးဇူး ကန်းတော့ ကန်းတာပေါ့လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ 'ကန်း' သူတစ်ယောက် အကြောင်း ပြောချင်ပါတယ်။

## အလောင်းစည်သူ + သတိမူစရာ

ပုဂံပြည်မှာ အလောင်းစည်သူမင်းဆိုတာ ရှိခဲ့တယ်။ ဘာမင်းတဲ့လဲ?

(အလောင်းစည်သူမင်းပါ ဘုရား)

အဲဒီအလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်တဲ့အခါမှာ ထူးထူးဆန်းဆန်း မမြင်ဖူးတာတွေ မြင်ရတော့ "ငါ့ရဲ့ဘေးတော်၊ ဘိုးတော်တွေဟာ ငါ့လို ဘုန်းကံ မရှိလောက်ဘူး" လို့ စိတ်နဲ့ပြစ်မှားလိုက်တဲ့ ခဏလေးမှာပဲ မျက်စိကန်းသွားတယ်၊ မျက်စိကွယ်သွားတယ်။

ဘေးတော် ဘိုးတော်တွေရဲ့ ကျေးဇူးကန်းတဲ့ အလောင်းစည်သူမင်း ဘာဖြစ် သလဲ?

(မျက်စိကန်းသွားပါတယ် ဘုရား)

ဒါကြောင့် ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောတာနော်။

(မှန်လှပါ ဘုရား)

## ကျေးဇူးကန်း+ ဘေးထူးဆန်း

ဘုန်းကြီးတပည့်တွေကို ပြောတဲ့စကားလေး ရှိတယ်။ အဲဒီစကားက ဘာလဲ ဆိုတော့ ကျေးဇူးမကန်းနဲ့၊ ကျေးဇူးကန်းရင် ဘေးအထူးအဆန်း ရောဂါအထူး အဆန်းတွေ တွေ့တတ်တယ်၊ ဖြစ်တတ်တယ်ဆိုတဲ့ စကားပါပဲ။

## စော်ကား + ချော်သွား

ကျေးဇူးရှိသူတွေကို မစော်ကားနဲ့၊ စော်ကားရင် ကိုယ်လုပ်တာ၊ ပြောတာ၊ ကြံစည်တာတွေ အဆင်မပြေဘဲ ချော်သွားတတ်တယ်လို့လည်း သတိပေးပါတယ်။

## ဘေး ဘိုး ရုပ်ထု + ပူဇော်ပြု

အလောင်းစည်သူမင်းဟာ မျက်စိကန်းသွားရတဲ့အခါမှာ ဘေးတော်၊ ဘိုးတော်တွေရဲ့ အရုပ်တွေကို ထုလုပ်ပြီး ပူဇော်ကန်တော့တဲ့အခါမှာ မျက်စိနှစ်ကွင်း ပြန်ပြီးအလင်းရတယ်ဆိုတာ မြန်မာရာဇဝင်မှာ ရှိတယ်။ ဒီရာဇဝင်တွေကို သတိထားပြီးတော့ မပြစ်မှားသင့်တဲ့ ကျေးဇူးရှိသူတွေကို မပြစ်မှားဘဲ တကယ်လို့ ပြစ်မှားမိတယ်ဆိုရင်လည်း ပြန်ပြီးတော့ ပူဇော်ကန်တော့မှ အပြစ်တွေကျေပျောက်တယ်ဆိုတာ သတိထားသင့်တယ်၊ သိထားသင့်ပါတယ်။

အဲဒီအကြောင်းလေးကို ကဗျာကောင်းလေး စီရေးထားတယ်။ အားလုံးဝစီကုသိုလ်ဖြစ်အောင် လိုက်ဆိုကြပါ။

* ပုဂံပြည်မှာ ဟိုရှေးတုန်းက
ဖြစ်ဖူးထုံးပြု ဒီလိုပါ။
* အလောင်းစည်သူ မင်းရာဇာ
တိုင်းခန်းဌာန လှည့်သောခါ။
* မမြင်ဖူးတာ ထူးထူးဆန်းဆန်း
တိုင်းခန်းလှည့်ရင်း မြင်သောခါ။
* ငါ့ရဲ့ဘေးတော် ဘိုးတော်များတို့
ငါကဲ့သို့ဘုန်း မရှိရာ။
* ဘေးတော် ဘေးတော် ကျေးဇူးများကို
စိတ်နဲ့ပြစ်မှား မင်းရာဇာ။
* ခဏလေးပင် မျက်စိကန်းလို့
ဖြစ်ပုံဆန်းတို့ ဖြစ်ဖူးရာ။
* ကျေးဇူးကန်းရင် ကန်းပုံလေးကို
ကဗျာဆန်းရေး ဖော်ပြတာ။
* အလောင်းစည်သူ မင်းရာဇသို့
မကန်းကြဖို့ ရေးပြတာ။
* အလောင်းစည်သူ မင်းရာဇဝယ်
မျက်စိကွယ်ရလေသောခါ။
* ဘေးတော် ဘိုးတော် အရုပ်များကို
ထင်ရှားထုလုပ် ပူဇော်ရှာ။
* ကန်တော့ပူဇော် အချိန်တွင်းဝယ်
မျက်စိနှစ်ကွင်း ပြန်လင်းလာ။

* ရာဇဝင်ဝယ် ဒါတွေရှိခဲ့
စာပေသီကွဲ့ မျိုးမြန်မာ။
* ကျေးဇူးရှိသူ ရှင်လူများရဲ့
ကျေးဇူးတရားကို ဖော်ထုတ်ပါ။
* ကျေးဇူးကန်းရင် ဘေးထူးဆန်းနဲ့
ရောဂါဆန်းကွဲ့ ဝင်နိုင်တာ။
* ကျေးဇူးရှင်တွေ မစော်ကားနဲ့
စော်ကားရင်ကွဲ့ ချော်သွားမှာ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ ဖတ်စမ်းပါ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ မှတ်စမ်းပါ။
* ပြစ်မှားမိရင် ပြန်ကန်တော့ကြ
အမှန်မပေါ့မှ ကောင်းမြတ်မှာ။
* ရှေးပုဂံပြည် ဖြစ်စဉ်ထုံးကို
ကဗျာချယ်မှုန်း ရေးပြတာ။
တွေးကြပါ၊ တွေးကြပါ။

အဲဒီအကျင့်မြတ်မှာ မွေ့လျော်ပျော်ပိုက်ကာ အကြားအမြင်များတာ၊ သူ့ကျေးဇူးကို သိဆပ်တာဆိုတဲ့ တရားတွေဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ တကယ်ချီးမွမ်းထိုက်တဲ့ တရားတွေဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ခုနောင်ဘဝ ချီးမွမ်းခံရအောင် အကျင့်မြတ်နဲ့ လျော်မွေ့ရမယ်။ လောကီ၊ လောကုတ္တရာ အကြားအမြင်များအောင် လုပ်ရမယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရမယ်နော်။

(မှန်လှပါ ဘုရား)
ကျေးဇူးဆိုင်ရာ တော်တော်လေး စုံသွားပါပြီ။
နောက်တစ်ပုဒ် ဆက်ကြရအောင်

## လိုက်နာကျင့်သုံး အားလုံးအကျိုးဆောင်

* သတို့သား၊ သင်ဟာ ငါဘုရားနှစ်သက်တဲ့ တရားတွေကို လိုက်နာကျင့်သုံးပွားများရတယ်။

* သတ္တဝါအားလုံးရဲ့ ကောင်းကျိုးစီးပွား အစားစားတွက် ကြိုးစားဆောင်ရွက်ရမယ်။ အများအကျိုး သည်ပိုးဆောင်ရွက်မှုမှာ မွေ့လျော်ပျော်ပိုက်ရမယ်တဲ့၊ တော်တော်ကောင်းတဲ့ တရားစကားနော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ လင်္ကာကျမ်း၊ ဆန်းကျမ်းတွေကို ရေးသား စီရင်တော်မူခဲ့တဲ့ အရှင်သံဃရက္ခိတ မဟာသာမိ မထေရ်ရဲ့ ဆုံးမဩဝါဒစကားလေး လက်ဆောင်ပေးချင်ပါသေးတယ်၊ ကောင်းလွန်းလို့ပါ။ သူဆုံးမတဲ့ ဩဝါဒစကား ဂါထာလေးက–

၊ သစ္စံ ပုနပိ သစ္စံ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။

သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရသတ္တ မကုဗ္ဗတော။

(သာရတ္ထဝိလာသိနီ ပဋိကာဋီကာကျမ်း)

ပရသတ္တံ– သူတစ်ပါးကောင်းကျိုး အမျိုးမျိုးကို၊ အကုဗ္ဗတော– မပြုမလုပ်၊ နောက်ဆုတ်၍နေသော ပုဂ္ဂိုလ်အား။ သကတ္ထော– ကိုယ်တိုင်လိုလား၊ တောင့်တထားသည့်၊ စီးပွားကိုယ်ကျိုး၊ အမျိုးမျိုးသည်။ နတ္ထိ နတ္ထေဝ–တကယ်ကေန်၊ အမှန်သေချာ၊ မရှိနိုင်သည်သာတည်း။ သစ္စံ– သူတစ်ပါးကောင်းကျိုး၊ မသည်ပိုးက၊ ကိုယ်ကျိုးမရှိ ဆိုသည့်စကား။ မှတ်သားသေချာ၊ မှန်လှပါပေ၏။ ပုနပိ– မြေရာသံပတ်၊ ကျဉ်ရာသဝ်ပင်း။ ပမာခင်း၍၊ ရှင်းလင်းစေကန်၊ နောက်ထပ်တစ်ဖန်လည်း။ သစ္စံ– မလွဲကေန်၊ တကယ်ပင် မှန်လှပါပေ၏။ ဣတိ– ဤသို့။ ဘုဇံ– အားတင်းအားကောင်း၊ လက်ရုံးလက်မောင်းကို၊ ဥက္ခိပ္ပ– အားရပါးရ၊ မြှောက်ချီပြ၍။ ဥစ္စတေ– အဟုတ်ပုံသေ၊ ဆိုသင့်ပါပေ၏ တဲ့။

သူတစ်ပါးအကျိုး မသယ်ပိုးဘဲ အချောင်နေသူဟာ ကိုယ်ကျိုးဘယ်တော့မှ မပြီးဘူး။ အဲဒီစကားဟာ တကယ်မှန်တဲ့စကားဖြစ်တယ်။ နောက်ထပ် တစ်ခါပြောဦးမယ်တဲ့။ "မြေရာသံပတ်၊ ကျဉ်ရာသဝ်ပင်း" ဆိုတာ ကြားဖူးတယ် မဟုတ်လား။ မြတဲ့နေရာလေးကို သံနဲ့ တုတ်လိုက်ပတ်လိုက် ချည်လိုက်တယ်ဆိုရင် ပိုပြီးတော့ ခိုင်မြဲသွားတယ်။ ကျဉ်တဲ့နေရာလေးကို သဝ်ပင်းလိုက်ရင် ပိုပြီးတော့ ကျဉ်သွားတယ်မဟုတ်လား။ အဲဒီသဘောသွား ဥပမာထားပြီးတော့ နောက်ထပ်တစ်ဖန် တကယ့်ကိုမှန်ပါတယ်လို့ အတည်ပြု ပြောကြားတော်မူတယ်။

အဲဒီသူတစ်ပါးအကျိုး မဆောင်ရင် ကိုယ့်ရဲ့အကျိုး မပြီးဘူးဆိုတာကို လက်ရုံးလက်မောင်း အားရပါးရ မြှောက်ပြီးတော့ ရဲရဲရင့်ရင့်ဆိုသင့်ပါတယ်။ ဆိုထိုက်ပါတယ်လို့ ဆုံးမတော်မူတယ်။

ဒီတော့ ဒကာ ဒကာမတွေ ကိုယ်ကျိုးကိစ္စ အဝဝတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။

(သူတစ်ပါးအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ရမှာပါ ဘုရား)

အေး--ဟုတ်ပြီ၊ အလကားမနေကြနဲ့၊ မိသားစု အကျိုး၊ ရပ်ရွာ၊ မြို့၊ တိုင်း၊ နိုင်ငံ၊ ဘာသာ သာသနာအကျိုး သည်ပိုးဆောင်ရွက်ရမယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ အရှင်သံဃရက္ခိတမထေရ်ရဲ့ စကားကို အမှီပြုပြီးတော့ ကဗျာ ဆောင်ပုဒ် အတိုချုပ်လေး ရေးသားထားတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

"အများအကျိုး၊ မသည်ပိုးဘဲ၊ ကိုယ်ကျိုးလိုရာ၊ မပြီးပါဟု၊ ဆရာသံဃ၊ မိန့်ဆိုပြ၏၊ စိတ်လှဖြူစင်၊ လူရှင်ကောင်းကျိုး၊ ဆောင်သည်ပိုးမှာ၊ ကိုယ်ကျိုး လိုရာ၊ အဖြာဖြာလည်း၊ မကြာမှချ၊ ပြီးစီးရမြဲ၊ မှန် မလွဲဘူး၊ အားခဲသူကျိုး၊ ဆောင်သည်ပိုးလော့"

**အများအကျိုး + ဆောင်သည်ပိုး**

* အများအကျိုး မသည်ပိုးဘဲ
ကိုယ်ကျိုးတွေလည်း မပြီးပါ။

* အများအကျိုး မသည်ပိုးက
ကိုယ်ကျိုးကိစ္စ မပြီးပါ။

* အဲဒီလိုဆို မိန့်စကားက
သေချာမှတ်သား မှန်သည်သာ။

* မြရာသံပတ် အနေမှတ်လို့
သေချာနောက်ထပ် အမြဲမှာ။

* ကျပ်ရာသပ်ပင်း ပမာခင်းလို့
သေချာရှင်းလင်း နောက်ထပ်မှာ။

* အဟုတ်တကယ် မှန်ကန်ကြောင်းကို
လက်ရုံးလက်မောင်း မြှောက်ပြောပါ။

* အဲဒီလိုသာ ထေရ်သံဃက
ဝေဖန်ကျနှ ဆိုမိန့်မှာ။

* ကိုယ်ကျိုးအောင်ချင် လူအများတို့
သူတစ်ပါးကျိုး သည်ပိုးပါ။

* သူများအကျိုး ဆောင်သည့်ပိုးက
ကိုယ်ကျိုး မုချအောင်မြင်မှာ။
* အဲဒါကြောင့်လေ အများအကျိုးကို
မနားသည့်ပိုး ဆောင်ရွက်ပါ။
(အောင်ဆက်မှာ)၂
(နောင်တွက် မှာ)၂

## ဘုရားမမေ့ရေး + သတိပေး

* ပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုလေးစား အရေးထားပါ၊ ဘုရား မမေ့ပါနဲ့လို့ သတိပေးတော်မူပါတယ်။

## တရား မမေ့ရေး + သတိပေး

* ပြီးတော့ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အကြံအစည်၊ မှန်ကန်တဲ့စကား၊ မှန်ကန်တဲ့ အလုပ်၊ မှန်ကန်တဲ့ အသက်မွေးမှု၊ မှန်ကန်တဲ့ လုံ့လ၊ မှန်ကန်တဲ့ သတိ၊ မှန်ကန်တဲ့ သမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပွားများနေပါ။ တရားကို မမေ့ရေး သတိပေးတော်မူပါတယ်။

ဒီစကားတော်တွေဟာ သိဒ္ဓတ္ထဘုရားရဲ့ သိပ်မြတ်လှတဲ့ အမြဲမိန့်ကြား စကားတော်တွေပဲ ဖြစ်ပါတယ်။

သိပ်မြတ်ချင်သူတွေဟာ သိဒ္ဓတ္ထဘုရားရဲ့ အသားပါလှတဲ့ တရားမေ့စကား တွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

## ကောင်းကင်ပြန်ကြွ + မြတ်ဗုဒ္ဓ

ဒီတရားစကားတော်တွေကို မိန့်တော်မူပြီးတော့ လောကရဲ့ အကြီးအမျူး ဖြစ်တဲ့ လူတွေထက် မြတ်တဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ကို ဆုံးမတော်မူကာ ကောင်းကင်တက်ကြွတော်မူတယ်။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ငါဟာ ရှေးဦးစွာ စိတ်ကို သုတ်သင်လိုက်တယ်။ (သိပ်မြတ်ချင်တဲ့အတွက် ဘုရားမကြိုက်တဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တယ်) ဘုရားမကြိုက်တာတွေကို ရှောင်ကြဉ်လိုက်တာဟာ စိတ်ကို သုတ်သင်ပြင်ဆင် လိုက်တာပါပဲ။

ဘုရားကြိုက်တာတွေကို လိုက်နာကျင့်သုံးတာဟာ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်လိုက်တာပါပဲ။

မကောင်းတဲ့စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တော့ စိတ်ကြည်လင်လာတယ်။ စိတ်ထဲ ရှင်းရှင်း လင်းလင်း ဖြစ်လာတယ်။ အဲဒီမကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာတဲ့အတွက်ကြောင့် သေဆုံးတော့ ငါဟာ တုသိတာနတ်ပြည်ကို ရောက်ရပါတယ်။

## တုသိတာဆီ ရောက်ရပြီ

သိပ်မြတ်တဲ့ တုသိတာနတ်ပြည်ကို ရောက်ရတာဟာ တကယ်တော့ ဘုရားမကြိုက်တာတွေကို လိုက်စားချင်တဲ့ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ သိပ်မြတ်ချင်ရင် ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရမှာပါ ဘုရား)

၆

## မကောင်းစိတ်ဓာတ် ကျဉ်းချုပ်မှတ်

အဲဒီတရားတော်မှာ ပါတဲ့အတိုင်း မကောင်းတဲ့စိတ်ဓာတ်တွေကို အကျဉ်းချုပ်ကြည့်လိုက်တော့–

* သူများသတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ချင်တာ။
* သူများဥစ္စာ ခိုးယူချင်တာ။
* သူများကာမပိုင်ကို ပြစ်မှားစော်ကားချင်တာ။
* သေရည် သေရက် သောက်သုံးချင်တာ။
* မမြတ်တဲ့အကျင့်မှာ ပျော်ပိုက်ချင်တာ။
* အကြားအမြင်များအောင် မလုပ်ချင်တာ။
* ကျေးဇူးကန်းချင်တာ။
* အများအကျိုး မသည်ပိုးချင်တာ။
* ဘုရားမေ့တာ။
* တရားမေ့တာ ဆိုတဲ့ အချက်တွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ သိပ်ပြီးတော့ အထက်တန်းကျချင်ကြတယ်။ သိပ်မြတ်ချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

အေး– သိပ်မြတ်ချင်ရင် မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတယ်လို့ အသိဉာဏ်ပေးတဲ့ ''သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင်''တရားတော် ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ တရားစကားတော်တွေကို နာကြားရတော့ မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်တဲ့ လူငယ်လေးဟာ သိပ်မြတ်တဲ့ သုတိသာနတ်ပြည် ရောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ

(''သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်'' တရားပါ ဘုရား)

## ဗုဒ္ဓသညာ+မင်္ဂလာ

ဒီကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာ မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာခဲ့တဲ့ အချိန်မှစပြီးတော့ အပါယ်လေးပါးဆိုတာ မသိရခြင်းဟာ ဘုရားဆိုတဲ့ အမှတ်သညာကို ရခြင်းရဲ့အကျိုး ပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ အပါယ်လေးပါး မရောက်ရခြင်းဟာလည်း မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲနေကြတော့ ဒကာ ဒကာမတွေဟာ မကောင်းတဲ့ စိတ်ဓာတ်တွေ ပယ်ရှားပြီးတော့ ကောင်းတဲ့ဗုဒ္ဓသညာ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ စိတ်ကောင်းစိတ်မြတ်တွေ လွှမ်းခြုံထားကြတာဆိုတော့ အပါယ်လေးပါး လွတ်ဖို့ စိတ်ချရတယ် နော်။ (မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်ရပါတယ်။

အဲဒီသိပ်မြတ်တဲ့ မြတ်ရဟန္တာ ဖြစ်ရတာဟာလည်း မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲ။

ဒီတော့ သိပ်မြတ်တဲ့ အမြတ်ဆုံး ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးတွေ ရချင်တယ်ဆိုရင်လည်း ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင် ဆင်ရမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့ လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားပါ ဘုရား)

မကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ရေး အသိဉာဏ်ပေးတဲ့ တရားနော်။

(မှန်လှပါ ဘုရား)

မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်ရင် သိပ်မြတ်တဲ့ သက်ရှိသက်မဲ့ ကောင်းကျိုးတွေ လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ၊ ခု နောင်ဘဝ ကောင်းကျိုး အလှတွေ ရရှိမှာ မလွဲဘူးနော်။

(မှန်လှပါ ဘုရား)

## သူ့ဘဝမှာ + မင်္ဂလာ

ယညသာမိက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝကို ကြည့်လိုက်တဲ့အခါမှာ သိဒ္ဓတ္ထဘုရားနဲ့ တွေ့ရတာ သူ့ဘဝမှာ မင်္ဂလာဖြစ်သွားတယ်။ ဘုရားရဲ့ တရားတွေ နာကြားရတာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်။ ဘုရားရဲ့ တရားစကားတွေကို လိုက်နာကျင့်သုံးလိုက်တာဟာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## မင်္ဂလာဆိုတာ+ ဒီလိုပါ

မင်္ဂလာဆိုတာ ဘာလဲ?

မင်္ဂလာဆိုတာ မကောင်းတာတွေ၊ မကောင်း ကျိုးတွေ၊ မကောင်းတာ၊ ဆိုးတာတွေ အကုန်ပျောက်ပြီး ကောင်းတာတွေ ကောင်းကျိုးတွေ အကုန်လုံး ရောက်ရှိလာတာကို မင်္ဂလာလို့ ခေါ်ပါတယ်။

ကဲ– လင်္ကာဆောင်ပုဒ်လေး လိုက်ဆို။

* မကောင်းတာပျောက်၊ ကောင်းတာရောက်၊ မှတ်လောက် မင်္ဂလာ။
* မကောင်းတာပယ်၊ ကောင်းတာတွယ်၊ ဆောင်သည့် မင်္ဂလာ။
* မကောင်းတာဖြတ်၊ ကောင်းတာမှတ်၊ ယူတတ် မင်္ဂလာ။
* မကောင်းတာရှင်း၊ ကောင်းတာသွင်း၊ ကောင်းခြင်း မင်္ဂလာ။

## တရားနာရ + ဗုဒ္ဓတွေ့တာ

ဒီယညသာမိကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝမှာ ဘုရား

နဲ့တွေ့ရ၊ ဘုရားတရားတော် နာကြားရ၊ ဘုရားစကားတော်တွေကို လိုက်နာကျင့်သုံးရတဲ့အတွက် သူ့ဘဝမှာ မင်္ဂလာဖြစ်သွားသလို ဒီနေ့ တရားတော်တွေကို နာယူနေကြတဲ့ ဒကာ ဒကာမတွေမှာလည်း ဘုရား တရားတော်တွေ နာယူရ၊ လိုက်နာကျင့်သုံးရတာ မင်္ဂလာမဖြစ်ပေဘူးလား။

(ဖြစ်ပါတယ် ဘုရား)

ဘုရားတရားတော်တွေကိုနာယူရတာဟာ ဘုရားနဲ့ တွေ့ရတာပဲနော်။

(မှန်လှပါ ဘုရား)

## ကိုယ့်ဘဝမှာ + မင်္ဂလာ

သူ့ဘဝမှာ မင်္ဂလာဖြစ်သလို ဒီနေ့ ဒကာ ဒကာမတွေရဲ့ ကိုယ့်ဘဝမှာ မင်္ဂလာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီလိုဆိုရင် ဒီနေ့ ဟောတဲ့တရားတော်ကို "သူ့ဘဝမှာ မင်္ဂလာ"၊ "ကိုယ့်ဘဝမှာ မင်္ဂလာ" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဘုရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* ဘုရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ဒီတရားတော်ကို ဟောလိုက်တာ တော်တော် လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရား၊ တရား၊ သံဃာ ပူဇော်ပွဲ ဆင်နွှဲပြီး တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို အဓိက ဟောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားတော်ပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။ ညီညီညာညာ လိုက်ဆိုကြပါ။

* ညှဉ်းဆဲသတ်ဖြတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ခိုးယူဆောင်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကာမမှားတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သေရည်သောက်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* မကောင်းကျင့်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကြားမြင်နည်းလတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကျေးဇူးကန်းတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သူများအကျိုး၊ မသည်ပိုး၊ စိတ်ဆိုးပြင်ဆင်ပါ။
* ဘုရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* တရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ လူရှင်မင်္ဂလာ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ ရအင်ကောင်းကျိုးမှာ။
* စိတ်ကြည်လင်ရ ငါ့ဘဝ၊ အရကောင်းကျိုးပါ။
* တုသိတာဆီ၊ ရောက်ရပြီ၊ အတည်ကောင်းကျိုးပါ။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ မြတ်လှကောင်းကျိုးပါ။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးပါ။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သိတာသနိယဝဂ်၊
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်ကို ထန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "လူနတ်ချစ်ခင် + မြတ်အရှင်"

တရားတော်

ဒီနေ့ ဘုရားပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းလှူကြတဲ့ သံဃိကဒါန ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

(လူနတ်ချစ်ခင်+ မြတ်အရှင်) တရားတော်ပါ ဘုရား။

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

## ဘုရားစေတီ+ပူဇော်ပြီ

လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ သုမေဓာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါမှာ ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်း ဟာ ကြည်လင်ဝမ်းမြောက်တဲ့စိတ်နဲ့ သုမေဓာ မြတ်စွာဘုရားရဲ့ စေတီတော်ကို ပူဇော်ခဲ့ပါတယ်။

## စေတီလေးဖြာ+မှတ်စရာ

ဒီနေရာမှာ စေတီလေးမျိုးကို ပြောပြချင်ပါသေးတယ်။

## ပရိဘောဂစေတီ

မြတ်စွာဘုရား သက်န်း၊ သပိတ်စတဲ့ အသုံးအဆောင်တွေကို ဌာပနာပြီး တည်တဲ့စေတီကို ပရိဘောဂစေတီလို့ ခေါ်တယ်။

မြတ်စွာဘုရား အသုံးအဆောင်တွေက ဘာစေတီတဲ့လဲ? က

(ပရိဘောဂစေတီပါ ဘုရား)

ဗောဓိပင်ဟာလည်း ပရိဘောဂစေတီ ထိုက်တယ်တဲ့။ ဒါလေးလည်း အပို မှတ်ထားပါ။

## ဥဒ္ဒိဿကစေတီ

ဘုရားကို ရည်မှန်းပြီးတော့ အတုအစားပြုထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကို ဥဒ္ဒိဿက စေတီလို့ခေါ်တယ်။

ရုပ်ပွားတော် ဆင်းတုတော်တွေက ဘာစေတီတဲ့လဲ?

(ဥဒ္ဒိဿက စေတီပါ ဘုရား)

## ဓာတုစေတီ

ဓာတ်တော်တွေကို ဌာပနာပြုပြီး တည်တဲ့စေတီကို ဓာတုစေတီလို့ ခေါ်တယ်။

ဓာတ်တော်တွေက ဘာစေတီတဲ့လဲ?

(ဓာတုစေတီပါ ဘုရား)

## ဓာတ်တော် သုံးမျိုး

ဒီနေရာမှာလည်း ဓာတ်တော် (၃) မျိုး မှတ်သားထားပါဦး။ အကြီးဆုံး ဓာတ်တော်၊ အလယ်အလတ်ဓာတ်တော်၊ အငယ်စားဓာတ်တော်ရယ်လို့ ဓာတ်တော် ၃ မျိုး ရှိတယ်။

အကြီးဆုံးဓာတ်တော်တွေက ပဲနောက်စေ့လောက် ရှိတယ်။ သေချာမှတ်ထားနော်။ အကြီးဆုံးဓာတ်တော် ဘယ်လောက်ရှိသတဲ့လဲ?

(ပဲနောက်စေ့လောက်ပါ ဘုရား)

## ဓာတ်တော်ကြီးကြီး+လက်သီးဆုပ်လောက်

ဘုန်းကြီးတို့ သာကေတမြို့ရောက်ခါစက ဓာတ်တော်ပူဇော်ပွဲ ဆွမ်းကပ်ချင်လို့ပါ ဘုရားလို့ လျှောက်တော့ ဆွမ်းစားကြွသွားပါတယ်။ အဲဒီအိမ်ရောက်တော့ ဓာတ်တော် ဘယ်မှာလဲ၊ ပြစမ်းပါဦးလို့ မေးလိုက်တော့ 'ဒီစားပွဲပေါ်က ပန်းကန်ပြားထဲမှာပါ ဘုရား'လို့ ပြသကြပါတယ်။

ပရိသတ်ရေ၊ မရယ်ကြနဲ့။ ဓာတော်တော်က လက်သီးဆုပ်လောက်ကြီး ဖြစ်နေတာယ်။

(အားလုံး ရယ်ကြ)

ဘယ်လောက်ဖြစ်နေ?

(လက်သီးဆုပ်လောက်ပါ ဘုရား)

ဘုန်းကြီးတော့ အားမနာနိုင်ဘူး။ အဲဒီအိမ်ကလူတွေနဲ့ တရားနာလာကြတဲ့ လူတွေကို ပြောရပါတယ်။ ဒါ ဓာတ်တော်မဟုတ်ဘူး၊ ကျောက်တုံး ကျောက်ခဲပဲ

ဖြစ်တယ်။ ဓာတ်တော်ဆိုတာ အကြီးဆုံးက ပဲနောက်စေ့လောက်ပဲ ရှိတယ်လို့ ပြောရပါတယ်။

ဒီတရားနာပြီးရင် ဓာတ်တော်ပူဇော်ပွဲတွေများ ရောက်သွားတဲ့အခါ ဓာတ်တော် အကြီးဆုံးဆိုတာ ပဲနောက်စေ့လောက်ပဲ၊ ဒါ့ထက်ကြီးနေရင် ဓာတ်တော် မဟုတ်ဘူးဆိုတာ သတိထားရမယ်နော်။

(မှန်လှပါ ဘုရား)

ဒါကြောင့် ဘုန်းကြီးတို့က ရှေ့နားမှာ သေချာမှတ်ထားနော်လို့ ပြောခဲ့တာပါ။

## အလယ်အလတ် ဓာတ်တော်

နောက်တစ်ခါ အလယ်အလတ် ဓာတ်တော်တွေကတော့ ဆန်ကွဲစေ့လောက် ရှိတယ်။ အလတ်စား ဓာတ်တော်တွေက ဘယ်လောက်ရှိသတဲ့လဲ?

(ဆန်ကွဲစေ့လောက်ပါ ဘုရား)

## အငယ်စား ဓာတ်တော်

အငယ်စား ဓာတ်တော်တွေကတော့ မုန်ညင်းစေ့လောက် ရှိတယ်။ အငယ်စားက?

(မုန်ညင်းစေ့လောက်ပါ ဘုရား)

## အရောင် ၃ မျိုး

* အကြီးဆုံး ဓာတ်တော်က ရွှေရောင်။
အကြီးဆုံးက? (ရွှေရောင်ပါ ဘုရား)

* အလတ်စားက ပုလဲရောင်။
အလတ်ငယ်စားက မြတ်လေးပန်းရောင်။
အငယ်က? (မြတ်လေးပန်းရောင်ပါ ဘုရား)

## ဓာတ်တော်ကြွင်းကျန်+မှတ်သားရန်

* အကြီးဆုံး ဓာတ်တော်တွေက ငါးပြည်။

* အလတ်စားဓာတ်တော်တွေက ငါးပြည်။

* အငယ်ဆုံးဓာတ်တော်တွေက ခြောက်ပြည်။
ပေါင်းလိုက်တော့ ၁၆ ပြည် ကျန်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ဓာတုစေတီနဲ့ပတ်သက်ပြီး တော်တော်လေး စုံသွားပါပြီ၊ ဓမ္မစေတီဆိုတာကို ဆက်ကြပါစို့။

## ဓမ္မစေတီ

* ဓမ္မစေတီ= မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ္တိဆိုတဲ့ တရားတော်တွေကို ဓမ္မစေတီလို့ ခေါ်တယ်။

တရားတော်တွေကို၊ (ဓမ္မစေတီလို့ ခေါ်ပါတယ် ဘုရား)

တရားဟောတာ၊ တရားပြတာ၊ တရားသင်တန်းပေးတာ၊ စာသင်စာချတာ၊ တရားစာအုပ်ဝေတာ၊ တရားလှူတာ၊ တရားစာ ရွတ်စေတာ၊ တရားယပ်တောင်လှူတာ၊ ပေစာ၊ ကျောက်စာထိုးပြီး လှူတာ၊ တရားတော်တွေ ရေးသားပြီး ဘုရားဌာပနာပြုပြီး ဘုရားတည်တာတွေဟာ ဓမ္မစေတီပါပဲ။

## ဗောဓိပင်ပေါင်း ၈၄၀၀၀

ဒီနေရာမှာ ဆက်စပ်နေလို့ ပြောချင်ပါသေးတယ်။ တစ်နေ့ ဗုဒ္ဓဂါယာကနေ ဘုရားဖူးပြန်လာတဲ့ ဒကာမကြီးတစ်ယောက် ကျောင်းရောက်လာတယ်။ အဲဒီ ဒကာမကြီးက ဆရာတော်ကျောင်းမှာ တပည့်တော် ဗုဒ္ဓဂါယာက ပင့်လာတဲ့ ဗောဓိပင် စိုက်ပျိုးပြီး လှူချင်ပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဆရာတော် ကျောင်းမှာ ဗောဓိပင် စိုက်ထားတာ ရှိပါသလား ဘုရားလို့လည်း ထပ်ပြီးလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတော့ ဘုန်းကြီးက 'ဒကာမကြီး ဘုန်းကြီးကျောင်းမှာ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိပါတယ်'လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော်ကတော့ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ပြောတယ်။ တပည့်တော်တော့ တစ်ပင်မှ မတွေ့မိပါ ဘုရား'လို့ လျှောက်ပါတယ်။

ဒီတော့ ဘုန်းကြီးက ရင်ပုတ်ပြလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဘာပြုလို့လဲ၊ ရင်ထဲမကောင်းလို့လား၊ ဒါမှမဟုတ် ဗိုက်ဆာလို့လား၊ ရင်အောင့်လို့လား'လို့ ပြန်မေးပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဆိုလိုတာ မသိပါဘူး ဘုရား'လို့ ပြန်လျှောက်ပါတယ်။

'ဒကာမကြီး၊ သေသေချာချာမှတ်ထားနော်။ ဘုန်းကြီးပြောတော့မယ်။ ဘုန်းကြီးတို့ စာသင် စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားဝေနေတဲ့ ဆရာတော် သံဃာတော်ကြီးတွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့

ရင်ထဲမှာ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ဆိုတဲ့ မေ့ကွန္ဓာပေါင်း ၈၄၀၀၀ ရှိတဲ့အတွက် ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ဆိုလိုတာကို ရှင်းပြလိုက်ပါတယ်။

အဲဒီတော့မှ အဲဒီဒကာမကြီးက သဘောကျသွားပြီး တပည့်တော်တို့က အပြင်ဗောဓိပင်ပဲ မြင်တတ်တာ ညံ့သေးတယ် ဘုရား။ အမှန်က ဆရာတော် သံဃာတော်တွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့ ရင်ထဲက ဗောဓိပင်ပေါင်း ၈၄၀၀၀ ကို မြင်ရမယ်ဆိုတာကို တပည့်တော် နားလည်ပါပြီ ဘုရားလို့ လျှောက်ထားပါတယ်။

## ရင်ဗောဓိပင် + စိုက်စေချင်

ဒီတော့ ဒကာ၊ ဒကာမတွေကို ပြောချင်တာက အပြင်ဗောဓိပင်လည်း စိုက်ပျိုးပါ၊ ပူဇော်ပါ၊ ကောင်းပါတယ်။ မကောင်းဘူး မပြောပါဘူး။ အပြင်ဗောဓိပင် စိုက်ပျိုးရုံလောက်နဲ့တော့ အချိန်မကုန်စေသင့်ပါဘူး။ ရင်ဗောဓိပင် စိုက်ပျိုးဖို့က ပိုပြီးအရေးကြီးပါတယ်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားကောင်း တရားမြတ်တွေ ရင်ထဲမှာ အများကြီးသိအောင် လုပ်တာ၊ သိတဲ့အတိုင်း လိုက်နာကျင့်သုံးတာ၊ တရားတော် မကွယ်မပျောက်အောင် ထိန်းသိမ်းတော်မူကြတဲ့ သံဃာတော်များကို ပစ္စည်းလေးပါး မပင်ပန်းအောင် ထောက်ပံ့အားပေးတာတွေဟာ ရင်ဗောဓိပင် စိုက်ပျိုးပူဇော်နေတာပါပဲ။ ရင်ဗောဓိပင် အဓိကစိုက်ပျိုးကြပါလို့ မှာချင်ပါတယ်။

တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ဘုန်းကြီးကို ဗောဓိပင် စိုက်ပျိုးဖို့ လာလျှောက်ရင် ဘုန်းကြီးကတော့ ရင်ပုတ်ပြလိုက်မှာပဲ။ ရင်ပုတ်ပြရင် ဒကာ ဒကာမတွေ သိပါ့မလား?

(သိပါတယ် ဘုရား)

သိမှာပေါ့၊ ဘုန်းကြီးက ပြောထားတာကိုး။

(အားလုံးရယ်ကြ)

အဲဒီစေတီလေးမျိုးကို ပူဇော်သင့် ပူဇော်ထိုက်လို့ စေတီလို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆိုကြ။

* ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ တစ်ဝဓာတု၊ မေ့ရှု လေးခုစေတီလာ။
* ပူဇော်ထိုက်သော၊ ထိုသဘော၊ ဆိုပြောစေတီပါ။

* မြတ်စွာဗုဒ္ဓ၊ သုံးဆောင်ကာ၊ မှတ်ကြပရိသောဂါ။
* ဘုရားရည်ပြု၊ ရပ်ပွားစု၊ ဆင်းတုဥဒ္ဒိဿာ။
* ဓာတ်တော်တွေစု၊ တည်ထားပြု၊ ဓာတုစေတီ။
ဓာတ်တော်တွေက ဘေဟုပ၊ မှတ်ကြစေတီပါ။
ကြီး, လတ်, ငယ်စား၊ ဓာတ်တော်များ၊ မှတ်သားသုံးမျိုးလာ။
ရွှေ, ပုလဲရောင်၊ မြတ်လေးရောင်၊ အရောင်စဉ်တိုင်းသာ။
ကြီး, လတ်, ငါးပြည်၊ ငယ် ခြောက်ပြည်၊ ကျန်သည်ဓာတ်တော်ပါ။
* တရားတော်က၊ မြတ်ဓမ္မ၊ မှတ်ကြစေတီပါ။

## သံဃာပင့်ကာ+ဆွမ်းလှူရှာ

သုမေဓာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရာ အရပ်မှာပဲ အဘိညာဥ် ခြောက်ပါးနဲ့ ပြည့်စုံတော်မူကြတဲ့ တန်ခိုးကြီးမား ရဟန္တာအရှင်မြတ်များကို ပူဇော်ရာဌာန ပင့်ဆောင်ပြီးတော့ သံဃိကဒါနဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဘာဒါနလှူ?

(သံဃိကဒါနလှူပါတယ် ဘုရား)

ခုဘဝ၊ နောက်ဘဝ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် သက်မဲ့၊ သက်ရှိ ကောင်းကျိုးချမ်းသာတွေ ရချင်တယ်ဆိုရင်၊ အကျိုးများချင်တယ်၊ အကျိုးကြီးချင်တယ်ဆိုရင် သံဃာလှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဘုရားက "သံဃေဒိန္န မဟပ္ဖလံ" လို့ ဟောခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ဝေဘူထေရ်ကျော်+စကားတော်

ဒီနေရာမှာ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးရဲ့ ဩဝါဒစကားလေး လက်ဆောင်ပါးချင်ပါသေးတယ်။ ရန်ကုန်က စာသင်တိုက်ဆရာတော်တစ်ပါး ကျောက်ဆည်မြို့ရောက်တုန်း ရောက်ခိုက် ဝေဘူဆရာတော်ကြီး သွားပြီးဖူးမြင်ပါတယ်။ ဝေဘူဆရာတော်ကြီးက "ကိုယ်တော်လေး ဘယ်ကကြွလာပါသလဲ"လို့ မေးပါတယ်။ "ရန်ကုန်ကပါ ဘုရား"လို့ ပြန်လျှောက်ထားပါတယ်။ ဆရာတော်ကြီးက "ကိုယ်တော် ရန်ကုန်မှာ ဘာလုပ်နေပါသလဲ"လို့ ထပ်မေးပါတယ်။ "တပည့်တော် သံဃာ ၅၀ ကျော်လောက်ကို နေ့စဉ် စာဝါ လေး ငါးကြိမ်လောက် ပို့ချပေးနေပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

ဝေဘူဆရာတော်ကြီးက "ကောင်းလိုက်တာ ကိုယ်တော် သာဓု သာဓု သာဓု"ပါလို့ သာဓုခေါ်တော်မူပါတယ်။ ပြီးတော့ ဆရာတော်ကြီးက "ကိုယ်တော် သံဃာတွေ မွေး။ သံဃာတွေ ကျွေးလို့ကတော့ ဘုန်းကံတွေ အံ့သြလောက်အောင် ကြီးလာပါလိမ့်မယ်"လို့လည်း ပြောပါသေးသတဲ့။

ဝေဘူဆရာတော်ကြီးရဲ့ စကားဟာ တော်တော်မှတ်သားစရာ ကောင်းပါတယ်။ "သံဃေဒိန္နံမဟပ္ဖလံ" ဆိုတဲ့ ဘုရားစကားတော်နဲ့လည်း ကိုက်ညီပါတယ်။ ဆရာတော်ကြီးကတော့ မြင်လွယ် ယင်လွယ်အောင် ရိုးရိုးရှင်းရှင်းကြီး ပြောလိုက်တာ ဖြစ်ပါတယ်။

## ညောင်တုန်း အဘိဓဇ + စကားလှ

ဘုန်းကြီးတို့ ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာဂုရု) ဆရာတော်ကြီးကလည်း ဘုန်းကြီးကို ပြောဖူးတဲ့ စကားရှိတယ်။ အဲဒီစကားက ဘာစကားလဲဆိုတော့ ဘုန်းကြီး စာသင်တိုက် တည်ထောင်ခါစက မကားပါ။ "ဦးဂုဏိန္ဒ၊ သံဃာများလာရင် စား ဝတ် နေရေး ခက်လာလိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့၊ ကိုယ်တော်တစ်ပါးထဲ နေရင် တစ်ပါးစာပဲ ရောက်လာမယ်၊ သံဃာအပါး ၁၀၀ နေရင် အပါး ၁၀၀ စာ ရောက်လာမယ်။ အဲဒါ ကိုယ်တော် အမြဲမှတ်ထားပါ" လို့ မိန့်ကြားတော်မူပါတယ်။

ဆရာတော်ကြီးက အားပေးမိန့်ကြားတော်မူပေမယ့်လည်း ဘုန်းကြီးက ဟုတ်မှဟုတ်ပါ့မလားလို့ အမြဲတွေးတောပူပန်မိပါတယ်။

ဆရာတော်ကြီး အားပေးမိန့်ကြားတာ မှန်ပါတယ်။ သံဃာတွေ များလာလေလေ ပစ္စည်းလေးပါး ပိုပြီးတော့ပြည့်စုံလာတာ တွေ့ရပါတယ်။ အဲဒီလို ဆရာတော်ကြီးတွေ ပြောတာ မှန်ကန်တာတွေ ကိုယ့်ကိုယ်တွေ့ မြင်ရတော့မှ ဆရာတော်ကြီးတွေဟာ စာပေအတွေ့အကြုံ ဘဝအတွေ့အကြုံနဲ့ ပြောတာဆိုတော့ တကယ် မှန်တာပေါ့လို့ ကောက်ချက်ချမိပါတယ်။

ညောင်တုန်းပါဠိတက္ကသိုလ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ စကားဟာ စာသင်တိုက် ဆရာတော်များအတွက် တကယ်မှတ်သားစရာကောင်းတဲ့ စကားအလှပဲ ဖြစ်ပါတယ်။

ဆရာတော်ကြီး နှစ်ပါးရဲ့ စကားတော်ကို ကဗျာဆောင်ပုဒ်လေး ရေးထားတယ်။ အားလုံး လိုက်ဆိုကြပါ။

## ဝေဘူထေရ+စကားလှကဗျာ

* ဝေဘူထေရ်ကျော်၊ စကားတော်၊ မှတ်နော် စွဲမြဲစွာ။
* စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျွေးမွေးပြုရပါ။
* အသိဉာဏ်ပေး၊ ပညာရေး၊ အားပေးပို့ချပါ။
* သံဃာပေးပြန်၊ ကျွေးမွေးပြန်၊ ဘုန်းကံကြီးမားမှာ။
* အုံ့ညြိဖွယ်ပင်၊ ဘုန်းကံတွင်၊ အစဉ်ကြီးမားမှာ။
* ဝေဘူထေရ၊ စကားလှ၊ မုချမှန်သည်သာ။

## ညောင်တုန်းထေရ+ စကားလှကဗျာ

* ညောင်တုန်းတိုက်က၊ ဘိဇ၊ မိန့်ပြစကားမှာ။
* တစ်ပါးတည်းပင်၊ နေထိုင်လျှင်၊ ရောက်အင်တစ်ပါးစာ။
* တစ်ရာနေလျှင်၊ တစ်ရာပင်၊ ရောက်နိုင်တစ်ရာစာ။
* သံဃာများလျှင်၊ ခက်မည်ထင်၊ အစဉ်မတွက်ရာ။
* သံဃာများလျှင်၊ ပေါများအင်၊ အစဉ်တွက်ထားပါ။
* သံဃာများက၊ ပိုပေါရ၊ မုချမလွဲပါ။
* သံဃာများက၊ ပိုပေါရ၊ မုချကိုယ်တွေ့ပါ။
* ညောင်တုန်းထေရ၊ ဘိဇ၊ ဟောပြမှန်သည်သာ။

## တရားဟောပြ + အရှင်သုမေဓာ

သုမေဓာမြတ်စွာဘုရားရဲ့ အလုပ်အကျွေး မထေရ်တစ်ပါး ရှိပါတယ်။ ဘွဲ့တော်ကလည်း သုမေဓာလို့ပဲ ထင်ရှားပါတယ်။ အဲဒီသံဃိကဆွမ်းကပ်ပွဲမှာ သုမေဓာမထေရ်က ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

## ဆွမ်းလှူစိတ်ကြည် + နတ်ဖြစ်ပြီ

ဆွမ်းလှူတဲ့ စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နတ်ဗိမာန်မှာ ဖြစ်ရပါတယ်။ နတ်သမီးပေါင်း ၈၆၀၀၀ က ဖျော်ဖြေခစားကြပါတယ်။

## အခြားနတ်တွေ + သာလွန်ပေ

အဲဒီနတ်သမီးတွေက ကာမဂုဏ်အာရုံအမျိုးမျိုးနဲ့ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ကာ အမြဲတစေ ဖျော်ဖြေပေးကြပါတယ်။ သူဟာ အခြားနတ်တွေကိုလည်း

အသက်၊ အဆင်းစတဲ့ ကောင်းကျိုးတွေ သာလွန်လွှမ်းမိုးရပါတယ်။ အဲဒီကောင်းကျိုးတွေ ရတာဟာ သူကိုယ်တိုင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့တဲ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကောင်းမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

## စင်ကြယ်မြတ်လှ + ဘောဇဉ်ရ

နှစ်ဆယ့်ငါးကမ္ဘာထက်မှာ ဝရုဏာဆိုတဲ့ စကြဝတေးမင်း ဖြစ်ရပါတယ်။ အထူးကောင်းမြတ် စင်ကြယ်တဲ့ ဘောဇဉ်များ ရရှိသူ ဖြစ်ပါတယ်။

## သလေးကောင်းဖွေ + စားရပေ

တိုင်းသူပြည်သား လူအများတွေဟာ မျိုးစေ့မစိုက်ပျိုးရပါဘူး။ ထွန်တုံးတွေကိုလည်း မကိုင်ကြရပါဘူး။ မထွန်မယက်ကြရဘဲ အလိုလိုကျလာတဲ့ သလေးတွေကိုသာ လူတွေ စားသုံးကြရပါတယ်။

## နတ်ပြည်တစ်ဖန် + ဖြစ်ရပြန်

အဲဒီတိုင်းပြည်မှာ မင်းပြုပြီးတော့ သေဆုံးကဲ့အခါမှာ နတ်ပြည်ကို တဖန်ရောက်ရပါတယ်။ အဲဒီနတ်ပြည်ဖြစ်ရတဲ့ဘဝမှာလည်း စည်းစိမ်ဥစ္စာအဖြာဖြာတွေ ပြည့်စုံပေါများရပါတယ်။

## ညှဉ်းဆဲကင်းစင် + များချစ်ခင်

မိတ်ဆွေဟုတ်သူ မဟုတ်သူ အားလုံးက သူ့ကို မညှဉ်းဆဲကြပါဘူး။ အားလုံးက သူ့ကို ချစ်ခင်မြတ်နိုးကြပါတယ်။ ဒီကောင်းကျိုးတွေဟာ ဗုဒ္ဓထု ပပူဇာ၊ သံဃိကဒါနပူဇာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီတရားနာနေကြတဲ့ ဒကာဒကာမတွေ ဘဝတိုင်း ညှဉ်းဆဲမခံရအောင် အားလုံးက ကိုယ့်ကိုချစ်ခင်လေးစား အရေးထားအောင် ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကုသိုလ်တွေ များများလုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

သူရတဲ့ ဒီကောင်းကျိုး နှစ်မျိုးလုံးဟာ တကယ့်ကို ချစ်စရာကောင်းပါတယ်။ ဘုန်းကြီးကတော့ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုးကို တော်တော်လေး သဘောကျပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကြီးနိုင်ငယ်ညှဉ်း လုပ်ချင်ကြတယ်။ ကိုယ်ချင်းစာတရား ကင်းမဲ့နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှုတွေ

အားနည်းနေကြတယ်။ ညီအစ်ကို မောင်နှမအရင်း အချင်းချင်းပင် ပြိုင်ချင်ဆိုင်ချင်၊ ညှဉ်းဆဲချင်၊ မုန်းစိတ်တွေ ဝင်နေကြတယ်။

ဒါကြောင့် ဒီဆုတောင်းကျိုး နှစ်မျိုးဟာ လိုချင်စရာကောင်းတယ်လို့ ပြောတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုး ဆုမတောင်း သင့်ဘူးလား?

(ဆုတောင်းသင့်ပါတယ် ဘုရား)

ကဲ– ဆုတောင်းကောင်းလေး လိုက်ဆိုကြပါ။

* ကိုယ်ကလည်း ဘယ်သူ့ကိုမှ မညှဉ်းဆဲပါရစေနဲ့၊
ကိုယ့်ကိုလည်း ဘယ်သူကမှ မညှဉ်းဆဲနိုင်ပါစေသား။
* ကိုယ်ကလည်း အားလုံးကို ချစ်ခင်ပါရစေ၊
ကိုယ့်ကိုလည်း အားလုံးက ချစ်ခင်ကြပါစေသား။

## လူတွေချစ်ခင်+မြတ်အရှင်

သူ့ကို လူတွေက ချစ်ခင်ကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကိုကြည့်ပြီး ပြောဟောမယ်ဆိုရင်တော့ "လူတွေချစ်ခင်+မြတ်အရှင်"လို့ ပြောဟောရမှာပါပဲ။ လူတွေချစ်တာလည်း မဆန်းပါဘူး။ လူတွေချစ်တာ အကြောင်းရှိပါတယ်။ သူကိုယ်တိုင် ငါးပါးသီလ မြဲတယ်။ လူတွေကိုလည်း ငါးပါးသီလမြဲအောင် ဟောပြောပေးတယ်။ စားဝတ်နေရေး ကျန်းမာရေးစတဲ့ အရေးပေါင်းများစွာ ပြည့်စုံအောင် စီမံပေးတော့ လူတွေက ချစ်ခင်မြတ်နိုးကြတာပါပဲ။ ဒါကြောင့် လူတွေ ချစ်ခင်တာ အကြောင်းရှိတယ်လို့ ပြောခဲ့တာပါ။

မထွန်မယက်ဘဲ သလေးစပါး ကောင်းတာတွေ စားသုံးရခြင်းဆိုတဲ့ အကြောင်းတွေလည်း ပါပါတယ်။ ဒါတွေ ရှေ့နားမှာ ပြောဟောခဲ့ပြီးပါပြီ။

## နူးညံ့သာလျှပေး + အပါယ်ဝေး

သူဟာ ကမ္ဘာသုံးသောင်းအထက်မှာ အမွှေးနူးညံ့သာ လျှုဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ သူဟာ အပါယ်လေးပါးဆိုတာ သိတောင်မသိဘူးပါဘူးတဲ့။ ဒီကောင်းကျိုး ရရှိတာဟာ နူးညံ့သာလိမ်းကျံလျှုဒါန်းရခြင်းရဲ့ အကျိုးပဲ ဖြစ်ပါတယ် တဲ့။

ဒီနေရာလေးကို ကြည့်ပြီးတော့ နှံ့သာနဲ့ပူဇော်ဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။ ပရိသတ်ရေ၊ အပါယ်ဘေးမှ တကယ်ဝေးရတာ ဘယ်ဒါနကြောင့်တဲ့လဲ?

(နံ့သာဒါနကြောင့်ပါ ဘုရား)

## အနံ့သာလိုသူ + နံ့သာလှူ

ဘဝတိုင်း ဘဝတိုင်း ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကောင်းတဲ့အနံ့တွေ သာချင်တယ်ဆိုရင် နံ့သာလှူပါ၊ ဘာလှူရမတဲ့လဲ?

(နံ့သာလှူရမှာပါ ဘုရား)

''အနံ့သာရေး နံ့သာလှူပေး'' ဒီလိုနော်။

(မှန်လှပါ ဘုရား)

အနံ့သာလိုသူ ဘာလှူ?

(နံ့သာလှူရမှာပါ ဘုရား)

## မင်းမြတ်စကြာ + တစ်ကြိမ်ပြု

သူဟာ ဘဒ္ဒကမ္ဘာမှာတော့ လူတွေကို အစိုးရကာ တန်ခိုးကြီးမားပြီး များမြတ်အင်အား တကယ်များတဲ့ စကြာဝတေးမင်းတစ်ပါး တစ်ကြိမ်ဖြစ်ဖူးပါသေးတယ်။

## နတ်တွေချစ်ခင် + မြတ်အရှင်

သူစကြာဝတေးမင်း ဖြစ်တဲ့အချိန်တုန်းက လူတွေကို ငါးပါးသီလ တည်အောင် ဟောပြောပေးပါတယ်။ လူတွေကလည်း သူဆုံးမတဲ့အတိုင်း ငါးပါးသီလ တည်အောင် လိုက်နာကျင့်သုံးကြပါတယ်။ အဲဒီငါးပါးသီလ တည်ကြသူတွေဟာ သေဆုံးတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်။ နတ်ပြည်ရောက်တဲ့နတ်တွေဟာ စဉ်းစားတွေးတောကြတယ်။ ငါတို့ ခုလိုနတ်ပြည်ရောက်ရတာ ဘယ်သူ့ရဲ့ ကျေးဇူးကြောင့်လဲလို့ ကြည့်လိုက်တဲ့အခါမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း ဖြစ်တဲ့ စကြာဝတေးမင်းရဲ့ ကျေးဇူးကြောင့်ဆိုတာကို သိမြင်ကြပါတယ်။

ဒီနေရာမှာ သူ့အကြောင်းလေး ပြောပြဦးမယ်။

သူဟာ ဘုန်းကြီးတို့ ဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့ ပုဏ္ဏားမျိုးမှာ လာဖြစ်ရပါတယ်။ ပိလိန္ဒဝစ္ဆလို့ ခေါ်ပါတယ်။ သူဟာ သံသရာမှာ ငြိးငွေ့လာတဲ့အတွက် ပရိဗိုဇ်ရဟန်းပြုပြီး စူဠဂန္ဓာရခေါ်တဲ့ မန္တန်အတတ်ကို သင်ကြားတတ်

ပြောက်ပါတယ်။ အဲဒီအတတ်နဲ့ ကောင်းကင်မှာ သွားနိုင်တယ်။ သူတစ်ပါးစိတ်ကို လည်း သိမြင်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ လာဘ်ပေါ်များသူ၊ အခြံအရံပေါ်များသူ ဖြစ်နေပါတယ်။

ဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူလာတဲ့အခါမှာ ဒေသစာရီကြွချီတော့ ရာဇဂြိုဟ်ပြည်ရောက်တော်မူပါတယ်။ ဘုရားရှင်က ရာဇဂြိုဟ်ပြည်ရောက်တဲ့အချိန် ကစပြီးတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ရဲ့ စူဠဂန္ဓာရီအတတ်ဟာ သူလိုတဲ့ကိစ္စတွေ မပြီးစေ တော့ပါဘူး။

အဲဒီအချိန်မှာ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ ''မဟာဂန္ဓာရဝိဇ္ဇာ ထင်ရှားရှိတဲ့အရပ် မှာ စူဠဂန္ဓာရဝိဇ္ဇာဟာ မပြည့်စုံနိုင်ဘူးလို့ ဆရာ့ ဆရာတွေ ပြောတာ ငါကြားဖူး တယ်။ ရဟန်းဂေါတမ ဒီရာဇဂြိုဟ်ပြည်ရောက်လာတဲ့အချိန်မှစပြီးတော့ ငါ့ရဲ့ စူဠဂန္ဓာရဝိဇ္ဇာအတတ်ကို တတ်သိသူဖြစ်မယ်။ ငါ သူ့ကို ဆည်းကပ်ပြီးတော့ မဟာဂန္ဓာရဝိဇ္ဇာအတတ်ကို သင်ယူရရင် ကောင်းမယ်''လို့ ကြံစည်ပြီးတော့ မြတ် စွာဘုရားထံ ဆည်းကပ်ပါတယ်။ ဆည်းကပ်ပြီးတော့ ''ရဟန်းမြတ်၊ အကျွန်ုပ် ရဟန်းမြတ်ထံမှာ ဝိဇ္ဇာအတတ်တစ်မျိုး သင်ယူချင်ပါတယ်။ သင်ခွင့်ပြုပါ''လို့ တောင်းပန်လျှောက်ထားပါတယ်။

မြတ်စွာဘုရားက ''အဲဒီဝိဇ္ဇာအတတ် သင်ကြားချင်ရင် သင် ရှင်ရဟန်းပြု ပါ''လို့ ပြောတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ ''ရှင်ရဟန်းပြုတာဟာ ဝိဇ္ဇာအတတ်ရဲ့ ရှေ့ပိုင်းအလုပ်လို့ အောက်မေ့ပြီး ရှင်ရဟန်းပြုပါတယ်။

ဘုရားက သူ့ကို သူနဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။ သူဟာ ရှေးကောင်းမှုနဲ့ ပြည့်စုံသူဖြစ်တော့ မကြာခင်မှာပဲ ဝိပဿနာတရား ပွား များပြီး ရဟန္တာဖြစ်သွားပါတယ်။ (အပဒါန်၊ ၄၊ ၂၊ ၁၂၊ ၁၃)

သူ့ကျေးဇူးကို သိကြတဲ့ နတ်ပြည်ရောက်နေတဲ့ နတ်တွေဟာ အရှင်ပိလိန္ဒ ဝစ္ဆထံ ညဉ့်၊ နံနက် အစဉ်မပြတ် အရှင်မြတ် ပိလိန္ဒဝစ္ဆမထေရ်ကို လာရောက်ပြီး ရှိခိုးကြတယ်၊ ဆည်းကပ်ခစားကြတယ်။

နတ်တွေက အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ကို ချစ်ခင်မြတ်နိုးကြတယ်နော်။
(မှန်လှပါ ဘုရား)

တစ်ချိန်မှာ မြတ်စွာဘုရားက အရိယာသံဃာတော်များရဲ့အလယ်မှာ ထိုင် နေတော်မူပါကာ ''ရဟန်းတို့ နတ်တွေချစ်မြတ်နိုးတဲ့ ငါဘုရားရဲ့တပည့် ရဟန်းတွေ ထဲမှာ ပိလိန္ဒဝစ္ဆရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်တယ်''လို့ တေဒဂ်ရာထူး ထားတော်မူပါတယ်။ (အပဒါန်၊ ၄၊ ၂၊ ၁၃)

## လူ နတ်ချစ်ခင် + မြတ်အရှင်

ဒီတရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ မင်းလုလ်စဉ်က လူတွေက ချစ်မြတ်နိုးတယ်၊ လူတွေကို ငါးပါးသီလမြဲအောင် ဟောပြောပေးတော့ နတ်ပြည် ရောက်ကြတဲ့ နတ်တွေဟာ သူကျေးဇူးသိပြီးတော့ နေ့ရောညပါ လာရောက်ခစား ချစ်ခင်မြတ်နိုးကြတယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မေးရဦးမယ်၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကို လူတွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

နတ်တွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ မင်္ဂလာပွဲ ဆင်ကာန္တဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောပြောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

('လူနတ်ချစ်ခင်+မြတ်အရှင်' တရားတော်ပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဒီဘုရားလက်ထက်မှာ ဝိမောက္ခရှစ်ပါး ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လူတွေ နတ်တွေ+ ချစ်ခင်ကြပါစေ

ဒီတရားတော်ကို နာကြားနေကြတဲ့ ဒကာ ဒကာမတွေကို ဆုပေးမယ်၊ ယူမယ် မဟုတ်လား?

(ယူပါ့မယ် ဘုရား)

လူတွေ နတ်တွေချစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား)

"လူနတ်ချစ်ခင်+ မြတ်အရှင်" တရားတော်ပြီးပြီ။

## တရားအမည်ပေးရာ၌

* လူ နတ် ချစ်တာ+ အကြောင်းရှာပါ။
* လူ နတ် ချစ်တာ+ အကြောင်းရှိပါတယ်။
* လူ နတ် ချစ်တာ+ ဘယ်အရာကြောင့်လဲ။

* လူ နတ် ချစ်ဆေး+ ပေးပါရစေ။
* လူ နတ် ချစ်စေ+ တောင်းဆုချွေမယ်။
* လူ နတ် ချစ်ရေး+ အကြောင်းလေးတွေ။
* လူ နတ် ချစ်အောင်+ ကြိုးစားဆောင်ရွက်ပါ။
* ဗုဒ္ဓ၊ သံဃာ+ ပေးလှူပါ။
* လူတွေလည်းချစ်+ နတ်လည်းချစ်သူ။
* လူတွေချစ်ခင်+ မြတ်အရှင်။
* အနှိုင်းသာလိုသူ+ နှိုင်းသာလှူပါ။
* နှိုင်းသာလှူပေး+ အပါယ်ဝေး တရားတော်စသည်ဖြင့် ကြိုက်ရာ ရွေးကာ အမည်ပေး ဟောကြားပါ။

သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြာဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊
ဥဒယသုတ်တော်ကို ဇာန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "အဖန်ဖန် အခါခါ + ပေးလှူပါ"

## တရားတော်

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့တော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ နံနက်အချိန်အခါမှာ သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ် သင်္ကန်းကို ဆောင်ယူကာ ဥဒယဆိုတဲ့ပုဏ္ဏားရဲ့အိမ်ကို ကြွတော်မူပါတယ်။

ဥဒယပုဏ္ဏားဟာ သူစားရန် ပြင်ဆင်ထားတဲ့ ဘောဇဉ်ကို မြတ်စွာဘုရားအား လောင်းလှူလိုက်ပါတယ်။

ဒုတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။ ဥဒယပုဏ္ဏားကလည်း ဆွမ်းလောင်းလိုက်ပါတယ်။

တတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။

အဲဒီ တတိယနေ့မှာတော့ ပုဏ္ဏားကြီးဟာ စိတ်ဆိုးဆိုးနဲ့ ဆွမ်းလောင်းထည့်ပြီးတော့ "ဒီရဟန်းဂေါတမဟာ အရသာမှာ တပ်မက်သူဖြစ်တယ်။ ထပ်ကာထပ်ကာ ငါ့ရဲ့အိမ်ကို လာပြီးတော့ ဆွမ်းခံလာနေတော့တာပဲ"လို့ ကဲ့ရဲ့ပြောဆိုပါတယ်။

ပုဏ္ဏားကြီးဟာ ပထမ၊ ဒုတိယရက်တွေမှာလည်း သဒ္ဓါတရားရှိလို့ လှူနေတာ မဟုတ်ပါဘူး။ "မိမိအိမ်ပေါက် အလှူခံရောက်လို့မှ လှူဖော်မရဘူး"လို့ ကဲ့ရဲ့မှာ ကြောက်လို့ ဟန်ဆောင်လှူနေခြင်းဖြစ်ပါတယ်။

ဘုရားကလည်း တတိယနေ့တိုင်အောင် ဆွမ်းခံကြွရင် ဒီပုဏ္ဏား ဒီစကားမျိုး ပြောမယ်ဆိုတာ သိပါတယ်။

အဲဒီစကားမျိုးပြောရင် ဒီတရားဟောတဲ့အခါ ဒီပုဏ္ဏား သရဏဂုံတည်မယ်ဆိုတာ မြင်တော်မူတဲ့အတွက် ၃ ရက် ဆက်တိုက် ကြွတော်မူတာပါပဲ။

ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။
အို ပုဏ္ဏား၊ ဒီလောကမှာ–
၁။ မျိုးစေ့ကို အဖန်ဖန် အခါခါ စိုက်ပျိုးရမယ်။
၂။ မိုးမင်းကလည်း အဖန်ဖန် အခါခါ ရွာချတယ်။
၃။ လယ်သမားတွေကလည်း အဖန်ဖန် အခါခါ လယ်ယာထွန်ယက်ကြတယ်။
၄။ တိုင်းသူပြည်သား လူအများတွေကလည်း ဆန်စပါး လုပ်ရာဌာနကို အဖန်ဖန် အခါခါ ကပ်ရောက်ကြပါတယ်။
၅။ ဘုန်းတောင်းယာစကာတွေဟာလည်း အဖန်ဖန် အခါခါ တောင်းရမ်းကြတယ်။
၆။ အလှူရှင်တွေကလည်း အဖန်ဖန် အခါခါ ပေးလှူကြတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတာပါ။ ဘာတဲ့လဲ?
(တရားအမည်လေးက အဖန်ဖန် အခါခါ ပေးလှူပါ တရားပါ ဘုရား)
အေး ဟုတ်ပြီ၊ ကိုယ်ရှိတာလေး လက်မနှေးဘဲ အဖန်ဖန် အခါခါ ပေးရ၊ လှူရ၊ ကျွေးရမယ်နော်။
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ မပေါချင်ဘူးလား?
(ပေါချင်ပါတယ် ဘုရား)
အေး၊ ပေါချင်ရင် ပေးရတယ်၊ လှူရတယ်၊ ကျွေးရတယ်။
ကဲ– ဘုန်းကြီးရဲ့ လက်သုံးဆောင်ပုဒ်လေး လိုက်ဆို
* ပေါချင်ရင် ပေးပါ၊
ပေးချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် လှူပါ၊
လှူချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ပေါပါလိမ့်မယ်။
ဒကာ ဒကာမတွေ မချောချင်ဘူးလား?
(ချောချင်ပါတယ် ဘုရား)
အေး ချောချင်ရင်လည်း ဘာလုပ်ရမလဲ?
(ပေးရ၊ လှူရ၊ ကျွေးရမှာပါ ဘုရား)
အေး ဟုတ်ပြီ၊ ဆောင်ပုဒ်လေး ပြောင်းပြီးဆိုကြည့်ရအောင်။

* ချောချင်ရင် ပေးပါ၊
ပေးချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် လှူပါ၊
လှူချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ချောပါလိမ့်မယ်။

ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ ဒကာမတွေဟာ ဘုရားအမျိုးရှိတဲ့ သံဃာတော်များကို ခဏခဏ မကြာမကြာ ပင့်ဖိတ်ပြီး ဆွမ်းကပ်ကြတယ်။ ညှော်ပရိသတ်တွေကိုလည်း ခဏခဏဖိတ်ပြီး ကျွေးမွေးပြုစုကြတယ်ဆိုတော့ ဘယ်တရားမျိုး ဟောရရင် ကောင်းမလဲလို့ ရွေးကြည့်တဲ့အခါ ဒီတရားစကားလေးကို တွေ့ရပါတယ်။ ဒီနေ့ အလှူရှင်တွေနဲ့ လိုက်ဖက်တဲ့တရားလေး ဖြစ်ပါတယ်။

အဖန်ဖန် အခါခါ ပေးလှူသူတွေကို ဒီနေ့ဂုဏ်ပြု အသိဉာဏ်ပေးလိုက်တဲ့ တရား ဖြစ်ပါတယ်။

ဘာတရားတဲ့လဲ?
('အဖန်ဖန် အခါခါ ပေးလှူပါ' တရားပါ ဘုရား)
တရားပေါ်ပြီနော်။
(ပေါ်ပါပြီ ဘုရား)
အေး တရားပေါ်ပေမယ့် တရားမပြီးသေးဘူး။ ရှေ့ဆက်ပြီးတော့ နာကြားကြည့်ကြရအောင်။

၇။ အလှူရှင်တွေဟာ အဖန်ဖန် အခါခါ ပေးလှူတဲ့အတွက်
၈။ အဖန်ဖန် အခါခါ နတ်ပြည်ကိုရောက်ရတယ်တဲ့။

ဒကာ ဒကာမတွေ နတ်ပြည်ကို အဖန်ဖန် အခါခါ မရောက်ချင်ဘူးလား?
(ရောက်ချင်ပါတယ် ဘုရား)
နတ်ပြည်ရောက်ချင်တာကတော့ ဟုတ်ပါပြီ၊ နတ်ပြည်ရောက်တဲ့အခါမှာ နတ်သမီး ဖြစ်ချင်သလား? နတ်သားဖြစ်ချင်သလား? အားလုံးဖြေ။
(နတ်သား ဖြစ်ချင်တာပါ ဘုရား)
နတ်သား ဘာကြောင့်ဖြစ်ချင်တယ်ဆိုတာကို ရှေ့က တရားထောက် ဒကာကြီးတစ်ယောက်ထဲ ဖြေစမ်းပါ။
(နတ်သမီးလေးတွေ တစ်ဖက် လေးငါးရာနဲ့ နေချင်လို့ပါ ဘုရား)
(အားလုံး ရယ်ကြ)

## နားငြီးလို့ပါ ဘုရား

ဒီနေရာလေးမှာ ကြုံတုန်း ပြောရဦးမယ်။ ဘုန်းကြီး သံဃဒါနဆွမ်း အောင်ပွဲတစ်နေရာမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဟာ သံဃိကဆွမ်းဒါန ကောင်းမှုကြောင့် နတ်ပြည်ရောက်သွားပါတယ်။ နတ်ပြည်ရောက်သွားတော့ သူ့ကို နတ်သမီးပေါင်း ရှစ်သောင်းခြောက်ထောင်က ဖျော်ဖြေခစားကြရပါတယ်။ အဲဒီလို နတ်သမီးတွေ အများကြီး ဖျော်ဖြေခစားကြရတဲ့ နေရာလေးကို ဟောရင်း ဘုန်းကြီးက ရှေ့တရားထောက်တဲ့ ဒကာကြီးတစ်ယောက်ကို ဒကာကြီး အဲဒီအရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းလို နတ်သမီးတွေ အများကြီး မလိုချင်ဘူးလားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက မလိုချင်ပါဘူး ဘုရားလို့ ဖြေပါတယ်။ ဘုန်းကြီးက ဆက်ပြီးတော့ ဒကာကြီး၊ ဘာကြောင့် မလိုချင်တာတုံး၊ ဆက်ပြောစမ်း၊ လျှောက်စမ်းပါဦးဆိုတော့ အဲဒီဒကာကြီးက လူ့ပြည်က တစ်ယောက်ထဲတောင် နားငြီးလို့ပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ကဲ– ထားပါတော့၊ အဖန်ဖန် အခါခါ ပေးလှူရင် အဖန်ဖန် အခါခါ နတ်ပြည်ကို ရောက်ရတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဖန်ဖန် အခါခါ မပေးမလှူသင့်ဘူးလား?

(ပေးလှူသင့်ပါတယ် ဘုရား)

အဖန်ဖန် အခါခါပေးလှူတာဟာ နတ်ပြည် အဖန်ဖန် အခါခါ ရောက်ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

၉။ နို့ညှစ်သမားတွေကလည်း အဖန်ဖန် အခါခါ နို့ညှစ်ကြတယ်တဲ့။

နွားနို့ရောင်းတဲ့သူတွေဟာ နွားမနို့ကို အဖန်ဖန် အခါခါ နို့မညှစ်ကြဘူးလား။

(နို့ညှစ်ကြပါတယ် ဘုရား)

ဘာတဲ့လဲ? နွားနို့ရောင်းစားသူတွေကို ချီးတဲ့စာကလေးက "နွားနို့တစ်မြူ ရေကိုးမြူ၊ ဖြူတောင် ဖြူသေးတယ်"တဲ့။

အဲ– တရားနာ ပရိသတ်ထဲ နွားနို့ရောင်းတဲ့လူ မပါလောက်ပါဘူးနော်။

(တစ်ယောက်တော့ ပါပါတယ် ဘုရား)

ပါလည်း မတတ်နိုင်ဘူး၊ တဲ့တဲ့ပြောဟောလိုက်တယ်လို့သာ မှတ်ပေတော့။

(အားလုံး ရယ်ကြ)

၁၀။ နွားငယ်ကလေးတွေကလည်း နို့ဆာတဲ့အတွက် အဖန်ဖန်အခါခါ အမေနွားမကြီးထံ ကပ်ရောက်ကြတယ်။

၁၁။ ထိုထိုများလှ ကိစ္စကြီးငယ် အသွယ်သွယ် နှေးညံပြုလုပ်နေရတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ ပင်ပန်းကြရတယ်။

၁၂။ အကျိုးမရှိတာတွေနဲ့ ယှဉ်တွဲနေကြတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ တုန်လှုပ်လည်း တုန်လှုပ်ရတယ်။

၁၃။ ပညာမဲ့သူ လူအပေါင်းဟာ အဖန်ဖန် အခါခါ အမိဝမ်းထဲ ရောက်ကြရတယ်။

၁၄။ အဖန်ဖန် အခါခါ ပဋိသန္ဓေနေရတယ်။

၁၅။ အဖန်ဖန် အခါခါ သေလည်း သေရတယ်။

၁၆။ အဖန်ဖန် အခါခါ သုသာန်သင်္ချိုင်း ပို့ဆောင်ကြရတယ်။

၁၇။ ကြီးကျယ်မြင့်မြတ် ပညာတတ် ရှိသူ သူတော်ကောင်းကတော့ နောက်ထပ်တစ်ဖန် အဖန်ဖန် အခါခါ မဖြစ်ခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ ကျင့်စဉ်လမ်းကို ရရှိတဲ့အတွက် အဖန်ဖန်အခါခါ ပဋိသန္ဓေ မနေရတော့ပါဘူးလို့ ဟောကြားတော်မူပါတယ်။

ဒီတရားတော်ကို နာကြားရတဲ့ ဥဒယပုဏ္ဏားဟာ သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ဖြစ်သွားပါတယ်။

ဒီသုတ်တော်မှာ ဘုရားရှင်က အဖန်ဖန် အခါခါဖြစ်ရတဲ့ တရား ၁၆ ပါးနဲ့ အဖန်ဖန် အခါခါမဖြစ်ရတဲ့ တရားတစ်ပါးကို ကွဲပြားအောင် ခွဲခြားပြီး ဟောကြားတော်မူပါတယ်။

ကဲ– ဒီတရားတော်ကို စုံစုံလင်လင်လေး ဟောပြီးသွားတော့ အဓိကဟောတဲ့ တရားအမည်လေးကို ပြန်ပြောကြရအောင်။

ဒီနေ့ အဓိက ဟောပြောတဲ့တရားက ဘာတရားတဲ့လဲ?

(အဖန်ဖန် အခါခါ+ပေးလှူပါ) တရားပါ ဘုရား။

အေး ဟုတ်ပြီ၊ ဒီတရားတော်ကို နာကြားကြရတဲ့ အဖန်ဖန် အခါခါ ပေးလှူကြတဲ့ ဒီနေ့အလှူရှင်တွေနဲ့တကွ လာလာသမျှ တရားနာကြားကြသူ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုများကို အဖန်ဖန် အခါခါ ပြုလုပ်ပြီးတော့ အဖန်ဖန် အခါခါ ပင်ပန်းခြင်း၊ အဖန်ဖန် အခါခါ တုန်လှုပ်ခြင်း၊ အဖန်ဖန် အခါခါ အမိဝမ်းထဲရောက်ရခြင်း၊ အဖန်ဖန် အခါခါ ပဋိသန္ဓေတည်နေရခြင်း၊ အဖန်ဖန် အခါခါ အို၊ နာ၊ သေရခြင်း၊ အဖန်ဖန်အခါခါ သင်္ချိုင်းရောက်ရခြင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကောင်း တရားမြတ်ကို မြန်စွာပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ...

အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်ပါဠိတော်၊ ဒုတိယဝဏ္ဏာသက၊ ပုညာဘိသန္ဒဝဂ်၊
ပဋိသာမိစိသုတ်တော်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "တွေးတိုင်း နေ့ည + ကုသိုလ်ရ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (     ) မိသားစုတို့ရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပွဲမှာ ဟောကြားမယ့် တရားတော်က "တွေးတိုင်း နေ့ည ကုသိုလ်ရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(တွေးတိုင်း နေ့ည ကုသိုလ်ရ တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

တစ်နေ့ ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားထံ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကာ တစ်နေရာမှာ ထိုင်နေပါတယ်။

အဲဒီအနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားက–

ဒါယကာ. တရားလေးမျိုးနဲ့ ပြည့်စုံတဲ့ အရိယာတပည့်ဟာ အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာဖြစ်စေတတ်တဲ့ လူတွေရဲ့ကျင့်ဝတ်ကို ကျင့်ရာရောက်တယ်။ လူ့ကျင့်ဝတ်တရားလေးမျိုးလို့ ဆိုလိုပါတယ်။

အဲဒီလူ့ကျင့်ဝတ် တရားလေးမျိုးက

၁။ ဒါယကာ ဒီသာသနာတော်မှာ အရိယာတပည့်ဟာ ရဟန်းသံဃာကို ဝတ် ရေးအတွက် သင်္ကန်းလှူရမယ်။

ဘာလှူရမတဲ့လဲ၊

(သင်္ကန်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း လူဖြစ်ရင်လည်း ဝတ်စရာအဝတ် ပေါချင်ရင် ရဟန်း

ဖြစ်ရင်လည်း ဝတ်စရာသက်နိုးတွေ ပေါချင်ရင် သက်န်းလှူရမယ်နော်။
(မှန်လှပါ ဘုရား)

## သင်္ကန်းလှူရ+ကောင်းကျိုးလှမျိုး

ဒီနေရာမှာ ဝိလိန္ဓဝတ္ထုထေရအပဒါန်မှာ လာတဲ့ သင်္ကန်းလှူခြင်း အကျိုး ၈ မျိုးကို မှတ်သားထားပါ။

* ရွှေအဆင်းနဲ့တူတဲ့ အဆင်းပိုင်ရှင်ဖြစ်မယ်၊ မှတ်သားရလွယ်ကူအောင် ပြော ရရင်တော့ အသားဖြူတယ်၊ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကို ရတတ်တယ်။ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကိုရတယ်။ ဘာကောင်း ကျိုး ရသလဲ?

(အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးပါ ဘုရား)

## အသားမည်းတာ+မေးသောခါ

ဒီနေရာမှာ ကြားဖူးတာလေး ပြောရဦးမယ်။ ဝါဆိုသင်္ကန်းကပ်ပွဲတစ်ခုမှာ ဆရာတော်ကြီးတစ်ပါးက ဝါဆိုသင်္ကန်းလှူတဲ့သူတွေဟာ အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးရတယ်လို့ ပြောဟောရင်း သင်္ကန်းအလှူရှင် ဒကာကြီးကို ဒကာကြီး။ ခုခေတ် အသားမည်းနက်နေတဲ့သူတွေ ဘာကြောင့် အသားမည်းနက်နေတာလဲလို့ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက ဖြေလိုက်ပုံက–

'သပိတ်လှူလှူခဲ့လို့ပါ ဘုရားတဲ့' (အားလုံးရယ်ကြ)

တရားဟောဆရာတော်ကြီး မတွေးမိတဲ့အချက်ဖြစ်ပါတယ်။ တရားဟော ဆရာတော်ကြီး ဆိုလိုတာက သင်္ကန်းမလှူခဲ့လို့ အသားမည်းနက်နေတာ ဖြစ်တယ် လို့ ဆိုလိုတာပါ။ အဲဒီလို ဖြေမယ်ထင်တာပဲ။ အဲဒီဒကာကြီးရဲ့ မထင်မှတ်တဲ့ အဖြေကို ကြားလိုက်ရတော့ ဆရာတော်ကြီးနဲ့ တရားနာသူတွေအားလုံး ပြုံးကြရ ပါတယ်။

* ကဲ– ထားပါတော့၊ နောက် ဒုတိယ ကောင်းကျိုးက ခန္ဓာကိုယ်မှာ ပကတိ အညစ်အကြေးနဲ့ ကိလေသာမြူ အညစ်အကြေး ကင်းဝေးခြင်း ဖြစ်ပါတယ်။
* တတိယကောင်းကျိုးက ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်းဖြစ်တယ်။ ခန္ဓာကိုယ်မှာ အရောင်တွေ ထွက်နေသလို ထင်ရတယ်။ ဒီနေရာမှာ ပကတိ အသားအရောင်တွေ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း။ သီလ၊ သမာဓိ၊

ပညာရောင်တွေပါ ပြိုးပြိုးပြက်ပြက် ဝင်းသက်လက် အရောင်ထွက်ခြင်းတွေပါ ယူနိုင်ပါတယ်။

* စတုတ္ထကောင်းကျိုးကတော့ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ တန်ခိုးကြီးမားခြင်းပါပဲ။
* ပဥ္စမကောင်းကျိုးကတော့ ခန္ဓာကိုယ်မှာ ပြေပြစ်နူးညံ့သိမ်မွေ့ခြင်းပါပဲ။
* ဆဋ္ဌမ ကောင်းကျိုးကတော့ အဖြူရောင်၊ အဝါရောင်၊ အနီရောင်အဝတ်တွေ တစ်သိန်းလောက် ရရှိခြင်း (အဝတ်မျိုးစုံ ပေါများစွာ ဝတ်ရခြင်းပါပဲ)။
* သတ္တမကောင်းကျိုးကတော့ ပိုးချည်အဝတ်၊ သက္ကလတ် (ကမ္ဗလာ) အဝတ်များစွာ ရရှိခြင်းပါပဲ။
* အဋ္ဌမကောင်းကျိုးကတော့ ခေါမချည်၊ ဝါချည်အဝတ်တွေ များစွာရရှိခြင်းပါပဲ။ (အပဒါန၊ ပါ၊ ၁၊ ၃၅၈၊ ၃၅၉)

၂။ ဒါယကာ၊ ရဟန်းသံဃာကို စားရေးအတွက် ဆွမ်းလှူရမယ်။

ဘာလှူရမတဲ့လဲ?

(ဆွမ်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း အစားအသောက်တွေ ပေါချင်ရင် ဆွမ်းလှူရမယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေရာမှာ ဆွမ်းလှူရတဲ့ အကျိုး ငါးမျိုးကို မှတ်သားထားပါ။ အသက်ရှည်ခြင်းဆိုတဲ့ ကောင်းကျိုး။ ဒကာ ဒကာမတွေ အသက် မရှည်ချင်ဘူးလား?

(ရှည်ချင်ပါတယ် ဘုရား)

ကြုံတုန်း ပြောရဦးမယ်။ တစ်ခါက သံဃဒါန ဆွမ်းအောင်ပွဲတစ်ခု တရားဟောတော့ ဆွမ်းလှူတာဟာ အသက်ရှည်တယ်လို့ ပြောဟောရင်း တရားထောက်ဒကာကြီးကို ဒကာကြီး အသက်မရှည်ချင်ဘူးလားလို့ မေးလိုက်တော့ အဲဒီ ဒကာကြီးက မရှည်ချင်ပါဘူး ဘုရားတဲ့။ များသောအားဖြင့် လူတွေဟာ အသက်ရှည်ချင်ကြတယ်။ ဒကာကြီးက ဘာကြောင့် အသက်မရှည်ချင်တာလဲလို့ ထပ်မေးလိုက်တော့ အဲဒီ ဒကာကြီး ဖြေလိုက်ပုံက ဆလိမ် ဈေးကြီးလို့ပါ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

အဲဒီဒကာကြီး ဖြေတာ သဘောပေါက်တယ်နော်။

(ပေါက်ပါတယ် ဘုရား)

ဘာကိုဆိုလိုတာပါလိမ့်?

(ဆန်၊ ဆီ၊ ဆား၊ ဆေး ကို ဆိုလိုတာပါပါ ဘုရား)

ကဲ– ထားပါတော့။

* ဒုတိယကောင်းကျိုးကတော့ အဆင်းလှခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* တတိယကောင်းကျိုးကတော့ ချမ်းသာကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* စတုတ္ထကောင်းကျိုးကတော့ ခွန်အားကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* ပဉ္စမကောင်းကျိုးကတော့ ဉာဏ်ကောင်းခြင်း၊ ဉာဏ်ပညာကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။

(ဘောဇနသုတ်၊ အံ၊ ပါ၊ ၂၊ ၃၅)

၃။ ဒါယကာ၊ ရဟန်းသံဃာကို နေရေးအတွက် ကျောင်းလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ကျောင်းလှူရမှာပါ ဘုရား)

ကျောင်းအလှူဆိုတာ တကယ်တော့ နေရာအလှူပါပဲ။ ဘာအလှူတဲ့လဲ?

(နေရာအလှူပါ ဘုရား)

## နေရာလှူကာ+နေရာရ

လောကမှာ လူတွေဟာ ကောင်းတဲ့နေရာတွေ လိုချင်ကြတယ်။ နေရာကောင်း လိုချင်သူတွေဟာ နေရာလှူရတယ်။ နေရာလှူမှ နေရာကောင်း ရတယ်။ ဒီနေရာမှာ ကောသနဒါယက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝအကြောင်းကို အကျဉ်းချုပ် ပြောပြချင်တယ်။ ကောသနဒါယကဆိုတာ နေရာလေးတစ်ခုကိုသာ လှူတဲ့သူလို့ပ အဓိပ္ပာယ်ရတယ်။ အဲဒီကောသနဒါယကမထေရ်အလောင်း သူတော်ကောင်းလေး နေထိုင်ရာဖြစ်တဲ့ ဟိမဝန္တာရဲ့အနီးက ဂေါသိတတောင်ကို ပဒုမုတ္တရာ မြတ်စွာဘုရား ကြွတော်မူလာတယ်။ သူ့မှာ ဘာမှလှူစရာ မရှိပါဘူး။ ကြွေကျတဲ့သစ်သီးတွေကို စားသုံးနေသူ ဖြစ်ပါတယ်။ သူ့မှာရှိတဲ့ သစ်သား ညောင်စောင်းကို ခင်းပြီးတော့ သစ်နက်ရေလေး ထပ်ပြီးဖြန့်ခင်းကာ ပဒုမုတ္တရာ မြတ်စွာဘုရားကို နေရာလေးတစ်ခု လှူလိုက်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ အဲဒီသစ်သားညောင်စောင်းပေါ်မှာ ထိုင်နေတော်မူပါတယ်။ တစ်ခဏလောက် ထိုင်နေတော်မူပြီးတော့ ဒီစကားတွေကို မိန့်တော်မူပါတယ်။

* သင် လိုလားတောင့်တတဲ့ ဆုတွေအားလုံး နောင်အခါမှာ ပြည့်ဝလိမ့်မယ်၊ ဒီနေရာအလှူနဲ့ စေတနာတောင့်တမှုတွေကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လွတ်မယ်။

* သိကြားမင်း အကြိမ် ၅၀ ဖြစ်မယ်။
* စကြာဝတေးမင်း အကြိမ် ၈၀ ဖြစ်မယ်။
* ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအပြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်မယ်။
* ဘဝတိုင်း ချမ်းသာသူဖြစ်မယ်လို့ မိန့်ကြားပြီး ပြန်ကြွတော်မူတယ်။

လူမင်း၊ နတ်မင်း၊ စကြာဝတေးမင်းဆိုတဲ့နေရာကောင်းများကို ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို နေရာတစ်ခု လှူခဲ့ခြင်းရဲ့ ကောင်းကျိုးဆက်တွေ ဖြစ်တယ်။

နေရာကောင်းလိုချင်ရင် ဘာလှူရမတဲ့လဲ၊

(နေရာ လှူရမှာပါ ဘုရား)

နေရာလှူရင် ဘာရသတဲ့လဲ?

(နေရာကောင်းတွေ ရပါတယ် ဘုရား)

နောက်ပြီးတော့ ရရှိတဲ့ကောင်းကျိုးတွေက ဘာတွေလဲဆိုတော့–

ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားနဲ့တကွသော သိလျှင်း (ထမ်းစင်) ရရှိခြင်း။

* တောထဲဝင်လိုက်တဲ့အခါမှာ နေရာကို အလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင် အနီးမှာ ရောက်လာခြင်း။
* ရေလယ်ကို ရောက်တဲ့အခါမှာလည်း နေရာကိုအလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင်အနီးမှာ ရောက်လာခြင်း။
* လူ နတ် ဖြစ်လေရာမှာ ပလ္လင်တစ်သိန်း ရရှိခြင်း။
* လူ့ဘဝ နတ်ဘဝမှာပဲ ဖြစ်ရခြင်း။
* မင်းမျိုး၊ ဗြာဟ္မဏမျိုးမှာသာ ဖြစ်ရခြင်း။
* တရားပလ္လင်ရရှိပြီး အာသဝမရှိဘဲ နေရခြင်း။
* အဝိယ်လေးပါး မလား မရောက်ရခြင်း။
* ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရင် ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၂၊ ၄+၅+၆)

အဲဒီလို လောကီ လောကုတ္တရာ၊ သက်ရှိ သက်မဲ့ နေရာကောင်းတွေ ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို ညောင်စောင်းနဲ့ သစ်နက်ရေဆိုတဲ့ နေရာလေးတစ်ခု လှူဒါန်းခဲ့ခြင်းကြောင့် ရရှိတာဖြစ်တယ်။

နေရာလှူရင် နေရာကောင်းတွေ ရတယ်ဆိုတဲ့ အသိဉာဏ်တွေ ဦးစီးပြီး

တော့ နေရာလှူတတ်ကြပါစေ။ နေရာရနေသူတွေဟာ နေရာလှူခဲ့လို့ပါပဲ။ နေရာမရသူတွေဟာ နေရာမလှူခဲ့သူတွေပါပဲ။

ကျောင်းလှူမှ နေရာအလှူမှ မဟုတ်ပါဘူး။ ကိုယ့်အိမ်ကြွလာတဲ့ သံဃာတော်တွေကို ဖျာတွေ၊ ဖောင်တွေ၊ နေရာထိုင်အခင်းလေးတွေ ခင်းပေးတာဟာလည်း နေရာအလှူပါပဲ။ ကိုယ်က ဘတ်စ်ကားတွေ၊ ရထား၊ သင်္ဘောတွေ စီးသွားတဲ့အခါမှာ နေရာရထားရင် နေရာမရသေးတဲ့ ရဟန်းသံဃာ၊ အသက်ကြီးသူစတဲ့ ပုဂ္ဂိုလ်များကို ကိုယ်ရထားတဲ့နေရာလေး ထပြီး နေရာပေးလိုက်တာဟာလည်း နေရာအလှူပါပဲ။

## စက်ာပူဝယ်+အတုယူဖွယ်

ဒီနေရာမှာ စင်္ကာပူနိုင်ငံရဲ့ အတုယူစရာလေး ပြောချင်ပါသေးတယ်။ စင်္ကာပူနိုင်ငံရဲ့ ကားတွေ၊ ရထားတွေမှာ အဘိုးကြီးတွေ၊ အဘွားကြီးတွေရဲ့ ပုံတွေ၊ ကလေးလေးတွေ လက်ဆွဲပြီး လာသူတွေ၊ ကလေးလေးတွေ ချီပိုးပြီး လာသူတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေရဲ့ ပုံတွေရေးဆွဲထားပါတယ်။ ပုံတွေနဲ့တွဲပြီး စာတွေလည်း ရေးထားပါတယ်။ အဘိုး၊ အဘွား၊ ကလေးပါသူ၊ ကိုယ်ဝန်ဆောင်များ ရောက်လာရင် သင်ရထားတဲ့ နေရာလေး အမြန်ဖယ်ပေးလိုက်ပါ၊ နေရာပေးလိုက်ပါဆိုတဲ့ စာတန်းလေးတွေ ဖြစ်ပါတယ်။ အင်မတန် အတုယူစရာကောင်းတဲ့ စင်္ကာပူနိုင်ငံဖြစ်ပါတယ်။

ဘုန်းကြီး စင်္ကာပူနိုင်ငံရောက်စဉ်က အဲဒီမြင်ကွင်းလေးကို သဘောကျလို့ လင်္ကာဆောင်ပုဒ်လေး ရေးခဲ့ပါတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

* အဘိုး အဘွား၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေး နေရာ။
* ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* စင်္ကာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတယ်။

၄။ ဒါယကာ၊ ရဟန်းသံဃာကို ကျန်းမာရေးအတွက် ဆေးလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ဆေးလှူရမှာပါ ဘုရား)

ဒီနေရာမှာလည်း ဆေးလှူရခြင်းအကျိုး ၁၀ ပါးကို မှတ်သားထားပါဦး။ အဲဒီအကျိုး ၁၀ ပါးက–

* အသက်ရှည်ခြင်း။

* ခွန်အားကြီးခြင်း။
* ပညာကြီးခြင်း။
* အဆင်းလှခြင်း။
* အခြံအရံများခြင်း။
* ချမ်းသာကြီးခြင်း။
* ဘေးရန် မရှိခြင်း။
* ဆင်းရဲမရှိခြင်း။
* သူတစ်ပါးတို့က အမြဲပူဇော်ခြင်း။
* ချစ်ခင်သူများနဲ့ မကွဲမကွာ မခွဲမခွာ နေရခြင်းတို့ပဲ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၁၊ ၃၆၃)

## ဆေးဝါး

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးမကောင်းချင်ကြဘူးလား?

(ကောင်းချင်ပါတယ် ဘုရား)

ကျန်းမာရေးကောင်းချင်ရင် ဘာလှူရမတဲ့လဲ?

(ဆေးဝါး လှူရမှာပါ ဘုရား)

ဆေးပဲ ထားပါ၊ ဝါးကြီး မထည့်ပါနဲ့။ (ရယ်ကြ)

တော်တော်အဝါးခံချင်ပုံရတယ်။ (ထပ်ရယ်ကြ)

ရှေးတုန်းက လူကြီးတွေက အတွေ့အကြုံလေးတွေနဲ့ ပြောခဲ့တာဆိုတော့ တော်တော်လေး မှန်နေတာတွေ တွေ့ရတယ်။ ဥပမာ ပြောမယ်ဆိုရင် ဆေးနဲ့ ပတ်သက်လို့ ဆေးဖိုးဝါးခတဲ့။ ဘာတဲ့လဲ?

(ဆေးဖိုး ဝါးခပါ ဘုရား)

ကြည့်နော်၊ ဆေးဖိုးနဲ့ ဘာနဲ့တွဲထားလဲ?

(ဝါးနဲ့ တွဲထားပါတယ်ဘုရား) (ရယ်ကြ)။

## လှူဝါး

ဆေးကိုလည်း ဆေးလို့ ရိုးရိုးလေး ပြောရင် ရရဲ့သားလို့ ခုတော့ ဆေးဝါး လို့ ဝါးနဲ့တွဲပြီး သုံးမထားဘူးလား။

(သုံးထားပါတယ် ဘုရား)

ဒါလည်း အတွေ့အကြုံနဲ့ သုံးတာဖြစ်မှာပါပဲ။

ဘုန်းကြီး ဒီနေရာလေးမှာလည်း စဉ်းစားကြည့်တယ်။ ဆေးဝါး ဆိုတာလေး ကိုပါ။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။ ဒါလေး စဉ်းစားမိတာ။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။

(လူက ဝါးတာပါ ဘုရား)

အေး အဲဒါဆိုရင် စာတန်းလေး စကားလေး ပြောင်းလိုက်၊ ဘယ်လိုပြောင်း မလဲ။

(လူဝါးပါ ဘုရား) (အားလုံး ရယ်ကြ)

ဒကာ ဒကာမတွေ ပြောတာနော်၊ ဘုန်းကြီးက မေးရုံပဲ မေးတာ။

(အားလုံး ရယ်ကြ)

## အကောင်းဆုံး လာဘ်

ကဲ– ထားပါတော့၊ ကျန်းမာရေးကောင်းဖို့ အရေးမကြီးဘူးလား။

(ကြီးပါတယ် ဘုရား)

လာဘ်တကာ လာဘ်တွေထဲမှာလည်း ဘယ်လာဘ်ဟာ အကောင်းဆုံး လာဘ်တဲ့လဲ?

(ကျန်းမာရေးကောင်းခြင်း လာဘ်ပါ ဘုရား)

အေး ဟုတ်ပြီ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မပဒပါ ပါဠိ တော်မှာ–

အာရောဂျပရမာ လာဘာ (ဓမ္မပဒ၊ ၅၊ ၂၊ ၁၇၃)

ကျန်းမာရေးကောင်းခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးလာဘ်လို့ ဟော ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ရောဂါဖြစ်နေရင် ရထားတဲ့ စီးပွားဥစ္စာ ရထူး ဂုဏ်သိန် အရှိန်အဝါ လာဘ်တွေတာ ဘာမှအသုံးမကျတော့တဲ့အတွက် လစင်ကောင်း လာဘ်မြတ်မဟုတ် တော့ဘူးတဲ့။ ရောဂါကင်းနေမှ လာဘ်အားလုံးဟာ အသုံးဝင်တယ်။ အသုံးကျ တယ်။ ရောဂါကင်းနေရင် လာဘ်တွေအားလုံး ရောက်လာနိုင်တယ်။

## ဒေါက်တာဖိဖိ+ပြုသကြည့်ပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဒေါက်တာဖိဖိအကြောင်း ပြောပြဦးမယ်။ တစ်နေ့ အိမ်တစ်အိမ်မှာ ကျောင်းထိုင်ဆရာတော်ကြီးတွေ ၁၀ ပါး ဆွမ်းကပ်တယ်။

ဆရာတော်ကြီးတစ်ပါးမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ စုံအောင်ဖြစ်နေတယ်။ အစားအသောက်တော့ သိပ်မရှောင်ဘူး။ မတော့တဲ့အစားအစာတွေ ဘုဉ်းပေးတော့မယ်ဆိုရင်လည်း ပုတီးစိပ်ပြီးတော့ ဘုဉ်းပေးတော့တာပဲ။ သူ့ပုတီးစိပ်ကတော့ "ဆီးချိုချို၊ သွေးတိုးတိုး၊ နှလုံး လုံးလုံး" ဆိုတဲ့ ပုတီးစိပ်ကို ရွတ်ဆိုပြီးတော့ သေတစ်နေ့ မွေးတစ်နေ့ပဲကွာဆိုပြီး ဘုဉ်းပေးတော့တာပါပဲ။

အဲဒီဆရာတော်ကြီးရဲ့ ရောဂါတွေ သိထားတဲ့ ဆရာတော်တစ်ပါးက အဲဒီဆရာတော်ကြီးကို ဆရာတော်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါပျောက်အောင်ကပေးတဲ့ ဒေါက်တာ ရှိတယ်။ အဲဒီဒေါက်တာ ပြသကြည့်ပါလား ဘုရားလို့ လျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတော့ အဲဒီရောဂါရှင် ဆရာတော်ကြီးက အဲဒီဒေါက်တာက ဘယ်သူလဲကွ၊ လိပ်စာလေး ပြောစမ်းပါဦးလို့ ပြန်မေးပါတယ်။

အဲဒီလိုမေးတော့ ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက အေး၊ ဒေါက်တာမိမိဆိုတဲ့ နာမည်တော့ သိရပါပြီ။ သူက ဘယ်ဆေးခန်းမှာ ထိုင်တာလဲ၊ ဘယ်နေရာမှာလဲ ဆက်မေးပါတယ်။

ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား၊ ဒေါက်တာမိမိပါဘုရား"လို့ ထပ်ပြီးလျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတာကို ရောဂါရှင် ဆရာတော်ကြီးက သဘောမပေါက်သေးပါဘူး။ အခြားဆရာတော်တွေအားလုံးက သဘောပေါက်ကြပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက စိတ်နည်းနည်းဆိုးလာပြီး ကိုယ်တော်ကလည်း ဒေါက်တာမိမိပဲ ထပ်တလဲလဲ ပြောနေတာပဲ။ လိပ်စာပေးပါဆို မပေးလည်း နေတော့ ကိုယ်တော်လို့ ပြောပါတယ်။

အဲဒီလို သဘောမပေါက်တဲ့ ရောဂါရှင်ဆရာတော်ကြီးကို ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိလိပ်စာ ပေးမယ်၊ တပည့်တော်ကို ကြည့်ပါဘုရား ဆိုပြီးတော့ သူ့ရဲ့လက်ဝါးနဲ့ပဲ သူ့ရဲ့ရင်ဘတ်ကို သုံးလေးခါလောက် ပုတ်ပြလိုက်တော့မှ သဘောပေါက်သွားပါတော့တယ်။

အဲဒီလို ပြမှ သဘောပေါက်တော့တဲ့ ရောဂါရှင် ဆရာတော်ကြီးက ပြုံးပြုံးကြီးနဲ့ သဘောကျသွားပါတော့တယ်။ အဲဒီရောဂါရှင် ဆရာတော်ကြီးက "မှန်လိုက်တာ ကိုယ်တော်၊ မှန်လိုက်တာ ကိုယ်တော်၊ အစားအသောက် မဆင်ခြင်တဲ့ တပည့်တော်ကို ကိုယ်တော်က အစားအသောက်ဆင်ခြင်တတ်ပြီး ရောဂါသက်သက်သာသာဖြစ်အောင် နည်းပေးလိုက်တာပါပဲ။ ကိုယ်တော့်ကို တပည့်တော် ကျေးဇူး

တင်ပါတယ်။ ဒေါက်တာဟာ မိမိကိုယ်တိုင်ပင်ဖြစ်တယ်ဆိုတာကို သတိထားမိပါပြီလို့ ပြန်ပြောပါတယ်။

အဲဒီရောဂါရှင် ဆရာတော်ကြီးဟာ ဒေါက်တာမိမိနဲ့ ပြသကြည့်တာ သူ့ရောဂါတွေ တော်တော်သက်သာသွားကြောင်း သိရပါတယ်။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးကောင်းအောင် ရောဂါကင်းအောင် ဆေးလည်း လျှုရမယ်၊ ဒေါက်တာမိမိနဲ့လည်း ပြရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါက်တာဟာ တကယ်တော့ ဘယ်သူပါလိမ့်?

(မိမိပါ ဘုရား)

မိမိရဲ့အခြေအနေကို မိမိကိုယ်တိုင် သတိ၊ အသိထားပြီး စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ အရာရာကို ဆင်ခြင်ရမယ်နော်။

(မှန်လှပါ ဘုရား)

မိမိဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဟာ ဘယ်ဒေါက်တာပါလိမ့်။

(ဒေါက်တာမိမိပါ ဘုရား)

ဒေါက်တာမိမိနဲ့ အမြဲတစေ တွဲနေရမယ့်အတူ ဒေါက်တာကြီးနှစ်ယောက် ရှိသေးတယ်။ အဲဒီဒေါက်တာကြီးနှစ်ယောက်ကတော့ ဒေါက်တာသတိနဲ့ ဒေါက်တာအသိ (ဒေါက်တာပညာ) ဖြစ်တယ်။

ဒီတော့ ဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဘယ်နှစ်ယောက် ဖြစ်သွားမလဲ? (သုံးယောက်ပါ ဘုရား)

ဒေါက်တာမိမိရယ်၊ ဒေါက်တာသတိရယ်၊ ဒေါက်တာပညာရယ် သုံးယောက်နော်။ (မှန်လှပါ ဘုရား)

ဒေါက်တာ မိမိ၊ သတိ၊ ပညာ ဒီလိုမဟုတ်လား? (မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ ဆေးဖိုးဝါးခ အကုန်သက်သာအောင် ကျန်းမာရေး လက်ဆောင်ပေးနေတာနော်။ (မှန်လှပါ ဘုရား)

## အသက်ရှည်ကြောင်း အဆောင်ကောင်း

ဘုန်းကြီးက အသက်ရှည်တဲ့ ဆရာတော်ကြီးတွေနဲ့ တွေ့တဲ့အခါမှာ "အသက်ရှည်တာ" ကို မေးလေ့ရှိပါတယ်။ တစ်ခါက အသက် ၉၀ ကျော်နေပြီဖြစ်တဲ့ ဆရာတော်ညီအစ်ကိုနှစ်ပါးကို ဆရာတော်များ ခုလို အသက်ရှည် ကျန်းမာနေတာ ဘာ့ကြောင့်ပါလဲ ဘုရားလို့ လျှောက်ထားတော့ အဲဒီဆရာတော်ကြီးနှစ်ပါး

မှာ အစ်ကိုဖြစ်တဲ့ ဆရာတော်ကြီးက "သီ၊ က္ခန်၊ ဘော၊ ဇာ" ပေါ့ကွာလို့ ပြော ပါတယ်။ ဘုန်းကြီးကတော့ တန်းပြီးသဘောပေါက်ပါတယ်။ ဒကာ ဒကာမတွေက တော့ တန်းပြီး သဘောပေါက်ဖို့ မလွယ်လှပါဘူး။

အဲဒါလေးကို အကျဉ်းမျှ ရှင်းပြပါဦးမယ်။

* သီ= ဆိုတာ ကိုယ်နှုတ်ကို ထိန်းသိမ်းမှု သီလကို ဆိုလိုပါတယ်။
* က္ခန်= ဆိုတာက မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ က္ခန္ဓြောက်ပါး တံခါးခြောက်ပေါက်မှာ လောဘ၊ ဒေါသဆိုတဲ့ အကုသိုလ်တရားတွေ မဝင် အောင် စောင့်ရှောက်ခြင်းကို ဆိုလိုပါတယ်။
* ဘော= ဆိုတာကတော့ ဘောဇဉ်အစားအစာကို သတိ၊ အသိဉာဏ်နဲ့ အတိုင်းအရှည်ကို သိပြီး ဆင်ဆင်ခြင်ခြင် စားသောက်တာကို ဆိုလိုတာပါ။
* ဇာ= ဆိုတာက ဇာဂရိယ၊ နံနက်၊ နေ့၊ ညဆိုတဲ့ အချိန်တိုင်းမှာ သွား ရပ် ထိုင် အိပ်တဲ့အခါ ကုသိုလ်တရားတွေကို ပိတ်ပင်တတ်တဲ့ ကာမစ္ဆန္ဒ စတဲ့ နီဝရဏတရားတွေ မိမိစိတ်ထဲ ဝင်ရောက်မလာအောင် စိတ်ကို သုတ်သင်ရှင်းလင်းထားတာဟာ ဇာဂရိယ (နိုးကြားခြင်းနဲ့ယှဉ်တယ်) နိုးနိုး ကြားကြား နေတယ်လို့ ဆိုလိုပါတယ်။ (အံ၊ ပါ၊ ၁၊ ၃၄၈)

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသက်ရှည်ပြီး ကျန်းမာချင်တယ် ဆိုရင် သီ၊ က္ခန်၊ ဘော၊ ဇာ ဆိုတဲ့ တရားလေးမျိုးကို ဆောင်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဘာကို ဆောင်ရမတဲ့လဲ?.

(သီ၊ က္ခန်၊ ဘော၊ ဇာ ကိုပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* သီ၊ က္ခန်၊ ဘော၊ ဇာ၊ ဤလေးဖြာ၊ ကျန်းမာသက်ရှည်ကြောင်း။
* ဆေးဖိုး ဝါးခါ၊ မကုန်ရ၊ မုချအဆောင်ကောင်း။
* သက်ရှည်၊ ကျန်းမာ၊ ဘေးရောဂါ၊ ဝေးကွာအဆောင်ကောင်း။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ပြော ဟောလိုက်တာ တော်တော်လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဘုရားရှင်က ဒါယကာ၊ အဲဒီသင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ နေရာ၊ ဆေးဆိုတဲ့ ပစ္စည်းလေးမျိုး ပြည့်စုံအောင် ဆောင်ရွက်လှူဒါန်းထောက်ပံ့သူဟာ

အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာ ဖြစ်စေတတ်တဲ့ လှူကျင့်ဝတ်ကို ကျင့်တဲ့သူဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ဘဝတိုင်းမှာ အခြံအရံ အကျော်အစော ကောင်းကျိုးကို ရချင်တယ်ဆိုရင် ပြီးတော့ နတ်ပြည်မှာ ဖြစ်ချင်တယ်ဆိုရင် ပစ္စည်းလေးပါး ပေးလှူခြင်းဆိုတဲ့ လှူကျင့်ဝတ်ကို ကျင့်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတရားတော်ကို ကြည့်ပြီးတော့ လှူကျင့်ဝတ်လေးပါးလို့ ပြောမယ်ဆိုရင်လည်း ရပါတယ်။

ဘုရားက အကျဉ်းချုပ်အနေနဲ့ အောက်ပါအတိုင်း ဟောပြောတော်မူပါတယ်။

* ပညာရှိတွေဟာ ကိုယ်စိတ်ညီညွတ်ပြီး သီလရှိကြတဲ့ အလှူခံပုဂ္ဂိုလ်တွေကို သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ဆေးတွေ လှူရမယ်။ အဲဒီ ပစ္စည်းလေးပါး လှူဒါန်းခြင်းဟာ လှူကျင့်ဝတ်ကို ကျင့်ကြတာဖြစ်တယ်။

## တွေးတိုင်းနွေ့ည + ကုသိုလ်ရ

* အဲဒီလှူကျင့်ဝတ် ကျင့်နေသူတွေမှာ နေ့ရောညပါ ဘယ်ခါမဆို မိမိရဲ့ လှူကျင့်ဝတ် ကုသိုလ်လေးမျိုးကို တွေးလိုက်တိုင်း တွေးလိုက်တိုင်း အမှတ်ရတိုင်း အမှတ်ရတိုင်း အမြဲတစေ ကုသိုလ်တွေရနေတယ်၊ ကောင်းမှု ကောင်းကျိုး အမျိုးမျိုးတွေ တိုးပွားနေတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားနာမည်ပေးထားတာပါ။ ဘာတရားတဲ့လဲ?

('တွေးတိုင်း နွေ့ည+ကုသိုလ်ရ' တရားတော်ပါ ဘုရား)

ကုသိုလ်တွေ ပြုပြီးရင် ပြုပြီး ပြီးတာပဲလို့ သဘောမထားပါနဲ့၊ ပြုပြီးရင် ပြုပြီးတဲ့ ကုသိုလ်တွေကို တွေးရတယ်။ သတိရရတယ်။ တွေးရင် တွေးတိုင်း နွေ့ည ကုသိုလ်ရနေတယ်။ အမြဲနွေ့ည ကုသိုလ်ရနေတယ်လို့ အသိဉာဏ်ပေးတဲ့ တရားပါ။

## သေရင် နတ်ပြည် + ရောက်ရသည်

အဲဒီလှူကျင့်ဝတ်ကို ကျင့်သူတွေဟာ ကောင်းမြတ်တဲ့ ကောင်းမှုတွေကို ပြုပြီးတဲ့အတွက် သေတဲ့အခါမှာလည်း နတ်ပြည်ကို ရောက်ကြရပါတယ်လို့ အဆုံးသတ်အနေနဲ့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ပစ္စည်းလေးပါး လှူကြတဲ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('တွေးတိုင်း နေ့ည ကုသိုလ်ရ' တရားတော်ပါ ဘုရား)

အေး မိမိတို့ ကုသိုလ်တရားတွေကို အမြဲတစေ တွေးနေပါ။ သတိရနေပါ။ အမှန်ရနေပါ။ ကုသိုလ်တွေ အမြဲရနေမယ်၊ ကောင်းကျိုးတွေ အမြဲဖြစ်နေမယ်လို့ အသိဉာဏ်ပေးလိုက်ပါတယ်။

ဒီနေ့ ဟောတဲ့တရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ

* ပစ္စည်းလေးပါး လှူခြင်းဟာ လူ့ကျင့်ဝတ်ကောင်းဖြစ်တယ်။
* အခြံအရံ အကျော်အစောကို ရစေတယ်။
* နတ်ပြည်ကို ရောက်စေမယ်။
* တွေးတိုင်း နေ့ည ကုသိုလ်ရနေမယ်။
* အမြဲနေ့ည ကုသိုလ်ရနေမယ်ဆိုတာတွေကို တွေ့ရတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ကျောင်းဒကာ့အား။ မြတ်ဘုရား ဟောကြားလိုက်သည်မှာ။
* ပစ္စည်းလေးပါး၊ သံဃာအား၊ ကြိုးစားလှူခြင်းဟာ။
* လူတွေကျင့်အပ်၊ ကျင့်ဝတ်မြတ်၊ သိမှတ်စွဲမြဲစွာ။
* ပစ္စည်းလေးဝ၊ လှူပြီးက၊ နေ့ညတွေးကြပါ။
* တွေးတိုင်း နေ့ည ကုသိုလ်ရ၊ ဟောပြတရားပါ။
* အမြဲနေ့ည၊ ကုသိုလ်ရ၊ ဟောပြတရားပါ။
* ခြံရံပေါ်ရ၊ သေဆုံးက၊ ရောက်ရနတ်ပြည်ပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာပုပ္ဖိယဝဂ်၊

သုမနာဝေဠိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး

ဟောကြား ပြောကြားအပ်သော

# "ချစ်ကြ ခင်ကြ + ပူဇော်ကြ"

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲသဘင်မှာ ဟောကြားမည့်တရားတော်ကတော့ "ချစ်ကြ ခင်ကြ+ပူဇော်ကြ" တရားတော်တဲ့။

ဘာတရားကဲ့လဲ?

('ချစ်ကြခင်ကြ+ပူဇော်ကြ' တရားတော်ပါ ဘုရား)

လူတွေဟာ များသောအားဖြင့် ကိုယ့်ကို သူတစ်ပါးက "မျက်နှာမြင် ချစ်ခင်စေချင်ကြတယ်"၊ "အသံကြား သနားစေချင်ကြတယ်" မဟုတ်လား။

(မှန်လှပါ ဘုရား)

ပူဇော်ဖွယ်ရာ အဖြာဖြာနဲ့လည်း ပူဇော်စေချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### စပေါင်းဗုဒ္ဓ + ပူဇော်ကြ

လောကရဲ့ အကြီးအမှူးဖြစ်တော်မူသော တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဝေဿဘူမြတ်စွာဘုရားကို လူတွေများစွာ စုဝေးစုပေါင်းပြီးတော့ ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြတယ်။ (အပဒါန္ဒ၊ ပါ၊ ၁၊ ၃၀၁)

ဘယ်လုပ်နေ?

(ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြပါတယ် ဘုရား)

### ဦးဆောက်ပန်းပြု+ပူဇော်မှု

အဲဒီလို ပူဇော်ပွဲကြီး လုပ်နေချိန်မှာ သုမနာဝေဠိယမထေရ်အလောင်း

သူတော်ကောင်းဟာ အင်္ဂတေစိုင်ကို ပန်းတင်ရန် ပြုလုပ်ပြီးတော့ မြတ်လေးပန်းနဲ့ ဦးဆောက်ပန်း ပြုလုပ်ကာ မြတ်စွာဘုရားရဲ့ရှေ့မှာ တင်လှူပူဇော်ခဲ့တယ်။

## မေးလျှောက်ကြည့်ကြ + ပန်းလှလှ

လူတွေဟာ စည်းဝေးပေါင်းဆုံကြပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို မေးလျှောက်ကြပါတယ်။ ဘယ်လိုမေးလျှောက်ကြသလဲဆိုတော့ "မြတ်စွာဘုရား။ ဒီပန်းလှလှလေးကို ဘယ်သူပူဇော်ထားပါသလဲ"လို့ မေးလျှောက်ကြပါတယ်။ အဲဒီလိုမေးလျှောက်ကြပြီးတော့ မြတ်လေးပန်းနဲ့ စီမံပြုလုပ်ထားတဲ့ ဦးဆောက်ပန်းကို စိတ်ဝင်စားကာ ကြည့်ရှုနေကြပါတယ်။

ထူးထူးဆန်းဆန်းလေး၊ လှလှပပလေး စီမံထားတာ မြင်ရတော့ ဒကာ ဒကာမတွေ စိတ်မဝင်စားကြဘူးလား?

(စိတ်ဝင်စားကြပါတယ် ဘုရား)

စိတ်ဝင်စားတော့ ဒါ ဘယ်သူလှူပါသလဲလို့ မေးပြီးတော့ အားရပါးရ ကြည့်ရှုကြတယ်နော်။

(မှန်လှပါ ဘုရား)

## ပန်းလှူ စိတ်ကြည် + နိမ္မာပြည်

သူဟာ ပန်းလှူတဲ့စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နိမ္မာနရတိ နတ်ဘုံ ရောက်ရပါတယ်။

ဘယ်ကိုရောက်?

(နိမ္မာနရတိနတ်ဘုံပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ နတ်ပြည်ရောက်ချင်ရင် ထူးထူးဆန်းဆန်း ပန်းလှူပါ၊ ဘာလှူ?

(ထူးထူးဆန်းဆန်း ပန်းလှူရမှာပါ ဘုရား)

ရိုးရိုးလေး လှူရမှာလား၊ ထူးထူးဆန်းဆန်းလေး လုပ်ပြီးတော့ လှူရမှာ လား?

(ထူးထူးဆန်းဆန်းလေး လုပ်ပြီး လှူရမှာပါ ဘုရား)

ထူးထူးဆန်းဆန်းလေး လုပ်လှူတော့ စိတ်ထဲမှာ ပိုပြီးတော့ ကြည်လင် အားရ သဘောကျတယ်နော်။

(မှန်လှပါ ဘုရား)

လျှုတယ်၊ စိတ်ကြည်လင်တယ်၊ ဒီနှစ်ချက်ကြောင့် နိဗ္ဗာနရတဲ့ ရောက်ရတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေကို မှာချင်တာက လျှုပါ၊ စိတ်ကြည်လင်ပါလို့ မှာချင်ပါတယ်။

## ကောင်းကျိုးပေးတာ + ကုသိုလ်ပါ

မိမိကိုယ်တိုင် ရှေးက ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိကုသိုလ်ကံရဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒါလေးကို လွယ်လွယ်ပြောမယ်ဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံက ကိုယ့်ကို ကောင်းကျိုးတွေ ပေးတယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ကောင်းကျိုးရအောင် ကုသိုလ်လုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ကောင်းကျိုးပေးတာ ဘယ်အရာတဲ့လဲ?

(ကုသိုလ်ပါ ဘုရား)

## ချစ်ကြခင်ကြ + ပန်းဒါန

နောက်ပြီး သူရတဲ့ စိတ်ဝင်စားစရာ တကယ်ကောင်းတဲ့ ကောင်းကျိုးက ဘာလဲဆိုတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာဘဝတိုင်းမှာ လူတွေ၊ နတ်တွေရဲ့ ချစ်ခင်မှုကို ခံယူရတယ်တဲ့။

အဲဒီလို လူတွေ၊ နတ်တွေအားလုံးက ချစ်ခင်တာဟာ ပန်းပူဇော်ခဲ့တဲ့ ကုသိုလ်ကြောင့်ပါပဲတဲ့။

ဒီတော့ လူတွေ နတ်တွေက ချစ်ကြခင်ကြတာဟာ ဘာကြောင့်တဲ့လဲ?

(ပန်းဒါနကြောင့်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ပန်းဒါနကြောင့်ပဲ၊
လူ နတ်တွေက၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဘယ်ဒါနကြောင့်လဲ၊
ချစ်ကြခင်ကြ၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

ဒီနေရာလေးကို ကြည့်ပြီးတော့ "ချစ်ကြခင်ကြ" လို့ အမည်ပေးထားတာ နော်။

(မှန်လှပါ ဘုရား)

ကိုယ့်ကို လူတွေ နတ်တွေ ချစ်ခင်စေချင်တယ်ဆိုရင် ပန်းဒါနပြုရမယ်နော်။

(မှန်လှပါ ဘုရား)

## ဆဲရေးဖူးတာ + မသိပါ

ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းကြတဲ့ ရသေ့၊ ရဟန်းတွေကို သူဟာ ဆဲရေးမှုကို ပြုဖူးတယ်ဆိုတာ မသိခဲ့ဘူးပါဘူး။ (မဆဲရေးခဲ့ဖူးပါဘူး) တဲ့။

သူတော်ကောင်းအလုပ် အားထုတ်နေကြတဲ့ ရသေ့၊ ရဟန်းတွေဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းနေကြသူတွေ ဖြစ်တယ်။

အဲဒီ ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းနေကြတဲ့ ရသေ့၊ ရဟန်းတွေကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးနဲ့ မပြစ်မှားရဘူး။ မစော်ကားရဘူး၊ မဆဲရေးရဘူး နော်။ (မှန်လှပါ ဘုရား)

## ပြစ်မှား အပြစ်များ

တချို့က မေးချင် မေးကြလိမ့်မယ်။ ပြစ်မှားတော့ ဘာဖြစ်လဲ?

ပရိသတ်ရေ၊ ပြစ်မှားတော့ အပြစ်များတာပေါ့လို့ မှတ်ပါ။

ပြစ်မှားတော့?

(အပြစ်များပါတယ် ဘုရား)

ပြစ်မှားရင် ခုဆင်းရဲဆိုတဲ့ အပြစ်၊ နောင်ဆင်းရဲဆိုတဲ့ အပြစ်၊ ကိုယ်ဆင်းရဲ ဆိုတဲ့အပြစ်၊ စိတ်ဆင်းရဲဆိုတဲ့အပြစ်၊ အပါယ်ဆင်းရဲဆိုတဲ့ အပြစ်တွေ များမယ် နော်။ (မှန်လှပါ ဘုရား)

## မပြစ်မှားအပ် + ပုဂ္ဂိုလ်မြတ်များ

ဒီနေရာမှာ မပြစ်မှားထိုက်သူ ခင်ပွန်းကြီး ၁၀ ပါး ကို ပြောချင်ပါသေးတယ်။

၁။ ဘုရား။

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ရဟန္တာ၊

၄။ အဂ္ဂသာဝက၊

၅။ အမိ၊
၆။ အဖ၊
၇။ ဆရာ၊
၈။ လေးစားထိုက်သော်ပုဂ္ဂိုလ် (အသက်၊ ဂုဏ် ဝါကြီးသူများ)၊
၉။ တရားဟောသူ၊
၁၀။ ကျေးမွေးပြုစုထောက်ပံ့ လှူဒါန်းပေးကမ်းသူတွေပါပဲ။

## ပြစ်မှားသူအား + ဒဏ် ၁၀ ပါး

အဲဒီမပြစ်မှားထိုက်သူတွေ ပြစ်မှားရင် ဒဏ် ၁၀ ပါးမှ တစ်ပါးပါး ရောက်လာတတ်တယ်။

အဲဒီ ဒဏ် ၁၀ ပါးကတော့–

၁။ ခေါင်းကိုက်၊ ခေါင်းခဲခြင်းစတဲ့ ကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။
၂။ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးတတ်တယ်။
၃။ လက် ခြေ ပြတ်ခြင်းစတဲ့ ကိုယ်အင်္ဂါပျက်စီးတတ်တယ်။
၄။ ဆုံ့အခြင်း၊ ကွေးကောက်ခွင်ခြင်း၊ နူနာစတဲ့ ရောဂါကြီးတွေ ဖြစ်လာတတ်တယ်။
၅။ ရူးတတ်တယ်။
၆။ မင်းဘေးနဲ့တွေ့ရတတ်တယ်။
၇။ ကြမ်းတမ်းတဲ့ စွပ်စွဲခြင်း ခံရတတ်တယ်။
၈။ မိမိမှီခိုအားထားရတဲ့ ဆွေမျိုးတွေ သေဆုံးပျက်စီးတတ်တယ်။
၉။ အသုံးအဆောင်ပစ္စည်းဥစ္စာများ အလိုအလျောက် ကွယ်ပျောက်ပြုန်းတီးပျက်စီး ပြောင်းလဲသွားတတ်တယ်။
(စပါးစသည် ပုပ်ဆွေးသွားတာ၊ ရွှေဟာ မီးသွေးဖြစ်သွားတာ၊ ပုလဲဟာ ဝါစေ့ဖြစ်သွားတာ၊ ငွေဟာ အိုးခြမ်းကွဲဖြစ်သွားတာမျိုးကို ဆိုလိုတယ်။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ ပျက်စီးကန်းတာ၊ လက်ခြေ ကွေးကောက်သွားတာတွေကို ဆိုလိုပါတယ်)
၁၀။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ် နေအိမ်ကို မီးလောင်ခံရထတ်ပါတယ်။
မိုးကြိုးလောင်မီး ကျတတ်တယ်။ (မေပဒ၊ ၄၊ ၁၊ ၁၁၅)

## မဃဒေဝ + လင်္ကာလှ

မဃဒေဝလင်္ကာသစ် ရေးသားတော်မူတဲ့ မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝမှာ အောက်ပါအတိုင်း လင်္ကာရေး ဆုံးမတော်မူခဲ့ပါတယ်။

၁။ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊
၂။ လျော့ပါးစည်းစိမ်၊
၃။ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊
၄။ ကျိုးပျက်အင်္ဂါ၊
၅။ နူနာ၊
၆။ စိတ်ဖောက်၊
၇။ ကျရောက်မင်းဒဏ်၊
၈။ မမှန်စွပ်စွဲ၊
၉။ ပြိုကွဲမျိုးဆွေ၊
၁၀။ ရွှေငွေကျွဲနွား။ ယွင်းဖောက်ပြားသား၊ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ လားတို့ရာ၏'' တဲ့။
(မဃဒေဝ ၁၈၈)

## စော်ကား + ချော်သွား

မပြစ်မှားရဘူး။ ပြစ်မှားရင် အပြစ်များတာ ပြောပြီးတော့ မစော်ကားရဘူး ဆိုတာပါ၊ စော်ကားရင် စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေ၊ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ ချော်သွားတတ်တယ်နော်။

(မှန်လှပါ ဘုရား)

စော်ကားရင် ဘာတဲ့လဲ?

(ချော်သွားတတ်ပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ တစ်ခုခုချော်နေပြီဆိုရင် သတိသာထားပေတော့။ ပြစ်မှား မိတာတွေ၊ စော်ကားမိတာတွေ ရှိရင် ကန်တော့ပေတော့။

## ဆဲရေး + မလှဲဘေး (မနည်းဘေး)

မဆဲရေးရဘူး။ ဆဲရေးရင်တော့ မလှဲဘေးတွေ့မယ်၊ မနည်းတဲ့ (များတဲ့) ဘေးတွေနဲ့ တွေ့မယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## လူနတ်တွေက + ပူဇော်ကြ

သူဟာ အဲဒီကောင်းသောအကျင့်နဲ့ စိတ်ရဲတောင့်တမှုတွေကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ လူဖြစ်ရင် လူတွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြတယ်။ နတ်ဖြစ်ရင်လည်း နတ်တွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြပါတယ်တဲ့။ အဲဒီလိုလူတွေ နတ်တွေအားလုံးက ပူဇော်ကြတဲ့ ကောင်းကျိုးရရှိတာဟာ မဆဲရေးခြင်းကြောင့် ရရှိတဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

လူတွေ၊ နတ်တွေက သူ့ကို ပူဇော်ကြတာဟာ ဘာ့ကြောင့်တဲ့လဲ?

(မဆဲရေးခြင်းကြောင့်ပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီး တရားအမည်ပေးထားတာက?

(ပူဇော်ကြပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
ဟောပါ ဘာ့ကြောင့်လဲ။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
မဆဲတာကြောင့်ပဲ။

## သဟာဿရ + မင်းစကြ

ဒီဘဒ္ဒကမ္ဘာမှာ တစ်ဆယ့်တစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်လေဘိ ဗိုလ်ပါအင်အားရှိတဲ့ သဟာဿရမည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် မြတ်ရဟန္တာ ဖြစ်ရပါတယ်။

## ပေါ်ပြီ + တော်ပြီ

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွဲပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို အဓိက အသိဉာဏ်ပေး ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

(ချစ်ကြခင်ကြ+ပူဇော်ကြ) တရားပါ ဘုရား။

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

## အကျဉ်းချုပ်ပြ + သုဘာဝ

ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ ပန်းဒါနကြောင့်။

၁။ နိဗ္ဗာနရတိ နတ်ပြည်ရောက်ရခြင်း။

၂။ လူ နတ်တွေက ချစ်ကြခင်ကြ ခစ်ခင်ကြခြင်း။

၃။ မဆဲရေးခြင်းကြောင့် လူတွေ နတ်တွေက ပူဇော်ကြခြင်း။

၄။ သဟာသုရစကြဝတေးမင်း ဖြစ်ရခြင်း။

၅။ အပါယ်လေးပါး လွတ်ရခြင်း။

၆။ နောက်ဆုံး ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေကို တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

## တရားသိမ်းကဗျာ + လိုက်ဆိုပါ

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* နိဗ္ဗာဘုံမှာ၊ ရောက်ရတာ၊ ကြည်သာပန်းလှူကျိုး။
* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဒါနပန်းလှူကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ မှတ်ကြ မဆဲကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ ဟောပြ မဆဲကျိုး။
* သဟာသုရ၊ မင်းစကြ၊ ဖြစ်ရပန်းလှူကျိုး။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ ဒါနပန်းလှူကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကြည်သာပန်းလှူကျိုး။

သာဓု၊ သာဓု၊ သာဓု။

## တရားအမည်ပေးရာ၌–

* လူ နတ်တွေက+ချစ်ခင်ကြ၊
* လူ နတ်တွေက+ပူဇော်ကြ၊
* လူ နတ်ချစ်ဆေး+ပူဇော်ရေး၊
* ဖြစ်ရာမှာ ချစ်တာခံချင်ရင်ဖြင့် စသည်အမည်ပေးကာ ဟောပြောပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနိဝဂ်၊

သယနဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော

# "ကောင်းကင်အိပ်ပြီး + မြေကြီးဆောင်နိုင် + စိုးရပိုင်"

## တရားတော်

ဒီနေ့ ဦး (    ) ဒေါ် (    ) မိသားစုတို့ရဲ့ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ ကုလားထိုင်၊ အခင်း၊ ဖျာသတဲ့ အိပ်ရာ နေရာတွေ လှူတဲ့ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

('ကောင်းကင်အိပ်ပြီး+မြေကြီးဆောင်နိုင်+စိုးရပိုင်' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### အထူးကြည်သာ + လှူနေရာ

သယနဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ လူအားလုံးကို အစဉ်သနားတော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားကို အထူးကြည်ညိုတဲ့စိတ်နဲ့ ညောင်စောင်း အင်းပျဉ်နေရာ ပေးလှူခဲ့တယ်။

### စည်းစိမ်ပေါရ + သူ့ဘဝ

သူဟာ ညောင်စောင်းအင်းပျဉ်ကို ပေးလှူခြင်းနဲ့ လယ်ယာမြေကောင်း သဖွယ်ဖြစ်တဲ့ သာသနာတော်မှာ ကုသိုလ်မျိုးစေ့ ပြည့်စုံအောင် စိုက်ပျိုးခဲ့တဲ့အတွက် စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခဲ့တယ်။ အဲဒီလို စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခြင်းဟာ ညောင်စောင်းအင်းပျဉ် နေရာကို လှူရတဲ့အကျိုးပဲ ဖြစ်တယ်။

ဒီတော့ ပရိသတ်ရေ စည်းစိမ်ဥစ္စာတွေ များစွာရရှိချင်တယ်ဆိုရင် စေတနာတွေ ထားပြီးတော့ ညောင်စောင်းအင်းပျဉ်ဆိုတဲ့ နေရာတွေ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကင်သွားနိုင် + အိပ်ပြနိုင်

နောက်ပြီးတော့ သူဟာ ကောင်းကင်မှာ သွားနိုင်၊ အိပ်နိုင်တဲ့ ချမ်းသာမျိုးကိုလည်း ရတယ်တဲ့။

ကောင်းကင်မှာ သွားနိုင်တယ်၊ ကောင်းကင်မှာ အိပ်ပြနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ 'ကောင်းကင်အိပ်ပြီး' ဆိုတဲ့အမည်လေးကို ပေးထားတာပါ။

## မြေကြီးပိုင်ပိုင် သူဆောင်နိုင်

နောက်ပြီးတော့ ဒီမြေကြီးကို ဆောင်နိုင်တယ်တဲ့။ ဒီစကားလေးကို ယူပြီးတော့ 'မြေကြီးဆောင်နိုင်' အမည်ပေးထားတာ ဖြစ်တယ်။

## သတ္တဝါတွေ စိုးရပေ

နောက်ပြီးတော့ သတ္တဝါတွေကို အစိုးရပိုင်ဆိုင်ရတယ်တဲ့။ ဒီနေရာလေးကို ကြည့်ပြီးတော့ 'စိုးရပိုင်' ဆိုတဲ့ အမည်ပေးထားတာ ဖြစ်တယ်။

အဲဒီကောင်းကင်မှာ သွားနိုင်တဲ့၊ အိပ်နိုင်တဲ့ ကောင်းကျိုး၊ မြေကြီးကို ဆောင်နိုင်တဲ့ ကောင်းကျိုး၊ သတ္တဝါတွေကို အစိုးရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရတာဟာ ညောင်စောင်းအင်းပျဉ်နေရာလှူခဲ့တာကြောင့် ရတာနော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

နောက်ပြီးတော့ ကမ္ဘာ ၅၀၀၀ ထက်မှာ တန်ခိုးကြီးတဲ့ စကြာမင်း ရှစ်ကြိမ် ဖြစ်ဖူးတယ်။

၃၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တဲ့ ဗိုလ်ပါအင်အားရှိတဲ့ စကြာမင်းလေးကြိမ် ဖြစ်ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ မြတ်စွာဘုရား တရားတော် နာကြားကြည်ညို ကာ ရဟန်းပြုလာတယ်။ ဝိပဿနာတရား အားထုတ်တယ်။ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ဦး (  ) ဒေါ် (  ) မိသားစုတို့လည်း သဃနဒါယကမထေရ် ရရှိတဲ့ ကောင်းကျိုးတွေ ရရှိမှာမလွဲပါဘူးလို့ ဝမ်းမြောက်ဖွယ်ရာ တရားစကား ပြောကြားခဲ့ပါတယ်။

ကဲ–. လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားအား
  ကြည်ညိုစိတ်ထား ညောင်စောင်းလှူ။
* စည်းစိမ်ဥစ္စာ တကယ်ပေါ်ရ
  ဖြစ်ရာချောလှ ပြည့်စုံသူ။
* ကောင်းကင်မှာလေ အိပ်နိုင်ပြီးတော့
  မြေကြီးကိုလည်း ဆောင်နိုင်သူ။
* သတ္တဝါတွေ အကျိုးရဖို့
  အစိုးရလည်း ပြုနိုင်သူ။
* မင်းမြတ်စကြာ တကယ်ဖြစ်ရ
  အပါယ်လွတ်ရ+ရဟန္တာ။
* ညောင်စောင်းအင်းပျဉ် နေရာထူးကို
  သေချာလှူဖူး ကောင်းကျိုးပါ။
* ကောင်းကျိုးရတာ တကယ်သိလို့
  တကယ်ကြည့်ကာ ပေးလှူပါ။

(ဖွေးဖြူသဒ္ဒါ)၂

ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင် တရားတော်ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တေဝဒ္ဓမိယဝဂ်၊ ဓဇဒါယကတ္ထေရ
အပဒါန်ကို ကန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “တံခွန်လှူရ + ကောင်းကျိုးလှ”

တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ တံခွန်လှူပွဲမှာ ဟောကြားမည့် တရားတော်က “တံခွန်လှူရ+ကောင်းကျိုးလှ” တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(‘တံခွန်လှူရ+ကောင်းကျိုးလှ’ တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

## တံခွန်ဆိုတာ+သိစရာ

တံခွန်ဆိုတာ ဘာလဲ။ ဒါအရင်သိဖို့လိုတယ်။ တံခွန်ဆိုတာ ဘုရားအနီး၊ ကျောင်းအနီးမှာ မြင့်မြင့်လေးလွှင့်ထူပြီး ထားရတဲ့အရာကို တံခွန်လို့ခေါ်တယ်။

(မြန်မာအဘိဓာန်၊ ၁၄၇)

## တံခွန်တင်လှူ+ပူဇော်သူ

လောကရဲ့အကြီးအမှူးဖြစ်ပြီး လူတွေထက် မြတ်တော်မူတဲ့ တိဿမြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီတိဿမြတ်စွာဘုရားရဲ့ ဥပဓိသုံးပါး ကုန်ခန်းတာကို သိမြင်ပြီးတော့ ဓဇဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ တိဿမြတ်စွာဘုရားမှာ တံခွန်ကို တင်လှူပူဇော်ခဲ့တယ်။

## တာဝတိံသာ ရောက်ရရှာ

ကောင်းစွာပြုလုပ်တဲ့ ကောင်းမှုကံနဲ့ စေတနာတောင့်တမှုတွေကြောင့် သူဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည် ရောက်ရပါတယ်။

ဒီတော့ တာဝတိံသာနတ်ပြည်ရောက်ရတာဟာ တံခွန်လျှုရတဲ့ ကောင်းကျိုးလှ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နတ်မင်းစကြာ+ကြိမ်များစွာ

နောက်ပြီးတော့ အကြိမ် ၃၀၀ နတ်မင်းဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာမင်း ဖြစ်ရတယ်။

ဒီကောင်းကျိုးလှတွေဟာ တံခွန်လှူရတဲ့ ကောင်းကျိုးတွေပဲနော်။

(မှန်လှပါ ဘုရား)

## ပဒေသရာဇာ မရေသာ

နောက်ပြီးတော့ ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ ရေတွက်လို့ မရအောင် ဖြစ်ရပါတယ်တဲ့။ ဒီကောင်းကျိုးလှ ရရှိတာဟာလည်း ရှေးက မိမိကိုယ်တိုင် ကောင်းစွာပြုခဲ့တဲ့ ကောင်းမှုကံကြောင့်ပါပဲ။

## အပါယ်လေးဝ ကွယ်ဝေးရ

သူဟာ ဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာတော့ တံခွန်လှူတဲ့ ကောင်းမှုကံကို ပြုခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတာ မသိဘူးပါဘူးတဲ့။

ဒီကောင်းကျိုးလှဟာလည်း တံခွန်လှူရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## အလိုရှိပိုင်+ဖုံးလွှမ်းနိုင်

သူဟာ ယနေ့ပဲ အလိုရှိရင် ဟိမဝန္တာတောင်နဲ့တကွ စကြဝဠာတောင်နဲ့တကွ သော အရပ်ကို ခေါ်မတိုင်းမှာဖြစ်တဲ့ ပုဆိုးတွေနဲ့ ဖုံးလွှမ်းနိုင်တယ်တဲ့။

တော်တော်အံ့ဩစရာကောင်းတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီလိုဖြစ်ရခြင်း။ ဒီလိုအံ့ဩစရာကောင်းတဲ့ ကောင်းကျိုးလှတွေကို ရရှိတာဟာ သူကိုယ်တိုင် ပြုခဲ့တဲ့ တံခွန်ဒါနကြောင့်ပါပဲတဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်

ခြောက်ပါးပိုင်ရှင် ဓဇဒါယက ဆိုတဲ့ ရဟန္တာတစ်ပါး ထင်ထင်ရှားရှား ဖြစ်လာပါတယ်။

## ကောင်းကျိုးလှတွေ သိနိုင်စေ

ဒီနေ့ တံခွန်လှူနေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း တံခွန်လှူတာဟာ ဒီလိုကောင်းကျိုးလှတွေ ရနိုင်တယ်ဆိုတာ သိနိုင်ပါစေလို့ ရည်ရွယ်ပြီးတော့ ဟောကြားလိုက်ပါတယ်။

## အချုပ်မှတ်ဖွယ် ကဗျာရှုယ်

ကဲ- လင်္ကာလေးတွေ နဲ့ တရားသိမ်းကြရအောင်။

* တာဝတိံသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
တာဝတိံသာ၊ ရောက်ရတာ၊ တံခွန်ဒါနပဲ။

* နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။

* စကြာဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
စကြာဖြစ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။

* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
ပဒေသရာဇာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။

* အပါယ်လွတ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
အပါယ်လွတ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါပဲ။

* ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။

* စကြဝဠာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
စကြဝဠာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
တံခွန်လှူရ၊ ကောင်းကျိုးလှ၊ ဟောပြတဲ့တရားပဲ။

"တံခွန်လှူရ၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ဗုဒ္ဓတန်ခိုးကြီးတော်၊ ယိုဝပ်ရောဂါပိုးမွှားတော်၊ ဇာတိဒါယိကာလဝင်၊ ဓာတ်တော်ပြည်၏ အဖေါဒါန်ပို ပုံဆင်တဲ့ ဟောကြား ပြောကြားအပ်သော

# "ထီးဖြူဆောင်းရ+သူ့ဘဝ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ထီးလှူပွဲမှာ ဟောကြားမည့် တရားတော်က ''ထီးဖြူဆောင်းရ+သူ့ဘဝ'' တရားတော်ပဲ။

ဘာတရားတဲ့လဲ?

('ထီးဖြူဆောင်းရ+သူ့ဘဝ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### နေပူချိန်ကြွ+မြတ်ဗုဒ္ဓ

မြေကြီးဟာ မီးကျီးလို ဖြစ်နေတယ်။ မြေကြီးဟာ ပြာပူလို ဖြစ်နေတယ်။ တအားပူတယ်ဆိုတာကို တင်စားပြီးတော့ ပြောနေတာတော်။

(မှန်လှပါ ဘုရား)

အဲဒီလို တအားပူပြင်းနေတဲ့ အချိန်မှာ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ လွင်တီးခေါင်မှာ စင်္ကြံကြွတော်မူတယ်။

### ဘုရားတွေ့မြင် နှစ်သက်အင်

ဂေဆတ္တိယမထေရ်အလောင်း သူတော်ကောင်းဟာ ထီးဖြူကိုယူပြီးတော့ ခရီးရှည် ခရီးဝေးသွားနေတယ်။ လမ်းခရီးမှာ မြတ်စွာဘုရားကို မြင်ရတော့ သူ့မှာ အားရနှစ်သက်ခြင်း ဖြစ်ပေါ်လာတယ်။

### လေမုန်တိုင်းတွေ တိုက်ခတ်နေ

မြေကြီးဟာ တံလျှပ်တွေနဲ့ ဖုံးလွှမ်းနေတယ်။ ဒီမြေကြီးဟာ မီးကျီးလို

ဖြစ်နေတယ်။ ကိုယ်အသက်ကို ကုန်ခန်းစေတဲ့ လေမုန်တိုင်းတွေကလည်း တိုက်ခတ်နေကြတယ်။

## အပူငြိမ်းရေး ထီးလှူပေး

အအေး အပူ အားလုံးကို ပယ်ဖျောက်နိုင်ပြီး လေနေပူကို တားမြစ်နိုင်တဲ့ ဒီထီးကို အလှူခံတော်မူပါ၊ အပူတွေ ငြိမ်းအေးခြင်းကို တွေ့ထိစေလိုပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဒကာ ဒကာမတွေလည်း ထီးလှူတဲ့အခါမှာ ဒီလိုစိတ်ထားကောင်းလေးတွေ ထားပြီး လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ကြံသိပြန် ထီးအလှူခံ

အစဉ်သနားစောင့်ရှောက်တော်မူတတ်တဲ့ မဟာကရုဏာရှိတော်မူတဲ့ အခြံအရံ များပြားတဲ့ ပဒုမုတ္တရမြတ်စွာဘုရားဟာ ထီးအလှူရှင် သူ့ရဲ့စိတ်အကြံကို သိပြီးတော့ အလှူခံတော်မူတယ်။

## သိကြား စကြာ+ကြိမ်များစွာ

သူဟာ ကမ္ဘာ ၃၀ ပတ်လုံး နတ်တွေကို အစိုးရတဲ့ သိကြားနတ်မင်း ဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာဝတေးမင်း ဖြစ်ရတယ်။

## ပဒေသရာဇ် ရေမဖြစ်

ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။ ရှေးက ကိုယ်တိုင်ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိရဲ့ကောင်းမှုအကျိုးကို ခံစားရတယ်တဲ့။

## ထီးဖြူဆောင်းရ သူ့ဘဝ

ဒီဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်။ ငါ့အတွက် နောက်ဆုံးဘဝဖြစ်တယ်လို့လည်း ဝမ်းသာကြည်နူး ဥဒါန်းကျူးနေတယ်။ ယခုဘဝမှာလည်း ထီးဖြူဟာ သူ့ကို အမြဲတစေ ဆောင်းမိုးနေတယ်တဲ့။

ဒီဝံနေရာလေးကြည့်ပြီးတော့ "ထီးဖြူဆောင်းရ+သူ့ဘဝ" ဆိုတဲ့ တရားအမည် ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(ထီးဖြူဆောင်းရ သူ့ဘဝပါ) တရားတော်ပါ ဘုရား။

## အပါယ်လေးပါး သူမသား

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်မှာ ထီးလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရတဲ့ ကောင်းကျိုး ရတယ်နော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ထီးလှူ ထီးတော်၊ ထီးပူဇော်ရတဲ့ ဒကာ ဒကာမတွေလည်း ဒီကောင်းကျိုးတွေရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးရင်း ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားကို
  သေချာသူကား ထီးပေးလှူ။
* သိကြား စကြာ ခါခါဖြစ်ရ
  ပဒေသရာဇာ များစွာဟူ။
* ဘဝဖြစ်ရာ ထီးဖြူဆောင်းရ
  အပါယ်ဘေးမှ ကင်းဝေးသူ။
* နောက်ဆုံးသေချာ ရဟန္တာဖြစ်ရ
  ထီးလှူဒါန ကောင်းကျိုးဟူ။
* ဘဝဖြစ်ရာ ထီးဖြူရဖို့
  သေချာနှေညှ မြတ်ထီးလှူ။

"ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော် ပြီး၏။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သုပါရိစရိယဝဂ်၊
ခဇ္ဇကဒါယကတ္ထေရအပဒါနကို ကန့်ဆားဆင်၍ ဟောကြား ပြောကြားအပ်သော
# "လိုရာပြည့်ဝ+ဝမ်းမြောက်ရ"
## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ သစ်သီးခဲဖွယ် အသွယ်သွယ် ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('လိုရာပြည့်ဝ+ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### သစ်သီးခဲဖွယ် လှူခဲ့တယ်

ခဇ္ဇကဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ ရှေးတုန်းက တိဿမြတ်စွာဘုရားကို သရက်သီး၊ သပြေသီးစတဲ့ သစ်သီးတွေ ပေးလှူခဲ့ဖူးတယ်။ အုန်းသီးလည်း ပေးလှူခဲ့ဖူးတယ်၊ ပျားရည်စသည်တို့နဲ့ ကောင်းစွာစီရင်ထားတဲ့ ခဲဖွယ်ကိုလည်း ပေးလှူခဲ့ဖူးတယ်။

### လိုရာပြည့်ဝ ဝမ်းမြောက်ရ

သူဟာ မြတ်တဲ့သီလက္ခန္ဓစတဲ့ ကျေးဇူးကို ရှာမှီးတော်မူတဲ့ တိဿမြတ်စွာဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေ ပေးလှူခဲ့တဲ့ကောင်းမှုကြောင့် အလိုရှိတဲ့ ကာမဂုဏ်တွေ ရရှိကာ ဝမ်းမြောက်ခဲ့ရတယ်တဲ့။

ဒီတော့ သူလိုချင်တဲ့ ကာမဂုဏ်တွေ ရရှိတော့ သူ့စိတ်ထဲ ဝမ်းမြောက်ဝမ်းသာရတယ်နော်။

(မှန်လှပါ ဘုရား)

သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် လိုချင်တာတွေရပြီး လိုရာပြည့်ဝရင် ဝမ်းမြောက်ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတဲ့ တရားပါ။ ဘာတရားတဲ့လဲ။

('လိုရာပြည့်ဝ ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

## လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါ

ဒီနေ့ ဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေနဲ့ ဆက်ကပ်နေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## မှာချင်တယ် ဒီစကား

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ လိုချင်တဲ့ ကာမဂုဏ်တွေရ ဝမ်းမြောက်ချင်ကြတယ်ဆိုရင် ရတနာသုံးပါးကို သစ်သီး ခဲဖွယ်တွေ လှူဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။

ကိုယ်လိုချင်တဲ့ ကာမဂုဏ်တွေ၊ လိုရာတွေ မပြည့်ဝသေးဘူးဆိုရင် ဘုရားကို မကြာမကြာ သစ်သီးကပ်၊ ခဲဖွယ်တွေသာ ကပ်ပါလို့ ထပ်ပြီးမှာခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ခွဲစိတ်သေချာ ဆက်ကပ်ပါ

သစ်သီးကပ်တဲ့အခါမှာလည်း သေသေချာချာ ရွေးဆေးပြီးတော့ ခွဲစိတ်ပြီး ကပ်ပါ။ ကိုယ်ဘယ်လိုစားလဲ? ကိုယ်စားသလို ခွဲစိတ်ပြီး ကပ်ပါ။ ခုတွေ့ရတာတွေကတော့ ငှက်ပျောသီး အဖီးလိုက်၊ ကျွဲကောသီး၊ ပန်းသီး အလုံးလိုက် ဖြစ်နေတွေ့နေရတယ်၊ ဒါတွေဟာ ပြုပြင်သင့်တဲ့အရာတွေပါ။

## အပါယ်လေးပါး လွတ်မြောက်သွား

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ သစ်သီး၊ ခဲဖွယ်လှူခဲ့တဲ့အခါမှစပြီးတော့ အပါယ်လေးပါး မရောက်ရခြင်းဟာ သစ်သီးလှူခဲ့တဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

ဒီတော့ အပါယ်လေးပါး လွတ်ချင်ရင်လည်း သစ်သီး ခဲဖွယ် လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ၁၃ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ ဗိုလ်ပါအင်အား အလွန်များတဲ့ "ဣန္ဒသမ"မည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

ကဲ- ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ရှေးအခါမှာ တိဿဘုရားကို
  စိတ်လှတွေထား သစ်သီးလှူ။
* အုန်းသီးလည်းပါ ခဲဖွယ်များကို
  လေးလေးစားစား ကောင်းစွာလှူ။
* လိုရှိကာမှာ အကုန်ရလို့
  ဝမ်းမြောက်နှဲ့ညှ ပြည့်စုံသူ။
* အပါယ်ဘေးတွေ ကင်းစင်ဝေးရ
  မင်းမြတ်စကြ ဖြစ်ရသူ။
* နောက်ဆုံးတော့လေ ရဟန္တာဖြစ်ရ
  သေချာစစ်က သစ်သီးလှူ။

"လိုရာပြည့်ဝ+ဝမ်းမြောက်ရ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနီဝင်၊ ဗုဒ္ဓဒီပကတွေ့ရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ယူဇနာတစ်ရာ ဝေးသော်လည်း"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ယုံကြည်ဖြောင့်မတ် + ပုဂ္ဂိုလ်မြတ်

ဒီပင္ကဒီပကမထေရ်အလောင်း သူတော်ကောင်းဟာ သတ္တဝါအားလုံးကို အစဉ်သနားတော်မူတတ်တဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့ တရားတော်မှာ ယုံကြည်သူ၊ ဖြောင့်မတ်တဲ့ အယူရှိသူဖြစ်ခဲ့တယ်။

ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ရတာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရလို့ ဖြစ်တာနော်။

(မှန်လှပါ ဘုရား)

### မှာချင်တယ် ဒီစကား

ဒါကြောင့် မှာချင်တာက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာမပျင်း ပါနဲ့လို့ မှာချင်တာပါပဲ။

### ကံ ကံကျိုးယုံ+သူလှူပုံ

လူတွေဟာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတယ်။ သူမြင်ရတော့ သူ

လည်းပဲ ကိုယ်တိုင်ကိုယ်ကျ အဲဒီထင်းရှူးဖောဓိပင်ကို ခြံရံပြီးတော့ ဆီမီးအလှူ ပေးလှူခဲ့တယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီးတော့ ဆီမီးတွေကို ညှိထွန်းပူဇော်ခဲ့တယ်တဲ့။

## သူပေးလှူတာ + နည်းယူပါ

ဒီနေရာမှာ သူရဲ့လှူပုံလေးကို နည်းယူမှတ်သားသင့်တယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီးတော့ လှူတယ်ဆိုတဲ့ လှူနည်းနော်။

(မှန်လှပါ ဘုရား)

## ကုသိုလ်ဖြစ်ဖို့လို

လှူနေချိန်လေးမှာ ကံ ကံရဲ့အကျိုးကို သိမြင်ပြီးတော့ ဉာဏ်နဲ့လှူရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အကောင်းဟိတ်သုံးပါး ပါဝင်သွားတဲ့အတွက် 'တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါန' ဖြစ်သွားတယ်။

တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါနဖြစ်တော့ ဘာဖြစ်လဲ။ ဘဝတိုင်း ပညာတော်မယ်၊ ပညာကျော်မယ်၊ ပညာနဲ့ပတ်သက်ရင် ပေါ်လွင်ထင်ရှားမယ်၊ ပညာကြီးမယ်၊ သတ်မှတ်ထားတဲ့ လောကီ လောကုတ္တရာကိစ္စကြီးငယ် အသွယ်သွယ်တွေအောင်မြင်ပြီးမြောက် ခရီးရောက်မယ်။

ကံ ကံရဲ့အကျိုးကို မသိမမြင်ရင်တော့ အလောဘ၊ အဒေါသဆိုတဲ့ ဟိတ်ကောင်း နှစ်ပါးသာ ပါဝင်တဲ့အတွက် ဒွိဟိတ်ကုသိုလ်၊ ဒွိဟိတ်ဒါန ဖြစ်သွားတယ်။

ဒီတော့ ဘယ်ကုသိုလ်ကိုပဲလုပ်လုပ် တိဟိတ်ကုသိုလ်ဖြစ်အောင် လုပ်ဖို့လိုတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* ကုသိုလ်ပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။

* ကုသိုလ်ပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။

## ကောင်းကင်မှာဆောင် ဆီမီးရောင်

သူဟာ နတ် လူဘဝ၊ ဖြစ်လေရာမှာ ကောင်းကင်မှာ ဆီမီးရောင်ကို ဆောင်နိုင်တယ်။ ဒီကောင်းကျိုးဟာ ဆီမီးလှူခဲ့တဲ့ ကောင်းကျိုးကြောင့်ပဲဖြစ်တယ်။

## ယူဇနာတစ်ရာ ဝေးသော်လည်း

နောက်ပြီးတော့ နံရံတစ်ဖက်၊ ကျောက်တောင်တစ်ဖက်၊ မြေတောင်တွေကို ကျော်လွန်ပြီးတော့ သူဟာ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒီတော့ ဆီမီးအလှူဟာ ယူဇနာတစ်ရာဝေးသော်လည်း အဲဒီယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားက ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားပါဘုရား)

ဒီတော့ ဆီမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီးစတဲ့ မီးအလှူတွေသာ လှူထားရင် ယူဇနာတစ်ရာလောက် ဝေးပါစေ၊ ယူဇနာတစ်ရာလောက်တော့ အေးအေးဆေးဆေး မြင်နိုင်ပါတယ်။

## နိဗ္ဗာန်ရောက်ပြန် ကံကြွင်းကျန်

သူဟာ ကြွင်းကျန်တဲ့ကံကြောင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ရပါတယ်။ ခြေနှစ်ချောင်းရှိသူ လူတွေကို အစိုးရတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အဆုံးဖြစ်တဲ့ကိုယ်ကို ဆောင်ရပါတယ်။

## မင်းမြတ်စကြာ ဖြစ်ရရှာ

၁၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တန်ခိုး အမျိုးမျိုးရှိတဲ့ "သတစက္ခု" လို့ တူတဲ့အမည်ရှိတဲ့ စကြာဝတေးမင်း ဖြစ်ခဲ့ဖူးပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## ကောင်းကျိုးပိုင်ပိုင် ရရှိနိုင်

ဒီနေ့ ဆီမီး ၁၀၀၀ ပူဇော်နေကြတဲ့ ဦး (   ) ဒေါ် (   ) မိသားစုတို့လည်း ဒီမထေရ်ရတဲ့ ကောင်းကျိုးတွေ ရရှိနိုင်ပါတယ်လို့ အသိဉာဏ်ပေးခဲ့ပါတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ပဒုမုတ္တရာမြတ်ဘုရား၏
ထင်းရှူးဗောဓိ ဆီမီးလှူ။

* လူ နတ် ဖြစ်ရာ ကောင်းကင်ကြီး၌
ဆီမီးရောင်ကြီး ဆောင်နိုင်သူ။

* ယူဇနာတွေ တစ်ရာဝေးလည်း
အေးအေးဆေးဆေး မြင်နိုင်သူ။

* နိဗ္ဗာန်ရောက်ကာ စကြာဖြစ်လို့
ရဟန္တာစစ် ဖြစ်တော်မူ။

* ဆီမီးတွေလှူ သူ့အကြောင်းကို
ကဗျာကောင်းတွေး ရေးစပ်ယူ။

(မှတ်တော်မူ)၂

"ယူဇနာတစ်ရာဝေးသော်လည်း" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သဟဿဝဂ္ဂဋ္ဌကထာ၊ ဓမ္မပဒဋ္ဌကထာ

ဗာဟိယအပဒါနိကို ထန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "မမြဲတစ်ခု+အမြဲရှု"

## တရားတော်

ဒီနေ့ ဓမ္မပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "မမြဲတစ်ခု+အမြဲရှု တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('မမြဲတစ်ခု+အမြဲရှု' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### သစ္စာဟောကာ ကယ်တင်ရှာ

တရားအားလုံးကို တစ်ကော်ကမ်းရောက် သိမြင်တော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရှင်ဟာ သစ္စာလေးပါး တရားတော်ကို ဟောပြတော်မူကာ လူတွေကို ကယ်တင်တော်မူတယ်။

### သစ္စာဟောပြ မြတ်ဗုဒ္ဓ

ပရိသတ်ရေ၊ ဘုရား ဘာတရားဟော?

(သစ္စာလေးပါး တရားဟောပါတယ် ဘုရား)

သစ္စာလေးပါး တရားဟောပြီးတော့ ကင်တယ်တော်မူတယ်နော်။

(မှန်လှပါ ဘုရား)

### လယ်တီသစ္စာလေးပါး+လင်္ကာ

ဒီနေရာမှာ လယ်တီဆရာတော်ကြီးရဲ့ သစ္စာလေးပါးဆိုင်ရာ လင်္ကာလေးတွေကို အာရုံပြုကြည့်ကြရအောင်။

"အဓွန့်ရှည်ကြာ၊ ဘယ်မျှကြာလည်း။ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆိုလေ"တဲ့။

သံသရာအဓွန့်ခရီး ဘယ်လောက်ကြီးပဲကြာကြာ မဟာကပ်ပေါင်း အသင်္ချေ အနန္တ ကြာချင်တိုင်း ကြာပါစေ၊ တစ်ခါတလေမှ သူ့ရဲ့ ပီဠနဋ္ဌ=အကျဉ်းအကျပ် နှိပ်စက်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ သင်္ခတဋ္ဌ= အမြဲမပြတ် ပြုပြင်အပ်တဲ့ ဒုက္ခသဘောရှိတယ်။ သန္တာပဋ္ဌ= ကြောင့်ကြစိုက်ရေး လွန်ရှုပ်ထွေးပြီး အေးခွင့်မရ ပူပန်ရတဲ့ ဒုက္ခသဘောရှိတယ်။ ဝိပရိဏာမဋ္ဌ= နှစ်မျိုးမြင့်ရှည်၊ အတည်မမြဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ ဒီလေးချက်ကို ဒုက္ခသစ္စာရဲ့ အနက် လေးချက်လို့ ခေါ်တယ်။ အဲဒီဒုက္ခအချက် အနက်လေးပါးနဲ့ ဖြစ်ကြမြဲဓမ္မတာဟာ ဘယ်တော့မှ ပြောင်းမဖြစ်ဘူး။ ဒါကို သစ္စာလို့ ဆိုတာနော်။

(မှန်လှပါ ဘုရား)

"ထိုသစ္စာကား။ လေးထွေပြားပေ၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

* ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။
  (သူသူငါငါ သတ္တဝါတွေ ရထားတဲ့ လောကီခန္ဓာငါးပါးကို ဒုက္ခသစ္စာ ခေါ် တယ်။)
* ထိုဒုက္ခပေါင်း ပွားကြောင်းအမှူး၊ လောဘစုမှ၊ သမုဒယ၊ အမည်ရ၏။
  (လောဘခေါ်တဲ့ တဏှာ၊ အဲဒီတဏှာတွေဟာ ဒုက္ခတွေ ပွားဖို့ရန်အတွက်၊ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာလို့ ခေါ်တယ်။)
* လောဘခပင်း။ အကြွင်းမရှိ၊ ချုပ်ငြိမ်းသိသည်၊ သန္တိသဘော၊ အဆင်ချော ကို၊ နိရောဓဟူ။
  (လောဘခပ်သိမ်း အကြွင်းမရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။)
* ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို မဂ္ဂခေါ်၏။
  (သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်တဲ့အမြင်ကို မြင်ခြင်း၊
  သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံကို ကြံခြင်း၊
  သမ္မာဝါစာ၊ ကောင်းမြတ်တဲ့စကားကို ပြောခြင်း၊
  သမ္မာကမ္မန္တ၊ ကောင်းမြတ်တဲ့အလုပ်ကို ပြုလုပ်ခြင်း၊
  သမ္မာအာဇီဝ၊ ကောင်းမြတ်တဲ့ အသက်မွေးခြင်း၊
  သမ္မာဝါယာမ၊ ကောင်းမြတ်တဲ့ အလုပ်ကို အားထုတ်ခြင်း၊

သမ္မာသတိ၊ ကောင်းမြတ်တဲ့တရား၌ မမေ့မလျော့ခြင်း၊
သမ္မာသမာဓိ၊ ကောင်းမြတ်တဲ့အာရုံ၌ တည်ကြည်ခြင်း
ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တယ်။)

## ကောင်းကင်မှာသွား+ရသေ့တစ်ပါး

အဲဒီလို ပဒုမုတ္တရာမြတ်စွာဘုရားဟာ သစ္စာလေးပါး တရားဟောပြီးတော့ လူတွေကို ကယ်တင်တဲ့အခါမှာ ဒီ "မွေ့သဝနိယမထေရ်အလောင်း" သူတော်ကောင်းဟာ တန်ခိုးရှိတဲ့ရသေ့ဖြစ်နေတယ်။ လျှော်တေသက်န်းကို ခါပြီးတော့ ကောင်းကင်မှာ သွားနေတယ်။

## ငှက်ကျောက်တောင်မှာ သွားကာ မရ

သူဟာ ဘုရားမြတ်ရဲ့အထက်မှာ မသွားဝံ့တော့ပါဘူး။ ငှက်ဟာ ကျောက်တောင်ကို ရောက်တဲ့အခါမှာ သွားခွင့်မရသလိုပါပဲ။ သူဟာ သွားခွင့်မရတော့ပါဘူး။ မသွားရဲ့တော့ပါဘူး။

## မဖြစ်စဖူး+အဖြစ်ထူး

ရေမှာ သက်ဆင်းပြီး သွားရသလို ကောင်းကင်မှာသွားရတယ်၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်တဲ့ ဒီအကြောင်းဟာ ရှေးတုန်းက မဖြစ်ဖူးပါဘူးတဲ့။

## အကြောင်းကိုရှာ ကျိုးရမှာ

သူဟာ ယခုအခါမှာ အဲဒီအကြောင်းကို ရှာတော့မယ်တဲ့။ အကျိုးကို ရနိုင်လောက်ပါတယ်လို့ ကြံပြီးတော့ ကောင်းကင်မှ ဆင်းသက်လိုက်တယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့အသံတော်ကို ကြားနာရတယ်။

## မမြဲဟောပြ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ နှစ်သက်ဖွယ်၊ နာပျော်ဖွယ်ကောင်းအောင် သာယာတဲ့ အသံနဲ့ မမြဲခြင်း အနိစ္စတရားကို ဟောတော်မူနေပါတယ်။

ဘာတရားဟောနေ?

(မမြဲခြင်းအနိစ္စတရားကို ဟောနေပါတယ် ဘုရား)

ဘာသံနဲ့ ဟောနေ?

(သာယာတဲ့အသံနဲ့ ဟောနေပါတယ် ဘုရား)

## အသံတော်ရှစ်ပါး မြတ်ဘုရား

ဒီနေရာလေးမှာ မြတ်စွာဘုရားရဲ့ အသံတော်ရှစ်ပါး ပြောပြချင်ပါတယ်။

* သန့်ရှင်းစင်ကြယ်ခြင်း။
* သာယာခြင်း။
* သိသာခြင်း (သိလွယ်ခြင်း)၊
* နာချင်ဖွယ်ရှိခြင်း။
* ပြန့်နှံ့ခြင်း။
* တစ်စည်းတစ်လုံးတည်းရှိခြင်း။
* နက်နဲခြင်း။
* ပဲ့တင်ထပ်ခြင်းတို့ပဲ ဖြစ်တယ်။ (မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၇၀)

## မမြဲတကယ် နာချင်ဖွယ်

သာယာတဲ့အသံနဲ့ ဟောတဲ့ မမြဲခြင်းအနိစ္စတရားတော်ဟာ နှစ်သက်ဖွယ်၊ နာချင်ဖွယ်ကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ တရားပဲဟောဟော၊ စကားပဲပြောပြော သာယာတဲ့အသံဖြစ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု သင်ယူရှ

သာယာတဲ့အသံနဲ့ မမြဲတရားကို ဟောကြားတော်မူနေတဲ့ မြတ်စွာဘုရားရဲ့ အထံမှာ သူဟာ အနိစ္စဆိုတဲ့ မမြဲခြင်းတရားကိုပဲ သင်ယူခဲ့ပါတယ်။

ဘာတရား သင်ယူ?

(အနိစ္စတရားပါ ဘုရား)

## မမြဲသင်ယူ ပြန်လာသူ

မမြဲခြင်းအနိစ္စသညာကို သင်ယူပြီးတော့ သူဟာ သူ့ရဲ့သခ်ႋုင်းကျောင်းဆီ ပြန်သွားခဲ့တယ်။ (ပြန်လာခဲ့တယ်) သူ အမြဲပွားနေတာဟာ မမြဲခြင်းအနိစ္စတရားပဲ ဖြစ်တယ်။

## မမြဲတစ်ခု အမြဲရှု

ဒီကောမွေသနိယမထေရ်အလောင်း သူတော်ကောင်းလေး အမြဲတမ်းရှုပွား တဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲခြင်းတရားပါ ဘုရား)

ဒီတော့ သူရော ကိုယ်ပါ သတ္တဝါတွေ တကယ်အမြဲရှုရမယ့်တရားဟာ "မမြဲခြင်း"ဆိုတဲ့ တရားတစ်ခုပဲဆိုတာ တွေ့ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှု တရားပါ ဘုရား)

သူဟာ ဒီ "မမြဲခြင်း" တရားလေးတစ်ခုထဲကိုပဲ အမြဲရှုပွားနေတယ်နော်။

(မှန်လှပါ ဘုရား)

သက်မဲ့ကိုပဲကြည့်ကြည့်၊ သက်ရှိကိုပဲကြည့်ကြည့် မြဲတာ ဘာတွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့လည်း? (မမြဲပါ ဘုရား)

သက်ရှိလည်း? (မမြဲပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* သက်မဲ့လည်း မြဲ၊ သက်ရှိမြဲ၊ တွေ့လည်း မတွေ့ပါ။
* သက်မဲ့ မမြဲ၊ သက်ရှိလည်း၊ မမြဲတွေ့ရတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ပွားပြုသူနေရှာ။

## မမြဲတစ်ခု အောက်မေ့မှု

သူဟာ သူ့ရဲ့သခ်မ်းကျောင်းဆီ ပြန်လာပြီး မမြဲခြင်းတရားကိုပဲ အမြဲ ရှုပွားနေတယ်။ အဲဒီမမြဲခြင်းတရားကိုပဲ အသက်ထက်ဆုံး အမြဲရှုပွားပြီး သေဆုံးခဲ့ တယ်။ မမြဲခြင်းပဲ ရှုနေတယ်။ မမြဲခြင်းပဲ ရှုပွားရင်း သေဆုံးတယ်နော်။

(မှန်လှပါ ဘုရား)

နောက်ဆုံး သေခါနီးတော့လည်း ကြားနာခဲ့ရတဲ့ မမြဲခြင်းဆိုတဲ့ သူတော် ကောင်း တရားကို အောက်မေ့အမှတ်ရနေပါတယ်။

## ကောင်းတဲ့နေခြင်း ကောင်းတဲ့သေခြင်း

ဒီတော့ မမြဲတဲ့အနိစ္စတရားကို အမြဲရှုပွားနေတာဟာ ကောင်းတဲ့နေခြင်း။

မမြဲတဲ့ အနိစ္စတရားကို အမြဲရှုပွား အမှတ်ရပြီး သေတာဟာ ကောင်းတဲ့သေခြင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတာကြုံ စိတ်မတုန်

ဒကာ ဒကာမတွေကို သတိပေးချင်တာ မှာချင်တာကတော့ မမြဲခြင်း အနိစ္စတရားတစ်ခုထဲကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေပါလို့ သတိပေးချင်၊ မှာချင်တာပါပဲ။ အဲဒီလိုနေတော့ ဘာဖြစ်လဲ။ သက်မဲ့ သက်ရှိ ပျက်စီးတာတွေ၊ မမြဲတာတွေ တွေ့ကြုံရတော့ ခုလို ပျက်စီးတာ၊ မမြဲတာတွေ တွေ့ကြုံရတာ ဘာဆန်းလဲ၊ မတွေ့ကြုံရရင်သာ ဆန်းတာ၊ ထူးတာ။ ဒီမမြဲခြင်းတရားသဘောကို ငါကြိုပြီးတော့ ဆင်ခြင်နှလုံးသွင်းထားတာပဲဆိုပြီးတော့ ဖြေဆည်ရာ၊ သက်သာရာရတယ်။ မမြဲတာတွေ တွေ့ရကြုံရ ဘုံဘဝမှာ စိတ်မကုန်တော့ဘူး။ စိတ်မဖြုန်တော့ဘူးပေါ့။

## တရားခေါ်တာ ဒီလိုပါ

အဲဒီလို လူတွေကို သက်သာရာရအောင် စွမ်းဆောင်ပေးနိုင်တဲ့အတွက်ကြောင့် ဓမ္မ (တရား) လို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အပူပေါလှတဲ့ လူ့လောကမှာ အပူတွေကင်းပျောက် အအေးဓာတ်တွေ ရှင်းရှင်းလင်းလင်းကြီးရောက်အောင် ထွေးဖက်လို့ပေးနိုင်တာဟာ အခြားမရှိ၊ တရားပဲရှိတယ်နော်။

(မှန်လှပါ ဘုရား)

## တာဝတိံသာ ရောက်ရရှာ

သူဟာ ကောင်းစွာပြုလုပ်ခဲ့တဲ့ မမြဲခြင်း ပွားများမှု ကောင်းမှုကံနဲ့ စေတနာတောင့်တမှုကြောင့် လူ့ခန္ဓာကိုယ်ကို စွန့်ရတဲ့အခါမှာ တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

## နတ်ပြည်ပျော်ရ သူ့ဘဝ

နောက်ပြီးတော့ ကမ္ဘာ ၃၀၀၀၀ ပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရတယ်။ နတ်မင်း ၈၁ ကြိမ် ဖြစ်ရတယ်။

## မင်းမြွတ်စကြာ ကြိမ်များစွာ

စကြာ၀တေးမင်း ၂၁ ကြိမ် ဖြစ်ရတယ်။ ပြန့်ပြောတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။

## ဖြစ်ရာဘ၀ ချမ်းသာရ

နောက်ပြီးတော့ သူဟာ ဘ၀ကြီးငယ်အသွယ်သွယ်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူဖြစ်ရတယ်။ သူကိုယ်တိုင် ပြုတဲ့ ကောင်းမှုရဲ့အကျိုးကို ခံစားရတယ်။

## မမြဲတရား အမြဲပွား

ဘ၀ကြီးငယ် အသွယ်သွယ် ကျင်လည်ရတဲ့အခါမှာလည်း မမြဲခြင်းအနိစ္စ သညာကိုပဲ အောက်မေ့ပွားများနေတယ်။ သူဟာ ဘ၀ရဲ့အဆုံးဖြစ်တဲ့ စုတေခြင်း ကင်းတဲ့ ပညာရှိတွေရောက်အပ်တဲ့ နိဗ္ဗာန်ကိုတော့ ထိုးထွင်းပြီး မသိသေးပါဘူးတဲ့။

## မမြဲဟောဖော် + ရဟန်းတော်

တာ၀တိံသာနတ်ပြည်ကနေ လူ့ပြည်မှာ လူလာဖြစ်တဲ့အခါ တစ်နေ့တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါး လုံခြုံအောင် ပွားများပြီးတဲ့ ရဟန်းတော်တစ်ပါးဟာ သူ့ဖခင်အိမ်မှာ ကြွရောက်ထိုင်နေတော်မူ ပါတယ်။ ပြီးတော့ တရားစကား ဟောပြပါတယ်။ တိုက်ဆိုင်တာကတော့ အဲဒီ ရဟန်းတော် ဟောပြောတဲ့တရားတော်ဟာ မမြဲခြင်းအနိစ္စတရားဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီရဟန်းတော်ဟာ မမြဲခြင်းအနိစ္စတရားကိုပဲ ထုတ်ဆောင်ဟော ပြောနေပါတယ်။ သူ့အတွက်ကတော့ ဒီမမြဲခြင်းတရားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေပါတယ်။ မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲရှုပွားဖို့ ဟောပြောနေပါတယ်။ ဒီနေရာလေးကြည့်ပြီးတော့လည်း မမြဲခြင်းတရားတစ်ခုဆိုတာ အမြဲရှုရမယ့်တရား ဖြစ်နေတာကို တွေ့ရပါတယ်။

## မမြဲမှန်လှ + သခါရ

သခါရတရားတွေဟာ တကယ်တော့ ဘာမှအမြဲမရှိကြပါဘူး။ ပရိသတ်ရေ ဘာမြဲတာ တွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့ သက်ရှိအားလုံး နောက်ဆုံးတော့ ဘာနဲ့နိဂုံးချုပ်လဲ?

(မမြဲခြင်းနဲ့ပဲ နိဂုံးချုပ်ပါတယ် ဘုရား)

ဖြစ်ပြီးရင် ပျက်စီးတဲ့သဘောပဲ ရှိကြတယ်။ ဒါကြောင့် ဖြစ်ပျက်၊ ဖြစ်ပျက် လို့ ပြောနေကြတာနော်။

(မှန်လှပါ ဘုရား)

ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ သင်္ခါရ တရားတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကတော့ တကယ် ချမ်းသာတဲ့ တရားဖြစ်တယ်လို့ ဟောပြောတော်မူပါတယ်။

## မမြဲလင်္ကာ+မှတ်စရာ

ကဲ– လင်္ကာကဗျာလေးတွေ လိုက်ဆို။

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ ဘာမှမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဖြစ်ကြပျက်ကြမှာ။
* ရုပ်နာမ်ဓမ္မ၊ ဖြစ်ပြီးက၊ မုချချုပ်ပျောက်မှာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ချုပ်မှ အေးမှာပါ။
* သင်္ခါရချုပ်၊ နိဗ္ဗာန်ဟုတ်၊ မရှုပ်အေးချမ်းသာ။

## မမြဲကြားနာ ရဟန္တာဖြစ်

သူဟာ အဲဒီတရားဂါထာလေးကို နာကြားလိုက်ရတာနဲ့တစ်ပြိုင်နက် ရှေးက ပြုခဲ့တဲ့ ကောင်းမှုကံကို အမှတ်ရခဲ့တယ်။ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။

## မမြဲရှုနေ ပေါ်လွင်ပေ

တော်တော်အံ့ဩစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

သူ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေလို့ ဖြစ်တယ်ဆိုတာ ပေါ်လွင်မနေဘူးလား။

(ပေါ်လွင်နေပါတယ် ဘုရား)

## တရားအမည် ပေါ်နေပြီ

ဒီတော့ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမြဲရှုရမယ့် တရားက ဘာတရားပါလိမ့်?

(မမြဲခြင်းတရားပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှ တရားပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

## မမြဲဘူးသိ ဝိပဿနာ

သင်္ခါရတရားတွေရဲ့အပေါ်မှာ မမြဲဘူးလို့ သိတာ၊ ကြည့်တာ၊ ပွားများတာဟာ ဝိပဿနာပါပဲ။ ဝိပဿနာဆိုတာ မမြဲဘူးလို့ အထူးသိတာ၊ အထူးကြည့်တာ၊ အထူးပွားများနေတာနော်။

(မှန်လှပါ ဘုရား)

## ခုနစ်နှစ်မှာ ရဟန္တာ

သူဟာ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ အရဟတ္တဖိုလ်ကို ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။ ခုနစ်နှစ်သား ရဟန္တာပါ။ စကျောင်းပါးပိုင်ရှင် မြတ်စွာဘုရားဟာ သူ့ရဲ့ဂုဏ်ကို သိပြီးတော့ ရဟန်းပြုပေးတော်မူပါတယ်။ အဲဒီလို ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ နာကြားရတဲ့ကောင်းကျိုးပဲ ဖြစ်တယ်။

## ရဟန္တာဖြစ်ကြောင်း တရားကောင်း

ဒီတော့ ဒကာ ဒကာမတွေ တရားနာတဲ့အခါမှာလည်း မမြဲတရားတော်တွေကို နာကြားရမယ်ဆိုတာ ပေါ်လွင်နေတယ်နော်။

(မှန်လှပါ ဘုရား)

"မမြဲတရားနာ၊ မမြဲတရားပွား။ အဲဒါ ရဟန္တာဖြစ်ကြောင်းတရား"လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု + အမြဲရှ

ဒီတော့ ဒကာ ဒကာမတွေ အမြဲတစ်ခု ဘယ်လိုရှုမယ်?

(အမြဲရှုမှာပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေကို ဝိပဿနာတရားအနေနဲ့ အသိဉာဏ်ပေးနေတဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှုတရားပါ ဘုရား)

## ပေါ်တာမမြဲ+ရှုအမြဲ

ဘုန်းကြီးတို့က တရားတွေ အများကြီးရှုနိုင်းတာလား။ တစ်ခုပဲရှုနိုင်းတာလား?

(တစ်ခုထဲပဲ ရှုနိုင်းတာပါ ဘုရား)

ဘာပေါ်ပေါ် ပေါ်လာတဲ့အားလုံး "မမြဲခြင်း"တစ်ခုပဲ ရှုနိုင်းနေတာနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆို။

* ပေါ်လာသမျှ၊ အနိစ္စ၊ ရှုကြဲ မမြဲတာ။
* ပေါ်တာတစ်ခု၊ သတိပြု၊ ကြည့်ရှု မမြဲတာ။
* ပေါ်တာတစ်ခု၊ အသိရှု၊ ကြည့်ရှု မမြဲတာ။
* ပေါ်သမျှလည်း၊ ဖြစ်ပျက်ပဲ၊ ရှုမြဲ အနိစ္စာ။
* ကိုယ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* ကောင်းဆိုး လတ်ဝေ၊ ပေါ်တာတွေ၊ ရှုနေ မမြဲတာ။
* စိတ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* သဘောတရား၊ ပေါ်လာငြား၊ ရှုပွား မမြဲတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဖြစ်မှု ရဟန္တာ။
* မမြဲတရား၊ အသည်းကြား၊ အမြဲထားရမှာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ယခု နောင်အခါ။
* မမြဲရှုပြန်၊ မမြဲဒဏ်၊ တွေ့ပြန်ခံနိုင်မှာ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မတုန်ပါ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မဖြုန်ပါ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဟောပြုပေးနေတာ။
* သက်မဲ့ သက်ရှိ၊ မမြဲသိ၊ ရှုကြည့် စွဲမြဲစွာ။
* မမြဲတရား၊ သူနာကြား၊ ဖြစ်သွားရဟန္တာ။

## အပါယ်ဘေးမှ ကွယ်ဝေးရ

ဒီဘဒ္ဒကမ္ဘာတစ်သိန်းထက်မှာ မမြဲခြင်းတရားတော်ကို နာခဲ့ရတဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတယ်ဆိုတာ မသိဖူးပါဘူးတဲ့။ အဲဒီလို အပါယ်လေးပါး ကင်းဝေးသွားရတာဟာ မမြဲခြင်းတရား နာကြားရတဲ့ ကောင်းကျိုးပဲ ဖြစ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မမြဲတစ်ခု၊ နာကြားပြု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတရား၊ သူနာကြား၊ ဝေးသွားပါယ်လေးရွာ။
* မမြဲတရား၊ သူနာကြား၊ ရှုပွားပါယ်လွတ်တာ။

## ကိလေသာတွေ+လောင်ကျွမ်းစေ

သူဟာ ကိလေသာတွေကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ပြီးတဲ့ ဘဝအားလုံးကို ပယ်နုတ်ပြီးပြီတဲ့။ ဆင်ပြောင်ကြီးဟာ အနှောင်အဖွဲ့ကို ဖြတ်ပြီးနေသလို သူဟာ အသဝမရှိဘဲ နေရတယ်တဲ့။

## ကောင်းသောလာခြင်း+သူ့လာခြင်း

သူ့ရဲ့လာခြင်းဟာ တကယ်တော့ ကောင်းတဲ့လာခြင်းဖြစ်တယ်တဲ့။ သူဟာ မြတ်စွာဘုရားထံတော်မှာ ဝိဇ္ဇာသုံးပါးကိုရပြီးပြီတဲ့။ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်သွားတယ်တဲ့။

## သူ့ရဲ့ဘွဲ့တော် ဒီလိုခေါ်

သူ့ရဲ့ဘွဲ့တော်ကတော့ မမြဲခြင်းတရားတစ်ခုတည်းကိုပဲ နာကြားရှုပွားကာ ရဟန္တာဖြစ်သူလို့ အဓိပ္ပာယ်ရတဲ့ ''ဧကပုဏ္ဏသဝနိယမထေရ်''လို့ ခေါ်တယ်နော်။ (မှန်လှပါ ဘုရား)

## တရားနိဂုံး အဆုံးပတ္တနာ

တရားနာပရိသတ်အားလုံး မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲနာကြား နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်ကာ ရဟန္တာဖြစ်ကြပါစေ။

### မမြဲတစ်ခု အမြဲ၅ ကဗျာလင်္ကာများ

* ပဒုမုတ္တရာမြတ်ဘုရားက
သစ္စာတရား ဟောပြနေ။
(သစ္စာလေးပါး ဟောပြနေ)
* လူအပေါင်းကို နေ့နေ့ ညည
ပြည့်ပြည့်ဝဝ ကယ်တင်နေ။
* တန်ခိုးရှိသူ ရသေ့တစ်ပါး
ကောင်းကင်မှာသွား၊ ဝတ်လျှော်တေ။
* ဘုရားထက်မှာ သွားမရတော့
ကောင်းကင်မှဆင်း ကြောင်းရှာဖွေ။
* အကျိုးကောင်းတွေ ရမှာပဲဟု
သူရင်မှာစွဲ ထင်မိပေ။
* ကောင်းကင်မှသာ ဆင်းလာငြားက
မြတ်ဘုရားသံ ကြားရပေ။
* နှစ်သက်နာဖွယ် တကယ်ကောင်းတဲ့
သာယာသံနဲ့ ဟောပြနေ။
* အနိစ္စခေါ် တရားမြတ်ကို
ဘုရားမပြတ် ဟောပြနေ။
* ဘုရားထံမှာ အနိစ္စတရားကို
စိတ်ကထူးခြား၊ သင်ယူနေ။
* မမြဲသညာ သင်ယူပြီးတော့
သခ်မ်းကျောင်းကြီး ပြန်ခဲ့ပေ။
* သခ်မ်းကျောင်းမှာ မမြဲတရားကို
အမြဲရှုပွား ဆင်ခြင်နေ။
* သေခါနီးမှာ ကြားနာခဲ့ရ
မမြဲမမှု အောက်မေ့နေ။

* ကောင်းမှုကံပါ စေတနာစုနဲ့
တောင့်တမှုကြောင့် သေတော့လေ။
* တာဝတိံသာ နတ်ရွာရောက်ရ
မမြဲမမှု အစွမ်းပေ။
* သုံးသောင်းကမ္ဘာ နတ်ပြည်မွေ့ရ
ငါးတစ်ကြိမ်က နတ်မင်းပေ။
* နှစ်တစ်ကြိမ်မှာ စကြာဖြစ်ရ
တွက်ကာစစ်က များလှပေ။
* ပဒေသရာဇာ ရေမရလို့
သေချာပြီသာ များလှပေ။
* ဘဝကြီးငယ် ချမ်းသာပြီးတော့
ကောင်းမှုကျိုးကြီး ခံစားနေ။
* ဘဝကြီးငယ် ကျင်လည်ရလည်း
အနိစ္စပဲ အောက်မေ့နေ။
* ပညာရှိတွေ သိအပ်ငြားတဲ့
တရားနိဗ္ဗာန် မသိပေ။
* တစ်နေ့သောခါ ပွားများပြီးသည့်
ဉာဏ်ရှိရ ရဟန်းလေ။
* မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို
သေချာပွားနိုင် ရဟန်းသေ။
* အဖအိမ်မှာ ကြွလာတုန်းပေါ့
သာယာသံသုံး တရားဝေ။
* သူ့တရားဟာ ဘာတရားလဲ
သေချာနားစိုက် နာတော့လေ။
* မမြဲခြင်းကို ဟောဖော်ပြသ
အနိစ္စတရား ဖြစ်လို့နေ။
* ရုပ်နာမ်မွှော သခါရတို့
သေချာမှတ်ကြ မမြဲပေ။
* ဖြစ်ပြီးပျက်ဟန် သဘောများကို
သေချာစဉ်းစား မိပါစေ။

* ဖြစ်ပြီး ချုပ်ပြန် သဘာဝကို
မကြာခဏ ရှုပါလေ။
* သင်္ခါရတွေ တကယ်ချုပ်တဲ့
နိဗ္ဗာန်အဟုတ် အေးချမ်းပေ။
* အဲဒီဂါထာ ကဗျာတရားကို
နာကာ ကြားရ ခဏလေး။
* ရှေးက သညာ အောက်မေ့ပွားတော့
ရဟန္တာတစ်ပါး ဖြစ်ရပေ။
* ခုနစ်နှစ်မှာ ရဟန္တာဖြစ်ရ
မမြဲမှု စွမ်းအားပေ။
* လေးပါးအပါယ် ဝေးကွယ်သွားရ
မမြဲမှာ စွမ်းအားပေ။
* မမြဲမှာ တစ်ခုတရားကို
အမြဲရှုပွား အမြဲနေ။
* အနေကောင်းကာ အသေလှလို့
နိဗ္ဗာန်ပြည်မှ ရောက်နိုင်ပေ။
* ကေမွှာသံဝနိယ
မထေရ်ရတဲ့ ကောင်းကျိုးတွေ။
* အမြဲသိကာ မမြဲတစ်ခုကို
မမြဲရှုပွား အမြဲနေ။
* မမြဲရှုလျှင် မမြဲတာများကို
တွေ့ကြုံပြောက မတုန်ပေ။
(မဖြုန်ပေ)၂
ကဗျာကောင်းတွေး ရေးစပ်ယူ။
(မှတ်တော်မူ)၂

"မမြဲတစ်ခု အမြဲရှု" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ စီဝဝဂ်၊ သပရိဝါရာသန ထွေရနအာပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကောင်းကျိုးသီးမှာ မလွဲပါ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ကျောင်းအလှူ ဆွမ်းအလှူ ပွဲမှာ ဟောကြားမည့်တရားတော်က "ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားမြတ် ဆွမ်းကပ်တဲ့သူ

သပရိဝါသနမထေရ်အလောင်း သူတော်ကောင်းဟာ ပဒုမုတ္တရာ မြတ်စွာဘုရားကို ဆွမ်းလှူခဲ့ပါတယ်။ ဘာလှူ?

(ဆွမ်းလှူပါတယ် ဘုရား)

လှူတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ သဒ္ဓါတရားဖြစ်မှ လှူတာနော်။

(မှန်လှပါ ဘုရား)

သူဟာ သဒ္ဓါတရားဖြစ်လာပြီးတော့ သာသနာကို ကြည်ညိုလာတယ်။ ဒါနရဲ့ကောင်းကျိုးပေးမှာကို ယုံကြည်လာတယ်။ အဲဒီလို ယုံကြည်လာတဲ့အတွက် ထူးခြားမွန်မြတ်တဲ့ ဆွမ်းဘောဇဉ်ကို လှူလိုက်ပါတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ရယူရမှာကတော့ ဘာပဲလှူလှူ ထူးတာလေးတွေ ကောင်းတာလေးတွေ ရွေးချယ်ပြီး လှူရမှာပါပဲ။

### ထူးတာကောင်းတာ ရွေးလှူပါ

ဒီတော့ ပြီးပြီးရော လှူရမှာလား။ ထူးတာ ကောင်းတာလေးတွေ ရွေးပြီး လှူရမှာလား?

(ထူးတာ၊ ကောင်းတာလေးတွေ ရွေးလှူရမှာပါ ဘုရား)

အလှူတတ်အောင် ပြောနေတာနော်?

(မှန်လှပါ ဘုရား)

အလှူတတ်မှ အလှူမြတ်ပယ်၊ ဘဝတိုင်း ထူးတဲ့ ကောင်းတဲ့ မြတ်တဲ့ ကောင်းကျိုးတွေ ရမယ်။

## နေရာဟောင်းလေး ကောင်းစေသူ

သူဟာ ဆွမ်းလှူပြီးတော့ ညစ်နွမ်းတဲ့နေရာလေးတွေကို လျှောက်သွားပြီးတော့ စပယ်ပန်း၊ ကြက်ရုန်းပန်းတွေနဲ့ ခြံရံကာ ဖုံးလွှမ်းလိုက်တယ်။ ကြည့်ရှုမကောင်းတဲ့ နေရာဟောင်းလေးတွေကို စေတနာကောင်းလေးထားပြီးတော့ နေရာကောင်းလေး ဖြစ်အောင် ဖန်ဆင်းလိုက်တာပါပဲ။ သူ့ရဲ့မြင်တတ်တဲ့ အမြင်ကောင်းလေးဟာ နည်းယူစရာပါပဲ။ ဘုန်းကြီးတို့ကတော့ ကျောင်းထဲမှာပဲဖြစ်ဖြစ် လမ်းသွားရင်းပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတဲ့ မြက်၊ သစ်ရွက်၊ ဆူးငြောင့်၊ သံတိုသံစ၊ ခဲလုံး ကျောက်စတဲ့ အမှိုက်တွေ တွေ့ရင် သွားရင်းလာရင်း ကုသိုလ်ယူတဲ့သဘောနဲ့ ရှင်းလင်းခဲ့တယ်။ ကျောင်းတိုက်မှာလည်း တပည့်တွေကို အမြဲပြောတဲ့စကားလေးက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတာတွေ တွေ့ရမြင်ရရင် ကြည့်ရှုကောင်းအောင် ပြုပြင်သွားရတယ်၊ အမြင်မကောင်းတာတွေကို အမြင်ကောင်းအောင် လုပ်ရတယ်။ မိမိရဲ့ရုပ်ခန္ဓာကိုယ်ကို အလှပြင် အလှဆင်တတ်ကြသလို အမြင်မကောင်းတာလေးတွေကိုလည်း အမြင်ကောင်းအောင် အလှပြင် အလှဆင်ခဲ့ကြပါလို့ ပြောရပါတယ်။

## ရင်ထဲထည့်ပေး ကဗျာလေးများ

အောက်ပါကဗျာလေးတွေကိုလည်း ရင်ထဲ ထည့်ပေးလိုက်ပါတယ်။

* ကြည့်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။
* မြင်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။
* ကြည့်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။
* မြင်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။
* မိမိကိုယ်ကို၊ အလှပို၊ ပြင်ဆင်သလိုလေ။
* ကြည့်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။
* မြင်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* အမှိုက်ရှင်းလျှင်၊ ဘ၀တွင်၊ ကင်းစင်အမှိုက်တွေ။
* ဆူးငြောင့်ရှင်းလျှင်၊ ဘ၀တွင်၊ ကင်းစင်ဆူးငြောင့်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းအမှိုက်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းဆူးငြောင့်တွေ။

## အစားထိုးတတ်+စိတ်ထားမြတ်

နွမ်းနေရာလေးကို ပန်းနေရာလေးနဲ့ အစားထိုးလိုက်ပါတယ်။ တစ်မျိုးပြောကတော့ ဆွမ်းစားတဲ့နေရာလေးလို့ ဖွင့်ပြတာလည်း ရှိပါတယ်။ အဲဒီအဖွင့်လေးဟာလည်း သဘာ၀ကျပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆွမ်းစားတဲ့နေရာဆိုတာ ညစ်တတ်ပေတတ်တာကြောင့်ပါပဲ။

နွမ်းနေရာပဲဖွင့်ဖွင့်၊ ဆွမ်းနေရာပဲဖွင့်ဖွင့် သဘာ၀ကျတာချည်းပါပဲ။

အဲဒီပန်းနေရာမှာ နေတော်မူတဲ့လူတွေထက် အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူတဲ့ ဖြောင့်မတ်တည်ကြည်တော်မူတဲ့ မြတ်စွာဘုရားဟာ ဆွမ်းအကျိုး (ဆွမ်းအနုမောဒနာ) တရားဟောကြားတော်မူပါတယ်။

ဘာတရားဟော?

(ဆွမ်းအကျိုးတရားပါ ဘုရား)

ကောင်းမြတ်တဲ့လယ်မှာ မျိုးစေ့နည်းနည်းလေး စိုက်ပျိုးထားပေမယ်လို့ မိုးက ကောင်းစွာရွာမယ်ဆိုရင် (မလိုအပ်တဲ့အချိန်မှာ မရွာဘဲ တကယ်လိုအပ်တဲ့အချိန်လေးမှာ မိုးရွာမယ်ဆိုရင်) အသီးတွေ တအားသီးပြီးတော့ လယ်သမားကြီးတွေကို နှစ်သက်စေသလိုပါပဲတဲ့။

ဥပမာလေး ဟောပြောနေတာနော်။

(မှန်လှပါ ဘုရား)

လောကမှာ စကားပဲပြောပြော၊ တရားပဲဟောဟော ဥပမာပေးပြီး ဥပမာလေးနဲ့ ပြောဟောရင် ပိုပြီးတော့ နားလည်လွယ်တယ်၊ သဘောပေါက်လွယ်တယ်လို့ စာပေတွေမှာ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီစောစောက ပြောခဲ့တဲ့ ဥပမာအတိုင်းပါပဲ။ သင် ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ ပန်းဒကာလေးဟာ ဆွမ်းမျိုးစေ့ (ပန်းမျိုးစေ့) တွေကို ငါဘုရားဆိုတဲ့ လယ်ယာမြေကောင်းမှာ စိုက်ပျိုးလိုက်တာ ဖြစ်တယ်။ အဲဒီလို စိုက်ပျိုးလိုက်တဲ့ ကောင်းမှုကြောင့် ဘ၀သံသရာဖြစ်ရတဲ့အခါမှာ ကောင်းကျိုးတွေ သီးမှာ မလွဲပါဘူးတဲ့။

ကောင်းကျိုးသီးမှာ ဘာတဲ့လဲ?

(မလွဲပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားပါဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကောင်းတဲ့မျိုးစေ့သာ စိုက်ပျိုးပါ။ ကောင်းကျိုးဆိုတဲ့ အသီးတွေ သီးမှာ လွဲပါဦးမလား?

(မလွဲပါ ဘုရား)

ကောင်းကျိုးသီးမှာ သေချာတယ်နော်?

(မှန်လှပါ ဘုရား)

## နှစ်သက်စေမှာ သေချာပါတယ်

အဲဒီကောင်းတဲ့ အသီးအနှံတွေက သင်ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ သင်ပန်းဒကာလေးကို နှစ်သက်စေမှာ သေချာတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးသီးမှာ + ဖြစ်လေရာ

ဒီနေ့ ဆွမ်းတွေ၊ ပန်းတွေ၊ ကျောင်းအလှူတွေ လှူနေကြတဲ့ ဒကာ ဒကာမတွေလည်း ဖြစ်လေရာဘဝတိုင်းမှာ ကောင်းကျိုးတွေ သီးမှာပါပဲလို့ အသိ ဉာဏ်ပေးခဲ့ပါတယ်။ ဖြစ်လေရာ ဘာတွေ သီးမှာပါလိမ့်?

(ကောင်းကျိုးတွေ သီးမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားကို "ကောင်းကျိုးသီးမှာ+ဖြစ်လေရာ" တရား လို့ အမည်ပေးရင်လည်း ရတယ်နော်?

(မှန်လှပါ ဘုရား)

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

ပုဒမုတ္တရာမြတ်စွာဘုရားဟာ အဲဒီစောစောက ပြောဟောခဲ့တဲ့ တရားစကား တွေ ဟောပြောတော်မူပြီးတော့ ဆွမ်းအလှူကို ခံယူတော်မူကာ မြောက်အရပ်ကို ကြွတော်မူပါတယ်။

## ခမ်းနားကြီးကျယ် + ဖြစ်ရာဝယ်

သူဟာ အဲဒီ ဆွမ်း၊ ပန်းနေရာ ကောင်းမှုတွေကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဖြစ်လေရာဘဝတိုင်းမှာ ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ စည်းစိမ်ချမ်းသာတွေကို များစွာပဲ ခံစားရပါတယ်။ (အပ၊ ဋ္ဌ၊ ၂၊ ၈၂)

## သီလမယိမ်း စောင့်ရှောက်ထိန်း

သူဟာ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်စည်းတယ်။ ပါတိမောက္ခသံဝရသီလဆိုတာ ဒွေမာတိကာလို့ခေါ်တဲ့ ပါတိမောက်သာမက ဝိနည်းပါဠိတော်မှာ ဘုရားပညတ်ထားတဲ့ သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်းပါပဲ။

## ဣန္ဒြေငါး + စောင့်ရှောက်ထား

နောက်ပြီးတော့ သူဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေငါးပါးကိုလည်း အမြဲတစေ စောင့်စည်းနေတယ်တဲ့။

## ဝိဝေကသုံးပါး + အမြဲပွား

နောက်ပြီးတော့ ကိုယ်ဆိတ်ငြိမ်ခြင်း (ဆိတ်ငြိမ်ရာအရပ် ကပ်ရောက်ခြင်း) ကာယဝိဝေက၊ စိတ်၏ကိလေသာတွေမှ ဆိတ်ငြိမ်ခြင်း။ စိတ္တဝိဝေက၊ နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေက၊ အဲဒီ ဝိဝေကသုံးပါးကို ပွားများအားထုတ်ကာ အာသဝက်င်းကွာ ကိလေသာပြတ်လို့ နေထိုင်ရတယ်တဲ့။

## ဝိဝေကအကျယ် + ထပ်မှတ်ဖွယ်

ဒီနေရာမှာ ထပ်ပြီးတော့ မှတ်စရာကတော့–

* ဂိုဏ်းဂဏစတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပြီးတော့နေတာကို ကာယဝိဝေက၊
* ကိလေသာဆိုတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပယ်ရှားပြီးတော့ နေတာကို စိတ္တဝိဝေက၊
* သင်္ခါရတရားတွေကို ရှောင်ခွာပယ်ဖျောက်နေတာကို ဥပဓိဝိဝေကလို့ခေါ်တယ်။ (မွေပဒ၊ ဋ္ဌ၊ ၁၊ ၃၄၅)

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့အကြောင်းဖြစ်တယ်။ စိတ္တဝိဝေကဟာ ဥပဓိ ဝိဝေကရဲ့အကြောင်းဖြစ်တယ်။ (ဓမ္မပဒ၊ ဋ္ဌ။ ၁၊ ၃၄၅)

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ ဒီဘုရားလက်ထက်မှာတော့ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ လာဖြစ်ပြီးတော့ သဒ္ဓါတရားနဲ့ ကြည်ညိုကာ ရဟန်းပြုလာပါတယ်။

ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## သူ့ရဲ့ဘွဲ့တော် + ဒီလိုခေါ်

သူဟာ ဘုရားကို ဆွမ်းလှူစဉ်က ဆွမ်းနေရာ၊ ပန်းနေရာဆိုတဲ့ အခြံအရံကောင်းလေးတွေ ခြံရံပြီး လှူတဲ့အတွက် သပရိဝါရာသန (အခြံအရံနဲ့တကွ ဆွမ်းနေရာ၊ ပန်းနေရာ) လှူတဲ့ မထေရ်ဆိုတာ ဖြစ်လာပါတယ်။

## ခြံရံပေါ်ရေး + လှူနည်းလေး

ဒါလည်း မှတ်သားစရာ ကောင်းပါတယ်။ ဘာပဲလှူလှူ အခြံအရံလေးတွေနဲ့ လှူရမယ်ဆိုတဲ့ အသိဉာဏ်တွေ ရယူရတာပါပဲ။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ထပ်ပေးချင်တာကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြံအရံပေါ်ချင်ရင် အခြံအရံလေးတွေနဲ့ လှူပါဆိုတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ အခြံအရံမပေါ်ချင်ဘူးလား?

(ပေါ်ချင်ပါတယ် ဘုရား)

ပေါ်ချင်ရင် ဘယ်လိုလှူရမလဲ?

(အခြံအရံနဲ့ လှူရမှာပါ ဘုရား)

## စုံစုံလင်လင် လှူစေချင်

သင်္ကန်းလှူတယ်ဆိုရင်လည်း သင်္ကန်းရယ်၊ ထီးရယ်၊ ဖိနပ်ရယ်၊ နေရာထိုင်လေးရယ်၊ ဖယောင်းတိုင်လေးရယ်၊ ခါးပန်းကြိုးလေးရယ်စတဲ့ အခြံအရံတွေနဲ့ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေကို မေးဦးမယ်၊ သက်မဲ့ကော၊ သက်ရှိကော ကောင်းကျိုးတရားတွေရတဲ့အခါမှာ တစ်ခုတည်းလိုချင်တာလား၊ အစုံလိုချင်တာလား?

(အစုံလိုချင်တာပါ ဘုရား)

အေး အစုံလိုချင်ရင် အခြံအရံလေးနဲ့ အစုံလှူရမယ်နော်?

(မှန်လှပါ ဘုရား)

## တွဲလှူမှလေ + အဆင်ပြေ

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင်လည်း ဆွမ်းကော၊ ဆွမ်းဟင်းကော လှူပါ။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်းမပါဘူး။ ဆွမ်းဟင်းတော့ လှူတယ်၊ ဆွမ်းမပါဘူးဆိုရင် အဆင်မပြေပါဘူး။ တွဲစားရတာဆိုတော့ တွဲပြီးတော့ လှူမှ ပိုပြီးအဆင်ပြေပါတယ်။

## ဖြစ်တတ်တာလေး + သတိပေး

ဒီနေရာမှာ ဓမ္မကထိကဆရာတော်တစ်ပါး တရားဟောတာ ကြားဖူးတဲ့ ဟာသလေး ပြောပြချင်ပါသေးတယ်။

အဲဒါကတော့ ဘာလဲဆိုတော့ တစ်နေ့ တရားဟောဆရာတော်တစ်ပါးက မြို့တစ်မြို့က ဆွမ်းသိမ်းအောင်ပွဲမှာ တရားဟောနေပါတယ်။ တရားဟောရင်း တရားနာပရိသတ်တွေကို မေးလိုက်တာက ဒကာ ဒကာမတွေ၊ ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင် ဆွမ်းနဲ့ဆွမ်းဟင်း တွဲပြီးတော့ လှူကြရဲ့လားလို့ မေးပါတယ်။ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက လှူကြတဲ့အကြောင်း လျှောက်ထားကြပါတယ်။

နောက်ပြီး တရားဟောဆရာတော်က အေး ကောင်းတယ်၊ အဲဒီလို ဆွမ်းနဲ့ ဆွမ်းဟင်း စုံလင်အောင် တွဲပြီးတော့ လှူရတယ်။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်း မလှူဘူး။ ဆွမ်းဟင်းတော့လှူတယ်၊ ဆွမ်းတော့မလှူဘူးဆိုရင် ဘာဖြစ်တတ်သလဲ သိလားလို့ မေးတော်မူပါတယ်။ ဒကာ ဒကာမတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ အဲဒီမှာ တရားဟောဆရာတော်က မသိရင် ပြောမယ်၊ ကျုပ်ကို သေသေချာချာကြည့်ပါဆိုပြီးတော့ သူ့ရင်ကို လက်ဝါးနဲ့ ပုတ်ပြတယ်။

(အားလုံးရယ်ကြ)

တရားဟောဆရာတော်က ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(ဘုန်းကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးဖြစ်တာ သိတယ်မဟုတ်လား၊ အစုံမလှူခဲ့လို့နော်တဲ့။

(အားလုံး ရယ်ကြ)

## နောက်ပြီးဖြစ်အင် + သီလရှင်

နောက်ပြီးတော့ ဘာဖြစ်တတ်သလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင်ကြည့်ကြဆိုပြီးတော့ သူ့ရှေ့မှာနေပြီး တရားနာနေကြတဲ့ သီလရှင်တွေကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲ– ဘာဖြစ်တတ်သတဲ့လဲ?

(သီလရှင် ဖြစ်တတ်ပါတယ် ဘုရား)

ဒကာ ဒကာမတွေ ပြောထားနော်။ ဘုန်းကြီးက လက်ညှိုးထိုးပြရုံနဲ့ မေးရုံပဲ မေးတာတဲ့။ (အားလုံး ရယ်ကြ)

## အပျိုကြီးတွေ + ဖြစ်တတ်ပေ

နောက်ပြီးတော့ ဘာဖြစ်တတ်သေးသလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် သေသေချာချာကြည့်ကြနော်ဆိုပြီးတော့ သီလရှင်တွေရဲ့နောက်နားမှာ တရားနာနေကြတဲ့ သူ့ဒကာမအရင်း အပျိုကြီးအုပ်စုကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(အပျိုကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးက လက်ညှိုးထိုးပြရုံလေးပဲ မေးတာနော်။

(အားလုံး ရယ်ကြ)

ဓမ္မကထိက ဆရာတော် တင်ပြတဲ့ ဟာသလေးပါ။ ဆွမ်း၊ ဆွမ်းဟင်း တွဲမလှူရင် ဖြစ်တတ်ပုံလေးကို လူတွေ နားလည်သဘောပေါက်လွယ်အောင် ဟာသနှောပြီးတော့ ဟောပြောတာပါပဲ။

## ဟာသဆိုတာ + ပညာတစ်မျိုး

ဟာသဆိုတာ ရယ်ရွှင်စိတ်ဖြစ်အောင် ဖန်ဆင်းပေးတတ်တဲ့ ပညာရပ်တစ်မျိုးပါပဲ။ ဟာသပညာရှင်တွေကို လူရွှင်တော်လို့လည်း ခေါ်ပါတယ်။ လူတွေကို (လူတွေရဲ့စိတ်ကို ရွှင်လန်းအောင်၊ ရွှင်အောင်လုပ်ပေးတတ်တဲ့ နေရာမှာ တော်လို့ လူရွှင်တော်လို့ ခေါ်တာပါပဲ။)

## ဟာနေတာလေး+သကာပေး

ဟာသဆိုတာလေးကို မြန်မာလို ရိုးရိုးလေးပဲ ကြုံပြီးပြောချင်ပါသေးတယ်။ လူတွေရဲ့စိတ်ထဲမှာ သားရေး သမီးရေး၊ စီးပွားရေးစတဲ့ ရေးပေါင်းများစွာကြောင့် ဟာနေတာကတော့ ပျော်ရွှင်မှုပါပဲ။ အဲဒီဟာနေတဲ့ ကွက်လပ်လေးကို ပြန်ပေါ်လာအောင် သူတို့ရဲ့ပညာရပ်နဲ့ 'သ'ပေးလိုက်တာပါပဲ။

'ဟာသ'ကို အဲဒီလိုတွေး၊ အဲဒီလို ရေးမိပါတယ်။

ကဲ– ထားပါတော့၊ ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
('ကောင်းကျိုးသီးမှာ+မလွဲပါ' တရားပါဘုရား)

**အကျဉ်းချုပ် ကဗျာလေးနဲ့ တရားသိမ်းကြပါစို့။**

* ပဒုမုတ္တရာဘုရားမြတ်ကို
ဆွမ်းတော်ဆက်ကပ် လှူဖူးတယ်။
* ညစ်နွမ်းနေရာ ကိုယ်တိုင်သွားလို့
ပန်းလှများနဲ့ ဖုံးလွှမ်းတယ်။
* ဆွမ်းစားနေရာ ပန်းအလှနဲ့
သေချာပျူငှာ ပြုပြင်တယ်။
* ပန်းနေရာနေ မြတ်ဘုရားက
ဆွမ်းကပ်ကျိုးများ ဟောပြတယ်။
* လယ်ယာကောင်းမှာ မျိုးစေ့လေးကို
မနှေးစိုက်ပျိုး အခါဝယ်။
* မိုးတွေကောင်းရင် အသီးသီးလို့
လယ်သမားကြီး ပျော်ရတယ်။
* အဲဒီတိုင်းသာ ပမာပြလို့
ဆွမ်းဒကာလှ မှတ်ရမယ်။
* ဆွမ်းမျိုးစေ့ကို ဘုရားကောင်း၌
ဆုတောင်းနှစ်ခြိုက် စိုက်သူဝယ်။
* ဖြစ်လေရာမှာ ကောင်းကျိုးသီးလို့
ကောင်းမိုးကြီးတွေ ရွာချမယ်။
* ကောင်းစေ့စိုက်ရင် ကောင်းကျိုးသီးရ
ကေန်မုချ မလွဲကွယ်။

* သီ၊ ကုံစောင့်ကာ ဝိဝေပွားလို့
ကိလေသာများ ဝေးရတယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်း ပန်းဒါန ထူးခြားတယ်။
* ဆွမ်းတွေ ဟင်းတွေ ပန်းတွေနှေ့ညှ
မမေ့ကြဘဲ လှူရမယ်
(ဖြူလှမယ်)၂

**"ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော် ပြီးပြီ။**

တရားအမည်ပေးရာ၌–
* ကောင်းကျိုးသီးမှာ+ဖြစ်လေရာ။
* ကောင်းတာ ထူးတာ+ရွေးလှူပါ။
* ဆွမ်းနေရာနဲ့ ပန်းနေရာ စသည်အမည်ပေးကာ ဟောကြားပါ။

ဥဿကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဝံသတ္ထလဝိ၊ ဓမ္မပဒဋ္ဌကထာဝတ္ထုဒ္ဒဝါဒါနဝတ္ထုကို

တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လမ်းမှားကိုလျှောက်+လူတစ်ယောက်"

## တရားတော်

ဒီနေ့ လူငယ်တွေ ဦးစီးပြီးတော့ ဆင်ယင်ကျင်းပပူဇော်ကြတဲ့ ဓမ္မသဘင်မှာ ဟောကြားမည့်တရားတော်ကို ကြိုပြီးတော့ ကြော်ငြာထားတယ်နော်?

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက်+လူတစ်ယောက် တရားပါဘုရား)

ကဲ– စပြီးတော့ ဟောကြွ နာကြရအောင်။

### ဘုရားဖြစ်မှာ မိန့်ကြားလျှာ

မာရ်ငါးပါးကို အောင်တော်မူတဲ့ ဒီပင်္ကရာမြတ်စွာဘုရားဟာ သုမေဓာရသေ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။

မိန့်ကြားတော်မူပုံကတော့ ဒီကမ္ဘာမှ မရေမတွက်နိုင်တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်မှာ ဒီရသေ့ဟာ ဘုရားဖြစ်မယ်။

### မိဘနာမည် ဟောပြပြီ

ဒီရသေ့ရဲ့ မယ်တော်ရင်းက မာယာ ဖြစ်မယ်။ ခမည်းတော်က သုဒ္ဓေါဒန ဖြစ်မယ်။ ဒီရသေ့ကတော့ ဂေါတမ ဘုရားဖြစ်မယ်။

### ပြုနိုင်ခဲတာ ပြုကျင့်တာ

ဒီရသေ့ဟာ ကမ္ဘာဋ္ဌာန်းအားထုတ်ပြီးတော့ ပြုနိုင်ခဲတဲ့အကျင့်ကို ပြုကျင့်ကာ ညောင်ဗုဒ္ဓဟောပင်ရင်းမှာ များတဲ့အခြံအရံ အကျော်အစောရှိတဲ့ ဘုရားဖြစ်ပြီး ပွင့်တော်မူမယ်။

## အဂ္ဂသာဝက ဟောဖော်ပြ

ဥပတိဿနဲ့ ကောလိတာဟာ အဂ္ဂသာဝက ဖြစ်ကြမယ်။ အာနန္ဒာလို့ ထင်ရှားတဲ့ ရဟန်းဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလိမ့်မယ်။

## အဂ္ဂသာဝိကာ ဥပါသကာ

ခေမာနဲ့ ဥပ္ပလဝဏ္ဏာဟာ မြတ်တဲ့ အဂ္ဂသာဝိကာမတွေ ဖြစ်ကြမယ်။ စိတ္တနဲ့ အာဠဝကဟာ မြတ်တဲ့ဥပါသကာတွေ ဖြစ်ကြမယ်။

## ဥပါသိကာ မိန့်ကြားလွှာ

ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာဟာ မြတ်တဲ့ဥပါသိကာမတွေ ဖြစ်ကြမယ်။ ရဲရင့်တဲ့ လုံ့လရှိတဲ့ ဒီဂေါတမဘုရားရဲ့ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေလို့ ခေါ်ဆိုရလိမ့်မယ်။ ဒီလိုဗျာဒိတ်စကားတွေ စုံစုံလင်လင် မိန့်ကြားတော်မူပါတယ်။

## စကားကြားရ ရှိခိုးကြ

လူ နတ်တွေဟာ အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ ဒီစကားတွေကို ကြားရတဲ့အတွက် အလွန်ဝမ်းမြောက်ကြတယ်။ လက်အုပ်ချီမိုး ရှိခိုးကြတယ်။

## မေဃလုလင် သူဖြစ်အင်

မြတ်စွာဘုရား၊ အကျွန်ုပ်ဟာ အဲဒီအချိန်တုန်းက ကောင်းစွာသင်ကြားပြီးတဲ့ အတတ်ရှိသူ 'မေဃ'လို့ ခေါ်တဲ့ လုလင်ဖြစ်ခဲ့ပါတယ်။

သုမေဓာရသေ့ကို မိန့်ကြားတဲ့ ဗျာဒိတ်စကားမြတ်ကိုကြားရတော့-

## အတူတကွ အမျှယူ

ကရုဏာရဲ့တည်ရာဖြစ်တဲ့ သုမေဓာရသေ့ကို အလွန်ပဲ စိတ်ဝင်စားပြီးတော့ အလွန်ပဲ ခင်မင်လေးစား အရေးထားကာ ချစ်ကျွမ်းဝင်သွားတယ်။ ''ပုဂ္ဂိုလ်ခင်မှ တရားမင်''ဆိုတဲ့ အတိုင်းပဲ ရသေ့ရဟန်းဖြစ်တဲ့ သုမေဓာရသေ့နောက်လိုက်ပြီးတော့ အတူတကွ အယူမျှကာ ရဟန်းပြုခဲ့ပါတယ်။

## လမ်းမှန်ကိုလျှောက် လူတစ်ယောက်

ဘုရားအလောင်း သုမေဓာရသေ့ကောင်းနဲ့ ပေါင်းသင်းနေထိုင်တာဟာ လမ်းမှန်ကို လျှောက်နေတာနော်?

(မှန်လှပါ ဘုရား)

F'21A

ဒီနေရာလေးကို ကြည့်ပြီးတော့ ရေးမယ်၊ ပြောမယ်၊ ဟောမယ်ဆိုရင်တော့ ''လမ်းမှန်ကိုလျှောက်+လူတစ်ယောက်''လို့ ရေးရ၊ ပြောရ၊ ဟောရမှာပါပဲ။

## လုံခြုံအပြီး+သူစောင့်စည်း

သူဟာ ရသေ့ရဟန်းပြုပြီးတဲ့အခါမှာ ပါတိမောက်သီလနဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေကိုငါးပါးမှာလည်း လုံခြုံအောင် စောင့်စည်းနေထိုင်ခဲ့သူ ဖြစ်ပါတယ်။

## အသက်မွေးတာ စင်ကြယ်ရှာ

နောက်ပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းလည်း ရှိပါတယ်တဲ့၊ ဒီနေရာမှာ စင်ကြယ်တဲ့ အသက်မွေးခြင်းဆိုတာ ဘာလဲ? အဲဒါ သိဖို့လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မအပ်ရှာမှီး အသီးသီး

ဒါကြောင့် ရဟန်းဖြစ်လာရင် မစင်ကြယ်တဲ့အသက်မွေးမှုတွေ မလုပ်ရဘူး။ ဒီတော့ မစင်ကြယ်တဲ့ အသက်မွေးမှုဖြစ်တဲ့ မအပ်တဲ့ ရှာမှီးခြင်း ''အနေသန- ၂၁ ပါး''ကို သိထားသင့်တယ်။ အဲဒီ 'အသေန ၂၁ ပါး'ကတော့

၁။ ဝါးပေးတာ၊

၂။ အရွက်ပေးတာ၊

၃။ ပန်းပေးတာ၊

၄။ အသီးပေးတာ၊

၅။ ရေချိုးစရာအမှုန့် ပေးတာ၊

၆။ မြေညက်ပေးတာ၊

၇။ မျက်နှာချေမှုန့်ပေးတာ၊

၈။ တံပူ (သွားပွတ်တံ) ပေးတာ၊

၉။ မျက်နှာသစ်ရေပေးတာ၊

၁၀။ မိမိကို နှိမ့်ချပြောဆိုတာ၊

၁၁။ မနုပ် နည်းပါး အနုပ်များတဲ့ ပဲနောက်ဟင်းလို အမှန်နည်းပါး အမှားများတဲ့ စကားကို ပြောဆိုတာ၊

၁၂။ ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးတာ၊

၁၃။ ရှာတစ်ပါး အရပ်တစ်ပါးကို လူတွေရဲ့ပေးစာ၊ နှုတ်မှာစကားကို ယူဆောင် သွားလာတာ၊
၁၄။ ဆေးပေးမှု၊ ဆေးကုသမှု ပြုတာ၊
၁၅။ လူတွေရဲ့ စေတမန်ပြုလုပ်တာ၊
၁၆။ လူတွေရဲ့အစေအခိုင်းခံတာ၊
၁၇။ ဆွမ်းတို့ပေးတာ၊
၁၈။ ပေးတို့ပေးတာ (လှူသူကို သင့်တော်တာ ပြန်ပေးတာ)
၁၉။ အိပ်ရာ မြေရာစတဲ့အတတ်၊
၂၀။ နက္ခတ်တွေရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်းအတတ်၊
၂၁။ မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းလက္ခဏာကို သိကြောင်းအတတ်တွေပဲ ဖြစ်တယ်။

သူဟာ အဲဒီလို မစင်ကြယ်တဲ့ အသက်မွေးမှုတွေ ကင်းရှင်းပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းရှိတဲ့သူ ဖြစ်တယ်လို့ ပြောပြတာနော်။

(မှန်လှပါ ဘုရား)

## သတိ၊ ဝီရိယ+ပြည့်စုံလှ

နောက်ပြီးတော့ သူဟာ သတိ၊ ဝီရိယနဲ့ ပြည့်စုံသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာပြုကျင့်ခဲ့သူ ဖြစ်တယ်တဲ့။

## အဆုံးအမ+ဆုံးထိမ

ဒီနေရာ "အဆုံးအမ" ဆိုတဲ့စကားလေးကို ပြောချင်ပါသေးတယ်။ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့ တရားစကားတော်တွေဟာ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ထိအောင် ကောင်းကျိုးတရားတွေ အပြည့်အဝရအောင် ချီးမြှောက်မ,စပေးတယ်။ ခုဘဝ၊ နောက်ဘဝ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ အဆုံးထိအောင် 'မ'ပေးတယ်၊ တစ်ဝက်တစ်ပျက်လောက် ကောင်းကျိုးရအောင် 'မ' ပေးတာ မဟုတ်ဘူး။ နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ၊ အဆုံးထိအောင် 'မ'ပေးတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းမိတ်ဆွေ တိုက်တွန်းပေ

သူဟာ အဲဒီလို သူတော်ကောင်းနဲ့ ပေါင်းဖော်ပြီးတော့ လမ်းမှန်ကို လျှောက်

လှမ်းနေစဉ်မှာ တစ်နေ့တော့ ယုတ်မာတဲ့ အကျင့်မကောင်းတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ရတယ်။ အဲဒီမိတ်ဆွေဟာ မလုပ်သင့်တဲ့ မကောင်းတဲ့အကျင့်တွေ လုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်လာတယ်။ အဲဒီမိတ်ဆွေဆို၊ မိတ်ဆွေယုတ်ရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် သူဟာ ကောင်းတဲ့အကျင့်လမ်းစဉ်မှ လျှောကျခဲ့တယ်တဲ့။

## လူပေါင်းမမှားရေး သတိပေး .

ဒီနေရာလေးကြည့်ပြီးတော့ သတိထားရမှာက လူပေါင်းမမှားရေးနော်။

(မှန်လှပါ ဘုရား)

ဒီဓမ္မရုပ်ယမထေရ်အလောင်း သူတော်ကောင်းဟာ နဂိုက ဘုရားအလောင်း သုမေဓာသူတော်ကောင်းနဲ့ ပေါင်းပြီးတော့ တကယ်အကျင့်ကောင်းတဲ့ စံပြသူတော်ကောင်းလေး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းမှားကိုလျှောက် လူတစ်ယောက်

ဒီတော့ မိတ်ဆွေယုတ်နဲ့ ပေါင်းသင်းလိုက်တော့ လမ်းမှားလျှောက်တဲ့ လူတစ်ယောက် ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက် လူတစ်ယောက်တရားပါ ဘုရား)

## စံပြ+လန်ကျ

ဘုရားလောင်းနဲ့ ပေါင်းတုန်းကတော့ စံပြ၊ မိတ်ဆွေယုတ်နဲ့ ပေါင်းလိုက်တော့ ကောင်းတာတွေ လန်ကျသွားတယ်နော်။

(မှန်လှပါ ဘုရား)

## လူပေါင်းမှားရင် လူကောင်းများတောင်

ဒီနေရာမှာ ဘုန်းကြီးရဲ့တပည့် စာသင်သားတွေကို ပြောတဲ့စကားလေး ရှိသေးတယ်။ အဲဒါကတော့ "တပည့်တို့၊ လူပေါင်းမမှားစေနဲ့။ လူပေါင်းမှားရင် လူကောင်းများတောင် ပျက်စီးသွားတတ်တယ်"ဆိုတဲ့စကားပါပဲ။

## လူကောင်းလေး ပျက်စီးသွား

ဒီမွေ့ရှစ်ယမထေရ်အလောင်း သူတော်ကောင်းလေးကို ကြည့်လိုက်စမ်းပါ။ လူပေါင်းမှားတဲ့အတွက် လူကောင်းလေး မွေ့ရှစ်ယအလောင်း ပျက်စီးသွားရတယ် မဟုတ်လား?

(မှန်လှပါ ဘုရား)

## ပေါင်းကြည့် + ကြည့်ပေါင်း

ဒါကြောင့် တပည့်တွေကို ပြောရတာယ်။ လူတွေကို ပေါင်းကြည့်ပါ၊ ပေါင်းကြည့်ပြီးတဲ့အခါ မကောင်းတဲ့လူဆိုရင် ကြည့်သာပေါင်းပေတော့လို့ သတိပေးရပါတယ်။

## သာသနာမှ ဖဲခွာရ

သူဟာ ယုတ်မာတဲ့အကြံအစည်ရဲ့ အလိုကို လိုက်မိသူဖြစ်ပြီးတော့ သာသနာတော်မှ ဖဲခွာခဲ့ရပါတယ်တဲ့။

သာသနာတော်ကို တကယ်ချစ်ခင်မြတ်နိုးတဲ့ သာသနာ့သူရဲကောင်း တစ်ယောက် သာသနာတော်ကနေ ပျောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

## အမေသတ်တာ + သားယုတ်မာ

နောက်တော့ အဲဒီယုတ်မာတဲ့ မိတ်ဆွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် အမေအရင်းကိုတောင် သတ်မိသွားတယ်တဲ့။

ဒီတော့ မိတ်ဆွေယုတ်ဟာ ကြောက်စရာကောင်းတယ်။ မိမိရဲ့စိတ်ယုတ် စိတ်ဆိုးတွေဟာလည်း ကြောက်စရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းများကိုလျှောက် သားတစ်ယောက်

ဒီတော့ အမေရင်းကိုတောင် သတ်မိသူဟာ တကယ်လမ်းမှားကို လျှောက်သွားတဲ့ လူတစ်ယောက် (သားတစ်ယောက်) ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီနေ့ဟောနေတဲ့ တရားက?

(လမ်းမှားကိုလျှောက် လူတစ်ယောက်ပါ ဘုရား)

ဂါမ်မှတ်လိုက်ပါဦး၊ လမ်းမှားကိုလျှောက် သားတစ်ယောက်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဘာကြောင့် ဒီတရား ဟောနေရတာလဲဆိုတော့ ခုခေတ် မိဘမှန်း မသိသူတွေ များနေတဲ့အတွက် လမ်းမှားကိုလျှောက်မိရင် ဆင်းရဲဒုက္ခတွေ များမှာစိုးလို့ ဟောနေတာနော်။ (မှန်လှပါ ဘုရား) ၇၊၁၁၊၁၁၀

## ပြစ်မှားစိတ်ဓာတ် အမေသတ်

သူဟာ ပြစ်မှားတဲ့စိတ်နဲ့ အမေကိုသတ်မိတော့ အနန္တရိယကံကို ပြုမိသူဖြစ်သွားတယ်။

အနန္တရိယကံဆိုတာ အခြားမဲ့ဘဝမှာ မုချအကျိုးပေးတဲ့ ကံကြီးလို့ ဆိုလိုပါတယ်။ အနန္တရိယကံ ၅ ပါး ရှိတယ်။ အဲဒီငါးပါးကတော့ အမိကိုသတ်တာ၊ အဖကိုသတ်တာ၊ ရဟန္တာကို သတ်တာ၊ ဘုရားရှင်မှာ သွေးကိုဖြစ်စေတာ၊ သံဃာတွေ မညီမညွတ်အောင် သံဃာသင်းခွဲတာတို့ ဖြစ်တယ်။ အဲဒီအနန္တရိယကံ ၅ ပါးမှာ တစ်ပါးပါးပြုမိတယ်ဆိုရင် သေတဲ့အခြားမဲ့မှာ အဝီစိငရဲကျရတယ်။

## အဝီစိကျ သူ့ဘဝ

သူဟာ သေတဲ့အခါ အလွန်ကြမ်းကြုတ်တဲ့ အဝီစိငရဲကြီးကို ရောက်သွားရတယ်။

## ဆင်းရဲနွမ်းညှ ကျင်လည်ရ

သူဟာ ဖရိုဖရဲပျက်စီးပြီး ကျရာ ငရဲပြည်ရောက်သွားရတဲ့အခါ ကြာမြင့်စွာ ကာလပတ်လုံး ဆင်းဆင်းရဲရဲ ကျင်လည်ခဲ့ရပါတယ်တဲ့။

## မတွေ့ရပါ သုမေဓာ

လုံ့လရှိသူတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ သုမေဓာရသေ့ကို တစ်ဖန် မတွေ့ရတော့ပါဘူးတဲ့။

## ကျွက်စားဖို့ရန် ချဉ်းကပ်ပြန်

သူဟာ အဝီစိငရဲကနေ လွတ်မြောက်လာတဲ့အခါ ဒီကမ္ဘာတွင် သမုဒ္ဒရာမှာ

ဟိမ်ဝိဂ်လင်ါးကြီး ဖြစ်ခဲ့ရတယ်။ သမုဒ္ဒရာမှာ လှေကိုမြင်ရတော့ ကျက်စားရန် အတွက် ချဉ်းကပ်လိုက်တယ်။ (အစာရှာရန် ချဉ်းကပ်လိုက်တယ်)

## မြတ်စွာဗုဒ္ဓ အောက်မေ့ကြ

ကုန်သည်တွေဟာ ငါးကြီးကိုမြင်ရတဲ့အခါ တအားကြောက်လို့ကာ ဘုရား မြတ်ကို မပြတ်ခါခါ အောက်မေ့ကြပါတယ်။ ''ဂေါတမဘုရား၊ ကယ်တော်မူပါ။ ဂေါတမဘုရား ကယ်တော်မူပါ''လို့ အောက်မေ့ကြ၊ အော်ဟစ်ကြတယ်နော်။

(မှန်လှပါ ဘုရား)

## ဂေါတမသံ ကြားရပြန်သော်

ငါးကြီးဟာ ကုန်သည်တွေ အော်မြည်မြွက်ဆိုတဲ့ ဂေါတမဆိုတဲ့အသံကြီးကို ကြားရပါတယ်။ အဲဒီလိုကြားတဲ့အခါ–

## ကြွယ်ဝချမ်းသာ အမျိုးလာဖြစ်

ရှေးကပြစ်ဖူးတဲ့ အမှတ်သညာကို အောက်မေ့ပြီး ငါးဘဝကနေ သေဆုံးတဲ့ အခါမှာ သာဝတ္ထိမြို့မှာ ကြွယ်ဝတဲ့အမျိုးဖြစ်တဲ့ ပုဏ္ဏားမျိုး လာဖြစ်တယ်။

## ဓမ္မရုစိ အမည်ရှိ

သူဟာ အကုသိုလ်အားလုံးကို စက်ဆုပ်တတ်တဲ့ ဓမ္မရုစိဆိုတဲ့ အမည်ရှိသူ ဖြစ်ခဲ့တယ်။ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ မြတ်စွာဘုရားကို ဖူးမြင်ရတယ်။

## သုံးကြိမ်ချဉ်းကပ် ဘုရားမြတ်

ဇေတဝန်ကျောင်းတော်သွားကာ ရဟန်းဘောင်ဝင်ရောက်ခဲ့တယ်။ ညဦး ရော နေ့ပါ သုံးကြိမ် မြတ်စွာဘုရားကို ချဉ်းကပ်ပါတယ်။

## ကြာမြင့်ပြောရာ လျှောက်ထားလျှာ

အဲဒီလို ချဉ်းကပ်တဲ့အခါမှာ မြတ်စွာဘုရားက သူ့ကို မြင်ပြီးတော့ 'ဓမ္မရုစိ' ကြာမြင့်ပြီနော်လို့ မိန့်ဆိုကော်မူပါတယ်။

အဲဒီလို မိန့်ဆိုတော်မူတဲ့အခါ သူဟာ မြတ်စွာဘုရားကို ရှေးကသာ အကြောင်းရင်းရှိတဲ့ စကားကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားနဲ့ မွေ့ရစ် ပြောကြားလျှောက်ထားနေတဲ့ ဒီနေရာလေးကြည့်ပြီးတော့ သနားစရာ ဝမ်းနည်းစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## ဘုရားဖူးရ ကောင်းမြတ်လှ

အရာမကတဲ့ ဘုန်းကံလက္ခဏာရှိတော်မူတဲ့ ရှေးဘဝမှာ အထူးစင်ကြယ်တဲ့ အကြောင်းကံရှိတော်မူတဲ့ မြတ်စွာဘုရားကို မဖူးမြင်ရသည်မှာ အလွန်ကြာမြင့်ပါပြီ။

ယခုတော့ တပည့်တော်ဟာ အရှင်ဘုရားရဲ့ မနှိုင်းယှဉ်နိုင်တဲ့ ကိုယ်တော်ကို ဖူးမြင်ရပါပြီ။

ဒီလိုဖူးမြင်ရခြင်းဟာ တကယ်တော့ ကောင်းမြတ်တဲ့ ဖူးမြင်ရခြင်း ဖြစ်ပါတယ် ဘုရား။

## မောဟာမိုက်မှောင် ဖျက်ဆီးဆောင်

အရှင်ဘုရားဟာ အလွန်ကြာမြင့်စွာ မောဟာအမိုက်မှောင်ကို ဖျက်ဆီးတော်မူပါပေတယ်။

တပည့်တော်ဟာ စင်ကြယ်စွာစောင့်ရှောက်အပ်တဲ့ သီလအကျင့်မြတ်နဲ့ တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ။

မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ဉာဏ်ဖြင့်ပြီးတဲ့ မျက်လုံးတော်ကို အညစ်အကြေး မရှိအောင် အလွန်ကြာမြင့်စွာ သုတ်သင်တော်မူအပ်ပါပြီ။

## ပေါင်းဆုံကွေကွင်း ပြန်ဆုံခြင်း

တပည့်တော်ကား အရှင်ဘုရားနဲ့ ကာလကြာမြင့်စွာ အတူတကွ ပေါင်းဆုံခဲ့ရပါတယ်။

တစ်ဖန် ဘဝအလယ်မှာ ကြာမြင့်စွာ ကွေကွင်းခဲ့ရပါတယ်။

## အမှန်တွေလျှောက် ကံမပျောက်

ယခုတစ်ဖန် အရှင်ဘုရားနဲ့ ပေါင်းဆုံရပြန်ပါတယ်။ ဂေါတမမြတ်စွာဘုရား၊ မှန်ပါတယ်။ ပြုလုပ်တဲ့ကံတွေဟာ မပျောက်မပျက်ပါဘူးဘုရားလို့ လျှောက်ထားပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသန္ဓိဒါလေးပါ။ ဝိမောက္ခရှစ်ပါး အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လမ်းမှန်ကိုလေ လျှောက်နိုင်စေ

ဒီနေ့ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဦးစီးပူဇော်နေကြတဲ့ လူဝယ်တွေနဲ့ တရားနာပရိသတ်အားလုံး "လမ်းမှားကိုလျှောက် လူတစ်ယောက်" ရဲ့ အမှားတွေကို နားလည်သဘောပေါက်ပြီး "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်" ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

## "လမ်းမှားကိုလျှောက် လူတစ်ယောက်" တရားတော် ပြီးပြီ။

## လမ်းမှားကိုလျှောက် လူတစ်ယောက်ကဗျာများ

* ဒီပင်္ကရာ မြတ်ဘုရားက
သုမေဓာအား ဗျာဒိတ်ချွေ။

* ဘုရားဖြစ်မှာ ဘဝကြောင်းကို
စုံအောင်ကောင်းကောင်း ဟောမိန့်ပေ။

* မယ်တော်မာယ အမေရင်းနဲ့
သုဒ္ဓေါဖမင်း ဖြစ်တယ်လေ။

* ဒီရသေ့ဟာ ဂေါတမဟု
သေချာဗုဒ္ဓဖြစ်မယ်လေ။

* ပြုနိုင်ခဲ့တာ တကယ်ပြုကျင့်
ဘုရားဖြစ်ပွင့် မလွဲပေ။

* ဥပတိဿာ၊ ကောလိတက
အဂ္ဂသာဝက ဖြစ်မယ်လေ။

* အာနန္ဒာခေါ် ရဟန်းတစ်ပါးက
မြတ်ဘုရားရဲ့ လုပ်ကျွေးပေ။

* ခေမာ သေချာ ဥပ္ပလ်တို့
အဂ္ဂသာဝိကာမပေ။

* စိတ္တဒကာ အာဠာဝက
ဥပါသကာ ဖြစ်မယ်လေ။

* ဥပါသိကာ သေချာထုတ်ပြ
ခုမှတ္တရာ နမူပေ။
* လုံ့လရှိသူ ဂေါတမ၏
ဗောဓိပင်သို ညောင်ဗုဒ္ဓဟော။
* အဲဒီလိုသာ ဗျာဒိတ်စကား
သေချာမိန့်ကြားခဲ့တယ်လေ။
* လူ နတ်တွေဟာ မြတ်ဘုရား၏
စကားသိကြား ဝမ်းမြောက်ပေ။
* မေဃလုလင် သူပင်ဖြစ်ခဲ့
ကောင်းတဲ့အတတ် ရှိသူပေ။
* သုမေဓာကို ဗျာဒိတ်ကြားတော့
သုမေဓာအား ခင်သွားပေ။
* သုမေဓာခေါ် ရသေ့နောက်သို့
အတူလျှောက်ပြု ရဟန်းပေ။
* အဲဒီချိန်မှာ လမ်းမှန်လျှောက်လို့
လမ်းကောင်းရောက်တဲ့ လူမြတ်ပေ။
* သီ၊ ဣန္ဒြေစောင့်ကာစည်းလို့
အသက်မွေးလည်း စင်ကြယ်နေ။
* သတိ ဝီရိယ ပြည့်စုံလှလို့
လိုက်တာမချို့ ကျင့်သုံးနေ။
* တစ်နေ့တော့လေ ယုတ်မာဆိုးတဲ့
မိတ်ဆွေဆိုးနဲ့ တွေ့ရပေ။
* မိတ်ဆွေဆိုးဟာ မကောင်းတာများကို
အကြောင်းရှာထား တိုက်တွန်းနေ။
* အကျင့်ကောင်းတွေ အကုန်ပျောက်လို့
လမ်းမှားကိုရောက်သွားရပေ။
* မကောင်းကြံစည် အလိုလိုက်က
သာသနာမှ ခွာရပေ။
* နောင်အခါမှာ မိတ်ဆွေယုတ်၏
တိုက်တွန်းအမိ သတ်မိပေ။

* အမေသတ်သူ လမ်းမှန်ပျောက်လို့
လမ်းများကို ရောက်သွားရပေ။
* သေသောအခါ ကြမ်းကြုတ်လှသည့်
အဝီစိငရဲ ကျရပေ။
* ငရဲရောက်ရင် အကြာကြီးပဲ
ဆင်းဆင်းရဲရဲ နေရပေ။
* ဆိုးယုတ်မိတ်ဆွေ ပေါင်းမိခဲ့တဲ့
သူ့ရဲ့အကြောင်း မကောင်းပေ။
* လူဆိုးပေါင်းရင် လမ်းမှန်လျှောက်လို့
လမ်းများကိုရောက် ဆင်းရဲနေ။
* သုမေဓာခေါ် ရှင်ရသေ့ကို
တစ်ဖန် မတွေ့ရတော့ပေ။
* သမုဒ္ဒရာမှာ တိမိင်္ဂလ
ငါးကြီးမုချ လာဖြစ်ပေ။
* သမုဒ္ဒရာမှာ လှေကိုတွေ့က
အစာရဖို့ ချဉ်းကပ်ပေ။
* ငါးကြီးကိုမြင် ကုန်သည်များက
ဘုရားကိုတ အောက်မေ့နေ။
* ကုန်သည်တွေဟာ ဂေါတမဟု
အသံကြီးပြု ကြားရပေ။
* ရှေးကသညာ အောက်မေ့ပြီးက
ငါးဘဝမှ သေတော့လေ။
* သာဝတ္ထိမှာ ကြွယ်ဝမျိုး၌
ပုဏ္ဏားမဆိုး ဖြစ်ရပေ။
* အကုသိုလ်တွေ စက်ဆုပ်တတ်သည့်
ဓမ္မရုစိ မည်ရှိပေ။
* ခုနစ်နှစ်မှာ မြတ်ဗုဒ္ဓကို
ဖူးမြင်ရတော့ ဝမ်းမြောက်နေ။
* ဇေတဝန်ခေါ် ကျောင်းတော်သွားလို့
ရဟန်းဘောင်သို့ ဝင်ခဲ့ပေ။

* တစ်နေ့သုံးကြိမ် မြတ်ဘုရားကို
ဦးနှိမ်ဝပ်တွား ခစားပေ။
* သူ့ကိုမြင်ရင် မြတ်ဘုရားက
လွန်စွာသနားမိကာလေ။
* သူ့အမည်ခေါ် ကြာမြင့်ကြောင်းကို
သေချာအကောင်း မိန့်ဆိုပေ။
* သူ့ရဲ့ရှေးကံ အကြောင်းရင်းရှိ
စကားကိုကြည့် လျှောက်ထားပေ။
* မြတ်ဘုရားကို မဖူးမြင်ရ
ကြာမြင့်လှတာ လျှောက်ထားပေ။
* ယခုမှပင် မြတ်ဘုရားကို
ဖူးမြင်ခစား ကောင်းလှပေ။
* မြတ်ဘုရားရှင် မောဟထုကို
ဖျက်ဆီးပြုတာ လျှောက်တင်ပေ။
* သူလည်းစင်ကြယ် သီလတရားနဲ့
တဏှာမြစ်များ ခြောက်သွေ့စေ။
* မြတ်ဘုရားရှင် ဉာဏ်မျက်လုံးနဲ့
ညစ်ကြေးအားလုံး သုတ်သင်ပေ။
* အကျွန်ုပ်သည် မြတ်ဘုရားနဲ့
ကာလရှည်လျား ပေါင်းခဲ့ပေ။
* ဘဝလယ်မှာ မြတ်ဘုရားနဲ့
ကာလရှည်လျား ခွဲရပေ။
* ယခုတစ်ဖန် မြတ်ဘုရားနဲ့
ပေါင်းဆုံခဲ့ရ ကောင်းလှပေ။
* ရှေးကပြုပြန် ကံတရားတို့
အမှန်ထင်ရှား မပျောက်ဇပေ။
* ဘုရားထံမှာ ရဟန္တာဖြစ်ရ
သူ့ဘဝလေး အေးသွားပေ။

* လမ်းမှားရောက်သူ လူတစ်ယောက်ရဲ့
မှတ်လောက်လေတဲ့ အကြောင်းတွေ။
* လူပေါင်းမှားရင် လမ်းမှန်ပျောက်လို့
လမ်းမှားရောက်မှာ မလွဲပေ။
* လူပေါင်းမှားရင် လူကောင်းများတောင်
ပျက်စီးသွားတတ် သိပါလေ။
* လူပေါင်းမှားချင် လူငယ်များတို့
သတိထားဖို့ ရေးပြောဝေ။
* ကောင်းသူ တော်သူ လူကောင်းများကို
ရွေးချယ်ပေါင်းသွား ကောင်းတော်စေ။
* ကောင်းတော်ပါစေ ကောင်းစိတ်ထားနဲ့
ကောင်းတရားတွေ ပြောပြနေ။
(ဟောပြဝေ)၂

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဂုဏ္ဍာဓာနဝဂ်၊ အဓိမုတ္တတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ"

## တရားတော်

ဒီနေ့ မဏ္ဍပ်တွေ ဆောက်ပြီး ဆွမ်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော်ပဲ။

ဘာတရားတဲ့လဲ?

('လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ' တရားတော်ပါ ဘုရား)

### အထူးကြည်သာ+သံဃာလုပ်ကျွေး

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

လူတွေရဲ့ ကိုးကွယ်ရာလည်းဖြစ်၊ လူတွေထက်လည်း မြတ်တော်မူတဲ့ အတ္ထဒဿီဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ အခါမှာ အဓိမုတ္တမထေရ်အလောင်း သူတော်ကောင်းလေးဟာ အထူးကြည်လင်တဲ့စိတ်နဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခဲ့တယ်။

### ဆွမ်းကပ်ဆုတောင်း+နိဗ္ဗာန်ကောင်း

သူဟာ သူ့ဆွမ်းကပ်ပွဲကို ဖြောင့်မတ်တည်ကြည်တဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီးတော့ ကြွေတွေနဲ့ မဏ္ဍပ်ဆောက်လိုက်တယ်။ အဲဒီကြွေမဏ္ဍပ်ထဲမှာ သံဃာတော်မြတ်တွေကို ဆွမ်းဆက်ကပ်ပြီးတော့ အေးမြတဲ့နိဗ္ဗာန်ကို ဆုတောင်းလိုက်ပါတယ်။

### လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ

သူဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာ ဘဝတိုင်းမှာ အားလုံးသောသတ္တဝါတွေကို ဂုဏ်အားဖြင့် လွှမ်းမိုးသာလွန်ရတယ်။

အဲဒီဂုဏ်တွေကတော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ ခံစားစရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဂုဏ်တွေပါပဲ။

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ ကောင်းတဲ့ဂုဏ်တွေ လွှမ်းမိုးသာလွန်ချင်ရင် သံဃာမမေ့ရဘူးနော်။

(မှန်လှပါ ဘုရား)

သံဃာရှိရင် ဘုရားရှိတယ်၊ သံဃာရှိရင် တရားရှိတယ်၊ သံဃာရှိရင် သာသနာရှိတယ်နော်။

(မှန်လှပါ ဘုရား)

သံဃာ့ကျေးဇူး အထူးသိကာ ဆွမ်းကပ်တဲ့ ဒကာလေးမှာ လူ နတ် ဖြစ်ရာ လွှမ်းမိုးသာတဲ့ ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ?

(လွှမ်းမိုးဂုဏ်သာ ဖြစ်လေရာ တရားတော်ပါ ဘုရား)

## အပါယ်လေးပါး သူမလား

သူဟာ ၁၈၀၀ ကမ္ဘာထက်မှာ သံဃိကဒါနလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားရတော့ပါဘူးတဲ့။ ဒီအပါယ်လွတ်တဲ့ ကောင်းကျိုးရတာဟာ ကြိမ်လျှော်ပဲလှူခြင်း၊ သံဃိက ဆွမ်းကပ်ခြင်း ကုသိုလ်တွေကြောင့် ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သဒ္ဓါအရ တည်တံ့ခိုင်မြဲတဲ့ အဓိမုတ္တမထေရ် ဆိုတဲ့ ရဟန္တာဖြစ်တော်မူရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* အတ္ထဒဿီ၊ ဘုရားသည်၊ စံပြီပရိနိဗ္ဗာန်၊
* အထူးကြည်သာ၊ မြတ်သံဃာ၊ သေချာလုပ်ကျွေးပြန်၊
* ဖြောင့်မတ်တည်ကြည်၊ ဂုဏ်တွေစီ၊ ပင့်ပြီမြတ်သံဃ၊
* ကြိမ်လျှော်ပေါ်၊ သံဃာတော်၊ ပင့်ပျော်ဆွမ်းကပ်ပြန်၊
* လူ နတ်ဖြစ်ရာ၊ သတ္တဝါ၊ ဂုဏ်သာလွှမ်းမိုးပြန်၊
* လွှမ်းမိုးဂုဏ်သာ၊ ဖြစ်လေရာ၊ ပါယ်ရှာလွတ်ရပြန်၊
* မြတ်ရဟန္တာ၊ ဖြစ်ရရှာ၊ သေချာဆွမ်းဒါန်။

**"လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော် ပြီးပြီ။**

ဥဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ စီဝနိဝဂ်၊ ဝရွာဒထိယ
ဗွေရာပဒါန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော

# "သောကကင်းဝေး+ငြိမ်းချမ်းအေး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့်+ဗုဒ္ဓနေ့" မှာ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "သောကကင်းဝေး+ငြိမ်းချမ်းအေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('သောကင်းဝေး+ငြိမ်းချမ်းအေး' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ပူဇော်ဆင်နွဲ+ဗောဓိပွဲ

ပဒုမုတ္တရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ မြို့သူမြို့သား လူအများတွေဟာ မြတ်တဲ့တင်းရှူးဗောဓိပင် ပူဇော်ပွဲကြီး လုပ်နေကြတယ်။

အဲဒီလို ဗောဓိပူဇော်ပွဲ လုပ်နေတာကို မြင်ရတော့ ဂန္ဓောဒကီယမထေရ်ရဲ့ အလောင်း သူတော်ကောင်းလေးဟာ ရတနာခြူးယန်းခြူးနွယ်တွေနဲ့ ဆန်းကြယ်တဲ့ အိုးကိုယူပြီးတော့ နံ့သာရေနဲ့ ဗောဓိပင်ကို သွန်းလောင်းပူဇော် လှူဒါန်းခဲ့ပါတယ်။

### ဗောဓိပူဇာ+မိုးတွေရွာ

အဲဒီထင်းရှူးဗောဓိပင်ကို ပက်ဖြန်းသွန်းလောင်းနေချိန်မှာ မိုးကလည်း အကြီးအကျယ် ရွာချနေပါတယ်။ မိုးကြိုးပစ်လိုက်တဲ့အခါမှာ မိုးကြိုးသံကြီး ထွက်ပေါ်လာပါတယ်။

### မိုးကြိုးစက်ဟုန်+သေပွဲကြုံ

သူဟာ ဗောဓိပင် ပူဇော်နေခိုက်မှာပဲ အဲဒီမိုးကြိုးစက်ရဲ့အဟုန်ကြောင့် သေပြီးတော့ နတ်ပြည်ရောက်ရပါတယ်။ နတ်ပြည်ရောက်တော့ ယခုဆိုမည့်ဂါထာတွေကို ရွတ်ဆိုလိုက်ပါတယ်။

## အံ့သြစရာ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ အံ့သြစရာကောင်းတယ်။
တရားတော်ဟာ အံ့သြစရာကောင်းတယ်။
ငါတို့မှာ ဆရာရဲ့ပြည့်စုံခြင်းဟာ အံ့သြစရာကောင်းတယ်။
ငါ့ရဲ့ကိုယ်ကောင်ဟာ မြေမှာကျသွားတယ်။
ငါဟာ နတ်ပြည်မှာ ပျော်မွေ့ရတာယ်တဲ့။

## နတ်သမီးတွေ+ခစားနေ

သူ့ရဲ့နေရာ ဗိမာန်ဟာ ဘုံဆင့်ပေါင်း တစ်ရာရှိတယ်၊ မြင့်စောက်တယ်၊ ကောင်းကင်ကို စွင့်စွင့်တက်တယ်။ သူ့ကို နတ်သမီးပေါင်း တစ်သိန်းက အမြဲတစေ ခြံရံနေကြတယ်တဲ့။

## အနာရောဂါ+မဖြစ်ပါ

သူ့မှာ အနာရောဂါဆိုတာ မဖြစ်ဘူးတဲ့။ အနာရောဂါဘေး ကင်းဝေးရတယ်။

အနာရောဂါဘေး ကင်းဝေးအောင် ဘုရားကို ရေလှူရမယ်။ ရေသပ္ပာယ် ရမယ်နော်။

(မှန်လှပါ ဘုရား)

## သူ့ရဲ့ရင်ဝယ် သောကကွယ်

သူ့မှာ စိုးရိမ်ခြင်းသောကဆိုတာလည်း မရှိဘူးတဲ့။ သောကဆိုတာ ဝေလာဝေး၊ သောကအေးတယ်၊ သောကဝေးတယ်။ သူ့ရဲ့ရင်မှာ စိုးရိမ်ခြင်းသောကဆိုတာ ကင်းဝေး ကွယ်ပျောက်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီးတော့ သူ့ရဲ့ရင်မှာ သောကကွယ်ပျောက်သွားရသလို ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း သောကတွေ ကွယ်ပျောက်သွားရအောင် ဘာလှူရမလဲ?

(ရေလှူရမှာပါ ဘုရား)

## ကဆုန်လပြည့်+ဗုဒ္ဓနေ့

ဒီနေ့ ဘာနေ့ပါလိမ့်။

(ကဆုန်လပြည့်နေ့ပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြလဲ

(ဗောဓိညောင်ပင် ရေလှူနေကြပါတယ် ဘုရား)

## သောကရောက် သောကပျောက်

ဒီရေအလှူ အထင်မသေးနဲ့ သောကပျောက်ဆေး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ ရေးပေါင်းများစွာ အခက်အခဲတွေကြောင့် သောကတွေ ရောက်နေရတယ်ဆိုရင် ဘုရားကို ရေသပ္ပာယ်ပါ၊ ရေလှူပါ၊ ရေကပ်ပါ။ အဲဒီလို ရေကုသိုလ်လေး ပြုပေးရင် သောကရောက်နေသူတွေ သောကပျောက်မယ်နော်။

(မှန်လှပါ ဘုရား)

## သောကကင်းဝေး ငြိမ်းချမ်းအေး

ဗောဓိပင် ရေအလှူကြောင့် သောကပျောက်၊ သောကကင်းဝေးသွားတော့ သူ့ရင်ထဲမှာ ငြိမ်းချမ်းအေးမြမသွားဘူးလား?

(ငြိမ်းချမ်းအေးမြသွားပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

("သောကင်းဝေး+ငြိမ်းချမ်းအေး" တရားပါ ဘုရား)

## ဆုပေးချင်တာ ဒီလိုပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဆုပေးချင်တာကတော့ သောကရောက်နေရင် သောကတွေ အကုန်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးကြပါစေ၊ သောကရင်ဝယ် ကင်းဝေးကွယ်ပျောက်ကြပါစေလို့ ဆုပေးချင်တာပါပဲ။

## ကိုယ်စိတ်နှစ်ဖြာ+မပူပါ

နောက်ပြီးတော့ သူ့မှာ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မမြင်ဖူးဘူးတဲ့။ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မရှိဘူးတဲ့။

ဒီလိုကောင်းကျိုးတရားတွေ ရတာဟာ တကယ်တော့ ဗောဓိပင်ကို နံ့သာရေနဲ့ လှူဒါန်းပူဇော်ခဲ့တဲ့ ကောင်းမှုကံကြောင့် ရတာဖြစ်တယ်တဲ့။

ဒကာ ဒကာမတွေ ကိုယ်ပူ စိတ်ပူ ကင်းဝေးချင်ရင် ဘာလှူရမလဲ?

(ဗောဓိပင် ရေလှူရမှာပါ ဘုရား)

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပင်ကို နွံသာရေနဲ့ ပူဇော်နေကြတာဟာ အပူပျောက်ကြောင်း နည်းလမ်းကောင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## ပူတာစတာ ဘယ်နေရာ

ဒီနေရာမှာ အပူသည့်ဒကာကြီးတစ်ယောက်အကြောင်း ပြောဦးမယ်။ ရွာတစ်ရွာမှာ ဦးစိတ်ပူဆိုတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်။ သူ့အိမ်မှာ သားသမီးအပူ၊ မြေးအပူဆိုတဲ့ အပူတွေများတဲ့အတွက် တစ်နေ့မှာ ဦးစိတ်ပူ စဉ်းစားတယ်၊ ရဟန်းသံဃာတွေ၊ ကိုရင် ဦးဇင်းတွေနေတဲ့ကျောင်းဆိုရင် ဘာအပူမှ ရှိမှာမဟုတ်ဘူးလို့ စဉ်းစားတာပါ။ စဉ်းစားပြီးတော့ ဘုန်းကြီးကျောင်း သွားနေတာ အပူသက်သာလောက်တယ်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ တော်တော်လေးကြာတော့ ကိုရင်လေးတွေ စာအော်ကျက်ကြတယ်။ မင်္ဂလသုတ်ထဲက "ပူဇာစ ပူဇနေယျာနံ" ဆိုတဲ့အပိုဒ်ကို ခဏခဏ အော်ကျက်နေတာ ကြားရတော့ ဦးစိတ်ပူ စဉ်းစားတယ်။ ဪ အပူသက်သာအောင်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်၊ ခုတော့ ပူတာတွေစတာ ဘုန်းကြီးကျောင်းကဆိုပါကော။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ ဦးစိတ်ပူ စဉ်းစားနေတယ်။ ပူတာတွေ 'စ'တာ ဘယ်ကတဲ့လဲ?

(ဘုန်းကြီးကျောင်းကပါ ဘုရား)

ဘုန်းကြီးကျောင်းက ဘုန်းကြီးတွေမှာ အပူမရှိဘူး မထင်နဲ့၊ ဘုန်းကြီးကျောင်း ပိုပူတယ်။ (အားလုံး ရယ်ကြ)

ဘုန်းကြီးတွေ ပိုပူတယ်။ (အားလုံး ရယ်ကြ)

အဲဒီ "ပူတာစ ပူစနေယျာနံ" ဆိုတဲ့ ကိုရင်လေးတွေရဲ့ စာကျက်သံလည်း ကြားရတော့ ဦးစိတ်ပူက ဘုန်းကြီးကျောင်းလည်း ပူနေတာပါပဲလား။ ပူတာစတဲ့ နေရာကြီးဟာ ဘုန်းကြီးကျောင်းပါလားလို့ တွေးတောပြီးတော့ ဘုန်းကြီးကျောင်းကနေ ပြန်ထွက်သွားပါတယ်။

## တောထဲ တောင်ထဲ+ပူတာပဲ

ဦးစိတ်ပူ ထပ်ပြီးတော့ စဉ်းစားတယ်။ တောထဲတောင်ထဲဆိုရင်တော့ ဘာအပူမှ ရှိမှာမဟုတ်ပါဘူး။ အဲဒီလိုစဉ်းစားပြီးတော့ တောထဲတောင်ထဲ ရောက်သွားတယ်။ ညနေ ၅ နာရီ ၆ နာရီလောက် ရောက်တော့ 'ဘုတ်'ဆိုတဲ့ ငှက်က "ပူ"

''ပူ'' ''ပူ'' ''ပူ'' လို့ အော်မြည်သံကြားရပြန်တယ်။ အဲဒီလို ''ဘုတ်''မြည်သံ ကြားရပြန်တော့ ဩော် တောထဲတောင်ထဲလည်း 'ပူ'တာပါပဲလားလို့ စဉ်းစား တွေးတောကာ ဘယ်နေရာမှ အပူမကင်းပါလား၊ ဘုန်းကြီးကျောင်းလည်း ပူတာပဲ၊ တောထဲတောင်ထဲလည်း ပူတာပဲလို့ ကောက်ချက်ချကာ ကိုယ့်အိမ်ပဲပြန်တာ ကောင်း ပါတယ်ဆိုပြီးတော့ အိမ်ပဲပြန်ရောက်လာတယ်တဲ့။

## နောက်ဆုံးဆိုက်တာ + ဘယ်ဘူတာ

ဒီတော့ ပရိသတ်ရေ၊ ဘုန်းကြီးကျောင်းလည်း?
(ပူတာပါပဲ ဘုရား)
ဘုန်းကြီးတွေလည်း?
(ပူတာပါပဲ ဘုရား)
တောထဲတောင်ထဲလည်း?
(ပူတာပါပဲ ဘုရား)
နောက်ဆုံးတော့ ဘယ်ဘူတာ ပြန်ဆိုက်လဲ?
(ကိုယ့်အိမ်ဘူတာပဲ ပြန်ဆိုက်ပါတယ် ဘုရား)

## တိုက်ရိုက်မပြော + ပုံနဲ့ပြော

နောက်ဆုံးတော့ ကိုယ်နေနေကျဖြစ်တဲ့ ကိုယ့်အိမ်ပဲ အကောင်းဆုံးနေရာ နော်။ (မှန်လှပါ ဘုရား)

တချို့ဒကာ ဒကာမတွေက ကျောင်းဆို အပူသက်သာမှာပဲဆိုပြီးတော့ တပည့်တော်တို့ ကျောင်းလာနေမယ်၊ ဆရာတော် လက်ခံမှာလားလို့ မေးတဲ့အခါ ဘုန်းကြီးက လက်ခံမယ်လည်း မပြောဘူး၊ လက်မခံဘူးလို့လည်း မပြောဘူး။ ဘုန်းကြီးပြောတာလေး နားထောင်ဆိုပြီးတော့ ဦးစိတ်ပူကြီးအကြောင်း ပြောပြလိုက် တာပါပဲ။ ဒကာ ဒကာမတွေက ဘာပြောလဲဆိုတော့ ဆရာတော်တို့များ စာတော် တော် တတ်တယ်တဲ့၊ လက်မခံချင်ဘူး၊ လက်မခံဘူးဆိုတာကို တိုက်ရိုက်မပြောဘူး၊ ပုံလေးနဲ့ ပြောတတ်တယ်တဲ့။

## အပူကင်းရေး + ရေလှူပေး

ကဲ– ထားပါတော့၊ ကိုယ်ပူစိတ်ပူ ကင်းဝေးလိုသူတွေဟာ ဗောဓိပင်ကို ဘုရားကို ရေလှူရမယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## အပူပျောက်စေ တောင်းဆုရွေ့

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ အပူတွေများ ရောက်နေရင် ဘုရားကိုသာ ရေကပ်လိုက်၊ ရေလှူလိုက်၊ ရေပူဇော်လိုက်၊ ပြီးတော့ အဲဒီအပူတွေ အမြန်ဆုံး ပျောက်ကွယ်သွားပါစေလို့ ဆုတောင်းလိုက်ပါ။

## နေပူတွေခြောက် နေပူတွေပျောက်

အဲဒီရေလှူ ရေကပ်ပြီး ဆုတောင်းနေစဉ်လေးမှာပဲ ကိုယ်ပူ စိတ်ပူတွေ သက်သာလာတာ တွေ့ရပါလိမ့်မယ်။ အပူတွေ အပူပြေလာပါလိမ့်မယ်။ အပူတွေ အေးလာပါလိမ့်မယ်။ ရေအလှူဟာ ဘဝနေပူတွေ ခြောက်၊ ဘဝနေပူတွေ ပျောက် စေနိုင်ပါတယ်။

## ဗုဒ္ဓ ဓမ္မာ+ရေနှစ်ဖြာ

တကယ်တော့ သူရောကိုယ်ပါ သတ္တဝါတွေဟာ အပူသည်တွေပါ။ အပူသည် တွေအတွက် ကူဆယ်၊ ကူကယ်နိုင်တာဟာ ဘုရားတရားရေမှတစ်ပါး အခြားရေ ဘာမှမရှိဘူးဆိုတာကိုလည်း နားလည်သဘောပေါက်ရမှာ ဖြစ်ပါတယ်။

## သေချာရေရာ+ရေဆိုတာ

ရေဆိုတာ တကယ်တော့ လူတွေအတွက် ရေရာအောင် သေချာအေးမြ အောင် ဆောင်ရွက်ပေးတဲ့ အလိုအပ်ဆုံး အရာတစ်ခုပါ။ ဒါကြောင့် ရေရာသေချာ တဲ့ အနာရောဂါ ကင်းဝေးခြင်း၊ စိုးရိမ်ပူပန်မှု ကင်းဝေးခြင်း၊ ကိုယ်ပူ စိတ်ပူဆိုတာ ကင်းဝေးခြင်းဆိုတဲ့ ကောင်းကျိုးတွေရအောင် ဘုရားကို၊ ဗောဓိပင်ကို ရေလှူရ မယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သံဝသိတ+မင်းစကြဲ

သူဟာ ၂၀၀၀ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ် တဲ့ ဗိုလ်ပါအင်အားရှိတဲ့ ''သံဝသိတ'' ဆိုတဲ့ စကြဝတေးမင်း ဖြစ်ဖူးပါတယ်။

## အပူကင်းဝေး+ငြိမ်းချမ်းအေး

သူဟာ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ချမ်းသာတွေ များစွာ ခံစားရပြီးတော့ ကိုယ်ပူစိတ်ပူစတဲ့ အပူအားလုံးက ကင်းဝေးအေးမြသူ ဖြစ်ရပါ တယ်။ (၄၊ ၂၊ ၈၀)

ဒီနေရာလေးကိုကြည့်ပြီးတော့ ပြောမယ်ဆိုရင်တော့ ''အပူကင်းဝေး ငြိမ်းချမ်းအေး'' သူ ဖြစ်ရတယ်လို့ ပြောရမှာပါပဲ။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သိတတ်လိမ္မာတဲ့ အရွယ်မှာ ဘုရားကြည်ညိုပြီး ရဟန်းပြုလာပါတယ်။ ဝိပဿနာတရားတွေ အားထုတ်ပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါ၊ ဝိမောက္ခရှစ်ပါ၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

ဒီနေ့ ''ကဆုန်လပြည့်+ဗုဒ္ဓနေ့''မှာ ဗောဓိပင်မှာ အောင်စေညွှန်းကာ ညောင်ရေသွန်းနေကြတဲ့ ဒကာ ဒကာမတွေ အစစအရာရာ အောင်မြင်ကြပါစေ၊ အနာရောဂါတွေ ကင်းဝေးကြပါစေ၊ သောကဟူသမျှ တစ်စိလောက်မျှ မရောက်ကြပါစေ၊ သောကရောက်နေရင်လည်း သောကတွေ အမြတ်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးမြကြပါစေ၊ ကိုယ်ပူ စိတ်ပူ အပူကင်းဝေး ငြိမ်းချမ်း အေးမြကြပါစေလို့ ဆုပေး ဆုတောင်းပြီးတော့ ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားရဲ့
ထင်ရှားထင်ရှူး ဗောဓိဝယ်။
* ခြူးပန်း ခြူးနွယ် ဆံနှံကြယ်အိုးကို
ယူကာသည်ပိုး နံ့သာချယ်။
* နံ့သာရေတွေ သွန်းလောင်းတုန်းမှာ
မိုးကြီးကောင်းဆုံး ရွာချတယ်။
* မိုးကြိုးပစ်ကာ မိုးကြိုးစက်ကြောင့်
ဤငါအသက် ထွက်ရတယ်။
* နတ်ပြည်ရောက်ကာ ဂါထာများကို
သေချာထင်ရှား ရွတ်ပြမယ်။
* ဗုဒ္ဓ မှော အံ့ဖွယ်ရှိစွ
ဆရာပြည့်ဝ အံ့ဩဖွယ်။
* ငါ့ရဲ့ကိုယ်ဟာ မြေမှာကျလို့
ငါက နတ်ပြည်ပျော်ရတယ်။
* ဘုံဆင့်တစ်ရာ ဗိမာန်ကြီး၌

နတ်သမီးတွေ ခစားတယ်။
* လူနတ်ဖြစ်ရာ အနာဝေးလို့
ကျန်းမာရေးတွေ သိပ်ကောင်းတယ်။
* သောကအပူ မြူတစ်မှုံ
ငါ့ဘဝမှာ ရှိဘူးကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* ကိုယ်ပူ စိတ်ပူ အပူများလည်း
နှလုံးသား၌ ကင်းဝေးကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* မင်းမြတ်စကြာ 'သံဝံသိတ'
အမှန်တိကျ ဖြစ်သေးတယ်။
* ရဟန္တာပင် အမှန်ဖြစ်ရ
ဗောဓိပူဇ ထူးခြားတယ်။
* ဖြစ်လေရာမှာ အနာဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
(ဖြေယူမယ်)၂

ဒုဋ္ဌတနိကာယ်၊ ထေရာပဒါနပါဠိတော်၊ အာယာဂဒါယက ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကျောင်းလှူဒါန+ကောင်းကျိုးလှ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဆွမ်းစားကျောင်း လှူပွဲမှာ ဟောကြားမည့်တရားတော်က "ကျောင်းလှူဒါန+ကောင်းကျိုးလှ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကျောင်းလှူဒါန+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### စေတီပုထိုး+သူရှိခိုး

ဘုရားရယ်လို့ ဝန်ခံပြောဆိုသူတွေရဲ့အလယ်မှာ ထူးမြတ်တဲ့ သိဒ္ဓိမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ သူဟာ ရှင်လန်းတဲ့စိတ်နဲ့ မြတ်တဲ့ပုထိုးစေတီတော်ကို ရှိခိုးလိုက်ပါတယ်။

### ဆွမ်းစားကျောင်းတော် ဆောက်နိုင်းပျော်

သူဟာ လက်သမားတွေကို ခေါ်ပြီးတော့ ဆွမ်းစားကျောင်းရဲ့ ပဏ္ဏာမကို ပြောပြလိုက်ပါတယ်။ တန်ရာတန်ကြေး အဖိုးလက်ခပေးပြီးတော့ ရှင်လန်းရွှင်ပြတဲ့စိတ်နဲ့ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကို ဆောက်လုပ်နိုင်းပါတယ်။

### ဆွမ်းကျောင်းလှူကာ+ပီတိဖြာ

အဲဒီစိတ်ထဲမှာ တကယ်နှစ်သက်စရာကောင်းတဲ့ ဆွမ်းစားကျောင်းတော်ကြီး ဆောက်ပြီးတဲ့အခါမှာတော့ ရဟန်းသံဃာတွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်ပါတယ်။ သူဟာ သူ့ရဲ့ကျောင်းဒါန၊ ဆွမ်းဒါနတွေကို တော်တော်လေး စိတ်ထဲကြည်လင်ပြီး ပီတိတွေ ဖြစ်နေပါတယ်။

## လူ နတ်ဖြစ်ရ + ကျောင်းဒါန

သူဟာ ရှစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာပဲ လူ့ဘဝနဲ့ မရောနှောဘဲ နေရပါတယ်။ ကြွင်းတဲ့ကမ္ဘာတွေမှာတော့ သူဟာ လူ့ဘဝ၊ နတ်ဘဝ ရောနှောပြီးတော့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက် ကျင်လည်ရပါတယ်။

ဆွမ်းစားကျောင်းလှူတဲ့ ကောင်းမှုဒါနကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## အဆိပ်ကင်းရ + ကျောင်းဒါန

နောက်ပြီးတော့ သူ့ရဲ့ကိုယ်မှာ အဆိပ်တွေ မတက်နိုင်ဘူး၊ မပြန့်နိုင်ဘူးတဲ့။ အဆိပ်ဘေးကင်းတဲ့ ကောင်းကျိုးနော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဆိပ်ဘေးကင်းဝေးချင်တယ်ဆိုရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရဟန်းသံဃာတွေနေတဲ့ ကျောင်းမှာ ဆွမ်းစားကျောင်းဟာ တကယ်အရေးမကြီးဘူးလား?

(ကြီးပါတယ် ဘုရား)

ဒါကြောင့် ရှေးက ဆရာတော်ကြီးတွေက "ဆွမ်းစားကျောင်းသာ အမိ၊ ဆွမ်းစားကျောင်းသာ အဖ" လို့ မိန့်တော်မူကြတယ်။

## ကြည်နူးအားရ + ကျောင်းဒါန

ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ဝမ်းသာရမှာက တကယ်အရေးကြီးတဲ့ ဆွမ်းစားကျောင်းဒါနကြီး ပြုနေရပါလားလို့ တအားကြည်နူးရမယ်၊ တအားဝမ်းသာရမယ်နော်။

(မှန်လှပါ ဘုရား)

## လက်နက်ဘေးကင်း + ကျောင်းလှူခြင်း

နောက်ပြီးတော့ သူ့ကို လက်နက်တွေ မစူးမရှနိုင်ဘူးတဲ့။ လက်နက်ဘေးကင်းဝေးတဲ့ ကောင်းကျိုးရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့လက်နက်ဘေး ကင်းဝေးချင်ရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ဒီနေ့ ကမ္ဘာကြီး ဘာလုပ်နေလဲ၊ လက်နက်တွေ အပြိုင်အဆိုင် လုပ်နေ၊ ထုတ်နေကြတယ်နော်။

(မှန်လှပါ ဘုရား)

လုပ်ချင်သလောက် လုပ်၊ ထုတ်ချင်သလောက် ထုတ်စမ်းပါစေ၊ ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ကြောက်စရာလိုသေးရဲ့လား?

(မလိုပါဘူး ဘုရား)

လိုရင်လည်း သွားတောင်းလိုက်ကြပေါ့ဗျာ။

(အားလုံး ရယ်ကြ)

## ပျင်းတောင်ပျင်းသေး စကားလေး

လက်နက်ဘေး ကင်းဝေးတာလောက်တော့ တွံတေးသိန်းတန်စကားနဲ့ ပြောရရင် ဘယ်လိုပြောမလဲ?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

ပျင်းလည်း အိပ်လိုက်တော့ဗျာ။

(အားလုံး ရယ်ကြ)

## ရေဘေးကင်းရ ကျောင်းဒါန

နောက်ပြီးတော့ ရေနစ်ပြီးတော့ မသေရဘူးတဲ့၊ ရေဘေးကင်းဝေးတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ရေဘေးကင်းဝေးချင်ရင် ဘာလှူ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရေဘေးကင်းဝေးတာလောက်တော့- ဆက်လိုက်ပါဦး?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

အဲဒီလို အဆိပ်ဘေး၊ လက်နက်ဘေး၊ ရေဘေးတွေ ကင်းဝေးတာဟာ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကြီး လှူရတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## မိုးရွာ နတ်တွေ + လိုလိုက်ပေ

နောက်ပြီးတော့ သူက မိုးကို အလိုရှိတယ်ဆိုရင် မိုးရွာချပေးရတယ်တဲ့။ နတ်တွေကလည်း သူ့အလိုကို လိုက်ပေးကြရတယ်တဲ့။ အဲဒီလို ထူးခြားဆန်းကြယ်တဲ့ ကောင်းကျိုးတွေ ရတာဟာ ကောင်းမှုကံရဲ့ အကျိုးတွေပဲ ဖြစ်တယ်တဲ့။

## စကြာမင်းလှ + ကျောင်းဒါန

နောက်ပြီးတော့ သူဟာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းအကြိမ် ၃၀ ဖြစ်ရတယ်။

## မထီမဲ့မြင် မပြုအင်

သူ့ကို ဘယ်သူကမှ မထီမဲ့မြင် မပြုဝံ့ကြဘူးတဲ့။ ဒီကောင်းကျိုးတွေဟာ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးလှတွေပဲ ဖြစ်တယ်။

## အပါယ်လွတ်ရ + ကျောင်းဒါန

ဒီဘဒ္ဒကမ္ဘာမှ ၃၁ ကမ္ဘာထက်မှာ ဆွမ်းစားကျောင်းရှည်ကို ဆောက်လုပ်လှူဒါန်းခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး မရောက်ရပါဘူး။

ဒီအပါယ်လေးပါး ကင်းဝေးတဲ့ ကောင်းကျိုးဟာလည်း ရှည်လျားတဲ့ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သဒ္ဓါတရားနဲ့ ရဟန်းပြုကာ ဝိပဿနာတရား ကြိုးစားအားထုတ်ပြီးတော့ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

ဒီလို ကောင်းကျိုးလှတွေ စုံစုံလင်လင် ရရှိတာဟာ ဆွမ်းစားကျောင်း လှူတဲ့ ဒါနကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နေ့နေ့ညည သတိရပါ

ဒီနေ့ ဆွမ်းစားကျောင်းလှူကြတဲ့ ဦး (　) ဒေါ် (　) မိသားစုတွေလည်း အခုဟောပြီးခဲ့တဲ့ ကောင်းကျိုးတွေ ပိုင်ဆိုင်ရရှိမှာ မလွဲပါဘူးလို့ မှတ်သားကြပါ၊ ပီတိဖြစ်ကြပါ၊ ကိုယ်လှူတဲ့ ကျောင်းဒါနကို နေ့နေ့ညည သတိရကြပါ၊ အောက်မေ့အမှတ်ရကြပါ၊ ဆင်ခြင်နှလုံးသွင်းကြပါလို့ မှာချင်ပါတယ်။

ကဲ– ကျောင်းလှူဒါန ကောင်းကျိုးလှ ကဗျာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ဆွမ်းစားကျောင်းတော် အရှည်ကြီးကို
သဒ္ဓါဦးစီး လှူခဲ့တယ်။
* ကျောင်းဆောက်ပြီးသော် သံဃာများကို
ပင့်ကာထားလို့ ဆွမ်းကပ်တယ်။
* ဆွမ်းကျောင်းလှူကာ သူ့ရင်ဦး၌
ပီတိထူးဆိုက် ကြည်နူးတယ်။
* ရှစ်ကမ္ဘာမှာ နတ်ပြည်ဖြစ်ရ
လူ့ဘဝနဲ့ မရောကွယ်။
* ကြွင်းကမ္ဘာမှာ လူ နတ်ရောလို့
အုံ့ဩလောက်အောင် ဖြစ်ရတယ်။
* အဆိပ်ဘေးတွေ ကင်းစင်ဝေးရ
သူ့ဘဝမှာ အေးချမ်းတယ်။
* လက်နက်ဘေးတွေ ကင်းစင်ဝေးရ
လက်နက်ဒုက္ခ ရောက်ဘူးကွယ်။
* ရေဘေးတွေပါ ကင်းစင်ဝေးရ
ရေမှာနစ်ကျ သေဘူးကွယ်။
* ပူအိုက်မိုးကို သူလိုလားက
မိုးတွေများစွာ ရွာချတယ်။
* သူ့အလိုကို နတ်အများက
မပြတ်မနား လိုက်ပေးတယ်။
* ရတနာတွေ အစုံရတဲ့
မင်းလှစကြာ ဖြစ်ရတယ်။
* မထိမဲ့မြင် ဘယ်သူကမှ
မပြုဝံ့ကြ သူ့ကိုကွယ်။
* အပါယ်ဆိုတာ ရောက်ဖို့ဝေးစွ
သိရုံလေးမျှ သိဘူးကွယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်းကျောင်းဒါန ကောင်းကျိုးကွယ်။

* ကျောင်းလှူရတာ ကောင်းကျိုးလှကို
ကြောင်းကျိုးပြကာ ကဗျာချယ်။
* ဆွမ်းကျောင်းလှူသူ ပီတိပွားဖို့
ကဗျာလေးများ ရေးစပ်တယ်။
(မှတ်ကွယ်)၂

"ကျောင်းလှူဒါန၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ နာဂသမာလဝဂ်၊
ပဒသညကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ခြေတော်ရာဖူး+ကောင်းကျိုးထူး"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဗုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က "ခြေတော်ရာဖူး+ကောင်းကျိုးထူး" တရားတော်ပဲ။

ဘာတရားတဲ့လဲ?

('ခြေတော်ရာဖူး+ကောင်းကျိုးထူး' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ခြေတော်ရာဖူး အထူးစိတ်ကြည်

နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ တိဿမြတ်စွာဘုရား နင်းသွားတော်မူတဲ့ ခြေတော်ရာကို ဖူးမြင်ရတဲ့ ပဒသညကမထေရ်အလောင်း သူတော်ကောင်းလေး ဟာ သူ့စိတ်ထဲ တော်တော်လေး ရွှင်လန်းသွားတယ်။ ခြေတော်ရာမှာ စိတ်ကို အထူးပဲ ကြည်လင်စေပါတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ မှာကြားချင်တာကတော့ ခြေတော်ရာတွေ သွားဖူးတဲ့အခါမှာ အထူးပဲ စိတ်ကြည်လင်ပါစေလို့ မှာချင်တာပါပဲ။

### ပဒစေတီ+ပြုလေပြီ

တိဿဘုရားရှင် ကိုယ်တော်မြတ်က ပဒသကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတာကို သိပြီးတော့ "ဒီဒကာလေး ခြေတော်ရာကို မြင်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ပဒစေတီ (ခြေတော်ရာစေတီ) ကို ပြုတော်မူတာပါပဲ။ (အပဒါန၊ ၄၊ ၂၊ ၉၉)

## အပါယ်လေးဖြာ မသိပါ

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ ဘုရားရှင်ရဲ့ ခြေတော်ရာဆိုတဲ့ အမှတ်သညာကို ရခဲ့တဲ့အခါကစပြီးတော့ အပါယ်လေးပါး လားရတယ်ဆိုတာ မသိဘူးပါဘူးတဲ့။

ဒီအပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးဟာ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ခြေတော်ရာဖူးရတဲ့၊ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးထူးဟာ အပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(ခြေတော်ရာဖူး ကောင်းကျိုးထူး တရားပါ ဘုရား)

## ခြေတော်ရာမှတ် ကောင်းကျိုးမြတ်

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ခြေတော်ရာမှတ် ကောင်းကျိုးမြတ်တဲ့။ ဘာတဲ့လဲ?

(ခြေတော်ရာမှတ် ကောင်းကျိုးမြတ်ပါ ဘုရား)

အပါယ်လေးပါး လွတ်တဲ့ ကောင်းကျိုးမြတ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်ဗိုလ်ပါ အင်အားများစွာရှိတဲ့ သုမေဓလို့ခေါ်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

အဲဒီစကြဝတေးမင်း ဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာဖူးရ၊ ခြေတော်ရာ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ လူ့ နတ်စည်းစိမ်တွေ ခံစားပြီးတော့ ဒီဘုရားလက်ထက်မှာ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ လာဖြစ်တယ်။ နောက်တော့ သဒ္ဓါတရားနဲ့ ရဟန်းပြုလာ

တယ်။ မကြာခင်မှာပဲ ဝိပဿနာတရား ပွားများကာ ပဋိသမ္ဘိဒါ လေးပါး ဝိမောက္ခ ရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

ဒီရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာကို ဖူးမြင်ပူဇော်ရ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

ကဲ– ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

* တိဿတွင်ခေါ် မြတ်ဘုရားရဲ့
နင်းကြွသွားတဲ့ ခြေတော်ရာ။
* ရှင်လန်းသာကြည် ဖူးမြင်ရင်းနဲ့
ပူဇော်ခြင်းကွဲ့ မှတ်သားတာ။
* လူ နတ်ချမ်းသာ တကယ်ရလို့
အပါယ်မှလည်း လွတ်သေးတာ။
* သုမေဓခေါ် စကြာမင်းလည်း
သေချာရှင်းရှင်း ဖြစ်ရတာ။
* ခြေတော်ရာကို ဖူးမြင်ခဲ့ရ
ထူးမွန်လှတဲ့ ကောင်းကျိုးပါ။
* ခြေတော်ရာကို နေ့နေ့ညည
မမေ့ကြဘဲ ဖူးကြပါ။

(ထူးရမှာ)၂

"ခြေတော်ရာဖူး+ ကောင်းကျိုးထူး" တရားတော် ပြီး၏။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ်ပါဠိတော်၊
ကောသနိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ''တကယ်ငြိမ်းသွား+မီးသုံးပါး''

## တရားတော်

ဒီနေ့ ''ကဆုန်လပြည့် ဗုဒ္ဓနေ့''မှာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်ကာနွဲ့နေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က ''တကယ်ငြိမ်းသွား+မီးသုံးပါး'' တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('တကယ်ငြိမ်းသွား+မီးသုံးပါး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဆည်းကပ်ခစား+မြတ်ဘုရား

ဒီကောသနိယမထေရ်အလောင်း သူတော်ကောင်းဟာ အတ္ထဒဿီဘုရား လက်ထက်မှာ 'ဝရုဏ'လို့ ခေါ်တဲ့ ထင်ရှားတဲ့ သိကြားနတ်မင်း ဖြစ်ဖူးတယ်။ သူဟာ မြတ်စွာဘုရားကို ဖူးမြင်ရပြီးတော့ အင်မတန် ကြည်ညိုကာ ဆင်မြင်း ဗိုလ်ပါယာဉ်များစွာနဲ့တကွ မြတ်စွာဘုရားကို ဆည်းကပ်ခစားတယ်။

### ဗောဓိပင်ဆီ+သူသွားပြီ

လူတွေရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ သူဟာ တူရိယာအားလုံးကို ယူပြီးတော့ မြတ်တဲ့ဗောဓိပင်ကို သွားတယ်။

### သက်တော်ထင်ရှား ပူဇော်ငြားသို့

သူဟာ မောင်းကြေးနင်းခွက်ခွင်းနဲ့တကွ တီးမှုတ်ကခုန်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်မှောက်မှာပဲ ဆည်းကပ်ပူဇော်သလို မြတ်သောဗောဓိပင်ကို ဆည်းကပ်ပူဇော်ပါတယ်။

ဒီနေရာမှာ ဒကာ ဒကာမတွေ သတိထားကာ မှတ်သားရမှာကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ဆည်းကပ်ခြင်းဆိုတာပဲ နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးတွေက + အတူရ

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ဓာတ်ပုံ၊ ပန်းချီကား၊ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ စေတီပုထိုး အမျိုးမျိုးသော ဘုရားတွေမှာ သဒ္ဓါ ပညာ အတူထားကာ ပူဇော်ရင် ကောင်းကျိုးတရားတွေ အတူတူပဲ ရတယ် နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မှာချင်တာက လေးလေးနက်နက် ပူဇော်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ပါလို့ မှာချင်တာပါပဲ။

## ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ

ဒီနေရာမှာ ဝေဘူဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒစကားလေး ပြော ချင်ပါသေးတယ်။

ဒကာ ဒကာမတွေက "ဘုရားကို မတွဲတွဲသူငယ်ချင်း အိမ်လာတာလောက် မှ ဂရုမစိုက်ချင်ဘူး"တဲ့။

မတွဲတွဲသူငယ်ချင်း အိမ်လာရင် သောက်ပါဦး၊ စားပါဦး၊ ထိုင်ပါဦး၊ နေပါ ဦးနဲ့ ပျာပျာသလဲ လုပ်သေးတယ်တဲ့။ ဘုရားအပေါ်ကျတော့ ပျာပျာသလဲ မလုပ် ကြဘူး။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး မကပ်ချင်ကြဘူးတဲ့။

မင်းတို့ ဒကာ ဒကာမတွေ ဆင်းရဲနေတာ မတွဲတွဲသူငယ်ချင်း အိမ်လာတာ လောက်မှ ဘုရားကို ဂရုမစိုက်လို့ ဆင်းရဲနေကြတာပေါ့လို့ မိန့်တော်မူပါတယ်။ ဒီစကားလေးဟာ မှတ်သားစရာ တကယ်ကောင်းပါတယ်။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဒကာ ဒကာမတွေ တစ်နေ့ ရေဘယ်နှစ်ခါသောက်လဲ?

(ခဏခဏသောက်ပါတယ် ဘုရား)

ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မဖြေ၊ အားလုံး ရယ်နေကြ)

ရှေ့က တရားထောက်ကဲ့ဒကာကြီးကို မေးမယ်။ ဒကာဆွေ၊ ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မနက်တစ်ခါပဲ ကပ်ပါတယ် ဘုရား)၊ (အားလုံး ရယ်ကြ)

ဒါဆိုရင် ဒကာကြီးလည်း တစ်နေ့ ရေတစ်ခါတည်းပဲ သောက်သလား?

(တစ်ခါမက မကြာမကြာသောက်ပါတယ် ဘုရား)

တော်တော်ကောင်းတယ်နော်။ ဘုရားကျတော့ တစ်ခါ၊ သူ့ကျတော့ မကြာမကြာ)

(အားလုံး ရယ်ကြ)

ဒီတော့ ဝေဘူဆရာတော်ကြီး ပြောတဲ့စကား မမှန်ဘူးလား?

(မှန်ပါတယ် ဘုရား)

မှန်မှာပေါ့ဗျ။ ဝေဘူဆရာတော်ဆိုတာ ရဟန္တာလို့ ထင်ရှားတယ်။ ပြောကြ၊ ဟောကြ၊ ရေးကြတယ်နော်။

(မှန်လှပါ ဘုရား)

## အနာခံကာ လမ်းလျှောက်လာ

ဆက်စပ်နေလို့ ဝေဘူဆရာတော်ကြီးအကြောင်း ဖတ်ဖူး ကြားဖူးတာလေး ပြောဦးမယ်။

တစ်နေ့ ဝေဘူဆရာတော်ထံ ဒကာကြီးတစ်ယောက် ရောက်လာတယ်။

ဆောင်းတွင်း နံနက်ပိုင်းမှာ ဝေဘူဆရာတော်ကြီးက လမ်းလျှောက်နေတယ်။ ဘာလုပ်နေလဲ?

(လမ်းလျှောက်နေပါတယ် ဘုရား)

အဲဒီဒကာကြီးက "ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကို လူတွေက အနာဂါမ်လို့ ပြောနေကြပါတယ် ဘုရား၊ အဲဒါ ဟုတ်သလား" တဲ့။

အဲဒီလိုလျှောက်တော့ ဝေဘူဆရာတော်ကြီးက "ဒကာ ငါ့အနာခံပြီး လမ်းလျှောက်နေတာ မင်မမြင်ဘူးလား" လို့ မိန့်တော်မူတယ်တဲ့။

## သူ့ပစ္စည်း သူယူတာ+ယူပါစေ

တစ်ခါတော့လည်း ဝေဘူဆရာတော်ကြီးရဲ့ ကျောင်းဆောင်ထဲက တိုင်ကပ်နာရီကြီးကို သူခိုးတစ်ယောက်က ခိုးနေတာကို ဝေဘူဆရာတော်ကြီးက ဘာမှ မပြောပါဘူး။ ကပ္ပိယကြီးကမြင်တော့ "သူခိုး၊ သူခိုး"လို့ အော်တဲ့အခါ ဝေဘူဆရာတော်ကြီးက "ဟဲ့၊ ကပ္ပိယ၊ သူ့ပစ္စည်းသူ ယူတာ ယူပါစေ၊ မအော်နဲ့"လို့ မိန့်တော်မူပါသတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ ဝေဘူဆရာတော်ကြီးနည်းယူပြီးတော့ ကိုယ့်အိမ်က ပစ္စည်းတွေ သူခိုးများ လာခိုးရင် ဘယ်လိုသဘောထားမလဲ?

(မဖြေ၊ ရယ်နေကြ)

သူ့ပစ္စည်း သူယူတာ ယူပါစေ၊ ဒီလိုသဘောထားရမှနော်။

(မှန်လှပါ ဘုရား)

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

## ဗောဓိပင်မှာ သေဆုံးရှာ

သူဟာ မြေမှာပေါက်နေတဲ့ ဗောဓိပင်ကို ပူဇော်ဆည်းကပ် ပူဇော်ပြီးတော့ ကိုယ်ကို ထက်ဝယ်ဖွဲ့ခွေကာ အဲဒီဗောဓိပင်ရင်းမှာပဲ သေဆုံးခဲ့တယ်။

## နိမ္မာနရတိပြည် + သူရောက်ပြီ

သူဟာ မိမိလုပ်ရမည့်ကုသိုလ်လုပ်ငန်းတွေမှာ အားထုတ်ပြီးသူ ဖြစ်တယ်။ မြတ်သောဗောဓိပင်ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည်ညိုခဲ့သူဖြစ်တယ်။ သူ့ရဲ့စိတ်ကြည်လင်ခြင်း၊ ကြည်ညိုခြင်းကြောင့် နိမ္မာနရတိနတ်ဘုံမှာ ရောက်ရပါတယ်။

## တူရိယာတွေ ခစားနေ

လှုပြည်၊ နတ်ပြည် ဘဝကြီးငယ် ဖြစ်လေရာဘဝတိုင်းမှာ တူရိယာပေါင်း ခြောက်သောင်းက သူ့ကို အမြဲတစေ ခြံရံခစားနေကြတယ်။

## တကယ်ငြိမ်းသွား + မီးသုံးပါး

သူ့မှာ ဘောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ မီးသုံးပါး၊ မီးဘယ်နှစ်ပါးလဲ?

(မီးသုံးပါးပါ ဘုရား)

အဲဒီမီးသုံးပါး တကယ်ငြိမ်းသွားရတယ်တဲ့။ ဒီနေရာလေး ကြည့်ပြီးတော့ တရားနာမည်လေး ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(တကယ်ငြိမ်းသွား မီးသုံးပါးတရားပါ ဘုရား)

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

အဲဒီမီးသုံးပါးထဲမှာ ဘယ်မီးကောင်းသလဲ?

(ဘယ်မီးမှ မကောင်းပါ ဘုရား)

သက်မဲ့သက်ရှိ အရာရာလိုချင်တဲ့ လောဘမီး ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

## ကိုယ်တွင်းဖြစ်လာ + ပျက်စီးမှာ

ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်း ဘုရားထံရောက်လာပါတယ်။ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးပြီး သူနဲ့သင့်တော်တဲ့နေရာမှာ ထိုင်နေပြီးတော့ မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ ဘယ်လိုမေးလျှောက်သလဲဆိုတော့ "မြတ်စွာဘုရား။ သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဘယ်လိုတရားတွေ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်ပေါ်လာနိုင်ပါသလဲ? လို့ မေးလျှောက်ပါတယ်။

ဘုရားရှင်က "မင်းကြီး။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးပါး သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေပျက်စီးမယ်၊ ကိုယ်စိတ်ဆင်းရဲရမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်"လို့ ဟောတော်မူပါတယ်။ (သံ၊ ပါ၊ ၁၊ ၇၀)

ဒီတော့ ပရိသတ်ရေ၊ လောဘမီး ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးမယ်၊ ဆင်းရဲမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးစီးပွား + ပျက်စီးသွား

ဒီနေရာမှာ လောဘကြောင့် ကောင်းကျိုးစီးပွား ပျက်စီးပုံလေးကို ပြောချင်ပါသေးတယ်။

ဘုန်းကြီးကိုးကွယ်တဲ့ ဒကာကြီးမိသားစုဟာ လက်သမား၊ ပန်းရန်ကိစ္စတွေ ကျွမ်းကျင်တတ်မြောက်ကြပါတယ်။ စည်းကမ်းလည်းကောင်း၊ သပ်ရပ်မှုလည်း ရှိတဲ့အတွက် သူတို့သားအဖတွေ အလုပ်ကောင်းကြပါတယ်။

သူတို့နေတဲ့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်ကြတဲ့အခါ ဒကာကြီးက ကျောင်းထိုင်ဘုန်းကြီးကို လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော်သားကို နေ့တွက်နှုန်း ပိုပေးပါ၊ အပြင်မှာလည်း သူ့အနေအထားဆိုရင် တပည့်တော်

တိုးပေးဖို့ လျှောက်တာထက်တောင် ရနေပါတယ်"လို့ လျှောက်တော့ ကျောင်းထိုင်ဆရာတော်ကြီးက "မပေးနိုင်ဘူးကွာ၊ မလုပ်ချင် နေ"လို့ မိန့်တော်မူပါသတဲ့။

ဒကာကြီးကလည်း "မလုပ်တော့ဘူး ဘုရား"ဆိုပြီးတော့ မလုပ်တော့ဘဲ အိမ်ပြန်လာခဲ့သတဲ့။

ကျောင်းထိုင်ဆရာတော်ကြီးက ကျောင်းဒကာ ဒကာမတွေကို ခေါ်ပြီးတော့ အကျိုးအကြောင်းခေါ်ပြီးတော့ ပြောပြတဲ့အခါ အားလုံးက "ဆရာတော်၊ အဲဒီဒကာကြီး တိုးတောင်းတာ မှန်တယ်၊ အပြင်မှာ သူတို့လက်ရာလောက် မကောင်းတဲ့သူတွေတောင် သူတို့ထက် လက်ခပိုယူနေကြတယ်၊ သူတို့သားအဖတွေကို တောင်းတဲ့အတိုင်း ပေးသင့်ပါတယ်။ သူတို့သားအဖတွေက လက်ရာကောင်းတယ်၊ ပြန်ခေါ်ပြီး အလုပ်နိုင်းပါ"လို့ လျှောက်ကြပါသတဲ့။

ဆရာတော်ကြီးက "ဒကာကြီးတို့ သားအဖကို ခေါ်ပြီးတော့ နိုင်းဖို့ရန်အတွက် ဒကာကြီးကို ခေါ်ပြီးတော့ လက်ခတိုးပေးမယ် ပြန်လုပ်ပါ"လို့ ပြောပါသတဲ့၊

ဒကာကြီးက မလုပ်တော့ဘူးလို့ ပြန်လျှောက်ပါတယ်။ ဘုန်းကြီးက "ဘာကြောင့် မလုပ်ချင်တာတုံး"လို့ ပြန်မေးပါသတဲ့။

အဲဒီလိုမေးတဲ့အခါ ဒကာကြီးက "တပည့်တော်ကလည်း လောဘကြောင့် တိုးတောင်းမိတာ၊ အရှင်ဘုရားကလည်း လောဘကြောင့် တိုးမပေးချင်တာ ဖြစ်တယ်။ ဒီတော့ လောဘသမား အချင်းချင်း ဆက်လုပ်နေရင် အဆင်ပြေမှာမဟုတ်ပါ ဘုရား"လို့ လျှောက်ပြီးတော့ ပြန်လာခဲ့သတဲ့။

ဒီစကားလေးကို ကောက်ချက်ချလိုက်တော့ လောဘကြောင့် ဘုန်းကြီးကော ဒကာကြီးပါ အဆင်မပြေတာဖြစ်တယ်၊ ဒီတော့ ဘုန်းကြီးကျောင်းလည်း ပြီးရမယ့်ရက်တွေ၊ လတွေ၊ နှစ်တွေ မပြီးဘဲ အချိန်တွေ ကြာသွားတယ်။ ဒကာကြီးတို့မိသားစုလည်း အလုပ်ရက် နည်းနည်းနားလိုက်ရတော့ ငွေတွက်တွေ လျော့သွားတယ်။ ဒီအကြောင်းလေးကို ဒကာကြီးက ကိုယ်တိုင်ပြောပြပါတယ်။ ဒီနေရာမှာ လောဘကြောင့် သူရောကိုယ်ပါ အကျိုးမရှိတာကို သိစေချင်လို့ ဖော်ပြတာပါပဲ။

## လောဘလိုက + ဆင်းရဲရ

အောက်ပါကဗျာလေးကိုလည်း ရေးသားမိပါတယ်။

"လောဘလိုသော၊ ထိုသဘောကြောင့်၊ ကိုယ်ရောသူပါ၊ သတ္တဝါတို့၊ ခါခါနွေညှာ၊ ဆင်းရဲရ၊ လောဘနည်းအောင်လုပ်" ဆိုတဲ့ ကဗျာလေးပါပဲ။

## လောဘနည်းသူ စိတ်ထားဖြူ

ဒီနေရာမှာ လောဘနည်းအောင် ကိုယ့်ကိုယ်ကို အမြဲတစေ ဆုံးမနေတဲ့ ဒကာမတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။ သူပြောပြတာကတော့ သူတို့အိမ်မှာ ညီမဝမ်းကွဲတစ်ယောက် ကျောင်းလာနေပါတယ်တဲ့။ မိဘတွေက စားစရာ သောက်စရာတွေ ခွဲဝေပေးရင် ညီမဝမ်းကွဲလေးကို ကြိုက်တာ အရင်ယူ ခိုင်းပါတယ်တဲ့။ ပြီးမှ သူက ယူပါသတဲ့။ တစ်နေ့တော့ မိဘတွေက လက်စွပ်လေး နှစ်ကွင်း လုပ်ပြီးတော့ ကောင်းတဲ့လက်စွပ်လေးကို သူ့ပေးပြီးတော့ တန်ဖိုးနည်းတဲ့ လက်စွပ်လေးကို ညီမဝမ်းကွဲလေးကို ပေးပါသတဲ့။ သူက မိဘတွေရှေ့မှာပဲ ညီမ လေး၊ အစ်မလက်စွပ်ကြိုက်ရင် အစ်မလက်စွပ်ကို ယူပါလို့ ပေးပါသတဲ့။ ညီမ ဝမ်းကွဲလေးကလည်း ကြိုက်တယ်ဆိုပြီး ယူကာ သူဝတ်ထားတဲ့လက်စွပ်ကို အစ်မ ဝမ်းကွဲကို ပေးလိုက်ပါသတဲ့။ အဲဒီမြင်ကွင်းလေးကို တွေ့လိုက်ရတဲ့ မိဘတွေက ကွယ်ရာမှာ သမီးကိုခေါ်ပြီးတော့ သမီးက ဘာပြုလို့ ကောင်းတဲ့လက်စွပ်ကို ညီမ လေး ပေးလိုက်ရတာလဲ၊ သမီးအတွက် သီးသန့်လုပ်လာတာလို့ ပြောပြီး ဆူငေါက် ပါတယ်။

အဲဒီလို မိဘတွေက ဆူငေါက်တော့ သူပြောတဲ့စကားလေးက "အမေရယ်၊ အဖေရယ်၊ သမီးတို့အိမ် သူလာနေတဲ့အချိန်မှာ သမီးက ကောင်းတာ၊ ကြိုက်တာ ယူလိုက်ရင် ညီမလေး စိတ်မကောင်းဖြစ်မှာ၊ အားငယ်မှာစိုးလို့ပါ"တဲ့။ တော်တော် လေး မွန်မြတ်တဲ့စိတ်ထားကောင်း ဖြစ်ပါတယ်။ သူက ငယ်ငယ်လေးထဲက အဲဒီလို လောဘနည်းအောင် အမြဲတစေဆုံးမပြီး နေခဲ့ကြောင်း လျှောက်ပြတာ ကောင်းလွန်း လို့ ရေးပြလိုက်တာပါပဲ။

စိတ်ထားကောင်းသူတွေရဲ့အကြောင်း ကြားရတာ၊ ရေးရတာ တကယ် အရသာရှိပါတယ်။ ကြားရ၊ ရေးရချိန်လေးမှာလည်း ရင်ထဲမှာ တကယ်ပဲ အေးချမ်း လှပါတယ်။ တကယ်တော့ **လောဘနည်းသူဟာ စိတ်ထားဖြူသူပါပဲ**။

အောက်ပါကဗျာလေးကိုလည်း ရေးသား မှတ်တမ်းတင်မိပါတယ်။

"လောဘတရား၊ လွန်နည်းပါးသူ၊ စကားဖြူလှ၊ ကြားလိုက်ရစဉ်၊ ရေးနေ စဉ်၌၊ ရွှေရင်စိတ်မှာ၊ အေးချမ်းလာ၍၊ ဤငါလည်းပဲ၊ လောဘနည်းမှ၊ ဆင်းရဲ ထွေထွေ၊ နည်းနိုင်ပေဟု၊ ဆုံးမပြုသည်၊ သုံးချအနုကဗျာတည်း"

ဒီကဗျာလေးဟာ ကိုယ့်ကိုယ်ကိုဆုံးမတဲ့ကဗျာလေးပါပဲ။ တကယ်ပဲ အသုံး ချ လိုက်နာကျင့်သုံးရမယ့် ကဗျာလေးနော်။

(မှန်လှပါ ဘုရား)

လိုချင်တဲ့ လောဘမီး၊ မကောင်းတာ ပြောပြီးပြီနော်။
(မှန်လှပါ ဘုရား)

## အရာရာတို့ + ဒေါသဆို

ဒီတစ်ခါ အလိုမကျတာ အရာရာကို တိုတတ်တဲ့ ဒေါသမီးအကြောင်း ပြောရအောင်။ ကဗျာလေး ဆိုလိုက်ပါဦး။

* အလိုမကျတာ၊ အရာရာ၊ တိုတာ ဘာမီးလဲ။
အလိုမကျတာ၊ အရာရာ။ တိုတာ ဒေါသပဲ။
ပရိသတ်ရေ၊ တိုတာ ဘာမီးတဲ့လဲ။
(ဒေါသမီးပါ ဘုရား)
ဒေါသဆိုတဲ့ တရားဟာ အဆိုးတွေကိုပဲ ဖန်ဆင်းတယ်နော်။
(မှန်လှပါ ဘုရား)

## ဒေါသကြီးက ရုပ်မလှ

ဒီနေရာမှာ ဒေါသဆိုးကျိုး အမျိုးမျိုးတွေကို ဘုရားဟောထားတဲ့အတိုင်း မှတ်သားကြည့်ကြရအောင်။

ကောဓနော ဒုဗ္ဗဏ္ဏော ဟောတိ။ (အံ၊ ၄၊ ၂၊ ၄၇၁)
ဒေါသကြီးသူ ရုပ်အဆင်းမလှတော့ဘူးတဲ့။
ဘယ်လောက်ကြီးပဲ ချောမောလှပစေကာမူ ဒေါသထွက်နေတဲ့အချိန် ကြည့် မကောင်းတော့ဘူး၊ မလှတော့ဘူးနော်။
(မှန်လှပါ ဘုရား)
ဒေါသထွက်နေတဲ့အချိန် ကိုယ့်ရုပ်ကို မှန်ထဲသွားကြည့်၊ ဘယ်လိုနေမလဲ။
(ရုပ်ဆိုးပါတယ် ဘုရား)
ရုပ်ဆိုးတာဟာ ဘာ့ကြောင့်လဲ? (ဒေါသဆိုတဲ့ စိတ်ဆိုးလို့နော်)
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ ရုပ်ဆိုးချင်သလား၊ ရုပ်ချောချင်သလား။
(ရုပ်ချောချင်ပါတယ် ဘုရား)
အေး– ရုပ်ချောချင်ရင် စိတ်ချောပါ၊ စိတ်မဆိုးပါနဲ့။

## ဆင်းရဲဒိဗ်ရ တို့ဒေါသ

အထော ဒုက္ခမှိ သေတိ သော၊

နောက်ပြီးတော့ ဒေါသကြီးတဲ့သူဟာ ဆင်းဆင်းရဲရဲ ဒိဗ်ရ နေရတယ်တဲ့။ ဘယ်တော့မှ ဒိဗ်မပျော်ဘူးတဲ့။ ဘယ်လိုကောင်းတဲ့နေရာကြီးပေါ်မှာ ဒိဗ်ရဒိဗ်ရ အရသာမရှိတော့ဘူး။ ဆင်းရဲနေတာပဲနော်။

(မှန်လှပါ ဘုရား)

## အကျိုးစီးပွား+ပျက်စီးသွား

အထော အတ္တံ ဂဟေတွာန၊

အနတ္တံ အဓိပဇ္ဇတိ။

နောက်ပြီးတော့ လုပ်လိုက်တာကတော့ အကျိုးစီးပွားရှိမယ်ထင်ပြီး လုပ်လိုက်တာပါပဲ။ တကယ်တော့ အကျိုးစီးပွား ပျက်စီးသွားတာပဲ ဖြစ်သွားတယ်။ ဟုတ်မယ် ကောင်းမယ်ထင်ပြီး လုပ်လိုက်တာ မဟုတ်တာ မကောင်းတာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ တပည့်ဦးဇင်းလေးတစ်ပါးအကြောင်း တင်ပြချင်ပါသေးတယ်။ ဒကာမတစ်ယောက်က စနေသား ဦးဇင်းတစ်ပါးကို ဖေဒင်ဆရာက သိင်္ကန်ထပ်ပေးလိုက်ပါလို့ စနေသား ဦးဇင်းတစ်ပါး ရှာပေးပါ၊ သိင်္ကန်ထပ်ချင်ပါတယ်ဘုရား လို့ လာလျှောက်ပါတယ်။

အဲဒီလို လာလျှောက်တဲ့ ဒကာမကို စနေသားဦးဇင်းတော့ မရှိဘူး။ အသက်ပြည့်ပြီး ရဟန်းမခံရသေးတဲ့ စနေသား ကိုရင်တော့ ရှိတယ်။ ဦးဇင်းဖြစ်ပြီးသား စနေသားကို သိင်္ကန်ထပ်ပေးတာထက် ဦးဇင်းမဖြစ်သေးတဲ့ စနေသား ကိုရင်ကို ရဟန်းဘောင်ရောက်အောင် ချီးမြှောက်ပေးတာက ပိုအကျိုးရှိတယ်လို့ ပြောတော့ ဒကာမက ဆရာတော်ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဘုရားဆိုပြီးတော့ ပရိက္ခရာရှစ်ပါး စုံလင်စွာ သင်္ကန်း၊ ဖောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခြုံထည်၊ ဖျာ၊ မျက်နှာသုတ်ပဝါ၊ နေရာထိုင်၊ ထီး၊ ဖိနပ်၊ ယပ်စသည် စုံလင်စွာ အကောင်းတွေချည်းဝယ်ပြီး ရဟန်းခံပေးပါတယ်။ ကျန်တဲ့အသုံးအဆောင်တွေ၊ စာအုပ်တွေလည်း စုံလင်အောင် ဝယ်လှူပါတယ်။ ဒကာမလေးက တော်တော်လေး စေတနာကောင်းပါတယ်။ လှူတာတွေ များတောင်နေပါသေးတယ်။

စာမေးပွဲဖြေပြီးတော့ ရွာပြန်၊ ရွာကပြန်လာတော့ ဒကာမလည်း ကျောင်းလာခိုက်မှာ ဦးဇင်းလေးကို တွေ့ပေးပြီးတော့ မင့်ဒကာမ ပေးဖို့ ရွာကဘာပါသလဲ၊ ပေးစရာရှိရင် ပေးလိုက်လို့ ပြောတဲ့အခါ ရွာက ဘာမှမပါကြောင်း ပြန်လျှောက်ပါတယ်။

ကျောင်းမှ အပြင်ထွက်လို့ရတဲ့ ဥပုသ်နေ့မှာ ဦးဇင်းလေးဟာ သူ့ဒကာမ အိမ်ကို သွားပါတယ်။ သွားပြီးတော့ မုန့်တွေပေးပါတယ်။ သူ့ဒကာမ အပြင်သွားခိုက်မို့ သူ့ဒကာမနဲ့တော့ မတွေ့ခဲ့ပါဘူး။ အခြားအိမ်က လူတွေကို မှာပြီး မုန့်တွေ ပေးခဲ့ပါတယ်။

ဦးဇင်းလေးတစ်ပါးက မုန့်တွေ ပေးခဲ့တယ်ဆိုတာ သူ့ဒကာမ အပြင်က ပြန်လာတော့ သိရတဲ့အတွက် ဒကာမက ဘုန်းကြီးဆီကို ဖုန်းဆက်ပါတယ်။ ဆရာတော်၊ ကိုရင် ဦးဇင်းတစ်ပါးပါး အိမ်ကို လွှတ်လိုက်ပါသလား ဘုရားလို့ ဖုန်းဆက် မေးလျှောက်ပါတယ်။ ဘုန်းကြီးက မလွှတ်ကြောင်း ပြန်ပြောလိုက်ပါတယ်။

ဦးဇင်းလေးဟာ ညနေ ၄ နာရီ ပြန်ရောက်ရမယ့်အချိန်မှာ ပြန်မရောက်ပါဘူး။ သံဃာစစ်တော့ မပါဘဲဖြစ်နေပါတယ်။ ညနေ ၅ နာရီလောက်မှ ပြန်ရောက်လာပါတယ်။ သူမလျှောက်ဘဲ ရဟန်းဒကာမအိမ်ကို သွားပြီး မုန့်ပေးတယ်ဆိုတာကို ဘုန်းကြီးက ဖုန်းလာပြီးလို့ သိပြီးဖြစ်နေပါတယ်။

ဦးဇင်းလေး ပြန်ရောက်လာတော့ လာလျှောက်ပါတယ်။ အစတော့ လိမ်ညာပါသေးတယ်။ နောက် လိမ်မရတော့ ဒကာမအိမ် မုန့်သွားပေးကြောင်း လျှောက်ပြပါတယ်။

မလျှောက်ဘဲ သွားတာ၊ နောက်ကျတာကြောင့် နှစ်ချက် ရိုက်လိုက်ပါတယ်။ စည်းကမ်းလိုက်နာတတ်အောင် နောက် သတိထားနိုင်အောင် ရိုက်လိုက်တာပါပဲ။

နောက် မကြာခင်မှာဘဲ သူ့ရဟန်းဒကာမ ရောက်လာပါတယ်။ သူကလည်း သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ မနှင်အောင် လာလျှောက်ဖို့ လိုက်လာတာပါပဲ။

သူရောက်လာတော့ ဒကာမအိမ်ကို မုန့်တွေပေးသွားတာ ဘယ်ကကိုယ်တော်တွေလဲလို့ မေးလိုက်ပါတယ်။ ဒကာမလေးက 'မန္တလေးက အသိကိုယ်တော်တွေပါ ဘုရား' လို့ လျှောက်ပါတယ်။ နင် ငါ့ကို မညာနဲ့နော်၊ မှန်တာပြောလို့ ပြောတဲ့အခါ ဟုတ်ပါတယ် ဘုရား။ မန္တလေးက ကိုယ်တော်တွေပါလို့ ထပ်လျှောက်ပါတယ်။

နင်လည်း ငါ့ကို ညာလျှောက်တယ်၊ ကျောင်းကို ဘယ်တော့မှ မလာခဲ့နဲ့

လို့ ပြောတော့မှ မှန်တဲ့အတိုင်း လျှောက်ပါတယ်။ သူကတော့ သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ လျှောက်တာပါပဲ။

ဘုန်းကြီးက နှင့်ဦးဇင်း မနှင်ပါဘူး၊ စောစောက နှစ်ချက်ရိုက်ပြီးပြီလို့ ပြောပြပါတယ်။

နောက်နေ့မှာ ဦးဇင်းက သူကျောင်းပြောင်းမယ့်အကြောင်း လာလျှောက်ပါတယ်။ တားရိုးထုံးစံမရှိပါဘူး၊ ခွင့်ပြုလိုက်ပါတယ်။ သူ့ဒကာမဆီကိုတော့ ဖုန်းဆက်ပြီး အကြောင်းကြားပေးလိုက်ပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ဒကာမမိသားစု ကျောင်းရောက်လာပါတယ်။ သူ့မှာ ၅ နှစ်သား သားလေးပါ ပါလာပါတယ်။ တော်တော်လေးကြာတော့ ဘုန်းကြီးက ရိုက်တဲ့အကြောင်း၊ ဒကာမက လိမ်ညာတဲ့အကြောင်း၊ ဦးဇင်းလေးကလည်း ကျောင်းကထွက်သွားတဲ့အကြောင်း ပြောကြပါတယ်။

အဲဒီလိုပြောပြီးတော့ ဘုန်းကြီးက ကလေးကို မင်း သေသေချာချာ ပြောစမ်း၊ ဒီကိစ္စမှာ ဘယ်သူမှားသလဲလို့ မေးလိုက်တဲ့အခါ ကလေးက ၃ ယောက်စလုံး မှားတယ်တဲ့။

(အားလုံး ရယ်ကြ)

ဘုန်းကြီးကော သူ့မိခင်ပါ မတွေးတဲ့အတွေးပဲ ဖြစ်ပါတယ်။ ကဲ– ဘယ်လို မှားတာတုံး ပြောစမ်းပါဆိုတော့ ကလေးက ''ဘုန်းဘုန်းကလည်း မရိုက်ဘဲ ဒဏ် လောက်ပေးရင် ပြီးသွားတာပါပဲ၊ ခုတော့ ရိုက်လိုက်တော့ ဘုန်းဘုန်းလည်း မှားတယ်။ မေမေကလည်း လိမ်ညာပြောတဲ့အတွက် မှားတယ်။ ဦးဇင်းလေးကလည်း မလျှောက်ဘဲ သွားတာ၊ နောက်ကျတာ၊ ရိုက်လို့ ကျောင်းကထွက်သွားတာ မှားတယ်လို့ ဆုံးဖြတ်ပေးပါတယ်။

စောစောက ပြောပြတဲ့ဦးဇင်းလေးကိစ္စမှာ ဘုန်းကြီးက နောင် စည်းကမ်းလိုက်နာအောင်၊ မှတ်သွားအောင်ဆိုပြီးတော့ ကောင်းကောင်းလုပ်လိုက်တာပါပဲ၊ ဒါပေမဲ့ ဒေါသကြောင့် ဘုန်းကြီးကလည်း ရိုက်မိ၊ ဦးဇင်းလေးကလည်း ဆရာက ဆုံးမတာကို မကျေနပ်တဲ့ဒေါသကြောင့် ဆရာ့ကျေးဇူး ဒကာမကျေးဇူးကို မထောက်ထားဘဲ ကျောင်းကထွက်သွားတော့ မကောင်းတာတွေဘဲ ဆက်တိုက်ဖြစ်သွားတာပါပဲ။

ကလေးပြောတော့မှ ၃ ယောက်လုံး မှားတယ်ဆိုတာ မှန်တာပဲ၊ ဒီကလေးဟာ တော်တော်လေး အတွေးကောင်းတယ်လို့ ချီးကျူးမိပါတယ်။

ကလေးဉာဏ်ကို ဖွင့်ပေးပါ၊ ကလေးဉာဏ်ကို အထင်မသေးပါနဲ့၊ ကလေးဉာဏ်ဟာ အတွေးမှန်ကို ပေးတတ်ပါလားလို့ ကောက်ချက်ချမိပါတယ်။

ဒေါသကြောင့် ဆရာလည်း အကျိုးမရှိ၊ ဦးဖင်းလေးလည်း အကျိုးမရှိ၊ ဒကာမလည်း စိတ်မကောင်းဖြစ်ပြီး အကျိုးမရှိပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြလိုက်တာပါပဲ။

ဒေါသနဲ့ ဆောင်ရွက်သမျှ ဘယ်တော့မှ ကောင်းတာ အကျိုးရှိတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ သတိထားမိပါတယ်။ ဒေါသကြောင့် မှား၊ အမှားတစ်ထောင်၊ ဒေါသသမား အမှားမရေနိုင်လို့လည်း မှတ်တမ်းတင်မိပါတယ်။

## ဥစ္စာခေန ဆုံးရှုံးရ

တတော ကာယေန ဝါစာယ၊
ဝဓံ ကတွာန ကောဓနော။
ကောဓာ ဘိဘူတော ပုရသော၊
ဓနဇာနိံ နိဂစ္ဆတိ။

ဒေါသအမျက် နှိပ်စက်သူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှု ပြုတတ်တယ်။ (ခြေလွန်၊ လက်လွန် ဖြစ်တတ်တယ်)

အဲဒီလို ခြေလွန် လက်လွန်ဖြစ်ပြီး သတ်ပုတ်ညှဉ်းဆဲမှုကို ပြုမိရင် ဥစ္စာတွေ ဆုံးရှုံးတတ်တယ်။

ဒီနေရာမှာ ဆရာတော်တစ်ပါးအကြောင်း ပြောပြပါဦးမယ်။ ဆရာတော်တစ်ပါးရဲ့ ကျောင်းနားမှာ ရေအိုင်ကြီးတွေ များစွာရှိတယ်။ ရပ်ကွက်ထဲက လူတွေဟာ အဲဒီရေအိုင်ထဲက ငါးတွေကို လာပြီးတော့ ဖမ်းယူလေ့ရှိတယ်။ ဆရာတော်ကြီးက "ငါးမဖမ်းရ၊ ငါးမမျှားရ" ဆိုတဲ့ စာတမ်းတွေ ချိတ်ထား ကပ်ထားတယ်။ ဒါပေမဲ့ လူတွေကတော့ လစ်ရင် လစ်သလို ဖမ်းယူလေ့ရှိတယ်။ တစ်ခါတလေမှာ ဆရာတော်ကြီးက တပည့်လေးငါးပါး ခေါ်ပြီးတော့ ရပ်ကြည့်လေ့ရှိတယ်။ ငါးဖမ်းနေသူတွေဟာ ထွက်ပြေးကြတယ်။ တစ်နေ့တော့ ငါးဖမ်းနေသူတွေ ၁၀ ယောက်လောက် ရှိတယ်။ ဆရာတော်က မဖမ်းကြနဲ့၊ ပြန်သွားကြလို့ ပြောတာကို သူတို့ကလည်း ၁၀ ယောက်လောက်ဆိုတော့ မပြန်ဘဲ ဖမ်းမြဲဖမ်းနေကြတယ်။ ဆရာတော်က သူ့ကျောင်းမှာရှိတဲ့ စာသင်သားများစွာထဲက လက်ရွေးစင် စာသင်သားအပါး ၂၀ လောက်ကို ခေါ်ပြီးတော့ ကဲ- မင်းတို့တုတ်တွေ ကိုယ်စီကိုင်ထားကြ၊ တကယ်တော့ မရိုက်နဲ့၊ သူတို့ပြေးရုံလောက်ပဲ ဟန်ရေးပြတာပေါ့လို့ ပြောပြီး

ကျောင်းအပြင် ထွက်ကြပါတယ်။ ရှစ်ယောက်က မြင်တာနဲ့ ပြေးကြတယ်။ နှစ်ယောက်ကတော့ မပြေးဘဲ ပေကပ်ကပ်လုပ်နေကြတယ်။ အဲဒီပေကပ်ကပ် လုပ်နေတဲ့ နှစ်ယောက်ကို ဆရာတော်က နှစ်ချက် သုံးချက်လောက်စီ ရိုက်ချလိုက် တယ်။ အဲဒီကျမှ ပြေးကြတော့တယ်။

အဲဒီအရိုက်ခံရတဲ့ ကလေးနှစ်ယောက်ဟာ ဘုန်းကြီးသံဃနာယကရုံး သွားတိုင်ကြတယ်။ ရပ်ကွက်သံဃာ့နာယကဆရာတော်က မင်းတို့က သူ့ကျောင်း နား၊ သူ့ဘုရားနား ငါးမဖမ်းရလို့ ရေးထားတာ တွေ့ပါလျက် သွားဖမ်းတာ မင်း တို့ မှားတာပေါ့။ တို့က ဘာမှလုပ်ပေးလို့မရဘူးလို့ ပြောလိုက်ပါတယ်တဲ့။ ကလေး နှစ်ယောက်က တပည့်တော်တို့ နှစ်ယောက်လုံး အရိုက်ခံရတာ ဒဏ်ရာတွေ ဖြစ်နေတယ်။ ဆေးဖိုးလေးတော့ တောင်းပေးပါလို့ ပြောတော့ ရပ်ကွက်သံဃာ့ နာယက ဆရာတော်က သူ့ကျောင်းက ဦးဇင်းတစ်ပါးကို စာရေးပြီး ပေးခိုင်းလိုက် တယ်။ စာထဲမှာတော့ "အရှင်ဘုရား၊ ကလေးတွေကို ဆုံးမလိုက်တာ ကောင်းပါ တယ်။ ဒဏ်တွေဖြစ်နေတာလည်း တွေ့ရတယ်။ ကလေးတွေက ဆေးဖိုးလေး တောင်းပေးပါလို့ လျှောက်ကြတယ်။ အရှင်ဘုရား စေတနာရှိသလောက် ဆေးဖိုး လေး ပေးလိုက်စေလိုပါတယ်လို့ ပါရှိပါတယ်။ စာဖတ်ပြီးစမှာတော့ မပေးဘူး။ ပေးစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နောက်တော့ ကုသိုလ်တောင်ဖြစ်ပါသေး တယ်လို့ သနားစိတ်ဝင်ပြီး ဆေးဖိုး ၃၀၀၀ ကျပ် ပေးလိုက်ပါတယ်တဲ့။

အကြောင်းအရာလေးကတော့ ဒါပါပဲ။

တုတ်နဲ့ရိုက်ပုတ် ညှဉ်းဆဲလိုက်တဲ့အတွက်ကြောင့် ငွေ ၃၀၀၀ ကျပ် တစ် ခဏလေးအတွင်းမှာပဲ ပါသွား။ ဆုံးရှုံးသွားရတယ်ဆိုကာပါပဲ။ ဒေါသဆိုတာ ကောင်းတာမဟုတ်ဘူး။ ဆုံးရှုံးခြင်းကို **ဖြစ်စေတတ်တယ်။**

ဒီအကြောင်းအရာလေးကို ကြားနာရတော့ ဒကာ ဒကာမတွေ အဲဒီဆရာ တော်ဟာ ဘယ်ဆရာတော်ပါလိမ့်လို့ မသိချင်ဘူးလား။

(သိချင်ပါတယ် ဘုရား)

သူများအကြောင်းဆို စိတ်ဝင်စားတယ်နော်။

(အားလုံး ရယ်ကြ)

ကဲ– တရားနာပရိသတ်ရေ၊ သိချင်ရင် ဘုန်းကြီးပြောတာ နားထောင်၊ ဘုန်းကြီးဆီကို ကြည့်လိုက်ပါ။ ခုပြောဟောနေတဲ့ ဒီကိုယ်တော်၊ ဒီကိုယ်တော်ဗျ။

(အားလုံး ရယ်ကြတယ်)

အဲဒီနေ့က နာရီပိုင်းအတွင်းမှာ ငွေ ၃၀၀၀ ပါသွားတာ နပြောလိုက်တာ။

(အားလုံး ရယ်ကြ)

ပေးချင်တာမဟုတ်ဘူး။ သနားလို့။

(အားလုံး ရယ်ကြ)

ကဲ- ဘားပါတော့၊ ဒေါသကြောင့် ငွေ ၃၀၀၀ ပါသွားတာ၊ ဥစ္စာဆုံးရှုံးပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြတာနော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေလည်း ဒေါသကြောင့် ဆုံးရှုံးပျက်စီးတာ ကိုယ်တွေ့လေးတွေ ရှိမှာပါပဲ။ ပြောရမှာ ရှက်လို့ ဝှက်ထားတာနေမှာပါ။ ဘုန်းကြီးကတော့ ရှက်ပါဘူး။ နောင် ကိုယ်ရော သူပါ သတိထားစရာဆိုပြီးတော့ ပြောလိုက်တာပါပဲ။

## ဒေါသရှောင်ရေး ကဗျာလေး

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ဒေါသအမျက်၊ လွှန်ခိုင်စက်၊ ခြေလက်လွန်သွားကာ။
* သတ်ပုတ်ညှဉ်းဆဲ၊ ပြုရင်လည်း၊ ဆင်းရဲ ဆုံးဥစ္စာ။
* သိက္ခာ ခန်း၊ စိတ်သာချ၊ မုချဆုံးရှုံးမှာ။
* ဒေါသဖြစ်မှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## ကျော်စောကင်းရ+ရှောင်သွားကြ

ကောဓသမ္ဘဒ သမ္ဗတ္တော၊
အာယသကျံ နိဂစ္ဆတိ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊
ပရိဝဇ္ဇန္တိ ကောဓနံ။

(အံ၊ ပါ၊ ၂၊ ၄ရ၁)

ဒေါသဖြစ်သူ အခြံအရံ အကျော်အစောမရှိ ဖြစ်တတ်တယ်။ (သူ့အနား ဘယ်သူကမှ မကပ်ချင်ကြဘူး။ အဲဒီလူ အနားကပ်ရတာထက် ကျားမြီးပဲသွားဆွဲလိုက်တယ်ချင်တယ်လို့ ပြောကြတယ်။)

နောက်ပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေအားလုံးက ဒေါသကြီးသူကို ရှောင်ကွင်းသွားကြတယ်။

ဒါလည်း မှန်တာပါပဲ။ ဘုန်းကြီးလည်း ကိုယ်တွေ့လေးတွေ ရှိပါတယ်။ ဒကာ ဒကာမတွေလည်း ရှိမှာပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဒေါသကြီးပြန်၊ အခြံရှ် အမှန်ကင်းဝေးမှာ။
* ထင်ပေါ်ကျော်ကြား၊ ကောင်းကျိုးများ၊ ဝေးသွားပျောက်ကွယ်မှာ။
* ဆွေမျိုး မိတ်သင်၊ ချစ်ကျွမ်းဝင်၊ ရှောင်ကြဉ်သွားကြမှာ။
* ဒေါသကြီးမှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## စိတ်ကိုဖျက်တတ်+ဒေါသမှတ်

အနတ္ထဇနနော ကောဓော၊
ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။
အမျက်ဒေါသဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။
အဲဒီအကြောင်းတွေကို ပညာမဲ့သူ (ပညာနည်းသူ) မသိနိုင်ဘူး။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဒေါသတရား၊ ကျိုးစီးပွား၊ မှတ်သားဖျက်ဆီးမှာ။
* စိတ်ကိုလည်းပဲ၊ ဒေါသပဲ၊ အမြဲဖျက်ဆီးမှာ။
* စိတ်အတွင်းဝယ်၊ ဘေးကိုကွယ်၊ တကယ်ဖြစ်စေမှာ။
* ပညာနည်းလျှင်၊ မသိမြင်၊ မြတ်ရှင်ဟောကြားတာ။

## ကျိုးကြောင်းသိမြင်+ကင်းဝေးစင်

ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊
ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ ကောဓော သဟတေ နရံ။ (အံ၊ ပါ၊ ၂၊ ၄၇၁)

* အမျက်ထွက်သူဆိုတာ အကျိုးစီးပွားကို မသိနိုင်ဘူး။
* အမျက်ထွက်သူဆိုတာ အကြောင်းတရားကို မမြင်နိုင်ဘူး။

* အမျက်ဒေါသက သတ္တဝါတွေကို နှိပ်စက်တဲ့အခါမှာ အလွန်မိုက်မဲမှု ဖြစ် သွားတယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်ငြား၊ ကျိုးစီးပွား၊ မှတ်သားမသိနိုင်။
* အမျက်ထွက်ငြား၊ ကြောင်းတရား၊ မှတ်သား မမြင်နိုင်။
* အမျက်ဒေါသ၊ နှိပ်စက်က၊ သတ္တမိုက်မဲတာ။

## မီးလောင်သလို ပူပန်ပုံ

ယံ ကုဒ္ဓေါ ဥပရောဓေတိ၊
သုကရံ ဝိယ ဒုက္ကရံ။
ပစ္ဆာ သော ဝိဂတေ ကောဓေ၊
အဂ္ဂိဒဍ္ဎောဝ တပ္ပတိ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူဆိုတာ ပြုနိုင်ခဲကဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။

အဲဒီအမျက်ထွက်သူဟာ နောင် အမျက်ဒေါသပြေပျောက်တဲ့အခါမှာ (ဒေါသကြောင့် မှားသွားတဲ့ အမှားကြီးကို သတိရပြီးအောင့် အကြီးအကျယ်) မီးလောင်သလို ပူပန်ခံစားရတတ်တယ်.

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ပြုနိုင်ခဲမှု၊ ပြုလွယ်ဟု၊ ထင်ပြုချွတ်ယွင်းစေ။
* ဒေါသပြေရာ၊ နောင်အခါ၊ ကြီးစွာပူပန်ခံနေ။
* ဒေါသပြေလျှင်၊ မီးလောင်အင်၊ အစဉ်ပူရပေ။

## ရှက် ထိတ်လန့်တာ + မရှိပါ

နာသ္သ ဟိရီ နဩတ္တပ္ပံ၊
နဝါစော ဟောတိ ဂါရဝေါ။
ကောဓေန အဘိဘူတဿ၊
န ဒီပံ ဟောတိ ကိဉ္စနံ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူ ရှက်တာ ထိတ်လန့်တာ မရှိ၊
အမျက်ထွက်သူ ဆုံးမတဲ့စကား ရှိသေမှုမရှိ၊
အမျက်ဒေါသနှိပ်စက်သူ မှိုင်းမှိုင်ရာ တစ်စုံတစ်ရာမရှိ။
ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်သူ၊ လောကလူ၊ ရှက်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ လန့်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ ဝေးမှုရှိသေတာ။
* မှိုင်းမှိုင်ရာလည်း၊ မရှိပြီ၊ မှတ်စွဲသေသေချာ။

## အမျက်ထွက်လတ်+မိဘသတ်

ကုဒ္ဓေါ ဟိ ပိတရံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ သမာတရံ။
ကုဒ္ဓေါ ဟိ ဗြာဟ္မဏံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ထွက်သူဟာ အဖ အမိ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တတ်တယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို

* အမျက်ထွက်က၊ မြတ်မိဘ၊ မုချသတ်တတ်သည်။
* အမျက်ထွက်လာ၊ ရဟန္တာ၊ မုန်စွာသတ်တတ်သည်။
* အမျက်ထွက်လျှင်၊ ပုထုဇဉ်၊ အစဉ်သတ်တတ်သည်။
* အမျက်ထွက်လျှင်၊ အကုန်ပင်၊ အစဉ်သတ်တတ်သည်။
* အမျက်ဒေါသ၊ လူလောက၊ ဘာမှမကောင်းပြီ။
* ပညာရှိလျက်၊ ဒေါသမျက်၊ တစ်သက်မကောင်းပြီ။

## တွေ့ရမြင်ရ+ဒီလောက

ယာဃ မာတု ဘဝေါ ပေါသော၊
တ္ထမံ လောကံ အဝေက္ခတိ။
တမ္ပိ ပါဏာဒိံ သန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနော။

(အံ၊ ပါ၊ ၂၊ ၄၇၂)

အမိမွေးဖြူလိုက်လို့ သားသမီးဟာ ဒီလောကကို တွေ့မြင်ရတာပါ။ (ဒီလောကမှာ ဖြစ်ပေါ်နေတဲ့ ကောင်းတာ ဆိုးတာ အရာရာကို သိမြင်ခွင့် ရတယ်လို့ ဆိုလိုတာပါ) အသက်ပေးပြီး ချစ်တတ်တဲ့ ငြိမ်းချမ်းအေးမြသူ အမိကိုတောင် အမျက်ထွက်သူဟာ သတ်တတ်တယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမိမွေးမှ၊ သားပုတ္တ၊ လောကတွေ့ရသည်။
* အသက်ပေးချစ်၊ အမေစစ်၊ သတ်ပစ်တတ်ပေသည်။
* အမျက်ထွက်လာ၊ မွေးမာတာ၊ သေချာသတ်တတ်သည်။

## အမျက်ထွက်လတ် + ကိုယ့်ကိုယ်သတ်

အတ္တူပမာ ဟိ တေ သတ္တာ၊
အတ္တာ ဟိ ပရမော ပိယော။
ဟန္တိ ကုဒ္ဓေါ ပုထုတ္တာနံ၊
နာနာရူပေသု မုစ္ဆိတော။

(အံ၊ ပါ။ ၂။ ၄၅၂)

သတ္တဝါတွေဟာ ကိုယ်ချင်းစာတရား ရှိကြတယ်။
မိမိကိုယ်ကို အလွန်ချစ်ခင်တယ်။

အမျက်ထွက်သူဟာ အာရုံအမျိုးမျိုးမှာ တွေဝေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* များသတ္တဝါ၊ ကိုယ်ချင်းစာ၊ မွေ့ရှိကြသည်။
* မိမိကိုယ်ကို၊ အချစ်ပို၊ ပြစ်ဆိုမရပြီ။
* အမျက်ထွက်လျှင်၊ ကိုယ့်ကိုယ်ပင်၊ အစဉ်သတ်တတ်သည်။

## သေအောင်သတ်နည်း + အသီးသီး

အသိနာ ဟန္တိ အတ္တာနံ၊
ဝိသံ ခါဒန္တိ မုစ္ဆိတာ။
ရဇ္ဇုယာ ဗဇ္ဈ မီယန္တိ၊
ပဗ္ဗတာ မပိ ကန္ဒရေ။

(အံ၊ ပါ။ ၂။ ၄၅၂)

မိမိကိုယ်ကို သန်လျက်နဲ့ သတ်ကြတယ်။
တွေဝေတဲ့အတွက် အဆိပ်ကို စားကြတယ်။
ကြိုးနဲ့ နောင်ဖွဲ့ပြီး သေကြတယ်။
တောင်ပေါ်ကနေ ချောက်ထဲခုန်ချသေကြတယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* မိမိကိုယ်ကို သန်လျက်နဲ့
အမှန်ဆက်ဆက် သတ်တတ်တယ်။
* မသိတွေဝေ အဆိပ်စားလို့
သေကြောင်းများကွဲ့ ကြံတတ်တယ်။
* ကြိုးဆွဲချကာ၊ သေကြေကြလို့
ချောက်ထဲ ခုန်ချ သေတတ်တယ်။
* သေအောင်သတ်နည်း အသီးသီးကို
ကဗျာစုပြီး ရေးပြတယ်။
(တွေးကြကွယ်)၂

## တကယ်သေချာ+မသိပါ

ဘူနဟာစွာနိ ကမ္မာနိ၊
အတ္တ မာရဏီယာနိစ။
ကရောန္တ နာဝဗုဇ္ဈန္တိ၊
ကောဓဇာတော ပရာဘဝေါ။ (အံ၊ ပါ၊ ၂၊ ၄၅)

စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကို သေစေတတ်တဲ့ အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။ (ဒေါသကြီးမြဲ ကြီးနေကြတယ်။ ဒေါသပဲ အမြဲတစေ ထွက်နေကြတယ်)

အဲဒီဒေါသဖြစ်လာရင် သူ့ရောကိုယ်ပါ မကောင်းတဲ့ ဆိုးကျိုးတွေကိုသာ ဖြစ်တတ်တယ်ဆိုတာ မသိကြဘူးလား။

(သိကြပါတယ် ဘုရား)

တကယ်သိရဲ့လား?

(မဖြေ၊ အားလုံးရယ်ကြ)

တကယ်မသိကြပါဘူး။ တကယ်မသိတော့ သတိလွတ်ပြီးတော့ ဒေါသတွေ ကြီးမြဲ ကြီးနေကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသတွေ ကြီးမြကြီးနေကြတာ ဘယ်သူထင်လဲ?

(မသိပါ ဘုရား)

အေး– သိချင်ရင် ဘုန်းကြီးကိုကြည့်၊ အခု ဒကာ ဒကာမတွေကို ဒေါသမီး ကင်းအောင် ရေးသားဟောပြနေတဲ့ ပလ္လင်ပေါ်က ဒီဘုန်းကြီးပါ။

(အားလုံး ရယ်ကြ)

ကိုယ့်မကောင်းကြောင်းလေးတွေ ပြောရတာ အရသာရှိလိုက်တာ။

(အားလုံး ရယ်ကြ)

သူများမကောင်းကြောင်း မပြောနဲ့၊ ဘာတဲ့လဲ?

(သူများမကောင်းကြောင်း မပြောနဲ့ပါ ဘုရား)

ဒကာ ဒကာမတွေကော ဒီဘုန်းကြီးကော သူများမကောင်းကြောင်းတွေ ပြောလာတာ များပြီ၊ သူများမကောင်းကြောင်း ပြောရင် အပြစ်ရှိတယ်။ ကိုယ့်မကောင်းကြောင်း ကိုယ်ပြောတာ အပြစ်မရှိဘူး၊ အပြစ်ကင်းတယ်။ ဒီတော့ အပြစ်ကင်းအောင် ကိုယ့်အကြောင်းကို ပြောပါ။

## မှားမိတာလေး ပြောပေးပါ

ကိုယ့်အကြောင်း ကိုယ်ပြောဆိုတဲ့နေရာမှာလည်း ကိုယ့်မကောင်းကြောင်း၊ ကိုယ်သတိမထားမိလို့ မှားခဲ့မိတဲ့အကြောင်းလေးတွေကို ပြောရမှာဖြစ်တယ်။ ကိုယ် တော်ကြောင်း၊ ကိုယ်သိကြောင်း၊ ကိုယ်ကောင်းကြောင်းဆိုတဲ့ ကောင်းတာတွေကို ပြောရမှာ မဟုတ်ပါဘူး။ အဲဒါတွေ ပြောမိရင် တကယ်ဟုတ်ဦးတော့ သူများက ကြွားတယ်ထင်ပြီး "လူကြွားကြီး"၊ "လူပေါ်ကြီး" လို့ သတ်မှတ်တာ ခံရတတ်တယ်။

## ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

လောကလူတွေ ပြောကြတာ တစ်ခုရှိတယ် မဟုတ်လား။ "ကိုယ့်ဂုဏ် ကိုယ်ဖော်+မသူတော်" ဆိုတဲ့စကားပါပဲ။ ကိုယ့်ဂုဏ်တွေပဲ ဖော်ပြော ဖော်ဟော နေရင် ဘာတဲ့လဲ? (မသူတော်ပါ ဘုရား)

## မသူတော်ခေါ် + ဒီလိုနော်

မသူတော်ဆိုတာကိုကော သိရဲ့လား?

(မသိပါ ဘုရား)

အေး– မသိရင် သေသေချာချာ မှတ်ထား။ 'မဟုတ်တဲ့နေရာ၊ မကောင်းတဲ့ နေရာတွေမှာ သွားပြီးတော်နေတာကို မသူတော်'လို့ ခေါ်တယ်။

## သမီးချော မချော အရပ်ကပြောမယ်

အမှန်ကတော့ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီးတော့ ပြောဟောနေစရာ မလိုပါဘူး။ ကိုယ်တိုင် ကြွေးကြော်နေစရာ မလိုပါဘူး။ မြန်မာစကားပုံတစ်ခု ရှိတယ်မဟုတ်လား။ ဘာတဲ့လဲ? "သမီးချော မချော အရပ်က ပြောလိမ့်မယ်" ဆိုတဲ့စကားပဲ မဟုတ်လား။ ကိုယ့်သမီးလေး ချောတယ်၊ မချောဘူးဆိုတာ ကိုယ်ကလည်ပြီး ပြောနေစရာ မလိုပါဘူး။ အရပ်က သူ့ဟာသူ ပြောသွားမှာပဲ မဟုတ်လား။

## ပျက်စီးကြောင်းစစ် အမှန်ဖြစ်

ကဲ– ထားပါတော့၊ နောက်တစ်မျိုး ဆက်ကြရအောင်။

အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်းဖြစ်တယ်တဲ့။ ကောင်းတဲ့ အရာအားလုံး ဆုံးရှုံးကြောင်းဖြစ်တယ်တဲ့။ ဒီအကြောင်းတွေ ရှေ့မှာ တော်တော် လေး ဟောပြောပြီးပါပြီ။ ဘုန်းကြီးကော၊ ဒကာ ဒကာမတွေဟာ အမျက်ထွက်ခြင်း ကြောင့် ပျက်စီးဆုံးရှုံးခဲ့တာ၊ ကောင်းကျိုးတွေ လက်လွတ်ခဲ့တာ များပြီနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* စီးပွားချမ်းသာ၊ ပယ်ဖျက်ဆီးတတ်၊
ကိုယ်ကိုသေ သတ် အမှုတွေ။

* သူ့သူငါငါ နေ့နေ့ညည
ပြုနေကြလည်း မသိပေ။

* သတိပညာ မပါကြတော့
တစ်ခါတစ်ခါ လွတ်သွားပေ။

* အမျက်ထွက်ရင် နေ့နေ့ညည
တကယ်မှုချ ပျက်စီးပေ။

* အဲဒါတွေကို သတိထားလို့
အသိတရားနဲ့ ပြော ပြုနေ။

(ဟော ဆုချွေ)[၂]

## ဒေါသဝေးကြောင်း တရားကောင်းများ

ဣတာယံ ကောဓရူပေန၊
မစ္စုပါသော ဂုဟာသယော။
တံ ဒမေန သမုစ္ဆိန္ဒေ၊
ပညာ ဝီရိယေန ဒိဋ္ဌိယာ။

(အံ၊ ပါ၊ ၂၊ ၄၇၂)

ဒေါသဟာ ကောဓအသွင်နဲ့ဖြစ်တယ်။
နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ ကျော့ကွင်းသဖွယ်ပဲဖြစ်တယ်။

အဲဒီဒေါသကို ဝိပဿနာ၊ ပညာ၊ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ ဆုံးမနိုင်ကြဝ်ကြောင်း တရားနဲ့ အကြွင်းမဲ့ ပယ်ဖြတ်ရမယ်။ (အကြွင်းမဲ့ ပယ်ဖြတ်နိုင်အောင် ကြိုးစားရမယ်) ဒီတော့ ဒေါသဝေးကြောင်း၊ ဒေါသပြေးကြောင်း၊ ဒေါသအေးကြောင်း၊ တရားကောင်းတွေဟာ ဝိပဿနာပညာ၊ အဲဒီဝိပဿနာပညာနဲ့ ယှဉ်ဘက်ကာယိက၊ စေတသိကဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ တရားသုံးမျိုးကို တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ရုပ်နာမ်မွေ့ သင်္ခါရတရားတွေရဲ့အပေါ်မှာ မြဲတာ ဘာမှမရှိပါလား။ ဆင်းရဲတာချည်းပါလား။ ပိုင်တာ ဆိုင်တာ အစိုးရတာ ဘာမှမရှိပါလားလို့ မလွတ်တမ်း စစ်ဖမ်းပြီးတော့ ရှုနေ မှတ်နေရင် ဒေါသတွေကို အနိုင်မယူနိုင်ဘူးလား?

(ယူနိုင်ပါတယ် ဘုရား)

ရှုမှတ်နေချိန်လေးမှာပဲ ဒေါသတွေ ဝေးနေ၊ ပြေးနေ၊ အေးမနေဘူးလား?

(နေပါတယ် ဘုရား)

ဒီတော့ ရှုမှတ်ချိန်၊ ဒေါသဝေးတယ်၊ ဒေါသပြေးတယ်၊ ဒေါသ အေးတယ်နော်?

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို

* ဒေါသဆိုတာ ကောဓသဘောနဲ့
  လောကတောမှာ ဖြစ်နေတယ်။
* နှလုံးအိမ်ဂူ အမြဲကိန်းလို့
  ထိန်းသိမ်းဖို့လည်း သိပ်ခက်တယ်။
* သူသူ ငါငါ ရှင်သေမင်းရဲ့

ကျော့ကွင်းကြီးကွဲ ဖြစ်ပါတယ်။

* ဝိပဿနာ ပညာမြတ်နဲ့
ဒေါသဆိုးသတ် နှိမ်ရမယ်။

* ဝီရိယ+မဂ္ဂါ သမ္မာ ဒိဋ္ဌိ
မှန်စွာ နိုင်ဖိ နှိမ်ရမယ်။

* ရှုမှတ်ချိန်မှာ ဒေါသဝေးလို့
ဒေါသပြေးကာ အေးမြမယ်။

* ဒေါသဝေးစေ ပြေးစေကြောင်းကို
ဆုတွေတောင်းလို့ ကဗျာချယ်။

## မသာမယာ+ကင်းရှိန်ဝါ

ယထာ မေတံ အကုသလံ၊
သမ္ဘူတဥ္စ ထ ပဏ္ဍိတော။
တထေဝ ဓမ္မေ သိက္ခေထ၊
မာ နော ဒုမ္မင်္ကုယံ အဟု။

(အံ၊ ပါ၊ ၂၊ ၄၅)

ငါတို့မှာ ဒေါသကြောင့် မျက်နှာမသာမယာ အရှိန်အဝါမရှိခြင်းတွေ မဖြစ်ပါစေနဲ့လို့ တောင့်တရမယ်။ ဒေါသဖြစ်နေရင် ဘယ်လိုနေလဲ?

(ချက်နှာမသာမယာ ဖြစ်နေပါတယ် ဘုရား)

မယာလေးကို မပြောနဲ့ဦး၊ မယာလေးကို ဖြုတ်ထားလိုက်ပါဦး၊ ဘယ်လိုနေ?

(မျက်နှာ မသာ ဖြစ်နေပါတယ် ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာဖြစ်နေ?

(မသာဖြစ်နေပါတယ် ဘုရား)

မသာ (အသုဘ) များ ဘယ်လောက်ပဲ ပြုပြင်ပေးပေး ကြည့်လို့ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာနဲ့တူ?

(မသာနဲ့ တူပါတယ် ဘုရား)

ဒီတော့ ပရိသတ်ရေ၊ ဆိုလိုက်စမ်းပါ။

* ဒေါသဖြစ်ရင် သတိထား၊

မသာကြီးနဲ့ တူပါလား။
* ဒေါသကြီးရင် သတိထား
မသာ အသုဘ တူကာသွား။

## မသာဖြစ်မှု+သတိပြု

ဒီတော့ ကိုယ့်အါါသကြီးရင် ကိုယ်ဘာဖြစ်?

(မသာဖြစ်ပါတယ် ဘုရား)

ကိုယ်မသာဖြစ်နေတာ အမြန်သိပြီးတော့ ဒေါသကိုအုပ်၊ ဒေါသကိုချုပ်ထိန်း ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးသူတွေ တွေ့ရင်လည်း ဟာ မသာကြီးပါလားလို့ သတိထားကာ ရှောင်ရှားရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသကင်းက အေးမြမြ

ဒေါသကင်းသူရဲ့မျက်နှာဟာ သာယာစိုပြေတယ်၊ ကြည့်လို့ကောင်းတယ်၊ အေးမြတယ်၊ မေတ္တာပြည့်ဝတဲ့ အရှိန်အဝါတွေ ဖေ့ရတယ်။

## ကောင်းရှိန်ဝါတွေ ပျောက်ကွယ်နေ

ဒေါသဖြစ်သူရဲ့မျက်နှာကတော့ သာယာစိုပြေမှု မရှိဘူး။ ကြည့်လို့မကောင်းဘူး၊ ပူလောင်နေတယ်၊ မေတ္တာစတဲ့ အရှိအဝါတွေလည်း ကွယ်ပျောက်နေတယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးရင် ဘယ်လောက်ပဲ ရာထူးဂုဏ်သိန် အရှိအဝါတွေရှိရှိ အဲဒီ အရှိန်အဝါတွေ ကွယ်ပျောက်ပြီးတော့ "အဲဒီဘုန်းကြီးဟာ၊ အဲဒီလူကြီးဟာ ဒေါသ တအားကြီးတယ်"ဆိုတဲ့ သမိုင်းကြီးပဲ တွင်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## အေးအေးဆေးဆေး ပြုံ ပြော တွေး

ဒီတော့ ပရိသတ်ရေ ဒေါသရဲ့အပြစ်တွေကို နားလည်သဘောပေါက်ပြီး တော့ ဒေါသကင်းရပါလို၏လို့ အမြဲတစေ ဆုတောင်းရမယ်။ ဒေါသကင်းစင်

ဘုရားရှင်ကို မြင်ယောင်ရှိခိုးရမယ်။ ဒေါသဆိုးတွေ ဝေးအောင်၊ ပြေးအောင် အရာရာကို အေးအေးဆေးဆေး တွေးတတ်၊ ပြောတတ်၊ ပြုတတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသဖြစ်လာ ဖြေစရာ

ကဲ– "ဒေါသဖြစ်လာ၊ ဖြေစရာ" "ဒေါသကင်းစင်+ဘုရားရှင်" ဆိုတဲ့ ကဗျာလေး လိုက်ဆို ရှိခိုးပြီး ဆုတောင်းကြရအောင်။

"ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး ကျွန်ုပ်ရှိခိုးသည်၊ အဆိုးဒေါသ ကင်းစေသော်"

ဒေါသဖြစ်လာရင် ဒီကဗျာလေး ရွတ်နော်။

(မှန်လှပါ ဘုရား)

## အမျက်ဒေါသ ပယ်ဖြတ်ကြ

ပညာရှိဆိုတာ ဒေါသဆိုတဲ့ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်တယ်။

ပရိသတ်ရေ၊ ပညာရှိ ပယ်ဖြတ်သင့်တာ ဘာတဲ့လဲ?

(ဒေါသအကုသိုလ်ပါ ဘုရား)

## မကောင်းလေးပါး သတိထား

ဒီနေရာမှာ မကောင်းလေးပါး ပြောချင်ပါသေးတယ်။ ဘာလေးပါးတဲ့လဲ?

(မကောင်းလေးပါးပါ ဘုရား)

အလသော ဂိဟီ ကာမဘောဂီ နသာဓု။

ကာမစည်းစိမ်ကို ခံစားနေတဲ့လူဟာ ပျင်းနေရင် မကောင်းဘူးတဲ့။

## ရဟန်းဖြစ်ပြီး မစောင့်စည်း

အသညတော ပဗ္ဗဇိတော နသာဓု။

ရဟန်းဖြစ်ပြီးတော့ ကိုယ် နှုတ် နှလုံး မစောင့်ရှောက်ရင် မကောင်းဘူးတဲ့။

## မဆင်ခြင်က မကောင်းလှ

ရာဇာ နသာဓု အနိသမ္မကာရီ။

လောက ဓမ္မ နှစ်ဌာနမှာ မဆင်ခြင်ဘဲ ပြုလေ့ရှိတဲ့မင်းဟာ မကောင်းဘူးတဲ့။

## အမျက်ထွက်တာ မကောင်းပါ

ယော ပဏ္ဍိတော ကောဓနော တံ နသာဓု။

ပညာရှိ အမျက်ထွက်ရင် မကောင်းဘူးတဲ့။

ဒီတော့ ပရိသတ်ရေ ပညာရှိဆိုသူတွေ အမျက်ထွက်ရင် ကောင်းပါ့မလား?

(မကောင်းပါ ဘုရား)

ဒီနေရာမှာ ဘုန်းကြီးစဉ်းစားမိတာလေး ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ''ပညာတကယ်မရှိသေး''လို့ အမျက်ထွက်တာ ဖြစ်မယ်လို့ စဉ်းစားမိတာပါ။

နောက်ပြီးတော့ ရှိသေးတယ်။ ပညာရှိတွေကို သတိပေးတဲ့စကားလေး ''ပညာရှိ၊ သတိဖြစ်ခဲ'' ဆိုတဲ့ စကားလေးပါ။ ဒါလည်း စဉ်းစားမိတာကတော့ ပညာတကယ်မရှိလို့ သတိလွတ်သွားတာပါဆိုတဲ့ စဉ်းစားချက်လေးပါ။

## မေတ္တာနဲ့ပယ် သတ်ရမယ်

ဒေါသဖြစ်လာရင် အဲဒီဒေါသကို မေတ္တာဆိုတဲ့ အဒေါသနဲ့ သတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသဂ္ဂိ ပန မေတ္တာယ

နိဗ္ဗာပေန္တိ နရုတ္တမာ။

(ဣတိဝုတ်၊ ပါ၊ ၂၅၇)

## သ ဝိ နှစ်ဖြာ ကျင့်ကြံပါ

ပညာရှိဆိုတာ ဒေါသအကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်သလို ထို့အတူပဲ သမထ၊ ဝိပဿနာ တရားတွေကို အမြဲတစေ ဖြည့်ကျင့်နေရမယ်တဲ့။

ဒီတော့ ပညာရှိဆိုတာ ဒေါသကို ပယ်ဖြတ်၊ သမထ၊ ဝိပဿနာဆိုတဲ့ တရားတွေကို ကျင့်နေရမယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို။

* ဒေါသကင်းစေ ဆုတောင်းပြု
ဒေါသအကု ပယ်ရမယ်။

* သမထခေါ် မြတ်တရားနဲ့
ဝိပဿနာပွားကျွဲ့ နေရမယ်။

* ဒေါသမီးတွေ လောင်နေငြားလည်း
မေတ္တာတရားနဲ့ သတ်ရမယ်။
(မှတ်ကွယ်)၂

## ကိလေသာဝေး ငြိမ်းချမ်းအေး

ဝီတကောဓာ အနာယာသာ၊ ဝီတလောဘာ အနုဿုကာ၊
ဒန္တာ ကောဓံ ပဟန္တွာန၊ ပရိနိဗ္ဗန္တိ အနာသဝါ။ (အံ၊ ပါ၊ ၂၊ ၄၇၂)
ပညာရှိဆိုတာ အမျက်ဒေါသကို ပယ်ရမယ်။
အမျက်ဒေါသကင်းအောင် ကြိုးစားရမယ်။
ဒေါသထန်ပြင်း၊ ပင်ပန်းခြင်းမရှိအောင် ကြိုးစားရမယ်။
လောဘကင်းအောင် ကြိုးစားရမယ်။
ကိစ္စကြီးကယ် အသွယ်သွယ်တွေ များမနေရဘူး။ (အလုပ်ရှုပ်မနေရဘူး)
ယဉ်ကျေးသိမ်မွေ့ရမယ်။
ကိလေသာကင်းဝေး ငြိမ်းချမ်းအေးမြမှုရအောင် ကြိုးစားရမယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ပညာရှိဟာ ဒေါသကြီးကို
သေချာအပြီး ပယ်ရမယ်။
* လောဘ ဒေါသာ ဖြစ်နေကြလို့
သူငါများတို့ ပင်ပန်းတယ်။
* လောဘ ဒေါသာ ကင်းကွာရေးနဲ့
ကိစ္စနည်းရေး ကြိုးစားမယ်။
* ယဉ်ကျေးလိမ္မာ ကိလေဝေးမှ
ငြိမ်းချမ်းအေးမြ ရနိုင်မယ်။

## မောဟမီးလေး ဆက်ဟောပေး

ကဲ– ဒေါသမီးအကြောင်း မကောင်းပုံကို အကြောင်းစုံစုံလေး ပြောပြီးတော့ မောဟမီးအကြောင်း ပြောကြရအောင်။

မောဟဆိုတာ ဘာလဲ။ မောဟဆိုတာ အမှားနဲ့အမှန်၊ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားမသိတာ၊ သစ္စာလေးပါး မသိတာ၊ သူတော်ကောင်းတရားတွေ မသိတာဟာ မောဟပါပဲ။

## ကျိုးမဲ့ဖြစ်စေတော မောဟပါ

အနတ္ထဇနနော မောဟော၊
မောဟော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(ဣတိဝုတ်ပါဠိ ၂၅၂)

မောဟဆိုတာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။
မောဟဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
အတွင်းစိတ်ထဲမှာဖြစ်တဲ့ မောဟဆိုတဲ့ ဘေးကို လူတွေမသိနိုင်ဘူး။

## မကသဇာတ် သိမှတ်စရာ

ဒီနေရာမှာ မောဟကြောင့် အကျိုးမဲ့ဖြစ်စေတာလေးကို ပြောပြလိုပါတယ်။

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်နေပါတယ်။ ဘုရားလောင်းကတော့ ကုန်သွယ်ခြင်းနဲ့ အသက်မွေးနေပါတယ်။ ကာသိတိုင်းက ရွာတစ်ရွာမှာ လက်သမားတွေ အများကြီး နေကြပါတယ်။ တစ်နေ့တော့ လက်သမားဆရာကြီးတစ်ဦးရဲ့ ဦးခေါင်းမှာ မှတ်ကိုက်နေပါတယ်။ လက်သမားဆရာကြီးက သူ့သားကို မှက်ကိုက်နေကြောင်း။ မှတ်ကို ခြောက်ပေးဖို့အကြောင်း ပြောပါတယ်။ သားက အနားမှာရှိနေတဲ့ ပုဆိန်ကြီးကို ယူပြီးတော့ သူ့ဖခင်အနားရပ်ကာ မှတ်ကို ခြောက်ပေးမယ်ဆိုပြီး ဖခင်ရဲ့ဦးခေါင်းကို ပုဆိန်ကြီးနဲ့ ပေါက်ချလိုက်ပါတယ်။ လက်သမားဆရာကြီးဟာ ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ဒီဝတ္ထုမှာ သားရဲ့ မသိခြင်းမောဟကြောင့် အဖသေဆုံးရတာပဲ ဖြစ်ပါတယ်။

သားဟာ ဖြစ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်ကို မသိခြင်းကြောင့် လုပ်မိတာ ဖြစ်ပါတယ်။

ဘုရားလောင်းလည်း အဲဒီသားအဖ ဖြစ်ရပ်ကို ကြည့်ပြီးတော့ ကောက်ချက် ချလိုက်ပါတယ်။

အဲဒါကတော့ "ရန်သူပညာရှိကတောင် ပိုမြတ်တယ်။ အဲဒီစကား မှန်တယ်။ ရန်သူပညာရှိဟာ ဖြစ်လာမည့်ဘေးရန်၊ ဘေးဒဏ်မှ ကြောက်တဲ့အတွက် လူကို မသတ်ပါဘူး" ဆိုတဲ့ ကောက်ချက်ပဲ ဖြစ်ပါတယ်။

(မကသဇာတ်၊ ဇာ၊ ပါ၊ ၁၊ ၁၁)

## အမိုက်မှောင်လွှမ်း အတန်းကြီးဖြစ်

မူဠ္ဟော အတ္ထံ နဇာနာတိ၊
မူဠ္ဟော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ မောဟော သဟတေ နရံ။

(ဣတိဝုတ်ပါဠိ၊ ၂၅၂)

တွေဝေခြင်းမောဟဖြစ်သူဟာ အကျိုးမသိနိုင်ပါဘူး။
ကောင်းမြတ်မှန်ကန်တဲ့ တရားသဘောကို မမြင်နိုင်ပါဘူး။
မောဟတရားက လူတွေကို လွှမ်းမိုးဖိစီးသွားတဲ့အခါ အမိုက်မှောင် လွှမ်း အကန်းကြီးလို ဖြစ်သွားတယ်။
မောဟဖြစ်ရင် ကောင်းတာ ဆိုးတာ၊ မှန်တာ မှားတာ မခွဲခြားတတ်တော့ဘူး နော်။

(မှန်လှပါ ဘုရား)

ကဲ- ကဗျာ လင်္ကာလေးတွေ လိုက်ဆို။

* မောဟဖြစ်သူ ရှင်လူများမှာ
ကောင်းကျိုးစီးပွား ဖျက်သွားတယ်။
* မောဟဖြစ်ရင် စိတ်ဖျက်ဆီးတတ်
သတိမပြတ် ထားရမယ်။
* မောဟတွင်းမှာ ဖြစ်လာငြားက
ဘေးဆိုးများကို သိဘူးကွယ်။
* မကာသခေါ် ဇာတ်တရားနဲ့
မှတ်သားဖို့ကို ပြထားတယ်။
* ဖခင်ခေါင်းမှာ မှက်ကကိုက်တော့
ဖခင်သားမိုက် ခြောက်နိုင်းတယ်။
* ပုဆိန်ယူကာ ဖခင်ခေါင်းကို
သားမောင်ပေစောင်းပေါက် ခြောက်တယ်။
* လက်သမား တော်ဖခင်ကြီးဟာ
ပွဲချင်းပြီးပဲ သေသွားတယ်။
* အဲဒီချိန်မှာ ဘုရားလောင်းက

ကောက်ချက် အကောင်းချုပြတယ်။
* ပညာရှိသူ ရန်သူကတောင်
ဉာဏ်ထူသားထက် ပိုမြတ်တယ်။
* ပညာရှိသူ ရန်သူများက
ဘေးဒဏ်ကြောက်ခြား သတ်ဘူးကွယ်။
(မှတ်ဦးတကာယ်)၂

## မောဟာမီးသတ် ပညာမြတ်

အဲဒီမသိခြင်း မောဟမီးကို သိခြင်းပညာနဲ့ ပယ်သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
မောဟဂ္ဂိ ပန ပညာယ၊
ယာယံ နိဗ္ဗာပေါ်ဂါမိနီ။ (ဣတိဝုတ်ပါဠိ၊ ၂၅၇)

## တော်တော်လေးပင် ဟောစုံလင်

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးပါး ငြိမ်းသွားတော်မူတဲ့ ကောသနိယ မထေရ်အကြောင်း ဟောပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။
(မှန်လှပါ ဘုရား)

## မီးငြိမ်းဖို့ရာ ကြိုးစားပါ

ဒီတရားကို ဟောကြားရသူ၊ နာကြားရသူ၊ တရားလှူသူတွေလည်း အဲဒီမီးသုံးပါးရဲ့ မကောင်းကျိုးပေးပုံတွေကို သိပြီးတော့ အဲဒီမီးသုံးပါး နည်းပါးအောင်၊ ငြိမ်းသွားအောင် ကြိုးစားရမယ်နော်။ (မှန်လှပါ ဘုရား)

## ဘဝသီးသီး ပယ်နုတ်ပြီး

သူဟာ ဘဝအားလုံးကို ပယ်နုတ်ပြီးသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့သာသနာတော်မှာ အဆုံးဖြစ်တဲ့ ကိုယ်ကိုဆောင်တယ်တဲ့။

## မင်းမြတ်စကြာ+ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာ ၅၀၀ ထက်မှာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ "သုမာဟ" လို့ ခေါ်တဲ့ ထင်ရှားတဲ့ စကြဝတေးမင်း ၃၄ ကြိမ် ဖြစ်ဖူးတယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

## ဆုတောင်းမေတ္တာ+ပတ္ထနာ

ဒီနေ့ တရားဟော တရားနာ တရားလှူရတဲ့ ကုသိုလ်ကောင်းမှု အံစုစုကြောင့် "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်လာ ကောသနိယမထေရ်လို တကယ်မီးတွေ ငြိမ်းသွားအောင် ကြိုးစားနိုင်ကြပါစေ။

"တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ကုမုဒဝဂ်၊ ဓာတုပူဇက
ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ဓာတုပူဇာ+မင်္ဂလာ"

## တရားတော်

ဒီနေ့ မြတ်စွာဘုရားရဲ့ ကိုယ်ပွား၊ ကိုယ်စား ဓာတ်တော်များကို လေးစား ကြည်ညိုပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က 'ဓာတုပူဇာ+မင်္ဂလာ' တရားတဲ့

ဘာတရားတဲ့လဲ?

('ဓာတုပူဇာ၊ မင်္ဂလာ' တရားပါ ဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်။

### ဓာတ်တော်တစ်ဆူ+ရခဲ့သူ

လူတွေထက် မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ ခြေနှစ်ချောင်းရှိတဲ့ နတ်လူတွေကို အစိုးရပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဓာတော်တစ်ဆူကို ဟောဒီဓာတုပူဇကမထေရ် အလောင်း သူတော်ကောင်းလေးဟာ ရရှိလာခဲ့တယ်။

ဓာတ်တော်ဘယ်နှစ်ဆူရခဲ့သတဲ့လဲ? (တစ်ဆူပါ ဘုရား)

သူရခဲ့တာ ဓာတ်တော်တစ်ဆူတည်းနော်။ (မှန်လှပါ ဘုရား)

### သူပူဇော်တာ + ငါးနှစ်ကြာ

သူဟာ နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ ဓာတ်တော်ကို ယူပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသလိုပဲ ငါးနှစ်ပတ်လုံး ပြုစုလုပ်ကျွေးခဲ့တယ်။

ဒါ သေသေချာချာမှတ်ပါ။ ဓာတ်တော်ပဲဆိုပြီးတော့ ပေါ့တော့တော့ ပူဇော်

တာ မဟုတ်ပါဘူး။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို လေးလေး နက်နက် ပူဇော်တာ၊ လုပ်ကျွေးတာနော်။ (မှန်လှပါ ဘုရား)

ဘယ်နှစ်နှစ် လုပ်ကျွေး? (ငါးနှစ်ပါ ဘုရား)

ပရိသတ်ရေ၊ သေသေချာချာထပ်ပြော? (ငါးနှစ်ပါ ဘုရား)

## ဒကာတစ်ယောက် + ငါးနှစ်ပေါက်

ဒီတရား တစ်နေရာမှာဟောတော့ ဘုန်းကြီးက ပြုစုလုပ်ကျွေးတဲ့နှစ်ကို နှစ်ခါ သုံးခါလောက် မှတ်မိအောင် မေးလိုက်ပါတယ်။ ဒကာတစ်ယောက်က သူ့ဟာသူ အတွေးပေါက်ပြီး (၅၂) လို့ နှစ်လုံးနံပါတ်ကောက်ပြီး ထိုးလိုက်တာ ပေါက်သွားပါတယ်။ နောက်နေ့ကျတော့ အဲဒီဒကာက ကျောင်းကို လှူဖွယ်ဝတ္ထု တွေနဲ့ ရောက်လာပါတယ်။ ဘုန်းကြီးက.ဒကာ ဘာအတွက် လှူတာလဲ၊ ပြောပါဦး။ ရေစက်ချရအောင်ဆိုပြီးတော့ မေးလိုက်ပါတယ်။ အဲဒီဒကာက ဘာအတွက်မှ မဟုတ်ပါဘူး ဘုရား။ ဆရာတော် မနေ့က မွှာရုံလာ တရားဟောတော့ ငါးနှစ် လုပ်ကျွေးတာ နှစ်ခါသုံးခါမေးတော့ ဒါ အတိတ်ပေးတာပဲဆိုပြီး အဲဒါ ကောက်ထိုး လိုက်တာ၊ ပေါက်တဲ့အတွက် လာလှူတာပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ဖြစ်မှ ဖြစ်ရလေ ဒကာရယ်၊ ဘုန်းကြီးက နံပါတ်ပေးတဲ့ဘုန်းကြီး မဟုတ် ပါဘူး။ တရားဟောတဲ့ဘုန်းကြီးပါလို့ ပြောရပါတယ်။

## နှစ်လုံးရောဂါ ရနေရှာ

လူတွေဟာ အဲဒီရောဂါ ရနေကြတယ်နော်။ (မှန်လှပါ ဘုရား)

ဘယ်ရောဂါလဲ? (နှစ်လုံးရောဂါ ပါဘုရား)

လုပ်နေကျဆိုတော့ သိတယ်နော်။ (အားလုံး ရယ်ကြ)

## နောက်နေ့အတွက် ပေးတစ်ကွက်

အဲဒီဒကာက ဘုန်းကြီးကို ဆက်လျှောက်တယ်။

ဆရာတော် ၅၂ တော့ မှန်သွားပြီ။ နောက်နေ့အတွက် တစ်ကွက်လောက် အတိတ်ပေးပါဦး ဘုရားလို့ လျှောက်ပါတယ်။

## သေချင်းဆိုးပေး မွဲပုံလေး

အဲဒီလိုလျှောက်တော့ အဲဒီဒကာကို ဘုန်းကြီးက 'ဒကာ၊ ဘုန်းကြီး ခုပြော

မည့်စကားကို သေသေချာချာ နားထောင်ပါ။ ဟိုတုန်းက နေ့စဉ် အချိန်မှန်မှန်ကြွတဲ့ ဆွမ်းခံကိုယ်တော်လေးတစ်ပါး ရှိတယ်။ အဲဒီကိုယ်တော်လေးဟာ ချမ်းသာကြွယ်ဝတဲ့ အိမ်တစ်အိမ်က ဒကာမကြီးတစ်ယောက်နဲ့ သားအမိလို ရင်းနှီးတယ်။ ဒကာမကြီးဟာ ချမ်းသာကြွယ်ဝသူပီပီ လက်ဝတ်တန်ဆာတွေ တော်တော်လေး ဝတ်စားထားလေ့ရှိတယ်။ အိမ်မှာလည်း အသုံးအဆောင် ပရိဘောဂပစ္စည်းတွေ တော်တော်လေးစုံလင်ပါတယ်။ ဆွမ်းခံကိုယ်တော်လေးကတော့ နေ့စဉ်ပဲ အကဲခတ်ကြည့်နေပါတယ်။ ဒကာမကြီး လက်ဝတ်တန်ဆာတွေလည်း ကုန်လုနီးပါး ဖြစ်နေတာ တွေ့ရပါတယ်။ နောက်ပြီးတော့ အိမ်ရှိပရိဘောဂတွေလည်း တစ်နေ့တစ်မျိုး လျော့နေတာ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတော့ ကိုယ်တော်လေးက ဒကာမကြီးနဲ့ သားအမိလို ရင်းနှီးသူဖြစ်နေတော့ 'ဒကာမကြီး၊ ဒကာမကြီးရဲ့ လက်မှာလည်မှာ လက်ဝတ်တန်ဆာတွေလည်း သိပ်မတွေ့ရတော့ပါလား၊ ပရိဘောဂပစ္စည်းတွေလည်း တစ်နေ့တစ်မျိုး လျော့နေပါလား' အဲဒါ ဘာကြောင့်ပါလဲ? လို့ မေးပါတယ်။

အဲဒီဒကာမကြီးက 'တပည့်တော် အခုလိုမွဲနေတာ မပြောချင်ပါဘူး ဘုရား' တဲ့။ မပြောချင်ပါဘူးဆိုလေ၊ ကိုယ်တော်လေးက ပြောပါ ဒကာမကြီးရဲ့ ပြောပါ။ ဒကာမကြီးရဲ့လို့ ခဏခဏပြောနိုင်းပါတယ်။ ဒကာမကြီးကတော့ 'ပြောချင်ပါဘူး ကိုယ်တော်၊ ပြောချင်ပါဘူး ကိုယ်တော်'လို့ ခဏခဏပြန်လျှောက်ပါတယ်။

နောက်ဆုံးတော့ ကိုယ်တော်လေးက ခဏခဏပြောနိုင်းတဲ့အတွက် ဒကာမကြီးက 'ကိုယ်တော်လေးရယ်၊ သေသေချာချာ နားထောင်ပါတဲ့။ တပည့်တော် ခုလိုမွဲရတာ ကျောင်းက သေချင်းဆိုးဘုန်းကြီး ပေးတိုင်း ထိုးလို့ မွဲရတာ'တဲ့။

(အားလုံးရယ်ကြ)

ဘယ်ကျောင်းကတဲ့တော့ မသိဘူး။ (အားလုံးရယ်ကြ)

ကဲ- ဒကာ ဘယ်လိုလဲ? နှစ်လုံးနံပါတ် အတိတ်တောင်းဦးမှာလားလို့ မေးလိုက်ပါတယ်။

အဲဒီဒကာက တောင်းဦးမှာဘုရားလို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုန်းကြီးက ဒကာတောင်းလည်း ဘုန်းကြီးက မပေးဘူး။ ဘုန်းကြီးက ဟိုဒကာမကြီးပြောတဲ့ 'သေချင်းဆိုး ဘုန်းကြီး'လို့ အပြောမခံနိုင်ဘူးလို့ ပြောလိုက်ရပါတယ်။

ဒီတော့ ပရိသတ်ရေ၊ မွဲရင်၊ မပေါက်ရင် ဘာဘုန်းကြီးတဲ့လဲ?

(သေချင်းဆိုး ဘုန်းကြီးပါ ဘုရား)

ဘုန်းကြီးကတော့ အဲဒီလိုအပြောမခံနိုင်ဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဒကာလေးကို ခုလည်း (ငါးနှစ်) သွားမလုပ်နဲ့ဦး၊ မွဲရင် မပေါက်ရင် ဘုန်းကြီးကို သေချင်းဆိုးဘုန်းကြီး ပြောနေဦးမယ်။

(အားလုံး ရယ်ကြ)

## အလုံးလေးတွေ အကြောင်း

အဲဒီအလုံးတွေအကြောင်း ဆက်ပြောဦးမယ်။ နားထောင်မယ်မဟုတ်လား။

(နားထောင်ပါမယ် ဘုရား)

ဒါမျိုးကျတော့ ဝါသနာပါတယ်နော်။

(အားလုံး ရယ်ကြ)

အလုံးတွေအကြောင်း။ ဘာအကြောင်းတဲ့လဲ?

(အလုံးတွေအကြောင်းပါ ဘုရား)

## တိုက်ဆိုင်ရှေ့ဆုံး + ဒကာလုံး

ဒီနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရှေ့က တရားထောက်ဒကာကြီးက လည်း ဦးလုံးဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဒကာလုံး။ (ဘုရား)

အလုံးရောဂါဆိုတာ ဘာကိုပြောတာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ဒကာလုံးတို့က လုံးနေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

ပရိသတ်ကို မေးမယ်၊ ပရိသတ်ရေ၊ အလုံးရောဂါဆိုတာ ဘာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ပရိသတ်ကလည်း လုပ်နေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

## သုံးမလောက်တာ 'လုံး' ကြောင့်ပါ

တစ်နေ့ တောမှာ ကျောင်းထိုင်တဲ့ သူငယ်ချင်းတွေ ရောက်လာကြတယ်။

ဆွမ်းစားပြီး ရေနွေးပွဲမှာ ဘုန်းကြီးက 'ကိုယ်တော်၊ ဘယ့်နှယ်လဲ၊ တောမှ ကျောင်းထိုင်ရတာ အဆင်ပြေရဲ့လား။ ဆွမ်း ကွမ်း လာဘ်လာဘ စသည်ပေါ့ ကိုယ်တော်' လို့ မေးလိုက်ပါတယ်။

အဲဒီလိုမေးလိုက်တော့ တောမှာကျောင်းထိုင်တဲ့ သူငယ်ချင်းဆရာတော်က "တပည့်တော်ရွာက အိမ်ခြေတစ်ထောင်လောက်ရှိတယ်။ ကျောင်းကလည်း တပည့်တော် တစ်ကျောင်းတည်းပါပဲ။ ဆွမ်း ကွမ်း လာဘ်လာဘစသည်အားလုံး အဆင်ပြေပါတယ်။ ဒါပေမယ့် တပည့်တော်ကတုံးက နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လောင်းကစားလုပ်တဲ့အတွက် သုံးလို့မလောက်ဘူးတဲ့။

(အားလုံး ရယ်ကြ)

## တုံးမွဲ ထုံးမွဲ

အဲဒီကိုယ်တော်က 'ဘုန်းကြီး၊ ဘုန်းကြီးက စာရေးတာဆိုတော့ စာရေးရင် ထည့်ရေးလို့ရအောင် ကဗျာလေး ယူဦးမလား'လို့ မေးပါတယ်။

ဘုန်းကြီးက လုပ်စမ်းပါဦး ကိုယ်တော်၊ ကိုယ်တော့်ကဗျာလေး မှတ်ပါရစေဦး။ ရွတ်လိုက်စမ်းပါဆိုတော့ 'ဘုန်းကြီး သေသေချာချာမှတ်နော်' တဲ့။ တပည့်တော်တို့ရွာမှာ ဒီကဗျာလေး ခေတ်စားနေတယ်တဲ့။ အဲဒီကဗျာလေးကတော့-

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ နှစ်လုံးထီပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ သုံးလုံးထီပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လုပ်ရင် ဘာတဲ့လဲ? (ကတုံးလည်း မွဲ၊ ဆံထုံးလည်းမွဲပါ ဘုရား)

ဆံထုံးဆိုတာ ဘယ်သူတွေပါလိမ့်? (ဒကာမတွေပါ ဘုရား)

သိရင် ပြီးတာပဲ။ (အားလုံး ရယ်ကြ)

## ရာသီစာလေး ပြောမနေး

ဒီနေရာလေးမှာ 'နှစ်လုံး၊ သုံးလုံး'တွေ များစွာလုပ်တဲ့ ဒကာမကြီးတစ်ယောက်အကြောင်း ပြောရဦးမယ်။ အဲဒီဒကာမကြီးကို ဘုန်းကြီးက ဒါတွေဟာ ဘဝပျက်သွားနိုင်တယ်၊ ဘဝပျက်သူတွေ များတာလည်း ဒကာမကြီး မြင်နေကြားနေရတာပဲ။ အဲဒီနှစ်လုံး သုံးလုံး မလုပ်ပါနဲ့တော့၊ မလုပ်တော့ပါဘုရားလို့

ဘုန်းကြီးကို ဂတိပေးပါလို့ ပြောတော့ အဲဒီဒကာမကြီးက –

"ဂတိမပေးပါရစေနဲ့ ဘုရား။ ရာသီစာလေးဆိုတော့ မနေနိုင်လို့ပါ' ဘုရား" တဲ့။ (အာလုံး ရယ်ကြ)

ပရိသတ်ရေ့ ဘာလေးတဲ့လဲ? (ရာသီစာလေးပါ ဘုရား)

ဒီပရိသတ်ထဲမှာ ရာသီစာ ဒကာ ဒကာမတွေ ဘယ်လောက်ပါလဲ၊ ကြည့်လိုက်စမ်းမယ်၊ ဟာ မနည်းပါလား။ (အားလုံး ရယ်ကြ)

## ခဏခဏ သေပေးကြ

မြို့တစ်မြို့ တရားဟောရောက်တော့လည်း အဲဒီမြို့က သူငယ်ချင်း ကျောင်းထိုင်ဆရာတော်ကို အခြေအနေ ကောင်းရဲ့လားစသည် မေးကြည့်တော့ သူဖြေပုံလေးက သေသေချာချာ နားထောင်နော်။

'ဒီမြို့မှာ ကျောင်းထိုင်ရတာ မဆိုးပါဘူး ဘုန်းကြီးရယ်။ မသာလေးကတော့ သုံးလို့စွဲလို့ရအောင် ခဏခဏ သေပေးသား၊ ဒါပေမဲ့ ကိုယ်က နှစ်လုံး သုံးလုံး ဘောလုံး လောင်းတော့ သုံးလို့မလောက်ဘူး' လို့ ပြောပါတယ်။ (အားလုံး ရယ်ကြ)

အဲဒီကိုယ်တော်ကလည်း ဘုန်းကြီးက စာရေးတာ တရားဟောတာဆိုတော့ ကဗျာလေး မှတ်သွားပါဦးလားလို့ ပြောပါတယ်။ သူ့ရဲ့ကဗျာလေးတွေကတော့–

* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ နှစ်လုံးထီပဲ။
* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ သုံးလုံးထီပဲ။
* မင်းလောင်းလည်း မွဲ၊ ငါလောင်း မွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။ (အားလုံး ရယ်ကြ)

## လောင်းကစားရှောင် ကောင်းစားအောင်

ကဲ– ထားပါတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီနှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ လောင်းကစားတွေ ရှောင်ကြရမယ်နော်။

(မှန်လှပါ ဘုရား)

လောင်းကစားကြောင့် ကောင်းစားသူတွေဆိုတာ ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကောင်းစားချင်သူတွေကို မှာချင်တာကတော့ လောင်းကစား ရှောင်ပါလို့ မှာချင်တာပါပဲ။

## အပါယ်လွတ်ရ + သုဂတိ

ဒီဘဒ္ဒကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာတော့ ဓာတ်တော်ပူဇော်ခဲ့တဲ့အခါမှ စပြီး တော့ အပါယ်လေးပါး လားရောက်ရကယ်ဆိုတာ မသိဘူးပါတဲ့။ အဲဒီလို အပါယ် လေးပါး လွတ်ရတာဟာ ဓာတ်တော်ကို ပူဇော်လုပ်ကျွေးရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

သူ့အကြောင်းတွေကို သူကိုယ်တိုင် ဒီအတိုင်းပဲ ပြန်ဟောပြတယ်နော်။

(မှန်လှပါ ဘုရား)

## ဓာတုပူဇာ + မင်္ဂလာ

သိဒ္ဓတ္ထဘုရားရဲ့ ဓာတ်တော်တစ်ဆူကို လေးလေးနက်နက် ပူဇော်လုပ်ကျွေး လိုက်တော့ သုဂတိမှာ အပါယ်လေးပါးလွတ်၊ လူနတ်ကောင်းရာဘဝတွေမှာပဲ ဖြစ်ပြီး နောက်ဆုံး ဓာတုပူဇကမထေရ်ဆိုတဲ့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုး တွေရကာ မင်္ဂလာဖြစ်သွားတယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ ?

(ဓာတုပူဇာ မင်္ဂလာ တရားပါဘုရား)

ဒီနေ့ဓာတ်တော်ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီဓာတုပူဇက မထေရ် ရတဲ့ကောင်းကျိုးတွေ ရမှာမလွဲဘူးနော်။ (မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေကို လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* သိဒ္ဓတ္ထတွင်၊ ဘုရားရှင်၊ စံဝင်ပရိနိဗ္ဗာန်။
* ဓာတ်တော်တစ်ဆူ၊ ရခဲ့သူ၊ ကြည်ဖြူပူဇော်ပြန်။
* သက်တော်ထင်ရှား၊ မြတ်ဘုရား၊ တူထားပူဇော်ပြန်။
* ငါးနှစ်လုံးပင်၊ စိတ်ကြည်လင်၊ အစဉ်ပူဇော်ပြန်။
* အပါယ်လွတ်ကာ၊ ရဟန္တာ၊ သေချာဖြစ်ရပြန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ရတာကောင်းကျိုးမှန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ပြုပါကုသိုလ်မြန်။

သာဓု သာဓု သာဓု။

ကျမ်းညွှန်း- အပဒါနပါဠိ ၁၊ ၂၅၂။
၅/မ ဖွင့်၊ မြန်မာပြန် ၁၊ ၂၆၂

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနိစ္စလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “မမြဲတစ်ခု + စွဲမြဲရှု”

## တရားတော်

•

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ အနိစ္စာအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### တောထွက်ကြိုးစား ရဟန်းငါးရာ

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူပြီးတော့ တောထဲသွား ကြိုးစားအားထုတ်ကြပါတယ်။

သူတို့ဟာ ကြိုးစားအားထုတ်ပေမယ့်လည်း တရားထူး မရကြပါဘူး။ အရဟတ္တဖိုလ်ကို မရောက်ကြပါဘူး။

### ရဟန်းငါးရာ ပြန်ရောက်လာ

အရဟတ္တဖိုလ်ကို မရောက်တဲ့အတွက် ထူးထူးခြားခြား ကမ္မဋ္ဌာန်းတွေ သင်ယူဦးမယ်၊ နာကြားဦးမယ်လို့ ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရားထံ ပြန်ရောက်လာကြတယ်။

### စဉ်းစားဆင်ခြင် ဘုရားရှင်

အဲဒီရဟန်းငါးရာ ပြန်ရောက်လာတော့ မြတ်စွာဘုရားက စဉ်းစားဆင်ခြင်တော်မူပါတယ်။

ဘယ်လိုစဉ်းစားဆင်ခြင်တော်မူသလဲဆိုတော့ ဒီရဟန်းငါးရာနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းဟာ ဘယ်ကမ္မဋ္ဌာန်းဖြစ်မလဲလို့ ဒီလိုဆင်ခြင်တော်မူပါတယ်။

## မမြဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

အဲဒီလို ဘုရားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ အဲဒီရဟန်းငါးရာဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အနှစ်နှစ်သောင်း ကြာအောင် မမြဲခြင်းအနိစ္စလက္ခဏာကို စွဲစွဲမြဲမြဲရှုမှတ် ကြိုးစားအားထုတ်ဖူးတာကို တွေ့ရပါတယ်။

## ဖြစ်ပြီး ပျက်ရ အနိစ္စ

အဲဒီလို မမြဲခြင်းအနိစ္စတရားကို စွဲစွဲမြဲမြဲ ရှုတာကို တွေ့ရတဲ့အတွက်ကြောင့် မမြဲခြင်းအနိစ္စလက္ခဏာနဲ့ အဲဒီရဟန်းငါးရာကို ဂါထာတစ်ပုဒ် ရွေးကာထုတ်ပြီးတော့ တရားဟောသင့်တယ်လို့ ကြံတွေးဉာဏ်မြင် ဆင်ခြင်တော်မူပြီးတော့ "ချစ်သား ရဟန်းတို့ ကာမဘဝအစရှိသည်တို့မှာ အားလုံးသောသင်္ခါရတရားတွေဟာ ဖြစ်ပြီး ရင် မရှိခြင်းဆိုတဲ့ အနက်သဘောကြောင့် အနိစ္စသာဖြစ်တယ်"လို့ မိန့်ကြား တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူလိုက်ပါတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၅၂၊ ၂၅၅)

ဘိက္ခဝေ– မမြဲတရား မြဲစွာရှုပွားခဲ့ဖူးသည့် အိုချစ်သား ရဟန်းများတို့။ သဗ္ဗေ၊ အားလုံးကုန်သော။ သင်္ခါရာ–ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာ တို့၊ ကောင်းစွာပြုဖန်၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိစ္စာ– ဖြစ်ပြီး ပျက်ရ၊ သဘာဝကြောင့်၊ မုချပုံသေ၊ အမြဲမရှိကြလေကုန်၏။ ဣတိ– ဤသို့။ ယဒါ– တရား အလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်လေရာ၊ အကြင်အခါ၌။ ပညာယ– အထူး ရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ထင်ထင်၊ ထိုသို့ရှုမြင်လေသော်၊ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရ မြဲ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ– ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေညစ်ကြေး၊ အပြစ်ဘေးတို့ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေ တော့၏။

ကံ, စိတ်, ဥတု. အာဟာရဆိုတဲ့ အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားအားလုံးဟာ အမြဲမရှိဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်

သိမြင်လာတဲ့အခါ ဒီခန္ဓာကိုယ်ကို ဆောင်ရခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှာ စိတ်ပျက်ပြီး ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာ စင်ကြယ်ခြင်းရဲ့ လမ်းကြောင်းဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဖြစ်ပြီး ပျက်ရ မမြဲခြင်း အနိစ္စ၊ မပြတစ်ခု စွဲမြဲရှုဆိုတဲ့ ဒီတရားဒေသနာတော်ရဲ့ အဆုံးမှာတော့ အဲဒီရဟန်းငါးရာဟာ (ဖြစ်ပြီးပျက်ရ အနိစ္စ၊ မပြတစ်ခု စွဲမြဲရှု) တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## ဆုတောင်းမိတာ ဒီလိုပါ

ဖြစ်ပြီးပျက်ရ၊ မမြဲခြင်းအနိစ္စသဘောတရားကို စွဲစွဲမြဲမြဲရှုမှတ်ဆင်ခြင် နှလုံးသွင်းခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိစေတာကို တွေ့ရပါတယ်။

ဒီ "မပြတစ်ခု စွဲမြဲရှု" ဆိုတဲ့ တရားတော်ကို နာကြားရသူ၊ လေ့လာဖတ်ရှုရသူများလည်းပဲ ရဟန်းငါးရာလို ရဟန္တာဖြစ်အောင် "မပြတစ်ခုကို စွဲစွဲမြဲမြဲ လေးလေးစားစား အရေးထားကာ ရှုပွားဆင်ခြင် နှလုံးသွင်းနိုင်ကြပါစေ"လို့ ဆုတောင်းမိပါတယ်။

## အထူးသတိလေး ကူညီရေး

မိဘတို့ မိဘာ၊ ဆရာသမား၊ ဆွေမျိုးစတဲ့ ပုဂ္ဂိုလ်တွေ နေမကောင်းတဲ့အခါ၊ သို့မဟုတ် သေခါနီးအချိန်တွေမှာ ဒီဂါထာလေးတွေ ရွတ်ပေးသင့်တယ်။ ဝိပဿနာ ရှုပွားစေသင့်တယ်။ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းနိုင်တယ်။ တရားထူးလည်း ရသွားနိုင်တယ်။ ဘဝကူးလည်း ကောင်းသွားနိုင်တယ်။

နေမကောင်းသူ၊ သေခါနီးသူများကို အထူးကူညီသင့်ပါတယ်။ ရောဂါပျောက်ရေး၊ ဘဝကူးကောင်းရေး အထူးသတိပေး ကူညီသင့်ပါတယ်။

## အရှင်သောဏ မဟာထေရ်

ဒီနေရာမှာ ဆက်စပ်နေတဲ့အတွက် သောဏတောင်ခြေက အစလကျောင်းတိုက်မှာ နေတော်မူတဲ့ အရှင်သောဏ မဟာထေရ်ဆရာတော်ရဲ့ အဖေကို ကျေးဇူး

ဆပ်ပုံကောင်းလေးကို ပြောပြချင်ပါတယ်။ ဘဝကူးကောင်းရေး နိမိတ်ဖြစ်ပြီး အထူးကူညီသတိပေးပုံလေးကို ပြောပြချင်ပါတယ်။

## သောဏဖခင် မုဆိုးပင်

အရှင်သောဏရဲ့အဖေက ခွေးမုဆိုးဖြစ်နေပါတယ်။ ခွေးတွေနဲ့ လှည့်လည်ပြီး သားကောင်တွေကို သတ်ဖြတ်နေပါတယ်။

## ပြောဆိုဆုံးမ သူမရ

အရှင်သောဏက ပြောဆိုဆုံးမပေမယ့် မရပါဘူး။ ဆက်ပြီး လုပ်မြဲလုပ်နေပါတယ်။

အသက်အရွယ်ကြီးလာတဲ့အခါမှာ သနားတာနဲ့ သက်နံးဝတ်ရန် အလိုမရှိတဲ့ဖခင်ကြီးကို အရှင်သောဏက အတင်းပဲ သင်္ကန်းဝတ် ရဟန်းပြုပေးလိုက်ပါတယ်။

## အတင်းလုပ်ပေး ကုသိုလ်ရေး

(ဒီနေရာလေးကို ကြည့်ပြီးတော့ မိဘများကို ကောင်းတဲ့ကုသိုလ်အလုပ်တွေကို ဇွတ်အတင်း လုပ်ပေးဖို့ လိုတယ်လို့ ကောက်ချက်ချမိပါတယ်။

## စားတော့မည့်ဟန် ခွေးဝိုင်းရံ

အဲဒီတောထွက်ရဟန်းကြီး နေမကောင်းလို့ အိပ်နေစဉ်မှာ ငရဲနိမိတ်ထင်လာပါတယ်။ သောဏတောင်ခြေက ခွေးကြီးတွေလာပြီး ကိုက်စားတော့မလို ဝိုင်းရံနေကြပါတယ်။ တောထွက်ရဟန်းကြီးက အလွန်ကြောက်လန့်ပြီးတော့ "ချစ်သား သောဏ တားမြစ်ပေးပါဦး၊ ချစ်သားသောဏ တားမြစ်ပေးပါဦး"လို့ ပြောနေပါတယ်။

## အစုံပြောပြ သောဏဖခင်

အရှင်သောဏက "ဘာလဲ ဦးပဥ္စင်းကြီးရဲ့"လို့ မေးတော့ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ သင်မမြင်ဘူးလား"လို့ ပြောပြီးတော့ ခွေးကြီးတွေ ဝိုင်းနေတယ်ဆိုတဲ့အကြောင်းစုံကို ပြောပြပါတယ်။

## စေတီရင်ပြင် ပန်းတွေတင်

ဒီတော့ အရှင်သောဏက "ငါလို ဓမ္မကထိကရဟန်းတစ်ပါးရဲ့အဖေဟာ ဘာ့ကြောင့်ငရဲဖြစ်ရမှာလဲ၊ ငါဟာ ဖခင်ဦးပဥ္စင်းကြီးရဲ့ ထောက်တည်ရာဖြစ်ရတော့မယ်"ဆိုတဲ့ အကြံနဲ့ ကိုရင်တွေကို ပန်းကွေ့ချူးခိုင်းလိုက်ပါတယ်။ ကိုရင်တွေ ချူးလာတဲ့ပန်းတွေနဲ့ စေတီရင်ပြင် ဗောဓိရင်ပြင်တွေမှာ တစ်ပြင်လုံး ပန်းတွေခင်း ပူဇော်မှုနဲ့ နေရာကို ပူဇော်မှုတွေ အလုပ်ခိုင်းထားပါတယ်။

## ဖခင်တွက်ပါ ပန်းနေရာ

ဖခင်ဦးပဥ္စင်းကြီးကို ခုတင်နဲ့ စေတီရင်ပြင်ပေါ်ကို ယူလာပါတယ်။ ဦးပဥ္စင်းကြီးကို ခုတင်ပေါ်မှာ လဲလျောင်းနေစေပြီး "ဦးပဥ္စင်းကြီး၊ ဒီပန်းတွေ ဒီနေရာတွေဟာ ဦးပဥ္စင်းကြီးအတွက် ပူဇော်ထားတာဖြစ်တယ်။

## ပြောဟောသင်ပြ သားသောဏ

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့ဒီပူဇော်မှုဟာ သူဆင်းရဲရဲ့လက်ဆောင်လေး ဖြစ်ပါတယ်လို့ နှုတ်ကလည်း ဆိုလိုက်ပါဦး။ ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလိုက်ပါ။ စိတ်ကလည်း လှူရတာ၊ ရှိခိုးရတာတွေကို ဝမ်းသာပြီး ကြည်ညိုနေပါ၊ ကြည်လင်နေပါ။ (စိတ်ကို ကြည်လင်ပါစေ)" လို့ ဓမ္မကထိကာပီပီ သင်ပြဟောပြော ပေးပါတယ်။

## ကြည်ညိုကြည်လင် နတ်ပြည်ထင်

ဦးပဥ္စင်းကြီးကလည်း ပန်းပူဇော်ထားတာကို ကြည့်ရှုပြီး သားတော်သောဏ သင်ပြဟောပြောပေးတဲ့အတိုင်း ပြောဆိုပြုလုပ်ကာ စိတ်ကိုကြည်ညိုစေပါတယ်။ (စိတ်ကို ကြည်ကြည်လင်လင်လေး ထားလိုက်ပါတယ်။)

အဲဒီအချိန်မှာပဲ ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ် ထင်လာပါတယ်။ နန္ဒဝန် ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ ဗိမာန်တွေ၊ နတ်ကချေသည်တွေ ခြံရံလို့ တည်နေကြသလို ဖြစ်နေကြပါတယ်။

## တွေ့ရမြင်ရ ဖယ်ပေးကြ

ဒါတွေကိုတွေ့ရတော့ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ၊ ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါ"လို့ ပြောနေပါတယ်။

## မယ်တော်များစွာ လာနေတာ

အဲဒီလိုပြောတော့ အရှင်သောဏက "ဦးပဥ္ဇင်းကြီး၊ ဘာတွေပြောနေတာလဲ၊ ဘာတွေလဲ" လို့ မေးတဲ့အခါမှာ ဦးပဥ္ဇင်းကြီးက "ချစ်သားသောဏ၊ သင့်မယ်တော်တွေ (သင့်မိထွေးတွေ) လာနေကြတယ်လို့ ပြန်ပြောပြပါတယ်။

## နိမိတ်ကောင်းထင်+သားသိမြင်

အဲဒီလို ဖခင်ဦးပဥ္ဇင်းကြီးရဲ့ ပြောပြတာကို ကြားရတော့ အရှင်သောဏက "ငါ့ဖခင်ဦးပဥ္ဇင်းကြီးမှာ နတ်ပြည်နိမိတ်ထင်လာပြီ" လို့ စဉ်းစားဆင်ခြင် သိမြင်သွားပါတယ်။ ဖခင်ဦးပဥ္ဇင်းကြီးကို နိမိတ်ကောင်းထင်လာအောင် ကြိုးစားပြုပြင်ပေးရကျိုး နပ်သွားပါတယ်။ (သမ္မောဟဝိနောဒနီ၊ ၄၊ ၄၂၀)

## အထူးနှေညှ ကူညီကြ

အရှင်သောဏ (ဓမ္မကထိက) ဆရာတော်နဲ့ သူ့ဖခင်အကြောင်းကို ဖတ်ရှုပြီးတဲ့အခါမှာ သားကောင်း ဓမ္မကထိက အရှင်သောဏလို မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူအပေါင်းတွေ ဘဝနိဂုံးချုပ်ခါနီးမှာ ဂတိကောင်းအောင်၊ ဘဝကူးကောင်းအောင်၊ ကောင်းရာရောက်အောင် အထူးကူညီသတိပေးနိုင်ကြပါစေ၊ အထူးကူညီသတိပေးတတ်ကြပါစေ။

## ဘဝကူးကောင်းမှာ မလွဲပါ

မိမိအပေါ်မှာ ကျေးဇူးတရား အလွန်များကြတဲ့–

၁။ ပထမဆုံးရဲ့ဟန်းဒါယကာကြီး ဦးသိန်း (မော်လမြိုင်ကျွန်းမြို့)။
၂။ ဖခမည်းတော်ကြီး ဦးကြည်မောင် (ကင်မွန်းတောင့်ရွာ၊ ဆိပ်ဖြူမြို့နယ်)။
၃။ ဆရာတော်ဦးကေလာသ (စာချဆရာတော်၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်းမြို့)၊
(မိမိအား ဆင်ဖြူတောင်ကျောင်း လွှဲအပ်သွားသော ဆရာတော်)။
၄။ ဒေါ်အမာ (ကျောက်တန်းမြို့။ ကျောင်း၊ ပလ္လင်၊ ဘုရားများလှူ)
၅။ ဒေါ်ဝင်းဝင်းရီ (ဝိဇ်ဇာတာရုံငါးထပ်တိုက်ကျောင်းတော်ကြီး၊ ဝင်းမေတ္တာမြေညီထပ် တိုက်ကျောင်း ဒါယိကာမ၊ ရဟန်းဒါယိကာမကြီး) တို့ကား မိမိဟောပြော ရွတ်ဖတ်ပေးနေတဲ့ အနှစ်စစ်သောတရားများ၊ ပရိတ်ပဋ္ဌာန်းဂါထာ ရားတော်များကို နာကြားရင်း ဘဝနိဂုံးချုပ်သွားကြတယ်။

သူတို့ဘဝများကား ဘဝကူးကောင်းမှာ မလွဲပါဟု ကောက်ချက်ချမိပါတယ်။

## အကျိုးများတဲ့ တရားတစ်ပုဒ်

ဒီ ''မမြဲတစ်ခု+စွဲမြဲရှု''ဆိုတဲ့ တရားတော်ကို နာကြားရန် ရောက်လာကြတဲ့ တရားနာပရိသတ်တွေအတွက်လည်း ''မမြဲတစ်ခုကို စွဲမြဲစွာ ရှုမှတ်ဆင်ခြင် ပွားများခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိတဲ့တရားတော်ဖြစ်တယ်။ ငါတို့လည်း မမြဲခြင်းတရားကို စွဲစွဲမြဲမြဲ ရှုပွားသင့်တယ်''ဆိုတဲ့ အသိဉာဏ်တွေ တိုးပွားစေကာ အကျိုးရှိတဲ့၊ အကျိုးများတဲ့ တရားတော်ကြီးတစ်ပုဒ် ဖြစ်သွားပါတယ်။

## မမြဲတစ်ခု စွဲကြိုးရှု

မမြဲတစ်ခုကို စွဲစွဲမြဲမြဲရှုပါ၊ ကြိုးရှုပါ။ မမြဲတာတွေ တွေ့လာရင် ခံနိုင်ရည်ရှိမယ်၊ ရှုမထားရင်တော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

ကြိုးတင်ပြီး ရှုထားရင် ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမယ်။

## ဝိပဿနာ+မြတ်ကဗျာ

* ရုပ်နာမ်ဝမ္ဗ၊ သင်္ခါရ၊ ဘာမှမမြဲပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်္ဋတွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မမြဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မွေပဒ၊ ၄၊ ၂၊ ၂၅၅)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ ဒုက္ခလက္ခဏာဝတ္ထုကို

တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ''ဆင်းရဲတစ်ခု + စွဲမြဲရှု''

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ ဒုက္ခာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### ရဟန်းငါးရာ ပြန်ရောက်လာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး ဟောထ[illegible]ား တရားအားထုတ်နေကြတယ်။ တရားထူးမရတော့ အခြားကမ္မဋ္ဌာန်းတရား နာကြားသင်ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားထံပြန်ရောက်လာကြပါတယ်။

### ဆင်းရဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

ဘုရားက သူတို့အတွက် သင့်တော်မည့်ကမ္မဋ္ဌာန်းတရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက ဆင်းရဲခြင်းဒုက္ခလက္ခဏာမှာ စွဲစွဲမြဲမြဲ ရှုမှတ်ဆင်ခြင်နှလုံးသွင်း အားထုတ်ဖူးတာကို တွေ့ရတဲ့အတွက် ''ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ အဖန်တလဲလဲ နှိပ်စက်ခြင်းဆိုတဲ့ အနက်ကြောင့် ဆင်းရဲဒုက္ခတွေပဲ ဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ၊ ၃၊ ၂၊ ၂၇၈)

သဗ္ဗေ– အလုံးစုံကုန်သော။ သင်္ခါရာ– ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ ဒုက္ခာ– အမြဲမပြတ်၊ နှိပ်စက်တတ်သော၊ ထိုသဘောကြောင့်၊ ဆိုပြောအရ၊ ဆင်းရဲကုန်၏။ ဣတိ–ဤသို့။ ယဒါ– ဝိပဿနာဉာဏ်၊ ရင့်သန်လာရာ၊ အကြင်အခါ၌။ ပညာယ– အထူးရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ကောင်းစွာ၊ ထိုသို့ရှုမြင်ရာအခါ၌။ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲစိတ်မှာ၊ ငြီးငွေ့လာ၏။ သေ–ဝသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်း အစစ်၊ အမှန်ပင်ဖြစ်ပါပေတော့၏။

အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးဟာ ဆင်းရဲတွေပဲလို့ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်ကိုသိမြင်လာတဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာတွေ စင်ကြယ်ကြောင်းဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တယ်လို့ ဟောကြားတော်မူလိုက်ပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဒီတရားတော်ရဲ့အဆုံးမှာ ဆင်းရဲတစ်ခုကို စွဲစွဲမြဲမြဲရှုခဲ့တဲ့ ရဟန်းငါးရာဟာ ဆင်းရဲတစ်ခုကို စွဲမြဲစွာရှုလိုက်တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## အကျိုးများသော တရားတစ်ပုဒ်

ဒီ 'ဆင်းရဲတစ်ခု စွဲမြဲရှု' ဆိုတဲ့ တရားတော်ဟာ တရားနာရောက်လာသူတွေအတွက်လည်း အကျိုးများတဲ့၊ အကျိုးကြီးတဲ့ အသိဉာဏ်တွေ အများကြီးရစေတဲ့ တရားကောင်းတစ်ပုဒ် ဖြစ်သွားပါတယ်။

## ဆင်းရဲတစ်ခု စွဲကြိုးရှု

ဆင်းရဲတဲ့ဒုက္ခတရားကို စွဲစွဲမြဲမြဲ ကြိုးကြိုးတင်တင် ရှုထားရင် ဆင်းရဲဒဏ်တွေ တွေ့လာရင် ဆင်းရဲဒဏ်ခံနိုင်ရည်ရှိမယ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် အကျိုးရှိမယ်။

## အားပေးတာဟာ အားဆေးပါ

ဆင်းရဲတဲ့ ရောဂါဝေဒနာဒဏ်တွေ ခံစားနေရသူများကို ဒီတရားစကား ဂါထာလေးအတိုင်း ပြောပေး ဟောပေး အားပေးသင့်တယ်။ အားပေးတာဟာ အားဆေးကောင်းဖြစ်တယ်။ ဝိပဿနာဆိုင်ရာ ဂါထာတွေ၊ ကဗျာလင်္ကာတွေ၊ စကားပြေဝတ္ထုသွား ပြောဟောပေးမှုတွေဟာ အကောင်းဆုံးအားပေးမှု၊ အကောင်းဆုံး အားဆေးအစုဖြစ်တယ်။

### ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်မွေ့၊ သခါရ၊ ဒုက္ခဆင်းရဲတာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်မြတ်တွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* ဆင်းရဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ၄း ၂၊ ၂၅၅၊ ၂၅၆)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနတ္တလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "စွဲမြဲရှုပါ+မပိုင်တာ"

တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေဓမ္မာ အနတ္တာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### တောထဲကိုသွား ရဟန်းငါးရာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းတောင်းယူပြီး တောထဲသွားတရားအားထုတ်နေကြတယ်။

### တရားမရ ပြန်လာကြ

တရားထူးမရတော့ ဘုရားထံ ပြန်ရောက်လာကြတယ်။ သူတို့ပြန်လာတာကတော့ အခြားကမ္မဋ္ဌာန်း သင်ယူနာကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်လာတာပါပဲ။

### ဆင်ခြင်ဟောပြ အနတ္တ
### စွဲမြဲရှုပါ မပိုင်တာ

ဘုရားက သူတို့နဲ့ သင့်တော်မည့်တရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက မပိုင်ခြင်း၊ မနိုင်ခြင်း၊ အလိုသို့မလိုက်ခြင်း၊ အစိုးမရခြင်းဆိုတဲ့ အနတ္တလက္ခဏာမှာ အဖန်တလဲလဲ စွဲမြဲစွာအားထုတ်ဖူးတာကို သိရတဲ့အတွက်–

ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ မိမိရဲ့အလိုသို့ မလိုက်ခြင်းဆိုတဲ့

အနက်သဘောကြောင့် အနတ္တဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါ စွဲမြဲရှုပါ မပိုင်တာ ဂါထာတော်ကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၆)

သဗ္ဗေ– အလုံးစုံကုန်သော။ ဓမ္မာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ– မအိုခါခါ၊ မသေပါလို့၊ တောင်းဆုဆိုလည်း၊ ဆိုကာမရ၊ အစိုးမရကုန်။ ဣတိ– ဤသို့။ ယဒါ– ဉာဏ်မြင်ရင့်လာ၊ အကြင်အခါ၌။ ပညာယ– ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့် ထင်ထင်၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ကိုယ်ကောင်ဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ–ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေတော့၏။

ခန္ဓာငါးပါး အလုံးစုံသော ရုပ်နာမ်တရားတွေဟာ မအိုပါစေနဲ့ မသေပါစေနဲ့ လို့ တောင်းဆုဆိုလို့ မရနိုင်ဘူး။ ကိုယ့်အလို ကိုယ့်အကြိုက် ဘာတစ်ခုမှ အလို မလိုက် အကြိုက်မဆောင်ကြဘူး။ အစိုးမရကြဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်ကို သိမြင်တဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့စိတ်ပျက်လာတယ်။

အဲဒီငြီးငွေ့စိတ်ပျက်ခြင်းဟာ ကိလေသာစင်ကြယ်ကြောင်း၊ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းလမ်းမြတ်ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ "စွဲမြဲ ရှုပါ မပိုင်တာ"ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာတော့ ရဟန်းငါးရာဟာ အရဟတ္တ ဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

တရားနာရောက်လာ ပရိသတ်များစွာအတွက်လည်းပဲ အကျိုးရှိတဲ့ တရား ကောင်းတစ်ပုဒ် ဖြစ်သွားပါတော့တယ်။

## ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်ဓမ္မ၊ အနတ္တ၊ မှတ်ကြမပိုင်တာ။
* စွဲမြဲစွာရှု၊ မပိုင်မှု၊ သတိပြုစရာ။

F 31 B

* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင့်တွင်ငြိုးငွေ့လာ။
* ငြိုးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မပိုင်အမှု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မပိုင်တရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ဌ၊ ၂၊ ၂၅၃၊ ၂၅၆)

## ဆရာတော်ဦးသီလ စကားလှ အနတ္တလက်ဆောင်

ဒီနေရာမှာ ဆက်စက်နေတဲ့အတွက် ရဟန္တာလို့ ကျော်ကြားတော်မူတဲ့ ဆရာတော်ဦးသီလရဲ့အကြောင်းကို တင်ပြချင်ပါတယ်။

တစ်နေ့ ဆရာတော်ဦးသီလထံကို မြို့ပိုင်၊ နယ်ပိုင်ကြီးတွေ သွားရောက်ပြီး ဖူးမြော်ကြပါတယ်။

ဆရာတော်ကြီးက ရောက်လာတဲ့ ဒကာကြီးတွေကို ဘယ်ကလဲစသည်ဖြင့် မေးတဲ့အခါမှာ ဒကာကြီးတစ်ယောက်က "တပည့်တော်က ဘယ်မြို့က မြို့ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

နောက်တစ်ယောက်ကလည်း "တပည့်တော်က ဘယ်နယ်က နယ်ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ အားရပါးရ ဂုဏ်ထူးတွေဖော်ပြီး လျှောက်ထား ကြပါတယ်။

အဲဒီဒကာကြီးတွေ လျှောက်ထားပြီးတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒီဘက်က ဒကာကြီးက မြို့ပိုင်ကြီး ဟုတ်လား" လို့ မေးတော်မူပါတယ်။

မြို့ပိုင်ဒကာကြီးက ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ တော်လိုက်တာ၊ မြို့တောင်ပိုင်တယ်၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်ကိုတောင် မပိုင် ဘူးဗျာ"လို့ မိန့်တော်မူပါတယ်။

နောက်ဆက်ပြီးတော့ ဆရာတော်ဦးသီလက "ဟိုဘက်က ဒကာကြီးက နယ်ပိုင်ကြီးဆိုတာ ဟုတ်လား"လို့ မေးတော်မူပါတယ်။

နယ်ပိုင်ကြီးကလည်း ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ

တော်လိုက်တာ၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်တောင် မပိုင်ဘူးဗျာ''လို့ မိန့်တော်မူလိုက်ပါသတဲ့။

ဆရာတော်ကြီးက အနတ္တသဘောကို နားမလည်သူတွေကို အနတ္တသဘော နားလည်သွားအောင် တရားပြ၊ တရားဟောလိုက်တာပါပဲ။ မြို့ပိုင်၊ နယ်ပိုင်ကြီးတွေရဲ့ ''ပိုင်''ဆိုတဲ့ စကားလုံးလေးကို ''မပိုင်''ဆိုတဲ့ ''အနတ္တ''တရားလေး မြင်အောင် ပြင်ပေးလိုက်တာပါပဲ။

ဆရာတော်ဦးသီလရဲ့ သီလတွေကလည်း ရဟန္တာလို့ ကျော်ကြားသည်အထိ လှပတော်မူပါတယ်။ မြို့ပိုင် နယ်ပိုင်ကြီးတွေကို ဆုံးမလိုက်တဲ့ တရားစကားကလည်း တကယ်လှပတော်မူပါတယ်။

## ပြုံးစိပြုံးစိ ဖုံးဖိကာပြန်

မြို့ပိုင်၊ နယ်ပိုင်ကြီးတွေဟာ ဆရာတော်ကြီးဖူးပြီး စကားကောင်း၊ တရားကောင်း အဆုံးအမကောင်းလေးကို နာကြားမှတ်ယူပြီး ပြုံးစိပြုံးစိနဲ့ သူတို့ရဲ့ မြို့ပိုင် နယ်ပိုင်ဆိုတဲ့ ဂုဏ်ထူးကို ဖုံးကာဖိကာ ပြန်သွားကြပါတယ်။

## အမြဲတွေး အမြဲမေးကာ အတ္တခွာ

အိုလူသား သတိထားပါ၊ အသိများပါ၊ သင်ကော ငါပါ

ဘယ်အရာတွေ ပိုင်သလဲ?

ဘယ်အရာတွေ နိုင်သလဲ?

ဘယ်အရာတွေ ဆိုင်သလဲ?

ဘယ်အရာတွေ မယိုင်မြဲ?

ဘယ်အရာတွေ အစိုးရသလဲ?

ဘယ်အရာတွေ အလိုလိုက်သလဲ?

ဘယ်အရာတွေ အကြိုက်ဆောင်သလဲ?

အမြဲတွေးကာ အမြဲမေးပါ။

* အနတ္တသဘောတရားတွေကို

အမှတ်တရ တွေး၊ အမှတ်တရမေးကာ

အတ္တကွာ အတ္တခွာနိုင်ကြပါစေ။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်၊ ပဉ္စသတဘိက္ခုဝတ္ထုကို

တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ပန်းနဲ့ပြိုင်ကာ ကြိုးစားပါ"

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

ဝဿိကာဝိယ ပုပ္ဖာနိ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### ပန်းကြွေမြင်ရ တဒင်္ဂဝယ်

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲသွားတရားအားထုတ်ကြတဲ့အခါ နံနက်စောစောပိုင်းက ပွင့်ကြတဲ့ မြတ်လေးပန်းတွေဟာ ညနေချမ်းအချိန်ရောက်တော့ အညှာမှကြွေကျ မြေခနေတာကို တွေ့မြင်ကြရပါတယ်။

ပန်းတွေက ရဟန်းတွေကို တရားပြနေသလို ရဟန်းတွေမှာ ခံစားရပါတယ်။

လောကကြီးမှာ မြင်တတ် ရှုတတ်မယ်ဆိုရင် အရာအားလုံးဟာ တရားတွေချည်းပါပဲလို့ ဆိုချင်ပါတယ်။

ခုပဲကြည့်လေ၊ မြတ်လေးပန်းအထွေထွေက ရဟန်းတွေကို တရားပြနေသလိုပါပဲ။

ဝိပဿနာရှုမှတ်တဲ့ ရဟန်းမြတ်တွေဆိုတော့ မြတ်လေးပန်းတွေ ကြွေကျလို့ အခြေအနေမလှမပ မြေအခ မြင်ကွင်းလေးကိုကြည့်ပြီးတော့ သတိထား၊ အသိပွားပြီးတော့ တရားရှုကြတယ်။

### ပန်းနဲ့ပြိုင်ယှဉ် ကြိုးစားစဉ်

ဘယ်လိုရှုကြသလဲ၊ ရှုပုံလေးက ဒီလိုပါ။ ဟော့ ပန်းကလေးတွေ သင်တို့

အညာတွေကနေပြီးတော့ ကြွေမကျခင်မှာဘဲ ငါတို့ဟာ ရာဂအစရှိတဲ့ တရားဆိုးတွေက လွတ်အောင် ကြိုးစားအားထုတ်ပြမယ်လို့ ဆုံးဖြတ်ပြီး ပန်းတွေနဲ့ပြိုင်ကာ တရားအားထုတ် ကြိုးစားနေကြပါတယ်။

## ရောင်ခြည်လွှတ်ကာ ဟောကြားရှာ

မြတ်စွာဘုရားက အဲဒီရဟန်းတွေကို ကြည့်ရှုတော်မူပြီးတော့ "ချစ်သား ရဟန်းတို့၊ ရဟန်းဆိုတာ အညာကနေ လွတ်ထွက်ကြွေကျနေတဲ့ ပန်းနဲ့တူစွာ ပန်းနဲ့ပြိုင်ပြီးတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ကြိုးစားအားထုတ် ရမယ်လို့ (ပန်းနဲ့ပြိုင်ကာ ကြိုးစားဝါလို့) မိန့်တော်မူကာ ဂန္ဓကုဋီမှာ နေတော်မူပြီးတော့ ရောင်ခြည်တော်အလင်းရောင်ကို ဖြန့်နှံ့စေကာ (ရောင်ခြည်တော်လွှတ်ပြီး) ဒီဂါထာတော်ကို ဟောကြားတော်မူပါတယ်။

## မြတ်စွာဟောပြ ပန်းခွေချ

ဝဿိကာ ဝိယ ပုပ္ဖာနိ၊
မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊
ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

(ဓမ္မပဒ၊ ၅၊ ၂၊ ၃၇၇)

ဝဿိကာ– မိုးရာသီရောက်၊ မိုးရေသောက်ကာ၊ ပွင့်လာတွင်တွင်၊ မြတ်လေး ပင်သည်။ မဒ္ဒဝါနိ– ပွင့်ပြီးနောက်မှာ၊ ညှိုးနွမ်းလာကြကုန်သော။ ပုပ္ဖာနိ– တစ်ညဥ့် လွန်လျက်၊ တစ်ရက်ကူးပြောင်း၊ ပန်းပွင့်ဟောင်းတို့ကို။ ပမုဉ္စတိဝိယ– လေက အသုတ်၊ ညှာမှဖြုတ်ကာ၊ ခွေချပါသကဲ့သို့။ ဧဝံ– ပမာနှိုင်းယှ၊ ဤအတူပင်လျှင်။ ဘိက္ခဝေါ– သံသရာဘေး၊ တွေ့မည့်ရေးကို၊ မျှော်တွေးကြောက်ငြား အိုရဟန်းများ တို့။ တုမှေ– သံသရာဘေး၊ လွတ်ရေးရည်မှန်း၊ သင်ရဟန်းတို့သည်။ ရာဂဉ္စ– တဏှာရမက်၊ အလိုပျက်ကိုလည်းကောင်း။ ဒေါသဉ္စ– ဖျက်ဆီးတတ်လှ၊ မျက်ဒေါသ ကိုလည်းကောင်း။ ဝိပ္ပမုဉ္စေထ– ကိုယ်မှလွှဲသုန်၊ လွတ်မြောက်စေကြကုန်လော့။

(ဓမ္မပဒပန်းကုံး–၄၃၄)

## ကြွေကျအောင် ခွေချရမယ်

မြတ်လေးပန်းပင်ဟာ ရင့်ရော်ညှိုးနွမ်းနေကြတဲ့ အပွင့်တွေကို ကြွေကျစေ

သလို (ခြွေချသလို) ရဟန်းတို့ သင်တို့ကလည်း သင်တို့ရင်မှာ တွယ်ကပ်ခိုအောင်းကာ ပွင့်လန်းနေကြတဲ့ ရာဂပန်း၊ ဒေါသပန်းတွေကို ကြွေကျအောင် ခြွေချရမယ်လို့ အားပေးတရား ဟောကြားတော်မူပါတယ်။

## ပန်းနွဲ့ပြိုင်ကာ ရဟန္တာ

အဲဒီမြတ်စွာဘုရားရဲ့ အားပေးစကား အားပေးတရားနဲ့ ကြိုးစားအားထုတ်လိုက်ကြတာ "ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ" ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာ ရဟန်းတော် ငါးရာဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်တော်မူကြပါတယ်။

## ကြိုးစားနိုင်စေ တောင်းဆုခြွေ

ပန်းနွဲ့ပြိုင်ကာ ရဟန္တာဖြစ်အောင် ဝိပဿနာတရားတွေ ကြိုးစားအားထုတ်နိုင်ကြပါစေ။

ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ တရားတော် ပြီးပြီ။

## ၂။ စုန္ဒီသုတ္တံ

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

အထခေါ စုန္ဒီ ရာဇကုမာရီ ပဉ္စဟိ ရထသတေဟိ ပဉ္စဟိ ကုမာရိသတေဟိ ပရိဝုတာ ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊

ဧကမန္တံ နိသိန္နာ ခေါ စုန္ဒီ ရာဇကုမာရီ ဘဂဝန္တံ ဧတဒဝေါစ–

အမှာကံ ဘန္တေ ဘာတာ စုန္ဒော ရာဇကုမာရော ဧဝမာဟ "ယဒေဝ သော ဟောတိ ဣတ္ထီ ဝါ ပုရိသော ဝါ ဗုဒ္ဓံ သရဏံ ဂတော, ဓမ္မံ သရဏံ ဂတော, သံဃံ သရဏံ ဂတော,

ပါဏာတိပါတာ ပဋိဝိရတော,
အဒိန္နာဒါနာ ပဋိဝိရတော,
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော,
မုသာဝါဒါ ပဋိဝိရတော,
သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော,
သော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိ"န္တိ။

သာဟံ ဘန္တေ ဘဂဝန္တံ ပုစ္ဆာမိ–

* ကထံရူပေ ခေါ ဘန္တေ သတ္ထရိ ပသန္နော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိံ၊

* ကထံရူပေ ဓမ္မေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။

* ကထံရူပေ သံဃေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။

* ကထံရူပေသု သီလေသု ပရိပူရကာရီ (ပ) နော ဒုဂ္ဂတိန္တိ။

* ယာဝတာ စုန္ဒိ သတ္တာ အပဒါဝါ, ဒွိပဒါဝါ, စတုပ္ပဒါဝါ, ဗဟုပ္ပဒါဝါ, ရူပိနော ဝါ, အရူပိနော ဝါ, သညိနော ဝါ, အသညိနော ဝါ, နေဝသညီ နာသညိနော ဝါ။

တထာဂတော တေသံ အဂ္ဂမက္ခာယတိအရဟံ သမ္မာသမ္ဗုဒ္ဓေါ။
ယေ ခေါ် ဗုဒ္ဓေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ၊
အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတိ။
ယေ ခေါ် ဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ၊
ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ မဒနိမ္မဒနော
ပိပါသဝိနယော
အာလယသမုဂ္ဃာတော
ဝဋ္ဋုပစ္ဆေဒေါ
တဏှက္ခယော
ဝိရာဂေါ
နိရောဓော
နိဗ္ဗာနံ။
ယေ ခေါ် ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ ဘိက္ခဝေ သံဃာဝါ ဂဏာဝါ၊
တထာဂတသာဝကသံဃော တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလီကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ယေ ခေါ စုန္ဒ သံဃေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ သီလာနိ၊
အရိယကန္တာနိ သီလာနိ တေသံ အဂ္ဂမက္ခာယတိ။
ယဒိဒံ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။
ယေ ခေါ စုန္ဒ အရိယကန္တေသု သီလေသု ပရိပူရကာရိနော၊
အဂ္ဂေ တေ ပရိပူရကာရိနော၊
အဂ္ဂေ ခေါပန ပရိပူရကာရီနံ အဂ္ဂေါ ဝိပါကော ဟောတီတိ။

* အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
* အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ။ ပုညက္ခေတ္တေ အနုတ္တရေ။

* အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ၊
* အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော၊
ဒေဝဘူတော မနုဿောဘဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတီတိ။

## ခင်ပုတ်ငှက်ဝတ္ထု

ဘဂဝါ ကိရ ဝေဒိသကပဗ္ဗတေ ဣန္ဒသာလဂုဟာယံ ပဋိဝသတိ။

အထေကော ဥလူကသကုဏော ဘဂဝတိ ဂါမံ ပိဏ္ဍာယ ပဝိသန္တေ ဥပဍ္ဎမဂ္ဂံ အနုဂစ္ဆတိ၊

နိက္ခန္တေ ဥပဍ္ဎမဂ္ဂံ ပစ္စုဂ္ဂမနံ ကရောတိ။

သော ကေဒိဝသံ သမ္မာသမ္ဗုဒ္ဓံ သယာနသမယေ ဘိက္ခုသံဃပရိဝုတံ နိသိန္နံ ပဗ္ဗတာ ဩရုယှ ဝန္ဒိတွာ ပက္ခေ ပဏာမေတွာ အဉ္ဇလိံ ပဂ္ဂယှ သီသံ ဟေဋ္ဌာ ကတွာ ဒသဗလံ နမဿမာနော အဋ္ဌာသိ၊

ဘဂဝါ တံ ဩလောကေတွာ သိတံ ပါတွာကာသိ။

အာနန္ဒတ္ထေရော "ကောနုခေါဘန္တေ" ဟေတု ကော ပစ္စယော သိတဿ ပါတုကမ္မာယ"တိ ပုစ္ဆိ၊

"ပဿာနန္တ ဣမံ ဥလူကသကုဏံ၊
အယံ မယိစ ဘိက္ခုသံဃေစ စိတ္တံ ပသာဒေတွာ
သတသဟဿကပ္ပေ ဒေဝေသုစ မနုဿေသုစ သံသရိတွာ
သောမနဿောနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတီ"တိ အာဟ။

* ဥလူကမဏ္ဍလက္ခိက၊ ဝေဒိသကေ စိရဒီဃဝါသိက။
သုခိတောသိ တွံ အယျကောသိယ၊ ကာလုဋ္ဌိတံပဿသိ ဗုဒ္ဓဝရံ။

* မယိ စိတ္တံ ပသာဒေတွာ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပာနံ သတသဟဿာနိ၊ ဒုဂ္ဂတေသော နဂစ္ဆတိ။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

## အပါယ်မရောက် +နုတ်ပြည်ရောက်

* ယေကေစိ ဗုဒ္ဓံ သရဏံဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ဒီပါဠိ၊ ၂-၂၀၄။ သံပါဠိ-၁၊ ၂၅)

## တကာယ်သိမှတ် + ပီတိဖြတ်

* ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏောနုပိ ဇမ္ဗုဒီပဿ။

(ဒီ ဋ္ဌ၊၁၊ ၅၄။ ဣတိဝုတ်၊ ဋ္ဌ-၂၇၁)

## ကောင်းကျိုးဆယ်ဖြာ+ရအသာ

သာဓုခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊

ဗုဒ္ဓံ သရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

တေအညေဒေဝေ ဒသဟိ ဌာနေဟိ အဓိဂ္ဂဏှန္တိ–

ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေနဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန,

ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ, ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖေဋ္ဌဗ္ဗေဟိ။

(သံ၊ ပါ၊ ၂၊ ၄၆၇)

## ရှိခိုးကြည်ဖြူ+သင်ဘယ်သူ

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

## တရားနာစဉ်+သေပွဲဝင်

မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

## ဆင်ခြင်သမှု+ကြည့်ရှုတော်မူပါ

မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

## ပျော်ပျော်နေ့ည+နာကြားရ
## စိုးရိမ်ခပ်သိမ်း+ကင်းငြိမ်းမှာပါ

ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသု ဂေါတမ။
ပတ္တာ တေ အစလံ ဌာနံ၊ ယတ္ထ ဂန္တွာ နသောစရေ။

(ဝိမာနဝတ္ထု၊ ပါဠိ၊ ၇၃၊ ၄-၂၀၁)

## ဗုဒ္ဓပူဇာ+မင်္ဂလာ

* ဧရမာနံ ဘဂဝန္တံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သက္ကရောန္တာ,
* ပရိနိဗ္ဗုတံ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သံက္ကရောန္တာ, ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။

## ဓမ္မပူဇာ+မင်္ဂလာ

* "ဓမ္မံ ပူဇေဿမာ" တိ ဓမ္မဓရေ ပုဂ္ဂလေ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ၊
ဓမ္မဉ္စ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

## သံဃပူဇာ+မင်္ဂလာ

* တထာ အရိယသံဃံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာသက္ကရောန္တာ တံ ဥဒ္ဒိဿ ဣတရသ္မိံမ္ပိ တထာ ပဋိပဇ္ဇန္တာ သံဃေ ဒါနံ ဒဒန္တိနာမ။

(အံ၊ ဋီ၊ ၂၊ ၂၉၀)

## ရာဇဖြိုလ်မြို့သူ+ဆွမ်းပင့်လျှ

တတ္ထ အညတရာ ဣတ္ထိ သဒ္ဓါ ပသန္နာ အညတရံ ခီဏာသဝတ္ထေရံ ပိဏ္ဍာယ စရန္တံ ဒိသွာ အတ္တနော ဂေဟံ ပဝေသေတွာ ဘောဇေနံ အဒါသိ။
(ဝိမာန၊ ၄-၁၀၈)

## နတ်ပြည်ရောက်ရ+သူ့ဘဝ

သာအပရေနသမယေန ကာလံ ကတွာ
တာဝတိံသဘဝနေ၊ နိဗ္ဗတ္တိ။ (ဝိမာန၊ ၄။ ၁၀၈)

## အရှင်နိသဘထံ+သီလခံယူ

* အနောမဒဿိဿ မုနိနော၊ နိသဘောနာမ သာဝကော။
တမဟံ ဥပသင်္ကမ္မ၊ ပဉ္စသိက္ခာ ပဒဂ္ဂဟိံ။
* ဝဿတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ ပဉ္စသီလာနိ၊ ပရိပုဏ္ဏာနိ ဂေါပယိံ။

## ငါးပါးသီလ+အမှတ်ရ
## တာဝတိံသာ+ရောက်ရရှာ

* မပစ္စုကာလေစ သမ္ပတ္တေ၊ ဒေဝါ အဿာသယန္တိ မံ။
ရထော သဟဿယုတ္တော တေ၊ မာရိသာ'ယံ ဥပဋ္ဌိတော။
* ဝတ္တန္တေ စရိမေ စိတ္တေ၊ မမ သီလံ အနုဿရိံ။
တေနကမ္မေန သုကတေန၊ တာဝတိံသံ အဂစ္ဆဟံ။

## နတ်မင်းစကြာ+ကြိမ်များစွာ

* တိံသက္ခတ္တုံစ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
ဒိဗ္ဗသုခံ အနုဘဝိံ၊ အစ္ဆရာဟိ ပုရက္ခတော။
* ပဉ္စသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလ၊ ဂဏနာတော အသင်္ခိယံ။

## ပြည့်ဝချမ်းသာ+အမျိုးမှာ

* ဒေဝလောကာ စဝိတွာန၊ သုက္ကမူလေန စောဒိတော။
ပုရေ ဝေသာလိယံ ဇာတော၊ မဟာသာလေ သုအဍ္ဍကေ။

## တစ်ထိုင်တည်းမှာ+ရဟန္တာ

* ဝဿူပနာယိကေ ကာလေ၊ ဒီဗ္ဗဌ္ဌေ ဓိနသာသနေ။
မာတာစ မေ ပိတာစေဝ၊ ပဋ္ဌသိက္ခာ ပဒ္ဒဂ္ဂဟုံ။
* တာဝသုတ္တာန ဟံ သီလံ၊ မမ သီလံ အနုဿရိံ။
ကောသဒ္ဓနေ နိသီဒိတွာ၊ အရဟတ္တ မပါပုဏိံ။

## ငါးနှစ်သားလေး+ရဟန်းပြုပေး

* ဇာတိယာ ပဥ္စဝဿေန၊ အရဟတ္တ မပါပုဏိံ
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။

## ငါးပါးသီလ စောင့်ရှောက်ရကျိုး အမျိုးမျိုး

* ပရိပုဏ္ဏာနိ ဂေါပေတွာ၊ ပဉ္စသိက္ခာ ပဒါနဟံ။
အပရိမေယျေ ကပ္ပေ၊ ဝိနိပါတံ နဂစ္ဆဟံ။

## ၂။ သရဏဂမနိယတ္ထေရအပဒါန

(အပဒါန ပါ၊ ၁၊ ၁၆၂)

၁။ ဥဘိန္နံ ဒေဝရာဇူနံ၊ သင်္ဂါမော သမုပဋ္ဌိတော။
အဟောသိ သမုပဗျူဠှော၊ မဟာဃောသော အဝတ္တထ။

၂။ ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
အန္တလိက္ခေ ဌိတော သတ္ထာ၊ သံဝေဇေသိ မဟာဇနံ။

၃။ သဗ္ဗေ ဒေဝါ အတ္တမနာ၊ နိက္ခိတ္တကဝစာဝုဓာ။
သမ္ဗုဒ္ဓံ အဘိဝါဒေတွာ၊ ဧကဂ္ဂါသိံသု တာဝဒေ၊

၄။ မယှံ သင်္ကပ္ပမညာယ၊ ဝါစာသဘိမုဒီရယိ။
အနုကမ္ပကော လောကဝိဒူ၊ နိဗ္ဗာပေသိ မဟာဇနံ။

၅။ ပဒုဋ္ဌစိတ္တော မနုဇော၊ ဧကပါဏံ ဝိဟေဌယံ။
တေန စိတ္တပ္ပဒေါသေန၊ အပါယံ ဥပပဇ္ဇတိ။

၆။ သင်္ဂါမသီသေ နာဂေါဝ၊ ဗဟူပါဏေ ဝိဟေဌယံ။
နိဗ္ဗာပေထ သကံ စိတ္တံ၊ မာ ဟညိတ္ထော ပုနပ္ပုနံ။

၇။ ဒွိန္နမ္ပိ ယက္ခရာဇူနံ၊ သေနာ သာ ဝိမှိတာ အဟု။
သရဏဉ္စ ဥပါဂစ္ဆုံ၊ လောကဇေဋ္ဌံ သုတာဒိနံ။

၈။ သညာပေတွာန ဇနတံ၊ ပဒမုဒ္ဓရိ စက္ခုမာ။
ပေက္ခမာနောဝ ဒေဝေဟိ၊ ပက္ကာမိ ဥတ္တရာမုခေါ။

၉။ ပဌမံ သရဏံ ဂစ္ဆိံ၊ ဒွိပဒိန္ဒဿ တာဒိနော။
ကပ္ပာနံ သတသဟဿံ၊ ဒုဂ္ဂတိံ နုပပဇ္ဇဟံ။

၁၀။ မဟာဒုန္ဒုဘိနာမစ၊ သောဠသာသုံ ရထေသဘာ။
တိံသကပ္ပသဟဿမှိ၊ ရာဇာနော စက္ကဝတ္တိနော။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၃။ ယညသာမိကတ္ထေရအပဒါန

၁။ ဇာတိယာ သတ္တဝဿောဟံ၊ အဟောသိံ မန္တပါရဂူ။
ကုလဝတ္တံ အဓာရေသိံ၊ ယညော ဥဿာဟိတော မယာ။

၂။ စုလ္လာသီတိ သဟဿာနိ၊ ပသူ ဟညန္တိ မေ တဒါ။
သာရဒတ္ထမ္ဘုပနီတာနိ၊ ယညတ္ထာယ ဥပဋ္ဌိတာ။

၃။ ဥက္ကာမုခပဟဋ္ဌောဝ၊ ခဒိရင်္ဂါရသန္နိဘော။
ဥဒယန္တောဝ သူရိယော၊ ပုဏ္ဏမာယေဝ စန္ဒိမာ။

၄။ သိဒ္ဓတ္ထော သဗ္ဗသိဒ္ဓတ္ထော၊ တိလောကမဟိတော ဟိတော။
ဥပဂန္တွာန သမ္ဗုဒ္ဓေါ၊ ဣဒံ ဝစနမဗြဝိ။

၅။ အဟိံသာ သဗ္ဗပါဏီနံ၊ ကုမာရ မမ ရုစ္စတိ။
ထေယျာ စ အတိစာရာ စ၊ မဇ္ဇပါနာ စ အာရတိ။

၆။ ရတိ စ သမစရိယာယ၊ ဗာဟုသစ္စံ ကတညုတာ။
ဒိဋ္ဌေ ဓမ္မေ ပရတ္ထ စ၊ ဓမ္မာ ဧတေ ပသံသိယာ။

၇။ ဧတေ ဓမ္မေ ဘာဝယိတွာ၊ သဗ္ဗသတ္တဟိတေ ရတော။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဘာဝေဟိ မဂ္ဂမုတ္တမံ။

၈။ ဣဒံ ဝတွာန သဗ္ဗညူ၊ လောကဇေဋ္ဌော နရာသဘော။
မမေဝံ အနုသာသိတွာ၊ ဝေဟာသံ ဥဂ္ဂတော ဂတော။

၉။ ပုဗ္ဗေ စိတ္တံ ဝိသောဓေတွာ၊ ပစ္ဆာ စိတ္တံ ပသာဒယိံ။
တေနစိတ္တပ္ပသာဒေန၊ တုသိတံ ဥပပဇ္ဇဟံ။

၁၀။ စတုန္နဝုတိတော ကပ္ပေ၊ ယံ ဒါ စိတ္တံ ပသာဒယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၉၆)

## ၄။ ဝိလိန္ဒဝတ္ထုတ္တေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သုမေဓေ အဂ္ဂပုဂ္ဂလေ။
ပသန္နစိတ္တော သုမနော၊ ထူပပူဇံ အကာသဟံ။
၂။ ယေစ ခီဏာသဝါ တတ္ထ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တေ ဟံ တတ္ထ သမာနေတွာ၊ သံဃဘတ္တံ အကာသဟံ။
၃။ သုမေဓဿ ဘဂဝတော၊ ဥပဋ္ဌာကော တဒါ အဟု။
သုမေဓော နာမ နာမေန၊ အနုမောဒိတ္ထ သော တဒါ။
၄။ တေန စိတ္တပ္ပသာဒေန၊ ဝိမာနံ ဥပပဇ္ဇဟံ။
ဆဠာသီတိ သဟဿာနိ၊ အစ္ဆရာယော ရမိံသု မေ။
၅။ မမေဝ အနုဝတ္တန္တိ၊ သဗ္ဗကာမေဟိ တာ သဒါ။
အညေဒေဝေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၆။ ပဉ္စဝီသတိ ကပ္ပမှိ၊ ဝရုဏော နာမ ခတ္တိယော။
ဝိသုဒ္ဓဘောဇနော အာသိ၊ စက္ကဝတ္တီ အဟံ တဒါ။
၇။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။
၈။ တတ္ထ ရဇ္ဇံ ကရိတွာန၊ ဒေဝတ္တံ ပုန ဂစ္ဆဟံ။
တဒါပိ ဧဒိသာ မယှံ၊ နိဗ္ဗတ္တာ ဘောဂသမ္ပဒါ။
၉။ န မံ မိတ္တာ အမိတ္တာဝါ၊ ဟိံသန္တိ သဗ္ဗပါဏိနော။
သဗ္ဗေသမ္ပိ ပိယော ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၁၀။ တိံသကပ္ပသဟဿမှိ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဂန္ဓာလေပဿိဒံ ဖလံ။
၁၁။ ဣမသ္မိံ ဘဒ္ဒကေ ကပ္ပေ၊ ဧကော အာသိံ ဇနာဓိပေါ။
မဟာနုဘာဝေါ ရာဇာဟံ၊ စက္ကဝတ္တီ မဟဗ္ဗလော။
၁၂။ သောဟံ ပဉ္စသု သီလေသု၊ ဌပေတွာ ဇနတံ ဗဟုံ။
ပါပေတွာ သုဂတိံယေဝ၊ ဒေဝတာနံ ပိယော အဟုံ။
၁၃။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၆၅)

## ၅။ ဥဒယသုတ် (သံ၊ ပါ၊ ၁၊ ၁၇၅)

သာဝတ္ထိ နိဒါနံ။

အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။

အထခေါ ဥဒယော ဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေသိ။

ဒုတိယမ္ပိ ခေါ ဘဂဝါ (ပ) တေနုပသင်္ကမိ၊

တတိယမ္ပိခေါ ဥဒယောဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေတွာ ဘဂဝန္တံ ဧတဒဝေါစ

"ပကဋ္ဌကောယံ သမဏောဂေါတမော ပုနပ္ပုနံအာဂစ္ဆတီ"တိ။

၁။ ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊
ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊
ပုနပ္ပုနံ ဓညံ မုပေတိ ရဋ္ဌံ။
၂။ ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊
ပုနပ္ပုနံ သဂ္ဂ မုပေန္တိ ဌာနံ။
၃။ ပုနပ္ပုနံ ခီရနိကာ ဒုဟန္တိ၊
ပုနပ္ပုနံ ဝစ္ဆော ဥပေတိ မာတရံ။
ပုနပ္ပုနံ ကိလမတိ ဖန္ဒတိစ၊
ပုနပ္ပုနံ ဂဗ္ဘ မုပေတိ မန္ဒော။
၄။ ပုနပ္ပုနံ ဇာယတိ မီယတိစ၊
ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဉ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊
န ပုနပ္ပုနံ ဇာယတိ ဘူရိပညော။

ဧဝံဝုတ္တေ ဥဒယော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘော ဂေါတမ (ပ) သရဏံဂတ"န္တိ။

E 33 R

## ၆။ ဂိဟိသာမီစိသုတ္တန်

အထခေါ် အနာထပိဏ္ဍိကော ဂဟပတိ ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ဧကမန္တံ နိသိန္နံ ခေါ အနာထပိဏ္ဍိကံ ဂဟပတိံ ဘဂဝါ ဧတဒဝေါစ–

စတူဟိ ခေါ ဂဟပတိ ဓမ္မေဟိ သမန္နာဂတော၊ အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကံ။

ကတမေဟိ စတူဟိ——

၁။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ စီဝရေန။

၂။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ ပိဏ္ဍပါတေန။

၃။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ သေနာသနေန။

၄။ ဣဓ ဂဟပတိ အရိယသာဝကော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန။

ဣမေဟိ ခေါ ဂဟပတိ စတူဟိဓမ္မေဟိသမန္နာဂတော အရိယ သာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကန္တိ။

* ဂိဟိသာမီစိပဋိပဒံ၊ ပဋိပဇ္ဇန္တိ ပဏ္ဍိတာ။
သမ္မဂ္ဂတေ သီလဝန္တေ၊ စီဝရေန ဥပဋ္ဌိတာ။
ပိဏ္ဍပါတသယနေန၊ ဂိလာနပ္ပစ္စယေန စ။

* တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
သဂ္ဂဉ္စ ကမတိဋ္ဌာနံ၊ ကမ္မံ ကတွာန ဘဒ္ဒကန္တိ။
(အံ၊ ပါ၊ ၁၊ ၃၇၆)

## ၇။ သုမနာဝေဠိယတ္ထေရအပဒါန

၁။ ဝေဿဘုဿ ဘဂဝတော လောကဇေဋ္ဌဿ တာဒိနော။
သဗ္ဗေဇနာ သမာဂမ္မ၊ မဟာပူဇံ ကရောန္တိ တေ။

၂။ သုဓာယ ပိဏ္ဍံ ကတွာန၊ အာဝေဠံ သုမနာယဟံ။
သီဟာသနဿ ပုရတော၊ အဘိရောပေသဟံ တဒါ။

၃။ သဗ္ဗေဇနာ သမာဂမ္မ၊ ပေက္ခန္တိ ပုပ္ဖမုတ္တမံ။
ကေနိဒံ ပူဇိတံ ပုပ္ဖံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။

၄။ တေန စိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
အနုဘောမိ သကံကမ္မံ၊ ပုဗ္ဗေ သုကတမတ္တနော။

၅။ ယံ ယံ ယောနုံ ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေသာနံ ပိယော ဟောမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

၆။ နာဘိဇာနာမိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။
သံယတာနံ တပဿီနံ၊ ကတံ အက္ကောသိတံ မယာ။

၇။ တေန သုစရိတေနာ ဟံ၊ စိတ္တဿ ပဏိဓီဟိ စ။
သဗ္ဗေသံ ပူဇိတော ဟောမိ၊ အနက္ကောသဿိဒံ ဖလံ။

၈။ ဣတော ကောဒသေ ကပ္ပေ၊ သဟဿာရောသိစက္ကိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၉။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၃၀၁)

## ၈။ သယနဒါယကတ္ထေရအပဒါနံ

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ ပါဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ တေန သယနဒါနေန၊ သုခေတ္တေ ဗီဇသမ္ပဒါ။
ဘောဂါ နိဗ္ဗတ္တရေ တဿ၊ သယနဿ ဣဒံဖလံ။

၃။ အာကာသေ သေယျံ ကပ္ပေမိ၊ ဓာရေမိ ပထဝိံ ဣမံ။
ပါဏေသု မေ ဣဿရိယံ၊ သယနဿ ဣဒံ ဖလံ။

၄။ ပဉ္စကပ္ပသဟဿမှိ၊ အဋ္ဌ အာသုံ မဟာတေဇာ၊
စတုတ္တိံသေ ကပ္ပသတေ၊ စတုရော စ မဟဗ္ဗလာ။

၅။ ပဋိသမ္ဘိဒါ စတဿော၊ (ပ) သာသနံ။ (အပဒါန၊ ပါ၊ ၁၊ ၁၁၆)

## ၉။ ဓဇဒါယကတ္ထေရအပဒါနံ

၁။ တိဿော နာမ အဟု သတ္ထာ၊ လောကဇေဋ္ဌော နရာသဘော။
တယော ပမိက္ခယေ ဒိသွာ၊ ဓဇံ အာရောပိတံ မယာ။

၂။ တေန ကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

၃။ သတာနံ တီဏိက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇံ အကာရယိံ။
သတာနံ ပဉ္စက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသ ဟံ။

၄။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၅။ ဒွေနဝုတေ ဣတောကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓဇဒါနဿိဒံ ဖလံ။

၆။ ဣစ္ဆမာနော စ ဟံ အဇ္ဇ၊ သကာနနံ သပဗ္ဗတံ။
ခေါမဒုဿေန ဆာဒေယျံ၊ တဒါ မယှံ ကတေ ဖလံ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၃၁၉၊ ၃၂၀)

## ၁၀။ ဧကဆတ္တိယတ္ထေရအပဒါနံ

၁။ [illegible]ဂီရဇာတာ ပထဝီ ကုက္ကုဠာနုဂတာ မဟီ။
[illegible]ဒုမုတ္တရော ဘဂဝါ၊ အဗ္ဘောကာသမှိ စင်္ကမိ။

၂။ ပဏ္ဍရံ ဆတ္တမာဒါယ၊ အဒ္ဓါနံ ပဋိပဇ္ဇဟံ။
တတ္ထ ဒိသွာန သမ္ဗုဒ္ဓံ၊ ဝိတ္တိ မေ ဥပပဇ္ဇထ။

၃။ မရီစိယောတ္ထဋာ ဘူမိ၊ အင်္ဂါရာဝ မဟီ အယံ။
ဥပဟန္တိ မဟာဝါတာ၊ သရီရဿာ သုခေပနာ။

၄။ သီတံ ဥဏှံ ဝိဟနန္တံ၊ ဝါတာတပနိဝါရဏံ။
ပဋိဂ္ဂဏှ ဣမံ ဆတ္တံ၊ ဖဿယိဿာမိ နိဗ္ဗုတိံ။

၅။ အနုကမ္ပကော ကာရုဏိကော၊ ပဒုမုတ္တရော မဟာယသော။
မမ သင်္ကပ္ပ မညာယ၊ ပဋိဂ္ဂဏှိ တဒါ ဇိနော။

၆။ တိံသကပ္ပာနိ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သတာနံ ပဉ္စကပ္ပာနံ၊ စက္ကဝတ္တီ အဟောသဟံ။

၇။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၈။ အယံ မေ ပစ္ဆိမာ ဇာတိ၊ စရိမော ဝတ္တတေ ဘဝေါ။
အဇ္ဇာပိ သေတစ္ဆတ္တံ မေ၊ သဗ္ဗကာလံ ဓရီယတိ။

၉။ သတသဟဿိတော ကပ္ပေ၊ ယံဆတ္တ မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဆတ္တဒါနဿိဒံ ဖလံ။

၁၀။ ကိလေသာ (ပ) အနာသဝေါ။
၁၁။ သွာဂတံ ဝတ (ပ) သာသနံ။
၁၂။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၂၊ ၃၅၊ ၃၆)

## ၁၁။ ခဇ္ဇကဒါယကတ္ထေရအပဒါန

၁။ တိဿဿ ခေါ ဘဂဝတော၊ ပုဗ္ဗေ ဖလ မဒါသဟံ။
နာဠိကေရဉ္စ ပါဒါသိံ၊ ခဇ္ဇကံ အဘိသမ္မတံ။

၂။ ဗုဒ္ဓဿ တမဟံ ဒတွာ၊ တိဿဿ တု မဟေသိနော။
မောဒါမဟံ ကာမကာမီ၊ ဥပပဇ္ဇိံ ယမိစ္ဆကံ။

၃။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဖလဒါနဿိဒံ ဖလံ။

၄။ ဣတော တေရသကပ္ပမှိ၊ ရာဇာ ဣန္ဒသမော အဟု။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁၊ ၂၀၂)

## ၁၂။ ပဉ္စဒီပကတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗဘူတာနုကမ္ပိနော။
သဒ္ဓာဟိတွာန သဒ္ဓမ္မေ၊ ဥဇုဒိဋ္ဌိ အဟောသဟံ။

၂။ ပဒီပဒါနံ ပါဒါသိံ၊ ပရိဝါရေတွာန ဗောဓိယံ။
သဒ္ဒဟန္တော ပဒီပါနိ၊ အကရိံ တာဝဒေ အဟံ။

၃။ ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာကာသေ ဥက္ကံ ဓာရေန္တိ၊ ဒီပဒါနဿိဒံ ဖလံ။

၄။ တိရောကုဋ္ဋံ တိရောသေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ ဒဿနံ အနုဘောမဟံ။

၅။ တေနကမ္မာဝသေသေန၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ ဒွိပဒိန္ဒဿ သာသနေ။

၆။ စတုတိံသေကပ္ပသတေ၊ သတစက္ခုသနာမကာ။
ရာဇာ ဟေသုံ မဟာတေဇာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၁၉၊ ၁၂၀)

## ၁၃။ ဓမ္မသဝနိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၂၊ ၁၀)

၁။ ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
စတုသစ္စံ ပကာသေန္တော၊ သန္တာရေသိ ဗဟုံ ဇနံ။

၂။ အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။
ဓုနန္တော ဝါကစီရာနိ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

၃။ ဗုဒ္ဓသေဋ္ဌဿ ဥပရိ၊ ဂန္တုံ န ဝိသဟာမဟံ။
ပက္ခီဝ သေလမာသဇ္ဇ၊ ဂမနံ နလဘာမဟံ။

၄။ ဥဒကေ ဝေါက္ကမိတွာန၊ ဧဝံ ဂစ္ဆာမိ အမ္ဗရေ။
န မေ ဣဒံ ဘူတပုဗ္ဗံ၊ ဣရိယာပထဝိကောပနံ။

၅။ ဟန္ဒ မေတံ ဂဝေသိဿံ၊ အပ္ပေဝဏ္ဏံ လဘေယျဟံ။
ဩရောဟန္တော အန္တလိက္ခာ၊ သဒ္ဒမဿောသိ သတ္ထုနော။

၆။ သရေန ရဇနီယေန၊ သဝနီယေန ဝဂ္ဂုနာ။
အနိစ္စတံ ကထေန္တဿ၊ တမေဝ ဥဂ္ဂဟိံ တဒါ။
အနိစ္စသညာ ပဋိလဒ္ဓါ၊ အဂမာသိံ မမဿမံ။

၇။ ယာဝတာယုံ ဝသိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။
စရိမေ ဝတ္တမာနမှိ၊ သဒ္ဓမ္မသဝနံ သရိံ။

၈။ တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

၉။ တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိံ အဟံ။
ဧကပညာသက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇ မကာရယိံ။

၁၀။ ဧကသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။

၁၁။ အနုဘောမိ သကံ ပုညံ၊ သုခိတော ဟံ ဘဝါဘဝေ။
အနုဿရာမိ တံ သညံ၊ သံသရန္တော ဘဝါဘဝေ။
န ကောဋိံ ပဋိဝိဇ္ဈာမိ၊ နိဗ္ဗာနံ အစ္စုတံ ပဒံ။

၁၂။ ပိတုဂေဟေ နိသီဒိတွာ၊ သမဏော ဘာဝိတိန္ဒြိယော။
ကထံသ ပရိဒီပေန္တော၊ အနိစ္စ တ မုဒါဟရိ။

၁၃။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပာဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၁၄။ သဟ ဂါထံ သုဏိတွာန၊ ပုဗ္ဗသည မနုဿရိံ။
ဧကာသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။

၁၅။ ဇာတိယာ သတ္တဝဿေန၊ အရဟတ္တ မပါပုဏိံ။
ဥပသမ္ပာဒယီ ဗုဒ္ဓေါ၊ ဓမ္မဿဝနဿိဒံ ဖလံ။

၁၆။ သတသဟဿိတော ကပ္ပေ၊ ယံ ဓမ္မ မသုဏိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓမ္မဿဝနဿိဒံ ဖလံ။

၁၇။ ကိလေသာ (ပ) အနုသာသနံ။

၁၈။ သွာဂတံဝတ (ပ) သာသနံ။

၁၉။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၁၄။ သပရိဝါရာသနတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ ပိဏ္ဍပါတံ အဒါသဟံ။
ဂန္တွာ ကိလိဋ္ဌကံ ဉာနိ၊ မလ္လိကာဟိ ပရိက္ခိတံ။

၂။ တမှာသနမှိ အာသိနော၊ ဗုဒ္ဓေါ လောကဂ္ဂနာယကော။
အကိတ္တယိ ပိဏ္ဍပါတံ၊ ဥဇုဘူတော သမာဟိတော။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

၄။ တထေဝါယံ ပိဏ္ဍပါတော၊ သုခေတ္တေ ရောပိတော တယာ။
ဘဝေ နိဗ္ဗတ္တမာနမှိ၊ ဖလံ တေ တောသယိဿတိ။

၅။ ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ ဇလဇုတ္တမ နာမကော။
ပဏ္ဍပါတံ ဂဟေတွာန၊ ပက္ကာမိ ဥတ္တရာမုခေါ။

၆။ သံဂုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသုစ ပဉ္စသု။
ပဝိဝေက မနုယုတ္တော၊ ဝိဟရာမိ အနာသဝေါ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါဠိ၊ ၁-၁၁၉)

## ၁၅။ မေတ္တေယျထေရအပဒါန

၁။ ယဒါ ဒီပင်္ကရော ဗုဒ္ဓေါ၊ သုမေဓံ ဗျာကရီ ဇိနော။
အပရိမေယျေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
၂။ ဣမဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော။
၃။ ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။
အဿတ္ထမူလေ သမ္ဗုဒ္ဓေါ၊ ဗုဇ္ဈိဿတိ မဟာယသော။
၄။ ဥပတိဿော ကောလိတောစ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
အာနန္ဒော နာမ နာမေန၊ ဥပဋ္ဌိဿတိ မံ ဇိနံ။
၅။ ခေမာ ဥပ္ပလဝဏ္ဏာစ၊ အဂ္ဂါဟေဿန္တိ သာဝိကာ။
စိတ္တော အာဠဝကောစေဝ၊ အဂ္ဂါ ဟေဿန္တု ပါသကာ။
၆။ ခုဇ္ဇုတ္တရာ နန္ဒမာတာ၊ အဂ္ဂါ ဟေဿန္တု ပါသိကာ။
ဗောဓိ ဣမဿ ဝီရဿ၊ အဿတ္ထောတိ ပဝုစ္စတိ။
၇။ ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ နမဿန္တိ ကတဉ္ဇလီ။
၈။ တဒါဟံ မာဏဝေါ အာသိံ၊ မေဃောနာမ သုသိက္ခိတော။
သုတွာ ဗျာကရဏံ သေဋ္ဌံ၊ သုမေဓဿ မဟာမုနေ။
၉။ သံဝိသဋ္ဌော ဘဝိတွာန၊ သုမေဓေ ကရုဏာလယေ။
ပဗ္ဗဇ္ဇိတ္ထ တံ ဝီရံ၊ သဟာဝ အနုပဗ္ဗဇိံ။
၁၀။ သံဂုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသုစ ပဉ္စသု။
သုဒ္ဓါဇီဝေါ သတော ဝီရော၊ ဇိနသာသနကာရကော။
၁၁။ ဧဝံဝိဟရမာနောဟံ၊ ပါပမိတ္တေန ကေနစိ။
နိယောဇိတော အနာစာရေ၊ သုမဂ္ဂါ ပရိဓံသိတော။

၁၂။ ဝိတက္ကဝသိကော ဟုတွာ၊ သာသနတော အပက္ကမိ။
ပစ္ဆာ တေန ကုမိတ္တေန၊ ပယုတ္တော မာတုဃာတနံ။
၁၃။ အကာရိံ အာနန္တရိယံ၊ ဃာတယိံ ဒုဋ္ဌမာနသော။
တတော စုတော မဟာဝီစိံ၊ ဥပပန္နော သုဒါရုဏံ။
၁၄။ ဝိနိပါတဂတော သန္တော၊ သံသရိံ ဒုက္ခိတော စိရံ။
န ပုနော အဒ္ဒသံ ဝီရံ၊ သုမေဓံ နရပုင်္ဂဝံ။
၁၅။ အသ္မိံ ကပ္ပေ သမုဒ္ဒမှိ၊ မစ္ဆော အာသိံ တိမင်္ဂလော။
ဒိသွာ ဟံ သာဂရေ နာဝံ၊ ဂေါစရတ္ထ မုပါဂမိံ။
၁၆။ ဒိသွာ မံ ဝါဏိဇာ ဘီတာ၊ ဗုဒ္ဓသေဋ္ဌ မနုဿရုံ။
ဂေါတမောတိ မဟာ ဃောသံ၊ သုတွာ တေဟိ ဥဒီရိတံ။
၁၇။ ပုဗ္ဗသညံ သရိတွာန၊ တတော ကာလင်္ကတော အဟံ။
သာဝတ္ထိယံ ကုလေ ဣဒ္ဓေ၊ ဇာတော ဗြာဟ္မဏဇာတိယံ။
၁၈။ အာသိံ ဓမ္မရုစိ နာမ၊ သဗ္ဗပါပဇိဂုစ္ဆကော။
ဒိသွာဟံ လောကပဇ္ဇောတံ၊ ဇာတိယာ သတ္တဝဿိကော။
၁၉။ မဟာဇေတဝနံ ဂန္တွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
ဥပေမိ ဗုဒ္ဓံ တိက္ခတ္တုံ၊ ရတ္တိယာ ဒိဝသဿစ။
၂၀။ တဒါ ဒိသွာ မုနိ အာဟ၊ စိရံ ဓမ္မရုစီတိ မံ။
တတော ဟံ အဝစံ ဗုဒ္ဓံ၊ ပုဗ္ဗကမ္မပဘာဝိတံ။
၂၁။ သုစိရံ သတပုညလက္ခဏံ၊ ပတိပုဗ္ဗေန ဝိသုဒ္ဓပစ္စယံ။
အဟ မဇ္ဇ သုပေက္ခနံ ဝတ၊ တဝ ပဿာမိ နိရုပမံ ဝိဂ္ဂဟံ။
၂၂။ သုစိရံ ဝိဟတတ္တမော မယာ၊ သုစိရက္ခေန နဒီ ဝိသောသိတာ။
သုစိရံ အမလံ ဝိသောဓိတံ၊ နယနံ ဉာဏမယံ မဟာမုနေ။
၂၃။ စိရကာလသမင်္ဂိတော တယာ၊
အဝိနဋ္ဌော ပုနရန္တရံ စိရံ။
ပုန ရဇ္ဇသမာဂတော တယာ၊
န ဟိ နဿန္တိ ကတာနိ ဂေါတမ။
၂၄။ ကိလေသာ (ပ) အနာသဝေါ။
၂၅။ သွာဂတံ (ပ) သာသနံ။
၂၆။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ဓမ္မရုစိယတ္ထေရအပဒါန
## အဋ္ဌကထာကောက်နုတ်ချက်

ယဒါ သုမေဓပဏ္ဍိတော ဒီပင်္ကရဘဂဝတော သန္တိကာ ဗျာကရဏံ လဘိ။

တဒါ အယံ မေဃောနာမ ဗြာဟ္မဏမာဏဝေါ ဟုတွာ သုမေဓတာပသေန သဟ ဣသိပဗ္ဗဇ္ဇံ သဗ္ဗဇိတွာ သိက္ခာပဒေသု သိက္ခိတော ကေနစိ ပါပသဟာယေန သံသဂ္ဂေါ သံသဂ္ဂဒေါသေန ပါပဝိတက္ကာဒိဝသံ ဂတော မာတုဃာတကမ္မံ သေန နရကေ အဂ္ဂိဇာလာဒိဒုက္ခမနုဘဝိတွာ တတော စုတော သမုဒ္ဒေ တိမိင်္ဂလမဟာမစ္ဆော ဟုတွာ နိဗ္ဗတ္တော၊

သမုဒ္ဒမဇ္ဈေ ဂစ္ဆန္တံ မဟာနာဝံ ဂိလိတုကာမောဂတော၊ ဒိသွာ မံ ဝါဏိဇာ ဘီတာ "အဟော ဂေါတမော ဘဂဝါ" တိ သဒ္ဒ မကံသု။

, အထ မဟာမစ္ဆော ပုဗ္ဗဝါသနာဝသေန ဗုဒ္ဓဂါရဝံ ဥပ္ပာဒေတွာ တတော-စုတော သာဝတ္ထိယံ ဝိဘဝသမ္ပန္နေ ဗြာဟ္မဏကုလေ နိဗ္ဗတ္တော သဒ္ဓေါ ပသန္နော သတ္ထုဓမ္မဒေသနံ သုတွာ ပဗ္ဗဇိတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ ဒိဝသဿ တိက္ခတ္တုံ ဥပဋ္ဌာနံ ဂန္တွာ သရမာနော ဝန္ဒတိ။

တဒါ ဘဂဝါ "စိရံ ဓမ္မရုစိ"တိ မံ အာဟ။

အထ သော ထေရော "သုစိရံ သတပုညလက္ခဏ"န္တိ အာဒီဟိ ဂါထာဟိ ထောမေသိ။

ဂေါတမ သဗ္ဗညု ဗုဒ္ဓ တယာ သဒ္ဓိံ ကတာနိ သမာဂမာဒီနိ န ဟိ နသဿန္တိ ယာဝ ခန္ဓပရိနိဗ္ဗာနာ နဝိနာ ဘဝိဿန္တီတိ အတ္ထော။

(အပဒါန၊ ဌ၊ ၂၊ ၂၁၀၊ ၂၁၁၊ ၂၁၂)

## ၁၆။ အဝိမုတ္တတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ။
ဥပဋ္ဌဟိံ ဘိက္ခုသံဃံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ နိမန္တေတွာ ဘိက္ခုသံဃံ၊ ဥဇုဘူတံ သမာဟိတံ။
ဥစ္ဆုနာ မဏ္ဍပံ ကတွာ၊ ဘောဇေသိံ သံဃမုတ္တမံ။

၃။ ယံ ယံ ယောနု' ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေ သတ္တေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။

၄။ အဋ္ဌာရသေ ကပ္ပသတေ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥစ္ဆုဒါနဿိဒံ ဖလံ။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၇။ ဂန္ဓောဒကိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၁-၁၁၇)

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟု။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒက မဒါသဟံ။

၂။ နှာနကာလေစ ဗောဓိယာ၊ မဟာမေဃော ပဝဿထ။
နိန္နာဒေါစ မဟာ အာသိ၊ အသနိယာ ဖလန္တိယာ။

၃။ တေနေဝါ'သနိဝေဂေန၊ တတ္ထ ကာလင်္ကတော အဟံ။
ဒေဝလောကေ ဌိတော သန္တော၊ ဣမာ ဂါထာ အဘာသဟံ။

၄။ အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသမ္ပဒါ။
ကဠေဝရံ မေ ပတိတံ၊ ဒေဝလောကေ ရမာမဟံ။

၅။ ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

၆။ အာဗာဓာ မေ နဝိဇ္ဇန္တိ၊ သောကော မယှံ နဝိဇ္ဇတိ။
ပရိဠာဟံ နပဿာမိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ အဋ္ဌဝီသေ ကပ္ပသတေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

## ၁၈။ အာယာဂဒါယကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိခိမှိ ဝဒတံ ဝရေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အဝန္ဒိံ ထူပမုတ္တမံ။

၂။ ဝဍ္ဎကီဟိ ကထာပေတွာ၊ မူလံ ဒတွာနဟံ တဒါ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာယာဂံ ကာရပေသဟံ။

၃။ အဋ္ဌကပ္ပာနိ ဒေဝေသု၊ အဗ္ဗောကိဏ္ဏံ ဝသိံ အဟံ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သံသရိံ အဟံ။

၄။ ကာယေ ဝိသံ နကမတိ၊ သတ္ထာနိ န စ ဟန္တိ မေ။
ဥဒကေ ဟံ န မိယျာမိ၊ အာယာဂဿ ဣဒံဖလံ။

၅။ ယဒိစ္ဆာမိ အဟံ ဝဿံ၊ မဟာမေဃော ပဝဿတိ။
ဒေဝါပိ မေ ဝသံ ဧန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၆။ သတ္တရတနသမ္ပန္နော၊ တိံသက္ခတ္တုံ အဟောသဟံ။
န မံ ကေစာဝဇာနန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ ကေတ္တိံသေကပ္ပကောကပ္ပေ၊ အာယာဂံ ယ မကာရယိံ။
ဥဂ္ဂတိံ နာဘိဇာနာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၈။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၉။ ပဒသညကတ္ထေရအပဒါန

၁။ အက္ကန္တဉ္စ ပဒံ ဒိသွာ၊ တိဿဿာဒိစ္စဗန္ဓုနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဒေ စိတ္တံ ပသာဒယိံ။

၂။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ သည မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဒသညာယိဒံ ဖလံ။

၃။ ဣတော သတ္တမကေ ကပ္ပေ၊ သုမေဓော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗ္ဗလော။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁-၁၃၂)

## ၂၀။ ကောသနိယတ္ထေရအပဒါန

၁။ ဝရဉာဏနာမ နာမေန၊ ဒေဝရာဇာ အဟံ တဒါ၊
ဥပဋ္ဌဟေသိံ သမ္ဗုဒ္ဓံ၊ သယောဂ္ဂဗလဝါဟနော။

၂။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ၊
တူရိယံ သဗ္ဗမာဒါယ၊ အဂမံ ဗောဓိ မုတ္တမံ။

၃။ ဝါဒိတေန စ နစ္စေန၊ သမ္မတာဠ သမာဟိတော၊
သမ္မုခါဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌိံ ဗောဓိမုတ္တမံ။

၄။ ဥပဋ္ဌဟိတွာ တံဗောဓိံ၊ ဓရဏီရုဟပါဒပံ၊
ပလ္လင်္ကံ အာဘုဇိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။

၅။ သကကမ္မာ ဘိရဒ္ဓေါဟံ၊ ပသန္နော ဗောဓိမုတ္တမေ၊
တေနစိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။

၆။ သဋ္ဌိတူရိယသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ၊
မနုဿေသု စ ဒေဝေသု၊ ဝတ္တမာနံ ဘဝါဘဝေ။

၇။ တိဝိဓဂ္ဂီ နိဗ္ဗုတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ၊
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

၈။ သုဗာဟူနာမ နာမေန၊ စတုတ္တိံသာသု ခတ္တိယာ၊
သတ္တရတနသမ္ပန္နာ၊ ပဉ္စကပ္ပသတေ ဣတော။

၉။ ပဋိသမ္ဘိဒါ စတဿော (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၆၃)

## ၂၁။ ဓာတုပူဇကတ္ထေရအပဒါနံ

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိဒ္ဓတ္ထမှိ နရုတ္တမေ။
ဧကာ ဓာတု မယာ လဒ္ဓါ၊ ဒွိပဒိန္ဒဿ တာဒိနော။

၂။ တာဟံ ဓာတုံ ဂဟေတွာန၊ ဗုဒ္ဓဿာဒိစ္စ ဗန္ဓုနော။
ပဉ္စဝဿေ ပရိစရိံ၊ တိဋ္ဌန္တံဝ နရုတ္တမံ။

၃။ စတုန္နဝုတိတော ကပ္ပေ၊ ယံ ဓာတုံ ပူဇယိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓာတုပဋ္ဌဟနေ ဖလံ။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၅၂)

## ၂၂။ အနိစ္စလက္ခဏဝတ္ထု

သဗ္ဗေသင်္ခါရာ အနိစ္စာတိ ဣမံဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဂန္တွာ အရညေ ဝါယမန္တာပိ အရဟတ္တံ အပ္ပတွာ "ဝိသေသေတွာ ကမ္မဋ္ဌာနံ ဥဂ္ဂဏှိဿာမာ"တိ သတ္ထု သန္တိကံ အာဂမိံသု။

သတ္ထာ "ကိံ နု ခေါ ဣမေသံ သပ္ပာယ" န္တိ ဝီမံသန္တော "ဣမေ ကဿပဗုဒ္ဓကာလေ ဝီသတိဝဿသဟဿာနိ အနိစ္စ လက္ခဏေ အနုယုဉ္ဇိံသု၊ တသ္မာ အနိစ္စလက္ခဏေနေဝ ဧတေသံ ဧကံဂါထံ ဒေသေတုံ ဝဋ္ဋတီ"တိ စိန္တေတွာ "ဘိက္ခဝေ ကာမဘဝါဒီသု သဗ္ဗေပိ သင်္ခါရာ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ ဧဝါ"တိ ဝတွာ ဣမံဂါထ မာဟ–

"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

ဒေသနာဝသာနေ တေဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု၊
သမ္ပတ္တပရိသာယပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသီတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၅၅)

## ၂၃။ ဒုက္ခလက္ခဏဝတ္ထု

ဒုတိယဂါထာယပိ ဧဝရူပမေဝ ဝတ္ထု။

တဒါ ဟိ ဘဂဝါ တေသံဘိက္ခူနံ ဒုက္ခလက္ခဏေ ကတာဘိယောဂဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ ပဋိပီဠနဋ္ဌေန ဒုက္ခာဝေါ"တိ ဝတွာ ဣမံဂါထမာဟ–

"သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။
(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၅)

## ၂၄။ အနတ္တလက္ခဏဝတ္ထု

တတိယဂါထာယပိ ဧသေဝနယော။

ကေဝလဉှိ ဧတ္ထ ဘဂဝါ တေသံ ဘိက္ခူနံ ပုဗ္ဗေအနတ္တလက္ခဏေ အနုယုတ္တဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာဝေါ"တိ ဝတွာ ဣမံဂါထ မာဟ–

"သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။
(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၆)

## ၂၅။ ပဉ္စသတဘိက္ခုဝတ္ထု

ဝဿိကာ ဝိယ ပုပ္ဖာနီတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ အရညေ သမဏဓမ္မံ ကရောန္တာ ပါတောဝ ပုပ္ဖိတာနိ ဝဿိကပုပ္ဖာနိ သာယံ ဝဏ္ဋတော မုစ္စန္တာနိ ဒိသွာ "ပုပ္ဖာနံ ဝဏ္ဋေဟိ မုစ္စနတော မယံ ပဌမတရံ ရာဂါဒီဟိ မုစ္စိဿာမာ"တိ ဝါယမိံသု။

သတ္ထာ တေ ဘိက္ခူ ဩလောကေတွာ "ဘိက္ခဝေ ဘိက္ခုနာနာမ ဝဏ္ဋတော မုစ္စနပုပ္ဖေနဝိယ ဒုက္ခတော မုစ္စိတုံ ဝါယမိတဗ္ဗမေဝါ"တိ ဝတွာ ဂန္ဓကုဋိယံ နိသိန္နောဝ အာလောကံ ဖရိတွာ ဣမံ ဂါထ မာဟ–

ဝဿိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ''တိ။

ဒေသနာဝသာနေ သဗ္ဗေပိ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသူတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၇၇)

# ဆောင်တော်မူ

"ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊
ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊
ရဟန်းတော်ဘဝ၊ ချမ်းမြမြဝယ်၊ စန်းလနှယ်သို့၊ တင့်တယ်နေကြ၊
သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်းပြောခန်း၊ မမောပန်းအောင်၊
လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဇောစေတနာ၊
အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသား၊ ရဟန်းများတွက်၊
အခက်အခဲ၊ တစ်အုပ်ထဲဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ရွှေပါဠိ၊
၅, ၆ရှိ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်း
ကဗျာ၊ လင်္ကာအစု၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊
ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊
အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာရှင်ထား၊ ဒီတရားစာအုပ်၊
ဝေငှထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာဓမ္မကထိက၊ နေ့ညခါခါ၊
သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊
မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊
အိတ်ဆောင် ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက၊
အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ။"

## စာရေးသူ၏ ဘ၀ဖြစ်စဉ်

ဤကျမ်းစာရေးသူသည် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ကင်မွန်းတောင့်ရွာ၊ ဦးကြည်မောင်+ဒေါ်ငယ်တို့မှ ၁၃၂၄-ခု၊ တပေါင်းလဆန်း (၁၀)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။

၁၃၄၅-ခု၊ တန်ခူးလပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်၊ ရန်ကင်းမြို့နယ်၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၁၅)၊ ၁၄-လမ်းနေ ဦးသိန်း + ဒေါ်လှခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဖြစ်သည်။

### စာသင်ရာကျောင်းတိုက်များ

၁။ သဒ္ဓမ္မကာရီကျောင်းတိုက်၊
ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။

၂။ ရွှေပြည်တန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။

၃။ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၄။ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

၅။ ရွာမစာသင်တိုက်၊ အင်းစိန် + ရန်ကုန်။

၆။ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်း + ရန်ကုန်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁။ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့။
ဝိနယပါလစာမေးပွဲ၊ မူလတန်း၊ အငယ်တန်း

၂။ ငှင်းမြို့ ကမ်းနားပရိယတ္တိအသင်းစာမေးပွဲ
မူလအလတ် (တတိယ) မူလအကြီးတန်း၊
ပထမငယ်တန်း (တတိယ)

၃။ ဘိုကလေးမြို့၊ ပရိယတ္တိသာသနာပါလအသင်း
စာမေးပွဲ၊ ပထမငယ်တန်း (ဝိနယဂုဏ်ထူး)

၄။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်စာမေးပွဲ
ပထမလတ်တန်း (ပထမ)

၅။ ငှင်းမြို့ အမျိုးသားစာမေးပွဲ ပထမငယ်တန်း၊
ပထမလတ်တန်း (တတိယ)၊ ပထမကြီးတန်း။

၆။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနကိုရ
စာမေးပွဲ ပထမကြီးတန်း (ဒုတိယ)

၇။ အင်းစိန်၊ ဝိနယာဓိကစာမေးပွဲ၊
ပထမကြီးတန်း (တတိယ)၊ ရွာမစာသင်တိုက်
သဒ္ဓမ္မဝံသစာမေးပွဲ ပထမကြီးတန်း (တတိယ)

၈။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိအသင်းစာမေးပွဲ
ပထမကြီးတန်း (ပထမ) ပရဒေသီ။

၉။ ဆူးလေ အဘိဓမ္မာစာမေးပွဲ ယမက - ဒု/တ အုပ်

၁၀။ ဘုရားဖြူစာမေးပွဲ၊ ပထမငယ်တန်း။

၁၁။ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိသာသနာဟိတ
အသင်းစာမေးပွဲ၊ ပထမဆင့်၊
မဟာဝေယျာကရဏိကတန်း။

၁၂။ ဗဟန်း၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ပရိယတ္တိ
သာသနာပါလအသင်းစာမေးပွဲ၊ ဓမ္မာစရိယတန်း (တတိယ)

၁၃။ အစိုးရစာမေးပွဲ၊ ဓမ္မာစရိယတန်း (၁၃၅၁)

**ယခုနေရာ**

ဆင်ဖြူတောင်စာသင်တိုက်၊ သာကေတ။
၁၃၅၅ ခု၊ နယုန်လပြည့်ကျော် (၇)ရက်
၁၁-၆-၉၃ မှ စကာ စာသင်တိုက်ဖွင့်
စာသင်စာချ၊ တရားဟော၊ စာရေးသည်။

## ဆင်ဖြူတောင်ထုတ်ဝေပြီးစာအုပ်များ

၁။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၁) (၂) (၃) (၄) (၅)
၂။ ဂါထာအိတ်ဆောင်
၃။ ပဋ္ဌာန်းအိတ်ဆောင်
၄။ မိဘကျေးဇူးတရားတော်များ
၅။ မိဘကျေးဇူး+ရွှေစာထူး
၆။ ပါရာဇိကကဏ်ပါဠိဝိနိစ္ဆယ
၇။ မန္တမ်းစေသင့်+ပန်းသုံးပွင့်
၈။ အတွေးဖြူဖြူ+ဆေးလှူသူ
၉။ စကားနှစ်ရွှေမှုန်များ
၁၀။ ပူဇော်ဆင်နွဲ+ပဋ္ဌာန်းပွဲ
၁၁။ အနှစ်သာရ+စကားလှ အမှတ် (၁) (၂)
၁၂။ ကဗျာချိုချို+စာတိုတိုများ
၁၃။ ကဗျာအိတ်ဆောင်
၁၄။ အပူငြိမ်းအေး+ဖြေဆေးတစ်ခွက်
၁၅။ အဆောင်ကောင်းဂါထာတော်များ
၁၆။ သင့်အတွက်အလင်္ကာ
၁၇။ သင့်အတွက်ဆန်း
၁၈။ အထူးဆောင်ရန်+အဘိဓာန်
၁၉။ သင့်အတွက်ဇာတ်
၂၀။ ဆင်ဖြူတောင်ဝတ်ရွတ်စဉ်နှင့်
ဘဝအတွက်အောင်မြင်ကြီးပွားတိုးတက်ရေးလမ်းညွှန်ချက်များ
၂၁။ သုခချမ်းသာ+မင်္ဂလာတရားတော်များ
၂၂။ ရတနာအစစ်ဝတ်လိုက်စမ်းပါ။
၂၃။ အောင်ရာအောင်ကြောင်း အဆောင်ကောင်းများ (၁) (၂)
၂၄။ ကောင်းလမ်းကိုလျှောက် ကောင်းရာရောက်
၂၅။ အပဒါန်မှ စကားလှများ
၂၆။ ဘဝမစောင်း ကြီးပွားကြောင်း

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင်တရားတော်များ

## အမှတ် (၅)

အရှင်ဂုဏိန္ဒ
သာသနဓဇဓမ္မာစရိယ
ဝစာနုနာယက
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်
ဖုန်း – ၅၄၀၈၅၈

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဦးဇာနည်ဝင်း ( ညွှန်ကြားရေးမှူး )

၏

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ( ၁၆ ) ရက်

စာအမှတ် – ၁၁၉/၁ (ပုံနှိပ်)/သသန–၀၇

ခွင့်ပြုချက်အရ

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၄၀–လမ်း ( အပေါ် )

သင်္ဂဟပုံနှိပ်တိုက်တွင်

ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


စဉ် အကြောင်းအရာ တာမျက်နှာ

၁။ စုန္ဒီသုတ္တန်
(ဘဝတောင်းရေး + အမေးအဖြေ)
◆ ရတနာသုံးပါး ပူဇော်ပွဲ၊ သီလပွဲ၊
ဒါန, သီလ, ဘာဝနာပွဲမျိုးစုံ တော ၇

၂။ သရဏဂမနီယသတ္တေရနအပဒါန်
(ဒေါ်သကင်းဝေး + ငြိမ်းချမ်းရေး)
◆ ဓမ္မာအခါတော်နေ့၊ ရတနာသုံးပါးပူဇော်ပွဲ၊
ညီညွတ်ရေးပွဲ တော၊ နေ့ပွဲ, ညပွဲ အစုံတော ၃၀

၃။ ယညသာမိတတ္ထေရအပဒါန်
(သိမ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်)
◆ ရတနာသုံးပါးပူဇော်ပွဲ၊ တော့ရှူးဆင်ပွဲ၊ ပရတိတပွဲများ
ဒါ, သီ, ဘာ ပွဲမျိုးစုံ နေ့ပွဲ + ညပွဲ အစုံတော ၅၅

၄။ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်
(လူ နတ် ချစ်ခင် + မြတ်အရှင်)
◆ ရတနာသုံးပါးပူဇော်ပွဲ၊ ဒါ, သီ ဘာပွဲ၊
နေ့ပွဲ + ညပွဲ အစုံတော ၇၈

၅။ ဥဒယသုတ္တန်
(အဖန်ဖန်အခါခါ + ပေးလှူပါ)
◆ ဒါ, သီ, ဘာ ပွဲမျိုးစုံတော ၉၂

၆။ ဂိတိသာမိစိသုတ္တန်
(တွေးတိုင်း နေ့ည + ကုသိုလ်ရ)
◆ ဆွမ်း သင်္ကန်း ကျောင်း ဆေး လှူပွဲတိုင်းဟော ၉၇

၇။ သုမနာဝေဠိယတ္ထေရအပဒါန်
(ချစ်ကြ ခင်ကြ + ပူဇော်ကြ)
◆ ပန်းပူဇော်ပွဲ၊ မိဘ ဆရာ ပူဇော်ပွဲ တော။ ၁၁၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈။ | သယနတ္ထေရအပဒါန | |
| | (ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင်) | |
| | * ကျောင်း, သိမ်, ဇရပ် တန်ဆောင်း စသော | |
| | နေရာလှူပွဲတိုင်း ဟော | ၁၁၈ |
| ၉။ | ဖေဒါယကတ္ထေရအပဒါန | |
| | (တံခွန်လှူရ + ကောင်းကျိုးလှ) | |
| | * ထီး, တံခွန် လှူပွဲ ဟော | ၁၂၁ |
| ၁၀။ | ကေသတ္တိယတ္ထေရအပဒါန | |
| | (ထီးဖြူဆောင်းရ + သူ့ဘဝ) | |
| | * ထီးလှူပွဲ၊ ထီးတင်ပွဲ ဟော | ၁၂၄ |
| ၁၁။ | ခဇ္ဇကဒါယကတ္ထေရအပဒါန | |
| | (လိုရာပြည့်ဝ + ဝမ်းမြောက်ရ) | |
| | * သစ်သီးလှူပွဲ၊ ခဲဖွယ် (မုန့်လှူပွဲ) ဟော | ၁၂၇ |
| ၁၂။ | ပဥ္စဒီပကတ္ထေရအပဒါန | |
| | (ယူဇနာတစ်ရာ ဝေးသော်လည်း) | |
| | * ဆီမီးပူဇော်ပွဲ ဟော | ၁၃၀ |
| ၁၃။ | ကေဓမ္မသဝနိယတ္ထေရအပဒါန | |
| | (မမြဲတစ်ခု + အမြဲရှု) | |
| | * နာရေးပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း ဟော | ၁၃၄ |
| ၁၄။ | သပရိဝါရာသနတ္ထေရအပဒါန | |
| | (ကောင်းကျိုးသီးမှာ မလွဲပါ) | |
| | * ကျောင်း ဆွမ်းလှူပွဲ ဟော | ၁၄၈ |
| ၁၅။ | ဓမ္မရုစိယတ္ထေရအပဒါန | |
| | (လမ်းမှားကိုလျှောက် လူတစ်ယောက်) | |
| | * နေ့ပွဲ + ညပွဲ အစုံဟော | ၁၅၈ |
| ၁၆။ | အဓိမုတ္တတ္ထေရအပဒါန | |
| | (လွှမ်းမိုးဂုဏ်သာ + ဖြစ်လေရာ) | |
| | * မဏ္ဍပ်လှူပွဲ၊ ဆွမ်းလှူပွဲ၊ ဆွမ်းအောင်ပွဲ ဟော | ၁၇၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဂန္ဓောဒကိယတွေ့ရအပဒါန<br>(သောကကင်းဝေး + ငြိမ်းချမ်းအေး)<br>* ကဆုန်လပြည့် ဗုဒ္ဓနေ့ ဟော၊ ဗောဓိပင် ပူဇော်ပွဲတိုင်း ဟော၊ နံ့သာလှူပွဲ၊ ရေလှူပွဲ ဟော | ၁၇၄ |
| ၁၈။ | အာယာဂဒါယကတွေ့ရအပဒါန<br>(ကျောင်းလှူဒါန + ကောင်းကျိုးလှ)<br>* ဆွမ်းစားကျောင်းစသော ကျောင်းလှူပွဲ ဟော | ၁၈၂ |
| ၁၉။ | ပဒသညကတွေ့ရအပဒါန<br>(ခြေတော်ရာဖူး + ကောင်းကျိုးထူး)<br>* ခြေတော်ရာ ပူဇော်ပွဲ ဟော | ၁၈၈ |
| ၂၀။ | ကောသနိယ တွေ့ရအပဒါန<br>(တကယ်ငြိမ်းသွား + မီးသုံးပါး)<br>* ကဆုန်လပြည့် ဗုဒ္ဓနေ့ဟော၊ ဗောဓိပူဇော်ပွဲ ဟော၊ နေ့ပွဲ ညပွဲ အစုံ ဟော | ၁၉၁ |
| ၂၁။ | ဓာတုပူဇကတွေ့ရအပဒါန<br>(ဓာတုပူဇာ + မင်္ဂလာ)<br>* ဓာတ်တော်ပူဇော်ပွဲဟော | ၂၂၂ |
| ၂၂။ | အနိစ္စလက္ခဏာဝတ္ထု<br>(မမြဲတစ်ခု + စွဲမြဲရှု)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၂၉ |
| ၂၃။ | ဒုက္ခလက္ခဏာဝတ္ထု<br>(ဆင်းရဲတစ်ခု + စွဲမြဲရှု)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၃၆ |
| ၂၄။ | အနတ္တလက္ခဏာဝတ္ထု<br>(စွဲမြဲရှုပါ + မပိုင်တာ)<br>* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော | ၂၃၉ |
| ၂၅။ | ပဉ္စသတဘိက္ခုဝတ္ထု<br>(ပန်းနဲ့ပြိုင်ကာ ကြိုးစားပါ)<br>* ဝိပဿနာပွဲတိုင်း ဟော | ၂၄၃ |

## အမှာစကား

စာရေးသူသည် မွေ့ကထိကအိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ် (၅) ၌ တရားတော်ပိုဒ်ရေ (၂၅) ပုဒ် ရေးသားထားပါသည်။ တရားတော်များကို ရေးသားရာ၌ ကြည့်ရှု မှတ်သား ဟောကြားရာတွင် လွယ်ကူစေရန် စိတ်ရည်သန်ကာ မြန်မာလို ရေးသားလိုက်ပါသည်။

မူရင်းမှီရာ ပါဠိတော်များကို ကျက်မှတ်ဟောကြားလိုသူ ပါဠိပညာရှင်များအတွက် ပါဠိတော်နောက်ဆက်တွဲကို တရားတော် အစဉ်အတိုင်း ဖော်ပြထားပါသည်။ လိုအပ်မည်ထင်သောနေရာ များ၌ ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ များကိုပါ ဖော်ပြထားပါသည်။ စုံစုံလင်လင် သိစေချင်သောကြောင့် ဖြစ်ပါသည်။

ဟောကာပြောကာ သာသနာကို ရှည်ကြာတည်တံ့ မြဲခိုင်ခံ့ အောင် အဆောင်ထူးခြား ဗိုလ်ငါးပါးဖြင့် မနားမနေ တရားအမွေ ခံယူကာ ကြိုးစားဆောင်ရွက်နိုင်ကြပါစေ။

## ကျေးဇူးတင်လွှာ

စာရေးသူ၏ မွေ့ကထိကအိတ်ဆောင် အမှတ် (၅)ပါ တရားစာများကို ကွန်ပျူတာစာစီရိုက်ပေးခြင်းဖြင့် မွေ့ဒါန တရား အလှူပြုလုပ်ပေးသော ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏ သမီး မနန္ဒာချစ်ကြည် တို့အား အထူးအစဉ် ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

အရှင်ဂုဏိန္ဒ
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်။
၉-၉-၂၀၀၇

# ပဥ္စာန်းအိပ်မက် ထူးခြားချက်
## ကဗျာ

- အိပ်မက်ကဗျာ၊ အိပ်မက်စာတမ်း၊
အိပ်မက်ဆန်းကို ကဗျာဆိုအံ့။

- ဟိုအတိတ်က၊ ညတစ်ညမှာ၊
ဘဂဝါဇိန၊ အတိအကျဟောဖော်၊
တရားတော်ထူးဆန်း၊ မြတ်ပဌာန်းကို၊
ရှင်လန်းကြည်သာ၊ ရွတ်ပြီးပါလျှင်၊
အိပ်ရာဝင်ခဲ့။

- အိပ်ပင်မကြာ၊ သိပ်ရှင်ပါသည့်၊
ရတနာခေါ်၊ ဆင်ဖြူတော်လှ၊
မြူးခုန်ကပြီး၊ ခြသေ့်ကြီးပါ၊ အနီးမှာရှိ၊
နေတုံ့ဘိသည်၊ ထူးသည့်အိပ်မက်၊
ရက်တစ်ရက်က၊ ညတစ်ည။

- ဆင်ဖြူ့ ခြသေ့်၊ အိပ်မက်တွေ့၍ (မြင်ခင်တွေ့၍)
ကောင်းပွေ့အတိတ်၊ ကောင်းနိမိတ်ဟု၊
စိတ်ထင်မှုတိုင်း၊ မှန်မဆိုင်းပေ၊
မြို့သာကေမှ၊ ဆင်လှရတနာ၊ အမည်ပါခေါင်း၊
ဆင်ဖြူတောင်ခေါ်၊ ကျောင်းတိုက်တော်ကို၊
စိတ်တော်မပန်း၊ ဘဝင်ချမ်းမြ၊ ရှင်လန်းရခဲ့။

* ရတဲ့အခါ၊ ကျောင်းမျက်နှာစာတွင်၊
ဆင်လှရတနာ၊ မြင်ကြစရာကား၊
များပြားစင်စစ်၊ တစ်ရှူ့ရှစ်ပင်၊
* မြတ်သောခြင်္သေ့၊ ရှာကြံတွေ့ပြန်၊
တိုက်နံ့ရံနှင်၊ ထပ်မံတွေ့လာ၊ ဗီရိမှာပဲ။
* အိပ်မက်ထဲက၊ ဆင်လှအကျော်၊
ဆင်ဖြူတော်နှင့်၊ ခင်ဖော်အနီး၊
ခြင်္သေ့ကြီးဟာ၊ တည်ငြိမ်စွာပင်၊
တွေ့ကာမြင်ရ၊ ချိန်ကာလမှာ၊
သြော်...ထူးစွာဟု၊ အံ့သြပြုမိ။
* ကြီးဘိဆင်နှင့်၊ ခြင်္သေ့ ဆင့်ကာ၊ အိပ်မက်လွှာကြောင့်၊
မှန်စွာမစောင်း၊ ဆင်ဖြူတောင်ကျောင်းရ၊
ပဓာနပဲ၊ အကြီးအကဲဖြစ်ရ၊
တိုက်ဆိုင်လှစွာ၊ ဒီကဗျာနှ၊ စီကာပြုမိ။
* မြတ်သည့်ပဋ္ဌာန်း၊ မြတ်အစွမ်းကြောင့်၊
ထူးဆန်းအိပ်မက်၊ ထူးခြားချက်ကို၊
ကဗျာဆိုလျက်၊ အိပ်မက်ကဗျာ၊
ကြည့်စမ်းပါဟု၊ နိဒါန်းပြုသည်၊
ပဋ္ဌာန်းရွှေစာ အစွမ်းတည်း။

အင်္ဂုတ္တရနိကာယ်၊ ဝဋ္ဋကနိပါတ်၊ သုမနဝဂ်၊ စုန္ဒီသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဘဝကောင်းရေး + အမေး အဖြေ

တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဘဝကောင်းရေး + အမေး အဖြေ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

ဘဝကောင်းရေး အမေး အဖြေ တရားပါဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

## ဝေဠုဝန်မှာ + စောမြတ်စွာ

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တွေကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

စုန္ဒီရောက်လာ+မေးလျှောက်ရှာ

အဲဒီအချိန်မှာ စုန္ဒီမင်းသမီးလေးဟာ ရထား ငါးရာ၊ သတို့သမီး ငါးရာခြံရံပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာ ရှိခိုးပြီးတော့ တစ်ခုသောနေရာမှာ ထိုင်နေပါတယ်။

တစ်ခုသောနေရာမှာ ထိုင်နေပြီးတော့ စုန္ဒီမင်းသမီးလေးဟာ မြတ်စွာဘုရားကို ဒီစကားလေး မေးလျှောက်လိုက်ပါတယ်။

## မောင်တော်စုန္ဒ + ပြောပြသည်မှာ

အရှင်ဘုရား။ တပည့်တော်တို့ရဲ့ မောင်ဖြစ်တဲ့ စုန္ဒမင်းသားဟာ ဒီလိုပြောဆိုပါတယ် ဘုရား။

"မိန်းမပဲ ဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ဘုရား တရား သံဃာကို ကိုးကွယ်

သူ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် သူ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် သူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ် သူ၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ၊ ကုသိုလ်တရားတွေမှာ မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူဟာ သေပြီးတဲ့နောက် ကောင်းတဲ့ သုဂတိ ဘုံဘဝကိုပဲ ရောက်ရပါတယ်။ မကောင်းတဲ့ ဘုံဘဝကို မရောက်ရပါ''လို့ ပြောဆိုပါတယ် ဘုရား။

ဘယ်လိုဗုဒ္ဓ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

အရှင်ဘုရား၊ တပည့်တော် စုန္ဒီ မြတ်စွာဘုရားကို မေးလျှောက်ပါရစေ။

ဘယ်လိုဘုရားမှာ ကြည်ညိုသူဟာ ခန္ဓာကိုယ်ပျက်စီး သေပြီးတဲ့နောက်မှာ ကောင်းတဲ့ဘုံဘဝ ရောက်နိုင်ပါသလဲ၊ မကောင်းတဲ့ ဘုံဘဝ မရောက်နိုင်ပါသလဲ လို့ မေးလျှောက်ပါတယ်။

ဒီနေရာလေး လျှောက်ထားတာ ကြည့်လိုက်တော့ နောက်ဘဝကောင်းရေး နောက်ဘဝ၊ ဘဝကောင်းရေး မေးလျှောက်နေတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## အရေးကြီးကာ + မေးလျှောက်တာ

နောက်ဘဝ တစ်ဘဝကောင်းရေး အရေးမကြီးဘူးလား။

(အရေးကြီးပါတယ် ဘုရား)

အေး စုန္ဒီမင်းသမီးလေးက အရေးကြီးလို့ မေးလျှောက်နေတာ ဖြစ်တယ် နော်။ (မှန်လှပါဘုရား)

## နေမထူး သေမထူး

လူ့လောကမှာတော့ လူတွေဟာ နောက်ဘဝရေး မတွေးတဲ့လူ၊ နေမထူး၊ သေမထူးလူတွေ များတယ်နော်။ (မှန်လှပါဘုရား)

နေမထူး သေမထူး လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ဘုန်းကြီးတို့ကတော့ လူ့ဘဝ တစ်ခဏလေး နေရစဉ်မှာလည်း ကုသိုလ် တွေနဲ့ နေပြီးတော့ သေဆုံးတဲ့အခါမှာလည်း ကုသိုလ်တရားတွေနဲ့ သေနိုင်ကာ နေလည်း ထူး၊ သေလည်း ကောင်းတဲ့ဘဝတွေ ရောက်ပြီး ထူးစေချင်ပါတယ်။

ဘယ်လိုဓမ္မကြည်ညိုမှ ဘဝကောင်းရမှာလဲ?

နောက်ပြီးတော့ ဘယ်လိုတရားတော်ကိုကြည်ညိုမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်သလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသံဃ၊ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသံဃာ ကြည်ညိုပါမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသီလ ဖြည့်ကျင့်မှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသီလတွေမှာ ဖြည့်ကျင့် ဆည်းပူးမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

## အမေး လေးပါး + လင်္ကာများ

စုန္ဒီမင်းသမီးလေးရဲ့ အမေး လေးပါး။

ဘယ်နှစ်ပါးတဲ့လဲ? (လေးပါးပါ ဘုရား)

အဲဒီ အမေးလေးပါးကို လင်္ကာလေးတွေ ရေးထားတယ်။ အားလုံး မှတ်မိသွားအောင် လိုက်ဆိုကြပါ။

* ဘယ်လိုဗုဒ္ဓ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုဓမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသံဃ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောက်မှာလဲ?

## များပြားလှစွာ + သတ္တဝါ

အဲဒီလို စုန္ဒီမင်းသမီးလေးက မေးလျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က–

စုန္ဒီ၊ အခြေမရှိတဲ့သတ္တဝါ၊ အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါ၊ အခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အခြေများစွာရှိတဲ့ သတ္တဝါ၊ ရုပ်ရှိတဲ့ သတ္တဝါ၊ ရုပ်မဲ့တဲ့ သတ္တဝါ၊ သညာရှိတဲ့ သတ္တဝါ၊ သညာမဲ့တဲ့ သတ္တဝါ၊ ရုန့်ရင်းတဲ့သညာကား မရှိ သိမ်မွေ့တဲ့ သညာမရှိသည် မဟုတ်တဲ့ သတ္တဝါရယ်လို့ သတ္တဝါတွေ များစွာရှိတယ်။

## ဗုဒ္ဓမြတ်စွာ+မြတ်ဆုံးပါ

အဲဒီလို များစွာရှိတဲ့သတ္တဝါတွေထဲမှာ ကိလေသာတွေမှ ဝေးကွာတော်မူ

တဲ့ မြတ်စွာဘုရား။ အလုံးစုံသော တရားတွေကို ကိုယ်တိုင် မှန်စွာသိတော်မူတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံး ဖြစ်တော်မူတယ်။

အရဟံ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ ဟာ အမြတ်ဆုံးနော် (မှန်လှပါ ဘုရား)

## ဘုရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒိ၊ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ အမြတ်မှာ ကြည်ညိုသူတွေ ဖြစ်တယ်။ အဲဒီလို အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပြည့်ဝတော်မူတဲ့ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ မြင့်မြတ်ကောင်းကျိုး အမျိုးမျိုးတွေ ပွားတိုးရရှိနိုင်တယ်။ ကောင်းတဲ့ဘဝဟွေ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်နိုင်ဘူးလို့ ဟောကြား အဖြေပေးတော်မူတယ်။

## ဘဝကောင်းရ + သာဓက

ဒီနေရာမှာ 'ခင်ပုတ်ငှက် ဝတ္ထု' ကို ပြောပြချင်ပါတယ်။

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဝေဒိသကတောင် ဣန္ဒသာလ လိုဏ်ဂူမှာနေတော်မူပါတယ်။

ခင်ပုတ်ငှက်တစ်ကောင်ဟာ မြတ်စွာဘုရား ရွာထဲကို ဆွမ်းခံကြွတော်မူတဲ့အခါမှာ လမ်းတစ်ဝက်ထိ သွားရောက်ကြိုဆိုပါတယ်။ ပြန်ကြွတော်မူတဲ့အခါမှာလည်း လမ်းတစ်ဝက်အထိ လိုက်ပို့ပါတယ်။

အဲဒီခင်ပုတ်ငှက်ဟာ တစ်နေ့တော့ ညနေချမ်းအချိန် ရဟန်းအပေါင်း ခြံရံတော်မူပြီး နေတော်မူတဲ့ မြတ်စွာဘုရားကို တောင်ကနေဆင်းကာ အတောင်နှစ်ဖက် ယှက်ပြီးတော့ ဦးညွှတ်ရှိခိုးနေတယ်။

မြတ်စွာဘုရားဟာ အဲဒီခင်ပုတ်ငှက်ကို ကြည့်ပြီးတော့ ပြုံးတော်မူလိုက်ပါတယ်။

အရှင်အာနန္ဒာက 'မြတ်စွာဘုရား၊ ဘာ့ကြောင့် ပြုံးတော်မူရပါသလဲ၊ ပြုံးတော်မူခြင်းရဲ့ အကြောင်းကို ဟောပြတော်မူပါ ဘုရား' လို့ လျှောက်ထားတော်မူပါတယ်။

ဘုရားရှင်က 'အာနန္ဒာ၊ ဒီခင်ပုတ်ငှက်ကို ကြည့်လိုက်စမ်းပါ။ ဒီခင်ပုတ်ငှက်ဟာ ငါဘုရားနဲ့ သံဃာတော်များကို စိတ်ကြည်ညိုတဲ့ကောင်းမှုကြောင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး အပါယ်လေးပါးလွတ်ပြီးတော့ လူ့နတ်ဘဝမှာပဲ ဖြစ်ရကာ နောင်အခါမှာ သောမနဿအမည်ရတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ရမယ်' လို့ ဟောပြတော်မူပါတယ်။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

ဒီခင်ပုတ်ငှက်ဝတ္ထုကို ကြည့်လိုက်တဲ့အခါမှာ ဘုရားကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် အပါယ်လေးပါး လွတ်ရခြင်း၊ လူ နတ်ဘဝ ဖြစ်ရခြင်း၊ ပစ္စေကဗုဒ္ဓါ ဖြစ်ရမယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

ဒီတော့ အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တွေ ပြည့်ဝတော်မူတဲ့ အမြတ်ဆုံး ဗုဒ္ဓကို ကြည်ညိုတဲ့၊ ကြိုဆိုတဲ့၊ ပူဇော်တဲ့ ခင်ပုတ်ငှက်ဟာ အပါယ်လွတ်မြောက် လူ နတ် ဆိုတဲ့ ဘဝကောင်းတွေ ရောက်ရတယ် မဟုတ်လား။

(ရောက်ရပါတယ် ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* အရဟံဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* သမ္မာသမ္ဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* မြတ်စွာဗုဒ္ဓါ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အပယ်မရောက် + နတ်ပြည်ရောက်

ဘုရားကို ကြည်ညိုကိုးကွယ်ဆည်းကပ်သူတွေဟာ အပါယ်လေး မရောက်တော့ဘူး။ လူ့ခန္ဓာကို ပယ်စွန့်ရတဲ့အခါမှာလည်း နတ်ရွာ၊ လောကဘုံဘဝကောင်းကိုပဲ ရောက်ရတယ်။ (ဒီ ၂– ၂၀၄။ သံ–၁–၂၅)

## တကယ်သိမှတ် + ပီတိမြတ်

ဘုရားလို့ ကြားရတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ပီတိဟာ ဇမ္ဗူဒိပ်ထစ်ကျွန်းလုံးမှာ အစိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်ရတာထက် မြတ်တယ်။

(ဒီ ၄– ၁၅၄။ ဏ္ဍာတိဝတ်၊၄၊၂၇၁)

## ကောင်းကျိုးဆယ်ဖြာ + ရအံ့သာ

နတ်တို့အရှင် သိကြားမင်း ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းဟာ ကောင်းတယ်။ ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒီလောကမှာ အချို့သတ္တဝါတွေဟာ သေဆုံးရတဲ့အခါ နတ်ပြည်ကို ရောက်ရမယ်။ နတ်ပြည်ကို ရောက်တဲ့အခါမှာလည်း နတ်ဌဖြစ်တဲ့အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံ၊ အစိုးရခြင်း။

နတ်ဌဖြစ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကောင်းကျိုး ၁၀ မျိုးဟာ အခြားနတ်တွေကို လွှမ်းမိုးနိုင်တယ်။ (အသာရတယ်) ဆိုတဲ့ ဟောကြားချက်တွေ အများကြီးရှိသေးတယ်နော်။ (မှန်လှပါဘုရား) (သံ၊ ပါ၊ ၂၊ ၄၆၇)

## အင်္ဂါရှစ်ပါး + မဂ်တရား

စုန္ဒ၊ အကြောင်းတရားတွေ ပြုပြင်အပ်တဲ့ သင်္ခတ တရားတွေ ရှိတယ်။ အဲဒီသင်္ခတ တရားတွေထဲမှာတော့ ဖြူစင်သန့်ရှင်း ဖပြစ်ကင်းတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်တရားဟာ အမြတ်ဆုံးဖြစ်တယ်။

သင်္ခတ တရားတွေထဲမှာ အမြတ်ဆုံးက ဘာ? (မဂ္ဂင်ရှစ်ပါးပါ ဘုရား)

## မဂ္ဂင်ရှစ်ပါး + မြတ်တရား

အဲဒီမဂ္ဂင်ရှစ်ပါးကတော့-

* သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် (ဆင်းရဲမှန်ကိုသိတာ)၊ ဆင်းရဲကြောင်းအမှန်ကို သိတာ၊ ဆင်းရဲချုပ်ရာ အမှန်ကိုသိတာ၊ ဆင်းရဲချုပ်သို့ရောက်ကြောင်း အမှန်ကို သိတာဖြစ်တယ်။
* သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံ၊ (ကိလေသာ ကာမ၊ ဝတ္ထုကာမတွေမှာ လွတ်မြောက်ရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မဖျက်ဆီးရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်း ဖြစ်တယ်)
* သမ္မာဝါစာ၊ ကောင်းတဲ့စကားကို ဆိုခြင်း၊ (ဝစီ ဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာ)
* သမ္မာကမ္မန္တ၊ ကောင်းတဲ့အမှုကိုသာ ပြုတာ။ (ကာယ ဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်တာ)
* သမ္မာအာဇီဝ၊ ကောင်းတဲ့အသက်မွေးခြင်း၊ (မကောင်းမှု ဒုစရိုက် ခုနစ်ပါးတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တာ)
* သမ္မာဝါယမ၊ ကောင်းတဲ့အားထုတ်ခြင်း၊ (မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ရန်၊ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို အစဉ်အမြဲ ပိုတိုးပွားအောင် အားထုတ်ခြင်း)
* သမ္မာသတိ၊ ကောင်းစွာ မမေ့မလျော့ခြင်း၊ (ကိုယ်ကာယ၊ ခံစားမှုဝေဒနာ၊ စိတ်၊ နိဝရဏစသော တရားများ၌ မိမိစိတ်တည်နေစေရန် မမေ့မလျော့တာ)
* သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း၊ (ပထမ ဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များ ကို ဆိုလိုတယ်)

(မဟာဝဂ္ဂပါဠိ၊ ပထမတွဲ၊ ပထမပိုင်း (လာ) မှ)

## တရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားမှာ ကြည်ညိုသူတွေဟာ အမြတ်ဆုံး ကြည်ညိုကြသူတွေ ဖြစ်တယ်။

ဒီနေရာမှာ ကြည်ညိုတယ်ဆိုတာ လိုက်နာ ကျင့်သုံးတာကို ဆိုလိုပါတယ်။

အဲဒီအမြတ်ဆုံး ကြည်ညိုကြသူတွေမှာ မြတ်တဲ့ကောင်းကျိုးအမျိုးမျိုးတွေ ပွားတိုးပိုင်ပိုင် ရရှိနိုင်တယ်။ ကောင်းတဲ့ဘဝ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်တော့ဘူးလို့ ဖြေကြားတော်မူပါတယ်။

## ကောင်းရာရောက်သွား + ဖားနတ်သား

ဒီနေရာမှာ လူတွေအသိများ ထင်ရှားတဲ့ ဖား နတ်သားဝတ္ထုကို ပြောပြ ချင်ပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ရဟန်းအပေါင်း ခြံရံကာ စမ္ပာ ပြည်ကို ဆွမ်းခံရွာပြုပြီးတော့ ဂဂ္ဂရာရေကန်ရဲ့အနီးက ကျောင်းတိုက်ကြီးမှာ သီတင်း သုံးနေထိုင်တော်မူပါတယ်။ (မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊ ၆၁၃)

## သတ္တလောက + ကြည့်ရှုရာဝယ်

တစ်နေ့တော့ မြတ်စွာဘုရားဟာ မိုးသောက်ထအခါ ဘုရားတို့ ဓမ္မတာ အတိုင်း မဟာကရုဏာ သမာပတ်ဝင်စားပြီး သမာပတ်မှထကာ သတ္တလောကကို ကြည့်ရှုတော်မူလိုက်ပါတယ်။

အဲဒီလိုကြည့်ရှုလိုက်တော့ 'ဒီနေ့ ငါဘုရား ညနေချမ်းအခါ တရားဟောရင် ဖားငယ်တစ်ကောင်ဟာ ငါဘုရားရဲ့ တရားသံမှာ အာရုံနိမိတ်ရယူနေစဉ် သူ့တစ်ပါး လှံ့လနဲ့ သေပြီးတော့ နတ်ပြည်မှာ ဖြစ်မယ်။ အခြံအရံများစွာနဲ့ ငါဘုရားထံ လူတွေကြည့်နေစဉ်မှာပဲ လာရောက်မယ်။ အဲဒီအစည်းအဝေးမှာ သတ္တဝါတွေ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလိမ့်မယ်' လို့ သိမြင်တော်မူပြီးနောက် နံနက်အခါ စမ္ပာပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူတယ်။ ဆွမ်းကိစ္စပြီးတော့ ကျောင်းတိုကတစ်ဖန် ပြန်ကြွတော်မူလာ တယ်။

ရဟန်းတော်တွေဟာ ဝတ်ပြုကြပြီးတော့ မိမိတို့နေရာ ပြန်သွားကြတယ်။ ဘုရားရှင်တော့ ဂန္ဓကုဋီကျောင်းတော်ဝင်ပြီးတော့ အရဟတ္တဖိုလ် သမာပတ် ချမ်းသာနဲ့ နေ့ပိုင်းအချိန်ကို ကုန်လွန်စေတော်မူတယ်။

## တရားဟောပွဲ + မြတ်ဗုဒ္ဓ

ညနေချမ်းအခါ ပရိသတ်လေးပါး စုံလင်တော့ မြတ်စွာဘုရားဟာ ဂန္ဓကုဋိကျောင်းတော်မှ ထွက်ပြီး ဂဂ္ဂရာရေကန်ရဲ့အနီးမှာရှိတဲ့ တရားမဏ္ဍပ်ထဲ ဝင်တော်မူကာ ဘုရားနေရာ တရားပလ္လင်မှာ ထိုင်နေတော်မူပြီးတော့ ပရိသတ်လေးပါးကို တရားဟောတော်မူပါ တယ်။

## ဖားငယ်လေးဟာ + တရားနာ

အဲဒီအချိန်မှာ ဖားငယ်လေးတစ်ကောင်ဟာ ရေကန်မှတက်လာပြီးတော့ 'ဒီအသံဟာ ဓမ္မကို ဟောဆိုနေတဲ့ အသံဖြစ်တယ်' လို့ ဓမ္မဆိုတဲ့ အမှတ်သညာနဲ့ တရားသံမှာ အာရုံနိမိတ်ယူလိုက်တယ်။ ပြီးတော့ ပရိသတ်တွေရဲ့နောက်ဆုံးနားက ဝပ်ပြီးတော့ နာယူနေတယ်။

## သညာသိတော့ သိနိုင်တယ်

တိရစ္ဆာန်တွေဟာ လူတွေလို တရားသဘောကို ဝိညာဏ်သိ၊ ပညာအသိမျိုးနဲ့ မသိကြပေမယ့် 'ဒီအသံဟာ တရားသံ၊ ဒီအသံဟာ မတရားသံ၊ ငါတို့ကို နှိပ်စက် ရန်မူမည့်အသံ' လို့ သညာသိကတော့ သိနိုင်ပါတယ်။

## ဟော နာနေတာ + သူမြင်ရာ

နွားကျောင်းသားလေးတစ်ယောက်ဟာ အဲဒီအရပ်ကို ရောက်လာပြီးတော့ မြတ်စွာဘုရား တရားဟောနေတာ၊ ပရိသတ်များ အေးအေးဆေးဆေး တရားနာနေ တာကို မြင်ရပါတယ်။

## ရှေးဖားဘဝ + သူမြင်ရ

နွားကျောင်းသားလေးရဲ့စိတ်ဟာ ဘုရားနဲ့တရားနာ ပရိသတ်ထံ စိတ်ရောက် သွားပြီး မိမိမှာပါလာတဲ့ တုတ်နှင်တံကို ထောက်ကာ အမှတ်တမဲ့ ရပ်လိုက် တယ်။ သူ့တုတ်နှင်တံဟာ ဖားငယ်လေးရဲ့ဦးခေါင်းမှာ ဖိထောက်မိသွားတယ်။

ဖားငယ်လေးဟာ တရားဆိုတဲ့ သညာနဲ့ သေဆုံးတဲ့ခဏလေးမှာပဲ တာဝတိံသာနတ်ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သားဖြစ်ရတယ်။ အိပ်စက်ရာမှာ နိုးလာတဲ့သူလိုပါပဲ။ တာဝတိံသာနတ်ပြည်မှာ နတ်သမီးတွေ ဝိုင်းရံနေတဲ့ မိမိကိုယ်ကို မြင်ရတော့ 'ငါ ဘယ်ကလာရောက်ကာ ဒီတာဝတိံသာ နတ်ပြည်မှာ ဖြစ်ရသလဲ' လို့ စဉ်းစားလိုက်တဲ့အခါ ရှေးဖားဘဝကို မြင်ရပါတယ်။

## တရားတော်သံ + ကုသိုလ်ကံမြင်

အဲဒီလိုမြင်တဲ့အခါ 'ငါ့လို ဖားတိရစ္ဆာန်တောင် နတ်ပြည်မှာ ဖြစ်ရသေးတယ်။ ဒီလိုနတ်စည်းစိမ်ကြီးကို ရရှိရသေးတယ်။ ငါဟာ ဘယ်လို ကုသိုလ်ကံကို ပြုခဲ့လေသလဲ'လို့ ဆက်လက်ဆင်ခြင်လိုက်တော့ မြတ်စွာဘုရားရဲ့ တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းမှတစ်ပါး အခြားကုသိုလ်ကံကို မမြင်ရပါဘူး။ (တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းဆိုတဲ့ ကုသိုလ်ကံကိုသာ မြင်ရပါတယ်။)

## ဘုရားထံသွား + ဖားနတ်သား

ဖားနတ်သားဟာ မကြာခင်မှာပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂဂ္ဂရာ ရေကန်ဆီ လာရောက်ပြီးတော့ လူတွေကြည့်ရှုနေစဉ်မှာပဲ နတ်သမီးတွေ များစွာခြံရံကာ နတ်ရဲ့အာနုဘော်နဲ့ ဘုရားရှင်ထံ ချဉ်းကပ်လိုက်ပါတယ်။ ချဉ်းကပ်ပြီးတော့ မြတ်စွာဘုရားရဲ့ခြေတော်တို့ကို ဦးဖြင့်တိုက်ကာ လက်အုပ်ချီမိုး ရှိခိုး ရပ်တည်နေပါတယ်။

## လူတွေသိရေး + ဘုရားမေး

မြတ်စွာဘုရားက ဖားနတ်သားဆိုတာ သိပါတယ်။ လူတွေသိအောင်၊ ကံကံရဲ့အကျိုးကို နားလည်သဘောပေါက်အောင် ဘုရားရှင်တို့ရဲ့ တန်ခိုးအာနုဘော်ကို သိအောင် သိသိကြီးနဲ့ပဲ အောက်ပါအတိုင်း မေးတော်မူလိုက်ပါတယ်။

## ရှိခိုးကြည်ဖြူ + သင်ဘယ်သူ

နတ်တွေရဲ့တန်ခိုးနဲ့ နတ်သမီးတွေအများကြီး ခြံရံကာ ထွန်းလင်းတောက်ပြောင်ပြီး အရပ်မျက်နှာ အသီးသီးတို့ကို နှစ်သက်ဖွယ် တကယ်ကောင်းအောင် တောက်ပြောင်နေတဲ့ ပကတိအဆင်းအရောင်နဲ့ ထွန်းလင်းတောက်ပလျက် ငါဘုရားရဲ့ ရွှေကြာပဒုံ ခြေတော်အစုံတို့ကို ရှိခိုးနေသူကား နတ်လား၊ လူလား ဘယ်သူလဲလို့ မေးတော်မူလိုက်ပါတယ်။

## ပြည့်စုံလျှောက်ထား + ဖားနတ်သား

ဖားနတ်သားလေးကလည်း ပြည့်စုံစွာ အောက်ပါအတိုင်း လျှောက်ထားလိုက်ပါတယ်။

## တရားနာစဉ် + သေပွဲဝင်

မြတ်စွာဘုရား၊ တပည့်တော်ဟာ ရှေးဘဝက ရေထဲမှာ ကျက်စားလေ့ရှိ

တဲ့ ရေမှာပေါက်ပွား ဖားသူငယ်လေး ဖြစ်ခဲ့ပါတယ်။ တရားဟောဖော် ရှင်တော်ဘုရားရဲ့ တရားတော်ကို တရားတော်သံ ကမ္မနိမိတ် စိတ်၌စွဲထင် နာယူစဉ်မှာပဲ နွားကျောင်းသားဟာ တပည့်တော်ကို နှင်တံဖြင့်ထောက် အသက်ပျောက်စေခဲ့ပါတယ် ဘုရား။

## ဆင်ခြင်သမှု + ကြည့်ရှုတော်မူပါ

မြတ်စွာဘုရား၊ ဖားနတ်သား‌ခေါ် တပည့်တော်ရဲ့ အချိန်မကြာလှ တစ်ခဏမျှလေးမှာပဲ ဘုရားဟောဖော်၊ တရားတော်၌၊ ကော်ရော်ရွှန်းစို၊ ကြည်ညိုတဲ့ သဒ္ဓါတရားကြောင့် ပြည့်စုံရိပ်ငြိမ်း နတ်စည်းစိမ်နဲ့ ထွန်းထိန်များလျှံ အခြံအရံတွေကို ဆင်ခြင်သမှု၊ ကြည့်ရှုတော်မူပါ ဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ လိုရာအဆင်း ပြည့်စုံခြင်းအစရှိတဲ့ နတ်တွေရဲ့သုံးဆောင်ဖွယ် အသွယ်သွယ်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ ကိုယ်ရေအဆင်း ပြည့်စုံခြင်းနဲ့ ထွန်းလင်းထိန်ပြောက် ဆယ်နှစ်ယူဇနာတိုင်အောင် ပြန့်နှံ့တဲ့ ကိုယ်ရောင်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါ ဘုရား။

## ပျော်ပျော်နှေ့ည + နာကြားကြရ

ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၊ ဘုန်းကံကြီးသူ များရှင်လူတွေဟာ ရှည်မြင့်လှစွာ အခါပတ်လုံး ရှင်တော်ဘုရားရဲ့ ဟောကြားမိန့်ဖော် တရားတော်ကို ပျော်ပျော် နှေ့ည နာကြားကြပါပြီ။

## စိုးရိပ်ခပ်သိမ်း + ကင်းငြိမ်းမှာပါ

ဘုန်းကံကြီးသူ များရှင်လူတွေဟာ အေးရာအမှန် မြတ်နိဗ္ဗာန်ကို အမှန်အံ့လောက် မဂ်ပညာ အစွမ်းပေါက်ကာ ရောက်ရတဲ့အခါမှာ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြရမှာ မလွဲပါဘူး။

## နိဗ္ဗာန်ရောက်မှာ + မလွဲပါ

ဘုန်းကံကြီးသူ ရှင်လူများစွာ သတ္တဝါတွေဟာ မတုန်လှုပ်မှန်၊ မဖောက်ပြန်မြတ်၊ နိဗ္ဗာန်အရပ်သို့၊ မပြတ်မဂ္ဂ၊ ပညာလှဖြင့်၊ မုချရောက်မှာ၊ မလွဲပါဟု ဂါထာစုနဲ့ လျှောက်တင်ပြုတယ်။

## သစ္စာသိမြင် + ကျွတ်တမ်းဝင်

မြတ်စွာဘုရားက ဖားနတ်သားနဲ့ ရောက်လာတဲ့ ပရိသတ်ရဲ့ ရှေးကုသိုလ်ရင်း

ပြည့်စုံခြင်းကို ကြည့်၍ ဆင်ခြင်တော်မူကာ သင့်တော်တဲ့ တရားဒေသနာ အကျယ်ကို ဟောပြတဲ့အခါမှာ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင်တို့ဟာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပါတယ်။

## နတ်ပြည်ပြန်သွား + ဖားနတ်သား

ဖားနတ်သားလည်း သောတာပတ္တိဖိုလ်တည်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော်များကို ရှိခိုးပြီး နတ်သမီးတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်စရာ

ဖားနတ်သားလေးရဲ့ နတ်ပြည်ကို ပြန်ရတဲ့ အပြန်လမ်းဟာ သောတာပတ္တိ ဖိုလ်နဲ့ ပြန်ရတာဆိုတော့ အပါယ်လေးပါး လွတ်ပြီဖြစ်တဲ့အတွက် ပျော်စရာကောင်း တဲ့ အပြန်လမ်းလေး ဖြစ်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်နိုင်ပါစေ

အပြန်လမ်းဟာ တကယ်အရေးကြီးပါတယ်။ အနည်းဆုံး အပါယ်လေး လွတ်အောင် သောတာပတ္တိ မဂ်၊ ဖိုလ်ရပြီးတော့ ပြန်နိုင်အောင် ကြိုးစားသင့်ပါ တယ်။

အပြန်လမ်းမှာ ပျော်နိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။

## အပါယ်လွတ်မြောက် + ကောင်းရာရောက်

ဒီဖားနတ်သားဝတ္ထုကို ကြည့်လိုက်တဲ့အခါမှာ တရားတော်ကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် (သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားတွေကို ကြည်ညို တဲ့ ကောင်းမှုကြောင့်) အပါယ်လွတ်မြောက် တာဝတိံသာ နတ်ပြည်ရောက်ရ တယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* တရားဝမ့်၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ့်၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ့်၊ ကျင့်သုံးမှု ဘဝကောင်းရာရောက်မှာပဲ။

## နိဗ္ဗာန်အေးမြ + ဝိရာဂ

နောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က စုန္ဒီ၊ ပြုပြင်အပ်တဲ့ သခံတ

တရား၊ မပြုပြင်အပ်တဲ့ အသင်္ခတ တရားဆိုတဲ့ တရားတွေထဲမှာတော့ ယဇ်ခြင်းကင်းရာ၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၊ တောင့်တခြင်း အာသာကို ပယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာ ကုန်ရာ၊ မတပ်မက်ရာ၊ ဆင်းရဲခပ်သိမ်း ချုပ်ရာ၊ အေးငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားဟာ အမြတ်ဆုံး ဖြစ်တယ်။

စုနို့၊ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ အမြတ်ကို ကြည်ညိုသူတွေ ဖြစ်တယ်။

အဲဒီနိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေမှာ မြတ်တဲ့ကောင်းကျိုးအမျိုးမျိုး ပိုင်ပိုင်ရရှိနိုင်တယ်လို့ ဟောကြား အဖြေပေးတော်မူတယ်။

## နိဗ္ဗာန်ရလို + တောင်းဆုဆို

ဒီနေ့ တရားဟော တရားနာရတဲ့ ကောင်းမှုတွေကြောင့် နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားကို ပိုင်ဆိုင်ရရှိရပါ လို၏လို့ ဆုတောင်းရမယ်နော်။

(မှန်လှပါ ဘုရား)

❀ ဘာဆုတောင်းမလဲ?

(နိဗ္ဗာန်ဆုပါ ဘုရား)

## နိဗ္ဗာန်အကြောင်း + သိကောင်းစရာ

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နည်းနည်းလေး ပြောကြရအောင်။

နိဗ္ဗာန်ဆိုတာ လောကုတ္တရာလို့ဆိုအပ်တဲ့ လေးပါးသော မဂ်ဉာဏ်နဲ့ မျက်မှောက်ပြုထိုက်တဲ့ တရားဖြစ်တယ်တဲ့။

ဒီနေရာလေးမှာ **မေးချင်** တာကတော့ တရားဟော ဘုန်းကြီးရော၊ ဒကာ၊ ဒကာမတွေရော မဂ်ဉာဏ် လေးပါး ရပြီးပြီလား?

(မရသေးပါ ဘုရား)

## ရယ်ချင်စရာ + ကောင်းလိုက်တာ

မရသေးဘဲနဲ့ ဟောရ ပြောရတာဆိုတော့ မှန်းဆပြီး ပြော ဟောရတာပါပဲ။ တစ်ခါတစ်လေတော့လည်း မှန်းဆပြီးတော့ ပြောဟောရတာကို မရောက်ဖူးတဲ့ အရပ်ဒေသအကြောင်း ရမ်းပြီးပြောနေရသလိုပဲ ခံစားရတယ်။ ဆားမပါတဲ့ ဟင်းလျာ စားရသလို ပေါ့တော့တော့ကြီးပါလားလို့ ခံစားရတယ်။ အားမလို အားမရဖြစ်ပြီး ရယ်ချင်စိတ်များလည်း ပေါက်မိပါတယ်။ မရသေး မရောက်သေးဘဲနဲ့ ပြော ဟောနေတာ ရယ်ချင်စရာ ကောင်းလိုက်တာလို့လည်း ကောက်ချက်ချမိပါတယ်။

## နိဗ္ဗာန်မေးတာ + မဖြေပါ

တစ်ခါတုန်းက နာမည်ကြီး တရားဟောဆရာတော်ကြီးကို ဒကာကြီး တစ်ယောက်က နိဗ္ဗာန်အကြောင်း မေးလျှောက်ပါတယ်။ အဲဒီလို မေးလျှောက်တော့ ဆရာတော်ကြီးက နိဗ္ဗာန်အကြောင်းကို မဖြေပါဘူး။

ပရိသတ်ရေ ဆရာတော်ကြီး ဖြေရဲ့လား။

(မဖြေပါ ဘုရား)

ဒကာ ဒကာမတွေလည်း နိဗ္ဗာန်အကြောင်း ဘုန်းကြီးကို မမေးနဲ့၊ မေးလည်း မဖြေဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဆရာတော်ကြီးက မဖြေဘဲ မေးတဲ့ဒကာကြီးကို 'ဒကာကြီး၊ နိဗ္ဗာန် ရောက်ဖူးသလား' တဲ့။ ဆရာတော်ကြီးက ပြန်မေးလိုက်တာနော်။

(မှန်လှပါ ဘုရား)

အဲဒီလိုမေးလိုက်တော့ ဒကာကြီးက 'မရောက်ဖူးပါ ဘုရား' လို့ အဖြေပေး တယ်။

အဲဒီလိုအဖြေပေးတော့ ဆရာတော်ကြီးက 'ဒကာကြီး၊ ဘုန်းကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ ဒကာကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ အဲဒီတော့ မရောက်ဖူးတဲ့သူအချင်းချင်း ပြောဟောနေတာ ထူးမှာမဟုတ်ဘူး။ ဘုန်းကြီးကော ဒကာကြီးကော နိဗ္ဗာန်အတူရောက်မှ အဲဒီနိဗ္ဗာန်အကြောင်း ပြောကြတာပေါ့တဲ့။

(အားလုံး ရယ်ကြ)

ကဲ– ဒကာ ဒကာမတွေ ဘယ့်နှယ်လဲ၊ ဘယ်လိုလဲ? မရောက်ဖူးတဲ့သူ အချင်းချင်း ပြောဟောနေရင် ဘာတဲ့လဲ? (မထူးပါ ဘုရား)

အဲဒီတော့ အဲဒီနိဗ္ဗာန်အကြောင်းကို ဘုန်းကြီးနဲ့ ဒကာ ဒကာမတွေ အတူတူရောက်မှ အတူတူပြောကြတာပေါ့။ (အားလုံး ရယ်ကြ)

## နိဗ္ဗာန်ခေါ်တာ + ဒီလိုပါ

နိဗ္ဗာန်ဆိုတာ မဂ် ဖိုလ်တရားတွေရဲ့ အာရုံဖြစ်တယ်တဲ့။ ဝါနလို့ခေါ်ဆိုတဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်လို့ ခေါ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လောကုတ်ဆိုအပ်၊ လေးမဂ်မြတ်၊ သီအပ်တရားတော်။
* မဂ်ပိုင်ဓမ္မ၊ အာရုံလှ၊ မှတ်ကြဖြစ်တယ်နော်။
* ဝါနတဏှာ၊ ထွက်မြောက်ရာ၊ မှတ်ပါနိဗ္ဗာန်ခေါ်။

## အပျင်းဖြေရေး + ဟာသလေး

ကဲ– ထားပါတော့။ စောစောက ရယ်စရာဟာသလေးတွေနဲ့ ရောနှောပြီးတော့ အပျင်းပြေအောင် ပြော ဟောလိုက်တာပါ။ ဘယ်လိုဟော?

(အပျင်းပြေအောင် ဟောလိုက်တာပါ ဘုရား)

အပျင်းပြေအောင် ဟုတ်လား?

(အားလုံး ရယ်ကြ)

ဩော်– ဒကာ ဒကာမတွေက ဘုန်းကြီးရဲ့တရားကို အပျင်းပြေ သဘောထားပြီး နာနေကြတာကိုး။

(အားလုံး ရယ်ကြ)

## နိဗ္ဗာန်အေးမှာ + တွေးမိတာ

ကဲ– ထားပါတော့၊ နိဗ္ဗာန်ကို မရသေး မရောက်သေးပေမယ့်လည်း နိဗ္ဗာန်ဆိုတဲ့ အသံလေး ကြားလိုက်ရရင်ပဲ ရင်ထဲမှာ အစဉ်အမြဲ အေးသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဘုန်းကြီး စဉ်းစားမိတယ်။ ကြားရုတာတောင် ဒီလောက်အေးရင် ရများရရင် ဘယ်လောက်အေးမလဲလို့ (ပြောမပြဝံ့ဟ်အောင် အေးမှာပဲလို့) တွေးမိပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* နိဗ္ဗာန်အသံ၊ ကြားရပြန်၊ အမှန်ရင်အေးပြီ။

* နိဗ္ဗာန်ရပြန်၊ အေးချမ်းဟန်၊ အမှန်ရင်တွေးပြီ။

## အကောင်းဆုံးဘဝ + နိဗ္ဗာန်ရ

နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ တကယ်အမြတ် ကြည်ညိုသူတွေ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

နိဗ္ဗာန်ကို ကြည်ညိုသူ၊ နိဗ္ဗာန်ကို ရရောက်သူတွေရဲ့ ဘဝဟာ အမြတ်ဆုံးဘဝ၊ အကောင်းဆုံးဘဝ၊ ဘဝကောင်းဖြစ်သွားတယ်။ ဆင်းရဲငြိမ်းအေးခြင်း အမြတ်ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အကောင်းဆုံး ဘဝပိုင်ရှင်ဖြစ်အောင် ဘာလုပ်ရမလဲ?

(နိဗ္ဗာန်ရောက်အောင် ကြိုးစားရမှာပါ ဘုရား)

ဘုရားဟောထားခဲ့တဲ့ တရားတော်တွေ များများသိအောင် လုပ်ရမယ်။ တရားတွေ များများနာကြားရမယ်။ တရားတွေ များများကျင့်ရမယ်။ ဒီလိုမဟုတ်လား?

(မှန်လှပါဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆိုကြ။

* နိဗ္ဗာန်ဓမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဓမ္မ၊ ကြည်ညိုမှ၊ ဘဝမြတ်မှာပဲ။
* နိဗ္ဗာန်ဓမ္မ၊ ရရှိမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဓမ္မ၊ ရရှိမှ၊ ဘဝမြတ်မှာပဲ။

## သံဃာ ဂိုဏ်းမှာ + မြတ်သံဃာ

စုနှို၊ ပုဂ္ဂိုလ်သတ္တဝါ အပေါင်းအစု သံဃာ၊ ပုဂ္ဂိုလ်သတ္တဝါ အသင်းအဖွဲ့ ဂိုဏ်းတွေ ရှိကြတယ်။ အဲဒီ သံဃာ၊ ဂိုဏ်းတွေထဲမှာတော့ မြတ်စွာဘုရားရဲ့ တပည့် အရိယာသံဃာတော်ဟာ အမြတ်ဆုံးဖြစ်တယ်။

## ရှစ်ပါးအရိယာ + မြတ်သံဃာ

အဲဒီအရိယာသံဃာတော်ဆိုတာ သူ့မဂ် သူ့ဖိုလ် စုံတွဲဆိုရင် အစုံအားဖြင့် လေးစုံ၊ သူ့မဂ်သူ့ဖိုလ် တွဲဆိုမထား တစ်သီးတခြားစီအားဖြင့် ရှစ်ပါးသော ယောကျ်ား မြတ်တွေပဲ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ တွဲလျက်လေးပါး၊ ခွဲထား ရှစ်ဖော် အဲဒီအရိယာသံဃာတော်ဟာ–

* လေးစားကြည်ဖြူ၊ အဝေးမှပင် ဆောင်ယူ၍ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို ခံယူ တော်မူထိုက်တယ်။
* ဝေးနယ်ရပ်ခြား၊ ဧည့်သည်များအတွက် သီးခြားစီမံထားတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* တမလွန်အကျိုးကို မျှော်ကိုး ယုံကြည်ပြီးတော့ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တယ်။
* သတ္တဝါအပေါင်းရဲ့ ကောင်းမှုပြုရန်အတွက် အမြတ်ဆုံး လယ်ယာမြေ ကောင်းကြီး ဖြစ်တယ်။

## အမြတ်ကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အရိယာသံဃာတော်မှာ ကြည်ညိုကြသူတွေဟာ အမြတ်ကြည်ညိုသူတွေ ဖြစ်တယ်။ အမြတ်ကြည်ညိုသူတွေမှာ မြင့်မြတ်တဲ့ကောင်းကျိုးတွေ ရမယ်။ ဘဝကောင်းတွေပဲ ရောက်မယ်။ မကောင်းတဲ့ဘဝကို မရောက်တော့ဘူးလို့ ဟောကြားတော်မူတယ်။

## ရာဇဂြိုဟ်မြို့သူ + ဆွမ်းပင့်လှူ

ဒီနေရာမှာ ဒါယိကာမလေးတစ်ယောက် အကြောင်းကို ပြောပြချင်ပါတယ်။ သူကတော့ သဒ္ဓါတရားကောင်းတဲ့ ရာဇဂြိုဟ်မြို့သူလေးပါ။ တစ်နေ့ ရဟန္တာအရှင်မြတ်တစ်ပါး ဆွမ်းခံကြွတော်မူတာကို မြင်တွေ့ရတော့ ကြည်ညိုပြီး သူ့ရဲ့ အိမ်ထဲကို ပင့်ပြီးတော့ ဆွမ်းလှူလိုက်ပါတယ်။ (ဝိမာန၊ ပါဠိ၊ ၃၂၊ ဌ၊ ၁၀၈)

## နတ်ပြည်ရောက်ရ + သူ့ဘဝ

သူဟာ သေဆုံးတဲ့အခါမှာ ရဟန္တာဖူးမြင်ရတဲ့ ကုသိုလ်၊ ဆွမ်းလှူရတဲ့ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

ဆွမ်းဒါယိကာမလေးဟာ အပါယ်လွတ်မြောက် နတ်ပြည်ကို ရောက်ရတာဟာ အမြတ်ဆုံး အရိယာကို ကြည်ညိုလို့ နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* အရိယာသံဃ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* အရိယာသံဃ၊ လှူဒါန၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အမြတ်သီလ + ဖြည့်ကျင့်ကြ

စုန္ဒီ၊ ရှိရှိသမျှ သီလတွေထဲမှာ မကျိုးမပေါက် မပြောက်မကျား တဏှာကျွန်မှ လွတ်သွားစေတတ်၊ ပညာရှိတွေ ချီးမွမ်းအပ်တဲ့၊ မှားသောအားဖြင့် မသုံးသပ်အပ်တဲ့ သမာဓိဖြစ်စေတတ်တဲ့ အရိယာတွေ နှစ်သက်တော်မူတဲ့ မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေဟာ အမြတ်ဆုံး သီလတွေပဲ ဖြစ်တယ်။

စုန္ဒီ၊ အဲဒီအရိယာတွေ နှစ်သက်တော်မူတဲ့ ငါးပါးသီလ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ဖြည့်ကျင့်နေသူတွေဟာ အမြတ်ဆုံးသီလမှာ ဖြည့်ကျင့်နေသူတွေ ဖြစ်တယ်။

## အရိယာကန္တ + ငါးသီလ

ဒီနေရာမှာ မှတ်စရာက အရိယာတွေ နှစ်သက်တဲ့ သီလဆိုတာ ၅ ပါး သီလနော်။

(မှန်လှပါ ဘုရား)

ဘာသီလတဲ့လဲ?

(ငါးပါး သီလပါ ဘုရား)

အရိယာတွေဟာ ဘ၀ပြောင်းသွားတာတောင်မှ အဲဒီ ၅ ပါးသီလကို မစွန့်ဘူးတဲ့။

## မဂ်ဖိုလ်သီလ + ထပ်မှတ်ကြ

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ ဒီသီလနေရာမှာ တကယ်လိုအပ်တဲ့ တကယ်ယူရတဲ့ သီလကတော့ မဂ် ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ယူရမယ်လို့ မှတ်ရ မယ်နော်။

(မှန်လှပါ ဘုရား) (အံ၊ ၄၊ ၂၊ ၁၇) (အံ၊ ၆၊ ၃၊ ၁၅)

## မကောင်း ကျောင်းပို့

ဒီနေရာမှာ အရက်သောက်တတ်တဲ့ ဒကာလေးတစ်ယောက်အကြောင်း ပြောဦးမယ်။

အဲဒီဒကာလေးကို သူ့မိဘတွေက ပြောဆိုမရလို့ ဘုန်းကြီးကျောင်းမှာ ရဟန်းခဏဝတ်ပေးပါတယ်။

မိဘတွေက အရက်သေစာ မသောက်ဖို့ ဆုံးမပေးပါလို့လည်း လျှောက် ပါတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း သား သမီးတွေ ပြောဆိုမကောင်း ရင် ကိုးကွယ်ကြည်ညိုတဲ့ ဘုန်းကြီးတွေပဲ အပ်တော့တာပဲ။ ဒါကြောင့်ပဲထင်ပါရဲ့။ ဘာတဲ့လဲ၊ မကောင်း? (ကျောင်းပို့ပါ ဘုရား)

## အရိယာတွေ + မကြိုက်ပေမယ့်

အဲဒီဒကာလေး ရဟန်းခဏဝတ်နေစဉ်မှာ တစ်နေ့ ဘုန်းကြီးက အရိယာ သူတော်ကောင်းတွေ မကြိုက်တဲ့ သေရည်သေရက်သောက်တာ မကောင်းဘူးကွ၊ အဲဒီသေရည် သေရက်သောက်တာ မသောက်တော့ပါလို့ ဂတိပေး ငါ့ကို လျှော်ပါကွာ လို့ ဘုန်းကြီးက အလှူခံပါတယ်။

အဲဒီဒကာလေးက 'တပည့်တော် မလှူနိုင်ဘူးဘုရား'လို့ လျှောက်တယ်။ ဘုန်းကြီးက 'ဘာပြုလို့တုံးကွ ပြောစမ်းပါဦး'လို့ မေးတော့ 'ဆရာတော်၊ အရိယာသူတော်ကောင်းတွေသာ မကြိုက်တာ၊ တပည့်တော်က ကြိုက်နေလို့ပါ ဘုရား' တဲ့။

(အားလုံး ရယ်ကြ)

သူပြောတာလည်း မှန်တာပဲနော်။

(အားလုံးရယ်ကြ)

## ကောင်းမှန်း မသိလို့ပါ

ရွာတစ်ရွာမှာလည်း တအားသောက်တတ်တဲ့ သားလေးကို သူ့ဖခင်က မင်းဟာ တော်တော်ဆိုးတယ်။ ခွေးတောင် မသောက်တဲ့အရည်တွေကို မင်းသောက်နေတယ်လို့ ပြောတော့ သူ့သားက ဘာပြန်ပြောတယ် မှတ်လဲ။ အဖေတဲ့၊ ခွေးက ကောင်းမှန်းမသိလို့ပါတဲ့။

(အားလုံး ရယ်ကြ)

ဟုတ်လား။ ရှေ့က ဒကာကြီးတွေ?

(အားလုံး ရယ်ကြ)

## ဘီယာမလေးတွေ

တစ်ခါလည်း ကျောင်းအလှူလာလုပ်တဲ့ ဒကာ ဒကာမတွေကို ခုခေတ်စားနေတဲ့ ဘီယာဆိုတာ ဘယ်လိုဟာလဲ၊ တော်တော်မူးစေသလားလို့ မေးလိုက်တော့ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ဦးက မမူးပါဘူး ဘုန်းဘုန်းရယ်၊ တပည့်တော်တို့တောင် သောက်နိုင်တယ်တဲ့။

(အားလုံး ရယ်ကြ)

အင်း– ကလေးမလေးတွေလည်း ဘီယာမလေးတွေ ဖြစ်နေပြီနော်။

(အားလုံး ရယ်ကြ)

## မြင့်မြတ်ကောင်းရာ + ရောက်ရမှာ

ကဲ– ထားပါတော့၊ အရိယာတွေ နှစ်သက်တဲ့ ငါးပါးသီလ၊ အရိယာတွေ နှစ်သက်တဲ့ မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်နေသူတွေမှာ ခုနောင်ဘဝ မြင့်မြတ်လှတဲ့ ကောင်းကျိုးတွေကို ရရှိမယ်။ ကောင်းတဲ့ဘဝပဲ ရောက်မယ်။ မကောင်းတဲ့ဘဝတွေကို မရောက်တော့ဘူးနော်။

(မှန်လှပါ ဘုရား)

## အရှင်နိသဘထံ + သီလခံယူ

ဒီနေရာမှာ ပဥ္စသီလသမာဒါနိယ (ငါးပါးသီလ မထေရ်အကြောင်းကို အကျဉ်းချုပ် ပြောချင်ပါသေး တယ်။ (အပဒါန၊ ပါဠိ၊ ၁၊ ၈၄)

သူဟာ အနော်မဒဿီဘုရားလက်ထက်မှာ ဆင်းရဲသားလေး ဖြစ်ခဲ့ပါတယ်။ လှူစရာမရှိတဲ့အတွက် ငါးပါးသီလကို လုံခြုံအောင် စောင့်ရရင် ကောင်းမယ်လို့ စိတ်ကူးပြီးတော့ အနောမဒဿီ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သူ အရှင်နိသဘထံမှာ ငါးပါးသီလ ခံယူဆောက်တည်ပါတယ်။

အဲဒီတုန်းက အသက်တန်းဟာ အနှစ်တစ်သိန်းတန်း ဖြစ်ပါတယ်။ သူဟာ အနှစ်တစ်သိန်း ကာလပတ်လုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါတယ်။

## ငါးပါးသီလ + အမှတ်ရ

သေခါနီးမှာ နတ်တွေက သူ့ကို သတိပေးကာ သက်သာရာရစေပါတယ်။ အဲဒီနတ်တွေရဲ့ သတိပေးမှု၊ သက်သာရာရစေမှုကြောင့် သေခါနီးမှာ ငါးပါးသီလကို အောက်မေ့အမှတ်ရလိုက်ပါတယ်။ သေခါနီးဆိုတာ အရေးကြီးပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု ပြုလုပ်ပြီးတာတွေကို အနားကနေပြီး သတိပေးပြောကြားတတ်ဖို့ လိုပါတယ်။ လူနာရဲ့အခြေအနေ မကောင်းတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမယ့်အစား လူနာ ဘ၀ကူးကောင်းအောင် (လူနာသေပြီးရင် လူ နတ် ဆိုတဲ့ ဘ၀ကောင်းရောက်အောင် သရဏဂုံသုံးပါး၊ ပရိတ်၊ ပဋ္ဌာန်းစသည် ရွတ်ဖတ်ပေးတာ၊ ကုသိုလ်ကောင်းမှုတွေ ပြောပြသတိပေးတာတွေဟာ တကယ် လုပ်ပေးသင့်တဲ့ အလုပ်တွေပါပဲ။

## တာဝတိံသာ + ရောက်ရရှာ

သူဟာ သူကိုယ်တိုင် ကောင်းစွာဆောက်တည် ပြုလုပ်ခဲ့တဲ့ ငါးပါးသီလ ကောင်းမှုကြောင့် သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ပါတယ်။

## နတ်မင်း စကြာ + ကြိမ်များစွာ

နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် (၃၀)၊ စကြာဝတေးမင်း (၇၅) ကြိမ် ဖြစ်ရပါတယ်။ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရပါတယ်။

## ကြွယ်ဝချမ်းသာ + အမျိုးမှာ

နတ်ပြည်က စုတေတဲ့အခါမှာတော့ ဝေသာလီပြည်မှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ အမျိုးမှာ လာဖြစ်ရပါတယ်။

## တစ်ထိုင်တည်းမှာ + ရဟန္တာ

ဒီဘုရားလက်ထက်မှာ ဝါဆိုချိန်နီးတော့ သူ့မိဘတွေဟာ ငါးပါးသီလ ဆောက်တည်ကြတယ်။ အဲဒီသီလကထာကို ကြားရတာနဲ့တစ်ပြိုင်နက် မိမိရဲ့သီလ ကို အမှတ်ရလိုက်တယ်။ တစ်ထိုင်တည်းပဲ ရဟန္တာ ဖြစ်သွားပါတယ်။

## ငါးနှစ်သားလေး + ရဟန်းပြုပေး

ငါးနှစ်သားလေးနဲ့ ရဟန္တာဖြစ်သွားပါတယ်။ မြတ်စွာဘုရားက သူ့ကို ရဟန်း ပြုပေးတော်မူပါတယ်။

## ငါးပါးသီလ + စောင့်ရှောက်ရကျိုး အမျိုးမျိုး

ငါးပါးသီလကသိုလ်ကြောင့် အပါယ်လေးပါးကို မရောက်ရပါဘူး။ လူ နတ် စည်းစိမ် အခြံအရံအမျိုးမျိုးကို ခံစားရပါတယ်။ **အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာ ပေါ်များခြင်း၊ ပညာထက်မြက်ကြီးမားခြင်း**ဆိုတဲ့ ကောင်းကျိုးတွေလည်း ထူးထူး ခြားခြား ရရှိပါတယ်။ အနှောင်အဖွဲ့အားလုံးကလည်း လွတ်မြောက်ရပါတယ်တဲ့။

ဒီငါးပါးသီလမထေရ်ဝတ္ထုကို ကြည့်လိုက်တော့ ငါးပါးသီလ အစွမ်းကြောင့် ကောင်းတဲ့ဘဝတွေ ရောက်ရပုံ၊ မြင့်မြတ်တဲ့ကောင်းကျိုးတွေရပုံ။ မကောင်းတဲ့ ဘဝတွေ မရောက်ရပုံတွေ ထင်ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ငါးပါးသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောမှာပဲ။
* ငါးပါးသီလ၊ ကျင့်သုံးမှ၊ဘဝကောင်းရာရောမှာပဲ။
* မဂ်ဖိုလ်သီလ၊ ဖြည့်ကျင့်မှ၊ဘဝကောင်းရာရောမှာပဲ။
* ဘဝကောင်းရေး၊ စုန္ဒီမေး၊ဖြေပေး ဘုရားပဲ။

## ဘဝကောင်းရေး အမေးအဖြေ

စုန္ဒီမင်းသမီးလေးက ဘဝကောင်းရေး (ဘဝကောင်းရောက်ရေး) မေးတာ ကို ဘုရားက အဖြေပေးလိုက်တဲ့ ''ဘဝကောင်းရေး အမေး အဖြေတရား''

ဘာတရားတဲ့လဲ?

(ဘဝကောင်းရေး အမေး အဖြေ တရားတော်ပါ ဘုရား)

## ကြည်ညိုနှောင်ယှဉ် + ဖြည့်ကျင့်ကြ

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဘဝကောင်းရောက်

ချင်ရင်၊ မကောင်းတဲ့ဘဝတွေ မရောက်ချင်ဘူးဆိုရင်၊ အမြတ်ဆုံး ကောင်းကျိုးတွေ ရချင်ရင်၊ အမြတ်ဆုံး ဘုရား၊ အမြတ်ဆုံးတရား၊ အမြတ်ဆုံး သံဃာတွေမှာ ကြည်ညိုကြပါ။ အမြတ်ဆုံး ငါးပါးသီလ၊ အမြတ်ဆုံး မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်ကြပါလို့ တိုက်တွန်းနိုးဆော်ပါတယ်။

## သိအောင်လုပ်ပါ + ကြည်ညိုပါ

နောက်ဆုံး အကျဉ်းချုပ်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က–

* ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို သိအောင်လုပ်ရမယ်။
* သိအောင်လုပ်ပြီးတော့ ကြည်ညိုရမယ်။
* မြတ်သောအလှူကို ခံယူတော်မူထိုက်ပြီး၊ ဂိဒီထက် ထူးချွန်လွန်မြတ်သူ မရှိတဲ့ မြတ်စွာဘုရားကို ကြည်ညိုရမယ်။
* ကိလေသာအားလုံးတို့ရဲ့ ပျက်စီးကြောင်း၊ ကင်းငြိမ်းကြောင်းဖြစ်တဲ့ ငွေ့ဆင်းရဲ ကုန်ရာ၊ သင်္ခါရကင်းငြိမ်းရာ ချမ်းသာအစစ်တကယ်ဖြစ်တဲ့ နိဗ္ဗာန်တရားတော်ကို ကြည်ညိုရမယ်။
* အမြတ်ဆုံးကောင်းမှုတွေကို ပြုရန်အတွက် လယ်ယာမြေကောင်းကြီးသဖွယ် ဖြစ်တော်မူတဲ့ အမြတ်ဆုံး အရိယာ သံဃာ (အမြတ်ဆုံး အရိယာသံဃာဖြစ်အောင် ပရိယတ် ပဋိပတ် တာဝန်နှစ်ရပ်ကို ကြိုးစားအားထုတ်နေတဲ့ ယခုရှိကြတဲ့ သမ္မုတိ သံဃာ) တွေကို ကြည်ညိုရမယ်။

## ကောင်းမှု ကောင်းကျိုး + မြှပွားတိုး

အဲဒီရတနာသုံးပါးကို ကြည်ညိုသူတွေ၊ ရတနာသုံးပါးမှာ ပေးလှူကြသူတွေမှာ မြတ်တဲ့ကုသိုလ်ကောင်းမှုတွေ တိုးပွားနေတယ်။ ကောင်းမှုတိုးပွားနေရင် ကောင်းကျိုးတွေလည်း အမြဲတစေ တိုးပွားနေတာ ပါပဲ။

## ဗုဒ္ဓပူဇာ + မင်္ဂလာ

ဒီနေရာမှာ ဋီကာဖွင့်လေး ပြောချင်ပါသေးတယ်။

* သက်တော်ထင်ရှား မြတ်စွာဘုရားကို ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးပြုစုတာ ဒါကတစ်မျိုး။
* သက်တော်ထင်ရှား ဘုရားမရှိတဲ့ ခုလိုအချိန်မှာတော့ ပရိနိဗ္ဗာန်ဝင် စံကြွသွားတော်မူတဲ့ ဘုရားရှင်ကို ရည်မှန်းပြီးတော့ ဓာတုစေတီ၊ ဓမ္မစေတီ၊

ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုတဲ့ စေတီလေးမျိုးမှာ ပန်းလေးပါး၊ ပန်း၊ ရေချမ်း၊ ဆီမီး အသီးသီးတွေနဲ့ ပူဇော်တာဟာလည်း ဘုရားကို ပူဇော်ရာရောက်တာပါပဲ။ ဒါက တစ်မျိုးလို့ ကွဲပြားအောင် ခွဲခြားမှတ်သားပါ။

## ဓမ္မပူဇာ + မင်္ဂလာ

တရားတော်ကို ပူဇော်တယ်ဆိုတာ တရားတွေကို မကွယ်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ တရားတော်တွေ ရှည်ကြာတည်တံ့ ခိုင်ခံ့အောင် ပြုတာပါပဲ။

## သံဃပူဇာ + မင်္ဂလာ

* သံဃပူဇာဆိုတာ အရိယာသံဃာတော်များကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။
* အဲဒီလို သံဃာတော်ကို ရည်မှန်းပြီးတော့ အခြား အရိယာသံဃာ မဖြစ်သေးတဲ့၊ အရိယာသံဃာဖြစ်အောင် ကျင့်ကြံကြိုးစားအားထုတ်နေကြတဲ့ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးနဲ့ပြုစုတာ၊ လုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။ ဒီလိုလည်း ကွဲပြား အောင် ခွဲခြားမှတ်သားရမယ်။

(အံ၊ ဋ္ဌ၊ ၂၊ ၂၉၁)

## နေ့တိုင်းတိုးပွား + ကောင်းကျိုးများ

အဲဒီရတနာသုံးပါးမှာ ကြည်ညိုသူ၊ ပေးလှူသူတွေမှာ အမြဲတစေ အချိန်တိုင်း၊ နေ့တိုင်း တိုးပွား နေမယ့် ကောင်းကျိုးတွေကတော့–

* လူ နတ် ဖြစ်လေရာ အသက်ရှည်ခြင်း။
* လူ နတ် ဖြစ်လေရာ အဆင်းလှခြင်း။
* လူ နတ် ဖြစ်လေရာ အခြံအရံပရိသတ်ပေါများခြင်း။
* လူ နတ် ဖြစ်လေရာ ကျော်စောခြင်း (ထင်ပေါ်ခြင်း)
* လူ နတ် ဖြစ်လေရာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း။
* လူနတ်ဖြစ်လေရာ ကိုယ်အားဉာဏ်အားပြည့်စုံခြင်း။
* ပညာရှိသူ နတ် လူ ဖြစ်ရခြင်း။
* မြင့်မြတ်သော နတ် လူ ဖြစ်ရခြင်း။
* နောက်ဆုံး မြတ်သောမဂ်ဖိုလ်တရားများ ပိုင်ဆိုင် ရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေပဲ ဖြစ်တယ်။ (အံ၊ ပါ၊ ၂၊ ၂၉+၃၀။ အံ၊ ဋ္ဌ၊ ၂၊ ၂၉၀၊ ၂၉၁)

ကဲ–ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။

* သုံးပါးရတနာ ကြည်ညိုကြလို့
ပေးလှူဒါန ပြုသူမှာ။
* အသက်ရှည်ကြာ အဆင်းလှလို့
ခြံရံမချို့ ပေါ်များမှာ။
* ကျော်စော ချမ်းသာ ဉာဏ်ပါကြီးလို့
ပညာရှိကြီး ဖြစ်မှာပါ။
* ပညာရှိသူ နတ် လူ ဖြစ်ရ
ဖြစ်ရာဘဝ မြင့်မြတ်မှာ။
* နောက်ဆုံးမဂ်ဖိုလ် တရားမြတ်ကို
မမှားမပြတ် ရရှိမှာ။
(သိကြပါ)၂
သာဓု၊ သာဓု၊ သာဓု။

ဥဒ္ဒါနနိကာယ်၊ ထေရပ္ပဒါနပါဠိတော်၊ မဟာဝဂ္ဂပါဠိ၊ သရဏာဂမနိယဝတ္ထုရ
အပဒါန်တို့ ထုတ်နှုတ်ဆင့်၍ ဟောကြား ပြောကြားအပ်သော

# ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

## တရားတော်

ဒီနေ့ ငြိမ်းချမ်းရေးကို လိုလားနေကြတဲ့ ဒကာဒကာမတွေကို ဟောကြားမယ့် တရားတော်က **"ဒေါသကင်းဝေး ငြိမ်းချမ်းရေး"** တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားတော်ပါ ဘုရား။

### နှစ်ဦးနတ်မင်း + စစ်တိုက်ခြင်း

ကဲ– စပြီးတော့ ဟောကြား နာကြရအောင်။

သရဏာဂမနိယ မထေရ်အလောင်း သူဟာ ကောင်းဟာ ရှေးဘုရားများ လက်ထက်မှာ ကောင်းမှုတွေ များစွာပြုထားသူ ဖြစ်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့လက်ထက်မှာတော့ သူဟာ ဟိမဝန္တာအရပ်မှာ နတ်မင်းဖြစ်နေပါတယ်။ တစ်နေ့တော့ အခြားနတ်မင်းတစ်ဦးနဲ့ စစ်ထိုးမြင်း (စစ်တိုက်ခြင်း) ကိစ္စ ဖြစ်ပေါ်လာပါတယ်။ နတ်မင်းနှစ်ဦးဟာ စစ်တိုက်ဖို့အတွက် တစ်ဖက်ကို နတ်တွေ ၁၀၀၀ စီ ခြံရံကာ ပြင်ဆင်စုဝေးနေကြပါတယ်။ ဆူညံတဲ့ ကြွေးကြော်သံတွေဟာ ဟိမဝန္တာကို လွှမ်းမိုးသွားစေပါတယ်။ (အပဒါန၊ ပါ၊ ၁၊ ၁၆၂)

### သစ္စာဟောပြ + မြတ်ဗုဒ္ဓ

လောကကိုသိတော်မူပြီးတော့ လူ့ဖွယ်ပစ္စည်း အသီးသီးကို အလှူခံတော်မူထိုက်တဲ့ ပဒုမုတ္တရာမြတ်စွာ ဘုရားဟာသတ္တဝါတွေကို သနားတော်မူတဲ့အတွက် ကောင်းကင်မှာတည်နေပြီးတော့ ချီတက်လာတဲ့ နတ်စစ်သည်တွေကို သစ္စာလေးပါး တရား ဟောကြားတော်မူကာ ထိတ်လန့်စေတော်မူတယ်။

နတ်စစ်သည်တွေကို တရားဟောတဲ့ တရားက ဘာတဲ့လဲ?

(သစ္စာလေးပါး တရားပါ ဘုရား)

အဲဒီသစ္စာလေးပါးကို မှတ်သားထားပါဦး။

* ဘုံသုံးပါးမှာ ဖြစ်စေတတ်တဲ့ မကောင်းတာ ဆင်းရဲတာ အမှန်ဖြစ်စေတဲ့ လောကီစိတ်၊ စေတသိက်၊ ရုပ်တွေကို ဒုက္ခသစ္စာလို့ ခေါ်တယ်။
* ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ တဏှာလောဘကို သမုဒယသစ္စာလို့ ခေါ်ပါတယ်။

တဏှာက ဘာသစ္စာ?

(သမုဒယသစ္စာပါ ဘုရား)

* တဏှာလောဘ ချုပ်ငြိမ်းရာ၊ ရုပ်နာမ်ခဝ်သိမ်း ပြတ်ငြိမ်းရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။

ပရိသတ်ရေ၊ နိဗ္ဗာန်က ဘာသစ္စာ?

(နိရောဓသစ္စာပါ ဘုရား)

* နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကိုတော့ မဂ္ဂသစ္စာလို့ခေါ်တယ်။

မဂ္ဂင်ရှစ်ပါးက ဘာသစ္စာ?

(မဂ္ဂသစ္စာပါ ဘုရား)

အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားက–

* သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို အမှန်အတိုင်း ရှုမှတ်ဆင်ခြင် သိမြင်တာ။
* သမ္မာသင်္ကပ္ပ၊ ရုပ်နာမ်အာရုံမှာ စိတ်ကိုတင်ပေး တတ်တဲ့ ဝိတက်တရား။
* သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြောဆိုတာ။
* သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြုလုပ်တာ။
* သမ္မာအာဇီဝ၊ အသက်မွေးမှုအတွက် မှားယွင်းတဲ့ ကာယကံ၊ ဝစီကံတွေမှ ရှောင်ကြဉ်ပြီး ကောင်းစွာ မှန်ကန်စွာ အသက်မွေးတာ။
* သမ္မာဝါယမ၊ ကောင်းစွာကြိုးကုတ် အားထုတ်တာ။
* သမ္မာသတိ၊ စိတ်ကို ရုပ်နာမ်အာရုံမှ မကွာရအောင် ကောင်းစွာ စောင့်ရှောက် အောက်မေ့နေတာ။
* သမ္မာသမာဓိ၊ ရှုမှတ်နေတဲ့စိတ်ဟာ ရုပ်နာမ်အာရုံမှာပဲ မြဲနေ တည်ငြိမ်နေတာတွေပဲ ဖြစ်တယ်။

## သံစွာလေးပါး + လက်ာများ

အဲဒီသစ္စာလေးပါး လင်္ကာလေးတွေ လိုက်ဆိုကြပါ။

* ဆင်းရဲဖြစ်စေ၊ ကီစိတ်၊ စေ၊ ရုပ်တွေ 'ဒု'သစ္စာ။ မွေး၊ အို၊ နာ၊ သေ၊
တွဲ၊ ကွဲနေ၊ ခေါ်ပေဆင်းရဲတာ။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲဒုက္ခပါ။
လိုရာထွေထွေ၊ မရပေ၊ မှတ်လေ ဆင်းရဲတာ။
အကျဉ်းဟောကြား၊ ခန္ဓာငါး၊ မှတ်သား 'ဒု'သစ္စာ။

* ဆင်းရဲကြောင်းဖြစ်၊ တဏှာဖြစ်၊ စီစစ် 'သမု'ပါ။

* တဏှာ ရုပ် နာမ်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။
ဒု+သ နှစ်တန်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။

* နိဗ္ဗာန်ရောက်ရန်၊ အကျင့်မှန်၊ ရှစ်တန် 'မဂ္ဂ'ပါ။
မဂ္ဂင်ရှစ်ပါး မြတ်တရား၊ မှတ်သား 'မဂ္ဂ'ပါ။
သစ္စာလေးပါး မြတ်တရား၊ ဟောကြားဆုံးမတာ။

## လက်နက်တွေချ + ရှိခိုးကြ

အဲဒီလို သစ္စာလေးပါး ဟောကြားပြီးတော့ ထိတ်လန့်စေတဲ့အခါမှာ နတ်တွေအားလုံး ချပ်မိန်ဆို (စစ်ဝတ်တန်ဆာ) တွေ ချွတ်ပြီး လက်နက်တွေ ချထားကြကာ မြတ်စွာဘုရားကို ရှိခိုးပြီးတော့ တည်ငြိမ်စွာနေကြတယ်။

## သနားဟောပြ + မြတ်ဗုဒ္ဓ

အစဉ်သနားတော်မူတဲ့ မြတ်စွာဘုရားဟာ သူ့ရဲ့စိတ်အကြံကို သိပြီးတော့ မြတ်တဲ့တရားစကားကို ဟောကြားတော်မူတယ်။ သတ္တဝါအပေါင်းကိုလည်း ငြိမ်းအေးစေတော်မူတယ်။

## ညှဉ်းဆဲပြစ်မှား + အပယ်လား

ပြစ်မှားလိုစိတ်ရှိတဲ့ သတ္တဝါဟာ တစ်ဦးဦးကို ညှဉ်းဆဲနှိပ်စက်ရင် အဲဒီ ညှဉ်းဆဲနှိပ်စက်ခြင်းဆိုတဲ့ စိတ်ပြစ်မှားမှု (စိတ်ဓာတ်ပျက်စီးမှုကြောင့်) အပါယ်လေးပါး လားရောက်ရမယ်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ရင် ဘယ်ကိုရောက်မတဲ့လဲ?
(အပါယ်လေးပါး လားရောက်ရမှာပါ ဘုရား)

## မညှဉ်းဆဲရေး+ဟောပြပေး

စစ်မြေပြင်ဦးမှာ တိုက်ဆင်ကြီးဟာ သတ္တဝါများကို အကြိမ်ကြိမ်ညှဉ်းဆဲသလို မညှဉ်းဆဲကြပါနဲ့။

မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ ဟောကြားတော်မူပါတယ်။

ဒကာ ဒကာမတွေကို မေးဦးမယ်။ သူတစ်ပါးကို ညှဉ်းဆဲတာ ဘာစိတ်ပါလိမ့်?

(ဒေါသစိတ်ပါ ဘုရား)

ဒေါသကို လွယ်လွယ်ပြောကြတော့ စိတ်တိုတာလို့ ပြောကြမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်တို + စိုတိတ်

ဒီနေရာလေးမှာ မှတ်သားစရာလေး ပြောဦးမယ်။ အဲဒါက ဘာလဲဆိုတော့ စိတ်တို၊ စိုတိတ်တဲ့။ ဘာတဲ့လဲ?

(စိတ်တို၊ စိုတိတ်ပါ ဘုရား)

စိတ်တိုရင် စိတ်တိုသူတွေမှာ စိုပြေမှု၊ သာယာမှု၊ အေးမြမှု၊ ငြိမ်းချမ်းမှုတွေ အစုအရာရာ စိုပြေသာယာအေးမြတဲ့ ကောင်းတဲ့အကျိုးတွေ တိတ်သွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## ဒီလိုမနေ + ဒီလိုနေ

တချို့ပြောကြသေးတယ် မဟုတ်လား။ ဒီလိုမနေနဲ့၊ ဒီလိုနေ။ ဒီလိုမနေနဲ့ ဆိုတာ ဒေါသစိတ်ကြီးနဲ့ မနေနဲ့။ ဒီလိုနေဆိုတာ ဒေါသကင်းဝေး အေးအေးချမ်းချမ်း ပြုံးပြုံးလေးနေ၊ ဒီလိုနေ်။

(မှန်လှပါ ဘုရား)

ပုံလေးနဲ့တောင် ယှဉ်တဲပြထားတယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ရှည် သက်ရှည်၊ စိတ်တို သက်တို

နောက်ပြောကြသေးတယ်။ စိတ်ရှည်ရင်အသက် ရှည်မယ်။ စိတ်တိုရင် အသက်တိုမယ်လို့ ပြောကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ အသက်ရှည်ချင်သလား၊ အသက်တိုချင်သလား?

(အသက်ရှည်ချင်ပါတယ် ဘုရား)

အေး– အသက်ရှည်ချင်ရင် စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ သဘောထား ကြီးရမယ်၊ အရာရာကို ခွင့်လွှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသပြေဆေး + ကဗျာလေး

ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။ စိတ်တိုလာရင် စိတ်ဆက်မတိုအောင် ကိုယ့်ကိုယ်ကို သတိပေးတဲ့ ကဗျာလေးတစ်ပုဒ် ရေးထားတယ်။ အဲဒီကဗျာလေး ကတော့–

'ဒေါသအမျက်၊ ချောင်းချောင်းထွက်က၊ အသက်လည်း တို၊ ရုပ်လည်း အို၏၊ မဆိုမျက်နှာ၊ မှုန်းစရာဟု၊ သတိပြုလေ။ ဒေါသပြေလော့' ဆိုတဲ့ ကဗျာလေးပါပဲ။

ဆိုလိုတာကတော့ ဒေါသဖြစ်လာရင် အသက်တိုမယ်၊ ရုပ်အိုလွယ်မယ်။ (ဒေါသကြီးသူဟာ ရုပ်အိုလွယ်တယ်၊ ရုပ်ကျလွယ်တယ်လို့ ဆိုလိုတာပါ) ဒေါသ ကြီးသူရဲ့ မျက်နှာဟာ စိုပြေမှုလုံးဝမရှိဘူး။ ဒေါသထွက်နေသူရဲ့ မျက်နှာဟာ ဘီလူးတို့ သားရဲသဘက်တို့ မျက်နှာတွေလိုပဲ ကြောက်စရာကောင်းတယ်။ ကျက် သရေလည်း လုံးဝမရှိဘူး။ ဒေါသကြီးသူရဲ့မျက်နှာဟာ တကယ်မုန်းစရာ ကောင်း တယ်။

အဲဒီလိုဆိုးကျိုး မကောင်းတာတွေ ဖြစ်လာမှာကို သတိပြုပြီး ဒေါသပြေပါလို့ ဆိုလိုတာပါ။

ဘုန်းကြီးကတော့ ဒေါသဖြစ်လာပြီဆိုရင် အဲဒီကဗျာလေးကို သတိရကာ ရွတ်ဆိုလိုက်ပါတယ်။ ဒေါသဟာ အဝေးကို ပြေးသွားတော့တာပါပဲ။

## ဒေါသကြီးသူ + သတိမူစရာများ

ဒီနေရာမှာ ဆက်ပြီးတော့ ဒေါသအမျက် ချောင်းချောင်းထွက်ရင် ဆက် လက်ပြီးတော့ ဖြစ်ပေါ်နိုင်တဲ့ ဆိုးကျိုးတွေကို ကောဓနသုတ်မှ ထုတ်ပြီး ပြောချင် ပါသေးတယ်။ မှတ်သားစရာကောင်းလွန်းလို့ပါ။ ဒေါသကြီးသူ သတိမူစရာတွေပါပဲ။

ဒေါသဆိုတာ စာလုံးလေးနှစ်လုံးပဲ ရှိတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသဆိုတဲ့ စာလုံးလေးနှစ်လုံးကို မထိန်းနိုင်လို့ ဆင်းရဲဒုက္ခတွေ ရောက်နေကြတာနော်။

(မှန်လှပါ ဘုရား)

## အမျက်ထွက်က + ဆင်းမလှ

* အမျက်ထွက်သူဟာ အဆင်းမလှဘူး။ ဆင်းရဲစွာ အိပ်ရ၊ နေရမယ်။ အကျိုးစီးပွား ရှိမယ်ထင်တာတွေဟာ အကျိုးမဲ့ဖြစ်သွားစေတယ်။

(အံ၊ ပါ၊ ၂၊ ၄၇၁)

## အမျက်ထွက်က + ဆုံးရှုံးရ

* အမျက်ထွက်တတ်ပြီး အမျက်ဒေါသ နှိပ်စက်ခံနေရသူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှုကို ပြုဟာ ဥစ္စာတွေ ဆုံးရှုံး ပျက်စီးတတ်တယ်။

## ခြံရံကင်းကွာ + ရှောင်ကြဉ်မှာ

* အမျက်ဒေါသဆိုတဲ့ ယစ်ခြင်းနဲ့ ယစ်တဲ့ယောကျ်ားဟာ အခြံအရံ အကျော်အစော မရှိတဲ့ အပြစ်ရောက်မယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေက အမျက်ထွက်သူကို ရှောင်ကြဉ်ကြမယ်။

## စိတ်ကိုဖျက်တတ် + ဒေါသမှတ်

* အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။ အမျက်ဒေါသဟာ စိတ်ကို ဖျက်ဆီးတတ်တယ်။ စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေကို ပညာမဲ့သူတွေ မသိပါဘူး။

## ကျိုးကြောင်းပိုင်ပိုင် + မသိနိုင်

* အမျက်ထွက်သူဟာ အကျိုးစီးပွားကို မသိနိုင်ဘူး။ အမျက်ထွက်သူဟာ အကြောင်းတရားကို မမြင်နိုင်ဘူး။ အမျက်ဒေါသဟာ သတ္တဝါကို နှိပ်စက်တဲ့အခါ အလွန်မိုက်မဲမှု ဖြစ်တယ်။

## မီးလောင်သလို + ပူပန်ရို

* အမျက်ထွက်သူဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။ သူဟာ နောင်အခါမှာတော့ အမျက်ဒေါသ ပြေပျောက်သွားရင် မီးလောင်သလို ပူပန်ရတယ်။

## ရှိန်စော်ကင်းပြန် + မျက်နှာဟန်

* အမျက်ဒေါသကြောင့် သတ္တဝါတွေဟာ အမျက်ထွက်ကြတယ်။ အမျက်ထွက်

တဲ့အခါမှာ မီးဟာ တထောင်းထောင်းထနေတဲ့ အခိုးကို ပြနေသလိုပဲ အရှိန်အစော်ကင်းမဲ့တဲ့ မျက်နှာရှိုဟန်ကို ပြတယ်။

## ရှက် ထိတ် ရှိသေ + မရှိပေ

* အမျက်ထွက်သူမှာ ရှက်တာ၊ ထိတ်လန့်တာ မရှိ။
အမျက်ထွက်သူမှာ ဆုံးမတဲ့စကားကို ရိုသေမှု မရှိ။
အမျက်ဒေါသ နှိပ်စက်သူမှာ မှီခိုရာတစ်စုံတစ်ရာမျှ မဖြစ်နိုင်။

## စကားအလှ+ နာယူကြ

* ပူပန်သောကရောက်စေတတ်တဲ့ အဖသတ်ခြင်းစတဲ့ ကံတွေဟာ သမထ ဝိပဿနာတရားတွေမှ ဝေးကွာကြတယ်။
အဲဒီအကြောင်းကံတွေကို ဟုတ်တိုင်းမှန်စွာ ပြောကြားမယ်။ အဲဒီစကား တွေကို နာယူကြပါ။

## အမျက်ထွက်လတ် + ဖ မိ သတ်

* အမျက်ထွက်သူဟာ အဖ၊ အမိ၊ ရဟန္တာ၊ ပုထုဇဉ် ကို သတ်တတ်တယ်။

## အမိ အမြတ် + သူသတ်တတ်

* အမိမွေးမြူထားတဲ့သားဟာ ဒီလောကကို တွေ့မြင်ရတယ်။ အသက်ကို ပေးတတ်တဲ့ ငြိမ်းအေးသူ အမိကိုပင် အမျက်ထွက်သူ ပုထုဇဉ်ဟာ သတ် တတ်တယ်။ (အံ၊ ပါ၊ ၂၊ ၄၅၂)

## ကိုယ့်ကိုသတ်တတ် + သတိချပ်

* ကိုယ်ချင်းစာတရား ရှိကြသူတွေဟာ မိမိကိုယ်ကို လွန်စွာချစ်တယ်။ အမျက် ထွက်သူဟာ အမျိုးမျိုးများနေ၊ အာရုံတွေမှာ တွေဝေနေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

## အဆိပ်စား၊ ခုန်ချ + သေကြရ

* မိမိကိုယ်ကို သန်လျက်နဲ့သတ်တယ်။ တွေဝေနေတဲ့အတွက် အဆိပ်ကို စားတယ်။ ဖွဲကြိုးချသေကြတယ်။ တောင်ပေါ်မှ ခုန်ချ၊ ချောက်ထဲကို ခုန် ချပြီး သေကြတယ်။

## ပျက်စီးကြောင်းစစ် + ဒေါသဖြစ်

* စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကိုသေ စေတတ်တဲ့အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။
အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်း ဖြစ်တယ်။
ဒီဒေါသဟာ ကောအသွင်နဲ့ ဖြစ်နေတယ်။ နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။ သေမင်းရဲ့ကျော့ကွင်းသဖွယ် ဖြစ်တယ်။ အဲဒီဒေါသကို ပညာ၊ ဝီရိယ၊ သမ္မာဒိဋ္ဌိ (ပညာ) နဲ့ ဆုံးမရမယ်၊ ပယ်ဖြတ်ရမယ်။

## ကုသိုလ်မွေ့ + ကျင့်သုံးရမယ်

* ပညာရှိဟာ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သကဲ့သို့ ထိုအတူပင် ငါတို့အား နှလုံးမသာယာ မျက်နှာမရွှင်တဲ့အဖြစ် မဖြစ်ပါစေနဲ့လို့ နှလုံးပြုပြီး ကုသိုလ်တရားတွေကို ကျင့်သုံးရမယ်။

## ကိလေသာတွေ + ငြိမ်းအေးပေ

* ဒေါသကင်းကွာပြီး ပင်ပန်းခြင်းမရှိသူ၊ လောဘကင်းကွာပြီး ငြူစူခြင်းမရှိသူ၊ ယဉ်ကျေးသူတွေဟာ အမျက်ဒေါသကို ပယ်ဖျောက်နိုင်သူတွေဟာ အာသဝေါကင်းကွာ ကိလေသာငြိမ်းအေးကြရတယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဘုရားက သတ္တဝါတွေကို မညှဉ်းဆဲရေး၊ မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားရေး ရှေ့နားမှာ ဟောခဲ့တာလေး ပြန်ဆက်ကြရအောင်။

လောကမှာ လူတွေဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားမနေကြဘူးလား။

(ကြိုးစားနေကြပါတယ် ဘုရား)

ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒေါသကင်းဝေးမှ ငြိမ်းချမ်းရေး ရမယ်။ ဒီလိုမဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီး တရားအမည် ပေးထားတာပါ။ ဘာတရားပါလိမ့်။

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားပါဘုရား။

## ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေး

ပရိသတ်ရေ၊ သူများကို အတင်းပဲညှဉ်းဆဲချင်တဲ့ ဒေါသစိတ် ကင်းဝေးမှ သူသူငါငါ သတ္တဝါတွေ လိုလားကြတဲ့ ငြိမ်းချမ်းရေး ရမယ်နော်။

(မှန်လှပါ ဘုရား)

ငြိမ်းချမ်းရေး ရပြီဆိုရင် သူသူငါ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းအေးမြမှာ မလွဲပါဘူး။

ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေးဆိုတာ တွဲနေပါ တယ်။

## ဘာသာမလို + ငြိမ်းချမ်းလို

တချို့ပညာရှင်ကြီးတွေ ပြောတာကြားဖူးတာလေး ရှိသေးတယ်။ အဲဒါက တော့ 'ဘာသာမလိုချင်ဘူး။ ငြိမ်းချမ်းရေးပဲ လိုချင်တယ်' ဆိုတဲ့စကားပါပဲ။

ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ အများကြီး ရှိပါတယ်။အဲဒီဘာသာ တိုင်းရဲ့ အဆုံးအမကောင်းတွေကို မျက်နှာလွှဲနေကြတော့ လူတွေလိုချင်တဲ့ ငြိမ်း ချမ်းရေးဆိုတာ ကွယ်ပျောက်နေတာပါပဲ။

ဘာသာအမျိုးမျိုးကြောင့် ကွဲပြားမှုတွေ၊ ငြင်းခုံမှုတွေ၊ စိတ်ဓာတ်အမျိုးမျိုး တွေ၊ သူ့ဘာသာ၊ ကိုယ့်ဘာသာစတဲ့ အစွဲအလမ်းကြီးမှုတွေကြောင့် ငြိမ်းချမ်း ရေး လမ်းစလေး ပျောက်နေတာကို သိမြင်ကြတဲ့ ပညာရှင်တွေက အထက်ပါစကား ကို ပြောဆိုတာဖြစ်မယ် ထင်ပါတယ်။ သူတို့ပြောတာ မှန်သင့်သလောက်တော့ လည်း မှန်နေတာပါပဲ။

## တွေးမိတာလေး ရေးမိတယ်

ဒီနေရာမှာ တွေးမိတာလေးကတော့ ဘာသာတိုင်းမှာ တကယ်ကောင်းတဲ့ အဆုံးအမကောင်းတွေ ရှိတယ်။ ဒီတော့ အဲဒီလိုအဆုံးအမကောင်းတွေ ပေး ထားတဲ့ ဘာသာကို လိုကိုလိုချင်ရမယ်။ အဆုံးအမကောင်းတွေပေးတဲ့ ဘာသာရှိနေ တာတောင် ငြိမ်းချမ်းရေး ပျောက်နေရင် ဘာသာမရှိပါက ပိုတောင်ဆိုးလာနိုင် တယ်လို့ တွေးမိပါသေးတယ်။

ဘာသာမလိုချင်ဘူးဆိုတာ ဘာသာရဲ့အဆုံးအမတွေကို မလိုချင်ဘူးလို့ ပြောသလို ဖြစ်သွားတယ်။

ဘာသာရဲ့အဆုံးအမကောင်းတွေ သိရ၊ မြင်ရ၊ ကြားရ၊ ဖတ်ရ၊ လိုက်နာ ကျင့်သုံးရတဲ့အတွက်ကြောင့် လောကမှာ လူတော်လူကောင်းတွေ အများကြီး ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ ဘာသာမဲ့ရင် ကျန်တာမဲ့တယ်လို့ ပြောချင်ပါတယ်။

ဘာသာမဲ့သူတွေဟာ ကျန်တဲ့ကောင်းကျိုးတရားတွေ မဲ့နေတယ်လို့ ဆိုတာပါ။

ဘာသာမဲ့ရင် ဘာတဲ့လဲ?

(ကျန်တာမဲ့ပါတယ် ဘုရား)

ဘာသာသိရင် ကျန်တာသိတယ်။

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ဘာသာ သိရင် ကျန်တာသိတယ်။ ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ သိနေရင် ကျန်တဲ့လောကရေး၊ ဓမ္မရေး စတဲ့ အရေးပေါင်းစုံ သိသွားတာပါပဲ။ သာသနာနဲ့ ဘဝကို သာယာအောင် တည်ဆောက်လို့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဘာသာသိရင် (ဘာသာရဲ့အဆုံးအမကောင်းတွေ သိပြီဆိုရင်) လူတိုင်းရဲ့ ဘဝ သာယာပြီ၊ ငြိမ်းချမ်းရေး ရပြီ၊ ငြိမ်းချမ်းအေးမြပြီလို့ ဆိုချင်ပါတယ်။

ဒီတော့ ပရိသတ်ရေ၊ လူတိုင်းရဲ့ဘဝကို သာယာစိုပြေအောင် ဖန်ဆင်းနိုင်တာ ဘာသာတရား။ ဘာတရားတဲ့လဲ?

(ဘာသာတရားပါ ဘုရား)

## ဘာသာရေးနဲ့ သာယာရေး

ကောင်းတဲ့ကောင်းကျိုးတွေ ဘာသာချင်သလဲ။ သာချင်တဲ့ကောင်းကျိုးတွေ ဘာမဆို သာအောင် ဆောင်ရွက်နိုင်တာ ဘာသာတရားဖြစ်တယ်။

'ဘာသာ' မှာ စာလုံးလေးနှစ်လုံးက ဘာရယ်၊ သာရယ်။ 'ဘာ သာ' ချင်သလဲ။ အားလုံးသာအောင် ပေးစွမ်းနိုင်တယ်။ အဲဒါ 'ဘာသာ' ဖြစ်တယ်လို့ အဓိပ္ပာယ်ပေါ်အောင် ဖော်ကြည့်မိပါတယ်။

ဘာသာမှာ ဘာပါသတဲ့လဲ?

(ဘာရယ် သာရယ်ပါပါတယ် ဘုရား)

သဲဘောပေါက်ပြီနော်။

(ပေါက်ပါပြီ ဘုရား)

ဘာသာရေးဟာ တကယ်တော့ သိသူ၊ လိုက်နာ ကျင့်သုံးသူတွေအတွက် ခုရော နောင်ပါ သာယာရေးဖြစ်တယ်ဆိုတာ ပညာရှင်ကြီးတွေ လက်ခံထားကြပါတယ်။

ဘာသာရေးနဲ့ သာယာရေးဟာ တွဲနေပါတယ်။ ဘာသာရေးနဲ့ သာယာရေးဟာ ခွဲမနေပါဘူး။ ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဆိုတာလည်း တွဲနေပါတယ်လို့ သတိပြုသင့်ပါတယ်။

## ဘာသာရှိရင် ကျန်တာရှိတယ်

ဘာသာရှိရင် ကျန်တာရှိတယ်။ ဘာတဲ့လဲ?

(ဘာသာရှိရင် ကျန်တာရှိပါတယ် ဘုရား)

အေး– ဟုတ်ပြီ၊ ဘာသာရှိရင် ကျန်တဲ့လောကီ လောကုတ္တရာ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ၊ ခုရော နောင်ပါ အရာရာ ကောင်းကျိုးအမျိုးမျိုးတွေ ရှိသွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ပညာရှင်ကြီးတွေရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ တင်ပြပြောဆိုတဲ့ အဆိုအမိန့်တွေကို နှစ်သက်အားရ သဘောကျပါတယ်။

ဖြည့်စွက်ပြီး တင်ပြချင်တာကတော့ "ဘာသာလည်း လိုချင်ပါ၊ ငြိမ်းချမ်းရေး လည်း လိုချင်ပါ" ဆိုတဲ့ စကားလေးပဲ ဖြစ်ပါတယ်။

ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဟာ ညီအစ်ကိုလို့ ဆိုချင်ပါတယ်။

## ငြိမ်းချမ်းရေးအတွက် + ဆေးတစ်ခွက်

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြပါစို့။

ဘုရားက စစ်တိုက်ဖို့ ပြင်ဆင်နေကြတဲ့ နတ်မင်းကြီးနှစ်ဦးကို စစ်မတိုက်ဖို့၊ မညှဉ်းဆဲကြဖို့၊ ဒေါသစိတ် ကင်းဝေးဖို့ 'ငြိမ်းချမ်းရေး' တရားတော် ဟောကြား တော်မူလိုက်ပါတယ်။

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့လို့ ငြိမ်းချမ်းရေးအတွက် ဆေးတစ်ခွက် တိုက်ကျွေးတော်မူတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို (ဒီစကားလေး) ကို ကြည့်ပြီးတော့ 'ငြိမ်းချမ်းရေး တွက်+ဆေးတစ်ခွက်' တရားတော်လို့ အမည်ပေးရင်ကော ဇရဘူးလား။

(ရပါတယ် ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ငြိမ်းချမ်းရေး လိုချင်တယ်ဆိုရင် ငြိမ်းချမ်းအေးမြ ချင်တယ်ဆိုရင် သူများကို ညှဉ်းဆဲလို့ ဖြစ်ပါ့မလား?

(မဖြစ်ပါဘူး ဘုရား)

## ဘေးနဲ့ အေး

ညှဉ်းဆဲရင် သူ့ရောကိုယ်ပါ သတ္တဝါအားလုံး ဆင်းရဲမယ်နော်။

(မှန်လှပါ ဘုရား)

ညှဉ်းဆဲရင်? (ဆင်းရဲမှာပါ ဘုရား)

ညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဘေးဖြစ်မယ်။ မညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်စိတ်ဆင်းရဲဘေး ဝေးကာ အေးရမယ်။

ဒီတော့ 'ညှဉ်းဆဲရင် ဘေး။ မညှဉ်းဆဲရင် အေး' လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မေတ္တာသုတ်ပါ အကြိုက်ဆုံးဂါထာ

ဒီနေရာမှာ ဆက်စပ်လို့ ပြောချင်ပါသေးတယ်။ မေတ္တာသုတ်ထဲမှာပါတဲ့ ဂါထာလေးပါ။ ဘုန်းကြီး အကြိုက်ဆုံး ဂါထာလေးပါပဲ။ အဲဒီဂါထာလေးကတော့

န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ ဂါထာလေးပါ။

## လှည့်ပတ်လိမ်ခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်က။ ပရံ– တစ်ယောက်ကို။ နနိကုဗ္ဗေထ– မလိမ် လည်း မလှည့်ဖြားပါစေသား။

တစ်ယောက်က တစ်ယောက်ကို လိမ်လည် လှည့်ပတ်တာတွေ မဖြစ်ပါ စေနဲ့လို့ ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ အစီးအပွားမဲ့တွေကို ဖယ်ရှားလိုတဲ့ မေတ္တာပို့ ဆုတောင်းနော်။ (မှန်လှပါ ဘုရား)

လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာတွေဟာ ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။ လူတွေ ရန်များနေတာ၊ အစစအရာရာ အဆင်မပြေဖြစ်နေတာတွေ ဟာ တကယ်ကောက်ချက်ချကြည့်လိုက်တော့ လိမ်ညာ လှည့်ပတ်နေတာကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာဟာလည်း လူတွေကို ဆင်းရဲ အောင် ညှဉ်းဆဲတာ တစ်မျိုးပဲနော်။ (မှန်လှပါ ဘုရား)

## အထင်သေးခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်သောသူသည်၊ ကိဉ္စိ– တစ်စုံ တစ်ယောက်သော၊နံပရံ– ထိုသူတစ်ပါးကို၊ ကတ္ထစိ– တစ်စုံတစ်ခုသော အရာဌာန၊ တစ်စုံတစ်ခုသော

အမှုကိစ္စမှာမူ။ နာတိမညေထ– လေးမြတ်ထိုက်သူ၊ မဟုတ်ဟူ၍၊ မကြည်ဖြူချေ၊ မရှိသေချင်၊ မထီမဲ့ မြင် မပြုပါရစေသော။

ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် တစ်ယောက်အပေါ်မှာ တစ်ယောက်က 'ဟာ ဒီကောင်က လေးစားထိုက်သူ မဟုတ်ပါဘူး။ ရိုသေထိုက်သူ မဟုတ်ပါဘူး' လို့ မထီမဲ့မြင် မလေးမစား အထင်သေး၊ အမြင်သေး ပြောဆို၊ ပြုလုပ်မှုတွေ မဖြစ်ပါစေနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးနေတာ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

တစ်ယောက်နဲ့တစ်ယောက် အထင်သေး၊ အမြင်သေးပြီဆိုရင် ရန်ဖြစ်တော့တာပဲ။ ရန်ဖြစ်တော့ ဆင်းရဲဒုက္ခတွေ တစ်သီတစ်တန်းကြီး များတော့တာပါပဲ။

ဒီတော့ အထင်သေးတာ၊ မထီမဲ့မြင်ပြုတာ၊ ပြောတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာတစ်မျိုးပဲ ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## ဆင်းရဲလိုခြင်း + ကင်းရှင်းပါစေ

* ဗျာရောသနာ– ကိုယ်နှင့်နှုတ်ကို၊ ချုပ်ချယ်လိုရိုး အလိုဆိုးဖြင့်လည်းကောင်း။ ပဋိဃသညာ– မနော်ဒွါရအား ထိပါးလိုရိုး၊ အလိုဆိုးဖြင့်လည်းကောင်း၊ အညမညဿ– တစ်ယောက်သည် တစ်ယောက်အား။ ဒုက္ခံ– ဆင်းရဲဒုက္ခ၊ မှန်သမျှကို။ နဣစ္ဆေယျ– နှေ့ညခါခါ၊ အလိုမရှိပါစေသော။

ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ချုပ်ချယ်ထိပါးလိုတဲ့ အလိုဆိုးနဲ့ တစ်ယောက်နဲ့တစ်ယောက် အချင်းချင်း ဆင်းရဲဒုက္ခတွေကို မလိုလားကြပါနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးတာ ဖြစ်တယ်။

အဲဒီတော့ အချင်းချင်း ဆင်းရဲဒုက္ခရောက်အောင် ပြုတာ၊ ပြောတာ၊ ကြံတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာပါပဲ။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေးဂါထာ

ဒီဂါထာလေးကို ကောက်ချက်ချလိုက်တဲ့အခါမှာ လှည့်ပတ်ခြင်းကင်းတာ၊ အထင်သေးခြင်း ကင်းတာ၊ အထင်သေးခြင်း ကင်းရှင်းတာ၊ ဆင်းရဲလိုခြင်း ကင်းရှင်းတာတွေဟာ မညှဉ်းဆဲတာဖြစ်တယ်။ ဒေါသကင်းဝေးအောင် လုပ်တာဖြစ်တယ်။ မဆင်းရဲအောင် လုပ်တာဖြစ်တယ်လို့ ကောက်ချက်ချလို့ရတယ်။

ဒီတော့ ဒီ 'နပရောပရံ' စတဲ့ဂါထာတော်ဟာ 'မညှဉ်းဆဲအေး+ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်။ 'ဒေါသကင်းဝေး+ ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## အားလုံးငြိမ်းအေး + ငြိမ်းချမ်းရေး

ဒကာ ဒကာမတွေ ဒီဂါထာလေး ဆောင်ထား။ ဒီဂါထာလေးဟာ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းရေးဂါထာပါ ဘုရား)

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ မကောင်းတဲ့ ဆိုးကျိုးတွေ အားလုံးငြိမ်းပြီးတော့ အေးချင်တာတွေ အားလုံး အေးစေတဲ့ 'ငြိမ်းချမ်းအေး' ဂါထာတော်ကဲ့။ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းအေး ဂါထာတော်ပါဘုရား)

## လောကမဌေး + ငြိမ်းချမ်းရေး

လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး ရချင်ဟယ်ဆိုရင် ဒီဂါထာလေးလာတဲ့အတိုင်း မေတ္တာလည်း ပို့ရမယ်။ လက်တွေ့လည်း လိုက်နာကျင့်သုံးရမယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– ငြိမ်းချမ်းရေးလင်္ကာလေးတွေ လိုက်ဆို

* လှည့်ပတ်လိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။
* အထင်သေးချင်၊ စိတ်အစဉ်၊ လူရှင်ကင်းပါစေ။
* ဆင်းရဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

ညှဉ်းဆဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။
ဒေါ်သကင်းဝေး၊ ငြိမ်းချမ်းရေး၊ အားပေးနိုင်ပါစေ
မညှဉ်းဆဲအေး၊ ငြိမ်းချမ်းရေး အားပေးနိုင်ပါစေ။
ငြိမ်းချမ်းရေးတွက်၊ ဆေးတစ်ခွက်၊ ဆက်ကီလက် သောက်နိုင်စေ။

## ငြိမ်းချမ်းရေးတွက် + ဆေးနှစ်ခွက်

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့ဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးတစ်ခွက်တိုက်ကျွေးပြီးတော့ ဒေါသစိတ်ကို အမြန်ဆုံး ငြိမ်းအောင်လုပ်ကြပါဆိုတဲ့ ဆေးတစ်ခွက်ကို ထပ်ပြီးတော့ တိုက်ကျွေးတော်မူတာ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မညှဉ်းဆဲခြင်းဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးက တစ်ခွက်၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် အမြန်ဆုံး ကြိုးစားကြပါဆိုတဲ့ ဆေးက တစ်ခွက်၊

ပေါင်းလိုက်တော့ ငြိမ်းချမ်းရေးတွက် ဆေးနှစ်ခွက်နော်။
(မှန်လှပါ ဘုရား)

## တူရာပေါင်းတော့ + တစ်ခွက်ပေါ့

မညှဉ်းဆဲခြင်းဆိုတာလည်း ဒေါသစိတ် ငြိမ်းအေးအောင် လုပ်တာ၊ ဒေါသစိတ် ငြိမ်းအေးခြင်း ဆိုတာဟာလည်း မညှဉ်းဆဲခြင်းပါပဲလို့ တူရာပေါင်းလိုက်ရင်တော့ 'ငြိမ်းချမ်းရေးတွက်+ ဆေးတစ်ခွက်' ပဲနော်။ (မှန်လှပါ ဘုရား)

## များလေ ကောင်းလေ + ဒကာဆွေ

ရှေ့က တရားထောက်တဲ့ ဒကာဆွေကို မေးရဦးမယ်။ တစ်ခွက် ကြိုက်သလား။ နှစ်ခွက် ကြိုက်သလား? များလေ ကောင်းလေပါပဲ ဘုရားတဲ့။
(အားလုံး ရယ်ကြ)
ဒကာက များများသောက်နေကြတယ်ထင်တယ်။
(အားလုံး ရယ်ကြ)

## စစ်ပွဲငြိမ်းအေး + တရားဆေးကြောင်း

ကဲ– ထားပါတော့။ ရှေ့ဆက်ကြရအောင်

ဘုရားရဲ့ မညှဉ်းဆဲကြပါနဲ့၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ တိုက်တွန်းဟောပြောတဲ့ တရားဆေး နှစ်ခွက်ကို သောက်သုံးလိုက်ရတယ်ဆိုရင်ပဲ နတ်မင်းကြီးနှစ်ပါးရဲ့ စစ်ပွဲဟာ တစ်ခါတည်း မီးကို ရေနဲ့သတ်လိုက်သလိုပဲ ပြေငြိမ်းသွားတယ်။ မြတ်စွာဘုရားရဲ့ တရားဆေးဟာ တကယ်အံ့သြစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## များ နည်း ကောင်းတာ + မေး ဖြေလွှာ

ငြိမ်းချမ်းရေးတွက် ဆေးဘယ်နှစ်ခွက် တိုက်ကျွေးလိုက်သလဲ?
(နှစ်ခွက်ပါ ဘုရား)
ဒကာဆွေ၊ (ဘုရား)
များလေ ကေင်းလေပဲလား။ (အားလုံး ရယ်ကြ)
ဆေးပြောပါတယ်။ (အားလုံး ရယ်ကြ)
ဆေးကတော့? (များလေကောင်းလေပါဘုရား)
ကျန်တာတော့? (နည်းလေကောင်းလေပါဘုရား)

ဒကာဆွေ။ (ဘုရား)
နည်းလေ ကောင်းလေဆိုတာ ဘာလဲ?
(ဘီယာပါ ဘုရား) (အားလုံး ရယ်ကြ)
သောက်နေကြလေး တန်းပြောတာပဲနော်။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
ဘီယာဆိုတာ ဘာလဲ? အရက်နုပါ ဘုရား။
(အားလုံး ရယ်ကြတယ်)
အောင်မယ် အရက်တောင်မှ အရက်နုဆိုပါလား။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
အရက်ကြမ်းဆိုတာ ရှိသေးလား?
(အားလုံးရယ်ကြ)

## ဘီယာဆိုတာ + သိစရာ

ကဲ– ထားပါတော့၊ ဘီယာဆိုတာ အရက်နု၊ အရက်ကြမ်း ခေါ်တာ၊ မခေါ်တာတော့ မသိပါဘူး။ သိတာလေးကို စာပေအတိုင်း သဒ္ဒါရေးနဲ့ ပြောမယ် ဆိုရင်တော့ ဘယ က လာတာဖြစ်တယ်။ ဘယ ဆိုတော့ ဘေးပေါ့။ အဲဒီ ဘီယာ ဆိုတာ သောက်ရင် ဘေးဖြစ်မယ်။ ဘေးပေါင်းစုံဖြစ်စေတတ်လို့ ဘီယာ ခေါ်တယ်။

ကဲ– လင်္ကာလေး လိုက်ဆို

* ဘေးဖြစ်စေသော၊ ထိုသဘော၊ ဆိုပြောဘီယာခေါ်။
* ဘယဘေးတွေ၊ ဖြစ်စေတတ်၊ မှတ်လေ ဘီယာခေါ်။
* ဘယဘေးတွေ၊ အစုံပေ၊ ဖြစ်စေ ဘီယာခေါ်။

## ဆေးဖြစ် ဝါးဖြစ်

ဒကာဆွေ၊ (ဘုရား)
များလေ ကောင်းလေက?
(တရားဆေးပါဘုရား)
နည်းလေ ကောင်းလေက?
ဘီယာဆေးပါ ဘုရား။ (ရယ်ကြ)

တပည့်တော် ယောင်ပြောတာပါ ဘုရား။

(ရယ်ကြ)

ဒကာဆွေက ဘီယာကိုတောင် ဆေးဆိုပါလား။

(ရယ်ကြ)

များများသောက်တတ်တဲ့ ဒကာတွေကို ဘုန်းကြီးက သိပ်ပြီးမသောက်ကြနဲ့လို့ လျှော့သောက်လို့ ပြောတော့ ဒကာတစ်ယောက်က တပည့်တော် ဆေးဖြစ်ဝါးဖြစ်ပဲ သောက်တာပါ ဘုရားလို့ လျှောက်တယ်။

(အားလုံး ရယ်ကြ)

အဲဒီလိုလျှောက်တဲ့ ဒကာတစ်ယောက်ကို ဘုန်းကြီးက ဆေးဖြစ်ဆိုတာတော့ထားပါတော့၊ 'ဝါး' ဖြစ်ဆိုတာ သိရဲ့လားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာက မသိပါ ဘုရားလို့ မလျှောက်ပါတယ်။ မသိရင် မှတ်ထားပါ။ တို့တွေးမိတာလေး ပြောဦးမယ်ဆိုပြီး ပြောပြလိုက်ပါတယ်။

အဲဒီသေရည် သေရက်တွေ၊ ခုခေတ်ဇပါ ဘီယာစတဲ့ မူးမေ့စေတတ်တဲ့ အရည်တွေ အသောက်များသူတွေဟာ ရောဂါဆိုး ရောဂါအမျိုးမျိုးတွေ ရပြီးတော့ ဆေးမျိုးစုံကို ဝါးရတော့တာပါပဲ။ အဲဒီလို ဆေးမျိုးစုံ ဝါးဖြစ်တာကြောင့် ဝါးဖြစ်။

(အားလုံးရယ်ကြ)

နောက်ပြီးတော့ အသောက်များသူတွေဟာ မသေခင်လည်း ပိန်ပိန်ကပ်ကပ်လေး၊ သေတော့လည်း ပိန်ခြောက်ပြီး ပိန်ပိန်ကပ်ကပ်လေး သေဆုံးရတယ်။ အဲဒီလို ပိန်ပိန်ခြောက်ခြောက်လေးနေ၊ ပိန်ပိန်ခြောက်ခြောက်လေး သေရတာကို တင်စားပြီးတော့ ဝါးလုံးလေးလို ဖြစ်သွားတာကြောင့်လည်း ဝါးဖြစ်။

(အားလုံး ရယ်ကြ)

ဈေးကြီးတဲ့ ဆေးမျိုးစုံနဲ့ ဆေးဖိုးရဲ့ ဝါးမျိုခြင်းကို ခံရတဲ့အတွက်ကြောင့်လည်း "ဝါး"ဖြစ်။

(အားလုံး ရယ်ကြ)

ကဲ– "ဝါးဖြစ်" လင်္ကာလေးတွေ လိုက်ဆို

* ရောဂါရတုန်၊ ဆေးမျိုးစုံ၊ အကုန်ဝါးဖြစ်ပေ။
* ရောဂါရချေ၊ ပိန်ကပ်နေ၊ ပိန်သေ ဝါးဖြစ်ပေ။
* ဈေးကြီးဆေးများ၊ ဆေးဖိုးများ၊ မျိုဝါး ဝါးဖြစ်ပေ။

## သူတို့အားထား + မြတ်ဘုရား

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

လောကရဲ့အကြီးအမှူးဖြစ်တဲ့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်ရာရယ်လို့ ဆည်းကပ်ကြတယ်။

နတ်မင်းကြီးနှစ်ဦးဟာ မြတ်စွာဘုရားကို တကယ် အားထားသွားကြတယ် နော်။ (မှန်လှပါဘုရား)

## သူတို့ဘဝ + ရင်အေးရ

ဘုရားက တရားဟောတော့ တရားနာကြားတာဟာ တရားကို လိုက်နာ ကျင့်သုံးတာဟာ တရားကို ကိုးကွယ်အားထားတာ ဖြစ်တယ်။ ဒီတော့ နတ်မင်း ကြီး နှစ်ပါးရဲ့ နှလုံးသားမှာ ဘုရားသရဏဂုံ၊ တရား သရဏဂုံတွေ တည်သွား ကြပြီနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* နတ်မင်းနှစ်ပါး၊ မြတ်ဘုရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ မြတ်တရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ ဘုရားတည်လေပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ အပြုံးများရပြီ။
* ဒေါသကင်းဝေး၊ ငြိမ်းချမ်းရေး၊ ရင်အေးရလေပြီ။

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

စကျွငါးပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ စစ်မြေပြင်မှာ ရှိနေကြတဲ့ နတ်အပေါင်းကို သိစေတော်မူကာ ခြေတော်ကို ကြွချီတော်မူတယ်။

နတ်အများ ကြည့်ရှုနေစဉ်မှာပဲ မြောက်အရပ်ကို ကြွသွားတော်မူတယ်။

## ကမ္ဘာတစ်သိန်း + အပါယ်ငြိမ်း

အခြေနှစ်ချောင်းရှိသူ နတ်လူတွေကို အမြဲရကာ တာဒိဂုဏ်နဲ့ ပြည့်စုံ

တော်မူတဲ့ မြတ်စွာဘုရားကို သူဟာ ရှေးဦးစွာ ကိုးကွယ်အားထား ဆည်းကပ်သူ ဖြစ်တယ်။ သူဟာ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလား မရောက်ရပါဘူး။

ဘုရားကိုးကွယ်၊ တရားကိုးကွယ်တဲ့ ကုသိုလ်ကြောင့် သူဟာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။

လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးလုံးကို ခံစားရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ဘုရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* တရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* ဘုရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* တရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* လူ နတ် နှစ်ပါး၊ ချမ်းသာများ၊ ခံစားရလေပြီ။

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ကမ္ဘာသုံးသောင်းထက်မှာတော့ ရထားစီးမင်းတွေထက် မြတ်တဲ့ 'မဟာဒုန္ဒုဘိ' အမည်ရှိတဲ့ စကြဝတေးမင်းတွေ ၁၆ ကြိမ် ဖြစ်ဖူးပါတယ်။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ အမျိုးကောင်းအိမ်မှာ လာဖြစ်ရတယ်။ အရွယ်ကြီးလာတော့ ဘုရားကြည်ညိုကာ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

စကြဝတေးမင်းဖြစ်ရတဲ့ ကောင်ကျိုး၊ နောက်ဆုံး ရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးတွေဟာ ဘုရားကိုးကွယ်၊ တရားကိုးကွယ်ရတဲ့ ကောင်းကျိုးတွေနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဒီနေ့ ဒကာ ဒကာမတွေကို အဓိကအမည်ပေး ပြီး ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတဲ့ လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေးပါ) တရားတော်ပါ ဘုရား။

ဒကာ ဒကာမတွေ၊ ငြိမ်းချမ်းရေး မလိုချင်ကြ ဘူးလား?

(လိုချင်ပါတယ် ဘုရား)

အေး– ငြိမ်းချမ်းရေးလိုချင်ရင် ဘာကင်းအောင် လုပ်ရမလဲ?

(ဒေါသကင်းအောင် လုပ်ရမှာပါ ဘုရား)

## ဘယ်သူ့ရည်ရွယ် ဖြေပြကွယ်

ဒီတရား ဘယ်သူ့ကို အဓိကရည်ရွယ်ပြီးတော့ ဟောတယ်ဆိုတာ သိရဲ့လား?

(သိပါတယ်ဘုရား)

ဘယ်သူ့ကိုလဲ?

(စိတ်တိုတဲ့ တပည့်တော်တို့ကိုပါ ဘုရား)

အဲဒီ အဖြေ မှားတယ်။ အဖြေမှန် မသိချင်ဘူးလား?

(သိချင်ပါတယ် ဘုရား)

သိချင်ရင် တရားနာနေကြတဲ့ ဒကာ ဒကာမတွေ အားလုံး ဘုန်းကြီးကို ကြည့်လိုက်ကြပါ။ ဘုန်းကြီး သေသေချာချာပြမယ်။ ဘုန်းကြီးရဲ့လက်ညှိုးလေးနဲ့ ထိုးပြတာ မြင်ရပြီနော်။

(မြင်ရပါပြီ ဘုရား)

ဘယ်သူ့ကို ရည်ရွယ်?

(တရားဟောနေတဲ့ ဘုန်းကြီးကိုပါ ဘုရား)

အောင်မယ်လေး၊ လျှာရှည်လိုက်တာ 'ဘုန်းကြီး' ဆို တော်ရောပေါ့။ ခုတော့ ဝိသေသန မပြီးတော့ တရားဟောနေတဲ့ဆိုတာ သူတို့မှ ထည့်ရက်တယ်။

(အားလုံး ရယ်ကြ)

ထပ်ဖြေပါဦး၊ ဘယ်သူ့ကို ရည်ရွယ်?

(ဘုန်းကြီးကိုပါ ဘုရား)

အဲဒီလောက်ဆို သိလောက်ပါတယ်။ တော်သေးတာပေါ့။

(အားလုံး ရယ်ကြ)

ကဲ– ထားပါတော့။ တရားဟောတဲ့ ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။

စိတ်တိုလို့ မှားခဲ့တာတွေလည်း မရေနိုင်တော့ပါဘူး။ ဒါကြောင့် ဒီတရားတော် ဟာ သူများရည်ရွယ်ပြီးတော့ ဟောတဲ့တရားမဟုတ်ပါဘူး။ တရားဟောနေတဲ့ ပလ္လင်ပေါ်က ကိုယ့်ကိုယ်ကို ရည်ရွယ်ပြီး ဟောတဲ့တရားပါလို့ အမှန်အတိုင်း ဝန်ခံ ပြောပြမိပါတယ်။

## ဒေါသကြောင့်မှား အမှားတစ်ထောင်

ဒေါသကြောင့် မှား။ အမှား မရေနိုင်လို့တောင် မှတ်တမ်းတင်မိပါတယ်။

တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေ ကျောင်းလာရင် ဘာလုပ်လာတာ လဲလို့ မေးတော့ တရားပွဲ လာပင့်ကြောင်း လျှောက်တဲ့အခါ ပြောမိတာလေးက တရားပွဲ ပင့်မနေပါနဲ့တော့၊ တရားမဟောချင်တော့ဘူးလို့ ပြောမိပါတယ်။ အဲဒီလို ပြောတော့ တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေက ဘာပြုလို့ မဟောချင်တာလဲ ဘုရား။ တပည့်တော်တို့ လှူတာ နည်းလို့လားလို့ ထပ်လျှောက်ကြပါတယ်။

ဘုန်းကြီး ပြောလိုက်တာကို သေသေချာချာ နားထောင်နော်။ နည်းလို့ မဟုတ်ပါဘူး၊ မများလို့ပါ။

(အားလုံး ရယ်ကြ)

ကဲ- ထားပါတော့၊ ဒါက ရယ်စရာလေး ပြောတာပါ။ တကယ်ပြောတဲ့ စကားက 'တို့တရားဟောနေတဲ့ ဘုန်းကြီးကိုယ်တိုင် တရားမရှိလို့ပါ' လို့ ပြော လိုက်တာပါ။

(ရယ်ကြ)

မရယ်နဲ့၊ တကယ်ပြောတာ။

(ထပ်ရယ်ကြ)

## မီးသတ်ကားကြီး မီးလောင်နေ

တစ်ခါက မြို့တစ်မြို့မှာ နာမည်ကြီး ဆရာတော်ကြီးတစ်ပါး တရားဟော တော့ မိုက်က တဂွီဂွီမြည်နေတယ်။ အဲဒီဆရာတော်ကြီးက ဟောက်ငေါက်မာန်မဲ ပြီး မိုက်ကိုချွတ်ပြီး ကိုင်ပေါက်လိုက်တယ်။ ပြီးတော့ တရားမဟောဘဲ ပလ္လင်ပေါ်က ဆင်းသွားတယ်။

ဒကာ ဒကာမတွေက ကောင်းတဲ့မိုက် စီမံပေးပါ့မယ်၊ တရားဆက်ဟောပါ ဘုရားလို့ ငိုယိုလျှောက်ပေမယ့်လည်း မရပါဘူး။ အဲဒီမြင်ကွင်းကို တွေ့မြင်လိုက် ရတဲ့ လက်သံပြောင် စာရေးဆရာတစ်ယောက်က ဆောင်းပါးရေးထည့်လိုက်တယ်။

သူဆောင်းပါးရဲ့ နာမည်ခေါင်းစီးက တော်တော်လေးကောင်းတယ်။ "မီးသတ်ကားကြီး မီးလောင်နေတယ်" ဆိုတဲ့ ခေါင်းစီးပါ။ ဘုန်းကြီးတို့ တရားဟော ဘုန်းကြီးတွေ၊ စာရေးဆရာတွေ၊ တရားပြဆရာတွေဟာ သူများကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာမီးတွေ ငြိမ်းအေးအောင် မီးငြိမ်းပေးနေသူတွေပါ။ တင်စားပြောမယ်ဆိုရင်တော့ မီးသတ်ကားကြီးပါ။ သူများကို မီးငြိမ်းပေးမယ့် (မီးသတ်ပေးမယ့်) ဘုန်းကြီးတို့ မီးသတ်ကားကြီး ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိတဲ့ ကိလေသာမီးတွေ လောင်နေမယ်ဆိုရင်တော့ "မီးသတ်ကားကြီး မီးလောင်နေတယ်" ဆိုတဲ့ စာရေးဆရာရဲ့ ရေးသားချက်ဟာ နည်းတောင်နည်းသေးတယ်လို့ ပြောရမှာပါပဲ။ တရားဟောသူ မီးသတ်ကားကြီး ကိုယ်တိုင်က မီးလောင်နေရင် သူများဟောလို့ မီးငြိမ်းပေးဖို့ ဖြစ်ပါတော့မလား။

(မဖြစ်ပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးပြောတဲ့ တရားမရှိလို့ တရားတွေ ကုန်နေလို့ တရားမဟောချင်ဘူးဆိုတာ သဘာဝကျတယ်နော်။

(မှန်လှပါ ဘုရား)

## အရိပ်ထဲက အပူသည်

တချို့ကလည်း တင်စားပြီးတော့ ရေးသားကြ၊ ပြောကြသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တရားဟောသူ၊ တရားပြသူ၊ တရားစာ ရေးသားထုတ်ဝေသူ၊ စာရေးဆရာဆိုသူတွေဟာ အားမနာတမ်း ပြောရမယ်ဆိုရင်တဲ့ "အရိပ်ထဲက အပူသည်တွေ"တဲ့။ တော်တော်လေး ကောင်းပါတယ်။ မှန်တာပေါ့။ သူများကိုတော့ အေးမြအောင် အရိပ်ကောင်းတွေ ပေးနေကြတာပဲ။ အရိပ်ပေးနေသူတွေ ကိုယ်တိုင်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ များနေမယ်ဆိုရင် တကယ်မှန်တဲ့ "အရိပ်ထဲက အပူသည်တွေ"ပါပဲ။

## စဉ်းစား တကယ် ရှက်မိတယ်

တစ်ခါတလေတော့လည်း စဉ်းစားတွေးတောပြီး ရှက်မိသေးတယ်။ ငါဟာ 'မီးလောင်နေတဲ့ မီးသတ်ကားကြီး'ပါလား၊ 'အရိပ်ထဲက အပူသည်ကြီး'ပါလား၊ 'လရောင်အောက်မှာ လမ်းပျောက်နေသူ'ပါလားလို့ စဉ်းစားတွေးတောကာ ရှက်မိတာပါ။

## တစ်ခါတလေ အားတင်းနေ

တစ်ခါတလေတော့လည်း အားတင်းလိုက်ပါတယ်။ 'မီးသတ်ကား ဖြစ်ရတာ နည်းတဲ့ကုသိုလ် မဟုတ်ပါလား'၊ 'အပူသည်ဆိုပေမယ့်လည်း တော်သေးရဲ့၊ အရိပ်ထဲက အပူသည်ဖြစ်ရတာ'၊ 'လမ်းပျောက်တာ တော်သေးရဲ့၊ လရောင်အောက်မှာ လမ်းပျောက်တာ'လို့ တွေးတောစဉ်းစား အားတင်းလိုက်တာပါပဲ။

## မီးသတ်ကားကြီး နောက်တစ်စီး

မီးသတ်ကားကြီး တစ်စီးအကြောင်း ပြောရဦးမယ်။ ဒီအကြောင်းကတော့ သာကေတမြို့က အကြောင်းကလေးပါ။ သာကေတမြို့က ဓမ္မာရုံတစ်ရုံမှာ နှစ်စဉ်တရားပွဲများ ကျင်းပလေ့ရှိပါတယ်။ နာမည်ကြီး ဆရာတော်များကိုရွေးပြီး ပင့်လေ့ရှိပါတယ်။ အဲဒီပင့်တဲ့ဆရာတော်တွေထဲမှာ ဘွဲ့တော်ဆင်တူရိုးမှား ဖြစ်နေတဲ့ ဆရာတော်နှစ်ပါး ပါပါတယ်။ လုံးဝတော့ မတူပါဘူး။ နည်းနည်းလေးတူသလို ဖြစ်နေပါတယ်။ ကျောင်းတိုက်တွေ၊ မြို့နယ်တွေကတော့ လုံးဝကို မတူပါဘူး။ တရားပွဲ ကျင်းပသူတွေက တရားပွဲအစီအစဉ်ကို သတင်းစာထဲမှာ ထည့်လိုက်ပါတယ်။ ဆင်တူရိုးမှား ဆရာတော်နှစ်ပါးရဲ့ နေ့ရက်တွေ၊ ကျောင်းတိုက်တွေ၊ မြို့နယ်တွေမှန်ပြီးတော့ ဘွဲ့တော်တွေဟာ မှားနေတာ ပါလာပါတယ်။ နာမည်အကြီးဆုံး ဆရာတော်ဟောမယ့်ရက်မှာ ကြွရောက်လာပြီး ဓမ္မာရုံက လူကြီးတွေကို တော်တော်လေး ဆူပါတယ်၊ ငေါက်မာန်ပါတယ်။

ဓမ္မာရုံက လူကြီးတွေက မှားတာ တောင်းပန်လျှောက်ထားလည်း မရပါဘူး။ တရားဟောတော့လည်း စိတ်တိုတိုကြီးနဲ့ ဟောတာ မကောင်းပါဘူး။ ဟိုပြော ဒီပြော စောင်းတဲ့ရွဲ့တဲ့စကားတွေနဲ့ပဲ တရားပွဲပြီးသွားပါတယ်။ တရားပွဲပြီး ပြန်ခါနီးမှာလည်း မင်းတို့ဓမ္မာရုံ ငါ့ကို ဘယ်တော့မှ မပင့်နဲ့လို့ ဒေါသသံကြီးနဲ့ ပြောသွားပါသတဲ့။

အဲဒီလိုပြောတာ ကြားလိုက်တဲ့ ဒကာတွေထဲမှာ စိတ်တိုတတ်တဲ့ လူငယ်လေး တစ်ယောက်က "စိတ်ချပါ၊ မပင့်ပါဘူး"လို့ လျှောက်လိုက်ပါသတဲ့။

ဓမ္မာရုံက လူကြီးတွေဟာ တော်တော်လေး စိတ်ပျက်သွားကြပါတယ်။ တရားဟောတဲ့ မီးလောင်နေတဲ့ မီးသတ်ကားကြီးတွေကို လန့်နေတယ်တဲ့။

ဓမ္မာရုံ လူကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတာကတော့ 'တပည့်တော်တို့ကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ နည်းပါးအောင် ဆုံးမမယ့် တရားဟောဆရာတော်က တပည့်တော်တို့ထက် ဒေါသကြီးနေ

တာ အံ့သြစရာကောင်းတယ် ဘုရား။ တပည့်တော်တို့ကလည်း သူက မပင့်နဲ့ဆို တော့ မပင့်ရဲတော့ပါဘူး ဘုရား'လို့ လျှောက်ထားပါတယ်။

## သာသနာပြု + ကဗျာနှ

အဲဒီလိုလျှောက်ထားတော့ အဲဒီဒကာတွေ စိတ်သက်သာရာ ရအောင် အားပေးစကား ပြောကြားလိုက်တာကတော့ ''စိတ်ရှည်ဖွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'' ဆိုတဲ့ ကဗျာလေးအတိုင်း စိတ်ရှည်ရှည်ထားပြီး ဖွဲသန်သန်နဲ့ သည်းခံကာ သာသနာပြုပါလို့ ပြောလိုက်ပါတယ်။

## မီးသတ်ကားတွေ + ရေပါပါစေ

နောင်တရားပွဲပင့်တဲ့အခါမှာလည်း ''ရေပါတဲ့ မီးသတ်ကားကြီးတွေ၊ ကား လတ်တွေ၊ ကားလေးတွေ ရွေးပင့်ပါ''လို့ ပြောလိုက်ပါတယ်။

မွှာရုံဒကာကြီးတစ်ယောက်က ''ဆရာတော် ပြောတာ သဘောမပေါက်ဘူး။ ရှင်းပြပါဦး ဘုရား'' လျှောက်ထားပါတယ်။

ရေပါတဲ့ မီးသတ်ကားဆိုတာ ဒကာ ဒကာမတွေရဲ့အပေါ်မှာ တကယ် ကောင်းကျိုးလိုလားတဲ့ မေတ္တာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ သံသရာ ဝဋ်ဆင်းရဲက တကယ်လွတ်မြောက်စေချင်တဲ့ သနားခြင်း ကရုဏာရေကို ဆိုလို တာပါ။ ဒကာ ဒကာမတွေ တရားတွေ နာကြ၊ သီတင်း ကျင့်ကြံတတ်တဲ့အခါမှာ ဝမ်းမြောက်တဲ့ မုဒိတာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ ကံမကောင်း အကြောင်းမလှတဲ့အခါမှာလည်း ဒါဟာ တကယ်တော့ ကံအတိုင်းပဲ ဖြစ်ကြ ပျက်ကြရတာပဲလို့ အသင့်အားဖြင့် ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ဥပေက္ခာရေကို ဆိုလိုတာပါလို့ ရှင်းပြလိုက်တော့မှ သဘောကျသွားပါတယ်။

မီးသတ်ကားတွေ ရေပေါပါစေလို့ ဆုတောင်းပါတယ်။

မီးပါတဲ့ မီးသတ်ကားတွေ ပင့်လို့ကတော့ မီးဆက်လောင်နေဦးမှာပဲလို့ လည်း မှာလိုက်ပါတယ်။

ဒကာတစ်ယောက်ကတော့ ''မီးပါတဲ့ မီးသတ်ကား၊ ရေပါတဲ့ မီးသတ်ကား'' ဆိုတာ ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲ ဘုရားလို့ လျှောက်ပါသေးတယ်။

ဘုန်းကြီးကတော့ ''ပကတိမျက်စိနဲ့လည်း ကြည့်၊ ဉာဏ်မျက်စိနဲ့လည်း ကြည့်ပါ'' သိပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။

ကဲ– ထားပါတော့၊ မီးသတ်ကားကြီးတွေ အကြောင်းပြောတာ တော်တော် လေး စုံသွားပါပြီ။

## ငြိမ်းချမ်းရေးရ + အေးမြပါစေ

ဘုန်းကြီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြစ်မှားတိုတတ်တဲ့ ဒေါသ ဆိုးများ နှလုံးသားဝေးကွာ သာယာအေးမြ ငြိမ်းချမ်းရေး ရကြပါစေ၊ ငြိမ်းချမ်း အေးမြကြပါစေလို့ ကုသိုလ်ပြုတိုင်း ဆုတောင်းမိတဲ့ "ငြိမ်းချမ်းရေး ဆုတောင်း" ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

"ပြစ်မှားတိုတတ်၊ စိတ်မမြတ်ခြင်း။ ဒေါသကင်းမှ၊ ရင်တွင်းမှာအေး။ ငြိမ်းချမ်းရေးတွေ၊ ရနိုင်ပေဟု၊ ကဗျာပြုလို့၊ စာနုဆိုရှု၊ ခုကိုငြိမ်းချမ်း။ နောင်ငြိမ်းချမ်းစေ၊ တောင်းဆုချွေသည်၊ ကောင်းမှုထွေထွေ ပြုတိုင်း တည်း"

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ကျမ်းညွှန်း ။ အပဒါန၊ ပါဠိ၊ ၁၊၁၆၂

အပဒါန၊ ဋ္ဌ၊ ၂၊ ၁၃၀

မြန်မာပြန်၊ ၁၊ ၁၆၆။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာဝုပ္ပိယဝဂ်၊ ယညသာမိက
ထေရအပဒါနိုက် တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# သိပ်မြတ်ချင်ရင်+စိတ်ဓာတ်ပြင်ဆင်

တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနိယပွဲတော်သဘင် ဆင်ယင်ကျင်းပနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို ဟောကြားမယ့် တရားတော်က ''သိပ်မြတ် ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်'' တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်) တရားတော်ပါ ဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

ယညသာမိက မထေရ်ဟာ သူ့ဘဝအကြောင်းတွေကို သူကိုယ်တိုင် ပြန် ဟောပြထားတဲ့ တရားတော်ပါ။

## ယစ်ပူဇော်ရန်+အားထုတ်ပြန်

ငါဟာ မွေးဖွားပြီးတော့ ခုနစ်နှစ်ပဲ ရှိပါသေးတယ်။ ဗေဒင်ကိုတော့ တစ်ဖက်ကမ်းရောက် တတ်မြောက်ပါတယ်။ အမျိုးအနွယ်ရဲ့ကျင့်ဝတ်ကိုတော့ ဆောင်ထားပါတယ်။ ငါဟာ ယစ်ပူဇော်ရန် အားထုတ်နေပါတယ်။

(အပဒါန၊ ပါဠိ ၁၊ ၂၉၆)

## တိုင်မှာချည်ထား + သားကောင်းများ

ငါဟာ ရှစ်သောင်းလေးထောင်ကုန်သော သားကောင်တွေကို သတ်ဖြတ် တယ်၊ အဲဒီသားကောင်တွေကို ကြိုးတွေနဲ့ ချည်ကာ ယူဆောင်ပြီးတော့ ယစ် ပူဇော်ရန်အတွက် တိုင်မှာချည်ထားပါတယ်။

## ရွှေရှားမီးလို + နေလလို

ပန်းထိမ်ဖိုမှာ ဦးပြီးတဲ့ရွှေလို၊ ရှားမီးလို၊ တက်လာတဲ့ နေမင်းလို၊ လပြည့် နေမင်းလို–

## ဘုရားငါ့ထံ + ကြွလာပြန်

လောကီ လောကုတ္တရာ အကျိုးအားလုံးကို ပြီးစေတော်မူတဲ့ လူသုံးပါးတွေ ပူဇော်အပ်တဲ့၊ အကျိုးစီးပွားကို ဆောင်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ထံ ကြွလာပြီးတော့ ဒီစကားတော်ကို မိန့်တော်မူတယ်။ (ဒီတရားကို ဟောတော်မူတယ်)

## ဘုရားနှစ်သက် + မိန့်မှာချက် လေးပါး

သတ္တဝါအားလုံးကို မညှဥ်းဆဲတာကို ငါဘုရား နှစ်သက်တော်မူတယ်။

* ခိုးခြင်း ရှောင်တာ၊
* သူများ ကာမပိုင်လွန်ကျူးပြီး ကျင့်ခြင်းရှောင်တာ၊
* သေရည်သေရက် သောက်ခြင်း ရှောင်တာ ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

## သေရည်ဆိုတာ + မှတ်စရာ

သေရည်ဆိုတာ လူတွေကို (သောက်သူတွေကို) မြန်မြန် သေစေတတ်တဲ့ အရည်၊ ကုသိုလ်ကောင်းမှုတွေကို သေစေတတ်တဲ့ အရည်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

အဲဒီအရည်တွေ သောက်ပြီဆိုရင် ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်သေးရဲ့လား။

(မလုပ်နိုင်တော့ ပါဘုရား)

ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်တော့ ကုသိုလ်ကောင်းမှုတွေ သူ့အတွက် သေမနေဘူးလား။

(သေနေပါတယ် ဘုရား)

သေရည်ဆိုတာ သဘောပေါက်ပြီနော်။

(မှန်လှပါ ဘုရား)

## သေရက်ဆိုတာ + ဒီလိုပါ

သေရက်ဆိုတဲ့ အဲဒီအရည်တွေ သောက်သူတွေဟာ သေမယ့်ရက်တွေနဲ့ အမြန်ဆုံးနီးကပ်သူတွေ ဖြစ်တဲ့အတွက် သေရက်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ခုခေတ်မှာတော့ 'သေ'ဆိုတဲ့ စကားလုံးလေး ပျောက်ပြီး အရက်လို့ ခေါ်နေကြတာပါပဲ။

## မြန်မြန်သေချင် များများသောက်

ဘုန်းကြီးတို့ ဒကာတွေထဲမှာ သေရည် သေရက် သောက်သူတွေ ပါတယ်။ အဲဒီ ဒကာတွေကို ဘုန်းကြီး ပြောတဲ့စကားကတော့ ဒကာ၊ မြန်မြန်သေချင်ရင် မြန်မြန်သောက်၊ များများသောက်ပါလို့ ပြောမိပါတယ်။ မြန်မြန်မသေချင်ရင်တော့ လျှော့သောက်လို့ ပြောရပါတယ်။

## ဒကာတစ်ယောက် + လျှော့သောက်ပုံလေး

ဒကာတစ်ယောက်ကတော့ လျှော့သောက်ဆိုလို့ လျှော့သောက်နေပါတယ် ဘုရားလို့ လျှောက်တော့ ဘုန်းကြီးက အဟုတ်မှတ်နေတာ။ မင်း တကယ်လျှော့သောက်နေပြီလားလို့ မေးတော့ တပည့်တော် တအားသောက်လို့ ဗိုက်တင်းလာရင် ပုဆိုးဖြေလျှော့ပြီး ထပ်သောက်တာပါ ဘုရားတဲ့၊ ကောင်းရောဗျာ။

## လူမိုက်အကြီးစား + လူမိုက်ကြီးများ

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်။

ဟိုတလောက ရဟန်းဒကာမတစ်ယောက်ရဲ့ အသက် ၄၀ ကျော် မောင်လေး ဆုံးတော့ တရားဟော ရောက်သွားတယ်။ ရဟန်းဒကာမရဲ့ ငိုသံဆန်းလေး ကြားရတော့ ဘုန်းကြီးတောင် စိတ်မကောင်းဖြစ်မိသေးတယ်။ သူငိုပုံလေးက မောင်လေး လူမိုက်ကြီး၊ မင်း မသောက်ပါနဲ့ဆိုတာ ပြောမရဘူး။ ခုတော့ မင်းအစ်ကိုကြီး၊ အစ်မကြီးတွေအရင် သေရပြီမဟုတ်လား။ လူမိုက်ကြီး၊ လူမိုက်ကြီးလို့ ခေါ်ခေါ်ပြီးတော့ ငိုတာပါပဲ။ အဲဒီငိုသံကြားရတော့မှ လူမိုက်တောင်မှ သေးသေးမွှားမွှား အသေးစား အငယ်စား လူမိုက်မဟုတ်ပါလား။ များများသောက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မြန်မြန်သေတဲ့လူတွေဟာ "လူမိုက်အကြီးစား၊ လူမိုက်ကြီးတွေပါလား"လို့ သတိထားမိပါတော့တယ်။

ကဲ– ဒီတရားနာ ပရိသတ်တွေထဲမှာ အကြီးစားတွေ ဘယ်လောက်ပါသလဲ ကြည့်လိုက်စမ်းမယ်။ ဟာ မနည်းပါလား။ (ရယ်ကြ)

အလကား ရယ်စရာပြောတာပါ။ တရားနာတဲ့ ဒကာတွေ မပါပါဘူး။

## ဘုရားနှစ်သက် + မိန့်မှာချက် သုံးပါး

* မြတ်တဲ့ (တူမျှတဲ့) အကျင့်မှာ မွေ့လျော်ပျော်ပိုက်တာ ငါဘုရား နှစ်သက်တော်မူတယ်။
* အကြားအမြင်များတာ ငါဘုရား နှစ်သက်တော်မူတယ်။

ဒီနေ့ ဒကာ ဒကာမတွေ လောကီ၊ လောကုတ္တရာ အသိဉာဏ်တွေ များအောင် တရားနာနေတာဟာ ဘုရားနှစ်သက်တဲ့ လုပ်ငန်းဖြစ်တယ်နော်။

(မှန့်လုပါဘုရား)

* ကိုယ့်အပေါ် ပြုထားတဲ့ သူတစ်ပါးရဲ့ ကျေးဇူးတရားတွေ သိတာကို ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို ဘာပြောချင်၊ မှာချင်သလဲဆိုတော့ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူများရဲ့ အပေါ်မှာ ကျေးဇူးသိပါ။ ကျေးဇူးပြောပါ။ ကျေးဇူးမှတ်ပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူး မမေ့ပါနဲ့လို့ ပြောချင် မှာချင်တာပါပဲ။

## ကျေးဇူး သိ ဆပ် + ကိုယ့်မူမြတ်

ဘုန်းကြီးတို့မူကတော့ ကျေးဇူးသိ၊ ကျေးဇူးကြည့်၊ ကျေးဇူးပြော၊ ကျေးဇူးမှတ်၊ ကျေးဇူးဆပ်တဲ့ မူပါပဲ။ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဘယ်အပြောကိုပဲ ပြောပြော၊ ဘယ်အကြံကိုပဲ ကြံကြံ အဲဒီလို ကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့မူနဲ့ပဲ လုပ်ကိုင်၊ ပြောဆို၊ ကြံစည်ပါတယ်။ ဒါဟာ ဘုန်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးတဲ့မူပါပဲ။ ဒကာ ဒကာမတွေ တပည့်တွေကိုလည်း ဒီမူကို အမြဲပြောဟောဆုံးမပါတယ်။

ခုလို လောက၊ သာသနာ အရာရာမှာ သာသနာ ပြုနိုင်တာ၊ သာသနာပြုခွင့်ရတာဟာ ဒီမူကြောင့်လို့ ပြောဆိုမယ်ဆိုရင် အမှန်ဆုံး ပြောဆိုနည်းလို့ ဆိုနိုင်ပါတယ်။

## လူကောင်း လူတော် + သတ်မှတ်ခေါ်

လောကလူတွေကို လူကောင်း လူတော် သတ်မှတ်တဲ့နေရာမှာလည်း ဘုန်းကြီးကတော့ အဲဒီမူနဲ့ပဲ သတ်မှတ်ပါတယ်။

ဘုန်းကြီးရဲ့ "လူကောင်း လူတော် လူမြင့်မြတ်" ဆိုတဲ့ ကျေးဇူးဆိုင်ရာ မှတ်တမ်းလွှာ ဆောင်ပုဒ်လေးတွေကို အောက်ပါအတိုင်း ရေးထားပါတယ်။

## ကျေးဇူးဆိုင်ရာ + မှာတမ်းလွှာ

* အားလုံးကို ကျေးဇူးတင်ပါ။
* ကျေးဇူးရှင်
  ကျေးဇူးစဉ်
  ကျေးဇူးမြင်
  ကျေးဇူးတင်
* ကျေးဇူးတွေး
  ကျေးဇူးရေး
* ကျေးဇူးရှိ
  ကျေးဇူးသိ
* ကျေးဇူးပြော
  ကျေးဇူးဟော
* ကျေးဇူးမှတ်
  ကျေးဇူးဆပ်
* လူကောင်း လူတော် လူမြင့်မြတ်။

## ရန်သူသည်ပင် + ကျေးဇူးရှင်

တကယ်တော့ လောကမှာ ကျေးဇူးတင်တတ်မယ်ဆိုရင် ကိုယ့်ကို အမြဲလို ရန်မူနေကြတဲ့ ရန်သူတွေပင် ကျေးဇူးရှင်ဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရန်သူတွေကြောင့် ကိုယ့်ဘဝမှာ သည်းခံစိတ် ခန္တီပါရမီတွေ၊ လောကဓံ ခံနိုင်ရည်တွေ၊ ဘဝအတွေ့အကြုံ ရင့်ကျက်မှုတွေ မြင့်တက်လာတယ်။ ဒါကြောင့် ရန်သူသည်ပင် ကျေးဇူးရှင်ဖြစ်တယ်လို့ ပြောလိုက်တာပါ။

## ကျေးဇူးမကန်းရေး + သတိပေး

ကျေးဇူးရှိသူတွေရဲ့ ကျေးဇူးကို မသိချင်၊ မပြောချင်၊ မဆပ်ချင်နေပါ၊ ကျေးဇူးတော့ မကန်းပါနဲ့လို့ သတိပေးချင်ပါတယ်။

## အမည်လှပ ရာဇကုမာ

ဒီနေရာမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ လူကောင်း လူတော် လူမြင့်မြတ်လေးတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။

သူ့အမည်က ''ရာဇကုမာရ'' တဲ့။

ဘယ်သူတဲ့လဲ? (ရာဇကုမာရပါ ဘုရား)

နာမည်လေးကလည်း သိပ်လှတယ်၊ စိတ်နေစိတ်ထားက ပိုလှတယ်။ နာမည် လှဖို့ထက် စိတ်နေစိတ်ထားလှဖို့ ပိုအရေးကြီးပါတယ်။

သူ့ရဲ့စိတ်နေစိတ်ထား ပိုလှပုံလေးကို တင်ပြမှာပါ။ သူဟာ ကျွန်စစ်သားရဲ့ သားတော်အရင်းခေါက်ခေါက်ဖြစ်ပါတယ်။ ဒါပေမယ့် ငယ်ငယ်လေးကတည်းက သူ့ကို ထီးနန်းအတွက် နန်းလျာမထားခဲ့ဘူးဆိုတာ ပုဂံပြည်သူပြည်သားတွေလည်း သိ၊ သူလည်းသိတယ်။

ဒီတော့ ပရိသတ်ရေ၊ ပုဂံလည်း သိ၊ သူလည်းသိတယ်နော်။

(မှန်လှပါဘုရား)

## နှလုံးသား တရားရောက်

နန်းမရပေမယ့် သူ့နှလုံးသားမှာ တရားသိ၊ တရားရှိ တရားရောက်နေတော့ နေပုံ ထိုင်ပုံတွေက ပကတိအေးချမ်းနေတယ်။ ဒီနေရာမှာ စဉ်းစားတွေးတောမိတာလေး ရှိတယ်။ အဲဒါကတော့ ''နှလုံးသား တရားရောက်နေတဲ့သူ့အတွက် တရားလောက် တန်ဖိုးရှိတာ ဘာရှိမှာလဲ'' ဒီလိုစဉ်းစားမိတယ်နော်။

(မှန်လှပါ ဘုရား)

တရားသိ တရားရှိသူအတွက် တရားရှိနေခြင်းဟာ အားလုံးရှိနေခြင်း၊ အားလုံး ပြည့်စုံနေခြင်းပဲနော်။ (မှန်လှပါ ဘုရား)

နန်းမရပေမယ့် နန်းထက်တန်ဖိုးရှိတဲ့ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သူရထားတယ်၊ သူ့ရင်ထဲ ရှိထားတယ်ဆိုတော့ ဘာပြဿနာတက်စရာ လိုသေးလဲ၊ (ဘာမှ မလိုပါဘူး ဘုရား) ပြဿနာတက်တယ်ဆိုတာ ဓမ္မမရှိသူတွေ၊ ဓမ္မမသိသူတွေ၊ ဓမ္မကို ခုန်ကျော်ပြေးလွှားနေသူတွေကြောင့် ပြဿနာတက်နေတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းပြောတာ မရှိပါ

ဖခင်ကျွန်စစ်သားမင်းကြီး ကောင်းမယ်ထင်လို့ စီမံတာ သူ ဘာမှမကောင်း မပြောဘူးနော်။ (မှန်လှပါ ဘုရား)

ခုခေတ် သားသမီးတွေနဲ့ မကွာဘူးလား။ (ကွာပါတယ်ဘုရား)

မကွာပါဘူး။ နည်းနည်းလေးပဲ ကွာတယ်နော်။ (အားလုံး ရယ်ကြ)

## အပြောမှားလေး ပြင်ကာပေး

ခုခေတ် သားသမီးတွေက အမေ၊ အဖေတွေကို အမေက ဘာမှမသိပါဘူး။ အဖေက ဘာမှမသိပါဘူးလို့ ပြောတတ်ကြသေးတယ်။ ဒီတော့ ဘုန်းကြီးတို့က ပြောရတယ်။ ဒီလိုမပြောကြနဲ့ အမေလောက်သိတာ အမေပဲရှိတယ်။ အဖေလောက် သိတာ အဖေပဲရှိတယ်၊ ပြောတာ မှားနေတယ်လို့ ပြင်ပေးရတယ်။

## သူ့နှလုံးသား မိတ္တူပွား

ရာဇကုမာရရဲ့ နှလုံးသားက ဖခင်ကျန်စစ်မင်းကြီးဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်တာပဲလို့ သဘောထားကြီးကြီးနဲ့ လက်ခံတယ်နော်။

(မှန်လှပါ ဘုရား)

"သူ့နှလုံးသား မိတ္တူပွား" ကိုယ့်နှလုံးသား ထည့်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သတ္တိရှိသူ လိုချင်တာရ

သူဟာ ထီးနန်းကို မရလို့ မယူတာ မဟုတ်ပါဘူး။ မယူချင်လို့ မယူတာ၊ ဘာတဲ့လဲ? (မယူချင်လို့ မယူတာပါ ဘုရား)

သူယူချင်ရင် ရပါတယ်။ ယူချင်ရင်? (ရပါတယ် ဘုရား)

သူ့မှာ သတ္တိရှိတယ်၊ ဘာရှိ? (သတ္တိရှိပါတယ် ဘုရား)

သတ္တိရှိသူအတွက် ယူချင်တာ ရနိုင်တယ်။ မရနိုင်တာ ဘာမှမရှိဘူးနော်။

(မှန်လှပါ ဘုရား)

## မယူတာဟာ ချီးကျူးစရာ

သူ့မှာ ဖွဲ့ရှိတယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရှိတယ်၊ အင်အားရှိတယ်၊ ယူချင်ရင် ယူချင်တာကို လိုတာကို ယူနိုင်ဖို့ အားလုံးပြည့်စုံနေတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယူနိုင်တဲ့အား ပြည့်စုံနေရက်သားနဲ့ မယူတာကိုက ချီးကျူးစရာ ကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## နာမကျန်းဖြစ် မင်းကျန်စစ်

ကဲ- ထားပါတော့။ လိုရင်း ပြောချင်တာလေး ဆက်ကြရအောင်။

အဲဒီလို နေရင်း ထိုင်ရင်းက ကျန်စစ်မင်းကြီး နာမကျန်းဖြစ်လာပါတယ်။ နေမကောင်းဖြစ်လာတယ်။ နေမကောင်းတဲ့အချိန်ဆိုတာ အရေးကြီးတဲ့အချိန် ဖြစ်ဘယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီလို တကယ်အရေးကြီးတဲ့အချိန်မှာ ရာဇကုမာရဟာ ဆရာတော်ကြီး ၅ ပါးနဲ့အတူ နန်းတော်ကို ရောက်လာခဲ့ပါတယ်။ သူ့ခေါင်းပေါ်မှာ ပင့်လာတဲ့ ရွှေလင့်ပန်းထဲမှာတော့ "ရွှေဆင်းတု" တစ်ဆူ သီတင်းသုံးကာ ပါလာပါတယ်။

## ရွှေဆင်းတု ပြ သားရာဇ

ရာဇကုမာရမင်းသားဟာ ရွှေဆင်းတုကို ခမည်းတော် ကျန်စစ်မင်းကြီး ကြည်ညိုနိုင်အောင် အနီးကပ်ပြထားပါတယ်။

## သားကော်လှူအေး လျှောက်သံလေး

ပြီးတော့ အနားမှာရှိတဲ့ ခုံမြင့်တစ်ခုပေါ်ကိုတင်ပြီး ရွှေဆင်းတုနဲ့ပက်သက်လို့ လျှောက်တင်လိုက်ပါတယ်။ "ဖခင်၊ အာရုံတစ်ပါး စိတ်မသွားဘဲ၊ အာရုံမများ စိတ်မများဘဲ သားတော်လှူအေး လျှောက်တင်သံလေးကို ရွှေနားတော် ဆင်ပေးတော်မူပါ"

## ရွှေစင်အစစ် ဆင်းတုဖြစ်

ဖခင်ထံမှောက် အရောက်ကြွလာ ဒီရွှေဆင်းတုတော်ဟာ စိတ်ထားကောင်းခြင်း၊ ဖခင်မင်းကြီးက မိခင်စိတ်ကြည် တိလောကဝဋ္ဋံသကာဒေဝီကို ကရုဏာစီ ပေးသနားတဲ့ လက်ဝတ်လက်စားများကို ထုခွဲအပုတ် သွန်းလုပ်ထားတဲ့ ရွှေစင်အစစ် ဆင်းတုတော်ဖြစ်ပါတယ် ဘုရား။

## ကျန်းမာစေကြောင်း သားဆုတောင်း

ခမည်းတော်ရဲ့ ကျန်းမာရေး ကောင်းမွန်စေရန် ရည်သန်ရှေးရှု ဆုတောင်းပြုကာ ဒီရွှေဆင်းတုကို ပူဇော်ခါခါ လှူဒါန်းမှာကတော့ ဖခင်က မိခင်ကို အလေးထား ပေးသနားတဲ့ ကျွန်သုံးရွာပဲ ဖြစ်ပါတယ်လို့ လျှောက်ပါတယ်။

## ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ

အဲဒီကနောက် သားလျှောက်တောင်းပန် စကားသံက "ဖခမည်းတော်၊

ဖခမည်းတော်က မယ်တော်ကို ပေးသနားတဲ့ ပစ္စည်းများနဲ့ သွန်းလုပ်လှူဒါန်းတဲ့ ရွှေဆင်းတုကို ခမည်းတော်ကိုယ်တိုင်ကိုယ်ကျ ရေစက်ချတော်မူပါ''လို့ လျှောက်ထား တောင်းပန်ပါတယ်။

## စိတ်ထဲချမ်းသော စိတ်ကျန်းမာ

ကျန်စစ်မင်းကြီးဟာ တော်တော်ကြီးနေမကောင်းဖြစ်နေရာက ရုတ်တရက်အားပြည့်လာသလို ရွှင်ရွှင်ပျပျ ထပြီးထိုင်တော်မူပါတယ်။

ဒီနေရာမှာ ရာဇကုမာရ် ကုသပေးတဲ့ ဘုရားဆေး၊ ကုသိုလ်ဆေး၊ မေတ္တာဆေးဟာ သိပ်ပြီးတော့ အစွမ်းထက်မြက်တယ်လို့ ပြောချင်ပါတယ်။

ကျန်စစ်မင်းကြီးဟာ ဘာပဲပြောပြော အသက်အရွယ်တော်အရ ကိုယ်ကျန်းမာရေး တအားကောင်းမလာပေမယ့် သားတော်ပြုပေး ကုသိုလ်ဆေးကြောင့် စိတ်ကျန်းမာရေးကတော့ ပြန်ကောင်းလာမှာ သေချာပါတယ်။ စိတ်ထဲမှာ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအကုသိုလ်တရားတွေ ဝေးကွယ်သွားခြင်းဟာ တကယ်တော့ စိတ်ကျန်းမာရေးကောင်းခြင်းပါပဲ။ ဒါကြောင့် 'ရာဇကုမာ သားလိမ္မာ'ဆိုတဲ့ ကဗျာကို ရေးတော့ ''ရာဇကုမာ ကုသပေးတဲ့၊ ဘုရားဆေးကြောင့် ပြန်ကျန်းမာ''ဆိုတာ အဓိကကတော့ စိတ်ကျန်းမာရေး ပြန်ပြီးတော့ လန်းဆန်းကောင်းမွန်တာကို ရည်ရွယ်ပြီး ရေးသားတာပါပဲ။

## စိတ်မကျန်းမာ သီစရာ

လူတွေဟာ များသောအားဖြင့် ကိုယ်ကျန်းမာရေးကောင်းတာ၊ မကောင်းတာကိုပဲ သတိထားတတ်ကြပါတယ်။ စိတ်ကျန်းမာရေး ကောင်းတာ၊ မကောင်းတာကို သတိပြုသူ နည်းပါးပါတယ်။

စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားတွေ များနေဝင်ရောက်နေတယ်ဆိုရင် အမှန်ကတော့ စိတ်နေမကောင်းတာ၊ စိတ်မကျန်းမာတာပဲဖြစ်ပါတယ်။

ကိုယ်နေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုဆိုးပါတယ်။ ကိုယ်နေမကောင်းတာ အပါယ်မရောက်နိုင်ပါဘူး။ စိတ်နေမကောင်းရင် အပါယ်ရောက်နိုင်ပါတယ်။

## သားလှယဉ်ကျေး ဆောင်ရွက်ပေး

ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ် ကျေးဇူးဆပ်ပုံလေးဟာ ကိုယ်ကျန်းမာရေး စိတ်ကျန်းမာရေး ကောင်းအောင် ဆောင်ရွက်ပေးလိုက်တာပါပဲ။

## သီလခံကာ ပရိတ်နာ

ကျန်စစ်မင်းကြီးဟာ ထထိုင်တော်မူပြီးတော့ ဆရာတော် ငါးပါးထံက သီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များလည်း နာကြားတော်မူပါတယ်။

## ရေစက်ချပျော် သာဓုခေါ်

ပြီးတော့မှ ရွှေကရားနဲ့ ရေစက်သွန်းချပြီး သာဓုသုံးကြိမ်ခေါ်တော်မူပါတယ်။

ရာဇကုမာရကတော့ ဖခမည်းတော်ရဲ့နောက်ကနေပြီး မှေးကာ ထိန်းပေး တော်မူပါတယ်။

## နောက်ဆုံးခရီး အရေးကြီး

ကျန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ပုံဟာ အတုယူစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

ဘဝတစ်ခုရဲ့ နောက်ဆုံးခရီး အရေးကြီးတယ်။ ဘာတဲ့လဲ?

(နောက်ဆုံးခရီး အရေးကြီးပါတယ် ဘုရား)။

ကျန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ဘဝကူးကောင်းဖို့ရန်အတွက် ရာဇ ကုမာရ်ကတော့ သူ့ဖခမည်းတော်ကို ဗုဒ္ဓဘာသာဝင် ကလျာဏမိတ္တ (မိတ်ဆွေ ကောင်းဖြစ်တဲ့) သားကောင်းပီပီ ဆောင်ရွက်ပေးလိုက်တာပါပဲ။

အဲဒီလို အရေးကြီးတဲ့ နောက်ဆုံးခရီးမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ် နည်း အကောင်းဆုံးနဲ့ ကျေးဇူးဆပ်လိုက်တဲ့ ရာဇကုမာရ်ဟာ လူကောင်း၊ လူတော်၊ လူမြင့်မြတ်လေးဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## မေတ္တာပြပွဲ ဆင်နွှဲနိုင်စေ

အဲဒီကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ပွဲဟာ ရာဇကုမာရ်ရဲ့ သားမြတ်မေတ္တာ သရုပ်ပြပွဲဖြစ်တယ်နော်။ (မှန်လှပါဘုရား)

မိဘတွေရဲ့အပေါ်မှာ ရာဇကုမာရ်လို မေတ္တာသရုပ်ပြပွဲ ဆင်နွှဲနိုင်ရမယ်နော်။ (မှန်လှပါ ဘုရား)

## ဂူပြောက်ဘုရား သူတည်ထား

ကျန်စစ်မင်းကြီး နတ်ရွာစံ ကံတော်ကုန်ပြီးတာနဲ့ မကြာခင်မှာပဲ မြင်းကပါ အရပ်မှာ ဂူပြောက်ဘုရားတည်ပါတယ်။ ရွှေဆင်းတုတော်ကို ဂူပြောက်ဘုရား တည်ပြီး အထွတ်မှာ ထည့်သွင်းဌာပနာပါတယ်။

## သားမေတ္တာလှ သရုပ်ပြ

ပုဂံရောက်ရင် အဲဒီဂူပြောက်ဘုရားကို သွားရောက်ပြီးတော့ ဖူးမြင်ကြပါ။ ရာဇကုမာ သားလိမ္မာရဲ့ သားမေတ္တာလှ သရုပ်ပြတဲ့ဘုရား ဖြစ်ပါတယ်။

## မရှိဘူးပင် ပြောလိုက်ချင်

ရာဇကုမာရ်ရဲ့ သိပ်မြတ်လှပ စိတ်ဓာတ်အလှကိုလည်း ကူးယူခဲ့ပါလို့ မှာ လိုက်ချင်ပါတယ်။ သူ့ရဲ့ကျေးဇူးသိပုံ၊ ကျေးဇူးဆပ်ပုံ၊ နန်းမရလို့ မချမ်းမမြမဖြစ်ပုံ၊ စိတ်နေစိတ်ထား အေးချမ်းတည်ကြည်ပုံ၊ မြင့်မြတ်ပုံတွေကို ကြားရတာ တကယ် မင်္ဂလာရှိပါတယ်။ သူလိုလူကတော့ လောကမှာ ရှိတော့ရှိတယ် တကယ်ရှားပါတယ်။

ဘာတဲ့လဲ? (ရှိတော့ရှိတယ် ရှားပါတယ် ဘုရား)

ဘုန်းကြီးကတော့ ရှိတောင်မရှိဘူးလို့ ပြောချင်ပါတယ်။

ကဲ– ထားပါတော့။ ရာဇကုမာရ်အကြောင်း ပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။ (မှန်လှပါ ဘုရား)

## သူ့အကြောင်းရေး ကဗျာလေးတွေ

သူ့အကြောင်းလေးတွေကို စပေါင်းတွေးပြီးတော့ ကဗျာလင်္ကာလေးတွေ ရေးမိတယ်။

သူ့နှလုံးသား စိတ်ကောင်းများကို ကိုယ့်နှလုံးသားမှာ ပွားယူမိပါတယ်။

သူ့အကြောင်းတွေ ရေးဖွဲ့ထားတဲ့ ကဗျာလေးတွေကို မြည်းကြည့်ကြရ အောင်။

## ရာဇကုမာ သားလိမ္မာ

* ပုဂံပြည်မှာ၊ ဟိုးရှေးခါဖြစ်၊ မင်းကျန်စစ်နှင့် သားချစ်ရာဇာ၊ ကုမာရ်တို့၊
ပြုကြပုံလေး၊ ကဗျာရေးအံ့။
ယုယပုံလေး၊ ကဗျာရေးအံ့။

နုလုပုံလေး၊ ကဗျာရေးအံ့။

* စစ်တွေးအပြီး၊ မင်းကြီးကျန်စစ်၊ ရောဂါဖြစ်သော်၊ သားချစ်ရာဇ၊ ကုမာရကား၊ မာတာ့လက်ဝတ်၊ ထုခွဲဆစ်၍၊ ဖစ်အတွက်၊ ရည်ရွယ်ချက်ဖြင့်၊ စိတ်စက်လန်းပြူ၊ ရွှေဆင်းတုကို၊ သွန်းထုပူဇော်၊ ပြီးပါသော်ကား၊ ဖတော်နား၌၊ တင်ထားခုံပေါ်၊ အာရုံဖော်ဖို့၊ ရွှေတော်ဆင်းတု၊ ကြောင်းစုံစုကို၊ လျှောက်ကာပြု နားဆင်၊ အိုဖခင်တဲ့။

* ရည်မွန်ကောင်းပို၊ သားသံချိုဖြင့်၊ ကြည်ညိုသွန်းထု၊ ရွှေဆင်းတုကား၊ ဖဘုရားတွက်၊ ကျန်းမာဆက်ဖို့၊ ချစ်ဖက်မာတာ၊ ပိတာပေးထား၊ လက်ဝတ်များကို၊ ချစ်သားခွဲထု၊ ရောင်းချပြု၍၊ သွန်းထုကာထား၊ ရွှေဘုရားဟု၊ ရွှေသားနှုတ်ဟ၊ လျှောက်တင်ပြ၏။

* ထိုမှတစ်ဖန်၊ ချိုမြသံဖြင့်၊ အမှန်ဖစစ်၊ မယ်တော်ချစ်ကို၊ နှစ်နှစ်ကာကာ၊ မေတ္တာ့သနား၊ သစ္စာထား၍၊ ပေးငြားခဲ့ရာ၊ ကျွန်သုံးရွာကို၊ မြတ်စွာဗုဒ္ဓ၊ အတုလရှု၊ ရွှေဆင်းတုအား၊ ပူဇော်သွားမှာ၊ လျှောက်ထားရှာ၏။

* တဖြာဆက်လက်၊ တောင်းပန်ချက်ကား၊ ဖဘုရားတဲ့၊ ထူးခြားသွန်းပြု၊ ရွှေဆင်းတုကို၊ ယခုစိတ်နိုင်၊ ထပြီးထိုင်၍၊ ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ၊ လျှောက်ထားရှာသော်----

* သားတော်ရာဇ၊ ကောင်းလေစွတဲ့။

ရာဇဖခဲ့ချစ်၊ မင်းကျန်စစ်ကား၊ စိတ်သစ်ရုပ်သစ်၊ အဟုတ်ဖြစ်၍၊ ရုပ်စစ်မှန်းပါ၊ မကျန်းမာမှု ကျန်းမာစိတ်ဓာတ် (ချမ်းသာစိတ်ဓာတ်) ရွှင်ပျလတ်၍၊ မြင့်မြတ်စိတ်လှ၊ ရွှင်ပျပျဖြင့်၊ နောက်ကရာဇာ၊ ဖေးကူမခြင်း၊ အကြောင်းရင်းကြောင့်၊ ကောင်းခြင်းထထိုင်၊ ရေစက်ကိုင်ချ၊ ပြီးဆုံးကသော်၊ သာဓုတော်ပိုင်၊ သုံးကြိမ်တိုင်မျှ၊ သူခေါ်ပြလျက်၊ အမျှရစေ၊ များဝေနေလည်း၊ ရစေစိတ်ထား၊ ပုဂံသား ပုဂံသူ၊ အမှန်ဖြူကြ၊ ဟူသမျှလည်း၊ အဓိကအနေ၊ သိကြပါစေ၊ သိရပါ စေ၊ မျှဝေသွားပြန်၊ သူ့အသံကား၊ ထူးခြားဟန်သစ်၊ ထူးခြားကျန်စစ်၊ မင်းကြီးဖြစ်၏။

* သားချစ်ရာဇ၊ ကုမာရ၏၊ သားလုကောင်းပီ၊ သားဂုဏ်ရည်ဖြင့်၊ ရွှေပြည်ပုဂံ၊ ရွှေရည်လျှံဖို့၊ ရွှေမှန်တွေစု၊ ရွှေဆင်းတုကို၊ ရွှေနုရွှေလှ၊ ရွှေမေတ္တာဖြင့်၊ ရွှေစာကမ္ပည်း၊ ရွှေစာကြီးဖြင့်၊ ရွှေနည်းတွေပေါင်း၊ ရွှေစိတ်ကောင်းပေါက်၊ ရွှေဂူပြောက်တွင်၊ ရွှေထွတ်တင်ပြု၊ ရွှေဆင်းတုသာ၊ ရွှေဌာပနာထား၊ ရွှေထူးခြားပြန်၊ ရွှေပုဂံရောက်၊ ရွှေဂူပြောက်ဖူး၊ ရွှေကျေးဇူးမြတ်၊

ရွှေသိဆပ်ဖူး၊ ရွှေစိတ်ကူးယူ၊ ရွှေမိတ္တူလှ၊ ရွှေစိတ်ပြင်၍၊ ရွှေနေ့ရွှေညာ၊ ရွှေဘဝတွေ၊ ရွှေပိုင်စေချင်၊ ရွှေစိတ်တင်ပြ၊ ရွှေညတိုင်းမှာ၊ ရွှေလသာစေ၊ ရွှေဆုရွှေသည်၊ ရွှေနှုရွှေစာ၊ ရွှေကဗျာတည်။

## ကျေးဇူးကန်းတော့ + ကန်းတာပေါ့

ကျေးဇူးကန်းတော့ ဘာဖြစ်လဲလို့ ပြောချင်ပြောကြလိမ့်ဦးမယ်။ ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ 'ကန်း' သူတစ်ယောက်အကြောင်း ပြောချင်ပါတယ်။

## အလောင်းစည်သူ + သတိမူစရာ

ပုဂံပြည်မှာ အလောင်းစည်သူမင်းဆိုတာ ရှိခဲ့တယ်။ ဘာမင်းတဲ့လဲ?

(အလောင်းစည်သူမင်းပါ ဘုရား)

အဲဒီအလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်တဲ့အခါမှာ ထူးထူးဆန်းဆန်း မမြင်ဖူးတာတွေ မြင်ရတော့ "ငါ့ရဲ့ဘေးတော်၊ ဘိုးတော်တွေဟာ ငါ့လို ဘုန်းကံ မရှိလောက်ဘူး" လို့ စိတ်နှဲ့ပြစ်မှားလိုက်တဲ့ ခဏလေးမှာပဲ မျက်စိကန်းသွားတယ်၊ မျက်စိကွယ်သွားတယ်။

ဘေးတော် ဘိုးတော်တွေရဲ့ ကျေးဇူးကန်းတဲ့ အလောင်းစည်သူမင်း ဘာဖြစ်သလဲ?

(မျက်စိကန်းသွားပါတယ် ဘုရား)

ဒါကြောင့် ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောတာနော်။

(မှန်လှပါ ဘုရား)

## ကျေးဇူးကန်း+ ဘေးထူးဆန်း

ဘုန်းကြီးတပည့်တွေကို ပြောတဲ့စကားလေး ရှိတယ်။ အဲဒီစကားက ဘာလဲ ဆိုတော့ ကျေးဇူးမကန်းနဲ့၊ ကျေးဇူးကန်းရင် ဘေးအထူးအဆန်း ရောဂါအထူးအဆန်းတွေ တွေ့တတ်တယ်၊ ဖြစ်တတ်တယ်ဆိုတဲ့ စကားပါပဲ။

## စော်ကား + ချော်သွား

ကျေးဇူးရှိသူတွေကို မစော်ကားနဲ့၊ စော်ကားရင် ကိုယ်လုပ်တာ၊ ပြောတာ၊ ကြံစည်တာတွေ အဆင်မပြေဘဲ ချော်သွားတတ်တယ်လို့လည်း သတိပေးပါတယ်။

## ဘေး ဘိုး ရုပ်ထု + ပူဇော်ပြု

အလောင်းစည်သူမင်းဟာ မျက်စိကန်းသွားရတဲ့အခါမှာ ဘေးတော်၊ ဘိုးတော်တွေရဲ့ အရုပ်တွေကို ထုလုပ်ပြီး ပူဇော်ကန်တော့တဲ့အခါမှာ မျက်စိနှစ်ကွင်း ပြန်ပြီးအလင်းရတယ်ဆိုတာ မြန်မာရာဇဝင်မှာ ရှိတယ်။ ဒီရာဇဝင်တွေကို သတိထားပြီးတော့ မပြစ်မှားသင့်တဲ့ ကျေးဇူးရှိသူတွေကို မပြစ်မှားဘဲ တကယ်လို့ ပြစ်မှားမိတယ်ဆိုရင်လည်း ပြန်ပြီးတော့ ပူဇော်ကန်တော့မှ အပြစ်တွေကျေပျောက်တယ်ဆိုတာ သတိထားသင့်တယ်၊ သိထားသင့်ပါတယ်။

အဲဒီအကြောင်းလေးကို ကဗျာကောင်းလေး စီရေးထားတယ်။ အားလုံး ဝစီကုသိုလ်ဖြစ်အောင် လိုက်ဆိုကြပါ။

* ပုဂံပြည်မှာ ဟိုရှေးတုန်းက
ဖြစ်ဖူးထုံးပြ ဒီလိုပါ။
* အလောင်းစည်သူ မင်းရာဇာ
တိုင်းခန်းဌာန လှည့်သောခါ။
* မမြင်ဖူးတာ ထူးထူးဆန်းဆန်း
တိုင်းခန်းလှည့်ရင်း မြင်သောခါ။
* ငါ့ရဲ့ဘေးတော် ဘိုးတော်များတို့
ငါကဲ့သို့ဘုန်း မရှိရာ။
* ဘေးတော် ဘေးတော် ကျေးဇူးများကို
စိတ်နဲ့ပြစ်မှား မင်းရာဇာ။
* ခဏလေးပင် မျက်စိကန်းလို့
ဖြစ်ပုံဆန်းတို့ ဖြစ်ဖူးရှာ။
* ကျေးဇူးကန်းရင် ကန်းပုံလေးကို
ကဗျာဆန်းရေး ဖော်ပြတာ။
* အလောင်းစည်သူ မင်းရာဇသို့
မကန်းကြဖို့ ရေးပြတာ။
* အလောင်းစည်သူ မင်းရာဇဝယ်
မျက်စိကွယ်ရလေသောခါ။
* ဘေးတော် ဘိုးတော် အရုပ်များကို
ထင်ရှားထုလုပ် ပူဇော်ရှာ။
* ကန်တော့ပူဇော် အချိန်တွင်းဝယ်
မျက်စိနှစ်ကွင်း ပြန်လင်းလာ။

* ရာဇဝင်ဝယ် ဒါတွေရှိခဲ့
စာပေသိကွဲ့ မျိုးမြန်မာ။
* ကျေးဇူးရှိသူ ရှင်လူများရဲ့
ကျေးဇူးတရားကို ဖော်ထုတ်ပါ။
* ကျေးဇူးကန်းရင် ဘေးထူးဆန်းနဲ့
ရောဂါဆန်းကွဲ့ ဝင်နိုင်တာ။
* ကျေးဇူးရှင်တွေ မစော်ကားနဲ့
စော်ကားရင်ကွဲ့ ချော်သွားမှာ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ ဖတ်စမ်းပါ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ့ မှတ်စမ်းပါ။
* ပြစ်မှားမိရင် ပြန်ကန်တော့ကြ
အမှန်မပေါ့မှ ကောင်းမြတ်မှာ။
* ရှေးပုဂံပြည် ဖြစ်စဉ်ထုံးကို
ကဗျာချယ်မှုန်း ရေးပြတာ။
တွေးကြပါ၊ တွေးကြပါ။

အဲဒီအကျင့်မြတ်မှာ မွေ့လျော်ပျော်ပိုက်ကာ အကြားအမြင်များတာ၊ သူ့ကျေးဇူးကို သိဆပ်တာဆိုတဲ့ တရားတွေဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ တကယ်ချီးမွမ်းထိုက်တဲ့ တရားတွေဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ခုနောင်ဘဝ ချီးမွမ်းခံရအောင် အကျင့်မြတ်နဲ့ လျော်မွေ့ရမယ်။ လောကီ၊ လောကုတ္တရာ အကြားအမြင်များအောင် လုပ်ရမယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရမယ်နော်။

(မှန်လှပါ ဘုရား)
ကျေးဇူးဆိုင်ရာ တော်တော်လေး စုံသွားပါပြီ။
နောက်တစ်ပုဒ် ဆက်ကြရအောင်

## လိုက်နာကျင့်သုံး အားလုံးအကျိုးဆောင်

* သတို့သား၊ သင်ဟာ ငါဘုရားနှစ်သက်တဲ့ တရားတွေကို လိုက်နာကျင့်သုံးပွားများရတယ်။

* သတ္တဝါအားလုံးရဲ့ ကောင်းကျိုးစီးပွား အစားစားတွက် ကြိုးစားဆောင်ရွက် ရမယ်။ အများအကျိုး သည်ပိုးဆောင်ရွက်မှုမှာ မွေ့လျော်ပျော်ပိုက်ရမယ်တဲ့၊ တော်တော်ကောင်းတဲ့ တရားစကားနော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ လင်္ကာကျမ်း၊ ဆန်းကျမ်းတွေကို ရေးသား စီရင်တော်မူခဲ့တဲ့ အရှင်သံဃရက္ခိတ မဟာသာမိ မထေရ်ရဲ့ ဆုံးမဩဝါဒစကားလေး လက်ဆောင်ပေး ချင်ပါသေးတယ်၊ ကောင်းလွန်းလို့ပါ။ သူဆုံးမတဲ့ ဩဝါဒစကား ဂါထာလေးက–

၊ သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။

သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရသတ္တ မကုဗ္ဗတော။

(သာရတ္ထဝိလာသိနီ ပဋိကာဋီကာကျမ်း)

ပရသတ္တံ– သူတစ်ပါးကောင်းကျိုး အမျိုးမျိုးကို။ အကုဗ္ဗတော– မပြုမလိုပ်၊ နောက်ဆုတ်၍နေသော ပုဂ္ဂိုလ်အား။ သကတ္ထော– ကိုယ်တိုင်လိုလား၊ တောင့်တ ထားသည့်၊ စီးပွားကိုယ်ကျိုး၊ အမျိုးမျိုးသည်။ နတ္ထိ နတ္ထေဝ–တကယ်ကေန်၊ အမှန်သေချာ၊ မရှိနိုင်သည်သာတည်း။ သစ္စံ– သူတစ်ပါးကောင်းကျိုး၊ မသည်ပိုး က၊ ကိုယ်ကျိုးမရှိ ဆိုသည့်စကား၊ မှတ်သားသေချာ၊ မှန်လှပါပေ၏။ ပုနပိ– မြဲရာသံပတ်၊ ကျစ်ရာသဝ်ပင်၊ ပမာခင်း၍၊ ရှင်းလင်းစေကန်၊ နောက်ထပ်တစ်ဖန် လည်း။ သစ္စံ– မလွဲကေန်၊ တကယ်ပင် မှန်လှပါပေ၏။ ဣတိ– ဤသို့၊ ဘုဇံ– အားတင်းအားကောင်း၊ လက်ရုံးလက်မောင်းကို၊ ဥက္ခိပ္ပ– အားရပါးရ၊ မြှောက်ချီ ပြ၍၊ ဝုစ္စတေ– အဟုတ်ပုံသေ၊ ဆိုသင့်ပါပေ၏ တဲ့။

သူတစ်ပါးအကျိုး မသယ်ပိုးဘဲ အချောင်နေသူဟာ ကိုယ်ကျိုးဘယ်တော့မှ မပြီးဘူး။ အဲဒီစကားဟာ တကယ်မှန်တဲ့စကားဖြစ်တယ်။ နောက်ထပ် တစ်ခါ ပြောဦးမယ်တဲ့။ "မြဲရာသံပတ်၊ ကျစ်ရာသဝ်ပင်း" ဆိုတာ ကြားဖူးတယ် မဟုတ် လား။ မြဲတဲ့နေရာလေးကို သံနဲ့ တုတ်လိုက်ပတ်လိုက် ချည်လိုက်တယ်ဆိုရင် ပိုပြီးတော့ ခိုင်မြဲသွားတယ်။ ကျစ်တဲ့နေရာလေးကို သဝ်ပင်းလိုက်ရင် ပိုပြီးတော့ ကျစ်သွားတယ်မဟုတ်လား။ အဲဒီသဘောသွား ဥပမာထားပြီးတော့ နောက်ထပ် တစ်ဖန် တကယ့်ကိုမှန်ပါတယ်လို့ အတည်ပြု ပြောကြားတော်မူတယ်။

အဲဒီသူတစ်ပါးအကျိုး မဆောင်ရင် ကိုယ့်ရဲ့အကျိုး မပြီးဘူးဆိုတာကို လက်ရုံးလက်မောင်း အားရပါးရ မြှောက်ပြီးတော့ ရဲရဲရင့်ရင့်ဆိုသင့်ပါတယ်။ ဆို ထိုက်ပါတယ်လို့ ဆုံးမတော်မူတယ်။

ဒီတော့ ဒကာ ဒကာမတွေ ကိုယ်ကျိုးကိစ္စ အဝဝတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။

(သူတစ်ပါးအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ရမှာပါ ဘုရား)

အေး– -ဟုတ်ပြီ၊ အလကားမနေကြနဲ့၊ မိသားစု အကျိုး၊ ရပ်ရွာ၊ မြို့၊ တိုင်း၊ နိုင်ငံ၊ ဘာသာ သာသနာအကျိုး သည်ပိုးဆောင်ရွက်ရမယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ အရှင်သံဃရက္ခိတမထေရ်ရဲ့ စကားကို အမှီပြုပြီးတော့ ကဗျာ ဆောင်ပုဒ် အတိုချုပ်လေး ရေးသားထားတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

"အများအကျိုး၊ မသည်ပိုးဘဲ၊ ကိုယ်ကျိုးလိုရာ၊ မပြီးပါဟု၊ ဆရာသံဃ၊ မိန့်ဆိုပြ၏၊ စိတ်လှဖြူစင်၊ လူရှင်ကောင်းကျိုး၊ ဆောင်သည်ပိုးမှာ၊ ကိုယ်ကျိုး လိုရာ၊ အဖြာဖြာလည်း၊ မကြာမုချ၊ ပြီးစီးရမြဲ၊ မှန် မလွဲဘူး၊ အားခဲသူကျိုး၊ ဆောင်သည်ပိုးလော့"

**အများအကျိုး + ဆောင်သည်ပိုး**

* အများအကျိုး မသည်ပိုးဘဲ
ကိုယ်ကျိုးတွေလည်း မပြီးပါ။
* အများအကျိုး မသည်ပိုးက
ကိုယ်ကျိုးကိစ္စ မပြီးပါ။
* အဲဒီလိုဆို မိန့်စကားက
သေချာမှတ်သား မှန်သည်သာ။
* မြရာသံပတ် အနေမှတ်လို့
သေချာနောက်ထပ် အမြဲမှာ။
* ကျပ်ရာသပ်ပင်း ပမာခင်းလို့
သေချာရှင်းလင်း နောက်ထပ်မှာ။
* အဟုတ်တကယ် မှန်ကန်ကြောင်းကို
လက်ရုံးလက်မောင်း မြှောက်ပြောပါ။
* အဲဒီလိုသာ ထေရ်သံဃက
ဝေဖန်ကျနု ဆိုမိန့်မှာ။
* ကိုယ်ကျိုးအောင်ချင် လူအများတို့
သူတစ်ပါးကျိုး သည်ပိုးပါ။

* သူများအကျိုး ဆောင်သည်ပိုးက
ကိုယ်ကျိုး မုချအောင်မြင်မှာ။
* အဲဒါကြောင့်လေ အများအကျိုးကို
မနားသည်ပိုး ဆောင်ရွက်ပါ။
(အောင်ဆက်မှာ)၂
(နောင်တွက် မှာ)၂

## ဘုရားမမေ့ရေး + သတိပေး

* ပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုလေးစား အရေးထားပါ၊ ဘုရား မမေ့ပါနဲ့လို့ သတိပေးတော်မူပါတယ်။

## တရား မမေ့ရေး + သတိပေး

* ပြီးတော့ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အကြံအစည်၊ မှန်ကန်တဲ့စကား၊ မှန်ကန်တဲ့ အလုပ်၊ မှန်ကန်တဲ့ အသက်မွေးမှု မှန်ကန်တဲ့ လုံ့လ၊ မှန်ကန်တဲ့ သတိ၊ မှန်ကန်တဲ့ သမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပွားများနေပါ။ တရားကို မမေ့ရေး သတိပေးတော်မူပါတယ်။

ဒီစကားတော်တွေဟာ သိဒ္ဓတ္ထဘုရားရဲ့ သိပ်မြတ်လှတဲ့ အမြဲမိန့်ကြား စကားတော်တွေပဲ ဖြစ်ပါတယ်။

သိပ်မြတ်ချင်သူတွေဟာ သိဒ္ဓတ္ထဘုရားရဲ့ အသားပါလှတဲ့ တရားမေ့စကား တွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

## ကောင်းကင်ပြန်ကြွ + မြတ်ဗုဒ္ဓ

ဒီတရားစကားတော်တွေကို မိန့်တော်မူပြီးတော့ လောကရဲ့ အကြီးအမှူး ဖြစ်တဲ့ လူတွေထက် မြတ်တဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ကို ဆုံးမတော်မူကာ ကောင်းကင်တက်ကြွတော်မူတယ်။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ငါဟာ ရှေးဦးစွာ စိတ်ကို သုတ်သင်လိုက်တယ်။ (သိပ်မြတ်ချင်တဲ့အတွက် ဘုရားမကြိုက်တဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တယ်) ဘုရားမကြိုက်တာတွေကို ရှောင်ကြဉ်လိုက်တာဟာ စိတ်ကို သုတ်သင်ပြင်ဆင် လိုက်တာပါပဲ။

ဘုရားကြိုက်တာတွေကို လိုက်နာကျင့်သုံးတာဟာ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်လိုက်တာပါပဲ။

မကောင်းတဲ့စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တော့ စိတ်ကြည်လင်လာတယ်။ စိတ်ထဲ ရှင်းရှင်း လင်းလင်း ဖြစ်လာတယ်။ အဲဒီမကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာတဲ့အတွက်ကြောင့် သေဆုံးတော့ ငါဟာ တုသိတာနတ်ပြည်ကို ရောက်ရပါတယ်။

## တုသိတာဆီ ရောက်ရပြီ

သိပ်မြတ်တဲ့ တုသိတာနတ်ပြည်ကို ရောက်ရတာဟာ တကယ်တော့ ဘုရားမကြိုက်တာတွေကို လိုက်စားချင်တဲ့ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ သိပ်မြတ်ချင်ရင် ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရမှာပါ ဘုရား)

## မကောင်းစိတ်ဓာတ် ကျဉ်းချုပ်မှတ်

အဲဒီတရားတော်မှာ ပါတဲ့အတိုင်း မကောင်းတဲ့စိတ်ဓာတ်တွေကို အကျဉ်းချုပ်ကြည့်လိုက်တော့–

* သူများသတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ချင်တာ။
* သူများဥစ္စာ ခိုးယူချင်တာ။
* သူများကာမပိုင်ကို ပြစ်မှားစော်ကားချင်တာ။
* သေရည် သေရက် သောက်သုံးချင်တာ။
* မမြတ်တဲ့အကျင့်မှာ ပျော်ပိုက်ချင်တာ။
* အကြားအမြင်များအောင် မလုပ်ချင်တာ။
* ကျေးဇူးကန်းချင်တာ။
* အများအကျိုး မသည်ပိုးချင်တာ။
* ဘုရားမေ့တာ။
* တရားမေ့တာ ဆိုတဲ့ အချက်တွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ သိပ်ပြီးတော့ အထက်တန်းကျချင်ကြတယ်။ သိပ်မြတ်ချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

အေး– သိပ်မြတ်ချင်ရင် မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတယ်လို့ အသိဉာဏ်ပေးတဲ့ "သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင်"တရားတော် ဖြစ်တယ် နော်။ (မှန်လှပါ ဘုရား)

သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ တရားစကားတော်တွေကို နာကြားရတော့ မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်တဲ့ လူငယ်လေးဟာ သိပ်မြတ်တဲ့ သုတိသာနတ်ပြည် ရောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ

("သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်" တရားပါ ဘုရား)

## ဗုဒ္ဓသညာ+မင်္ဂလာ

ဒီကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာ မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာခဲ့တဲ့ အချိန်မှစပြီးတော့ အပါယ်လေးပွါးဆိုတာ မသိရခြင်း ဟာ ဘုရားဆိုတဲ့ အမှတ်သညာကို ရခြင်းရဲ့အကျိုး ပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ အပါယ်လေးပါး မရောက်ရခြင်းဟာလည်း မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲနေကြတော့ ဒကာ ဒကာမတွေဟာ မကောင်းတဲ့ စိတ်ဓာတ်တွေ ပယ်ရှားပြီးတော့ ကောင်းတဲ့ဗုဒ္ဓသညာ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ စိတ်ကောင်းစိတ်မြတ်တွေ လွှမ်းခြုံထားကြတာဆိုတော့ အပါယ်လေးပါး လွတ်ဖို့ စိတ်ချရတယ် နော်။ (မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်ရပါတယ်။

အဲဒီသိပ်မြတ်တဲ့ မြတ်ရဟန္တာ ဖြစ်ရတာဟာလည်း မကောင်းတဲ့စိတ်ဓာတ် တွေကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲ။

ဒီတော့ သိပ်မြတ်တဲ့ အမြတ်ဆုံး ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးတွေ ရချင်တယ်ဆိုရင်လည်း ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင် ဆင်ရမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့ လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားပါ ဘုရား)

မကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ရေး အသိဉာဏ်ပေးတဲ့ တရားနော်။

(မှန်လှပါ ဘုရား)

မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်ရင် သိပ်မြတ်တဲ့ သက်ရှိသက်မဲ့ ကောင်းကျိုးတွေ လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ၊ ခု နောင်ဘဝ ကောင်းကျိုး အလှတွေ ရရှိမှာ မလွဲဘူးနော်။

(မှန်လှပါ ဘုရား)

## သူ့ဘဝမှာ + မင်္ဂလာ

ယညာသာမိက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝကို ကြည့်လိုက်တဲ့အခါမှာ သိဒ္ဓတ္ထဘုရားနဲ့ တွေ့ရတာ သူ့ဘဝမှာ မင်္ဂလာဖြစ်သွားတယ်။ ဘုရားရဲ့ တရားတွေ နာကြားရတာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်။ ဘုရားရဲ့ တရားစကားတွေကို လိုက်နာကျင့်သုံးလိုက်တာဟာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## မင်္ဂလာဆိုတာ+ ဒီလိုပါ

မင်္ဂလာဆိုတာ ဘာလဲ?

မင်္ဂလာဆိုတာ မကောင်းတာတွေ၊ မကောင်း ကျိုးတွေ၊ မကောင်းတာ၊ ဆိုးတာတွေ အကုန်ပျောက်ပြီး ကောင်းတာတွေ ကောင်းကျိုးတွေ အကုန်လုံး ရောက်ရှိလာတာကို မင်္ဂလာလို့ ခေါ်ပါတယ်။

ကဲ– လင်္ကာဆောင်ပုဒ်လေး လိုက်ဆို။

* မကောင်းတာပျောက်၊ ကောင်းတာရောက်၊ မှတ်လောက် မင်္ဂလာ။
* မကောင်းတာပယ်၊ ကောင်းတာတွယ်၊ ဆောင်သည် မင်္ဂလာ။
* မကောင်းတာဖြတ်၊ ကောင်းတာမှတ်၊ ယူတတ် မင်္ဂလာ။
* မကောင်းတာရှင်း၊ ကောင်းတာသွင်း၊ ကောင်းခြင်း မင်္ဂလာ။

## တရားနာရ + ဗုဒ္ဓတွေ့တာ

ဒီယညသာမိကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝမှာ ဘုရား

နဲ့တွေ့ရ၊ ဘုရားတရားတော် နာကြားရ၊ ဘုရားစကားတော်တွေကို လိုက်နာကျင့်သုံးရတဲ့အတွက် သူ့ဘဝမှာ မင်္ဂလာဖြစ်သွားသလို ဒီနေ့ တရားတော်တွေကို နာယူနေကြတဲ့ ဒကာ ဒကာမတွေမှာလည်း ဘုရား တရားတော်တွေ နာယူရ၊ လိုက်နာကျင့်သုံးရတာ မင်္ဂလာမဖြစ်ပေဘူးလား။

(ဖြစ်ပါတယ် ဘုရား)

ဘုရားတရားတော်တွေကိုနာယူရတာဟာ ဘုရားနဲ့ တွေ့ရတာပဲနော်။

(မှန်လှပါ ဘုရား)

## ကိုယ့်ဘဝမှာ + မင်္ဂလာ

သူ့ဘဝမှာ မင်္ဂလာဖြစ်သလို ဒီနေ့ ဒကာ ဒကာမတွေရဲ့ ကိုယ့်ဘဝမှာ မင်္ဂလာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီလိုဆိုရင် ဒီနေ့ ဟောတဲ့တရားတော်ကို "သူ့ဘဝမှာ မင်္ဂလာ"၊ "ကိုယ့်ဘဝမှာ မင်္ဂလာ" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဘုရားတွေ့ရ၊ သူ့ဘဝ၊ နေ့ည မင်္ဂလာ။
* တရားတွေ့ရ၊ သူ့ဘဝ၊ နေ့ည မင်္ဂလာ။
* တရားနာရ၊ သူ့ဘဝ၊ နေ့ည မင်္ဂလာ။
* တရားကျင့်ရ၊ သူ့ဘဝ၊ နေ့ည မင်္ဂလာ။
* ဘုရားတွေ့ရ၊ ကိုယ့်ဘဝ၊ နေ့ည မင်္ဂလာ။
* တရားတွေ့ရ၊ ကိုယ့်ဘဝ၊ နေ့ည မင်္ဂလာ။
* တရားနာရ၊ ကိုယ့်ဘဝ၊ နေ့ည မင်္ဂလာ။
* တရားကျင့်ရ၊ ကိုယ့်ဘဝ၊ နေ့ည မင်္ဂလာ။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ဒီတရားတော်ကို ဟောလိုက်တာ တော်တော် လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရား၊ တရား၊ သံဃာ ပူဇော်ပွဲ ဆင်နွှဲပြီး တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို အစက ဟောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားတော်ပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။ ညီညီညာညာ လိုက်ဆိုကြပါ။

* ညှဉ်းဆဲသတ်ဖြတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ခိုးယူဆောင်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကာမမှားတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သေရည်သောက်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* မကောင်းကျင့်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကြားမြင်နည်းလတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကျေးဇူးကန်းတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သူများအကျိုး၊ မသည်ပိုး၊ စိတ်ဆိုးပြင်ဆင်ပါ။
* ဘုရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* တရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ လူရှင်မင်္ဂလာ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ ရအောင်ကောင်းကျိုးမှာ။
* စိတ်ကြည်လင်ရ၊ ငါ့ဘဝ၊ အရကောင်းကျိုးပါ။
* တုသိတာဆီ၊ ရောက်ရပြီ၊ အတည်ကောင်းကျိုးပါ။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ မြတ်လှကောင်းကျိုးပါ။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးပါ။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သီဟာသနိယဝဂ်၊
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်ကို ထန်ဆာဆင်၍ အသိဉာဏ်ဝေး
ဟောကြား ပြောကြားအပ်သော

# "လူနတ်ချစ်ခင်+မြတ်အရှင်"

## တရားတော်

ဒီနေ့ ဘုရားပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းလှူကြတဲ့ သံဃိကဒါန ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

(လူနတ်ချစ်ခင်+ မြတ်အရှင်) တရားတော်ပါ ဘုရား။

ကဲ-- စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားစေတီ+ပူဇော်ပြီ

လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ သုမေဓာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါမှာ ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်း ဟာ ကြည်လင်ဝမ်းမြောက်တဲ့စိတ်နဲ့ သုမေဓာ မြတ်စွာဘုရားရဲ့ စေတီတော်ကို ပူဇော်ခဲ့ပါတယ်။

### စေတီလေးဖြာ+မှတ်စရာ

ဒီနေရာမှာ စေတီလေးမျိုးကို ပြောပြချင်ပါသေးတယ်။

### ပရိဘောဂစေတီ

မြတ်စွာဘုရား သက်န်း၊ သပိတ်စတဲ့ အသုံးအဆောင်တွေကို ဌာပနာပြီး တည်တဲ့စေတီကို ပရိဘောဂစေတီလို့ ခေါ်တယ်။

မြတ်စွာဘုရား အသုံးအဆောင်တွေက ဘာစေတီတဲ့လဲ? က

(ပရိဘောဂစေတီပါ ဘုရား)

ဗောဓိပင်ဟာလည်း ပရိဘောဂစေတီ ထိုက်တယ်တဲ့။ ဒါလေးလည်း အပို မှတ်ထားပါ။

## ဥဒ္ဒိဿကစေတီ

ဘုရားကို ရည်မှန်းပြီးတော့ အတုအစားပြုထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကို ဥဒ္ဒိဿက စေတီလို့ခေါ်တယ်။

ရုပ်ပွားတော် ဆင်းတုတော်တွေက ဘာစေတီတဲ့လဲ?

(ဥဒ္ဒိဿက စေတီပါ ဘုရား)

## ဓာတုစေတီ

ဓာတ်တော်တွေကို ဌာပနာပြုပြီး တည်တဲ့စေတီကို ဓာတုစေတီလို့ ခေါ်တယ်။

ဓာတ်တော်တွေက ဘာစေတီတဲ့လဲ?

(ဓာတုစေတီပါ ဘုရား)

## ဓာတ်တော် သုံးမျိုး

ဒီနေရာမှာလည်း ဓာတ်တော် (၃) မျိုး မှတ်သားထားပါဦး။ အကြီးဆုံးဓာတ်တော်၊ အလယ်အလတ်ဓာတ်တော်၊ အငယ်စားဓာတ်တော်ရယ်လို့ ဓာတ်တော် ၃ မျိုး ရှိတယ်။

အကြီးဆုံးဓာတ်တော်တွေက ပဲနောက်စေ့လောက် ရှိတယ်။ သေချာမှတ်ထားနော်။ အကြီးဆုံးဓာတ်တော် ဘယ်လောက်ရှိသတဲ့လဲ?

(ပဲနောက်စေ့လောက်ပါ ဘုရား)

## ဓာတ်တော်ကြီးကြီး+လက်သီးဆုပ်လောက်

ဘုန်းကြီးတို့ သာကေတမြို့ရောက်ခါစက ဓာတ်တော်ပူဇော်ပွဲ ဆွမ်းကပ်ချင်လို့ပါ ဘုရားလို့ လျှောက်တော့ ဆွမ်းစားကြွသွားပါတယ်။ အဲဒီအိမ်ရောက်တော့ ဓာတ်တော် ဘယ်မှာလဲ၊ ပြစမ်းပါဦးလို့ မေးလိုက်တော့ 'ဒီစားပွဲပေါ်က ပန်းကန်ပြားထဲမှာပါ ဘုရား'လို့ ပြသကြပါတယ်။

ပရိသတ်ရေ၊ မရယ်ကြနဲ့။ ဓာတော်တော်က လက်သီးဆုပ်လောက်ကြီး ဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဘယ်လောက်ဖြစ်နေ?

(လက်သီးဆုပ်လောက်ပါ ဘုရား)

ဘုန်းကြီးတော့ အားမနာနိုင်ဘူး။ အဲဒီအိမ်ကလူတွေနဲ့ တရားနာလာကြတဲ့လူတွေကို ပြောရပါတယ်။ ဒါ ဓာတ်တော်မဟုတ်ဘူး၊ ကျောက်တုံး ကျောက်ခဲပဲ

ဖြစ်တယ်။ ဓာတ်တော်ဆိုတာ အကြီးဆုံးက ပဲနောက်စေ့လောက်ပဲ ရှိတယ်လို့ ပြောရပါတယ်။

ဒီတရားနာပြီးရင် ဓာတ်တော်ပူဇော်ပွဲတွေများ ရောက်သွားတဲ့အခါ ဓာတ်တော် အကြီးဆုံးဆိုတာ ပဲနောက်စေ့လောက်ပဲ၊ ဒါ့ထက်ကြီးနေရင် ဓာတ်တော် မဟုတ်ဘူးဆိုတာ သတိထားရမယ်နော်။

(မှန်လှပါ ဘုရား)

ဒါကြောင့် ဘုန်းကြီးတို့က ရှေ့နားမှာ သေချာမှတ်ထားနော်လို့ ပြောခဲ့တာပါ။

## အလယ်အလတ် ဓာတ်တော်

နောက်တစ်ခါ အလယ်အလတ် ဓာတ်တော်တွေကတော့ ဆန်ကွဲစေ့လောက် ရှိတယ်။ အလတ်စား ဓာတ်တော်တွေက ဘယ်လောက်ရှိသတဲ့လဲ?

(ဆန်ကွဲစေ့လောက်ပါ ဘုရား)

## အငယ်စား ဓာတ်တော်

အငယ်စား ဓာတ်တော်တွေကတော့ မုန်ညင်းစေ့လောက် ရှိတယ်။ အငယ်စားက?

(မုန်ညင်းစေ့လောက်ပါ ဘုရား)

## အရောင် ၃ မျိုး

* အကြီးဆုံး ဓာတ်တော်က ရွှေရောင်။
  အကြီးဆုံးက? (ရွှေရောင်ပါ ဘုရား)
* အလတ်စားက ပုလဲရောင်။
  အလတ်ငယ်စားက မြတ်လေးပန်းရောင်။
  အငယ်က? (မြတ်လေးပန်းရောင်ပါ ဘုရား)

## ဓာတ်တော်ကြွင်းကျန်မှတ်သားရန်

* အကြီးဆုံး ဓာတ်တော်တွေက ငါးပြည်။
* အလတ်စားဓာတ်တော်တွေက ငါးပြည်။
* အငယ်ဆုံးဓာတ်တော်တွေက ခြောက်ပြည်။
  ပေါင်းလိုက်တော့ ၁၆ ပြည် ကျန်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ဓာတုစေတီနဲ့ပတ်သက်ပြီး တော်တော်လေး စုံသွားပါပြီ၊ ဓမ္မစေတီဆိုတာကို ဆက်ကြပါစို့။

## ဓမ္မစေတီ

* ဓမ္မစေတီ= မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ္တိဆိုတဲ့ တရားတော်တွေကို ဓမ္မစေတီလို့ ခေါ်တယ်။

တရားတော်တွေကို၊ (ဓမ္မစေတီလို့ ခေါ်ပါတယ် ဘုရား)

တရားဟောတာ၊ တရားပြတာ၊ တရားသင်တန်းပေးတာ၊ စာသင်စာချတာ၊ တရားစာအုပ်ဝေတာ၊ တရားလှူတာ၊ တရားစာ ရွတ်စေတာ၊ တရားယပ်တောင် လှူတာ၊ ပေစာ၊ ကျောက်စာထိုးပြီး လှူတာ၊ တရားတော်တွေ ရေးသားပြီး ဘုရားဌာပနာပြုပြီး ဘုရားတည်တာတွေဟာ ဓမ္မစေတီပါပဲ။

## ဗောဓိပင်ပေါင်း ၈၄၀၀၀

ဒီနေရာမှာ ဆက်စပ်နေလို့ ပြောချင်ပါသေးတယ်။ တစ်နေ့ ဗုဒ္ဓဂါယာကနေ ဘုရားဖူးပြန်လာတဲ့ ဒကာမကြီးတစ်ယောက် ကျောင်းရောက်လာတယ်။ အဲဒီ ဒကာမကြီးက ဆရာတော်ကျောင်းမှာ တပည့်တော် ဗုဒ္ဓဂါယာက ပင့်လာတဲ့ ဗောဓိပင် စိုက်ပျိုးပြီး လှူချင်ပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဆရာတော် ကျောင်းမှာ ဗောဓိပင် စိုက်ထားတာ ရှိပါသလား ဘုရားလို့လည်း ထပ်ပြီးလျှောက် ထားပါတယ်။

အဲဒီလိုလျှောက်ထားတော့ ဘုန်းကြီးက 'ဒကာမကြီး ဘုန်းကြီးကျောင်းမှာ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိပါတယ်'လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော်ကတော့ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ပြောတယ်။ တပည့်တော် တော့ တစ်ပင်မှ မတွေ့မိပါ ဘုရား'လို့ လျှောက်ပါတယ်။

ဒီတော့ ဘုန်းကြီးက ရင်ပုတ်ပြလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာ တော် ဘာပြုလို့လဲ၊ ရင်ထဲမကောင်းလို့လား၊ ဒါမှမဟုတ် ဗိုက်ဆာလို့လား၊ ရင်အောင့် လို့လား'လို့ ပြန်မေးပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဆိုလိုတာ မသိပါဘူး ဘုရား'လို့ ပြန်လျှောက်ပါတယ်။

'ဒကာမကြီး၊ သေသေချာချာမှတ်ထားနော်။ ဘုန်းကြီးပြောတော့မယ်။ ဘုန်းကြီးတို့ စာသင် စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားဝေနေတဲ့ ဆရာတော် သံဃာတော်ကြီးတွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့

ရင်ထဲမှာ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ဆိုတဲ့ မေ့ကွန္ဒာပေါင်း ၈၄၀၀၀ ရှိတဲ့ အတွက် ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ဆိုလိုတာကို ရှင်းပြလိုက်ပါတယ်။

အဲဒီတော့မှ အဲဒီဒကာမကြီးက သဘောကျသွားပြီး တပည့်တော်တို့က အပြင်ဗောဓိပင်ပဲ မြင်တတ်တာ ညံ့သေးတယ် ဘုရား။ အမှန်က ဆရာတော် သံဃာတော်တွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့ ရင်ထဲက ဗောဓိပင်ပေါင်း ၈၄၀၀၀ ကို မြင်ရမယ်ဆိုတာကို တပည့်တော် နားလည်ပါပြီ ဘုရားလို့ လျှောက်ထားပါ တယ်။

## ရင်ဗောဓိပင် + စိုက်စေချင်

ဒီတော့ ဒကာ၊ ဒကာမတွေကို ပြောချင်တာက အပြင်ဗောဓိပင်လည်း စိုက်ပျိုးပါ၊ ပူဇော်ပါ၊ ကောင်းပါတယ်။ မကောင်းဘူး မပြောပါဘူး။ အပြင်ဗောဓိ ပင် စိုက်ပျိုးရုံလောက်နဲ့တော့ အချိန်မကုန်စေသင့်ပါဘူး။ ရင်ဗောဓိပင် စိုက်ပျိုးဖို့ က ပိုပြီးအရေးကြီးပါတယ်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားကောင်း တရားမြတ်တွေ ရင်ထဲမှာ အများကြီးသိအောင် လုပ်တာ၊ သိတဲ့အတိုင်း လိုက်နာ ကျင့်သုံးတာ၊ တရားတော် မကွယ်မပျောက်အောင် ထိန်းသိမ်းတော်မူကြတဲ့ သံဃာ တော်များကို ပစ္စည်းလေးပါး မပင်ပန်းအောင် ထောက်ပံ့အားပေးတာတွေဟာ ရင်ဗောဓိပင် စိုက်ပျိုးပူဇော်နေတာပါပဲ။ ရင်ဗောဓိပင် အဓိကစိုက်ပျိုးကြပါလို့ မှာချင်ပါတယ်။

တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ဘုန်းကြီးကို ဗောဓိပင် စိုက်ပျိုး ဖို့ လာလျှောက်ရင် ဘုန်းကြီးကတော့ ရင်ပုတ်ပြလိုက်မှာပဲ။ ရင်ပုတ်ပြရင် ဒကာ ဒကာမတွေ သိပ့်မလား?

(သိပါတယ် ဘုရား)

သိမှာပေါ့၊ ဘုန်းကြီးက ပြောထားတာကိုး။

(အားလုံးရယ်ကြ)

အဲဒီစေတီလေးမျိုးကို ပူဇော်သင့် ပူဇော်ထိုက်လို့ စေတီလို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ တစ်ဝဓာတု၊ မေ့ရှု လေးခုစေတီလာ။
* ပူဇော်ထိုက်သော၊ ထိုသဘော၊ ဆိုပြောစေတီပါ။

* မြတ်စွာဗုဒ္ဓ၊ သုံးဆောင်ကာ၊ မှတ်ကြပရိဘောဂါ။
* ဘုရားရည်ပြု၊ ရုပ်ပွားစု၊ ဆင်းတုဥဒ္ဒိဿာ။
* ဓာတ်တော်တွေစု၊ တည်ထားပြု၊ ဓာတုစေတီ။
ဓာတ်တော်တွေက ဒေဟာပ၊ မှတ်ကြစေတီပါ။
ကြီး, လတ်, ငယ်စား၊ ဓာတ်တော်များ၊ မှတ်သားသုံးမျိုးလာ။
ရွှေ, ပုလဲရောင်၊ မြတ်လေးရောင်၊ အရောင်စဉ်တိုင်းသာ။
ကြီး, လတ်, ငါးပြည့်၊ ငယ် ခြောက်ပြည့်၊ ကျန်သည့်ဓာတ်တော်ပါ။
* တရားတော်က၊ မြတ်ဓမ္မ၊ မှတ်ကြစေတီပါ။

## သံဃာပင့်ကာ+ဆွမ်းလှူရာ

သုမေဓာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရာ အရပ်မှာပဲ အဘိညာဉ် ခြောက်ပါးနဲ့ ပြည့်စုံတော်မူကြတဲ့ တန်ခိုးကြီးမား ရဟန္တာအရှင်မြတ်များကို ပူဇော်ရာဌာန ပင့်ဆောင်ပြီးတော့ သံဃိကဒါနဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဘာဒါနလှူ?

(သံဃိကဒါနလှူပါတယ် ဘုရား)

ခုဘဝ၊ နောက်ဘဝ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် သက်မဲ့၊ သက်ရှိ ကောင်းကျိုးချမ်းသာတွေ ရချင်တယ်ဆိုရင်၊ အကျိုးများချင်တယ်၊ အကျိုးကြီးချင်တယ်ဆိုရင် သံဃာလှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဘုရားက "သံဃေဒိန္နံ မဟပ္ဖလံ" လို့ ဟောခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ဝေဘူထေရ်ကျော်+စကားတော်

ဒီနေရာမှာ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးရဲ့ ဩဝါဒစကားလေး လက်ဆောင်ပါးချင်ပါသေးတယ်။ ရန်ကုန်က စာသင်တိုက်ဆရာတော်တစ်ပါး ကျောက်ဆည်မြို့ရောက်တုန်း ရောက်ခိုက် ဝေဘူဆရာတော်ကြီး သွားပြီးဖူးမြင်ပါတယ်။ ဝေဘူဆရာတော်ကြီးက "ကိုယ်တော်လေး ဘယ်ကကြွလာပါသလဲ"လို့ မေးပါတယ်။ "ရန်ကုန်ကပါ ဘုရား"လို့ ပြန်လျှောက်ထားပါတယ်။ ဆရာတော်ကြီးက "ကိုယ်တော် ရန်ကုန်မှာ ဘာလုပ်နေပါသလဲ"လို့ ထပ်မေးပါတယ်။ "တပည့်တော် သံဃာ ၅၀ ကျော်လောက်ကို နေ့စဉ် စာဝါ လေး ငါးကြိမ်လောက် ပို့ချပေးနေပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

ဝေဘူဆရာတော်ကြီးက "ကောင်းလိုက်တာ ကိုယ်တော် သာဓု သာဓု သာဓု"ပါလို့ သာဓုခေါ်တော်မူပါတယ်။ ပြီးတော့ ဆရာတော်ကြီးက "ကိုယ်တော် သံဃာတွေ မွေး။ သံဃာတွေ ကျွေးလို့ကတော့ ဘုန်းကံတွေ အံ့သြလောက်အောင် ကြီးလာပါလိမ့်မယ်"လို့လည်း ပြောပါသေးသတဲ့။

ဝေဘူဆရာတော်ကြီးရဲ့ စကားဟာ တော်တော်မှတ်သားစရာ ကောင်းပါတယ်။ "သံဃေဒိန္နံမဟပ္ဖလံ" ဆိုတဲ့ ဘုရားစကားတော်နဲ့လည်း ကိုက်ညီပါတယ်။ ဆရာတော်ကြီးကတော့ မြင်လွယ် ယင်လွယ်အောင် ရိုးရိုးရှင်းရှင်းကြီး ပြောလိုက်တာ ဖြစ်ပါတယ်။

## ညောင်တုန်း အဘိဓေ + စကားလှ

ဘုန်းကြီးတို့ ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏ (အဘိဓေ မဟာဂုရု) ဆရာတော်ကြီးကလည်း ဘုန်းကြီးကို ပြောဖူးတဲ့ စကားရှိတယ်။ အဲဒီစကားက ဘာစကားလဲဆိုတော့ ဘုန်းကြီး စာသင်တိုက် တည်ထောင်ခါစက စကားပါ။ "ဦးကုဏ္ဍိန်၊ သံဃာများလာရင် စား ဝတ် နေရေး ခက်လာလိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့၊ ကိုယ်တော်တစ်ပါးထဲ နေရင် တစ်ပါးစာပဲ ရောက်လာမယ်၊ သံဃာအပါး ၁၀၀ နေရင် အပါး ၁၀၀ စာ ရောက်လာမယ်။ အဲဒါ ကိုယ်တော် အမြဲမှတ်ထားပါ" လို့ မိန့်ကြားတော်မူပါတယ်။

ဆရာတော်ကြီးက အားပေးမိန့်ကြားတော်မူပေမယ့်လည်း ဘုန်းကြီးက ဟုတ်မှဟုတ်ပါ့မလားလို့ အမြဲတွေးတောပူပန်မိပါတယ်။

ဆရာတော်ကြီး အားပေးမိန့်ကြားတာ မှန်ပါတယ်။ သံဃာတွေ များလာ လေလေ ပစ္စည်းလေးပါး ပိုပြီးတော့ပြည့်စုံလာတာ တွေ့ရပါတယ်။ အဲဒီလို ဆရာ တော်ကြီးတွေ ပြောတာ မှန်ကန်တာတွေ ကိုယ့်ကိုယ်တွေ့ မြင်ရတော့မှ ဆရာတော် ကြီးတွေဟာ စာပေအတွေ့အကြုံ ဘဝအတွေ့အကြုံနဲ့ ပြောတာဆိုတော့ တကယ် မှန်တာပေါ့လို့ ကောက်ချက်ချမိပါတယ်။

ညောင်တုန်းပါဠိတက္ကသိုလ် အဘိဓေမဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ စကား ဟာ စာသင်တိုက် ဆရာတော်များအတွက် တကယ်မှတ်သားစရာကောင်းတဲ့ စကား အလှပဲ ဖြစ်ပါတယ်။

ဆရာတော်ကြီး နှစ်ပါးရဲ့ စကားတော်ကို ကဗျာဆောင်ပုဒ်လေး ရေးထား တယ်။ အားလုံး လိုက်ဆိုကြပါ။

## ဝေဘူထေရ+စကားလှကဗျာ

* ဝေဘူထေရ်ကျော်၊ စကားတော်၊ မှတ်နော် စွဲမြဲစွာ။
* စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျွေးမွေးပြုစုပါ။
* အသိဉာဏ်ပေး၊ ပညာရေး၊ အားပေးပို့ချပါ။
* သံဃာပေးပြန်၊ ကျွေးမွေးပြန်၊ ဘုန်းကံကြီးမားမှာ။
* အံ့သြဖွယ်ပင်၊ ဘုန်းကံတွင်၊ အစဉ်ကြီးမားမှာ။
* ဝေဘူထေရ၊ စကားလှ၊ မှချမှန်သည်သာ။

## ညောင်တုန်းထေရ+ စကားလှကဗျာ

* ညောင်တုန်းတိုက်က၊ ဘိဓေ၊ မိန့်ပြစကားမှာ။
* တစ်ပါးတည်းပင်၊ နေထိုင်လျှင်၊ ရောက်အင်တစ်ပါးစာ။
* တစ်ရာနေလျှင်၊ တစ်ရာပင်၊ ရောက်နိုင်တစ်ရာစာ။
* သံဃာများလျှင်၊ ခက်မည်ထင်၊ အစဉ်မတွက်ရာ။
* သံဃာများလျှင်၊ ပေါ်များအင်၊ အစဉ်တွက်ထားပါ။
* သံဃာများက၊ ပိုပေါ်ရ၊ မှချမလွဲပါ။
* သံဃာများက၊ ပိုပေါ်ရ၊ မှချကိုယ်တွေ့ပါ။
* ညောင်တုန်းထေရ၊ ဘိဓေ၊ ဟောပြမှန်သည်သာ။

## တရားဟောပြ + အရှင်သုမေဓာ

သုမေဓာမြတ်စွာဘုရားရဲ့ အလုပ်အကျွေး မထေရ်တစ်ပါး ရှိပါတယ်။ ဘွဲ့တော်ကလည်း သုမေဓာလို့ပဲ ထင်ရှားပါတယ်။ အဲဒီသံဃိကဆွမ်းကပ်ပွဲမှာ သုမေဓာမထေရ်က ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

## ဆွမ်းလှူစိတ်ကြည် + နတ်ဖြစ်ပြီ

ဆွမ်းလှူတဲ့ စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နတ်ဗိမာန်မှာ ဖြစ်ရပါတယ်။ နတ်သမီးပေါင်း ၈၆၀၀၀ က ဖျော်ဖြေခစားကြပါတယ်။

## အခြားနတ်တွေ + သာလွန်ပေ

အဲဒီနတ်သမီးတွေက ကာမဂုဏ်အာရုံအမျိုးမျိုးနဲ့ သူ့အလိုလိုက် သူ့အကြိုက် ဆောင်ကာ အမြဲတစေ ဖျော်ဖြေပေးကြပါတယ်။ သူဟာ အခြားနတ်တွေကိုလည်း

အသက်၊ အဆင်းစတဲ့ ကောင်းကျိုးတွေ သာလွန်လွှမ်းမိုးရပါတယ်။ အဲဒီကောင်းကျိုးတွေ ရတာဟာ သူကိုယ်တိုင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့တဲ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကောင်းမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

## စင်ကြယ်မြတ်လှ + ဘောဇဉ်ရ

နှစ်ဆယ့်ငါးကမ္ဘာထက်မှာ ဝရုဏာဆိုတဲ့ စကြဝတေးမင်း ဖြစ်ရပါတယ်။ အထူးကောင်းမြတ် စင်ကြယ်တဲ့ ဘောဇဉ်များ ရရှိသူ ဖြစ်ပါတယ်။

## သလေးကောင်းဖွေ + စားရပေ

တိုင်းသူပြည်သား လူအများတွေဟာ မျိုးစေ့မစိုက်ပျိုးရပါဘူး။ ထွန်တုံးတွေကိုလည်း မကိုင်ကြရပါဘူး။ မထွန်မယက်ကြရဘဲ အလိုလိုကျလာတဲ့ သလေးတွေကိုသာ လူတွေ စားသုံးကြရပါတယ်။

## နတ်ပြည်တစ်ဖန် + ဖြစ်ရပြန်

အဲဒီတိုင်းပြည်မှာ မင်းပြုပြီးတော့ သေဆုံးကဲ့အခါမှာ နတ်ပြည်ကို တဖန်ရောက်ရပါတယ်။ အဲဒီနတ်ပြည်ဖြစ်ရတဲ့ဘဝမှာလည်း စည်းစိမ်ဥစ္စာအဖြာဖြာတွေ ပြည့်စုံပေါများရပါတယ်။

## ညှဉ်းဆဲကင်းစင် + များချစ်ခင်

မိတ်ဆွေဟုတ်သူ မဟုတ်သူ အားလုံးက သူ့ကို မညှဉ်းဆဲကြပါဘူး။ အားလုံးက သူ့ကို ချစ်ခင်မြတ်နိုးကြပါတယ်။ ဒီကောင်းကျိုးတွေဟာ ဗုဒ္ဓထု ပပူဇာ၊ သံဃိကဒါနပူဇာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီတရားနာနေကြတဲ့ ဒကာဒကာမတွေ ဘဝတိုင်း ညှဉ်းဆဲမခံရအောင် အားလုံးက ကိုယ့်ကိုချစ်ခင်လေးစား အရေးထားအောင် ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကုသိုလ်တွေ များများလုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

သူရတဲ့ ဒီကောင်းကျိုး နှစ်မျိုးလုံးဟာ တကယ်ကို ချစ်စရာကောင်းပါတယ်။ ဘုန်းကြီးကတော့ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုးကို တော်တော်လေး သဘောကျပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကြီးနိုင်ငယ်ညှဉ်း လုပ်ချင်ကြတယ်။ ကိုယ်ချင်းစာတရား ကင်းမဲ့နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှုတွေ

အားနည်းနေကြတယ်။ ညီအစ်ကို မောင်နှမအရင်း အချင်းချင်းပင် ပြိုင်ချင်ဆိုင်ချင်၊ ညှဉ်းဆဲချင်၊ မုန်းစိတ်တွေ ဝင်နေကြတယ်။

ဒါကြောင့် ဒီဆုတောင်းကျိုး နှစ်မျိုးဟာ လိုချင်စရာကောင်းတယ်လို့ ပြောတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုး ဆုမတောင်းသင့်ဘူးလား?

(ဆုတောင်းသင့်ပါတယ် ဘုရား)

ကဲ– ဆုတောင်းကောင်းလေး လိုက်ဆိုကြပါ။

* ကိုယ်ကလည်း ဘယ်သူ့ကိုမှ မညှဉ်းဆဲပါရစေနဲ့၊
ကိုယ့်ကိုလည်း ဘယ်သူကမှ မညှဉ်းဆဲနိုင်ပါစေသား။

* ကိုယ်ကလည်း အားလုံးကို ချစ်ခင်ပါရစေ၊
ကိုယ့်ကိုလည်း အားလုံးက ချစ်ခင်ကြပါစေသား။

## လူတွေချစ်ခင် + မြတ်အရှင်

သူ့ကို လူတွေက ချစ်ခင်ကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကိုကြည့်ပြီး ပြောဟောမယ်ဆိုရင်တော့ "လူတွေချစ်ခင်+မြတ်အရှင်"လို့ ပြောဟောရမှာပါပဲ။ လူတွေချစ်တာလည်း မဆန်းပါဘူး။ လူတွေချစ်တာ အကြောင်းရှိပါတယ်။ သူကိုယ်တိုင် ငါးပါးသီလ မြဲတယ်။ လူတွေကိုလည်း ငါးပါးသီလမြဲအောင် ဟောပြောပေးတယ်။ စားဝတ်နေရေး ကျန်းမာရေးစတဲ့ အရေးပေါင်းများစွာ ပြည့်စုံအောင် စီမံပေးတော့ လူတွေက ချစ်ခင်မြတ်နိုးကြတာပါပဲ။ ဒါကြောင့် လူတွေ ချစ်ခင်တာ အကြောင်းရှိတယ်လို့ ပြောခဲ့တာပါ။

မထွန်မယက်ဘဲ သလေးစပါး ကောင်းတာတွေ စားသုံးရခြင်းဆိုတဲ့ အကြောင်းတွေလည်း ပါပါတယ်။ ဒါတွေ ရှေ့နားမှာ ပြောဟောခဲ့ပြီးပါပြီ။

## နူးညံ့သာလျှပေး + အပါယ်ဝေး

သူဟာ ကမ္ဘာသုံးသောင်းအထက်မှာ အမွှေးနံ့သာ လျှဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ သူဟာ အပါယ်လေးပါးဆိုတာ သိတောင်မသိဘူးပါဘူးတဲ့။ ဒီကောင်းကျိုး ရရှိတာဟာ နံ့သာလိမ်းကျံလှူဒါန်းရခြင်းရဲ့ အကျိုးပဲ ဖြစ်ပါတယ်တဲ့။

ဒီနေရာလေးကို ကြည့်ပြီးတော့ နှံ့သာနဲ့ပူဇော်ဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။ ပရိသတ်ရေ၊ အပါယ်ဘေးမှ တကယ်ဝေးရတာ ဘယ်ဒါနကြောင့်တဲ့လဲ?

(နှံ့သာဒါနကြောင့်ပါ ဘုရား)

## အနံ့သာလိုသူ + နှံ့သာလှူ

ဘဝတိုင်း ဘဝတိုင်း ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကောင်းတဲ့အနံ့တွေ သာချင်တယ်ဆိုရင် နှံ့သာလှူပါ၊ ဘာလှူရမတဲ့လဲ?

(နှံ့သာလှူရမှာပါ ဘုရား)

''အနံ့သာရေး နှံ့သာလှူပေး'' ဒီလိုနော်။

(မှန်လှပါ ဘုရား)

အနံ့သာလိုသူ ဘာလှူ?

(နှံ့သာလှူရမှာပါ ဘုရား)

## မင်းမြတ်စကြဲ + တစ်ကြိမ်ပြု

သူဟာ ဘဒ္ဒကမ္ဘာမှာတော့ လူတွေကို အစိုးရကာ တန်ခိုးကြီးမားပြီး များမြတ်အင်အား တကယ်များတဲ့ စကြဝတေးမင်းတစ်ပါး တစ်ကြိမ်ဖြစ်ဖူးပါသေးတယ်။

## နတ်တွေချစ်ခင် + မြတ်အရှင်

သူစကြဝတေးမင်း ဖြစ်တဲ့အချိန်တုန်းက လူတွေကို ငါးပါးသီလ တည်အောင် ဟောပြောပေးပါတယ်။ လူတွေကလည်း သူဆုံးမတဲ့အတိုင်း ငါးပါးသီလ တည်အောင် လိုက်နာကျင့်သုံးကြပါတယ်။ အဲဒီငါးပါးသီလ တည်ကြသူတွေဟာ သေဆုံးတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်။ နတ်ပြည်ရောက်တဲ့နတ်တွေဟာ စဉ်းစားတွေးတောကြတယ်။ ငါတို့ ခုလိုနတ်ပြည်ရောက်ရတာ ဘယ်သူ့ရဲ့ ကျေးဇူးကြောင့်လဲလို့ ကြည့်လိုက်တဲ့အခါမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဖြစ်တဲ့ စကြဝတေးမင်းရဲ့ ကျေးဇူးကြောင့်ဆိုတာကို သိမြင်ကြပါတယ်။

ဒီနေရာမှာ သူ့အကြောင်းလေး ပြောပြဦးမယ်။

သူဟာ ဘုန်းကြီးတို့ ဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့ ပုဏ္ဏားမျိုးမှာ လာဖြစ်ရပါတယ်။ ပိလိန္ဒဝစ္ဆလို့ ခေါ်ပါတယ်။ သူဟာ သံသရာမှာ ငြီးငွေ့လာတဲ့အတွက် ပရိဗိုဇ်ရဟန်းပြုပြီး စူဠဂန္ဓာရခေါ်တဲ့ မန္တန်အတတ်ကို သင်ကြားတတ်

ပြောက်ပါတယ်။ အဲဒီအတတ်နဲ့ ကောင်းကင်မှာ သွားနိုင်တယ်။ သူတစ်ပါးစိတ်ကို လည်း သိမြင်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ လာဘ်ပေါ်များသူ၊ အခြံအရံပေါ်များသူ ဖြစ်နေပါတယ်။

ဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူလာတဲ့အခါမှာ ဒေသစာရီကြွချီတော့ ရာဇဂြိုဟ်ပြည်ရောက်တော်မူပါတယ်။ ဘုရားရှင်က ရာဇဂြိုဟ်ပြည်ရောက်တဲ့အချိန် ကစပြီးတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ရဲ့ စူဠဂန္ဓာရီအတတ်ဟာ သူလိုတဲ့ကိစ္စတွေ မပြီးစေ တော့ပါဘူး။

အဲဒီအချိန်မှာ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "မဟာဂန္ဓာရဝိဇ္ဇာ ထင်ရှားရှိတဲ့အရပ် မှာ စူဠဂန္ဓာရဝိဇ္ဇာဟာ မပြည့်စုံနိုင်ဘူးလို့ ဆရာ့ ဆရာတွေ ပြောတာ ငါကြားဖူး တယ်။ ရဟန်းဂေါတမ ဒီရာဇဂြိုဟ်ပြည်ရောက်လာတဲ့အချိန်မှစပြီးတော့ ငါ့ရဲ့ စူဠဂန္ဓာရဝိဇ္ဇာအတတ်ကို တတ်သိသူဖြစ်မယ်။ ငါ သူ့ကို ဆည်းကပ်ပြီးတော့ မဟာဂန္ဓာရဝိဇ္ဇာအတတ်ကို သင်ယူရရင် ကောင်းမယ်"လို့ ကြံစည်ပြီးတော့ မြတ် စွာဘုရားထံ ဆည်းကပ်ပါတယ်။ ဆည်းကပ်ပြီးတော့ "ရဟန်းမြတ်၊ အကျွန်ုပ် ရဟန်းမြတ်ထံမှာ ဝိဇ္ဇာအတတ်တစ်မျိုး သင်ယူချင်ပါတယ်။ သင်ခွင့်ပြုပါ"လို့ တောင်းပန်လျှောက်ထားပါတယ်။

မြတ်စွာဘုရားက "အဲဒီဝိဇ္ဇာအတတ် သင်ကြားချင်ရင် သင် ရှင်ရဟန်းပြု ပါ"လို့ ပြောတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "ရှင်ရဟန်းပြုတာဟာ ဝိဇ္ဇာအတတ်ရဲ့ ရှေ့ပိုင်းအလုပ်လို့ အောက်မေ့ပြီး ရှင်ရဟန်းပြုပါတယ်။

ဘုရားက သူ့ကို သူနဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။ သူဟာ ရှေးကောင်းမှုနဲ့ ပြည့်စုံသူဖြစ်တော့ မကြာခင်မှာပဲ ဝိပဿနာတရား ပွား များပြီး ရဟန္တာဖြစ်သွားပါတယ်။ (အပဒါန၊ ဌ၊ ၂၊ ၁၂၊ ၁၃)

သူ့ကျေးဇူးကို သိကြတဲ့ နတ်ပြည်ရောက်နေတဲ့ နတ်ဝတွေဟာ အရှင်ပိလိန္ဒ ဝစ္ဆထံ ညဦး၊ နံနက် အစဉ်မပြတ် အရှင်မြတ် ပိလိန္ဒဝစ္ဆမထေရ်ကို လာရောက်ပြီး ရှိခိုးကြတယ်၊ ဆည်းကပ်ခစားကြတယ်။

နတ်တွေက အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ကို ချစ်ခင်မြတ်နိုးကြတယ်နော်။ (မှန်လှပါ ဘုရား)

တစ်ချိန်မှာ မြတ်စွာဘုရားက အရိယာသံဃာတော်များရဲ့အလယ်မှာ ထိုင် နေတော်မူပါကာ "ရဟန်းတို့ နတ်တွေချစ်မြတ်နိုးတဲ့ ငါဘုရားရဲ့တပည့် ရဟန်းတွေ ထဲမှာ ပိလိန္ဒဝစ္ဆရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်တယ်"လို့ တေဒဂ်ရာထူး ထားတော်မူပါတယ်။ (အပဒါန၊ ဌ၊ ၂၊ ၁၃)

## လူ နတ်ချစ်ခင် + မြတ်အရှင်

ဒီတရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ မင်းလုပ်စဉ်က လူတွေက ချစ်မြတ်နိုးတယ်၊ လူတွေကို ငါးပါးသီလမြဲအောင် ဟောပြောပေးတော့ နတ်ပြည် ရောက်ကြတဲ့ နတ်တွေဟာ သူ့ကျေးဇူးသိပြီးတော့ နေ့ရောညပါ လာရောက်ခစား ချစ်ခင်မြတ်နိုးကြတယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မေးရဦးမယ်၊ အရှင်ဝိလိန္ဒဝဏ္ဏမထေရ်ကို လူတွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

နတ်တွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ မင်္ဂလာပွဲ ဆင်ကာန္တဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောပြောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

('လူနတ်ချစ်ခင်+မြတ်အရှင်' တရားတော်ပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဒီဘုရားလက်ထက်မှာ ဝိမောက္ခရှစ်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လူတွေ နတ်တွေ+ ချစ်ခင်ကြပါစေ

ဒီတရားတော်ကို နာကြားနေကြတဲ့ ဒကာ ဒကာမတွေကို ဆုပေးမယ်၊ ယူမယ် မဟုတ်လား?

(ယူပါ့မယ် ဘုရား)

လူတွေ နတ်တွေချစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား)

"လူနတ်ချစ်ခင်+ မြတ်အရှင်" တရားတော်ပြီးပြီ။

### တရားအမည်ပေးရာ၌

* လူ နတ် ချစ်တာ+ အကြောင်းရှာပါ။
* လူ နတ် ချစ်တာ+ အကြောင်းရှိပါတယ်။
* လူ နတ် ချစ်တာ+ ဘယ်အရာကြောင့်လဲ။

* လူ နတ် ချစ်ဆေး+ ပေးပါရစေ။
* လူ နတ် ချစ်စေ+ တောင်းဆုချွေမယ်။
* လူ နတ် ချစ်ရေး+ အကြောင်းလေးတွေ။
* လူ နတ် ချစ်အောင်+ ကြိုးစားဆောင်ရွက်ပါ။
* ဗုဒ္ဓ၊ သံဃာ+ ပေးလှူပါ။
* လူတွေလည်းချစ်+ နတ်လည်းချစ်သူ၊
* လူတွေချစ်ခင်+ မြတ်အရှင်။
* အနှံ့သာလိုသူ+ နံ့သာလှူပါ။
* နံ့သာလှူပေး+ အပါယ်ဝေး တရားတော်စသည်ဖြင့် ကြိုက်ရာ ရွေးကာ အမည်ပေး ဟောကြားပါ။

သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြာဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊
ဥဒယသုတ်တော်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# ''အဖန်ဖန် အခါခါ + ပေးလှူပါ''

## တရားတော်

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့တော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ နံနက်အချိန်အခါမှာ သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ် သင်္ကန်းကို ဆောင်ယူကာ ဥဒယဆိုတဲ့ပုဏ္ဏားရဲ့အိမ်ကို ကြွတော်မူပါတယ်။

ဥဒယပုဏ္ဏားဟာ သူစားရန် ပြင်ဆင်ထားတဲ့ ဘောဇဉ်ကို မြတ်စွာဘုရားအား လောင်းလှူလိုက်ပါတယ်။

ဒုတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။ ဥဒယပုဏ္ဏားကလည်း ဆွမ်းလောင်းလိုက်ပါတယ်။

တတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။

အဲဒီ တတိယနေ့မှာတော့ ပုဏ္ဏားကြီးဟာ စိတ်ဆိုးဆိုးနဲ့ ဆွမ်းလောင်းထည့်ပြီးတော့ ''ဒီရဟန်းဂေါတမဟာ အရသာမှာ တပ်မက်သူဖြစ်တယ်။ ထပ်ကာထပ်ကာ ငါ့ရဲ့အိမ်ကို လာပြီးတော့ ဆွမ်းခံလာနေတော့တာပဲ''လို့ ကဲ့ရဲ့ပြောဆိုပါတယ်။

ပုဏ္ဏားကြီးဟာ ပထမ၊ ဒုတိယရက်တွေမှာလည်း သဒ္ဓါတရားရှိလို့ လှူနေတာ မဟုတ်ပါဘူး။ ''မိမိအိမ်ပေါက် အလှူခံရောက်လို့မှ လှူဖော်မရဘူး''လို့ ကဲ့ရဲ့မှာ ကြောက်လို့ ဟန်ဆောင်လှူနေခြင်းဖြစ်ပါတယ်။

ဘုရားကလည်း တတိယနေ့တိုင်အောင် ဆွမ်းခံကြွရင် ဒီပုဏ္ဏား ဒီစကားမျိုး ပြောမယ်ဆိုတာ သိပါတယ်။

အဲဒီစကားမျိုးပြောရင် ဒီတရားဟောတဲ့အခါ ဒီပုဏ္ဏား သရဏဂုံတည်မယ်ဆိုတာ မြင်တော်မူတဲ့အတွက် ၃ ရက် ဆက်တိုက် ကြွတော်မူတာပါပဲ။

ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

အို ပုဏ္ဏား၊ ဒီလောကမှာ–

၁။ မျိုးစေ့ကို အဖန်ဖန် အခါခါ စိုက်ပျိုးရမယ်။

၂။ မိုးမင်းကလည်း အဖန်ဖန် အခါခါ ရွာချတယ်။

၃။ လယ်သမားတွေကလည်း အဖန်ဖန် အခါခါ လယ်ယာထွန်ယက်ကြတယ်။

၄။ တိုင်းသူပြည်သား လူအများတွေကလည်း ဆန်စပါး လုပ်ရာဌာနကို အဖန်ဖန် အခါခါ ကပ်ရောက်ကြပါတယ်။

၅။ ဘုန်းတောင်းယာစကာတွေဟာလည်း အဖန်ဖန် အခါခါ တောင်းရမ်းကြတယ်။

၆။ အလှူရှင်တွေကလည်း အဖန်ဖန် အခါခါ ပေးလှူကြတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတာပါ။ ဘာတဲ့လဲ?

(တရားအမည်လေးက အဖန်ဖန် အခါခါ ပေးလှူပါ တရားပါ ဘုရား)

အေး ဟုတ်ပြီ၊ ကိုယ်ရှိတာလေး လက်မနှေးဘဲ အဖန်ဖန့် အခါခါ ပေးရ၊ လှူရ၊ ကျွေးရမယ်နော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ မပေါချင်ဘူးလား?

(ပေါချင်ပါတယ် ဘုရား)

အေး၊ ပေါချင်ရင် ပေးရတယ်၊ လှူရတယ်၊ ကျွေးရတယ်။

ကဲ– ဘုန်းကြီးရဲ့ လက်သုံးဆောင်ပုဒ်လေး လိုက်ဆို

* ပေါချင်ရင် ပေးပါ၊
ပေးချင်ရင် ပေါပါလိမ့်မယ်။

* ပေါချင်ရင် လှူပါ၊
လှူချင်ရင် ပေါပါလိမ့်မယ်။

* ပေါချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ပေါပါလိမ့်မယ်။

ဒကာ ဒကာမတွေ မချောချင်ဘူးလား?

(ချောချင်ပါတယ် ဘုရား)

အေး ချောချင်ရင်လည်း ဘာလုပ်ရမလဲ?

(ပေးရ၊ လှူရ၊ ကျွေးရမှာပါ ဘုရား)

အေး ဟုတ်ပြီ၊ ဆောင်ပုဒ်လေး ပြောင်းပြီးဆိုကြည့်ရအောင်။

* ချောချင်ရင် ပေးပါ၊
ပေးချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် လှူပါ၊
လှူချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ချောပါလိမ့်မယ်။

ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ ဒကာမတွေဟာ ဘုရားအမျိုးရှိတဲ့ သံဃာတော်များကို ခဏခဏ မကြာမကြာ ပင့်ဖိတ်ပြီး ဆွမ်းကပ်ကြတယ်။ ဧည့်ပရိသတ်တွေကိုလည်း ခဏခဏဖိတ်ပြီး ကျွေးမွေးပြုစုကြတယ်ဆိုတော့ ဘယ်တရားမျိုး ဟောရရင် ကောင်းမလဲလို့ ရွေးကြည့်တဲ့အခါ ဒီတရားစကားလေးကို တွေ့ရပါတယ်။ ဒီနေ့ အလှူရှင်တွေနဲ့ လိုက်ဖက်တဲ့တရားလေး ဖြစ်ပါတယ်။

အဖန်ဖန် အခါခါ ပေးလှူသူတွေကို ဒီနေ့ဂုဏ်ပြု အသိဉာဏ်ပေးလိုက်တဲ့တရား ဖြစ်ပါတယ်။

ဘာတရားတဲ့လဲ?
('အဖန်ဖန် အခါခါ ပေးလှူပါ' တရားပါ ဘုရား)
တရားပေါ်ပြီနော်။
(ပေါ်ပါပြီ ဘုရား)
အေး တရားပေါ်ပေမယ့် တရားမပြီးသေးဘူး။ ရှေ့ဆက်ပြီးတော့ နာကြားကြည့်ကြရအောင်။

၇။ အလှူရှင်တွေဟာ အဖန်ဖန် အခါခါ ပေးလှူတဲ့အတွက်
၈။ အဖန်ဖန် အခါခါ နတ်ပြည်ကိုရောက်ရတယ်တဲ့။

ဒကာ ဒကာမတွေ နတ်ပြည်ကို အဖန်ဖန် အခါခါ မရောက်ချင်ဘူးလား?
(ရောက်ချင်ပါတယ် ဘုရား)
နတ်ပြည်ရောက်ချင်တာကတော့ ဟုတ်ပါပြီ၊ နတ်ပြည်ရောက်တဲ့အခါမှာ နတ်သမီး ဖြစ်ချင်သလား? နတ်သားဖြစ်ချင်သလား? အားလုံးဖြေ။
(နတ်သား ဖြစ်ချင်တာပါ ဘုရား)
နတ်သား ဘာကြောင့်ဖြစ်ချင်တယ်ဆိုတာကို ရှေ့က တရားထောက် ဒကာကြီးတစ်ယောက်ထဲ ဖြေစမ်းပါ။
(နတ်သမီးလေးတွေ တစ်ဖက် လေးငါးရာနဲ့ နေချင်လို့ပါ ဘုရား)
(အားလုံး ရယ်ကြ)

## နားငြီးလို့ပါ ဘုရား

ဒီနေရာလေးမှာ ကြုံတုန်း ပြောရဦးမယ်။ ဘုန်းကြီး သံဃဒါနခွင်း အောင်ပွဲ တစ်နေရာမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဟာ သံဃိကဆွမ်းဒါန ကောင်းမှု ကြောင့် နတ်ပြည်ရောက်သွားပါတယ်။ နတ်ပြည်ရောက်သွားတော့ သူ့ကို နတ်သမီး ပေါင်း ရှစ်သောင်းခြောက်ထောင်က ဖျော်ဖြေခစားကြရပါတယ်။ အဲဒီလို နတ်သမီး တွေ အများကြီး ဖျော်ဖြေခစားကြရတဲ့ နေရာလေးကို ဟောရင်း ဘုန်းကြီးက ရှေ့တရားထောက်တဲ့ ဒကာကြီးတစ်ယောက်ကို ဒကာကြီး အဲဒီအရှင်ပိလိန္ဒဝစ္ဆ မထေရ်အလောင်းလို နတ်သမီးတွေ အများကြီး မလိုချင်ဘူးလားလို့ မေးလိုက် ပါတယ်။ အဲဒီဒကာကြီးက မလိုချင်ပါဘူး ဘုရားလို့ ဖြေပါတယ်။ ဘုန်းကြီးက ဆက်ပြီးတော့ ဒကာကြီး။ ဘာကြောင့် မလိုချင်တာတုံး။ ဆက်ပြောစမ်း။ လျှောက် စမ်းပါဦးဆိုတော့ အဲဒီဒကာကြီးက လူ့ပြည်က တစ်ယောက်ထဲတောင် နားငြီးလို့ ပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ကဲ- ထားပါတော့၊ အဖန်ဖန် အခါခါ ပေးလှူရင် အဖန်ဖန် အခါခါ နတ်ပြည်ကို ရောက်ရတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဖန်ဖန် အခါခါ မပေးမလှူသင့်ဘူးလား?

(ပေးလှူသင့်ပါတယ် ဘုရား)

အဖန်ဖန် အခါခါပေးလှူတာဟာ နတ်ပြည် အဖန်ဖန် အခါခါ ရောက် ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

၉။ နို့ညှစ်သမားတွေကလည်း အဖန်ဖန် အခါခါ နို့ညှစ်ကြတယ်တဲ့။

နွားနို့ရောင်းတဲ့သူတွေဟာ နွားမနို့ကို အဖန်ဖန် အခါခါ နို့မညှစ်ကြဘူးလား။

(နို့ညှစ်ကြပါတယ် ဘုရား)

ဘာတဲ့လဲ? နွားနို့ရောင်းစားသူတွေကို ချီးတဲ့စာကလေးက "နွားနို့တစ်မြူ ရေကိုးမြူ၊ ဖြူတောင် ဖြူသေးတယ်"တဲ့။

အဲ- တရားနာ ပရိသတ်ထဲ နွားနို့ရောင်းတဲ့လူ မပါလောက်ပါဘူးနော်။

(တစ်ယောက်တော့ ပါပါတယ် ဘုရား)

ပါလည်း မတတ်နိုင်ဘူး၊ တဲ့တဲ့ပြောဟောလိုက်တယ်လို့သာ မှတ်ပေတော့။

(အားလုံး ရယ်ကြ)

၁၀။ နွားငယ်ကလေးတွေကလည်း နို့ဆာတဲ့အတွက် အဖန်ဖန်အခါခါ အမေ နွားမကြီးထံ ကပ်ရောက်ကြတယ်။

၁၁။ ထိုထိုများလှ ကိစ္စကြီးငယ် အသွယ်သွယ် နှေးညံပြုလုပ်နေရတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ ပင်ပန်းကြရတယ်။

၁၂။ အကျိုးမရှိတာတွေနဲ့ ယှဉ်တွဲနေကြတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ တုန်လှုပ်လည်း တုန်လှုပ်ရတယ်။

၁၃။ ပညာမဲ့သူ လူအပေါင်းဟာ အဖန်ဖန် အခါခါ အဓိဝမ်းထဲ ရောက်ကြရတယ်။

၁၄။ အဖန်ဖန် အခါခါ ပဋိသန္ဓေနေရတယ်။

၁၅။ အဖန်ဖန် အခါခါ သေလည်း သေရတယ်။

၁၆။ အဖန်ဖန် အခါခါ သုသာန်သချိုင်း ပို့ဆောင်ကြရတယ်။

၁၇။ ကြီးကျယ်မြင့်မြတ် ပညာတတ် ရှိသူ သူတော်ကောင်းကတော့ နောက်ထပ် တစ်ဖန် အဖန်ဖန် အခါခါ မဖြစ်ခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ ကျင့်စဉ်လမ်းကို ရရှိတဲ့အတွက် အဖန်ဖန်အခါခါ ပဋိသန္ဓေ မနေရတော့ပါဘူးလို့ ဟောကြားတော်မူပါတယ်။

ဒီတရားတော်ကို နာကြားရတဲ့ ဥဒယပုဏ္ဏားဟာ သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ဖြစ်သွားပါတယ်။

ဒီသုတ်တော်မှာ ဘုရားရှင်က အဖန်ဖန် အခါခါဖြစ်ရတဲ့ တရား ၁၆ ပါးနဲ့ အဖန်ဖန် အခါခါမဖြစ်ရတဲ့ တရားတစ်ပါးကို ကွဲပြားအောင် ခွဲခြားပြီး ဟောကြားတော်မူပါတယ်။

ကဲ– ဒီတရားတော်ကို စုံစုံလင်လင်လေး ဟောပြီးသွားတော့ အဓိကဟောတဲ့ တရားအမည်လေးကို ပြန်ပြောကြရအောင်။

ဒီနေ့ အဓိက ဟောပြောတဲ့တရားက ဘာတရားတဲ့လဲ?

(အဖန်ဖန် အခါခါ+ပေးလှူပါ) တရားပါ ဘုရား။

အေး ဟုတ်ပြီ၊ ဒီတရားတော်ကို နာကြားကြရတဲ့ အဖန်ဖန် အခါခါ ပေးလှူကြတဲ့ ဒီနေ့အလှူရှင်တွေနဲ့တကွ လာလာသမျှ တရားနာကြားကြသူ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုများကို အဖန်ဖန် အခါခါ ပြုလုပ်ပြီးတော့ အဖန်ဖန် အခါခါ ပင်ပန်းခြင်း၊ အဖန်ဖန် အခါခါ တုန်လှုပ်ခြင်း၊ အဖန်ဖန် အခါခါ အမိဝမ်းထဲရောက်ရခြင်း၊ အဖန်ဖန် အခါခါ ပဋိသန္ဓေတည်နေရခြင်း၊ အဖန်ဖန် အခါခါ အို၊ နာ၊ သေရခြင်း၊ အဖန်ဖန်အခါခါ သချိုင်းရောက်ရခြင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကောင်း တရားမြတ်ကို မြန်စွာပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မဟာဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊
ဝိပဿနာဓမ္မာစရိယ ဆရာတော်ကြီး ဦးဇနကာဘိဝံသ ဟောကြားအပ်သော
ဟောကြား ပြောကြားအပ်သော

# "တွေးတိုင်း နေ့ည + ကုသိုလ်ရ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပွဲမှာ ဟောကြားမယ့် တရားတော်က "တွေးတိုင်း နေ့ည ကုသိုလ်ရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(တွေးတိုင်း နေ့ည ကုသိုလ်ရ တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

တစ်နေ့ ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားထံ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကာ တစ်နေရာမှာ ထိုင်နေပါတယ်။

အဲဒီအနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားက–

ဒါယကာ. တရားလေးမျိုးနဲ့ ပြည့်စုံတဲ့ အရိယာတပည့်ဟာ အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာဖြစ်စေတတ်တဲ့ လူတွေရဲ့ကျင့်ဝတ်ကို ကျင့်ရာရောက်တယ်။ လူ့ကျင့်ဝတ်တရားလေးမျိုးလို့ ဆိုလိုပါတယ်။

အဲဒီလူ့ကျင့်ဝတ် တရားလေးမျိုးက

၁။ ဒါယကာ ဒီသာသနာတော်မှာ အရိယာတပည့်ဟာ ရဟန်းသံဃာကို ဝတ် ရေးအတွက် သင်္ကန်းလှူရမယ်။

ဘာလှူရမတဲ့လဲ၊

(သင်္ကန်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း လူဖြစ်ရင်လည်း ဝတ်စရာအဝတ် ပေါချင်ရင် ရဟန်း

ဖြစ်ရင်လည်း ဝတ်စရာသက်နိုးတွေ ပေါချင်ရင် သက်နိုးလှူရမယ်နော်။
(မှန်လှပါ ဘုရား)

## သင်္ကန်းလှူရ+ကောင်းကျိုးလှများ

ဒီနေရာမှာ ဝိလိန္ဓဝတ္ထုထေရအပဒါန်မှာ လာတဲ့ သင်္ကန်းလှူခြင်း အကျိုး ၈ မျိုးကို မှတ်သားထားပါ။

* ရွှေအဆင်းနဲ့တူတဲ့ အဆင်းပိုင်ရှင်ဖြစ်မယ်၊ မှတ်သားရလွယ်ကူအောင် ပြော ရရင်တော့ အသားဖြူတယ်၊ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကို ရတတ်တယ်။ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကိုရတယ်။ ဘာကောင်း ကျိုး ရသလဲ?
(အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးပါ ဘုရား)

## အသားမည်းတာ+မေးသောခါ

ဒီနေရာမှာ ကြားဖူးတာလေး ပြောရဦးမယ်။ ဝါဆိုသင်္ကန်းကပ်ပွဲတစ်ခုမှာ ဆရာတော်ကြီးတစ်ပါးက ဝါဆိုသင်္ကန်းလှူတဲ့သူတွေဟာ အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးရတယ်လို့ ပြောဟောရင်း သင်္ကန်းအလှူရှင် ဒကာကြီးကို ဒကာကြီး။ ခုခေတ် အသားမည်းနက်နေတဲ့သူတွေ ဘာကြောင့် အသားမည်းနက်နေတာလဲလို့ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက ဖြေလိုက်ပုံက–

'သပိတ်လှူလှူခဲ့လို့ပါ ဘုရားတဲ့' (အားလုံးရယ်ကြ)

တရားဟောဆရာတော်ကြီး မတွေးမိတဲ့အချက်ဖြစ်ပါတယ်။ တရားဟော ဆရာတော်ကြီး ဆိုလိုတာက သင်္ကန်းမလှူခဲ့လို့ အသားမည်းနက်နေတာ ဖြစ်တယ် လို့ ဆိုလိုတာပါ။ အဲဒီလို ဖြေမယ်ထင်တာပဲ။ အဲဒီဒကာကြီးရဲ့ မထင်မှတ်တဲ့ အဖြေကို ကြားလိုက်ရတော့ ဆရာတော်ကြီးနဲ့ တရားနာသူတွေအားလုံး ပြုံးကြရ ပါတယ်။

* ကဲ– ထားပါတော့၊ နောက် ဒုတိယ ကောင်းကျိုးက ခန္ဓာကိုယ်မှာ ပကတိ အညစ်အကြေးနဲ့ ကိလေသာမြူ အညစ်အကြေး ကင်းဝေးခြင်း ဖြစ်ပါတယ်။
* တတိယကောင်းကျိုးက ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်းဖြစ်တယ်။ ခန္ဓာကိုယ်မှာ အရောင်တွေ ထွက်နေသလို ထင်ရတယ်။ ဒီနေရာမှာ ပကတိ အသားအရောင်တွေ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း။ သီလ၊ သမာဓိ

ပညာရောင်တွေပါ ပြုံးပြုံးပြက်ပြက် ဝင်းသက်လက် အရောင်ထွက်ခြင်းတွေပါ ယူနိုင်ပါတယ်။

* စတုတ္ထကောင်းကျိုးကတော့ လူ နတ် ဗြဟ်မ္မာလေးရာဘဝတိုင်းမှာ တန်ခိုးကြီးမားခြင်းပါပဲ။
* ပဥ္စမကောင်းကျိုးကတော့ ခန္ဓာကိုယ်မှာ ပြေပြစ်နူးညံ့သိမ်မွေ့ခြင်းပါပဲ။
* ဆဋ္ဌမ ကောင်းကျိုးကတော့ အဖြူရောင်၊ အဝါရောင်၊ အနီရောင်အဝတ်တွေ တစ်သိန်းလောက် ရရှိခြင်း (အဝတ်မျိုးစုံ ပေါများစွာ ဝတ်ရခြင်းပါပဲ)။
* သတ္တမကောင်းကျိုးကတော့ ပိုးချည်အဝတ်၊ သက္ကလတ် (ကမ္ဗလာ) အဝတ်များစွာ ရရှိခြင်းပါပဲ။
* အဋ္ဌမကောင်းကျိုးကတော့ ခေါမချည်၊ ဝါချည်အဝတ်တွေ များစွာရရှိခြင်းပါပဲ။ (အပဒါန၊ ပါ၊ ၁၊ ၃၅၈၊ ၃၅၉)

၂။ ဒါယကာ၊ ရဟန်းသံဃာကို စားရေးအတွက် ဆွမ်းလှူရမယ်။

ဘာလှူရမတဲ့လဲ?

(ဆွမ်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း အစားအသောက်တွေ ပေါချင်ရင် ဆွမ်းလှူရမယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေရာမှာ ဆွမ်းလှူရတဲ့ အကျိုး ငါးမျိုးကို မှတ်သားထားပါ။ အသက်ရှည်ခြင်းဆိုတဲ့ ကောင်းကျိုး။ ဒကာ ဒကာမတွေ အသက် မရှည်ချင်ဘူးလား?

(ရှည်ချင်ပါတယ် ဘုရား)

ကြုံတုန်း ပြောရဦးမယ်။ တစ်ခါက သံဃဒါန ဆွမ်းအောင်ပွဲတစ်ခု တရားဟောတော့ ဆွမ်းလှူတာဟာ အသက်ရှည်တယ်လို့ ပြောဟောရင်း တရားထောက် ဒကာကြီးကို ဒကာကြီး၊ အသက်မရှည်ချင်ဘူးလားလို့ မေးလိုက်တော့ အဲဒီ ဒကာကြီးက မရှည်ချင်ပါဘူး ဘုရားတဲ့။ များသောအားဖြင့် လူတွေဟာ အသက်ရှည်ချင်ကြတယ်။ ဒကာကြီးက ဘာကြောင့် အသက်မရှည်ချင်တာလဲလို့ ထပ်မေးလိုက်တော့ အဲဒီ ဒကာကြီး ဖြေလိုက်ပုံက ဆလိမ် ဈေးကြီးလို့ပါ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

အဲဒီဒကာကြီး ဖြေတာ သဘောပေါက်တယ်နော်။

(ပေါက်ပါတယ် ဘုရား)

ဘာကိုဆိုလိုတာပါလိမ့်?

(ဆန်၊ ဆီ၊ ဆား၊ ဆေး ကို ဆိုလိုတာပါပါ ဘုရား)
ကဲ– ထားပါတော့။

* ဒုတိယကောင်းကျိုးကတော့ အဆင်းလှခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* တတိယကောင်းကျိုးကတော့ ချမ်းသာကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* စတုတ္ထကောင်းကျိုးကတော့ ခွန်အားကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* ပဉ္စမကောင်းကျိုးကတော့ ဉာဏ်ကောင်းခြင်း၊ ဉာဏ်ပညာကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။

(ဘောဇနသုတ်၊ အံ၊ ပါ၊ ၂၊ ၃၅)

၃။ ဒါယကာ၊ ရဟန်းသံဃာကို နေရေးအတွက် ကျောင်းလှူရမယ်။ ဘာလှူရမတဲ့လဲ?
(ကျောင်းလှူရမှာပါ ဘုရား)
ကျောင်းအလှူဆိုတာ တကယ်တော့ နေရာအလှူပါပဲ။ ဘာအလှူတဲ့လဲ?
(နေရာအလှူပါ ဘုရား)

## နေရာလှူက+နေရာရ

လောကမှာ လူတွေဟာ ကောင်းတဲ့နေရာတွေ လိုချင်ကြတယ်။ နေရာကောင်း လိုချင်သူတွေဟာ နေရာလှူရတယ်။ နေရာလှူမှ နေရာကောင်း ရတယ်။ ဒီနေရာမှာ ကောသနဒါယက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝ အကြောင်းကို အကျဉ်းချုပ် ပြောပြချင်တယ်။ ကောသနဒါယကဆိုတာ နေရာလေး တစ်ခုကိုသာ လှူတဲ့သူလို့ အဓိပ္ပာယ်ရတယ်။ အဲဒီကောသနဒါယကမထေရ် အလောင်း သူတော်ကောင်းလေး နေထိုင်ရာဖြစ်တဲ့ ဟိမဝန္တာရဲ့အနီးက ဂေါ်သိတ တောင်ကို ပဒုမုတ္တရာ မြတ်စွာဘုရား ကြွတော်မူလာတယ်။ သူ့မှာ ဘာမှလှူစရာ မရှိပါဘူး။ ကြွေကျတဲ့သစ်သီးတွေကို စားသုံးနေသူ ဖြစ်ပါတယ်။ သူ့မှာရှိတဲ့ သစ်သား ညောင်စောင်းကို ခင်းပြီးတော့ သစ်နက်ရေလေး ထပ်ပြီးဖြန့်ခင်းကာ ပဒုမုတ္တရာ မြတ်စွာဘုရားကို နေရာလေးတစ်ခု လှူလိုက်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ အဲဒီသစ်သားညောင်စောင်းပေါ်မှာ ထိုင်နေတော်မူပါတယ်။ တစ်ခဏလောက် ထိုင်နေတော်မူပြီးတော့ ဒီစကားတွေကို မိန့်တော်မူပါတယ်။

* သင် လိုလားတောင့်တတဲ့ ဆုတွေအားလုံး နောင်အခါမှာ ပြည့်ဝလိမ့်မယ်၊ ဒီနေရာအလှူနဲ့ စေတနာတောင့်တမှုတွေကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လွတ်မယ်။

* သိကြားမင်း အကြိမ် ၅၀ ဖြစ်မယ်။
* စကြဝတေးမင်း အကြိမ် ၈၀ ဖြစ်မယ်။
* ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအပြစ်ကသော့ မရေမတွက်နိုင်အောင် ဖြစ်မယ်။
* ဘ၀တိုင်း ချမ်းသာသူဖြစ်မယ်လို့ မိန့်ကြားပြီး ပြန်ကြွတော်မူတယ်။

လူမင်း၊ နတ်မင်း၊ စကြဝတေးမင်းဆိုတဲ့နေရာကောင်းများကို ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို နေရာတစ်ခု လှူခဲ့ခြင်းရဲ့ ကောင်းကျိုးဆက်တွေ ဖြစ်တယ်။

နေရာကောင်းလိုချင်ရင် ဘာလှူရမတဲ့လဲ၊

(နေရာ လှူရမှာပါ ဘုရား)

နေရာလှူရင် ဘာရသတဲ့လဲ?

(နေရာကောင်းတွေ ရပါတယ် ဘုရား)

နောက်ပြီးတော့ ရရှိတဲ့ကောင်းကျိုးတွေက ဘာတွေလဲဆိုတော့-

ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားနဲ့တကွသော သိလျှင်း (ထမ်းစင်) ရရှိခြင်း။

* တောထဲဝင်လိုက်တဲ့အခါမှာ နေရာကို အလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင် အနီးမှာ ရောက်လာခြင်း။
* ရေလယ်ကို ရောက်တဲ့အခါမှာလည်း နေရာကိုအလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင်အနီးမှာ ရောက်လာခြင်း။
* လူ နတ် ဖြစ်လေရာမှာ ပလ္လင်တစ်သိန်း ရရှိခြင်း။
* လူ့ဘ၀ နတ်ဘ၀မှာပဲ ဖြစ်ရခြင်း။
* မင်းမျိုး၊ ပြာဟ္မဏမျိုးမှာသာ ဖြစ်ရခြင်း။
* တရားပလ္လင်ရရှိပြီး အာသ၀မရှိဘဲ နေရခြင်း။
* အဂတိယ်လေးပါး မလား မရောက်ရခြင်း။
* ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာ ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၂၊ ၄+၅+၆)

အဲဒီလို လောကီ လောကုတ္တရာ၊ သက်ရှိ သက်မဲ့ နေရာကောင်းတွေ ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို ညောင်စောင်းနဲ့ သစ်နက်ရေဆိုတဲ့ နေရာလေးတစ်ခု လှူဒါန်းခဲ့ခြင်းကြောင့် ရရှိတာဖြစ်တယ်။

နေရာလှူရင် နေရာကောင်းတွေ ရတယ်ဆိုတဲ့ အသိဉာဏ်တွေ ဦးစီးပြီး

တော့ နေရာလှူတတ်ကြပါစေ။ နေရာရနေသူတွေဟာ နေရာလှူခဲ့လို့ပါပဲ။ နေရာမရသူတွေဟာ နေရာမလှူခဲ့သူတွေပါပဲ။

ကျောင်းလှူမှ နေရာအလှူမှ မဟုတ်ပါဘူး။ ကိုယ့်အိမ်ကြွလာတဲ့ သံဃာတော်တွေကို ဖျာတွေ၊ ဖောင်တွေ၊ နေရာထိုင်အခင်းလေးတွေ ခင်းပေးတာဟာလည်း နေရာအလှူပါပဲ။ ကိုယ်က ဘတ်စ်ကားတွေ၊ ရထား၊ သင်္ဘောတွေ စီးသွားတဲ့အခါမှာ နေရာရထားရင် နေရာမရသေးတဲ့ ရဟန်းသံဃာ၊ အသက်ကြီးသူစတဲ့ ပုဂ္ဂိုလ်များကို ကိုယ်ရထားတဲ့နေရာလေး ထပြီး နေရာပေးလိုက်တာဟာလည်း နေရာအလှူပါပဲ။

## စက်ာပူဝယ်+အတုယူဖွယ်

ဒီနေရာမှာ စင်္ကာပူနိုင်ငံရဲ့ အတုယူစရာလေး ပြောချင်ပါသေးတယ်။ စင်္ကာပူနိုင်ငံရဲ့ ကားတွေ၊ ရထားတွေမှာ အဘိုးကြီးတွေ၊ အဘွားကြီးတွေရဲ့ ပုံတွေ၊ ကလေးလေးတွေ လက်ဆွဲပြီး လာသူတွေ၊ ကလေးလေးတွေ ချီပိုးပြီး လာသူတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေရဲ့ ပုံတွေရေးဆွဲထားပါတယ်။ ပုံတွေနဲ့တွဲပြီး စာတွေလည်း ရေးထားပါတယ်။ အဘိုး၊ အဘွား၊ ကလေးပါသူ၊ ကိုယ်ဝန်ဆောင်များ ရောက်လာရင် သင်ရထားတဲ့ နေရာလေး အမြန်ဖယ်ပေးလိုက်ပါ။ နေရာပေးလိုက်ပါဆိုတဲ့ စာတန်းလေးတွေ ဖြစ်ပါတယ်။ အင်မတန် အတုယူစရာကောင်းတဲ့ စင်္ကာပူနိုင်ငံဖြစ်ပါတယ်။

ဘုန်းကြီး စင်္ကာပူနိုင်ငံရောက်စဉ်က အဲဒီမြင်ကွင်းလေးကို သဘောကျလို့ လက်ာဆောင်ပုဒ်လေး ရေးခဲ့ပါတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

* အဘိုး အဘွား၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေး နေရာ။
* ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* စင်္ကာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတယ်။

၅။ ဒါယကာ၊ ရဟန်းသံဃာကို ကျန်းမာရေးအတွက် ဆေးလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ဆေးလှူရမှာပါ ဘုရား)

ဒီနေရာမှာလည်း ဆေးလှူရခြင်းအကျိုး ၁၀ ပါးကို မှတ်သားထားပါဦး။ အဲဒီအကျိုး ၁၀ ပါးက–

* အသက်ရှည်ခြင်း။

* ခွန်အားကြီးခြင်း။
* ပညာကြီးခြင်း။
* အဆင်းလှခြင်း။
* အခြံအရံများခြင်း။
* ချမ်းသာကြီးခြင်း။
* ဘေးရန် မရှိခြင်း။
* ဆင်းရဲမရှိခြင်း။
* သူတစ်ပါးတို့က အမြဲပူဇော်ခြင်း။
* ချစ်ခင်သူများနဲ့ မကွဲမကွာ မခွဲမခွာ နေရခြင်းတို့ပဲ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၁၊ ၃၆၃)

## ဆေးဝါး

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးမကောင်းချင်ကြဘူးလား?

(ကောင်းချင်ပါတယ် ဘုရား)

ကျန်းမာရေးကောင်းချင်ရင် ဘာလှူရမတဲ့လဲ?

(ဆေးဝါး လှူရမှာပါ ဘုရား)

ဆေးပဲ ထားပါ၊ ဝါးကြီး မထည့်ပါနဲ့။ (ရယ်ကြ)

တော်တော်အဝါးခံချင်ပုံရတယ်။ (ထပ်ရယ်ကြ)

ရှေးတုန်းက လူကြီးတွေက အတွေ့အကြုံလေးတွေနဲ့ ပြောခဲ့တာဆိုတော့ တော်တော်လေး မှန်နေတာတွေ တွေ့ရတယ်။ ဥပမာ ပြောမယ်ဆိုရင် ဆေးနဲ့ ပတ်သက်လို့ ဆေးဖိုးဝါးခတဲ့။ ဘာတဲ့လဲ?

(ဆေးဖိုး ဝါးခပါ ဘုရား)

ကြည့်နေဉ်၊ ဆေးဖိုးနဲ့ ဘာနဲ့တွဲထားလဲ?

(ဝါးနဲ့ တွဲထားပါတယ်ဘုရား) (ရယ်ကြ)။

## လှူဝါး

ဆေးကိုလည်း ဆေးလို့ ရိုးရိုးလေး ပြောရင် ရရဲ့သားလို့ ခုတော့ ဆေးဝါးလို့ ဝါးနဲ့တွဲပြီး သုံးမထားဘူးလား။

(သုံးထားပါတယ် ဘုရား)

ဒါလည်း အတွေ့အကြုံနဲ့ သုံးတာဖြစ်မှာပါပဲ။

ဘုန်းကြီး ဒီနေရာလေးမှာလည်း စဉ်းစားကြည့်တယ်။ ဆေးဝါး ဆိုတာလေး ကိုပါ။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။ ဒါလေး စဉ်းစားမိတာ။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဆေးက ဝါးတာလား။ လူက ဝါးတာလား။

(လူက ဝါးတာပါ ဘုရား)

အေး အဲဒါဆိုရင် စာတန်းလေး စကားလေး ပြောင်းလိုက်၊ ဘယ်လိုပြောင်း မလဲ။

(လူဝါးပါ ဘုရား) (အားလုံး ရယ်ကြ)

ဒကာ ဒကာမတွေ ပြောတာနော်၊ ဘုန်းကြီးက မေးရုံပဲ မေးတာ။

(အားလုံး ရယ်ကြ)

## အကောင်းဆုံး လာဘ်

ကဲ– ထားပါတော့၊ ကျန်းမာရေးကောင်းဖို့ အရေးမကြီးဘူးလား။

(ကြီးပါတယ် ဘုရား)

လာဘ်တကာ လာဘ်တွေထဲမှာလည်း ဘယ်လာဘ်ဟာ အကောင်းဆုံး လာဘ်တဲ့လဲ?

(ကျန်းမာရေးကောင်းခြင်း လာဘ်ပါ ဘုရား)

အေး ဟုတ်ပြီ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မပဒပါ ပါဠိ တော်မှာ–

အာရောဂျပရမာ လာဘာ (ဓမ္မပဒ၊ ၅၊ ၂၊ ၁၃၃)

ကျန်းမာရေးကောင်းခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးလာဘ်လို့ ဟော ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ရောဂါဖြစ်နေရင် ရထားတဲ့ စီးပွားဥစ္စာ ရထူး ဂုဏ်သိန် အရှိန်အဝါ လာဘ်တွေတာ ဘာမှအသုံးမကျတော့တဲ့အတွက် လစတ်ကောင်း လာဘ်မြတ်မဟုတ် တော့ဘူးတဲ့။ ရောဂါကင်းနေမှ လာဘ်အားလုံးဟာ အသုံးဝင်တယ်။ အသုံးကျ တယ်။ ရောဂါကင်းနေရင် လာဘ်တွေအားလုံး ရောက်လာနိုင်တယ်။

## ဒေါက်တာမိမိ+ပြုသကြည့်ပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဒေါက်တာမိမိအကြောင်း ပြောပြဦးမယ်။ တစ်နေ့ အိမ်တစ်အိမ်မှာ ကျောင်းထိုင်ဆရာတော်ကြီးတွေ ၁၀ ပါး ဆွမ်းကပ်တယ်။

ဆရာတော်ကြီးတစ်ပါးမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ စုံအောင်ဖြစ်နေတယ်။ အစားအသောက်တော့ သိပ်မရှောင်ဘူး။ မတဲ့တဲ့အစားအစာတွေ ဘုဉ်းပေးတော့ မယ်ဆိုရင်လည်း ပုတီးစိပ်ပြီးတော့ ဘုဉ်းပေးတော့တာပဲ။ သူ့ပုတီးစိပ်ကတော့ "ဆီးချိုချို၊ သွေးတိုးတိုး၊ နှလုံး လုံးလုံး" ဆိုတဲ့ ပုတီးစိပ်ကို ရွတ်ဆိုပြီးတော့ သေတစ်နေ့ မွေးတစ်နေ့ပဲကွာဆိုပြီး ဘုဉ်းပေးတော့တာပါပဲ။

အဲဒီဆရာတော်ကြီးရဲ့ ရောဂါတွေ သိထားတဲ့ ဆရာတော်တစ်ပါးက အဲဒီ ဆရာတော်ကြီးကို ဆရာတော်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါပျောက်အောင် ကပေးတဲ့ ဒေါက်တာ ရှိတယ်။ အဲဒီဒေါက်တာ ပြသကြည့်ပါလား ဘုရားလို့ လျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတော့ အဲဒီရောဂါရှင် ဆရာတော်ကြီး က အဲဒီဒေါက်တာက ဘယ်သူလဲကွ၊ လိပ်စာလေး ပြောစမ်းပါဦးလို့ ပြန်မေးပါတယ်။

အဲဒီလိုမေးတော့ ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက အေး၊ ဒေါက်တာမိမိဆိုတဲ့ နာမည်တော့ သိရပါပြီ။ သူက ဘယ်ဆေးခန်းမှာ ထိုင်တာလဲ၊ ဘယ်နေရာမှာလဲ ဆက်မေးပါတယ်။

ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား၊ ဒေါက်တာ မိမိပါဘုရား"လို့ ထပ်ပြီးလျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတာကို ရောဂါ ရှင် ဆရာတော်ကြီးက သဘောမပေါက်သေးပါဘူး။ အခြားဆရာတော်တွေအားလုံး က သဘောပေါက်ကြပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက စိတ်နည်းနည်းဆိုး လာပြီး ကိုယ်တော်ကလည်း ဒေါက်တာမိမိပဲ ထပ်တလဲလဲ ပြောနေတာပဲ။ လိပ်စာ ပေးပါဆို မပေးလည်း နေတော့ ကိုယ်တော်လို့ ပြောပါတယ်။

အဲဒီလို သဘောမပေါက်တဲ့ ရောဂါရှင်ဆရာတော်ကြီးကို ပြောတဲ့ဆရာတော် က "ဆရာတော်၊ ဒေါက်တာမိမိလိပ်စာ ပေးမယ်၊ တပည့်တော်ကို ကြည့်ပါဘုရား ဆိုပြီးတော့ သူ့ရဲ့လက်ဝါးနဲ့ပဲ သူ့ရဲ့ရင်ဘတ်ကို သုံးလေးခါလောက် ပုတ်ပြလိုက် တော့မှ သဘောပေါက်သွားပါတော့တယ်။

အဲဒီလို ပြမှ သဘောပေါက်တော့တဲ့ ရောဂါရှင် ဆရာတော်ကြီးက ပြုံးပြုံး ကြီးနဲ့ သဘောကျသွားပါတော့တယ်။ အဲဒီရောဂါရှင် ဆရာတော်ကြီးက "မှန်လိုက် တာ ကိုယ်တော်၊ မှန်လိုက်တာ ကိုယ်တော်၊ အစားအသောက် မဆင်ခြင်တဲ့ တပည့်တော်ကို ကိုယ်တော်က အစားအသောက်ဆင်ခြင်တတ်ပြီး ရောဂါသက်သက် သာသာဖြစ်အောင် နည်းပေးလိုက်တာပါပဲ။ ကိုယ်တော့်ကို တပည့်တော် ကျေးဇူး

တင်ပါတယ်။ ဒေါက်တာဟာ မိမိကိုယ်တိုင်ပင်ဖြစ်တယ်ဆိုတာကို သတိထားမိပါပြီလို့ ပြန်ပြောပါတယ်။

အဲဒီရောဂါရှင် ဆရာတော်ကြီးဟာ ဒေါက်တာမိမိနဲ့ ပြသကြည့်တာ သူ့ရောဂါတွေ တော်တော်သက်သာသွားကြောင်း သိရပါတယ်။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးကောင်းအောင် ရောဂါကင်းအောင် ဆေးလည်း လှူရမယ်၊ ဒေါက်တာမိမိနဲ့လည်း ပြရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါက်တာဟာ တကယ်တော့ ဘယ်သူပါလိမ့်?

(မိမိပါ ဘုရား)

မိမိရဲ့အခြေအနေကို မိမိကိုယ်တိုင် သတိ၊ အသိထားပြီး စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ အရာရာကို ဆင်ခြင်ရမယ်နော်။

(မှန်လှပါ ဘုရား)

မိမိဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဟာ ဘယ်ဒေါက်တာပါလိမ့်။

(ဒေါက်တာမိမိပါ ဘုရား)

ဒေါက်တာမိမိနဲ့ အမြဲတစေ တွဲနေရမယ့်အတူ ဒေါက်တာကြီးနှစ်ယောက် ရှိသေးတယ်။ အဲဒီဒေါက်တာကြီးနှစ်ယောက်ကတော့ ဒေါက်တာသတိနဲ့ ဒေါက်တာအသိ (ဒေါက်တာပညာ) ဖြစ်တယ်။

ဒီတော့ ဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဘယ်နှစ်ယောက် ဖြစ်သွားမလဲ? (သုံးယောက်ပါ ဘုရား)

ဒေါက်တာမိမိရယ်၊ ဒေါက်တာသတိရယ်၊ ဒေါက်တာပညာရယ် သုံးယောက်နော်။ (မှန်လှပါ ဘုရား)

ဒေါက်တာ မိမိ၊ သတိ၊ ပညာ ဒီလိုမဟုတ်လား? (မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ ဆေးဖိုးဝါးခ အကုန်သက်သာအောင် ကျန်းမာရေး လက်ဆောင်ပေးနေတာနော်။ (မှန်လှပါ ဘုရား)

## အသက်ရှည်ကြောင်း အဆောင်ကောင်း

ဘုန်းကြီးက အသက်ရှည်တဲ့ ဆရာတော်ကြီးတွေနဲ့ တွေ့တဲ့အခါမှာ "အသက်ရှည်တာ" ကို မေးလေ့ရှိပါတယ်။ တစ်ခါက အသက် ၉၀ ကျော်နေပြီ ဖြစ်တဲ့ ဆရာတော်ညီအစ်ကိုနှစ်ပါးကို ဆရာတော်များ ခုလို အသက်ရှည် ကျန်းမာနေတာ ဘာ့ကြောင့်ပါလဲ ဘုရားလို့ လျှောက်ထားတော့ အဲဒီဆရာတော်ကြီးနှစ်ပါး

မှာ အစ်ကိုဖြစ်တဲ့ ဆရာတော်ကြီးက "သီ၊ ဣန္၊ ဘော၊ ဇာ" ပေါ့ကွာလို့ ပြော ပါတယ်။ ဘုန်းကြီးကတော့ တန်းပြီးသဘောပေါက်ပါတယ်။ ဒကာ ဒကာမတွေက တော့ တန်းပြီး သဘောပေါက်ဖို့ မရှိသေးဘူး။

အဲဒါလေးကို အကျဉ်းမျှ ရှင်းပြပါဦးမယ်။

* သီ= ဆိုတာ ကိုယ်နဲ့နှုတ်ကို ထိန်းသိမ်းမှု သီလကို ဆိုလိုပါတယ်။
* ဣန္= ဆိုတာက မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်မှာ လောဘ၊ ဒေါသဆိုတဲ့ အကုသိုလ်တရားတွေ မဝင် အောင် စောင့်ရှောက်ခြင်းကို ဆိုလိုပါတယ်။
* ဘော= ဆိုတာကတော့ ဘောဇဉ်အစားအစာကို သတိ၊ အသိဉာဏ်နဲ့ အတိုင်းအရှည်ကို သိပြီး ဆင်ဆင်ခြင်ခြင် စားသောက်တာကို ဆိုလိုတာပါ။
* ဇာ= ဆိုတာက ဇာဂရိယ၊ နံနက်၊ နေ့ ညဆိုတဲ့ အချိန်တိုင်းမှာ သွား ရပ် ထိုင် အိပ်တဲ့အခါ ကုသိုလ်တရားတွေကို ပိတ်ပင်တတ်တဲ့ ကာမစ္ဆန္ဒ စတဲ့ နီဝရဏတရားတွေ မိမိစိတ်ထဲ ဝင်ရောက်မလာအောင် စိတ်ကို သုတ်သင်ရှင်းလင်းထားတာဟာ ဇာဂရိယ (နိုးကြားခြင်းနဲ့ယှဉ်တယ်) နိုးနိုး ကြားကြား နေတယ်လို့ ဆိုလိုပါတယ်။ (အံ၊ ပါ၊ ၁၊ ၃၄၈)

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသက်ရှည်ပြီး ကျန်းမာချင်တယ် ဆိုရင် သီ၊ ဣန္၊ ဘော၊ ဇာ ဆိုတဲ့ တရားလေးမျိုးကို ဆောင်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဘာကို ဆောင်ရမတဲ့လဲ?

(သီ၊ ဣန္၊ ဘော၊ ဇာ ကိုပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* သီ၊ ဣန္၊ ဘော၊ ဇာ၊ ဤလေးဖြာ၊ ကျန်းမာသက်ရှည်ကြောင်း။
* ဆေးဖိုး ဝါးခါ၊ မကုန်ရ၊ မုချအဆောင်ကောင်း။
* သက်ရှည်၊ ကျန်းမာ၊ ဘေးရောဂါ၊ ဝေးကွာအဆောင်ကောင်း။

ဆွမ်း။ သင်္ကန်း။ ကျောင်း။ ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ပြော ဟောလိုက်တာ တော်တော်လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဘုရားရှင်က ဒါယကာ၊ အဲဒီသင်္ကန်း။ ဆွမ်း။ ကျောင်း။ အိပ်ရာ နေရာ၊ ဆေးဆိုတဲ့ ပစ္စည်းလေးမျိုး ပြည့်စုံအောင် ဆောင်ရွက်လှူဒါန်းထောက်ပံ့သူဟာ

အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာ ဖြစ်စေတတ်တဲ့ လှူကျင့် ဝတ်ကို ကျင့်တဲ့သူဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ဘဝဇာတိုင်းမှာ အခြံအရံ အကျော်အစော ကောင်းကျိုးကို ရချင်တယ်ဆိုရင် ပြီးတော့ နတ်ပြည်မှာ ဖြစ်ချင်တယ်ဆိုရင် ပစ္စည်းလေးပါး ပေးလှူခြင်းဆိုတဲ့ လှူကျင့်ဝတ်ကို ကျင့်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတရားတော်ကို ကြည့်ပြီးတော့ လှူကျင့်ဝတ်လေးပါးလို့ ပြောမယ်ဆိုရင် လည်း ရပါတယ်။

ဘုရားက အကျဉ်းချုပ်အနေနဲ့ အောက်ပါအတိုင်း ဟောပြောတော်မူပါတယ်။

* ပညာရှိတွေဟာ ကိုယ်စိတ်ညီညွတ်ပြီး သီလရှိကြတဲ့ အလှူခံပုဂ္ဂိုလ်တွေကို သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ဆေးတွေ လှူရမယ်။ အဲဒီ ပစ္စည်းလေးပါး လှူဒါန်းခြင်းဟာ လှူကျင့်ဝတ်ကို ကျင့်ကြတာဖြစ်တယ်။

## တွေးတိုင်းနွေသ + ကုသိုလ်ရ

* အဲဒီလှူကျင့်ဝတ် ကျင့်နေသူတွေမှာ နွေရောညပါ ဘယ်ခါမဆို မိမိရဲ့ လှူ ကျင့်ဝတ် ကုသိုလ်လေးမျိုးကို တွေးလိုက်တိုင်း တွေးလိုက်တိုင်း အမှတ်ရ တိုင်း အမှတ်ရတိုင်း အမြဲတစေ ကုသိုလ်တွေရနေတယ်၊ ကောင်းမှု ကောင်း ကျိုး အမျိုးမျိုးတွေ တိုးပွားနေတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားနာမည်ပေးထားတာပါ။ ဘာတရား တဲ့လဲ?

('တွေးတိုင်း နွေသ+ကုသိုလ်ရ' တရားတော်ပါ ဘုရား)

ကုသိုလ်တွေ ပြုပြီးရင် ပြုပြီး ပြီးတာပဲလို့ သဘောမထားပါနဲ့၊ ပြုပြီးရင် ပြုပြီးတဲ့ ကုသိုလ်တွေကို တွေးရတယ်။ သတိရရတယ်။ တွေးရင် တွေးတိုင်း နွေသ ကုသိုလ်ရနေတယ်။ အမြဲနွေသ ကုသိုလ်ရနေတယ်လို့ အသိဉာဏ်ပေးတဲ့ တရားပါ။

## သေရင် နတ်ပြည် + ရောက်ရသည်

အဲဒီလှူကျင့်ဝတ်ကို ကျင့်သူတွေဟာ ကောင်းမြတ်တဲ့ ကောင်းမှုတွေကို ပြုပြီးတဲ့အတွက် သေတဲ့အခါမှာလည်း နတ်ပြည်ကို ရောက်ကြရပါတယ်လို့ အဆုံး သတ်အနေနဲ့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ပစ္စည်းလေးပါး လှူကြတဲ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('တွေးတိုင်း နေ့ည ကုသိုလ်ရ' တရားတော်ပါ ဘုရား)

အေး မိမိတို့ ကုသိုလ်တရားတွေကို အမြဲတစေ တွေးနေပါ။ သတိရနေပါ။ အမှန်ရနေပါ။ ကုသိုလ်တွေ အမြဲရနေမယ်၊ ကောင်းကျိုးတွေ အမြဲဖြစ်နေမယ်လို့ အသိဉာဏ်ပေးလိုက်ပါတယ်။

ဒီနေ့ ဟောတဲ့တရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ

* ပစ္စည်းလေးပါး လှူခြင်းဟာ လူ့ကျင့်ဝတ်ကောင်းဖြစ်တယ်။
* အခြံအရံ အကျော်အစောကို ရစေတယ်။
* နတ်ပြည်ကို ရောက်စေမယ်။
* တွေးတိုင်း နေ့ည ကုသိုလ်ရနေမယ်။
* အမြဲနေ့ည ကုသိုလ်ရနေမယ်ဆိုတာတွေကို တွေ့ရတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ကျောင်းဒကာအား။ မြတ်ဘုရား။ ဟောကြားလိုက်သည်မှာ။
* ပစ္စည်းလေးပါး။ သံဃာအား။ ကြိုးစားလှူခြင်းဟာ။
* လူတွေကျင့်အပ်၊ ကျင့်ဝတ်မြတ်၊ သိမှတ်စွဲမြဲစွာ။
* ပစ္စည်းလေးဝ၊ လှူပြီးက၊ နေ့ညတွေးကြပါ၊
* တွေးတိုင်း နေ့ည ကုသိုလ်ရ၊ ဟောပြတရားပါ။
* အမြဲနေ့ည၊ ကုသိုလ်ရ၊ ဟောပြတရားပါ။
* ခြံရံပေါ်ရ၊ သေဆုံးက၊ ရောက်ရနတ်ပြည်ပါ။

ဗုဒ္ဓကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာပုပ္ဖိယဝဂ်၊

သုမနာဝေဠိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး

ဟောကြား ပြောကြားအပ်သော

# "ချစ်ကြ ခင်ကြ + ပူဇော်ကြ"

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲသဘင်မှာ ဟောကြားမည့်တရားတော်ကတော့ "ချစ်ကြ ခင်ကြ+ပူဇော်ကြ" တရားတော်တဲ့။

ဘာတရားကဲ့လဲ?

('ချစ်ကြခင်ကြ+ပူဇော်ကြ' တရားတော်ပါ ဘုရား)

လူတွေဟာ များသောအားဖြင့် ကိုယ့်ကို သူတစ်ပါးက "မျက်နှာမြင် ချစ်ခင်စေချင်ကြတယ်"၊ "အသံကြား သနားစေချင်ကြတယ်" မဟုတ်လား။

(မှန်လှပါ ဘုရား)

ပူဇော်ဖွယ်ရာ အဖြာဖြာနဲ့လည်း ပူဇော်စေချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### စပေါင်းဗုဒ္ဓ + ပူဇော်ကြ

လောကရဲ့ အကြီးအမှူးဖြစ်တော်မူသော တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဝေဿဘူမြတ်စွာဘုရားကို လူတွေများစွာ စုဝေးစုပေါင်းပြီးတော့ ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြတယ်။ (အပဒါန၊ ပါ၊ ဒု ၃၀၁)

ဘယ်လုပ်နေ?

(ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြပါတယ် ဘုရား)

### ဦးဆောက်ပန်းပြု + ပူဇော်မှု

အဲဒီလို ပူဇော်ပွဲကြီး လုပ်နေချိန်မှာ သုမနာဝေဠိယမထေရ်အလောင်း

သူတော်ကောင်းဟာ အင်္ဂတေစိုင်ကို ပန်းတင်ရန် ပြုလုပ်ပြီးတော့ မြတ်လေးပန်းနဲ့ ဦးဆောက်ပန်း ပြုလုပ်ကာ မြတ်စွာဘုရားရဲ့ရှေ့မှာ တင်လှူပူဇော်ခဲ့တယ်။

## မေးလျှောက်ကြည့်ကြ + ပန်းလှလှ

လူတွေဟာ စည်းဝေးပေါင်းဆုံကြပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို မေးလျှောက်ကြပါတယ်။ ဘယ်လိုမေးလျှောက်ကြသလဲဆိုတော့ "မြတ်စွာဘုရား။ ဒီပန်းလှလှလေးကို ဘယ်သူပူဇော်ထားပါသလဲ"လို့ မေးလျှောက်ကြပါတယ်။ အဲဒီလိုမေးလျှောက်ကြပြီးတော့ မြတ်လေးပန်းနဲ့ စီမံပြုလုပ်ထားတဲ့ ဦးဆောက်ပန်းကို စိတ်ဝင်စားကာ ကြည့်ရှုနေကြပါတယ်။

ထူးထူးဆန်းဆန်းလေး၊ လှလှပပလေး စီမံထားတာ မြင်ရတော့ ဒကာ ဒကာမတွေ စိတ်မဝင်စားကြဘူးလား?

(စိတ်ဝင်စားကြပါတယ် ဘုရား)

စိတ်ဝင်စားတော့ ဒါ ဘယ်သူလှူပါသလဲလို့ မေးပြီးတော့ အားရပါးရ ကြည့်ရှုကြတယ်နော်။

(မှန်လှပါ ဘုရား)

## ပန်းလှူ စိတ်ကြည် + နိမ္မာပြည်

သူဟာ ပန်းလှူတဲ့စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နိမ္မာနရတိ နတ်ဘုံ ရောက်ရပါတယ်။

ဘယ်ကိုရောက်?

(နိမ္မာနရတိနတ်ဘုံပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ နတ်ပြည်ရောက်ချင်ရင် ထူးထူးဆန်းဆန်း ပန်းလှူပါ၊ ဘာလှူ?

(ထူးထူးဆန်းဆန်း ပန်းလှူရမှာပါ ဘုရား)

ရိုးရိုးလေး လှူရမှာလား။ ထူးထူးဆန်းဆန်းလေး လုပ်ပြီးတော့ လှူရမှာလား?

(ထူးထူးဆန်းဆန်းလေး လုပ်ပြီး လှူရမှာပါ ဘုရား)

ထူးထူးဆန်းဆန်းလေး လုပ်လှူတော့ စိတ်ထဲမှာ ပိုပြီးတော့ ကြည်လင် အားရ သဘောကျတယ်နော်။

(မှန်လှပါ ဘုရား)

လျှုတယ်၊ စိတ်ကြည်လင်တယ်၊ ဒီနှစ်ချက်ကြောင့် နိဗ္ဗာန်ရတိဘုံ ရောက်ရတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေကို မှာချင်တာက လှူပါ၊ စိတ်ကြည်လင်ပါလို့ မှာချင်ပါတယ်။

## ကောင်းကျိုးပေးတာ + ကုသိုလ်ပါ

မိမိကိုယ်တိုင် ရှေးက ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိကုသိုလ်ကံရဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒါလေးကို လွယ်လွယ်ပြောမယ်ဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံက ကိုယ့်ကို ကောင်းကျိုးတွေ ပေးတယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ကောင်းကျိုးရအောင် ကုသိုလ်လုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ကောင်းကျိုးပေးတာ ဘယ်အရာတဲ့လဲ?

(ကုသိုလ်ပါ ဘုရား)

## ချစ်ကြခင်ကြ + ပန်းဒါန

နောက်ပြီး သူရတဲ့ စိတ်ဝင်စားစရာ တကယ်ကောင်းတဲ့ ကောင်းကျိုးက ဘာလဲဆိုတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာဘဝတိုင်းမှာ လူတွေ၊ နတ်တွေရဲ့ ချစ်ခင်မှုကို ခံယူရတယ်တဲ့။

အဲဒီလို လူတွေ၊ နတ်တွေအားလုံးက ချစ်ခင်တာဟာ ပန်းပူဇော်ခဲ့တဲ့ ကုသိုလ်ကြောင့်ပါပဲတဲ့။

ဒီတော့ လူတွေ နတ်တွေက ချစ်ကြခင်ကြတာဟာ ဘာကြောင့်တဲ့လဲ?

(ပန်းဒါနကြောင့်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ပန်းဒါနကြောင့်ပဲ၊
လူ နတ်တွေက၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဘယ်ဒါနကြောင့်လဲ၊
ချစ်ကြခင်ကြ၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

ဒီနေရာလေးကို ကြည့်ပြီးတော့ "ချစ်ကြခင်ကြ" လို့ အမည်ပေးထားတာ နော်။

(မှန်လှပါ ဘုရား)

ကိုယ့်ကို လူတွေ နတ်တွေ ချစ်ခင်စေချင်တယ်ဆိုရင် ပန်းဒါနပြုရမယ်နော်။

(မှန်လှပါ ဘုရား)

## ဆဲရေးဖူးတာ + မသိပါ

ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းကြတဲ့ ရသေ့၊ ရဟန်းတွေကို သူဟာ ဆဲရေးမှုကို ပြုဖူးတယ်ဆိုတာ မသိခဲ့ဘူးပါဘူး။ (မဆဲရေးခဲ့ဖူးပါဘူး) တဲ့။

သူတော်ကောင်းအလုပ် အားထုတ်နေကြတဲ့ ရသေ့၊ ရဟန်းတွေဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းနေကြသူတွေ ဖြစ်တယ်။

အဲဒီ ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းနေကြတဲ့ ရသေ့၊ ရဟန်းတွေကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးနဲ့ မပြစ်မှားရဘူး။ မစော်ကားရဘူး၊ မဆဲရေးရဘူး နော်။ (မှန်လှပါ ဘုရား)

## ပြစ်မှား အပြစ်များ

တချို့က မေးချင် မေးကြလိမ့်မယ်။ ပြစ်မှားတော့ ဘာဖြစ်လဲ?

ပရိသတ်ရေ၊ ပြစ်မှားတော့ အပြစ်များတာပေါ့လို့ မှတ်ပါ။

ပြစ်မှားတော့?

(အပြစ်များပါတယ် ဘုရား)

ပြစ်မှားရင် ခုဆင်းရဲဆိုတဲ့ အပြစ်၊ နောင်ဆင်းရဲဆိုတဲ့ အပြစ်၊ ကိုယ်ဆင်းရဲ ဆိုတဲ့အပြစ်၊ စိတ်ဆင်းရဲဆိုတဲ့အပြစ်၊ အပါယ်ဆင်းရဲဆိုတဲ့ အပြစ်တွေ များမယ် နော်။ (မှန်လှပါ ဘုရား)

## မပြစ်မှားအပ် + ပုဂ္ဂိုလ်မြတ်များ

ဒီနေရာမှာ မပြစ်မှားထိုက်သူ ခင်ပွန်းကြီး ၁၀ ပါး ကို ပြောချင်ပါသေးတယ်။

၁။ ဘုရား။

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ရဟန္တာ၊

၄။ အဂ္ဂသာဝက၊

၅။ အမိ၊
၆။ အဖ၊
၇။ ဆရာ၊
၈။ လေးစားထိုက်သောပုဂ္ဂိုလ် (အသက်၊ ဂုဏ် ဝါကြီးသူများ)၊
၉။ တရားဟောသူ၊
၁၀။ ကျွေးမွေးပြုစုထောက်ပံ့ လှူဒါန်းပေးကမ်းသူတွေပါပဲ။

## ပြစ်မှားသူအား + ဒဏ် ၁၀ ပါး

အဲဒီမပြစ်မှားထိုက်သူတွေ ပြစ်မှားရင် ဒဏ် ၁၀ ပါးမှ တစ်ပါးပါး ရောက်လာတတ်တယ်။

အဲဒီ ဒဏ် ၁၀ ပါးကတော့–

၁။ ခေါင်းကိုက်၊ ခေါင်းခဲခြင်းစတဲ့ ကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။
၂။ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးတတ်တယ်။
၃။ လက် ခြေ ပြတ်ခြင်းစတဲ့ ကိုယ်အင်္ဂါပျက်စီးတတ်တယ်။
၄။ ဆွံ့အခြင်း၊ ကွေးကောက်ခွင်ခြင်း၊ နူနာစတဲ့ ရောဂါကြီးတွေ ဖြစ်လာတတ်တယ်။
၅။ ရူးတတ်တယ်။
၆။ မင်းဘေးနဲ့တွေ့ရတတ်တယ်။
၇။ ကြမ်းတမ်းတဲ့ စွပ်စွဲခြင်း ခံရတတ်တယ်။
၈။ မိမိမှီခိုအားထားရတဲ့ ဆွေမျိုးတွေ သေဆုံးပျက်စီးတတ်တယ်။
၉။ အသုံးအဆောင်ပစ္စည်းဥစ္စာများ အလိုအလျောက် ကွယ်ပျောက်ပြုန်းတီး ပျက်စီး ပြောင်းလဲသွားတတ်တယ်။
(စပါးစသည် ပုပ်ဆွေးသွားတာ၊ ရွှေဟာ မီးသွေးဖြစ်သွားတာ၊ ပုလဲဟာ ဝါစေ့ဖြစ်သွားတာ၊ ငွေဟာ အိုးခြမ်းကွဲဖြစ်သွားတာမျိုးကို ဆိုလိုတယ်။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ ပျက်စီးကန်းတာ၊ လက် ခြေ ကွေးကောက်သွားတာတွေကို ဆိုလိုပါတယ်)
၁၀။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ် နေအိမ်ကို မီးလောင်ခံရထတ်ပါတယ်။ မိုးကြိုးလောင်မီး ကျတတ်တယ်။ (မှေပဒ၊ ၄၊ ၁၊ ၁၁၅)

## မဃဒေဝ + လင်္ကာလု

မဃဒေဝလင်္ကာသစ် ရေးသားတော်မူတဲ့ မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝမှာ အောက်ပါအတိုင်း လင်္ကာရေး ဆုံးမတော်မူခဲ့ပါတယ်။

၁။ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား။
၂။ လျော့ပါးစည်းစိမ်၊
၃။ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊
၄။ ကျိုးပျက်အင်္ဂါ၊
၅။ နူနာ၊
၆။ စိတ်ဖောက်၊
၇။ ကျရောက်မင်းဒဏ်၊
၈။ မမှန်စွပ်စွဲ၊
၉။ ပြိုကွဲမျိုးဆွေ၊
၁၀။ ရွှေငွေကွဲ့ပြား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ လားတို့ရာ၏'' တဲ့။
(မဃဒေဝ ၁၈၈)

## ဇော်ကား + ချော်သွား

မပြစ်မှားရဘူး။ ပြစ်မှားရင် အပြစ်များတာ ပြောပြီးတော့ မဇော်ကားရဘူး ဆိုတာပါ၊ ဇော်ကားရင် စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေ၊ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ ချော်သွားတတ်တယ်နော်။

(မှန်လှပါ ဘုရား)

ဇော်ကားရင် ဘာတဲ့လဲ?

(ချော်သွားတတ်ပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ တစ်ခုခုချော်နေပြီဆိုရင် သတိသာထားပေတော့။ ပြစ်မှား မိတာတွေ၊ ဇော်ကားမိတာတွေ ရှိရင် ကန်တော့ပေတော့။

## ဆဲရေး + မလှဲဘေး (မနည်းဘေး)

မဆဲရေးရဘူး။ ဆဲရေးရင်တော့ မလွဲဘေးတွေ့မယ်၊ မနည်းတဲ့ (များတဲ့) ဘေးတွေနဲ့ တွေ့မယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## လူနတ်တွေက + ပူဇော်ကြ

သူဟာ အဲဒီကောင်းသောအကျင့်နဲ့ စိတ်ရဲ့တောင့်တမှုတွေကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ လူဖြစ်ရင် လူတွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြတယ်။ နတ်ဖြစ်ရင်လည်း နတ်တွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြပါတယ်တဲ့။ အဲဒီလိုလူတွေ့ နတ်တွေအားလုံးက ပူဇော်ကြတဲ့ ကောင်းကျိုးရရှိတာဟာ မဆဲရေးခြင်းကြောင့် ရရှိတဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

လူတွေ၊ နတ်တွေက သူ့ကို ပူဇော်ကြတာဟာ ဘာ့ကြောင့်တဲ့လဲ?

(မဆဲရေးခြင်းကြောင့်ပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီး တရားအမည်ပေးထားတာက?

(ပူဇော်ကြပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
ဟောပါ ဘာ့ကြောင့်လဲ။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
မဆဲတာကြောင့်ပဲ။

## သဟာသရ + မင်းစကြ

ဒီဘဒ္ဒကမ္ဘာမှာ တစ်ဆယ့်တစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်လေဘိ ဗိုလ်ပါအင်အားရှိတဲ့ သဟာသရမည်တဲ့ စကြဝတေးမင်းဖြစ်ခဲ့ဖူးတယ်တဲ့။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် မြတ်ရဟန္တာ ဖြစ်ရပါတယ်။

## ပေါ်ပြီ + တော်ပြီ

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို အဓိက အသိဉာဏ်ပေး ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

(ချစ်ကြခင်ကြ+ပူဇော်ကြ) တရားပါ ဘုရား။

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

## အကျဉ်းချုပ်ပြ + သုဘာ၀

ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ ပန်းဒါနကြောင့်။

၁။ နိဗ္ဗာနရတိ နတ်ပြည်ရောက်ရခြင်း။
၂။ လူ နတ်တွေက ချစ်ကြခင်ကြ ခစ်ခင်ကြခြင်း။
၃။ မဆဲရေးခြင်းကြောင့် လူတွေ နတ်တွေက ပူဇော်ကြခြင်း။
၄။ သဟာသရစကြ၀တေးမင်း ဖြစ်ရခြင်း။
၅။ အပါယ်လေးပါး လွတ်ရခြင်း။
၆။ နောက်ဆုံး ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေကို တွေ့ရတယ်နော်။
(မှန်လှပါ ဘုရား)

## တရားသိမ်းကဗျာ + လိုက်ဆိုပါ

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* နိဗ္ဗာဘုံမှာ၊ ရောက်ရတာ၊ ကြည်သာပန်းလှူကျိုး။
* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဒါနပန်းလှူကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ မှတ်ကြ မဆဲကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ ဟောပြ မဆဲကျိုး။
* သဟာသရ၊ မင်းစကြ၊ ဖြစ်ရပန်းလှူကျိုး။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ ဒါနပန်းလှူကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကြည်သာပန်းလှူကျိုး။

သာဓု၊ သာဓု၊ သာဓု။

## တရားအမည်ပေးရာ၌–

* လူ နတ်တွေက+ချစ်ခင်ကြ၊
* လူ နတ်တွေက+ပူဇော်ကြ၊
* လူ နတ်ချစ်ဆေး+ပူဇော်ရေး၊
* ဖြစ်ရာမှာ ချစ်တာခံချင်ရင်ဖြင့် စသည်အမည်ပေးကာ ဟောပြောပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနိဝဂ်၊.

သယနဒါယကတ္ထေရအပဒါန်ကို ထုန်ဆာဆင်၍ ဟောကြားအပ်သော

## "ကောင်းကင်အိပ်ပြီး + မြေကြီးဆောင်နိုင်+ စိုးရပိုင်"

တရားတော်

ဒီနေ့ ဦး (    ) ဒေါ် (    ) မိသားစုတို့ရဲ့ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ ကုလားထိုင်၊ အခင်း၊ ဖျာသတဲ့ အိပ်ရာ နေရာတွေ လှူတဲ့ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

('ကောင်းကင်အိပ်ပြီး+မြေကြီးဆောင်နိုင်+စိုးရပိုင်' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### အထူးကြည်သာ + လှူနေရာ

သယနဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ လူအားလုံးကို အစဉ်သနားတော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားကို အထူးကြည်ညိုတဲ့စိတ်နဲ့ ညောင်စောင်း အင်းပျဉ်နေရာ ပေးလှူခဲ့တယ်။

### စည်းစိမ်ပေါရ + သူ့ဘဝ

သူဟာ ညောင်စောင်းအင်းပျဉ်ကို ပေးလှူခြင်းနဲ့ လယ်ယာမြေကောင်း သဖွယ်ဖြစ်တဲ့ သာသနာတော်မှာ ကုသိုလ်မျိုးစေ့ ပြည့်စုံအောင် စိုက်ပျိုးခဲ့တဲ့အတွက် စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခဲ့တယ်။ အဲဒီလို စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခြင်းဟာ ညောင်စောင်းအင်းပျဉ် နေရာကို လှူရတဲ့အကျိုးပဲ ဖြစ်တယ်။

ဒီတော့ ပရိသတ်ရေ စည်းစိမ်ဥစ္စာတွေ များစွာရရှိချင်တယ်ဆိုရင် စေတနာတွေ ထားပြီးတော့ ညောင်စောင်းအင်းပျဉ်ဆိုတဲ့ နေရာတွေ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကင်သွားနိုင်+အိပ်ပြုနိုင်

နောက်ပြီးတော့ သူဟာ ကောင်းကင်မှာ သွားနိုင်၊ အိပ်နိုင်တဲ့ ချမ်းသာမျိုးကိုလည်း ရတယ်တဲ့။

ကောင်းကင်မှာ သွားနိုင်တယ်၊ ကောင်းကင်မှာ အိပ်ပြုနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ 'ကောင်းကင်အိပ်ပြီး' ဆိုတဲ့အမည်လေးကို ပေးထားတာပါ။

## မြေကြီးပိုင်ပိုင် သူဆောင်နိုင်

နောက်ပြီးတော့ ဒီမြေကြီးကို ဆောင်နိုင်တယ်တဲ့။ ဒီစကားလေးကို ယူပြီးတော့ 'မြေကြီးဆောင်နိုင်' အမည်ပေးထားတာ ဖြစ်တယ်။

## သတ္တဝါတွေ စိုးရပေ

နောက်ပြီးတော့ သတ္တဝါတွေကို အစိုးရပိုင်ဆိုင်ရတယ်တဲ့။ ဒီနေရာလေးကို ကြည့်ပြီးတော့ 'စိုးရပိုင်' ဆိုတဲ့ အမည်ပေးထားတာ ဖြစ်တယ်။

အဲဒီကောင်းကင်မှာ သွားနိုင်တဲ့၊ အိပ်နိုင်တဲ့ ကောင်းကျိုး၊ မြေကြီးကို ဆောင်နိုင်တဲ့ ကောင်းကျိုး၊ သတ္တဝါတွေကို အစိုးရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရတာဟာ ညောင်စောင်းအခင်းယှဉ်နေရာလှူခဲ့တာကြောင့် ရတာနော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ+ဖြစ်ရရှာ

နောက်ပြီးတော့ ကမ္ဘာ ၅၀၀၀ ထက်မှာ တန်ခိုးကြီးတဲ့ စကြာမင်း ရှစ်ကြိမ် ဖြစ်ဖူးတယ်။

၃၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တဲ့ ဗိုလ်ပါအင်အားရှိတဲ့ စကြာမင်းလေးကြိမ် ဖြစ်ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ မြတ်စွာဘုရား တရားတော် နာကြားကြည်ညို ကာ ရဟန်းပြုလာတယ်။ ဝိပဿနာတရား အားထုတ်တယ်။ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း သဃနဒါယကမထေရ် ရရှိတဲ့ ကောင်းကျိုးတွေ ရရှိမှာမလွဲပါဘူးလို့ ဝမ်းမြောက်ဖွယ်ရာ တရားစကား ပြောကြားခဲ့ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားအား
ကြည်ညိုစိတ်ထား ညောင်စောင်းလှူ။
* စည်းစိမ်ဥစ္စာ တကယ်ပေါရ
ဖြစ်ရာချောလှ ပြည့်စုံသူ။
* ကောင်းကင်မှာလေ အိပ်နိုင်ပြီးတော့
မြေကြီးကိုလည်း ဆောင်နိုင်သူ။
* သတ္တဝါတွေ အကျိုးရဖို့
အစိုးရလည်း ပြုနိုင်သူ။
* မင်းမြတ်စကြာ တကယ်ဖြစ်ရ
အပါယ်လွတ်ရ+ရဟန္တာ။
* ညောင်စောင်းအင်းပျဉ် နေရာထူးကို
သေချာလှူဖူး ကောင်းကျိုးပါ။
* ကောင်းကျိုးရတာ တကယ်သိလို့
တကယ်ကြည့်ကာ ပေးလှူပါ။

(ဖွေးဖြူသဒ္ဒါ)၂

ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင် တရားတော်ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တေဝဒုမိယဝဂ်၊ ဓဇဒါယကထေရ
အပဒါန်ကို ကန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "တံခွန်လှူရ+ကောင်းကျိုးလှ"

တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ တံခွန်လှူပွဲမှာ ဟောကြားမည့် တရားတော်က "တံခွန်လှူရ+ကောင်းကျိုးလှ" တရားတော်ပဲ။

ဘာတရားတဲ့လဲ?

('တံခွန်လှူရ+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

## တံခွန်ဆိုတာ+သိစရာ

တံခွန်ဆိုတာ ဘာလဲ။ ဒါအရင်သိဖို့လိုတယ်။ တံခွန်ဆိုတာ ဘုရားအနီး၊ ကျောင်းအနီးမှာ မြင့်မြင့်လေးလွှင့်ထူပြီး ထားရတဲ့အရာကို တံခွန်လို့ခေါ်တယ်။

(မြန်မာအဘိဓာန်၊ ၁၄၇)

## တံခွန်တင်လှူ+ပူဇော်သူ

လောကရဲ့အကြီးအမှူးဖြစ်ပြီး လူတွေထက် မြတ်တော်မူတဲ့ တိဿမြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီတိဿမြတ်စွာဘုရားရဲ့ ဥပဓိသုံးပါး ကုန်ခန်းတာကို သိမြင်ပြီးတော့ ဓဇဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ တိဿမြတ်စွာဘုရားမှာ တံခွန်ကို တင်လှူပူဇော်ခဲ့တယ်။

## တာဝတိံသာ ရောက်ရရှာ

ကောင်းစွာပြုလုပ်တဲ့ ကောင်းမှုကံနဲ့ စေတနာတောင့်တမှုတွေကြောင့် သူဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည် ရောက်ရပါတယ်။

ဒီတော့ တာဝတိံသာနတ်ပြည်ရောက်ရတာဟာ တံခွန်လှူရတဲ့ ကောင်းကျိုးလှ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နတ်မင်းစကြာ+ကြိမ်များစွာ

နောက်ပြီးတော့ အကြိမ် ၃၀၀ နတ်မင်းဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာမင်း ဖြစ်ရတယ်။

ဒီကောင်းကျိုးလှတွေဟာ တံခွန်လှူရတဲ့ ကောင်းကျိုးတွေပဲနော်။

(မှန်လှပါ ဘုရား)

## ပဒေသရာဇာ မရေသာ

နောက်ပြီးတော့ ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ ရေတွက်လို့ မရအောင် ဖြစ်ရပါတယ်တဲ့။ ဒီကောင်းကျိုးလှ ရရှိတာဟာလည်း ရှေးက မိမိကိုယ်တိုင် ကောင်းစွာပြုခဲ့တဲ့ ကောင်းမှုကံကြောင့်ပါပဲ။

## အပါယ်လေးဝ ကွယ်ဝေးရ

သူဟာ ဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာတော့ တံခွန်လှူတဲ့ ကောင်းမှုကံ ကို ပြုခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတာ မသိဘူးပါဘူးတဲ့။

ဒီကောင်းကျိုးလှဟာလည်း တံခွန်လှူရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## အလိုရှိပိုင်+ဖုံးလွှမ်းနိုင်

သူဟာ ယနေ့ပဲ အလိုရှိရင် ဟိမဝန္တာတောနဲ့တကွ စကြဝဠာတောင်နဲ့တကွ သော အရပ်ကို ခေါ်မတိုင်းမှာဖြစ်တဲ့ ပုဆိုးတွေနဲ့ ဖုံးလွှမ်းနိုင်တယ်တဲ့။

တော်တော်အံ့သြစရာကောင်းတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီလိုဖြစ်ရခြင်း။ ဒီလိုအံ့သြစရာကောင်းတဲ့ ကောင်းကျိုးလှတွေကို ရရှိတာ ဟာ သူကိုယ်တိုင် ပြုခဲ့တဲ့ တံခွန်ဒါနကြောင့်ပါပဲတဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်

ခြောက်ပါးပိုင်ရှင် ဓဒေါယက ဆိုတဲ့ ရဟန္တာတစ်ပါး ထင်ထင်ရှားရှား ဖြစ်လာပါ တယ်။

## ကောင်းကျိုးလှတွေ သိနိုင်စေ

ဒီနေ့ တံခွန်လှူနေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း တံခွန် လှူတာဟာ ဒီလိုကောင်းကျိုးလှတွေ ရနိုင်တယ်ဆိုတာ သိနိုင်ပါစေလို့ ရည်ရွယ် ပြီးတော့ ဟောကြားလိုက်ပါတယ်။

## အချုပ်မှတ်ဖွယ် ကဗျာချယ်

ကဲ- လင်္ကာလေးတွေ နဲ့ တရားသိမ်းကြရအောင်။

* တာဝတိံသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
တာဝတိံသာ၊ ရောက်ရတာ၊ တံခွန်ဒါနပဲ။
* နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။
* စကြာဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
စကြာဖြစ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။
* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
ပဒေသရာဇာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
* အပါယ်လွတ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
အပါယ်လွတ်ရ ကောင်းကျိုးလှ၊ တံခွန်ဒါပဲ။
* ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။
* စကြဝဠာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
စကြဝဠာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
တံခွန်လှူရ၊ ကောင်းကျိုးလှ၊ ဟောပြတရားပဲ။

"တံခွန်လှူရ၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဇာတိဒါယကထေဝ်၊ ကေသဝတ္ထိယထွေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# "ထီးဖြူဆောင်းရ+သူ့ဘဝ"
## တရားတော်

ဒီနေ့ ဦး (  ) ဒေါ် (  ) မိသားစုတို့ရဲ့ ထီးလှူပွဲမှာ ဟောကြားမည့် တရားတော်က "ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ထီးဖြူဆောင်းရ+သူ့ဘဝ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### နေပူချိန်ကြွ+မြတ်ဗုဒ္ဓ

မြေကြီးဟာ မီးကျီးလို ဖြစ်နေတယ်။ မြေပြင်ကြီးဟာ ပြာပူလို ဖြစ်နေတယ်။ တအားပူတယ်ဆိုတာကို တင်စားပြီးတော့ ပြောနေတာတော်။

(မှန်လှပါ ဘုရား)

အဲဒီလို တအားပူပြင်းနေတဲ့ အချိန်မှာ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ လွင်တီးခေါင်မှာ စကြံကြွတော်မူတယ်။

### ဘုရားတွေ့မြင် နှစ်သက်အင်

ကေသဝတ္ထိယမထေရ်အလောင်း သူတော်ကောင်းဟာ ထီးဖြူကိုယူပြီးတော့ ခရီးရှည် ခရီးဝေးသွားနေတယ်။ လမ်းခရီးမှာ မြတ်စွာဘုရားကို မြင်ရတော့ သူ့မှာ အားရနှစ်သက်ခြင်း ဖြစ်ပေါ်လာတယ်။

### လေမှန်တိုင်းတွေ တိုက်ခတ်နေ

မြေကြီးဟာ တံလျှပ်တွေနဲ့ ဖုံးလွှမ်းနေတယ်။ ဒီမြေကြီးဟာ မီးကျီးလို

ဖြစ်နေတယ်။ ကိုယ်အသက်ကို ကုန်ခန်းစေတဲ့ လေမုန်တိုင်းတွေကလည်း တိုက်ခတ်နေကြတယ်။

## အပူငြိမ်းရေး ထီးလှူပေး

အအေး အပူ အားလုံးကို ပယ်ဖျောက်နိုင်ပြီး လေနေပူကို တားမြစ်နိုင်တဲ့ ဒီထီးကို အလှူခံတော်မူပါ၊ အပူတွေ ငြိမ်းအေးခြင်းကို တွေ့ထိစေလိုပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဒကာ ဒကာမတွေလည်း ထီးလှူတဲ့အခါမှာ ဒီလိုစိတ်ထားကောင်းလေးတွေ ထားပြီး လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ကြံသိပြန် ထီးအလှူခံ

အစဉ်သနားစောင့်ရှောက်တော်မူတတ်တဲ့ မဟာကရုဏာရှိတော်မူတဲ့ အခြံအရံ များပြားတဲ့ ပဒုမုတ္တရမြတ်စွာဘုရားဟာ ထီးအလှူရှင် သူ့ရဲ့စိတ်အကြံကို သိပြီးတော့ အလှူခံတော်မူတယ်။

## သိကြားစကြာ+ကြိမ်များစွာ

သူဟာ ကမ္ဘာ ၃၀ ပတ်လုံး နတ်တွေကို အစိုးရတဲ့ သိကြားနတ်မင်း ဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာဝတေးမင်း ဖြစ်ရတယ်။

## ပဒေသရာဇ် ရေမဖြစ်

ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။ ရှေးက ကိုယ်တိုင်ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိရဲ့ကောင်းမှုအကျိုးကို ခံစားရတယ်တဲ့။

## ထီးဖြူဆောင်းရ သူ့ဘဝ

ဒီဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်။ ငါ့အတွက် နောက်ဆုံးဘဝဖြစ်တယ်လို့လည်း ဝမ်းသာကြည်နူး ဥဒါန်းကျူးနေတယ်။ ယခုဘဝမှာလည်း ထီးဖြူဟာ သူ့ကို အမြဲတစေ ဆောင်းမိုးနေတယ်တဲ့။

ဒီနေရာလေးကြည့်ပြီးတော့ "ထီးဖြူဆောင်းရ+သူ့ဘဝ" ဆိုတဲ့ တရားအမည် ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(ထီးဖြူဆောင်းရ သူ့ဘဝပါ) တရားတော်ပါ ဘုရား။

## အပါယ်လေးပါး သုမသား

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်မှာ ထီးလျှုခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရတဲ့ ကောင်းကျိုး ရတယ်နော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ထီးလှူ ထီးတော်၊ ထီးပူဇော်ရတဲ့ ဒကာ ဒကာမတွေလည်း ဒီကောင်းကျိုးတွေရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးရင်း ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားကို
သေချာသူကား ထီးပေးလှူ။

* သိကြား စကြာ ခါခါဖြစ်ရ
ပဒေသရာဇာ များစွာဟူ။

* ဘဝဖြစ်ရာ ထီးဖြူဆောင်းရ
အပါယ်ဘေးမှ ကင်းဝေးသူ။

* နောက်ဆုံးသေချာ ရဟန္တာဖြစ်ရ
ထီးလှူဒါန ကောင်းကျိုးဟူ။

* ဘဝဖြစ်ရာ ထီးဖြူရဖို့
သေချာနှေးည မြတ်ထီးလှူ

**"ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော် ပြီးပြီ။**

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သုပါရိစရိယဝဂ်၊

ခဏ္ဍကဒါယကတ္ထေရအပဒါနကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "လိုရာပြည့်ဝ+ဝမ်းမြောက်ရ"

## တရားတော်

ဒီနေ့ ဦး (  ) ဒေါ် (  ) မိသားစုတို့ရဲ့ သစ်သီးခဲဖွယ် အသွယ်သွယ် ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('လိုရာပြည့်ဝ+ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### သစ်သီးခဲဖွယ် လှူခဲ့တယ်

ခဏ္ဍကဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ ရှေးတုန်းက တိဿမြတ်စွာဘုရားကို သရက်သီး၊ သပြေသီးစတဲ့ သစ်သီးတွေ ပေးလှူခဲ့ဖူးတယ်။ အုန်းသီးလည်း ပေးလှူခဲ့ဖူးတယ်၊ ပျားရည်စသည်တို့နဲ့ ကောင်းစွာစီရင်ထားတဲ့ ခဲဖွယ်ကိုလည်း ပေးလှူခဲ့ဖူးတဲ့ယ်။

### လိုရာပြည့်ဝ ဝမ်းမြောက်ရ

သူဟာ မြတ်တဲ့သီလက္ခန္ဓစတဲ့ ကျေးဇူးကို ရှာမှီးတော်မူတဲ့ တိဿမြတ်စွာဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေ ပေးလှူခဲ့တဲ့ကောင်းမှုကြောင့် အလိုရှိတဲ့ ကာမဂုဏ်တွေ ရရှိကာ ဝမ်းမြောက်ခဲ့ရတယ်တဲ့။

ဒီတော့ သူလိုချင်တဲ့ ကာမဂုဏ်တွေ ရရှိတော့ သူ့စိတ်ထဲ ဝမ်းမြောက် ဝမ်းသာရတယ်နော်။

(မှန်လှပါ ဘုရား)

သူ့ပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် လိုချင်တာတွေရပြီး လိုရာပြည့်ဝရင် ဝမ်းမြောက်ရတယ် မဟုတ်လား။

E·17A

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတဲ့ တရားပါ။ ဘာ တရားတဲ့လဲ။

('လိုရာပြည့်ဝ ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

## လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါ

ဒီနေ့ ဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေနဲ့ ဆက်ကပ်နေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါဘူး လို့ အသိဉာဏ်ပေးခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## မှာချင်တယ် ဒီစကား

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ လိုချင်တဲ့ ကာမဂုဏ်တွေရ ဝမ်းမြောက် ချင်ကြတယ်ဆိုရင် ရတနာသုံးပါးကို သစ်သီး ခဲဖွယ်တွေ လှူဖို့ မမေ့ပါနဲ့လို့ မှာ ချင်ပါတယ်။

ကိုယ်လိုချင်တဲ့ ကာမဂုဏ်တွေ၊ လိုရာတွေ မပြည့်ဝသေးဘူးဆိုရင် ဘုရား ကို မကြာမကြာ သစ်သီးကပ်၊ ခဲဖွယ်တွေသာ ကပ်ပါလို့ ထပ်ပြီးမှာခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ခွဲစိတ်သေချာ ဆက်ကပ်ပါ

သစ်သီးကပ်တဲ့အခါမှာလည်း သေသေချာချာ ရွေးဆေးပြီးတော့ ခွဲစိတ် ပြီး ကပ်ပါ။ ကိုယ်ဘယ်လိုစားလဲ? ကိုယ်စားသလို ခွဲစိတ်ပြီး ကပ်ပါ။ ခုတွေ့ရတာ တွေကတော့ ငှက်ပျောသီး အဖီးလိုက်၊ ကျွဲကောသီး၊ ပန်းသီး အလုံးလိုက် ဖြစ်နေ တွေ့နေရတယ်၊ ဒါတွေဟာ ပြုပြင်သင့်တဲ့အရာတွေပါ။

## အပါယ်လေးပါး လွတ်မြောက်သွား

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ သစ်သီး၊ ခဲဖွယ်လှူခဲ့တဲ့အခါမှစပြီးတော့ အပါယ်လေးပါး မရောက်ရခြင်းဟာ သစ်သီးလှူခဲ့တဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

ဒီတော့ အပါယ်လေးပါး လွတ်ချင်ရင်လည်း သစ်သီး ခဲဖွယ် လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ၁၃ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ ဗိုလ်ပါအင်အား အလွန်များတဲ့ "ဣန္ဒသမ"မည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ရှေးအခါမှာ တိဿဘုရားကို
စိတ်လှတွေထား သစ်သီးလှူ။
* အုန်းသီးလည်းပါ ခဲဖွယ်များကို
လေးလေးစားစား ကောင်းစွာလှူ။
* လိုရှိကာမာ အကုန်ရလို့
ဝမ်းမြောက်နေ့ည ပြည့်စုံသူ။
* အပါယ်ဘေးတွေ ကင်းစင်ဝေးရ
မင်းမြတ်စကြ ဖြစ်ရသူ။
* နောက်ဆုံးတော့လေ ရဟန္တာဖြစ်ရ
သေချာစစ်က သစ်သီးလှူ။

"လိုရာပြည့်ဝ+ဝမ်းမြောက်ရ" တရားတော် ပြီးပြီ။

ချုဒ္ဒတနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနိဝဂ်၊ ဝဍ္ဍဒီဝတဏ္ဍေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “ယူဇနာတစ်ရာ ဝေးသော်လည်း”

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ယုံကြည်ဖြောင့်မတ် + ပုဂ္ဂိုလ်မြတ်

ဒီပဍ္ဍဒီပကမထေရ်အလောင်း သူတော်ကောင်းဟာ သတ္တဝါအားလုံးကို အစဉ်သနားတော်မူတတ်တဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့ တရားတော်မှာ ယုံကြည်သူ၊ ဖြောင့်မတ်တဲ့ အယူရှိသူဖြစ်ခဲ့တယ်။

ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ရတာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရလို့ ဖြစ်တာနော်။

(မှန်လှပါ ဘုရား)

### မှာချင်တယ် ဒီစကား

ဒါကြောင့် မှာချင်တာက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာမပျင်း ပါနဲ့လို့ မှာချင်တာပါပဲ။

### ကံ ကံကျိုးယုံ+သူလျှပုံ

လူတွေဟာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတယ်။ သူမြင်ရတော့ သူ

လည်းပဲ ကိုယ်တိုင်ကိုယ်ကျ အဲဒီထင်းရှူးဗောဓိပင်ကို ခြံရံပြီးတော့ ဆီမီးအလှူ ပေးလှူခဲ့တယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီးတော့ ဆီမီးတွေကို ညှိထွန်းပူဇော် ခဲ့တယ်တဲ့။

## သူပေးလှူတာ + နည်းယူပါ

ဒီနေရာမှာ သူ့ရဲ့လှူပုံလေးကို နည်းယူမှတ်သားသင့်တယ်။ ကံ ကံရဲ့အကျိုး ကို ယုံကြည်ပြီးတော့ လှူတယ်ဆိုတဲ့ လှူနည်းနော်။

(မှန်လှပါ ဘုရား)

## ကုသိုလ်ဖြစ်ဖို့လို

လှူနေချိန်လေးမှာ ကံ ကံရဲ့အကျိုးကို သိမြင်ပြီးတော့ ဉာဏ်နဲ့လှူရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အကောင်းဟိတ်သုံးပါး ပါဝင်သွားတဲ့အတွက် 'တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါန' ဖြစ်သွားတယ်။

တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါနဖြစ်တော့ ဘာဖြစ်လဲ။ ဘဝတိုင်း ပညာ တော်မယ်၊ ပညာကျော်မယ်၊ ပညာနဲ့ပတ်သက်ရင် ပေါ်လွင်ထင်ရှားမယ်၊ ပညာ ကြီးမယ်၊ သတ်မှတ်ထားတဲ့ လောကီ လောကုတ္တရာကိစ္စကြီးငယ် အသွယ်သွယ်တွေ အောင်မြင်ပြီးမြောက် ခရီးရောက်မယ်။

ကံ ကံရဲ့အကျိုးကို မသိမမြင်ရင်တော့ အလောဘ၊ အဒေါသဆိုတဲ့ ဟိတ် ကောင်း နှစ်ပါးသာ ပါဝင်တဲ့အတွက် ဒွိဟိတ်ကုသိုလ်၊ ဒွိဟိတ်ဒါန ဖြစ်သွားတယ်။

ဒီတော့ ဘယ်ကုသိုလ်ကိုပဲလုပ်လုပ် တိဟိတ်ကုသိုလ်ဖြစ်အောင် လုပ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ကုသိုလ်ပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။

* ကုသိုလ်ပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။

## ကောင်းကင်မှာဆောင် ဆီမီးရောင်

သူဟာ နတ် လူ့ဘဝ၊ ဖြစ်လေရာမှာ ကောင်းကင်မှာ ဆီမီးရောင်ကို ဆောင်နိုင်တယ်။ ဒီကောင်းကျိုးဟာ ဆီမီးလှူခဲ့တဲ့ ကောင်းကျိုးကြောင့်ပဲဖြစ်တယ်။

## ယူဇနာတစ်ရာ ဝေးသော်လည်း

နောက်ပြီးတော့ နံရံတစ်ဖက်၊ ကျောက်တောင်တစ်ဖက်၊ မြေတောင်တွေကို ကျော်လွန်ပြီးတော့ သူဟာ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒီတော့ ဆီမီးအလှူဟာ ယူဇနာတစ်ရာဝေးသော်လည်း အဲဒီယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားက ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားပါဘုရား)

ဒီတော့ ဆီမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီးစတဲ့ မီးအလှူတွေသာ လှူထားရင် ယူဇနာတစ်ရာလောက် ဝေးပါစေ၊ ယူဇနာတစ်ရာလောက်တော့ အေးအေးဆေးဆေး မြင်နိုင်ပါတယ်။

## နိဗ္ဗာန်ရောက်ပြန် ကံကြွင်းကျန်

သူဟာ ကြွင်းကျန်တဲ့ကံကြောင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ရပါတယ်။ ခြေနှစ်ချောင်းရှိသူ လူတွေကို အစိုးရတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အဆုံးဖြစ်တဲ့ကိုယ်ကို ဆောင်ရပါတယ်။

## မင်းမြတ်စကြာ ဖြစ်ရရှာ

၁၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တန်ခိုး အမျိုးမျိုးရှိတဲ့ "သတစက္ခု" လို့ တူတဲ့အမည်ရှိတဲ့ စကြာဝတေးမင်း ဖြစ်ခဲ့ဖူးပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## ကောင်းကျိုးပိုင်ပိုင် ရရှိနိုင်

ဒီနေ့ ဆီမီး ၁၀၀၀ ပူဇော်နေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း ဒီမထေရ်ရတဲ့ ကောင်းကျိုးတွေ ရရှိနိုင်ပါတယ်လို့ အသိဉာဏ်ပေးခဲ့ပါတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ပဒုမုတ္တရာမြတ်ဘုရား၏
ထင်းရှူးဗောဓိ ဆီမီးလှူ။
* လူ နတ် ဖြစ်ရာ ကောင်းကင်ကြီး၌
ဆီမီးရောင်ကြီး ဆောင်နိုင်သူ။
* ယူဇနာတွေ တစ်ရာဝေးလည်း
အေးအေးဆေးဆေး မြင်နိုင်သူ။
* နိဗ္ဗာန်ရောက်ကာ စကြာဖြစ်လို့
ရဟန္တာစစ် ဖြစ်တော်မူ။
* ဆီမီးတွေလှူ သူ့အကြောင်းကို
ကဗျာကောင်းတွေး ရေးစပ်ယူ။
(မှတ်တော်မူ)၂

"ယူဇနာတစ်ရာဝေးသော်လည်း" တရားတော် ပြီးပြီ။

ဗုဒ္ဓကန္နီထာယ်၊ ထေရာဝဒါနုပါဠိတော်၊ သကၠသမ္မုဋ္ဌထဝဏ်၊ ထေခမ္မသာဝနိယ
ဋ္ဌောနာပဝဒါနိ့ကို ထန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "မမြဲတစ်ခု+အမြဲရှု"

## တရားတော်

ဒီနေ့ ဓမ္မပူဇာ မင်္ဂလာပွဲ ဆင်နွဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "မမြဲတစ်ခု+အမြဲရှု တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('မမြဲတစ်ခု+အမြဲရှု' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### သစ္စာဟောကာ ကယ်တင်ရှာ

တရားအားလုံးကို တစ်ကော်ကမ်းရှောက် သိမြင်တော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရှင်ဟာ သစ္စာလေးပါး တရားတော်ကို ဟောပြတော်မူကာ လူတွေကို ကယ်တင်တော်မူတယ်။

### သစ္စာဟောပြ မြတ်ဗုဒ္ဓ

ပရိသတ်ရေ၊ ဘုရား ဘာတရားဟော?

(သစ္စာလေးပါး တရားဟောပါတယ် ဘုရား)

သစ္စာလေးပါး တရားဟောပြီးတော့ ကင်တယ်တော်မူတယ်နော်။

(မှန်လှပါ ဘုရား)

### လယ်တီသစ္စာလေးပါး+လင်္ကာ

ဒီနေရာမှာ လယ်တီဆရာတော်ကြီးရဲ့ သစ္စာလေးပါးဆိုင်ရာ လင်္ကာလေးတွေကို အာရုံပြုကြည့်ကြရအောင်။

"အဓွန့်ရှည်ကြာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆိုလေ"တဲ့။

သံသရာအဓွန့်ခရီး ဘယ်လောက်ကြီးပဲကြာကြာ မဟာကပ်ပေါင်း အသင်္ချေ အနန္တ ကြာချင်တိုင်း ကြာပါစေ၊ တစ်ခါတလေမှ သူ့ရဲ့ ပီဠနတ္ထ=အကျဉ်းအကျပ် နှိပ်စက်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ သခံတဋ္ဌ= အမြဲမပြတ် ပြုပြင်အပ်တဲ့ ဒုက္ခသဘောရှိတယ်။ သန္တာပဋ္ဌ= ကြောင့်ကြစိုက်ရေး လွန်ရှုပ်ထွေးပြီး အေးခွင့်မရ ပူပန်ရတဲ့ ဒုက္ခသဘောရှိတယ်။ ဝိပရိဏာမဋ္ဌ= နိစ္စမြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ ဒီလေးချက်ကို ဒုက္ခသစ္စာရဲ့ အနက် လေးချက်လို့ ခေါ်တယ်။ အဲဒီဒုက္ခအချက် အနက်လေးပါးနဲ့ ဖြစ်ကြမြဲဓမ္မတာဟာ ဘယ်တော့မှ ပြောင်းမဖြစ်ဘူး။ ဒါကို သစ္စာလို့ ဆိုတာနော်။

(မှန်လှပါ ဘုရား)

"ထိုသစ္စာကား၊ လေးထွေပြားပေ၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

* ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။
  (သူသူငါငါ သတ္တဝါတွေ ရထားတဲ့ လောကီခန္ဓာငါးပါးကို ဒုက္ခသစ္စာ ခေါ် တယ်။)
* ထိုဒုက္ခပေါင်း ပွားကြောင်းအမှူး၊ လောဘစုမှ၊ သမုဒယ၊ အမည်ရ၏။
  (လောဘခေါ်တဲ့ တဏှာ၊ အဲဒီတဏှာတွေဟာ ဒုက္ခတွေ ပွားဖို့ရန်အတွက်၊ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာလို့ ခေါ်တယ်။)
* လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းသိသည်၊ သန္တိသဘော၊ အဆင်ချော ကို၊ နိရောဓပေါ့။
  (လောဘခပ်သိမ်း အကြွင်းမရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။)
* ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို မဂ္ဂခေါ်၏။
  (သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်တဲ့အမြင်ကို မြင်ခြင်း၊
  သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံကို ကြံခြင်း၊
  သမ္မာဝါစာ၊ ကောင်းမြတ်တဲ့စကားကို ပြောခြင်း၊
  သမ္မာကမ္မန္တ၊ ကောင်းမြတ်တဲ့အလုပ်ကို ပြုလုပ်ခြင်း၊
  သမ္မာအာဇီဝ၊ ကောင်းမြတ်တဲ့ အသက်မွေးခြင်း၊
  သမ္မာဝါယမ၊ ကောင်းမြတ်တဲ့ အလုပ်ကို အားထုတ်ခြင်း၊

သမ္မာသတိ၊ ကောင်းမြတ်တဲ့တရား၌ မမေ့မလျော့ခြင်း။

သမ္မာသမာဓိ၊ ကောင်းမြတ်တဲ့အာရုံ၌ တည်ကြည်ခြင်း

ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တယ်။)

## ကောင်းကင်မှာသွား+ရသေ့တစ်ပါး

အဲဒီလို ပဒုမုတ္တရာမြတ်စွာဘုရားဟာ သစ္စာလေးပါး တရားဟောပြီးတော့ လူတွေကို ကယ်တင်တဲ့အခါမှာ ဒီ "မွေ့သဝနိယမထေရ်အလောင်း" သူတော်ကောင်းဟာ တန်ခိုးရှိတဲ့ရသေ့ဖြစ်နေတယ်။ လျှော်တေသက်န်းကို ခါပြီးတော့ ကောင်းကင်မှာ သွားနေတယ်။

## ငှက်ကျောက်တောင်မှာ သွားကာ မရ

သူဟာ ဘုရားမြတ်ရဲ့အထက်မှာ မသွားဝံ့တော့ပါဘူး။ ငှက်ဟာ ကျောက်တောင်ကို ရောက်တဲ့အခါမှာ သွားခွင့်မရသလိုပါပဲ။ သူဟာ သွားခွင့်မရတော့ပါဘူး။ မသွားရဲ့တော့ပါဘူး။

## မဖြစ်စဖူး+အဖြစ်ထူး

ရေမှာ သက်ဆင်းပြီး သွားရသလို ကောင်းကင်မှာသွားရတယ်၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်တဲ့ ဒီအကြောင်းဟာ ရှေးတုန်းက မဖြစ်ဖူးပါဘူးတဲ့။

## အကြောင်းကိုရှာ ကျိုးရမှာ

သူဟာ ယခုအခါမှာ အဲဒီအကြောင်းကို ရှာတော့မယ်တဲ့။ အကျိုးကို ရနိုင်လောက်ပါတယ်လို့ ကြံပြီးတော့ ကောင်းကင်မှ ဆင်းသက်လိုက်တယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့အသံတော်ကို ကြားနာရတယ်။

## မမြဲဟောပြ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ နှစ်သက်ဖွယ်၊ နာပျော်ဖွယ်ကောင်းအောင် သာယာတဲ့ အသံနဲ့ မမြဲခြင်း အနိစ္စတရားကို ဟောတော်မူနေပါတယ်။

ဘာတရားဟောနေ?

(မမြဲခြင်းအနိစ္စတရားကို ဟောနေပါတယ် ဘုရား)

ဘာသံနဲ့ ဟောနေ?

(သာယာတဲ့အသံနဲ့ ဟောနေပါတယ် ဘုရား)

## အသံတော်ရှစ်ပါး မြတ်ဘုရား

ဒီနေရာလေးမှာ မြတ်စွာဘုရားရဲ့ အသံတော်ရှစ်ပါး ပြောပြချင်ပါတယ်။

* သန့်ရှင်းစင်ကြယ်ခြင်း။
* သာယာခြင်း။
* သိသာခြင်း (သိလွယ်ခြင်း)၊
* နာချင်ဖွယ်ရှိခြင်း။
* ပြန့်နှံ့ခြင်း။
* တစ်စည်းတစ်လုံးတည်းရှိခြင်း။
* နက်နဲခြင်း။
* ပဲ့တင်ထပ်ခြင်းတို့ပဲ ဖြစ်တယ်။ (မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၄၀)

## မမြဲတကယ် နာချင်ဖွယ်

သာယာတဲ့အသံနဲ့ ဟောတဲ့ မမြဲခြင်းအနိစ္စတရားတော်ဟာ နှစ်သက်ဖွယ်၊ နာချင်ဖွယ်ကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ တရားပဲဟောဟော၊ စကားပဲပြောပြော သာယာတဲ့အသံဖြစ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု သင်ယူရှ

သာယာတဲ့အသံနဲ့ မမြဲတရားကို ဟောကြားတော်မူနေတဲ့ မြတ်စွာဘုရားရဲ့ အထံမှာ သူဟာ အနိစ္စဆိုတဲ့ မမြဲခြင်းတရားကိုပဲ သင်ယူခဲ့ပါတယ်။

ဘာတရား သင်ယူ?

(အနိစ္စတရားပါ ဘုရား)

## မမြဲသင်ယူ ပြန်လာသူ

မမြဲခြင်းအနိစ္စသညာကို သင်ယူပြီးတော့ သူဟာ သူ့ရဲ့သခ်ႋင်းကျောင်းဆီ ပြန်သွားခဲ့တယ်။ (ပြန်လာခဲ့တယ်) သူ အမြဲပွားနေတာဟာ မမြဲခြင်းအနိစ္စတရားပဲ ဖြစ်တယ်။

## မမြဲတစ်ခု အမြဲရှု

ဒီကောမွေသနိယမထေရ်အလောင်း သူတော်ကောင်းလေး အမြဲတမ်းရှုပွားတဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲခြင်းတရားပါ ဘုရား)

ဒီတော့ သူရော ကိုယ်ပါ သတ္တဝါတွေ တကယ်အမြဲရှုရမယ့်တရားဟာ "မမြဲခြင်း"ဆိုတဲ့ တရားတစ်ခုပဲဆိုတာ တွေ့ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှု တရားပါ ဘုရား)

သူဟာ ဒီ "မမြဲခြင်း" တရားလေးတစ်ခုထဲကိုပဲ အမြဲရှုပွားနေတယ်နော်။

(မှန်လှပါ ဘုရား)

သက်မဲ့ကိုပဲကြည့်ကြည့်၊ သက်ရှိကိုပဲကြည့်ကြည့် မြဲတာ ဘာတွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့လည်း? (မမြဲပါ ဘုရား)

သက်ရှိလည်း? (မမြဲပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* သက်မဲ့လည်း မြဲ၊ သက်ရှိမြဲ၊ တွေ့လည်း မတွေ့ပါ။
* သက်မဲ့ မမြဲ၊ သက်ရှိလည်း၊ မမြဲတွေ့ရတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ပွားပြုသူနေရှာ။

## မမြဲတစ်ခု အောက်မေ့မှု

သူဟာ သူ့ရဲ့သခ်မ်းကျောင်းဆီ ပြန်လာပြီး မမြဲခြင်းတရားကိုပဲ အမြဲရှုပွားနေတယ်။ အဲဒီမမြဲခြင်းတရားကိုပဲ အသက်ထက်ဆုံး အမြဲရှုပွားပြီး သေဆုံးခဲ့တယ်။ မမြဲခြင်းပဲ ရှုနေတယ်။ မမြဲခြင်းပဲ ရှုပွားရင်း သေဆုံးတယ်နော်။

(မှန်လှပါ ဘုရား)

နောက်ဆုံး သေခါနီးတော့လည်း ကြားနာခဲ့ရတဲ့ မမြဲခြင်းဆိုတဲ့ သူတော်ကောင်း တရားကို အောက်မေ့အမှတ်ရနေပါတယ်။

## ကောင်းတဲ့နေခြင်း ကောင်းတဲ့သေခြင်း

ဒီတော့ မမြဲတဲ့အနိစ္စတရားကို အမြဲရှုပွားနေတာဟာ ကောင်းတဲ့နေခြင်း။

မမြဲတဲ့ အနိစ္စတရားကို အမြဲရှုပွား အမှတ်ရပြီး သေတာဟာ ကောင်းတဲ့သေခြင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတာကြုံ စိတ်မတုန်

ဒကာ ဒကာမတွေကို သတိပေးချင်တာ မှာချင်တာကတော့ မမြဲခြင်း အနိစ္စတရားတစ်ခုထဲကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေပါလို့ သတိပေးချင်၊ မှာချင်တာပါ ပဲ။ အဲဒီလိုနေတော့ ဘာဖြစ်လဲ။ သက်မဲ့ သက်ရှိ ပျက်စီးတာတွေ၊ မမြဲတာတွေ တွေ့ကြုံရတော့ ခုလို ပျက်စီးတာ၊ မမြဲတာတွေ တွေ့ကြုံရတာ ဘာဆန်းလဲ၊ မတွေ့ကြုံရရင်သာ ဆန်းတာ၊ ထူးတာ။ ဒီမမြဲခြင်းတရားသဘောကို ငါကြိုပြီးတော့ ဆင်ခြင်နှလုံးသွင်းထားတာပဲဆိုပြီးတော့ ဖြေဆည်ရာ၊ သက်သာရာရတယ်။ မမြဲ တာတွေ တွေ့ရကြုံရ ဘုံဘဝမှာ စိတ်မကုန်တော့ဘူး။ စိတ်မဖြုန်တော့ဘူးပေါ့။

## တရားခေါ်တာ ဒီလိုပါ

အဲဒီလို လူတွေကို သက်သာရာရအောင် စွမ်းဆောင်ပေးနိုင်တဲ့အတွက် ကြောင့် ဓမ္မ (တရား) လို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အပူပေါလှတဲ့ လူ့လောကမှာ အပူတွေကင်းပျောက် အအေးဓာတ် တွေ ရှင်းရှင်းလင်းလင်းကြီးရောက်အောင် ထွေးဖတ်လို့ပေးနိုင်တာဟာ အခြား မရှိ၊ တရားပဲရှိတယ်နော်။

(မှန်လှပါ ဘုရား)

## တာဝတိံသာ ရောက်ရရှာ

သူဟာ ကောင်းစွာပြုလုပ်ခဲ့တဲ့ မမြဲခြင်း ပွားများမှု ကောင်းမှုကံနဲ့ စေတနာ တောင့်တမှုကြောင့် လူ့ခန္ဓာကိုယ်ကို စွန့်ရတဲ့အခါမှာ တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

## နတ်ပြည်ပျော်ရ သူ့ဘဝ

နောက်ပြီးတော့ ကမ္ဘာ ၃၀၀၀၀ ပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရတယ်။ နတ်မင်း ၅၁ ကြိမ် ဖြစ်ရတယ်။

## မင်းမြတ်စကြာ ကြိမ်များစွာ

စကြာဝတေးမင်း ၂၁ ကြိမ် ဖြစ်ရတယ်။ ပြန့်ပြောတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။

## ဖြစ်ရာဘဝ ချမ်းသာရ

နောက်ပြီးတော့ သူဟာ ဘဝကြီးငယ်အသွယ်သွယ်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူဖြစ်ရတယ်။ သူကိုယ်တိုင် ပြုတဲ့ ကောင်းမှုရဲ့အကျိုးကို ခံစားရတယ်။

## မမြဲတရား အမြဲပွား

ဘဝကြီးငယ် အသွယ်သွယ် ကျင်လည်ရတဲ့အခါမှာလည်း မမြဲခြင်းအနိစ္စ သညာကိုပဲ အောက်မေ့ပွားများနေတယ်။ သူဟာ ဘဝရဲ့အဆုံးဖြစ်တဲ့ စုတေခြင်း ကင်းတဲ့ ပညာရှိတွေရောက်အပ်တဲ့ နိဗ္ဗာန်ကိုတော့ ထိုးထွင်းပြီး မသိသေးပါဘူးတဲ့။

## မမြဲဟောဖော် + ရဟန်းတော်

တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်မှာ လူလာဖြစ်တဲ့အခါ တစ်နေ့တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါး လုံခြုံအောင် ပွားများပြီးတဲ့ ရဟန်းတော်တစ်ပါးဟာ သူ့ဖခင်အိမ်မှာ ကြွရောက်ထိုင်နေတော်မူ ပါတယ်။ ပြီးတော့ တရားစကား ဟောပြပါတယ်။ တိုက်ဆိုင်တာကတော့ အဲဒီ ရဟန်းတော် ဟောပြောတဲ့တရားတော်ဟာ မမြဲခြင်းအနိစ္စတရားဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီရဟန်းတော်ဟာ မမြဲခြင်းအနိစ္စတရားကိုပဲ ထုတ်ဆောင်ဟော ပြောနေပါတယ်။ သူ့အတွက်ကတော့ ဒီမမြဲခြင်းတရားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေပါတယ်။ မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲရှုပွားဖို့ ဟောပြောနေပါတယ်။ ဒီနေရာလေးကြည့်ပြီးတော့လည်း မမြဲခြင်းတရားတစ်ခုဆိုတာ အမြဲရှုရမယ့်တရား ဖြစ်နေတာကို တွေ့ရပါတယ်။

## မမြဲမှန်လှ + သခါရ

သခါရတရားတွေဟာ တကယ်တော့ ဘာမှအမြဲမရှိကြပါဘူး။ ပရိသတ်ရေ ဘာမြဲတာ တွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့ သက်ရှိအားလုံး နောက်ဆုံးတော့ ဘာနဲ့နိဂုံးချုပ်လဲ?

(မမြဲခြင်းနဲ့ပဲ နိဂုံးချုပ်ပါတယ် ဘုရား)

ဖြစ်ပြီးရင် ပျက်စီးတဲ့သဘောပဲ ရှိကြတယ်။ ဒါကြောင့် ဖြစ်ပျက်၊ ဖြစ်ပျက် လို့ ပြောနေကြတာနော်။

(မှန်လှပါ ဘုရား)

ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ သင်္ခါရ တရားတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကတော့ တကယ် ချမ်းသာတဲ့ တရားဖြစ်တယ်လို့ ဟောပြောတော်မူပါတယ်။

## မမြဲလင်္ကာ+မှတ်စရာ

ကဲ– လင်္ကာကဗျာလေးတွေ လိုက်ဆို။

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဘာမှမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဖြစ်ကြပျက်ကြမှာ။
* ရုပ်နာမ်ဓမ္မ၊ ဖြစ်ပြီးက၊ မုချချုပ်ပျောက်မှာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ချုပ်မှ အေးမှာပါ။
* သင်္ခါရချုပ်၊ နိဗ္ဗာန်ဟုတ်၊ မရှုပ်အေးချမ်းသာ။

## မမြဲကြားနာ ရဟန္တာဖြစ်

သူဟာ အဲဒီတရားဂါထာလေးကို နာကြားလိုက်ရတာနဲ့တစ်ပြိုင်နက် ရှေးက ပြုခဲ့တဲ့ ကောင်းမှုကံကို အမှတ်ရခဲ့တယ်။ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။

## မမြဲရှုနေ ပေါ်လွင်ပေ

တော်တော်အံ့ဩစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

သူ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေလို့ ဖြစ်တယ်ဆိုတာ ပေါ်လွင်မနေဘူးလား။

(ပေါ်လွင်နေပါတယ် ဘုရား)

## တရားအမည် ပေါ်နေပြီ

ဒီတော့ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမြဲရှုရမယ့် တရားက ဘာတရားပါလိမ့်?

(မမြဲခြင်းတရားပါ ဘုရား)
ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
(မမြဲတစ်ခု အမြဲရှု တရားပါ ဘုရား)
တရားပေါ်ပြီနော်?
(ပေါ်ပါပြီ ဘုရား)

## မမြဲဘူးသိ ဝိပဿနာ

သင်္ခါရတရားတွေရဲ့အပေါ်မှာ မမြဲဘူးလို့ သိတာ၊ ကြည့်တာ၊ ပွားများတာဟာ ဝိပဿနာပါပဲ။ ဝိပဿနာဆိုတာ မမြဲဘူးလို့ အထူးသိတာ၊ အထူးကြည့်တာ၊ အထူးပွားများနေတာနော်။

(မှန်လှပါ ဘုရား)

## ခုနစ်နှစ်မှာ ရဟန္တာ

သူဟာ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ အရဟတ္တဖိုလ်ကို ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။ ခုနစ်နှစ်သား ရဟန္တာပါ။ စကျေင်းပါးပိုင်ရှင် မြတ်စွာဘုရားဟာ သူ့ရဲ့ဂုဏ်ကို သိပြီးတော့ ရဟန်းပြုပေးတော်မူပါတယ်။ အဲဒီလို ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ နာကြားရတဲ့ကောင်းကျိုးပဲ ဖြစ်တယ်။

## ရဟန္တာဖြစ်ကြောင်း တရားကောင်း

ဒီတော့ ဒကာ ဒကာမတွေ တရားနာတဲ့အခါမှာလည်း မမြဲတရားတော်တွေကို နာကြားရမယ်ဆိုတာ ပေါ်လွင်နေတယ်နော်။

(မှန်လှပါ ဘုရား)

"မမြဲတရားနာ၊ မမြဲတရားပွား။ အဲဒါ ရဟန္တာဖြစ်ကြောင်းတရား"လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု + အမြဲရှု

ဒီတော့ ဒကာ ဒကာမတွေ အမြဲတစ်ခု ဘယ်လိုရှုမယ်?
(အမြဲရှုမှာပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေကို ဝိပဿနာတရားအနေနဲ့ အသိဉာဏ်ပေးနေတဲ့ တရားက ဘာတရားတဲ့လဲ?

(မပြိုတစ်ခု အမြဲရှိတရားပါ ဘုရား)

## ပေါ်တာမမြဲ+ရှုအမြဲ

ဘုန်းကြီးတို့က တရားတွေ အများကြီးရှုနိုင်းတာလား။ တစ်ခုပဲရှုနိုင်းတာ လား?

(တစ်ခုထဲပဲ ရှုခိုင်းတာပါ ဘုရား)

ဘာပေါ်ပေါ် ပေါ်လာတဲ့အားလုံး "မမြဲခြင်း"တစ်ခုပဲ ရှုခိုင်းနေတာနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆို။

* ပေါ်လာသမျှ၊ အနိစ္စ၊ ရှုကြ မမြဲတာ။
* ပေါ်တာတစ်ခု၊ သတိပြု၊ ကြည့်ရှု မမြဲတာ။
* ပေါ်တာတစ်ခု၊ အသိရ၊ ကြည့်ရှု မမြဲတာ။
* ပေါ်သမျှလည်း၊ ဖြစ်ပျက်ပဲ၊ ရှုမြဲ အနိစ္စာ။
* ကိုယ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* ကောင်းဆိုး လတ်ဝေ၊ ပေါ်တာတွေ၊ ရှုနေ မမြဲတာ။
* စိတ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* သဘောတရား၊ ပေါ်လာငြား၊ ရှုပွား မမြဲတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဖြစ်မှု ရဟန္တာ။
* မမြဲတရား၊ အသည်းကြား၊ အမြဲထားရမှာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ယခု နောင်အခါ။
* မမြဲရှုပြန်၊ မမြဲဒဏ်၊ တွေ့ပြန်ခံနိုင်မှာ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မတုန်ပါ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မဖြုန်ပါ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဟောပြုပေးနေတာ။
* သက်မဲ့ သက်ရှိ၊ မမြဲသိ၊ ရှုကြည့် စွဲမြဲစွာ။
* မမြဲတရား၊ သူနာကြား၊ ဖြစ်သွားရဟန္တာ။

## အပါယ်ဘေးမှ ကွယ်ဝေးရ

ဒီဘဒ္ဒကမ္ဘာတစ်သိန်းထက်မှာ မမြဲခြင်းတရားတော်ကို နာခဲ့ရတဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတယ်ဆိုတာ မသိဖူးပါဘူးတဲ့။ အဲဒီလို အပါယ်လေးပါး ကင်းဝေးသွားရတာဟာ မမြဲခြင်းတရား နာကြားရတဲ့ ကောင်းကျိုးပဲ ဖြစ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မမြဲတစ်ခု၊ နာကြားပြု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတရား၊ သူနာကြား၊ ဝေးသွားပါယ်လေးရွာ။
* မမြဲတရား၊ သူနာကြား၊ ရှုပွားပါယ်လွတ်တာ။

## ကိလေသာတွေ+လောင်ကျွမ်းစေ

သူဟာ ကိလေသာတွေကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ပြီးတဲ့ ဘဝအားလုံးကို ပယ်နုတ်ပြီးပြီတဲ့။ ဆင်ပြောင်ကြီးဟာ အနှောင်အဖွဲ့ကို ဖြတ်ပြီးနေသလို သူဟာ အာသဝမရှိဘဲ နေရတယ်တဲ့။

## ကောင်းသောလာခြင်း+သူ့လာခြင်း

သူ့ရဲ့လာခြင်းဟာ တကယ်တော့ ကောင်းတဲ့လာခြင်းဖြစ်တယ်တဲ့။ သူဟာ မြတ်စွာဘုရားထံတော်မှာ ဝိဇ္ဇာသုံးပါးကိုရပြီးပြီတဲ့။ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်သွားတယ်တဲ့။

## သူ့ရဲ့ဘွဲ့တော် ဒီလိုခေါ်

သူ့ရဲ့ဘွဲ့တော်ကတော့ မမြဲခြင်းတရားတစ်ခုတည်းကိုပဲ နာကြားရှုပွားကာ ရဟန္တာဖြစ်သူလို့ အဓိပ္ပာယ်ရတဲ့ ''ဧကဓမ္မသဝနိယမထေရ်''လို့ ခေါ်တယ်နော်။ (မှန်လှပါ ဘုရား)

## တရားနိဂုံး အဆုံးပတ္တနာ

တရားနာပရိသတ်အားလုံး မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲနာကြား နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်ကာ ရဟန္တာဖြစ်ကြပါစေ။

### မမြဲတစ်ခု အမြဲ့ ကဗျာလင်္ကာများ

* ပဒုမုတ္တရာမြတ်ဘုရားက
သစ္စာတရား ဟောပြနေ။
(သစ္စာလေးပါး ဟောပြနေ)
* လူအပေါင်းကို နေ့နေ့ ညည
ပြည့်ပြည့်ဝဝ ကယ်တင်နေ။
* တန်ခိုးရှိသူ ရသေ့တစ်ပါး
ကောင်းကင်မှာသွား၊ ဝတ်လျှော်တေ။
* ဘုရားထက်မှာ သွားမရတော့
ကောင်းကင်မှဆင်း ကြောင်းရှာဖွေ။
* အကျိုးကောင်းတွေ ရမှာပဲဟု
သူရင်မှာစွဲ ထင်မိပေ။
* ကောင်းကင်မှသာ ဆင်းလာငြားက
မြတ်ဘုရားသံ ကြားရပေ။
* နှစ်သက်နာဖွယ် တကယ်ကောင်းတဲ့
သာယာသံနဲ့ ဟောပြနေ။
* အနိစ္စခေါ် တရားမြတ်ကို
ဘုရားမပြတ် ဟောပြနေ။
* ဘုရားထံမှာ အနိစ္စတရားကို
စိတ်ကထူးခြား၊ သင်ယူနေ။
* မမြဲသညာ သင်ယူပြီးတော့
သခ်မ်းကျောင်းကြီး ပြန်ခဲ့ပေ။
* သခ်မ်းကျောင်းမှာ မမြဲတရားကို
အမြဲရှုပွား ဆင်ခြင်နေ။
* သေခါနီးမှာ ကြားနာခဲ့ရ
မမြဲမမွ အောက်မေ့နေ။

* ကောင်းမှုကံပါ စေတနာစုနဲ့
တောင့်တမှုကြောင့် သေတော့လေ။
* တာဝတိံသာ နတ်ရွာရောက်ရ
မမြဲဝမ္မ အစွမ်းပေ။
* သုံးသောင်းကမ္ဘာ နတ်ပြည်မွေ့ရ
ငါးတစ်ကြိမ်က နတ်မင်းပေ။
* နှစ်တစ်ကြိမ်မှာ စကြာဖြစ်ရ
တွက်ကာစစ်က များလှပေ။
* ပဒေသရာဇာ ရေမရလို့
သေချာပြသ များလှပေ။
* ဘဝကြီးငယ် ချမ်းသာပြီးတော့
ကောင်းမှုကျိုးကြီး ခံစားနေ။
* ဘဝကြီးငယ် ကျင်လည်ရလည်း
အနိစ္စပဲ အောက်မေ့နေ။
* ပညာရှိတွေ သိအပ်ငြားတဲ့
တရားနိဗ္ဗာန် မသိပေ။
* တစ်နေ့သောခါ ပွားများပြီးသည့်
ဥက္ကမြေရှိ ရဟန်းလေ။
* မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို
သေချာပွားနိုင် ရဟန်းသေ။
* အဖအိမ်မှာ ကြွလာတုန်းပေါ့
သာယာသံသုံး တရားဝေ။
* သူ့တရားဟာ ဘာတရားလဲ
သေချာနားစိုက် နာတော့လေ။
* မမြဲခြင်းကို ဟောဖော်ပြသ
အနိစ္စတရား ဖြစ်လို့နေ။
* ရုပ်နာမ်မွှော သင်္ခါရတို့
သေချာမှတ်ကြ မမြဲပေ။
* ဖြစ်ပြီးပျက်ဟန် သဘောများကို
သေချာစဉ်းစား မိပါစေ။

* ဖြစ်ပြီး ချုပ်ပြန် သဘာဝကို
  မကြာခဏ ရှုပါလေ။
* သင်္ခါရတွေ တကယ်ချုပ်တဲ့
  နိဗ္ဗာန်အဓိပ္ပာယ် အေးချမ်းပေ။
* အဲဒီဂါထာ ကဗျာတရားကို
  နာကာ ကြားရ ခဏလေ။
* ရှေးက သညာ် အောက်မေ့ပွားတော့
  ရဟန္တာတစ်ပါး ဖြစ်ရဝေ။
* ခုနစ်နှစ်မှာ ရဟန္တာဖြစ်ရ
  မမြဲမှု စွမ်းအားပေ။
* လေးပါးအပါယ် ဝေးကွယ်သွားရ
  မမြဲမှာ စွမ်းအားပေ။
* မမြဲမှာ တစ်ခုတရားကို
  အမြဲရှုပွား အမြဲနေ။
* အနေကောင်းကာ အသေလှလို့
  နိဗ္ဗာန်ပြည်မှ ရောက်နိုင်ပေ။
* ကေမှာသဿဝနိယ
  မထေရ်ရတဲ့ ကောင်းကျိုးတွေ။
* အမြဲသိကာ မမြဲတစ်ခုကို
  မမြဲရှုပွား အမြဲနေ။
* မမြဲရှုလျှင် မမြဲတာများကို
  တွေ့ကြုံငြားက မတုန်ပေ။
  (မဖြုန်ပေ)၂
  ကဗျာကောင်းတွေး ရေးစပ်ယူ။
  (မှတ်တော်မူ)၂

"မမြဲတစ်ခု အမြဲရှု" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဗိဇပဝဂ်၊ သပရိဝါရာသန
ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကောင်းကျိုးသီးမှာ မလွဲပါ"

## တရားတော်

ဒီနေ့ ဦး (    ) ဒေါ် (    ) မိသားစုတို့ရဲ့ ကျောင်းအလှူ ဆွမ်းအလှူ ပွဲမှာ ဟောကြားမည့်တရားတော်က "ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားမြတ် ဆွမ်းကပ်တဲ့သူ

သပရိဝါသနမထေရ်အလောင်း သူတော်ကောင်းဟာ ပဒုမုတ္တရာ မြတ်စွာဘုရားကို ဆွမ်းလှူခဲ့ပါတယ်။ ဘာလှူ?

(ဆွမ်းလှူပါတယ် ဘုရား)

လှူတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ သဒ္ဓါတရားဖြစ်မှ လှူတာနော်။

(မှန်လှပါ ဘုရား)

သူဟာ သဒ္ဓါတရားဖြစ်လာပြီးတော့ သာသနာကို ကြည်ညိုလာတယ်။ ဒါနရဲ့ကောင်းကျိုးပေးမှုကို ယုံကြည်လာတယ်။ အဲဒီလို ယုံကြည်လာတဲ့အတွက် ထူးခြားမွန်မြတ်တဲ့ ဆွမ်းဘောဇဉ်ကို လှူလိုက်ပါတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ရယူရမှာကတော့ ဘာပဲလှူလှူ ထူးတာလေးတွေ ကောင်းတာလေးတွေ ရွေးချယ်ပြီး လှူရမှာပါပဲ။

### ထူးတာကောင်းတာ ရွေးလှူပါ

ဒီတော့ ပြီးပြီးရော လှူရမှာလား။ ထူးတာ ကောင်းတာလေးတွေ ရွေးပြီး လှူရမှာလား?

(ထူးတာ၊ ကောင်းတာလေးတွေ ရွေးလှူရမှာပါ ဘုရား)

အလှူတတ်အောင် ပြောနေတာနော်?

(မှန်လှပါ ဘုရား)

အလှူတတ်မှ အလှူမြတ်ပယ်၊ ဘဝတိုင်း ထူးတဲ့ ကောင်းတဲ့ မြတ်တဲ့ ကောင်းကျိုးတွေ ရမယ်။

## နေရာဟောင်းလေး ကောင်းစေသူ

သူဟာ ဆွမ်းလှူပြီးတော့ ညစ်နွမ်းတဲ့နေရာလေးတွေကို လျှောက်သွားပြီးတော့ စပယ်ပန်း၊ ကြက်ရုန်းပန်းတွေနဲ့ ခြံရံကာ ဖုံးလွှမ်းလိုက်တယ်။ ကြည့်ရှုမကောင်းတဲ့ နေရာဟောင်းလေးတွေကို စေတနာကောင်းလေးထားပြီးတော့ နေရာကောင်းလေး ဖြစ်အောင် ဖန်ဆင်းလိုက်တာပါပဲ။ သူ့ရဲ့မြင်တတ်တဲ့ အမြင်ကောင်းလေးဟာ နည်းယူစရာပါပဲ။ ဘုန်းကြီးတို့ကတော့ ကျောင်းထဲမှာပဲဖြစ်ဖြစ် လမ်းသွားရင်းပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတဲ့ မြက်၊ သစ်ရွက်၊ ဆူးပြောင့်၊ သံတိုသံစ၊ ခဲလုံး ကျောက်စတဲ့ အမှိုက်တွေ တွေ့ရင် သွားရင်းလာရင်း ကုသိုလ်ယူတဲ့သဘောနဲ့ ရှင်းလင်းခဲ့တယ်။ ကျောင်းတိုက်မှာလည်း တပည့်တွေကို အမြဲပြောတဲ့စကားလေးက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတာတွေ တွေ့ရမြင်ရရင် ကြည့်ရှုကောင်းအောင် ပြုပြင်သွားရတယ်၊ အမြင်မကောင်းတာတွေကို အမြင်ကောင်းအောင် လုပ်ရတယ်။ မိမိရဲ့ရုပ်ခန္ဓာကိုယ်ကို အလှပြင် အလှဆင်တတ်ကြသလို အမြင်မကောင်းတာလေးတွေကိုလည်း အမြင်ကောင်းအောင် အလှပြင် အလှဆင်ခဲ့ကြပါလို့ ပြောရပါတယ်။

## ရင်ထဲထည့်ပေး ကဗျာလေးများ

အောက်ပါကဗျာလေးတွေကိုလည်း ရင်ထဲ ထည့်ပေးလိုက်ပါတယ်။

* ကြည့်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။

* မြင်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။

* ကြည့်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။

* မြင်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။

* မိမိကိုယ်ကို၊ အလှပို၊ ပြင်ဆင်သလိုလေ။

* ကြည့်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* မြင်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* အမှိုက်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်အမှိုက်တွေ။
* ဆူးခြောင့်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်ဆူးခြောင့်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းအမှိုက်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းဆူးခြောင့်တွေ။

## အစားထိုးတတ်+စိတ်ထားမြတ်

နွမ်းနေရာလေးကို ပန်းနေရာလေးနဲ့ အစားထိုးလိုက်ပါတယ်။ တစ်မျိုးပြောတာကတော့ ဆွမ်းစားတဲ့နေရာလေးလို့ ဖွင့်ပြတာလည်း ရှိပါတယ်။ အဲဒီအဖွင့်လေးဟာလည်း သဘာဝကျပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆွမ်းစားတဲ့နေရာဆိုတာ ညစ်တတ်ပေတတ်တာကြောင့်ပါပဲ။

နွမ်းနေရာပဲဖွင့်ဖွင့်၊ ဆွမ်းနေရာပဲဖွင့်ဖွင့် သဘာဝကျတာချည်းပါပဲ။

အဲဒီပန်းနေရာမှာ နေတော်မူတဲ့လူတွေထက် အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူတဲ့ ဖြောင့်မတ်တည်ကြည်တော်မူတဲ့ မြတ်စွာဘုရားဟာ ဆွမ်းအကျိုး (ဆွမ်းအနုမောဒနာ) တရားဟောကြားတော်မူပါတယ်။

ဘာတရားဟော?

(ဆွမ်းအကျိုးတရားပါ ဘုရား)

ကောင်းမြတ်တဲ့လယ်မှာ မျိုးစေ့နည်းနည်းလေး စိုက်ပျိုးထားပေမယ်လို့ မိုးက ကောင်းစွာရွာမယ်ဆိုရင် (မလိုအပ်တဲ့အချိန်မှာ မရွာဘဲ တကယ်လိုအပ်တဲ့အချိန်လေးမှာ မိုးရွယ်မယ်ဆိုရင်) အသီးတွေ တအားသီးပြီးတော့ လယ်သမားကြီးတွေကို နှစ်သက်စေသလိုပါပဲတဲ့။

ဥပမာလေး ဟောပြောနေတာနော်။

(မှန်လှပါ ဘုရား)

လောကမှာ စကားပဲပြောပြော၊ တရားပဲဟောဟော ဥပမာပေးပြီး ဥပမာလေးနဲ့ ပြောဟောရင် ပိုပြီးတော့ နားလည်လွယ်တယ်၊ သဘောပေါက်လွယ်တယ်လို့ စာပေတွေမှာ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီတောစောက ပြောခဲ့တဲ့ ဥပမာအတိုင်းပါပဲ။ သင် ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ ပန်းဒကာလေးဟာ ဆွမ်းမျိုးစေ့ (ပန်းမျိုးစေ့) တွေကို ငါဘုရားဆိုတဲ့ လယ်ယာမြေကောင်းမှာ စိုက်ပျိုးလိုက်တာ ဖြစ်တယ်။ အဲဒီလို စိုက်ပျိုးလိုက်တဲ့ ကောင်းမှုကြောင့် ဘဝသံသရာဖြစ်ရတဲ့အခါမှာ ကောင်းကျိုးတွေ သီးမှာ မလွဲပါဘူးတဲ့။

ကောင်းကျိုးသီးမှာ ဘာတဲ့လဲ?

(မလွဲပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားပါဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကောင်းတဲ့မျိုးစေ့သာ စိုက်ပျိုးပါ။ ကောင်းကျိုးဆိုတဲ့ အသီးတွေ သီးမှာ လွဲပါဦးမလား?

(မလွဲပါ ဘုရား)

ကောင်းကျိုးသီးမှာ သေချာတယ်နော်?

(မှန်လှပါ ဘုရား)

## နှစ်သက်စေမှာ သေချာပါတယ်

အဲဒီကောင်းတဲ့ အသီးအနှံတွေက သင်ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ သင်ပန်းဒကာလေးကို နှစ်သက်စေမှာ သေချာတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးသီးမှာ + ဖြစ်လေရာ

ဒီနေ့ ဆွမ်းတွေ၊ ပန်းတွေ၊ ကျောင်းအလှူတွေ လှူနေကြတဲ့ ဒကာ ဒကာမတွေလည်း ဖြစ်လေရာဘဝတိုင်းမှာ ကောင်းကျိုးတွေ သီးမှာပါပဲလို့ အသိ ဉာဏ်ပေးခဲ့ပါတယ်။ ဖြစ်လေရာ ဘာတွေ သီးမှာပါလိမ့်?

(ကောင်းကျိုးတွေ သီးမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားကို "ကောင်းကျိုးသီးမှာ+ဖြစ်လေရာ" တရား လို့ အမည်ပေးရင်လည်း ရတယ်နော်?

(မှန်လှပါ ဘုရား)

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

ပုဒမုတ္တရာမြတ်စွာဘုရားဟာ အဲဒီစောစောက ပြောဟောခဲ့တဲ့ တရားစကား တွေ ဟောပြောတော်မူပြီးတော့ ဆွမ်းအလှူကို ခံယူတော်မူကာ မြောက်အရပ်ကို ကြွတော်မူပါတယ်။

## ခမ်းနားကြီးကျယ်+ဖြစ်ရာဝယ်

သူဟာ အဲဒီ ဆွမ်း၊ ပန်းနေရာ ကောင်းမှုတွေကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဖြစ်လေရာဘဝတိုင်းမှာ ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ စည်းစိမ်ချမ်းသာတွေကို များစွာပဲ ခံစားရပါတယ်။ (အပ၊ ၃၊ ၂၊ ၈၂)

## သီလမယိမ်း စောင့်ရှောက်ထိန်း

သူဟာ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်စည်းတယ်။ ပါတိမောက္ခသံဝရသီလဆိုတာ ဒွေမာတိကာလို့ခေါ်တဲ့ ပါတိမောက်သာမက ဝိနည်းပါဠိတော်မှာ ဘုရားပညတ်ထားတဲ့ သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်းပါပဲ။

## ဣန္ဒြေငါး+စောင့်ရှောက်ထား

နောက်ပြီးတော့ သူဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေငါးပါးကိုလည်း အမြဲတစေ စောင့်စည်းနေတယ်တဲ့။

## ဝိဝေကသုံးပါး+အမြဲပွား

နောက်ပြီးတော့ ကိုယ်ဆိတ်ငြိမ်ခြင်း (ဆိတ်ငြိမ်ရာအရပ် ကပ်ရောက်ခြင်း) ကာယဝိဝေက၊ စိတ်၏ကိလေသာတွေမှ ဆိတ်ငြိမ်ခြင်း။ စိတ္တဝိဝေက၊ နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေက၊ အဲဒီ ဝိဝေကသုံးပါးကို ပွားများအားထုတ်ကာ အာသဝက်ကင်းကွာကိလေသာပြတ်လို့ နေထိုင်ရတယ်တဲ့။

## ဝိဝေကအကျယ်+ထပ်မှတ်ဖွယ်

ဒီနေရာမှာ ထပ်ပြီးတော့ မှတ်စရာကတော့–

* ဂိုဏ်းဂဏစတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပြီးတော့နေတာကို ကာယဝိဝေက၊
* ကိလေသာဆိုတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပယ်ရှားပြီးတော့ နေတာကို စိတ္တဝိဝေက၊
* သင်္ခါရတရားတွေကို ရှောင်ခွာပယ်ဖျောက်နေတာကို ဥပဓိဝိဝေကလို့ခေါ်တယ်။ (မွေပ၁၊ ၃၊ ၁၊ ၃၄၅)

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့အကြောင်းဖြစ်တယ်။ စိတ္တဝိဝေကဟာ ဥပဓိ ဝိဝေကရဲ့အကြောင်းဖြစ်တယ်။ (ဓမ္မပဒ၊ ဌ။ ၁၊ ၃၄၅)

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ ဒီဘုရားလက်ထက်မှာတော့ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ လာဖြစ်ပြီးတော့ သဒ္ဓါတရားနဲ့ ကြည်ညိုကာ ရဟန်းပြုလာပါတယ်။

ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## သူ့ရဲ့ဘွဲ့တော် + ဒီလိုခေါ်

သူဟာ ဘုရားကို ဆွမ်းလှူစဉ်က ဆွမ်းနေရာ၊ ပန်းနေရာဆိုတဲ့ အခြံအရံ ကောင်းလေးတွေ ခြံရံပြီး လှူတဲ့အတွက် သပရိဝါရာသန (အခြံအရံနဲ့တကွ ဆွမ်းနေရာ၊ ပန်းနေရာ) လှူတဲ့ မထေရ်ဆိုတာ ဖြစ်လာပါတယ်။

## ခြံရံပေါ်ရေး + လှူနည်းလေး

ဒါလည်း မှတ်သားစရာ ကောင်းပါတယ်။ ဘာပဲလှူလှူ အခြံအရံလေးတွေနဲ့ လှူရမယ်ဆိုတဲ့ အသိဉာဏ်တွေ ရယူရတာပါပဲ။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ထပ်ပေးချင်တာကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြံအရံပေါ်ချင်ရင် အခြံအရံလေးတွေနဲ့ လှူပါဆိုတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ အခြံအရံမပေါ်ချင်ဘူးလား?

(ပေါ်ချင်ပါတယ် ဘုရား)

ပေါ်ချင်ရင် ဘယ်လိုလှူရမလဲ?

(အခြံအရံနဲ့ လှူရမှာပါ ဘုရား)

## စုံစုံလင်လင် လှူစေချင်

သင်္ကန်းလှူတယ်ဆိုရင်လည်း သင်္ကန်းရယ်၊ ထီးရယ်၊ ဖိနပ်ရယ်၊ နေရာ ထိုင်လေးရယ်၊ ဖယောင်းတိုင်လေးရယ်၊ ခါးပန်းကြိုးလေးရယ်စတဲ့ အခြံအရံတွေနဲ့ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေကို မေးရဦးမယ်၊ သက်မဲ့ကော၊ သက်ရှိကော ကောင်းကျိုးတရားတွေရတဲ့အခါမှာ တစ်ခုတည်းလိုချင်တာလား၊ အစုံလိုချင်တာလား?

(အစုံလိုချင်တာပါ ဘုရား)

အေး အစုံလိုချင်ရင် အခြံအရံလေးနဲ့ အစုံလှူရမယ်နော်?

(မှန်လှပါ ဘုရား)

## တွဲလှူမှလေ + အဆင်ပြေ

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင်လည်း ဆွမ်းကော၊ ဆွမ်းဟင်းကော လှူပါ။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်းမပါဘူး။ ဆွမ်းဟင်းတော့ လှူတယ်၊ ဆွမ်းမပါဘူးဆိုရင် အဆင်မပြေပါဘူး။ တွဲစားရတာဆိုတော့ တွဲပြီးတော့ လှူမှ ပိုပြီးအဆင်ပြေပါတယ်။

## ဖြစ်တတ်တာလေး + သတိပေး

ဒီနေရာမှာ ဓမ္မကထိကဆရာတော်တစ်ပါး တရားဟောတာ ကြားဖူးတဲ့ ဟာသလေး ပြောပြချင်ပါသေးတယ်။

အဲဒါကတော့ ဘာလဲဆိုတော့ တစ်နေ့ တရားဟောဆရာတော်တစ်ပါးက မြို့တစ်မြို့က ဆွမ်းသိမ်းအောင်ပွဲမှာ တရားဟောနေပါတယ်။ တရားဟောရင်း တရားနာပရိသတ်တွေကို မေးလိုက်တာက ဒကာ ဒကာမတွေ၊ ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင် ဆွမ်းနဲ့ဆွမ်းဟင်း တွဲပြီးတော့ လှူကြရဲ့လားလို့ မေးပါတယ်။ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက လှူကြတဲ့အကြောင်း လျှောက်ထားကြပါတယ်။

နောက်ပြီး တရားဟောဆရာတော်က အေး ကောင်းတယ်၊ အဲဒီလို ဆွမ်းနဲ့ ဆွမ်းဟင်း စုံလင်အောင် တွဲပြီးတော့ လှူရတယ်။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်း မလှူဘူး။ ဆွမ်းဟင်းတော့လှူတယ်၊ ဆွမ်းတော့မလှူဘူးဆိုရင် ဘာဖြစ်တတ်သလဲ သိလားလို့ မေးတော်မူပါတယ်။ ဒကာ ဒကာမတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ အဲဒီမှာ တရားဟောဆရာတော်က မသိရင် ပြောမယ်၊ ကျုပ်ကို သေသေချာချာကြည့်ပါဆိုပြီးတော့ သူ့ရင်ကို လက်ဝါးနဲ့ ပုတ်ပြတယ်။

(အားလုံးရယ်ကြ)

တရားဟောဆရာတော်က ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(ဘုန်းကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးဖြစ်တာ သိတယ်မဟုတ်လား၊ အစုံမလှူခဲ့လို့နော်တဲ့။

(အားလုံး ရယ်ကြ)

## နောက်ပြီးဖြစ်အင် + သီလရှင်

နောက်ပြီးတော့ ဘာဖြစ်တတ်သလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် ကြည့်ကြဆိုပြီးတော့ သူ့ရှေ့မှာနေပြီး တရားနာနေကြတဲ့ သီလရှင်တွေကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲ– ဘာဖြစ်တတ်သတဲ့လဲ?

(သီလရှင် ဖြစ်တတ်ပါတယ် ဘုရား)

ဒကာ ဒကာမတွေ ပြောထားနော်။ ဘုန်းကြီးက လက်ညှိုးထိုးပြရုံနဲ့ မေးရုံပဲ မေးတာတဲ့။ (အားလုံး ရယ်ကြ)

## အပျိုကြီးတွေ + ဖြစ်တတ်ပေ

နောက်ပြီးတော့ ဘာဖြစ်တတ်သေးသလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် သေသေချာချာကြည့်ကြနော်ဆိုပြီးတော့ သီလရှင်တွေရဲ့နောက်နားမှာ တရားနာနေကြတဲ့ သူ့ဒကာမအရင်း အပျိုကြီးအုပ်စုကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(အပျိုကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးက လက်ညှိုးထိုးပြရုံလေးပဲ မေးတာနော်။

(အားလုံး ရယ်ကြ)

ဓမ္မကထိက ဆရာတော် တင်ပြတဲ့ ဟာသလေးပါ။ ဆွမ်း၊ ဆွမ်းဟင်း တွဲမလှူရင် ဖြစ်တတ်ပုံလေးကို လူတွေ နားလည်သဘောပေါက်လွယ်အောင် ဟာသနှောပြီးတော့ ဟောပြောတာပါပဲ။

## ဟာသဆိုတာ + ပညာတစ်မျိုး

ဟာသဆိုတာ ရယ်ရွှင်စိတ်ဖြစ်အောင် ဖန်ဆင်းပေးတတ်တဲ့ ပညာရပ်တစ်မျိုးပါပဲ။ ဟာသပညာရှင်တွေကို လူရွှင်တော်လို့လည်း ခေါ်ပါတယ်။ လူတွေကို (လူတွေရဲ့စိတ်ကို ရွှင်လန်းအောင်၊ ရွှင်အောင်လုပ်ပေးတတ်တဲ့ နေရာမှာ တော်လို့ လူရွှင်တော်လို ခေါ်တာပါပဲ။)

## ဟာနေတာလေး+သကာပေး

ဟာသဆိုတာလေးကို မြန်မာလို ရှိုးရှိုးလေးပဲ ကြုံပြီးပြောချင်ပါသေးတယ်။ လူတွေရဲ့စိတ်ထဲမှာ သားရေး သမီးရေး၊ စီးပွားရေးစတဲ့ ရေးပေါင်းများစွာကြောင့် ဟာနေတာကတော့ ပျော်ရွှင်မှုပါပဲ။ အဲဒီဟာနေတဲ့ ကွက်လပ်လေးကို ပြန်ပေါ်လာအောင် သူတို့ရဲ့ပညာရပ်နဲ့ 'သ'ပေးလိုက်တာပါပဲ။

'ဟာသ'ကို အဲဒီလိုတွေး..အဲဒီလို ရေးမိပါတယ်။

ကဲ– ထားပါတော့၊ ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
('ကောင်းကျိုးသီးမှာ+မလွဲပါ' တရားပါဘုရား)

**အကျဉ်းချုပ် ကဗျာလေးနဲ့ တရားသိမ်းကြပါစို့။**

* ပဒုမုတ္တရာဘုရားမြတ်ကို
ဆွမ်းတော်ဆက်ကပ် လှူဖူးတယ်။
* ညစ်နွမ်းနေရာ ကိုယ်တိုင်သွားလို့
ပန်းလှများနဲ့ ဖုံးလွှမ်းတယ်။
* ဆွမ်းစားနေရာ ပန်းအလှနဲ့
သေချာ၊ ၂ပန ပြုပြင်တယ်။
* ပန်းနေရာနေ မြတ်ဘုရားက
ဆွမ်းကပ်ကျိုးများ ဟောပြတယ်။
* လယ်ယာကောင်းမှာ မျိုးစေလေးကို
မနှေးစိုက်ပျိုး အခါဝယ်။
* မိုးတွေကောင်းရင် အသီးသီးလို့
လယ်သမားကြီး ပျော်ရတယ်။
* အဲဒီတိုင်းသာ ပမာပြလို့
ဆွမ်းဒကာလှ မှတ်ရမယ်။
* ဆွမ်းမျိုးစေ့ကို ဘုရားကောင်း၌
ဆုတောင်းနှစ်ခြိုက် စိုက်သူဝယ်။
* ဖြစ်လေရာမှာ ကောင်းကျိုးသီးလို့
ကောင်းမိုးကြီးတွေ ရွာချမယ်။
* ကောင်းစေ့စိုက်ရင် ကောင်းကျိုးသီးရ
ကေန်မုချ မလွဲကွယ်။

* သီ၊ ကျုံစောင့်ကာ ဝိဝေပွားလို့
ကိလေသာများ ဝေးရတယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်း ပန်းဒါန ထူးခြားတယ်။
* ဆွမ်းတွေ ဟင်းတွေ ပန်းတွေနှေ့ည
မမေ့ကြဘဲ လှူရမယ်
(ဖြူလှမယ်)၂

**"ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော် ပြီးပြီ။**

တရားအမည်ပေးရာ၌–
* ကောင်းကျိုးသီးမှာ+ဖြစ်လေရာ။
* ကောင်းတာ ထူးတာ+ရွေးလှူပါ။
* ဆွမ်းနေရာနဲ့ ပန်းနေရာ စသည်အမည်ပေးကာ ဟောကြားပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဝံသတူလဝဂ်၊ ဓမ္မရုစိယတ္ထေရအပဒါန်ကို

တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လမ်းမှားကိုလျှောက်+လူတစ်ယောက်"

## တရားတော်

ဒီနေ့ လူငယ်တွေ ဦးစီးပြီးတော့ ဆင်ယင်ကျင်းပပူဇော်ကြတဲ့ မွေးသဘင်မှာ ဟောကြားမည့်တရားတော်ကို ကြိုပြီးတော့ ကြော်ငြာထားတယ်နော်?

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက်+လူတစ်ယောက် တရားပါဘုရား)

ကဲ- စပြီးတော့ ဟောကြွ နာကြရအောင်။

### ဘုရားဖြစ်မှာ မိန့်ကြားလျှာ

မာရ်ငါးပါးကို အောင်တော်မူတဲ့ ဒီပင်္ကရာမြတ်စွာဘုရားဟာ သုမေဓာရသေ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။

မိန့်ကြားတော်မူပုံကတော့ ဒီကမ္ဘာမှ မရေမတွက်နိုင်တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်မှာ ဒီရသေ့ဟာ ဘုရားဖြစ်မယ်။

### မိဘနာမည် ဟောပြပြီ

ဒီရသေ့ရဲ့ မယ်တော်ရင်းက မာယာ ဖြစ်မယ်။ ခမည်းတော်က သုဒ္ဓေါဒန ဖြစ်မယ်။ ဒီရသေ့ကတော့ ဂေါတမ ဘုရားဖြစ်မယ်။

### ပြုနိုင်ခဲတာ ပြုကျင့်တာ

ဒီရသေ့ဟာ ကမ္ဘဋ္ဌာန်းအားထုတ်ပြီးတော့ ပြုနိုင်ခဲတဲ့အကျင့်ကို ပြုကျင့်ကာ ညောင်ဗုဒ္ဓဟောပင်ရင်းမှာ များတဲ့အခြံအရံ အကျော်အစောရှိတဲ့ ဘုရားဖြစ်ပြီး ပွင့်တော်မူမယ်။

## အဂ္ဂသာဝက ဟောဖော်ပြ

ဥပတိဿနဲ့ ကောလိတာဟာ အဂ္ဂသာဝက ဖြစ်ကြမယ်။ အာနန္ဒာလို့ ထင်ရှားတဲ့ ရဟန်းဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလိမ့်မယ်။

## အဂ္ဂသာဝိကာ ဥပါသကာ

ခေမာနဲ့ ဥပ္ပလဝဏ္ဏာဟာ မြတ်တဲ့ အဂ္ဂသာဝိကာမတွေ ဖြစ်ကြမယ်။ စိတ္တနဲ့ အာဠဝကဟာ မြတ်တဲ့ဥပါသကာတွေ ဖြစ်ကြမယ်။

## ဥပါသိကာ မိန့်ကြားလွှာ

ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာဟာ မြတ်တဲ့ဥပါသိကာမတွေ ဖြစ်ကြမယ်။ ရဲရင့်တဲ့ လုံ့လရှိတဲ့ ဒီဂေါတမဘုရားရဲ့ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟောလို့ ခေါ်ဆိုရလိမ့်မယ်။ ဒီလိုဗျာဒိတ်စကားတွေ စုံစုံလင်လင် မိန့်ကြားတော်မူပါတယ်။

## စကားကြားရ ရှိခိုးကြ

လူ နတ်တွေဟာ အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ ဒီစကားတွေကို ကြားရတဲ့အတွက် အလွန်ဝမ်းမြောက်ကြတယ်။ လက်အုပ်ချီမိုး ရှိခိုးကြတယ်။

## မေဃလုလင် သူဖြစ်အင်

မြတ်စွာဘုရား၊ အကျွန်ုပ်ဟာ အဲဒီအချိန်တုန်းက ကောင်းစွာသင်ကြားပြီးတဲ့ အတတ်ရှိသူ 'မေဃ'လို့ ခေါ်တဲ့ လုလင်ဖြစ်ခဲ့ပါတယ်။

သုမေဓာရသေ့ကို မိန့်ကြားတဲ့ ဗျာဒိတ်စကားမြတ်ကိုကြားရတော့-

## အတူတကွ အမျှယူ

ကရုဏာရဲ့တည်ရာဖြစ်တဲ့ သုမေဓာရသေ့ကို အလွန်ပဲ စိတ်ဝင်စားပြီးတော့ အလွန်ပဲ ခင်မင်လေးစား အရေးထားကာ ချစ်ကျွမ်းဝင်သွားတယ်။ ''ပုဂ္ဂိုလ်ခင်မှ တရားမင်''ဆိုတဲ့ အတိုင်းပဲ ရသေ့ရဟန်းဖြစ်တဲ့ သုမေဓာရသေ့နောက်လိုက်ပြီးတော့ အတူတကွ အယူမျှကာ ရဟန်းပြုခဲ့ပါတယ်။

## လမ်းမှန်ကိုလျှောက် လူတစ်ယောက်

ဘုရားအလောင်း သုမေဓာရသေ့ကောင်းနဲ့ ပေါင်းသင်းနေထိုင်တာဟာ လမ်းမှန်ကို လျှောက်နေတာနော်?

(မှန်လှပါ ဘုရား)

F'21A

ဒီနေရာလေးကို ကြည့်ပြီးတော့ ရေးမယ်၊ ပြောမယ်၊ ဟောမယ်ဆိုရင်တော့ "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်"လို့ ရေးရ၊ ပြောရ၊ ဟောရမှာပါပဲ။

## လုံခြုံအပြီး+သူစောင့်စည်း

သူဟာ ရသေ့ရဟန်းပြုပြီးတဲ့အခါမှာ ပါတိမောက်သီလနဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေကိုငါးပါးမှာလည်း လုံခြုံအောင် စောင့်စည်းနေထိုင်ခဲ့သူ ဖြစ်ပါတယ်။

## အသက်မွေးတာ စင်ကြယ်ရှာ

နောက်ပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းလည်း ရှိပါတယ်တဲ့၊ ဒီနေရာမှာ စင်ကြယ်တဲ့ အသက်မွေးခြင်းဆိုတာ ဘာလဲ? အဲဒါ သိဖို့လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မအပ်ရှာမှီး အသီးသီး

ဒါကြောင့် ရဟန်းဖြစ်လာရင် မစင်ကြယ်တဲ့အသက်မွေးမှုတွေ မလုပ်ရဘူး။ ဒီတော့ မစင်ကြယ်တဲ့ အသက်မွေးမှုဖြစ်တဲ့ မအပ်တဲ့ ရှာမှီးခြင်း "အနေသန–၂၁ ပါး"ကို သိထားသင့်တယ်။ အဲဒီ 'အသေန ၂၁ ပါး'ကတော့

၁။ ဝါးပေးတာ၊
၂။ အရွက်ပေးတာ၊
၃။ ပန်းပေးတာ၊
၄။ အသီးပေးတာ၊
၅။ ရေချိုးစရာအမှုန့် ပေးတာ၊
၆။ မြေညက်ပေးတာ၊
၇။ မျက်နှာချေမှုန့်ပေးတာ၊
၈။ တံပူ (သွားပွတ်တံ) ပေးတာ၊
၉။ မျက်နှာသစ်ရေပေးတာ၊
၁၀။ မိမိကို နှိမ့်ချပြောဆိုတာ၊
၁၁။ မနုပ် နည်းပါး အနုပ်များတဲ့ ပဲနောက်ဟင်းလို အမှန်နည်းပါး အမှားများတဲ့ စကားကို ပြောဆိုတာ၊
၁၂။ ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးတာ၊

၁၃။ ရှာတစ်ပါး အရပ်တစ်ပါးကို လူတွေရဲ့ပေးစာ၊ နှုတ်မှာစကားကို ယူဆောင်သွားလာတာ၊
၁၄။ ဆေးပေးမှု၊ ဆေးကုသမှု ပြုတာ၊
၁၅။ လူတွေရဲ့ စေတမန်ပြုလုပ်တာ၊
၁၆။ လူတွေရဲ့အစေအခိုင်းခံတာ၊
၁၇။ ဆွမ်းတို့ပေးတာ၊
၁၈။ ပေးတို့ပေးတာ (လှူသူကို သင့်တော်တာ ပြန်ပေးတာ)
၁၉။ အိပ်ရာ မြေရာစတဲ့အတတ်၊
၂၀။ နက္ခတ်တွေရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်းအတတ်၊
၂၁။ မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းလက္ခဏာကို သိကြောင်းအတတ်တွေပဲ ဖြစ်တယ်။

သူဟာ အဲဒီလို မစင်ကြယ်တဲ့ အသက်မွေးမှုတွေ ကင်းရှင်းပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းရှိတဲ့သူ ဖြစ်တယ်လို့ ပြောပြတာနော်။

(မှန်လှပါ ဘုရား)

## သတိ၊ ဝီရိယ+ပြည့်စုံလှ

နောက်ပြီးတော့ သူဟာ သတိ၊ ဝီရိယနဲ့ ပြည့်စုံသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာပြုကျင့်ခဲ့သူ ဖြစ်တယ်တဲ့။

## အဆုံးအမ+ဆုံးထိမ

ဒီနေရာ "အဆုံးအမ" ဆိုတဲ့စကားလေးကို ပြောချင်ပါသေးတယ်။ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့ တရားစကားတော်တွေဟာ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ထိအောင် ကောင်းကျိုးတရားတွေ အပြည့်အဝရအောင် ချီးမြှောက်မ,စပေးတယ်။ ခုဘဝ၊ နောက်ဘဝ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ အဆုံးထိအောင် 'မ'ပေးတယ်၊ တစ်ဝက်တစ်ပျက်လောက် ကောင်းကျိုးရအောင် 'မ' ပေးတာ မဟုတ်ဘူး။ နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ၊ အဆုံးထိအောင် 'မ'ပေးတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းမိတ်ဆွေ တိုက်တွန်းပေ

သူဟာ အဲဒီလို သူတော်ကောင်းနဲ့ ပေါင်းဖော်ပြီးတော့ လမ်းမှန်ကို လျှောက်

လုပ်နေစဉ်မှာ တစ်နေ့တော့ ယုတ်မာတဲ့ အကျင့်မကောင်းတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ရတယ်။ အဲဒီမိတ်ဆွေဟာ မလုပ်သင့်တဲ့ မကောင်းတဲ့အကျင့်တွေ လုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်လာတယ်။ အဲဒီမိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်ရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် သူဟာ ကောင်းတဲ့အကျင့်လမ်းစဉ်မှ လွှောကျခဲ့တယ်တဲ့။

## လူပေါင်းမမှားရေး သတိပေး .

ဒီနေရာလေးကြည့်ပြီးတော့ သတိထားရမှာက လူပေါင်းမမှားရေးနော်။

(မှန်လှပါ ဘုရား)

ဒီဓမ္မရုပ်ယမထေရ်အလောင်း သူတော်ကောင်းဟာ နဂိုက ဘုရားအလောင်း သုမေဓာသူတော်ကောင်းနဲ့ ပေါင်းပြီးတော့ တကယ်အကျင့်ကောင်းတဲ့ စံပြသူတော်ကောင်းလေး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းမှားကိုလျှောက် လူတစ်ယောက်

ဒီတော့ မိတ်ဆွေယုတ်နဲ့ ပေါင်းသင်းလိုက်တော့ လမ်းမှားလျှောက်တဲ့ လူတစ်ယောက် ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက် လူတစ်ယောက်တရားပါ ဘုရား)

## စံပြ+လန်ကျ

ဘုရားလောင်းနဲ့ ပေါင်းတုန်းကတော့ စံပြ၊ မိတ်ဆွေယုတ်နဲ့ ပေါင်းလိုက်တော့ ကောင်းတာတွေ လန်ကျသွားတယ်နော်။

(မှန်လှပါ ဘုရား)

## လူပေါင်းမှားရင် လူကောင်းများတောင်

ဒီနေရာမှာ ဘုန်းကြီးရဲ့တပည့် စာသင်သားတွေကို ပြောတဲ့စကားလေး ရှိသေးတယ်။ အဲဒါကတော့ ''တပည့်တို့၊ လူပေါင်းမမှားစေနဲ့။ လူပေါင်းမှားရင် လူကောင်းများတောင် ပျက်စီးသွားတတ်တယ်''ဆိုတဲ့စကားပါပဲ။

## လူကောင်းလေး ပျက်စီးသွား

ဒီမေ့ရှစ်ယမထေရ်အလောင်း သူတော်ကောင်းလေးကို ကြည့်လိုက်စမ်းပါ။ လူပေါင်းများတဲ့အတွက် လူကောင်းလေး မေ့ရှစ်ယအလောင်း ပျက်စီးသွားရတယ် မဟုတ်လား?

(မှန်လှပါ ဘုရား)

## ပေါင်းကြည့် + ကြည့်ပေါင်း

ဒါကြောင့် တပည့်တွေကို ပြောရတာယ်။ လူတွေကို ပေါင်းကြည့်ပါ၊ ပေါင်းကြည့်ပြီးတဲ့အခါ မကောင်းတဲ့လူဆိုရင် ကြည့်သာပေါင်းပေတော့လို့ သတိပေးရပါတယ်။

## သာသနာမှ ဖဲခွာရ

သူဟာ ယုတ်မာတဲ့အကြံအစည်ရဲ့ အလိုကို လိုက်မိသူဖြစ်ပြီးတော့ သာသနာတော်မှ ဖဲခွာခဲ့ရပါတယ်တဲ့။

သာသနာတော်ကို တကယ်ချစ်ခင်မြတ်နိုးတဲ့ သာသနာ့သူရဲကောင်း တစ်ယောက် သာသနာတော်ကနေ ပျောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

## အမေသတ်တာ + သားယုတ်မာ

နောက်တော့ အဲဒီယုတ်မာတဲ့ မိတ်ဆွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် အမေအရင်းကိုတောင် သတ်မိသွားတယ်တဲ့။

ဒီတော့ မိတ်ဆွေယုတ်ဟာ ကြောက်စရာကောင်းတယ်။ မိမိရဲ့စိတ်ယုတ် စိတ်ဆိုးတွေဟာလည်း ကြောက်စရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းများကိုလျှောက် သားတစ်ယောက်

ဒီတော့ အမေရင်းကိုတောင် သတ်မိသူဟာ တကယ်လမ်းများကို လျှောက်သွားတဲ့ လူတစ်ယောက် (သားတစ်ယောက်) ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီနေ့ဟောနေတဲ့ တရားက?

(လမ်းမှားကိုလျှောက် လူတစ်ယောက်ပါ ဘုရား)

ငါပ်မှတ်လိုက်ပါဦး၊ လမ်းမှားကိုလျှောက် သားတစ်ယောက်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဘာကြောင့် ဒီတရား ဟောနေရတာလဲဆိုတော့ ခုခေတ် မိဘမှန်း မသိသူတွေ များနေတဲ့အတွက် လမ်းမှားကိုလျှောက်မိရင် ဆင်းရဲဒုက္ခတွေ များမှာစိုးလို့ ဟောနေတာနော်။ (မှန်လှပါ ဘုရား) ဂါ:ဒိပြ၁

## ပြစ်မှားစိတ်ဓာတ် အမေသတ်

သူဟာ ပြစ်မှားတဲ့စိတ်နဲ့ အမေကိုသတ်မိတော့ အနန္တရိယကံကို ပြုမိသူဖြစ်သွားတယ်။

အနန္တရိယကံဆိုတာ အခြားမဲ့ဘဝမှာ မုချအကျိုးပေးတဲ့ ကံကြီးလို့ ဆိုလိုပါတယ်။ အနန္တရိယကံ ၅ ပါး ရှိတယ်။ အဲဒီငါးပါးကတော့ အမိကိုသတ်တာ၊ အဖကိုသတ်တာ၊ ရဟန္တာကို သတ်တာ၊ ဘုရားရှင်မှာ သွေးကိုဖြစ်စေတာ၊ သံဃာတွေ မညီမညွတ်အောင် သံဃာသင်းခွဲတာတို့ ဖြစ်တယ်။ အဲဒီအနန္တရိယကံ ၅ ပါးမှာ တစ်ပါးပါးပြုမိတယ်ဆိုရင် သေတဲ့အခြားမဲ့မှာ အဝီစိငရဲကျရတယ်။

## အဝီစိကျ သူ့ဘဝ

သူဟာ သေတဲ့အခါ အလွန်ကြမ်းကြုတ်တဲ့ အဝီစိငရဲကြီးကို ရောက်သွားရတယ်။

## ဆင်းရဲနွမ်းညှ ကျင်လည်ရ

သူဟာ ဖရိုဖရဲပျက်စီးပြီး ကျရာ ငရဲပြည်ရောက်သွားရတဲ့အခါ ကြာမြင့်စွာ ကာလပတ်လုံး ဆင်းဆင်းရဲရဲ ကျင်လည်ခဲ့ရပါတယ်တဲ့။

## မတွေ့ရပါ သုမေဓာ

လှံ့လရှိသူတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ သုမေဓာရသေ့ကို တစ်ဖန် မတွေ့ရတော့ပါဘူးတဲ့။

## ကျက်စားဖို့ရန် ချဉ်းကပ်ပြန်

သူဟာ အဝီစိငရဲကနေ လွတ်မြောက်လာတဲ့အခါ ဒီကမ္ဘာတွင် သမုဒ္ဒရာမှာ

ဟိမဝိဂ်လငါးကြီး ဖြစ်ခဲ့ရတယ်။ သမုဒ္ဒရာမှာ လှေကိုမြင်ရတော့ ကျက်စားရန် အတွက် ချဉ်းကပ်လိုက်တယ်။ (အစာရှာရန် ချဉ်းကပ်လိုက်တယ်)

## မြတ်စွာဗုဒ္ဓ အောက်မေ့ကြ

ကုန်သည်တွေဟာ ငါးကြီးကိုမြင်ရတဲ့အခါ တအားကြောက်ရွံ့ကာ ဘုရား မြတ်ကို မပြတ်ခါခါ အောက်မေ့ကြပါတယ်။ "ဂေါတမဘုရား၊ ကယ်တော်မူပါ။ ဂေါတမဘုရား ကယ်တော်မူပါ"လို့ အောက်မေ့ကြ၊ အော်ဟစ်ကြတယ်နော်။

(မှန်လှပါ ဘုရား)

## ဂေါတမသံ ကြားရပြန်သော် ၇

ငါးကြီးဟာ ကုန်သည်တွေ အော်မြည်မြွက်ဆိုတဲ့ ဂေါတမဆိုတဲ့အသံကြီးကို ကြားရပါတယ်။ အဲဒီလိုကြားတဲ့အခါ–

## ကြွယ်ဝချမ်းသာ အမျိုးလာဖြစ်

ရှေးကပြစ်ဖူးတဲ့ အမှတ်သညာကို အောက်မေ့ပြီး ငါးဘဝကနေ သေဆုံးတဲ့ အခါမှာ သာဝတ္ထိမြို့မှာ ကြွယ်ဝတဲ့အမျိုးဖြစ်တဲ့ ပုဏ္ဏားမျိုး လာဖြစ်တယ်။

## ဓမ္မရုစိ အမည်ရှိ

သူဟာ အကုသိုလ်အားလုံးကို စက်ဆုပ်တတ်တဲ့ ဓမ္မရုစိဆိုတဲ့ အမည်ရှိသူ ဖြစ်ခဲ့တယ်။ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ မြတ်စွာဘုရားကို ဖူးမြင်ရတယ်။

## သုံးကြိမ်ချဉ်းကပ် ဘုရားမြတ်

ဇေတဝန်ကျောင်းတော်သွားကာ ရဟန်းဘောင်ဝင်ရောက်ခဲ့တယ်။ ညဦး ရော နေ့ပါ သုံးကြိမ် မြတ်စွာဘုရားကို ချဉ်းကပ်ပါတယ်။

## ကြာမြင့်ပြောရာ လျှောက်ထားလျှာ

အဲဒီလို ချဉ်းကပ်တဲ့အခါမှာ မြတ်စွာဘုရားက သူ့ကို မြင်ပြီးတော့ 'ဓမ္မရုစိ' ကြာမြင့်ပြီနော်လို့ မိန့်ဆိုကော်မူပါတယ်။

အဲဒီလို မိန့်ဆိုတော်မူတဲ့အခါ သူဟာ မြတ်စွာဘုရားကို ရှေးကသာ အကြောင်းရင်းရှိတဲ့ စကားကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားနဲ့ မေ့ရစ် ပြောကြားလျှောက်ထားနေတဲ့ ဒီနေရာလေးကြည့်ပြီး တော့ သနားစရာ ဝမ်းနည်းစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## ဘုရားဖူးရ ကောင်းမြတ်လှ

အရာမကတဲ့ ဘုန်းကံလက္ခဏာရှိတော်မူတဲ့ ရှေးဘဝမှာ အထူးစင်ကြယ်တဲ့ အကြောင်းကံရှိတော်မူတဲ့ မြတ်စွာဘုရားကို မဖူးမြင်ရသည်မှာ အလွန်ကြာမြင့်ပါပြီ။

ယခုတော့ တပည့်တော်ဟာ အရှင်ဘုရားရဲ့ မနှိုင်းယှဉ်နိုင်တဲ့ ကိုယ်တော်ကို ဖူးမြင်ရပါပြီ။

ဒီလိုဖူးမြင်ရခြင်းဟာ တကယ်တော့ ကောင်းမြတ်တဲ့ ဖူးမြင်ရခြင်း ဖြစ်ပါတယ် ဘုရား။

## မောဟာမိုက်မှောင် ဖျက်ဆီးဆောင်

အရှင်ဘုရားဟာ အလွန်ကြာမြင့်စွာ မောဟအမိုက်မှောင်ကို ဖျက်ဆီးတော်မူပါပေတယ်။

တပည့်တော်ဟာ စင်ကြယ်စွာစောင့်ရှောက်အပ်တဲ့ သီလအကျင့်မြတ်နဲ့ တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ။

မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ဉာဏ်ဖြင့်ပြီးတဲ့ မျက်လုံးတော်ကို အညစ်အကြေး မရှိအောင် အလွန်ကြာမြင့်စွာ သုတ်သင်တော်မူအပ်ပါပြီ။

## ပေါင်းဆုံကွေကွင်း ပြန်ဆုံခြင်း

တပည့်တော်ကား အရှင်ဘုရားနဲ့ ကာလကြာမြင့်စွာ အတူတကွ ပေါင်းဆုံခဲ့ရပါတယ်။

တစ်ဖန် ဘဝအလယ်မှာ ကြာမြင့်စွာ ကွေကွင်းခဲ့ရပါတယ်။

## အမှန်တွေလျှောက် ကံမပျောက်

ယခုတစ်ဖန် အရှင်ဘုရားနဲ့ ပေါင်းဆုံရပြန်ပါတယ်။ ဂေါတမမြတ်စွာဘုရား၊ မှန်ပါတယ်။ ပြုလုပ်တဲ့ကံတွေဟာ မပျောက်မပျက်ပါဘူးဘုရားလို့ လျှောက်ထားပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လမ်းမှန်ကိုလေ လျှောက်နိုင်စေ

ဒီနေ့ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဦးစီးပူဇော်နေကြတဲ့ လူဝယ်တွေနဲ့ တရားနာပရိသတ်အားလုံး "လမ်းများကိုလျှောက် လူတစ်ယောက်"ရဲ့ အမှားတွေကို နားလည်သဘောပေါက်ပြီး "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်"ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

## "လမ်းများကိုလျှောက် လူတစ်ယောက်" တရားတော် ပြီးပြီ။

## လမ်းများကိုလျှောက် လူတစ်ယောက်ကဗျာများ

* ဒီပင်္ကရာ မြတ်ဘုရားက
သုမေဓာအား ဗျာဒိတ်ချွေ။
* ဘုရားဖြစ်မှာ ဘဝကြောင်းကို
စုံအောင်ကောင်းကောင်း ဟောမိန့်ပေ။
* မယ်တော်မာယ အမေရှင်းနဲ့
သုဒ္ဓေါဓမင်း ဖြစ်တယ်လေ။
* ဒီရသေ့ဟာ ဂေါတမဟု
သေချာဗုဒ္ဓဖြစ်မယ်လေ။
* ပြုနိုင်ခဲ့တာ တကယ်ပြုကျင့်
ဘုရားဖြစ်ပွင့် မလွဲပေ။
* ဥပတိဿ၊ ကောလိတက
အဂ္ဂသာဝက ဖြစ်မယ်လေ။
* အာနန္ဒာခေါ် ရဟန်းတစ်ပါးက
မြတ်ဘုရားရဲ့ လုပ်ကျွေးပေ။
* ခေမာ သေချာ ဥပ္ပလ်တို့
အဂ္ဂသာဝိကာမပေ။
* စိတ္တဒကာ အာဠာဝက
ဥပါသကာ ဖြစ်မယ်လေ။

* ဥပါသိကာ သေချာထုတ်ပြ
ခုဇ္ဇုတ္တရာ နန္ဒပေ။
* လှံ့လရှိသူ ဂေါတမ၏
ဗောဓိပင်သိ ညောင်ဗုဒ္ဓပေ။
* အဲဒီလိုသာ ဗျာဒိတ်စကား
သေချာမိန့်ကြားခဲ့တယ်လေ။
* လူ နတ်တွေဟာ မြတ်ဘုရား၏
စကားသိကြား ဝမ်းမြောက်ပေ။
* မေဃလုလင် သူပင်ဖြစ်ခဲ့
ကောင်းတဲ့အတတ် ရှိသူပေ။
* သုမေဓာကို ဗျာဒိတ်ကြားတော့
သုမေဓာအား ခင်သွားပေ။
* သုမေဓာခေါ် ရသေ့နောက်သို့
အုတ္တုလျှောက်ပြု ရဟန်းပေ။
* အဲဒီချိန်မှာ လမ်းမှန်လျှောက်လို့
လမ်းကောင်းရောက်တဲ့ လူမြတ်ပေ။
* သီ၊ ဩဒွေစောင့်ကာစည်းလို့
အသက်မွေးလည်း စင်ကြယ်နေ။
* သတိ ဝီရိယ ပြည့်စုံလှလို့
လိုက်တာမချို့ ကျင့်သုံးနေ။
* တစ်နေ့တော့လေ ယုတ်မာဆိုးတဲ့
မိတ်ဆွေဆိုးနဲ့ တွေ့ရပေ။
* မိတ်ဆွေဆိုးဟာ မကောင်းတာများကို
အကြောင်းရှာထား တိုက်တွန်းနေ။
* အကျင့်ကောင်းတွေ အကုန်ပျောက်လို့
လမ်းမှားကိုရောက်သွားရပေ။
* မကောင်းကြံစည် အလိုလိုက်က
သာသနာမှ ခွာရပေ။
* နောင်အခါမှာ မိတ်ဆွေယုတ်၏
တိုက်တွန်းအမိ သတ်မိပေ။

* အမေသတ်သူ လမ်းမှန်ပျောက်လို့
လမ်းမှားကို ရောက်သွားရပေ။
* သေသောအခါ ကြမ်းကြုတ်လှသည့်
အဝီစိငရဲ ကျရပေ။
* ငရဲရောက်ရင် အကြာကြီးပဲ
ဆင်းဆင်းရဲရဲ နေရပေ။
* ဆိုးယုတ်မိတ်ဆွေ ပေါင်းမိခဲ့တဲ့
သူ့ရဲ့အကြောင်း မကောင်းပေ။
* လူဆိုးပေါင်းရင် လမ်းမှန်လျှောက်လို့
လမ်းမှားကိုရောက် ဆင်းရဲနေ။
* သုမေဓာခေါ် ရှင်ရသေ့ကို
တစ်ဖန် မတွေ့ရတော့ပေ။
* သမုဒ္ဒရာမှာ တိမိင်္ဂလ
ငါးကြီးမှုချ လာဖြစ်ပေ။
* သမုဒ္ဒရာမှာ လှေကိုတွေ့က
အစာရဖို့ ချဉ်းကပ်ပေ။
* ငါးကြီးကိုမြင် ကုန်သည်များက
ဘုရားကိုတ အောက်မေ့နေ။
* ကုန်သည်တွေဟာ ဂေါတမဟု
အသံကြီးပြု ကြားရပေ။
* ရှေးကသညာ အောက်မေ့ငြားက
ငါးဘဝမှ သေတော့လေ။
* သာဝတ္ထိမှာ ကြွယ်ဝမျိုး၌
ပုဏ္ဏားမဆိုး ဖြစ်ရပေ။
* အကုသိုလ်တွေ စက်ဆုပ်တတ်သည့်
ဓမ္မရုစိ မည်ရှိပေ။
* ခုနစ်နှစ်မှာ မြတ်ဗုဒ္ဓကို
ဖူးမြင်ရတော့ ဝမ်းမြှောက်နေ။
* ဇေတဝန်ခေါ် ကျောင်းတော်သွားလို့
ရဟန်းဘောင်သို့ ဝင်ခဲ့ပေ။

* တစ်နေ့သုံးကြိမ် မြတ်ဘုရားကို
ဦးနှိမ်ဝပ်တွား ခစားပေ။
* သူ့ကိုမြင်ရင် မြတ်ဘုရားက
လွန်စွာသနားမိကာလေ။
* သူ့အမည်ခေါ် ကြာမြင့်ကြောင်းကို
သေချာအကောင်း မိန့်ဆိုပေ။
* သူ့ရဲ့ရှေးကံ အကြောင်းရင်းရှိ
စကားကိုကြည့် လျှောက်ထားပေ။
* မြတ်ဘုရားကို မဖူးမြင်ရ
ကြာမြင့်လှတာ လျှောက်ထားပေ။
* ယခုမှပင် မြတ်ဘုရားကို
ဖူးမြင်ခစား ကောင်းလှပေ။
* မြတ်ဘုရားရှင် မောဟထုကို
ဖျက်ဆီးပြုတာ လျှောက်တင်ပေ။
* သူလည်းစင်ကြယ် သီလတရားနဲ့
တဏှာမြစ်များ ခြောက်သွေ့စေ။
* မြတ်ဘုရားရှင် ဉာဏ်မျက်လုံးနဲ့
ညစ်ကြေးအားလုံး သုတ်သင်ပေ။
* အကျွန်ုပ်သည် မြတ်ဘုရားနဲ့
ကာလရှည်လျား ပေါင်းခဲ့ပေ။
* ဘဝလယ်မှာ မြတ်ဘုရားနဲ့
ကာလရှည်လျား ခွဲရပေ။
* ယခုတစ်ဖန် မြတ်ဘုရားနဲ့
ပေါင်းဆုံခဲ့ရ ကောင်းလှပေ။
* ရှေးကပြုပြန် ကံတရားတို့
အမှန်ထင်ရှား မပျောက်ဇပေ။
* ဘုရားထံမှာ ရဟန္တာဖြစ်ရ
သူ့ဘဝလေး အေးသွားပေ။

* လမ်းများရောက်သူ လူတစ်ယောက်ရဲ့
မှတ်လောက်လေတဲ့ အကြောင်းတွေ။
* လူပေါင်းများရင် လမ်းမှန်ပျောက်လို့
လမ်းများရောက်မှာ မလွဲပေ။
* လူပေါင်းများရင် လူကောင်းများတောင်
ပျက်စီးသွားတတ် သိပါလေ။
* လူပေါင်းများချင် လူငယ်များတို့
သတိထားဖို့ ရေးဟောဝေ။
* ကောင်းသူ တော်သူ လူကောင်းများကို
ရွေးချယ်ပေါင်းသွား ကောင်းတော်စေ။
* ကောင်းတော်ပါစေ ကောင်းစိတ်ထားနဲ့
ကောင်းတရားတွေ ပြောပြနေ။
(ဟောပြဝေ)၂

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဝုဏ္ဏဘာနုဝါ၊ အဓိမုတ္တတ္ထေရအပဒါန်ကို
တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ"

## တရားတော်

ဒီနေ့ မဏ္ဍပ်တွေ ဆောက်ပြီး ဆွမ်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ' တရားတော်ပါ ဘုရား)

### အထူးကြည်သာ+သံဃာလုပ်ကျွေး

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

လူတွေရဲ့ ကိုးကွယ်ရာလည်းဖြစ်၊ လူတွေထက်လည်း မြတ်တော်မူတဲ့ အတ္ထဒဿီဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ အခါမှာ အဓိမုတ္တမထေရ်အလောင်း သူတော်ကောင်းလေးဟာ အထူးကြည်လင်တဲ့စိတ်နဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခဲ့တယ်။

### ဆွမ်းကပ်ဆုတောင်း+နိဗ္ဗာန်ကောင်း

သူဟာ သူ့ဆွမ်းကပ်ပွဲကို ဖြောင့်မတ်တည်ကြည်တဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီးတော့ ကြံတွေနဲ့ မဏ္ဍပ်ဆောက်လိုက်တယ်။ အဲဒီကြံမဏ္ဍပ်ထဲမှာ သံဃာတော်မြတ်တွေကို ဆွမ်းဆက်ကပ်ပြီးတော့ အေးမြတဲ့နိဗ္ဗာန်ကို ဆုတောင်းလိုက်ပါတယ်။

### လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ

သူဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာ ဘဝတိုင်းမှာ အားလုံးသော သတ္တဝါတွေကို ဂုဏ်အားဖြင့် လွှမ်းမိုးသာလွန်ရတယ်။

အဲဒီဂုဏ်တွေကတော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ ခံစားစရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဂုဏ်တွေပါပဲ။

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ ကောင်းတဲ့ဂုဏ်တွေ လွှမ်းမိုးသာလွန်ချင်ရင် သံဃာမမေ့ရဘူးနော်။

(မှန်လှပါ ဘုရား)

သံဃာရှိရင် ဘုရားရှိတယ်၊ သံဃာရှိရင် တရားရှိတယ်၊ သံဃာရှိရင် သာသနာရှိတယ်နော်။

(မှန်လှပါ ဘုရား)

သံဃာ့ကျေးဇူး အထူးသိကာ ဆွမ်းကပ်တဲ့ ဒကာလေးမှာ လူ နတ် ဖြစ်ရာ လွှမ်းမိုးသာတဲ့ ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ?

(လွှမ်းမိုးဂုဏ်သာ ဖြစ်လေရာ တရားတော်ပါ ဘုရား)

## အပါယ်လေးပါး သူမလား

သူဟာ ၁၈၀၀ ကမ္ဘာထက်မှာ သံဃိကဒါနလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားရတော့ပါဘူးတဲ့။ ဒီအပါယ်လွတ်တဲ့ ကောင်းကျိုးရတာဟာ ကြိမ်ကျောပ်လှူခြင်း၊ သံဃိက ဆွမ်းကပ်ခြင်း ကုသိုလ်တွေကြောင့် ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သဒ္ဓါအရ တည်တံ့ခိုင်မြဲတဲ့ အဓိမုတ္တမထေရ် ဆိုတဲ့ ရဟန္တာဖြစ်တော်မူရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* အတ္ထဒဿီ၊ ဘုရားသည်၊ စံပြီပရိနိဗ္ဗာန်၊
* အထူးကြည်သာ၊ မြတ်သံဃာ၊ သချာလုပ်ကျွေးပြန်၊
* ဖြောင့်မတ်တည်ကြည်၊ ဂုဏ်တွေစီ၊ ပင့်ပြီမြတ်သံဃာ၊
* ကြိမ်ကျောပ်ပေါ်၊ သံဃာတော်၊ ပင့်ပျော်ဆွမ်းကပ်ပြန်၊
* လူ နတ်ဖြစ်ရာ၊ သတ္တဝါ၊ ဂုဏ်သာလွှမ်းမိုးပြန်၊
* လွှမ်းမိုးဂုဏ်သာ၊ ဖြစ်လေရာ၊ ပါယ်ရှာလွတ်ရပြန်၊
* မြတ်ရဟန္တာ၊ ဖြစ်ရရှာ၊ သချာဆွမ်းဒါန်။

**"လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော် ပြီး၏။**

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ စိင်္ဂနိဝဂ်၊ ဝဇ္ဇောဒကိယ

ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော

# "သောကကင်းဝေး+ငြိမ်းချမ်းအေး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့်+ဗုဒ္ဓနေ့" မှာ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "သောကကင်းဝေး+ငြိမ်းချမ်းအေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('သောကင်းဝေး+ငြိမ်းချမ်းအေး' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ပူဇော်ဆင်နွဲ+ဗောဓိပွဲ

ပဒုမုတ္တရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ မြို့သူမြို့သား လူအများတွေဟာ မြတ်တဲ့တင်းရှူးဗောဓိပင် ပူဇော်ပွဲကြီး လုပ်နေကြတယ်။

အဲဒီလို ဗောဓိပူဇော်ပွဲ လုပ်နေတာကို မြင်ရတော့ ဝဇ္ဇောဒကိယမထေရ်ရဲ့ အလောင်း သူတော်ကောင်းလေးဟာ ရတနာ-ခြူးယှက်-ခြူးနွယ်တွေနဲ့ ဆန်းကြယ်တဲ့ အိုးကိုယူပြီးတော့ နံ့သာရေနဲ့ ဗောဓိပင်ကို သွန်းလောင်းပူဇော် လှူဒါန်းခဲ့ပါတယ်။

### ဗောဓိပူဇာ+မိုးတွေရွာ

အဲဒီထင်းရှူးဗောဓိပင်ကို ပက်ဖြန်းသွန်းလောင်းနေချိန်မှာ မိုးကလည်း အကြီးအကျယ် ရွာချနေပါတယ်။ မိုးကြိုးပစ်လိုက်တဲ့အခါမှာ မိုးကြိုးသံကြီး ထွက်ပေါ်လာပါတယ်။

### မိုးကြိုးစက်ဟုန်+သေပွဲကြုံ

သူဟာ ဗောဓိပင် ပူဇော်နေခိုက်မှာပဲ အဲဒီမိုးကြိုးစက်ရဲ့အဟုန်ကြောင့် သေပြီးတော့ နတ်ပြည်ရောက်ရပါတယ်။ နတ်ပြည်ရောက်တော့ ယခုဆိုမည့်ဂါထာ တွေကို ရွတ်ဆိုလိုက်ပါတယ်။

## အံ့ဩစရာ မြတ်ဗုဒ္ဓါ

မြတ်စွာဘုရားဟာ အံ့ဩစရာကောင်းတယ်။
တရားတော်ဟာ အံ့ဩစရာကောင်းတယ်။
ငါတို့မှာ ဆရာရဲ့ပြည့်စုံခြင်းဟာ အံ့ဩစရာကောင်းတယ်။
ငါ့ရဲ့ကိုယ်ကောင်ဟာ မြေမှာကျသွားတယ်။
ငါဟာ နတ်ပြည်မှာ ပျော်မွေ့ရတယ်တဲ့။

## နတ်သမီးတွေ+ခစားနေ

သူ့ရဲ့နေရာ ဗိမာန်ဟာ ဘုံဆင့်ပေါင်း တစ်ရာရှိတယ်၊ မြင့်စောက်တယ်၊ ကောင်းကင်ကို စွင့်စွင့်တက်တယ်။ သူ့ကို နတ်သမီးပေါင်း တစ်သိန်းက အမြဲတစေ ခြံရံနေကြတယ်တဲ့။

## အနာရောဂါ+မဖြစ်ပါ

သူ့မှာ အနာရောဂါဆိုတာ မဖြစ်ဘူးတဲ့။ အနာရောဂါဘေး ကင်းဝေးရတယ်။

အနာရောဂါဘေး ကင်းဝေးအောင် ဘုရားကို ရေလှူရမယ်။ ရေသပ္ပာယ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သူ့ရဲ့ရင်ဝယ် သောကကွယ်

သူ့မှာ စိုးရိမ်ခြင်းသောကဆိုတာလည်း မရှိဘူးတဲ့။ သောကဆိုတာ ဝေလာဝေး။ သောကအေးတယ်၊ သောကဝေးတယ်။ သူ့ရဲ့ရင်မှာ စိုးရိမ်ခြင်းသောကဆိုတာ ကင်းဝေး ကွယ်ပျောက်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီးတော့ သူ့ရဲ့ရင်မှာ သောကကွယ်ပျောက်သွားရသလို ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း သောကတွေ ကွယ်ပျောက်သွားရအောင် ဘာလှူရမလဲ?

(ရေလှူရမှာပါ ဘုရား)

## ကဆုန်လပြည့်+ဗုဒ္ဓနေ့

ဒီနေ့ ဘာနေ့ပါလိမ့်။

(ကဆုန်လပြည့်နေ့ပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြလဲ
(ဗောဓိညောင်ပင် ရေလှူနေကြပါတယ် ဘုရား)

## သောကရောက် သောကပျောက်

ဒီရေအလှူ အထင်မသေးနဲ့ သောကပျောက်ဆေး ဖြစ်တယ်နော်။
(မှန်လှပါ ဘုရား)

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ ရေးပေါင်းများစွာ အခက်အခဲတွေကြောင့် သောကတွေ ရောက်နေရတယ်ဆိုရင် ဘုရားကို ရေသပ္ပာယ်ပါ၊ ရေလှူပါ၊ ရေကပ်ပါ။ အဲဒီလို ရေကုသိုလ်လေး ပြုပေးရင် သောကရောက်နေသူတွေ သောကပျောက်မယ်နော်။
(မှန်လှပါ ဘုရား)

## သောကကင်းဝေး ငြိမ်းချမ်းအေး

ဗောဓိပင် ရေအလှူကြောင့် သောကပျောက်၊ သောကကင်းဝေးသွားတော့ သူ့ရင်ထဲမှာ ငြိမ်းချမ်းအေးမြမသွားဘူးလား?
(ငြိမ်းချမ်းအေးမြသွားပါတယ် ဘုရား)
ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
("သောကင်းဝေး+ငြိမ်းချမ်းအေး" တရားပါ ဘုရား)

## ဆုပေးချင်တာ ဒီလိုပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဆုပေးချင်တာကတော့ သောကရောက်နေရင် သောကတွေ အကုန်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးကြပါစေ၊ သောကရင်ဝယ် ကင်းဝေးကွယ်ပျောက်ကြပါစေလို့ ဆုပေးချင်တာပါပဲ။

## ကိုယ်စိတ်နှစ်ဖြာ+မပူပါ

နောက်ပြီးတော့ သူ့မှာ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မမြင်ဖူးဘူးတဲ့။ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မရှိဘူးတဲ့။

ဒီလိုကောင်းကျိုးတရားတွေ ရတာဟာ တကယ်တော့ ဗောဓိပင်ကို နံ့သာရေနဲ့ လှူဒါန်းပူဇော်ခဲ့တဲ့ ကောင်းမှုကံကြောင့် ရတာဖြစ်တယ်တဲ့။

ဒကာ ဒကာမတွေ ကိုယ်ပူ စိတ်ပူ ကင်းဝေးချင်ရင် ဘာလှူရမလဲ?
(ဗောဓိပင် ရေလှူရမှာပါ ဘုရား)

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပင်ကို နို့သာရေနဲ့ ပူဇော်နေကြတာဟာ အပူပျောက်ကြောင်း နည်းလမ်းကောင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## ပူတာစတာ ဘယ်နေရာ

ဒီနေရာမှာ အပူသည့်ဒကာကြီးတစ်ယောက်အကြောင်း ပြောဦးမယ်။ ရွာတစ်ရွာမှာ ဦးစိတ်ပူဆိုတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်။ သူ့အိမ်မှာ သားသမီးအပူ၊ မြေးအပူဆိုတဲ့ အပူတွေများတဲ့အတွက် တစ်နေ့မှာ ဦးစိတ်ပူ စဉ်းစားတယ်၊ ရဟန်းသံဃာတွေ၊ ကိုရင် ဦးဇင်းတွေနေတဲ့ကျောင်းဆိုရင် ဘာအပူမှ ရှိမှာမဟုတ်ဘူးလို့ စဉ်းစားတာပါ။ စဉ်းစားပြီးတော့ ဘုန်းကြီးကျောင်း သွားနေတာ အပူသက်သာလောက်တယ်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ တော်တော်လေးကြာတော့ ကိုရင်လေးတွေ စာအော်ကျက်ကြတယ်။ မင်္ဂလာသုတ်ထဲက "ပူဇာစ ပူဇနေယျာနံ" ဆိုတဲ့အပိုဒ်ကို ခဏခဏ အော်ကျက်နေတာ ကြားရတော့ ဦးစိတ်ပူ စဉ်းစားတယ်။ ဩော် အပူသက်သာအောင်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်၊ ခုတော့ ပူတာတွေစတာ ဘုန်းကြီးကျောင်းကဆိုပါကော။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ ဦးစိတ်ပူ စဉ်းစားနေတယ်။ ပူတာတွေ 'စ'တာ ဘယ်ကတဲ့လဲ?

(ဘုန်းကြီးကျောင်းကပါ ဘုရား)

ဘုန်းကြီးကျောင်းက ဘုန်းကြီးတွေမှာ အပူမရှိဘူး မထင်နဲ့၊ ဘုန်းကြီးကျောင်း ပိုပူတယ်။ (အားလုံး ရယ်ကြ)

ဘုန်းကြီးတွေ ပိုပူတယ်။ (အားလုံး ရယ်ကြ)

အဲဒီ "ပူတာစ ပူစနေယျာနံ" ဆိုတဲ့ ကိုရင်လေးတွေရဲ့ စာကျက်သံလည်း ကြားရတော့ ဦးစိတ်ပူက ဘုန်းကြီးကျောင်းလည်း ပူနေတာပါပဲလား။ ပူတာစတဲ့နေရာကြီးဟာ ဘုန်းကြီးကျောင်းပါလားလို့ တွေးတောပြီးတော့ ဘုန်းကြီးကျောင်းကနေ ပြန်ထွက်သွားပါတယ်။

## တောထဲ တောင်ထဲ+ပူတာပဲ

ဦးစိတ်ပူ ထပ်ပြီးတော့ စဉ်းစားတယ်။ တောထဲတောင်ထဲဆိုရင်တော့ ဘာအပူမှ ရှိမှာမဟုတ်ပါဘူး။ အဲဒီလိုစဉ်းစားပြီးတော့ တောထဲတောင်ထဲ ရောက်သွားတယ်။ ညနေ ၅ နာရီ ၆ နာရီလောက် ရောက်တော့ 'ဘုတ်'ဆိုတဲ့ ငှက်က "ပူ"

''ပူ'' ''ပူ'' ''ပူ'' လို့ အော်မြည်သံကြားရပြန်တယ်။ အဲဒီလို ''ဘုတ်''မြည်သံ ကြားရပြန်တော့ ဩော် တောထဲတောင်ထဲလည်း 'ပူ'တာပါပဲလားလို့ စဉ်းစား တွေးတောကာ ဘယ်နေရာမှ အပူမကင်းပါလား၊ ဘုန်းကြီးကျောင်းလည်း ပူတာပဲ၊ တောထဲတောင်ထဲလည်း ပူတာပဲလို့ ကောက်ချက်ချကာ ကိုယ့်အိမ်ပဲပြန်တာ ကောင်း ပါတယ်ဆိုပြီးတော့ အိမ်ပဲပြန်ရောက်လာတယ်တဲ့။

## နောက်ဆုံးဆိုက်တာ + ဘယ်ဘူတာ

ဒီတော့ ပရိသတ်ရေ၊ ဘုန်းကြီးကျောင်းလည်း?

(ပူတာပါပဲ ဘုရား)

ဘုန်းကြီးတွေလည်း?

(ပူတာပါပဲ ဘုရား)

တောထဲတောင်ထဲလည်း?

(ပူတာပါပဲ ဘုရား)

နောက်ဆုံးတော့ ဘယ်ဘူတာ ပြန်ဆိုက်လဲ?

(ကိုယ့်အိမ်ဘူတာပဲ ပြန်ဆိုက်ပါတယ် ဘုရား)

## တိုက်ရိုက်မပြော + ပုံနဲ့ပြော

နောက်ဆုံးတော့ ကိုယ်နေနေကျဖြစ်တဲ့ ကိုယ့်အိမ်ပဲ အကောင်းဆုံးနေရာ နော်။ (မှန်လှပါ ဘုရား)

တချို့ဒကာ ဒကာမတွေက ကျောင်းဆို အပူသက်သာမှာပဲဆိုပြီးတော့ တပည့်တော်တို့ ကျောင်းလာနေမယ်၊ ဆရာတော် လက်ခံမှာလားလို့ မေးတဲ့အခါ ဘုန်းကြီးက လက်ခံမယ်လည်း မပြောဘူး၊ လက်မခံဘူးလို့လည်း မပြောဘူး။ ဘုန်းကြီးပြောတာလေး နားထောင်ဆိုပြီးတော့ ဦးစိတ်ပူကြီးအကြောင်း ပြောပြလိုက် တာပါပဲ။ ဒကာ ဒကာမတွေက ဘာပြောလဲဆိုတော့ ဆရာတော်တို့များ စာတော် တော် တတ်တယ်တဲ့၊ လက်မခံချင်ဘူး၊ လက်မခံဘူးဆိုတာကို တိုက်ရိုက်မပြောဘူး၊ ပုံလေးနဲ့ ပြောတတ်တယ်တဲ့။

## အပူကင်းရေး + ရေလှူပေး

ကဲ– ထားပါတော့၊ ကိုယ်ပူစိတ်ပူ ကင်းဝေးလိုသူတွေဟာ ဗောဓိပင်ကို ဘုရားကို ရေလှူရမယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## အပူပျောက်စေ တောင်းဆုချွေ

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ အပူတွေများ ရောက်နေရင် ဘုရားကိုသာ ရေကပ်လိုက်၊ ရေလှူလိုက်၊ ရေပူဇော်လိုက်၊ ပြီးတော့ အဲဒီအပူတွေ အမြန်ဆုံး ပျောက်ကွယ်သွားပါစေလို့ ဆုတောင်းလိုက်ပါ။

## နေပူတွေခြောက် နေပူတွေပျောက်

အဲဒီရေလှူ ရေကပ်ပြီး ဆုတောင်းနေစဉ်လေးမှာပဲ ကိုယ်ပူ စိတ်ပူတွေ သက်သာလာတာ တွေ့ရပါလိမ့်မယ်။ အပူတွေ အပူပြေလာပါလိမ့်မယ်။ အပူတွေ အေးလာပါလိမ့်မယ်။ ရေအလှူဟာ ဘဝနေပူတွေ ခြောက်၊ ဘဝနေပူတွေ ပျောက် စေနိုင်ပါတယ်။

## ဇုဒ္ဒ မွှော+ရေနှစ်ဖြာ

တကယ်တော့ သူရောကိုယ်ပါ သတ္တဝါတွေဟာ အပူသည်တွေပါ။ အပူသည် တွေအတွက် ကူဆယ်၊ ကူကယ်နိုင်တာဟာ ဘုရားတရားရေမှတစ်ပါး အခြားရေ ဘာမှမရှိဘူးဆိုတာကိုလည်း နားလည်သဘောပေါက်ရမှာ ဖြစ်ပါတယ်။

## သေချာရေရာ+ရေဆိုတာ

ရေဆိုတာ တကယ်တော့ လူတွေအတွက် ရေရာအောင် သေချာအေးမြ အောင် ဆောင်ရွက်ပေးတဲ့ အလိုအပ်ဆုံး အရာတစ်ခုပါ။ ဒါကြောင့် ရေရာသေချာ တဲ့ အနာရောဂါ ကင်းဝေးခြင်း၊ စိုးရိမ်ပူပန်မှု ကင်းဝေးခြင်း၊ ကိုယ်ပူ စိတ်ပူဆိုတာ ကင်းဝေးခြင်းဆိုတဲ့ ကောင်းကျိုးတွေရအောင် ဘုရားကို၊ ဗောဓိပင်ကို ရေလှူရ မယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သံဝသိတ+မင်းစကြ

သူဟာ ၂၀၀၀ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ် တဲ့ ဗိုလ်ပါအင်အားရှိတဲ့ ''သံဝသိတ'' ဆိုတဲ့ စကြဝတေးမင်း ဖြစ်ဖူးပါတယ်။

## အပူကင်းဝေး+ငြိမ်းချမ်းအေး

သူဟာ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ချမ်းသာတွေ များစွာ ခံစားရပြီးတော့ ကိုယ်ပူစိတ်ပူစတဲ့ အပူအားလုံးက ကင်းဝေးအေးမြသူ ဖြစ်ရပါ တယ်။ (၄၊ ၂၊ ၈၀)

ဒီနေရာလေးကိုကြည့်ပြီးတော့ ပြောမယ်ဆိုရင်တော့ ''အပူကင်းဝေး ငြိမ်း ချမ်းအေး'' သူ ဖြစ်ရတယ်လို့ ပြောရမှာပါပဲ။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သိတတ်လိမ္မာတဲ့ အရွယ်မှာ ဘုရားကြည်ညို ပြီး ရဟန်းပြုလာပါတယ်။ ဝိပဿနာတရားတွေ အားထုတ်ပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါ၊ ဝိမောက္ခရှစ်ပါ၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော် မူပါတယ်။

ဒီနေ့ ''ကဆုန်လပြည့်+ဗုဒ္ဓနေ့''မှာ ဗောဓိပင်မှာ အောင်စေညွှန်းကာ ညောင်ရေသွန်းနေကြတဲ့ ဒကာ ဒကာမတွေ အစစအရာရာ အောင်မြင်ကြပါစေ၊ အနာရောဂါတွေ ကင်းဝေးကြပါစေ၊ သောကဟူသမျှ မြူတစ်စိလောက်မျှ မရောက် ကြပါစေ၊ သောကရောက်နေရင်လည်း သောကတွေ အမြတ်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးမြကြပါစေ၊ ကိုယ်ပူ စိတ်ပူ အပူကင်းဝေး ငြိမ်း ချမ်း အေးမြကြပါစေလို့ ဆုပေး ဆုတောင်းပြီးတော့ ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားရဲ့
ထင်ရှားထင်ရှူး ဗောဓိဝယ်။
* ခြူးပန်း ခြူးနွယ် ဆံန်းကြယ်အိုးကို
ယူကာသည်ပိုး နံ့သာချယ်။
* နံ့သာရေတွေ သွန်းလောင်းတုန်းမှာ
မိုးကြီးကောင်းဆုံး ရွာချတယ်။
* မိုးကြီးပစ်ကာ မိုးကြိုးစက်ကြောင့်
ဤငါအသက် ထွက်ရတယ်။
* နတ်ပြည်ရောက်ကာ ဂါထာများကို
သေချာထင်ရှား ရွတ်ပြမယ်။
* ဗုဒ္ဓ မေ့ာ အံ့ဖွယ်ရှိစွ
ဆရာပြည့်ဝ အံ့သြဖွယ်။
* ငါ့ရဲ့ကိုယ်ဟာ မြေမှာကျလို့
ငါက နတ်ပြည်ပျော်ရတယ်။
* ဘုံဆင့်တစ်ရာ ဗိမာန်ကြီး၌

နတ်သမီးတွေ ခစားတယ်။
* လူနတ်ဖြစ်ရာ အနာဝေးလို့
ကျန်းမာရေးတွေ သိပ်ကောင်းတယ်။
* သောကအပူ မြူတစ်မှုန်
ငါ့ဘဝမှာ ရှိဘူးကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* ကိုယ်ပူ စိတ်ပူ အပူများလည်း
နှလုံးသား၌ ကင်းဝေးကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* မင်းမြတ်စကြာ 'သံဝံသိတ'
အမှန်တီကျ ဖြစ်သေးတယ်။
* ရဟန္တာပင် အမှန်ဖြစ်ရ
ဗောဓိပူဇ ထူးခြားတယ်။
* ဖြစ်လေရာမှာ အနာဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
(ဖြေယူမယ်)၂

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ အာယာဂဒါယက ထေရအပဒါန်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကျောင်းလှူဒါန+ကောင်းကျိုးလှ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆွမ်းစားကျောင်း လှူပွဲမှာ ဟောကြားမည့်တရားတော်က "ကျောင်းလှူဒါန+ကောင်းကျိုးလှ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကျောင်းလှူဒါန+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### စေတီပုထိုး+သူရှိခိုး

ဘုရားရယ်လို့ ဝန်ခံပြောဆိုသူတွေရဲ့အလယ်မှာ ထူးမြတ်တဲ့ သိခီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ သူဟာ ရွှင်လန်းတဲ့စိတ်နဲ့ မြတ်တဲ့ပုထိုးစေတီတော်ကို ရှိခိုးလိုက်ပါတယ်။

### ဆွမ်းစားကျောင်းတော် ဆောက်နိုင်းပျော်

သူဟာ လက်သမားတွေကို ခေါ်ပြီးတော့ ဆွမ်းစားကျောင်းရဲ့ ပဏာမကို ပြောပြလိုက်ပါတယ်။ တန်ရာတန်ကြေး အဖိုးလက်ခပေးပြီးတော့ ရွှင်လန်းရွှင်ပြတဲ့ စိတ်နဲ့ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကို ဆောက်လုပ်နိုင်းပါတယ်။

### ဆွမ်းကျောင်းလှူကာ+ပီတိဖြာ

အဲဒီစိတ်ထဲမှာ တကယ်နှစ်သက်စရာကောင်းတဲ့ ဆွမ်းစားကျောင်းတော်ကြီး ဆောက်ပြီးတဲ့အခါမှာတော့ ရဟန်းသံဃာတွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်ပါတယ်။ သူဟာ သူ့ရဲ့ကျောင်းဒါန၊ ဆွမ်းဒါနတွေကို တော်တော်လေး စိတ်ထဲ ကြည်လင်ပြီး ပီတိတွေ ဖြစ်နေပါတယ်။

## လူ နတ်ဖြစ်ရ + ကျောင်းဒါန

သူဟာ ရှစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာပဲ လူ့ဘဝနဲ့ မရောနှောဘဲ နေရပါတယ်။ ကြွင်းတဲ့ကမ္ဘာတွေမှာတော့ သူဟာ လူ့ဘဝ၊ နတ်ဘဝ ရောနှောပြီးတော့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက် ကျင်လည်ရပါတယ်။

ဆွမ်းစားကျောင်းလှူတဲ့ ကောင်းမှုဒါနကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## အဆိပ်ကင်းရ + ကျောင်းဒါန

နောက်ပြီးတော့ သူ့ရဲ့ကိုယ်မှာ အဆိပ်တွေ မတက်နိုင်ဘူး၊ မပြန့်နိုင်ဘူးတဲ့။ အဆိပ်ဘေးကင်းတဲ့ ကောင်းကျိုးနော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဆိပ်ဘေးကင်းဝေးချင်တယ်ဆိုရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရဟန်းသံဃာတွေနေတဲ့ ကျောင်းမှာ ဆွမ်းစားကျောင်းဟာ တကယ်အရေးမကြီးဘူးလား?

(ကြီးပါတယ် ဘုရား)

ဒါကြောင့် ရှေးက ဆရာတော်ကြီးတွေက "ဆွမ်းစားကျောင်းသာ အမိ၊ ဆွမ်းစားကျောင်းသာ အဖ" လို့ မိန့်တော်မူကြတယ်။

## ကြည်နူးအားရ + ကျောင်းဒါန

ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ဝမ်းသာရမှာက တကယ်အရေးကြီးတဲ့ ဆွမ်းစားကျောင်းဒါနကြီး ပြုနေရပါလားလို့ တအားကြည်နူးရမယ်၊ တအားဝမ်းသာရမယ်နော်။

(မှန်လှပါ ဘုရား)

## လက်နက်ဘေးကင်း + ကျောင်းလှူခြင်း

နောက်ပြီးတော့ သူ့ကို လက်နက်တွေ မစူးမရှနိုင်ဘူးတဲ့။ လက်နက်ဘေးကင်းဝေးတဲ့ ကောင်းကျိုးရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့လက်နက်ဘေး ကင်းဝေးချင်ရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ဒီနေ့ ကမ္ဘာကြီး ဘာလုပ်နေလဲ၊ လက်နက်တွေ အပြိုင်အဆိုင် လုပ်နေ၊ ထုတ်နေကြတယ်နော်။

(မှန်လှပါ ဘုရား)

လုပ်ချင်သလောက် လုပ်၊ ထုတ်ချင်သလောက် ထုတ်စမ်းပါစေ၊ ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ကြောက်စရာလိုသေးရဲ့လား?

(မလိုပါဘူး ဘုရား)

လိုရင်လည်း သွားတောင်းလိုက်ကြပေါ့ဗျာ။

(အားလုံး ရယ်ကြ)

## ပျင်းတောင်ပျင်းသေး စကားလေး

လက်နက်ဘေး ကင်းဝေးတာလောက်တော့ တွဲတေးသိန်းတန်စကားနဲ့ ပြောရရင် ဘယ်လိုပြောမလဲ?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

ပျင်းလည်း အိပ်လိုက်တော့ဗျာ။

(အားလုံး ရယ်ကြ)

## ရေဘေးကင်းရ ကျောင်းဒါန

နောက်ပြီးတော့ ရေနစ်ပြီးတော့ မသေရဘူးတဲ့၊ ရေဘေးကင်းဝေးတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ရေဘေးကင်းဝေးချင်ရင် ဘာလှူ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရေဘေးကင်းဝေးတာလောက်တော့– ဆက်လိုက်ပါဦး?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

အဲဒီလို အဆိပ်ဘေး၊ လက်နက်ဘေး၊ ရေဘေးတွေ ကင်းဝေးတာဟာ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကြီး လှူရတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## မိုးရွာ နတ်တွေ + လိုလိုက်ပေ

နောက်ပြီးတော့ သူက မိုးကို အလိုရှိတယ်ဆိုရင် မိုးရွာချပေးရတယ်တဲ့။ နတ်တွေကလည်း သူ့အလိုကို လိုက်ပေးကြရတယ်တဲ့။ အဲဒီလို ထူးခြားဆန်းကြယ်တဲ့ ကောင်းကျိုးတွေ ရတာဟာ ကောင်းမှုကံရဲ့ အကျိုးတွေပဲ ဖြစ်တယ်တဲ့။

## စကြာမင်းလှ + ကျောင်းဒါန

နောက်ပြီးတော့ သူဟာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းအကြိမ် ၃၀ ဖြစ်ရတယ်။

## မထီမဲ့မြင် မပြုအင်

သူ့ကို ဘယ်သူကမှ မထီမဲ့မြင် မပြုဝံ့ကြဘူးတဲ့။ ဒီကောင်းကျိုးတွေဟာ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးလှတွေပဲ ဖြစ်တယ်။

## အပါယ်လွတ်ရ + ကျောင်းဒါန

ဒီဘဒ္ဒကမ္ဘာမှ ၃၁ ကမ္ဘာထက်မှာ ဆွမ်းစားကျောင်းရှည်ကို ဆောက်လုပ်လှူဒါန်းခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး မရောက်ရပါဘူး။

ဒီအပါယ်လေးပါး ကင်းဝေးတဲ့ ကောင်းကျိုးဟာလည်း ရှည်လျားတဲ့ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သဒ္ဓါတရားနဲ့ ရဟန်းပြုကာ ဝိပဿနာတရား ကြိုးစားအားထုတ်ပြီးတော့ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

ဒီလို ကောင်းကျိုးလှတွေ စုံစုံလင်လင် ရရှိတာဟာ ဆွမ်းစားကျောင်း လှူတဲ့ ဒါနကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နေ့နေ့ညည သတိရပါ

ဒီနေ့ ဆွမ်းစားကျောင်းလှူကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတွေလည်း အခုဟောပြီးခဲ့တဲ့ ကောင်းကျိုးတွေ ပိုင်ဆိုင်ရရှိမှာ မလွဲပါဘူးလို့ မှတ်သားကြပါ၊ ဝီတိဖြစ်ကြပါ၊ ကိုယ်လှူတဲ့ ကျောင်းဒါနကို နေ့နေ့ညည သတိရကြပါ၊ အောက်မေ့ အမှတ်ရကြပါ၊ ဆင်ခြင်နှလုံးသွင်းကြပါလို့ မှာချင်ပါတယ်။

ကဲ– ကျောင်းလှူဒါန ကောင်းကျိုးလှ ကဗျာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ဆွမ်းစားကျောင်းတော် အရှည်ကြီးကို
သဒ္ဓါဦးစီး လှူခဲ့တယ်။
* ကျောင်းဆောက်ပြီးသော် သံဃာများကို
ပင့်ကာထားလို့ ဆွမ်းကပ်တယ်။
* ဆွမ်းကျောင်းလှူကာ သူ့ရင်ဦး၌
ပီတိထူးဆိုက် ကြည်နူးတယ်။
* ရှစ်ကမ္ဘာမှာ နတ်ပြည်ဖြစ်ရ
လူ့ဘဝနဲ့ မရောကွယ်။
* ကြွင်းကမ္ဘာမှာ လူ နတ်ရောလို့
အုံ့ညြလောက်အောင် ဖြစ်ရတယ်။
* အဆိပ်ဘေးတွေ ကင်းစင်ဝေးရ
သူ့ဘဝမှာ အေးချမ်းတယ်။
* လက်နက်ဘေးတွေ ကင်းစင်ဝေးရ
လက်နက်ဒုက္ခ ရောက်ဘူးကွယ်။
* ရေဘေးတွေပါ ကင်းစင်ဝေးရ
ရေမှာနစ်ကျ သေဘူးကွယ်။
* ပူအိုက်မိုးကို သူလိုလားက
မိုးတွေများစွာ ရွာချတယ်။
* သူ့အလိုကို နတ်အများက
မပြတ်မနား လိုက်ပေးတယ်။
* ရတနာတွေ အစုံရတဲ့
မင်းလှစကြာ ဖြစ်ရတယ်။
* မထိမဲ့မြင် ဘယ်သူကမှ
မပြုဝံ့ကြ သူ့ကိုကွယ်။
* အပါယ်ဆိုတာ ရောက်ဖို့ဝေးစွ
သိရုံလေးမျှ သိဘူးကွယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်းကျောင်းဒါန ကောင်းကျိုးကွယ်။

* ကျောင်းလှူရတာ ကောင်းကျိုးလှကို
ကြောင်းကျိုးပြကာ ကဗျာချယ်။
* ဆွမ်းကျောင်းလှူသူ ပီတိပွားဖို့
ကဗျာလေးများ ရေးစပ်တယ်။
(မှတ်ကွယ်)၂

"ကျောင်းလှူဒါန၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ နာဂသမလဝဂ်၊

ပဒသညကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ခြေတော်ရာဖူး + ကောင်းကျိုးထူး"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဗုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က "ခြေတော်ရာဖူး+ကောင်းကျိုးထူး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ခြေတော်ရာဖူး + ကောင်းကျိုးထူး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ခြေတော်ရာဖူး အထူးစိတ်ကြည်

နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ တိဿမြတ်စွာဘုရား နင်းသွားတော်မူတဲ့ ခြေတော်ရာကို ဖူးမြင်ရတဲ့ ပဒသညကမထေရ်အလောင်း သူတော်ကောင်းလေးဟာ သူ့စိတ်ထဲ တော်တော်လေး ရွှင်လန်းသွားတယ်။ ခြေတော်ရာမှာ စိတ်ကို အထူးပဲ ကြည်လင်စေပါတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ မှာကြားချင်တာကတော့ ခြေတော်ရာတွေ သွားဖူးတဲ့အခါမှာ အထူးပဲ စိတ်ကြည်လင်ပါစေလို့ မှာချင်တာပါပဲ။

### ပဒစေတီ + ပြုလေပြီ

တိဿဘုရားရှင် ကိုယ်တော်မြတ်က ပဒသကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတာကို သိပြီးတော့ "ဒီဒကာလေး ခြေတော်ရာကို မြင်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ပဒစေတီ (ခြေတော်ရာစေတီ) ကို ပြုတော်မူတာပါပဲ။ (အပဒါန၊ ၄၊ ၂၊ ၉၉)

## အပါယ်လေးဖြာ မသိပါ

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ ဘုရားရှင်ရဲ့ ခြေတော်ရာဆိုတဲ့ အမှတ်သညာကို ရခဲ့တဲ့အခါကစပြီးတော့ အပါယ်လေးပါး လားရတယ်ဆိုတာ မသိဘူးပါဘူးတဲ့။

ဒီအပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးဟာ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ခြေတော်ရာဖူးရတဲ့၊ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးထူးဟာ အပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(ခြေတော်ရာဖူး ကောင်းကျိုးထူး တရားပါ ဘုရား)

## ခြေတော်ရာမှတ် ကောင်းကျိုးမြတ်

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ခြေတော်ရာမှတ် ကောင်းကျိုးမြတ်တဲ့။ ဘာတဲ့လဲ?

(ခြေတော်ရာမှတ် ကောင်းကျိုးမြတ်ပါ ဘုရား)

အပါယ်လေးပါး လွတ်တဲ့ ကောင်းကျိုးမြတ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်ဗိုလ်ပါ အင်အားများစွာရှိတဲ့ သုမေဓလို့ခေါ်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

အဲဒီစကြဝတေးမင်း ဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာဖူးရ၊ ခြေတော်ရာ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ လူ့ နတ်စည်းစိမ်တွေ ခံစားပြီးတော့ ဒီဘုရားလက်ထက်မှာ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ လာဖြစ်တယ်။ နောက်တော့ သဒ္ဓါတရားနဲ့ ရဟန်းပြုလာ

တယ်။ မကြာခင်မှာပဲ ဝိပဿနာတရား ပွားများကာ ပဋိသမ္ဘိဒါ လေးပါး ဝိမောက္ခ ရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

ဒီရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာကို ဖူးမြင်ပူဇော်ရ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

ကဲ- ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

* တိဿတွင်ခေါ် မြတ်ဘုရားရဲ့
နင်းကြွသွားတဲ့ ခြေတော်ရာ။
* ရွှင်လန်းသာကြည် ဖူးမြင်ရင်းနဲ့
ပူဇော်ခြင်းကွဲ့ မှတ်သားတာ။
* လူ နတ်ချမ်းသာ တကယ်ရလို့
အပါယ်မှလည်း လွတ်သေးတာ။
* သုမေဓခေါ် စကြာမင်းလည်း
သေချာရှင်းရှင်း ဖြစ်ရတာ။
* ခြေတော်ရာကို ဖူးမြင်ခဲ့ရ
ထူးမွန်လှတဲ့ ကောင်းကျိုးပါ။
* ခြေတော်ရာကို နေ့နေ့ညည
မမေ့ကြဘဲ ဖူးကြပါ။

(ထူးရမှာ)၂

"ခြေတော်ရာဖူး+ ကောင်းကျိုးထူး" တရားတော် ပြီး၏။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ်ပါဠိတော်၊
ကောသမ္ဗိယတ္ထေရအပဒါန်ကို ဟောကြား ပြောကြားအပ်သော

# ''တကယ်ငြိမ်းသွား+မီးသုံးပါး''

## တရားတော်

ဒီနေ့ ''ကဆုန်လပြည့် ဗုဒ္ဓနေ့''မှာ ဗောဓိပူဇော် မဂ်လာပွဲ ဆင်ကာနွဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က ''တကယ်ငြိမ်းသွား+မီးသုံးပါး'' တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('တကယ်ငြိမ်းသွား+မီးသုံးပါး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဆည်းကပ်ခစား+မြတ်ဘုရား

ဒီကောသမ္ဗိယမထေရ်အလောင်း သူတော်ကောင်းဟာ အတ္ထဒဿီဘုရားလက်ထက်မှာ 'ဝရုဏ'လို့ ခေါ်တဲ့ ထင်ရှားတဲ့ သိကြားနတ်မင်း ဖြစ်ဖူးတယ်။ သူဟာ မြတ်စွာဘုရားကို ဖူးမြင်ရပြီးတော့ အင်မတန် ကြည်ညိုကာ ဆင်မြင်း ဗိုလ်ပါယာဉ်များစွာနဲ့တကွ မြတ်စွာဘုရားကို ဆည်းကပ်ခစားတယ်။

### ဗောဓိပင်ဆီ+သူသွားပြီ

လူတွေရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ သူဟာ တူရိယာအားလုံးကို ယူပြီးတော့ မြတ်တဲ့ဗောဓိပင်ကို သွားတယ်။

### သက်တော်ထင်ရှား ပူဇော်ငြားသို့

သူဟာ မောင်းကြေးနင်းခွက်ခွင်းနဲ့တကွ တီးမှုတ်ကခုန်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်မှောက်မှာပဲ ဆည်းကပ်ပူဇော်သလို မြတ်သောဗောဓိပင်ကို ဆည်းကပ်ပူဇော်ပါတယ်။

ဒီနေရာမှာ ဒကာ ဒကာမတွေ သတိထားကာ မှတ်သားရမှာကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ဆည်းကပ်ခြင်းဆိုတာပဲ နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးတွေက + အတူရ

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ဓာတ်ပုံ၊ ပန်းချီကား၊ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ စေတီပုထိုး အမျိုးမျိုးသော ဘုရားတွေမှာ သဒ္ဓါ ပညာ အတူထားကာ ပူဇော်ရင် ကောင်းကျိုးတရားတွေ အတူတူပဲ ရတယ် နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မှာချင်တာက လေးလေးနက်နက် ပူဇော်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ပါလို့ မှာချင်တာပါပဲ။

## ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ

ဒီနေရာမှာ ဝေဘူဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒစကားလေး ပြော ချင်ပါသေးတယ်။

ဒကာ ဒကာမတွေက "ဘုရားကို မတွဲတွဲသူငယ်ချင်း အိမ်လာတာလောက် မှ ဂရုမစိုက်ချင်ဘူး"တဲ့။

မတွဲတွဲသူငယ်ချင်း အိမ်လာရင် သောက်ပါဦး၊ စားပါဦး၊ ထိုင်ပါဦး၊ နေပါ ဦးနဲ့ ပျာပျာသလဲ လုပ်သေးတယ်တဲ့။ ဘုရားအပေါ်ကျတော့ ပျာပျာသလဲ မလုပ် ကြဘူး။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး မကပ်ချင်ကြဘူးတဲ့။

မင်းတို့ ဒကာ ဒကာမတွေ ဆင်းရဲနေတာ မတွဲတွဲသူငယ်ချင်း အိမ်လာတာ လောက်မှ ဘုရားကို ဂရုမစိုက်လို့ ဆင်းရဲနေကြတာပေါ့လို့ မိန့်တော်မူပါတယ်။ ဒီစကားလေးဟာ မှတ်သားစရာ တကယ်ကောင်းပါတယ်။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဒကာ ဒကာမတွေ တစ်နေ့ ရေဘယ်နှစ်ခါသောက်လဲ?

(ခဏခဏသောက်ပါတယ် ဘုရား)

ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မဖြေ၊ အားလုံး ရယ်မောကြ)

ရှေ့က တရားထောက်တဲ့ဒကာကြီးကို မေးမယ်။ ဒကာဆွေ၊ ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မနက်တစ်ခါပဲ ကပ်ပါတယ် ဘုရား)၊ (အားလုံး ရယ်ကြ)

ဒါဆိုရင် ဒကာကြီးလည်း တစ်နေ့ ရေတစ်ခါတည်းပဲ သောက်သလား?

(တစ်ခါမက မကြာမကြာသောက်ပါတယ် ဘုရား)

တော်တော်ကောင်းတယ်နော်။ ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ)

(အားလုံး ရယ်ကြ)

ဒီတော့ ဝေဘူဆရာတော်ကြီး ပြောတဲ့စကား မမှန်ဘူးလား?

(မှန်ပါတယ် ဘုရား)

မှန်မှာပေါ့ဗျ။ ဝေဘူဆရာတော်ဆိုတာ ရဟန္တာလို့ ထင်ရှားတယ်။ ပြောကြ၊ ဟောကြ၊ ရေးကြတယ်နော်။

(မှန်လှပါ ဘုရား)

## အနာခံကာ လမ်းလျှောက်လာ

ဆက်စပ်နေလို့ ဝေဘူဆရာတော်ကြီးအကြောင်း ဖတ်ဖူး ကြားဖူးတာလေး ပြောဦးမယ်။

တစ်နေ့ ဝေဘူဆရာတော်ထံ ဒကာကြီးတစ်ယောက် ရောက်လာတယ်။

ဆောင်းတွင်း နံနက်ပိုင်းမှာ ဝေဘူဆရာတော်ကြီးက လမ်းလျှောက်နေတယ်။ ဘာလုပ်နေလဲ?

(လမ်းလျှောက်နေပါတယ် ဘုရား)

အဲဒီဒကာကြီးက "ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကို လူတွေက အနာဂါမ်လို့ ပြောနေကြပါတယ် ဘုရား၊ အဲဒါ ဟုတ်သလား" တဲ့။

အဲဒီလိုလျှောက်တော့ ဝေဘူဆရာတော်ကြီးက "ဒကာ ငါဒုက္ခခံပြီး လမ်းလျှောက်နေတာ နင်မမြင်ဘူးလား" လို့ မိန့်တော်မူတယ်တဲ့။

## သူ့ပစ္စည်း သူယူတာ+ယူပါစေ

တစ်ခါတော့လည်း ဝေဘူဆရာတော်ကြီးရဲ့ ကျောင်းဆောင်ထဲက တိုင်ကပ်နာရီကြီးကို သူခိုးတစ်ယောက်က ခိုးနေတာကို ဝေဘူဆရာတော်ကြီးက ဘာမှ မပြောပါဘူး။ ကပ္ပိယကြီးကမြင်တော့ "သူခိုး၊ သူခိုး"လို့ အော်တဲ့အခါ ဝေဘူဆရာတော်ကြီးက "ဟဲ့၊ ကပ္ပိယ၊ သူ့ပစ္စည်းသူ ယူတာ ယူပါစေ၊ မအော်နဲ့"လို့ မိန့်တော်မူပါသတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ ဝေဘူဆရာတော်ကြီးနည်းယူပြီးတော့ ကိုယ့်အိမ်က ပစ္စည်းတွေ သူခိုးများ လာခိုးရင် ဘယ်လိုသဘောထားမလဲ?

(မဖြေ၊ ရယ်နေကြ)

သူ့ပစ္စည်း သူယူတာ ယူပါစေ၊ ဒီလိုသဘောထားရမှာနော်။

(မှန်လှပါ ဘုရား)

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

## ဗောဓိပင်မှာ သေဆုံးရှာ

သူဟာ မြေမှာပေါက်နေတဲ့ ဗောဓိပင်ကဲ့ ပူဇော်ဆည်းကပ် ပူဇော်ပြီးတော့ ကိုယ်ကို ထက်ဝယ်ဖွဲ့ခွေကာ အဲဒီဗောဓိပင်ရင်းမှာပဲ သေဆုံးခဲ့တယ်။

## နိမ္မာနတ်ပြည် + သူရောက်ပြီ

သူဟာ မိမိလုပ်ရမည့်ကုသိုလ်လုပ်ငန်းတွေမှာ အားထုတ်ပြီးသူ ဖြစ်တယ်။ မြတ်သောဗောဓိပင်ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည်ညိုခဲ့သူဖြစ်တယ်။ သူ့ရဲ့စိတ်ကြည်လင်ခြင်း၊ ကြည်ညိုခြင်းကြောင့် နိမ္မာနရတိနတ်ဘုံမှာ ရောက်ရပါတယ်။

## တူရိယာတွေ ခစားနေ

လှုပြည်၊ နတ်ပြည် ဘဝကြီးငယ် ဖြစ်လေရာဘဝတိုင်းမှာ တူရိယာပေါင်း ခြောက်သောင်းက သူ့ကို အမြဲတစေ ခြံရံခစားနေကြတယ်။

## တကယ်ငြိမ်းသွား + မီးသုံးပါး

သူ့မှာ ဘောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ မီးသုံးပါး၊ မီးဘယ်နှစ်ပါးလဲ?

(မီးသုံးပါးပါ ဘုရား)

အဲဒီမီးသုံးပါး တကယ်ငြိမ်းသွားရတယ်တဲ့။ ဒီနေရာလေး ကြည့်ပြီးတော့ တရားနာမည်လေး ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(တကယ်ငြိမ်းသွား မီးသုံးပါးတရားပါ ဘုရား)

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

အဲဒီမီးသုံးပါးထဲမှာ ဘယ်မီးကောင်းသလဲ?
(ဘယ်မီးမှ မကောင်းပါ ဘုရား)
သက်မဲ့သက်ရှိ အရာရာလိုချင်တဲ့ လောဘမီး ကောင်းရဲ့လား?
(မကောင်းပါ ဘုရား)

## ကိုယ်တွင်းဖြစ်လာ+ပျက်စီးမှာ

ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်း ဘုရားထံရောက်လာပါတယ်။ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးပြီး သူနဲ့သင့်တော်တဲ့နေရာမှာ ထိုင်နေပြီးတော့ မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ ဘယ်လိုမေးလျှောက်သလဲဆိုတော့ "မြတ်စွာဘုရား၊ သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဘယ်လိုတရားတွေ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်ပေါ်လာနိုင်ပါသလဲ? လို့ မေးလျှောက်ပါတယ်။

ဘုရားရှင်က "မင်းကြီး၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးပါး သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေပျက်စီးမယ်၊ ကိုယ်စိတ်ဆင်းရဲရမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်"လို့ ဟောတော်မူပါတယ်။ (သံ၊ ပါ၊ ၁၊ ၇၀)

ဒီတော့ ပရိသတ်ရေ၊ လောဘမီး ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးမယ်၊ ဆင်းရဲမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်နော်။
(မှန်လှပါ ဘုရား)

## ကောင်းကျိုးစီးပွား+ပျက်စီးသွား

ဒီနေရာမှာ လောဘကြောင့် ကောင်းကျိုးစီးပွား ပျက်စီးပုံလေးကို ပြောချင်ပါသေးတယ်။

ဘုန်းကြီးကိုးကွယ်တဲ့ ဒကာကြီးမိသားစုဟာ လက်သမား၊ ပန်းရန်ကိစ္စတွေ ကျွမ်းကျင်တတ်မြောက်ကြပါတယ်။ စည်းကမ်းလည်းကောင်း၊ သပ်ရပ်မှုလည်းရှိတဲ့အတွက် သူတို့သားအဖတွေ အလုပ်ကောင်းကြပါတယ်။

သူတို့နေတဲ့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်ကြတဲ့အခါ ဒကာကြီးက ကျောင်းထိုင်ဘုန်းကြီးကို လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော်သားကို နေ့တွက်နှုန်း ပိုပေးပါ၊ အပြင်မှာလည်း သူ့အနေအထားဆိုရင် တပည့်တော်

တိုးပေးဖို့ လျှောက်တာထက်တောင် ရနေပါတယ်''လို့ လျှောက်တော့ ကျောင်းထိုင်ဆရာတော်ကြီးက ''မပေးနိုင်ဘူးကွာ၊ မလုပ်ချင် နေ''လို့ မိန့်တော်မူပါသတဲ့။

ဒကာကြီးကလည်း ''မလုပ်တော့ဘူး ဘုရား''ဆိုပြီးတော့ မလုပ်တော့ဘဲ အိမ်ပြန်လာခဲ့သတဲ့။

ကျောင်းထိုင်ဆရာတော်ကြီးက ကျောင်းဒကာ ဒကာမတွေကို ခေါ်ပြီးတော့ အကျိုးအကြောင်းခေါ်ပြီးတော့ ပြောပြတဲ့အခါ အားလုံးက ''ဆရာတော်၊ အဲဒီဒကာကြီး တိုးတောင်းတာ မှန်တယ်၊ အပြင်မှာ သူတို့လက်ရာလောက် မကောင်းတဲ့သူတွေတောင် သူတို့ထက် လက်ခယူနေကြတယ်၊ သူတို့သားအဖတွေကို တောင်းတဲ့အတိုင်း ပေးသင့်ပါတယ်။ သူတို့သားအဖတွေက လက်ရာကောင်းတယ်၊ ပြန်ခေါ်ပြီး အလုပ်ခိုင်းပါ''လို့ လျှောက်ကြပါသတဲ့။

ဆရာတော်ကြီးက ''ဒကာကြီးတို့ သားအဖကို ခေါ်ပြီးတော့ ခိုင်းဖို့ရန်အတွက် ဒကာကြီးကို ခေါ်ပြီးတော့ လက်ခတိုးပေးမယ် ပြန်လုပ်ပါ''လို့ ပြောပါသတဲ့။

ဒကာကြီးက မလုပ်တော့ဘူးလို့ ပြန်လျှောက်ပါတယ်။ ဘုန်းကြီးက ''ဘာကြောင့် မလုပ်ချင်တာတုံး''လို့ ပြန်မေးပါသတဲ့။

အဲဒီလိုမေးတဲ့အခါ ဒကာကြီးက ''တပည့်တော်ကလည်း လောဘကြောင့် တိုးတောင်းမိတာ၊ အရှင်ဘုရားကလည်း လောဘကြောင့် တိုးမပေးချင်တာ ဖြစ်တယ်။ ဒီတော့ လောဘသမား အချင်းချင်း ဆက်လုပ်နေရင် အဆင်ပြေမှာမဟုတ်ပါ ဘုရား''လို့ လျှောက်ပြီးတော့ ပြန်လာခဲ့သတဲ့။

ဒီစကားလေးကို ကောက်ချက်ချလိုက်တော့ လောဘကြောင့် ဘုန်းကြီးကော ဒကာကြီးပါ အဆင်မပြေတာဖြစ်တယ်၊ ဒီတော့ ဘုန်းကြီးကျောင်းလည်း ပြီးရမယ့်ရက်တွေ၊ လတွေ၊ နှစ်တွေ မပြီးဘဲ အချိန်တွေ ကြာသွားတယ်။ ဒကာကြီးတို့မိသားစုလည်း အလုပ်ရက် နည်းနည်းနားလိုက်ရတော့ ငွေတွက်တွေ လျော့သွားတယ်။ ဒီအကြောင်းလေးကို ဒကာကြီးက ကိုယ်တိုင်ပြောပြပါတယ်။ ဒီနေရာမှာ လောဘကြောင့် သူရောကိုယ်ပါ အကျိုးမရှိတာကို သိစေချင်လို့ ဖော်ပြတာပါပဲ။

## လောဘလိုက + ဆင်းရဲရ

အောက်ပါကဗျာလေးကိုလည်း ရေးသားမိပါတယ်။

''လောဘလိုသော၊ ထိုသဘောကြောင့်၊ ကိုယ်ရောသူပါ၊ သတ္တဝါတို့၊ ခါခါနေ့ညာ၊ ဆင်းရဲရ၊ လောဘနည်းအောင်လုပ်'' ဆိုတဲ့ ကဗျာလေးပါပဲ။

## လောဘနည်းသူ စိတ်ထားဖြူ

ဒီနေရာမှာ လောဘနည်းအောင် ကိုယ့်ကိုယ်ကို အမြဲတစေ ဆုံးမနေတဲ့ ဒကာမတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။ သူပြောပြတာကတော့ သူတို့အိမ်မှာ ညီမဝမ်းကွဲတစ်ယောက် ကျောင်းလာနေပါတယ်တဲ့။ မိဘတွေက စားစရာ သောက်စရာတွေ ခွဲဝေပေးရင် ညီမဝမ်းကွဲလေးကို ကြိုက်တာ အရင်ယူ ခိုင်းပါတယ်တဲ့။ ပြီးမှ သူက ယူပါသတဲ့။ တစ်နေ့တော့ မိဘတွေက လက်စွပ်လေး နှစ်ကွင်း လုပ်ပြီးတော့ ကောင်းတဲ့လက်စွပ်လေးကို သူ့ပေးပြီးတော့ တန်ဖိုးနည်းတဲ့ လက်စွပ်လေးကို ညီမဝမ်းကွဲလေးကို ပေးပါသတဲ့။ သူက မိဘတွေရှေ့မှာပဲ ညီမ လေး၊ အစ်မလက်စွပ်ကြိုက်ရင် အစ်မလက်စွပ်ကို ယူပါလို့ ပေးပါသတဲ့။ ညီမ ဝမ်းကွဲလေးကလည်း ကြိုက်တယ်ဆိုပြီး ယူကာ သူဝတ်ထားတဲ့လက်စွပ်ကို အစ်မ ဝမ်းကွဲကို ပေးလိုက်ပါသတဲ့။ အဲဒီမြင်ကွင်းလေးကို တွေ့လိုက်ရတဲ့ မိဘတွေက ကွယ်ရာမှာ သမီးကိုခေါ်ပြီးတော့ သမီးက ဘာပြုလို့ ကောင်းတဲ့လက်စွပ်ကို ညီမ လေး ပေးလိုက်ရတာလဲ၊ သမီးအတွက် သီးသန့်လုပ်လာတာလို့ ပြောပြီး ဆူငေါက် ပါတယ်။

အဲဒီလို မိဘတွေက ဆူငေါက်တော့ သူပြောတဲ့စကားလေးက "အမေရယ်၊ အဖေရယ်၊ သမီးတို့အိမ် သူလာနေတဲ့အချိန်မှာ သမီးက ကောင်းတာ၊ ကြိုက်တာ ယူလိုက်ရင် ညီမလေး စိတ်မကောင်းဖြစ်မှာ၊ အားငယ်မှာစိုးလို့ပါ"တဲ့။ တော်တော် လေး မွန်မြတ်တဲ့စိတ်ထားကောင်း ဖြစ်ပါတယ်။ သူက ငယ်ငယ်လေးထဲက အဲဒီလို လောဘနည်းအောင် အမြဲတစေဆုံးမပြီး နေခဲ့ကြောင်း လျှောက်ပြတာ ကောင်းလွန်း လို့ ရေးပြလိုက်တာပါပဲ။

စိတ်ထားကောင်းသူတွေရဲ့အကြောင်း ကြားရတာ၊ ရေးရတာ တကယ် အရသာရှိပါတယ်။ ကြားရ၊ ရေးရချိန်လေးမှာလည်း ရင်ထဲမှာ တကယ်ပဲ အေးချမ်း လှပါတယ်။ တကယ်တော့ **လောဘနည်းသူဟာ စိတ်ထားဖြူသူပါပဲ။**

အောက်ပါကဗျာလေးကိုလည်း ရေးသား မှတ်တမ်းတင်မိပါတယ်။

"လောဘတရား၊ လွန်နည်းပါးသူ၊ စကားဖြူလှ၊ ကြားလိုက်ရစဉ်၊ ရေးနေ စဉ်၌၊ ရွှေရင်စိတ်မှာ၊ အေးချမ်းလာ၍၊ ဤငါလည်းပဲ၊ လောဘနည်းမှု၊ ဆင်းရဲ ထွေထွေ၊ နည်းနိုင်ပေဟု၊ ဆုံးမပြုသည်၊ သုံးချအနုကဗျာတည်း"

ဒီကဗျာလေးဟာ ကိုယ့်ကိုယ်ကိုဆုံးမတဲ့ကဗျာလေးပါပဲ။ တကယ်ပဲ အသုံး ချ လိုက်နာကျင့်သုံးရမယ့် ကဗျာလေးနော်။

(မှန်လှပါ ဘုရား)

လိုချင်တဲ့ လောဘမီး။ မကောင်းတာ ပြောပြီးပြီနော်။
(မှန်လှပါ ဘုရား)

## အရာရာတို+ဒေါသဆို

ဒီတစ်ခါ အလိုမကျတာ အရာရာကို တိုတတ်တဲ့ ဒေါသမီးအကြောင်း ပြောရအောင်။ ကဗျာလေး ဆိုလိုက်ပါဦး။

* အလိုမကျတာ၊ အရာရာ၊ တိုတာ ဘာမီးလဲ။
အလိုမကျတာ၊ အရာရာ။ တိုတာ ဒေါသပဲ။
ပရိသတ်ရေ၊ တိုတာ ဘာမီးတဲ့လဲ။
(ဒေါသမီးပါ ဘုရား)
ဒေါသဆိုတဲ့ တရားဟာ အဆိုးတွေကိုပဲ ဖန်ဆင်းတယ်နော်။
(မှန်လှပါ ဘုရား)

## ဒေါသကြီးက ရုပ်မလှ

ဒီနေရာမှာ ဒေါသဆိုးကျိုး အမျိုးမျိုးတွေကို ဘုရားဟောထားတဲ့အတိုင်း မှတ်သားကြည့်ကြရအောင်။

ကောဓနော ဒုဗ္ဗဏ္ဏော ဟောတိ။ (အံ၊ ၃။ ၂၊ ၄၇၁)
ဒေါသကြီးသူ ရုပ်အဆင်းမလှတော့ဘူးတဲ့။
ဘယ်လောက်ကြီးပဲ ချောမောလှပစေကာမူ ဒေါသထွက်နေတဲ့အချိန် ကြည့်မကောင်းတော့ဘူး၊ မလှတော့ဘူးနော်။
(မှန်လှပါ ဘုရား)
ဒေါသထွက်နေတဲ့အချိန် ကိုယ့်ရုပ်ကို မှန်ထဲသွားကြည့်၊ ဘယ်လိုနေမလဲ။
(ရုပ်ဆိုးပါတယ် ဘုရား)
ရုပ်ဆိုးတာဟာ ဘာ့ကြောင့်လဲ? (ဒေါသဆိုတဲ့ စိတ်ဆိုးလို့နော်)
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ ရုပ်ဆိုးချင်သလား၊ ရုပ်ချောချင်သလား။
(ရုပ်ချောချင်ပါတယ် ဘုရား)
အေး– ရုပ်ချောချင်ရင် စိတ်ချောပါ၊ စိတ်မဆိုးပါနဲ့။

## ဆင်းရဲအိပ်ရ တို့ဒေါသ

အထော ဒုက္ခံ သေတိ သော၊

နောက်ပြီးတော့ ဒေါသကြီးတဲ့သူဟာ ဆင်းဆင်းရဲရဲ အိပ်ရ နေရတယ်တဲ့။ ဘယ်တော့မှ အိပ်မပျော်ဘူးတဲ့။ ဘယ်လိုကောင်းတဲ့နေရာကြီးပေါ်မှာ အိပ်ရအိပ်ရ အရသာမရှိတော့ဘူး။ ဆင်းရဲနေတာပဲနော်။

(မှန်လှပါ ဘုရား)

## အကျိုးစီးပွား+ပျက်စီးသွား

အထော အတ္တံ ဂဟေတွာန၊

အနတ္တံ အဓိပဇ္ဇတိ။

နောက်ပြီးတော့ လုပ်လိုက်တာကတော့ အကျိုးစီးပွားရှိမယ်ထင်ပြီး လုပ်လိုက်တာပါပဲ။ တကယ်တော့ အကျိုးစီးပွား ပျက်စီးသွားတာပဲ ဖြစ်သွားတယ်။ ဟုတ်မယ် ကောင်းမယ်ထင်ပြီး လုပ်လိုက်တာ မဟုတ်တာ မကောင်းတာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ တပည့်ဦးဇင်းလေးတစ်ပါးအကြောင်း တင်ပြချင်ပါသေးတယ်။ ဒကာမတစ်ယောက်က စနေသား ဦးဇင်းတစ်ပါးကို ဖေဒင်ဆရာက သင်္ကန်းထပ်ပေးလိုက်ပါလို့ စနေသား ဦးဇင်းတစ်ပါး ရှာပေးပါ၊ သင်္ကန်းထပ်ချင်ပါတယ်ဘုရား လို့ လာလျှောက်ပါတယ်။

အဲဒီလို လာလျှောက်တဲ့ ဒကာမကို စနေသားဦးဇင်းတော့ မရှိဘူး။ အသက်ပြည့်ပြီး ရဟန်းမခံရသေးတဲ့ စနေသား ကိုရင်တော့ ရှိတယ်။ ဦးဇင်းဖြစ်ပြီးသား စနေသားကို သင်္ကန်းထပ်ပေးတာထက် ဦးဇင်းမဖြစ်သေးတဲ့ စနေသား ကိုရင်ကို ရဟန်းဘောင်ရောက်အောင် ချီးမြှောက်ပေးတာက ပိုအကျိုးရှိတယ်လို့ ပြောတော့ ဒကာမက ဆရာတော်ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဘုရားဆိုပြီးတော့ ပရိက္ခရာရှစ်ပါး စုံလင်စွာ သင်္ကန်း၊ ဖောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခြုံထည်၊ ဖျာ၊ မျက်နှာသုတ်ပဝါ၊ နေရာထိုင်၊ ထီး၊ ဖိနပ်၊ ယပ်စသည် စုံလင်စွာ အကောင်းတွေချည်းဝယ်ပြီး ရဟန်းခံပေးပါတယ်။ ကျန်တဲ့အသုံးအဆောင်တွေ၊ စာအုပ်တွေလည်း စုံလင်အောင် ဝယ်လှူပါတယ်။ ဒကာမလေးက တော်တော်လေး စေတနာကောင်းပါတယ်။ လှူတာတွေ များတောင်နေပါသေးတယ်။

စာမေးပွဲဖြေပြီးတော့ ရွာပြန်၊ ရွာကပြန်လာတော့ ဒကာမလည်း ကျောင်းလာခိုက်မှာ ဦးဇင်းလေးကို တွေ့ပေးပြီးတော့ မင့်ဒကာမ ပေးဖို့ ရွာကဘာပါသလဲ၊ ပေးစရာရှိရင် ပေးလိုက်လို့ ပြောတဲ့အခါ ရွာက ဘာမှမပါကြောင်း ပြန်လျှောက်ပါတယ်။

ကျောင်းမှ အပြင်ထွက်လို့ရတဲ့ ဥပုသ်နေ့မှာ ဦးဇင်းလေးဟာ သူ့ဒကာမအိမ်ကို သွားပါတယ်။ သွားပြီးတော့ မုန့်တွေပေးပါတယ်။ သူ့ဒကာမ အပြင်သွားခိုက်မို့ သူ့ဒကာမနဲ့တော့ မတွေ့ခဲ့ပါဘူး။ အခြားအိမ်က လူတွေကို မှာပြီး မုန့်တွေပေးခဲ့ပါတယ်။

ဦးဇင်းလေးတစ်ပါးက မုန့်တွေ ပေးခဲ့တယ်ဆိုတာ သူ့ဒကာမ အပြင်က ပြန်လာတော့ သိရတဲ့အတွက် ဒကာမက ဘုန်းကြီးဆီကို ဖုန်းဆက်ပါတယ်။ ဆရာတော်၊ ကိုရင် ဦးဇင်းတစ်ပါးပါး အိမ်ကို လွှတ်လိုက်ပါသလား ဘုရားလို့ ဖုန်းဆက် မေးလျှောက်ပါတယ်။ ဘုန်းကြီးက မလွှတ်ကြောင်း ပြန်ပြောလိုက်ပါတယ်။

ဦးဇင်းလေးဟာ ညနေ ၄ နာရီ ပြန်ရောက်ရမယ့်အချိန်မှာ ပြန်မရောက်ပါဘူး။ သံဃာစစ်တော့ မပါဘဲဖြစ်နေပါတယ်။ ညနေ ၅ နာရီလောက်မှ ပြန်ရောက်လာပါတယ်။ သူမလျှောက်ဘဲ ရဟန်းဒကာမအိမ်ကို သွားပြီး မုန့်ပေးတယ်ဆိုတာကို ဘုန်းကြီးက ဖုန်းလာပြီးလို့ သိပြီးဖြစ်နေပါတယ်။

ဦးဇင်းလေး ပြန်ရောက်လာတော့ လာလျှောက်ပါတယ်။ အစတော့ လိမ်ညာပါသေးတယ်။ နောက် လိမ်မရတော့ ဒကာမအိမ် မုန့်သွားပေးကြောင်း လျှောက်ပြပါတယ်။

မလျှောက်ဘဲ သွားတာ၊ နောက်ကျတာကြောင့် နှစ်ချက် ရိုက်လိုက်ပါတယ်။ စည်းကမ်းလိုက်နာတတ်အောင် နောက် သတိထားနိုင်အောင် ရိုက်လိုက်တာပါပဲ။

နောက် မကြာခင်မှာဘဲ သူ့ရဟန်းဒကာမ ရောက်လာပါတယ်။ သူကလည်း သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ မနှင်အောင် လာလျှောက်ဖို့ လိုက်လာတာပါပဲ။

သူရောက်လာတော့ ဒကာမအိမ်ကို မုန့်တွေပေးသွားတာ ဘယ်ကကိုယ်တော်တွေလဲလို့ မေးလိုက်ပါတယ်။ ဒကာမလေးက 'မန္တလေးက အသိကိုယ်တော်တွေပါ ဘုရား' လို့ လျှောက်ပါတယ်။ နင် ငါ့ကို မညာနဲ့နော်၊ မှန်တာပြောလို့ ပြောတဲ့အခါ ဟုတ်ပါတယ် ဘုရား။ မန္တလေးက ကိုယ်တော်တွေပါလို့ ထပ်လျှောက်ပါတယ်။

နင်လည်း ငါ့ကို ညာလျှောက်တယ်၊ ကျောင်းကို ဘယ်တော့မှ မလာခဲ့နဲ့

လို့ ပြောတော့မှ မှန်တဲ့အတိုင်း လျှောက်ပါတယ်။ သူကတော့ သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ လျှောက်တာပါပဲ။

ဘုန်းကြီးက နှင့်ဦးဇင်း မနှင်ပါဘူး၊ စောစောက နှစ်ချက်ရိုက်ပြီးပြီလို့ ပြောပြပါတယ်။

နောက်နေ့မှာ ဦးဇင်းက သူကျောင်းပြောင်းမယ့်အကြောင်း လာလျှောက်ပါတယ်။ တားရိုးထုံးစံမရှိပါဘူး၊ ခွင့်ပြုလိုက်ပါတယ်။ သူ့ဒကာမဆီကိုတော့ ဖုန်းဆက်ပြီး အကြောင်းကြားပေးလိုက်ပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ဒကာမမိသားစု ကျောင်းရောက်လာပါတယ်။ သူ့မှာ ၅ နှစ်သား သားလေးပါ ပါလာပါတယ်။ တော်တော်လေးကြာတော့ ဘုန်းကြီးက ရိုက်တဲ့အကြောင်း၊ ဒကာမက လိမ်ညာတဲ့အကြောင်း၊ ဦးဇင်းလေးကလည်း ကျောင်းကထွက်သွားတဲ့အကြောင်း ပြောကြပါတယ်။

အဲဒီလိုပြောပြီးတော့ ဘုန်းကြီးက ကလေးကို မင်း သေသေချာချာ ပြောစမ်း၊ ဒီကိစ္စမှာ ဘယ်သူမှားသလဲလို့ မေးလိုက်တဲ့အခါ ကလေးက ၃ ယောက်စလုံး မှားတယ်တဲ့။

(အားလုံး ရယ်ကြ)

ဘုန်းကြီးကော သူ့မိခင်ပါ မတွေးတဲ့အတွေးပဲ ဖြစ်ပါတယ်။ ကဲ– ဘယ်လို မှားတာတုံး ပြောစမ်းပါဆိုတော့ ကလေးက "ဘုန်းဘုန်းကလည်း မရိုက်ဘဲ ဒဏ်လောက်ပေးရင် ပြီးသွားတာပါပဲ။ ခုတော့ ရိုက်လိုက်တော့ ဘုန်းဘုန်းလည်း မှားတယ်။ မေမေကလည်း လိမ်ညာပြောတဲ့အတွက် မှားတယ်။ ဦးဇင်းလေးကလည်း မလျှောက်ဘဲ သွားတာ၊ နောက်ကျတာ၊ ရိုက်လို့ ကျောင်းကထွက်သွားတာ မှားတယ်လို့ ဆုံးဖြတ်ပေးပါတယ်။

စောစောက ပြောပြတဲ့ဦးဇင်းလေးကိစ္စမှာ ဘုန်းကြီးက နောင် စည်းကမ်းလိုက်နာအောင်၊ မှတ်သွားအောင်ဆိုပြီးတော့ ကောင်းကောင်းလုပ်လိုက်တာပါပဲ၊ ဒါပေမဲ့ ဒေါသကြောင့် ဘုန်းကြီးကလည်း ရိုက်မိ၊ ဦးဇင်းလေးကလည်း ဆရာက ဆုံးမတာကို မကျေနပ်တဲ့ဒေါသကြောင့် ဆရာ့ကျေးဇူး ဒကာမကျေးဇူးကို မထောက်ထားဘဲ ကျောင်းကထွက်သွားတော့ မကောင်းတာတွေဘဲ ဆက်တိုက်ဖြစ်သွားတာပါပဲ။

ကလေးပြောတော့မှ ၃ ယောက်လုံး မှားတယ်ဆိုတာ မှန်တာပဲ၊ ဒီကလေးဟာ တော်တော်လေး အတွေးကောင်းတယ်လို့ ချီးကျူးမိပါတယ်။

ကလေးဉာဏ်ကို ဖွင့်ပေးပါ၊ ကလေးဉာဏ်ကို အထင်မသေးပါနဲ့၊ ကလေးဉာဏ်ဟာ အတွေးမှန်ကို ပေးတတ်ပါလားလို့ ကောက်ချက်ချမိပါတယ်။

ဒေါသကြောင့် ဆရာလည်း အကျိုးမရှိ၊ ဦးဇင်းလေးလည်း အကျိုးမရှိ၊ ဒကာမလည်း စိတ်မကောင်းဖြစ်ပြီး အကျိုးမရှိပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြလိုက်တာပါပဲ။

ဒေါသနဲ့ ဆောင်ရွက်သမျှ ဘယ်တော့မှ ကောင်းတာ အကျိုးရှိတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ သတိထားမိပါတယ်။ ဒေါသကြောင့် မှား၊ အမှားတစ်ထောင်၊ ဒေါသသမား အမှားမရေနိုင်လို့လည်း မှတ်တမ်းတင်မိပါတယ်။

## ဥစ္စာခန ဆုံးရှုံးရ

တတော ကာယေန ဝါစာယ၊
ဝဓံ ကတွာန ကောဓနော။
ကောဓာ ဘိဘူတော ပုရိသော၊
ဓနဇာနိ နိဂစ္ဆတိ။

ဒေါသအမျက် နှိပ်စက်သူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှု ပြုတတ်တယ်။ (ခြေလွန်၊ လက်လွန် ဖြစ်တတ်တယ်)

အဲဒီလို ခြေလွန် လက်လွန်ဖြစ်ပြီး သတ်ပုတ်ညှဉ်းဆဲမှုကို ပြုမိရင် ဥစ္စာတွေ ဆုံးရှုံးတတ်တယ်။

ဒီနေရာမှာ ဆရာတော်တစ်ပါးအကြောင်း ပြောပြပါဦးမယ်။ ဆရာတော်တစ်ပါးရဲ့ ကျောင်းနားမှာ ရေအိုင်ကြီးတွေ များစွာရှိတယ်။ ရပ်ကွက်ထဲက လူတွေဟာ အဲဒီရေအိုင်ထဲက ငါးတွေကို လာပြီးတော့ ဖမ်းယူလေ့ရှိတယ်။ ဆရာတော်ကြီးက "ငါးမဖမ်းရ၊ ငါးမမျှားရ" ဆိုတဲ့ စာတမ်းတွေ ချိတ်ထား ကပ်ထားတယ်။ ဒါပေမဲ့ လူတွေကတော့ လစ်ရင် လစ်သလို ဖမ်းယူလေ့ရှိတယ်။ တစ်ခါတလေမှာ ဆရာတော်ကြီးက တပည့်လေးငါးပါး ခေါ်ပြီးတော့ ရပ်ကြည့်လေ့ရှိတယ်။ ငါးဖမ်းနေသူတွေဟာ ထွက်ပြေးကြတယ်။ တစ်နေ့တော့ ငါးဖမ်းနေသူတွေ ၁၀ ယောက်လောက် ရှိတယ်။ ဆရာတော်က မဖမ်းကြနဲ့၊ ပြန်သွားကြလို့ ပြောတာကို သူတို့ကလည်း ၁၀ ယောက်လောက်ဆိုတော့ မပြန်ဘဲ ဖမ်းမြဲဖမ်းနေကြတယ်။ ဆရာတော်က သူ့ကျောင်းမှာရှိတဲ့ စာသင်သားများစွာထဲက လက်ရွေးစင် စာသင်သား အပါး ၂၀ လောက်ကို ခေါ်ပြီးတော့ ကဲ– မင်းတို့တုတ်တွေ ကိုယ်စီကိုင်ထားကြ၊ တကယ်တော့ မရိုက်နဲ့၊ သူတို့ပြေးရုံလောက်ပဲ ဟန်ရေးပြတာပေါ့လို့ ပြောပြီး

ကျောင်းအပြင် ထွက်ကြပါတယ်။ ရှစ်ယောက်က မြင်တာနဲ့ ပြေးကြတယ်။ နှစ်ယောက်ကတော့ မပြေးဘဲ ပေကပ်ကပ်လုပ်နေကြတယ်။ အဲဒီပေကပ်ကပ် လုပ်နေတဲ့ နှစ်ယောက်ကို ဆရာတော်က နှစ်ချက် သုံးချက်လောက်စီ ရိုက်ချလိုက်တယ်။ အဲဒီကျမှ ပြေးကြတော့တယ်။

အဲဒီအရိုက်ခံရတဲ့ ကလေးနှစ်ယောက်ဟာ ဘုန်းကြီးသံဃနာယကရုံး သွားတိုင်ကြတယ်။ ရပ်ကွက်သံဃာ့နာယကဆရာတော်က မင်းတို့က သူ့ကျောင်း နား၊ သူ့ဘုရားနား ငါးမဖမ်းရလို့ ရေးထားတာ တွေ့ပါလျက် သွားဖမ်းတာ မင်း တို့ မှားတာပေါ့။ တို့က ဘာမှလုပ်ပေးလို့မရဘူးလို့ ပြောလိုက်ပါတယ်တဲ့။ ကလေး နှစ်ယောက်က တပည့်တော်တို့ နှစ်ယောက်လုံး အရိုက်ခံရတာ ဒဏ်ရာတွေ ဖြစ်နေတယ်။ ဆေးဖိုးလေးတော့ တောင်းပေးပါလို့ ပြောတော့ ရပ်ကွက်သံဃာ့ နာယက ဆရာတော်က သူ့ကျောင်းက ဦးဇင်းတစ်ပါးကို စာရေးပြီး ပေးခိုင်းလိုက် တယ်။ စာထဲမှာတော့ "အရှင်ဘုရား၊ ကလေးတွေကို ဆုံးမလိုက်တာ ကောင်းပါ တယ်။ ဒဏ်တွေဖြစ်နေတာလည်း တွေ့ရတယ်။ ကလေးတွေက ဆေးဖိုးလေး တောင်းပေးပါလို့ လျှောက်ကြတယ်။ အရှင်ဘုရား စေတနာရှိသလောက် ဆေးဖိုး လေး ပေးလိုက်စေလိုပါတယ်လို့ ပါရှိပါတယ်။ စာဖတ်ပြီးစမှာတော့ မပေးဘူး၊ ပေးစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နောက်တော့ ကုသိုလ်တောင်ဖြစ်ပါသေး တယ်လို့ သနားစိတ်ဝင်ပြီး ဆေးဖိုး ၃၀၀၀ ကျပ် ပေးလိုက်ပါတယ်တဲ့။

အကြောင်းအရာလေးကတော့ ဒါပါပဲ။

တုတ်နဲ့ရိုက်ပုတ် ညှဉ်းဆဲလိုက်တဲ့အတွက်ကြောင့် ငွေ ၃၀၀၀ ကျပ် တစ် ခဏလေးအတွင်းမှာပဲ ပါသွား။ ဆုံးရှုံးသွားရတယ်ဆိုကာပါပဲ။ ဒေါသဆိုတာ ကောင်းတာမဟုတ်ဘူး။ **ဆုံးရှုံးခြင်းကို ဖြစ်စေတတ်တယ်။**

ဒီအကြောင်းအရာလေးကို ကြားနာရတော့ ဒကာ ဒကာမတွေ အဲဒီဆရာ တော်ဟာ ဘယ်ဆရာတော်ပါလိမ့်လို့ မသိချင်ဘူးလား။

(သိချင်ပါတယ် ဘုရား)

သူများအကြောင်းဆို စိတ်ဝင်စားတယ်နော်။

(အားလုံး ရယ်ကြ)

ကဲ- တရားနာပရိသတ်ရေ၊ သိချင်ရင် ဘုန်းကြီးပြောတာ နားထောင်၊ ဘုန်းကြီးဆီကို ကြည့်လိုက်ပါ။ ခုပြောဟောနေတဲ့ ဒီကိုယ်တော်၊ ဒီကိုယ်တော်ပျ။

(အားလုံး ရယ်ကြတယ်)

အဲဒီနေ့က နာရီပိုင်းအတွင်းမှာ ငွေ ၃၀၀၀ ပါသွားတာ နပြောလိုက်တာ။

(အားလုံး ရယ်ကြ)

ပေးချင်တာမဟုတ်ဘူး။ သနားလို့။

(အားလုံး ရယ်ကြ)

ကဲ- ဘားပါတော့၊ ဒေါသကြောင့် ငွေ ၃၀၀၀ ပါသွားတာ၊ ဥစ္စာဆုံးရှုံးပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြတာနော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေလည်း ဒေါသကြောင့် ဆုံးရှုံးပျက်စီးတာ ကိုယ်တွေ့လေးတွေ ရှိမှာပါပဲ။ ပြောရမှာ ရှက်လို့ ဝှက်ထားတာနေမှာပါ။ ဘုန်းကြီးကတော့ ရှက်ပါဘူး။ နောင် ကိုယ်ရော သူပါ သတိထားစရာဆိုပြီးတော့ ပြောလိုက်တာပါပဲ။

## ဒေါသရှောင်ရေး ကဗျာလေး

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ဒေါသအမျက်၊ လွန်နှိပ်စက်၊ ခြေလက်လွန်သွားကာ။

* သတ်ပုတ်ညှဉ်းဆဲ၊ ပြုရင်လည်း၊ ဆင်းရဲ ဆုံးဥစ္စာ။

* သိက္ခာ ခနှ၊ စိတ်သာချ၊ မချဆုံးရှုံးမှာ။

* ဒေါသဖြစ်မှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## ကျော်စောကင်းရ+ရှောင်သွားကြ

ကောဓသမ္ပဒ သမ္ပန္နော၊
အာယသက္ယံ နိဂစ္ဆတိ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊
ပရိဝဇ္ဇန္တိ ကောဓနံ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

ဒေါသဖြစ်သူ အခြံအရံ အကျော်အစောမရှိ ဖြစ်တတ်တယ်။ (သူ့အနား ဘယ်သူကမှ မကပ်ချင်ကြဘူး။ အဲဒီလူ အနားကပ်ရတာထက် ကျားမြီးပဲသွားဆွဲလိုက်တယ်ချင်တယ်လို့ ပြောကြတယ်။)

နောက်ပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေအားလုံးက ဒေါသကြီးသူကို ရှောင်ကွင်းသွားကြတယ်။

ဒါလည်း မှန်တာပါပဲ။ ဘုန်းကြီးလည်း ကိုယ်တွေ့လေးတွေ ရှိပါတယ်။ ဒကာ ဒကာမတွေလည်း ရှိမှာပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဒေါသကြီးပြန်၊ အခြံရှုံ၊ အမှန်ကင်းဝေးမှာ။
* ထင်ပေါ်ကျော်ကြား၊ ကောင်းကျိုးများ၊ ဝေးသွားပျောက်ကွယ်မှာ။
* ဆွေမျိုး မိတ်သင်၊ ချစ်ကျွမ်းဝင်၊ ရှောင်ကြဉ်သွားကြမှာ။
* ဒေါသကြီးမှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## စိတ်ကိုဖျက်တတ်+ဒေါသမှတ်

အနတ္ထဇနနော ကောဓော၊
ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။
အမျက်ဒေါသဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။
အဲဒီအကြောင်းတွေကို ပညာမဲ့သူ (ပညာနည်းသူ) မသိနိုင်ဘူး။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဒေါသတရား၊ ကျိုးစီးပွား၊ မှတ်သားဖျက်ဆီးမှာ။
* စိတ်ကိုလည်းပဲ၊ ဒေါသပဲ၊ အမြဲဖျက်ဆီးမှာ။
* စိတ်အတွင်းဝယ်၊ ဘေးကိုကွယ်၊ တကယ်ဖြစ်စေမှာ။
* ပညာနည်းလျှင်၊ မသိမြင်၊ မြတ်ရှင်ဟောကြားတာ။

## ကျိုးကြောင်းသိမြင်+ကင်းဝေးစင်

ကုဒ္ဓော အတ္ထံ န ဇာနာတိ၊
ကုဒ္ဓော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ ကောဓော သဟတေ နရံ။ (အံ၊ ပါ၊ ၂၊ ၄၇၁)

* အမျက်ထွက်သူဆိုတာ အကျိုးစီးပွားကို မသိနိုင်ဘူး။
* အမျက်ထွက်သူဆိုတာ အကြောင်းတရားကို မမြင်နိုင်ဘူး။

* အမျက်ဒေါသက သတ္တဝါတွေကို နှိပ်စက်တဲ့အခါမှာ အလွန်မိုက်မဲမှု ဖြစ် သွားတယ်။

ကဲ-လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်ငြား၊ ကျိုးစီးပွား၊ မှတ်သားမသိနိုင်။
* အမျက်ထွက်ငြား၊ ကြောင်းတရား၊ မှတ်သား မမြင်နိုင်။
* အမျက်ဒေါသ၊ နှိပ်စက်က၊ သတ္တမိုက်မဲတာ။

## မီးလောင်သလို ပူပန်ရ

ယံ ကုဒ္ဓေါ ဥပရောဓေတိ၊
သုကရံ ဝိယ ဒုက္ကရံ။
ပစ္ဆာ သော ဝိဂတေ ကောဓေ၊
အဂ္ဂိဒဍ္ဎောဝ တပ္ပတိ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူဆိုတာ ပြုနိုင်ခဲ့တဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချုတ်ယွင်းစေတယ်။

အဲဒီအမျက်ထွက်သူဟာ နောင် အမျက်ဒေါသပြေပျောက်တဲ့အခါမှာ (ဒေါသကြောင့် မှားသွားတဲ့ အမှားကြီးကို သတိရပြီးအဲ့ အကြီးအကျယ်) မီးလောင်သလို ပူပန်ခံစားရတတ်တယ်

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ပြုနိုင်ခဲမှု၊ ပြုလွယ်ဟု၊ ထင်ပြုချုတ်ယွင်းစေ။
* ဒေါသပြေရာ၊ နောင်အခါ၊ ကြီးစွာပူပန်ခံရ။
* ဒေါသပြေလျှင်၊ မီးလောင်အင်၊ အစဉ်ပူရပေ။

## ရှက် ထိတ်လန့်တာ + မရှိပါ

နာသသ ဟိရီ နဩတ္တပ္ပံ၊
နဝါစော ဟောတိ ဂါရဝေါ။
ကောဓေန အဘိဘူတဿ၊
န ဒီပံ ဟောတိ ကိဉ္စနံ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူ ရှက်တာ ထိတ်လန့်တာ မရှိ၊
အမျက်ထွက်သူ ဆုံးမတဲ့စကား ရှိသေမှုမရှိ၊
အမျက်ဒေါသနှိပ်စက်သူ မိုခိုရာ တစ်စုံတစ်ရာမရှိ။
ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်သူ၊ လောကလူ၊ ရှက်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ လန့်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ ဝေးမှုရှိသောတာ။
* မှီခိုရာလည်း၊ မရှိပြီ၊ မှတ်စွဲသေသေချာ။

## အမျက်ထွက်လတ်+မိဘသတ်

ကုဒ္ဓေါ ဟိ ပိတရံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ သမာတရံ။
ကုဒ္ဓေါ ဟိ ဗြာဟ္မဏံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ထွက်သူဟာ အဖ အမိ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တတ်တယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို

* အမျက်ထွက်က၊ မြတ်မိဘ၊ မှချသတ်တတ်သည်။
* အမျက်ထွက်လာ၊ ရဟန္တာ၊ မှန်စွာသတ်တတ်သည်။
* အမျက်ထွက်လျှင်၊ ပုထုဇဉ်၊ အစဉ်သတ်တတ်သည်။
* အမျက်ထွက်လျှင်၊ အကုန်ပင်၊ အစဉ်သတ်တတ်သည်။
* အမျက်ဒေါသ၊ လူလောက၊ ဘာမှမကောင်းပြီ။
* ပညာရှိလျက်၊ ဒေါသမျက်၊ တစ်သက်မကောင်းပြီ။

## တွေ့ရမြင်ရ+ဒီလောက

ယာဃ မာတု ဘတော ပေါသော၊
ဣမံ လောကံ အဝေက္ခတိ။
တမ္ပိ ပါဏဒဒိံ သန္တံ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနော။

(အံ၊ ပါ၊ ၂၊ ၄၇၂)

အမိမွေးမြူလိုက်လို့ သားသမီးဟာ ဒီလောကကို တွေ့မြင်ရတာပါ။ (ဒီလောကမှာ ဖြစ်ပေါ်နေတဲ့ ကောင်းတာ ဆိုးတာ အရာရာကို သိမြင်ခွင့် ရတယ်လို့ ဆိုလိုတာပါ) အသက်ပေးပြီး ချစ်တတ်တဲ့ ငြိမ်းချမ်းအေးမြသူ အမိကိုတောင် အမျက်ထွက်သူဟာ သတ်တတ်တယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမိမွေးမှ၊ သားပုတ္တ၊ လောကတွေ့ရသည်။
* အသက်ပေးချစ်၊ အမေစစ်၊ သတ်ပစ်တတ်ပေသည်။
* အမျက်ထွက်လာ၊ မွေးမာတာ၊ သေချာသတ်တတ်သည်။

## အမျက်ထွက်လတ် + ကိုယ့်ကိုယ်သတ်

အတ္တူပမာ ဟိ တေ သတ္တာ၊
အတ္တာ ဟိ ပရမော ပိယော။
ဟန္တိ ကုဒ္ဓေါ ပုထုတ္တာနံ၊
နာနာရူပေသု မုစ္ဆိတော။

(အံ၊ ပါ။ ၂၊ ၄၇၂)

သတ္တဝါတွေဟာ ကိုယ်ချင်းစာတရား ရှိကြတယ်။

မိမိကိုယ်ကို အလွန်ချစ်ခင်တယ်။

အမျက်ထွက်သူဟာ အာရုံအမျိုးမျိုးမှာ တွေဝေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* များသတ္တဝါ၊ ကိုယ်ချင်းစာ၊ ဓမ္မာရှိကြသည်။
* မိမိကိုယ်ကို၊ အချစ်ပို၊ ပြစ်ဆိုမရပြီ။
* အမျက်ထွက်လျှင်၊ ကိုယ့်ကိုယ်ပင်၊ အစဉ်သတ်တတ်သည်။

## သေအောင်သတ်နည်း + အသီးသီး

အသိနာ ဟန္တိ အတ္တာနံ၊
ဝိသံ ခါဒန္တိ မုစ္ဆိတာ။
ရဇ္ဇုယာ ဗဇ္ဈ မီယန္တိ၊
ပဗ္ဗတာ မပိ ကန္ဒရေ။

(အံ၊ ပါ၊ ၂၊ ၄၇၂)

မိမိကိုယ်ကို သန်လျက်နဲ့ သတ်ကြတယ်။
တွေဝေတဲ့အတွက် အဆိပ်ကို စားကြတယ်။
ကြိုးနဲ့ နှောင်ဖွဲ့ပြီး သေကြတယ်။
တောင်ပေါ်ကနေ ချောက်ထဲခုန်ချသေကြတယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* မိမိကိုယ်ကို သန်လျက်နဲ့
အမှန်ဆက်ဆက် သတ်တတ်တယ်။
* မသိတွေဝေ အဆိပ်စားလို့
သေကြောင်းများကွဲ့ ကြံတတ်တယ်။
* ကြိုးဆွဲချကာ၊ သေကြေကြလို့
ချောက်ထဲ ခုန်ချ သေတတ်တယ်။
* သေအောင်သတ်နည်း အသီးသီးကို
ကဗျာစုပြီး ရေးပြတယ်။
(တွေးကြကွယ်)၂

## တကယ်သေချာ+မသိပါ

ဘူနဟာစ္စာနိ ကမ္မာနိ၊
အတ္တ မာရဏီယာနိစ။
ကရောန္တ နာဝဗုဇ္ဈန္တိ၊
ကောဓဇာတော ပရာဘဝေါ။ (အံ၊ ပါ၊ ၂၊ ၄၅)

စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကို သေစေတတ်တဲ့ အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။ (ဒေါသကြီးမြဲ ကြီးနေကြတယ်။ ဒေါသပဲ အမြဲတစေ ထွက်နေကြတယ်)

အဲဒီဒေါသဖြစ်လာရင် သူ့ရောကိုယ်ပါ မကောင်းတဲ့ ဆိုးကျိုးတွေကိုသာ ဖြစ်တတ်တယ်ဆိုတာ မသိကြဘူးလား။

(သိကြပါတယ် ဘုရား)

တကယ်သိရဲ့လား?

(မဖြေ၊ အားလုံးရယ်ကြ)

တကယ်မသိကြပါဘူး။ တကယ်မသိတော့ သတိလွတ်ပြီးတော့ ဒေါသတွေ ကြီးမြဲ ကြီးနေကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသတွေ ကြီးမြှကြီးနေကြတာ ဘယ်သူထင်လဲ?

(မသိပါ ဘုရား)

အေး– သိချင်ရင် ဘုန်းကြီးကိုကြည့်၊ အခု ဒကာ ဒကာမတွေကို ဒေါသမီး ကင်းအောင် ရေးသားဟောပြနေတဲ့ ပလ္လင်ပေါ်က ဒီဘုန်းကြီးပါ။

(အားလုံး ရယ်ကြ)

ကိုယ့်မကောင်းကြောင်းလေးတွေ ပြောရတာ အရသာရှိလိုက်တာ။

(အားလုံး ရယ်ကြ)

သူများမကောင်းကြောင်း မပြောနဲ့၊ ဘာတဲ့လဲ?

(သူများမကောင်းကြောင်း မပြောနဲ့ပါ ဘုရား)

ဒကာ ဒကာမတွေကော ဒီဘုန်းကြီးကော သူများမကောင်းကြောင်းတွေ ပြောလာတာ များပြီ၊ သူများမကောင်းကြောင်း ပြောရင် အပြစ်ရှိတယ်။ ကိုယ့်မကောင်းကြောင်း ကိုယ်ပြောတာ အပြစ်မရှိဘူး။ အပြစ်ကင်းတယ်။ ဒီတော့ အပြစ်ကင်းအောင် ကိုယ့်အကြောင်းကို ပြောပါ။

## မှားမိတာလေး ပြောပေးပါ

ကိုယ့်အကြောင်း ကိုယ်ပြောဆိုတဲ့နေရာမှာလည်း ကိုယ့်မကောင်းကြောင်း၊ ကိုယ်သတိမထားမိလို့ မှားခဲ့မိတဲ့အကြောင်းလေးတွေကို ပြောရမှာဖြစ်တယ်။ ကိုယ်တော်ကြောင်း၊ ကိုယ်သိကြောင်း၊ ကိုယ်ကောင်းကြောင်းဆိုတဲ့ ကောင်းတာတွေကို ပြောရမှာ မဟုတ်ပါဘူး။ အဲဒါတွေ ပြောမိရင် တကယ်ဟုတ်ဦးတော့ သူများက ကြွားတယ်ထင်ပြီး "လူကြွားကြီး"၊ "လူပေါ်ကြီး" လို့ သတ်မှတ်တာ ခံရတတ်တယ်။

## ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

လောကလူတွေ ပြောကြတာ တစ်ခုရှိတယ် မဟုတ်လား။ "ကိုယ့်ဂုဏ်ကိုယ်ဖော်+မသူတော်" ဆိုတဲ့စကားပါပဲ။ ကိုယ့်ဂုဏ်တွေပဲ ဖော်ပြော၊ ဖော်ဟောနေရင် ဘာတဲ့လဲ? (မသူတော်ပါ ဘုရား)

## မသူတော်ခေါ် + ဒီလိုနော်

မသူတော်ဆိုတာကိုကော သိရဲ့လား?

(မသိပါ ဘုရား)

အေး– မသိရင် သေသေချာချာ မှတ်ထား။ 'မဟုတ်တဲ့နေရာ၊ မကောင်းတဲ့ နေရာတွေမှာ သွားပြီးတော်နေတာကို မသူတော်'လို့ ခေါ်တယ်။

## သမီးချော မချော အရပ်ကပြောမယ်

အမှန်ကတော့ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီးတော့ ပြောဟောနေစရာ မလိုပါဘူး။ ကိုယ်တိုင် ကြော်ငြာနေစရာ မလိုပါဘူး။ မြန်မာစကားပုံတစ်ခု ရှိတယ်မဟုတ်လား။ ဘာတဲ့လဲ? "သမီးချော မချော အရပ်က ပြောလိမ့်မယ်" ဆိုတဲ့စကားပဲ မဟုတ်လား။ ကိုယ့်သမီးလေး ချောတယ်၊ မချောဘူးဆိုတာ ကိုယ်ကလည်ပြီး ပြောနေစရာ မလိုပါဘူး။ အရပ်က သူ့ဟာသူ ပြောသွားမှာပဲ မဟုတ်လား။

## ပျက်စီးကြောင်းစစ် အမှန်ဖြစ်

ကဲ– ထားပါတော့၊ နောက်တစ်မျိုး ဆက်ကြရအောင်။

အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်းဖြစ်တယ်တဲ့။ ကောင်းတဲ့ အရာအားလုံး ဆုံးရှုံးကြောင်းဖြစ်တယ်တဲ့။ ဒီအကြောင်းတွေ ရှေ့မှာ တော်တော် လေး ဟောပြောပြီးပါပြီ။ ဘုန်းကြီးကော၊ ဒကာ ဒကာမတွေဟာ အမျက်ထွက်ခြင်း ကြောင့် ပျက်စီးဆုံးရှုံးခဲ့တာ၊ ကောင်းကျိုးတွေ လက်လွတ်ခဲ့တာ များပြီနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* စီးပွားချမ်းသာ၊ ပယ်ဖျက်ဆီးတတ်၊
ကိုယ်ကိုသေ သတ် အမှုတွေ။

* သူ့သူငါငါ နေ့နေ့ညည
ပြုနေကြလည်း မသိပေ။

* သတိပညာ မပါကြတော့
တစ်ခါတစ်ခါ လွတ်သွားပေ။

* အမျက်ထွက်ရင် နေ့နေ့ညည
တကယ်မုချ ပျက်စီးပေ။

* အဲဒါတွေကို သတိထားလို့
အသိတရားနဲ့ ပြော ပြုနေ။

(ဟော ဆုရွှေ)[၂]

## ဒေါသဝေးကြောင်း တရားကောင်းများ

ဣတာယံ ကောဓရူပေန၊
ဓစ္စုပါသော ဂုဟာသယော။
တံ ဒမေန သမုစ္ဆိန္ဒေ၊
ပညာ ဝီရိယေန ဒိဋ္ဌိယာ။
(အံ၊ ပါ၊ ၂၊ ၄၇၂)

ဒေါသဟာ ကောဓအသွင်နဲ့ဖြစ်တယ်။
နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ ကျော့ကွင်းသဖွယ်ပဲဖြစ်တယ်။

အဲဒီဒေါသကို ဝိပဿနာ၊ ပညာ၊ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ ဆုံးမနိုင်ကွပ်ကြောင်း တရားနဲ့ အကြွင်းမဲ့ ပယ်ဖြတ်ရမယ်။ (အကြွင်းမဲ့ ပယ်ဖြတ်နိုင်အောင် ကြိုးစားရမယ်) ဒီတော့ ဒေါသဝေးကြောင်း၊ ဒေါသပြေးကြောင်း၊ ဒေါသအေးကြောင်း၊ တရားကောင်းတွေဟာ ဝိပဿနာပညာ၊ အဲဒီဝိပဿနာပညာနဲ့ ယှဉ်ဘက် ကာယိက၊ စေတသိကဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ တရားသုံးမျိုးကို တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ရုပ်နာမ်မွေ့ သင်္ခါရတရားတွေရဲ့အပေါ်မှာ မြဲတာ ဘာမှမရှိပါလား။ ဆင်းရဲတာချည်းပါလား၊ ပိုင်တာ ဆိုင်တာ အစိုးရတာ ဘာမှမရှိပါလားလို့ မလွတ်တမ်း စစ်ဖမ်းပြီးတော့ ရှုနေ မှတ်နေရင် ဒေါသတွေကို အနိုင်မယူနိုင်ဘူးလား?

(ယူနိုင်ပါတယ် ဘုရား)

ရှုမှတ်နေချိန်လေးမှာပဲ ဒေါသတွေ ဝေးနေ၊ ပြေးနေ၊ အေးမနေဘူးလား?

(နေပါတယ် ဘုရား)

ဒီတော့ ရှုမှတ်ချိန်၊ ဒေါသဝေးတယ်၊ ဒေါသပြေးတယ်၊ ဒေါသ အေးတယ် နော်?

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို

* ဒေါသဆိုတာ ကောဓသဘောနဲ့
လောကတောမှာ ဖြစ်နေတယ်။
* နှလုံးအိမ်ဂူ အမြဲကိန်းလို့
ထိန်းသိမ်းဖို့လည်း သိပ်ခက်တယ်။
* သူသူ ငါငါ ရှင်သေမင်းရဲ့

ကျော့ကွင်းကြီးကွဲ ဖြစ်ပါတယ်။
* ဝိပဿနာ ပညာမြတ်နဲ့
ဒေါသဆိုးသတ် နှိမ်ရမယ်။
* ဝီရိယ+မဂ္ဂါ သမ္မာ ဒိဋ္ဌိ
မှန်စွာ နိုင်ဖိ နှိမ်ရမယ်။
* ရှုမှတ်ချိန်မှာ ဒေါသဝေးလို့
ဒေါသပြေးကာ အေးမြမယ်။
* ဒေါသဝေးစေ ပြေးစေကြောင်းကို
ဆုတွေတောင်းလို့ ကဗျာချယ်။

## မသာမယာ+ကင်းရှိန်ဝါ

ယထာ မေတံ အကုသလံ၊
သမုဋ္ဌိန္နေ ထ ပဏ္ဍိတော။
တထေဝ ဓမ္မေ သိက္ခေထ၊
မာ နော ဒုမ္မင်္ကုယံ အဟု။

(အံ၊ ပါ၊ ၂၊ ၄၅၂)

ငါတို့မှာ ဒေါသကြောင့် မျက်နှာမသာမယာ အရှိန်အဝါမရှိခြင်းတွေ မဖြစ်ပါစေနဲ့လို့ တောင့်တရမယ်။ ဒေါသဖြစ်နေရင် ဘယ်လိုနေလဲ?

(ချက်နှာမသာမယာ ဖြစ်နေပါတယ် ဘုရား)

မယာလေးကို မပြောနဲ့ဦး၊ မယာလေးကို ဖြုတ်ထားလိုက်ပါဦး၊ ဘယ်လိုနေ?

(မျက်နှာ မသာ ဖြစ်နေပါတယ် ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာဖြစ်နေ?

(မသာဖြစ်နေပါတယ် ဘုရား)

မသာ (အသုဘ) များ ဘယ်လောက်ပဲ ပြုပြင်ပေးပေး ကြည့်လို့ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာနဲ့တူ?

(မသာနဲ့ တူပါတယ် ဘုရား)

ဒီတော့ ပရိသတ်ရေ၊ ဆိုလိုက်စမ်းပါ။

* ဒေါသဖြစ်ရင် သတိထား၊

မသာကြီးနဲ့ တူပါလား။

* ဒေါသကြီးရင် သတိထား

မသာ အသုဘ တူကာသွား။

## မသာဖြစ်မှု+သတိပြု

ဒီတော့ ကိုယ်အခါသကြီးရင် ကိုယ်ဘာဖြစ်?

(မသာဖြစ်ပါတယ် ဘုရား)

ကိုယ်မသာဖြစ်နေတာ အမြန်သိပြီးတော့ ဒေါသကိုအုပ်၊ ဒေါသကိုချုပ်ထိန်းရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးသူတွေ တွေ့ရင်လည်း ဟာ မသာကြီးပါလားလို့ သတိထားကာရှောင်ရှားရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသကင်းက အေးမြမြ

ဒေါသကင်းသူရဲ့မျက်နှာဟာ သာယာစိုပြေတယ်၊ ကြည့်လို့ကောင်းတယ်၊ အေးမြတယ်၊ မေတ္တာပြည့်ဝတဲ့ အင်္ဂါရှိန်အဝါတွေ တွေ့ရတယ်။

## ကောင်းရှိန်ဝါတွေ ပျောက်ကွယ်နေ

ဒေါသဖြစ်သူရဲ့မျက်နှာကတော့ သာယာစိုပြေမှု မရှိဘူး။ ကြည့်လို့မကောင်းဘူး။ ပူလောင်နေတယ်။ မေတ္တာစတဲ့ အရှိအဝါတွေလည်း ကွယ်ပျောက်နေတယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးရင် ဘယ်လောက်ပဲ ရာထူးဂုဏ်သိန် အရှိအဝါတွေရှိရှိ အဲဒီအရှိန်အဝါတွေ ကွယ်ပျောက်ပြီးတော့ "အဲဒီဘုန်းကြီးဟာ၊ အဲဒီလူကြီးဟာ ဒေါသတအားကြီးတယ်"ဆိုတဲ့ သမိုင်းကြီးပဲ တွင်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## အေးအေးဆေးဆေး ပြု ပြော တွေး

ဒီတော့ ပရိသတ်ရေ ဒေါသရဲ့အပြစ်တွေကို နားလည်သဘောပေါက်ပြီးတော့ ဒေါသကင်းရပါလို၏လို့ အမြဲတစေ ဆုတောင်းရမယ်။ ဒေါသကင်းစင်

ဘုရားရှင်ကို မြင်ယောင်ရှိခိုးရမယ်။ ဒေါသဆိုးတွေ ဝေးအောင်၊ ပြေးအောင် အရာရာကို အေးအေးဆေးဆေး တွေးတတ်၊ ပြောတတ်၊ ပြုတတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသဖြစ်လာ ဖြေစရာ

ကဲ– "ဒေါသဖြစ်လာ၊ ဖြေစရာ" "ဒေါသကင်းစင်+ဘုရားရှင်" ဆိုတဲ့ ကဗျာလေး လိုက်ဆို ရှိခိုးပြီး ဆုတောင်းကြရအောင်။

"ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးဒေါသ ကင်းစေသော်"

ဒေါသဖြစ်လာရင် ဒီကဗျာလေး ရွတ်နော်။

(မှန်လှပါ ဘုရား)

## အမျက်ဒေါသ ပယ်ဖြတ်ကြ

ပညာရှိဆိုတာ ဒေါသဆိုတဲ့ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်တယ်။

ပရိသတ်ရေ၊ ပညာရှိ ပယ်ဖြတ်သင့်တာ ဘာတဲ့လဲ?

(ဒေါသအကုသိုလ်ပါ ဘုရား)

## မကောင်းလေးပါး သတိထား

ဒီနေရာမှာ မကောင်းလေးပါး ပြောချင်ပါသေးတယ်။ ဘာလေးပါးတဲ့လဲ?

(မကောင်းလေးပါးပါ ဘုရား)

အလသော ဂိဟီ ကာမဘောဂီ နသာဓု။

ကာမစည်းစိမ်ကို ခံစားနေတဲ့လူဟာ ပျင်းနေရင် မကောင်းဘူးတဲ့။

## ရဟန်းဖြစ်ပြီး မစောင့်စည်း

အသညတော ပဗ္ဗဇိတော နသာဓု။

ရဟန်းဖြစ်ပြီးတော့ ကိုယ် နှုတ် နှလုံး မစောင့်ရှောက်ရင် မကောင်းဘူးတဲ့။

## မဆင်ခြင်က မကောင်းလှ

ရာဇာ နသာဓု အနိသမ္မကာရီ။

လောက ဓမ္မ နှစ်ဌာနမှာ မဆင်ခြင်ဘဲ ပြုလေ့ရှိတဲ့မင်းဟာ မကောင်းဘူးတဲ့။

## အမျက်ထွက်တာ မကောင်းပါ

ယော ပဏ္ဍိတော ကောဓနော တံ နသာဓု။
ပညာရှိ အမျက်ထွက်ရင် မကောင်းဘူးတဲ့။
ဒီတော့ ပရိသတ်ရေ ပညာရှိဆိုသူတွေ အမျက်ထွက်ရင် ကောင်းပါ့မလား?
(မကောင်းပါ ဘုရား)

ဒီနေရာမှာ ဘုန်းကြီးစဉ်းစားမိတာလေး ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ''ပညာတကယ်မရှိသေး''လို့ အမျက်ထွက်တာ ဖြစ်မယ်လို့ စဉ်းစားမိတာပါ။

နောက်ပြီးတော့ ရှိသေးတယ်။ ပညာရှိတွေကို သတိပေးတဲ့စကားလေး ''ပညာရှိ၊ သတိဖြစ်ခဲ'' ဆိုတဲ့ စကားလေးပါ။ ဒါလည်း စဉ်းစားမိတာကတော့ ပညာတကယ်မရှိလို့ သတိလွတ်သွားတာပါဆိုတဲ့ စဉ်းစားချက်လေးပါ။

## မေတ္တာနဲ့ပယ် သတ်ရမယ်

ဒေါသဖြစ်လာရင် အဲဒီဒေါသကို မေတ္တာဆိုတဲ့ အဒေါသနဲ့ သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
ဒေါသဂ္ဂိ ပန မေတ္တာယ
နိဗ္ဗာပေန္တိ နရုတ္တမာ။
(ဣတိဝုတ်၊ ပါ၊ ၂၅၇)

## သ ၀ နှစ်ဖြာ ကျင့်ကြံပါ

ပညာရှိဆိုတာ ဒေါသအကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်သလို ထို့အတူပဲ သမထ၊ ဝိပဿနာ တရားတွေကို အမြဲတစေ ဖြည့်ကျင့်နေရမယ်တဲ့။

ဒီတော့ ပညာရှိဆိုတာ ဒေါသကို ပယ်ဖြတ်၊ သမထ၊ ဝိပဿနာဆိုတဲ့ တရားတွေကို ကျင့်နေရမယ်၊ ဒီလိုနော်။
(မှန်လှပါ ဘုရား)

ကဲ- ကဗျာလေးတွေ လိုက်ဆို။
* ဒေါသကင်းစေ ဆုတောင်းပြု
ဒေါသအကု ပယ်ရမယ်။
* သမထခေါ် မြတ်တရားနဲ့
ဝိပဿနာပွားကျင့် နေရမယ်။

* ဒေါသမီးတွေ လောင်နေငြားလည်း
မေတ္တာတရားနဲ့ သတ်ရမယ်။
(မှတ်ကွယ်)၂

## ကိလေသာဝေး ငြိမ်းချမ်းအေး

ဝီတကောဓာ အနုပါယာသာ၊ ဝီတလောဘာ အနုဿုကာ၊
ဒန္တာ ကောဓံ ပဟန္တွာန၊ ပရိနိဗ္ဗန္တိ အနာသဝါ။ (အံ၊ ပါ၊ ၂၊ ၄၇၂)
ပညာရှိဆိုတာ အမျက်ဒေါသကို ပယ်ရမယ်။
အမျက်ဒေါသကင်းအောင် ကြိုးစားရမယ်။
ဒေါသထန်ပြင်း၊ ပင်ပန်းခြင်းမရှိအောင် ကြိုးစားရမယ်။
လောဘကင်းအောင် ကြိုးစားရမယ်။
ကိစ္စကြီးကယ် အသွယ်သွယ်တွေ များမနေရဘူး။ (အလုပ်ရှုပ်မနေရဘူး)
ယဉ်ကျေးသိမ်မွေ့ရမယ်။
ကိလေသာကင်းဝေး ငြိမ်းချမ်းအေးမြမှုရအောင် ကြိုးစားရမယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ပညာရှိဟာ ဒေါသကြီးကို
သေချာအပြီး ပယ်ရမယ်။
* လောဘ ဒေါသာ ဖြစ်နေကြလို့
သူငါများတို့ ပင်ပန်းတယ်။
* လောဘ ဒေါသာ ကင်းကွာရေးနဲ့
ကိစ္စနည်းရေး ကြိုးစားမယ်။
* ယဉ်ကျေးလိမ္မာ ကိလေဝေးမှ
ငြိမ်းချမ်းအေးမြ ရနိုင်မယ်။

## မောဟမီးလေး ဆက်ဟောပေး

ကဲ– ဒေါသမီးအကြောင်း မကောင်းပုံကို အကြောင်းစုံလေး ပြောပြီးတော့ မောဟမီးအကြောင်း ပြောကြရအောင်။

မောဟဆိုတာ ဘာလဲ။ မောဟဆိုတာ အမှားနဲ့အမှန်၊ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားမသိတာ၊ သစ္စာလေးပါး မသိတာ၊ သူတော်ကောင်းတရားတွေ မသိတာဟာ မောဟပါပဲ။

## ကျိုးမဲ့ဖြစ်စေတာ မောဟပါ

အနတ္ထဇနနော မောဟော၊
မောဟော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(ဣတိဝုတ်ပါဠိ ၂၅၂)

မောဟဆိုတာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။
မောဟဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
အတွင်းစိတ်ထဲမှာဖြစ်တဲ့ မောဟဆိုတဲ့ ဘေးကို လူတွေမသိနိုင်ဘူး။

## မကသဇာတ် သိမှတ်စရာ

ဒီနေရာမှာ မောဟကြောင့် အကျိုးမဲ့ဖြစ်စေတာလေးကို ပြောပြလိုပါတယ်။

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်နေပါတယ်။ ဘုရားလောင်းကတော့ ကုန်သွယ်ခြင်းနဲ့ အသက်မွေးနေပါတယ်။ ကာသိတိုင်းက ရွာတစ်ရွာမှာ လက်သမားတွေ အများကြီး နေကြပါတယ်။ တစ်နေ့တော့ လက်သမားဆရာကြီးတစ်ဦးရဲ့ ဦးခေါင်းမှာ မှတ်ကိုက်နေပါတယ်။ လက်သမားဆရာကြီးက သူ့သားကို မှက်ကိုက်နေကြောင်း၊ မှတ်ကို ခြောက်ပေးဖို့အကြောင်း ပြောပါတယ်။ သားက အနားမှာရှိနေတဲ့ ပုဆိန်ကြီးကို ယူပြီးတော့ သူ့ဖခင်အနားရပ်ကာ မှတ်ကို ခြောက်ပေးမယ်ဆိုပြီး ဖခင်ရဲ့ဦးခေါင်းကို ပုဆိန်ကြီးနဲ့ ပေါက်ချလိုက်ပါတယ်။ လက်သမားဆရာကြီးဟာ ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ဒီဝတ္ထုမှာ သားရဲ့ မသိခြင်းမောဟကြောင့် အဖသေဆုံးရတာပဲ ဖြစ်ပါတယ်။

သားဟာ ဖြစ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်ကို မသိခြင်းကြောင့် လုပ်မိတာ ဖြစ်ပါတယ်။

ဘုရားလောင်းလည်း အဲဒီသားအဖ ဖြစ်ရပ်ကို ကြည့်ပြီးတော့ ကောက်ချက် ချလိုက်ပါတယ်။

အဲဒါကတော့ "ရန်သူပညာရှိကတောင် ပိုမြတ်တယ်။ အဲဒီစကား မှန်တယ်။ ရန်သူပညာရှိဟာ ဖြစ်လာမည့်ဘေးရန်၊ ဘေးဒဏ်မှ ကြောက်တဲ့အတွက် လူကို မသတ်ပါဘူး"ဆိုတဲ့ ကောက်ချက်ပဲ ဖြစ်ပါတယ်။

(မကသဇာတ်၊ ဇာ၊ ဋ္ဌ၊ ၁၊ ၁၁)

## အမိုက်မှောင်လွှမ်း အတန်းကြီးဖြစ်

မူဠှော အတ္ထံ နဇာနာတိ၊
မူဠှော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ မောဟော သဟတေ နရံ။

(ဣတိဝုတ်ပါဠိ ၂၅၂)

တွေဝေခြင်းမောဟဖြစ်သူဟာ အကျိုးမသိနိုင်ပါဘူး။
ကောင်းမြတ်မှန်ကန်တဲ့ တရားသဘောကို မမြင်နိုင်ပါဘူး။
မောဟတရားက လူတွေကို လွှမ်းမိုးဖိစီးသွားတဲ့အခါ အမိုက်မှောင် လွှမ်း အကန်းကြီးလို ဖြစ်သွားတယ်။

မောဟဖြစ်ရင် ကောင်းတာ ဆိုးတာ၊ မှန်တာ မှားတာ မခွဲခြားတတ်တော့ဘူး နော်။

(မှန်လှပါ ဘုရား)

ကဲ-, ကဗျာ လက်ာလေးတွေ လိုက်ဆို။

* မောဟဖြစ်သူ ရှင်လူများမှာ
ကောင်းကျိုးစီးပွား ဖျက်သွားတယ်။
* မောဟဖြစ်ရင် စိတ်ဖျက်ဆီးတတ်
သတိမပြတ် ထားရမယ်။
* မောဟတွင်းမှာ ဖြစ်လာငြားက
ဘေးဆိုးများကို သိဘူးကွယ်။
* မကာသခေါ် ဇာတ်တရားနဲ့
မှတ်သားဖို့ကို ပြထားတယ်။
* ဖခင်ခေါင်းမှာ မှက်ကကိုက်တော့
ဖခင်သားမိုက် ခြောက်နိုင်းတယ်။
* ပုဆိန်ယူကာ ဖခင်ခေါင်းကို
သားမောင်ပေစောင်းပေါက် ခြောက်တယ်။
* လက်သမား တော်ဖခင်ကြီးဟာ
ပွဲချင်းပြီးပဲ သေသွားတယ်။
* အဲဒီချိန်မှာ ဘုရားလောင်းက

ကောက်ချက် အကောင်းချပြတယ်။

* ပညာရှိသူ ရန်သူကတောင်
ဉာဏ်ထူသားထက် ပိုမြတ်တယ်။

* ပညာရှိသူ ရန်သူများက
ဘေးဒုဏ်ကြောက်ခြား သတ်ဘူးကွယ်။

(မှတ်ဦးတကာယ်)၂

## မောဟမီးသတ် ပညာမြတ်

အဲဒီမသိခြင်း မောဟမီးကို သိခြင်းပညာနဲ့ ပယ်သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
မောဟဂ္ဂိ ပန ပညာယ၊
ယာယံ နိဗ္ဗေဓဂါမိနီ။ (ဣတိဝုတ်ပါဠိ၊ ၂၅၇)

## တော်တော်လေးပင် ဟောစုံလင်

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးပါး ငြိမ်းသွားတော်မူတဲ့ ကောသနိယ မထေရ်အကြောင်း ဟောပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။
(မှန်လှပါ ဘုရား)

## မီးငြိမ်းဖို့ရာ ကြိုးစားပါ

ဒီတရားကို ဟောကြားရသူ၊ နာကြားရသူ၊ တရားလှူသူတွေလည်း အဲဒီ မီးသုံးပါးရဲ့ မကောင်းကျိုးပေးပုံတွေကို သိပြီးတော့ အဲဒီမီးသုံးပါး နည်းပါးအောင်၊ ငြိမ်းသွားအောင် ကြိုးစားရမယ်နော်။ (မှန်လှပါ ဘုရား)

## ဘဝသီးသီး ပယ်နုတ်ပြီး

သူဟာ ဘဝအားလုံးကို ပယ်နုတ်ပြီးသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့သာသနာ တော်မှာ အဆုံးဖြစ်တဲ့ ကိုယ်ကိုဆောင်တယ်တဲ့။

## မင်းမြတ်စကြာ+ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာ ၅၀၀ ထက်မှာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ "သုမာဟု" လို့ ခေါ်တဲ့ ထင်ရှားတဲ့ စကြဝတေးမင်း ၃၄ ကြိမ် ဖြစ်ဖူးတယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

## ဆုတောင်းမေတ္တာ+ပတ္တနာ

ဒီနေ့ တရားဟော တရားနာ တရားလှူရတဲ့ ကုသိုလ်ကောင်းမှု အံစုစု ကြောင့် "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်လာ ကောသနိယမထေရ်လို တကယ်မီးတွေ ငြိမ်းသွားအောင် ကြိုးစားနိုင်ကြပါစေ။

"တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ကုမုဒဒါယကဝဂ်၊ ဓာတုပူဇက ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “ဓာတုပူဇာ+မင်္ဂလာ”

## တရားတော်

ဒီနေ့ မြတ်စွာဘုရားရဲ့ ကိုယ်ပွား၊ ကိုယ်စား ဓာတ်တော်များကို လေးစား ကြည်ညိုပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က ‘ဓာတုပူဇာ+မင်္ဂလာ’ တရားတဲ့

ဘာတရားတဲ့လဲ?

(‘ဓာတုပူဇာ၊ မင်္ဂလာ’ တရားပါ ဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်။

### ဓာတ်တော်တစ်ဆူ+ရခဲ့သူ

လူတွေထက် မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ ခြေနှစ်ချောင်းရှိတဲ့ နတ်လူတွေကို အစိုးရပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဓာတော်တစ်ဆူကို ဟောဒီဓာတုပူဇကမထေရ်ရဲ့ အလောင်း သူတော်ကောင်းလေးဟာ ရရှိလာခဲ့တယ်။

ဓာတ်တော်ဘယ်နှစ်ဆူရခဲ့သတဲ့လဲ? (တစ်ဆူပါ ဘုရား)

သူရခဲ့တာ ဓာတ်တော်တစ်ဆူတည်းနော်။ (မှန်လှပါ ဘုရား)

### သူပူဇော်တာ + ငါးနှစ်ကြာ

သူဟာ နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ ဓာတ်တော်ကို ယူပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသလိုပဲ ငါးနှစ်ပတ်လုံး ပြုစုလုပ်ကျွေးခဲ့တယ်။

ဒါ သေသေချာချာမှတ်ပါ။ ဓာတ်တော်ပဲဆိုပြီးတော့ ပေါ့တော့တော့ ပူဇော်

တာ မဟုတ်ပါဘူး။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို လေးလေး နက်နက် ပူဇော်တာ၊ လုပ်ကျွေးတာနော်။ (မှန်လှပါ ဘုရား)

ဘယ်နှစ်နှစ် လုပ်ကျွေး? (ငါးနှစ်ပါ ဘုရား)

ပရိသတ်ရေ၊ သေသေချာချာထပ်ပြော? (ငါးနှစ်ပါ ဘုရား)

## ဒကာတစ်ယောက် + ငါးနှစ်ပေါက်

ဒီတရား တစ်နေရာမှာဟောတော့ ဘုန်းကြီးက ပြုစုလုပ်ကျွေးတဲ့နှစ်ကို နှစ်ခါ သုံးခါလောက် မှတ်မိအောင် မေးလိုက်ပါတယ်။ ဒကာတစ်ယောက်က သူ့ဟာသူ အတွေးပေါက်ပြီး (၅၂) လို့ နှစ်လုံးနံပါတ်ကောက်ပြီး ထိုးလိုက်တာ ပေါက်သွားပါတယ်။ နောက်နေ့ကျတော့ အဲဒီဒကာက ကျောင်းကို လှူဖွယ်ဝတ္ထု တွေနဲ့ ရောက်လာပါတယ်။ ဘုန်းကြီးက.ဒကာ ဘာအတွက် လှူတာလဲ၊ ပြောပါဦး။ ရေစက်ချရအောင်ဆိုပြီးတော့ မေးလိုက်ပါတယ်။ အဲဒီဒကာက ဘာအတွက်မှ မဟုတ်ပါဘူး ဘုရား။ ဆရာတော် မနေ့က မွှောရုံလာ တရားဟောတော့ ငါးနှစ် လုပ်ကျွေးတာ နှစ်ခါသုံးခါမေးတော့ ဒါ အတိတ်ပေးတာပဲဆိုပြီး အဲဒါ ကောက်ထိုး လိုက်တာ၊ ပေါက်တဲ့အတွက် လာလှူတာပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ဖြစ်မှ ဖြစ်ရလေ ဒကာရယ်၊ ဘုန်းကြီးက နံပါတ်ပေးတဲ့ဘုန်းကြီး မဟုတ် ပါဘူး။ တရားဟောတဲ့ဘုန်းကြီးပါလို့ ပြောရပါတယ်။

## နှစ်လုံးရောဂါ ရနေရှာ

လူတွေဟာ အဲဒီရောဂါ ရနေကြတယ်နော်။ (မှန်လှပါ ဘုရား)

ဘယ်ရောဂါလဲ? (နှစ်လုံးရောဂါ ပါဘုရား)

လုပ်နေကျဆိုတော့ သိတယ်နော်။ (အားလုံး ရယ်ကြ)

## နောက်နေ့အတွက် ပေးတစ်ကွက်

အဲဒီဒကာက ဘုန်းကြီးကို ဆက်လျှောက်တယ်။

ဆရာတော် ၅၂ တော့ မှန်သွားပြီ။ နောက်နေ့အတွက် တစ်ကွက်လောက် အတိတ်ပေးပါဦး ဘုရားလို့ လျှောက်ပါတယ်။

## သေချင်းဆိုးပေး မွှဲပုံလေး

အဲဒီလိုလျှောက်တော့ အဲဒီဒကာကို ဘုန်းကြီးက 'ဒကာ၊ ဘုန်းကြီး ခုပြော

မည့်စကားကို သေသေချာချာ နားထောင်ပါ။ ဟိုတုန်းက နေ့စဉ် အချိန်မှန်မှန်ကြွ တဲ့ ဆွမ်းခံကိုယ်တော်လေးတစ်ပါး ရှိတယ်။ အဲဒီကိုယ်တော်လေးဟာ ချမ်းသာ ကြွယ်ဝတဲ့ အိမ်တစ်အိမ်က ဒကာမကြီးတစ်ယောက်နဲ့ သားအမိလို ရင်းနှီးတယ်။ ဒကာမကြီးဟာ ချမ်းသာကြွယ်ဝသူပီပီ လက်ဝတ်တန်ဆာတွေ တော်တော်လေး ဝတ်စားထားလေ့ရှိတယ်။ အိမ်မှာလည်း အသုံးအဆောင် ပရိဘောဂပစ္စည်းတွေ တော်တော်လေးစုံလင်ပါတယ်။ ဆွမ်းခံကိုယ်တော်လေးကတော့ နေ့စဉ်ပဲ အကဲခတ် ကြည့်နေပါတယ်။ ဒကာမကြီး လက်ဝတ်တန်ဆာတွေလည်း ကုန်လုနီးပါး ဖြစ်နေ တာ တွေ့ရပါတယ်။ နောက်ပြီးတော့ အိမ်ရှိပရိဘောဂတွေလည်း တစ်နေ့တစ်မျိုး လျော့နေတာ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတော့ ကိုယ်တော်လေးက ဒကာမကြီး နဲ့ သားအမိလို ရင်းနှီးသူဖြစ်နေတော့ 'ဒကာမကြီး၊ ဒကာမကြီးရဲ့ လက်မှာ လည်မှာ လက်ဝတ်တန်ဆာတွေလည်း သိပ်မတွေ့ရတော့ပါလား၊ ပရိဘောဂပစ္စည်း တွေလည်း တစ်နေ့တစ်မျိုး လျော့နေပါလား' အဲဒါ ဘာကြောင့်ပါလဲ? လို့ မေးပါ တယ်။

အဲဒီဒကာမကြီးက 'တပည့်တော် အခုလိုမွဲနေတာ မပြောချင်ပါဘူး ဘုရား' တဲ့။ မပြောချင်ပါဘူးဆိုလေ၊ ကိုယ်တော်လေးက ပြောပါ ဒကာမကြီးရဲ့ ပြောပါ။ ဒကာမကြီးရဲ့လို့ ခဏခဏပြောနိုင်းပါတယ်။ ဒကာမကြီးကတော့ 'ပြောချင်ပါဘူး ကိုယ်တော်၊ ပြောချင်ပါဘူး ကိုယ်တော်'လို့ ခဏခဏပြန်လျှောက်ပါတယ်။

နောက်ဆုံးတော့ ကိုယ်တော်လေးက ခဏခဏပြောနိုင်းတဲ့အတွက် ဒကာ မကြီးက 'ကိုယ်တော်လေးရယ်၊ သေသေချာချာ နားထောင်ပါတဲ့။ တပည့်တော် ခုလိုမွဲရတာ ကျောင်းက သေချင်းဆိုးဘုန်းကြီး ပေးတိုင်း ထိုးလို့ မွဲရတာ'တဲ့။

(အားလုံးရယ်ကြ)

ဘယ်ကျောင်းကတဲ့တော့ မသိဘူး။ (အားလုံးရယ်ကြ)

ကဲ- ဒကာ ဘယ်လိုလဲ? နှစ်လုံးနံပါတ် အတိတ်တောင်းဦးမှာလားလို့ မေးလိုက်ပါတယ်။

အဲဒီဒကာက တောင်းဦးမှာဘုရားလို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုန်းကြီး က ဒကာတောင်းလည်း ဘုန်းကြီးက မပေးဘူး။ ဘုန်းကြီးက ဟိုဒကာမကြီး ပြောတဲ့ 'သေချင်းဆိုး ဘုန်းကြီး'လို့ အပြောမခံနိုင်ဘူးလို့ ပြောလိုက်ရပါတယ်။

ဒီတော့ ပရိသတ်ရေ၊ မွဲရင်၊ မပေါက်ရင် ဘာဘုန်းကြီးတဲ့လဲ?

(သေချင်းဆိုး ဘုန်းကြီးပါ ဘုရား)

ဘုန်းကြီးကတော့ အဲဒီလိုအပြောမခံနိုင်ဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဒကာလေးကို ခုလည်း (ငါးနှစ်) သွားမလုပ်နဲ့ဦး၊ မွဲရင် မပေါက်ရင် ဘုန်းကြီးကို သေချင်းဆိုးဘုန်းကြီး ပြောနေဦးမယ်။

(အားလုံး ရယ်ကြ)

## အလုံးလေးတွေ အကြောင်း

အဲဒီအလုံးတွေအကြောင်း ဆက်ပြောဦးမယ်။ နားထောင်မယ်မဟုတ်လား။

(နားထောင်ပါမယ် ဘုရား)

ဒါမျိုးကျတော့ ဝါသနာပါတယ်နော်။

(အားလုံး ရယ်ကြ)

အလုံးတွေအကြောင်း။ ဘာအကြောင်းတဲ့လဲ?

(အလုံးတွေအကြောင်းပါ ဘုရား)

## တိုက်ဆိုင်ရှေ့ဆုံး + ဒကာလုံး

ဒီနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရှေ့က တရားထောက်ဒကာကြီးက လည်း ဦးလုံးဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဒကာလုံး။ (ဘုရား)

အလုံးရောဂါဆိုတာ ဘာကိုပြောတာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ဒကာလုံးတို့က လုံးနေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

ပရိသတ်ကို မေးမယ်၊ ပရိသတ်ရေ၊ အလုံးရောဂါဆိုတာ ဘာပါလိမ့်?

(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)

ပရိသတ်ကလည်း လုပ်နေကျဆိုတော့ သိတယ်နော်။

(အားလုံး ရယ်ကြ)

## သုံးမလောက်တာ 'လုံး' ကြောင့်ပါ

တစ်နေ့ တောမှာ ကျောင်းထိုင်တဲ့ သူငယ်ချင်းတွေ ရောက်လာကြတယ်။

ဆွမ်းစားပြီး ရေနွေးပွဲမှာ ဘုန်းကြီးက 'ကိုယ်တော်၊ ဘယ့်နှယ်လဲ၊ တောမှ ကျောင်းထိုင်ရတာ အဆင်ပြေရဲ့လား။ ဆွမ်း ကွမ်း လာဘ်လာဘ စသည်ပေါ့ ကိုယ်တော်' လို့ မေးလိုက်ပါတယ်။

အဲဒီလိုမေးလိုက်တော့ တောမှာကျောင်းထိုင်တဲ့ သူငယ်ချင်းဆရာတော်က "တပည့်တော်ရွာက အိမ်ခြေတစ်ထောင်လောက်ရှိတယ်။ ကျောင်းကလည်း တပည့်တော် တစ်ကျောင်းတည်းပါပဲ။ ဆွမ်း ကွမ်း လာဘ်လာဘစသည်အားလုံး အဆင်ပြေပါတယ်။ ဒါပေမယ့် တပည့်တော်ကတုံးက နှစ်လုံး၊ သုံးလုံး၊ ဘောလုံး ဆိုတဲ့ 'လုံးသုံးလုံး' လောင်းကစားလုပ်တဲ့အတွက် သုံးလို့မလောက်ဘူးတဲ့။

(အားလုံး ရယ်ကြ)

## တုံးမွဲ ထုံးမွဲ

အဲဒီကိုယ်တော်က 'ဘုန်းကြီး၊ ဘုန်းကြီးက စာရေးတာဆိုတော့ စာရေးရင် ထည့်ရေးလို့ရအောင် ကဗျာလေး ယူဦးမလား'လို့ မေးပါတယ်။

ဘုန်းကြီးက လုပ်စမ်းပါဦး ကိုယ်တော်၊ ကိုယ်တော့်ကဗျာလေး မှတ်ပါရစေဦး။ ရွတ်လိုက်စမ်းပါဆိုတော့ 'ဘုန်းကြီး သေသေချာချာမှတ်နော်' တဲ့။ တပည့်တော်တို့ရွာမှာ ဒီကဗျာလေး ခေတ်စားနေတယ်တဲ့။ အဲဒီကဗျာလေးကတော့–

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ နှစ်လုံးထိပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ သုံးလုံးထိပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လုပ်ရင် ဘာတဲ့လဲ? (ကတုံးလည်း မွဲ၊ ဆံထုံးလည်းမွဲပါ ဘုရား)

ဆံထုံးဆိုတာ ဘယ်သူတွေပါလိမ့်? (ဒကာမတွေပါ ဘုရား)

သိရင် ပြီးတာပဲ။ (အားလုံး ရယ်ကြ)

## ရာသီစာလေး ပြောမနေး

ဒီနေရာလေးမှာ 'နှစ်လုံး၊ သုံးလုံး'တွေ များစွာလုပ်တဲ့ ဒကာမကြီးတစ်ယောက်အကြောင်း ပြောရဦးမယ်။ အဲဒီဒကာမကြီးကို ဘုန်းကြီးက ဒါတွေဟာ ဘဝပျက်သွားနိုင်တယ်၊ ဘဝပျက်သူတွေ များတာလည်း ဒကာမကြီး မြင်နေကြားနေရတာပဲ။ အဲဒီနှစ်လုံး သုံးလုံး မလုပ်ပါနဲ့တော့၊ မလုပ်တော့ပါဘုရားလို့

ဘုန်းကြီးကို ဂတိပေးပါလို့ ပြောတော့ အဲဒီဒကာမကြီးက –

"ဂတိမပေးပါရစေနဲ့ ဘုရား။ ရာသီစာလေးဆိုတော့ မနေနိုင်လို့ပါ' ဘုရား" တဲ့။ (အာလုံး ရယ်ကြ)

ပရိသတ်ရော ဘာလေးတဲ့လဲ? (ရာသီစာလေးပါ ဘုရား)

ဒီပရိသတ်ထဲမှာ ရာသီစာ ဒကာ ဒကာမတွေ ဘယ်လောက်ပါလဲ၊ ကြည့်လိုက်စမ်းမယ်၊ ဟာ မနည်းပါလား။ (အားလုံး ရယ်ကြ)

## ခဏခဏ သေပေးကြ

မြို့တစ်မြို့ တရားဟောရောက်တော့လည်း အဲဒီမြို့က သူငယ်ချင်း ကျောင်းထိုင်ဆရာတော်ကို အခြေအနေ ကောင်းရဲ့လားစသည် မေးကြည့်တော့ သူဖြေပုံလေးက သေသေချာချာ နားထောင်နော်။

'ဒီမြို့မှာ ကျောင်းထိုင်ရတာ မဆိုးပါဘူး ဘုန်းကြီးရယ်။ မသာလေးကတော့ သုံးလို့စွဲလို့ရအောင် ခဏခဏ သေပေးသား၊ ဒါပေမဲ့ ကိုယ်က နှစ်လုံး သုံးလုံး ဘောလုံး လောင်းတော့ သုံးလို့မလောက်ဘူး' လို့ ပြောပါတယ်။ (အားလုံး ရယ်ကြ)

အဲဒီကိုယ်တော်ကလည်း ဘုန်းကြီးက စာရေးတာ တရားဟောတာဆိုတော့ ကဗျာလေး မှတ်သွားပါဦးလားလို့ ပြောပါတယ်။ သူရဲ့ကဗျာလေးတွေကတော့–

* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ နှစ်လုံးထီပဲ။
* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ သုံးလုံးထီပဲ။
* မင်းလောင်းလည်း မွဲ၊ ငါလောင်း မွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။ (အားလုံး ရယ်ကြ)

## လောင်းကစားရှောင် ကောင်းစားအောင်

ကဲ– ထားပါတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီနှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ လောင်းကစားတွေ ရှောင်ကြရမယ်နော်။

(မှန်လှပါ ဘုရား)

လောင်းကစားကြောင့် ကောင်းစားသူတွေဆိုတာ ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကောင်းစားချင်သူတွေကို မှာချင်တာကတော့ လောင်းကစား ရှောင်ပါလို့ မှာချင်တာပါပဲ။

## အပါယ်လွတ်ရ + သုဘဝ

ဒီဘဒ္ဒကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာတော့ ဓာတ်တော်ပူဇော်ခဲ့တဲ့အခါမှ စပြီး တော့ အပါယ်လေးပါး လားရောက်ရကယ်ဆိုတာ မသိဘူးပါတဲ့။ အဲဒီလို အပါယ် လေးပါး လွတ်ရတာဟာ ဓာတ်တော်ကို ပူဇော်လုပ်ကျွေးရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

သူ့အကြောင်းတွေကို သူကိုယ်တိုင် ဒီအတိုင်းပဲ ပြန်ဟောပြတယ်နော်။

(မှန်လှပါ ဘုရား)

## ဓာတုပူဇာ + မင်္ဂလာ

သိဒ္ဓတ္ထဘုရားရဲ့ ဓာတ်တော်တစ်ဆူကို လေးလေးနက်နက် ပူဇော်လုပ်ကျွေး လိုက်တော့ သုဘဝမှာ အပါယ်လေးပါးလွတ်၊ လူနတ်ကောင်းရာဘဝတွေမှာပဲ ဖြစ်ပြီး နောက်ဆုံး ဓာတုပူဇကမထေရ်ဆိုတဲ့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုး တွေရကာ မင်္ဂလာဖြစ်သွားတယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ ?

(ဓာတုပူဇာ မင်္ဂလာ တရားပါဘုရား)

ဒီနေ့ဓာတ်တော်ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီဓာတုပူဇက မထေရ် ရတဲ့ကောင်းကျိုးတွေ ရမှာမလွဲဘူးနော်။ (မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေကို လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* သိဒ္ဓတ္ထတွင်၊ ဘုရားရှင်၊ စံဝင်ပရိနိဗ္ဗာန်။
* ဓာတ်တော်တစ်ဆူ၊ ရခဲ့သူ၊ ကြည်ဖြူပူဇော်ပြန်။
* သက်တော်ထင်ရှား၊ မြတ်ဘုရား၊ တူထားပူဇော်ပြန်။
* ငါးနှစ်လုံးပင်၊ စိတ်ကြည်လင်၊ အစဉ်ပူဇော်ပြန်။
* အပါယ်လွတ်ကာ၊ ရဟန္တာ၊ သေချာဖြစ်ရပြန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ရတာကောင်းကျိုးမှန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ပြုပါကုသိုလ်မြန်။

သာဓု သာဓု သာဓု။

ကျမ်းညွှန်း– အပဒါနပါဠိ ၁၊ ၂၅၂။
၅/ ဗ ဖွင့်၊ မြန်မာပြန် ၁၊ ၂၆၂

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနိစ္စလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “မမြဲတစ်ခု + စွဲမြဲရှု”

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ အနိစ္စာအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### တောထွက်ကြိုးစား ရဟန်းငါးရာ

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူပြီးတော့ တောထဲသွား ကြိုးစားအားထုတ်ကြပါတယ်။

သူတို့ဟာ ကြိုးစားအားထုတ်ပေမယ့်လည်း တရားထူး မရကြပါဘူး။ အရဟတ္တဖိုလ်ကို မရောက်ကြပါဘူး။

### ရဟန်းငါးရာ ပြန်ရောက်လာ

အရဟတ္တဖိုလ်ကို မရောက်တဲ့အတွက် ထူးထူးခြားခြား ကမ္မဋ္ဌာန်းတွေ သင်ယူဦးမယ်၊ နာကြားဦးမယ်လို့ ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရားထံ ပြန်ရောက်လာကြတယ်။

### စဉ်းစားဆင်ခြင် ဘုရားရှင်

အဲဒီရဟန်းငါးရာ ပြန်ရောက်လာတော့ မြတ်စွာဘုရားက စဉ်းစားဆင်ခြင်တော်မူပါတယ်။

ဘယ်လိုစဉ်းစားဆင်ခြင်တော်မူသလဲဆိုတော့ ဒီရဟန်းငါးရာနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းဟာ ဘယ်ကမ္မဋ္ဌာန်းဖြစ်မလဲလို့ ဒီလိုဆင်ခြင်တော်မူပါတယ်။

## မမြဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

အဲဒီလို ဘုရားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ အဲဒီရဟန်းငါးရာဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အနှစ်နှစ်သောင်း ကြာအောင် မမြဲခြင်းအနိစ္စလက္ခဏာကို စွဲစွဲမြဲမြဲရှုမှတ် ကြိုးစားအားထုတ်ဖူးတာကို တွေ့ရပါတယ်။

## ဖြစ်ပြီး ပျက်ရ အနိစ္စ

အဲဒီလို မမြဲခြင်းအနိစ္စတရားကို စွဲစွဲမြဲမြဲ ရှုတာကို တွေ့ရတဲ့အတွက်ကြောင့် မမြဲခြင်းအနိစ္စလက္ခဏာနဲ့ အဲဒီရဟန်းငါးရာကို ဂါထာတစ်ပုဒ် ရွေးကာထုတ်ပြီးတော့ တရားဟောသင့်တယ်လို့ ကြံတွေးဉာဏ်မြင် ဆင်ခြင်တော်မူပြီးတော့ "ချစ်သား ရဟန်းတို့ ကာမဘဝအစရှိသည်တို့မှာ အားလုံးသောသင်္ခါရတရားတွေဟာ ဖြစ်ပြီး ရင် မရှိခြင်းဆိုတဲ့ အနက်သဘောကြောင့် အနိစ္စသာဖြစ်တယ်"လို့ မိန့်ကြား တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူလိုက်ပါတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၅၂၊ ၂၇၅)

ဘိက္ခဝေ– မမြဲတရား မြဲစွာရှုပွားခဲ့ဖူးသည့် အိုချစ်သား ရဟန်းများတို့။ သဗ္ဗေ၊ အားလုံးကုန်သော။ သင်္ခါရာ–ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာ တို့၊ ကောင်းစွာပြုဖန်၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိစ္စာ– ဖြစ်ပြီး ပျက်ရ၊ သဘာဝကြောင့်၊ မုချပုံသေ၊ အမြဲမရှိကြလေကုန်။ ဣတိ– ဤသို့။ ယဒါ– တရား အလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်လေရာ၊ အကြင်အခါ၌။ ပညာယ– အထူး ရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ထင်ထင်၊ ထိုသို့ရှုမြင်လေသော်၊ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရ မြဲ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ– ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေညစ်ကြေး၊ အပြစ်ဘေးတို့ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေ တော့၏။

ကံ, စိတ်, ဥတု. အာဟာရဆိုတဲ့ အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားအားလုံးဟာ အမြဲမရှိဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်

သိမြင်လာတဲ့အခါ ဒီခန္ဓာကိုယ်ကို ဆောင်ရခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှာ စိတ်ပျက်ပြီး ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာ စင်ကြယ်ခြင်းရဲ့ လမ်းကြောင်းဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဖြစ်ပြီး ပျက်ရ မမြဲခြင်း အနိစ္စ၊ မပြတ်စ်ခု စွဲမြဲရှုဆိုတဲ့ ဒီတရားဒေသနာတော်ရဲ့ အဆုံးမှာတော့ အဲဒီရဟန်းငါးရာဟာ (ဖြစ်ပြီးပျက်ရ အနိစ္စ၊ မပြတ်စ်ခု စွဲမြဲရှု) တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## ဆုတောင်းမိတာ ဒီလိုပါ

ဖြစ်ပြီးပျက်ရ၊ မမြဲခြင်းအနိစ္စသဘောတရားကို စွဲစွဲမြဲမြဲရှုမှတ်ဆင်ခြင် နှလုံးသွင်းခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိစေတာကို တွေ့ရပါတယ်။

ဒီ "မပြတ်စ်ခု စွဲမြဲရှု" ဆိုတဲ့ တရားတော်ကို နာကြားရသူ၊ လေ့လာဖတ်ရှုရသူများလည်းပဲ ရဟန်းငါးရာလို ရဟန္တာဖြစ်အောင် "မပြတ်စ်ခုကို စွဲစွဲမြဲမြဲ လေးလေးစားစား အရေးထားကာ ရှုပွားဆင်ခြင် နှလုံးသွင်းနိုင်ကြပါစေ"လို့ ဆုတောင်းမိပါတယ်။

## အထူးသတိလေး ကူညီရေး

မိဘတို့ မိဘ၊ ဆရာသမား၊ ဆွေမျိုးစတဲ့ ပုဂ္ဂိုလ်တွေ နေမကောင်းတဲ့အခါ၊ သို့မဟုတ် သေခါနီးအချိန်တွေမှာ ဒီဂါထာလေးတွေ ရွတ်ပေးသင့်တယ်။ ဝိပဿနာ ရှုပွားစေသင့်တယ်။ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းနိုင်တယ်။ တရားထူးလည်း ရသွားနိုင်တယ်။ ဘဝကူးလည်း ကောင်းသွားနိုင်တယ်။

နေမကောင်းသူ၊ သေခါနီးသူများကို အထူးကူညီသင့်ပါတယ်။ ရောဂါပျောက်ရေး၊ ဘဝကူးကောင်းရေး အထူးသတိပေး ကူညီသင့်ပါတယ်။

## အရှင်သောဏ မွေကာထိက

ဒီနေရာမှာ ဆက်စပ်နေတဲ့အတွက် သောဏတောင်ခြေက အစလကျောင်းတိုက်မှာ နေတော်မူတဲ့ အရှင်သောဏ မွေကာထိကဆရာတော်ရဲ့ အဖေကို ကျေးဇူး

ဆပ်ပုံကောင်းလေးကို ပြောပြချင်ပါတယ်။ ဘဝကူးကောင်းရေး နိမိတ်ဖြစ်ပြီး အထူးကျညီသတိပေးပုံလေးကို ပြောပြချင်ပါတယ်။

## သောဏဖခင် မှဆိုးပင်

အရှင်သောဏရဲ့အဖေက ခွေးမုဆိုးဖြစ်နေပါတယ်။ ခွေးတွေနဲ့ လှည့်လည်ပြီး သားကောင်တွေကို သတ်ဖြတ်နေပါတယ်။

## ပြောဆိုဆုံးမ သူမရ

အရှင်သောဏက ပြောဆိုဆုံးမပေမယ့် မရပါဘူး။ ဆက်ပြီး လုပ်မြဲလုပ်နေပါတယ်။

အသက်အရွယ်ကြီးလာတဲ့အခါမှာ သနားတာနဲ့ သက်နံးဝတ်ရန် အလိုမရှိတဲ့ဖခင်ကြီးကို အရှင်သောဏက အတင်းပဲ သက်နံးဝတ် ရဟန်းပြုပေးလိုက်ပါတယ်။

## အတင်းလုပ်ပေး ကုသိုလ်ရေး

(ဒီနေရာလေးကို ကြည့်ပြီးတော့ မိဘများကို ကောင်းတဲ့ကုသိုလ်အလုပ်တွေကို ဖွတ်အတင်း လုပ်ပေးဖို့ လိုတယ်လို့ ကောက်ချက်ချမိပါတယ်။

## စားတော့မည်ဟန် ခွေးဝိုင်းရံ

အဲဒီတောထွက်ရဟန်းကြီး နေမကောင်းလို့ အိပ်နေစဉ်မှာ ငရဲနိမိတ်ထင်လာပါတယ်။ သောဏတောင်ခြေက ခွေးကြီးတွေလာပြီး ကိုက်စားတော့မလို ဝိုင်းရံနေကြပါတယ်။ တောထွက်ရဟန်းကြီးက အလွန်ကြောက်လန့်ပြီးတော့ ''ချစ်သား သောဏ တားမြစ်ပေးပါဦး၊ ချစ်သားသောဏ တားမြစ်ပေးပါဦး''လို့ ပြောနေပါတယ်။

## အစုံပြောပြ သောဏဖခင်

အရှင်သောဏက ''ဘာလဲ ဦးပဥ္စင်းကြီးရဲ့''လို့ မေးတော့ ဦးပဥ္စင်းကြီးက ''ချစ်သားသောဏ သင်မမြင်ဘူးလား''လို့ ပြောပြီးတော့ ခွေးကြီးတွေ ဝိုင်းနေတယ်ဆိုတဲ့အကြောင်းစုံကို ပြောပြပါတယ်။

## စေတီရင်ပြင် ပန်းတွေတင်

ဒီတော့ အရှင်သောဏက ''ငါလို ဓမ္မကထိကရဟန်းတစ်ပါးရဲ့အဖေက ဘာ့ကြောင့်ငရဲဖြစ်ရမှာလဲ၊ ငါဟာ ဖခင်ဦးပဥ္စင်းကြီးရဲ့ ထောက်တည်ရာဖြစ်ရတော့ မယ်''ဆိုတဲ့ အကြံနဲ့ ကိုရင်တွေကို ပန်းကွေချူးခိုင်းလိုက်ပါတယ်။ ကိုရင်တွေ ချူးလာတဲ့ပန်းတွေနဲ့ စေတီရင်ပြင် ဗောဓိရင်ပြင်တွေမှာ တစ်ပြင်လုံး ပန်းတွေခင်း ပူဇော်မှုနဲ့ နေရာကို ပူဇော်မှုတွေ အလုပ်ခိုင်းထားပါတယ်။

## ဖခင်တွက်ပါ ပန်းနေရာ

ဖခင်ဦးပဥ္စင်းကြီးကို ခုတင်နဲ့ စေတီရင်ပြင်ပေါ်ကို ယူလာပါတယ်။ ဦးပဥ္စင်း ကြီးကို ခုတင်ပေါ်မှာ လဲလျောင်းနေစေပြီး ''ဦးပဥ္စင်းကြီး၊ ဒီပန်းတွေ ဒီနေရာတွေဟာ ဦးပဥ္စင်းကြီးအတွက် ပူဇော်ထားတာဖြစ်တယ်။

## ပြောဟောသင်ပြ သားသောဏ

''မြတ်စွာဘုရား၊ တပည့်တော်ရဲ့ဒီပူဇော်မှုဟာ သူဆင်းရဲရဲ့လက်ဆောင်လေး ဖြစ်ပါတယ်လို့ နှုတ်ကလည်း ဆိုလိုက်ပါဦး။ ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလိုက် ပါ။ စိတ်ကလည်း လှူရတာ၊ ရှိခိုးရတာတွေကို ဝမ်းသာပြီး ကြည်ညိုနေပါ၊ ကြည်လင်နေပါ။ (စိတ်ကို ကြည်လင်ပါစေ)'' သို့ ဓမ္မကထိကပီပီ သင်ပြဟောပြော ပေးပါတယ်။

## ကြည်ညိုကြည်လင် နတ်ပြည်ထင်

ဦးပဥ္စင်းကြီးကလည်း ပန်းပူဇော်ထားတာကို ကြည့်ရှုပြီး သားတော်သောဏ သင်ပြဟောပြောပေးတဲ့အတိုင်း ပြောဆိုပြုလုပ်ကာ စိတ်ကိုကြည်ညိုစေပါတယ်။ (စိတ်ကို ကြည်ကြည်လင်လင်လေး ထားလိုက်ပါတယ်။)

အဲဒီအချိန်မှာပဲ ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ် ထင်လာပါတယ်။ နန္ဒဝန် ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ ဗိမာန်တွေ၊ နတ်ကချေသည်တွေ ခြံရံလို့ တည်နေကြသလို ဖြစ်နေကြပါတယ်။

## တွေ့ရမြင်ရ ဖယ်ပေးကြ

ဒါတွေကိုတွေ့ရတော့ ဦးပဥ္စင်းကြီးက ''ချစ်သားသောဏ၊ ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါ''လို့ ပြောနေပါတယ်။

## မယ်တော်များစွာ လာနေတာ

အဲဒီလိုပြောတော့ အရှင်သောဏက "ဦးပဥ္စင်းကြီး။ ဘာတွေပြောနေတာလဲ၊ ဘာတွေလဲ" လို့ မေးတဲ့အခါမှာ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ၊ သင့်မယ်တော်တွေ (သင့်မိထွေးတွေ) လာနေကြတယ်လို့ ပြန်ပြောပြပါတယ်။

## နိမိတ်ကောင်းထင်+သားသိမြင်

အဲဒီလို ဖခင်ဦးပဥ္စင်းကြီးရဲ့ ပြောပြတာကို ကြားရတော့ အရှင်သောဏက "ငါ့ဖခင်ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ်ထင်လာပြီ"လို့ စဉ်းစားဆင်ခြင် သိမြင်သွားပါတယ်။ ဖခင်ဦးပဥ္စင်းကြီးကို နိမိတ်ကောင်းထင်လာအောင် ကြိုးစားပြုပြင်ပေးရကျိုး နပ်သွားပါတယ်။ (သမ္မောဟဝိနောဒနီ၊ ၄၊ ၄၂၀)

## အထူးနှော့ ကူညီကြ

အရှင်သောဏ (ဓမ္မကထိက) ဆရာတော်နဲ့ သူ့ဖခင်အကြောင်းကို ဖတ်ရှုပြီးတဲ့အခါမှာ သားကောင်း ဓမ္မကထိက အရှင်သောဏလို မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူအပေါင်းတွေ ဘဝနိဂုံးချုပ်ခါနီးမှာ ဂတိကောင်းအောင်၊ ဘဝကူးကောင်းအောင်၊ ကောင်းရာရောက်အောင် အထူးကူညီသတိပေးနိုင်ကြပါစေ၊ အထူးကူညီသတိပေးတတ်ကြပါစေ။

## ဘဝကူးကောင်းမှာ မလွဲပါ

မိမိအပေါ်မှာ ကျေးဇူးတရား အလွန်များကြတဲ့–

၁။ ပထမဆုံးရဲပဟန်းဒါယကာကြီး ဦးသိန်း (မော်လမြိုင်ကျွန်းမြို့)။

၂။ ဖခမည်းတော်ကြီး ဦးကြည်မောင် (ကင်မွန်းတောင့်ရွာ၊ ဆိပ်ဖြူမြို့နယ်)။

၃။ ဆရာတော်ဦးကေလာသ (စာချဆရာတော်၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်းမြို့)၊
(မိမိအား ဆင်ဖြူတောင်ကျောင်း လွှဲအပ်သွားသော ဆရာတော်)။

၄။ ဒေါ်အမာ (ကျောက်တန်းမြို့။ ကျောင်း၊ ပလ္လင်၊ ဘုရားများလှူ)

၅။ ဒေါ်ဝင်းဝင်းရီ (ဝိဇိတာရုံငါးထပ်တိုက်ကျောင်းတော်ကြီး၊ ဝင်းမေတ္တာမြေညီထပ် တိုက်ကျောင်း ဒါယိကာမ၊ ရဟန်းဒါယိကာမကြီး) တို့ကား မိမိဟောပြော ရွတ်ဖတ်ပေးနေတဲ့ အနိစ္စစသောတရားများ၊ ပရိတ်ပဋ္ဌာန်းဇာရားတော်များကို နာကြားရင်း ဘဝနိဂုံးချုပ်သွားကြတယ်။

သူတို့ဘဝများကား ဘဝကူးကောင်းမှာ မလွဲပါဟု ကောက်ချက်ချမိပါတယ်။

## အကျိုးများတဲ့ တရားတစ်ပုဒ်

ဒီ "မမြဲတစ်ခု+စွဲမြဲရှု"ဆိုတဲ့ တရားတော်ကို နာကြားရန် ရောက်လာကြတဲ့ တရားနာပရိသတ်တွေအတွက်လည်း "မမြဲတစ်ခုကို စွဲမြဲစွာ ရှုမှတ်ဆင်ခြင် ပွားများခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိတဲ့တရားတော်ဖြစ်တယ်။ ငါတို့လည်း မမြဲခြင်းတရားကို စွဲစွဲမြဲမြဲ ရှုပွားသင့်တယ်"ဆိုတဲ့ အသိဉာဏ်တွေ တိုးပွားစေကာ အကျိုးရှိတဲ့၊ အကျိုးများတဲ့ တရားတော်ကြီးတစ်ပုဒ် ဖြစ်သွားပါတယ်။

## မမြဲတစ်ခု စွဲကြိုးရှု

မမြဲတစ်ခုကို စွဲစွဲမြဲမြဲရှုပါ၊ ကြိုးရှုပါ။ မမြဲတာတွေ တွေ့လာရင် ခံနိုင်ရည်ရှိမယ်၊ ရှုမထားရင်တော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

ကြိုးတင်ပြီး ရှုထားရင် ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမယ်။

## ဝိပဿနာ+မြတ်ကဗျာ

* ရုပ်နာမ်ဝမ္မ၊ သင်္ခါရ၊ ဘာမှမမြဲပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင့်တွင်ငြိမ်းငွေ့လာ။
* ငြိမ်းငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မမြဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မေ့ပဒ၊ ၄၊ ၂၊ ၂၅၅)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ ဒုက္ခလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ဆင်းရဲတစ်ခု + စွဲမြဲရှု"

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ ဒုက္ခာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါကယ်။

### ရဟန်းငါးရာ ပြန်ရောက်လာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး ဟောထားတဲ့ တရား အားထုတ်နေကြတယ်။ တရားထူးမရတော့ အခြားကမ္မဋ္ဌာန်းတရား နာကြားသင်ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားထံပြန်ရောက်လာကြပါတယ်။

### ဆင်းရဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

ဘုရားက သူတို့အတွက် သင့်တော်မည့်ကမ္မဋ္ဌာန်းတရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက ဆင်းရဲခြင်းဒုက္ခလက္ခဏာမှာ စွဲစွဲမြဲမြဲ ရှုမှတ်ဆင်ခြင်နှလုံးသွင်း အားထုတ်ဖူးတာကို တွေ့ရတဲ့အတွက် "ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ အဖန်တလဲလဲ နှိပ်စက်ခြင်းဆိုတဲ့ အနက်ကြောင့် ဆင်းရဲဒုက္ခတွေပဲ ဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ၊ ၄၊ ၂၊ ၂၇၈)

သဗ္ဗေ– အလုံးစုံကုန်သော။ သင်္ခါရာ– ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ ဒုက္ခာ– အမြဲမပြတ်၊ နှိပ်စက်တတ်သော၊ ထိုသဘောကြောင့်၊ ဆိုပြောအစုံ၊ ဆင်းရဲကုန်၏။ ဣတိ–ဤသို့။ ယဒါ– ဝိပဿနာဉာဏ်၊ ရင့်သန်လာရာ၊ အကြင်အခါ၌။ ပညာယ– အထူးရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ကောင်းစွာ၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲစိတ်မှာ၊ ငြီးငွေ့လာ၏။ သေ–ဝသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင်ဖြစ်ပါပေတော့၏။

အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးဟာ ဆင်းရဲတွေပဲလို့ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်ကိုသိမြင်လာတဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာတွေ စင်ကြယ်ကြောင်းဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တယ်လို့ ဟောကြားတော်မူလိုက်ပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဒီတရားတော်ရဲ့အဆုံးမှာ ဆင်းရဲတစ်ခုကို စွဲစွဲမြဲမြဲရှုခဲ့တဲ့ ရဟန်းငါးရာဟာ ဆင်းရဲတစ်ခုကို စွဲမြဲစွာရှုလိုက်တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## အကျိုးများသော တရားတစ်ပုဒ်

ဒီ 'ဆင်းရဲတစ်ခု စွဲမြဲရှု' ဆိုတဲ့ တရားတော်ဟာ တရားနာရောက်လာသူတွေ အတွက်လည်း အကျိုးများတဲ့၊ အကျိုးကြီးတဲ့ အသိဉာဏ်တွေ အများကြီးရစေတဲ့ တရားကောင်းတစ်ပုဒ် ဖြစ်သွားပါတယ်။

## ဆင်းရဲတစ်ခု စွဲကြိုးရှု

ဆင်းရဲတဲ့ဒုက္ခတရားကို စွဲစွဲမြဲမြဲ ကြိုးကြိုးတင်တင် ရှုထားရင် ဆင်းရဲဒဏ်တွေ တွေ့လာရင် ဆင်းရဲဒဏ်ခံနိုင်ရည်ရှိမယ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် အကျိုးရှိမယ်။

## အားပေးတာဟာ အားဆေးပါ

ဆင်းရဲတဲ့ ရောဂါဝေဒနာဒဏ်တွေ ခံစားနေရသူများကို ဒီတရားစကား ဂါထာလေးအတိုင်း ပြောပေး ဟောပေး အားပေးသင့်တယ်။ အားပေးတာဟာ အားဆေးကောင်းဖြစ်တယ်။ ဝိပဿနာဆိုင်ရာ ဂါထာတွေ၊ ကဗျာလင်္ကာတွေ၊ စကားပြေဝတ္ထုသွား ပြောဟောပေးမှုတွေဟာ အကောင်းဆုံးအားပေးမှု၊ အကောင်းဆုံး အားဆေးအစုဖြစ်တယ်။

### ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်ဓမ္မ၊ သခင်္ခါရ၊ ဒုက္ခဆင်းရဲတာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင့်တွင်ငြိမ်းငွေ့လာ။
* ငြိမ်းငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* ဆင်းရဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ၄း ၂၊ ၂၅၅၊ ၂၅၆)

ဥဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနတ္တလက္ခဏဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "စွဲမြဲရှုပါ+မပိုင်တာ"

တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေဓမ္မာ အနတ္တာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### တောထဲကိုသွား ရဟန်းငါးရာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းတောင်းယူပြီး တောထဲသွား တရားအားထုတ်နေကြတယ်။

### တရားမရ ပြန်လာကြ

တရားထူးမရတော့ ဘုရားထံ ပြန်ရောက်လာကြတယ်။ သူတို့ပြန်လာတာကတော့ အခြားကမ္မဋ္ဌာန်း သင်ယူနာကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်လာတာပါပဲ။

### ဆင်ခြင်ဟောပြ အနတ္တ
### စွဲမြဲရှုပါ မပိုင်တာ

ဘုရားက သူတို့နဲ့ သင့်တော်မည့်တရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက မပိုင်ခြင်း၊ မနိုင်ခြင်း၊ အလိုသို့မလိုက်ခြင်း၊ အစိုးမရခြင်းဆိုတဲ့ အနတ္တလက္ခဏာမှာ အဖန်တလဲလဲ စွဲမြဲစွာ အားထုတ်ဖူးတာကို သိရတဲ့အတွက်–

ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ မိမိရဲ့အလိုသို့ မလိုက်ခြင်းဆိုတဲ့

အနက်သဘောကြောင့် အနတ္တဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါ စွဲမြဲရှုပါ မပိုင်တာ ဂါထာတော်ကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၆)

သဗ္ဗေ– အလုံးစုံကုန်သော။ ဓမ္မာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ– မအိုခါခါ၊ မသေပါလို့၊ တောင်းဆုဆိုလည်း၊ ဆိုကာမရ၊ အစိုးမရကုန်။ ဣတိ– ဤသို့။ ယဒါ– ဉာဏ်မြင်ရင့်လာ၊ အကြင်အခါ၌။ ပညာယ– ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့် ထင်ထင်၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ကိုယ်ကောင်ဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ် ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ–ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေး ရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေတော့၏။

ခန္ဓာငါးပါး အလုံးစုံသော ရုပ်နာမ်တရားတွေဟာ မအိုပါစေနဲ့ မသေပါစေနဲ့ လို့ တောင်းဆုဆိုလို့ မရနိုင်ဘူး။ ကိုယ့်အလို ကိုယ့်အကြိုက် ဘာတစ်ခုမှ အလို မလိုက် အကြိုက်မဆောင်ကြဘူး၊ အစိုးမရကြဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်ကို သိမြင်တဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့စိတ်ပျက်လာတယ်။

အဲဒီငြီးငွေ့စိတ်ပျက်ခြင်းဟာ ကိလေသာစင်ကြယ်ကြောင်း၊ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းလမ်းမြတ်ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ ''စွဲမြဲ ရှုပါ မပိုင်တာ''ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာတော့ ရဟန်းငါးရာဟာ အရဟတ္တ ဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

တရားနာရောက်လာ ပရိသတ်များစွာအတွက်လည်းပဲ အကျိုးရှိတဲ့ တရား ကောင်းတစ်ပုဒ် ဖြစ်သွားပါတော့တယ်။

## ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်ဓမ္မ၊ အနတ္တ၊ မှတ်ကြမပိုင်တာ။
* စွဲမြဲစွာရှု၊ မပိုင်မှု၊ သတိပြုစရာ။

F 31 R

* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝဋ်တွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မပိုင်အမှု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မပိုင်တရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ဌ၊ ၂၊ ၂၅၄၊ ၂၅၆)

## ဆရာတော်ဦးသီလ စကားလှ အနတ္တလက်ဆောင်

ဒီနေရာမှာ ဆက်စက်နေတဲ့အတွက် ရဟန္တာလို့ ကျော်ကြားတော်မူတဲ့ ဆရာတော်ဦးသီလရဲ့အကြောင်းကို တင်ပြချင်ပါတယ်။

တစ်နေ့ ဆရာတော်ဦးသီလထံကို မြို့ပိုင်၊ နယ်ပိုင်ကြီးတွေ သွားရောက်ပြီး ဖူးမြော်ကြပါတယ်။

ဆရာတော်ကြီးက ရောက်လာတဲ့ ဒကာကြီးတွေကို ဘယ်ကလဲစသည်ဖြင့် မေးတဲ့အခါမှာ ဒကာကြီးတစ်ယောက်က "တပည့်တော်က ဘယ်မြို့က မြို့ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

နောက်တစ်ယောက်ကလည်း "တပည့်တော်က ဘယ်နယ်က နယ်ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ အားရပါးရ ဂုဏ်ထူးတွေဖော်ပြီး လျှောက်ထားကြပါတယ်။

အဲဒီဒကာကြီးတွေ လျှောက်ထားပြီးတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒီဘက်က ဒကာကြီးက မြို့ပိုင်ကြီး ဟုတ်လား" လို့ မေးတော်မူပါတယ်။

မြို့ပိုင်ဒကာကြီးက ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ တော်လိုက်တာ၊ မြို့တောင်ပိုင်တယ်၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်ကိုတောင် မပိုင်ဘူးဗျာ"လို့ မိန့်တော်မူပါတယ်။

နောက်ဆက်ပြီးတော့ ဆရာတော်ဦးသီလက "ဟိုဘက်က ဒကာကြီးက နယ်ပိုင်ကြီးဆိုတာ ဟုတ်လား"လို့ မေးတော်မူပါတယ်။

နယ်ပိုင်ကြီးကလည်း ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ

တော်လိုက်တာ၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်တောင် မပိုင်ဘူးဗျာ''လို့ မိန့်တော်မူလိုက်ပါသတဲ့။

ဆရာတော်ကြီးက အနတ္တသဘောကို နားမလည်သူတွေကို အနတ္တသဘော နားလည်သွားအောင် တရားပြ၊ တရားဟောလိုက်တာပါပဲ။ မြို့ပိုင်၊ နယ်ပိုင်ကြီးတွေရဲ့ ''ပိုင်''ဆိုတဲ့ စကားလုံးလေးကို ''မပိုင်''ဆိုတဲ့ ''အနတ္တ''တရားလေး မြင်အောင် ပြင်ပေးလိုက်တာပါပဲ။

ဆရာတော်ဦးသီလရဲ့ သီလတွေကလည်း ရဟန္တာလို့ ကျော်ကြားသည်အထိ လှပတော်မူပါတယ်။ မြို့ပိုင် နယ်ပိုင်ကြီးတွေကို ဆုံးမလိုက်တဲ့ တရားစကားကလည်း တကယ်လှပတော်မူပါတယ်။

## ပြုံးစိပြုံးစိ ဖုံးဖိကာပြန်

မြို့ပိုင်၊ နယ်ပိုင်ကြီးတွေဟာ ဆရာတော်ကြီးဖူးပြီး စကားကောင်း၊ တရားကောင်း အဆုံးအမကောင်းလေးကို နာကြားမှတ်ယူပြီး ပြုံးစိပြုံးစိနဲ့ သူတို့ရဲ့ မြို့ပိုင် နယ်ပိုင်ဆိုတဲ့ ဂုဏ်ထူးကို ဖုံးကာဖိကာ ပြန်သွားကြပါတယ်။

## အမြဲတွေး အမြဲမေးကာ အတ္တခွာ

အိုလူသား သတိထားပါ၊ အသိများပါ၊ သင်ကော ငါပါ

ဘယ်အရာတွေ ပိုင်သလဲ?

ဘယ်အရာတွေ နိုင်သလဲ?

ဘယ်အရာတွေ ဆိုင်သလဲ?

ဘယ်အရာတွေ မယိုင်မြဲ?

ဘယ်အရာတွေ အစိုးရသလဲ?

ဘယ်အရာတွေ အလိုလိုက်သလဲ?

ဘယ်အရာတွေ အကြိုက်ဆောင်သလဲ?

အမြဲတွေးကာ အမြဲမေးပါ။

* အနတ္တသဘောတရားတွေကို

အမှတ်တရ တွေး၊ အမှတ်တရမေးကာ

အတ္တကွာ အတ္တခွာနိုင်ကြပါစေ။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်၊ ဝက္ကလိတ္ထေရဝတ္ထုကို
တန်ဆောင်၍ ဟောကြား ပြောကြားအပ်သော

# "ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ"

တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

ဝသိကာဝိယ ပုပ္ဖာနိ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## ပန်းကြွေမြင်ရ တဒင်္ဂဝယ်

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲသွားတရားအားထုတ်ကြတဲ့အခါ နံနက်စောစောပိုင်းက ပွင့်ကြတဲ့ မြတ်လေးပန်းတွေဟာ ညနေချမ်းအချိန်ရောက်တော့ အညှာမှကြွေကျ မြေခနေတာကို တွေ့မြင်ကြရပါတယ်။

ပန်းတွေက ရဟန်းတွေကို တရားပြနေသလို ရဟန်းတွေမှာ ခံစားရပါတယ်။

လောကကြီးမှာ မြင်တတ် ရှုတတ်မယ်ဆိုရင် အရာအားလုံးဟာ တရားတွေချည်းပါပဲလို့ ဆိုချင်ပါတယ်။

ခုပဲကြည့်လေ၊ မြတ်လေးပန်းအထွေထွေက ရဟန်းတွေကို တရားပြနေသလိုပါပဲ။

ဝိပဿနာရှုမှတ်တဲ့ ရဟန်းမြတ်တွေဆိုတော့ မြတ်လေးပန်းတွေ ကြွေကျလို့ အခြေအနေမလှမပ မြေအခ မြင်ကွင်းလေးကိုကြည့်ပြီးတော့ သတိထား၊ အသိပွားပြီးတော့ တရားရှုကြတယ်။

## ပန်းနွဲ့ပြိုင်ယှဉ် ကြိုးစားစဉ်

ဘယ်လိုရှုကြသလဲ၊ ရှုပုံလေးက ဒီလိုပါ။ ဟော့ ပန်းကလေးတွေ သင်တို့

အညှာတွေကနေပြီးတော့ ကြွေမကျခင်မှာဘဲ ငါတို့ဟာ ရာဂအစရှိတဲ့ တရားဆိုးတွေက လွတ်အောင် ကြိုးစားအားထုတ်ပြမယ်လို့ ဆုံးဖြတ်ပြီး ပန်းတွေနဲ့ပြိုင်ကာ တရားအားထုတ် ကြိုးစားနေကြပါတယ်။

## ရောင်ခြည်လွှတ်ကာ ဟောကြားရှာ

မြတ်စွာဘုရားက အဲဒီရဟန်းတွေကို ကြည့်ရှုတော်မူပြီးတော့ "ချစ်သားရဟန်းတို့၊ ရဟန်းဆိုတာ အညှာကနေ လွတ်ထွက်ကြွေကျနေတဲ့ ပန်းနဲ့တူစွာ ပန်းနဲ့ပြိုင်ပြီးတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ကြိုးစားအားထုတ်ရမယ်လို့ (ပန်းနဲ့ပြိုင်ကာ ကြိုးစားဝါလို့) မိန့်တော်မူကာ ဂန္ဓကုဋိမှာ နေတော်မူပြီးတော့ ရောင်ခြည်တော်အလင်းရောင်ကို ဖြန့်နှံ့စေကာ (ရောင်ခြည်တော်လွှတ်ပြီး) ဒီဂါထာတော်ကို ဟောကြားတော်မူပါတယ်။

## မြတ်စွာဟောပြ ပန်းခွေချ

ဝဿိကာ ဝိယ ပုပ္ဖာနိ၊
မဒ္ဒဝါနိ ပမုဉ္စတိ။
ဝေံ ရာဂဉ္စ ဒေါသဉ္စ၊
ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

(ဓမ္မပဒ၊ ၅၊ ၂၊ ၃၇၇)

ဝဿိကာ– မိုးရာသီရောက်၊ မိုးရေသောက်ကာ၊ ပွင့်လာတွင်တွင်၊ မြတ်လေးပင်သည်။ မဒ္ဒဝါနိ– ပွင့်ပြီးနောက်မှာ၊ ညှိုးနွမ်းလာကြကုန်သော။ ပုပ္ဖာနိ– တစ်ညဉ့်လွန်လျက်၊ တစ်ရက်ကူးပြောင်း၊ ပန်းပွင့်ဟောင်းတို့ကို။ ပမုဉ္စတိဝိယ– လေကအသုတ်၊ ညှာမှဖြုတ်ကာ၊ ခွေချပါသကဲ့သို့။ ဝေံ– ပမာနှိုင်းယှူ၊ ဤအတူပင်လျှင်။ ဘိက္ခဝေါ– သံသရာဘေး၊ တွေ့မည့်ရေးကို၊ မျှော်တွေးကြောက်ငြား၊ အိုရဟန်းများတို့။ တုမှေ– သံသရာဘေး၊ လွတ်ရေးရည်မှန်း၊ သင်ရဟန်းတို့သည်။ ရာဂဉ္စ– တဏှာရမက်၊ အလိုပျက်ကိုလည်းကောင်း။ ဒေါသဉ္စ– ဖျက်ဆီးတတ်လှ၊ မျက်ဒေါသကိုလည်းကောင်း။ ဝိပ္ပမုဉ္စေထ– ကိုယ်မှလွှဲသုန်၊ လွတ်မြောက်စေကြကုန်လော့။

(ဓမ္မပဒပန်းကုံး–၄၃၄)

## ကြွေကျအောင် ခွေချရမယ်

မြတ်လေးပန်းပင်ဟာ ရင့်ရော်ညှိုးနွမ်းနေကြတဲ့ အပွင့်တွေကို ကြွေကျစေ

သလို (ခြွေချသလို) ရဟန်းတို့ သင်တို့ကလည်း သင်တို့ရင်မှာ တွယ်ကပ်ခိုအောင်းကာ ပွင့်လန်းနေကြတဲ့ ရာဂပန်း၊ ဒေါသပန်းတွေကို ကြွေကျအောင် ခြွေချရမယ်လို့ အားပေးတရား ဟောကြားတော်မူပါတယ်။

## ပန်းနွဲ့ပြိုင်ကာ ရဟန္တာ

အဲဒီမြတ်စွာဘုရားရဲ့ အားပေးစကား အားပေးတရားနဲ့ ကြိုးစားအားထုတ်လိုက်ကြတာ "ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ" ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာ ရဟန်းတော် ငါးရာဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်တော်မူကြပါတယ်။

## ကြိုးစားနိုင်စေ တောင်းဆုချွေ

ပန်းနွဲ့ပြိုင်ကာ ရဟန္တာဖြစ်အောင် ဝိပဿနာတရားတွေ ကြိုးစားအားထုတ်နိုင်ကြပါစေ။

ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ တရားတော် ပြီးပြီ။

# ၃။ စုန္ဒီသုတ္တံ

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

အထခေါ စုန္ဒီ ရာဇကုမာရီ ပဉ္စဟိ ရထသတေဟိ ပဉ္စဟိစကုမာရိသတေဟိ ပရိဝုတာ ယေနဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊

ဧကမန္တံ နိသိန္နာ ခေါ စုန္ဒီ ရာဇကုမာရီ ဘဂဝန္တံ ဧတဒဝေါစ–

အမှာကံ ဘန္တေ ဘာတာ စုန္ဒောနာမ ရာဇကုမာရော သော ဧဝမာဟ "ယဒေဝ သော ဟောတိ ဣတ္ထီဝါ ပုရိသောဝါ ဗုဒ္ဓံ သရဏံ ဂတော, ဓမ္မံ သရဏံ ဂတော, သံဃံ သရဏံ ဂတော,

ပါဏာတိပါတာ ပဋိဝိရတော,
အဒိန္နာဒါနာ ပဋိဝိရတော,
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော,
မုသာဝါဒါ ပဋိဝိရတော,
သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော,

သော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နောဒုဂ္ဂတိ"န္တိ။

သာဟံ ဘန္တေ ဘဂဝန္တံ ပုစ္ဆာမိ–

* ကထံရူပေ ခေါ ဘန္တေ သတ္ထရိ ပသန္နော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိံ၊
* ကထံရူပေ ဓမ္မေ ပသန္နော (ပ) နောဒုဂ္ဂတိံ။
* ကထံရူပေ သံဃေ ပသန္နော (ပ) နောဒုဂ္ဂတိံ။
* ကထံရူပေသု သီလေသု ပရိပူရကာရီ (ပ) နောဒုဂ္ဂတိန္တိ။

* ယာဝတာ စုန္ဒီ သတ္တာ အပဒါဝါ, ဒွိပဒါဝါ, စတုပ္ပဒါဝါ, ဗဟုပ္ပဒါဝါ, ရူပိနောဝါ, အရူပိနောဝါ, သညိနောဝါ, အသညိနောဝါ, နေဝသညီ နာသညိနောဝါ။

တထာဂတော တေသံ အဂ္ဂမက္ခာယတိအရဟံ သမ္မာသမ္ဗုဒ္ဓေါ။
ယေ ခေါ် စုန္ဒ် ဗုဒ္ဓေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ် ဓမ္မာ သခ်တာ၊
အရိယော အဋ္ဌင်္ဂီကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတိ။
ယေ ခေါ် စုန္ဒ် အရိယေ အဋ္ဌင်္ဂီကေ မဂ္ဂေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ် ဓမ္မာ သခ်တာဝါ အသခ်တာဝါ၊
ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ မဒနိမ္မဒနော
ဝိပါသဝိနယော
အာလယသမုဂ္ဃာတော
ဝဋ္ဋုပစ္ဆေဒေါ
တဏှက္ခယော
ဝိရာဂေါ
နိရောဓော
နိဗ္ဗာနံ။
ယေ ခေါ် စုန္ဒ် ဝိရာဂေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ် သံဃာဝါ ဂဏာဝါ၊
တထာဂတသာဝကသံဃော တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌပုရိသပုဂ္ဂလာ
သေဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ယေ ခေါ စုန္ဒ သံယေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ သီလာနိ၊
အရိယကန္တာနိ သီလာနိ တေသံ အဂ္ဂမက္ခာယတိ။
ယဒိဒံ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ၊ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။
ယေ ခေါ စုန္ဒ အရိယကန္တေသု သီလေသု ပရိပူရကာရိနော၊
အဂ္ဂေ တေ ပရိပူရကာရိနော၊
အဂ္ဂေ ခေါပန ပရိပူရကာရီနံ အဂ္ဂေါ ဝိပါကော ဟောတီတိ။

* အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
* အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ။ ပုညက္ခေတ္တေ အနုတ္တရေ။

* အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ၊
* အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော၊
ဒေဝဘူတော မနုဿောဘဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတီတိ။

## ခင်ပုတ်ငှက်ဝတ္ထု

ဘဂဝါ ကိရ ဝေဒိသကပဗ္ဗတေ ဣန္ဒသာလဂုဟာယံ ပဋိဝသတိ။
အထေကော ဥလူကသကုဏော ဘဂဝတိ ဂါမံ ပိဏ္ဍာယ ပဝိသန္တေ ဥပဍ္ဎမဂ္ဂံ အနုဂစ္ဆတိ၊
နိက္ခန္တေ ဥပဍ္ဎမဂ္ဂံ ပစ္စုဂ္ဂမနံ ကရောတိ။
သော ကေဒိဝသံ သမ္မာသမ္ဗုဒ္ဓံ သယာနသမယေ ဘိက္ခုသံဃပရိဝုတံ နိသိန္နံ ပဗ္ဗတာ ဩရုယှ ဝန္ဒိတွာ ပက္ခေ ပဏာမေတွာ အဉ္ဇလိံ ပဂ္ဂယှ သီသံ ဟေဋ္ဌာ ကတွာ ဒသဗလံ နမဿမာနော အဋ္ဌာသိ၊
ဘဂဝါ တံ ဩလောကေတွာ သိတံ ပါတွာကာသိ။
အာနန္ဒတ္ထေရော "ကောနုခေါဘန္တေ" ဟေတု ကော ပစ္စယော သိတဿ ပါတုကမ္မာယ"တိ ပုစ္ဆိ၊

"ပဿာနဉ္စ ဟူမံ ဥလူကာသကုဏံ၊
အယံ မယိစ ဘိက္ခုသံဃေစ စိတ္တံ ပသာဒေတွာ
သတသဟဿကပ္ပေ ဒေဝေသုစ မနုဿေသုစ သံသရိတွာ
သောမနဿောနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ" တိ အာဟ။

* ဥလူကမဏ္ဍလက္ခိကာ၊ ဝေဒိသကေ စီရဒီဃဝါသိကာ။
သုခိတာဝသိ တွံ အယျကောသိယာ၊ ကာလုဋ္ဌိတံပဿသိ ဗုဒ္ဓဝရံ။

* မယိ စိတ္တံ ပသာဒေတွာ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပာနံ သတသဟဿာနိ၊ ဒုဂ္ဂတေသော နဂစ္ဆတိ။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

## အပါယ်မရောက် +နတ်ပြည်ရောက်

* ယေကေစိ ဗုဒ္ဓံ သရဏံဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ဒီပါဠိ၊ ၂-၂၀၄။ သံပါဠိ-၁၊ ၂၅)

## တကာယ်သိမှတ် + ဝီတိမြတ်

* ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနပိ ဇမ္ဗုဒီပဿ။

(ဒီ ဋ္ဌ၊၁၊ ၅၄။ ဗုဒ္ဓဝံ ဋ္ဌ-၂၇၁)

## ကောင်းကျိုးဆယ်ဖြာ+ရအသာ

သာဓုခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊

ဗုဒ္ဓံ သရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

တေအညေဒေဝေ ဒသဟိ ဌာနေဟိ အဓိဂ္ဂဏှန္တိ-

ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေနဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန,

ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ, ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ။

(သံ၊ ပါ၊ ၂၊ ၄၆၇)

## ရှိခိုးကြည်ဖြူ+သင်ဘယ်သူ

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

## တရားနာစဉ်+သေပွဲဝင်

မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

## ဆင်ခြင်သမှု+ကြည့်ရှုတော်မူပါ

မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

## ပျော်ပျော်နေ့ညနာကြားရ
## စိုးရိမ်ခပ်သိမ်း+ကင်းငြိမ်းမှာပါ

ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာ တေ အစလံ ဌာနံ၊ ယတ္ထ ဂန္တွာ နသောစရေ။

(ဝိမာနဝတ္ထု၊ ပါဠိ၊ ၇၃၊ ၄-၂၀၁)

## ဗုဒ္ဓပူဇာ+မင်္ဂလာ

* ဧရမာနံ ဘဂဝန္တံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ၊ ပူဇေန္တာ၊ သက္ကရောန္တာ၊

* ပရိနိဗ္ဗုတံ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ ဥပဋ္ဌဟန္တာ၊ ပူဇေန္တာ၊ သံက္ကရောန္တာ၊ ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။

## ဓမ္မပူဇာ+မင်္ဂလာ

* "ဓမ္မံ ပူဇေဿာမ" တိ ဓမ္မဓရေ ပုဂ္ဂလေ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ၊
ဓမ္မဉ္စ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

## သံဃပူဇာ+မင်္ဂလာ

* တထာ အရိယသံဃံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာသက္ကရောန္တာ တံ ဥဒ္ဒိဿ ဣတရသ္မိမ္ပိ တထာ ပဋိပဇ္ဇန္တာ သံဃေ ဒါနံ ဒဒန္တိနာမ။

(အံ၊ ဋ္ဌ၊ ၂၊ ၂၉၀)

## ရာဇပြုလ်ပြိုသူ+ဆွမ်းပင့်လှူ

တတ္ထ အညတရာ ကုလ္လီ သဒ္ဓါ ပသန္နာ အညတရံ ခီဏာသဝတ္ထေရံ ပိဏ္ဍာယ စရန္တံ ဒိသွာ အတ္တနော ဂေဟံ ပဝေသေတွာ ဘောဇေနံ အဒါသိ။
(ဝိမာန၊ ၄-၁၀၈)

## နတ်ပြည်ရောက်ရ+သူ့ဘဝ

သာအပရေနသမယေန ကာလံ ကတွာ
တာဝတိံသဘဝနေ၊ နိဗ္ဗတ္တိ။ (ဝိမာန၊ ၄။ ၁၀၈)

## အရှင်နိသဘထံ+သီလခံယူ

* အနောမဒဿိဿ မုနိနော၊ နိသဘောနာမ သာဝကော။
တမဟံ ဥပသင်္ကမ္မ၊ ပဉ္စသိက္ခာ ပဒဂ္ဂဟိံ။
* ဝဿတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ ပဉ္စသီလာနိ၊ ပရိပုဏ္ဏာနိ ဂေါပယိံ။

## ငါးပါးသီလ+အမှတ်ရ
## တာဝတိံသာ+ရောက်ရရှာ

* မပစ္စုကာလေစ သမ္ပတ္တေ၊ ဒေဝါ အဿာသယန္တိ မံ။
ရထော သဟဿယုတ္တော တေ၊ မာရိသာ ယံ ဥပဋ္ဌိတော။
* ဝတ္တန္တေ စရိမေ စိတ္တေ၊ မမ သီလံ အနုဿရိံ။
တေနကမ္မေန သုကတေန၊ တာဝတိံသံ အဂစ္ဆဟံ။

## နတ်မင်းစကြာ+ကြိမ်များစွာ

* တိံသကပ္ပတ္တုံစ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
ဒိဗ္ဗသုခံ အနုဘဝိံ၊ အစ္ဆရာဟိ ပုရက္ခတော။
* ပဉ္စသတ္တတိက္ခတ္တုဥ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလ၊ ဂဏနာတော အသင်္ခိယံ။

## ပြည့်ဝချမ်းသာ+အမျိုးမှာ

* ဒေဝလောကာ စဝိတွာန၊ သုက္ကမူလေန စောဒိတော။
ပုရေ ဝေသာလိယံ ဇာတော၊ မဟာသာလေ သုအဍ္ဍကေ။

## တစ်ထိုင်တည်းမှာ+ရဟန္တာ

* ဝဿူပနာယိကေ ကာလေ၊ ဒိဗ္ဗန္တေ ဝိနသာသနေ။
မာတာစ မေ ပိတာစေဝ၊ ပဗ္ဗဇိံသု ပဒုဂ္ဂဟံ။
* တာဝသုတ္တာန ဟံ သီလံ၊ မမ သီလံ အနုဿရိံ။
ကောသဇ္ဇ နိသီဒိတွာ၊ အရဟတ္တံ မပါပုဏိံ။

## ငါးနှစ်သားလေး+ရဟန်းပြုပေး

* ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တံ မပါပုဏိံ
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။

## ငါးပါးသီလ စောင့်ရှောက်ရကျိုး အမျိုးမျိုး

* ပရိပုဏ္ဏာနိ ဂေါပေတွာ၊ ပဉ္စသိက္ခာ ပဒါနံ ဟံ။
အပရိမေယျေ ကပ္ပေ၊ ဝိနိပါတံ နဂစ္ဆဟံ။

## ၂။ သရဏာဂမနိယတ္ထေရအပဒါန
(အပဒါန ပါဠိ ၁၊ ၁၆၂)

၁။ ဥဘိန္နံ ဒေဝရာဇူနံ၊ သင်္ဂါမော သမုပဋ္ဌိတော။
အဟောသိ သမုပဗျူဠှော၊ မဟာဃောသော အဝတ္တထ။

၂။ ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
အန္တလိက္ခေ ဌိတော သတ္ထာ၊ သံဝေဇေသိ မဟာဇနံ။

၃။ သဗ္ဗေဒေဝါ အတ္တမနာ၊ နိက္ခိတ္တကဝစာဝုဓာ။
သမ္ဗုဒ္ဓံ အဘိဝါဒေတွာ၊ ဧကဂ္ဂါသိံသု တာဝဒေ၊

၄။ မယှံ သင်္ကပ္ပမညာယ၊ ဝါစာသဘိ'မုဒီရယိ။
အနုကမ္ပကော လောကဝိဒူ၊ နိဗ္ဗာပေသိ မဟာဇနံ။

၅။ ပဒုဋ္ဌစိတ္တော မနုဇော၊ ဧကပါဏံ ဝိဟေဌယံ။
တေန စိတ္တပ္ပဒေါသေန၊ အပါယံ ဥပပဇ္ဇတိ။

၆။ သင်္ဂါမသီသေ နာဂေါဝ၊ ဗဟူပါဏေ ဝိဟေဌယံ။
နိဗ္ဗာပေထ သကံစိတ္တံ၊ မာ ဟညိတ္ထော ပုနပ္ပုနံ။

၇။ ဒွိန္နမ္ပိ ယက္ခရာဇူနံ၊ သေနာ သာ ဝိမှိတာ အဟု။
သရဏဉ္စ ဥပါဂစ္ဆုံ၊ လောကဇေဋ္ဌံ သုတာဒိနံ။

၈။ သညာပေတွာန ဇနတံ၊ ပဒမုဒ္ဓရိ စက္ခုမာ။
ပေက္ခမာနောဝ ဒေဝေဟိ၊ ပက္ကာမိ ဥတ္တရာမုခေါ။

၉။ ပဌမံ သရဏံ ဂစ္ဆိံ၊ ဒွိပဒိန္ဒဿ တာဒိနော။
ကပ္ပာနံ သတသဟဿံ၊ ဒုဂ္ဂတိံ နုပပဇ္ဇဟံ။

၁၀။ မဟာဒုန္ဒုဘိနာမစ၊ သောဠသာသုံ ရထေသဘာ။
တိံသကပ္ပသဟဿမှိ၊ ရာဇာနော စက္ကဝတ္တိနော။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၃။ ယညသာမိကတ္ထေရအပဒါန

၁။ ဇာတိယာ သတ္တဝဿောဟံ၊ အဟောသိံ မန္တပါရဂူ။
ကုလဝတ္တံ အဓာရေသိံ၊ ယညော ဥဿာဟိတော မယာ။

၂။ စလ္လာသီတိ သဟဿာနိ၊ ပသူ ဟညန္တိ မေ တဒါ။
သာရထမ္ဘုပနီတာနိ၊ ယညတ္ထာယ ဥပဋ္ဌိတာ။

၃။ ဥက္ကာမုခပဟဋ္ဌောဝ၊ ခဒိရင်္ဂါရသန္နိဘော။
ဥဒယန္တောဝ သူရိယော၊ ပုဏ္ဏမာ ယေဝ စန္ဒိမာ။

၄။ သိဒ္ဓတ္ထော သဗ္ဗသိဒ္ဓတ္ထော၊ တိလောကမဟိတော ဟိတော။
ဥပဂန္တွာန သမ္ဗုဒ္ဓေါ၊ ဣဒံ ဝစန မဗြဝိ။

၅။ အဟိံသာ သဗ္ဗပါဏီနံ၊ ကုမာရ မမ ရုစ္စတိ။
ထေယျာစ အတိစာရာစ၊ မဇ္ဇပါနာ စ အာရတိ။

၆။ ရတိစ သမစရိယာယ၊ ဗာဟုသစ္စံ ကတညုတာ။
ဒိဋ္ဌေ ဓမ္မေ ပရတ္ထစ၊ ဓမ္မာ ဧတေ ပသံသိယာ။

၇။ ဧတေ ဓမ္မေ ဘာဝယိတွာ၊ သဗ္ဗသတ္တဟိတေ ရတော။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဘာဝေဟိ မဂ္ဂမုတ္တမံ။

၈။ ဣဒံ ဝတွာန သဗ္ဗညူ၊ လောကနာထော နရာသဘော။
မမေဝံ အနုသာသိတွာ၊ ဝေဟာသံ ဥဂ္ဂတော ဂတော။

၉။ ပုဗ္ဗေ စိတ္တံ ဝိသောဓေတွာ၊ ပစ္ဆာ စိတ္တံ ပသာဒယိံ။
တေန စိတ္တပ္ပသာဒေန၊ တုသိတံ ဥပပဇ္ဇဟံ။

၁၀။ စတုန္နဝုတိတော ကပ္ပေ၊ ယဒါ စိတ္တံ ပသာဒယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၉၆)

## ၄။ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သုမေဓေ အဂ္ဂပုဂ္ဂလေ။
ပသန္နစိတ္တော သုမနော၊ ထူပပူဇံ အကာသဟံ။
၂။ ယေစ ခီဏာသဝါ တတ္ထ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တေ ဟံ တတ္ထ သမာနေတွာ၊ သံဃဘတ္တံ အကာသဟံ။
၃။ သုမေဓဿ ဘဂဝတော၊ ဥပဋ္ဌာကော တဒါ အဟု။
သုမေဓော နာမ နာမေန၊ အနုမောဒိတ္ထ သော တဒါ။
၄။ တေန စိတ္တပ္ပသာဒေန၊ ဝိမာနံ ဥပပဇ္ဇဟံ။
ဆဠာသီတိ သဟဿာနိ၊ အစ္ဆရာယော ရမိံသု မေ။
၅။ မမေဝ အနုဝတ္တန္တိ၊ သဗ္ဗကာမေဟိ တာ သဒါ။
အညေ ဒေဝေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၆။ ပဉ္စဝီသတိ ကပ္ပမှိ၊ တရုဏော နာမ ခတ္တိယော။
ဝိသုဒ္ဓဘောဇနော အာသိ၊ စက္ကဝတ္တီ အဟံ တဒါ။
၇။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။
၈။ တတ္ထ ရဇ္ဇံ ကရိတွာန၊ ဒေဝတ္တံ ပုန ဂစ္ဆဟံ။
တဒါပိ ဧဒိသာ မယှံ၊ နိဗ္ဗတ္တာ ဘောဂသမ္ပဒါ။
၉။ န မံ မိတ္တာ အမိတ္တာ ဝါ၊ ဟိံသန္တိ သဗ္ဗပါဏိနော။
သဗ္ဗေသမ္ပိ ပိယော ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၁၀။ တိံသကပ္ပသဟဿမှိ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဂန္ဓာလေပဿိဒံ ဖလံ။
၁၁။ ဣမသ္မိံ ဘဒ္ဒကေ ကပ္ပေ၊ ဧကော အာသိံ ဇနာဓိပေါ။
မဟာနုဘာဝေါ ရာဇာဟံ၊ စက္ကဝတ္တီ မဟဗ္ဗလော။
၁၂။ သောဟံ ပဉ္စသု သီလေသု၊ ဌပေတွာ ဇနတံ ဗဟုံ။
ပါပေတွာ သုဂတိံယေဝ၊ ဒေဝတာနံ ပိယော အဟုံ။
၁၃။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၆၅)

## ၅။ ဥဒယသုတ် (သံ၊ ပါ၊ ၁၊ ၁၇၅)

သာဝတ္ထိ နိဒါနံ။

အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။

အထခေါ ဥဒယော ဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေသိ။

ဒုတိယမ္ပိ ခေါ ဘဂဝါ (ပ) တေနုပသင်္ကမိ၊

တတိယမ္ပိခေါ ဥဒယောဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေတွာ ဘဂဝန္တံ ဧတဒဝေါစ

"ပကဋ္ဌကောယံ သမဏောဂေါတမော ပုနပ္ပုနံအာဂစ္ဆတီ"တိ။

၁။ ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊
ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊
ပုနပ္ပုနံ ဓညံ မုပေတိ ရဋ္ဌံ။
၂။ ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊
ပုနပ္ပုနံ သဂ္ဂ မုပေန္တိ ဌာနံ။
၃။ ပုနပ္ပုနံ ခီရနိကာ ဒုဟန္တိ၊
ပုနပ္ပုနံ ဝစ္ဆော ဥပေတိ မာတရံ။
ပုနပ္ပုနံ ကိလမတိ ဖန္ဒတိစ၊
ပုနပ္ပုနံ ဂဗ္ဘ မုပေတိ မန္ဒော။
၄။ ပုနပ္ပုနံ ဇာယတိ မီယတိစ၊
ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဉ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊
န ပုနပ္ပုနံ ဇာယတိ ဘူရိပညော။

ဧဝံဝုတ္တေ ဥဒယော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘော ဂေါတမ (ပ) သရဏံဂတ"န္တိ။

E 33 R

## ၆။ ဂိဟိသာမီစိသုတ္တန်

အထခေါ် အနာထပိဏ္ဍိကော ဂဟပတိ ယေနဘဂဝါ ·တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ဧကမန္တံ နိသိန္နံ ခေါ အနာထပိဏ္ဍိကံ ဂဟပတိံ ဘဂဝါ ဧတဒဝေါစ– စတူဟိ ခေါ ဂဟပတိ ဓမ္မေဟိ သမန္နာဂတော၊ အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကံ။

ကတမေဟိ စတူဟိ——

၁။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ စီဝရေန။

၂။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ ပိဏ္ဍပါတေန။

၃။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ သေနာသနေန။

၄။ ဣဓ ဂဟပတိ အရိယသာဝကော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန။

ဣမေဟိ ခေါ ဂဟပတိ စတူဟိဓမ္မေဟိသမန္နာဂတော အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကန္တိ။

* ဂိဟိသာမီစိပဋိပဒံ၊ ပဋိပဇ္ဇန္တိ ပဏ္ဍိတာ။
သမ္မဂ္ဂတေ သီလဝန္တေ၊ စီဝရေန ဥပဋ္ဌိတာ။
ပိဏ္ဍပါတသယနေန၊ ဂိလာနပ္ပစ္စယေန စ။

* တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
သဂ္ဂဉ္စ ကမတိဋ္ဌာနံ၊ ကမ္မံ ကတွာန ဘဒ္ဒကန္တိ။
(အံ၊ ပါ၊ ၁၊ ၃၇၆)

## ၇။ သုမနာဝေဠိယတ္ထေရအပဒါန

၁။ ဝေဿဘုဿ ဘဂဝတော လောကဇေဋ္ဌဿ တာဒိနော။
သဗ္ဗေဇနာ သမာဂမ္မ၊ မဟာပူဇံ ကရောန္တိ တေ။

၂။ သုဓာယ ပိဏ္ဍံ ကတွာန၊ အာဝေဠံ သုမနာယဟံ။
သီဟာသနဿ ပုရတော၊ အဘိရောပေသဟံ တဒါ။

၃။ သဗ္ဗေဇနာ သမာဂမ္မ၊ ပေက္ခန္တိ ပုပ္ဖမုတ္တမံ။
ကေနိဒံ ပူဇိတံ ပုပ္ဖံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။

၄။ တေန စိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတမတ္တနော။

၅။ ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေသာနံ ပိယော ဟောမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

၆။ နာဘိဇာနာမိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။
သံယတာနံ တပဿီနံ၊ ကတံ အက္ကောသိတံ မယာ။

၇။ တေန သုစရိတေနာ ဟံ၊ စိတ္တဿ ပဏိဓီဟိ စ။
သဗ္ဗေသံ ပူဇိတော ဟောမိ၊ အနက္ကောသဿိဒံ ဖလံ။

၈။ ဣတော ကောဒသေ ကပ္ပေ၊ သဟဿာရောသိခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၉။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၃၀၁)

## ၈။ သယနဒါယကတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ ပါဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ တေန သယနဒါနေန၊ သုခေတ္တေ ဗီဇသမ္ပဒါ။
ဘောဂါ နိဗ္ဗတ္တရေ တဿ၊ သယနဿ ဣဒံဖလံ။

၃။ အာကာသေ သေယျံ ကပ္ပေမိ၊ ဓာရေမိ ပထဝိံ ဣမံ။
ပါဏေသု မေ ဣဿရိယံ၊ သယနဿ ဣဒံ ဖလံ။

၄။ ပဉ္စကပ္ပသဟဿမှိ၊ အဋ္ဌ အာသုံ မဟာတေဇာ၊
စတုတ္တိံသေ ကပ္ပသတေ၊ စတုရောစ မဟာဗလာ။

၅။ ပဋိသမ္ဘိဒါ စတဿော၊ (ပ) သာသနံ။ (အပဒါန၊ ပါ၊ ၁၊ ၁၁၆)

## ၉။ စင်္ကမနဒါယကတ္ထေရအပဒါန

၁။ အတ္ထဒဿိဿ မုနိနော၊ လောကဇေဋ္ဌဿ တာဒိနော။
ဗောဓိယာ ပါဒပုတ္တမေ၊ စင်္ကမံ ကာရယိံ အဟံ။

၂။ တေန သေဝေန စင်္ကမ၊ ဇိဝိတံ စင်္ကမနံ မယ်။
ဟေတုယာ မာနသဒ္ဒါယ၊ တာဝတိံသ မဂစ္ဆဟံ။

၃။ သတ္တာနံ ကိဋိကမ္မံ၊ ဝေဒဂုဏ္ဍံ အကာရယိံ။
သတ္တာနံ ပဉ္စကမ္မံ၊ စက္ကဝတ္တိ အဟောသဟံ။

၄။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ချိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၅။ ဒွေနဝုတေ ဣတောကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ စင်္ကမနဿိဒံ ဖလံ။

၆။ ဣမိနာ စင်္ကမေနာဟံ၊ သက္ကာနုနံ သမ္ပဝတ်။
ခေမန္တဿနေ ဆာဒေယျံ၊ တဒါ မယှံ ကတေ ဖလံ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၃၁၉၊ ၃၂၀)

## ၁၀။ ဧကဆတ္တိယတ္ထေရအပဒါန

၁။ အင်္ဂါရဇာတာ ပထဝီ ကုက္ကုဠာနုဂတာ မဟီ။
ပဒုမုတ္တရော ဘဂဝါ၊ အဗ္ဘောကာသမှိ စင်္ကမိ။

၂။ ပဏ္ဍရံ ဆတ္တမာဒါယ၊ အဒ္ဓါနံ ပဋိပဇ္ဇဟံ။
တတ္ထ ဒိသွာန သမ္ဗုဒ္ဓံ၊ ဝိတ္တိ မေ ဥပပဇ္ဇထ။

၃။ မရီစိယောတ္ထဋာ ဘူမိ၊ အင်္ဂါရာဝ မဟီ အယံ။
ဥပဟန္တိ မဟာဝါတာ၊ သရီရဿာ သုခေပနာ။

၄။ သီတံ ဥဏှံ ဝိဟနန္တံ၊ ဝါတာတပနိဝါရဏံ။
ပဋိဂ္ဂဏှ ဣမံ ဆတ္တံ၊ ဖဿယိဿာမိ နိဗ္ဗုတိံ။

၅။ အနုကမ္ပကော ကာရုဏိကော၊ ပဒုမုတ္တရော မဟာယသော။
မမ သင်္ကပ္ပ မညာယ၊ ပဋိဂ္ဂဏှိ တဒါ ဇိနော။

၆။ တိံသကပ္ပာနိ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သတာနံ ပဉ္စက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။

၇။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၈။ အယံ မေ ပစ္ဆိမာ ဇာတိ၊ စရိမော ဝတ္တတေ ဘဝေါ။
အဇ္ဇာပိ သေတစ္ဆတ္တံ မေ၊ သဗ္ဗကာလံ ဓရီယတိ။

၉။ သတသဟဿိတော ကပ္ပေ၊ ယံ ဆတ္တ မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဆတ္တဒါနဿိဒံ ဖလံ။

၁၀။ ကိလေသာ (ပ) အနာသဝေါ။
၁၁။ သွာဂတံ ဝတ (ပ) သာသနံ။
၁၂။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၂၊ ၃၅၊ ၃၆)

## ၁၁။ ခဇ္ဇကဒါယကတ္ထေရအပဒါနံ

၁။ တိဿဿ ခေါ ဘဂဝတော၊ ပုဗ္ဗေ ဖလ မဒါသဟံ။
နာဠိကေရဉ္စ ပါဒါသိံ၊ ခဇ္ဇကံ အဘိသမ္မတံ။

၂။ ဗုဒ္ဓဿ တမဟံ ဒတွာ၊ တိဿဿ တု မဟေသိနော။
မောဒါမဟံ ကာမကာမီ၊ ဥပပဇ္ဇိံ ယမိစ္ဆကံ။

၃။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဖလဒါနဿိဒံ ဖလံ။

၄။ ဣတော တေရသကပ္ပမှိ၊ ရာဇာ ဣန္ဒသမော အဟု။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁၊ ၂၀၂)

## ၁၂။ ပဉ္စဒီပကတ္ထေရအပဒါနံ

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗဘူတာနုကမ္ပိနော။
သဒ္ဒဟိတွာန သဒ္ဓမ္မေ၊ ဥဇုဒိဋ္ဌိ အဟောသဟံ။

၂။ ပဒီပဒါနံ ပါဒါသိံ၊ ပရိဝါရေတွာန ဗောဓိယံ။
သဒ္ဒဟန္တော ပဒီပါနိ၊ အကရိံ တာဝဒေ အဟံ။

၃။ ယံ ယံ ယောနု' ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာကာသေ ဥက္ကံ ဓာရေန္တိ၊ ဒီပဒါနဿိဒံ ဖလံ။

၄။ တိရောကုဍ္ဍံ တိရောသေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ ဒဿနံ အနုတော မဟံ။

၅။ တေန ကမ္မာဝသေသေန၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ ဒွိပဒိန္ဒဿ သာသနေ။

၆။ စတုတ္တိံသေ ကပ္ပသတေ၊ သတစက္ခုသနာမကာ။
ရာဇ' ဟေသုံ မဟာတေဇာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၁၉၊ ၁၂၀)

## ၁၃။ ဓမ္မဿဝနိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၂၊ ၁၀)

၁။ ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
စတုသစ္စံ ပကာသေန္တော၊ သန္တာရေသိ ဗဟုံ ဇနံ။

၂။ အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။
ဓုနန္တော ဝါကစီရာနိ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

၃။ ဗုဒ္ဓသေဋ္ဌဿ ဥပရိ၊ ဂန္တုံ န ဝိသဟာမဟံ။
ပက္ခီဝ သေလမာသဇ္ဇ၊ ဂမနံ နလဘာမဟံ။

၄။ ဥဒကေ ဝေါက္ကမိတွာန၊ ဧဝံ ဂစ္ဆာမိ အမ္ဗရေ။
န မေ ဣဒံ ဘူတပုဗ္ဗံ၊ ဣရိယာပထကောပနံ။

၅။ ဟန္ဒ မေတံ ဂဝေသိဿံ၊ အပ္ပေဝတ္ထံ လဘေယျဟံ။
ဩရောဟန္တော အန္တလိက္ခာ၊ သဒ္ဒမဿောသိ သတ္ထုနော။

၆။ သရေန ရဇနီယေန၊ သဝနီယေန ဝဂ္ဂုနာ။
အနိစ္စတံ ကထေန္တဿ၊ တမေဝ ဥဂ္ဂဟိံ တဒါ။
အနိစ္စသညံ ဥဂ္ဂယှ၊ အဂမာသိံ မမဿမံ။

၇။ ယာဝတာယုံ ဝသိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။
စရိမေ ဝတ္တမာနမှိ၊ သဒ္ဓမ္မသဝနံ သရိံ။

၈။ တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

၉။ တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိံ အဟံ။
ဧကပညာသက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇ မကာရယိံ။

၁၀။ ဧကဝီသတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။

၁၁။ အနုဘောမိ သကံ ပုညံ၊ သုခိတောဟံ ဘဝါဘဝေ။
အနုဿရာမိ တံ သညံ၊ သံသရန္တော ဘဝါဘဝေ။
န ကောဋိံ ပဋိဝိဇ္ဈာမိ၊ နိဗ္ဗာနံ အစ္စုတံ ပဒံ။

၁၂။ ဝိတုဂေဟေ နိသီဒိတွာ၊ သမဏော ဘာဝိတိန္ဒြိယော။
ကထံသ ပရိဒီပေန္တော၊ အနိစ္စ တ မုဒါဟရိ။

၁၃။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၁၄။ သဟ ဂါထံ သုဏိတွာန၊ ပုဗ္ဗသညံ မနုဿရိံ။
ကောသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။

၁၅။ ဓာတိယာ သတ္တဝဿေန၊ အရဟတ္တံ မပါပုဏိံ။
ဥပသမ္ပာဒယီ ဗုဒ္ဓေါ၊ ဓမ္မဿဝနသိဒ္ဒံ ဖလံ။

၁၆။ သတသဟဿိတော ကပ္ပေ၊ ယံ ဓမ္မ မသုဏိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓမ္မဿဝနသိဒ္ဒံ ဖလံ။

၁၇။ ကိလေသာ (ပ) အနုသာသဝေါ။

၁၈။ သွာဂတံဝတ (ပ) သာသနံ။

၁၉။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၁၄။ သပရိဝါရာသနတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ ပိဏ္ဍပါတံ အဒါသဟံ။
ဂန္တွာ ကိလိဋ္ဌကံ ဥာနိ၊ မလ္လိကာဟိ ပရိက္ခိတံ။

၂။ တမှာသနမှိ အာသီနော၊ ဗုဒ္ဓေါ လောကဂ္ဂနာယကော။
အကိတ္တယိ ပိဏ္ဍပါတံ၊ ဥဇုဘူတော သမာဟိတော။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

၄။ တထေဝါယံ ပိဏ္ဍပါတော၊ သုခေတ္တေ ရောပိတော တယာ။
ဘဝေ နိဗ္ဗတ္တမာနမှိ၊ ဖလံ တေ တောသယိဿတိ။

၅။ ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ ဇလဇုတ္တမ နာမကော။
ပဏ္ဍပါတံ ဂဟေတွာန၊ ပက္ကာမိ ဥတ္တရာမုခေါ။

၆။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသုစ ပဉ္စသု။
ပဝိဝေကေ မနုယုတ္တော၊ ဝိဟရာမိ အနာသဝေါ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါဠိ၊ ၁-၁၁၉)

## ၁၅။ ဓမ္မရုစိယတ္ထေရအပဒါန

၁။ ယဒါ ဒီပင်္ကရော ဗုဒ္ဓေါ၊ သုမေဓံ ဗျာကရီ ဇိနော။
အပရိမေယျေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
၂။ ဣမဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော။
၃။ ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။
အဿတ္ထမူလေ သမ္ဗုဒ္ဓေါ၊ ဗုဇ္ဈိဿတိ မဟာယသော။
၄။ ဥပတိဿော ကောလိတော စ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
အာနန္ဒော နာမ နာမေန၊ ဥပဋ္ဌိဿတိ မံ ဇိနံ။
၅။ ခေမာ ဥပ္ပလဝဏ္ဏာ စ၊ အဂ္ဂါ ဟေဿန္တိ သာဝိကာ။
စိတ္တော အာဠဝကော စေဝ၊ အဂ္ဂါ ဟေဿန္တုပါသကာ။
၆။ ခုဇ္ဇုတ္တရာ နန္ဒမာတာ၊ အဂ္ဂါ ဟေဿန္တုပါသိကာ။
ဗောဓိ ဣမဿ ဝီရဿ၊ အဿတ္ထောတိ ပဝုစ္စတိ။
၇။ ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ နမဿန္တိ ကတဉ္ဇလီ။
၈။ တဒါဟံ မာဏဝေါ အာသိံ၊ မေဃော နာမ သုသိက္ခိတော။
သုတွာ ဗျာကရဏံ သေဋ္ဌံ၊ သုမေဓဿ မဟာမုနေ။
၉။ သံဝိသဋ္ဌော ဘဝိတွာန၊ သုမေဓေ ကရုဏာသယေ။
ပဗ္ဗဇန္တဉ္စ တံ ဝီရံ၊ သဟာဝ အနုပဗ္ဗဇိံ။
၁၀။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသု စ ပဉ္စသု။
သုဒ္ဓါဇီဝေါ သတော ဝီရော၊ ဇိနသာသနကာရကော။
၁၁။ ဧဝံ ဝိဟရမာနောဟံ၊ ပါပမိတ္တေန ကေနစိ။
နိယောဇိတော အနာစာရေ၊ သုမဂ္ဂါ ပရိဓံသိတော။

၁၂။ ဝိတက္ကဝသိကော ဟုတွာ၊ သာသနတော အပက္ကမိ။
ပစ္ဆာ တေန ကုမိတ္တေန၊ ပယုတ္တော မာတုယာတနံ။
၁၃။ အကာရိ အာနန္တရိယံ၊ ယာတယိ ဒုဋ္ဌမာနသော။
တတော စုတော မဟာဝီစိံ၊ ဥပပန္နော သုဒါရုဏံ။
၁၄။ ဝိနိပါတဂတော သန္တော၊ သံသရိံ ဒုက္ခိတော စိရံ။
န ပုနော အဒ္ဒသံ ဝီရံ၊ သုမေဓံ နရပုင်္ဂဝံ။
၁၅။ အသ္မိံ ကပ္ပေ သမုဒ္ဒမှိ၊ မစ္ဆော အာသိံ တိမင်္ဂလော။
ဒိသွာ ဟံ သာဂရေ နာဝံ၊ ဂေါစရတ္ထ မုပါဂမိံ။
၁၆။ ဒိသွာ မံ ဝါဏိဇာ ဘီတာ၊ ဗုဒ္ဓသေဋ္ဌ မနုဿရုံ။
ဂေါတမောတိ မဟာ ဃောသံ၊ သုတွာ တေဟိ ဥဒီရိတံ။
၁၇။ ဗုဒ္ဓသညံ သရိတွာန၊ တတော ကာလင်္ကတော အဟံ။
သာဝတ္ထိယံ ကုလေ ဣဒ္ဓေ၊ ဇာတော ဗြာဟ္မဏဇာတိယံ။
၁၈။ အာသိံ ဓမ္မရုစိ နာမ၊ သဗ္ဗပါပဇိဂုစ္ဆကော။
ဒိသွာဟံ လောကပဇ္ဇောတံ၊ ဇာတိယာ သတ္တဝဿိကော။
၁၉။ မဟာဇေတဝနံ ဂန္တွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
ဥပေမိ ဗုဒ္ဓံ တိက္ခတ္တုံ၊ ရတ္တိယာ ဒိဝသဿ စ။
၂၀။ တဒါ ဒိသွာ မုနီ အာဟ၊ စိရံ ဓမ္မရုစီတိ မံ။
တတော ဟံ အဝစံ ဗုဒ္ဓံ၊ ပုဗ္ဗကမ္မပဘာဝိတံ။
၂၁။ သုစိရံ သတပုညလက္ခဏံ၊ ပတိပုဗ္ဗေန ဝိသုဒ္ဓပစ္စယံ။
အဟံ မဇ္ဇ သုပေက္ခနံ ဝတ၊ တဝ ပဿာမိ နိရူပမံ ဝိဂ္ဂဟံ။
၂၂။ သုစိရံ ဝိဟတတ္တမော မယာ၊ သုစိရက္ခေန နဒီ ဝိသောသိတာ။
သုစိရံ အမလံ ဝိသောဓိတံ၊ နယနံ ဉာဏမယံ မဟာမုနေ။
၂၃။ စိရကာလသမာဂတော တယာ၊
အဝိနဋ္ဌော ပုနရန္တရံ စိရံ။
ပုန ရဇ္ဇသမာဂတော တယာ၊
န ဟိ နဿန္တိ ကတာနိ ဂေါတမ။
၂၄။ ကိလေသာ (ပ) အနာသဝေါ။
၂၅။ သွာဂတံ (ပ) သာသနံ။
၂၆။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ဓမ္မရုစိယတ္ထေရအပဒါန
## အဋ္ဌကထာကောက်နုတ်ချက်

ယဒါ သုမေဓပဏ္ဍိတော ဒီပင်္ကရဘဂဝတော သန္တိကာ ဗျာကရဏံ လဘိ။

တဒါ အဟံ မေဃောနာမ ဗြာဟ္မဏမာဏဝေါ ဟုတွာ သုမေဓတာပသေန သဟ ဣသိပဗ္ဗဇ္ဇံ သမ္ပဇ္ဇိတွာ သိက္ခာပဒေသု သိက္ခိတော ကေနစိ ပါပသဟာယေန သံသဋ္ဌော သံသဂ္ဂဒေါသေန ပါပဝိတက္ကာဒိဝသံ ဂတော မာတုဃာတကမ္မဝ သေန နရကေ အဂ္ဂိဇာလာဒိဒုက္ခမနုဘဝိတွာ တတော စုတော သမုဒ္ဒေ တိမိင်္ဂလမဟာမစ္ဆော ဟုတွာ နိဗ္ဗတ္တော။

သမုဒ္ဒမဇ္ဈေ ဂစ္ဆန္တံ မဟာနာဝံ ဂိလိတုကာမောဂတော၊ ဒိသွာ မံ ဝါဏိဇာ ဘီတာ "အဟော ဂေါတမော ဘဂဝါ" တိ သဒ္ဒ မကံသု။

, အထ မဟာမစ္ဆော ပုဗ္ဗဝါသနာဝသေန ဗုဒ္ဓဂါရဝံ ဥပ္ပာဒေတွာ တတော-စုတော သာဝတ္ထိယံ ဝိဘဝသမ္ပန္နေ ဗြာဟ္မဏကုလေ နိဗ္ဗတ္တော သဒ္ဓေါ ပသန္နော သတ္ထုဓမ္မဒေသနံ သုတွာ ပဗ္ဗဇိတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ ဒိဝသဿ တိက္ခတ္တုံ ဥပဋ္ဌာနံ ဂန္တွာ သရမာနော ဝန္ဒတိ။

တဒါ ဘဂဝါ "စိရံ ဓမ္မရုစိ"တိ မံ အာဟ။

အထ သော ထေရော "သုစိရံ သတပုညလက္ခဏ"န္တိ အာဒီဟိ ဂါထာဟိ ထောမေသိ။

ဂေါတမ သဗ္ဗညု ဗုဒ္ဓ တယာ သဒ္ဓိံ ကတာနိ သမာဂမာဒီနိ န ဟိ နဿန္တိ ယာဝ ခန္ဓပရိနိဗ္ဗာနာ နဝိနာ ဘဝိဿန္တီတိ အတ္ထော။

(အပဒါန၊ ဌ၊ ၂၊ ၂၁၀၊ ၂၁၁၊ ၂၁၂)

## ၁၆။ အဓိမုတ္တတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ။
ဥပဋ္ဌဟိံ ဘိက္ခုသံဃံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ နိမန္တေတွာ ဘိက္ခုသံဃံ၊ ဥဇုဘူတံ သမာဟိတံ။
ဥစ္ဆုနာ မဏ္ဍပံ ကတွာ၊ ဘောဇေသိံ သံဃမုတ္တမံ။

၃။ ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေသတ္တေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။

၄။ အဋ္ဌာရသေ ကပ္ပသတေ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥစ္ဆုဒါနဿိဒံ ဖလံ။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၇။ ဂန္ဓောဒကိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၁-၁၁၇)

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟု။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒက မဒါသဟံ။

၂။ နှာနကာလေစ ဗောဓိယာ၊ မဟာမေဃော ပဝဿထ။
နိန္နာဒေါစ မဟာ အာသိ၊ အသနိယာ ဖလန္တိယာ။

၃။ တေနေဝါ'သနိဝေဂေန၊ တတ္ထ ကာလင်္ကတော အဟံ။
ဒေဝလောကေ ဌိတောသန္တော၊ ဣမာဂါထာ အဘာသဟံ။

၄။ အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသမ္ပဒါ။
ကဠေဝရံ မေ ပတိတံ၊ ဒေဝလောကေ ရမာမဟံ။

၅။ ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

၆။ အဗာဓာ မေ န ဝိဇ္ဇန္တိ၊ သောကော မယှံ န ဝိဇ္ဇတိ။
ပရိဠာဟံ န ပဿာမိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ အဋ္ဌဝီသေ ကပ္ပသတေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗ္ဗလော။

၈။ ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

## ၁၈။ အာယာဂဒါယကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိခိမှိ ဝဒတံ ဝရေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အဝန္ဒိံ ထူပမုတ္တမံ။

၂။ ဝဍ္ဎကီဟိ ကထာပေတွာ၊ မူလံ ဒတွာနဟံ တဒါ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာယာဂံ ကာရပေသဟံ။

၃။ အဋ္ဌကပ္ပာနိ ဒေဝေသု၊ အဗ္ဗောကိဏ္ဏံ ဝသိံ အဟံ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သံသရိံ အဟံ။

၄။ ကာယေ ဝိသံ န ကမတိ၊ သတ္ထာနိ န စ ဟန္တိ မေ။
ဥဒကေ ဟံ န မိယျာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၅။ ယဒိစ္ဆာမိ အဟံ ဝဿံ၊ မဟာမေဃော ပဝဿတိ။
ဒေဝါပိ မေ ဝသံ ဧန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၆။ သတ္တရတနသမ္ပန္နော၊ တိံသက္ခတ္တုံ အဟောသဟံ။
န မံ ကေစာဝဇာနန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ ကေတ္တိံသေကပ္ပတော ကပ္ပေ၊ အာယာဂံ ယ မကာရယိံ။
ဥဂ္ဂတိံ နာဘိဇာနာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၈။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၉။ ပဒသညကတ္ထေရအပဒါန

၁။ အက္ကန္တဉ္စ ပဒံ ဒိသွာ၊ တိဿဿာဒိစ္စဗန္ဓုနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဒေ စိတ္တံ ပသာဒယိံ။

၂။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ သညံ မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဒသညာယိဒံ ဖလံ။

၃။ ဣတော သတ္တမကေ ကပ္ပေ၊ သုမေဓော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁-၁၃၂)

## ၂၀။ ကောသနိယတ္တေရအပဒါန

၁။ ဝရုဏောနာမ နာမေန၊ ဒေဝရာဇာ အဟံ တဒါ၊
ဥပဋ္ဌဟေသိံ သမ္ဗုဒ္ဓံ၊ သယောဂ္ဂဗလဝါဟနော။

၂။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ၊
တူရိယံ သဗ္ဗမာဒါယ၊ အဂမံ ဗောဓိ မုတ္တမံ။

၃။ ဝါဒိတေန စ နစ္စေန၊ သမ္မတာဠ သမာဟိတော၊
သမ္မုခါဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌိံ ဗောဓိမုတ္တမံ။

၄။ ဥပဋ္ဌဟိတွာ တံဗောဓိံ၊ ဓရဏီရုဟပါဒပံ၊
ပလ္လင်္ကံ အာဘုဇိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။

၅။ သကကမ္မာ ဘိရဋ္ဌောဟံ၊ ပသန္နော ဗောဓိမုတ္တမေ၊
တေနစိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။

၆။ သဋ္ဌိတူရိယသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ၊
မနုဿေသုစ ဒေဝေသု၊ ဝတ္တမာနံ ဘဝါဘဝေ။

၇။ တိဝိဂ္ဂေ နိဗ္ဗုတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ၊
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

၈။ သုဗာဟူနာမ နာမေန၊ စတုတ္တိံသာသု ခတ္တိယာ၊
သတ္တရတနသမ္ပန္နာ၊ ပဉ္စကပ္ပသတေ ဣတော။

၉။ ပဋိသမ္ဘိဒါ စတဿော (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၆၃)

## ၂၁။ ဓာတုပူဇကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိဒ္ဓတ္ထမှိ နရုတ္တမေ။
ဇကာ ဓာတု မယာ လဒ္ဓါ၊ ဒွိပဒိန္ဒဿ တာဒိနော။

၂။ တာဟံ ဓာတုံ ဂဟေတွာန၊ ဗုဒ္ဓဿာဒိစ္စ ဗန္ဓုနော။
ပဥ္စဝဿေ ပရိစရိံ၊ ဘိဋ္ဌန္တံဝ နရုတ္တမံ။

၃။ စတုန္နဝုတိတော ကပ္ပေ၊ ယံ ဓာတုံ ပူဇယိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓာတုပဋ္ဌာနေ ဖလံ။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၅၂)

## ၂၂။ အနိစ္စလက္ခဏဝတ္ထု

သဗ္ဗေသင်္ခါရာ အနိစ္စာတိ ဣမံဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဥ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု ဝန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဝနေ ဝါယမန္တာပိ အရဟတ္တံ အပ္ပတွာ "ဝိသေသေတွာ ကမ္မဋ္ဌာနံ ဥဂ္ဂဏှိဿာမာ"တိ သတ္ထု သန္တိကံ အာဂမိံသု။

သတ္ထာ "ကိံနုခေါ ဣမေသံ သပ္ပာယ" န္တိ ဝီမံသန္တော "ဣမေ ကဿပဗုဒ္ဓကာလေ ဝီသတိဝဿသဟဿာနိ အနိစ္စ လက္ခဏေ အနုယုဥ္ဇိံသု၊ တသ္မာ အနိစ္စလက္ခဏေနေဝ ဧတေသံ ဧကံ ဂါထံ ဒေသေတုံ ဝဋ္ဋတီ"တိ စိန္တေတွာ "ဘိက္ခဝေ ကာမဘဝါဒီသု သဗ္ဗေပိ သင်္ခါရာ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ ဝေါ"တိ ဝတွာ ဣမံဂါထ မာဟ-

"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

ဒေသနာဝသာနေ တေဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု၊
သမ္ပတ္တပရိသာနမ္ပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသီတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၅၅)

## ၂၃။ ဒုက္ခလက္ခဏဝတ္ထု

ဒုတိယဂါထာယပိ ဝေဠုဝနေ ဝဏ္ဍု။

တဒါ ဟိ ဘဂဝါ တေသံဘိက္ခူနံ ဒုက္ခလက္ခဏေ ကတာဘိယောဂဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ ပဋိ ပီဠနဋ္ဌေန ဒုက္ခာဝေါ"တိ ဝတွာ ဣမံဂါထမာဟ–

"သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၅)

## ၂၄။ အနတ္တလက္ခဏဝတ္ထု

တတိယဂါထာယပိ ဧသောဝနယော။

ကေဝလဉှိ ဧတ္ထ ဘဂဝါ တေသံ ဘိက္ခူနံ ပုဗ္ဗေအနတ္တလက္ခဏေ အနုယုတ္တဘာဝံ ဉတွာ "ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာ ဝေါ"တိ ဝတွာ ဣမံဂါထ မာဟ–

"သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၆)

## ၂၅။ ပဓာနကမ္မိကတိဿတ္ထေရဝတ္ထု

ဝဿိကာ ဝိယ ပုပ္ဖာနီတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ အရညေ သမဏဓမ္မံ ကရောန္တာ ပါတောဝ ပုပ္ဖိတာနိ ဝဿိကပုပ္ဖာနိ သာယံ ဝဏ္ဋတော မုစ္စန္တာနိ ဒိသွာ "ပုပ္ဖာနံ ဝဏ္ဋေဟိ မုစ္စနတော မယံ ပဌမတရံ ရာဂါဒီဟိ မုစ္စိဿာမာ"တိ ဝါယမိံသု။

သတ္ထာ တေ ဘိက္ခူ ဩလောကေတွာ "ဘိက္ခဝေ ဘိက္ခုနာနာမ ဝဏ္ဋတော မုစ္စနပုပ္ဖေနဝိယ ဒုက္ခတော မုစ္စိတုံ ဝါယမိတဗ္ဗမေဝါ"တိ ဝတွာ ဂန္ဓကုဋိယံ နိသိန္နောဝ အာလောကံ ဖရိတွာ ဣမံ ဂါထ မာဟ–

ဝဿိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ''တိ။

ဒေသနာဝသာနေ သဗ္ဗေပိ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသူတိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၃၇၇)

# ဆောင်တော်မူ

"ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းတော်ဘဝ၊ ချမ်းမြမြဝယ်၊ စန်းလနှယ်သို့၊ တင့်တယ်နေကြ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်းပြောခန်း၊ မမောပန်းအောင်၊ လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဇောစေတနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသား၊ ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်ထဲဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ရွေ့ပါဠိ၊ ၅, ၄ ရှိ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစုံ၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာရှင်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာဓမ္မကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊ အိတ်ဆောင် ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ။"

# စာရေးသူ၏ ဘဝဖြစ်စဉ်

ဤကျမ်းစာရေးသူသည် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ကင်မွန်းတောင်ရွာ၊ ဦးကြည်မောင်+ဒေါ်ငယ်တို့မှ ၁၃၂၄-ခု၊ တပေါင်းလဆန်း (၁၀)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။

၁၃၄၅-ခု၊ တန်ခူးလပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်၊ ရန်ကင်းမြို့နယ်၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၁၅)၊ ၁၄-လမ်းနေ ဦးသိန်း + ဒေါ်လှခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဖြစ်သည်။

## စာသင်ရာကျောင်းတိုက်များ

၁။ သဒ္ဓမ္မကာရီကျောင်းတိုက်၊
ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။

၂။ ရွှေပြည်တန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။

၃။ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၄။ ကြခတ်ပိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

၅။ ရွာမစာသင်တိုက်၊ အင်းစိန် + ရန်ကုန်။

၆။ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်း + ရန်ကုန်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁။ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့။
ဝိနယပါလစာမေးပွဲ၊ မူလတန်း၊ အငယ်တန်း

၂။ ငှင်းမြို့ ကမ်းနားပရိယတ္တိအသင်းစာမေးပွဲ
မူလအလတ် (တတိယ) မူလအကြီးတန်း၊
ပထမငယ်တန်း (တတိယ)

၃။ ဘိုကလေးမြို့၊ ပရိယတ္တိသာသနာပါလအသင်း
စာမေးပွဲ၊ ပထမငယ်တန်း (ဝိနယဂုဏ်ထူး)

၄။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်စာမေးပွဲ
ပထမလတ်တန်း (ပထမ)

၅။ ငှင်းမြို့ အမျိုးသားစာမေးပွဲ ပထမငယ်တန်း၊
ပထမလတ်တန်း (တတိယ)၊ ပထမကြီးတန်း။

၆။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနကိုရ
စာမေးပွဲ ပထမကြီးတန်း (ဒုတိယ)

၇။ အင်းစိန်၊ ဝိနယာဓိကစာမေးပွဲ၊
ပထမကြီးတန်း (တတိယ)၊ ရွာမစာသင်တိုက်
သဒ္ဒမ္မဝံသစာမေးပွဲ ပထမကြီးတန်း (တတိယ)

၈။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိအသင်းစာမေးပွဲ
ပထမကြီးတန်း (ပထမ) ပရဓေသီ။

၉။ ဆူးလေ အဘိဓမ္မာစာမေးပွဲ ယမက - ၃/၀ အုပ်

၁၀။ ဘုရားဖြူစာမေးပွဲ၊ ပထမငယ်တန်း။

၁၁။ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိသာသနာဟိတ
အသင်းစာမေးပွဲ၊ ပထမဆင့်၊
မဟာဝေယျာကရဏိကတန်း။

၁၂။ ဗဟန်း၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ပရိယတ္တိ
သာသနာပါလအသင်းစာမေးပွဲ၊ ဓမ္မာစရိယတန်း (တတိယ)

၁၃။ အစိုးရစာမေးပွဲ၊ ဓမ္မာစရိယတန်း (၁၃၅၁)

**ယခုနေရာ**

ဆင်ဖြူတောင်စာသင်တိုက်၊ သာကေတ။
၁၃၅၅ ခု၊ နယုန်လပြည့်ကျော် (၇)ရက်
၁၁-၆-၉၃ မှ စကာ စာသင်တိုက်ဖွင့်
စာသင်စာချ၊ တရားဟော၊ စာရေးသည်။

## ဆင်ဖြူတောင်ထုတ်ဝေပြီးစာအုပ်များ

၁။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၁) (၂) (၃) (၄) (၅)
၂။ ဂါထာအိတ်ဆောင်
၃။ ပဌာန်းအိတ်ဆောင်
၄။ မိဘကျေးဇူးတရားတော်များ
၅။ မိဘကျေးဇူး+ရွှေစာထူး
၆။ ပါရာဇိကဏ်ပါဠိဝိနိစ္ဆယ
၇။ မန္တမ်းစေသင့်+ပန်းသုံးပွင့်
၈။ အတွေးဖြူဖြူ+ဆေးလှူသူ
၉။ စကားနှစ်ရွှေမှုန်များ
၁၀။ ပူဇော်ဆင်နွှဲ+ပဌာန်းပွဲ
၁၁။ အနှစ်သာရ+စကားလှ အမှတ် (၁) (၂)
၁၂။ ကဗျာချိုချို+စာတိုတိုများ
၁၃။ ကဗျာအိတ်ဆောင်
၁၄။ အပူငြိမ်းအေး+ဖြေဆေးတစ်ခွက်
၁၅။ အဆောင်ကောင်းဂါထာတော်များ
၁၆။ သင့်အတွက်အလင်္ကာ
၁၇။ သင့်အတွက်ဆန်း
၁၈။ အထူးဆောင်ရန်+အဘိဓာန်
၁၉။ သင့်အတွက်ဇာတ်
၂၀။ ဆင်ဖြူတောင်ဝတ်ရွတ်စဉ်နှင့်
ဘဝအတွက်အောင်မြင်ကြီးပွားတိုးတက်ရေးလမ်းညွှန်ချက်များ
၂၁။ သုခချမ်းသာ+မင်္ဂလာတရားတော်များ
၂၂။ ရတနာအစစ်ဝတ်လိုက်စမ်းပါ။
၂၃။ အောင်ရာအောင်ကြောင်း အဆောင်ကောင်းများ (၁) (၂)
၂၄။ ကောင်းလမ်းကိုလျှောက် ကောင်းရာရောက်
၂၅။ အပဒါန်မှ စကားလှများ
၂၆။ ဘဝမစောင်း ကြီးပွားကြောင်း

ရဲရင့်မှုဆောင် + အနိုင်ရောင်

ရဲရဲဆောင်သုံး + ရဲကိုးလုံး

* * * * * * * * *

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲပဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနိုင်ရောင် သဘော။

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၅ )



## အရှင်ဂုဏာနန္ဒ


သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင်တရားတော်များ

## အမှတ် (၅)

အရှင်ဂုဏိန္ဒ
သာသနဓဇဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်
ဖုန်း– ၅၄၀၈၅၈

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဦးဇာနည်ဝင်း ( ညွှန်ကြားရေးမှူး )

၏

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ( ၁၆ ) ရက်

စာအမှတ် – ၁၁၉/၁ (ပုံနှိပ်)/သသန–၀၇

ခွင့်ပြုချက်အရ

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၄၀–လမ်း ( အပေါ် )

သင်္ဂဟပုံနှိပ်တိုက်တွင်

ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စုန္ဒီသုတ္တန်<br>(ဘဝတောင်းရေး + အမေအေဖြ)<br>◆ ရတနာသုံးပါး ပူဇော်ပွဲ၊ သီလပွဲ၊<br>ဒါန, သီလ, ဘာဝနာပွဲမျိုးစုံ တော | ၇ |
| ၂။ | သရဏဂမနီယဝတ္ထုရအပဒါန်<br>(ဒေါ်သကင်းဝေး + ငြိမ်းချမ်းရေး)<br>◆ စေတ္တာအခါတော်နေ့၊ ရတနာသုံးပါးပူဇော်ပွဲ၊<br>ညီညွှတ်ရေးပွဲ တော၊ နေ့ပွဲ, ညပွဲ အစုံတော | ၃၀ |
| ၃။ | ယညသာမိတဝတ္ထုရအပဒါန်<br>(သိဒ်ဖြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်)<br>◆ ရတနာသုံးပါးပူဇော်ပွဲ၊ တော့ရှူးဆပ်ပွဲ၊ ပရဟိတပွဲများ<br>ဒါ, သီ, ဘာ ပွဲမျိုးစုံ နေ့ပွဲ + ညပွဲ အစုံတော | ၅၅ |
| ၄။ | ဝိလိန္ဒဝတ္တုဝတ္ထုရအပဒါန်<br>(လူ နတ် ချစ်ခင် + မြတ်အရှင်)<br>◆ ရတနာသုံးပါးပူဇော်ပွဲ၊ ဒါ, သီ ဘာပွဲ၊<br>နေ့ပွဲ + ညပွဲ အစုံတော | ၇၈ |
| ၅။ | ဉဒယသုတ္တန်<br>(အဖန်ဖန်အခါခါ + ပေးလှူပါ)<br>◆ ဒါ, သီ, ဘာ ပွဲမျိုးစုံတော | ၉၂ |
| ၆။ | ဂိတိသာမိစိသုတ္တန်<br>(တွေးတိုင်း နေ့ည + ကုသိုလ်ရ)<br>◆ ဆွမ်း သင်္ကန်း ကျောင်း ဆေး လှူပွဲတိုင်းပေါ | ၉၇ |
| ၇။ | သုမနာဝေဠိယဝတ္ထုရအပဒါန်<br>(ချစ်ကြ ခင်ကြ + ပူဇော်ကြ)<br>◆ ပန်းပူဇော်ပွဲ၊ မိဘ ဆရာ ပူဇော်ပွဲ တော။ | ၁၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈။ | သယနတ္ထေရအပဒါန<br>(ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင်)<br>* ကျောင်း,သိမ်, ဇရပ် တန်ဆောင်း စသော<br>နေရာလှူပွဲတိုင်း ဟော | ၁၁၈ |
| ၉။ | ဓဇဒါယကတ္ထေရအပဒါန<br>(တံခွန်လှူရ + ကောင်းကျိုးလှ)<br>* ထီး, တံခွန် လှူပွဲ ဟော | ၁၂၁ |
| ၁၀။ | ကေသတ္တိယတ္ထေရအပဒါန<br>(ထီးဖြူဆောင်းရ + သူ့ဘဝ)<br>* ထီးလှူပွဲ၊ ထီးတင်ပွဲ ဟော | ၁၂၄ |
| ၁၁။ | ခဇ္ဇကဒါယကတ္ထေရအပဒါန<br>(လိုရာပြည့်ဝ + ဝမ်းမြောက်ရ)<br>* သစ်သီးလှူပွဲ၊ ခဲဖွယ် (မုန့်လှူပွဲ) ဟော | ၁၂၇ |
| ၁၂။ | ပဋ္ဋဒီပကတ္ထေရအပဒါန<br>(ယူဇနာတစ်ရာ ဝေးသော်လည်း)<br>* ဆီမီးပူဇော်ပွဲ ဟော | ၁၃၀ |
| ၁၃။ | ကေဓမ္မသဝနိယတ္ထေရအပဒါန<br>(မမြဲတစ်ခု + အမြဲရှု)<br>* နာရေးပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း ဟော | ၁၃၄ |
| ၁၄။ | သပရိဝါရာသနတ္ထေရအပဒါန<br>(ကောင်းကျိုးသီးမှာ မလွဲပါ)<br>* ကျောင်း ဆွမ်းလှူပွဲ ဟော | ၁၄၈ |
| ၁၅။ | ဓမ္မရုစိယတ္ထေရအပဒါန<br>(လမ်းမှားကိုလျှောက် လူတစ်ယောက်)<br>* နေ့ပွဲ + ညပွဲ အစုံဟော | ၁၅၈ |
| ၁၆။ | အဓိမုတ္တတ္ထေရအပဒါန<br>(လွှမ်းမိုးဂုဏ်သာ + ဖြစ်လေရာ)<br>* မဏ္ဍပ်လှူပွဲ၊ ဆွမ်းလှူပွဲ၊ ဆွမ်းအောင်ပွဲ ဟော | ၁၇၂ |

## မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁၇။ ဂန္ဓောဒကိယတွေ့ရအပဒါန
(သော်ကကင်းဝေး + ငြိမ်းချမ်းအေး)
* ကဆုန်လပြည့် ဗုဒ္ဓနေ့ ဟော၊ ဗောဓိပင် ပူဇော်ပွဲတိုင်း
ဟော၊ နှံ့သာလှူပွဲ၊ ရေလှူပွဲ ဟော ၁၇၄

၁၈။ အာယာဂဒါယကတွေ့ရအပဒါန
(ကျောင်းလှူဒါန + ကောင်းကျိုးလှ)
* ဆွမ်းစားကျောင်းစသော ကျောင်းလှူပွဲ ဟော ၁၈၂

၁၉။ ပဒသညကတွေ့ရအပဒါန
(ခြေတော်ရာဖူး + ကောင်းကျိုးထူး)
* ခြေတော်ရာ ပူဇော်ပွဲ ဟော ၁၈၈

၂၀။ ကောသနိယ တွေ့ရအပဒါန
(တကယ်ငြိမ်းသွား + မီးသုံးပါး)
* ကဆုန်လပြည့် ဗုဒ္ဓနေ့ဟော၊ ဗောဓိပူဇော်ပွဲ ဟော၊
နေ့ပွဲ ညပွဲ အစုံ ဟော ၁၉၁

၂၁။ ဓာတုပူဇကတွေ့ရအပဒါန
(ဓာတုပူဇာ + မင်္ဂလာ)
* ဓာတ်တော်ပူဇော်ပွဲ ဟော ၂၂၂

၂၂။ အနိစ္စလက္ခဏာဝတ္ထု
(မမြဲတစ်ခု + စွဲမြဲရှု)
* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော ၂၂၉

၂၃။ ဒုက္ခလက္ခဏာဝတ္ထု
(ဆင်းရဲတစ်ခု + စွဲမြဲရှု)
* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော ၂၃၆

၂၄။ အနတ္တလက္ခဏာဝတ္ထု
(စွဲမြဲရှုပါ + မပိုင်တာ)
* နာရေးပွဲတိုင်း ဟော၊ ဝိပဿနာပွဲတိုင်း ဟော ၂၃၉

၂၅။ ပဉ္စသတဘိက္ခုဝတ္ထု
(ပန်းနဲ့ပြိုင်ကာ ကြိုးစားပါ)
* ဝိပဿနာပွဲတိုင်း ဟော ၂၄၃

## အမှာစကား

စာရေးသူသည် မဟာ့ဂန္ထဝင်ထိကအိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ် (၅) ၌ တရားတော်ပိုဒ်ရေ (၂၅) ပုဒ် ရေးသားထားပါသည်။ တရားတော်များကို ရေးသားရာ၌ ကြည့်ရှု မှတ်သား ဟောကြားရာတွင် လွယ်ကူစေရန် စိတ်ရည်သန်ကာ မြန်မာလို ရေးသားလိုက်ပါသည်။

မူရင်းမှီရာ ပါဠိတော်များကို ကျက်မှတ်ဟောကြားလိုသူ ပါဠိပညာရှင်များအတွက် ပါဠိတော်နောက်ဆက်တွဲကို တရားတော် အစဉ်အတိုင်း ဖော်ပြထားပါသည်။ လိုအပ်မည်ထင်သောနေရာ များ၌ ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ များကိုပါ ဖော်ပြထားပါသည်။ စုံစုံလင်လင် သိစေချင်သောကြောင့် ဖြစ်ပါသည်။

ဟောကာပြောကာ သာသနာကို ရှည်ကြာတည်တံ့ မြဲခိုင်ခံ့ အောင် အဆောင်ထူးခြား ဗိုလ်ငါးပါးဖြင့် မနားမနေ တရားအမွေ ခံယူကာ ကြိုးစားဆောင်ရွက်နိုင်ကြပါစေ။

## ကျေးဇူးတင်လွှာ

စာရေးသူ၏ မဟာ့ဂန္ထဝင်ထိကအိတ်ဆောင် အမှတ် (၅)ပါ တရားစာများကို ကွန်ပျူတာစာစီရိုက်ပေးခြင်းဖြင့် မဟာ့ဒါန တရား အလှူပြုလုပ်ပေးသော ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏ သမီး မနန်းချစ်ကြည် တို့အား အထူးအစဉ် ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

အရှင်ဂုဏာနန္ဒ
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ၊ ရန်ကုန်။
၉-၉-၂၀၀၇

# ပဋ္ဌာန်းအိပ်မက် ထူးခြားချက် ကဗျာ

- အိပ်မက်ကဗျာ၊ အိပ်မက်စာတမ်း၊
အိပ်မက်ဆန်းကို ကဗျာဆိုအံ့။

- ဟိုအတိတ်က၊ ညတစ်ညမှာ၊
ဘဂဝါဇိန်၊ အတိအကျဟောဖော်၊
တရားတော်ထူးဆန်း၊ မြတ်ပဌာန်းကို၊
ရှင်လန်းကြည်သာ၊ ရွတ်ပြီးပါလျှင်၊
အိပ်ရာဝင်ခဲ့။

- အိပ်ပင်မကြာ၊ သိပ်ရှင်ပါသည့်၊
ရတနာခေါ်၊ ဆင်ဖြူတော်လှ၊
မြူးခုန်ကပြီး၊ ခြသေ့်ကြီးပါ၊ အနီးမှာရှိ၊
နေတုံ့ဘိသည်၊ ထူးသည့်အိပ်မက်၊
ရက်တစ်ရက်က၊ ညတစ်ည။

- ဆင်ဖြူ ခြသေ့်၊ အိပ်မက်တွေ့၍ (မြင်ခင်တွေ့၍)
ကောင်းပွေ့အတိတ်၊ ကောင်းနိမိတ်ဟု၊
စိတ်ထင်မှုတိုင်း၊ မှန်မဆိုင်းပေ၊
မြို့သာကေမှ၊ ဆင်လှရတနာ၊ အမည်ပါဆောင်၊
ဆင်ဖြူတောင်ခေါ်၊ ကျောင်းတိုက်တော်ကို၊
စိတ်တော်မပန်း၊ ဘဝင်ချမ်းမြ၊ ရှင်လန်းရခဲ့။

* ရတဲ့အခါ၊ ကျောင်းမျက်နှာစာတွင်၊
ဆင်လှရတနာ၊ မြင်ကြစရာကား၊
များပြားစင်စစ်၊ တစ်ရှူ့ရှစ်ပင်၊
* မြတ်သောခြင်္သေ့၊ ရှာကြံတွေ့ပြန့်၊
တိုက်နံရံနှင်၊ ထပ်မံတွေ့လာ၊ ဗီရိမှာပဲ။
* အိပ်မက်ထဲက၊ ဆင်လှအကျော်၊
ဆင်ဖြူတော်နှင့်၊ ခင်ဖော်အနီး၊
ခြင်္သေ့ကြီးဟာ၊ တည်ငြိမ်စွာပင်၊
တွေ့ကာမြင်ရ၊ ချိန်ကာလမှာ၊
သြော်…ထူးစွာဟု၊ အံ့သြပြုမိ။
* ကြီးဘိဆင်နှင့်၊ ခြင်္သေ့ ဆင့်ကာ၊ အိပ်မက်လွှာကြောင့်၊
မှန်စွာမစောင်း၊ ဆင်ဖြူတောင်ကျောင်းရ၊
ပဓာနပဲ၊ အကြီးအကဲဖြစ်ရ၊
တိုက်ဆိုင်လှစွာ၊ ဒီကဗျာနှ၊ စီကာပြုမိ။
* မြတ်သည့်ပဋ္ဌာန်း၊ မြတ်အစွမ်းကြောင့်၊
ထူးဆန်းအိပ်မက်၊ ထူးခြားချက်ကို၊
ကဗျာဆိုလျက်၊ အိပ်မက်ကဗျာ၊
ကြည့်စမ်းပါဟု၊ နိဒါန်းပြုသည်၊
ပဋ္ဌာန်းရွှေစာ အစွမ်းတည်း။

အင်္ဂုတ္တရနိကာယ်၊ ဝဠာတနိပါတ်၊ သုမနဝဂ်၊ စုန္ဒီသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဘဝကောင်းရေး + အမေး အဖြေ

## တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဘဝကောင်းရေး + အမေး အဖြေ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

ဘဝကောင်းရေး အမေး အဖြေ တရားပါဘုရား။

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ဝေဠုဝန်မှာ + စောမြတ်စွာ

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တွေကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

စုန္ဒီရောက်လာ+မေးလျှောက်ရာ

အဲဒီအချိန်မှာ စုန္ဒီမင်းသမီးလေးဟာ ရထား ငါးရာ၊ သတို့သမီး ငါးရာ ခြံရံပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာ ရှိခိုးပြီးတော့ တစ်ခုသောနေရာမှာ ထိုင်နေပါတယ်။

တစ်ခုသောနေရာမှာ ထိုင်နေပြီးတော့ စုန္ဒီမင်းသမီးလေးဟာ မြတ်စွာဘုရားကို ဒီစကားလေး မေးလျှောက်လိုက်ပါတယ်။

### မောင်တော်စုန္ဒ + ပြောပြသည်မှာ

အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ မောင်ဖြစ်တဲ့ စုန္ဒမင်းသားဟာ ဒီလိုပြောဆိုပါတယ် ဘုရား။

"မိန်းမပဲ ဖြစ်ဖြစ်၊ ယောက်ျားပဲဖြစ်ဖြစ် ဘုရား တရား သံဃာကို ကိုးကွယ်

သူ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် သူ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် သူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ် သူ၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ၊ ကုသိုလ်တရားတွေမှာ မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူဟာ သေပြီးတဲ့နောက် ကောင်းတဲ့ သုဂတိ ဘုံဘဝကိုပဲ ရောက်ရပါတယ်။ မကောင်းတဲ့ ဘုံဘဝကို မရောက်ရပါ"လို့ ပြောဆိုပါတယ် ဘုရား။

ဘယ်လိုဗုဒ္ဓ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

အရှင်ဘုရား၊ တပည့်တော် စုန္ဒီ မြတ်စွာဘုရားကို မေးလျှောက်ပါရစေ။

ဘယ်လိုဘုရားမှာ ကြည်ညိုသူဟာ ခန္ဓာကိုယ်ပျက်စီး သေပြီးတဲ့နောက်မှာ ကောင်းတဲ့ဘုံဘဝ ရောက်နိုင်ပါသလဲ။ မကောင်းတဲ့ ဘုံဘဝ မရောက်နိုင်ပါသလဲ လို့ မေးလျှောက်ပါတယ်။

ဒီနေရာလေး လျှောက်ထားတာ ကြည့်လိုက်တော့ နောက်ဘဝကောင်းရေး နောက်ဘဝ၊ ဘဝကောင်းရေး မေးလျှောက်နေတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## အရေးကြီးကာ + မေးလျှောက်တာ

နောက်ဘဝ တစ်ဘဝကောင်းရေး အရေးမကြီးဘူးလား။

(အရေးကြီးပါတယ် ဘုရား)

အေး စုန္ဒီမင်းသမီးလေးက အရေးကြီးလို့ မေးလျှောက်နေတာ ဖြစ်တယ်နော်။ (မှန်လှပါဘုရား)

## နေမထူး သေမထူး

လူ့လောကမှာတော့ လူတွေဟာ နောက်ဘဝရေး မတွေးတဲ့လူ၊ နေမထူး သေမထူးလူတွေ များတယ်နော်။ (မှန်လှပါဘုရား)

နေမထူး သေမထူး လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ဘုန်းကြီးတို့ကတော့ လူ့ဘဝ တစ်ခဏလေး နေရစဉ်မှာလည်း ကုသိုလ်တွေနဲ့ နေပြီးတော့ သေဆုံးတဲ့အခါမှာလည်း ကုသိုလ်တရားတွေနဲ့ သေနိုင်ကာ နေလည်း ထူး၊ သေလည်း ကောင်းတဲ့ဘဝတွေ ရောက်ပြီး ထူးစေချင်ပါတယ်။

ဘယ်လိုဓမ္မကြည်ညိုမှ ဘဝကောင်းရမှာလဲ?

နောက်ပြီးတော့ ဘယ်လိုတရားတော်ကိုကြည်ညိုမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်သလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသံဃာ၊ ကြည်ညိုမှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသံဃာ ကြည်ညိုပါမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

ဘယ်လိုသီလ ဖြည့်ကျင့်မှ ဘဝကောင်းမှာလဲ?

နောက်ပြီးတော့ ဘယ်လိုသီလတွေမှာ ဖြည့်ကျင့် ဆည်းပူးမှ ကောင်းတဲ့ဘဝ ရောက်နိုင်ပါသလဲ? မကောင်းတဲ့ဘဝ မရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

## အမေး လေးပါး + လင်္ကာများ

စုန္ဒီမင်းသမီးလေးရဲ့ အမေး လေးပါး။

ဘယ်နှစ်ပါးတဲ့လဲ? (လေးပါးပါ ဘုရား)

အဲဒီ အမေးလေးပါးကို လင်္ကာလေးတွေ ရေးထားတယ်။ အားလုံး မှတ်မိသွားအောင် လိုက်ဆိုကြပါ။

* ဘယ်လိုဗုဒ္ဓ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုဓမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသံဃာ၊ ကြည်ညိုမှ၊ ဘဝကောင်းရာရောက်မှာလဲ?
* ဘယ်လိုသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောက်မှာလဲ?

## များပြားလှစွာ + သတ္တဝါ

အဲဒီလို စုန္ဒီမင်းသမီးလေးက မေးလျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က–

စုန္ဒီ၊ အခြေမရှိတဲ့သတ္တဝါ၊ အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါ၊ အခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အခြေများစွာရှိတဲ့ သတ္တဝါ၊ ရုပ်ရှိတဲ့ သတ္တဝါ၊ ရုပ်မဲ့တဲ့ သတ္တဝါ၊ သညာရှိတဲ့ သတ္တဝါ၊ သညာမဲ့တဲ့ သတ္တဝါ၊ ရုန့်ရင်းတဲ့သညာကား မရှိ၊ သိမ်မွေ့တဲ့ သညာမရှိသည် မဟုတ်တဲ့ သတ္တဝါရယ်လို့ သတ္တဝါတွေ များစွာရှိတယ်။

## ဗုဒ္ဓမြတ်စွာ+မြတ်ဆုံးပါ

အဲဒီလို များစွာရှိတဲ့သတ္တဝါတွေထဲမှာ ကိလေသာတွေမှ ဝေးကွာတော်မူ

တဲ့ မြတ်စွာဘုရား။ အလုံးစုံသော တရားတွေကို ကိုယ်တိုင် မှန်စွာသိတော်မူတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံး ဖြစ်တော်မူတယ်။

အရဟံ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ ဟာ အမြတ်ဆုံးနော် (မှန်လှပါ ဘုရား)

## ဘုရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ အမြတ်မှာ ကြည်ညိုသူတွေ ဖြစ်တယ်။ အဲဒီလို အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပြည့်ဝတော်မူတဲ့ မြတ်စွာဘုရားမှာ ကြည်ညိုသူတွေဟာ မြင့်မြတ်ကောင်းကျိုး အမျိုးမျိုးတွေ ပွားတိုးရရှိနိုင်တယ်။ ကောင်းတဲ့ဘဝဖွေ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝတွေ မရောက်နိုင်ဘူးလို့ ဟောကြား အဖြေပေးတော်မူတယ်။

## ဘဝကောင်းရ + သာဓက

ဒီနေရာမှာ 'ခင်ပုတ်ငှက် ဝတ္ထု' ကို ပြောပြချင်ပါတယ်။

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဝေဒိသကတောင် ဣန္ဒသာလ လိုဏ်ဂူမှာနေတော်မူပါတယ်။

ခင်ပုတ်ငှက်တစ်ကောင်ဟာ မြတ်စွာဘုရား ရွာထဲကို ဆွမ်းခံကြွတော်မူ တဲ့အခါမှာ လမ်းတစ်ဝက်ထိ သွားရောက်ကြိုဆိုပါတယ်။ ပြန်ကြွတော်မူတဲ့အခါမှာ လည်း လမ်းတစ်ဝက်အထိ လိုက်ပို့ပါတယ်။

အဲဒီခင်ပုတ်ငှက်ဟာ တစ်နေ့တော့ ညနေချမ်းအချိန် ရဟန်းအပေါင်း ခြံရံတော်မူပြီး နေတော်မူတဲ့ မြတ်စွာဘုရားကို တောင်ကနေဆင်းကာ အတောင် နှစ်ဖက် ယှက်ပြီးတော့ ဦးညွှတ်ရှိခိုးနေတယ်။

မြတ်စွာဘုရားဟာ အဲဒီခင်ပုတ်ငှက်ကို ကြည့်ပြီးတော့ ပြုံးတော်မူလိုက်ပါ တယ်။

အရှင်အာနန္ဒာက 'မြတ်စွာဘုရား၊ ဘာ့ကြောင့် ပြုံးတော်မူရပါသလဲ၊ ပြုံးတော်မူခြင်းရဲ့ အကြောင်းကို ဟောပြတော်မူပါ ဘုရား' လို့ လျှောက်ထားတော်မူ ပါတယ်။

ဘုရားရှင်က 'အာနန္ဒာ၊ ဒီခင်ပုတ်ငှက်ကို ကြည့်လိုက်စမ်းပါ။ ဒီခင်ပုတ် ငှက်ဟာ ငါဘုရားနဲ့ သံဃာတော်များကို စိတ်ကြည်ညိုတဲ့ကောင်းမှုကြောင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး အပါယ်လေးပါးလွတ်ပြီးတော့ လူ့နတ်ဘဝမှာပဲ ဖြစ်ရကာ နောင်အခါမှာ သောမနဿအမည်ရတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ရမယ်' လို့ ဟောပြတော် မူပါတယ်။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

ဒီခင်ပုတ်ငှက်ဝတ္တုကို ကြည့်လိုက်တဲ့အခါမှာ ဘုရားကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် အပါယ်လေးပါး လွတ်ရခြင်း၊ လူ နတ်ဘဝ ဖြစ်ရခြင်း၊ ဗုဒ္ဓဘာသာ ဖြစ်ရမယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

ဒီတော့ အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တွေ ပြည့်ဝတော်မူတဲ့ အမြတ်ဆုံး ဗုဒ္ဓကို ကြည်ညိုတဲ့၊ ကြိုဆိုတဲ့၊ ပူဇော်တဲ့ ခင်ပုတ်ငှက်ဟာ အပါယ်လွတ်မြောက် လူ နတ် ဆိုတဲ့ ဘဝကောင်းတွေ ရောက်ရတယ် မဟုတ်လား။

(ရောက်ရပါတယ် ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* အရဟံဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* သမ္မာသမ္ဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။
* မြတ်စွာဗုဒ္ဓ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အပယ်မရောက် + နတ်ပြည်ရောက်

ဘုရားကို ကြည်ညိုကိုးကွယ်ဆည်းကပ်သူတွေဟာ အပါယ်လေး မရောက်တော့ဘူး။ လူ့ခန္ဓာကို ပယ်စွန့်ရတဲ့အခါမှာလည်း နတ်ရွာ၊ လောကဘုံဘဝကောင်းကိုပဲ ရောက်ရတယ်။ (ဒီ ၂- ၂၀၄။ သံ-၁-၂၅)

## တကယ်သိမှတ် + ပီတိမြတ်

ဘုရားလို့ ကြားရတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ပီတိဟာ ဇမ္ဗူဒိပ် ထစ်ကျွန်းလုံးမှာ အစိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်ရတာထက် မြတ်တယ်။

(ဒီ ဋ- ၁၅၄။ ဣတိဝုတ်၊ ဋ၊ ၂၇၁)

## ကောင်းကျိုးဆယ်ဖြာ + ရအံ့သာ

နတ်တို့အရှင် သိကြားမင်း ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းဟာ ကောင်းတယ်။ ဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒီလောကမှာ အချို့သတ္တဝါတွေဟာ သေဆုံးရတဲ့အခါ နတ်ပြည်ကို ရောက်ရမယ်။ နတ်ပြည်ကို ရောက်တဲ့အခါမှာလည်း နတ်၌ဖြစ်တဲ့အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံ၊ အစိုးရခြင်း။

နတ်၌ဖြစ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကောင်းကျိုး ၁၀ မျိုးဟာ အခြားနတ်တွေကို လွှမ်းမိုးနိုင်တယ်။ (အသာရတယ်) ဆိုတဲ့ ဟောကြားချက်တွေ အများကြီးရှိသေးတယ်နော်။ (မှန်လှပါဘုရား) (သံ၊ ပါ၊ ၂၊ ၄၆၇)

## အင်္ဂါရှစ်ပါး + မဂ်တရား

စုန္ဒီ၊ အကြောင်းတရားတွေ ပြုပြင်အပ်တဲ့ သင်္ခတ တရားတွေ ရှိတယ်။ အဲဒီသင်္ခတ တရားတွေထဲမှာတော့ ဖြူစင်သန့်ရှင်း ဖြစ်ပြုကင်းတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဂ်တရားဟာ အမြတ်ဆုံးဖြစ်တယ်။

သင်္ခတ တရားတွေထဲမှာ အမြတ်ဆုံးက ဘာ? (မဂ္ဂင်ရှစ်ပါးပါ ဘုရား)

## မဂ္ဂင်ရှစ်ပါး + မြတ်တရား

အဲဒီမဂ္ဂင်ရှစ်ပါးကတော့-

* သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် (ဆင်းရဲမှန်ကိုသိတာ)၊ ဆင်းရဲကြောင်းအမှန်ကို သိတာ၊ ဆင်းရဲချုပ်ရာ အမှန်ကိုသိတာ၊ ဆင်းရဲချုပ်သို့ရောက်ကြောင်း အမှန်ကို သိတာဖြစ်တယ်။
* သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံ၊ (ကိလေသာ ကာမ၊ ဝတ္ထုကာမတွေမှာ လွတ်မြောက်ရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မဖျက်ဆီးရန် ကြံစည် စိတ်ကူးခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်း ဖြစ်တယ်)
* သမ္မာဝါစာ၊ ကောင်းတဲ့စကားကို ဆိုခြင်း၊ (ဝစီ ဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာ)
* သမ္မာကမ္မန္တ၊ ကောင်းတဲ့အမှုကိုသာ ပြုတာ။ (ကာယ ဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်တာ)
* သမ္မာအာဇီဝ၊ ကောင်းတဲ့အသက်မွေးခြင်း၊ (မကောင်းမှု ဒုစရိုက် ခုနစ်ပါး တို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တာ)
* သမ္မာဝါယမ၊ ကောင်းတဲ့အားထုတ်ခြင်း။ (မဖြစ်သေးတဲ့ အကုသိုလ်တရား တွေကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ရန်၊ မဖြစ် သေးတဲ့ ကုသိုလ်တရားတွေကို အစဉ်အမြဲ ပိုတိုးပွားအောင် အားထုတ်ခြင်း)
* သမ္မာသတိ၊ ကောင်းစွာ မမေ့မလျော့ခြင်း။ (ကိုယ်ကာယ၊ ခံစားမှုဝေဒနာ၊ စိတ်၊ နိဝရဏစသော တရားများ၌ မိမိစိတ်တည်နေစေရန် မမေ့မလျော့ တာ)
* သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ (ပထမ ဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များ ကို ဆိုလိုတယ်)

(မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း (လာ) မှ)

## တရားကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားမှာ ကြည်ညိုသူတွေဟာ အမြတ်ဓမ္မ ကြည်ညိုကြသူတွေ ဖြစ်တယ်။

ဒီနေရာမှာ ကြည်ညိုတယ်ဆိုတာ လိုက်နာ ကျင့်သုံးတာကို ဆိုလိုပါတယ်။

အဲဒီအမြတ်ဓမ္မ ကြည်ညိုကြသူတွေမှာ မြတ်တဲ့ကောင်းကျိုးအမျိုးမျိုးတွေ ပွားတိုးပိုင်ပိုင် ရရှိနိုင်တယ်။ ကောင်းတဲ့ဘဝ ရောက်နိုင်တယ်။ မကောင်းတဲ့ဘဝ တွေ မရောက်တော့ဘူးလို့ ဖြေကြားတော်မူပါတယ်။

## ကောင်းရာရောက်သွား + ဖားနတ်သား

ဒီနေရာမှာ လူတွေအသိများ ထင်ရှားတဲ့ ဖား နတ်သားဝတ္ထုကို ပြောပြ ချင်ပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ရဟန်းအပေါင်း ခြံရံကာ စမ္ပာ ပြည်ကို ဆွမ်းခံရွာပြုပြီးတော့ ဂဂ္ဂရာရေကန်ရဲ့အနီးက ကျောင်းတိုက်ကြီးမှာ သီတင်း သုံးနေထိုင်တော်မူပါတယ်။ (မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ ၆၁၃)

## သတ္တလောက + ကြည့်ရှုရာဝယ်

တစ်နေ့တော့ မြတ်စွာဘုရားဟာ မိုးသောက်ထအခါ ဘုရားတို့ ဓမ္မတာ အတိုင်း မဟာကရုဏာ သမာပတ်ဝင်စားပြီး သမာပတ်မှထကာ သတ္တလောကကို ကြည့်ရှုတော်မူလိုက်ပါတယ်။

အဲဒီလိုကြည့်ရှုလိုက်တော့ 'ဒီနေ့ ငါဘုရား ညနေချမ်းအခါ တရားဟောရင် ဖားငယ်တစ်ကောင်ဟာ ငါဘုရားရဲ့ တရားသံမှာ အာရုံနိမိတ်ရယူနေစဉ် သူ့တစ်ပါး လှံ့လနဲ့ သေပြီးတော့ နတ်ပြည်မှာ ဖြစ်မယ်။ အခြံအရံများစွာနဲ့ ငါဘုရားထံ လူတွေကြည့်နေစဉ်မှာပဲ လာရောက်မယ်။ အဲဒီအစည်းအဝေးမှာ သတ္တဝါတွေ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလိမ့်မယ်'လို့ သိမြင်တော်မူပြီးနောက် နံနက်အခါ စမ္ပာပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူတယ်။ ဆွမ်းကိစ္စပြီးတော့ ကျောင်းတိုကတစ်ဖန် ပြန်ကြွတော်မူလာ တယ်။

ရဟန်းတော်တွေဟာ ဝတ်ပြုကြပြီးတော့ မိမိတို့နေရာ ပြန်သွားကြတယ်။ ဘုရားရှင်တော့ ဂန္ဓကုဋီကျောင်းတော်ဝင်ပြီးတော့ အရဟတ္တဖိုလ် သမာပတ် ချမ်းသာနဲ့ နေ့ပိုင်းအချိန်ကို ကုန်လွန်စေတော်မူတယ်။

## တရားဟောပြ + မြတ်ဗုဒ္ဓ

ညနေချမ်းအခါ ပရိသတ်လေးပါး စုံလင်တော့ မြတ်စွာဘုရားဟာ ဂန္ဓကုဋီကျောင်းတော်မှ ထွက်ပြီး ဂဂ္ဂရာရေကန်ရဲ့အနီးမှာရှိတဲ့ တရားမဏ္ဍပ်ထဲ ဝင်တော်မူကာ ဘုရားနေရာ တရားပလ္လင်မှာ ထိုင်နေတော်မူပြီးတော့ ပရိသတ် လေးပါးကို တရားဟောတော်မူပါ တယ်။

## ဖားငယ်လေးဟာ + တရားနာ

အဲဒီအချိန်မှာ ဖားငယ်လေးတစ်ကောင်ဟာ ရေကန်မှတက်လာပြီးတော့ 'ဒီအသံဟာ ဓမ္မကို ဟောဆိုနေတဲ့ အသံဖြစ်တယ်'လို့ ဓမ္မဆိုတဲ့ အမှတ်သညာနဲ့ တရားသံမှာ အာရုံနိမိတ်ယူလိုက်တယ်။ ပြီးတော့ ပရိသတ်တွေရဲ့နောက်ဆုံးနားက ဝပ်ပြီးတော့ နာယူနေတယ်။

## သညာသိတော့ သိနိုင်တယ်

တိရစ္ဆာန်တွေဟာ လူတွေလို တရားသဘောကို ဝိညာဏ်သိ၊ ပညာအသိမျိုးနဲ့ မသိကြပေမယ့် 'ဒီအသံဟာ တရားသံ၊ ဒီအသံဟာ မတရားသံ၊ ငါတို့ကို နှိပ်စက် ရန်မူမည့်အသံ'လို့ သညာသိကတော့ သိနိုင်ပါတယ်။

## ဟော နာနေတာ + သူမြင်ရှာ

နွားကျောင်းသားလေးတစ်ယောက်ဟာ အဲဒီအရပ်ကို ရောက်လာပြီးတော့ မြတ်စွာဘုရား တရားဟောနေတာ၊ ပရိသတ်များ အေးအေးဆေးဆေး တရားနာနေ တာကို မြင်ရပါတယ်။

## ရှေးဖားဘဝ + သူမြင်ရ

နွားကျောင်းသားလေးရဲ့စိတ်ဟာ ဘုရားနဲ့တရားနာ ပရိသတ်ထံ စိတ်ရောက် သွားပြီး မိမိမှာပါလာတဲ့ တုတ်နှင်တံကို ထောက်ကာ အမှတ်တမဲ့ ရပ်လိုက် တယ်။ သူ့တုတ်နှင်တံဟာ ဖားငယ်လေးရဲ့ဦးခေါင်းမှာ ဖိထောက်မိသွားတယ်။

ဖားငယ်လေးဟာ တရားဆိုတဲ့ သညာနဲ့ သေဆုံးတဲ့ခဏလေးမှာပဲ တာဝတိံသာနတ်ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သားဖြစ်ရတယ်။ အိပ်စက်ရာမှာ နိုးလာတဲ့သူလိုပါပဲ။ တာဝတိံသာနတ်ပြည်မှာ နတ်သမီးတွေ ဝိုင်းရံနေတဲ့ မိမိကိုယ်ကို မြင်ရတော့ 'ငါ ဘယ်ကလာရောက်ကာ ဒီတာဝတိံသာ နတ်ပြည်မှာ ဖြစ်ရသလဲ' လို့ စဉ်းစားလိုက်တဲ့အခါ ရှေးဖားဘဝကို မြင်ရပါတယ်။

## တရားတော်သံ + ကုသိုလ်ကံမြင်

အဲဒီလိုမြင်တဲ့အခါ 'ငါလို ဖားတိရစ္ဆာန်တောင် နတ်ပြည်မှာ ဖြစ်ရသေးတယ်။ ဒီလိုနတ်စည်းစိမ်ကြီးကို ရရှိရသေးတယ်။ ငါဟာ ဘယ်လို ကုသိုလ်ကံကို ပြုခဲ့လေသလဲ'လို့ ဆက်လက်ဆင်ခြင်လိုက်တော့ မြတ်စွာဘုရားရဲ့ တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းမှတစ်ပါး အခြားကုသိုလ်ကံကို မမြင်ရပါဘူး။ (တရားတော်သံမှာ အာရုံနိမိတ်ယူခဲ့ခြင်းဆိုတဲ့ ကုသိုလ်ကံကိုသာ မြင်ရပါတယ်။)

## ဘုရားထံသွား + ဖားနတ်သား

ဖားနတ်သားဟာ မကြာခင်မှာပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂဂ္ဂရာ ရေကန်ဆီ လာရောက်ပြီးတော့ လူတွေကြည့်ရှုနေစဥ်မှာပဲ နတ်သမီးတွေ များစွာခြံရံကာ နတ်ရဲ့အာနုဘော်နဲ့ ဘုရားရှင်ထံ ချဥ်းကပ်လိုက်ပါတယ်။ ချဥ်းကပ်ပြီးတော့ မြတ်စွာဘုရားရဲ့ခြေတော်တို့ကို ဦးဖြင့်တိုက်ကာ လက်အုပ်ချီမိုး ရှိခိုး ရပ်တည်နေပါတယ်။

## လူတွေသိရေး + ဘုရားမေး

မြတ်စွာဘုရားက ဖားနတ်သားဆိုတာ သိပါတယ်။ လူတွေသိအောင်၊ ကံကံရဲ့အကျိုးကို နားလည်သဘောပေါက်အောင် ဘုရားရှင်တို့ရဲ့ တန်ခိုးအာနုဘော်ကို သိအောင် သိသိကြီးနဲ့ပဲ အောက်ပါအတိုင်း မေးတော်မူလိုက်ပါတယ်။

## ရှိခိုးကြည်ဖြူ + သင်ဘယ်သူ

နတ်တွေရဲ့တန်ခိုးနဲ့ နတ်သမီးတွေအများကြီး ခြံရံကာ ထွန်းလင်းတောက်ပြောင်ပြီး အရပ်မျက်နှာ အသီးသီးတို့ကို နစ်သက်ဖွယ် တကယ်ကောင်းအောင် တောက်ပြောင်နေတဲ့ ပကတိအဆင်းအရောင်နဲ့ ထွန်းလင်းတောက်ပလျက် ငါဘုရားရဲ့ ရွှေကြာပဒုံ ခြေတော်အစုံတို့ကို ရှိခိုးနေသူကား နတ်လား၊ လူလား ဘယ်သူလဲလို့ မေးတော်မူလိုက်ပါတယ်။

## ပြည့်စုံလျှောက်ထား + ဖားနတ်သား

ဖားနတ်သားလေးကလည်း ပြည့်စုံစွာ အောက်ပါအတိုင်း လျှောက်ထား လိုက်ပါတယ်။

## တရားနာစဥ် + သေပွဲဝင်

မြတ်စွာဘုရား၊ တပည့်တော်ဟာ ရှေးဘဝက ရေထဲမှာ ကျက်စားလေ့ရှိ

တဲ့ ရေမှာပေါက်ပွား ဖားသူငယ်လေး ဖြစ်ခဲ့ပါတယ်။ တရားဟောဖော် ရှင်တော်ဘုရားရဲ့ တရားတော်ကို တရားတော်သံ ကမ္မနိမိတ် စိတ်၌စွဲထင် နာယူစဥ်မှာပဲ နွားကျောင်းသားဟာ တပည့်တော်ကို နှင်တံဖြင့်ထောက် အသက်ပျောက်စေခဲ့ပါတယ် ဘုရား။

## ဆင်ခြင်သမှု + ကြည့်ရှုတော်မူပါ

မြတ်စွာဘုရား၊ ဖားနတ်သားခေါ် တပည့်တော်ရဲ့ အချိန်မကြာလှ တစ်ခဏမျှလေးမှာပဲ ဘုရားဟောဖော်၊ တရားတော်၌၊ ကော်ရော်ရွှန်းစို၊ ကြည်ညိုတဲ့ သဒ္ဓါတရားကြောင့် ပြည့်စုံရိပ်ငြိမ်၊ နတ်စည်းစိမ်နဲ့ ထွန်းထိန်များလျှံ အခြံအရံတွေကို ဆင်ခြင်သမှု၊ ကြည့်ရှုတော်မူပါ ဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ လိုရာအဆင်း ပြည့်စုံခြင်းအစရှိတဲ့ နတ်တွေရဲ့သုံးဆောင်ဖွယ် အသွယ်သွယ်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါဘုရား။ ဖားနတ်သားခေါ် တပည့်တော်ရဲ့ ကိုယ်ရေအဆင်း ပြည့်စုံခြင်းနဲ့ ထွန်းလင်းထိန်ပြောက် ဆယ်နှစ်ယူဇနာတိုင်အောင် ပြန့်နှံ့တဲ့ ကိုယ်ရောင်ကိုလည်း ဆင်ခြင်သမှု ကြည့်ရှုတော်မူပါ ဘုရား။

## ပျော်ပျော်ရွှေ့ည + နာကြားကြရ

ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၊ ဘုန်းကံကြီးသူ များရှင်လူတွေဟာ ရှည့်မြင့်လှစွာ အခါပတ်လုံး ရှင်တော်ဘုရားရဲ့ ဟောကြားမိန့်ဖော် တရားတော်ကို ပျော်ပျော် ရွှေ့ည နာကြားကြပါပြီ။

## စိုးရိမ်ခပ်သိမ်း + ကင်းငြိမ်းမှာပါ

ဘုန်းကံကြီးသူ များရှင်လူတွေဟာ အေးရာအမှန် မြတ်နိဗ္ဗာန်ကို အမှန်အံ့လောက် မဂ်ပညာ အစွမ်းပေါက်ကာ ရောက်ရတဲ့အခါမှာ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြရမှာ မလွဲပါဘူး။

## နိဗ္ဗာန်ရောက်မှာ + မလွဲပါ

ဘုန်းကံကြီးသူ ရှင်လူများစွာ သတ္တဝါတွေဟာ မတုန်လှုပ်မှန်၊ မဖောက်ပြန်မြတ်၊ နိဗ္ဗာန်အရပ်သို့၊ မပြတ်မဂ္ဂ၊ ပညာလှဖြင့်၊ မုချရောက်မှာ၊ မလွဲပါဟု ဂါထာစုနဲ့ လျှောက်တင်ပြုတယ်။

## သစ္စာသိမြင် + ကျွတ်တမ်းဝင်

မြတ်စွာဘုရားက ဖားနတ်သားနဲ့ ရောက်လာတဲ့ ပရိသတ်ရဲ့ ရှေးကုသိုလ်ရင်း

ပြည့်စုံခြင်းကို ကြည့်၍ ဆင်ခြင်တော်မူကာ သင့်တော်တဲ့ တရားဒေသနာ အကျယ်ကို ဟောပြတဲ့အခါမှာ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင်တို့ဟာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပါတယ်။

## နတ်ပြည်ပြန်သွား + ဖားနတ်သား

ဖားနတ်သားလည်း သောတာပတ္တိဖိုလ်တည်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော်များကို ရှိခိုးပြီး နတ်သမီးတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်စရာ

ဖားနတ်သားလေးရဲ့ နတ်ပြည်ကို ပြန်ရတဲ့ အပြန်လမ်းဟာ သောတာပတ္တိ ဖိုလ်နဲ့ ပြန်ရတာဆိုတော့ အပါယ်လေးပါး လွတ်ပြီဖြစ်တဲ့အတွက် ပျော်စရာကောင်း တဲ့ အပြန်လမ်းလေး ဖြစ်သွားပါတယ်။

## အပြန်လမ်းမှာ + ပျော်နိုင်ပါစေ

အပြန်လမ်းဟာ တကယ်အရေးကြီးပါတယ်။ အနည်းဆုံး အပါယ်လေး လွတ်အောင် သောတာပတ္တိ မဂ်၊ ဖိုလ်ရပြီးတော့ ပြန်နိုင်အောင် ကြိုးစားသင့်ပါ တယ်။

အပြန်လမ်းမှာ ပျော်နိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။

## အပါယ်လွတ်မြောက် + ကောင်းရာရောက်

ဒီဖားနတ်သားဝတ္ထုကို ကြည့်လိုက်တဲ့အခါမှာ တရားတော်ကို ကြည်ညိုတဲ့ ကောင်းမှုကြောင့် (သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားတွေကို ကြည်ညို တဲ့ ကောင်းမှုကြောင့်) အပါယ်လွတ်မြောက် တာဝတိံသာ နတ်ပြည်ရောက်ရ တယ်ဆိုတဲ့ ကောင်းကျိုးတွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* တရားဝမ္မ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္မ၊ ကြည်ညိုမှု၊ ဘဝကောင်းရာရောက်မှာပဲ။
* မဂ္ဂင်ဝမ္မ၊ ကျင့်သုံးမှု ဘဝကောင်းရာရောက်မှာပဲ။

## နိဗ္ဗာန်အေးမြ + ဝိရာဂ

နောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က စုန္ဒီ၊ ပြုပြင်အပ်တဲ့ သခ်တ

တရား၊ မပြုပြင်အပ်တဲ့ အသင်္ခတ တရားဆိုတဲ့ တရားတွေထဲမှာတော့ ယစ်ခြင်း ကင်းရာ၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၊ တောင့်တခြင်း အာသာကို ပယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာ ကုန်ရာ၊ မတပ်မက်ရာ၊ ဆင်းရဲခပ်သိမ်း ချုပ်ရာ၊ အေး ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားဟာ အမြတ်ဆုံး ဖြစ်တယ်။

စုန္ဒီ၊ နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ အမြတ်ကို ကြည် ညိုသူတွေ ဖြစ်တယ်။

အဲဒီနိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေမှာ မြတ်တဲ့ကောင်းကျိုး အမျိုးမျိုး ပိုင်ပိုင်ရရှိနိုင်တယ်လို့ ဟောကြား အဖြေပေးတော်မူတယ်။

## နိဗ္ဗာန်ရလို + တောင်းဆုဆို

ဒီနေ့ တရားဟော တရားနာရတဲ့ ကောင်းမှုတွေကြောင့် နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားကို ပိုင်ဆိုင်ရရှိရပါ လို၏လို့ ဆုတောင်းရမယ်နော်။

(မှန်လှပါ ဘုရား)

ဘာဆုတောင်းမလဲ?

(နိဗ္ဗာန်ဆုပါ ဘုရား)

## နိဗ္ဗာန်အကြောင်း + သိကောင်းစရာ

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နည်းနည်းလေး ပြောကြရအောင်။

နိဗ္ဗာန်ဆိုတာ လောကုတ္တရာလို့ဆိုအပ်တဲ့ လေးပါးသော မဂ်ဉာဏ်နဲ့ မျက် မှောက်ပြုထိုက်တဲ့ တရားဖြစ်တယ်တဲ့။

ဒီနေရာလေးမှာ **မေးချင်** တာကတော့ တရားဟော ဘုန်းကြီးရော၊ ဒကာ၊ ဒကာမတွေရော မဂ်ဉာဏ် လေးပါး ရပြီးပြီလား?

(မရသေးပါ ဘုရား)

## ရယ်ချင်စရာ + ကောင်းလိုက်တာ

မရသေးဘဲနဲ့ ဟောရ ပြောရတာဆိုတော့ မှန်းဆပြီး ပြော ဟောရတာပါပဲ။ တစ်ခါတစ်လေတော့လည်း မှန်းဆပြီးတော့ ပြောဟောရတာကို မရောက်ဖူးတဲ့ အရပ်ဒေသအကြောင်း ရမ်းပြီးပြောနေရသလိုပဲ ခံစားရတယ်။ ဆားမပါတဲ့ ဟင်းလျာ စားရသလို ပေါ့တော့တော့ကြီးပါလားလို့ ခံစားရတယ်။ အားမလို အားမရဖြစ်ပြီး ရယ်ချင်စိတ်များလည်း ပေါက်မိပါတယ်။ မရသေး မရောက်သေး ဘဲနဲ့ ပြော ဟောနေတာ ရယ်ချင်စရာ ကောင်းလိုက်တာလို့လည်း ကောက်ချက်ချ မိပါတယ်။

## နိဗ္ဗာန်မေးတာ + မဖြေပါ

တစ်ခါတုန်းက နာမည်ကြီး တရားဟောဆရာတော်ကြီးကို ဒကာကြီး တစ်ယောက်က နိဗ္ဗာန်အကြောင်း မေးလျှောက်ပါတယ်။ အဲဒီလို မေးလျှောက်တော့ ဆရာတော်ကြီးက နိဗ္ဗာန်အကြောင်းကို မဖြေပါဘူး။

ပရိသတ်ရေ ဆရာတော်ကြီး ဖြေရဲ့လား။

(မဖြေပါ ဘုရား)

ဒကာ ဒကာမတွေလည်း နိဗ္ဗာန်အကြောင်း ဘုန်းကြီးကို မမေးနဲ့ မေး လည်း မဖြေဘူးနော်။

(အားလုံး ရယ်ကြ)

အဲဒီဆရာတော်ကြီးက မဖြေဘဲ မေးတဲ့ဒကာကြီးကို 'ဒကာကြီး၊ နိဗ္ဗာန် ရောက်ဖူးသလား' တဲ့။ ဆရာတော်ကြီးက ပြန်မေးလိုက်တာနော်။

(မှန်လှပါ ဘုရား)

အဲဒီလိုမေးလိုက်တော့ ဒကာကြီးက 'မရောက်ဖူးပါ ဘုရား' လို့ အဖြေပေး တယ်။

အဲဒီလိုအဖြေပေးတော့ ဆရာတော်ကြီးက 'ဒကာကြီး၊ ဘုန်းကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး၊ ဒကာကြီးလည်း နိဗ္ဗာန်ကို မရောက်ဖူးဘူး။ အဲဒီတော့ မရောက်ဖူးတဲ့သူအချင်းချင်း ပြောဟောနေတာ ထူးမှာမဟုတ်ဘူး။ ဘုန်းကြီးကော ဒကာကြီးကော နိဗ္ဗာန်အတူရောက်မှ အဲဒီနိဗ္ဗာန်အကြောင်း ပြောကြတာပေါ့တဲ့။

(အားလုံး ရယ်ကြ)

ကဲ– ဒကာ ဒကာမတွေ ဘယ့်နှယ်လဲ၊ ဘယ်လိုလဲ? မရောက်ဖူးတဲ့သူ အချင်းချင်း ပြောဟောနေရင် ဘာတဲ့လဲ? (မထူးပါ ဘုရား)

အဲဒီတော့ အဲဒီနိဗ္ဗာန်အကြောင်းကို ဘုန်းကြီးနဲ့ ဒကာ ဒကာမတွေ အတူတူရောက်မှ အတူတူပြောကြတာပေါ့။ (အားလုံး ရယ်ကြ)

## နိဗ္ဗာန်ခေါ်တာ + ဒီလိုပါ

နိဗ္ဗာန်ဆိုတာ မဂ် ဖိုလ်တရားတွေရဲ့ အာရုံဖြစ်တယ်တဲ့။ ဝါနလို့ခေါ်ဆိုတဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်လို့ ခေါ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လောကုတ်ဆိုအပ်၊ လေးမဂ်မြတ်၊ သီအပ်တရားတော်။

* မဂ်ပိုင်ဓမ္မ၊ အာရုံလှ၊ မှတ်ကြဖြစ်တယ်နော်။

* ဝါနတဏှာ၊ ထွက်မြောက်ရာ၊ မှတ်ပါနိဗ္ဗာန်ခေါ်။

## အပျင်းဖြေရေး + ဟာသလေး

ကဲ– ထားပါတော့။ စောစောက ရယ်စရာဟာသလေးတွေနဲ့ ရောနှောပြီး တော့ အပျင်းပြေအောင် ပြော ဟောလိုက်တာပါ။ ဘယ်လိုဟော?

(အပျင်းပြေအောင် ဟောလိုက်တာပါ ဘုရား)

အပျင်းပြေအောင် ဟုတ်လား?

(အားလုံး ရယ်ကြ)

ဩော်– ဒကာ ဒကာမတွေက ဘုန်းကြီးရဲ့တရားကို အပျင်းပြေ သဘော ထားပြီး နာနေကြတာကိုး။

(အားလုံး ရယ်ကြ)

## နိဗ္ဗာန်အေးမှာ + တွေးမိတာ

ကဲ– ထားပါတော့၊ နိဗ္ဗာန်ကို မရသေး မရောက်သေးပေမယ့်လည်း နိဗ္ဗာန် ဆိုတဲ့ အသံလေး ကြားလိုက်ရရင်ပဲ ရင်ထဲမှာ အစဉ်အမြဲ အေးသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဘုန်းကြီး စဉ်းစားမိတယ်။ ကြားရုံတာတောင် ဒီလောက်အေးရင် ရများရရင် ဘယ်လောက်အေးမလဲလို့ (ပြောမပြတတ်အောင် အေးမှာပဲလို့) တွေး မိပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* နိဗ္ဗာန်အသံ၊ ကြားရပြန်၊ အမှန်ရင်အေးပြီ။

* နိဗ္ဗာန်ရပြန်၊ အေးချမ်းဟန်၊ အမှန်ရင်တွေးပြီ။

## အကောင်းဆုံးဘဝ + နိဗ္ဗာန်ရ

နိဗ္ဗာန်ဆိုတဲ့ ဝိရာဂတရားမှာ ကြည်ညိုသူတွေဟာ တကယ်အမြတ် ကြည် ညိုသူတွေ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

နိဗ္ဗာန်ကို ကြည်ညိုသူ၊ နိဗ္ဗာန်ကို ရရောက်သူတွေရဲ့ ဘဝဟာ အမြတ်ဆုံး ဘဝ၊ အကောင်းဆုံးဘဝ၊ ဘဝကောင်းဖြစ်သွားတယ်။ ဆင်းရဲငြိမ်းအေးခြင်း အမြတ်ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အကောင်းဆုံး ဘဝပိုင်ရှင်ဖြစ်အောင် ဘာလုပ်ရမလဲ?

(နိဗ္ဗာန်ရောက်အောင် ကြိုးစားရမှာပါ ဘုရား)

ဘုရားဟောထားခဲ့တဲ့ တရားတော်တွေ များများသိအောင် လုပ်ရမယ်။ တရားတွေ များများနာကြားရမယ်။ တရားတွေ များများကျင့်ရမယ်။ ဒီလိုမဟုတ်လား?

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ကြည်ညိုမှ၊ ဘဝမြတ်မှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝကောင်းမှာပဲ။
* နိဗ္ဗာန်ဝမ္မ၊ ရရှိမှ၊ ဘဝမြတ်မှာပဲ။

## သံဃာ ဂိုဏ်းမှာ + မြတ်သံဃာ

စုန္ဒီ၊ ပုဂ္ဂိုလ်သတ္တဝါ အပေါင်းအစု သံဃာ၊ ပုဂ္ဂိုလ်သတ္တဝါ အသင်းအဖွဲ့ ဂိုဏ်းတွေ ရှိကြတယ်။ အဲဒီ သံဃာ၊ ဂိုဏ်းတွေထဲမှာတော့ မြတ်စွာဘုရားရဲ့ တပည့် အရိယာသံဃာတော်ဟာ အမြတ်ဆုံးဖြစ်တယ်။

## ရှစ်ပါးအရိယာ + မြတ်သံဃာ

အဲဒီအရိယာသံဃာတော်ဆိုတာ သူ့မဂ် သူ့ဖိုလ် စုံတွဲဆိုရင် အစုံအားဖြင့် လေးစုံ၊ သူ့မဂ်သူ့ဖိုလ် တွဲဆိုမထား တစ်သီးတခြားစီအားဖြင့် ရှစ်ပါးသော ယောက်ျား မြတ်တွေပဲ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ တွဲလျက်လေးပါး၊ ခွဲထား ရှစ်ဖော် အဲဒီအရိယာသံဃာ တော်ဟာ–

* လေးစားကြည်ဖြူ၊ အဝေးမှပင် ဆောင်ယူ၍ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို ခံယူ တော်မူထိုက်တယ်။
* ဝေးနယ်ရပ်ခြား၊ ဧည့်သည်များအတွက် သီးခြားစီမံထားတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* တမလွန်အကျိုးကို မျှော်ကိုး ယုံကြည်ပြီးတော့ ပေးလှူတဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်တယ်။
* လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တယ်။
* သတ္တဝါအပေါင်းရဲ့ ကောင်းမှုပြုရန်အတွက် အမြတ်ဆုံး လယ်ယာမြေ ကောင်းကြီး ဖြစ်တယ်။

## အမြတ်ကြည်ညို + ကောင်းရာကိုရောက်

စုန္ဒီ၊ အရိယာသံဃာတော်မှာ ကြည်ညိုကြသူတွေဟာ အမြတ်ကြည်ညိုသူတွေ ဖြစ်တယ်။ အမြတ်ကြည်ညိုသူတွေမှာ မြင့်မြတ်တဲ့ကောင်းကျိုးတွေ ရမယ်။ ဘဝကောင်းတွေပဲ ရောက်မယ်။ မကောင်းတဲ့ဘဝကို မရောက်တော့ဘူးလို့ ဟောကြားတော်မူတယ်။

## ရာဇဂြိုဟ်မြို့သူ + ဆွမ်းပင့်လှူ

ဒီနေရာမှာ ဒါယိကာမလေးတစ်ယောက် အကြောင်းကို ပြောပြချင်ပါတယ်။ သူကတော့ သဒ္ဓါတရားကောင်းတဲ့ ရာဇဂြိုဟ်မြို့သူလေးပါ။ တစ်နေ့ ရဟန္တာ အရှင်မြတ်တစ်ပါး ဆွမ်းခံကြွတော်မူတာကို မြင်တွေ့ရတော့ ကြည်ညိုပြီး သူ့ရဲ့ အိမ်ထဲကို ပင့်ပြီးတော့ ဆွမ်းလှူလိုက်ပါတယ်။ (ဝိမာန၊ ပါဠိ၊ ၃၂၊ ၄၊ ၁၀၈)

## နတ်ပြည်ရောက်ရ + သူ့ဘဝ

သူဟာ သေဆုံးတဲ့အခါမှာ ရဟန္တာဖူးမြင်ရတဲ့ ကုသိုလ်၊ ဆွမ်းလှူရတဲ့ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

ဆွမ်းဒါယိကာမလေးဟာ အပါယ်လွတ်မြောက် နတ်ပြည်ကို ရောက်ရတာဟာ အမြတ်ဆုံး အရိယာကို ကြည်ညိုလို့ နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* အရိယာသံဃ၊ ကြည်ညိုမှု၊ ဘဝကောင်းရာ ရောက်မှာပဲ။

* အရိယာသံဃ၊ လှူဒါန၊ ဘဝကောင်းရာ ရောက်မှာပဲ။

## အမြတ်သီလ + ဖြည့်ကျင့်ကြ

စုန္ဒီ၊ ရှိရှိသမျှ သီလတွေထဲမှာ မကျိုးမပေါက် မပြောက်မကျား တဏှာကျွန်မှ လွတ်သွားစေတတ်၊ ပညာရှိတွေ ချီးမွမ်းအပ်တဲ့၊ မှားသောအားဖြင့် မသုံးသပ်အပ်တဲ့ သမာဓိဖြစ်စေတတ်တဲ့ အရိယာတွေ နှစ်သက်တော်မူတဲ့ မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေဟာ အမြတ်ဆုံး သီလတွေပဲ ဖြစ်တယ်။

စုန္ဒီ၊ အဲဒီအရိယာတွေ နှစ်သက်တော်မူတဲ့ ငါးပါးသီလ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ်ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ဖြည့်ကျင့်နေသူတွေဟာ အမြတ်ဆုံးသီလမှာ ဖြည့်ကျင့်နေသူတွေ ဖြစ်တယ်။

## အရိယာကန္တ + ငါးသီလ

ဒီနေရာမှာ မှတ်စရာက အရိယာတွေ နှစ်သက်တဲ့ သီလဆိုတာ ၅ ပါး သီလနော်။

(မှန်လှပါ ဘုရား)

ဘာသီလတဲ့လဲ?

(ငါးပါး သီလပါ ဘုရား)

အရိယာတွေဟာ ဘဝပြောင်းသွားတာတောင်မှ အဲဒီ ၅ ပါးသီလကို မစွန့်ဘူးတဲ့။

## မဂ်ဖိုလ်သီလ + ထပ်မှတ်ကြ

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ ဒီသီလနေရာမှာ တကယ်လိုအပ်တဲ့ တကယ်ယူရတဲ့ သီလကတော့ မဂ် ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ သီလတွေကို ယူရမယ်လို့ မှတ်ရ မယ်နော်။

(မှန်လှပါ ဘုရား) (အံ၊ ၄၊ ၂၊ ၁၇) (အံ၊ ၄၊ ၃၊ ၁၅)

## မကောင်း ကျောင်းပို့

ဒီနေရာမှာ အရက်သောက်တတ်တဲ့ ဒကာလေးတစ်ယောက်အကြောင်း ပြောဦးမယ်။

အဲဒီဒကာလေးကို သူ့မိဘတွေက ပြောဆိုမရလို့ ဘုန်းကြီးကျောင်းမှာ ရဟန်းခဏဝတ်ပေးပါတယ်။

မိဘတွေက အရက်သေစာ မသောက်ဖို့ ဆုံးမပေးပါလို့လည်း လျှောက် ပါတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း သား သမီးတွေ ပြောဆိုမကောင်း ရင် ကိုးကွယ်ကြည်ညိုတဲ့ ဘုန်းကြီးတွေပဲ အပ်တော့တာပဲ။ ဒါကြောင့်ပဲထင်ပါရဲ့။ ဘာတဲ့လဲ၊ မကောင်း? (ကျောင်းပို့ပါ ဘုရား)

## အရိယာတွေ + မကြိုက်ပေမယ့်

အဲဒီဒကာလေး ရဟန်းခဏဝတ်နေစဉ်မှာ တစ်နေ့ ဘုန်းကြီးက အရိယာ သူတော်ကောင်းတွေ မကြိုက်တဲ့ သေရည်သေရက်သောက်တာ မကောင်းဘူးကွ၊ အဲဒီသေရည် သေရက်သောက်တာ မသောက်တော့ပါလို့ ဂတိပေး ငါ့ကို လျှော့ပါကွာ လို့ ဘုန်းကြီးက အလှူခံပါတယ်။

အဲဒီဒကာလေးက 'တပည့်တော် မလှူနိုင်ဘူးဘုရား'လို့ လျှောက်တယ်။ ဘုန်းကြီးက 'ဘာပြုလို့တုံးကွ ပြောစမ်းပါဦး'လို့ မေးတော့ 'ဆရာတော်၊ အရိယာသူတော်ကောင်းတွေသာ မကြိုက်တာ၊ တပည့်တော်က ကြိုက်နေလို့ပါ ဘုရား' တဲ့။

(အားလုံး ရယ်ကြ)

သူပြောတာလည်း မှန်တာပဲနော်။

(အားလုံးရယ်ကြ)

## ကောင်းမှန်း မသိလို့ပါ

ရွာတစ်ရွာမှာလည်း တအားသောက်တတ်တဲ့ သားလေးကို သူ့ဖခင်က မင်းဟာ တော်တော်ဆိုးတယ်။ ခွေးတောင် မသောက်တဲ့အရည်တွေကို မင်းသောက်နေတယ်လို့ ပြောတော့ သူ့သားက ဘာပြန်ပြောတယ် မှတ်လဲ။ အဖေတဲ့၊ ခွေးက ကောင်းမှန်းမသိလို့ပါတဲ့။

(အားလုံး ရယ်ကြ)

ဟုတ်လား။ ရှေ့က ဒကာကြီးတွေ?

(အားလုံး ရယ်ကြ)

## ဘီယာမလေးတွေ

တစ်ခါလည်း ကျောင်းအလှူလာလုပ်တဲ့ ဒကာ ဒကာမတွေကို ခုခေတ်စားနေတဲ့ ဘီယာဆိုတာ ဘယ်လိုဟာလဲ၊ တော်တော်မူးစေသလားလို့ မေးလိုက်တော့ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ဦးက မမူးပါဘူး ဘုန်းဘုန်းရယ်၊ တပည့်တော်တို့တောင် သောက်နိုင်တယ်တဲ့။

(အားလုံး ရယ်ကြ)

အင်း– ကလေးမလေးတွေလည်း ဘီယာမလေးတွေ ဖြစ်နေပြီနော်။

(အားလုံး ရယ်ကြ)

## မြင့်မြတ်ကောင်းရာ + ရောက်ရမှာ

ကဲ– ထားပါတော့၊ အရိယာတွေ နှစ်သက်တဲ့ ငါးပါးသီလ၊ အရိယာတွေ နှစ်သက်တဲ့ မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်နေသူတွေမှာ ခုနောင်ဘဝ မြင့်မြတ်လှတဲ့ ကောင်းကျိုးတွေကို ရရှိမယ်။ ကောင်းတဲ့ဘဝပဲ ရောက်မယ်။ မကောင်းတဲ့ဘဝတွေကို မရောက်တော့ဘူးနော်။

(မှန်လှပါ ဘုရား)

## အရှင်နိုသဘထံ + သီလခံယူ

ဒီနေရာမှာ ပဥ္စသီလသမာဒါနိယ (ငါးပါးသီလ မထေရ်အကြောင်းကို အကျဉ်းချုပ် ပြောချင်ပါသေး တယ်။ (အပဒါန၊ ပါဠိ၊ ၁၊ ၈၄)

သူဟာ အနော်မဒဿီဘုရားလက်ထက်မှာ ဆင်းရဲသားလေး ဖြစ်ခဲ့ပါတယ်။ လှူစရာမရှိတဲ့အတွက် ငါးပါးသီလကို လုံခြုံအောင် စောင့်ရရင် ကောင်းမယ်လို့ စိတ်ကူးပြီးတော့ အနောမဒဿီ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သူ အရှင်နိသဘထံမှာ ငါးပါးသီလ ခံယူဆောက်တည်ပါတယ်။

အဲဒီတုန်းက အသက်တန်းဟာ အနှစ်တစ်သိန်းတန်း ဖြစ်ပါတယ်။ သူဟာ အနှစ်တစ်သိန်း ကာလပတ်လုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါတယ်။

## ငါးပါးသီလ + အမှတ်ရ

သေခါနီးမှာ နတ်တွေက သူ့ကို သတိပေးကာ သက်သာရာရစေပါတယ်။ အဲဒီနတ်တွေရဲ့ သတိပေးမှု၊ သက်သာရာရစေမှုကြောင့် သေခါနီးမှာ ငါးပါးသီလကို အောက်မေ့အမှတ်ရလိုက်ပါတယ်။ သေခါနီးဆိုတာ အရေးကြီးပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု ပြုလုပ်ပြီးတာတွေကို အနားကနေပြီး သတိပေးပြော ကြားတတ်ဖို့ လိုပါတယ်။ လူနာရဲ့အခြေအနေ မကောင်းတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမယ့်အစား လူနာ ဘဝကူးကောင်းအောင် (လူနာသေပြီးရင် လူ နတ် ဆိုတဲ့ ဘဝကောင်းရောက်အောင် သရဏဂုံသုံးပါး၊ ပရိတ်၊ ပဋ္ဌာန်းစသည် ရွတ်ဖတ်ပေးတာ၊ ကုသိုလ်ကောင်းမှုတွေ ပြောပြသတိပေးတာတွေဟာ တကယ် လုပ်ပေးသင့်တဲ့ အလုပ်တွေပါပဲ။

## တာဝတိံသာ + ရောက်ရရှာ

သူဟာ သူကိုယ်တိုင် ကောင်းစွာဆောက်တည် ပြုလုပ်ခဲ့တဲ့ ငါးပါးသီလ ကောင်းမှုကြောင့် သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ပါတယ်။

## နတ်မင်း စကြာ + ကြိမ်များစွာ

နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် (၃၀)၊ စကြဝတေးမင်း (၇၅) ကြိမ် ဖြစ်ရပါတယ်။ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရပါတယ်။

## ကြွယ်ဝချမ်းသာ + အမျိုးမှာ

နတ်ပြည်က စုတေတဲ့အခါမှာတော့ ဝေသာလီပြည်မှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ အမျိုးမှာ လာဖြစ်ရပါတယ်။

## တစ်ထိုင်တည်းမှာ + ရဟန္တာ

ဒီဘုရားလက်ထက်မှာ ဝါဆိုချိန်နီးတော့ သူမိဘတွေဟာ ငါးပါးသီလ ဆောက်တည်ကြတယ်။ အဲဒီသီလကထာကို ကြားရတာနဲ့တစ်ပြိုင်နက် မိမိရဲ့သီလ ကို အမှတ်ရလိုက်တယ်။ တစ်ထိုင်တည်းပဲ ရဟန္တာ ဖြစ်သွားပါတယ်။

## ငါးနှစ်သားလေး + ရဟန်းပြုပေး

ငါးနှစ်သားလေးနဲ့ ရဟန္တာဖြစ်သွားပါတယ်။ မြတ်စွာဘုရားက သူ့ကို ရဟန်း ပြုပေးတော်မူပါတယ်။

## ငါးပါးသီလ + စောင့်ရှောက်ရကျိုး အမျိုးမျိုး

ငါးပါးသီလကုသိုလ်ကြောင့် အပါယ်လေးပါးကို မရောက်ရပါဘူး။ လူ နတ် စည်းစိမ် အခြံအရံအမျိုးမျိုးကို ခံစားရပါတယ်။ **အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာ ပေါ်များခြင်း၊ ပညာထက်မြက်ကြီးမားခြင်း**ဆိုတဲ့ ကောင်းကျိုးတွေလည်း ထူးထူး ခြားခြား ရရှိပါတယ်။ အနှောင်အဖွဲ့အားလုံးကလည်း လွတ်မြောက်ရပါတယ်တဲ့။

ဒီငါးပါးသီလမထေရ်ဝတ္ထုကို ကြည့်လိုက်တော့ ငါးပါးသီလ အစွမ်းကြောင့် ကောင်းတဲ့ဘဝတွေ ရောက်ရပုံ၊ မြင့်မြတ်တဲ့ကောင်းကျိုးတွေရပုံ။ မကောင်းတဲ့ ဘဝတွေ မရောက်ရပုံတွေ ထင်ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ငါးပါးသီလ၊ ဖြည့်ကျင့်မှ၊ ဘဝကောင်းရာရောမှာပဲ။
* ငါးပါးသီလ၊ ကျင့်သုံးမှ၊ဘဝကောင်းရာရောမှာပဲ။
* မဂ်ဖိုလ်သီလ၊ ဖြည့်ကျင့်မှ၊ဘဝကောင်းရာရောမှာပဲ။
* ဘဝကောင်းရေး၊ စုန္ဒီမေး၊ဖြေပေး ဘုရားပဲ။

## ဘဝကောင်းရေး အမေးအဖြေ

စုန္ဒီမင်းသမီးလေးက ဘဝကောင်းရေး (ဘဝကောင်းရောက်ရေး) မေးတာ ကို ဘုရားက အဖြေပေးလိုက်တဲ့ ''ဘဝကောင်းရေး အမေး အဖြေတရား'' ဘာတရားတဲ့လဲ?

(ဘဝကောင်းရေး အမေး အဖြေ တရားတော်ပါ ဘုရား)

## ကြည်ညိုနှေး + ဖြည့်ကျင့်ကြ

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဘဝကောင်းရောက်

ချင်ရင်၊ မကောင်းတဲ့ဘဝတွေ မရောက်ချင်ဘူးဆိုရင်၊ အမြတ်ဆုံး ကောင်းကျိုးတွေ ရချင်ရင်၊ အမြတ်ဆုံး ဘုရား၊ အမြတ်ဆုံးတရား၊ အမြတ်ဆုံး သံဃာတွေမှာ ကြည့်ညိုကြပါ။ အမြတ်ဆုံး ငါးပါးသီလ၊ အမြတ်ဆုံး မဂ်ဖိုလ်သီလတွေကို ဖြည့်ကျင့်ကြပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

## သိအောင်လုပ်ပါ + ကြည်ညိုပါ

နောက်ဆုံး အကျဉ်းချုပ်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က–

* ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို သိအောင် လုပ်ရမယ်။
* သိအောင်လုပ်ပြီးတော့ ကြည်ညိုရမယ်။
* မြတ်သောအလှူကို ခံယူတော်မူထိုက်ပြီး၊ ဂိုဒ်ထက် ထူးချွန်လွန်မြတ်သူမရှိတဲ့ မြတ်စွာဘုရားကို ကြည်ညိုရမယ်။
* ကိလေသာအားလုံးတို့ရဲ့ ပျက်စီးကြောင်း၊ ကင်းငြိမ်းကြောင်းဖြစ်တဲ့ ငွေဆင်းရဲ ကုန်ရာ၊ သင်္ခါရကင်းငြိမ်းရာ ချမ်းသာအစစ်တကယ်ဖြစ်တဲ့ နိဗ္ဗာန်တရားတော်ကို ကြည်ညိုရမယ်။
* အမြတ်ဆုံးကောင်းမှုတွေကို ပြုရန်အတွက် လယ်ယာမြေကောင်းကြီးသဖွယ်ဖြစ်တော်မူတဲ့ အမြတ်ဆုံး အရိယာ သံဃာ (အမြတ်ဆုံး အရိယာသံဃာဖြစ်အောင် ပရိယတ် ပဋိပတ် တာဝန်နှစ်ရပ်ကို ကြိုးစားအားထုတ်နေတဲ့ ယခုရှိကြတဲ့ သမ္မုတိ သံဃာ) တွေကို ကြည်ညိုရမယ်။

## ကောင်းမှု ကောင်းကျိုး + မြှပွားတိုး

အဲဒီရတနာသုံးပါးကို ကြည်ညိုသူတွေ၊ ရတနာသုံးပါးမှာ ပေးလှူကြသူတွေမှာ မြတ်တဲ့ကုသိုလ်ကောင်းမှုတွေ တိုးပွားနေတယ်။ ကောင်းမှုတိုးပွားနေရင် ကောင်းကျိုးတွေလည်း အမြဲတစေ တိုးပွားနေတာ ပါပဲ။

## ဗုဒ္ဓပူဇာ + မင်္ဂလာ

ဒီနေရာမှာ ဋီကာဖွင့်လေး ပြောချင်ပါသေးတယ်။

* သက်တော်ထင်ရှား မြတ်စွာဘုရားကို ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးပြုစုတာ ဒါကတစ်မျိုး။
* သက်တော်ထင်ရှား ဘုရားမရှိတဲ့ ခုလိုအချိန်မှာတော့ ပရိနိဗ္ဗာန်ဝင် စံကြွသွားတော်မူတဲ့ ဘုရားရှင်ကို ရည်မှန်းပြီးတော့ ဓာတုစေတီ၊ ဓမ္မစေတီ၊

ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုတဲ့ စေတီလေးမျိုးမှာ ပစ္စည်းလေးပါး၊ ပန်း၊ ရေချမ်း၊ ဆီမီး အသီးသီးတွေနဲ့ ပူဇော်တာဟာလည်း ဘုရားကို ပူဇော်ရာရောက်တာပါပဲ။ ဒါက တစ်မျိုးလို့ ကွဲပြားအောင် ခွဲခြားမှတ်သားပါ။

## ဓမ္မပူဇာ + မင်္ဂလာ

တရားတော်ကို ပူဇော်တယ်ဆိုတာ တရားတွေကို မကွယ်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ တရားတော်တွေ ရှည်ကြာတည်တံ့ ခိုင်ခံ့အောင် ပြုတာပါပဲ။

## သံဃပူဇာ + မင်္ဂလာ

* သံဃပူဇာဆိုတာ အရိယာသံဃာတော်များကို ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။
* အဲဒီလို သံဃာတော်ကို ရည်မှန်းပြီးတော့ အခြား အရိယာသံဃာ မဖြစ်သေးတဲ့၊ အရိယာသံဃာဖြစ်အောင် ကျင့်ကြံကြိုးစားအားထုတ်နေကြတဲ့ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးနဲ့ပြုစုတာ၊ လုပ်ကျွေးတာ၊ ပူဇော်တာ၊ ဒါက တစ်မျိုး။ ဒီလိုလည်း ကွဲပြား အောင် ခွဲခြားမှတ်သားရမယ်။

(အံ၊ ဋ္ဌ၊ ၂၊ ၂၉၁)

## နေ့တိုင်းတိုးပွား + ကောင်းကျိုးများ

အဲဒီရတနာသုံးပါးမှာ ကြည်ညိုသူ၊ ပေးလှူသူတွေမှာ အမြဲတစေ အချိန်တိုင်း၊ နေ့တိုင်း တိုးပွား နေမယ့် ကောင်းကျိုးတွေကတော့–

* လူ နတ် ဖြစ်လေရာ အသက်ရှည်ခြင်း၊
* လူ နတ် ဖြစ်လေရာ အဆင်းလှခြင်း၊
* လူ နတ် ဖြစ်လေရာ အခြံအရံပရိသတ်ပေါများခြင်း၊
* လူ နတ် ဖြစ်လေရာ ကျော်စောခြင်း (ထင်ပေါ်ခြင်း)
* လူ နတ် ဖြစ်လေရာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊
* လူနတ်ဖြစ်လေရာ ကိုယ်အားဉာဏ်အားပြည့်စုံခြင်း၊
* ပညာရှိသူ နတ် လူ ဖြစ်ရခြင်း၊
* မြင့်မြတ်သော နတ် လူ ဖြစ်ရခြင်း၊
* နောက်ဆုံး မြတ်သောမဂ်ဖိုလ်တရားများ ပိုင်ဆိုင် ရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေပဲ ဖြစ်တယ်။ (အံ၊ ပါ၊ ၂၊ ၂၉+၃၀။ အံ၊ ဋ္ဌ၊ ၂၊ ၂၉၀၊ ၂၉၁)

ကဲ–ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။

* သုံးပါးရတနာ ကြည်ညိုကြလို့
ပေးလှူဒါန ပြုသူမှာ။
* အသက်ရှည်ကြာ အဆင်းလှလို့
ခြံရံမချို့ ပေါများမှာ။
* ကျော်စော ချမ်းသာ ဉာဏ်ပါကြီးလို့
ပညာရှိကြီး ဖြစ်မှာပါ။
* ပညာရှိသူ နတ် လူ ဖြစ်ရ
ဖြစ်ရာဘဝ မြင့်မြတ်မှာ။
* နောက်ဆုံးမဂ်ဖိုလ် တရားမြတ်ကို
မမှားမပြတ် ရရှိမှာ။
(သိကြပါ)၂
သာဓု၊ သာဓု၊ သာဓု။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ်ပါဠိရဝဂ်၊ သရဏာဂမနိယထေရ
အပဒါန်ကို ကန်ဆာဆင့်၍ ဟောကြား ပြောကြားအပ်သော

# ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

## တရားတော်

ဒီနေ့ ငြိမ်းချမ်းရေးကို လိုလားနေကြတဲ့ ဒကာဒကာမတွေကို ဟောကြားမယ့် တရားတော်က "ဒေါသကင်းဝေး ငြိမ်းချမ်းရေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားတော်ပါ ဘုရား။

### နှစ်ဦးနတ်မင်း + စစ်တိုက်ခြင်း

ကဲ– စပြီးတော့ ဟောကြား နာကြရအောင်။

သရဏာဂမနိယ မထေရ်အလောင်း သူတော်ကောင်းဟာ ရှေးဘုရားများ လက်ထက်မှာ ကောင်းမှုတွေ များစွာပြုထားသူ ဖြစ်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာ ဘုရားရဲ့လက်ထက်မှာတော့ သူဟာ ဟိမဝန္တာအရပ်မှာ နတ်မင်းဖြစ်နေပါတယ်။ တစ်နေ့တော့ အခြားနတ်မင်းတစ်ဦးနဲ့ စစ်ထိုးမြင်း (စစ်တိုက်ခြင်း) ကိစ္စ ဖြစ်ပေါ် လာပါတယ်။ နတ်မင်းနှစ်ဦးဟာ စစ်တိုက်ဖို့အတွက် တစ်ဖက်ကို နတ်တွေ ၁၀၀၀ စီ ခြံရံကာ ပြင်ဆင်စုဝေးနေကြပါတယ်။ ဆူညံတဲ့ ကြွေးကြော်သံတွေဟာ ဟိမဝန္တာ ကို လွှမ်းမိုးသွားစေပါတယ်။ (အပဒါန၊ ပါ၊ ၁၊ ၁၆၂)

### သစ္စာဟောပြ + မြတ်ဗုဒ္ဓ

လောကကိုသိတော်မူပြီးတော့ လျှဖွယ်ပစ္စည်း အသီးသီးကို အလှူခံတော် မူထိုက်တဲ့ ပဒုမုတ္တရာမြတ်စွာ ဘုရားဟာသတ္တဝါတွေကို သနားတော်မူတဲ့အတွက် ကောင်းကင်မှာတည်နေပြီးတော့ ချီတက်လာတဲ့ နတ်စစ်သည်တွေကို သစ္စာလေးပါး တရား ဟောကြားတော်မူကာ ထိတ်လန့်စေတော်မူတယ်။

နတ်စစ်သည်တွေကို တရားဟောတဲ့ တရားက ဘာတဲ့လဲ?

(သစ္စာလေးပါး တရားပါ ဘုရား)

အဲဒီသစ္စာလေးပါးကို မှတ်သားထားပါဦး။

* ဘုံသုံးပါးမှာ ဖြစ်စေတတ်တဲ့ မကောင်းတာ ဆင်းရဲတာ အမှန်ဖြစ်စေတဲ့ လောကီစိတ်၊ စေတသိက်၊ ရုပ်တွေကို ဒုက္ခသစ္စာလို့ ခေါ်တယ်။
* ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ တဏှာလောဘကို သမုဒယသစ္စာလို့ ခေါ်ပါတယ်။

တဏှာက ဘာသစ္စာ?

(သမုဒယသစ္စာပါ ဘုရား)

* တဏှာလောဘ ချုပ်ငြိမ်းရာ၊ ရုပ်နာမ်ခဝ်သိမ်း ပြတ်ငြိမ်းရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။

ပရိသတ်ရေ၊ နိဗ္ဗာန်က ဘာသစ္စာ?

(နိရောဓသစ္စာပါ ဘုရား)

* နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကိုတော့ မဂ္ဂသစ္စာလို့ခေါ်တယ်။

မဂ္ဂင်ရှစ်ပါးက ဘာသစ္စာ?

(မဂ္ဂသစ္စာပါ ဘုရား)

အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားက–

* သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို့ အမှန်အတိုင်း ရှုမှတ်ဆင်ခြင် သိမြင်တာ။
* သမ္မာသင်္ကပ္ပ၊ ရုပ်နာမ်အာရုံမှာ စိတ်ကိုတင်ပေး တတ်တဲ့ ဝိတက်တရား။
* သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြောဆိုတာ။
* သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီး မှန်တာ ကောင်းတာ ပြုလုပ်တာ။
* သမ္မာအာဇီဝ၊ အသက်မွေးမှုအတွက် မှားယွင်းတဲ့ ကာယကံ၊ ဝစီကံတွေမှ ရှောင်ကြဉ်ပြီး ကောင်းစွာ မှန်ကန်စွာ အသက်မွေးတာ။
* သမ္မာဝါယမ၊ ကောင်းစွာကြိုးကုတ် အားထုတ်တာ။
* သမ္မာသတိ၊ စိတ်ကို ရုပ်နာမ်အာရုံမှ မကွာရအောင် ကောင်းစွာ စောင့်ရှောက် အောက်မေ့နေတာ။
* သမ္မာသမာဓိ၊ ရှုမှတ်နေတဲ့စိတ်ဟာ ရုပ်နာမ်အာရုံမှာပဲ မြဲနေ တည်ငြိမ်နေတာတွေပဲ ဖြစ်တယ်။

## သစ္စာလေးပါး + လင်္ကာများ

အဲဒီသစ္စာလေးပါး လင်္ကာလေးတွေ လိုက်ဆိုကြပါ။

* ဆင်းရဲဖြစ်စေ၊ ကီစိတ်၊ စေ၊ ရုပ်တွေ 'ဒု'သစ္စာ။ မွေး၊ အို၊ နာ၊ သေ၊ တွဲ၊ ကွဲနေ၊ ခေါ်ပေဆင်းရဲတာ။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲဒုက္ခပါ။ လိုရာထွေထွေ၊ မရပေ၊ မှတ်လေ ဆင်းရဲတာ။

အကျဉ်းဟောကြား၊ ခန္ဓာငါး၊ မှတ်သား 'ဒု'သစ္စာ။

* ဆင်းရဲကြောင်းဖြစ်၊ တဏှာဖြစ်၊ စီစစ် 'သမု'ပါ။

* တဏှာ ရုပ် နာမ်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။

ဒု+သ နှစ်တန်၊ ချုပ်ငြိမ်းပြန်၊ အမှန်နိရောဓာ။

* နိဗ္ဗာန်ရောက်ရန်၊ အကျင့်မှန်၊ ရှစ်တန် 'မဂ္ဂ'ပါ။

မဂ္ဂင်ရှစ်ပါး မြတ်တရား၊ မှတ်သား 'မဂ္ဂ'ပါ။

သစ္စာလေးပါး မြတ်တရား၊ ဟောကြားဆုံးမတာ။

## လက်နက်တွေချ + ရှိခိုးကြ

အဲဒီလို သစ္စာလေးပါး ဟောကြားပြီးတော့ ထိတ်လန့်စေတဲ့အခါမှာ နတ်တွေအားလုံး ချပ်မိန်ဆို (စစ်ဝတ်တန်ဆာ) တွေ ချွတ်ပြီး လက်နက်တွေ ချထားကြကာ မြတ်စွာဘုရားကို ရှိခိုးပြီးတော့ တည်ငြိမ်စွာနေကြတယ်။

## သနားဟောပြ + မြတ်ဗုဒ္ဓ

အစဉ်သနားတော်မူတဲ့ မြတ်စွာဘုရားဟာ သူ့ရဲ့စိတ်အကြံကို သိပြီးတော့ မြတ်တဲ့တရားစကားကို ဟောကြားတော်မူတယ်။ သတ္တဝါအပေါင်းကိုလည်း ငြိမ်းအေးစေတော်မူတယ်။

## ညှဉ်းဆဲပြစ်မှား + အပယ်လား

ပြစ်မှားလိုစိတ်ရှိတဲ့ သတ္တဝါဟာ တစ်ဦးဦးကို ညှဉ်းဆဲနှိပ်စက်ရင် အဲဒီ ညှဉ်းဆဲနှိပ်စက်ခြင်းဆိုတဲ့ စိတ်ပြစ်မှားမှု (စိတ်ဓာတ်ပျက်စီးမှုကြောင့်) အပါယ်လေးပါး လားရောက်ရမယ်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ရင် ဘယ်ကိုရောက်မတဲ့လဲ?

(အပါယ်လေးပါး လားရောက်ရမှာပါ ဘုရား)

## မညှဉ်းဆဲရေး+ဟောပြပေး

စစ်မြေပြင်ဦးမှာ တိုက်ဆင်ကြီးဟာ သတ္တဝါများကို အကြိမ်ကြိမ်ညှဉ်းဆဲသလို မညှဉ်းဆဲကြပါနဲ့။

မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ ဟောကြားတော်မူပါတယ်။

ဒကာ ဒကာမတွေကို မေးဦးမယ်။ သူတစ်ပါးကို ညှဉ်းဆဲတာ ဘာစိတ်ပါလိမ့်?

(ဒေါသစိတ်ပါ ဘုရား)

ဒေါသကို လွယ်လွယ်ပြောကြတော့ စိတ်တိုတာလို့ ပြောကြမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်တို + စိုတိတ်

ဒီနေရာလေးမှာ မှတ်သားစရာလေး ပြောဦးမယ်။ အဲဒါက ဘာလဲဆိုတော့ စိတ်တို၊ စိုတိတ်တဲ့။ ဘာတဲ့လဲ?

(စိတ်တို၊ စိုတိတ်ပါ ဘုရား)

စိတ်တိုရင် စိတ်တိုသူတွေမှာ စိုပြေမှု၊ သာယာမှု၊ အေးမြမှု၊ ငြိမ်းချမ်းမှုတွေ အစစအရာရာ စိုပြေသာယာအေးမြတဲ့ ကောင်းတဲ့အကျိုးတွေ တိတ်သွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## ဒီလိုမနေ + ဒီလိုနေ

တချို့ပြောကြသေးတယ် မဟုတ်လား။ ဒီလိုမနေနဲ့၊ ဒီလိုနေ။ ဒီလိုမနေနဲ့ ဆိုတာ ဒေါသစိတ်ကြီးနဲ့ မနေနဲ့၊ ဒီလိုနေဆိုတာ ဒေါသကင်းဝေး အေးအေးချမ်းချမ်း ပြုံးပြုံးလေးနေ၊ ဒီလိုနေ်။

(မှန်လှပါ ဘုရား)

ပုံလေးနဲ့တောင် ယှဉ်တဲပြထားတယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ရှည် သက်ရှည်၊ စိတ်တို သက်တို

နောက်ပြောကြသေးတယ်။ စိတ်ရှည်ရင်အသက် ရှည်မယ်။ စိတ်တိုရင် အသက်တိုမယ်လို့ ပြောကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ အသက်ရှည်ချင်သလား၊ အသက်တိုချင်သလား?

(အသက်ရှည်ချင်ပါတယ် ဘုရား)

အေး– အသက်ရှည်ချင်ရင် စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ သဘောထား ကြီးရမယ်၊ အရာရာကို ခွင့်လွှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသပြေဆေး + ကဗျာလေး

ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။ စိတ်တိုလာရင် စိတ်ဆက်မတိုအောင် ကိုယ့်ကိုယ်ကို သတိပေးတဲ့ ကဗျာလေးတစ်ပုဒ် ရေးထားတယ်။ အဲဒီကဗျာလေး ကတော့–

'ဒေါသအမျက်၊ ချောင်းချောင်းထွက်က၊ အသက်လည်း တို၊ ရုပ်လည်း အိုရှ၊ မရိုးမျက်နှာ၊ မှုန်းစရာဟု၊ သတိပြုလေ။ ဒေါသပြေလော့' ဆိုတဲ့ ကဗျာလေးပါပဲ။

ဆိုလိုတာကတော့ ဒေါသဖြစ်လာရင် အသက်တိုမယ်၊ ရုပ်အိုလွယ်မယ်။ (ဒေါသကြီးသူဟာ ရုပ်အိုလွယ်တယ်၊ ရုပ်ကျလွယ်တယ်လို့ ဆိုလိုတာပါ) ဒေါသ ကြီးသူရဲ့ မျက်နှာဟာ စိုပြေမှုလုံးဝမရှိဘူး။ ဒေါသထွက်နေသူရဲ့ မျက်နှာဟာ ဘီလူးတို့ သားရဲသဘက်တို့ မျက်နှာတွေလိုပဲ ကြောက်စရာကောင်းတယ်။ ကျက် သရေလည်း လုံးဝမရှိဘူး။ ဒေါသကြီးသူရဲ့မျက်နှာဟာ တကယ်မုန်းစရာ ကောင်း တယ်။

အဲဒီလိုဆိုးကျိုး မကောင်းတာတွေ ဖြစ်လာမှာကို သတိပြုပြီး ဒေါသပြေပါလို့ ဆိုလိုတာပါ။

ဘုန်းကြီးကတော့ ဒေါသဖြစ်လာပြီဆိုရင် အဲဒီကဗျာလေးကို သတိရကာ ရွတ်ဆိုလိုက်ပါတယ်။ ဒေါသဟာ အဝေးကို ပြေးသွားတော့တာပါပဲ။

## ဒေါသကြီးသူ + သတိမူစရာများ

ဒီနေရာမှာ ဆက်ပြီးတော့ ဒေါသအမျက် ချောင်းချောင်းထွက်ရင် ဆက် လက်ပြီးတော့ ဖြစ်ပေါ်နိုင်တဲ့ ဆိုးကျိုးတွေကို ကောဓနသုတ်မှ ထုတ်ပြီး ပြောချင် ပါသေးတယ်။ မှတ်သားစရာကောင်းလွန်းလို့ပါ။ ဒေါသကြီးသူ သတိမူစရာတွေပါပဲ။

ဒေါသဆိုတာ စာလုံးလေးနှစ်လုံးပဲ ရှိတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသဆိုတဲ့ စာလုံးလေးနှစ်လုံးကို မထိန်းနိုင်လို့ ဆင်းရဲဒုက္ခတွေ ရောက်နေကြတာနော်။

(မှန်လှပါ ဘုရား)

## အမျက်ထွက်က + ဆင်းမလှ

* အမျက်ထွက်သူဟာ အဆင်းမလှဘူး။ ဆင်းရဲစွာ အိပ်ရ၊ နေရမယ်။ အကျိုးစီးပွား ရှိမယ်ထင်တာတွေဟာ အကျိုးမဲ့ဖြစ်သွားစေတယ်။

(အံ၊ ပါ၊ ၂၊ ၄၇၁)

## အမျက်ထွက်က + ဆုံးရှုံးရ

* အမျက်ထွက်တတ်ပြီး အမျက်ဒေါသ နှိပ်စက်ခံနေရသူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှုကို ပြုပြီး ဥစ္စာတွေ ဆုံးရှုံး ပျက်စီးတတ်တယ်။

## ခြံရံကင်းကွာ + ရှောင်ကြဉ်မှာ

* အမျက်ဒေါသဆိုတဲ့ ယစ်ခြင်းနဲ့ ယစ်တဲ့ယောကျာ်းဟာ အခြံအရံ အကျော်အစော မရှိတဲ့ အပြစ်ရောက်မယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေက အမျက်ထွက်သူကို ရှောင်ကြဉ်ကြမယ်။

## စိတ်ကိုဖျက်တတ် + ဒေါသမှတ်

* အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။ အမျက်ဒေါသဟာ စိတ်ကို ဖျက်ဆီးတတ်တယ်။ စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေကို ပညာမဲ့သူတွေ မသိပါဘူး။

## ကျိုးကြောင်းပိုင်ပိုင် + မသိနိုင်

* အမျက်ထွက်သူဟာ အကျိုးစီးပွားကို မသိနိုင်ဘူး။ အမျက်ထွက်သူဟာ အကြောင်းတရားကို မမြင်နိုင်ဘူး။ အမျက်ဒေါသဟာ သတ္တဝါကို နှိပ်စက်တဲ့အခါ အလွန်မိုက်မဲမှု ဖြစ်တယ်။

## မီးလောင်သလို + ပူပန်ရို

* အမျက်ထွက်သူဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။ သူဟာ နောင်အခါမှာတော့ အမျက်ဒေါသ ပြေပျောက်သွားရင် မီးလောင်သလို ပူပန်ရတယ်။

## ရှိန်စော်ကင်းပြန် + မျက်နှာဟန်

* အမျက်ဒေါသကြောင့် သတ္တဝါတွေဟာ အမျက်ထွက်ကြတယ်။ အမျက်ထွက်

တဲ့အခါမှာ မီးဟာ တထောင်းထောင်းထနေတဲ့ အခိုးကို ပြနေသလိုပဲ အရှိန်အစော်ကင်းမဲ့တဲ့ မျက်နှာရှိဟန်ကို ပြတယ်။

## ရှက် ထိတ် ရှိသေ + မရှိပေ

* အမျက်ထွက်သူမှာ ရှက်တာ၊ ထိတ်လန့်တာ မရှိ။
အမျက်ထွက်သူမှာ ဆုံးမတဲ့စကားကို ရိုသေမှု မရှိ။
အမျက်ဒေါသ နှိပ်စက်သူမှာ မှီခိုရာတစ်စုံတစ်ရာမျှ မဖြစ်နိုင်။

## စကားအလှ+ နာယူကြ

* ပူပန်သောကရောက်စေတတ်တဲ့ အဖသတ်ခြင်းစတဲ့ ကံတွေဟာ သမထ ဝိပဿနာတရားတွေမှ ဝေးကွာကြတယ်။
အဲဒီအကြောင်းကံတွေကို ဟုတ်တိုင်းမှန်စွာ ပြောကြားမယ်။ အဲဒီစကား တွေကို နာယူကြပါ။

## အမျက်ထွက်လတ် + ဖ မိ သတ်

* အမျက်ထွက်သူဟာ အဖ၊ အမိ၊ ရဟန္တာ၊ ပုထုဇဉ် ကို သတ်တတ်တယ်။

## အမိ အမြတ် + သူသတ်တတ်

* အမိမွေးမြူထားတဲ့သားဟာ ဒီလောကကို တွေ့မြင်ရတယ်။ အသက်ကို ပေးတတ်တဲ့ ငြိမ်းအေးသူ အမိကိုပင် အမျက်ထွက်သူ ပုထုဇဉ်ဟာ သတ် တတ်တယ်။ (အံ၊ ပါ၊ ၂၊ ၄၇၂)

## ကိုယ့်ကိုသတ်တတ် + သတိချပ်

* ကိုယ်ချင်းစာတရား ရှိကြသူတွေဟာ မိမိကိုယ်ကို လွန်စွာချစ်တယ်။ အမျက် ထွက်သူဟာ အမျိုးမျိုးများနေ၊ အာရုံတွေမှာ တွေဝေနေတဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

## အဆိပ်စား။ ခုန်ချ + သေကြရ

* မိမိကိုယ်ကို သန်လျက်နဲ့သတ်တယ်။ တွေဝေနေတဲ့အတွက် အဆိပ်ကို စားတယ်။ ဖွဲကြိုးချသေကြတယ်။ တောင်ပေါ်မှ ခုန်ချ၊ ချောက်ထဲကို ခုန် ချပြီး သေကြတယ်။

## ပျက်စီးကြောင်းစစ် + ဒေါသဖြစ်

* စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကိုသေ စေတတ်တဲ့အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။
အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်း ဖြစ်တယ်။
ဒီဒေါသဟာ ကောဓအသွင်နဲ့ ဖြစ်နေတယ်။ နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ကျော့ကွင်းသဖွယ် ဖြစ်တယ်။ အဲဒီဒေါသကို ပညာ၊ ဝီရိယ၊ သမ္မာဒိဋ္ဌိ (ပညာ) နဲ့ ဆုံးမရမယ်၊ ပယ်ဖြတ်ရမယ်။

## ကုသိုလ်မွေ့ + ကျင့်သုံးရမယ်

* ပညာရှိဟာ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သကဲ့သို့ ထို့အတူပင် ငါတို့အား နှလုံးမသာယာ မျက်နှာမရွှင်တဲ့အဖြစ် မဖြစ်ပါစေနဲ့လို့ နှလုံးပြုပြီး ကုသိုလ်တရားတွေကို ကျင့်သုံးရမယ်။

## ကိလေသာတွေ + ငြိမ်းအေးပေ

* ဒေါသကင်းကွာပြီး ပင်ပန်းခြင်းမရှိသူ၊ လောဘကင်းကွာပြီး ငြူစူခြင်းမရှိသူ၊ ယဉ်ကျေးသူတွေဟာ အမျက်ဒေါသကို ပယ်ဖျောက်နိုင်သူတွေဟာ အာသဝေါကင်းကွာ ကိလေသာငြိမ်းအေးကြရတယ်။ (အံ၊ ပါ။ ၂။ ၄၇၂)

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဘုရားက သတ္တဝါတွေကို မညှဉ်းဆဲရေး၊ မိမိရဲ့ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားရေး ရှေ့နားမှာ ဟောခဲ့တာလေး ပြန်ဆက်ကြရအောင်။

လောကမှာ လူတွေဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားမနေကြဘူးလား။
(ကြိုးစားနေကြပါတယ် ဘုရား)

ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒေါသကင်းဝေးမှ ငြိမ်းချမ်းရေး ရမယ်။ ဒီလိုမဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီး တရားအမည် ပေးထားတာပါ။ ဘာတရားပါလိမ့်။

(ဒေါသကင်းဝေး ငြိမ်းချမ်းရေး) တရားပါဘုရား။

## ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေး

ပရိသတ်ရေ၊ သူများကို အတင်းပဲညှဉ်းဆဲချင်တဲ့ ဒေါသစိတ် ကင်းဝေးမှ သူသူငါငါ သတ္တဝါတွေ လိုလားကြတဲ့ ငြိမ်းချမ်းရေး ရမယ်နော်။

(မှန်လှပါ ဘုရား)

ငြိမ်းချမ်းရေး ရပြီဆိုရင် သူသူငါ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းအေးမြမှာ မလွဲပါဘူး။

ငြိမ်းချမ်းရေးနဲ့ ငြိမ်းချမ်းအေးဆိုတာ တွဲနေပါ တယ်။

## ဘာသာမလို + ငြိမ်းချမ်းလို

တချို့ပညာရှင်ကြီးတွေ ပြောတာကြားဖူးတာလေး ရှိသေးတယ်။ အဲဒါက တော့ 'ဘာသာမလိုချင်ဘူး။ ငြိမ်းချမ်းရေးပဲ လိုချင်တယ်' ဆိုတဲ့စကားပါပဲ။

ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ အများကြီး ရှိပါတယ်။အဲဒီဘာသာ တိုင်းရဲ့ အဆုံးအမကောင်းတွေကို မျက်နှာလွှဲနေကြတော့ လူတွေလိုချင်တဲ့ ငြိမ်း ချမ်းရေးဆိုတာ ကွယ်ပျောက်နေတာပါပဲ။

ဘာသာအမျိုးမျိုးကြောင့် ကွာဟမှုတွေ၊ ငြင်းခုံမှုတွေ၊ စိတ်ဓာတ်အမျိုးမျိုး တွေ၊ သူ့ဘာသာ၊ ကိုယ့်ဘာသာစတဲ့ အစွဲအလမ်းကြီးမှုတွေကြောင့် ငြိမ်းချမ်း ရေး လမ်းစလေး ပျောက်နေတာကို သိမြင်ကြတဲ့ ပညာရှင်တွေက အထက်ပါစကား ကို ပြောဆိုတာဖြစ်မယ် ထင်ပါတယ်။ သူတို့ပြောတာ မှန်သင့်သလောက်တော့ လည်း မှန်နေတာပါပဲ။

## တွေးမိတာလေး ရေးမိတယ်

ဒီနေရာမှာ တွေးမိတာလေးကတော့ ဘာသာတိုင်းမှာ တကယ်ကောင်းတဲ့ အဆုံးအမကောင်းတွေ ရှိတယ်။ ဒီတော့ အဲဒီလိုအဆုံးအမကောင်းတွေ ပေး ထားတဲ့ ဘာသာကို လိုကိုလိုချင်ရမယ်။ အဆုံးအမကောင်းတွေပေးတဲ့ ဘာသာရှိနေ တာတောင် ငြိမ်းချမ်းရေး ပျောက်နေရင် ဘာသာမရှိပါက ပိုတောင်ဆိုးလာနိုင် တယ်လို့ တွေးမိပါသေးတယ်။

ဘာသာမလိုချင်ဘူးဆိုတာ ဘာသာရဲ့အဆုံးအမတွေကို မလိုချင်ဘူးလို့ ပြောသလို ဖြစ်သွားတယ်။

ဘာသာရဲ့အဆုံးအမကောင်းတွေ သိရ၊ မြင်ရ၊ ကြားရ၊ ဖတ်ရ၊ လိုက်နာ ကျင့်သုံးရတဲ့အတွက်ကြောင့် လောကမှာ လူတော်လူကောင်းတွေ အများကြီး ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ ဘာသာမဲ့ရင် ကျန်တာမဲ့တယ်လို့ ပြောချင်ပါတယ်။

ဘာသာမဲ့သူတွေဟာ ကျန်တဲ့ကောင်းကျိုးတရားတွေ မဲ့နေတယ်လို့ ဆိုတာပါ။

ဘာသာမဲ့ရင် ဘာတဲ့လဲ?

(ကျန်တာမဲ့ပါတယ် ဘုရား)

ဘာသာသိရင် ကျန်တာသိတယ်။

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ဘာသာ သိရင် ကျန်တာသိတယ်။ ဘာသာတိုင်းရဲ့ အဆုံးအမကောင်းတွေ သိနေရင် ကျန်တဲ့လောကရေး၊ ဓမ္မရေး စတဲ့ အရေးပေါင်းစုံ သိသွားတာပါပဲ။ သာသနာနဲ့ ဘဝကို သာယာအောင် တည်ဆောက်လို့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဘာသာသိရင် (ဘာသာရဲ့အဆုံးအမကောင်းတွေ သိပြီဆိုရင်) လူတိုင်းရဲ့ ဘဝ သာယာပြီ၊ ငြိမ်းချမ်းရေး ရပြီ၊ ငြိမ်းချမ်းအေးမြပြီလို့ ဆိုချင်ပါတယ်။

ဒီတော့ ပရိသတ်ရေ၊ လူတိုင်းရဲ့ဘဝကို သာယာစိုပြေအောင် ဖန်ဆင်းနိုင်တာ ဘာသာတရား၊ ဘာတရားတဲ့လဲ?

(ဘာသာတရားပါ ဘုရား)

## ဘာသာရေးနဲ့ သာယာရေး

ကောင်းတဲ့ကောင်းကျိုးတွေ ဘာသာချင်သလဲ၊ သာချင်တဲ့ကောင်းကျိုးတွေ ဘာမဆို သာအောင် ဆောင်ရွက်နိုင်တာ ဘာသာတရားဖြစ်တယ်။

'ဘာသာ' မှာ စာလုံးလေးနှစ်လုံးက ဘာရယ်၊ သာရယ်။ 'ဘာ သာ' ချင်သလဲ။ အားလုံးသာအောင် ပေးစွမ်းနိုင်တယ်။ အဲဒါ 'ဘာသာ' ဖြစ်တယ်လို့ အဓိပ္ပာယ်ပေါ်အောင် ဖော်ကြည့်မိပါတယ်။

ဘာသာမှာ ဘာပါသတဲ့လဲ?

(ဘာရယ် သာရယ်ပါပါတယ် ဘုရား)

သဘောပေါက်ပြီနော်။

(ပေါက်ပါပြီ ဘုရား)

ဘာသာရေးဟာ တကယ်တော့ သိသူ၊ လိုက်နာ ကျင့်သုံးသူတွေအတွက် ခရော နောင်ပါ သာယာရေးဖြစ်တယ်ဆိုတာ ပညာရှင်ကြီးတွေ လက်ခံထားကြပါတယ်။

ဘာသာရေးနဲ့ သာယာရေးဟာ တွဲနေပါတယ်။ ဘာသာရေးနဲ့ သာယာရေးဟာ ခွဲမနေပါဘူး။ ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဆိုတာလည်း တွဲနေပါတယ်လို့ သတိပြုသင့်ပါတယ်။

F.6A.

## ဘာသာရှိရင် ကျန်တာရှိတယ်

ဘာသာရှိရင် ကျန်တာရှိတယ်။ ဘာတဲ့လဲ?

(ဘာသာရှိရင် ကျန်တာရှိပါတယ် ဘုရား)

အေး– ဟုတ်ပြီ၊ ဘာသာရှိရင် ကျန်တဲ့လောကီ လောကုတ္တရာ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ၊ ခုရော နောင်ပါ အရာရာ ကောင်းကျိုးအမျိုးမျိုးတွေ ရှိသွားတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ပညာရှင်ကြီးတွေရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ တင်ပြပြောဆိုတဲ့ အဆိုအမိန့်တွေကို နှစ်သက်အားရ သဘောကျပါတယ်။

ဖြည့်စွက်ပြီး တင်ပြချင်တာကတော့ "ဘာသာလည်း လိုချင်ပါ၊ ငြိမ်းချမ်းရေး လည်း လိုချင်ပါ" ဆိုတဲ့ စကားလေးပဲ ဖြစ်ပါတယ်။

ဘာသာရေးနဲ့ ငြိမ်းချမ်းရေးဟာ ညီအစ်ကိုလို့ ဆိုချင်ပါတယ်။

## ငြိမ်းချမ်းရေးအတွက် + ဆေးတစ်ခွက်

ကဲ– ထားပါတော့၊ ရှေ့ဆက်ကြပါစို့။

ဘုရားက စစ်တိုက်ဖို့ ပြင်ဆင်နေကြတဲ့ နတ်မင်းကြီးနှစ်ဦးကို စစ်မတိုက်ဖို့၊ မညှဉ်းဆဲကြဖို့၊ ဒေါသစိတ် ကင်းဝေးဖို့ 'ငြိမ်းချမ်းရေး' တရားတော် ဟောကြား တော်မူလိုက်ပါတယ်။

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့လို့ ငြိမ်းချမ်းရေးအတွက် ဆေးတစ်ခွက် တိုက်ကျွေးတော်မူတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို (ဒီစကားလေး) ကို ကြည့်ပြီးတော့ 'ငြိမ်းချမ်းရေး တွက်+ဆေးတစ်ခွက်' တရားတော်လို့ အမည်ပေးရင်ကော ရရဲ့လား။

(ရပါတယ် ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ငြိမ်းချမ်းရေး လိုချင်တယ်ဆိုရင် ငြိမ်းချမ်းအေးမြ ချင်တယ်ဆိုရင် သူများကို ညှဉ်းဆဲလို့ ဖြစ်ပါ့မလား?

(မဖြစ်ပါဘူး ဘုရား)

## ဘေးနဲ့ အေး

ညှဉ်းဆဲရင် သူ့ရော ကိုယ်ပါ သတ္တဝါအားလုံး ဆင်းရဲမယ်နော်။

(မှန်လှပါ ဘုရား)

၈၇၆

ညှဉ်းဆဲရင်? (ဆင်းရဲမှာပါ ဘုရား)

ညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဘေးဖြစ်မယ်။ မညှဉ်းဆဲရင် သူရော ကိုယ်ပါ ကိုယ်စိတ်ဆင်းရဲဘေး ဝေးကာ အေးရမယ်။

ဒီတော့ 'ညှဉ်းဆဲရင် ဘေး။ မညှဉ်းဆဲရင် အေး' လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မေတ္တာသုတ်ပါ အကြိုက်ဆုံးဂါထာ

ဒီနေရာမှာ ဆက်စပ်လို့ ပြောချင်ပါသေးတယ်။ မေတ္တာသုတ်ထဲမှာပါတဲ့ ဂါထာလေးပါ။ ဘုန်းကြီး အကြိုက်ဆုံး ဂါထာလေးပါပဲ။ အဲဒီဂါထာလေးကတော့

န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ ဂါထာလေးပါ။

## လှည့်ပတ်လိမ်ခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်က။ ပရံ– တစ်ယောက်ကို။ နနိကုဗ္ဗေထ– မလိမ်လည် မလှည့်ဖြားပါစေသား။

တစ်ယောက်က တစ်ယောက်ကို လိမ်လည် လှည့်ပတ်တာတွေ မဖြစ်ပါစေနဲ့လို့ ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ အစီးအပွားမဲ့တွေကို ဖယ်ရှားလိုတဲ့ မေတ္တာပို့ ဆုတောင်းနော်။ (မှန်လှပါ ဘုရား)

လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာတွေဟာ ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။ လူတွေ ရန်များနေတာ၊ အစစအရာရာ အဆင်မပြေဖြစ်နေတာတွေဟာ တကယ်ကောက်ချက်ချကြည့်လိုက်တော့ လိမ်ညာ လှည့်ပတ်နေတာကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ လိမ်တာ၊ ညာတာ၊ လှည့်ပတ်နေတာဟာလည်း လူတွေကို ဆင်းရဲအောင် ညှဉ်းဆဲတာ တစ်မျိုးပဲနော်။ (မှန်လှပါ ဘုရား)

## အထင်သေးခြင်း + ကင်းရှင်းပါစေ

* ပရော– တစ်ယောက်သောသူသည်၊ ကိဉ္စိ– တစ်စုံ တစ်ယောက်သော၊ နံပရံ– ထိုသူတစ်ပါးကို၊ ကတ္ထစိ– တစ်စုံတစ်ခုသော အရာဌာန၊ တစ်စုံတစ်ခုသော

အမှုကိစ္စမှာမှု။ နာတိမဉ္ဉေထ– လေးမြတ်ထိုက်သူ၊ မဟုတ်ဟူ၍၊ မကြည်ဖြူချေ၊ မရှိသေချင်၊ မထီမဲ့ မြင် မပြုပါရစေသား။

ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် တစ်ယောက်အပေါ်မှာ တစ်ယောက်က 'ဟာ ဒီကောင်က လေးစားထိုက်သူ မဟုတ်ပါဘူး။ ရိုသေထိုက်သူ မဟုတ်ပါဘူး' လို့ မထီမဲ့မြင် မလေးမစား အထင်သေး၊ အမြင်သေး ပြောဆို၊ ပြုလုပ်မှုတွေ မဖြစ်ပါစေနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးနေတာ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

တစ်ယောက်နဲ့တစ်ယောက် အထင်သေး၊ အမြင်သေးပြီဆိုရင် ရန်ဖြစ်တော့တာပဲ။ ရန်ဖြစ်တော့ ဆင်းရဲဒုက္ခတွေ တစ်သီတစ်တန်းကြီး များတော့တာပါပဲ။

ဒီတော့ အထင်သေးတာ၊ မထီမဲ့မြင်ပြုတာ၊ ပြောတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာတစ်မျိုးပဲ ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## ဆင်းရဲလိုခြင်း + ကင်းရှင်းပါစေ

* ဗျာရောသနာ– ကိုယ်နှင့်နှုတ်ကို၊ ချုပ်ချယ်လိုရိုး အလိုဆိုးဖြင့်လည်းကောင်း။ ပဋိဃသညာ– မနော်ဒွါရအား ထိပါးလိုရိုး၊ အလိုဆိုးဖြင့်လည်းကောင်း၊ အညမညဿ– တစ်ယောက်သည် တစ်ယောက်အား။ ဒုက္ခံ– ဆင်းရဲဒုက္ခ၊ မှန်သမျှကို။ နဣစ္ဆေယျ– မွေညခါခါ၊ အလိုမရှိပါစေသား။

ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ချုပ်ချယ်ထိပါးလိုတဲ့ အလိုဆိုးနဲ့ တစ်ယောက်နဲ့တစ်ယောက် အချင်းချင်း ဆင်းရဲဒုက္ခတွေကို မလိုလားကြပါနဲ့လို့ မေတ္တာပို့ ဆုတောင်းပေးတာ ဖြစ်တယ်။

အဲဒီတော့ အချင်းချင်း ဆင်းရဲဒုက္ခရောက်အောင် ပြုတာ၊ ပြောတာ၊ ကြံတာဟာလည်း ဆင်းရဲအောင် ညှဉ်းဆဲတာပါပဲ။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေးဂါထာ

ဒီဂါထာလေးကို ကောက်ချက်ချလိုက်တဲ့အခါမှာ လှည့်ပတ်ခြင်းကင်းတာ၊ အထင်သေးခြင်း ကင်းတာ၊ အထင်သေးခြင်း ကင်းရှင်းတာ၊ ဆင်းရဲလိုခြင်း ကင်းရှင်းတာတွေဟာ မညှဉ်းဆဲတာဖြစ်တယ်။ ဒေါသကင်းဝေးအောင် လုပ်တာဖြစ်တယ်။ မဆင်းရဲအောင် လုပ်တာဖြစ်တယ်လို့ ကောက်ချက်ချလို့ရတယ်။

ဒီတော့ ဒီ 'နပရောပရံ' စတဲ့ဂါထာတော်ဟာ 'မညှဉ်းဆဲအေး+ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်။ 'ဒေါသကင်းဝေး+ ငြိမ်းချမ်းရေး' ဂါထာတော်ဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## အားလုံးငြိမ်းအေး + ငြိမ်းချမ်းရေး

ဒကာ ဒကာမတွေ ဒီဂါထာလေး ဆောင်ထား။ ဒီဂါထာလေးဟာ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းရေးဂါထာပါ ဘုရား)

ထပ်ပြီးတော့ မှတ်လိုက်ပါဦး။ မကောင်းတဲ့ ဆိုးကျိုးတွေ အားလုံးငြိမ်းပြီးတော့ အေးချင်တာတွေ အားလုံး အေးစေတဲ့ 'ငြိမ်းချမ်းအေး' ဂါထာတော်ကွဲ။ ဘာဂါထာတဲ့လဲ?

(ငြိမ်းချမ်းအေး ဂါထာတော်ပါဘုရား)

## လောကမနေး + ငြိမ်းချမ်းရေး

လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး ရချင်တယ်ဆိုရင် ဒီဂါထာလေး လာတဲ့အတိုင်း မေတ္တာလည်း ပို့ရမယ်။ လက်တွေ့လည်း လိုက်နာကျင့်သုံးရမယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– ငြိမ်းချမ်းရေးလင်္ကာလေးတွေ လိုက်ဆို

* လှည့်ပတ်လိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

* အထင်သေးချင်၊ စိတ်အစဥ်၊ လူရှင်ကင်းပါစေ။

* ဆင်းရဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

ညှဉ်းဆဲလိုလား၊ စိတ်ဆိုးများ၊ ပယ်ရှားနိုင်ပါစေ။

ဒေါသကင်းဝေး၊ ငြိမ်းချမ်းရေး၊ အားပေးနိုင်ပါစေ

မညှဉ်းဆဲအေး၊ ငြိမ်းချမ်းရေး အားပေးနိုင်ပါစေ။

ငြိမ်းချမ်းရေးတွက်၊ ဆေးတစ်ခွက်၊ ဆကီလက် သောက်နိုင်စေ။

## ငြိမ်းချမ်းရေးတွက် + ဆေးနှစ်ခွက်

ဘုရားရှင်က မညှဉ်းဆဲကြပါနဲ့ဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးတစ်ခွက် တိုက်ကျွေးပြီးတော့ ဒေါသစိတ်ကို အမြန်ဆုံး ငြိမ်းအောင်လုပ်ကြပါဆိုတဲ့ ဆေးတစ်ခွက်ကို ထပ်ပြီးတော့ တိုက်ကျွေးတော်မူတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ မညှဉ်းဆဲခြင်းဆိုတဲ့ ငြိမ်းချမ်းရေးတွက် ဆေးက တစ်ခွက်၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် အမြန်ဆုံး ကြိုးစားကြပါဆိုတဲ့ ဆေးက တစ်ခွက်၊

ပေါင်းလိုက်တော့ ငြိမ်းချမ်းရေးတွက် ဆေးနှစ်ခွက်နော်။

(မှန်လှပါ ဘုရား)

## တူရာပေါင်းတော့ + တစ်ခွက်ပေါ့

မညှဉ်းဆဲခြင်းဆိုတာလည်း ဒေါသစိတ် ငြိမ်းအေးအောင် လုပ်တာ၊ ဒေါသစိတ် ငြိမ်းအေးခြင်း ဆိုတာဟာလည်း မညှဉ်းဆဲခြင်းပါပဲလို့ တူရာပေါင်းလိုက်ရင်တော့ 'ငြိမ်းချမ်းရေးတွက်+ ဆေးတစ်ခွက်' ပဲနော်။ (မှန်လှပါ ဘုရား)

## များလေ ကောင်းလေ + ဒကာဆွေ

ရှေ့က တရားထောက်တဲ့ ဒကာဆွေကို မေးရဦးမယ်။ တစ်ခွက် ကြိုက်သလား၊ နှစ်ခွက် ကြိုက်သလား? များလေ ကောင်းလေပါပဲ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

ဒကာက များများသောက်နေကြတယ်ထင်တယ်။

(အားလုံး ရယ်ကြ)

## စစ်ပွဲငြိမ်းအေး + တရားဆေးကြောင်း

ကဲ– ထားပါတော့။ ရှေ့ဆက်ကြရအောင်

ဘုရားရဲ့ မညှဉ်းဆဲကြပါနဲ့၊ ဒေါသစိတ်ကို ငြိမ်းအေးအောင် ကြိုးစားကြပါလို့ တိုက်တွန်းဟောပြောတဲ့ တရားဆေး နှစ်ခွက်ကို သောက်သုံးလိုက်ရတယ်ဆိုရင်ပဲ နတ်မင်းကြီးနှစ်ပါးရဲ့ စစ်ပွဲဟာ တစ်ခါတည်း မီးကို ရေနဲ့သတ်လိုက်သလိုပဲ ပြေငြိမ်းသွားတယ်။ မြတ်စွာဘုရားရဲ့ တရားဆေးဟာ တကယ်အံ့သြစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## များ နည်း ကောင်းတာ + မေး ဖြေလှာ

ငြိမ်းချမ်းရေးတွက် ဆေးဘယ်နှစ်ခွက် တိုက်ကျွေးလိုက်သလဲ?

(နှစ်ခွက်ပါ ဘုရား)

ဒကာဆွေ၊ (ဘုရား)

များလေ ကေင်းလေပဲလား။ (အားလုံး ရယ်ကြ)

ဆေးပြောပါတယ်။ (အားလုံး ရယ်ကြ)

ဆေးကတော့? (များလေကောင်းလေပါဘုရား)

ကျန်တာတော့? (နည်းလေကောင်းလေပါဘုရား)

ဒကာဆွေ။ (ဘုရား)
နည်းလေ ကောင်းလေဆိုတာ ဘာလဲ?
(ဘီယာပါ ဘုရား) (အားလုံး ရယ်ကြ)
သောက်နေကြလေး တန်းပြောတာပဲနော်။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
ဘီယာဆိုတာ ဘာလဲ? အရက်နုပါ ဘုရား။
(အားလုံး ရယ်ကြတယ်)
အောင်မယ် အရက်တောင်မှ အရက်နုဆိုပါလား။
(အားလုံး ရယ်ကြ)
ဒကာဆွေ၊ (ဘုရား)
အရက်ကြမ်းဆိုတာ ရှိသေးလား?
(အားလုံးရယ်ကြ)

## ဘီယာဆိုတာ + သိစရာ

ကဲ– ထားပါတော့၊ ဘီယာဆိုတာ အရက်နု၊ အရက်ကြမ်း ခေါ်တာ၊ မခေါ်တာတော့ မသိပါဘူး။ သိတာလေးကို စာပေအတိုင်း သဒ္ဒါရေးနဲ့ ပြောမယ် ဆိုရင်တော့ ဘယ က လာတာဖြစ်တယ်။ ဘယ ဆိုတော့ ဘေးပေါ့။ အဲဒီ ဘီယာ ဆိုတာ သောက်ရင် ဘေးဖြစ်မယ်။ ဘေးပေါင်းစုံဖြစ်စေတတ်လို့ ဘီယာ ခေါ်တယ်။

ကဲ– လင်္ကာလေး လိုက်ဆို

* ဘေးဖြစ်စေသော၊ ထိုသဘော၊ ဆိုပြောဘီယာခေါ်။
* ဘယဘေးတွေ၊ ဖြစ်စေတတ်၊ မှတ်လေ ဘီယာခေါ်။
* ဘယဘေးတွေ၊ အစုံပေ၊ ဖြစ်စေ ဘီယာခေါ်။

## ဆေးဖြစ် ဝါးဖြစ်

ဒကာဆွေ၊ (ဘုရား)
များလေ ကောင်းလေက?
(တရားဆေးပါဘုရား)
နည်းလေ ကောင်းလေက?
ဘီယာဆေးပါ ဘုရား။ (ရယ်ကြ)

တပည့်တော် ယောင်ပြောတာပါ ဘုရား။

(ရယ်ကြ)

ဒကာဆွေက ဘီယာကိုတောင် ဆေးဆိုပါလား။

(ရယ်ကြ)

များများသောက်တတ်တဲ့ ဒကာတွေကို ဘုန်းကြီးက သိပ်ပြီးမသောက်ကြနဲ့လို့ လျှော့သောက်လို့ ပြောတော့ ဒကာတစ်ယောက်က တပည့်တော် ဆေးဖြစ်ဝါးဖြစ်ပဲ သောက်တာပါ ဘုရားလို့ လျှောက်တယ်။

(အားလုံး ရယ်ကြ)

အဲဒီလိုလျှောက်တဲ့ ဒကာတစ်ယောက်ကို ဘုန်းကြီးက ဆေးဖြစ်ဆိုတာတော့ထားပါတော့၊ 'ဝါး' ဖြစ်ဆိုတာ သိရဲ့လားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာက မသိပါ ဘုရားလို့ မလျှောက်ပါတယ်။ မသိရင် မှတ်ထားပါ။ တို့တွေးမိတာလေး ပြောဦးမယ်ဆိုပြီး ပြောပြလိုက်ပါတယ်။

အဲဒီသေရည် သေရက်တွေ၊ ခုခေတ်ဇ၀ါ ဘီယာစတဲ့ မူးမေ့စေတတ်တဲ့ အရည်တွေ အသောက်များသူတွေဟာ ရောဂါဆိုး ရောဂါအမျိုးမျိုးတွေ ရပြီးတော့ ဆေးမျိုးစုံကို ဝါးရတော့တာပါပဲ။ အဲဒီလို ဆေးမျိုးစုံ ဝါးဖြစ်တာကြောင့် ဝါးဖြစ်။

(အားလုံးရယ်ကြ)

နောက်ပြီးတော့ အသောက်များသူတွေဟာ မသေခင်လည်း ပိန်ပိန်ကပ်ကပ်လေး၊ သေတော့လည်း ပိန်ခြောက်ပြီး ပိန်ပိန်ကပ်ကပ်လေး သေဆုံးရတယ်။ အဲဒီလို ပိန်ပိန်ခြောက်ခြောက်လေးနေ၊ ပိန်ပိန်ခြောက်ခြောက်လေး သေရတာကို တင်စားပြီးတော့ ဝါးလုံးလေးလို ဖြစ်သွားတာကြောင့်လည်း ဝါးဖြစ်။

(အားလုံး ရယ်ကြ)

ဈေးကြီးတဲ့ ဆေးမျိုးစုံနဲ့ ဆေးဖိုးရဲ့ ဝါးမျိုခြင်းကို ခံရတဲ့အတွက်ကြောင့်လည်း ''ဝါး''ဖြစ်။

(အားလုံး ရယ်ကြ)

ကဲ– ''ဝါးဖြစ်'' လင်္ကာလေးတွေ လိုက်ဆို

* ရောဂါရတုန်၊ ဆေးမျိုးစုံ၊ အကုန်ဝါးဖြစ်ပေ။
* ရောဂါရချေ၊ ပိန်ကပ်နေ၊ ပိန်သေ ဝါးဖြစ်ပေ။
* ဈေးကြီးဆေးများ၊ ဆေးဖိုးများ၊ မျိုဝါး ဝါးဖြစ်ပေ။

## သူတို့အားထား + မြတ်ဘုရား

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

လောကရဲ့အကြီးအမှူးဖြစ်တဲ့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်ရာရယ်လို့ ဆည်းကပ်ကြတယ်။

နတ်မင်းကြီးနှစ်ဦးဟာ မြတ်စွာဘုရားကို တကယ် အားထားသွားကြတယ် နော်။ (မှန်လှပါဘုရား)

## သူတို့ဘဝ + ရင်အေးရ

ဘုရားက တရားဟောတော့ တရားနာကြားတာဟာ တရားကို လိုက်နာကျင့်သုံးတာဟာ တရားကို ကိုးကွယ်အားထားတာ ဖြစ်တယ်။ ဒီတော့ နတ်မင်းကြီး နှစ်ပါးရဲ့ နှလုံးသားမှာ ဘုရားသရဏဂုံ၊ တရား သရဏဂုံတွေ တည်သွားကြပြီနော်။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* နတ်မင်းနှစ်ပါး၊ မြတ်ဘုရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ မြတ်တရား၊ အားထားကိုးကွယ်ပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ ဘုရားတည်လေပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ဒေါသကင်း ရပြီ။
* နှလုံးသားဝယ်၊ တရားတည်၊ တကယ်ငြိမ်းချမ်းပြီ။
* နတ်မင်းနှစ်ပါး၊ နှလုံးသား၊ အပြုံးများရပြီ။
* ဒေါသကင်းဝေး၊ ငြိမ်းချမ်းရေး၊ ရင်အေးရလေပြီ။

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

စကြွင်းပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ စစ်မြေပြင်မှာ ရှိနေကြတဲ့ နတ်အပေါင်းကို သိစေတော်မူကာ ခြေတော်ကို ကြွချီတော်မူတယ်။

နတ်အများ ကြည့်ရှုနေစဉ်မှာပဲ မြောက်အရပ်ကို ကြွသွားတော်မူတယ်။

## ကမ္ဘာတစ်သိန်း + အပါယ်ငြိမ်း

အခြေနှစ်ချောင်းရှိသူ နတ်လူတွေကို အမြဲရကာ တာဒိဂုဏ်နဲ့ ပြည့်စုံ

တော်မူတဲ့ မြတ်စွာဘုရားကို သူဟာ ရှေးဦးစွာ ကိုးကွယ်အားထား ဆည်းကပ်သူ ဖြစ်တယ်။ သူဟာ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလား မရောက်ရပါဘူး။

ဘုရားကိုးကွယ်၊ တရားကိုးကွယ်တဲ့ ကုသိုလ်ကြောင့် သူဟာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။

လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရပါတယ်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးလုံးကို ခံစားရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* ဘုရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* တရားကိုးကွယ်၊ လေးအပါယ်၊ ဝေးကွယ်ရလေပြီ။
* ဘုရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* တရားကိုးကွယ်၊ လူ နတ်နယ်၊ တကယ်ရောက်ရပြီ။
* လူ နတ် နှစ်ပါး၊ ချမ်းသာများ၊ ခံစားရလေပြီ။

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ကမ္ဘာသုံးသောင်းထက်မှာတော့ ရထားစီးမင်းတွေထက် မြတ်တဲ့ 'မဟာ ဒုန္ဒုဘိ' အမည်ရှိတဲ့ စကြဝတေးမင်းတွေ ၁၆ ကြိမ် ဖြစ်ဖူးပါတယ်။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ အမျိုးကောင်းအိမ်မှာ လာဖြစ်ရတယ်။ အရွယ်ကြီးလာတော့ ဘုရားကြည်ညိုကာ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

စကြဝတေးမင်းဖြစ်ရတဲ့ ကောင်းကျိုး၊ နောက်ဆုံး ရဟန္တာဖြစ်ရတဲ့ ကောင်း ကျိုးတွေဟာ ဘုရားကိုးကွယ်၊ တရားကိုးကွယ်ရတဲ့ ကောင်းကျိုးတွေနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မြတ်စွာကိုးကွယ်ကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဓမ္မာကိုးကွယ်ကျိုး။

## ဒေါသကင်းဝေး + ငြိမ်းချမ်းရေး

ဒီနေ့ ဒကာ ဒကာမတွေကို အဓိကအံမည်ပေး ပြီး ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတဲ့ လဲ?

(ဒေါသကင်းဝေး ငြိမ်းချမ်းရေးပါ) တရားတော်ပါ ဘုရား။

ဒကာ ဒကာမတွေ၊ ငြိမ်းချမ်းရေး မလိုချင်ကြ ဘူးလား?

(လိုချင်ပါတယ် ဘုရား)

အေး– ငြိမ်းချမ်းရေးလိုချင်ရင် ဘာကင်းအောင် လုပ်ရမလဲ?

(ဒေါသကင်းအောင် လုပ်ရမှာပါ ဘုရား)

## ဘယ်သူ့ရည်ရွယ် ဖြေပြကွယ်

ဒီတရား ဘယ်သူ့ကို အဓိကရည်ရွယ်ပြီးတော့ ဟောတယ်ဆိုတာ သိရဲ့လား?

(သိပါတယ်ဘုရား)

ဘယ်သူ့ကိုလဲ?

(စိတ်တိုတဲ့ တပည့်တော်တို့ကိုပါ ဘုရား)

အဲဒီ အဖြေ မှားတယ်။ အဖြေမှန် မသိချင်ဘူးလား?

(သိချင်ပါတယ် ဘုရား)

သိချင်ရင် တရားနာနေကြတဲ့ ဒကာ ဒကာမတွေ အားလုံး ဘုန်းကြီးကို ကြည့်လိုက်ကြပါ။ ဘုန်းကြီး သေသေချာချာပြမယ်။ ဘုန်းကြီးရဲ့လက်ညှိုးလေးနဲ့ ထိုးပြတာ မြင်ရပြီနော်။

(မြင်ရပါပြီ ဘုရား)

ဘယ်သူ့ကို ရည်ရွယ်?

(တရားဟောနေတဲ့ ဘုန်းကြီးကိုပါ ဘုရား)

အောင်မယ်လေး၊ လျှာရှည်လိုက်တာ 'ဘုန်းကြီး' ဆို တော်ရောပေါ့။ ခုတော့ ဝိသေသန မပြီးတော့ တရားဟောနေတဲ့ဆိုတာ သူတို့မှ ထည့်ရက်တယ်။

(အားလုံး ရယ်ကြ)

ထပ်ဖြေပါဦး၊ ဘယ်သူ့ကို ရည်ရွယ်?

(ဘုန်းကြီးကိုပါ ဘုရား)

အဲဒီလောက်ဆို သိလောက်ပါတယ်။ တော်သေးတာပေါ့။

(အားလုံး ရယ်ကြ)

ကဲ– ထားပါတော့။ တရားဟောတဲ့ ဘုန်းကြီးလည်း စိတ်တိုတတ်တယ်။

စိတ်တိုလို့ မှားခဲ့တာတွေလည်း မရေနိုင်တော့ပါဘူး။ ဒါကြောင့် ဒီတရားတော်ဟာ သူများရည်ရွယ်ပြီးတော့ ဟောတဲ့တရားမဟုတ်ပါဘူး။ တရားဟောနေတဲ့ ပလ္လင်ပေါ်က ကိုယ့်ကိုယ်ကို ရည်ရွယ်ပြီး ဟောတဲ့တရားပါလို့ အမှန်အတိုင်း ဝန်ခံ ပြောပြမိပါတယ်။

## ဒေါသကြောင့်မှား အမှားတစ်ထောင်

ဒေါသကြောင့် မှား။ အမှား မရေနိုင်လို့တောင် မှတ်တမ်းတင်မိပါတယ်။

တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေ ကျောင်းလာရင် ဘာလုပ်လာတာလဲလို့ မေးတော့ တရားပွဲ လာပင့်ကြောင်း လျှောက်တဲ့အခါ ပြောမိတာလေးက တရားပွဲ ပင့်မနေပါနဲ့တော့၊ တရားမဟောချင်တော့ဘူးလို့ ပြောမိပါတယ်။ အဲဒီလို ပြောတော့ တရားပွဲလာပင့်တဲ့ ဒကာ ဒကာမတွေက ဘာဖြစ်လို့ မဟောချင်တာလဲ ဘုရား။ တပည့်တော်တို့ လှူတာ နည်းလို့လားလို့ ထပ်လျှောက်ကြပါတယ်။

ဘုန်းကြီး ပြောလိုက်တာကို သေသေချာချာ နားထောင်နော်။ နည်းလို့ မဟုတ်ပါဘူး။ မများလို့ပါ။

(အားလုံး ရယ်ကြ)

ကဲ- ထားပါတော့၊ ဒါက ရယ်စရာလေး ပြောတာပါ။ တကယ်ပြောတဲ့ စကားက 'တို့တရားဟောနေတဲ့ ဘုန်းကြီးကိုယ်တိုင် တရားမရှိလို့ပါ' လို့ ပြောလိုက်တာပါ။

(ရယ်ကြ)

မရယ်နဲ့၊ တကယ်ပြောတာ။

(ထပ်ရယ်ကြ)

## မီးသတ်ကားကြီး မီးလောင်နေ

တစ်ခါက မြို့တစ်မြို့မှာ နာမည်ကြီး ဆရာတော်ကြီးတစ်ပါး တရားဟောတော့ မိုက်က တဂွီဂွီမြည်နေတယ်။ အဲဒီဆရာတော်ကြီးက ဟောက်ပေါက်မာန်မဲပြီး မိုက်ကိုချွတ်ပြီး ကိုင်ပေါက်လိုက်တယ်။ ပြီးတော့ တရားမဟောဘဲ ပလ္လင်ပေါ်က ဆင်းသွားတယ်။

ဒကာ ဒကာမတွေက ကောင်းတဲ့မိုက် စီမံပေးပါ့မယ်၊ တရားဆက်ဟောပါ ဘုရားလို့ ငိုယိုလျှောက်ပေမယ့်လည်း မရပါဘူး။ အဲဒီမြင်ကွင်းကို တွေ့မြင်လိုက်ရတဲ့ လက်သံပြောင် စာရေးဆရာတစ်ယောက်က ဆောင်းပါးရေးထည့်လိုက်တယ်။

သူဆောင်းပါးရဲ့ နာမည်ခေါင်းစီးက တော်တော်လေးကောင်းတယ်။ ''မီးသတ်ကားကြီး မီးလောင်နေတယ်'' ဆိုတဲ့ ခေါင်းစီးပါ။ ဘုန်းကြီးတို့ တရားဟော ဘုန်းကြီးတွေ၊ စာရေးဆရာတွေ၊ တရားပြဆရာတွေဟာ သူများကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာမီးတွေ ငြိမ်းအေးအောင် မီးငြိမ်းပေးနေသူတွေပါ။ တင်စားပြောမယ်ဆိုရင်တော့ မီးသတ်ကားကြီးပါ။ သူများကို မီးငြိမ်းပေးမယ့် (မီးသတ်ပေးမယ့်) ဘုန်းကြီးတို့ မီးသတ်ကားကြီး ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိတဲ့ ကိလေသာမီးတွေ လောင်နေမယ်ဆိုရင်တော့ ''မီးသတ်ကားကြီး မီးလောင်နေတယ်'' ဆိုတဲ့ စာရေးဆရာရဲ့ ရေးသားချက်ဟာ နည်းတောင်နည်းသေးတယ်လို့ ပြောရမှာပါပဲ။ တရားဟောသူ မီးသတ်ကားကြီး ကိုယ်တိုင်က မီးလောင်နေရင် သူများဟောလို့ မီးငြိမ်းပေးဖို့ ဖြစ်ပါတော့မလား။

(မဖြစ်ပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးပြောတဲ့ တရားမရှိလို့ တရားတွေ ကုန်နေလို့ တရားမဟောချင်ဘူးဆိုတာ သဘာဝကျတယ်နော်။

(မှန်လှပါ ဘုရား)

## အရိပ်ထဲက အပူသည်

တချို့ကလည်း တင်စားပြီးတော့ ရေးသားကြ၊ ပြောကြသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တရားဟောသူ၊ တရားပြသူ၊ တရားစာ ရေးသားထုတ်ဝေသူ၊ စာရေးဆရာဆိုသူတွေဟာ အားမနာတမ်း ပြောရမယ်ဆိုရင်တဲ့ ''အရိပ်ထဲက အပူသည်တွေ''တဲ့။ တော်တော်လေး ကောင်းပါတယ်။ မှန်တာပေါ့။ သူများကိုတော့ အေးမြအောင် အရိပ်ကောင်းတွေ ပေးနေကြတာပဲ။ အရိပ်ပေးနေသူတွေ ကိုယ်တိုင်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ များနေမယ်ဆိုရင် တကယ်မှန်တဲ့ ''အရိပ်ထဲက အပူသည်တွေ''ပါပဲ။

## စဉ်းစား တကယ် ရှက်မိတယ်

တစ်ခါတလေတော့လည်း စဉ်းစားတွေးတောပြီး ရှက်မိသေးတယ်။ ငါဟာ 'မီးလောင်နေတဲ့ မီးသတ်ကားကြီး'ပါလား။ 'အရိပ်ထဲက အပူသည်ကြီး'ပါလား။ 'လရောင်အောက်မှာ လမ်းပျောက်နေသူ'ပါလားလို့ စဉ်းစားတွေးတောကာ ရှက်မိတာပါ။

## တစ်ခါတလေ အားတင်းနေ

တစ်ခါတလေတော့လည်း အားတင်းလိုက်ပါတယ်။ 'မီးသတ်ကား ဖြစ်ရတာ နည်းတဲ့ကုသိုလ် မဟုတ်ပါလား'၊ 'အပူသည်ဆိုပေမယ့်လည်း တော်သေးရဲ့၊ အရိပ်ထဲက အပူသည်ဖြစ်ရတာ'၊ 'လမ်းပျောက်တာ တော်သေးရဲ့၊ လရောင် အောက်မှာ လမ်းပျောက်တာ'လို့ တွေးတောစဉ်းစား အားတင်းလိုက်တာပါပဲ။

## မီးသတ်ကားကြီး နောက်တစ်စီး

မီးသတ်ကားကြီး တစ်စီးအကြောင်း ပြောရဦးမယ်။ ဒီအကြောင်းကတော့ သာကေတမြို့က အကြောင်းကလေးပါ။ သာကေတမြို့က ဓမ္မာရုံတစ်ရုံမှာ နှစ်စဉ် တရားပွဲများ ကျင်းပလေ့ရှိပါတယ်။ နာမည်ကြီး ဆရာတော်များကိုရွေးပြီး ပင့်လေ့ ရှိပါတယ်။ အဲဒီပင့်တဲ့ဆရာတော်တွေထဲမှာ ဘွဲ့တော်ဆင်တူရိုးမှား ဖြစ်နေတဲ့ ဆရာတော်နှစ်ပါး ပါပါတယ်။ လုံးဝတော့ မတူပါဘူး။ နည်းနည်းလေးတူသလို ဖြစ်နေပါတယ်။ ကျောင်းတိုက်တွေ၊ မြို့နယ်တွေကတော့ လုံးဝကို မတူပါဘူး။ တရားပွဲ ကျင်းပသူတွေက တရားပွဲအစီအစဉ်ကို သတင်းစာထဲမှာ ထည့်လိုက်ပါ တယ်။ ဆင်တူရိုးမှား ဆရာတော်နှစ်ပါးရဲ့ နေ့ရက်တွေ၊ ကျောင်းတိုက်တွေ၊ မြို့နယ်တွေမှန်ပြီးတော့ ဘွဲ့တော်တွေဟာ မှားနေတာ ပါလာပါတယ်။ နာမည် အကြီးဆုံး ဆရာတော်ဟောမယ့်ရက်မှာ ကြွရောက်လာပြီး ဓမ္မာရုံက လူကြီးတွေကို တော်တော်လေး ဆူပါတယ်၊ ငေါက်မာန်ပါတယ်။

ဓမ္မာရုံက လူကြီးတွေက မှားတာ တောင်းပန်လျှောက်ထားလည်း မရပါဘူး။ တရားဟောတော့လည်း စိတ်တိုတိုကြီးနဲ့ ဟောတာ မကောင်းပါဘူး။ ဟိုပြော ဒီ ပြော စောင်းတဲ့ရွဲ့တဲ့စကားတွေနဲ့ပဲ တရားပွဲပြီးသွားပါတယ်။ တရားပွဲပြီး ပြန်ခါနီး မှာလည်း မင်းတို့ဓမ္မာရုံ ငါ့ကို ဘယ်တော့မှ မပင့်နဲ့လို့ ဒေါသသံကြီးနဲ့ ပြော သွားပါသတဲ့။

အဲဒီလိုပြောတာ ကြားလိုက်တဲ့ ဒကာတွေထဲမှာ စိတ်တိုတတ်တဲ့ လူငယ် လေး တစ်ယောက်က "စိတ်ချပါ၊ မပင့်ပါဘူး"လို့ လျှောက်လိုက်ပါသတဲ့။

ဓမ္မာရုံက လူကြီးတွေဟာ တော်တော်လေး စိတ်ပျက်သွားကြပါတယ်။ တရားဟောတဲ့ မီးလောင်နေတဲ့ မီးသတ်ကားကြီးတွေကို လန့်နေတယ်တဲ့။

ဓမ္မာရုံ လူကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတာကတော့ 'တပည့်တော်တို့ကို လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ နည်း ပါးအောင် ဆုံးမမယ့် တရားဟောဆရာတော်က တပည့်တော်တို့ထက် ဒေါသကြီးနေ

တာ အံ့ဩစရာကောင်းတယ် ဘုရား။ တပည့်တော်တို့ကလည်း သူက မပင့်နဲ့ဆို တော့ မပင့်ရဲတော့ပါဘူး ဘုရား'လို့ လျှောက်ထားပါတယ်။

## သာသနာပြု + ကဗျာနေ

အဲဒီလိုလျှောက်ထားတော့ အဲဒီဒကာတွေ စိတ်သက်သာရာ ရအောင် အားပေးစကား ပြောကြားလိုက်တာကတော့ ''စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'' ဆိုတဲ့ ကဗျာလေးအတိုင်း စိတ်ရှည်ရှည်ထားပြီး ဖွဲ့သန်သန်နဲ့ သည်းခံကာ သာသနာပြုပါလို့ ပြောလိုက်ပါတယ်။

## မီးသတ်ကားတွေ + ရေပါပါစေ

နောင်တရားပွဲပင့်တဲ့အခါမှာလည်း ''ရေပါတဲ့ မီးသတ်ကားကြီးတွေ၊ ကား လတ်တွေ၊ ကားလေးတွေ ရွေးပင့်ပါ''လို့ ပြောလိုက်ပါတယ်။

မှော်ရုံဒကာကြီးတစ်ယောက်က ''ဆရာတော် ပြောတာ သဘောမပေါက်တဲ့ ရှင်းပြပါဦး ဘုရား'' လျှောက်ထားပါတယ်။

ရေပါတဲ့ မီးသတ်ကားဆိုတာ ဒကာ ဒကာမတွေရဲ့အပေါ်မှာ တကယ် ကောင်းကျိုးလိုလားတဲ့ မေတ္တာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ သံသရာ ဝဋ်ဆင်းရဲက တကယ်လွတ်မြောက်စေချင်တဲ့ သနားခြင်း ကရုဏာရေကို ဆိုလို တာပါ။ ဒကာ ဒကာမတွေ တရားတွေ နာကြ၊ သီတင်း ကျင့်ကြံတတ်တဲ့အခါမှာ ဝမ်းမြောက်တဲ့ မုဒိတာရေကို ဆိုလိုတာပါ။ ဒကာ ဒကာမတွေ ကံမကောင်း အကြောင်းမလှတဲ့အခါမှာလည်း ဒါဟာ တကယ်တော့ ကံအတိုင်းပဲ ဖြစ်ကြ ပျက်ကြရတာပဲလို့ အသင့်အားဖြင့် ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ဥပေက္ခာရေကို ဆိုလိုတာပါလို့ ရှင်းပြလိုက်တော့မှ သဘောကျသွားပါတယ်။

မီးသတ်ကားတွေ ရေပေါပါစေလို့ ဆုတောင်းပါတယ်။

မီးပါတဲ့ မီးသတ်ကားတွေ ပင့်လို့ကတော့ မီးဆက်လောင်နေဦးမှာပဲလို့ လည်း မှာလိုက်ပါတယ်။

ဒကာတစ်ယောက်ကတော့ ''မီးပါတဲ့ မီးသတ်ကား၊ ရေပါတဲ့ မီးသတ်ကား'' ဆိုတာ ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲ ဘုရားလို့ လျှောက်ပါသေးတယ်။

ဘုန်းကြီးကတော့ ''ပကတိမျက်စိနဲ့လည်း ကြည့်၊ ဉာဏ်မျက်စိနဲ့လည်း ကြည့်ပါ'' သိပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။

ကဲ– ထားပါတော့၊ မီးသတ်ကားကြီးတွေ အကြောင်းပြောတာ တော်တော် လေး စုံသွားပါပြီ။

## ငြိမ်းချမ်းရေးရ + အေးမြပါစေ

ဘုန်းကြီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြစ်မှားတိုတတ်တဲ့ ဒေါသ ဆိုးများ နှလုံးသားဝေးကွာ သာယာအေးမြ ငြိမ်းချမ်းရေး ရကြပါစေ၊ ငြိမ်းချမ်း အေးမြကြပါစေလို့ ကုသိုလ်ပြုတိုင်း ဆုတောင်းမိတဲ့ "ငြိမ်းချမ်းရေး ဆုတောင်း" ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

"ပြစ်မှားတိုတတ်၊ စိတ်မမြတ်ခြင်း။ ဒေါသကင်းမှ၊ ရင်တွင်းမှာအေး။ ငြိမ်းချမ်းရေးတွေ၊ ရနိုင်ပေဟု၊ ကဗျာပြုပြီး စာနုဆို၍၊ ခုကိုငြိမ်းချမ်း။ နောင်ငြိမ်းချမ်း စေ၊ တောင်းဆုချွေသည်၊ ကောင်းမှုထွေထွေ ပြုတိုင်း တည်း"

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ကျမ်းညွှန်း ။ အပဒါန၊ ပါဠိ၊ ၁၊၁၆၂

အပဒါန၊ ဋ္ဌ၊ ၂၊ ၁၃၀

မြန်မာပြန်၊ ၁၊ ၁၆၆။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥမာဝဂ္ဂပိယဝဂ်၊ ယသောဓရာ

ထွေရာပဒါနိကို ထန်သာသင်၍ ဟောကြား ပြောကြားအပ်သော

# သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲတော်သဘင် ဆင်ယင်ကျင်းပနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို ဟောကြားမယ့် တရားတော်က ''သိပ်မြတ် ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်'' တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်) တရားတော်ပါ ဘုရား။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

ယသောဓရာ မထေရ်ဟာ သူ့ဘဝအကြောင်းတွေကို သူကိုယ်တိုင် ပြန် ဟောပြထားတဲ့ တရားတော်ပါ။

### ယစ်ပူဇော်ရန်+အားထုတ်ပြန်

ငါဟာ မွေးဖွားပြီးတော့ ခုနစ်နှစ်ပဲ ရှိပါသေးတယ်။ ဗေဒင်ကိုတော့ တစ်ဖက်ကမ်းရောက် တတ်မြောက်ပါတယ်။ အမျိုးအနွယ်ရဲ့ကျင့်ဝတ်ကိုတော့ ဆောင်ထားပါတယ်။ ငါဟာ ယစ်ပူဇော်ရန် အားထုတ်နေပါတယ်။

(အပဒါန၊ ပါဠိ ၁၊ ၂၉၆)

### တိုင်မှာချည်ထား + သားကောင်းများ

ငါဟာ ရှစ်သောင်းလေးထောင်ကုန်သော သားကောင်တွေကို သတ်ဖြတ် တယ်၊ အဲဒီသားကောင်တွေကို ကြိုးတွေနဲ့ ချည်ကာ ယူဆောင်ပြီးတော့ ယစ် ပူဇော်ရန်အတွက် တိုင်မှာချည်ထားပါတယ်။

### ရွှေရှားမီးလို + နေလလို

ပန်းထိမ်ဖိုမှာ ဦးပြီးတဲ့ရွှေလို၊ ရှားမီးလို၊ တက်လာတဲ့ နေမင်းလို၊ လပြည့် နေမင်းလို–

## ဘုရားငါ့ထံ + ကြွလာပြန်

လောကီ လောကုတ္တရာ အကျိုးအားလုံးကို ပြီးစေတော်မူတဲ့၊ လူသုံးပါးတွေ ပူဇော်အပ်တဲ့၊ အကျိုးစီးပွားကို ဆောင်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ထံ ကြွလာပြီးတော့ ဒီစကားတော်ကို မိန့်တော်မူတယ်။ (ဒီတရားကို ဟောတော်မူတယ်)

## ဘုရားနှစ်သက် + မိန့်မှာချက် လေးပါး

သတ္တဝါ။ သတ္တဝါအားလုံးကို မညှဉ်းဆဲတာကို ငါဘုရား နှစ်သက်တော်မူတယ်။

* ခိုးခြင်း ရှောင်တာ၊
* သူများ ကာမပိုင်လွန်ကျူးပြီး ကျင့်ခြင်းရှောင်တာ၊
* သေရည်သေရက် သောက်ခြင်း ရှောင်တာ ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

## သေရည်ဆိုတာ + မှတ်စရာ

သေရည်ဆိုတာ လူတွေကို (သောက်သူတွေကို) မြန်မြန် သေစေတတ်တဲ့ အရည်၊ ကုသိုလ်ကောင်းမှုတွေကို သေစေတတ်တဲ့ အရည်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

အဲဒီအရည်တွေ သောက်ပြီဆိုရင် ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်သေးရဲ့ လား။

(မလုပ်နိုင်တော့ ပါဘုရား)

ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်တော့ ကုသိုလ်ကောင်းမှုတွေ သူ့အတွက် သေမနေဘူးလား။

(သေနေပါတယ် ဘုရား)

သေရည်ဆိုတာ သဘောပေါက်ပြီနော်။

(မှန်လှပါ ဘုရား)

## သေရက်ဆိုတာ + ဒီလိုပါ

သေရက်ဆိုတဲ့ အဲဒီအရည်တွေ သောက်သူတွေဟာ သေမယ့်ရက်တွေနဲ့ အမြန်ဆုံးနီးကပ်သူတွေ ဖြစ်တဲ့အတွက် သေရက်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

ခုခေတ်မှာတော့ 'သေ'ဆိုတဲ့ စကားလုံးလေး ပျောက်ပြီး အရက်လို့ ခေါ်နေကြတာပါပဲ။

## မြန်မြန်သေချင် များများသောက်

ဘုန်းကြီးတို့ ဒကာတွေထဲမှာ သေရည် သေရက် သောက်သူတွေ ပါတယ်။ အဲဒီ ဒကာတွေကို ဘုန်းကြီး ပြောတဲ့စကားကတော့ ဒကာ၊ မြန်မြန်သေချင်ရင် မြန်မြန်သောက်၊ များများသောက်ပါလို့ ပြောမိပါတယ်။ မြန်မြန်မသေချင်ရင်တော့ လျှော့သောက်လို့ ပြောရပါတယ်။

## ဒကာတစ်ယောက် + လျှော့သောက်ပုံလေး

ဒကာတစ်ယောက်ကတော့ လျှော့သောက်ဆိုလို့ လျှော့သောက်နေပါတယ် ဘုရားလို့ လျှောက်တော့ ဘုန်းကြီးက အဟုတ်မှတ်နေတာ။ မင်း တကယ်လျှော့သောက်နေပြီလားလို့ မေးတော့ တပည့်တော် တအားသောက်လို့ ဗိုက်တင်းလာရင် ပုဆိုးဖြေလျှော့ပြီး ထပ်သောက်တာပါ ဘုရားတဲ့၊ ကောင်းရောဗျာ။

## လူမိုက်အကြီးစား + လူမိုက်ကြီးများ

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်။

ဟိုတလောက ရဟန်းဒကာမတစ်ယောက်ရဲ့ အသက် ၄၀ ကျော် မောင်လေး ဆုံးတော့ တရားဟော ရောက်သွားတယ်။ ရဟန်းဒကာမရဲ့ ငိုသံဆန်းလေး ကြားရတော့ ဘုန်းကြီးတောင် စိတ်မကောင်းဖြစ်မိသေးတယ်။ သူငိုပုံလေးက မောင်လေး လူမိုက်ကြီး၊ မင်း မသောက်ပါနဲ့ဆိုတာ ပြောမရဘူး၊ ခုတော့ မင်းအစ်ကိုကြီး၊ အစ်မကြီးတွေအရင် သေရပြီမဟုတ်လား။ လူမိုက်ကြီး၊ လူမိုက်ကြီးလို့ ခေါ်ခေါ်ပြီး တော့ ငိုတာပါပဲ။ အဲဒီငိုသံကြားရတော့မှ လူမိုက်တောင်မှ သေးသေးမွှားမွှား အသေးစား အငယ်စား လူမိုက်မဟုတ်ပါလား။ များများသောက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မြန်မြန်သေတဲ့လူတွေဟာ "လူမိုက်အကြီးစား၊ လူမိုက်ကြီးတွေပါလား"လို့ သတိထားမိပါတော့တယ်။

ကဲ- ဒီတရားနာ ပရိသတ်တွေထဲမှာ အကြီးစားတွေ ဘယ်လောက်ပါသလဲ ကြည့်လိုက်စမ်းမယ်။ ဟာ မနည်းပါလား။ (ရယ်ကြ)

အလကား ရယ်စရာပြောတာပါ။ တရားနာတဲ့ ဒကာတွေ မပါပါဘူး။

## ဘုရားနှစ်သက် + မိန့်မှာချက် သုံးပါး

* ဖြတ်တဲ့ (တူမျှတဲ့) အကျင့်မှာ မွေ့လျော်ပျော်ပိုက်တာ ငါဘုရား နှစ်သက်တော်မူတယ်။
* အကြားအမြင်များတာ ငါဘုရား နှစ်သက်တော်မူတယ်။

ဒီနေ့ ဒကာ ဒကာမတွေ လောကီ၊ လောကုတ္တရာ အသိဉာဏ်တွေ များအောင် တရားနာနေတာဟာ ဘုရားနှစ်သက်တဲ့ လုပ်ငန်းဖြစ်တယ်နော်။

(မှန့်လုပါဘုရား)

* ကိုယ့်အပေါ် ပြုထားတဲ့ သူတစ်ပါးရဲ့ ကျေးဇူးတရားတွေ သိတာကို ငါဘုရား နှစ်သက်တော်မူတယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို ဘာပြောချင်၊ မှာချင်သလဲဆိုတော့ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူများရဲ့ အပေါ်မှာ ကျေးဇူးသိပါ။ ကျေးဇူးပြောပါ။ ကျေးဇူးမှတ်ပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူး မမေ့ပါနဲ့လို့ ပြောချင် မှာချင်တာပါပဲ။

## ကျေးဇူး သိ ဆပ် + ကိုယ့်မျှတ်

ဘုန်းကြီးတို့မူကတော့ ကျေးဇူးသိ၊ ကျေးဇူးကြည့်၊ ကျေးဇူးပြော၊ ကျေးဇူးမှတ်၊ ကျေးဇူးဆပ်တဲ့ မူပါပဲ။ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဘယ်အပြောကိုပဲ ပြောပြော၊ ဘယ်အကြံကိုပဲ ကြံကြံ အဲဒီလို ကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့မူနဲ့ပဲ လုပ်ကိုင်၊ ပြောဆို၊ ကြံစည်ပါတယ်။ ဒါဟာ ဘုန်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးတဲ့မူပါပဲ။ ဒကာ ဒကာမတွေ တပည့်တွေကိုလည်း ဒီမူကို အမြဲပြောဟောဆုံးမပါတယ်။

ခုလို လောက၊ သာသနာ အရာရာမှာ သာသနာ ပြုနိုင်တာ၊ သာသနာပြုခွင့်ရတာဟာ ဒီမူကြောင့်လို့ ပြောဆိုမယ်ဆိုရင် အမှန်ဆုံး ပြောဆိုနည်းလို့ ဆိုနိုင်ပါတယ်။

## လူကောင်း လူတော် + သတ်မှတ်ခေါ်

လောကလူတွေကို လူကောင်း လူတော် သတ်မှတ်တဲ့နေရာမှာလည်း ဘုန်းကြီးကတော့ အဲဒီမူနဲ့ပဲ သတ်မှတ်ပါတယ်။

ဘုန်းကြီးရဲ့ "လူကောင်း လူတော် လူမြင့်မြတ်" ဆိုတဲ့ ကျေးဇူးဆိုင်ရာ မှတ်တမ်းလွှာ ဆောင်ပုဒ်လေးတွေကို အောက်ပါအတိုင်း ရေးထားပါတယ်။

## ကျေးဇူးဆိုင်ရာ + မှာတမ်းလွှာ

* အားလုံးကို ကျေးဇူးတင်ပါ။
* ကျေးဇူးရှင်
ကျေးဇူးစဉ်
ကျေးဇူးမြင်
ကျေးဇူးတင်
* ကျေးဇူးတွေး
ကျေးဇူးရေး
* ကျေးဇူးရှိ
ကျေးဇူးသိ
* ကျေးဇူးပြော
ကျေးဇူးဟော
* ကျေးဇူးမှတ်
ကျေးဇူးဆပ်
* လူကောင်း လူတော် လူမြင့်မြတ်။

## ရန်သူသည်ပင် + ကျေးဇူးရှင်

တကယ်တော့ လောကမှာ ကျေးဇူးတင်တတ်မယ်ဆိုရင် ကိုယ့်ကို အမြဲလို ရန်မူနေကြတဲ့ ရန်သူတွေပင် ကျေးဇူးရှင်ဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရန်သူတွေကြောင့် ကိုယ့်ဘဝမှာ သည်းခံစိတ် ခန္တီပါရမီတွေ၊ လောကဓံ ခံနိုင်ရည်တွေ၊ ဘဝအတွေ့အကြုံ ရင့်ကျက်မှုတွေ မြင့်တက်လာတယ်။ ဒါကြောင့် ရန်သူသည်ပင် ကျေးဇူးရှင်ဖြစ်တယ်လို့ ပြောလိုက်တာပါ။

## ကျေးဇူးမကန်းရေး + သတိပေး

ကျေးဇူးရှိသူတွေရဲ့ ကျေးဇူးကို မသိချင်၊ မပြောချင်၊ မဆပ်ချင်နေပါ၊ ကျေးဇူးတော့ မကန်းပါနဲ့လို့ သတိပေးချင်ပါတယ်။

## အမည်လှပ ရာဇကုမာ

ဒီနေရာမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ လူကောင်း လူတော် လူမြင့်မြတ်လေးတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။

သူ့အမည်က ''ရာဇကုမာရ'' တဲ့။

ဘယ်သူတဲ့လဲ? (ရာဇကုမာရပါ ဘုရား)

နာမည်လေးကလည်း သိပ်လှတယ်၊ စိတ်နေစိတ်ထားက ပိုလှတယ်။ နာမည် လှဖို့ထက် စိတ်နေစိတ်ထားလှဖို့ ပိုအရေးကြီးပါတယ်။

သူ့ရဲ့စိတ်နေစိတ်ထား ပိုလှပုံလေးကို တင်ပြမှာပါ။ သူဟာ ကျွန်စစ်သားရဲ့ သားတော်အရင်းခေါက်ခေါက်ဖြစ်ပါတယ်။ ဒါပေမယ့် ငယ်ငယ်လေးကတည်းက သူ့ကို ထီးနန်းအတွက် နန်းလျာမထားခဲ့ဘူးဆိုတာ ပုဂံပြည်သူပြည်သားတွေလည်း သိ၊ သူလည်းသိတယ်။

ဒီတော့ ပရိသတ်ရေ၊ ပုဂံလည်း သိ၊ သူလည်းသိတယ်နော်။

(မှန်လှပါဘုရား)

## နှလုံးသား တရားရောက်

နန်းမရပေမယ့် သူ့နှလုံးသားမှာ တရားသိ၊ တရားရှိ တရားရောက်နေတော့ နေပုံ ထိုင်ပုံတွေက ပကတိအေးချမ်းနေတယ်။ ဒီနေရာမှာ စဉ်းစားတွေးတောမိတာလေး ရှိတယ်။ အဲဒါကတော့ ''နှလုံးသား တရားရောက်နေတဲ့သူ့အတွက် တရားလောက် တန်ဖိုးရှိတာ ဘာရှိမှာလဲ'' ဒီလိုစဉ်းစားမိတယ်နော်။

(မှန်လှပါ ဘုရား)

တရားသိ တရားရှိသူအတွက် တရားရှိနေခြင်းဟာ အားလုံးရှိနေခြင်း၊ အားလုံး ပြည့်စုံနေခြင်းပဲနော်။ (မှန်လှပါ ဘုရား)

နန်းမရပေမယ့် နန်းထက်တန်ဖိုးရှိတဲ့ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သူရထားတယ်၊ သူ့ရင်ထဲ ရှိထားတယ်ဆိုတော့ ဘာပြဿနာတက်စရာ လိုသေးလဲ၊ (ဘာမှ မလိုပါဘူး ဘုရား) ပြဿနာတက်တယ်ဆိုတာ ဓမ္မမရှိသူတွေ၊ ဓမ္မမသိသူတွေ၊ ဓမ္မကို ခုန်ကျော်ပြေးလွှားနေသူတွေကြောင့် ပြဿနာတက်နေတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းပြောတာ မရှိပါ

ဖခင်ကျွန်စစ်သားမင်းကြီး ကောင်းမယ်ထင်လို့ စီမံတာ သူ ဘာမှမကောင်း မပြောဘူးနော်။ (မှန်လှပါ ဘုရား)

ခုခေတ် သားသမီးတွေနဲ့ မကွာဘူးလား။ (ကွာပါတယ်ဘုရား)

မကွာပါဘူး။ နည်းနည်းလေးပဲ ကွာတယ်နော်။ (အားလုံး ရယ်ကြ)

## အပြောမှားလေး ပြင်ကာပေး

ခုခေတ် သားသမီးတွေက အမေ၊ အဖေတွေကို အမေက ဘာမှမသိပါဘူး။ အဖေက ဘာမှမသိပါဘူးလို့ ပြောတတ်ကြသေးတယ်။ ဒီတော့ ဘုန်းကြီးတို့က ပြောရတယ်။ ဒီလိုမပြောကြနဲ့ အမေလောက်သိတာ အမေပဲရှိတယ်။ အဖေလောက် သိတာ အဖေပဲရှိတယ်၊ ပြောတာ မှားနေတယ်လို့ ပြင်ပေးရတယ်။

## သူ့နှလုံးသား မိတ္တူပွား

ရာဇကုမာရရဲ့ နှလုံးသားက ဖခင်ကျန်စစ်မင်းကြီးဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်တာပဲလို့ သဘောထားကြီးကြီးနဲ့ လက်ခံတယ်နော်။

(မှန်လှပါ ဘုရား)

"သူ့နှလုံးသား မိတ္တူပွား" ကိုယ့်နှလုံးသား ထည့်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သတ္တိရှိသူ လိုချင်တာရ

သူဟာ ထီးနန်းကို မရလို့ မယူတာ မဟုတ်ပါဘူး။ မယူချင်လို့ မယူတာ၊ ဘာတဲ့လဲ? (မယူချင်လို့ မယူတာပါ ဘုရား)

သူယူချင်ရင် ရပါတယ်။ ယူချင်ရင်? (ရပါတယ် ဘုရား)

သူ့မှာ သတ္တိရှိတယ်၊ ဘာရှိ? (သတ္တိရှိပါတယ် ဘုရား)

သတ္တိရှိသူအတွက် ယူချင်တာ ရနိုင်တယ်။ မရနိုင်တာ ဘာမှမရှိဘူးနော်။

(မှန်လှပါ ဘုရား)

## မယူတာဟာ ချီးကျူးစရာ

သူ့မှာ ဇွဲရှိတယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရှိတယ်၊ အင်အားရှိတယ်၊ ယူချင်ရင် ယူချင်တာကို လိုတာကို ယူနိုင်ဖို့ အားလုံးပြည့်စုံနေတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယူနိုင်တဲ့အား ပြည့်စုံနေရက်သားနဲ့ မယူတာကိုက ချီးကျူးစရာ ကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

## နာမကျန်းဖြစ် မင်းကျန်စစ်

ကဲ- ထားပါတော့။ လိုရင်း ပြောချင်တာလေး ဆက်ကြရအောင်။

အဲဒီလို နေရင်း ထိုင်ရင်းက ကျန်စစ်မင်းကြီး နာမကျန်းဖြစ်လာတယ်။ နေမကောင်းဖြစ်လာတယ်။ နေမကောင်းတဲ့အချိန်ဆိုတာ အရေးကြီးတဲ့အချိန် ဖြစ်ဘယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီလို တကယ်အရေးကြီးတဲ့အချိန်မှာ ရာဇကုမာရဟာ ဆရာတော်ကြီး ၅ ပါးနဲ့အတူ နန်းတော်ကို ရောက်လာခဲ့ပါတယ်။ သူ့ခေါင်းပေါ်မှာ ပင့်လာတဲ့ ရွှေလင့်ပန်းထဲမှာတော့ "ရွှေဆင်းတု" တစ်ဆူ သီတင်းသုံးကာ ပါလာပါတယ်။

## ရွှေဆင်းတု ပြ သားရာဇ

ရာဇကုမာရမင်းသားဟာ ရွှေဆင်းတုကို ခမည်းတော် ကျန်စစ်မင်းကြီး ကြည်ညိုနိုင်အောင် အနီးကပ်ပြထားပါတယ်။

## သားတော်လှူအေး လျှောက်သံလေး

ပြီးတော့ အနီးမှာရှိတဲ့ ခုံမြင့်တစ်ခုပေါ်ကိုတင်ပြီး ရွှေဆင်းတုနဲ့ပက်သက်လို့ လျှောက်တင်လိုက်ပါတယ်။ "ဖခင်၊ အာရုံတစ်ပါး စိတ်မသွားဘဲ၊ အာရုံမများ စိတ်မများဘဲ သားတော်လှူအေး လျှောက်တင်သံလေးကို ရွှေနားတော် ဆင်ပေးတော်မူပါ"

## ရွှေစင်အစစ် ဆင်းတုဖြစ်

ဖခင်ထံမှောက် အရောက်ကြွလာ ဒီရွှေဆင်းတုတော်ဟာ စိတ်ထားကောင်းခြင်း၊ ဖခင်မင်းကြီးက မိခင်စိတ်ကြည် တိလောကဝဋ္ဋံသကာဒေဝီကို ကရုဏာစီ ပေးသနားတဲ့ လက်ဝတ်လက်စားများကို ထုခွဲအပုတ် သွန်းလုပ်ထားတဲ့ ရွှေစင် အစစ် ဆင်းတုတော်ဖြစ်ပါတယ် ဘုရား။

## ကျန်းမာစေကြောင်း သားဆုတောင်း

ခမည်းတော်ရဲ့ ကျန်းမာရေး ကောင်းမွန်စေရန် ရည်သန်ရှေးရှု ဆုတောင်း ပြုကာ ဒီရွှေဆင်းတုကို ပူဇော်ခါခါ လှူဒါန်းမှာကတော့ ဖခင်က မိခင်ကို အလေး ထား ပေးသနားတဲ့ ကျွန်သုံးရွာပဲ ဖြစ်ပါတယ်လို့ လျှောက်ပါတယ်။

## ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ

အဲဒီကနောက် သားလျှောက်တောင်းပန် စကားသံက "ဖခမည်းတော်၊

ဖခမည်းတော်က မယ်တော်ကို ပေးသနားတဲ့ ပစ္စည်းများနဲ့ သွန်းလုပ်လှူဒါန်းတဲ့ ရွှေဆင်းတုကို ခမည်းတော်ကိုယ်တိုင်ကိုယ်ကျ ရေစက်ချတော်မူပါ''လို့ လျှောက်ထား တောင်းပန်ပါတယ်။

## စိတ်ထဲချမ်းသာ စိတ်ကျန်းမာ

ကျနိစ်မင်းကြီးဟာ တော်တော်ကြီးနေမကောင်းဖြစ်နေရာက ရတ်တရက် အားပြည့်လာသလို ရွှင်ရွှင်ပျပျ ထပြီးထိုင်တော်မူပါတယ်။

ဒီနေရာမှာ ရာဇကုမာရ် ကုသပေးတဲ့ ဘုရားဆေး၊ ကုသိုလ်ဆေး၊ မေတ္တာဆေးဟာ သိပ်ပြီးတော့ အစွမ်းထက်မြက်တယ်လို့ ပြောချင်ပါတယ်။

ကျနိစ်မင်းကြီးဟာ ဘာပဲပြောပြော အသက်အရွယ်တော်အရ ကိုယ်ကျန်းမာရေး တအားကောင်းမလာပေမယ့် သားတော်ပြုပေး ကုသိုလ်ဆေးကြောင့် စိတ်ကျန်းမာရေးကတော့ ပြန်ကောင်းလာမှာ သေချာပါတယ်။ စိတ်ထဲမှာ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအကုသိုလ်တရားတွေ ဝေးကွယ်သွားခြင်းဟာ တကယ်တော့ စိတ်ကျန်းမာရေးကောင်းခြင်းပါပဲ။ ဒါကြောင့် 'ရာဇကုမာ သားလိမ္မာ'ဆိုတဲ့ ကဗျာကို ရေးတော့ ''ရာဇကုမာ ကုသပေးတဲ့၊ ဘုရားဆေးကြောင့် ပြန်ကျန်းမာ''ဆိုတာ အဓိကကတော့ စိတ်ကျန်းမာရေး ပြန်ပြီးတော့ လန်းဆန်းကောင်းမွန်တာကို ရည်ရွယ်ပြီး ရေးသားတာပါပဲ။

## စိတ်မကျန်းမာ သိစရာ

လူတွေဟာ များသောအားဖြင့် ကိုယ်ကျန်းမာရေးကောင်းတာ၊ မကောင်းတာကိုပဲ သတိထားတတ်ကြပါတယ်။ စိတ်ကျန်းမာရေး ကောင်းတာ၊ မကောင်းတာကို သတိပြုသူ နည်းပါးပါတယ်။

စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားတွေ များနေဝင်ရောက်နေတယ်ဆိုရင် အမှန်ကတော့ စိတ်နေမကောင်းတာ၊ စိတ်မကျန်းမာတာပဲဖြစ်ပါတယ်။

ကိုယ်နေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုဆိုးပါတယ်။ ကိုယ်နေမကောင်းတာ အပါယ်မရောက်နိုင်ပါဘူး။ စိတ်နေမကောင်းရင် အပါယ်ရောက်နိုင်ပါတယ်။

## သားလှယဉ်ကျေး ဆောင်ရွက်ပေး

ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ် ကျေးဇူးဆပ်ပုံလေးဟာ ကိုယ်ကျန်းမာရေး စိတ်ကျန်းမာရေး ကောင်းအောင် ဆောင်ရွက်ပေးလိုက်တာပါပဲ။

## သီလခံကာ ပရိတ်နာ

ကျွန်စစ်မင်းကြီးဟာ ထထိုင်တော်မူပြီးတော့ ဆရာတော် ငါးပါးထံက သီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များလည်း နာကြားတော်မူပါတယ်။

## ရေစက်ချပျော် သာဓုခေါ်

ပြီးတော့မှ ရွှေကရားနဲ့ ရေစက်သွန်းချပြီး သာဓုသုံးကြိမ်ခေါ်တော်မူပါတယ်။

ရာဇကုမာရကတော့ ဖခမည်းတော်ရဲ့နောက်ကနေပြီး မှေးကာ ထိန်းပေး တော်မူပါတယ်။

## နောက်ဆုံးခရီး အရေးကြီး

ကျွန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ရာဇကုမာရ်ရဲ့ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ပုံဟာ အတုယူစရာကောင်းတယ်နော်။ (မှန်လှပါ ဘုရား)

ဘဝတစ်ခုရဲ့ နောက်ဆုံးခရီး အရေးကြီးတယ်။ ဘာတဲ့လဲ?

(နောက်ဆုံးခရီး အရေးကြီးပါတယ် ဘုရား)။

ကျွန်စစ်မင်းကြီးရဲ့ နောက်ဆုံးခရီးမှာ ဘဝကူးကောင်းဖို့ရန်အတွက် ရာဇ ကုမာရ်ကတော့ သူ့ဖခမည်းတော်ကို ဗုဒ္ဓဘာသာဝင် ကလျာဏမိတ္တ (မိတ်ဆွေ ကောင်းဖြစ်တဲ့) သားကောင်းပီပီ ဆောင်ရွက်ပေးလိုက်တာပါပဲ။

အဲဒီလို အရေးကြီးတဲ့ နောက်ဆုံးခရီးမှာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ် နည်း အကောင်းဆုံးနဲ့ ကျေးဇူးဆပ်လိုက်တဲ့ ရာဇကုမာရ်ဟာ လူကောင်း၊ လူတော်၊ လူမြင့်မြတ်လေးဖြစ်တယ်နော်။ (မှန်လှပါ ဘုရား)

## မေတ္တာပြပွဲ ဆင်နွှဲနိုင်စေ

အဲဒီကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ပွဲဟာ ရာဇကုမာရ်ရဲ့ သားမြတ်မေတ္တာ သရုပ်ပြပွဲဖြစ်တယ်နော်။ (မှန်လှပါဘုရား)

မိဘတွေရဲ့အပေါ်မှာ ရာဇကုမာရ်လို မေတ္တာသရုပ်ပြပွဲ ဆင်နွှဲနိုင်ရမယ်နော်။ (မှန်လှပါ ဘုရား)

## ဂူပြောက်ဘုရား သူတည်ထား

ကျန်စစ်မင်းကြီး နတ်ရွာစံ ကံတော်ကုန်ပြီးတာနဲ့ မကြာခင်မှာပဲ မြင်းကပါ အရပ်မှာ ဂူပြောက်ဘုရားတည်ပါတယ်။ ရွှေဆင်းတုတော်ကို ဂူပြောက်ဘုရား တည်ပြီး အထွတ်မှာ ထည့်သွင်းဌာပနာပါတယ်။

## သားမေတ္တာလှ သရုပ်ပြ

ပုဂံရောက်ရင် အဲဒီဂူပြောက်ဘုရားကို သွားရောက်ပြီးတော့ ဖူးမြင်ကြပါ။ ရာဇကုမာ သားလိမ္မာရဲ့ သားမေတ္တာလှ သရုပ်ပြတဲ့ဘုရား ဖြစ်ပါတယ်။

## မရှိဘူးမင် ပြောလိုက်ချင်

ရာဇကုမာရ်ရဲ့ သိပ်မြတ်လှပ စိတ်ဓာတ်အလှကိုလည်း ကူးယူခဲ့ပါလို့ မှာ လိုက်ချင်ပါတယ်။ သူ့ရဲ့ကျေးဇူးသိပုံ၊ ကျေးဇူးဆပ်ပုံ၊ နန်းမရလို့ မချမ်းမမြေမဖြစ်ပုံ၊ စိတ်နေစိတ်ထား အေးချမ်းတည်ကြည်ပုံ၊ မြင့်မြတ်ပုံတွေကို ကြားရတာ တကယ် မင်္ဂလာရှိပါတယ်။ သူလိုလူကတော့ လောကမှာ ရှိတော့ရှိတယ် တကယ်ရှားပါတယ်။

ဘာတဲ့လဲ? (ရှိတော့ရှိတယ် ရှားပါတယ် ဘုရား)

ဘုန်းကြီးကတော့ ရှိတောင်မရှိဘူးလို့ ပြောချင်ပါတယ်။

ကဲ– ထားပါတော့။ ရာဇကုမာရ်အကြောင်း ပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။ (မှန်လှပါ ဘုရား)

## သူ့အကြောင်းရေး ကဗျာလေးတွေ

သူ့အကြောင်းလေးတွေကို စပေါင်းတွေးပြီးတော့ ကဗျာလင်္ကာလေးတွေ ရေးမိတယ်။

သူ့နှလုံးသား စိတ်ကောင်းမျှားကို ကိုယ့်နှလုံးသားမှာ ပွားယူမိပါတယ်။

သူ့အကြောင်းတွေး ရေးဖွဲ့ထားတဲ့ ကဗျာလေးတွေကို မြည်းကြည့်ကြရ အောင်။

## ရာဇကုမာ သားလိမ္မာ

* ပုဂံပြည်မှာ၊ ဟိုးရှေးခါဖြစ်၊ မင်းကျန်စစ်နှင့် သားချစ်ရာဇာ၊ ကုမာရ်တို့၊ ပြကြပုံလေး။ ကဗျာရေးအံ့။
ယုယပုံလေး ကဗျာရေးအံ့။

နုလှပုံလေး၊ ကဗျာရေးအံ့။

* စစ်တွေးအပြီး မင်းကြီးကျန်စစ်၊ ရောဂါဖြစ်သော်၊ သားချစ်ရာဇ၊ ကုမာရ်က၊ မာတာ့လက်ဝတ်၊ ထုခွဲဆစ်၍၊ ဖစစ်အတွက်၊ ရည်ရွယ်ချက်ဖြင့်၊ စိတ်စက် လန်းပြုံ၊ ရွှေဆင်းတုကို၊ သွန်းထုပူဇော်၊ ပြီးပါသော်ကား၊ ဖတော်နား၌၊ တင်ထားခံ့ပေါ်၊ အာရုံဖော်ဖို့ ရွှေတော်ဆင်းတု၊ ကြောင်းစုံစုကို၊ လျှောက် ကာပြု နားဆင်၊ အိုဖခင်တဲ့။
* ရည်မွန်ကောင်းပို၊ သားသံချိုဖြင့်၊ ကြည်ညိုသွန်းထု၊ ရွှေဆင်းတုကား၊ ဖဘုရားတွက်၊ ကျန်းမာဆက်ဖို့ ချမ်းဖက်မာတာ၊ ပိတာပေးထား၊ လက်ဝတ် များကို၊ ချစ်သားခွဲထု၊ ရောင်းချပြု၍၊ သွန်းထုကာထား၊ ရွှေဘုရားဟု၊ ရွှေသားနှုတ်ဟ၊ လျှောက်တင်ပြ၏။
* ထိုမှတစ်ဖန်၊ ချိုမြသံဖြင့်၊ အမှန်ဖစစ်၊ မယ်တော်ချစ်ကို၊ နှစ်နှစ်ကာကာ၊ မေတ္တာ့သနား၊ သစ္စာထား၍၊ ပေးငြားခဲ့ရာ၊ ကျွန်သုံးရွာကို၊ မြတ်စွာဗုဒ္ဓ၊ အတုလရှု၊ ရွှေဆင်းတုအား၊ ပူဇော်သွားမှာ၊ လျှောက်ထားရှာ၏။
* တဖြာဆက်လက်၊ တောင်းပန်ချက်ကား၊ ဖဘုရားတဲ့၊ ထူးခြားသွန်းပြု၊ ရွှေဆင်းတုကို၊ ယခုစိတ်ခိုင်၊ ထပြီးထိုင်၍၊ ကိုယ်တိုင်ကိုယ်ကျ ရေစက်ချပါ၊ လျှောက်ထားရှာသော်----
* သားတော်ရာဇ၊ ကောင်းလေစွတဲ့။

ရာဇဖခဲ့စ်၊ မင်းကျန်စစ်ကား၊ စိတ်သစ်ရုပ်သစ်၊ အဟုတ်ဖြစ်၍၊ ရုပ်စစ် မှန်းပါ၊ မကျန်းမာမှ ကျန်းမာစိတ်ဓာတ် (ချမ်းသာစိတ်ဓာတ်) ရွှင်ပျလတ်၍၊ မြင့်မြတ်စိတ်လှ၊ ရွှင်ပျပျဖြင့်၊ နောက်ကရာဇာ၊ ဖေးကူမခြင်း၊ အကြောင်းရင်း ကြောင့်၊ ကောင်းခြင်းထထိုင်၊ ရေစက်ကိုင်ချ၊ ပြီးဆုံးကသော်၊ သာဓုတော် ပိုင်၊ သုံးကြိမ်တိုင်မျှ၊ သူခေါ်ပြလျက်၊ အမျှရစေ၊ များဝေနေလည်း၊ ရစေ စိတ်ထား၊ ပုဂ်သား ပုဂံသူ၊ အမှန်ဖြူကြ၊ ဟူသမျှလည်း၊ အဓိကအနေ၊ သိကြပါစေ၊ သိရပါ စေ၊ မျှဝေသွားပြန်၊ သူ့အသံကား၊ ထူးခြားဟန်သစ်၊ ထူးခြားကျန်စစ်၊ မင်းကြီးဖြစ်၏။

* သားချစ်ရာဇ၊ ကုမာရ၏၊ သားလှကောင်းပီ၊ သားဂုဏ်ရည်ဖြင့်၊ ရွှေပြည် ပုဂံ၊ ရွှေရည်လျှံဖို့၊ ရွှေမှန်တွေစု၊ ရွှေဆင်းတုကို၊ ရွှေနုရွှေလှ၊ ရွှေမေတ္တာ ဖြင့်၊ ရွှေစာကမ္ပည်း၊ ရွှေစာကြီးဖြင့်၊ ရွှေနည်းတွေပေါင်း၊ ရွှေစိတ်ကောင်း ပေါက်၊ ရွှေဂူပြောက်တွင်၊ ရွှေထွတ်တင်ပြု၊ ရွှေဆင်းတုသာ၊ ရွှေဌာပနာ ထား၊ ရွှေထူးခြားပြန်၊ ရွှေပုဂံရောက်၊ ရွှေဂူပြောက်ဖူး၊ ရွှေကျေးဇူးမြတ်၊

ရွှေသိဆပ်ဖူး၊ ရွှေစိတ်ကူးယဉ်၊ ရွှေမိတ္တူလှ၊ ရွှေစိတ်ပြန်၊ ရွှေနှေ့ရွှေညာ၊ ရွှေဘဝတွေ၊ ရွှေပိုင်စေချင်၊ ရွှေစိတ်တင်ပြ၊ ရွှေညတိုင်းမှာ၊ ရွှေလသာစေ၊ ရွှေဆုရွှေသည်၊ ရွှေနုရွှေစာ၊ ရွှေကဗျာတည်။

## ကျေးဇူးကန်းတော့ + ကန်းတာပေါ့

ကျေးဇူးကန်းတော့ ဘာဖြစ်လဲလို့ ပြောချင်ပြောကြလိမ့်ဦးမယ်။ ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ 'ကန်း' သူတစ်ယောက်အကြောင်း ပြောချင်ပါတယ်။

## အလောင်းစည်သူ + သတိမူစရာ

ပုဂံပြည်မှာ အလောင်းစည်သူမင်းဆိုတာ ရှိခဲ့တယ်။ ဘာမင်းတဲ့လဲ?

(အလောင်းစည်သူမင်းပါ ဘုရား)

အဲဒီအလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်တဲ့အခါမှာ ထူးထူးဆန်းဆန်း မမြင်ဖူးတာတွေ မြင်ရတော့ ''ငါ့ရဲ့ဘေးတော်၊ ဘိုးတော်တွေဟာ ငါ့လို ဘုန်းကံမရှိလောက်ဘူး''လို့ စိတ်နဲ့ပြစ်မှားလိုက်တဲ့ ခဏလေးမှာပဲ မျက်စိကန်းသွားတယ်၊ မျက်စိကွယ်သွားတယ်။

ဘေးတော် ဘိုးတော်တွေရဲ့ ကျေးဇူးကန်းတဲ့ အလောင်းစည်သူမင်း ဘာဖြစ်သလဲ?

(မျက်စိကန်းသွားပါတယ် ဘုရား)

ဒါကြောင့် ကျေးဇူးကန်းတော့ ကန်းတာပေါ့လို့ ပြောတာနော်။

(မှန်လှပါ ဘုရား)

## ကျေးဇူးကန်း+ ဘေးထူးဆန်း

ဘုန်းကြီးတပည့်တွေကို ပြောတဲ့စကားလေး ရှိတယ်။ အဲဒီစကားက ဘာလဲဆိုတော့ ကျေးဇူးမကန်းနဲ့၊ ကျေးဇူးကန်းရင် ဘေးအထူးအဆန်း ရောဂါအထူးအဆန်းတွေ တွေ့တတ်တယ်၊ ဖြစ်တတ်တယ်ဆိုတဲ့ စကားပါပဲ။

## စော်ကား + ချော်သွား

ကျေးဇူးရှိသူတွေကို မစော်ကားနဲ့၊ စော်ကားရင် ကိုယ်လုပ်တာ၊ ပြောတာ၊ ကြံစည်တာတွေ အဆင်မပြေဘဲ ချော်သွားတတ်တယ်လို့လည်း သတိပေးပါတယ်။

## ဘေး ဘိုး ရုပ်ထု + ပူဇော်ပြု

အလောင်းစည်သူမင်းဟာ မျက်စိကန်းသွားရတဲ့အခါမှာ ဘေးတော်၊ ဘိုးတော်တွေရဲ့ အရုပ်တွေကို ထုလုပ်ပြီး ပူဇော်ကန်တော့တဲ့အခါမှာ မျက်စိနှစ်ကွင်း ပြန်ပြီးအလင်းရတယ်ဆိုတာ မြန်မာရာဇဝင်မှာ ရှိတယ်။ ဒီရာဇဝင်တွေကို သတိထားပြီးတော့ မပြစ်မှားသင့်တဲ့ ကျေးဇူးရှိသူတွေကို မပြစ်မှားဘဲ တကယ်လို့ ပြစ်မှားမိတယ်ဆိုရင်လည်း ပြန်ပြီးတော့ ပူဇော်ကန်တော့မှ အပြစ်တွေကျေပျောက်တယ်ဆိုတာ သတိထားသင့်တယ်၊ သိထားသင့်ပါတယ်။

အဲဒီအကြောင်းလေးကို ကဗျာကောင်းလေး စီရေးထားတယ်။ အားလုံး ဝစီကုသိုလ်ဖြစ်အောင် လိုက်ဆိုကြပါ။

* ပုဂံပြည်မှာ ဟိုရှေးတုန်းက
ဖြစ်ဖူးထုံးပြု ဒီလိုပါ။
* အလောင်းစည်သူ မင်းရာဇာ
တိုင်းခန်းဌာန လှည့်သောခါ။
* မမြင်ဖူးတာ ထူးထူးဆန်းဆန်း
တိုင်းခန်းလှည့်ရင်း မြင်သောခါ။
* ငါ့ရဲ့ဘေးတော် ဘိုးတော်များတို့
ငါကဲ့သို့ဘုန်း မရှိရာ။
* ဘေးတော် ဘေးတော် ကျေးဇူးများကို
စိတ်နဲ့ပြစ်မှား မင်းရာဇာ။
* ခဏလေးပင် မျက်စိကန်းလို့
ဖြစ်ပုံဆန်းတို့ ဖြစ်ဖူးရှာ။
* ကျေးဇူးကန်းရင် ကန်းပုံလေးကို
ကဗျာဆန်းရေး ဖော်ပြတာ။
* အလောင်းစည်သူ မင်းရာဇသို့
မကန်းကြဖို့ ရေးပြတာ။
* အလောင်းစည်သူ မင်းရာဇဝယ်
မျက်စိကွယ်ရလေသောခါ။
* ဘေးတော် ဘိုးတော် အရုပ်များကို
ထင်ရှားထုလုပ် ပူဇော်ရှာ။
* ကန်တော့ပူဇော် အချိန်တွင်းဝယ်
မျက်စိနှစ်ကွင်း ပြန်လင်းလာ။

* ရာဇဝင်ဝယ် ဒါတွေရှိခဲ့
စာပေသီကွဲ မျိုးမြန်မာ။
* ကျေးဇူးရှိသူ ရှင်လူများရဲ့
ကျေးဇူးတရားကို ဖော်ထုတ်ပါ။
* ကျေးဇူးကန်းရင် ဘေးထူးဆန်းနဲ့
ရောဂါဆန်းကွဲ ဝင်နိုင်တာ။
* ကျေးဇူးရှင်တွေ မစော်ကားနဲ့
စော်ကားရင်ကွဲ ချော်သွားမှာ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ ဖတ်စမ်းပါ။
* အလောင်းစည်သူ မင်းတစ်ပါးရဲ့
ဖြစ်ပုံများကွဲ မှတ်စမ်းပါ။
* ပြစ်မှားမိရင် ပြန်ကန်တော့ကြ
အမှန်မပေါ့မှ ကောင်းမြတ်မှာ။
* ရှေးပုဂံပြည် ဖြစ်စဉ်ထုံးကို
ကဗျာချယ်မှုန်း ရေးပြတာ။
တွေးကြပါ၊ တွေးကြပါ။

အဲဒီအကျင့်မြတ်မှာ မွေ့လျော်ပျော်ပိုက်ကာ အကြားအမြင်များတာ၊ သူ့ကျေးဇူးကို သိဆပ်တာဆိုတဲ့ တရားတွေဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ တကယ်ချီးမွမ်းထိုက်တဲ့ တရားတွေဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ ခုနောင်ဘဝ ချီးမွမ်းခံရအောင် အကျင့်မြတ်နဲ့ လျော်မွေ့ရမယ်။ လောကီ၊ လောကုတ္တရာ အကြားအမြင်များအောင် လုပ်ရမယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရမယ်နော်။

(မှန်လှပါ ဘုရား)
ကျေးဇူးဆိုင်ရာ တော်တော်လေး စုံသွားပါပြီ။
နောက်တစ်ပုဒ် ဆက်ကြရအောင်

## လိုက်နာကျင့်သုံး အားလုံးအကျိုးဆောင်

* သတို့သား၊ သင်ဟာ ငါဘုရားနှစ်သက်တဲ့ တရားတွေကို လိုက်နာကျင့်သုံးပွားများရတယ်။

* သတ္တဝါအားလုံးရဲ့ ကောင်းကျိုးစီးပွား အစားစားတွက် ကြိုးစားဆောင်ရွက် ရမယ်။ အများအကျိုး သည်ပိုးဆောင်ရွက်မှုမှာ မွေ့လျော်ပျော်ပိုက်ရမယ်တဲ့။ တော်တော်ကောင်းတဲ့ တရားစကားနော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ လင်္ကာကျမ်း၊ ဆန်းကျမ်းတွေကို ရေးသား စီရင်တော်မူခဲ့တဲ့ အရှင်သံဃရက္ခိတ မဟာသာမိ မထေရ်ရဲ့ ဆုံးမဩဝါဒစကားလေး လက်ဆောင်ပေး ချင်ပါသေးတယ်၊ ကောင်းလွန်းလို့ပါ။ သူဆုံးမတဲ့ ဩဝါဒစကား ဂါထာလေးက–

၊ သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။

သကတ္တော နတ္ထိ နတ္တေဝ၊ ပရသတ္တ မကုဗ္ဗတော။

(သာရတ္ထဝိလာသိနီ ပဋိကာဋီကာကျမ်း)

ပရသတ္တံ– သူတစ်ပါးကောင်းကျိုး အမျိုးမျိုးကို၊ အကုဗ္ဗတော– မပြုမလုပ်၊ နောက်ဆုတ်၍နေသော ပုဂ္ဂိုလ်အား။ သကတ္တော– ကိုယ်တိုင်လိုလား၊ တောင့်တ ထားသည့်၊ စီးပွားကိုယ်ကျိုး၊ အမျိုးမျိုးသည်။ နတ္ထိ နတ္တေဝ–တကယ်ကေန်၊ အမှန်သေချာ၊ မရှိနိုင်သည်သာတည်း။ သစ္စံ– သူတစ်ပါးကောင်းကျိုး၊ မသည်ပိုး က၊ ကိုယ်ကျိုးမရှိ ဆိုသည့်စကား၊ မှတ်သားသေချာ၊ မှန်လှပါပေ၏။ ပုနပိ– မြဲရာသံပတ်၊ ကျစ်ရာသစ်ပင်၊ ပမာခင်း၍၊ ရှင်းလင်းကေန်၊ နောက်ထပ်တစ်ဖန် လည်း။ သစ္စံ– မလွဲကေန်၊ တကယ်ပင် မှန်လှပါပေ၏။ ဣတိ– ဤသို့၊ ဘုဇံ– အားတင်းအားကောင်း၊ လက်ရုံးလက်မောင်းကို၊ ဥက္ခိပ္ပ– အားရပါးရ၊ မြှောက်ချီ ပြ၍၊ ဥစ္စတေ– အဟုတ်ပုံသေ၊ ဆိုသင့်ပါပေ၏ တဲ့။

သူတစ်ပါးအကျိုး မသယ်ပိုးဘဲ အချောင်နေသူဟာ ကိုယ်ကျိုးဘယ်တော့မှ မပြီးဘူး။ အဲဒီစကားဟာ တကယ်မှန်တဲ့စကားဖြစ်တယ်။ နောက်ထပ် တစ်ခါ ပြောဦးမယ်တဲ့။ "မြဲရာသံပတ်၊ ကျစ်ရာသစ်ပင်" ဆိုတာ ကြားဖူးတယ် မဟုတ် လား။ မြဲတဲ့နေရာလေးကို သံနဲ့ တုတ်လိုက်ပတ်လိုက် ချည်လိုက်တယ်ဆိုရင် ပိုပြီးတော့ ခိုင်မြဲသွားတယ်။ ကျစ်တဲ့နေရာလေးကို သစ်ပင်းလိုက်ရင် ပိုပြီးတော့ ကျစ်သွားတယ်မဟုတ်လား။ အဲဒီသဘောသွား ဥပမာထားပြီးတော့ နောက်ထပ် တစ်ဖန် တကယ့်ကိုမှန်ပါတယ်လို့ အတည်ပြု ပြောကြားတော်မူတယ်။

အဲဒီသူတစ်ပါးအကျိုး မဆောင်ရင် ကိုယ့်ရဲ့အကျိုး မပြီးဘူးဆိုတာကို လက်ရုံးလက်မောင်း အားရပါးရ မြှောက်ပြီးတော့ ရဲရဲရင့်ရင့်ဆိုသင့်ပါတယ်။ ဆို ထိုက်ပါတယ်လို့ ဆုံးမတော်မူတယ်။

ဒီတော့ ဒကာ ဒကာမတွေ ကိုယ်ကျိုးကိစ္စ အဝဝတွေ အောင်မြင်ပြီးမြောက်ခရီးရောက်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။

(သူတစ်ပါးအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ရမှာပါ ဘုရား)

အေး–-ဟုတ်ပြီ၊ အလကားမနေကြနဲ့၊ မိသားစု အကျိုး၊ ရပ်ရွာ၊ မြို့၊ တိုင်း၊ နိုင်ငံ၊ ဘာသာ သာသနာအကျိုး သည်ပိုးဆောင်ရွက်ရမယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ အရှင်သံဃရက္ခိတမထေရ်ရဲ့ စကားကို အမှီပြုပြီးတော့ ကဗျာဆောင်ပုဒ် အတိုချုပ်လေး ရေးသားထားတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

"အများအကျိုး၊ မသည်ပိုးဘဲ၊ ကိုယ်ကျိုးလိုရာ၊ မပြီးပါဟု၊ ဆရာသံဃ၊ မိန့်ဆိုပြ၏၊ စိတ်လှုပြုစင်၊ လူရှင်ကောင်းကျိုး၊ ဆောင်သည်ပိုးမှာ၊ ကိုယ်ကျိုးလိုရာ၊ အဖြာဖြာလည်း၊ မကြာမှချ၊ ပြီးစီးရမြဲ၊ မှန် မလွဲဘူး၊ အားခဲသူကျိုး၊ ဆောင်သည်ပိုးလော့"

**အများအကျိုး + ဆောင်သည်ပိုး**

* အများအကျိုး မသည်ပိုးဘဲ
ကိုယ်ကျိုးတွေလည်း မပြီးပါ။
* အများအကျိုး မသည်ပိုးက
ကိုယ်ကျိုးကိစ္စ မပြီးပါ။
* အဲဒီလိုဆို မိန့်စကားက
သေချာမှတ်သား မှန်သည်သာ။
* မြရာသံပတ် အနေမှတ်လို့
သေချာနောက်ထပ် အမြဲမှာ။
* ကျပ်ရာသပ်ပင်း ပမာခင်းလို့
သေချာရှင်းလင်း နောက်ထပ်မှာ။
* အဟုတ်တကယ် မှန်ကန်ကြောင်းကို
လက်ရုံးလက်မောင်း မြှောက်ပြောပါ။
* အဲဒီလိုသာ ထေရ်သံဃက
ဝေဖန်ကျန ဆိုမိန့်မှာ။
* ကိုယ်ကျိုးအောင်ချင် လူအများတို့
သူတစ်ပါးကျိုး သည်ပိုးပါ။

* သူများအကျိုး ဆောင်သည့်ပိုးက
ကိုယ်ကျိုး မုချအောင်မြင်မှာ။
* အဲဒါကြောင့်လေ အများအကျိုးကို
မနားသည့်ပိုး ဆောင်ရွက်ပါ။
(အောင်ဆက်မှာ)၂
(နောင်တွက် မှာ)၂

## ဘုရားမမေ့ရေး + သတိပေး

* ပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုလေးစား အရေးထားပါ၊ ဘုရား မမေ့ပါနဲ့လို့ သတိပေးတော်မူပါတယ်။

## တရား မမေ့ရေး + သတိပေး

* ပြီးတော့ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အကြံအစည်၊ မှန်ကန်တဲ့စကား၊ မှန်ကန်တဲ့ အလုပ်၊ မှန်ကန်တဲ့ အသက်မွေးမှု၊ မှန်ကန်တဲ့ လုံ့လ၊ မှန်ကန်တဲ့ သတိ၊ မှန်ကန်တဲ့ သမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပွားများနေပါ။ တရားကို မမေ့ရေး သတိပေးတော်မူပါတယ်။

ဒီစကားတော်တွေဟာ သိဒ္ဓတ္ထဘုရားရဲ့ သိပ်မြတ်လှတဲ့ အမြိမ်နိကြား စကားတော်တွေပဲ ဖြစ်ပါတယ်။

သိပ်မြတ်ချင်သူတွေဟာ သိဒ္ဓတ္ထဘုရားရဲ့ အသားပါလှတဲ့ တရားမေ့စကား တွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

## ကောင်းကင်ပြန့်ကြွ + မြတ်ဗုဒ္ဓ

ဒီတရားစကားတော်တွေကို မိန့်တော်မူပြီးတော့ လောကရဲ့ အကြီးအမှူး ဖြစ်တဲ့ လူတွေထက် မြတ်တဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ ငါ့ကို ဆုံးမတော်မူကာ ကောင်းကင်တက်ကြွတော်မူတယ်။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ငါဟာ ရှေးဦးစွာ စိတ်ကို သုတ်သင်လိုက်တယ်။ (သိပ်မြတ်ချင်တဲ့အတွက် ဘုရားမကြိုက်တဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တယ်) ဘုရားမကြိုက်တာတွေကို ရှောင်ကြဉ်လိုက်တာဟာ စိတ်ကို သုတ်သင်ပြင်ဆင် လိုက်တာပါပဲ။

ဘုရားကြိုက်တာတွေကို လိုက်နာကျင့်သုံးတာဟာ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်လိုက်တာပါပဲ။

မကောင်းတဲ့စိတ်ဓာတ်တွေကို သုတ်သင်ပြင်ဆင်လိုက်တော့ စိတ်ကြည်လင်လာတယ်။ စိတ်ထဲ ရှင်းရှင်း လင်းလင်း ဖြစ်လာတယ်။ အဲဒီမကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာတဲ့အတွက်ကြောင့် သေဆုံးတော့ ငါဟာ တုသိတာနတ်ပြည်ကို ရောက်ရပါတယ်။

## တုသိတာဆီ ရောက်ရပြီ

သိပ်မြတ်တဲ့ တုသိတာနတ်ပြည်ကို ရောက်ရတာဟာ တကယ်တော့ ဘုရားမကြိုက်တာတွေကို လိုက်စားချင်တဲ့ မကောင်းတဲ့စိတ်ဓာတ်ကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ သိမြတ်ချင်ရင် ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရမှာပါ ဘုရား)

၆

## မကောင်းစိတ်ဓာတ် ကျဉ်းချုပ်မှတ်

အဲဒီတရားတော်မှာ ပါတဲ့အတိုင်း မကောင်းတဲ့စိတ်ဓာတ်တွေကို အကျဉ်းချုပ်ကြည့်လိုက်တော့–

* သူများသတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ချင်တာ။
* သူများဥစ္စာ ခိုးယူချင်တာ။
* သူများကာမပိုင်ကို ပြစ်မှားစော်ကားချင်တာ။
* သေရည် သေရက် သောက်သုံးချင်တာ။
* မမြတ်တဲ့အကျင့်မှာ ပျော်ပိုက်ချင်တာ။
* အကြားအမြင်များအောင် မလုပ်ချင်တာ။
* ကျေးဇူးကန်းချင်တာ။
* အများအကျိုး မသည်ပိုးချင်တာ။
* ဘုရားမေ့တာ။
* တရားမေ့တာ ဆိုတဲ့ အချက်တွေ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ သိပ်ပြီးတော့ အထက်တန်းကျချင်ကြတယ်။ သိပ်မြတ်ချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

အေး– သိပ်မြတ်ချင်ရင် မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်ရတယ်လို့ အသိဉာဏ်ပေးတဲ့ "သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင်" တရားတော် ဖြစ်တယ် နော်။ (မှန်လှပါ ဘုရား)

သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ တရားစကားတော်တွေကို နာကြားရတော့ မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်တဲ့ လူငယ်လေးဟာ သိပ်မြတ်တဲ့ သုတိသာနတ်ပြည် ရောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ

("သိပ်မြတ်ချင်ရင်+ စိတ်ဓာတ်ပြင်ဆင်" တရားပါ ဘုရား)

## ဗုဒ္ဓသညာ+မင်္ဂလာ

ဒီကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာ မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ကာ စိတ်ဓာတ်ကြည်လင်လာခဲ့တဲ့ အချိန်မှစပြီးတော့ အပါယ်လေးပျိုးဆိုတာ မသိရခြင်း ဟာ ဘုရားဆိုတဲ့ အမှတ်သညာကို ရခြင်းရဲ့အကျိုး ပါပဲတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ အပါယ်လေးပါး မရောက်ရခြင်းဟာလည်း မကောင်းတဲ့စိတ်ဓာတ် ပြင်ဆင်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲနေကြတော့ ဒကာ ဒကာမတွေဟာ မကောင်းတဲ့ စိတ်ဓာတ်တွေ ပယ်ရှားပြီးတော့ ကောင်းတဲ့ဗုဒ္ဓသညာ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ စိတ်ကောင်းစိတ်မြတ်တွေ လွှမ်းခြုံထားကြတာဆိုတော့ အပါယ်လေးပါး လွတ်ဖို့ စိတ်ချရတယ် နော်။ (မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်ရပါတယ်။

အဲဒီသိပ်မြတ်တဲ့ မြတ်ရဟန္တာ ဖြစ်ရတာဟာလည်း မကောင်းတဲ့စိတ်ဓာတ် တွေကို ပြင်ဆင်ရတဲ့ ကောင်းကျိုးပါပဲ။

ဒီတော့ သိပ်မြတ်တဲ့ အမြတ်ဆုံး ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးတွေ ရချင်တယ်ဆိုရင်လည်း ဘာလုပ်ရမလဲ?

(မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင် ဆင်ရမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့ လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားပါ ဘုရား)

မကောင်းတဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ရေး အသိဉာဏ်ပေးတဲ့ တရားနော်၊

(မှန်လှပါ ဘုရား)

မကောင်းတဲ့စိတ်ဓာတ်တွေကို ပြင်ဆင်လိုက်ရင် သိပ်မြတ်တဲ့ သက်ရှိသက်မဲ့ ကောင်းကျိုးတွေ လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ၊ ခု နောင်ဘဝ ကောင်းကျိုး အလှတွေ ရရှိမှာ မလွဲဘူးနော်။

(မှန်လှပါ ဘုရား)

## သူ့ဘဝမှာ + မင်္ဂလာ

ယညာသာမိက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝကို ကြည့်လိုက်တဲ့အခါမှာ သိဒ္ဓတ္ထဘုရားနဲ့ တွေ့ရတာ သူ့ဘဝမှာ မင်္ဂလာဖြစ်သွားတယ်။ ဘုရားရဲ့ တရားတွေ နာကြားရတာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်။ ဘုရားရဲ့ တရားစကားတွေကို လိုက်နာကျင့်သုံးလိုက်တာဟာ သူ့ဘဝမှာ မင်္ဂလာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## မင်္ဂလာဆိုတာ+ ဒီလိုပါ

မင်္ဂလာဆိုတာ ဘာလဲ?

မင်္ဂလာဆိုတာ မကောင်းတာတွေ၊ မကောင်း ကျိုးတွေ၊ မကောင်းတာ၊ ဆိုးတာတွေ အကုန်ပျောက်ပြီး ကောင်းတာတွေ ကောင်းကျိုးတွေ အကုန်လုံး ရောက်ရှိလာတာကို မင်္ဂလာလို့ ခေါ်ပါတယ်။

ကဲ- လင်္ကာဆောင်ပုဒ်လေး လိုက်ဆို။

* မကောင်းတာပျောက်၊ ကောင်းတာရောက်၊ မှတ်လောက် မင်္ဂလာ။

* မကောင်းတာပယ်၊ ကောင်းတာတွယ်၊ ဆောင်သည် မင်္ဂလာ။

* မကောင်းတာဖြတ်၊ ကောင်းတာမှတ်၊ ယူတတ် မင်္ဂလာ။

* မကောင်းတာရှင်း၊ ကောင်းတာသွင်း၊ ကောင်းခြင်း မင်္ဂလာ။

## တရားနာရ + ဗုဒ္ဓတွေ့တာ

ဒီယညသာမိကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝမှာ ဘုရား

နဲ့တွေ့ရ၊ ဘုရားတရားတော် နာကြားရ၊ ဘုရားစကားတော်တွေကို လိုက်နာကျင့်သုံးရတဲ့အတွက် သူ့ဘဝမှာ မင်္ဂလာဖြစ်သွားသလို ဒီနေ့ တရားတော်တွေကို နာယူနေကြတဲ့ ဒကာ ဒကာမတွေမှာလည်း ဘုရား တရားတော်တွေ နာယူရ၊ လိုက်နာကျင့်သုံးရတာ မင်္ဂလာမဖြစ်ပေဘူးလား။

(ဖြစ်ပါတယ် ဘုရား)

ဘုရားတရားတော်တွေကိုနာယူရတာဟာ ဘုရားနဲ့ တွေ့ရတာပဲနော်။

(မှန်လှပါ ဘုရား)

## ကိုယ့်ဘဝမှာ + မင်္ဂလာ

သူ့ဘဝမှာ မင်္ဂလာဖြစ်သလို ဒီနေ့ ဒကာ ဒကာမတွေရဲ့ ကိုယ့်ဘဝမှာ မင်္ဂလာဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီလိုဆိုရင် ဒီနေ့ ဟောတဲ့တရားတော်ကို "သူ့ဘဝမှာ မင်္ဂလာ"၊ "ကိုယ့်ဘဝမှာ မင်္ဂလာ" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* ဘုရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ သူ့ဘဝ၊ နွေညှ မင်္ဂလာ။
* ဘုရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားတွေ့ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားနာရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။
* တရားကျင့်ရ၊ ကိုယ့်ဘဝ၊ နွေညှ မင်္ဂလာ။

## သိပ်မြတ်ချင်ရင် + စိတ်ဓာတ်ပြင်ဆင်

ဒီတရားတော်ကို ဟောလိုက်တာ တော်တော် လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဒီနေ့ ဘုရား၊ တရား၊ သံဃာ ပူဇော်ပွဲ ဆင်နွှဲပြီး တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို အစက ဟောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ?

(သိပ်မြတ်ချင်ရင် စိတ်ဓာတ်ပြင်ဆင် တရားတော်ပါ ဘုရား)
တရားပေါ်ပြီနော်?
(ပေါ်ပါပြီ ဘုရား)
ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။ ညီညီညာညာ လိုက်ဆိုကြပါ။

* ညှဥ်းဆဲသတ်ဖြတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ခိုးယူဆောင်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကာမမှားတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သေရည်သောက်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* မကောင်းကျင့်တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကြားမြင်နည်းလတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* ကျေးဇူးကန်းတတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သူများအကျိုး၊ မသည်ပိုး၊ စိတ်ဆိုးပြင်ဆင်ပါ။
* ဘုရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* တရားမေ့တတ်၊ စိတ်မမြတ်၊ စိတ်ဓာတ်ပြင်ဆင်ပါ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ လူရှင်မင်္ဂလာ။
* သိပ်မြတ်ချင်ရင်၊ စိတ်ဓာတ်ပြင်၊ ရအင်ကောင်းကျိုးမှာ။
* စိတ်ကြည်လင်ရ ငါ့ဘဝ၊ အရကောင်းကျိုးပါ။
* တုသိတာဆီ၊ ရောက်ရပြီ၊ အတည်ကောင်းကျိုးပါ။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ မြတ်လှကောင်းကျိုးပါ။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးပါ။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သီဟာသနိယဝဂ်၊
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်ကို ထန်ဆာဆင်၍ အသိဉာဏ်ဝေး
ဟောကြား ပြောကြားအပ်သော

# “လူနတ်ချစ်ခင် + မြတ်အရှင်”

တရားတော်

ဒီနေ့ ဘုရားပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းလှူကြတဲ့ သံဃိကဒါန ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

(လူနတ်ချစ်ခင်+ မြတ်အရှင်) တရားတော်ပါ ဘုရား။

ကဲ-- စပြီးတော့ ဟောကြ နာကြရအောင်။

## ဘုရားစေတီ + ပူဇော်ပြီ

လော်ကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ သုမေဓာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါမှာ ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ ကြည်လင်ဝမ်းမြောက်တဲ့စိတ်နဲ့ သုမေဓာ မြတ်စွာဘုရားရဲ့ စေတီတော်ကို ပူဇော်ခဲ့ပါတယ်။

## စေတီလေးဖြာ + မှတ်စရာ

ဒီနေရာမှာ စေတီလေးမျိုးကို ပြောပြချင်ပါသေးတယ်။

## ပရိဘောဂစေတီ

မြတ်စွာဘုရား သက်နီး၊ သပိတ်စတဲ့ အသုံးအဆောင်တွေကို ဌာပနာပြီး တည်တဲ့စေတီကို ပရိဘောဂစေတီလို့ ခေါ်တယ်။

မြတ်စွာဘုရား အသုံးအဆောင်တွေက ဘာစေတီတဲ့လဲ? က

(ပရိဘောဂစေတီပါ ဘုရား)

ဗောဓိပင်ဟာလည်း ပရိဘောဂစေတီ ထိုက်တယ်တဲ့။ ဒါလေးလည်း အပို မှတ်ထားပါ။

## ဥဒ္ဒိဿကစေတီ

ဘုရားကို ရည်မှန်းပြီးတော့ အတုအစားပြုထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကို ဥဒ္ဒိဿက စေတီလို့ခေါ်တယ်။

ရုပ်ပွားတော် ဆင်းတုတော်တွေက ဘာစေတီတဲ့လဲ?

(ဥဒ္ဒိဿက စေတီပါ ဘုရား)

## ဓာတုစေတီ

ဓာတ်တော်တွေကို ဌာပနာပြုပြီး တည်တဲ့စေတီကို ဓာတုစေတီလို့ ခေါ်တယ်။

ဓာတ်တော်တွေက ဘာစေတီတဲ့လဲ?

(ဓာတုစေတီပါ ဘုရား)

## ဓာတ်တော် သုံးမျိုး

ဒီနေရာမှာလည်း ဓာတ်တော် (၃) မျိုး မှတ်သားထားပါဦး။ အကြီးဆုံးဓာတ်တော်၊ အလယ်အလတ်ဓာတ်တော်၊ အငယ်စားဓာတ်တော်ရယ်လို့ ဓာတ်တော် ၃ မျိုး ရှိတယ်။

အကြီးဆုံးဓာတ်တော်တွေက ပဲနောက်စေ့လောက် ရှိတယ်။ သေချာမှတ်ထားနော်။ အကြီးဆုံးဓာတ်တော် ဘယ်လောက်ရှိသတဲ့လဲ?

(ပဲနောက်စေ့လောက်ပါ ဘုရား)

## ဓာတ်တော်ကြီးကြီး+လက်သီးဆုပ်လောက်

ဘုန်းကြီးတို့ သာကေတမြို့ရောက်ခါစက ဓာတ်တော်ပူဇော်ပွဲ ဆွမ်းကပ်ချင်လို့ပါ ဘုရားလို့ လျှောက်တော့ ဆွမ်းစားကြွသွားပါတယ်။ အဲဒီအိမ်ရောက်တော့ ဓာတ်တော် ဘယ်မှာလဲ၊ ပြစမ်းပါဦးလို့ မေးလိုက်တော့ 'ဒီစားပွဲပေါ်က ပန်းကန်ပြားထဲမှာပါ ဘုရား'လို့ ပြသကြပါတယ်။

ပရိသတ်ရေ၊ မရယ်ကြနဲ့။ ဓာတော်တော်က လက်သီးဆုပ်လောက်ကြီး ဖြစ်နေတယ်။

(အားလုံး ရယ်ကြ)

ဘယ်လောက်ဖြစ်နေ?

(လက်သီးဆုပ်လောက်ပါ ဘုရား)

ဘုန်းကြီးတော့ အားမနာနိုင်ဘူး။ အဲဒီအိမ်ကလူတွေနဲ့ တရားနာလာကြတဲ့ လူတွေကို ပြောရပါတယ်။ ဒါ ဓာတ်တော်မဟုတ်ဘူး၊ ကျောက်တုံး ကျောက်ခဲပဲ

ဖြစ်တယ်။ ဓာတ်တော်ဆိုတာ အကြီးဆုံးက ပဲနောက်စေ့လောက်ပဲ ရှိတယ်လို့ ပြောရပါတယ်။

ဒီတရားနာပြီးရင် ဓာတ်တော်ပူဇော်ပွဲတွေများ ရောက်သွားတဲ့အခါ ဓာတ်တော် အကြီးဆုံးဆိုတာ ပဲနောက်စေ့လောက်ပဲ၊ ဒါ့ထက်ကြီးနေရင် ဓာတ်တော် မဟုတ်ဘူးဆိုတာ သတိထားရမယ်နော်။

(မှန်လှပါ ဘုရား)

ဒါကြောင့် ဘုန်းကြီးတို့က ရှေ့နားမှာ သေချာမှတ်ထားနော်လို့ ပြောခဲ့တာပါ။

## အလယ်အလတ် ဓာတ်တော်

နောက်တစ်ခါ အလယ်အလတ် ဓာတ်တော်တွေကတော့ ဆန်ကျိုးစေ့လောက် ရှိတယ်။ အလတ်စား ဓာတ်တော်တွေက ဘယ်လောက်ရှိသတဲ့လဲ?

(ဆန်ကျိုးစေ့လောက်ပါ ဘုရား)

## အငယ်စား ဓာတ်တော်

အငယ်စား ဓာတ်တော်တွေကတော့ မုန်ညင်းစေ့လောက် ရှိတယ်။ အငယ်စားက?

(မုန်ညင်းစေ့လောက်ပါ ဘုရား)

## အရောင် ၃ မျိုး

* အကြီးဆုံး ဓာတ်တော်က ရွှေရောင်။
အကြီးဆုံးက? (ရွှေရောင်ပါ ဘုရား)

* အလတ်စားက ပုလဲရောင်။
အလတ်ငယ်စားက မြတ်လေးပန်းရောင်။
အငယ်က? (မြတ်လေးပန်းရောင်ပါ ဘုရား)

## ဓာတ်တော်ကြွင်းကျန်မှတ်သားရန်

* အကြီးဆုံး ဓာတ်တော်တွေက ငါးပြည်။
* အလတ်စားဓာတ်တော်တွေက ငါးပြည်။
* အငယ်ဆုံးဓာတ်တော်တွေက ခြောက်ပြည်။
ပေါင်းလိုက်တော့ ၁၆ ပြည် ကျန်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ဓာတုစေတီနဲ့ပတ်သက်ပြီး တော်တော်လေး စုံသွားပါပြီ၊ ဓမ္မစေတီဆိုတာကို ဆက်ကြပါစို့။

## ဓမ္မစေတီ

* ဓမ္မစေတီ= မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ္တိဆိုတဲ့ တရားတော်တွေကို ဓမ္မစေတီလို့ ခေါ်တယ်။

တရားတော်တွေကို၊ (ဓမ္မစေတီလို့ ခေါ်ပါတယ် ဘုရား)

တရားဟောတာ၊ တရားပြတာ၊ တရားသင်တန်းပေးတာ၊ စာသင်စာချတာ၊ တရားစာအုပ်ဝေတာ၊ တရားလှူတာ၊ တရားစာ ရွတ်စေတာ၊ တရားယပ်တောင်လှူတာ၊ ပေစာ၊ ကျောက်စာထိုးပြီး လှူတာ၊ တရားတော်တွေ ရေးသားပြီး ဘုရားဌာပနာပြုပြီး ဘုရားတည်တာတွေဟာ ဓမ္မစေတီပါပဲ။

## ဗောဓိပင်ပေါင်း ၈၄၀၀၀

ဒီနေရာမှာ ဆက်စပ်နေလို့ ပြောချင်ပါသေးတယ်။ တစ်နေ့ ဗုဒ္ဓဂါယာကနေ ဘုရားဖူးပြန်လာတဲ့ ဒကာမကြီးတစ်ယောက် ကျောင်းရောက်လာတယ်။ အဲဒီဒကာမကြီးက ဆရာတော်ကျောင်းမှာ တပည့်တော် ဗုဒ္ဓဂါယာက ပင့်လာတဲ့ ဗောဓိပင် စိုက်ပျိုးပြီး လှူချင်ပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဆရာတော်ကျောင်းမှာ ဗောဓိပင် စိုက်ထားတာ ရှိပါသလား ဘုရားလို့လည်း ထပ်ပြီးလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတော့ ဘုန်းကြီးက 'ဒကာမကြီး ဘုန်းကြီးကျောင်းမှာ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိပါတယ်'လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော်ကတော့ ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ပြောတယ်။ တပည့်တော်တော့ တစ်ပင်မှ မတွေ့မိပါ ဘုရား'လို့ လျှောက်ပါတယ်။

ဒီတော့ ဘုန်းကြီးက ရင်ပတ်ပြလိုက်ပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဘာပြုလို့လဲ၊ ရင်ထဲမကောင်းလို့လား၊ ဒါမှမဟုတ် ဗိုက်ဆာလို့လား၊ ရင်အောင့်လို့လား'လို့ ပြန်မေးပါတယ်။ အဲဒီဒကာမကြီးက 'ဆရာတော် ဆိုလိုတာ မသိပါဘူး ဘုရား'လို့ ပြန်လျှောက်ပါတယ်။

'ဒကာမကြီး၊ သေသေချာချာမှတ်ထားနော်။ ဘုန်းကြီးပြောတော့မယ်။ ဘုန်းကြီးတို့ စာသင် စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားဝေနေတဲ့ ဆရာတော် သံဃာတော်ကြီးတွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့

ရင်ထဲမှာ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ဆိုတဲ့ မေ့ကွန္တာပေါင်း ၈၄၀၀၀ ရှိတဲ့ အတွက် ဗောဓိပင်ပေါင်း ၈၄၀၀၀ ရှိတယ်လို့ ဆိုလိုတာကို ရှင်းပြလိုက်ပါတယ်။

အဲဒီတော့မှ အဲဒီဒကာမကြီးက သဘောကျသွားပြီး တပည့်တော်တို့က အပြင်ဗောဓိပင်ပဲ မြင်တတ်တာ ညံ့သေးတယ် ဘုရား။ အမှန်က ဆရာတော် သံဃာတော်တွေ၊ ဦးဇင်း၊ ကိုရင်လေးတွေရဲ့ ရင်ထဲက ဗောဓိပင်ပေါင်း ၈၄၀၀၀ ကို မြင်ရမယ်ဆိုတာကို တပည့်တော် နားလည်ပါပြီ ဘုရားလို့ လျှောက်ထားပါ တယ်။

## ရင်ဗောဓိပင် + စိုက်စေချင်

ဒီတော့ ဒကာ၊ ဒကာမတွေကို ပြောချင်တာက အပြင်ဗောဓိပင်လည်း စိုက်ပျိုးပါ၊ ပူဇော်ပါ၊ ကောင်းပါတယ်။ မကောင်းဘူး မပြောပါဘူး။ အပြင်ဗောဓိ ပင် စိုက်ပျိုးရုံလောက်နဲ့တော့ အချိန်မကုန်စေသင့်ပါဘူး။ ရင်ဗောဓိပင် စိုက်ပျိုးဖို့ က ပိုပြီးအရေးကြီးပါတယ်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားကောင်း တရားမြတ်တွေ ရင်ထဲမှာ အများကြီးသိအောင် လုပ်တာ၊ သိတဲ့အတိုင်း လိုက်နာ ကျင့်သုံးတာ၊ တရားတော် မကွယ်မပျောက်အောင် ထိန်းသိမ်းတော်မူကြတဲ့ သံဃာ တော်များကို ပစ္စည်းလေးပါး မပင်ပန်းအောင် ထောက်ပံ့အားပေးတာတွေဟာ ရင်ဗောဓိပင် စိုက်ပျိုးပူဇော်နေတာပါပဲ။ ရင်ဗောဓိပင် အဓိကစိုက်ပျိုးကြပါလို့ မှာချင်ပါတယ်။

တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ဘုန်းကြီးကို ဗောဓိပင် စိုက်ပျိုး ဖို့ လာလျှောက်ရင် ဘုန်းကြီးကတော့ ရင်ပုတ်ပြလိုက်မှာပဲ။ ရင်ပုတ်ပြရင် ဒကာ ဒကာမတွေ သိပါ့မလား?

(သိပါတယ် ဘုရား)

သိမှာပေါ့၊ ဘုန်းကြီးက ပြောထားတာကိုး။

(အားလုံးရယ်ကြ)

အဲဒီစေတီလေးမျိုးကို ပူဇော်သင့် ပူဇော်ထိုက်လို့ စေတီလို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆိုကြ။

* ပရိဘောဂ၊ ဥဒ္ဒိဿနှင့်၊ တစ်ဝဓာတု၊ မေ့ရှု လေးခုစေတီလာ။
* ပူဇော်ထိုက်သော၊ ထိုသဘော၊ ဆိုပြောစေတီပါ။

* မြတ်စွာဗုဒ္ဓ၊ သုံးဆောင်ကာ၊ မှတ်ကြပရိဘောဂါ။
* ဘုရားရည်ပြု၊ ရပ်ပွားစု၊ ဆင်းတုဥဒ္ဒိဿာ။
* ဓာတ်တော်တွေစု၊ တည်ထားပြု၊ ဓာတုစေတီ။
ဓာတ်တော်တွေက ငါးဟုပ၊ မှတ်ကြစေတီပါ။
ကြီး၊ လတ်၊ ငယ်စား၊ ဓာတ်တော်များ၊ မှတ်သားသုံးမျိုးလာ။
ရွှေ၊ ပုလဲရောင်၊ မြတ်လေးရောင်၊ အရောင်စဉ်တိုင်းသာ။
ကြီး၊ လတ်၊ ငါးပြည့်၊ ငယ် ခြောက်ပြည့်၊ ကျန်သည်ဓာတ်တော်ပါ။
* တရားတော်က၊ မြတ်ဓမ္မ၊ မှတ်ကြစေတီပါ။

## သံဃာပင့်ကာ+ဆွမ်းလှူရှာ

သုမေဓာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရာ အရပ်မှာပဲ အဘိညာဥ် ခြောက်ပါးနဲ့ ပြည့်စုံတော်မူကြတဲ့ တန်ခိုးကြီးမား ရဟန္တာအရှင်မြတ်များကို ပူဇော်ရာဌာန ပင့်ဆောင်ပြီးတော့ သံဃိကဒါနဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဘာဒါနလှူ?

(သံဃိကဒါနလှူပါတယ် ဘုရား)

ခုဘဝ၊ နောက်ဘဝ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် သက်မဲ့၊ သက်ရှိ ကောင်းကျိုးချမ်းသာတွေ ရချင်တယ်ဆိုရင်၊ အကျိုးများချင်တယ်၊ အကျိုးကြီးချင်တယ်ဆိုရင် သံဃာလှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဘုရားက "သံဃေဒိန္နံ မဟပ္ဖလံ" လို့ ဟောခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ဝေဘူထေရ်ကျော်+စကားတော်

ဒီနေရာမှာ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးရဲ့ ဩဝါဒစကားလေး လက်ဆောင်ပါးချင်ပါသေးတယ်။ ရန်ကုန်က စာသင်တိုက်ဆရာတော်တစ်ပါး ကျောက်ဆည်မြို့ရောက်တုန်း ရောက်ခိုက် ဝေဘူဆရာတော်ကြီး သွားပြီးဖူးမြင်ပါတယ်။ ဝေဘူဆရာတော်ကြီးက "ကိုယ်တော်လေး ဘယ်ကကြွလာပါသလဲ"လို့ မေးပါတယ်။ "ရန်ကုန်ကပါ ဘုရား"လို့ ပြန်လျှောက်ထားပါတယ်။ ဆရာတော်ကြီးက "ကိုယ်တော် ရန်ကုန်မှာ ဘာလုပ်နေပါသလဲ"လို့ ထပ်မေးပါတယ်။ "တပည့်တော် သံဃာ ၅၀ ကျော်လောက်ကို နေ့စဉ် စာဝါ လေး ငါးကြိမ်လောက် ပို့ချပေးနေပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

ဝေဘူဆရာတော်ကြီးက "ကောင်းလိုက်တာ ကိုယ်တော် သာဓု သာဓု သာဓု"ပါလို့ သာဓုခေါ်တော်မူပါတယ်။ ပြီးတော့ ဆရာတော်ကြီးက "ကိုယ်တော် သံဃာတွေ မွေး။ သံဃာတွေ ကျွေးလိုက်တော့ ဘုန်းကံတွေ အံ့ဩလောက်အောင် ကြီးလာပါလိမ့်မယ်"လို့လည်း ပြောပါသေးသတဲ့။

ဝေဘူဆရာတော်ကြီးရဲ့ စကားဟာ တော်တော်မှတ်သားစရာ ကောင်းပါတယ်။ "သံဃေဒိန္နံမဟပ္ဖလံ" ဆိုတဲ့ ဘုရားစကားတော်နဲ့လည်း ကိုက်ညီပါတယ်။ ဆရာတော်ကြီးကတော့ မြင်လွယ် ထင်လွယ်အောင် ရိုးရိုးရှင်းရှင်းကြီး ပြောလိုက်တာ ဖြစ်ပါတယ်။

## ညောင်တုန်း အဘိဓဇ + စကားလှ

ဘုန်းကြီးတို့ ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာဂုရု) ဆရာတော်ကြီးကလည်း ဘုန်းကြီးကို ပြောဖူးတဲ့ စကားရှိတယ်။ အဲဒီစကားက ဘာစကားလဲဆိုတော့ ဘုန်းကြီး စာသင်တိုက် တည်ထောင်ခါစက မကားပါ။ "ဦးကုဏ္ဍိန်၊ သံဃာများလာရင် စား ဝတ် နေရေး ခက်လာလိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့၊ ကိုယ်တော်တစ်ပါးထဲ နေရင် တစ်ပါးစာပဲ ရောက်လာမယ်၊ သံဃာအပါး ၁၀၀ နေရင် အပါး ၁၀၀ စာ ရောက်လာမယ်။ အဲဒါ ကိုယ်တော် အမြဲမှတ်ထားပါ" လို့ မိန့်ကြားတော်မူပါတယ်။

ဆရာတော်ကြီးက အားပေးမိန့်ကြားတော်မူပေမယ့်လည်း ဘုန်းကြီးက ဟုတ်မှဟုတ်ပါ့မလားလို့ အမြဲတွေးတောပူပန်မိပါတယ်။

ဆရာတော်ကြီး အားပေးမိန့်ကြားတာ မှန်ပါတယ်။ သံဃာတွေ များလာ လေလေ ပစ္စည်းလေးပါး ပိုပြီးတော့ပြည့်စုံလာတာ တွေ့ရပါတယ်။ အဲဒီလို ဆရာ တော်ကြီးတွေ ပြောတာ မှန်ကန်တာတွေ ကိုယ့်ကိုယ်တွေ့ မြင်ရတော့မှ ဆရာတော် ကြီးတွေဟာ စာပေအတွေ့အကြုံ ဘဝအတွေ့အကြုံနဲ့ ပြောတာဆိုတော့ တကယ် မှန်တာပေါ့လို့ ကောက်ချက်ချမိပါတယ်။

ညောင်တုန်းပါဠိတက္ကသိုလ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ စကား ဟာ စာသင်တိုက် ဆရာတော်များအတွက် တကယ်မှတ်သားစရာကောင်းတဲ့ စကား အလှပဲ ဖြစ်ပါတယ်။

ဆရာတော်ကြီး နှစ်ပါးရဲ့ စကားတော်ကို ကဗျာဆောင်ပုဒ်လေး ရေးထား တယ်။ အားလုံး လိုက်ဆိုကြပါ။

## ဝေဘူထေရ+စကားလှကဗျာ

* ဝေဘူထေရ်ကျော်၊ စကားတော်၊ မှတ်နော် စွဲမြဲစွာ။
* စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျွေးမွေးပြုရပါ။
* အသိဉာဏ်ပေး၊ ပညာရေး၊ အားပေးပို့ချပါ။
* သံဃာပေးပြန်၊ ကျွေးမွေးပြန်၊ ဘုန်းကံကြီးမားမှာ။
* အံ့ဩဖွယ်ပင်၊ ဘုန်းကံတွင်၊ အစဉ်ကြီးမားမှာ။
* ဝေဘူထေရ၊ စကားလှ၊ မှချမှန်သည်သာ။

## ညောင်တုန်းထေရ+ စကားလှကဗျာ

* ညောင်တုန်းတိုက်က၊ ဘိဇေ၊ မိန့်ပြစကားမှာ။
* တစ်ပါးတည်းပင်၊ နေထိုင်လျှင်၊ ရောက်အင်တစ်ပါးစာ။
* တစ်ရာနေလျှင်၊ တစ်ရာပင်၊ ရောက်နိုင်တစ်ရာစာ။
* သံဃာများလျှင်၊ ခက်မည်ထင်၊ အစဉ်မတွက်ရာ။
* သံဃာများလျှင်၊ ပေါများအင်၊ အစဉ်တွက်ထားပါ။
* သံဃာများက၊ ပိုပေါရ၊ မှချမလွဲပါ။
* သံဃာများက၊ ပိုပေါရ၊ မှချကိုယ်တွေ့ပါ။
* ညောင်တုန်းထေရ၊ ဘိဇေ၊ ဟောပြမှန်သည်သာ။

## တရားဟောပြ + အရှင်သုမေဓာ

သုမေဓာမြတ်စွာဘုရားရဲ့ အလုပ်အကျွေး မထေရ်တစ်ပါး ရှိပါတယ်။ ဘွဲ့တော်ကလည်း သုမေဓာလို့ပဲ ထင်ရှားပါတယ်။ အဲဒီသံဃိကဆွမ်းကပ်ပွဲမှာ သုမေဓာမထေရ်က ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

## ဆွမ်းလှူစိတ်ကြည် + နတ်ဖြစ်ပြီ

ဆွမ်းလှူတဲ့ စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နတ်ဗိမာန်မှာ ဖြစ်ရပါတယ်။ နတ်သမီးပေါင်း ၈၆၀၀၀ က ဖျော်ဖြေခစားကြပါတယ်။

## အခြားနတ်တွေ + သာလွန်ပေ

အဲဒီနတ်သမီးတွေက ကာမဂုဏ်အာရုံအမျိုးမျိုးနဲ့ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ကာ အမြဲတစေ ဖျော်ဖြေပေးကြပါတယ်။ သူဟာ အခြားနတ်တွေကိုလည်း

အသက်၊ အဆင်းစတဲ့ ကောင်းကျိုးတွေ သာလွန်လွှမ်းမိုးရပါတယ်။ အဲဒီကောင်းကျိုးတွေ ရတာဟာ သူကိုယ်တိုင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့တဲ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကောင်းမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

## စင်ကြယ်မြတ်လှ + ဘောဇဉ်ရ

နှစ်ဆယ့်ငါးကမ္ဘာထက်မှာ ဝရဏာဆိုတဲ့ စကြဝတေးမင်း ဖြစ်ရပါတယ်။ အထူးကောင်းမြတ် စင်ကြယ်တဲ့ ဘောဇဉ်များ ရရှိသူ ဖြစ်ပါတယ်။

## သလေးကောင်းဖွေ + စားရပေ

တိုင်းသူပြည်သား လူအများတွေဟာ မျိုးစေ့မစိုက်ပျိုးရပါဘူး။ ထွန်တုံးတွေကိုလည်း မကိုင်ကြရပါဘူး။ မထွန်မယက်ကြရဘဲ အလိုလိုကျလာတဲ့ သလေးတွေကိုသာ လူတွေ စားသုံးကြရပါတယ်။

## နတ်ပြည်တစ်ဖန် + ဖြစ်ရပြန်

အဲဒီတိုင်းပြည်မှာ မင်းပြုပြီးတော့ သေဆုံးကဲ့အခါမှာ နတ်ပြည်ကို တဖန်ရောက်ရပါတယ်။ အဲဒီနတ်ပြည်ဖြစ်ရတဲ့ဘဝမှာလည်း စည်းစိမ်ဥစ္စာအဖြာဖြာတွေ ပြည့်စုံပေါများရပါတယ်။

## ညှဉ်းဆဲကင်းစင် + များချစ်ခင်

မိတ်ဆွေဟုတ်သူ မဟုတ်သူ အားလုံးက သူ့ကို မညှဉ်းဆဲကြပါဘူး။ အားလုံးက သူ့ကို ချစ်ခင်မြတ်နိုးကြပါတယ်။ ဒီကောင်းကျိုးတွေဟာ ဗုဒ္ဓထုပ ပူဇာ၊ သံဃိကဒါနပူဇာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီတရားနာနေကြတဲ့ ဒကာဒကာမတွေ ဘဝတိုင်း ညှဉ်းဆဲမခံရအောင် အားလုံးက ကိုယ့်ကိုချစ်ခင်လေးစား အရေးထားအောင် ဗုဒ္ဓပူဇာ၊ သံဃပူဇာ ကုသိုလ်တွေ များများလုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

သူရတဲ့ ဒီကောင်းကျိုး နှစ်မျိုးလုံးဟာ တကယ်ကို ချစ်စရာကောင်းပါတယ်။ ဘုန်းကြီးကတော့ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုးကို တော်တော်လေး သဘောကျပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကြီးနိုင်ငယ်ညှဉ်း လုပ်ချင်ကြတယ်။ ကိုယ်ချင်းစာတရား ကင်းမဲ့နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှုတွေ

အားနည်းနေကြတယ်။ ညီအစ်ကို မောင်နှမအရင်း အချင်းချင်းပင် ပြိုင်ချင်ဆိုင်ချင်၊ ညှဉ်းဆဲချင်၊ မုန်းစိတ်တွေ ဝင်နေကြတယ်။

ဒါကြောင့် ဒီဆုတောင်းကျိုး နှစ်မျိုးဟာ လိုချင်စရာကောင်းတယ်လို့ ပြောတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ ဒီဂါထာလာတဲ့ ကောင်းကျိုးနှစ်မျိုး ဆုမတောင်းသင့်ဘူးလား?

(ဆုတောင်းသင့်ပါတယ် ဘုရား)

ကဲ– ဆုတောင်းကောင်းလေး လိုက်ဆိုကြပါ။

* ကိုယ်ကလည်း ဘယ်သူ့ကိုမှ မညှဉ်းဆဲပါရစေနဲ့၊
ကိုယ့်ကိုလည်း ဘယ်သူကမှ မညှဉ်းဆဲနိုင်ပါစေသား။

* ကိုယ်ကလည်း အားလုံးကို ချစ်ခင်ပါရစေ၊
ကိုယ့်ကိုလည်း အားလုံးက ချစ်ခင်ကြပါစေသား။

## လူတွေချစ်ခင် + မြတ်အရှင်

သူ့ကို လူတွေက ချစ်ခင်ကြတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကိုကြည့်ပြီး ပြောဟောမယ်ဆိုရင်တော့ "လူတွေချစ်ခင်+မြတ်အရှင်"လို့ ပြောဟောရမှာပါပဲ။ လူတွေချစ်တာလည်း မဆန်းပါဘူး။ လူတွေချစ်တာ အကြောင်းရှိပါတယ်။ သူကိုယ်တိုင် ငါးပါးသီလ မြဲတယ်။ လူတွေကိုလည်း ငါးပါးသီလမြဲအောင် ဟောပြောပေးတယ်။ စားဝတ်နေရေး ကျန်းမာရေးစတဲ့ အရေးပေါင်းများစွာ ပြည့်စုံအောင် စီမံပေးတော့ လူတွေက ချစ်ခင်မြတ်နိုးကြတာပါပဲ။ ဒါကြောင့် လူတွေ ချစ်ခင်တာ အကြောင်းရှိတယ်လို့ ပြောခဲ့တာပါ။

မထွန်မယက်ဘဲ သလေးစပါး ကောင်းတာတွေ စားသုံးရခြင်းဆိုတဲ့ အကြောင်းတွေလည်း ပါပါတယ်။ ဒါတွေ ရှေ့နားမှာ ပြောဟောခဲ့ပြီးပါပြီ။

## နူးညံ့သာလျှပေး + အပါယ်ဝေး

သူဟာ ကမ္ဘာသုံးသောင်းအထက်မှာ အမွှေးနံ့သာ လျှဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ သူဟာ အပါယ်လေးပါးဆိုတာ သိတောင်မသိဘူးပါဘူးတဲ့။ ဒီကောင်းကျိုး ရရှိတာဟာ နံ့သာလိမ်းကျံလှူဒါန်းရခြင်းရဲ့ အကျိုးပဲ ဖြစ်ပါတယ်တဲ့။

ဒီနေရာလေးကို ကြည့်ပြီးတော့ နှံသာနဲ့ပူဇော်ဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။ ပရိသတ်ရေ၊ အပါယ်ဘေးမှ တကယ်ဝေးရတာ ဘယ်ဒါနကြောင့်တဲ့လဲ?

(နံ့သာဒါနကြောင့်ပါ ဘုရား)

## အနံ့သာလိုသူ + နံ့သာလှူ

ဘဝတိုင်း ဘဝတိုင်း ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကောင်းတဲ့အနံ့တွေ သာချင်တယ်ဆိုရင် နံ့သာလှူပါ၊ ဘာလှူရမတဲ့လဲ?

(နံ့သာလှူရမှာပါ ဘုရား)

''အနံ့သာရေး နံ့သာလှူပေး'' ဒီလိုနော်။

(မှန်လှပါ ဘုရား)

အနံ့သာလိုသူ ဘာလှူ?

(နံ့သာလှူရမှာပါ ဘုရား)

## မင်းမြတ်စကြာ + တစ်ကြိမ်ပြ

သူဟာ ဘဒ္ဒကမ္ဘာမှာတော့ လူတွေကို အစိုးရကာ တန်ခိုးကြီးမားပြီး များမြတ်အင်အား တကယ်များတဲ့ စကြာဝတေးမင်းတစ်ပါး တစ်ကြိမ်ဖြစ်ဖူးပါသေးတယ်။

## နတ်တွေချစ်ခင် + မြတ်အရှင်

သူစကြာဝတေးမင်း ဖြစ်တဲ့အချိန်တုန်းက လူတွေကို ငါးပါးသီလ တည်အောင် ဟောပြောပေးပါတယ်။ လူတွေကလည်း သူဆုံးမတဲ့အတိုင်း ငါးပါးသီလ တည်အောင် လိုက်နာကျင့်သုံးကြပါတယ်။ အဲဒီငါးပါးသီလ တည်ကြသူတွေဟာ သေဆုံးတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်။ နတ်ပြည်ရောက်တဲ့နတ်တွေဟာ စဉ်းစားတွေးတောကြတယ်။ ငါတို့ ခုလိုနတ်ပြည်ရောက်ရတာ ဘယ်သူ့ရဲ့ကျေးဇူးကြောင့်လဲလို့ ကြည့်လိုက်တဲ့အခါမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဖြစ်တဲ့ စကြာဝတေးမင်းရဲ့ ကျေးဇူးကြောင့်ဆိုတာကို သိမြင်ကြပါတယ်။

ဒီနေရာမှာ သူ့အကြောင်းလေး ပြောပြဦးမယ်။

သူဟာ ဘုန်းကြီးတို့ ဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့ ပုဏ္ဏားမျိုးမှာ လာဖြစ်ရပါတယ်။ ပိလိန္ဒဝစ္ဆလို့ ခေါ်ပါတယ်။ သူဟာ သံသရာမှာ ငြီးငွေ့လာတဲ့အတွက် ပရိဗိုဇ်ရဟန်းပြုပြီး စူဠဂန္ဓာရခေါ်တဲ့ မန္တန်အတတ်ကို သင်ကြားတတ်

မြောက်ပါတယ်။ အဲဒီအတတ်နဲ့ ကောင်းကင်မှာ သွားနိုင်တယ်။ သူတစ်ပါးစိတ်ကို လည်း သိမြင်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ လာဘ်ပေါ်များသူ၊ အခြံအရံပေါ်များသူ ဖြစ်နေပါတယ်။

ဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူလာတဲ့အခါမှာ ဒေသစာရီကြွချီတော့ ရာဇဂြိုဟ်ပြည်ရောက်တော်မူပါတယ်။ ဘုရားရှင်က ရာဇဂြိုဟ်ပြည်ရောက်တဲ့အချိန် ကစပြီးတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ရဲ့ စူဠဂန္ဓာရီအတတ်ဟာ သူလိုတဲ့ကိစ္စတွေ မပြီးစေ တော့ပါဘူး။

အဲဒီအချိန်မှာ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "မဟာဂန္ဓာရဝိဇ္ဇာ ထင်ရှားရှိတဲ့အရပ် မှာ စူဠဂန္ဓာရဝိဇ္ဇာဟာ မပြည့်စုံနိုင်ဘူးလို့ ဆရာ့ ဆရာတွေ ပြောတာ ငါကြားဖူး တယ်။ ရဟန်းဂေါတမ ဒီရာဇဂြိုဟ်ပြည်ရောက်လာတဲ့အချိန်မှစပြီးတော့ ငါ့ရဲ့ စူဠဂန္ဓာရဝိဇ္ဇာအတတ်ကို တတ်သိသူဖြစ်မယ်။ ငါ သူ့ကို ဆည်းကပ်ပြီးတော့ မဟာဂန္ဓာရဝိဇ္ဇာအတတ်ကို သင်ယူရရင် ကောင်းမယ်"လို့ ကြံစည်ပြီးတော့ မြတ် စွာဘုရားထံ ဆည်းကပ်ပါတယ်။ ဆည်းကပ်ပြီးတော့ "ရဟန်းမြတ်၊ အကျွန်ုပ် ရဟန်းမြတ်ထံမှာ ဝိဇ္ဇာအတတ်တစ်မျိုး သင်ယူချင်ပါတယ်။ သင်ခွင့်ပြုပါ"လို့ တောင်းပန်လျှောက်ထားပါတယ်။

မြတ်စွာဘုရားက "အဲဒီဝိဇ္ဇာအတတ် သင်ကြားချင်ရင် သင် ရှင်ရဟန်းပြု ပါ"လို့ ပြောတော့ ပိလိန္ဒဝစ္ဆပရိဗိုဇ်ဟာ "ရှင်ရဟန်းပြုတာဟာ ဝိဇ္ဇာအတတ်ရဲ့ ရှေ့ပိုင်းအလုပ်လို့ အောက်မေ့ပြီး ရှင်ရဟန်းပြုပါတယ်။

ဘုရားက သူ့ကို သူနဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။ သူဟာ ရှေးကောင်းမှုနဲ့ ပြည့်စုံသူဖြစ်တော့ မကြာခင်မှာပဲ ဝိပဿနာတရား ပွား များပြီး ရဟန္တာဖြစ်သွားပါတယ်။ (အပဒါန၊ ၄၊ ၂၊ ၁၂၊ ၁၃)

သူ့ကျေးဇူးကို သိကြတဲ့ နတ်ပြည်ရောက်နေတဲ့ နတ်တွေဟာ အရှင်ပိလိန္ဒ ဝစ္ဆထံ ညဦး၊ နံနက် အစဉ်မပြတ် အရှင်မြတ် ပိလိန္ဒဝစ္ဆမထေရ်ကို လာရောက်ပြီး ရှိခိုးကြတယ်၊ ဆည်းကပ်ခစားကြတယ်။

နတ်တွေက အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ကို ချစ်ခင်မြတ်နိုးကြတယ်နော်။
(မှန်လှပါ ဘုရား)

တစ်ချိန်မှာ မြတ်စွာဘုရားက အရိယာသံဃာတော်များရဲ့အလယ်မှာ ထိုင် နေတော်မူပါကာ "ရဟန်းတို့ နတ်တွေချစ်မြတ်နိုးတဲ့ ငါဘုရားရဲ့တပည့် ရဟန်းတွေ ထဲမှာ ပိလိန္ဒဝစ္ဆရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်တယ်"လို့ ဧတဒဂ်ရာထူး ထားတော်မူပါတယ်။ (အပဒါန၊ ၄၊ ၂၊ ၁၃)

## လူ နတ်ချစ်ခင် + မြတ်အရှင်

ဒီတရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ မင်းလုပ်စဉ်က လူတွေက ချစ်မြတ်နိုးတယ်၊ လူတွေကို ငါးပါးသီလမြဲအောင် ဟောပြောပေးတော့ နတ်ပြည် ရောက်ကြတဲ့ နတ်တွေဟာ သူ့ကျေးဇူးသိပြီးတော့ နေ့ရောညပါ လာရောက်ခစား ချစ်ခင်မြတ်နိုးကြတယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မေးရဦးမယ်၊ အရှင်ဝိလိန္ဒဝတ္ထုမထေရ်ကို လူတွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

နတ်တွေကလည်း?

(ချစ်ခင်ကြပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဗုဒ္ဓပူဇာ၊ သံဃပူဇာ မင်္ဂလာပွဲ ဆင်ကာန္တဲ့နေကြတဲ့ ဒကာ ဒကာမတွေကို ဟောပြောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

('လူနတ်ချစ်ခင်+မြတ်အရှင်' တရားတော်ပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

နောက်ဆုံးတော့ ဒီဘုရားလက်ထက်မှာ ဝိမောက္ခရှစ်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လူတွေ နတ်တွေ+ ချစ်ခင်ကြပါစေ

ဒီတရားတော်ကို နာကြားနေကြတဲ့ ဒကာ ဒကာမတွေကို ဆုပေးမယ်၊ ယူမယ် မဟုတ်လား?

(ယူပါ့မယ် ဘုရား)

လူတွေ နတ်တွေချစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား)

"လူနတ်ချစ်ခင်+ မြတ်အရှင်" တရားတော်ပြီးပြီ။

## တရားအမည်ပေးရာ၌

* လူ နတ် ချစ်တာ+ အကြောင်းရှာပါ။
* လူ နတ် ချစ်တာ+ အကြောင်းရှိပါတယ်။
* လူ နတ် ချစ်တာ+ ဘယ်အရာကြောင့်လဲ။

* လူ နတ် ချစ်ဆေး+ ပေးပါရစေ။
* လူ နတ် ချစ်စေ+ တောင်းဆုချွေမယ်။
* လူ နတ် ချစ်ရေး+ အကြောင်းလေးတွေ။
* လူ နတ် ချစ်အောင်+ ကြိုးစားဆောင်ရွက်ပါ။
* ဗုဒ္ဓ၊ သံဃာ+ ပေးလှူပါ။
* လူတွေလည်းချစ်+ နတ်လည်းချစ်သူ။
* လူတွေချစ်ခင်+ မြတ်အရှင်။
* အနှံ့သာလိုသူ+ နံ့သာလှူပါ။
* နံ့သာလှူပေး+ အပါယ်ဝေး တရားတော်စသည်ဖြင့် ကြိုက်ရာရွေးကာ အမည်ပေး ဟောကြားပါ။

သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြာဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊
ဥဒယသုတ်တော်ကို ဇာနိဆာဆင်၍ အသိဉာဏ်ပေး
ဟောကြား ပြောကြားအပ်သော

# "အဖန်ဖန် အခါခါ + ပေးလှူပါ"

## တရားတော်

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့တော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ နံနက်အချိန်အခါမှာ သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ် သင်္ကန်းကို ဆောင်ယူကာ ဥဒယဆိုတဲ့ပုဏ္ဏားရဲ့အိမ်ကို ကြွတော်မူပါတယ်။

ဥဒယပုဏ္ဏားဟာ သူစားရန် ပြင်ဆင်ထားတဲ့ ဘောဇဉ်ကို မြတ်စွာဘုရားအား လောင်းလှူလိုက်ပါတယ်။

ဒုတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။ ဥဒယပုဏ္ဏားကလည်း ဆွမ်းလောင်းလိုက်ပါတယ်။

တတိယနေ့မှာလည်း ဘုရားရှင်ဟာ ဥဒယအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်။

အဲဒီ တတိယနေ့မှာတော့ ပုဏ္ဏားကြီးဟာ စိတ်ဆိုးဆိုးနဲ့ ဆွမ်းလောင်းထည့်ပြီးတော့ "ဒီရဟန်းဂေါတမဟာ အရသာမှာ တပ်မက်သူဖြစ်တယ်။ ထပ်ကာထပ်ကာ ငါ့ရဲ့အိမ်ကို လာပြီးတော့ ဆွမ်းခံလာနေတော့တာပဲ"လို့ ကဲ့ရဲ့ပြောဆိုပါတယ်။

ပုဏ္ဏားကြီးဟာ ပထမ၊ ဒုတိယရက်တွေမှာလည်း သဒ္ဓါတရားရှိလို့ လှူနေတာ မဟုတ်ပါဘူး။ "မိမိအိမ်ပေါက် အလှူခံရောက်လို့မှ လှူဖော်မရဘူး"လို့ ကဲ့ရဲ့မှာ ကြောက်လို့ ဟန်ဆောင်လှူနေခြင်းဖြစ်ပါတယ်။

ဘုရားကလည်း တတိယနေ့တိုင်အောင် ဆွမ်းခံကြွရင် ဒီပုဏ္ဏား ဒီစကားမျိုး ပြောမယ်ဆိုတာ သိပါတယ်။

အဲဒီစကားမျိုးပြောရင် ဒီတရားဟောတဲ့အခါ ဒီပုဏ္ဏား သရဏဂုံတည်မယ်ဆိုတာ မြင်တော်မူတဲ့အတွက် ၃ ရက် ဆက်တိုက် ကြွတော်မူတာပါပဲ။

ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။
အို ပုဏ္ဏား၊ ဒီလောကမှာ–
၁။ မျိုးစေ့ကို အဖန်ဖန် အခါခါ စိုက်ပျိုးရမယ်။
၂။ မိုးမင်းကလည်း အဖန်ဖန် အခါခါ ရွာချတယ်။
၃။ လယ်သမားတွေကလည်း အဖန်ဖန် အခါခါ လယ်ယာထွန်ယက်ကြတယ်။
၄။ တိုင်းသူပြည်သား လူအများတွေကလည်း ဆန်စပါး လုပ်ရာဌာနကို အဖန်ဖန် အခါခါ ကပ်ရောက်ကြပါတယ်။
၅။ ဘုန်းတောင်းယာစကာတွေဟာလည်း အဖန်ဖန် အခါခါ တောင်းရမ်းကြတယ်။
၆။ အလှူရှင်တွေကလည်း အဖန်ဖန် အခါခါ ပေးလှူကြတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတာပါ။ ဘာတဲ့လဲ?
(တရားအမည်လေးက အဖန်ဖန် အခါခါ ပေးလှူပါ တရားပါ ဘုရား)
အေး ဟုတ်ပြီ၊ ကိုယ်ရှိတာလေး လက်မနှေးဘဲ အဖန်ဖန် အခါခါ ပေးရ၊ လှူရ၊ ကျွေးရမယ်နော်။
(မှန်လှပါ ဘုရား)
ဒကာ ဒကာမတွေ မပေါချင်ဘူးလား?
(ပေါချင်ပါတယ် ဘုရား)
အေး၊ ပေါချင်ရင် ပေးရတယ်၊ လှူရတယ်၊ ကျွေးရတယ်။
ကဲ– ဘုန်းကြီးရဲ့ လက်သုံးဆောင်ပုဒ်လေး လိုက်ဆို
* ပေါချင်ရင် ပေးပါ၊
ပေးချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် လှူပါ၊
လှူချင်ရင် ပေါပါလိမ့်မယ်။
* ပေါချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ပေါပါလိမ့်မယ်။
ဒကာ ဒကာမတွေ မချောချင်ဘူးလား?
(ချောချင်ပါတယ် ဘုရား)
အေး ချောချင်ရင်လည်း ဘာလုပ်ရမလဲ?
(ပေးရ၊ လှူရ၊ ကျွေးရမှာပါ ဘုရား)
အေး ဟုတ်ပြီ၊ ဆောင်ပုဒ်လေး ပြောင်းပြီးဆိုကြည့်ရအောင်။

* ချောချင်ရင် ပေးပါ၊
ပေးချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် လှူပါ၊
လှူချင်ရင် ချောပါလိမ့်မယ်။
* ချောချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ချောပါလိမ့်မယ်။

ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ ဒကာမတွေဟာ ဘုရားအမျှုးရှိတဲ့ သံဃာတော်များကို ခဏခဏ မကြာမကြာ ပင့်ဖိတ်ပြီး ဆွမ်းကပ်ကြတယ်။ ဧည့်ပရိသတ်တွေကိုလည်း ခဏခဏဖိတ်ပြီး ကျွေးမွေးပြုစုကြတယ်ဆိုတော့ ဘယ်တရားမျိုး ဟောရရင် ကောင်းမလဲလို့ ရွေးကြည့်တဲ့အခါ ဒီတရားစကားလေးကို တွေ့ရပါတယ်။ ဒီနေ့ အလှူရှင်တွေနဲ့ လိုက်ဖက်တဲ့တရားလေး ဖြစ်ပါတယ်။

အဖန်ဖန် အခါခါ ပေးလှူသူတွေကို ဒီနေ့ဂုဏ်ပြု အသိဉာဏ်ပေးလိုက်တဲ့ တရား ဖြစ်ပါတယ်။

ဘာတရားတဲ့လဲ?
('အဖန်ဖန် အခါခါ ပေးလှူပါ' တရားပါ ဘုရား)
တရားပေါ်ပြီနော်။
(ပေါ်ပါပြီ ဘုရား)
အေး တရားပေါ်ပေမယ့် တရားမပြီးသေးဘူး။ ရှေ့ဆက်ပြီးတော့ နာကြားကြည့်ကြရအောင်။

၇။ အလှူရှင်တွေဟာ အဖန်ဖန် အခါခါ ပေးလှူတဲ့အတွက်
၈။ အဖန်ဖန် အခါခါ နတ်ပြည်ကိုရောက်ရတယ်တဲ့။

ဒကာ ဒကာမတွေ နတ်ပြည်ကို အဖန်ဖန် အခါခါ မရောက်ချင်ဘူးလား?
(ရောက်ချင်ပါတယ် ဘုရား)
နတ်ပြည်ရောက်ချင်တာကတော့ ဟုတ်ပါပြီ၊ နတ်ပြည်ရောက်တဲ့အခါမှာ နတ်သမီး ဖြစ်ချင်သလား? နတ်သားဖြစ်ချင်သလား? အားလုံးဖြေ။
(နတ်သား ဖြစ်ချင်တာပါ ဘုရား)
နတ်သား ဘာကြောင့်ဖြစ်ချင်တယ်ဆိုတာကို ရှေ့က တရားထောက် ဒကာကြီးတစ်ယောက်ထဲ ဖြေစမ်းပါ။
(နတ်သမီးလေးတွေ တစ်ဖက် လေးငါးရာနဲ့ နေချင်လို့ပါ ဘုရား)
(အားလုံး ရယ်ကြ)

## နားငြီးလို့ပါ ဘုရား

ဒီနေရာလေးမှာ ကြုံတုန်း ပြောရဦးမယ်။ ဘုန်းကြီး သံဃဒါနဆွမ်း အောင်ပွဲ တစ်နေရာမှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းဟာ သံဃိကဆွမ်းဒါန ကောင်းမှု ကြောင့် နတ်ပြည်ရောက်သွားပါတယ်။ နတ်ပြည်ရောက်သွားတော့ သူ့ကို နတ်သမီး ပေါင်း ရှစ်သောင်းခြောက်ထောင်က ဖျော်ဖြေခစားကြရပါတယ်။ အဲဒီလို နတ်သမီး တွေ အများကြီး ဖျော်ဖြေခစားကြရတဲ့ နေရာလေးကို ဟောရင်း ဘုန်းကြီးက ရှေ့တရားထောက်တဲ့ ဒကာကြီးတစ်ယောက်ကို ဒကာကြီး အဲဒီအရှင်ပိလိန္ဒဝစ္ဆ မထေရ်အလောင်းလို နတ်သမီးတွေ အများကြီး မလိုချင်ဘူးလားလို့ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက မလိုချင်ပါဘူး ဘုရားလို့ ဖြေပါတယ်။ ဘုန်းကြီးက ဆက်ပြီးတော့ ဒကာကြီး၊ ဘာကြောင့် မလိုချင်တာတုံး၊ ဆက်ပြောစမ်း၊ လျှောက် စမ်းပါဦးဆိုတော့ အဲဒီဒကာကြီးက လူ့ပြည်က တစ်ယောက်ထဲတောင် နားငြီးလို့ ပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ကဲ- ထားပါတော့၊ အဖန်ဖန် အခါခါ ပေးလှူရင် အဖန်ဖန် အခါခါ နတ်ပြည်ကို ရောက်ရတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဖန်ဖန် အခါခါ မပေးမလှူသင့်ဘူးလား?

(ပေးလှူသင့်ပါတယ် ဘုရား)

အဖန်ဖန် အခါခါပေးလှူတာဟာ နတ်ပြည် အဖန်ဖန် အခါခါ ရောက် ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

၉။ နို့ညှစ်သမားတွေကလည်း အဖန်ဖန် အခါခါ နို့ညှစ်ကြတယ်တဲ့။

နွားနို့ရောင်းတဲ့သူတွေဟာ နွားမနို့ကို အဖန်ဖန် အခါခါ နို့မညှစ်ကြဘူးလား။

(နို့ညှစ်ကြပါတယ် ဘုရား)

ဘာတဲ့လဲ? နွားနို့ရောင်းစားသူတွေကို ချီးတဲ့စာကလေးက "နွားနို့တစ်မြူ ရေကိုးမြူ၊ ဖြူတောင် ဖြူသေးတယ်"တဲ့။

အဲ- တရားနာ ပရိသတ်ထဲ နွားနို့ရောင်းတဲ့လူ မပါလောက်ပါဘူးနော်။

(တစ်ယောက်တော့ ပါပါတယ် ဘုရား)

ပါလည်း မတတ်နိုင်ဘူး တဲ့တဲ့ပြောဟောလိုက်တယ်လို့သာ မှတ်ပေတော့။

(အားလုံး ရယ်ကြ)

၁၀။ နွားငယ်ကလေးတွေကလည်း နို့ဆာတဲ့အတွက် အဖန်ဖန်အခါခါ အမေ နွားမကြီးထံ ကပ်ရောက်ကြတယ်။

၁၁။ ထိုထိုများလှ ကိစ္စကြီးငယ် အသွယ်သွယ် နှေးညံပြုလုပ်နေရတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ ပင်ပန်းကြရတယ်။

၁၂။ အကျိုးမရှိတာတွေနဲ့ ယှဉ်တွဲနေကြတဲ့အတွက်ကြောင့် အဖန်ဖန် အခါခါ တုန်လှုပ်လည်း တုန်လှုပ်ရတယ်။

၁၃။ ပညာမဲ့သူ လူအပေါင်းဟာ အဖန်ဖန် အခါခါ အဝိဇ္ဇာထဲ ရောက်ကြရတယ်။

၁၄။ အဖန်ဖန် အခါခါ ပဋိသန္ဓေနေရတယ်။

၁၅။ အဖန်ဖန် အခါခါ သေလည်း သေရတယ်။

၁၆။ အဖန်ဖန် အခါခါ သုသာန်သင်္ချိုင်း ပို့ဆောင်ကြရတယ်။

၁၇။ ကြီးကျယ်မြင့်မြတ် ပညာတတ် ရှိသူ သူတော်ကောင်းကတော့ နောက်ထပ်တစ်ဖန် အဖန်ဖန် အခါခါ မဖြစ်ခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ ကျင့်စဉ်လမ်းကို ရရှိတဲ့အတွက် အဖန်ဖန်အခါခါ ပဋိသန္ဓေ မနေရတော့ပါဘူးလို့ ဟောကြားတော်မူပါတယ်။

ဒီတရားတော်ကို နာကြားရတဲ့ ဥဒယပုဏ္ဏားဟာ သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ဖြစ်သွားပါတယ်။

ဒီသုတ်တော်မှာ ဘုရားရှင်က အဖန်ဖန် အခါခါဖြစ်ရတဲ့ တရား ၁၆ ပါးနဲ့ အဖန်ဖန် အခါခါမဖြစ်ရတဲ့ တရားတစ်ပါးကို ကွဲပြားအောင် ခွဲခြားပြီး ဟောကြားတော်မူပါတယ်။

ကဲ– ဒီတရားတော်ကို စုံစုံလင်လင်လေး ဟောပြီးသွားတော့ အဓိကဟောတဲ့ တရားအမည်လေးကို ပြန်ပြောကြရအောင်။

ဒီနေ့ အဓိက ဟောပြောတဲ့တရားက ဘာတရားတဲ့လဲ?

(အဖန်ဖန် အခါခါ+ပေးလှူပါ) တရားပါ ဘုရား။

အေး ဟုတ်ပြီ၊ ဒီတရားတော်ကို နာကြားကြရတဲ့ အဖန်ဖန် အခါခါ ပေးလှူကြတဲ့ ဒီနေ့အလှူရှင်တွေနဲ့တကွ လာလာသမျှ တရားနာကြားကြသူ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုများကို အဖန်ဖန် အခါခါ ပြုလုပ်ပြီးတော့ အဖန်ဖန် အခါခါ ပင်ပန်းခြင်း၊ အဖန်ဖန် အခါခါ တုန်လှုပ်ခြင်း၊ အဖန်ဖန် အခါခါ အဝိဇ္ဇာထဲရောက်ရခြင်း၊ အဖန်ဖန် အခါခါ ပဋိသန္ဓေတည်နေရခြင်း၊ အဖန်ဖန် အခါခါ အို၊ နာ၊ သေရခြင်း၊ အဖန်ဖန်အခါခါ သင်္ချိုင်းရောက်ရခြင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကောင်း တရားမြတ်ကို မြန်စွာပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တသောဘိတ၊ ဓမ္မာစရိယ၊ ဒုတိယဝဏ္ဏ ... ပညာဘိဝံသ၊

ဝိပဿနာမိစ္ဆာသုထိတော်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး

ဟောကြား ပြောကြားအပ်သော

# "တွေးတိုင်း နေ့ည + ကုသိုလ်ရ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပွဲမှာ ဟောကြားမယ့် တရားတော်က "တွေးတိုင်း နေ့ည ကုသိုလ်ရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

(တွေးတိုင်း နေ့ည ကုသိုလ်ရ တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

တစ်နေ့ ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားထံ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကာ တစ်နေရာမှာ ထိုင်နေပါတယ်။

အဲဒီအနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားက–

ဒါယကာ တရားလေးမျိုးနဲ့ ပြည့်စုံတဲ့ အရိယာတပည့်ဟာ အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာဖြစ်စေတတ်တဲ့ လူတွေရဲ့ကျင့်ဝတ်ကို ကျင့်ရာရောက်တယ်။ လူ့ကျင့်ဝတ်တရားလေးမျိုးလို့ ဆိုလိုပါတယ်။

အဲဒီလူ့ကျင့်ဝတ် တရားလေးမျိုးက

၁။ ဒါယကာ ဒီသာသနာတော်မှာ အရိယာတပည့်ဟာ ရဟန်းသံဃာကို ဝတ် ရေးအတွက် သင်္ကန်းလှူရမယ်။

ဘာလှူရမတဲ့လဲ၊

(သင်္ကန်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း လူဖြစ်ရင်လည်း ဝတ်စရာအဝတ် ပေါချင်ရင် ရဟန်း

ဖြစ်ရင်လည်း ဝတ်စရာသင်္ကန်းတွေ ပေါချင်ရင် သင်္ကန်းလှူရမယ်နော်။
(မှန်လှပါ ဘုရား)

## သင်္ကန်းလှူရ+ကောင်းကျိုးလှများ

ဒီနေရာမှာ ဝိလိန္ဒဝတ္ထုထေရအပဒါန်မှာ လာတဲ့ သင်္ကန်းလှူခြင်း အကျိုး ၈ မျိုးကို မှတ်သားထားပါ။

* ရွှေအဆင်းနဲ့တူတဲ့ အဆင်းပိုင်ရှင်ဖြစ်မယ်၊ မှတ်သားရလွယ်ကူအောင် ပြော ရရင်တော့ အသားဖြူတယ်၊ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကို ရတတ်တယ်။ အသားဖွေးတယ်ဆိုတဲ့ ကောင်းကျိုးကိုရတယ်။ ဘာကောင်း ကျိုး ရသလဲ?
(အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးပါ ဘုရား)

## အသားမည်းတာ+မေးသောခါ

ဒီနေရာမှာ ကြားဖူးတာလေး ပြောရဦးမယ်။ ဝါဆိုသင်္ကန်းကပ်ပွဲတစ်ခုမှာ ဆရာတော်ကြီးတစ်ပါးက ဝါဆိုသင်္ကန်းလှူတဲ့သူတွေဟာ အသားဖြူ အသားဖွေးတဲ့ ကောင်းကျိုးရတယ်လို့ ပြောဟောရင်း သင်္ကန်းအလှူရှင် ဒကာကြီးကို ဒကာကြီး။ ခုခေတ် အသားမည်းနက်နေတဲ့သူတွေ ဘာကြောင့် အသားမည်းနက်နေတာလဲလို့ပ မေးလိုက်ပါတယ်။ အဲဒီဒကာကြီးက ဖြေလိုက်ပုံက–

'သပိတ်လှူလှူခဲ့လို့ပါ ဘုရားတဲ့' (အားလုံးရယ်ကြ)

တရားဟောဆရာတော်ကြီး မတွေးမိတဲ့အချက်ဖြစ်ပါတယ်။ တရားဟော ဆရာတော်ကြီး ဆိုလိုတာက သင်္ကန်းမလှူခဲ့လို့ အသားမည်းနက်နေတာ ဖြစ်တယ် လို့ ဆိုလိုတာပါ။ အဲဒီလို ဖြေမယ်ထင်တာပဲ။ အဲဒီဒကာကြီးရဲ့ မထင်မှတ်တဲ့ အဖြေကို ကြားလိုက်ရတော့ ဆရာတော်ကြီးနဲ့ တရားနာသူတွေအားလုံး ပြုံးကြရ ပါတယ်။

* ကဲ– ထားပါတော့၊ နောက် ဒုတိယ ကောင်းကျိုးက ခန္ဓာကိုယ်မှာ ပကတိ အညစ်အကြေးနဲ့ ကိလေသာမြူ အညစ်အကြေး ကင်းဝေးခြင်း ဖြစ်ပါတယ်။
* တတိယကောင်းကျိုးက ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်းဖြစ်တယ်။ ခန္ဓာကိုယ်မှာ အရောင်တွေ ထွက်နေသလို ထင်ရတယ်။ ဒီနေရာမှာ ပကတိ အသားအရောင်တွေ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း။ သီလ၊ သမာဓိ၊

ပညာရောင်တွေပါ ဖြိုးဖြိုးပြက်ပြက် ဝင်းသက်လက် အရောင်ထွက်ခြင်းတွေ ပါ ယူနိုင်ပါတယ်။

* စတုတ္ထကောင်းကျိုးကတော့ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ တန်ခိုးကြီးမားခြင်းပါပဲ။
* ပဉ္စမကောင်းကျိုးကတော့ ခန္ဓာကိုယ်မှာ ပြေပြစ်နူးညံ့သိမ်မွေ့ခြင်းပါပဲ။
* ဆဋ္ဌမ ကောင်းကျိုးကတော့ အဖြူရောင်၊ အဝါရောင်၊ အနီရောင်အဝတ်တွေ တစ်သိန်းလောက် ရရှိခြင်း (အဝတ်မျိုးစုံ ပေါများစွာ ဝတ်ရခြင်းပါပဲ)။
* သတ္တမကောင်းကျိုးကတော့ ပိုးချည်အဝတ်၊ သက္ကလတ် (ကမ္ဗလာ) အဝတ်များစွာ ရရှိခြင်းပါပဲ။
* အဋ္ဌမကောင်းကျိုးကတော့ ခေါမချည်၊ ဝါချည်အဝတ်တွေ များစွာရရှိခြင်းပါပဲ။ (အပဒါန၊ ပါ၊ ၁၊ ၃၅၈၊ ၃၅၉)

၂။ ဒါယကာ၊ ရဟန်းသံဃာကို စားရေးအတွက် ဆွမ်းလှူရမယ်။

ဘာလှူရမတဲ့လဲ?

(ဆွမ်းလှူရမှာပါ ဘုရား)

ဘဝတိုင်း ဘဝတိုင်း အစားအသောက်တွေ ပေါချင်ရင် ဆွမ်းလှူရမယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေရာမှာ ဆွမ်းလှူရတဲ့ အကျိုး ငါးမျိုးကို မှတ်သားထားပါ။ အသက်ရှည်ခြင်းဆိုတဲ့ ကောင်းကျိုး။ ဒကာ ဒကာမတွေ အသက် မရှည်ချင်ဘူးလား?

(ရှည်ချင်ပါတယ် ဘုရား)

ကြုံတုန်း ပြောရဦးမယ်။ တစ်ခါက သံဃဒါန ဆွမ်းအောင်ပွဲတစ်ခု တရားဟောတော့ ဆွမ်းလှူတာဟာ အသက်ရှည်တယ်လို့ ပြောဟောရင်း တရားထောက် ဒကာကြီးကို ဒကာကြီး အသက်မရှည်ချင်ဘူးလားလို့ မေးလိုက်တော့ အဲဒီ ဒကာကြီးက မရှည်ချင်ပါဘူး ဘုရားတဲ့။ များသောအားဖြင့် လူတွေဟာ အသက်ရှည်ချင်ကြတယ်။ ဒကာကြီးက ဘာကြောင့် အသက်မရှည်ချင်တာလဲလို့ ထပ်မေးလိုက်တော့ အဲဒီ ဒကာကြီး ဖြေလိုက်ပုံက ဆလိမ် ဈေးကြီးလို့ပါ ဘုရားတဲ့။

(အားလုံး ရယ်ကြ)

အဲဒီဒကာကြီး ဖြေတာ သဘောပေါက်တယ်နော်။

(ပေါက်ပါတယ် ဘုရား)

ဘာကိုဆိုလိုတာပါလိမ့်?

(ဆန်၊ ဆီ၊ ဆား၊ ဆေး ကို ဆိုလိုတာပါပါ ဘုရား)

ကဲ– ထားပါတော့။

* ဒုတိယကောင်းကျိုးကတော့ အဆင်းလှခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* တတိယကောင်းကျိုးကတော့ ချမ်းသာကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* စတုတ္ထကောင်းကျိုးကတော့ ခွန်အားကြီးခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။
* ပဉ္စမကောင်းကျိုးကတော့ ဉာဏ်ကောင်းခြင်း၊ ဉာဏ်ပညာကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးဖြစ်တယ်။

(ဘောဇနသုတ်၊ အံ၊ ပါ၊ ၂၊ ၃၅)

၃။ ဒါယကာ၊ ရဟန်းသံဃာကို နေရေးအတွက် ကျောင်းလှူရမယ်။ ဘာလှူရမတဲ့လဲ?

(ကျောင်းလှူရမှာပါ ဘုရား)

ကျောင်းအလှူဆိုတာ တကယ်တော့ နေရာအလှူပါပဲ။ ဘာအလှူတဲ့လဲ?

(နေရာအလှူပါ ဘုရား)

## နေရာလှူက+နေရာရ

လောကမှာ လူတွေဟာ ကောင်းတဲ့နေရာတွေ လိုချင်ကြတယ်။ နေရာကောင်း လိုချင်သူတွေဟာ နေရာလှူရတယ်။ နေရာလှူမှ နေရာကောင်း ရတယ်။ ဒီနေရာမှာ ကောသနဒါယက မထေရ်အလောင်း သူတော်ကောင်းလေးရဲ့ ဘဝအကြောင်းကို အကျဉ်းချုပ် ပြောပြချင်တယ်။ ကောသနဒါယကဆိုတာ နေရာလေး တစ်ခုကိုသာ လှူတဲ့သူလို့ပ အဓိပ္ပာယ်ရတယ်။ အဲဒီကောသနဒါယကမထေရ် အလောင်း သူတော်ကောင်းလေး နေထိုင်ရာဖြစ်တဲ့ ဟိမဝန္တာရဲ့အနီးက ဂေါ်သိတ တောင်ကို ပဒုမုတ္တရာ မြတ်စွာဘုရား ကြွတော်မူလာတယ်။ သူ့မှာ ဘာမှလှူစရာ မရှိပါဘူး။ ကြွေကျတဲ့သစ်သီးတွေကို စားသုံးနေသူ ဖြစ်ပါတယ်။ သူ့မှာရှိတဲ့ သစ်သား ညောင်စောင်းကို ခင်းပြီးတော့ သစ်နက်ရေလေး ထပ်ပြီးဖြန့်ခင်းကာ ပဒုမုတ္တရာ မြတ်စွာဘုရားကို နေရာလေးတစ်ခု လှူလိုက်ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ အဲဒီသစ်သားညောင်စောင်းပေါ်မှာ ထိုင်နေတော်မူပါတယ်။ တစ်ခဏလောက် ထိုင်နေတော်မူပြီးတော့ ဒီစကားတွေကို မိန့်တော်မူပါတယ်။

* သင် လိုလားတောင့်တတဲ့ ဆုတွေအားလုံး နောင်အခါမှာ ပြည့်ဝလိမ့်မယ်၊ ဒီနေရာအလှူနဲ့ စေတနာတောင့်တမှုတွေကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လွတ်မယ်။

* သိကြားမင်း အကြိမ် ၅၀ ဖြစ်မယ်။
* စကြဝတေးမင်း အကြိမ် ၈၀ ဖြစ်မယ်။
* ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအပြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်မယ်။
* ဘဝတိုင်း ချမ်းသာသူဖြစ်မယ်လို့ မိန့်ကြားပြီး ပြန်ကြွတော်မူတယ်။

လူမင်း၊ နတ်မင်း၊ စကြဝတေးမင်းဆိုတဲ့နေရာကောင်းများကို ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို နေရာတစ်ခု လှူခဲ့ခြင်းရဲ့ ကောင်းကျိုးဆက်တွေ ဖြစ်တယ်။

နေရာကောင်းလိုချင်ရင် ဘာလှူရမတဲ့လဲ၊

(နေရာ လှူရမှာပါ ဘုရား)

နေရာလှူရင် ဘာရသတဲ့လဲ?

(နေရာကောင်းတွေ ရပါတယ် ဘုရား)

နောက်ပြီးတော့ ရရှိတဲ့ကောင်းကျိုးတွေက ဘာတွေလဲဆိုတော့–

ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားနဲ့တကွသော သီလျှင်း (ထမ်းစင်) ရရှိခြင်း။

* တောထဲဝင်လိုက်တဲ့အခါမှာ နေရာကို အလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင် အနီးမှာ ရောက်လာခြင်း။
* ရေလယ်ကို ရောက်တဲ့အခါမှာလည်း နေရာကိုအလိုရှိတယ်ဆိုရင် စိတ်အကြံကို သိပြီးတော့ ပလ္လင်အနီးမှာ ရောက်လာခြင်း။
* လူ နတ် ဖြစ်လေရာမှာ ပလ္လင်တစ်သိန်း ရရှိခြင်း။
* လူ့ဘဝ နတ်ဘဝမှာပဲ ဖြစ်ရခြင်း။
* မင်းမျိုး၊ ပြာဟ္မဏမျိုးမှာသာ ဖြစ်ရခြင်း။
* တရားပလ္လင်ရရှိပြီး အာသဝမရှိဘဲ နေရခြင်း။
* အဝိယ်လေးပါး မလား မရောက်ရခြင်း။
* ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာ ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၂၊ ၄၄+၅+၆)

အဲဒီလို လောကီ လောကုတ္တရာ၊ သက်ရှိ သက်မဲ့ နေရာကောင်းတွေ ရရှိခြင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားကို ညောင်စောင်းနဲ့ သစ်နက်ရေဆိုတဲ့ နေရာလေးတစ်ခု လှူဒါန်းခဲ့ခြင်းကြောင့် ရရှိတာဖြစ်တယ်။

နေရာလှူရင် နေရာကောင်းတွေ ရတယ်ဆိုတဲ့ အသိဉာဏ်တွေ ဦးစီးပြီး

တော့ နေရာလှူတတ်ကြပါစေ။ နေရာရနေသူတွေဟာ နေရာလှူခဲ့လို့ပါပဲ။ နေရာမရသူတွေဟာ နေရာမလှူခဲ့သူတွေပါပဲ။

ကျောင်းလှူမှ နေရာအလှူမှ မဟုတ်ပါဘူး။ ကိုယ့်အိမ်ကြွလာတဲ့ သံဃာတော်တွေကို ဖျာတွေ၊ စောင်တွေ၊ နေရာထိုင်အခင်းလေးတွေ ခင်းပေးတာဟာလည်း နေရာအလှူပါပဲ။ ကိုယ်က ဘတ်စ်ကားတွေ၊ ရထား၊ သင်္ဘောတွေ စီးသွားတဲ့အခါမှာ နေရာရထားရင် နေရာမရသေးတဲ့ ရဟန်းသံဃာ၊ အသက်ကြီးသူစတဲ့ ပုဂ္ဂိုလ်များကို ကိုယ်ရထားတဲ့နေရာလေး ထပြီး နေရာပေးလိုက်တာဟာလည်း နေရာအလှူပါပဲ။

## စက်ာပူဝယ်+အတုယူဖွယ်

ဒီနေရာမှာ စက်ာပူနိုင်ငံရဲ့ အတုယူစရာလေး ပြောချင်ပါသေးတယ်။ စက်ာပူနိုင်ငံရဲ့ ကားတွေ၊ ရထားတွေမှာ အဘိုးကြီးတွေ၊ အဘွားကြီးတွေရဲ့ ပုံတွေ၊ ကလေးလေးတွေ လက်ဆွဲပြီး လာသူတွေ၊ ကလေးလေးတွေ ချီပိုးပြီး လာသူတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေရဲ့ ပုံတွေရေးဆွဲထားပါတယ်။ ပုံတွေနဲ့တွဲပြီး စာတွေလည်း ရေးထားပါတယ်။ အဘိုး၊ အဘွား၊ ကလေးပါသူ၊ ကိုယ်ဝန်ဆောင်များ ရောက်လာရင် သင်ရထားတဲ့ နေရာလေး အမြန်ဖယ်ပေးလိုက်ပါ။ နေရာပေးလိုက်ပါဆိုတဲ့ စာတန်းလေးတွေ ဖြစ်ပါတယ်။ အင်မတန် အတုယူစရာကောင်းတဲ့ စက်ာပူနိုင်ငံဖြစ်ပါတယ်။

ဘုန်းကြီး စက်ာပူနိုင်ငံရောက်စဉ်က အဲဒီမြင်ကွင်းလေးကို သဘောကျလို့ လက်ာဆောင်ပုဒ်လေး ရေးခဲ့ပါတယ်။ အဲဒါလေးကို လိုက်ဆိုကြပါ။

* အဘိုး အဘွား၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေး နေရာ။
* ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေး နေရာ။
* စက်ာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတယ်။

၄။ ဒါယကာ၊ ရဟန်းသံဃာကို ကျန်းမာရေးအတွက် ဆေးလှူရမယ်။ ဘာလှူရမတဲ့လဲ?
(ဆေးလှူရမှာပါ ဘုရား)
ဒီနေရာမှာလည်း ဆေးလှူရခြင်းအကျိုး ၁၀ ပါးကို မှတ်သားထားပါဦး။ အဲဒီအကျိုး ၁၀ ပါးက–

* အသက်ရှည်ခြင်း။

* ခွန်အားကြီးခြင်း။
* ပညာကြီးခြင်း။
* အဆင်းလှခြင်း။
* အခြံအရံများခြင်း။
* ချမ်းသာကြီးခြင်း။
* ဘေးရန် မရှိခြင်း။
* ဆင်းရဲမရှိခြင်း။
* သူတစ်ပါးတို့က အမြဲပူဇော်ခြင်း။
* ချစ်ခင်သူများနဲ့ မကွဲမကွာ မခွဲမခွာ နေရခြင်းတို့ပဲ ဖြစ်တယ်။

(အပဒါန၊ ပါ၊ ၁၊ ၃၆၃)

## ဆေးဝါး

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးမကောင်းချင်ကြဘူးလား?

(ကောင်းချင်ပါတယ် ဘုရား)

ကျန်းမာရေးကောင်းချင်ရင် ဘာလှူရမတဲ့လဲ?

(ဆေးဝါး လှူရမှာပါ ဘုရား)

ဆေးပဲ ထားပါ၊ ဝါးကြီး မထည့်ပါနဲ့။ (ရယ်ကြ)

တော်တော်အဝါးခံချင်ပုံရတယ်။ (ထပ်ရယ်ကြ)

ရှေးတုန်းက လူကြီးတွေက အတွေ့အကြုံလေးတွေနဲ့ ပြောခဲ့တာဆိုတော့ တော်တော်လေး မှန်နေတာတွေ တွေ့ရတယ်။ ဥပမာ ပြောမယ်ဆိုရင် ဆေးနဲ့ ပတ်သက်လို့ ဆေးဖိုးဝါးခတဲ့။ ဘာတဲ့လဲ?

(ဆေးဖိုး ဝါးခပါ ဘုရား)

ကြည့်နော်၊ ဆေးဖိုးနဲ့ ဘာနဲ့တွဲထားလဲ?

(ဝါးနဲ့ တွဲထားပါတယ်ဘုရား) (ရယ်ကြ)။

## လူဝါး

ဆေးကိုလည်း ဆေးလို့ ရိုးရိုးလေး ပြောရင် ရရဲ့သားလို့ ခုတော့ ဆေးဝါးလို့ ဝါးနဲ့တွဲပြီး သုံးမထားဘူးလား။

(သုံးထားပါတယ် ဘုရား)

ဒါလည်း အတွေ့အကြုံနဲ့ သုံးတာဖြစ်မှာပါပဲ။

ဘုန်းကြီး ဒီနေရာလေးမှာလည်း စဉ်းစားကြည့်တယ်။ ဆေးဝါး ဆိုတာလေး ကိုပါ။ ဆေးက ဝါးတာလား၊ လူက ဝါးတာလား၊ ဒါလေး စဉ်းစားမိတာ။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဆေးက ဝါးတာလား၊ လူက ဝါးတာလား။

(လူက ဝါးတာပါ ဘုရား)

အေး အဲဒါဆိုရင် စာတန်းလေး စကားလေး ပြောင်းလိုက်၊ ဘယ်လိုပြောင်း မလဲ။

(လူဝါးပါ ဘုရား) (အားလုံး ရယ်ကြ)

ဒကာ ဒကာမတွေ ပြောတာနော်၊ ဘုန်းကြီးက မေးရုံပဲ မေးတာ။

(အားလုံး ရယ်ကြ)

## အကောင်းဆုံး လာဘ်

ကဲ– ထားပါတော့၊ ကျန်းမာရေးကောင်းဖို့ အရေးမကြီးဘူးလား။

(ကြီးပါတယ် ဘုရား)

လာဘ်တကာ လာဘ်တွေထဲမှာလည်း ဘယ်လာဘ်ဟာ အကောင်းဆုံး လာဘ်တဲ့လဲ?

(ကျန်းမာရေးကောင်းခြင်း လာဘ်ပါ ဘုရား)

အေး ဟုတ်ပြီ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မပဒပါ ပါဠိ တော်မှာ–

အာရောဂျပရမာ လာဘာ (ဓမ္မပဒ၊ ၅၊ ၂၊ ၁၃၃)

ကျန်းမာရေးကောင်းခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးလာဘ်လို့ ဟော ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

ရောဂါဖြစ်နေရင် ရထားတဲ့ စီးပွားဉစ္စာ ရထူး ဂုဏ်သိန် အရှိန်အဝါ လာဘ်တွေတာ ဘာမှအသုံးမကျတော့တဲ့အတွက် လစဉ်ကောင်း လာဘ်မြတ်မဟုတ် တော့ဘူးတဲ့။ ရောဂါကင်းနေမှ လာဘ်အားလုံးဟာ အသုံးဝင်တယ်။ အသုံးကျ တယ်။ ရောဂါကင်းနေရင် လာဘ်တွေအားလုံး ရောက်လာနိုင်တယ်။

## ဒေါက်တာမိမိ+ပြုသကြည့်ပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဒေါက်တာမိမိအကြောင်း ပြောဦးမယ်။ တစ်နေ့ အိမ်တစ်အိမ်မှာ ကျောင်းထိုင်ဆရာတော်ကြီးတွေ ၁၀ ပါး ဆွမ်းကပ်တယ်။

ဆရာတော်ကြီးတစ်ပါးမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ စုံအောင်ဖြစ်နေတယ်။ အစားအသောက်တော့ သိပ်မရှောင်ဘူး။ မတဲ့တဲ့အစားအစာတွေ ဘုဥ်းပေးတော့ မယ်ဆိုရင်လည်း ပုတီးစိပ်ပြီးတော့ ဘုဥ်းပေးတော့တာပဲ။ သူ့ပုတီးစိပ်ကတော့ "ဆီးချိုချို၊ သွေးတိုးတိုး၊ နှလုံး လုံးလုံး" ဆိုတဲ့ ပုတီးစိပ်ကို ရွတ်ဆိုပြီးတော့ သေတစ်နေ့ မွေးတစ်နေ့ပဲကွာဆိုပြီး ဘုဥ်းပေးတော့တာပါပဲ။

အဲဒီဆရာတော်ကြီးရဲ့ ရောဂါတွေ သိထားတဲ့ ဆရာတော်တစ်ပါးက အဲဒီ ဆရာတော်ကြီးကို ဆရာတော်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါပျောက်အောင် ကပေးတဲ့ ဒေါက်တာ ရှိတယ်။ အဲဒီဒေါက်တာ ပြသကြည့်ပါလား ဘုရားလို့ လျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတော့ အဲဒီရောဂါရှင် ဆရာတော်ကြီး က အဲဒီဒေါက်တာက ဘယ်သူလဲကွ၊ လိပ်စာလေး ပြောစမ်းပါဦးလို့ ပြန်မေးပါတယ်။

အဲဒီလိုမေးတော့ ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက အေး၊ ဒေါက်တာမိမိဆိုတဲ့ နာမည်တော့ သိရပါပြီ။ သူက ဘယ်ဆေးခန်းမှာ ထိုင်တာလဲ၊ ဘယ်နေရာမှာလဲ ဆက်မေးပါတယ်။

ပြောတဲ့ဆရာတော်က "ဆရာတော်၊ ဒေါက်တာမိမိပါ ဘုရား၊ ဒေါက်တာ မိမိပါဘုရား"လို့ ထပ်ပြီးလျှောက်ထားပါတယ်။ အဲဒီလိုလျှောက်ထားတာကို ရောဂါ ရှင် ဆရာတော်ကြီးက သဘောမပေါက်သေးပါဘူး။ အခြားဆရာတော်တွေအားလုံး က သဘောပေါက်ကြပါတယ်။ ရောဂါရှင် ဆရာတော်ကြီးက စိတ်နည်းနည်းဆိုး လာပြီး ကိုယ်တော်ကလည်း ဒေါက်တာမိမိပဲ ထပ်တလဲလဲ ပြောနေတာပဲ။ လိပ်စာ ပေးပါဆို မပေးလည်း နေတော့ ကိုယ်တော်လို့ ပြောပါတယ်။

အဲဒီလို သဘောမပေါက်တဲ့ ရောဂါရှင်ဆရာတော်ကြီးကို ပြောတဲ့ဆရာတော် က "ဆရာတော်၊ ဒေါက်တာမိမိလိပ်စာ ပေးမယ်၊ တပည့်တော်ကို ကြည့်ပါဘုရား ဆိုပြီးတော့ သူ့ရဲ့လက်ဝါးနဲ့ပဲ သူ့ရဲ့ရင်ဘတ်ကို သုံးလေးခါလောက် ပုတ်ပြလိုက် တော့မှ သဘောပေါက်သွားပါတော့တယ်။

အဲဒီလို ပြမှ သဘောပေါက်တော့တဲ့ ရောဂါရှင် ဆရာတော်ကြီးက ပြုံးပြုံး ကြီးနဲ့ သဘောကျသွားပါတော့တယ်။ အဲဒီရောဂါရှင် ဆရာတော်ကြီးက "မှန်လိုက် တာ ကိုယ်တော်၊ မှန်လိုက်တာ ကိုယ်တော်၊ အစားအသောက် မဆင်ခြင်တဲ့ တပည့်တော်ကို ကိုယ်တော်က အစားအသောက်ဆင်ခြင်တတ်ပြီး ရောဂါသက်သက် သာသာဖြစ်အောင် နည်းပေးလိုက်တာပါပဲ။ ကိုယ်တော့်ကို တပည့်တော် ကျေးဇူး

တင်ပါတယ်။ ဒေါက်တာဟာ မိမိကိုယ်တိုင်ပင်ဖြစ်တယ်ဆိုတာကို သတိထားမိပါပြီလို့ ပြန်ပြောပါတယ်။

အဲဒီရောဂါရှင် ဆရာတော်ကြီးဟာ ဒေါက်တာမိမိနဲ့ ပြသကြည့်တာ သူ့ရောဂါတွေ တော်တော်သက်သာသွားကြောင်း သိရပါတယ်။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျန်းမာရေးကောင်းအောင် ရောဂါကင်းအောင် ဆေးလည်း လျှူရမယ်၊ ဒေါက်တာမိမိနဲ့လည်း ပြရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါက်တာဟာ တကယ်တော့ ဘယ်သူပါလိမ့်?

(မိမိပါ ဘုရား)

မိမိရဲ့အခြေအနေကို မိမိကိုယ်တိုင် သတိ၊ အသိထားပြီး စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ အရာရာကို ဆင်ခြင်ရမယ်နော်။

(မှန်လှပါ ဘုရား)

မိမိဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဟာ ဘယ်ဒေါက်တာပါလိမ့်။

(ဒေါက်တာမိမိပါ ဘုရား)

ဒေါက်တာမိမိနဲ့ အမြဲတစေ တွဲနေရမယ့်အတူ ဒေါက်တာကြီးနှစ်ယောက်ရှိသေးတယ်။ အဲဒီဒေါက်တာကြီးနှစ်ယောက်ကတော့ ဒေါက်တာသတိနဲ့ ဒေါက်တာအသိ (ဒေါက်တာပညာ) ဖြစ်တယ်။

ဒီတော့ ဘဝမှာ တကယ်အရေးကြီးတဲ့ ဒေါက်တာဘယ်နှစ်ယောက် ဖြစ်သွားမလဲ? (သုံးယောက်ပါ ဘုရား)

ဒေါက်တာမိမိရယ်၊ ဒေါက်တာသတိရယ်၊ ဒေါက်တာပညာရယ် သုံးယောက်နော်။ (မှန်လှပါ ဘုရား)

ဒေါက်တာ မိမိ၊ သတိ၊ ပညာ ဒီလိုမဟုတ်လား? (မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ ဆေးဖိုးဝါးခ အကုန်သက်သာအောင် ကျန်းမာရေးလက်ဆောင်ပေးနေတာနော်။ (မှန်လှပါ ဘုရား)

## အသက်ရှည်ကြောင်း အဆောင်ကောင်း

ဘုန်းကြီးက အသက်ရှည်တဲ့ ဆရာတော်ကြီးတွေနဲ့ တွေ့တဲ့အခါမှာ "အသက်ရှည်တာ" ကို မေးလေ့ရှိပါတယ်။ တစ်ခါက အသက် ၉၀ ကျော်နေပြီဖြစ်တဲ့ ဆရာတော်ညီအစ်ကိုနှစ်ပါးကို ဆရာတော်များ ခုလို အသက်ရှည် ကျန်းမာနေတာ ဘာ့ကြောင့်ပါလဲ ဘုရားလို့ လျှောက်ထားတော့ အဲဒီဆရာတော်ကြီးနှစ်ပါး

မှာ အစ်ကိုဖြစ်တဲ့ ဆရာတော်ကြီးက "သီ၊ ဣန်၊ ဘော၊ ဇာ" ပေါ့ကွာလို့ ပြောပါတယ်။ ဘုန်းကြီးကတော့ တန်းပြီးသဘောပေါက်ပါတယ်။ ဒကာ ဒကာမတွေကတော့ တန်းပြီး သဘောပေါက်ဖို့ မလွယ်လှပါဘူး။

အဲဒါလေးကို အကျဉ်းမျှ ရှင်းပြပါဦးမယ်။

* သီ= ဆိုတာ ကိုယ်နှုတ်ကို ထိန်းသိမ်းမှု သီလကို ဆိုလိုပါတယ်။
* ဣန်= ဆိုတာက မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်မှာ လောဘ၊ ဒေါသဆိုတဲ့ အကုသိုလ်တရားတွေ မဝင်အောင် စောင့်ရှောက်ခြင်းကို ဆိုလိုပါတယ်။
* ဘော= ဆိုတာကတော့ ဘောဇဉ်အစားအစာကို သတိ၊ အသိဉာဏ်နဲ့ အတိုင်းအရှည်ကို သိပြီး ဆင်ဆင်ခြင်ခြင် စားသောက်တာကို ဆိုလိုတာပါ။
* ဇာ= ဆိုတာက ဇာဂရိယ၊ နံနက်၊ နေ့ ညဆိုတဲ့ အချိန်တိုင်းမှာ သွား ရပ် ထိုင် အိပ်တဲ့အခါ ကုသိုလ်တရားတွေကို ပိတ်ပင်တတ်တဲ့ ကာမစ္ဆန္ဒစတဲ့ နီဝရဏတရားတွေ မိမိစိတ်ထဲ ဝင်ရောက်မလာအောင် စိတ်ကို သုတ်သင်ရှင်းလင်းထားတာဟာ ဇာဂရိယ (နိုးကြားခြင်းနဲ့ယှဉ်တယ်) နိုးနိုးကြားကြား နေတယ်လို့ ဆိုလိုပါတယ်။ (အံ၊ ပါ၊ ၁၊ ၃၄၈)

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသက်ရှည်ပြီး ကျန်းမာချင်တယ်ဆိုရင် သီ၊ ဣန်၊ ဘော၊ ဇာ ဆိုတဲ့ တရားလေးမျိုးကို ဆောင်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဘာကို ဆောင်ရမတဲ့လဲ?.

(သီ၊ ဣန်၊ ဘော၊ ဇာ ကိုပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆို။

* သီ၊ ဣန်၊ ဘော၊ ဇာ၊ ဤလေးဖြာ၊ ကျန်းမာသက်ရှည်ကြောင်း။
* ဆေးဖိုး ဝါးခ၊ မကုန်ရ၊ မုချအဆောင်ကောင်း။
* သက်ရှည်၊ ကျန်းမာ၊ ဘေးရောဂါ၊ ဝေးကွာအဆောင်ကောင်း။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ပြောဟောလိုက်တာ တော်တော်လေး စုံသွားပြီနော်။

(မှန်လှပါ ဘုရား)

ဘုရားရှင်က ဒါယကာ၊ အဲဒီသင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ နေရာ၊ ဆေးဆိုတဲ့ ပစ္စည်းလေးမျိုး ပြည့်စုံအောင် ဆောင်ရွက်လှူဒါန်းထောက်ပံ့သူဟာ

အခြံအရံ အကျော်အစောကို ရစေတတ်တဲ့ နတ်ပြည်မှာ ဖြစ်စေတတ်တဲ့ လှူကျင့် ဝတ်ကို ကျင့်တဲ့သူဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်ရေ၊ ဘဝတိုင်းမှာ အခြံအရံ အကျော်အစော ကောင်းကျိုးကို ရချင်တယ်ဆိုရင် ပြီးတော့ နတ်ပြည်မှာ ဖြစ်ချင်တယ်ဆိုရင် ပစ္စည်းလေးပါး ပေးလှူခြင်းဆိုတဲ့ လှူကျင့်ဝတ်ကို ကျင့်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတရားတော်ကို ကြည့်ပြီးတော့ လှူကျင့်ဝတ်လေးပါးလို့ ပြောမယ်ဆိုရင် လည်း ရပါတယ်။

ဘုရားက အကျဉ်းချုပ်အနေနဲ့ အောက်ပါအတိုင်း ဟောပြောတော်မူပါတယ်။

* ပညာရှိတွေဟာ ကိုယ်စိတ်ညီညွတ်ပြီး သီလရှိကြတဲ့ အလှူခံပုဂ္ဂိုလ်တွေကို သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ဆေးတွေ လှူရမယ်။ အဲဒီ ပစ္စည်းလေးပါး လှူဒါန်းခြင်းဟာ လှူကျင့်ဝတ်ကို ကျင့်ကြတာဖြစ်တယ်။

## တွေးတိုင်းနွေသ + ကုသိုလ်ရ

* အဲဒီလှူကျင့်ဝတ် ကျင့်နေသူတွေမှာ နွေရောညပါ ဘယ်ခါမဆို မိမိရဲ့ လှူ ကျင့်ဝတ် ကုသိုလ်လေးမျိုးကို တွေးလိုက်တိုင်း တွေးလိုက်တိုင်း အမှတ်ရ တိုင်း အမှတ်ရတိုင်း အမြဲတစေ ကုသိုလ်တွေရနေတယ်၊ ကောင်းမှု ကောင်း ကျိုး အမျိုးမျိုးတွေ တိုးပွားနေတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားနာမည်ပေးထားတာပါ။ ဘာတရား တဲ့လဲ?

('တွေးတိုင်း နွေသ+ကုသိုလ်ရ' တရားတော်ပါ ဘုရား)

ကုသိုလ်တွေ ပြုပြီးရင် ပြုပြီး ပြီးတာပဲလို့ သဘောမထားပါနဲ့၊ ပြုပြီးရင် ပြုပြီးတဲ့ ကုသိုလ်တွေကို တွေးရတယ်။ သတိရရတယ်။ တွေးရင် တွေးတိုင်း နွေသ ကုသိုလ်ရနေတယ်။ အမြဲနွေသ ကုသိုလ်ရနေတယ်လို့ အသိဉာဏ်ပေးတဲ့ တရားပါ။

## သေရင် နတ်ပြည် + ရောက်ရသည်

အဲဒီလှူကျင့်ဝတ်ကို ကျင့်သူတွေဟာ ကောင်းမြတ်တဲ့ ကောင်းမှုတွေကို ပြုပြီးတဲ့အတွက် သေတဲ့အခါမှာလည်း နတ်ပြည်ကို ရောက်ကြရပါတယ်လို့ အဆုံး သတ်အနေနဲ့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ပစ္စည်းလေးပါး လှူကြတဲ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('တွေးတိုင်း နွေညှ ကုသိုလ်ရ' တရားတော်ပါ ဘုရား)

အေး မိမိတို့ ကုသိုလ်တရားတွေကို အမြဲတစေ တွေးနေပါ။ သတိရနေပါ။ အမှန်ရနေပါ။ ကုသိုလ်တွေ အမြဲရနေမယ်၊ ကောင်းကျိုးတွေ အမြဲဖြစ်နေမယ်လို့ အသိဉာဏ်ပေးလိုက်ပါတယ်။

ဒီနေ့ ဟောတဲ့တရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ

* ပစ္စည်းလေးပါး လှူခြင်းဟာ လူ့ကျင့်ဝတ်ကောင်းဖြစ်တယ်။
* အခြံအရံ အကျော်အစောကို ရစေတယ်။
* နတ်ပြည်ကို ရောက်စေမယ်။
* တွေးတိုင်း နွေညှ ကုသိုလ်ရနေမယ်။
* အမြဲနွေညှ ကုသိုလ်ရနေမယ်ဆိုတာတွေကို တွေ့ရတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ကျောင်းဒကာ့အား။ မြတ်ဘုရား ဟောကြားလိုက်သည်မှာ။
* ပစ္စည်းလေးပါး သံဃာအား။ ကြိုးစားလှူခြင်းဟာ။
* လူတွေကျင့်အပ်၊ ကျင့်ဝတ်မြတ်၊ သိမှတ်စွဲမြဲစွာ။
* ပစ္စည်းလေးဝ၊ လှူပြီးက၊ နွေညှတွေးကြပါ။
* တွေးတိုင်း နွေညှ ကုသိုလ်ရ၊ ဟောပြတရားပါ။
* အမြဲနွေညှ၊ ကုသိုလ်ရ၊ ဟောပြတရားပါ။
* ခြံရံပေါ်ရ၊ သေဆုံးက၊ ရောက်ရနတ်ပြည်ပါ။

ဗုဒ္ဓကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဥဇာဝဂ္ဂဝိယဝဝ်၊

သုမနာဝေဠိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး

ဟောကြား ပြောကြားအပ်သော

# "ချစ်ကြ ခင်ကြ + ပူဇော်ကြ"

## တရားတော်

ဒီနေ့ ဗုဒ္ဓပူဇနီယပွဲသဘင်မှာ ဟောကြားမည့်တရားတော်ကတော့ "ချစ်ကြ ခင်ကြ+ပူဇော်ကြ" တရားတော်တဲ့။

ဘာတရားကွဲလဲ?

('ချစ်ကြခင်ကြ+ပူဇော်ကြ' တရားတော်ပါ ဘုရား)

လူတွေဟာ များသောအားဖြင့် ကိုယ့်ကို သူတစ်ပါးက "မျက်နှာမြင် ချစ်ခင်စေချင်ကြတယ်"၊ "အသံကြား သနားစေချင်ကြတယ်" မဟုတ်လား။

(မှန်လှပါ ဘုရား)

ပူဇော်ဖွယ်ရာ အဖြာဖြာနဲ့လည်း ပူဇော်စေချင်ကြတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### စပေါင်းဗုဒ္ဓ + ပူဇော်ကြ

လောကရဲ့ အကြီးအမှူးဖြစ်တော်မူသော တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဝေဿဘူမြတ်စွာဘုရားကို လူတွေများစွာ စုဝေးစုပေါင်းပြီးတော့ ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြတယ်။ (အပဒါန္၊ ပါ၊ ၁၊ ၃၀၁)

ဘယ်လုပ်နေ?

(ကြီးမားတဲ့ ပူဇော်ပွဲကြီး လုပ်နေကြပါတယ် ဘုရား)

### ဦးဆောက်ပန်းပြု + ပူဇော်မှု

အဲဒီလို ပူဇော်ပွဲကြီး လုပ်နေချိန်မှာ သုမနာဝေဠိယမထေရ်အလောင်း

သူတော်ကောင်းဟာ အင်္ဂတေစိုင်ကို ပန်းတင်ရန် ပြုလုပ်ပြီးတော့ မြတ်လေးပန်းနဲ့ ဦးဆောက်ပန်း ပြုလုပ်ကာ မြတ်စွာဘုရားရဲ့ရှေ့မှာ တင်လှူပူဇော်ခဲ့တယ်။

## မေးလျှောက်ကြည့်ကြ + ပန်းလှလှ

လူတွေဟာ စည်းဝေးပေါင်းဆုံကြပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို မေးလျှောက်ကြပါတယ်။ ဘယ်လိုမေးလျှောက်ကြသလဲဆိုတော့ "မြတ်စွာဘုရား၊ ဒီပန်းလှလှလေးကို ဘယ်သူပူဇော်ထားပါသလဲ"လို့ မေးလျှောက်ကြပါတယ်။ အဲဒီလိုမေးလျှောက်ကြပြီးတော့ မြတ်လေးပန်းနဲ့ စီမံပြုလုပ်ထားတဲ့ ဦးဆောက်ပန်းကို စိတ်ဝင်စားကာ ကြည့်ရှုနေကြပါတယ်။

ထူးထူးဆန်းဆန်းလေး၊ လှလှပပလေး စီမံထားတာ မြင်ရတော့ ဒကာ ဒကာမတွေ စိတ်မဝင်စားကြဘူးလား?

(စိတ်ဝင်စားကြပါတယ် ဘုရား)

စိတ်ဝင်စားတော့ ဒါ ဘယ်သူလှူပါသလဲလို့ မေးပြီးတော့ အားရပါးရ ကြည့်ရှုကြတယ်နော်။

(မှန်လှပါ ဘုရား)

## ပန်းလှူ စိတ်ကြည် + နိဗ္ဗာပြည်

သူဟာ ပန်းလှူတဲ့စိတ်ကြည်လင်မှုကြောင့် သေဆုံးတဲ့အခါမှာ နိမ္မာနရတိ နတ်ဘုံ ရောက်ရပါတယ်။

ဘယ်ကိုရောက်?

(နိမ္မာနရတိနတ်ဘုံပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ နတ်ပြည်ရောက်ချင်ရင် ထူးထူးဆန်းဆန်း ပန်းလှူပါ၊ ဘာလှူ?

(ထူးထူးဆန်းဆန်း ပန်းလှူရမှာပါ ဘုရား)

ရိုးရိုးလေး လှူရမှာလား၊ ထူးထူးဆန်းဆန်းလေး လုပ်ပြီးတော့ လှူရမှာလား?

(ထူးထူးဆန်းဆန်းလေး လုပ်ပြီး လှူရမှာပါ ဘုရား)

ထူးထူးဆန်းဆန်းလေး လုပ်လှူတော့ စိတ်ထဲမှာ ပိုပြီးတော့ ကြည်လင် အားရ သဘောကျတယ်နော်။

(မှန်လှပါ ဘုရား)

လျှုတယ်၊ စိတ်ကြည်လင်တယ်၊ ဒီနှစ်ချက်ကြောင့် နိဗ္ဗာနရတိဘုံ ရောက်ရတာနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေကို မှာချင်တာက လှူပါ၊ စိတ်ကြည်လင်ပါလို့ မှာချင်ပါတယ်။

## ကောင်းကျိုးပေးတာ + ကုသိုလ်ပါ

မိမိကိုယ်တိုင် ရှေးက ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိကုသိုလ်ကံရဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒါလေးကို လွယ်လွယ်ပြောမယ်ဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံက ကိုယ့်ကို ကောင်းကျိုးတွေ ပေးတယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ကောင်းကျိုးရအောင် ကုသိုလ်လုပ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ကောင်းကျိုးပေးတာ ဘယ်အရာတဲ့လဲ?

(ကုသိုလ်ပါ ဘုရား)

## ချစ်ကြခင်ကြ + ပန်းဒါန

နောက်ပြီး သူရတဲ့ စိတ်ဝင်စားစရာ တကယ်ကောင်းတဲ့ ကောင်းကျိုးက ဘာလဲဆိုတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာဘဝတိုင်းမှာ လူတွေ၊ နတ်တွေရဲ့ ချစ်ခင်မှုကို ခံယူရတယ်တဲ့။

အဲဒီလို လူတွေ၊ နတ်တွေအားလုံးက ချစ်ခင်တာဟာ ပန်းပူဇော်ခဲ့တဲ့ ကုသိုလ်ကြောင့်ပါပဲတဲ့။

ဒီတော့ လူတွေ နတ်တွေက ချစ်ကြခင်ကြတာဟာ ဘာကြောင့်တဲ့လဲ?

(ပန်းဒါနကြောင့်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
လူ နတ်ဖြစ်ရာ၊ ချစ်ခင်တာ၊ ပန်းဒါနကြောင့်ပဲ၊
လူ နတ်တွေက၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဘယ်ဒါနကြောင့်လဲ၊
ချစ်ကြခင်ကြ၊ ချစ်ခင်ကြ၊ ပန်းဒါနကြောင့်ပဲ။

ဒီနေရာလေးကို ကြည့်ပြီးတော့ "ချစ်ကြွခင်ကြွ" လို့ အမည်ပေးထားတာ နော်။

(မှန်လှပါ ဘုရား)

ကိုယ့်ကို လူတွေ နတ်တွေ ချစ်ခင်စေချင်တယ်ဆိုရင် ပန်းဒါနပြုရမယ်နော်။

(မှန်လှပါ ဘုရား)

## ဆဲရေးဖူးတာ + မသိပါ

ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းကြတဲ့ ရသေ့၊ ရဟန်းတွေကို သူဟာ ဆဲရေးမှုကို ပြုဖူးတယ်ဆိုတာ မသိခဲ့ဘူးပါဘူး။ (မဆဲရေးခဲ့ဖူးပါဘူး) တဲ့။

သူတော်ကောင်းအလုပ် အားထုတ်နေကြတဲ့ ရသေ့၊ ရဟန်းတွေဆိုတာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းနေကြသူတွေ ဖြစ်တယ်။

အဲဒီ ကိုယ်၊ နှုတ်၊ စိတ် စောင့်စည်းနေကြတဲ့ ရသေ့၊ ရဟန်းတွေကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးနဲ့ မပြစ်မှားရဘူး။ မစော်ကားရဘူး၊ မဆဲရေးရဘူး နော်။ (မှန်လှပါ ဘုရား)

## ပြစ်မှား အပြစ်များ

တချို့က မေးချင် မေးကြလိမ့်မယ်။ ပြစ်မှားတော့ ဘာဖြစ်လဲ?

ပရိသတ်ရေ၊ ပြစ်မှားတော့ အပြစ်များတာပေါ့လို့ မှတ်ပါ။

ပြစ်မှားတော့?

(အပြစ်များပါတယ် ဘုရား)

ပြစ်မှားရင် ခုဆင်းရဲဆိုတဲ့ အပြစ်၊ နောင်ဆင်းရဲဆိုတဲ့ အပြစ်၊ ကိုယ်ဆင်းရဲ ဆိုတဲ့အပြစ်၊ စိတ်ဆင်းရဲဆိုတဲ့အပြစ်၊ အပါယ်ဆင်းရဲဆိုတဲ့ အပြစ်တွေ များမယ် နော်။ (မှန်လှပါ ဘုရား)

## မပြစ်မှားအပ် + ပုဂ္ဂိုလ်မြတ်များ

ဒီနေရာမှာ မပြစ်မှားထိုက်သူ ခင်ပွန်းကြီး ၁၀ ပါး ကို ပြောချင်ပါသေးတယ်။

၁။ ဘုရား။

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ရဟန္တာ၊

၄။ အဂ္ဂသာဝက၊

၅။ အမိ၊
၆။ အဖ၊
၇။ ဆရာ၊
၈။ လေးစားထိုက်သော်ပုဂ္ဂိုလ် (အသက်၊ ဂုဏ် ဝါကြီးသူများ)၊
၉။ တရားဟောသူ၊
၁၀။ ကျေးမွေးပြုစုထောက်ပံ့ လှူဒါန်းပေးကမ်းသူတွေပါပဲ။

## ပြစ်မှားသူအား ဒဏ် ၁၀ ပါး

အဲဒီမပြစ်မှားထိုက်သူတွေ ပြစ်မှားရင် ဒဏ် ၁၀ ပါးမှ တစ်ပါးပါး ရောက်လာတတ်တယ်။

အဲဒီ ဒဏ် ၁၀ ပါးကတော့–

၁။ ခေါင်းကိုက်၊ ခေါင်းခဲခြင်းစတဲ့ ကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတတ်တယ်။
၂။ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးတတ်တယ်။
၃။ လက် ခြေ ပြတ်ခြင်းစတဲ့ ကိုယ်အင်္ဂါပျက်စီးတတ်တယ်။
၄။ ဆွံ့အခြင်း၊ ကွေးကောက်ခွင်ခြင်း၊ နူနာစတဲ့ ရောဂါကြီးတွေ ဖြစ်လာတတ်တယ်။
၅။ ရူးတတ်တယ်။
၆။ မင်းဘေးနဲ့တွေ့ရတတ်တယ်။
၇။ ကြမ်းတမ်းတဲ့ စွပ်စွဲခြင်း ခံရတတ်တယ်။
၈။ မိမိမှီခိုအားထားရတဲ့ ဆွေမျိုးတွေ သေဆုံးပျက်စီးတတ်တယ်။
၉။ အသုံးအဆောင်ပစ္စည်းဥစ္စာများ အလိုအလျောက် ကွယ်ပျောက်ပြုန်းတီးပျက်စီး ပြောင်းလဲသွားတတ်တယ်။
(စပါးစသည် ပုပ်ဆွေးသွားတာ၊ ရွှေဟာ မီးသွေးဖြစ်သွားတာ၊ ပုလဲဟာ ဝါဂွမ်းဖြစ်သွားတာ၊ ငွေဟာ အိုးခြမ်းကွဲဖြစ်သွားတာမျိုးကို ဆိုလိုတယ်။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ ပျက်စီကန်းတာ၊ လက်ခြေ ကွေးကောက်သွားတာတွေကို ဆိုလိုပါတယ်)
၁၀။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ် နေအိမ်ကို မီးလောင်ခံရထတ်ပါတယ်။
မိုးကြိုးလောင်မီး ကျတတ်တယ်။ (မွေပဒ၊ ၄၊ ၁၊ ၁၁၅)

## မဃဒေဝ + လင်္ကာလှ

မဃဒေဝလင်္ကာသစ် ရေးသားတော်မူတဲ့ မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝမှာ အောက်ပါအတိုင်း လင်္ကာရေး ဆုံးမတော်မူခဲ့ပါတယ်။

၁။ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား။
၂။ လျော့ပါးစည်းစိမ်၊
၃။ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊
၄။ ကျိုးပျက်အင်္ဂါ၊
၅။ နူနာ၊
၆။ စိတ်ဖောက်၊
၇။ ကျရောက်မင်းဒဏ်၊
၈။ မမှန်စွပ်စွဲ၊
၉။ ပြိုကွဲမျိုးဆွေ၊
၁၀။ ရွှေငွေကျွဲနွား။ ယွင်းဖောက်ပြားသား။ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲသော်၊ ငရဲကြီးစွာ လားတို့ရာ၏'' တဲ့။

(မဃဒေဝ ၁၈၈)

## ဇော်ကား + ချော်သွား

မပြစ်မှားရဘူး။ ပြစ်မှားရင် အပြစ်များတာ ပြောပြီးတော့ မဇော်ကားရဘူး ဆိုတာပါ၊ ဇော်ကားရင် စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေ၊ သက်မဲ့ သက်ရှိ ကောင်းကျိုးတွေ ချော်သွားတတ်တယ်နော်။

(မှန်လှပါ ဘုရား)

ဇော်ကားရင် ဘာတဲ့လဲ?

(ချော်သွားတတ်ပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ တစ်ခုခုချော်နေပြီဆိုရင် သတိသာထားပေတော့။ ပြစ်မှားမိတာတွေ၊ ဇော်ကားမိတာတွေ ရှိရင် ကန်တော့ပေတော့။

## ဆဲရေး + မလှဲဘေး (မနည်းဘေး)

မဆဲရေးရဘူး။ ဆဲရေးရင်တော့ မလှဲဘေးတွေ့မယ်၊ မနည်းတဲ့ (များတဲ့) ဘေးတွေနဲ့ တွေ့မယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## လူနတ်တွေက + ပူဇော်ကြ

သူဟာ အဲဒီကောင်းသောအကျင့်နဲ့ စိတ်ရဲ့တောင့်တမှုတွေကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ လူဖြစ်ရင် လူတွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြတယ်။ နတ်ဖြစ်ရင်လည်း နတ်တွေက သူ့ကို လေးလေးစားစား အရေးထားကာ ပူဇော်ကြပါတယ်တဲ့။ အဲဒီလိုလူတွေ့ နတ်တွေအားလုံးက ပူဇော်ကြတဲ့ ကောင်းကျိုးရရှိတာဟာ မဆဲရေးခြင်းကြောင့် ရရှိတဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

လူတွေ၊ နတ်တွေက သူ့ကို ပူဇော်ကြတာဟာ ဘာ့ကြောင့်တဲ့လဲ?

(မဆဲရေးခြင်းကြောင့်ပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီး တရားအမည်ပေးထားတာက?

(ပူဇော်ကြပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
ဟောပါ ဘာ့ကြောင့်လဲ။

* လူ နတ်တွေက၊ ပူဇော်ကြတာ၊ အကြောင်းရှာ၊
မဆဲတာကြောင့်ပဲ။

## သဟာသရ + မင်းစကြ

ဒီဘဒ္ဒကမ္ဘာမှာ တစ်ဆယ့်တစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်လေဘိ ဗိုလ်ပါအင်အားရှိတဲ့ သဟာသရမည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် မြတ်ရဟန္တာ ဖြစ်ရပါတယ်။

## ပေါ်ပြီ + တော်ပြီ

ဒီနေ့ ဘုရားပူဇော်ပွဲ ဆင်နွှဲပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို အဓိက အသိဉာဏ်ပေး ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ?

(ချစ်ကြခင်ကြ+ပူဇော်ကြ) တရားပါ ဘုရား။

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

## အကျဉ်းချုပ်ပြ + သူ့ဘဝ

ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ ပန်းဒါနကြောင့်။

၁။ နိဗ္ဗာနရတီ နတ်ပြည်ရောက်ရခြင်း။

၂။ လူ နတ်တွေက ချစ်ကြခင်ကြ ခစ်ခင်ကြခြင်း။

၃။ မဆဲရေးခြင်းကြောင့် လူတွေ နတ်တွေက ပူဇော်ကြခြင်း။

၄။ သဟာသရစကြဝတေးမင်း ဖြစ်ရခြင်း။

၅။ အပါယ်လေးပါး လွတ်ရခြင်း။

၆။ နောက်ဆုံး ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေကို တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

## တရားသိမ်းကဗျာ + လိုက်ဆိုပါ

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* နိဗ္ဗာဘုံမှာ၊ ရောက်ရတာ၊ ကြည်သာပန်းလှူကျိုး။
* လူ နတ်တွေက၊ ချစ်ခင်ကြ၊ ဒါနပန်းလှူကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ မှတ်ကြ မဆဲကျိုး။
* လူ နတ်တွေက၊ ပူဇော်ကြ၊ ဟောပြ မဆဲကျိုး။
* သဟာသရ၊ မင်းစကြ၊ ဖြစ်ရပန်းလှူကျိုး။
* အပါယ်ဘေးမှ၊ ကွယ်ဝေးရ၊ ဒါနပန်းလှူကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကြည်သာပန်းလှူကျိုး။

သာဓု၊ သာဓု၊ သာဓု။

## တရားအမည်ပေးရာ၌–

* လူ နတ်တွေက+ချစ်ခင်ကြ၊
* လူ နတ်တွေက+ပူဇော်ကြ၊
* လူ နတ်ချစ်ဆေး+ပူဇော်ရေး၊
* ဖြစ်ရာမှာ ချစ်တာခံချင်ရင်ဖြင့် စသည်အမည်ပေးကာ ဟောပြောပါ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဇနီပဝဂ်၊
သယနဒါယကတ္ထေရအပဒါန်ကို ဟန်ဆာဆင်၍ ဟောကြားအပ်သော

# "ကောင်းကင်အိပ်ပြီး + မြေကြီးဆောင်နိုင် + စိုးရပိုင်"

တရားတော်

ဒီနေ့ ဦး (     ) ဒေါ် (     ) မိသားစုတို့ရဲ့ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ ကုလားထိုင်၊ အခင်း၊ ဖျာသတဲ့ အိပ်ရာ နေရာတွေ လှူတဲ့ပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ?

('ကောင်းကင်အိပ်ပြီး+မြေကြီးဆောင်နိုင်+စိုးရပိုင်' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

## အထူးကြည်သာ + လှူနေရာ

သယနဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ လူအားလုံးကို အစဉ်သနားတော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားကို အထူးကြည်ညိုတဲ့စိတ်နဲ့ ညောင်စောင်း အင်းပျဉ်နေရာ ပေးလှူခဲ့တယ်။

## စည်းစိမ်ပေါရ + သူ့ဘဝ

သူဟာ ညောင်စောင်းအင်းပျဉ်ကို ပေးလှူခြင်းနဲ့ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ သာသနာတော်မှာ ကုသိုလ်မျိုးစေ့ ပြည့်စုံအောင် စိုက်ပျိုးခဲ့တဲ့အတွက် စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခဲ့တယ်။ အဲဒီလို စည်းစိမ်ဥစ္စာတွေ များပြားစွာ ရရှိခြင်းဟာ ညောင်စောင်းအင်းပျဉ် နေရာကို လှူရတဲ့အကျိုးပဲ ဖြစ်တယ်။

ဒီတော့ ပရိသတ်ရေ စည်းစိမ်ဥစ္စာတွေ များစွာရရှိချင်တယ်ဆိုရင် စေတနာတွေ ထားပြီးတော့ ညောင်စောင်းအင်းပျဉ်ဆိုတဲ့ နေရာတွေ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကင်သွားနိုင် + အိပ်ပြနိုင်

နောက်ပြီးတော့ သူဟာ ကောင်းကင်မှာ သွားနိုင်၊ အိပ်နိုင်တဲ့ ချမ်းသာမျိုးကိုလည်း ရတယ်တဲ့။

ကောင်းကင်မှာ သွားနိုင်တယ်၊ ကောင်းကင်မှာ အိပ်ပြနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ 'ကောင်းကင်အိပ်ပြီး' ဆိုတဲ့အမည်လေးကို ပေးထားတာပါ။

## မြေကြီးပိုင်ပိုင် သူဆောင်နိုင်

နောက်ပြီးတော့ ဒီမြေကြီးကို ဆောင်နိုင်တယ်တဲ့။ ဒီစကားလေးကို ယူပြီးတော့ 'မြေကြီးဆောင်နိုင်' အမည်ပေးထားတာ ဖြစ်တယ်။

## သတ္တဝါတွေ စိုးရပေ

နောက်ပြီးတော့ သတ္တဝါတွေကို အစိုးရပိုင်ဆိုင်ရတယ်တဲ့။ ဒီနေရာလေးကို ကြည့်ပြီးတော့ 'စိုးရပိုင်' ဆိုတဲ့ အမည်ပေးထားတာ ဖြစ်တယ်။

အဲဒီကောင်းကင်မှာ သွားနိုင်တဲ့၊ အိပ်နိုင်တဲ့ ကောင်းကျိုး၊ မြေကြီးကို ဆောင်နိုင်တဲ့ ကောင်းကျိုး၊ သတ္တဝါတွေကို အစိုးရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရတာဟာ ညောင်စောင်းအခင်းပျဉ်နေရာလှူခဲ့တာကြောင့် ရတာနော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

နောက်ပြီးတော့ ကမ္ဘာ ၅၀၀၀ ထက်မှာ တန်ခိုးကြီးတဲ့ စကြာမင်း ရှစ်ကြိမ် ဖြစ်ဖူးတယ်။

၃၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တဲ့ ဗိုလ်ပါအင်အားရှိတဲ့ စကြာမင်းလေးကြိမ် ဖြစ်ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ မြတ်စွာဘုရား တရားတော် နာကြားကြည်ညို ကာ ရဟန်းပြုလာတယ်။ ဝိပဿနာတရား အားထုတ်တယ်။ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့လည်း သဃနဒါယကမထေရ် ရရှိတဲ့ ကောင်းကျိုးတွေ ရရှိမှာမလွဲပါဘူးလို့ ဝမ်းမြောက်ဖွယ်ရာ တရားစကား ပြောကြားခဲ့ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားအား
ကြည်ညိုစိတ်ထား ညောင်စောင်းလှူ။
* စည်းစိမ်ဥစ္စာ တကယ်ပေါ်ရ
ဖြစ်ရာချောလှ ပြည့်စုံသူ။
* ကောင်းကင်မှာလေ အိပ်နိုင်ပြီးတော့
မြေကြီးကိုလည်း ဆောင်နိုင်သူ။
* သတ္တဝါတွေ အကျိုးရဖို့
အစိုးရလည်း ပြုနိုင်သူ။
* မင်းမြတ်စကြာ တကယ်ဖြစ်ရ
အပါယ်လွတ်ရ+ရဟန္တာ။
* ညောင်စောင်းအင်းပျဉ် နေရာထူးကို
သေချာလှူဖူး ကောင်းကျိုးပါ။
* ကောင်းကျိုးရတာ တကယ်သိလို့
တကယ်ကြည့်ကာ ပေးလှူပါ။

(ဖွေးဖြူသဒ္ဒါ)[၂]

ကောင်းကင်အိပ်ပြီး မြေကြီးဆောင်နိုင် စိုးရပိုင် တရားတော်ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တေဝဒ္ဓမိယဝဂ်၊ ဓဇဒါယကထေရ
အပဒါန်ကို ထန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# "တံခွန်လှူရ + ကောင်းကျိုးလှ"
တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ တံခွန်လှူပွဲမှာ ဟောကြားမည့် တရားတော်က "တံခွန်လှူရ+ကောင်းကျိုးလှ" တရားတော်ပဲ့။

ဘာတရားတဲ့လဲ?

('တံခွန်လှူရ+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

## တံခွန်ဆိုတာ+သိစရာ

တံခွန်ဆိုတာ ဘာလဲ။ ဒါအရင်သိဖို့လိုတယ်။ တံခွန်ဆိုတာ ဘုရားအနီး၊ ကျောင်းအနီးမှာ မြင့်မြင့်လေးလွှင့်ထူပြီး ထားရတဲ့အရာကို တံခွန်လို့ခေါ်တယ်။

(မြန်မာအဘိဓာန်၊ ၁၄၇)

## တံခွန်တင်လှူ+ပူဇော်သူ

လောကရဲ့အကြီးအမှူးဖြစ်ပြီး လူတွေထက် မြတ်တော်မူတဲ့ တိဿမြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီတိဿမြတ်စွာဘုရားရဲ့ ဉပဓိသုံးပါး ကုန်ခန်းတာကို သိမြင်ပြီးတော့ ဓဇဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ တိဿမြတ်စွာဘုရားမှာ တံခွန်ကို တင်လှူပူဇော်ခဲ့တယ်။

## တာဝတိံသာ ရောက်ရရှာ

ကောင်းစွာပြုလုပ်တဲ့ ကောင်းမှုကံနဲ့ စေတနာတောင့်တမှုတွေကြောင့် သူဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည် ရောက်ရပါတယ်။

ဒီတော့ တာဝတိံသာနတ်ပြည်ရောက်ရတာဟာ တံခွန်လှူရတဲ့ ကောင်းကျိုးလှ ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နတ်မင်းစကြာ+ကြိမ်များစွာ

နောက်ပြီးတော့ အကြိမ် ၃၀၀ နတ်မင်းဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာမင်း ဖြစ်ရတယ်။

ဒီကောင်းကျိုးလှတွေဟာ တံခွန်လှူရတဲ့ ကောင်းကျိုးတွေပဲနော်။

(မှန်လှပါ ဘုရား)

## ပဒေသရာဇာ မရေသာ

နောက်ပြီးတော့ ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ ရေတွက်လို့ မရအောင် ဖြစ်ရပါတယ်တဲ့။ ဒီကောင်းကျိုးလှ ရရှိတာဟာလည်း ရှေးက မိမိကိုယ်တိုင် ကောင်းစွာပြုခဲ့တဲ့ ကောင်းမှုကံကြောင့်ပါပဲ။

## အပါယ်လေးဝ ကွယ်ဝေးရ

သူဟာ ဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာတော့ တံခွန်လှူတဲ့ ကောင်းမှုကံကို ပြုခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတာ မသိဘူးပါဘူးတဲ့။

ဒီကောင်းကျိုးလှဟာလည်း တံခွန်လှူရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## အလိုရှိပိုင်+ဖုံးလွှမ်းနိုင်

သူဟာ ယနေ့ပဲ အလိုရှိရင် ဟိမဝန္တာတောနဲ့တကွ စကြဝဠာတောင်နဲ့တကွသော အရပ်ကို ခေါမတိုင်းမှာဖြစ်တဲ့ ပုဆိုးတွေနဲ့ ဖုံးလွှမ်းနိုင်တယ်တဲ့။

တော်တော်အံ့ဩစရာကောင်းတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီလိုဖြစ်ရခြင်း။ ဒီလိုအံ့ဩစရာကောင်းတဲ့ ကောင်းကျိုးလှတွေကို ရရှိတာဟာ သူကိုယ်တိုင် ပြုခဲ့တဲ့ တံခွန်ဒါနကြောင့်ပါပဲတဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်

ခြောက်ပါးပိုင်ရှင် ဓေဒါယက ဆိုတဲ့ ရဟန္တာတစ်ပါး ထင်ထင်ရှားရှား ဖြစ်လာပါတယ်။

## ကောင်းကျိုးလှတွေ သိနိုင်စေ

ဒီနေ့ တံခွန်လှူနေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း တံခွန်လှူတာဟာ ဒီလိုကောင်းကျိုးလှတွေ ရနိုင်တယ်ဆိုတာ သိနိုင်ပါစေလို့ ရည်ရွယ်ပြီးတော့ ဟောကြားလိုက်ပါတယ်။

## အချုပ်မှတ်ဖွယ် ကဗျာရချယ်

ကဲ– လက်ာလေးတွေ နဲ့ တရားသိမ်းကြရအောင်။

* တာဝတိံသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
တာဝတိံသာ၊ ရောက်ရတာ၊ တံခွန်ဒါနပဲ။
* နတ်မင်းဖြစ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
နတ်မင်းဖြစ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။
* စကြာဖြစ်ရ၊ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
စကြာဖြစ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါနပဲ။
* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
ပဒေသရာဇာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
* အပါယ်လွတ်ရ ကောင်းကျိုးလှ၊ ဘယ်ဒါနကြောင့်လဲ၊
အပါယ်လွတ်ရ၊ ကောင်းကျိုးလှ၊ တံခွန်ဒါပဲ။
* ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
ဟိမဝန္တာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။
* စကြဝဠာ၊ ဖုံးနိုင်တာ၊ ဘယ်ဒါနကြောင့်လဲ၊
စကြဝဠာ၊ ဖုံးနိုင်တာ၊ တံခွန်ဒါနပဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ၊
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ တံခွန်ဒါနပဲ။
တံခွန်လှူရ၊ ကောင်းကျိုးလှ၊ ဟောပြတ့ရားပဲ။

"တံခွန်လှူရ၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ဗုဒ္ဓဘနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဇာတိဒါသထဝတ်၊ ဧကဆတ္တိယတ္ထေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ထီးဖြူဆောင်းရ+သူ့ဘဝ"

## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ထီးလှူပွဲမှာ ဟောကြားမည့် တရားတော်က "ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ထီးဖြူဆောင်းရ+သူ့ဘဝ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### နေပူချိန်ကြွ+မြတ်ဗုဒ္ဓ

မြေကြီးဟာ မီးကျီးလို ဖြစ်နေတယ်။ မြေကြီးဟာ ပြာပူလို ဖြစ်နေတယ်။ တအားပူတယ်ဆိုတာကို တင်စားပြီးတော့ ပြောနေတာတော်။

(မှန်လှပါ ဘုရား)

အဲဒီလို တအားပူပြင်းနေတဲ့ အချိန်မှာ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ လွင်တီးခေါင်မှာ စကြံကြွတော်မူတယ်။

### ဘုရားတွေ့မြင် နှစ်သက်အင်

ဧကဆတ္တိယမထေရ်အလောင်း သူတော်ကောင်းဟာ ထီးဖြူကိုယူပြီးတော့ ခရီးရှည် ခရီးဝေးသွားနေတယ်။ လမ်းခရီးမှာ မြတ်စွာဘုရားကို မြင်ရတော့ သူ့မှာ အားရနှစ်သက်ခြင်း ဖြစ်ပေါ်လာတယ်။

### လေမှုန်တိုင်းတွေ တိုက်ခတ်နေ

မြေကြီးဟာ တံလျှပ်တွေနဲ့ ဖုံးလွှမ်းနေတယ်။ ဒီမြေကြီးဟာ မီးကျီးလို

ဖြစ်နေတယ်။ ကိုယ်အသက်ကို ကုန်ခန်းစေတဲ့ လေမုန်တိုင်းတွေကလည်း တိုက်ခတ်နေကြတယ်။

## အပူငြိမ်းရေး ထီးလှူပေး

အအေး အပူ အားလုံးကို ပယ်ဖျောက်နိုင်ပြီး လေနေပူကို တားမြစ်နိုင်တဲ့ ဒီထီးကို အလှူခံတော်မူပါ၊ အပူတွေ ငြိမ်းအေးခြင်းကို တွေ့ထိစေလိုပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။ ဒကာ ဒကာမတွေလည်း ထီးလှူတဲ့အခါမှာ ဒီလိုစိတ်ထားကောင်းလေးတွေ ထားပြီး လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## စိတ်ကြံသိပြန် ထီးအလှူခံ

အစဉ်သနားစောင့်ရှောက်တော်မူတတ်တဲ့ မဟာကရုဏာရှိတော်မူတဲ့ အခြံအရံ များပြားတဲ့ ပဒုမုတ္တရမြတ်စွာဘုရားဟာ ထီးအလှူရှင် သူ့ရဲ့စိတ်အကြံကို သိပြီးတော့ အလှူခံတော်မူတယ်။

## သိကြား စကြာ+ကြိမ်များစွာ

သူဟာ ကမ္ဘာ ၃၀ ပတ်လုံး နတ်တွေကို အစိုးရတဲ့ သိကြားနတ်မင်း ဖြစ်ရတယ်။ အကြိမ် ၅၀၀ စကြာဝတေးမင်း ဖြစ်ရတယ်။

## ပဒေသရာဇ် ရေမဖြစ်

ပြန့်ပြောများပြားတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။ ရှေးက ကိုယ်တိုင်ကောင်းစွာပြုလုပ်ခဲ့တဲ့ မိမိရဲ့ကောင်းမှုအကျိုးကို ခံစားရတယ်တဲ့။

## ထီးဖြူဆောင်းရ သူ့ဘဝ

ဒီဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်။ ငါ့အတွက် နောက်ဆုံးဘဝဖြစ်တယ်လို့လည်း ဝမ်းသာကြည်နူး ဥဒါန်းကျူးနေတယ်။ ယခုဘဝမှာလည်း ထီးဖြူဟာ သူ့ကို အမြဲတစေ ဆောင်းမိုးနေတယ်တဲ့။

ဒီနေရာလေးကြည့်ပြီးတော့ "ထီးဖြူဆောင်းရ+သူ့ဘဝ" ဆိုတဲ့ တရားအမည် ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(ထီးဖြူဆောင်းရ သူ့ဘဝပါ) တရားတော်ပါ ဘုရား။

## အပါယ်လေးပါး သုမလား

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်မှာ ထီးလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရတဲ့ ကောင်းကျိုး ရတယ်နော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးရမှာ မလွဲပါ

ဒီနေ့ ထီးလှူ ထီးတော်၊ ထီးပူဇော်ရတဲ့ ဒကာ ဒကာမတွေလည်း ဒီကောင်းကျိုးတွေရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးရင်း ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားကို
သေချာသူကား ထီးပေးလှူ။

* သိကြား စကြာ ခါခါဖြစ်ရ
ပဒေသရာဇာ များစွာဟူ။

* ဘဝဖြစ်ရာ ထီးဖြူဆောင်းရ
အပါယ်ဘေးမှ ကင်းဝေးသူ။

* နောက်ဆုံးသေချာ ရဟန္တာဖြစ်ရ
ထီးလှူဒါန ကောင်းကျိုးဟူ။

* ဘဝဖြစ်ရာ ထီးဖြူရဖို့
သေချာနှေးညှ မြတ်ထီးလှူ

**"ထီးဖြူဆောင်းရ+သူ့ဘဝ" တရားတော် ပြီး၏။**

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သုပါရိစရိယဝဂ်၊
ခဇ္ဇကဒါယကတ္ထေရာပဒါန်ကို ထန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "လိုရာပြည့်ဝ+ဝမ်းမြောက်ရ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ သစ်သီးခဲဖွယ် အသွယ်သွယ် ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('လိုရာပြည့်ဝ+ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### သစ်သီးခဲဖွယ် လှူခဲ့တယ်

ခဇ္ဇကဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ ရှေးတုန်းက တိဿမြတ်စွာဘုရားကို သရက်သီး၊ သပြေသီးစတဲ့ သစ်သီးတွေ ပေးလှူခဲ့ဖူးတယ်။ အုန်းသီးလည်း ပေးလှူခဲ့ဖူးတယ်၊ ပျားရည်စသည်တို့နဲ့ ကောင်းစွာစီရင်ထားတဲ့ ခဲဖွယ်ကိုလည်း ပေးလှူခဲ့ဖူးတယ်။

### လိုရာပြည့်ဝ ဝမ်းမြောက်ရ

သူဟာ မြတ်တဲ့သီလက္ခန္ဓစတဲ့ ကျေးဇူးကို ရှာမှီးတော်မူတဲ့ တိဿမြတ်စွာဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေ ပေးလှူခဲ့တဲ့ကောင်းမှုကြောင့် အလိုရှိတဲ့ ကာမဂုဏ်တွေ ရရှိကာ ဝမ်းမြောက်ခဲ့ရတယ်တဲ့။

ဒီတော့ သူလိုချင်တဲ့ ကာမဂုဏ်တွေ ရရှိတော့ သူ့စိတ်ထဲ ဝမ်းမြောက် ဝမ်းသာရတယ်နော်။

(မှန်လှပါ ဘုရား)

သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် လိုချင်တာတွေရပြီး လိုရာပြည့်ဝရင် ဝမ်းမြောက်ရတယ် မဟုတ်လား။

E·17A

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားတဲ့ တရားပါ။ ဘာတရားတဲ့လဲ။

('လိုရာပြည့်ဝ ဝမ်းမြောက်ရ' တရားတော်ပါ ဘုရား)

## လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါ

ဒီနေ့ ဘုရားကို သစ်သီး ခဲဖွယ်အသွယ်သွယ်တွေနဲ့ ဆက်ကပ်နေကြတဲ့ ဦး ( ) ဒေါ် ( ) မိသားစုတို့လည်း လိုရာပြည့်ဝ ဝမ်းမြောက်ရမှာ မလွဲပါဘူးလို့ အသိဉာဏ်ပေးခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## မှာချင်တယ် ဒီစကား

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ လိုချင်တဲ့ ကာမဂုဏ်တွေရ ဝမ်းမြောက်ချင်ကြတယ်ဆိုရင် ရတနာသုံးပါးကို သစ်သီး ခဲဖွယ်တွေ လှူဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။

ကိုယ်လိုချင်တဲ့ ကာမဂုဏ်တွေ၊ လိုရာတွေ မပြည့်ဝသေးဘူးဆိုရင် ဘုရားကို မကြာမကြာ သစ်သီးကပ်၊ ခဲဖွယ်တွေသာ ကပ်ပါလို့ ထပ်ပြီးမှာခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

## ခွဲစိတ်သေချာ ဆက်ကပ်ပါ

သစ်သီးကပ်တဲ့အခါမှာလည်း သေသေချာချာ ရွေးဆေးပြီးတော့ ခွဲစိတ်ပြီး ကပ်ပါ။ ကိုယ်ဘယ်လိုစားလဲ? ကိုယ်စားသလို ခွဲစိတ်ပြီး ကပ်ပါ။ ခုတွေ့ရတာတွေကတော့ ငှက်ပျောသီး အဖီးလိုက်၊ ကျွဲကောသီး၊ ပန်းသီး အလုံးလိုက် ဖြစ်နေတွေ့နေရတယ်၊ ဒါတွေဟာ ပြုပြင်သင့်တဲ့အရာတွေပါ။

## အပါယ်လေးပါး လွတ်မြောက်သွား

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ သစ်သီး၊ ခဲဖွယ်လှူခဲ့တဲ့အခါမှစပြီးတော့ အပါယ်လေးပါး မရောက်ရခြင်းဟာ သစ်သီးလှူခဲ့တဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

ဒီတော့ အပါယ်လေးပါး လွတ်ချင်ရင်လည်း သစ်သီး ခဲဖွယ် လှူရမယ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ၁၃ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ ဗိုလ်ပါ အင်အား အလွန်များတဲ့ "ဣန္ဒသမ"မည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ရှေးအခါမှာ တိဿဘုရားကို
စိတ်လှတွေထား သစ်သီးလှူ။

* အုန်းသီးလည်းပါ ခဲဖွယ်များကို
လေးလေးစားစား ကောင်းစွာလှူ။

* လိုရှိကာမှာ အကုန်ရလို့
ဝမ်းမြောက်နှေ့ညှ ပြည့်စုံသူ။

* အပါယ်ဘေးတွေ ကင်းစင်ဝေးရ
မင်းမြတ်စကြ ဖြစ်ရသူ။

* နောက်ဆုံးတော့လေ ရဟန္တာဖြစ်ရ
သေချာစစ်က သစ်သီးလှူ။

"လိုရာပြည့်ဝ+ဝမ်းမြောက်ရ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဗိဇနီဝဂ်၊ ဝဍ္ဍဒီဝကတ္ထေရ
အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# "ယူဇနာတစ်ရာ ဝေးသော်လည်း"
တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

## ယုံကြည်ဖြောင့်မတ် + ပုဂ္ဂိုလ်မြတ်

ဒီပင်္ကရာဒီပကမထေရ်အလောင်း သူတော်ကောင်းဟာ သတ္တဝါအားလုံးကို အစဉ်သနားတော်မူတတ်တဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့ တရားတော်မှာ ယုံကြည်သူ၊ ဖြောင့်မတ်တဲ့ အယူရှိသူဖြစ်ခဲ့တယ်။

ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့တယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီလို ယုံကြည်ဖြောင့်မတ် ပုဂ္ဂိုလ်မြတ် ဖြစ်ရတာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရလို့ ဖြစ်တာနော်။

(မှန်လှပါ ဘုရား)

## မှာချင်တယ် ဒီစကား

ဒါကြောင့် မှာချင်တာက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာမပျင်းပါနဲ့လို့ မှာချင်တာပါပဲ။

## ကံ ကံကျိုးယုံ+သူလှူပုံ

လူတွေဟာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတယ်။ သူမြင်ရတော့ သူ

လည်းပဲ ကိုယ်တိုင်ကိုယ်ကျ အဲဒီထင်းရှူးဖောမ်ပင်ကို ခြံရုံပြီးတော့ ဆီမီးအလှူ ပေးလှူခဲ့တယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီးတော့ ဆီမီးတွေကို ညှိထွန်းပူဇော် ခဲ့တယ်တဲ့။

### သူပေးလှူတာ + နည်းယူပါ

ဒီနေရာမှာ သူ့ရဲ့လှူပုံလေးကို နည်းယူမှတ်သားသင့်တယ်။ ကံ ကံရဲ့အကျိုး ကို ယုံကြည်ပြီးတော့ လှူတယ်ဆိုတဲ့ လှူနည်းနော်။

(မှန်လှပါ ဘုရား)

### ကုသိုလ်ဖြစ်ဖို့လို

လှူနေချိန်လေးမှာ ကံ ကံရဲ့အကျိုးကို သိမြင်ပြီးတော့ ဉာဏ်နဲ့လှူရင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အကောင်းဟိတ်သုံးပါး ပါဝင်သွားတဲ့အတွက် 'တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါန' ဖြစ်သွားတယ်။

တိဟိတ်ကုသိုလ်၊ တိဟိတ်ဒါနဖြစ်တော့ ဘာဖြစ်လဲ။ ဘဝတိုင်း ပညာ တော်မယ်၊ ပညာကျော်မယ်၊ ပညာနဲ့ပတ်သက်ရင် ပေါ်လွင်ထင်ရှားမယ်၊ ပညာ ကြီးမယ်၊ သတ်မှတ်ထားတဲ့ လောကီ လောကုတ္တရာကိစ္စကြီးငယ် အသွယ်သွယ်တွေ အောင်မြင်ပြီးမြောက် ခရီးရောက်မယ်။

ကံ ကံရဲ့အကျိုးကို မသိမမြင်ရင်တော့ အလောဘ၊ အဒေါသဆိုတဲ့ ဟိတ် ကောင်း နှစ်ပါးသာ ပါဝင်တဲ့အတွက် ဒွိဟိတ်ကုသိုလ်၊ ဒွိဟိတ်ဒါန ဖြစ်သွားတယ်။

ဒီတော့ ဘယ်ကုသိုလ်ကိုပဲလုပ်လုပ် တိဟိတ်ကုသိုလ်ဖြစ်အောင် လုပ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆို။

* ကုသိုလ်ပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ကံ ကျိုးမြင်၊ ဉာဏ်ယှဉ်တိဟိတ်ခေါ်။

* ကုသိုလ်ပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။
ဒါနပြုစဉ်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ခေါ်။

### ကောင်းကင်မှာဆောင် ဆီမီးရောင်

သူဟာ နတ် လူဘဝ၊ ဖြစ်လေရာမှာ ကောင်းကင်မှာ ဆီမီးရောင်ကို ဆောင်နိုင်တယ်။ ဒီကောင်းကျိုးဟာ ဆီမီးလှူခဲ့တဲ့ ကောင်းကျိုးကြောင့်ပဲဖြစ်တယ်။

## ယူဇနာတစ်ရာ ဝေးသော်လည်း

နောက်ပြီးတော့ နံရံတစ်ဖက်၊ ကျောက်တောင်တစ်ဖက်၊ မြေတောင်တွေကို ကျော်လွန်ပြီးတော့ သူဟာ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တဲ့ အကျိုးကို ခံစားရတယ်တဲ့။

ဒီတော့ ဆီမီးအလှူဟာ ယူဇနာတစ်ရာဝေးသော်လည်း အဲဒီယူဇနာတစ်ရာတိုင်အောင် မြင်စွမ်းနိုင်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကို ကြည့်ပြီးတော့ တရားအမည်ပေးထားက ဘာတရားတဲ့လဲ?

('ယူဇနာတစ်ရာ ဝေးသော်လည်း' တရားပါဘုရား)

ဒီတော့ ဆီမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီးစတဲ့ မီးအလှူတွေသာ လှူထားရင် ယူဇနာတစ်ရာလောက် ဝေးပါစေ၊ ယူဇနာတစ်ရာလောက်တော့ အေးအေးဆေးဆေး မြင်နိုင်ပါတယ်။

## နိဗ္ဗာန်ရောက်ပြန် ကံကြွင်းကျန်

သူဟာ ကြွင်းကျန်တဲ့ကံကြောင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ရပါတယ်။ ခြေနှစ်ချောင်းရှိသူ လူတွေကို အစိုးရတဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အဆုံးဖြစ်တဲ့ကိုယ်ကို ဆောင်ရပါတယ်။

## မင်းမြတ်စကြာ ဖြစ်ရရှာ

၁၄၀၀ ကမ္ဘာထက်မှာတော့ များမြတ်တန်ခိုး အမျိုးမျိုးရှိတဲ့ "သတစက္ခု" လို့ တူတဲ့အမည်ရှိတဲ့ စကြာဝတေးမင်း ဖြစ်ခဲ့ဖူးပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## ကောင်းကျိုးပိုင်ပိုင် ရရှိနိုင်

ဒီနေ့ ဆီမီး ၁၀၀၀ ပူဇော်နေကြတဲ့ ဦး (   ) ဒေါ် (   ) မိသားစုတို့လည်း ဒီမထေရ်ရတဲ့ ကောင်းကျိုးတွေ ရရှိနိုင်ပါတယ်လို့ အသိဉာဏ်ပေးခဲ့ပါတယ်။

ကဲ– ကဗျာလေးတွေနဲ့ တရားသိမ်း ကြရအောင်။

* ပဒုမုတ္တရာမြတ်ဘုရား၏
ထင်းရှူးဗောဓိ ဆီမီးလှူ။

* လူ နတ် ဖြစ်ရာ ကောင်းကင်ကြီး၌
ဆီမီးရောင်ကြီး ဆောင်နိုင်သူ။

* ယူဇနာတွေ တစ်ရာဝေးလည်း
အေးအေးဆေးဆေး မြင်နိုင်သူ။

* နိဗ္ဗာန်ရောက်ကာ စကြာဖြစ်လို့
ရဟန္တာစစ် ဖြစ်တော်မူ။

* ဆီမီးတွေလှူ သူ့အကြောင်းကို
ကဗျာကောင်းတွေး ရေးစပ်ယူ။

(မှတ်တော်မူ)၂

"ယူဇနာတစ်ရာဝေးသော်လည်း" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သတ္တသမ္ဗုဒ္ဓဝဂ်၊ ထေရမှုတ္တသဝနိယ
ထွေရအာပဒါန်ကို ထန်ဆာဆင်၍ ဟောကြား ဖြေကြားအပ်သော

# "မမြဲတစ်ခု+အမြဲရှု"

## တရားတော်

ဒီနေ့ ဓမ္မပူဇာ မင်္ဂလာပွဲ ဆင်နွှဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "မမြဲတစ်ခု+အမြဲရှု တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('မမြဲတစ်ခု+အမြဲရှု' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### သစ္စာဟောကာ ကယ်တင်ရှာ

တရားအားလုံးကို တစ်ကော်ကမ်းရောက် သိမြင်တော်မူတဲ့ ပဒုမုတ္တရာမြတ်စွာဘုရားရှင်ဟာ သစ္စာလေးပါး တရားတော်ကို ဟောပြတော်မူကာ လူတွေကို ကယ်တင်တော်မူတယ်။

### သစ္စာဟောပြ မြတ်ဗုဒ္ဓ

ပရိသတ်ရေ၊ ဘုရား ဘာတရားဟော?

(သစ္စာလေးပါး တရားဟောပါတယ် ဘုရား)

သစ္စာလေးပါး တရားဟောပြီးတော့ ကင်တယ်တော်မူတယ်နော်။

(မှန်လှပါ ဘုရား)

### လယ်တီသစ္စာလေးပါး+လင်္ကာ

ဒီနေရာမှာ လယ်တီဆရာတော်ကြီးရဲ့ သစ္စာလေးပါးဆိုင်ရာ လင်္ကာလေးတွေကို အာရုံပြုကြည့်ကြရအောင်။

"အဓွန့်ရှည်ကြာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆိုလေ"တဲ့။

သံသရာအဓွန့်ခရီး ဘယ်လောက်ကြီးပဲကြာကြာ မဟာကပ်ပေါင်း အသင်္ချေ အနန္တ ကြာချင်တိုင်း ကြာပါစေ၊ တစ်ခါတလေမှ သူ့ရဲ့ ပီဠနတ္ထ=အကျဉ်းအကျပ် နှိပ်စက်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ သင်္ခတဋ္ဌ= အမြဲမပြတ် ပြုပြင်အပ်တဲ့ ဒုက္ခသဘောရှိတယ်။ သန္တာပဋ္ဌ= ကြောင့်ကြစိုက်ရေး လွန်ရှုပ်ထွေးပြီး အေးခွင့်မရ ပူပန်ရတဲ့ ဒုက္ခသဘောရှိတယ်။ ဝိပရိဏာမဋ္ဌ= နှစ်ခွမြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်တဲ့ ဒုက္ခသဘောရှိတယ်။ ဒီလေးချက်ကို ဒုက္ခသစ္စာရဲ့ အနက် လေးချက်လို့ ခေါ်တယ်။ အဲဒီဒုက္ခအချက် အနက်လေးပါးနဲ့ ဖြစ်ကြမြဲဓမ္မတာဟာ ဘယ်တော့မှ ပြောင်းမဖြစ်ဘူး။ ဒါကို သစ္စာလို့ ဆိုတာနော်။

(မှန်လှပါ ဘုရား)

"ထိုသစ္စာကား၊ လေးထွေပြားပေ၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

* ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။
(သူသူငါငါ သတ္တဝါတွေ ရထားတဲ့ လောကီခန္ဓာငါးပါးကို ဒုက္ခသစ္စာ ခေါ် တယ်။)

* ထိုဒုက္ခပေါင်း ပွားကြောင်းအမျှ၊ လောဘစုမှ၊ သမုဒယ၊ အမည်ရ၏။
(လောဘခေါ်တဲ့ တဏှာ၊ အဲဒီတဏှာတွေဟာ ဒုက္ခတွေ ပွားဖို့ရန်အတွက်၊ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာလို့ ခေါ်တယ်။)

* လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းသိသည်၊ သန္တိသဘော၊ အဆင်ချော ကို၊ နိရောဓဟူ။
(လောဘခပ်သိမ်း အကြွင်းမရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်တယ်။)

* ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို မဂ္ဂခေါ်၏။
(သမ္မာဒိဋ္ဌိ၊ ကောင်းမြတ်တဲ့အမြင်ကို မြင်ခြင်း၊
သမ္မာသင်္ကပ္ပ၊ ကောင်းမြတ်တဲ့အကြံကို ကြံခြင်း၊
သမ္မာဝါစာ၊ ကောင်းမြတ်တဲ့စကားကို ပြောခြင်း၊
သမ္မာကမ္မန္တ၊ ကောင်းမြတ်တဲ့အလုပ်ကို ပြုလုပ်ခြင်း၊
သမ္မာအာဇီဝ၊ ကောင်းမြတ်တဲ့ အသက်မွေးခြင်း၊
သမ္မာဝါယမ၊ ကောင်းမြတ်တဲ့ အလုပ်ကို အားထုတ်ခြင်း၊

သမ္မာသတိ၊ ကောင်းမြတ်တဲ့တရား၌ မမေ့မလျော့ခြင်း။

သမ္မာသမာဓိ၊ ကောင်းမြတ်တဲ့အာရုံ၌ တည်ကြည်ခြင်း

ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တယ်။)

## ကောင်းကင်မှာသွား+ရသေ့တစ်ပါး

အဲဒီလို ပဒုမုတ္တရာမြတ်စွာဘုရားဟာ သစ္စာလေးပါး တရားဟောပြီးတော့ လူတွေကို ကယ်တင်တဲ့အခါမှာ ဒီ "မွေ့သဝနိယမထေရ်အလောင်း" သူတော်ကောင်းဟာ တန်ခိုးရှိတဲ့ရသေ့ဖြစ်နေတယ်။ လျှော်တေသက်န်းကို ခါပြီးတော့ ကောင်းကင်မှာ သွားနေတယ်။

## ငှက်ကျောက်တောင်မှာ သွားကာ မရ

သူဟာ ဘုရားမြတ်ရဲ့အထက်မှာ မသွားဝံ့တော့ပါဘူး။ ငှက်ဟာ ကျောက်တောင်ကို ရောက်တဲ့အခါမှာ သွားခွင့်မရသလိုပါပဲ။ သူဟာ သွားခွင့်မရတော့ပါဘူး။ မသွားရဲ့တော့ပါဘူး။

## မဖြစ်စဖူး+အဖြစ်ထူး

ရေမှာ သက်ဆင်းပြီး သွားရသလို ကောင်းကင်မှာသွားရတယ်၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်တဲ့ ဒီအကြောင်းဟာ ရှေးတုန်းက မဖြစ်ဖူးပါဘူးတဲ့။

## အကြောင်းကိုရှာ ကျိုးရမှာ

သူဟာ ယခုအခါမှာ အဲဒီအကြောင်းကို ရှာတော့မယ်တဲ့။ အကျိုးကို ရနိုင်လောက်ပါတယ်လို့ ကြံပြီးတော့ ကောင်းကင်မှ ဆင်းသက်လိုက်တယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့အသံတော်ကို ကြားနာရတယ်။

## မမြဲဟောပြ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ နှစ်သက်ဖွယ်၊ နာပျော်ဖွယ်ကောင်းအောင် သာယာတဲ့အသံနဲ့ မမြဲခြင်း အနိစ္စတရားကို ဟောတော်မူနေပါတယ်။

ဘာတရားဟောနေ?

(မမြဲခြင်းအနိစ္စတရားကို ဟောနေပါတယ် ဘုရား)

ဘာသံနဲ့ ဟောနေ?

(သာယာတဲ့အသံနဲ့ ဟောနေပါတယ် ဘုရား)

## အသံတော်ရှစ်ပါး မြတ်ဘုရား

ဒီနေရာလေးမှာ မြတ်စွာဘုရားရဲ့ အသံတော်ရှစ်ပါး ပြောပြချင်ပါတယ်။

* သန့်ရှင်းစင်ကြယ်ခြင်း၊
* သာယာခြင်း၊
* သိသာခြင်း (သိလွယ်ခြင်း)၊
* နာချင်ဖွယ်ရှိခြင်း၊
* ပြန့်နှံ့ခြင်း၊
* တစ်စည်းတစ်လုံးတည်းရှိခြင်း၊
* နက်နဲခြင်း၊
* ပဲ့တင်ထပ်ခြင်းတို့ပဲ ဖြစ်တယ်။ (မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၇၀)

## မမြဲတကယ် နာချင်ဖွယ်

သာယာတဲ့အသံနဲ့ ဟောတဲ့ မမြဲခြင်းအနိစ္စတရားတော်ဟာ နှစ်သက်ဖွယ်၊ နာချင်ဖွယ်ကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ တရားပဲဟောဟော၊ စကားပဲပြောပြော သာယာတဲ့အသံဖြစ်ဖို့ လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု သင်ယူခဲ့

သာယာတဲ့အသံနဲ့ မမြဲတရားကို ဟောကြားတော်မူနေတဲ့ မြတ်စွာဘုရားရဲ့ အထံမှာ သူဟာ အနိစ္စဆိုတဲ့ မမြဲခြင်းတရားကိုပဲ သင်ယူခဲ့ပါတယ်။

ဘာတရား သင်ယူ?

(အနိစ္စတရားပါ ဘုရား)

## မမြဲသင်ယူ ပြန်လာသူ

မမြဲခြင်းအနိစ္စသညာကို သင်ယူပြီးတော့ သူဟာ သူ့ရဲ့သစ်မ်းကျောင်းဆီ ပြန်သွားခဲ့တယ်။ (ပြန်လာခဲ့တယ်) သူ အမြဲပွားနေတာဟာ မမြဲခြင်းအနိစ္စတရားပဲ ဖြစ်တယ်။

## မမြဲတစ်ခု အမြဲရှု

ဒီကောမွေ့သနိယမထေရ်အလောင်း သူတော်ကောင်းလေး အမြဲတမ်းရှုပွား တဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲခြင်းတရားပါ ဘုရား)

ဒီတော့ သူရော ကိုယ်ပါ သတ္တဝါတွေ တကယ်အမြဲရှုရမယ့်တရားဟာ "မမြဲခြင်း"ဆိုတဲ့ တရားတစ်ခုပဲဆိုတာ တွေ့ရတယ် မဟုတ်လား။

(မှန်လှပါ ဘုရား)

ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှု တရားပါ ဘုရား)

သူဟာ ဒီ "မမြဲခြင်း" တရားလေးတစ်ခုထဲကိုပဲ အမြဲရှုပွားနေတယ်နော်။

(မှန်လှပါ ဘုရား)

သက်မဲ့ကိုပဲကြည့်ကြည့်၊ သက်ရှိကိုပဲကြည့်ကြည့် မြဲတာ ဘာတွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့လည်း? (မမြဲပါ ဘုရား)

သက်ရှိလည်း? (မမြဲပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* သက်မဲ့လည်း မြဲ၊ သက်ရှိမြဲ၊ တွေ့လည်း မတွေ့ပါ။
* သက်မဲ့ မမြဲ၊ သက်ရှိလည်း၊ မမြဲတွေ့ရတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ပွားပြုသူနေရှာ။

## မမြဲတစ်ခု အောက်မေ့မှု

သူဟာ သူ့ရဲ့သခ်မ်းကျောင်းဆီ ပြန်လာပြီး မမြဲခြင်းတရားကိုပဲ အမြဲ ရှုပွားနေတယ်။ အဲဒီမမြဲခြင်းတရားကိုပဲ အသက်ထက်ဆုံး အမြဲရှုပွားပြီး သေဆုံးခဲ့ တယ်။ မမြဲခြင်းပဲ ရှုနေတယ်။ မမြဲခြင်းပဲ ရှုပွားရင်း သေဆုံးတယ်နော်။

(မှန်လှပါ ဘုရား)

နောက်ဆုံး သေခါနီးတော့လည်း ကြားနာခဲ့ရတဲ့ မမြဲခြင်းဆိုတဲ့ သူတော် ကောင်း တရားကို အောက်မေ့အမှတ်ရနေပါတယ်။

## ကောင်းတဲ့နေခြင်း ကောင်းတဲ့သေခြင်း

ဒီတော့ မမြဲတဲ့အနိစ္စတရားကို အမြဲရှုပွားနေတာဟာ ကောင်းတဲ့နေခြင်း။

မမြဲတဲ့ အနိစ္စတရားကို အမြဲရှုပွား အမှတ်ရပြီး သေတာဟာ ကောင်းတဲ့သေခြင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတာကြုံ စိတ်မတုန်

ဒကာ ဒကာမတွေကို သတိပေးချင်တာ မှာချင်တာကတော့ မမြဲခြင်း အနိစ္စတရားတစ်ခုထဲကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေပါလို့ သတိပေးချင်၊ မှာချင်တာပါပဲ။ အဲဒီလိုနေတော့ ဘာဖြစ်လဲ။ သက်မဲ့ သက်ရှိ ပျက်စီးတာတွေ၊ မမြဲတာတွေ တွေ့ကြုံရတော့ ခုလို ပျက်စီးတာ၊ မမြဲတာတွေ တွေ့ကြုံရတာ ဘာဆန်းလဲ၊ မတွေ့ကြုံရရင်သာ ဆန်းတာ၊ ထူးတာ။ ဒီမမြဲခြင်းတရားသဘောကို ငါကြိုပြီးတော့ ဆင်ခြင်နှလုံးသွင်းထားတာပဲဆိုပြီးတော့ ဖြေဆည်ရာ၊ သက်သာရာရတယ်။ မမြဲတာတွေ တွေ့ရကြုံရ ဘုံဘဝမှာ စိတ်မကုန်တော့ဘူး။ စိတ်မဖြုန်တော့ဘူးပေါ့။

## တရားခေါ်တာ ဒီလိုပါ

အဲဒီလို လူတွေကို သက်သာရာရအောင် စွမ်းဆောင်ပေးနိုင်တဲ့အတွက်ကြောင့် ဓမ္မ (တရား) လို့ ခေါ်တယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ အပူပေါလှတဲ့ လူ့လောကမှာ အပူတွေကင်းပျောက် အအေးဓာတ်တွေ ရှင်းရှင်းလင်းလင်းကြီးရောက်အောင် ထွေးမတ်လို့ပေးနိုင်တာဟာ အခြားမရှိ၊ တရားပဲရှိတယ်နော်။

(မှန်လှပါ ဘုရား)

## တာဝတိံသာ ရောက်ရရှာ

သူဟာ ကောင်းစွာပြုလုပ်ခဲ့တဲ့ မမြဲခြင်း ပွားများမှု ကောင်းမှုကံနဲ့ စေတနာတောင့်တမှုကြောင့် လူ့ခန္ဓာကိုယ်ကို စွန့်ရတဲ့အခါမှာ တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

## နတ်ပြည်ပျော်ရ သူ့ဘဝ

နောက်ပြီးတော့ ကမ္ဘာ ၃၀၀၀၀ ပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရတယ်။ နတ်မင်း ၅၁ ကြိမ် ဖြစ်ရတယ်။

## မင်းမြတ်စကြာ ကြိမ်များစွာ

စကြာဝတေးမင်း ၂၁ ကြိမ် ဖြစ်ရတယ်။ ပြန့်ပြောတဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ မရေမတွက်နိုင်အောင် ဖြစ်ရတယ်။

## ဖြစ်ရာဘဝ ချမ်းသာရ

နောက်ပြီးတော့ သူဟာ ဘဝကြီးငယ်အသွယ်သွယ်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူဖြစ်ရတယ်။ သူကိုယ်တိုင် ပြုတဲ့ ကောင်းမှုရဲ့အကျိုးကို ခံစားရတယ်။

## မမြဲတရား အမြဲပွား

ဘဝကြီးငယ် အသွယ်သွယ် ကျင်လည်ရတဲ့အခါမှာလည်း မမြဲခြင်းအနိစ္စ သညာကိုပဲ အောက်မေ့ပွားများနေတယ်။ သူဟာ ဘဝရဲ့အဆုံးဖြစ်တဲ့ စုတေခြင်း ကင်းတဲ့ ပညာရှိတွေရောက်အပ်တဲ့ နိဗ္ဗာန်ကိုတော့ ထိုးထွင်းပြီး မသိသေးပါဘူးတဲ့။

## မမြဲဟောဖော် + ရဟန်းတော်

တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်မှာ လူလာဖြစ်တဲ့အခါ တစ်နေ့တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါး လုံခြုံအောင် ပွားများပြီးတဲ့ ရဟန်းတော်တစ်ပါးဟာ သူ့ဖခင်အိမ်မှာ ကြွရောက်ထိုင်နေတော်မူ ပါတယ်။ ပြီးတော့ တရားစကား ဟောပြပါတယ်။ တိုက်ဆိုင်တာကတော့ အဲဒီ ရဟန်းတော် ဟောပြောတဲ့တရားတော်ဟာ မမြဲခြင်းအနိစ္စတရားဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီရဟန်းတော်ဟာ မမြဲခြင်းအနိစ္စတရားကိုပဲ ထုတ်ဆောင်ဟော ပြောနေပါတယ်။ သူ့အတွက်ကတော့ ဒီမမြဲခြင်းတရားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေပါတယ်။ မမြဲခြင်းတရားတစ်ခုကိုပဲ အမြဲရှုပွားဖို့ ဟောပြောနေပါတယ်။ ဒီနေရာလေးကြည့်ပြီးတော့လည်း မမြဲခြင်းတရားတစ်ခုဆိုတာ အမြဲရှုရမယ့်တရား ဖြစ်နေတာကို တွေ့ရပါတယ်။

## မမြဲမှန်လှ + သခ်ီရ

သခ်ီရတရားတွေဟာ တကယ်တော့ ဘာမှအမြဲမရှိကြပါဘူး။ ပရိသတ်ရေ ဘာမြဲတာ တွေ့ရလဲ?

(ဘာမှ မတွေ့ရပါ ဘုရား)

သက်မဲ့ သက်ရှိအားလုံး နောက်ဆုံးတော့ ဘာနဲ့နိဂုံးချုပ်လဲ?

(မမြဲခြင်းနဲ့ပဲ နိဂုံးချုပ်ပါတယ် ဘုရား)

ဖြစ်ပြီးရင် ပျက်စီးတဲ့သဘောပဲ ရှိကြတယ်။ ဒါကြောင့် ဖြစ်ပျက်၊ ဖြစ်ပျက် လို့ ပြောနေကြတာနော်။

(မှန်လှပါ ဘုရား)

ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီ သင်္ခါရ တရားတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကတော့ တကယ် ချမ်းသာတဲ့ တရားဖြစ်တယ်လို့ ဟောပြောတော်မူပါတယ်။

## မမြဲလင်္ကာ+မှတ်စရာ

ကဲ– လင်္ကာကဗျာလေးတွေ လိုက်ဆို။

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ ဘာမှမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ဖြစ်ကြပျက်ကြမှာ။
* ရုပ်နာမ်ဓမ္မ၊ ဖြစ်ပြီးက၊ မုချချုပ်ပျောက်မှာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ချုပ်မှ အေးမှာပါ။
* သင်္ခါရချုပ်၊ နိဗ္ဗာန်ဟုတ်၊ မရှုပ်အေးချမ်းသာ။

## မမြဲကြားနာ ရဟန္တာဖြစ်

သူဟာ အဲဒီတရားဂါထာလေးကို နာကြားလိုက်ရတာနဲ့တစ်ပြိုင်နက် ရှေးက ပြုခဲ့တဲ့ ကောင်းမှုကံကို အမှတ်ရခဲ့တယ်။ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။

## မမြဲရှုနေ ပေါ်လွင်ပေ

တော်တော်အံ့ဩစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

သူ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ စွဲစွဲမြဲမြဲ အမြဲရှုပွားနေလို့ ဖြစ်တယ်ဆိုတာ ပေါ်လွင်မနေဘူးလား။

(ပေါ်လွင်နေပါတယ် ဘုရား)

## တရားအမည် ပေါ်နေပြီ

ဒီတော့ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမြဲရှုရမယ့် တရားက ဘာတရားပါလိမ့်?

(မမြဲခြင်းတရားပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှ တရားပါ ဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

## မမြဲဘူးသိ ဝိပဿနာ

သင်္ခါရတရားတွေရဲ့အပေါ်မှာ မမြဲဘူးလို့ သိတာ၊ ကြည့်တာ၊ ပွားများတာဟာ ဝိပဿနာပါပဲ။ ဝိပဿနာဆိုတာ မမြဲဘူးလို့ အထူးသိတာ၊ အထူးကြည့်တာ၊ အထူးပွားများနေတာနော်။

(မှန်လှပါ ဘုရား)

## ခုနစ်နှစ်မှာ ရဟန္တာ

သူဟာ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ အရဟတ္တဖိုလ်ကို ရောက်ရပါတယ်။ ရဟန္တာဖြစ်ရပါတယ်။ ခုနစ်နှစ်သား ရဟန္တာပါပဲ။ စကျေင်းပါးပိုင်ရှင် မြတ်စွာဘုရားဟာ သူ့ရဲ့ဂုဏ်ကို သိပြီးတော့ ရဟန်းပြုပေးတော်မူပါတယ်။ အဲဒီလို ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတာဟာ မမြဲခြင်းတရားတစ်ခုကိုပဲ နာကြားရတဲ့ကောင်းကျိုးပဲ ဖြစ်တယ်။

## ရဟန္တာဖြစ်ကြောင်း တရားကောင်း

ဒီတော့ ဒကာ ဒကာမတွေ တရားနာတဲ့အခါမှာလည်း မမြဲတရားတော်တွေကို နာကြားရမယ်ဆိုတာ ပေါ်လွင်နေတယ်နော်။

(မှန်လှပါ ဘုရား)

"မမြဲတရားနာ၊ မမြဲတရားပွား။ အဲဒါ ရဟန္တာဖြစ်ကြောင်းတရား"လို့ မှတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## မမြဲတစ်ခု + အမြဲရှ

ဒီတော့ ဒကာ ဒကာမတွေ အမြဲတစ်ခု ဘယ်လိုရှုမယ်?

(အမြဲရှုမှာပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေကို ဝိပဿနာတရားအနေနဲ့ အသိဉာဏ်ပေးနေတဲ့ တရားက ဘာတရားတဲ့လဲ?

(မမြဲတစ်ခု အမြဲရှုတရားပါ ဘုရား)

## ပေါ်တာမမြဲ+ရှုအမြဲ

ဘုန်းကြီးတို့က တရားတွေ အများကြီးရှုနိုင်းတာလား။ တစ်ခုပဲရှုနိုင်းတာလား?

(တစ်ခုထဲပဲ ရှုနိုင်းတာပါ ဘုရား)

ဘာပေါ်ပေါ် ပေါ်လာတဲ့အားလုံး "မမြဲခြင်း"တစ်ခုပဲ ရှုနိုင်းနေတာနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆို။

* ပေါ်လာသမျှ၊ အနိစ္စ၊ ရှုကြဲ မမြဲတာ။
* ပေါ်တာတစ်ခု၊ သတိပြု၊ ကြည့်ရှု မမြဲတာ။
* ပေါ်တာတစ်ခု၊ အသိရ၊ ကြည့်ရှု မမြဲတာ။
* ပေါ်သမျှလည်း၊ ဖြစ်ပျက်ပဲ၊ ရှုမြဲ အနိစ္စာ။
* ကိုယ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* ကောင်းဆိုး လတ်ဝေ၊ ပေါ်တာတွေ၊ ရှုနေ မမြဲတာ။
* စိတ်မှုရာတွေ၊ ပေါ်တိုင်းပေ၊ ရှုနေ မမြဲတာ။
* သဘောတရား၊ ပေါ်လာငြား၊ ရှုပွား မမြဲတာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဖြစ်မှု ရဟန္တာ။
* မမြဲတရား၊ အသည်းကြား၊ အမြဲထားရမှာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ယခု နောင်အခါ။
* မမြဲရှုပြန်၊ မမြဲဒဏ်၊ တွေ့ပြန်ခံနိုင်မှာ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မတုန်ပါ။
* မမြဲတရား၊ တွေ့ကြုံငြား၊ စိတ်ကား မဖြုန်ပါ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဟောပြုပေးနေတာ။
* သက်မဲ့ သက်ရှိ၊ မမြဲသိ၊ ရှုကြည့် စွဲမြဲစွာ။
* မမြဲတရား၊ သူနာကြား၊ ဖြစ်သွားရဟန္တာ။

## အပါယ်ဘေးမှ ကွယ်ဝေးရ

ဒီဘဒ္ဒကမ္ဘာတစ်သိန်းထက်မှာ မမြဲခြင်းတရားတော်ကို နာခဲ့ရတဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရတယ်ဆိုတာ မသိဖူးပါဘူးတဲ့။ အဲဒီလို အပါယ်လေးပါး ကင်းဝေးသွားရတာဟာ မမြဲခြင်းတရား နာကြားရတဲ့ ကောင်းကျိုးပဲ ဖြစ်တယ်တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆို

* မမြဲတစ်ခု၊ နာကြားပြု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတစ်ခု၊ အမြဲရှု၊ ဝေးမှုအပါယ်ရွာ။
* မမြဲတရား၊ သူနာကြား၊ ဝေးသွားပါယ်လေးရွာ။
* မမြဲတရား၊ သူနာကြား၊ ရှုပွားပါယ်လွတ်တာ။

## ကိလေသာတွေ+လောင်ကျွမ်းစေ

သူဟာ ကိလေသာတွေကို ရှို့မြိုက်လောင်ကျွမ်းစေအဝ်ပြီးတဲ့ ဘဝအားလုံးကို ပယ်နုတ်ပြီးပြီတဲ့။ ဆင်ပြောင်ကြီးဟာ အနှောင်အဖွဲ့ကို ဖြတ်ပြီးနေသလို သူဟာ အသဝမရှိဘဲ နေရတယ်တဲ့။

## ကောင်းသောလာခြင်း+သူ့လာခြင်း

သူ့ရဲ့လာခြင်းဟာ တကယ်တော့ ကောင်းတဲ့လာခြင်းဖြစ်တယ်တဲ့။ သူဟာ မြတ်စွာဘုရားထံတော်မှာ ဝိဇ္ဇာသုံးပါးကိုရပြီးပြီတဲ့။ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးသူ ဖြစ်သွားတယ်တဲ့။

## သူ့ရဲ့ဘွဲ့တော် ဒီလိုခေါ်

သူ့ရဲ့ဘွဲ့တော်ကတော့ မမြဲခြင်းတရားတစ်ခုတည်းကိုပဲ နာကြားရှုပွားကာ ရဟန္တာဖြစ်သူလို့ အဓိပ္ပာယ်ရတဲ့ "ကေဝမွေသဝနိယမထေရ်"လို့ ခေါ်တယ်နော်။ (မှန်လှပါ ဘုရား)

## တရားနိဂုံး အဆုံးပတ္တနာ

တရားနာပရိသတ်အားလုံး မပြုခြင်းတရားတစ်ခုကိုပဲ အပြုနာကြား နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်ကာ ရဟန္တာဖြစ်ကြပါစေ။

### မပြုတစ်ခု အပြုရှ ကဗျာလင်္ကာများ

* ပဒုမုတ္တရာမြတ်ဘုရားက
သစ္စာတရား ဟောပြနေ။
(သစ္စာလေးပါး ဟောပြနေ)
* လူအပေါင်းကို နေ့နေ့ ညည
ပြည့်ပြည့်ဝဝ ကယ်တင်နေ။
* တန်ခိုးရှိသူ ရသေ့တစ်ပါး
ကောင်းကင်မှာသွား၊ ဝတ်လျှော်တေ။
* ဘုရားထက်မှာ သွားမရတော့
ကောင်းကင်မှဆင်း ကြောင်းရှာဖွေ။
* အကျိုးကောင်းတွေ ရမှာပဲဟု
သူရင်မှာစွဲ ထင်မိပေ။
* ကောင်းကင်မှသာ ဆင်းလာငြားက
မြတ်ဘုရားသံ ကြားရပေ။
* နှစ်သက်နာဖွယ် တကယ်ကောင်းတဲ့
သာယာသံနဲ့ ဟောပြနေ။
* အနိစ္စခေါ် တရားမြတ်ကို
ဘုရားမပြတ် ဟောပြနေ။
* ဘုရားထံမှာ အနိစ္စတရားကို
စိတ်ကထူးခြား၊ သင်ယူနေ။
* မပြုသညာ သင်ယူပြီးတော့
သခ်မ်းကျောင်းကြီး ပြန်ခဲ့ပေ။
* သခ်မ်းကျောင်းမှာ မပြုတရားကို
အပြုရှုပွား ဆင်ခြင်နေ။
* သေခါနီးမှာ ကြားနာခဲ့ရ
မပြုဓမ္မ အောက်မေ့နေ။

* ကောင်းမှုကံပါ စေတနာစုနဲ့
တောင့်တမှုကြောင့် သေတော့လေ။
* တာဝတိံသာ နတ်ရွာရောက်ရ
မမြဲဝမ္မ အစွမ်းပေ။
* သုံးသောင်းကမ္ဘာ နတ်ပြည်မွေ့ရ
ငါးတစ်ကြိမ်က နတ်မင်းပေ။
* နှစ်တစ်ကြိမ်မှာ စကြာဖြစ်ရ
တွက်ကာစစ်က များလှပေ။
* ပဒေသရာဇာ ရေမရလို့
သေချာပြသ များလှပေ။
* ဘဝကြီးငယ် ချမ်းသာပြီးတော့
ကောင်းမှုကျိုးကြီး ခံစားနေ။
* ဘဝကြီးငယ် ကျင်လည်ရလည်း
အနိစ္စပဲ အောက်မေ့နေ။
* ပညာရှိတွေ သိအပ်ငြားတဲ့
တရားနိဗ္ဗာန် မသိပေ။
* တစ်နေ့သောခါ ပွားများပြီးသည့်
ဣန္ဒြေရှိ ရဟန်းလေ။
* မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို
သေချာပွားနိုင် ရဟန်းသေ။
* အဖအိမ်မှာ ကြွလာတုန်းပေါ့
သာယာသုံးသုံး တရားဝေ။
* သူ့တရားဟာ ဘာတရားလဲ
သေချာနားစိုက် နာတော့လေ။
* မမြဲခြင်းကို ဟောဖော်ပြသ
အနိစ္စတရား ဖြစ်လို့နေ။
* ရုပ်နာမ်မွေ့ သခါရတို့
သေချာမှတ်ကြ မမြဲပေ။
* ဖြစ်ပြီးပျက်ဟန် သဘောများကို
သေချာစဉ်းစား မှိပါစေ။

* ဖြစ်ပြီး ချုပ်ပြန် သဘာဝကို
မကြာခဏ ရှုပါလေ။
* သင်္ခါရတွေ တကယ်ချုပ်တဲ့
နိဗ္ဗာန်အဓိပ္ပာယ်တိ အေးချမ်းပေ။
* အဲဒီဂါထာ ကဗျာတရားကို
နာကာ ကြားရ ခဏလေး။
* ရှေးက သညာ အောက်မေ့ပွားတော့
ရဟန္တာတစ်ပါး ဖြစ်ရပေ။
* ခုနစ်နှစ်မှာ ရဟန္တာဖြစ်ရ
မမြဲမေ့ ဇွမ်းအားပေ။
* လေးပါးအပါယ် ဝေးကွယ်သွားရ
မမြဲမေ့မှာ ဇွမ်းအားပေ။
* မမြဲမေ့မှာ တစ်ခုတရားကို
အမြဲရှုပွား အမြဲနေ။
* အနေကောင်းကာ အသေလှလို့
နိဗ္ဗာန်ပြည်မှ ရောက်နိုင်ပေ။
* ကေဓမ္မာသံဝနိယ
မထေရ်ရတဲ့ ကောင်းကျိုးတွေ။
* အမြဲသိကာ မမြဲတစ်ခုကို
မမြဲရှုပွား အမြဲနေ။
* မမြဲရှုလျှင် မမြဲတာများကို
တွေ့ကြုံကြားက မတုန်ပေ။
(မဖြုန်ပေ)၂
ကဗျာကောင်းတွေး ရေးစပ်ယူ။
(မှတ်တော်မူ)၂

"မမြဲတစ်ခု အမြဲရှု" တရားတော် ပြီးပြီ။

ချုဒ္ဒတနိကာယ်၊ ထေရာပဒါနပါဠိတော်၊ စီဝဝဂ်၊ သပရိဝါရာသန
ထွေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကောင်းကျိုးသီးမှာ မလွဲပါ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ကျောင်းအလှူ ဆွမ်းအလှူ ပွဲမှာ ဟောကြားမည့်တရားတော်က "ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားမြတ် ဆွမ်းကပ်တဲ့သူ

သပရိဝါသနမထေရ်အလောင်း သူတော်ကောင်းဟာ ပဒုမုတ္တရာ မြတ်စွာဘုရားကို ဆွမ်းလှူခဲ့ပါတယ်။ ဘာလှူ?

(ဆွမ်းလှူပါတယ် ဘုရား)

လှူတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ သဒ္ဓါတရားဖြစ်မှ လှူတာနော်။

(မှန်လှပါ ဘုရား)

သူဟာ သဒ္ဓါတရားဖြစ်လာပြီးတော့ သာသနာကို ကြည်ညိုလာတယ်။ ဒါနရဲ့ကောင်းကျိုးပေးမှာကို ယုံကြည်လာတယ်။ အဲဒီလို ယုံကြည်လာတဲ့အတွက် ထူးခြားမွန်မြတ်တဲ့ ဆွမ်းဘောဇဉ်ကို လှူလိုက်ပါတယ်။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ရယူရမှာကတော့ ဘာပဲလှူလှူ ထူးတာလေးတွေ ကောင်းတာလေးတွေ ရွေးချယ်ပြီး လှူရမှာပါပဲ။

### ထူးတာကောင်းတာ ရွေးလှူပါ

ဒီတော့ ပြီးပြီးရော လှူရမှာလား။ ထူးတာ ကောင်းတာလေးတွေ ရွေးပြီး လှူရမှာလား?

(ထူးတာ၊ ကောင်းတာလေးတွေ ရွေးလှူရမှာပါ ဘုရား)

အလှူတတ်အောင် ပြောနေတာနော်?

(မှန်လှပါ ဘုရား)

အလှူတတ်မှ အလှူမြတ်ပယ်၊ ဘဝတိုင်း ထူးတဲ့ ကောင်းတဲ့ မြတ်တဲ့ ကောင်းကျိုးတွေ ရမယ်။

## နေရာဟောင်းလေး ကောင်းစေသူ

သူဟာ ဆွမ်းလှူပြီးတော့ ညစ်နွမ်းတဲ့နေရာလေးတွေကို လျှောက်သွားပြီးတော့ စပယ်ပန်း၊ ကြက်ရုန်းပန်းတွေနဲ့ ခြံရံကာ ဖုံးလွှမ်းလိုက်တယ်။ ကြည့်ရှုမကောင်းတဲ့ နေရာဟောင်းလေးတွေကို စေတနာကောင်းလေးထားပြီးတော့ နေရာကောင်းလေး ဖြစ်အောင် ဖန်ဆင်းလိုက်တာပါပဲ။ သူ့ရဲ့မြင်တတ်တဲ့ အမြင်ကောင်းလေးဟာ နည်းယူစရာပါပဲ။ ဘုန်းကြီးတို့ကတော့ ကျောင်းထဲမှာပဲဖြစ်ဖြစ် လမ်းသွားရင်းပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတဲ့ မြက်၊ သစ်ရွက်၊ ဆူးခြောင့်၊ သံတိုသံစ၊ ခဲလုံး ကျောက်စတဲ့ အမှိုက်တွေ တွေ့ရင် သွားရင်းလာရင်း ကုသိုလ်ယူတဲ့သဘောနဲ့ ရှင်းလင်းခဲ့တယ်။ ကျောင်းတိုက်မှာလည်း တပည့်တွေကို အမြဲပြောတဲ့စကားလေးက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြည့်ရှုမကောင်းတာတွေ တွေ့ရမြင်ရရင် ကြည့်ရှုကောင်းအောင် ပြုပြင်သွားရတယ်၊ အမြင်မကောင်းတာတွေကို အမြင်ကောင်းအောင် လုပ်ရတယ်။ မိမိရဲ့ရုပ်ခန္ဓာကိုယ်ကို အလှပြင် အလှဆင်တတ်ကြသလို အမြင်မကောင်းတာလေးတွေကိုလည်း အမြင်ကောင်းအောင် အလှပြင် အလှဆင်ခဲ့ကြပါလို့ ပြောရပါတယ်။

## ရင်ထဲထည့်ပေး ကဗျာလေးများ

အောက်ပါကဗျာလေးတွေကိုလည်း ရင်ထဲ ထည့်ပေးလိုက်ပါတယ်။

* ကြည့်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။

* မြင်မကောင်းတာ၊ အရာရာ၊ ရှင်းကာသွားပါလေ။

* ကြည့်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။

* မြင်မကောင်းပေ၊ အမှိုက်တွေ၊ သင်လေ ရှင်းသွားပါ။

* မိမိကိုယ်ကို၊ အလှပို၊ ပြင်ဆင်သလိုလေ။

* ကြည့်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* မြင်မကောင်းတာ၊ အရာရာ၊ ပြင်ပါဆင်ပါလေ။

* အမိုက်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်အမိုက်တွေ။
* ဆူးငြောင့်ရှင်းလျှင်၊ ဘဝတွင်၊ ကင်းစင်ဆူးငြောင့်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းအမိုက်တွေ။
* သွားရင်းလာရင်း၊ ကောင်းစိတ်သွင်း၊ ရှင်းလင်းဆူးငြောင့်တွေ။

## အစားထိုးတတ်+စိတ်ထားမြတ်

နွမ်းနေရာလေးကို ပန်းနေရာလေးနဲ့ အစားထိုးလိုက်ပါတယ်။ တစ်မျိုးပြောကတော့ ဆွမ်းစားတဲ့နေရာလေးလို့ ဖွင့်ပြတာလည်း ရှိပါတယ်။ အဲဒီအဖွင့်လေးဟာလည်း သဘာဝကျပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆွမ်းစားတဲ့နေရာဆိုတာ ညစ်တတ်ပေတတ်တာကြောင့်ပါပဲ။

နွမ်းနေရာပဲဖွင့်ဖွင့်၊ ဆွမ်းနေရာပဲဖွင့်ဖွင့် သဘာဝကျတာချည်းပါပဲ။

အဲဒီပန်းနေရာမှာ နေတော်မူတဲ့လူတွေထက် အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူတဲ့ ဖြောင့်မတ်တည်ကြည်ဟော်မူတဲ့ မြတ်စွာဘုရားဟာ ဆွမ်းအကျိုး (ဆွမ်းအနုမောဒနာ) တရားဟောကြားဟော်မူပါတယ်။

ဘာတရားဟော?

(ဆွမ်းအကျိုးတရားပါ ဘုရား)

ကောင်းမြတ်တဲ့လယ်မှာ မျိုးစေ့နည်းနည်းလေး စိုက်ပျိုးထားပေမယ်လို့ မိုးက ကောင်းစွာရွာမယ်ဆိုရင် (မလိုအပ်တဲ့အချိန်မှာ မရွာဘဲ တကယ်လိုအပ်တဲ့အချိန်လေးမှာ မိုးရွာမယ်ဆိုရင်) အသီးတွေ တအားသီးပြီးတော့ လယ်သမားကြီးတွေကို နှစ်သက်စေသလိုပါပဲတဲ့။

ဥပမာလေး ဟောပြောနေတာနော်။

(မှန်လှပါ ဘုရား)

လောကမှာ စကားပဲပြောပြော၊ တရားပဲဟောဟော ဥပမာပေးပြီး ဥပမာလေးနဲ့ ပြောဟောရင် ပိုပြီးတော့ နားလည်လွယ်တယ်၊ သဘောပေါက်လွယ်တယ်လို့ စာပေတွေမှာ တွေ့ရတယ်နော်။ (မှန်လှပါ ဘုရား)

အဲဒီတောစောက ပြောခဲ့တဲ့ ဥပမာအတိုင်းပါပဲ။ သင် ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ ပန်းဒကာလေးဟာ ဆွမ်းမျိုးစေ့ (ပန်းမျိုးစေ့) တွေကို ငါဘုရားဆိုတဲ့ လယ်ယာမြေကောင်းမှာ စိုက်ပျိုးလိုက်တာ ဖြစ်တယ်။ အဲဒီလို စိုက်ပျိုးလိုက်တဲ့ ကောင်းမှုကြောင့် ဘဝသံသရာဖြစ်ရတဲ့အခါမှာ ကောင်းကျိုးတွေ သီးမှာ မလွဲပါဘူးတဲ့။

ကောင်းကျိုးသီးမှာ ဘာတဲ့လဲ?

(မလွဲပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ?

('ကောင်းကျိုးသီးမှာ မလွဲပါ' တရားပါဘုရား)

တရားပေါ်ပြီနော်?

(ပေါ်ပါပြီ ဘုရား)

ကောင်းတဲ့မျိုးစေ့သာ စိုက်ပျိုးပါ။ ကောင်းကျိုးဆိုတဲ့ အသီးတွေ သီးမှာ လွဲပါဦးမလား?

(မလွဲပါ ဘုရား)

ကောင်းကျိုးသီးမှာ သေချာတယ်နော်?

(မှန်လှပါ ဘုရား)

## နှစ်သက်စေမှာ သေချာပါတယ်

အဲဒီကောင်းတဲ့ အသီးအနှံတွေက သင်ဆွမ်းဒကာ၊ ပန်းနေရာလှူတဲ့ သင်ပန်းဒကာလေးကို နှစ်သက်စေမှာ သေချာတယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးသီးမှာ + ဖြစ်လေရာ

ဒီနေ့ ဆွမ်းတွေ၊ ပန်းတွေ၊ ကျောင်းအလှူတွေ လှူနေကြတဲ့ ဒကာ ဒကာမတွေလည်း ဖြစ်လေရာဘဝတိုင်းမှာ ကောင်းကျိုးတွေ သီးမှာပါပဲလို့ အသိ ဉာဏ်ပေးခဲ့ပါတယ်။ ဖြစ်လေရာ ဘာတွေ သီးမှာပါလိမ့်?

(ကောင်းကျိုးတွေ သီးမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားကို "ကောင်းကျိုးသီးမှာ+ဖြစ်လေရာ" တရား လို့ အမည်ပေးရင်လည်း ရတယ်နော်?

(မှန်လှပါ ဘုရား)

## မြောက်အရပ်ကြွ + မြတ်ဗုဒ္ဓ

ပဒုမုတ္တရာမြတ်စွာဘုရားဟာ အဲဒီစောစောက ပြောဟောခဲ့တဲ့ တရားစကား တွေ ဟောပြောတော်မူပြီးတော့ ဆွမ်းအလှူကို ခံယူတော်မူကာ မြောက်အရပ်ကို ကြွတော်မူပါတယ်။

## ခမ်းနားကြီးကျယ်+ဖြစ်ရာဝယ်

သူဟာ အဲဒီ ဆွမ်း။ ပန်းနေရာ ကောင်းမှုတွေကြောင့် လူ့ဘဝ၊ နတ်ဘဝ ဆိုတဲ့ ဖြစ်လေရာဘဝတိုင်းမှာ ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ စည်းစိမ်ချမ်းသာ တွေကို များစွာပဲ ခံစားရပါတယ်။ (အပ၊ ၃၊ ၂၊ ၈၂)

## သီလမယိမ်း စောင့်ရှောက်ထိန်း

သူဟာ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်စည်းတယ်။ ပါတိမောက္ခသံဝရသီလဆိုတာ ဒွေမာတိကာလို့ခေါ်တဲ့ ပါတိမောက်သာမက ဝိနည်း ပါဠိတော်မှာ ဘုရားပညတ်ထားတဲ့ သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်း ပါပဲ။

## ဣန္ဒြေငါး+စောင့်ရှောက်ထား

နောက်ပြီးတော့ သူဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေငါးပါးကိုလည်း အမြဲတစေ စောင့်စည်းနေတယ်တဲ့။

## ဝိဝေကသုံးပါး+အမြဲပွား

နောက်ပြီးတော့ ကိုယ်ဆိတ်ငြိမ်ခြင်း (ဆိတ်ငြိမ်ရာအရပ် ကပ်ရောက်ခြင်း) ကာယဝိဝေက၊ စိတ်၏ကိလေသာတွေမှ ဆိတ်ငြိမ်ခြင်း။ စိတ္တဝိဝေက၊ နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေက၊ အဲဒီ ဝိဝေကသုံးပါးကို ပွားများအားထုတ်ကာ အာသဝကင်းကွာ ကိလေသာပြတ်လို့ နေထိုင်ရတယ်တဲ့။

## ဝိဝေကအကျယ်+ထပ်မှတ်ဖွယ်

ဒီနေရာမှာ ထပ်ပြီးတော့ မှတ်စရာကတော့–

* ဂိုဏ်းဂဏစတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပြီးတော့နေတာကို ကာယ ဝိဝေက၊
* ကိလေသာဆိုတဲ့ အပေါင်းအဖော်တွေကို ရှောင်ခွာပယ်ရှားပြီးတော့ နေ တာကို စိတ္တဝိဝေက၊
* သင်္ခါရတရားတွေကို ရှောင်ခွာပယ်ဖျောက်နေတာကို ဥပဓိဝိဝေကလို့ခေါ် တယ်။ (မွေပဒ၊ ၃၊ ၁၊ ၃၄၅)

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့အကြောင်းဖြစ်တယ်။ စိတ္တဝိဝေကဟာ ဥပဓိ ဝိဝေကရဲ့အကြောင်းဖြစ်တယ်။ (ဓမ္မပဒ၊ ဌ။ ၁၊ ၃၄၅)

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ ဒီဘုရားလက်ထက်မှာတော့ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ လာဖြစ်ပြီးတော့ သဒ္ဓါတရားနဲ့ ကြည်ညိုကာ ရဟန်းပြုလာပါတယ်။

ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## သူ့ရဲ့ဘွဲ့တော် + ဒီလိုခေါ်

သူဟာ ဘုရားကို ဆွမ်းလှူစဉ်က ဆွမ်းနေရာ၊ ပန်းနေရာဆိုတဲ့ အခြံအရံ ကောင်းလေးတွေ ခြံရံပြီး လှူတဲ့အတွက် သပရိဝါရာသန (အခြံအရံနဲ့တကွ ဆွမ်းနေရာ၊ ပန်းနေရာ) လှူတဲ့ မထေရ်ဆိုတာ ဖြစ်လာပါတယ်။

## ခြံရံပေါ်ရေး + လှူနည်းလေး

ဒါလည်း မှတ်သားစရာ ကောင်းပါတယ်။ ဘာပဲလှူလှူ အခြံအရံလေးတွေနဲ့ လှူရမယ်ဆိုတဲ့ အသိဉာဏ်တွေ ရယူရတာပါပဲ။ ဒီနေရာလေးကို ကြည့်ပြီးတော့ အသိဉာဏ်ထပ်ပေးချင်တာကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြံအရံပေါ်ချင်ရင် အခြံအရံလေးတွေနဲ့ လှူပါဆိုတာပါပဲ။

ဒီတော့ ဒကာ ဒကာမတွေ အခြံအရံမပေါ်ချင်ဘူးလား?

(ပေါ်ချင်ပါတယ် ဘုရား)

ပေါ်ချင်ရင် ဘယ်လိုလှူရမလဲ?

(အခြံအရံနဲ့ လှူရမှာပါ ဘုရား)

## စုံစုံလင်လင် လှူစေချင်

သင်္ကန်းလှူတယ်ဆိုရင်လည်း သင်္ကန်းရယ်၊ ထီးရယ်၊ ဖိနပ်ရယ်၊ နေရာထိုင်လေးရယ်၊ ဖယောင်းတိုင်လေးရယ်၊ ခါးပန်းကြိုးလေးရယ်စတဲ့ အခြံအရံတွေနဲ့ လှူရမယ်နော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေကို မေးဦးမယ်၊ သက်မဲ့ကော၊ သက်ရှိကော ကောင်းကျိုးတရားတွေရတဲ့အခါမှာ တစ်ခုတည်းလိုချင်တာလား၊ အစုံလိုချင်တာလား?

(အစုံလိုချင်တာပါ ဘုရား)

အေး အစုံလိုချင်ရင် အခြံအရံလေးနဲ့ အစုံလှူရမယ်နော်?

(မှန်လှပါ ဘုရား)

## တွဲလှူမှလေ + အဆင်ပြေ

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင်လည်း ဆွမ်းကော၊ ဆွမ်းဟင်းကော လှူပါ။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်းမပါဘူး။ ဆွမ်းဟင်းတော့ လှူတယ်၊ ဆွမ်းမပါဘူးဆိုရင် အဆင်မပြေပါဘူး။ တွဲစားရတာဆိုတော့ တွဲပြီးတော့ လှူမှ ပိုပြီးအဆင်ပြေပါတယ်။

## ဖြစ်တတ်တာလေး + သတိပေး

ဒီနေရာမှာ ဓမ္မကထိကဆရာတော်တစ်ပါး တရားဟောတာ ကြားဖူးတဲ့ ဟာသလေး ပြောပြချင်ပါသေးတယ်။

အဲဒါကတော့ ဘာလဲဆိုတော့ တစ်နေ့ တရားဟောဆရာတော်တစ်ပါးက မြို့တစ်မြို့က ဆွမ်းသိမ်းအောင်ပွဲမှာ တရားဟောနေပါတယ်။ တရားဟောရင်း တရားနာပရိသတ်တွေကို မေးလိုက်တာက ဒကာ ဒကာမတွေ၊ ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေ ဆွမ်းခံကြွလာရင် ဆွမ်းနဲ့ဆွမ်းဟင်း တွဲပြီးတော့ လှူကြရဲ့လားလို့ မေးပါတယ်။ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက လှူကြတဲ့အကြောင်း လျှောက်ထားကြပါတယ်။

နောက်ပြီး တရားဟောဆရာတော်က အေး ကောင်းတယ်၊ အဲဒီလို ဆွမ်းနဲ့ ဆွမ်းဟင်း စုံလင်အောင် တွဲပြီးတော့ လှူရတယ်။ ဆွမ်းတော့လှူတယ်၊ ဆွမ်းဟင်း မလှူဘူး။ ဆွမ်းဟင်းတော့လှူတယ်၊ ဆွမ်းတော့မလှူဘူးဆိုရင် ဘာဖြစ်တတ်သလဲ သိလားလို့ မေးတော်မူပါတယ်။ ဒကာ ဒကာမတွေက မသိတဲ့အကြောင်း လျှောက် ထားကြပါတယ်။ အဲဒီမှာ တရားဟောဆရာတော်က မသိရင် ပြောမယ်၊ ကျုပ်ကို သေသေချာချာကြည့်ပါဆိုပြီးတော့ သူ့ရင်ကို လက်ဝါးနဲ့ ပုတ်ပြတယ်။

(အားလုံးရယ်ကြ)

တရားဟောဆရာတော်က ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(ဘုန်းကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးဖြစ်တာ သိတယ်မဟုတ်လား၊ အစုံမလှူခဲ့လို့နော်တဲ့။

(အားလုံး ရယ်ကြ)

## နောက်ပြီးဖြစ်အင် + သီလရှင်

နောက်ပြီးတော့ ဘာဖြစ်တတ်သလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် ကြည့်ကြဆိုပြီးတော့ သူ့ရှေ့မှာနေပြီး တရားနာနေကြတဲ့ သီလရှင်တွေကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲ– ဘာဖြစ်တတ်သတဲ့လဲ?

(သီလရှင် ဖြစ်တတ်ပါတယ် ဘုရား)

ဒကာ ဒကာမတွေ ပြောထားနော်။ ဘုန်းကြီးက လက်ညှိုးထိုးပြရုံနဲ့ မေးရုံပဲ မေးတာတဲ့။ (အားလုံး ရယ်ကြ)

## အပျိုကြီးတွေ + ဖြစ်တတ်ပေ

နောက်ပြီးတော့ ဘာဖြစ်တတ်သေးသလဲ သိလားလို့ ဆက်မေးပါတယ်။ လူတွေက မသိတဲ့အကြောင်း လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက မသိရင် သေသေချာချာကြည့်ကြနော်ဆိုပြီးတော့ သီလရှင်တွေရဲ့နောက်နားမှာ တရားနာနေကြတဲ့ သူ့ဒကာမအရင်း အပျိုကြီးအုပ်စုကို လက်ညှိုးထိုးပြပါတယ်။

(အားလုံး ရယ်ကြ)

ကဲဗျာ– ဘာဖြစ်တတ်သတဲ့လဲ?

(အပျိုကြီးဖြစ်တတ်ပါတယ် ဘုရား)

ဘုန်းကြီးက လက်ညှိုးထိုးပြရုံလေးပဲ မေးတာနော်။

(အားလုံး ရယ်ကြ)

ဓမ္မကထိက ဆရာတော် တင်ပြတဲ့ ဟာသလေးပါ။ ဆွမ်း၊ ဆွမ်းဟင်း တွဲမလှူရင် ဖြစ်တတ်ပုံလေးကို လူတွေ နားလည်သဘောပေါက်လွယ်အောင် ဟာသနှောပြီးတော့ ဟောပြောတာပါပဲ။

## ဟာသဆိုတာ + ပညာတစ်မျိုး

ဟာသဆိုတာ ရယ်ရွှင်စိတ်ဖြစ်အောင် ဖန်ဆင်းပေးတတ်တဲ့ ပညာရပ်တစ်မျိုးပါပဲ။ ဟာသပညာရှင်တွေကို လူရွှင်တော်လို့လည်း ခေါ်ပါတယ်။ လူတွေကို (လူတွေရဲ့စိတ်ကို ရွှင်လန်းအောင်၊ ရွှင်အောင်လုပ်ပေးတတ်တဲ့ နေရာမှာ တော်လို့ လူရွှင်တော်လို့ ခေါ်တာပါပဲ။)

## ဟာနေတာလေး+သကာပေး

ဟာသဆိုတာလေးကို မြန်မာလို ရိုးရိုးလေးပဲ ကြုံပြီးပြောချင်ပါသေးတယ်။ လူတွေရဲ့စိတ်ထဲမှာ သားရေး သမီးရေး၊ စီးပွားရေးစတဲ့ ရေးပေါင်းများစွာကြောင့် ဟာနေတာကတော့ ပျော်ရွှင်မှုပါပဲ။ အဲဒီဟာနေတဲ့ ကွက်လပ်လေးကို ပြန်ပေါ်လာအောင် သူတို့ရဲ့ပညာရပ်နဲ့ 'သ'ပေးလိုက်တာပါပဲ။

'ဟာသ'ကို အဲဒီလိုတွေး-အဲဒီလို ရေးမိပါတယ်။

ကဲ– ထားပါတော့၊ ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
('ကောင်းကျိုးသီးမှာ+မလွဲပါ' တရားပါဘုရား)

**အကျဉ်းချုပ် ကဗျာလေးနဲ့ တရားသိမ်းကြပါစို့။**

* ပဒုမုတ္တရာဘုရားမြတ်ကို
ဆွမ်းတော်ဆက်ကပ် လှူဖူးတယ်။
* ညစ်နွမ်းနေရာ ကိုယ်တိုင်သွားလို့
ပန်းလှများနဲ့ ဖုံးလွှမ်းတယ်။
* ဆွမ်းစားနေရာ ပန်းအလှနဲ့
သေချာ၊ ဖူးနှ ပြုပြင်တယ်။
* ပန်းနေရာနေ မြတ်ဘုရားက
ဆွမ်းကပ်ကျိုးများ ဟောပြတယ်။
* လယ်ယာကောင်းမှာ မျိုးစေ့လေးကို
မနှေးစိုက်ပျိုး အခါဝယ်။
* မိုးတွေကောင်းရင် အသီးသီးလို့
လယ်သမားကြီး ပျော်ရတယ်။
* အဲဒီတိုင်းသာ ပမာပြလို့
ဆွမ်းဒကာလှ မှတ်ရမယ်။
* ဆွမ်းမျိုးစေ့ကို ဘုရားကောင်း၌
ဆုတောင်းနှစ်ခြိုက် စိုက်သူဝယ်။
* ဖြစ်လေရာမှာ ကောင်းကျိုးသီးလို့
ကောင်းမိုးကြီးတွေ ရွာချမယ်။
* ကောင်းစေ့စိုက်ရင် ကောင်းကျိုးသီးရ
ကေန်မုချ မလွဲကွယ်။

* သီ၊ ကွဲစောင့်ကာ ဝိဝေပွားလို့
ကိလေသာများ ဝေးရတယ်။
* မြတ်ရဟန္တာ တကယ်ဖြစ်ရ
ဆွမ်း ပန်းဒါန ထူးခြားတယ်။
* ဆွမ်းတွေ ဟင်းတွေ ပန်းတွေနှေညှ
မမေ့ကြဘဲ လှူရမယ်
(ဖြူလှမယ်)၂

**"ကောင်းကျိုးသီးမှာ+မလွဲပါ" တရားတော် ပြီးပြီ။**

တရားအမည်ပေးရာ၌–
* ကောင်းကျိုးသီးမှာ+ဖြစ်လေရာ။
* ကောင်းတာ ထူးတာ+ရွေးလှူပါ။
* ဆွမ်းနေရာနဲ့ ပန်းနေရာ စသည်အမည်ပေးကာ ဟောကြားပါ။

ဒွန်ကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဝံသတ္ထပ္ပကာသိနီ၊ ဓမ္မပဒဋ္ဌကထာ ပါဠိတော်မှ ထုတ်နုတ်ပြီး ဘုန်းကြီးဦးနန်း ထိုကို

တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လမ်းများကိုလျှောက်+လူတစ်ယောက်"

## တရားတော်

ဒီနေ့ လူငယ်တွေ ဦးစီးပြီးတော့ ဆင်ယင်ကျင်းပပူဇော်ကြတဲ့ ဓမ္မသဘင်မှာ ဟောကြားမည့်တရားတော်ကို ကြိုပြီးတော့ ကြော်ငြာထားတယ်နော်?

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(လမ်းများကိုလျှောက်+လူတစ်ယောက် တရားပါဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဘုရားဖြစ်မှာ မိန့်ကြားလျှော

မာရ်ငါးပါးကို အောင်တော်မူတဲ့ ဒီပင်္ကရာမြတ်စွာဘုရားဟာ သုမေဓာရသေ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။

မိန့်ကြားတော်မူပုံကတော့ ဒီကမ္ဘာမှ မရေမတွက်နိုင်တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက်မှာ ဒီရသေ့ဟာ ဘုရားဖြစ်မယ်။

### မိဘနာမည် ဟောပြပြီ

ဒီရသေ့ရဲ့ မယ်တော်ရင်းက မာယာ ဖြစ်မယ်။ ခမည်းတော်က သုဒ္ဓေါဒန ဖြစ်မယ်။ ဒီရသေ့ကတော့ ဂေါတမ ဘုရားဖြစ်မယ်။

### ပြုနိုင်ခဲ့တာ ပြုကျင့်တာ

ဒီရသေ့ဟာ ကမ္ဘာဋ္ဌာန်းအားထုတ်ပြီးတော့ ပြုနိုင်ခဲ့တဲ့အကျင့်ကို ပြုကျင့်ကာ ညောင်ဗုဒ္ဓဟောပင်ရင်းမှာ များတဲ့အခြံအရံ အကျော်အစောရှိတဲ့ ဘုရားဖြစ်ပြီး ပွင့်တော်မူမယ်။

## အဂ္ဂသာဝက ဟောဖော်ပြ

ဥပတိဿနဲ့ ကောလိတာဟာ အဂ္ဂသာဝက ဖြစ်ကြမယ်။ အာနန္ဒာလို့ ထင်ရှားတဲ့ ရဟန်းဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလိမ့်မယ်။

## အဂ္ဂသာဝိကာ ဥပါသကာ

ခေမာနဲ့ ဥပ္ပလဝဏ္ဏာဟာ မြတ်တဲ့ အဂ္ဂသာဝိကာမတွေ ဖြစ်ကြမယ်။ စိတ္တနဲ့ အာဠဝကဟာ မြတ်တဲ့ဥပါသကာတွေ ဖြစ်ကြမယ်။

## ဥပါသိကာ မိန့်ကြားလျှာ

ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာဟာ မြတ်တဲ့ဥပါသိကာမတွေ ဖြစ်ကြမယ်။ ရဲရင့်တဲ့ လုံ့လရှိတဲ့ ဒီငေါတမဘုရားရဲ့ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေလို့ ခေါ်ဆိုရလိမ့်မယ်။ ဒီလိုဗျာဒိတ်စကားတွေ စုံစုံလင်လင် မိန့်ကြားတော်မူပါတယ်။

## စကားကြားရ ရှိခိုးကြ

လူ နတ်တွေဟာ အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ ဒီစကားတွေကို ကြားရတဲ့အတွက် အလွန်ဝမ်းမြောက်ကြတယ်။ လက်အုပ်ချီမိုး ရှိခိုးကြတယ်။

## မေဃလုလင် သူဖြစ်အင်

မြတ်စွာဘုရား၊ အကျွန်ုပ်ဟာ အဲဒီအချိန်တုန်းက ကောင်းစွာသင်ကြားပြီးတဲ့ အတတ်ရှိသူ 'မေဃ'လို့ ခေါ်တဲ့ လုလင်ဖြစ်ခဲ့ပါတယ်။

သုမေဓာရသေ့ကို မိန့်ကြားတဲ့ ဗျာဒိတ်စကားမြတ်ကိုကြားရတော့-

## အတူတကွ အမျှယူ

ကရုဏာရဲ့တည်ရာဖြစ်တဲ့ သုမေဓာရသေ့ကို အလွန်ပဲ စိတ်ဝင်စားပြီးတော့ အလွန်ပဲ ခင်မင်လေးစား အရေးထားကာ ချစ်ကျွမ်းဝင်သွားတယ်။ ''ပုဂ္ဂိုလ်ခင်မှ တရားမင်''ဆိုတဲ့ အတိုင်းပဲ ရသေ့ရဟန်းဖြစ်တဲ့ သုမေဓာရသေ့နောက်လိုက်ပြီးတော့ အတူတကွ အယူမျှကာ ရဟန်းပြုခဲ့ပါတယ်။

## လမ်းမှန်ကိုလျှောက် လူတစ်ယောက်

ဘုရားအလောင်း သုမေဓာရသေ့ကောင်းနဲ့ ပေါင်းသင်းနေထိုင်တာဟာ လမ်းမှန်ကို လျှောက်နေတာနော်?

(မှန်လှပါ ဘုရား)

F'21A

ဒီနေရာလေးကို ကြည့်ပြီးတော့ ရေးမယ်၊ ပြောမယ်၊ ဟောမယ်ဆိုရင်တော့ ''လမ်းမှန်ကိုလျှောက်+လူတစ်ယောက်''လို့ ရေးရ၊ ပြောရ၊ ဟောရမှာပါပဲ။

## လုံခြုံအပြီး+သူစောင့်စည်း

သူဟာ ရသေ့ရဟန်းပြုပြီးတဲ့အခါမှာ ပါတိမောက်သီလနဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေကိုငါးပါးမှာလည်း လုံခြုံအောင် စောင့်စည်းနေထိုင်ခဲ့သူ ဖြစ်ပါတယ်။

## အသက်မွေးတာ စင်ကြယ်ရှာ

နောက်ပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းလည်း ရှိပါတယ်တဲ့၊ ဒီနေရာမှာ စင်ကြယ်တဲ့ အသက်မွေးခြင်းဆိုတာ ဘာလဲ? အဲဒါ သိဖို့လိုတယ်နော်။

(မှန်လှပါ ဘုရား)

## မအပ်ရှာမှီး အသီးသီး

ဒါကြောင့် ရဟန်းဖြစ်လာရင် မစင်ကြယ်တဲ့အသက်မွေးမှုတွေ မလုပ်ရဘူး။ ဒီတော့ မစင်ကြယ်တဲ့ အသက်မွေးမှုဖြစ်တဲ့ မအပ်တဲ့ ရှာမှီးခြင်း ''အနေသန- ၂၁ ပါး''ကို သိထားသင့်တယ်။ အဲဒီ 'အသေန ၂၁ ပါး'ကတော့

၁။ ဝါးပေးတာ၊

၂။ အရွက်ပေးတာ၊

၃။ ပန်းပေးတာ၊

၄။ အသီးပေးတာ၊

၅။ ရေချိုးစရာအမှုန့် ပေးတာ၊

၆။ မြေညက်ပေးတာ၊

၇။ မျက်နှာချေမှုန့်ပေးတာ၊

၈။ တံပူ (သွားပွတ်တံ) ပေးတာ၊

၉။ မျက်နှာသစ်ရေပေးတာ၊

၁၀။ မိမိကို နှိမ့်ချပြောဆိုတာ၊

၁၁။ မနုပ် နည်းပါး အနုပ်များတဲ့ ပဲနောက်ဟင်းလို အမှန်နည်းပါး အမှားများတဲ့ စကားကို ပြောဆိုတာ၊

၁၂။ ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးတာ၊

၁၃။ ရွာတစ်ပါး အရပ်တစ်ပါးကို လူတွေရဲ့ပေးစာ၊ နှုတ်မှာစကားကို ယူဆောင်သွားလာတာ၊
၁၄။ ဆေးပေးမှု၊ ဆေးကုသမှု ပြုတာ၊
၁၅။ လူတွေရဲ့ စေတမန်ပြုလုပ်တာ၊
၁၆။ လူတွေရဲ့အစေအခိုင်းခံတာ၊
၁၇။ ဆွမ်းတုံ့ပေးတာ၊
၁၈။ ပေးတုံ့ပေးတာ (လှူသူကို သင့်တော်တာ ပြန်ပေးတာ)
၁၉။ အိပ်ရာ မြေရာစတဲ့အတတ်၊
၂၀။ နက္ခတ်တွေရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်းအတတ်၊
၂၁။ မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းလက္ခဏာကို သိကြောင်းအတတ်တွေပဲ ဖြစ်တယ်။

သူဟာ အဲဒီလို မစင်ကြယ်တဲ့ အသက်မွေးမှုတွေ ကင်းရှင်းပြီးတော့ စင်ကြယ်တဲ့ အသက်မွေးခြင်းရှိတဲ့သူ ဖြစ်တယ်လို့ ပြောပြတာနော်။

(မှန်လှပါ ဘုရား)

## သတိ၊ ဝီရိယ+ပြည့်စုံလှ

နောက်ပြီးတော့ သူဟာ သတိ၊ ဝီရိယနဲ့ ပြည့်စုံသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာပြုကျင့်ခဲ့သူ ဖြစ်တယ်တဲ့။

## အဆုံးအမ+ဆုံးထိမ

ဒီနေရာ "အဆုံးအမ" ဆိုတဲ့စကားလေးကို ပြောချင်ပါသေးတယ်။ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့ တရားစကားတော်တွေဟာ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ထိအောင် ကောင်းကျိုးတရားတွေ အပြည့်အဝရအောင် ချီးမြှောက်မ,စပေးတယ်။ ခုဘဝ၊ နောက်ဘဝ၊ မဂ်ဖိုလ်နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ အဆုံးထိအောင် 'မ'ပေးတယ်၊ တစ်ဝက်တစ်ပျက်လောက် ကောင်းကျိုးရအောင် 'မ' ပေးတာ မဟုတ်ဘူး။ နိဗ္ဗာန်ရတဲ့ ဘဝဆုံးရာ၊ အဆုံးထိအောင် 'မ'ပေးတယ်လို့ ဆိုလိုတာနော်။

(မှန်လှပါ ဘုရား)

## မကောင်းမိတ်ဆွေ တိုက်တွန်းပေ

သူဟာ အဲဒီလို သူတော်ကောင်းနဲ့ ပေါင်းဖော်ပြီးတော့ လမ်းမှန်ကို လျှောက်

လုပ်နေစဉ်မှာ တစ်နေ့တော့ ယုတ်မာတဲ့ အကျင့်မကောင်းတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ရတယ်။ အဲဒီမိတ်ဆွေဟာ မလုပ်သင့်တဲ့ မကောင်းတဲ့အကျင့်တွေ လုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်လာတယ်။ အဲဒီမိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်ရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် သူဟာ ကောင်းတဲ့အကျင့်လမ်းစဉ်မှ လွှော့ကျခဲ့တယ်တဲ့။

## လူပေါင်းမမှားရေး သတိပေး .

ဒီနေရာလေးကြည့်ပြီးတော့ သတိထားရမှာက လူပေါင်းမမှားရေးနော်။

(မှန်လှပါ ဘုရား)

ဒီဓမ္မရုပ်ယမထေရ်အလောင်း သူတော်ကောင်းဟာ နဂိုက ဘုရားအလောင်း သုမေဓာသူတော်ကောင်းနဲ့ ပေါင်းပြီးတော့ တကယ်အကျင့်ကောင်းတဲ့ စံပြသူတော်ကောင်းလေး ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းမှားကိုလျှောက် လူတစ်ယောက်

ဒီတော့ မိတ်ဆွေယုတ်နဲ့ ပေါင်းသင်းလိုက်တော့ လမ်းမှားလျှောက်တဲ့ လူတစ်ယောက် ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(လမ်းမှားကိုလျှောက် လူတစ်ယောက်တရားပါ ဘုရား)

## စံပြ+လန်ကျ

ဘုရားလောင်းနဲ့ ပေါင်းတုန်းကတော့ စံပြ၊ မိတ်ဆွေယုတ်နဲ့ ပေါင်းလိုက်တော့ ကောင်းတာတွေ လန်ကျသွားတယ်နော်။

(မှန်လှပါ ဘုရား)

## လူပေါင်းမှားရင် လူကောင်းများတောင်

ဒီနေရာမှာ ဘုန်းကြီးရဲ့တပည့် စာသင်သားတွေကို ပြောတဲ့စကားလေး ရှိသေးတယ်။ အဲဒါကတော့ "တပည့်တို့၊ လူပေါင်းမမှားစေနဲ့။ လူပေါင်းမှားရင် လူကောင်းများတောင် ပျက်စီးသွားတတ်တယ်" ဆိုတဲ့စကားပါပဲ။

## လူကောင်းလေး ပျက်စီးသွား

ဒီမွေ့ရစ်ယမထေရ်အလောင်း သူတော်ကောင်းလေးကို ကြည့်လိုက်စမ်းပါ။ လူပေါင်းမှားတဲ့အတွက် လူကောင်းလေး မွေ့ရစ်ယအလောင်း ပျက်စီးသွားရတယ် မဟုတ်လား?

(မှန်လှပါ ဘုရား)

## ပေါင်းကြည့် + ကြည့်ပေါင်း

ဒါကြောင့် တပည့်တွေကို ပြောရတာယ်။ လူတွေကို ပေါင်းကြည့်ပါ၊ ပေါင်းကြည့်ပြီးတဲ့အခါ မကောင်းတဲ့လူဆိုရင် ကြည့်သာပေါင်းပေတော့လို့ သတိပေးရပါတယ်။

## သာသနာမှ ဖဲခွာရ

သူဟာ ယုတ်မာတဲ့အကြံအစည်ရဲ့ အလိုကို လိုက်မိသူဖြစ်ပြီးတော့ သာသနာတော်မှ ဖဲခွာခဲ့ရပါတယ်တဲ့။

သာသနာတော်ကို တကယ်ချစ်ခင်မြတ်နိုးတဲ့ သာသနာ့သူရဲကောင်း တစ်ယောက် သာသနာတော်ကနေ ပျောက်သွားရတယ်နော်။

(မှန်လှပါ ဘုရား)

## အမေသတ်တာ + သားယုတ်မာ

နောက်တော့ အဲဒီယုတ်မာတဲ့ မိတ်ဆွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် အမေအရင်းကိုတောင် သတ်မိသွားတယ်တဲ့။

ဒီတော့ မိတ်ဆွေယုတ်ဟာ ကြောက်စရာကောင်းတယ်။ မိမိရဲ့စိတ်ယုတ် စိတ်ဆိုးတွေဟာလည်း ကြောက်စရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## လမ်းများကိုလျှောက် သားတစ်ယောက်

ဒီတော့ အမေရင်းကိုတောင် သတ်မိသူဟာ တကယ်လမ်းမှားကို လျှောက်သွားတဲ့ လူတစ်ယောက် (သားတစ်ယောက်) ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ် ဘုရား)

ဒီနေ့ဟောနေတဲ့ တရားက?

(လမ်းမှားကိုလျှောက် လူတစ်ယောက်ပါ ဘုရား)

ဂဃမှတ်လိုက်ပါဦး၊ လမ်းမှားကိုလျှောက် သားတစ်ယောက်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ဘာကြောင့် ဒီတရား ဟောနေရတာလဲဆိုတော့ ခုခေတ် မိဘမှန်း မသိသူတွေ များနေတဲ့အတွက် လမ်းမှားကိုလျှောက်မိရင် ဆင်းရဲဒုက္ခတွေ များမှာစိုးလို့ ဟောနေတာနော်။ (မှန်လှပါ ဘုရား)

## ပြစ်မှားစိတ်ဓာတ် အမေသတ်

သူဟာ ပြစ်မှားတဲ့စိတ်နဲ့ အမေကိုသတ်မိတော့ အနန္တရိယကံကို ပြုမိသူ ဖြစ်သွားတယ်။

အနန္တရိယကံဆိုတာ အခြားမဲ့ဘဝမှာ မုချအကျိုးပေးတဲ့ ကံကြီးလို့ ဆိုလိုပါတယ်။ အနန္တရိယကံ ၅ ပါး ရှိတယ်။ အဲဒီငါးပါးကတော့ အမိကိုသတ်တာ၊ အဖကိုသတ်တာ၊ ရဟန္တာကို သတ်တာ၊ ဘုရားရှင်မှာ သွေးကိုဖြစ်စေတာ၊ သံဃာတွေ မညီမညွတ်အောင် သံဃာသင်းခွဲတာတို့ ဖြစ်တယ်။ အဲဒီအနန္တရိယကံ ၅ ပါးမှာ တစ်ပါးပါးပြုမိတယ်ဆိုရင် သေတဲ့အခြားမဲ့မှာ အဝီစိငရဲကျရတယ်။

## အဝီစိကျ သူ့ဘဝ

သူဟာ သေတဲ့အခါ အလွန်ကြမ်းကြုတ်တဲ့ အဝီစိငရဲကြီးကို ရောက်သွားရတယ်။

## ဆင်းရဲနွေညှ ကျင်လည်ရ

သူဟာ ဖရိုဖရဲပျက်စီးပြီး ကျရာ ငရဲပြည်ရောက်သွားရတဲ့အခါ ကြာမြင့်စွာ ကာလပတ်လုံး ဆင်းဆင်းရဲရဲ ကျင်လည်ခဲ့ရပါတယ်တဲ့။

## မတွေ့ရပါ သုမေဓာ

လှုံ့လရှိသူတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ သုမေဓာရသေ့ကို တစ်ဖန် မတွေ့ရတော့ပါဘူးတဲ့။

## ကျက်စားဖို့ရန် ချဉ်းကပ်ပြန်

သူဟာ အဝီစိငရဲကနေ လွတ်မြောက်လာတဲ့အခါ ဒီကမ္ဘာတွင် သမုဒ္ဒရာမှာ

ဟိမ်ဝိဝိဂ်လင်ါးကြီး ဖြစ်ခဲ့ရတယ်။ သမုဒ္ဒရာမှာ လှေကိုမြင်ရတော့ ကျက်စားရန် အတွက် ချဉ်းကပ်လိုက်တယ်။ (အစာရှာရန် ချဉ်းကပ်လိုက်တယ်)

## မြတ်စွာဗုဒ္ဓ အောက်မေ့ကြ

ကုန်သည်တွေဟာ ငါးကြီးကိုမြင်ရတဲ့အခါ တအားကြောက်လို့ကာ ဘုရား မြတ်ကို မပြတ်ခါခါ အောက်မေ့ကြပါတယ်။ "ဂေါတမဘုရား၊ ကယ်တော်မူပါ။ ဂေါတမဘုရား ကယ်တော်မူပါ"လို့ အောက်မေ့ကြ၊ အော်ဟစ်ကြတယ်နော်။

(မှန်လှပါ ဘုရား)

## ဂေါတမသံ ကြားရပြန်သော်

ငါးကြီးဟာ ကုန်သည်တွေ အော်မြည်မြွက်ဆိုတဲ့ ဂေါတမဆိုတဲ့အသံကြီးကို ကြားရပါတယ်။ အဲဒီလိုကြားတဲ့အခါ–

## ကြွယ်ဝချမ်းသာ အမျိုးလာဖြစ်

ရှေးကပြစ်ဖူးတဲ့ အမှတ်သညာကို အောက်မေ့ပြီး ငါးဘဝကနေ သေဆုံးတဲ့ အခါမှာ သာဝတ္ထိမြို့မှာ ကြွယ်ဝတဲ့အမျိုးဖြစ်တဲ့ ပုဏ္ဏားမျိုး လာဖြစ်တယ်။

## ဓမ္မရုစိ အမည်ရှိ

သူဟာ အကုသိုလ်အားလုံးကို စက်ဆုပ်တတ်တဲ့ ဓမ္မရုစိဆိုတဲ့ အမည်ရှိသူ ဖြစ်ခဲ့တယ်။ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာ မြတ်စွာဘုရားကို ဖူးမြင်ရတယ်။

## သုံးကြိမ်ချဉ်းကပ် ဘုရားမြတ်

ဇေတဝန်ကျောင်းတော်သွားကာ ရဟန်းဘောင်ဝင်ရောက်ခဲ့တယ်။ ညဉ့် ရော နေ့ပါ သုံးကြိမ် မြတ်စွာဘုရားကို ချဉ်းကပ်ပါတယ်။

## ကြာမြင့်ပြောရာ လျှောက်ထားလျှာ

အဲဒီလို ချဉ်းကပ်တဲ့အခါမှာ မြတ်စွာဘုရားက သူ့ကို မြင်ပြီးတော့ 'ဓမ္မရုစိ' ကြာမြင့်ပြီနော်လို့ မိန့်ဆိုကော်မူပါတယ်။

အဲဒီလို မိန့်ဆိုတော်မူတဲ့အခါ သူဟာ မြတ်စွာဘုရားကို ရှေးကသာ အကြောင်းရင်းရှိတဲ့ စကားကို လျှောက်ထားပါတယ်။

မြတ်စွာဘုရားနဲ့ မွေရုစ် ပြောကြားလျှောက်ထားနေတဲ့ ဒီနေရာလေးကြည့်ပြီး တော့ သနားစရာ ဝမ်းနည်းစရာကောင်းတယ်နော်။

(မှန်လှပါ ဘုရား)

## ဘုရားဖူးရ ကောင်းမြတ်လှ

အရာမကတဲ့ ဘုန်းကံလက္ခဏာရှိတော်မူတဲ့ ရှေးဘဝမှာ အထူးစင်ကြယ် တဲ့ အကြောင်းကံရှိတော်မူတဲ့ မြတ်စွာဘုရားကို မဖူးမြင်ရသည်မှာ အလွန်ကြာမြင့် ပါပြီ။

ယခုတော့ တပည့်တော်ဟာ အရှင်ဘုရားရဲ့ မနှိုင်းယှဉ်နိုင်တဲ့ ကိုယ်တော် ကို ဖူးမြင်ရပါပြီ။

ဒီလိုဖူးမြင်ရခြင်းဟာ တကယ်တော့ ကောင်းမြတ်တဲ့ ဖူးမြင်ရခြင်း ဖြစ်ပါ တယ် ဘုရား။

## မောဟမိုက်မှောင် ဖျက်ဆီးဆောင်

အရှင်ဘုရားဟာ အလွန်ကြာမြင့်စွာ မောဟအမိုက်မှောင်ကို ဖျက်ဆီးတော် မူပါပေတယ်။

တပည့်တော်ဟာ စင်ကြယ်စွာစောင့်ရှောက်အပ်တဲ့ သီလအကျင့်မြတ်နဲ့ တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ။

မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ဉာဏ်ဖြင့်ပြီးတဲ့ မျက်လုံးတော်ကို အညစ် အကြေး မရှိအောင် အလွန်ကြာမြင့်စွာ သုတ်သင်တော်မူအပ်ပါပြီ။

## ပေါင်းဆုံကွေကွင်း ပြန်ဆုံခြင်း

တပည့်တော်ကား အရှင်ဘုရားနဲ့ ကာလကြာမြင့်စွာ အတူတကွ ပေါင်းဆုံ ခဲ့ရပါတယ်။

တစ်ဖန် ဘဝအလယ်မှာ ကြာမြင့်စွာ ကွေကွင်းခဲ့ရပါတယ်။

## အမှန်တွေလျှောက် ကံမပျောက်

ယခုတစ်ဖန် အရှင်ဘုရားနဲ့ ပေါင်းဆုံရပြန်ပါတယ်။ ဂေါတမမြတ်စွာဘုရား၊ မှန်ပါတယ်။ ပြုလုပ်တဲ့ကံတွေဟာ မပျောက်မပျက်ပါဘူးဘုရားလို့ လျှောက်ထားပါ တယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

## လမ်းမှန်ကိုလေ လျှောက်နိုင်စေ

ဒီနေ့ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဦးစီးပူဇော်နေကြတဲ့ လူဝယ်တွေနဲ့ တရားနာပရိသတ်အားလုံး "လမ်းများကိုလျှောက် လူတစ်ယောက်"ရဲ့ အမှားတွေကို နားလည်သဘောပေါက်ပြီး "လမ်းမှန်ကိုလျှောက်+လူတစ်ယောက်"ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

## "လမ်းများကိုလျှောက် လူတစ်ယောက်" တရားတော် ပြီးပြီ။

## လမ်းများကိုလျှောက် လူတစ်ယောက်ကဗျာများ

* ဒီပင်္ကရာ မြတ်ဘုရားက
သုမေဓာအား ဗျာဒိတ်ချွေ။
* ဘုရားဖြစ်မှာ ဘဝကြောင်းကို
စုံအောင်ကောင်းကောင်း ဟောမိန့်ပေ။
* မယ်တော်မာယ အမေရင်းနဲ့
သုဒ္ဓေါဒနမင်း ဖြစ်တယ်လေ။
* ဒီရသေ့ဟာ ဂေါတမဟု
သေချာဗုဒ္ဓဖြစ်မယ်လေ။
* ပြုနိုင်ခဲ့တာ တကယ်ပြုကျင့်
ဘုရားဖြစ်ပွင့် မလွဲပေ။
* ဥပတိဿ၊ ကောလိတက
အဂ္ဂသာဝက ဖြစ်မယ်လေ။
* အာနန္ဒာခေါ် ရဟန်းတစ်ပါးက
မြတ်ဘုရားရဲ့ လုပ်ကျွေးပေ။
* ခေမာ သေချာ ဥပ္ပလ်တို့
အဂ္ဂသာဝိကာမပေ။
* စိတ္တဒကာ အာဠာဝက
ဥပါသကာ ဖြစ်မယ်လေ။

* ဥပါသိကာ သေချာထုတ်ပြ
ခုမှုတွေရာ နမူပေ။
* လှံလရှိသူ ဂေါ်တမ၏
ဗောဓိပင်သိ ညောင်ဗုဒ္ဓပေ။
* အဲဒီလိုသာ ဗျာဒိတ်စကား
သောချာမိန့်ကြားခဲ့တယ်လေ။
* လူ နတ်တွေဟာ မြတ်ဘုရား၏
စကားသိကြား ဝမ်းမြောက်ပေ။
* မေဃလုလင် သူပင်ဖြစ်ခဲ့
ကောင်းတဲ့အတတ် ရှိသူပေ။
* သုမေဓာကို ဗျာဒိတ်ကြားတော့
သုမေဓာအား ခင်သွားပေ။
* သုမေဓာခေါ် ရသေ့နောက်သို့
အတူလျှောက်ပြု ရဟန်းပေ။
* အဲဒီချိန်မှာ လမ်းမှန်လျှောက်လို့
လမ်းကောင်းရောက်တဲ့ လူမြတ်ပေ။
* သီ၊ ဣန္ဒြေစောင့်ကာစည်းလို့
အသက်မွေးလည်း စင်ကြယ်နေ။
* သတိ ဝီရိယ ပြည့်စုံလှလို့
လိုက်တာမချို့ ကျင့်သုံးနေ။
* တစ်နေ့တော့လေ ယုတ်မာဆိုးတဲ့
မိတ်ဆွေဆိုးနဲ့ တွေ့ရပေ။
* မိတ်ဆွေဆိုးဟာ မကောင်းတာများကို
အကြောင်းရှာထား တိုက်တွန်းနေ။
* အကျင့်ကောင်းတွေ အကုန်ပျောက်လို့
လမ်းမှားကိုရောက်သွားရပေ။
* မကောင်းကြံစည် အလိုလိုက်က
သာသနာမှ ခွာရပေ။
* နောင်အခါမှာ မိတ်ဆွေယုတ်၏
တိုက်တွန်းအမိ သတ်မိပေ။

* အမေသတ်သူ လမ်းမှန်ပျောက်လို့
လမ်းမှားကို ရောက်သွားရပေ။
* သေသောအခါ ကြမ်းကြုတ်လှသည့်
အဝီစိငရဲ ကျရပေ။
* ငရဲရောက်ရင် အကြာကြီးပဲ
ဆင်းဆင်းရဲရဲ နေရပေ။
* ဆိုးယုတ်မိတ်ဆွေ ပေါင်းမိခဲ့တဲ့
သူ့ရဲ့အကြောင်း မကောင်းပေ။
* လူဆိုးပေါင်းရင် လမ်းမှန်လျှောက်လို့
လမ်းမှားကိုရောက် ဆင်းရဲနေ။
* သုမေဓာခေါ် ရှင်ရသေ့ကို
တစ်ဖန် မတွေ့ရတော့ပေ။
* သမုဒ္ဒရာမှာ တိမိင်္ဂလ
ငါးကြီးမှုချ လာဖြစ်ပေ။
* သမုဒ္ဒရာမှာ လှေကိုတွေ့က
အစာရဖို့ ချဉ်းကပ်ပေ။
* ငါးကြီးကိုမြင် ကုန်သည်များက
ဘုရားကိုတ အောက်မေ့နေ။
* ကုန်သည်တွေဟာ ဂေါတမဟု
အသံကြီးပြု ကြားရပေ။
* ရှေးကသညာ အောက်မေ့ပြီးက
ငါးဘဝမှ သေတော့လေ။
* သာဝတ္ထိမှာ ကြွယ်ဝမျိုး၌
ပုဏ္ဏားမဆိုး ဖြစ်ရပေ။
* အကုသိုလ်တွေ စက်ဆုပ်တတ်သည့်
ဓမ္မရုစိ မည်ရှိပေ။
* ခုနစ်နှစ်မှာ မြတ်ဗုဒ္ဓကို
ဖူးမြင်ရတော့ ဝမ်းမြောက်နေ။
* ဇေတဝန်ခေါ် ကျောင်းတော်သွားလို့
ရဟန်းဘောင်သို့ ဝင်ခဲ့ပေ။

* တစ်နေ့သုံးကြိမ် မြတ်ဘုရားကို
ဦးနှိမ်ဝပ်တွား ခစားပေ။
* သူ့ကိုမြင်ရင် မြတ်ဘုရားက
လွန်စွာသနားမိကာလေ။
* သူ့အမည်ခေါ် ကြာမြင့်ကြောင်းကို
သေချာအကောင်း မိန့်ဆိုပေ။
* သူ့ရဲ့ရှေးကံ အကြောင်းရင်းရှိ
စကားကိုကြည့် လျှောက်ထားပေ။
* မြတ်ဘုရားကို မဖူးမြင်ရ
ကြာမြင့်လှတာ လျှောက်ထားပေ။
* ယခုမှပင် မြတ်ဘုရားကို
ဖူးမြင်ခစား ကောင်းလှပေ။
* မြတ်ဘုရားရှင် မောဟထုကို
ဖျက်ဆီးပြုတာ လျှောက်တင်ပေ။
* သူလည်းစင်ကြယ် သီလတရားနဲ့
တဏှာမြစ်များ ခြောက်သွေ့စေ။
* မြတ်ဘုရားရှင် ဉာဏ်မျက်လုံးနဲ့
ညစ်ကြေးအားလုံး သုတ်သင်ပေ။
* အကျွန်ုပ်သည် မြတ်ဘုရားနဲ့
ကာလရှည်လျား ပေါင်းခဲ့ပေ။
* ဘဝလယ်မှာ မြတ်ဘုရားနဲ့
ကာလရှည်လျား ခွဲရပေ။
* ယခုတစ်ဖန် မြတ်ဘုရားနဲ့
ပေါင်းဆုံခဲ့ရ ကောင်းလှပေ။
* ရှေးကပြုပြန် ကံတရားတို့
အမှန်ထင်ရှား မပျောက်ဇပေ။
* ဘုရားထံမှာ ရဟန္တာဖြစ်ရ
သူ့ဘဝလေး အေးသွားပေ။

* လမ်းမှားရောက်သူ လူတစ်ယောက်ရဲ့
မှတ်လောက်လေတဲ့ အကြောင်းတွေ။
* လူပေါင်းမှားရင် လမ်းမှန်ပျောက်လို့
လမ်းမှားရောက်မှာ မလွဲပေ။
* လူပေါင်းမှားရင် လူကောင်းများတောင်
ပျက်စီးသွားတတ် သိပါလေ။
* လူပေါင်းမှားချင် လူငယ်များတို့
သတိထားဖို့ ရေးပေ့ဘဝေ။
* ကောင်းသူ တော်သူ လူကောင်းများကို,
ရွေးချယ်ပေါင်းသွား ကောင်းတော်စေ။
* ကောင်းတော်ပါစေ ကောင်းစိတ်ထားနဲ့
ကောင်းတရားတွေ ပြောပြနေ။
(ဟောပြဝေ)၂

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဂုဏ္ဏာဓာနဝဂ်၊ အဓိမုတ္တတ္ထေရအပဒါန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

# "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ"

## တရားတော်

ဒီနေ့ မဂ္ဂလာပ်တွေ ဆောက်ပြီး ဆွမ်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ' တရားတော်ပါ ဘုရား)

### အထူးကြည်သာ+သံဃာလုပ်ကျွေး

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

လူတွေရဲ့ ကိုးကွယ်ရာလည်းဖြစ်၊ လူတွေထက်လည်း မြတ်တော်မူတဲ့ အတ္ထဒဿီဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ အခါမှာ အဓိမုတ္တမထေရ်အလောင်း သူတော်ကောင်းလေးဟာ အထူးကြည်လင်တဲ့စိတ်နဲ့ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခဲ့တယ်။

### ဆွမ်းကပ်ဆုတောင်း+နိဗ္ဗာန်ကောင်း

သူဟာ သူ့ဆွမ်းကပ်ပွဲကို ဖြောင့်မတ်တည်ကြည်တဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီးတော့ ကြွေတွေနဲ့ မဂ္ဂလာပ်ဆောက်လိုက်တယ်။ အဲဒီကြွေမဂ္ဂလာပ်ထဲမှာ သံဃာတော်မြတ်တွေကို ဆွမ်းဆက်ကပ်ပြီးတော့ အေးမြတဲ့နိဗ္ဗာန်ကို ဆုတောင်းလိုက်ပါတယ်။

### လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ

သူဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာ ဘဝတိုင်းမှာ အားလုံးသော သတ္တဝါတွေကို ဂုဏ်အားဖြင့် လွှမ်းမိုးသာလွန်ရတယ်။

အဲဒီဂုဏ်တွေကတော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ ခံစားစရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဂုဏ်တွေပါပဲ။

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ ကောင်းတဲ့ဂုဏ်တွေ လွှမ်းမိုးသာလွန်ချင်ရင် သံဃာမမေ့ရဘူးနော်။

(မှန်လှပါ ဘုရား)

သံဃာရှိရင် ဘုရားရှိတယ်၊ သံဃာရှိရင် တရားရှိတယ်၊ သံဃာရှိရင် သာသနာရှိတယ်နော်။

(မှန်လှပါ ဘုရား)

သံဃာ့ကျေးဇူး အထူးသိကာ ဆွမ်းကပ်တဲ့ ဒကာလေးမှာ လူ နတ် ဖြစ်ရာ လွှမ်းမိုးသာတဲ့ ကောင်းကျိုးတွေ ရသွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ?

(လွှမ်းမိုးဂုဏ်သာ ဖြစ်လေရာ တရားတော်ပါ ဘုရား)

## အပါယ်လေးပါး သူမလား

သူဟာ ၁၈၀၀ ကမ္ဘာထက်မှာ သံဃိကဒါနလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားရတော့ပါဘူးတဲ့။ ဒီအပါယ်လွတ်တဲ့ ကောင်းကျိုးရတာဟာ ကြိမကျွှာပ်လှူခြင်း၊ သံဃိက ဆွမ်းကပ်ခြင်း ကုသိုလ်တွေကြောင့် ဖြစ်တယ်တဲ့။

## မြတ်ရဟန္တာ+ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သဒ္ဓါအရ တည်တံ့ခိုင်မြဲတဲ့ အဓိမုတ္တမထေရ် ဆိုတဲ့ ရဟန္တာဖြစ်တော်မူရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* အတ္ထဒဿီ၊ ဘုရားသည်၊ စံပြီပရိနိဗ္ဗာန်၊

* အထူးကြည်သာ၊ မြတ်သံဃာ၊ သေချာလုပ်ကျွေးပြန်၊

* ဖြောင့်မတ်တည်ကြည်၊ ဂုဏ်တွေစီ၊ ပင့်ပြီမြတ်သံဃာ၊

* ကြိမကျွှာပ်ပေါ်၊ သံဃာတော်၊ ပင့်ပျော်ဆွမ်းကပ်ပြန်၊

* လူ နတ်ဖြစ်ရာ၊ သတ္တဝါ၊ ဂုဏ်သာလွှမ်းမိုးပြန်၊

* လွှမ်းမိုးဂုဏ်သာ၊ ဖြစ်လေရာ၊ ပါယ်ရွာလွတ်ရပြန်၊

* မြတ်ရဟန္တာ၊ ဖြစ်ရရှာ၊ သေချာဆွမ်းဒါန်။

**"လွှမ်းမိုးဂုဏ်သာ+ဖြစ်လေရာ" တရားတော် ပြီးပြီ။**

ဥဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မိဿကဝဂ်၊ ဝနွှောဒကိယ ထေရအပဒါနကို ကမ်းဆက်၍ ဟောကြားအပ်သော

# "သောကကင်းဝေး+ငြိမ်းချမ်းအေး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့်+ဗုဒ္ဓနေ့" မှာ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "သောကကင်းဝေး+ငြိမ်းချမ်းအေး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('သောကင်းဝေး+ငြိမ်းချမ်းအေး' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### ပူဇော်ဆင်နွှဲ+ဗောဓိပွဲ

ပဒုမုတ္တရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ မြို့သူမြို့သား လူအများတွေဟာ မြတ်တဲ့တင်းရှူးဗောဓိပင် ပူဇော်ပွဲကြီး လုပ်နေကြတယ်။

အဲဒီလို ဗောဓိပူဇော်ပွဲ လုပ်နေတာကို မြင်ရတော့ ဂန္ဓောဒကိယမထေရ်ရဲ့ အလောင်း သူတော်ကောင်းလေးဟာ ရတနာ-ခြူးပန်း-ခြူးနွယ်တွေနဲ့ ဆန်းကြယ်တဲ့ အိုးကိုယူပြီးတော့ နံ့သာရေနဲ့ ဗောဓိပင်ကို သွန်းလောင်းပူဇော် လှူဒါန်းခဲ့ပါတယ်။

### ဗောဓိပူဇာ+မိုးတွေရွာ

အဲဒီထင်းရှူးဗောဓိပင်ကို ပက်ဖြန်းသွန်းလောင်းနေချိန်မှာ မိုးကလည်း အကြီးအကျယ် ရွာချနေပါတယ်။ မိုးကြိုးပစ်လိုက်တဲ့အခါမှာ မိုးကြိုးသံကြီး ထွက်ပေါ်လာပါတယ်။

### မိုးကြိုးစက်ဟုန်+သေပွဲကြို

သူဟာ ဗောဓိပင် ပူဇော်နေခိုက်မှာပဲ အဲဒီမိုးကြိုးစက်ရဲ့အဟုန်ကြောင့် သေပြီးတော့ နတ်ပြည်ရောက်ရပါတယ်။ နတ်ပြည်ရောက်တော့ ယခုဆိုမည့်ဂါထာတွေကို ရွတ်ဆိုလိုက်ပါတယ်။

## အံ့သြစရာ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ အံ့သြစရာကောင်းတယ်။
တရားတော်ဟာ အံ့သြစရာကောင်းတယ်။
ငါတို့မှာ ဆရာရဲ့ပြည့်စုံခြင်းဟာ အံ့သြစရာကောင်းတယ်။
ငါ့ရဲ့ကိုယ်ကောင်ဟာ မြေမှာကျသွားတယ်။
ငါဟာ နတ်ပြည်မှာ ပျော်မွေ့ရတယ်တဲ့။

## နတ်သမီးတွေ+ခစားနေ

သူ့ရဲ့နေရာ ဗိမာန်ဟာ ဘုံဆင့်ပေါင်း တစ်ရာရှိတယ်၊ မြင့်စောက်တယ်၊ ကောင်းကင်ကို စွင့်စွင့်တက်တယ်။ သူ့ကို နတ်သမီးပေါင်း တစ်သိန်းက အမြဲတစေ ခြံရံနေကြတယ်တဲ့။

## အနာရောဂါ+မဖြစ်ပါ

သူ့မှာ အနာရောဂါဆိုတာ မဖြစ်ဘူးတဲ့။ အနာရောဂါဘေး ကင်းဝေးရတယ်။

အနာရောဂါဘေး ကင်းဝေးအောင် ဘုရားကို ရေလှူရမယ်။ ရေသပ္ပာယ် ရမယ်နော်။

(မှန်လှပါ ဘုရား)

## သူ့ရဲ့ရင်ဝယ် သောကကွယ်

သူ့မှာ စိုးရိမ်ခြင်းသောကဆိုတာလည်း မရှိဘူးတဲ့။ သောကဆိုတာ ဝေလာဝေး။ သောကအေးတယ်၊ သောကဝေးတယ်။ သူ့ရဲ့ရင်မှာ စိုးရိမ်ခြင်းသောကဆိုတာ ကင်းဝေး ကွယ်ပျောက်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ဒီနေရာလေးကို ကြည့်ပြီးတော့ သူ့ရဲ့ရင်မှာ သောကကွယ်ပျောက်သွားရသလို ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း သောကတွေ ကွယ်ပျောက်သွားရအောင် ဘာလှူရမလဲ?

(ရေလှူရမှာပါ ဘုရား)

## ကဆုန်လပြည့်+ဗုဒ္ဓနေ့

ဒီနေ့ ဘာနေ့ပါလိမ့်။

(ကဆုန်လပြည့်နေ့ပါ ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြလဲ
(ဖောဝိညောင်ပင် ရေလှူနေကြပါတယ် ဘုရား)

## သောကရောက် သောကပျောက်

ဒီရေအလှူ အထင်မသေးနဲ့ သောကပျောက်ဆေး ဖြစ်တယ်နော်။
(မှန်လှပါ ဘုရား)

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ ရေးပေါင်းများစွာ အခက်အခဲတွေကြောင့် သောကတွေ ရောက်နေရတယ်ဆိုရင် ဘုရားကို ရေသပ္ပာယ်ပါ၊ ရေလှူပါ၊ ရေကပ်ပါ။ အဲဒီလို ရေကုသိုလ်လေး ပြုပေးရင် သောကရောက်နေသူတွေ သောကပျောက်မယ်နော်။
(မှန်လှပါ ဘုရား)

## သောကကင်းဝေး ငြိမ်းချမ်းအေး

ဗောဓိပင် ရေအလှူကြောင့် သောကပျောက်၊ သောကကင်းဝေးသွားတော့ သူ့ရင်ထဲမှာ ငြိမ်းချမ်းအေးမြမသွားဘူးလား?
(ငြိမ်းချမ်းအေးမြသွားပါတယ် ဘုရား)
ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?
("သောကင်းဝေး+ငြိမ်းချမ်းအေး" တရားပါ ဘုရား)

## ဆုပေးချင်တာ ဒီလိုပါ

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဆုပေးချင်တာကတော့ သောကရောက်နေရင် သောကတွေ အကုန်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးကြပါစေ၊ သောကရင်ဝယ် ကင်းဝေးကွယ်ပျောက်ကြပါစေလို့ ဆုပေးချင်တာပါပဲ။

## ကိုယ်စိတ်နှစ်ဖြာ+မပူပါ

နောက်ပြီးတော့ သူ့မှာ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မမြင်ဖူးဘူးတဲ့။ ကိုယ်စိတ်ပူပန်ခြင်းဆိုတာလည်း မရှိဘူးတဲ့။

ဒီလိုကောင်းကျိုးတရားတွေ ရတာဟာ တကယ်တော့ ဗောဓိပင်ကို နံ့သာရေနဲ့ လှူဒါန်းပူဇော်ခဲ့တဲ့ ကောင်းမှုကံကြောင့် ရတာဖြစ်တယ်တဲ့။

ဒကာ ဒကာမတွေ ကိုယ်ပူ စိတ်ပူ ကင်းဝေးချင်ရင် ဘာလှူရမလဲ?
(ဗောဓိပင် ရေလှူရမှာပါ ဘုရား)

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပင်ကို နှံ့သာရေနဲ့ ပူဇော်နေကြတာဟာ အပူပျောက်ကြောင်း နည်းလမ်းကောင်း ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## ပူတာစတာ ဘယ်နေရာ

ဒီနေရာမှာ အပူသည့်ဒကာကြီးတစ်ယောက်အကြောင်း ပြောဦးမယ်။ ရွာတစ်ရွာမှာ ဦးစိတ်ပူဆိုတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်။ သူ့အိမ်မှာ သားသမီးအပူ၊ မြေးအပူဆိုတဲ့ အပူတွေများတဲ့အတွက် တစ်နေ့မှာ ဦးစိတ်ပူ စဉ်းစားတယ်၊ ရဟန်းသံဃာတွေ၊ ကိုရင် ဦးဇင်းတွေနေတဲ့ကျောင်းဆိုရင် ဘာအပူမှ ရှိမှာမဟုတ်ဘူးလို့ စဉ်းစားတာပါ။ စဉ်းစားပြီးတော့ ဘုန်းကြီးကျောင်း သွားနေတာ အပူသက်သာလောက်တယ်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ တော်တော်လေးကြာတော့ ကိုရင်လေးတွေ စာအော်ကျက်ကြတယ်။ မင်္ဂလသုတ်ထဲက "ပူဇာစ ပူဇနေယျာနံ" ဆိုတဲ့အပိုဒ်ကို ခဏခဏ အော်ကျက်နေတာ ကြားရတော့ ဦးစိတ်ပူ စဉ်းစားတယ်။ ဩော် အပူသက်သာအောင်ဆိုပြီးတော့ ဘုန်းကြီးကျောင်း ရောက်လာတယ်၊ ခုတော့ ပူတာတွေစတာ ဘုန်းကြီးကျောင်းကဆိုပါကော။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ ဦးစိတ်ပူ စဉ်းစားနေတယ်။ ပူတာတွေ 'စ'တာ ဘယ်ကတဲ့လဲ?

(ဘုန်းကြီးကျောင်းကပါ ဘုရား)

ဘုန်းကြီးကျောင်းက ဘုန်းကြီးတွေမှာ အပူမရှိဘူး မထင်နဲ့၊ ဘုန်းကြီးကျောင်း ပိုပူတယ်။ (အားလုံး ရယ်ကြ)

ဘုန်းကြီးတွေ ပိုပူတယ်။ (အားလုံး ရယ်ကြ)

အဲဒီ "ပူတာစ ပူစနေယျာနံ" ဆိုတဲ့ ကိုရင်လေးတွေရဲ့ စာကျက်သံလည်း ကြားရတော့ ဦးစိတ်ပူက ဘုန်းကြီးကျောင်းလည်း ပူနေတာပါပဲလား။ ပူတာစတဲ့နေရာကြီးဟာ ဘုန်းကြီးကျောင်းပါလားလို့ တွေးတောပြီးတော့ ဘုန်းကြီးကျောင်းကနေ ပြန်ထွက်သွားပါတယ်။

## တောထဲ တောင်ထဲ+ပူတာပဲ

ဦးစိတ်ပူ ထပ်ပြီးတော့ စဉ်းစားတယ်။ တောထဲတောင်ထဲဆိုရင်တော့ ဘာအပူမှ ရှိမှာမဟုတ်ပါဘူး။ အဲဒီလိုစဉ်းစားပြီးတော့ တောထဲတောင်ထဲ ရောက်သွားတယ်။ ညနေ ၅ နာရီ ၆ နာရီလောက် ရောက်တော့ 'ဘုတ်'ဆိုတဲ့ ငှက်က "ပူ"

''ပူ'' ''ပူ'' ''ပူ'' လို့ အော်မြည်သံကြားရပြန်တယ်။ အဲဒီလို ''ဘုတ်''မြည်သံ ကြားရပြန်တော့ ဩော် တောထဲတောင်ထဲလည်း 'ပူ'တာပါပဲလားလို့ စဉ်းစား တွေးတောကာ ဘယ်နေရာမှ အပူမကင်းပါလား၊ ဘုန်းကြီးကျောင်းလည်း ပူတာပဲ၊ တောထဲတောင်ထဲလည်း ပူတာပဲလို့ ကောက်ချက်ချကာ ကိုယ့်အိမ်ပဲပြန်တာ ကောင်း ပါတယ်ဆိုပြီးတော့ အိမ်ပဲပြန်ရောက်လာတယ်တဲ့။

## နောက်ဆုံးဆိုက်တာ + ဘယ်ဘူတာ

ဒီတော့ ပရိသတ်ရေ၊ ဘုန်းကြီးကျောင်းလည်း?
(ပူတာပါပဲ ဘုရား)
ဘုန်းကြီးတွေလည်း?
(ပူတာပါပဲ ဘုရား)
တောထဲတောင်ထဲလည်း?
(ပူတာပါပဲ ဘုရား)
နောက်ဆုံးတော့ ဘယ်ဘူတာ ပြန်ဆိုက်လဲ?
(ကိုယ့်အိမ်ဘူတာပဲ ပြန်ဆိုက်ပါတယ် ဘုရား)

## တိုက်ရိုက်မပြော + ပုံနဲ့ပြော

နောက်ဆုံးတော့ ကိုယ်နေနေကျဖြစ်တဲ့ ကိုယ့်အိမ်ပဲ အကောင်းဆုံးနေရာ နော်။ (မှန်လှပါ ဘုရား)

တချို့ဒကာ ဒကာမတွေက ကျောင်းဆို အပူသက်သာမှာပဲဆိုပြီးတော့ တပည့်တော်တို့ ကျောင်းလာနေမယ်၊ ဆရာတော် လက်ခံမှာလားလို့ မေးတဲ့အခါ ဘုန်းကြီးက လက်ခံမယ်လည်း မပြောဘူး၊ လက်မခံဘူးလို့လည်း မပြောဘူး။ ဘုန်းကြီးပြောတာလေး နားထောင်ဆိုပြီးတော့ ဦးစိတ်ပူကြီးအကြောင်း ပြောပြလိုက် တာပါပဲ။ ဒကာ ဒကာမတွေက ဘာပြောလဲဆိုတော့ ဆရာတော်တို့များ စာတော် တော် တတ်တယ်တဲ့။ လက်မခံချင်ဘူး၊ လက်မခံဘူးဆိုတာကို တိုက်ရိုက်မပြောဘူး၊ ပုံလေးနဲ့ ပြောတတ်တယ်တဲ့။

## အပူကင်းရေး + ရေလှူပေး

ကဲ– ထားပါတော့၊ ကိုယ်ပူစိတ်ပူ ကင်းဝေးလိုသူတွေဟာ ဗောဓိပင်ကို ဘုရားကို ရေလှူရမယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## အပူပျောက်စေ တောင်းဆုရွေ

ကိုယ့်မှာ သားရေး သမီးရေး စီးပွားရေးစတဲ့ အပူတွေများ ရောက်နေရင် ဘုရားကိုသာ ရေကပ်လိုက်၊ ရေလှူလိုက်၊ ရေပူဇော်လိုက်၊ ပြီးတော့ အဲဒီအပူတွေ အမြန်ဆုံး ပျောက်ကွယ်သွားပါစေလို့ ဆုတောင်းလိုက်ပါ။

## နေပူတွေခြောက် နေပူတွေပျောက်

အဲဒီရေလှူ ရေကပ်ပြီး ဆုတောင်းနေစဉ်လေးမှာပဲ ကိုယ်ပူ စိတ်ပူတွေ သက်သာလာတာ တွေ့ရပါလိမ့်မယ်။ အပူတွေ အပူပြေလာပါလိမ့်မယ်။ အပူတွေ အေးလာပါလိမ့်မယ်။ ရေအလှူဟာ ဘဝနေပူတွေ ခြောက်၊ ဘဝနေပူတွေ ပျောက် စေနိုင်ပါတယ်။

## ဗုဒ္ဓ မွှော+ရေနံ့စ်ဖြာ

တကယ်တော့ သူရောကိုယ်ပါ သတ္တဝါတွေဟာ အပူသည်တွေပါ။ အပူသည် တွေအတွက် ကူဆယ်၊ ကူကယ်နိုင်တာဟာ ဘုရားတရားရေမှတစ်ပါး အခြားရေ ဘာမှမရှိဘူးဆိုတာကိုလည်း နားလည်သဘောပေါက်ရမှာ ဖြစ်ပါတယ်။

## သေချာရေရာ+ရေဆိုတာ

ရေဆိုတာ တကယ်တော့ လူတွေအတွက် ရေရာအောင် သေချာအေးမြ အောင် ဆောင်ရွက်ပေးတဲ့ အလိုအပ်ဆုံး အရာတစ်ခုပါ။ ဒါကြောင့် ရေရာသေချာ တဲ့ အနာရောဂါ ကင်းဝေးခြင်း၊ စိုးရိမ်ပူပန်မှု ကင်းဝေးခြင်း၊ ကိုယ်ပူ စိတ်ပူဆိုတာ ကင်းဝေးခြင်းဆိုတဲ့ ကောင်းကျိုးတွေရအောင် ဘုရားကို၊ ဗောဓိပင်ကို ရေလှူရ မယ်၊ ရေပူဇော်ရမယ်နော်။

(မှန်လှပါ ဘုရား)

## သံဝသိတ+မင်းစကြ

သူဟာ ၂၈၀၀ ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ် တဲ့ ဗိုလ်ပါအင်အားရှိတဲ့ ''သံဝသိတ'' ဆိုတဲ့ စကြဝတေးမင်း ဖြစ်ဖူးပါတယ်။

## အပူကင်းဝေး+ငြိမ်းချမ်းအေး

သူဟာ လူ နတ် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ချမ်းသာတွေ များစွာ ခံစားရပြီးတော့ ကိုယ်ပူစိတ်ပူစတဲ့ အပူအားလုံးက ကင်းဝေးအေးမြသူ ဖြစ်ရပါ တယ်။ (၄၊ ၂၊ ၈၀)

ဒီနေရာလေးကိုကြည့်ပြီးတော့ ပြောမယ်ဆိုရင်တော့ "အပူကင်းဝေး ငြိမ်းချမ်းအေး" သူ ဖြစ်ရတယ်လို့ ပြောရမှာပါပဲ။

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သိတတ်လိမ္မာတဲ့ အရွယ်မှာ ဘုရားကြည်ညို ပြီး ရဟန်းပြုလာပါတယ်။ ဝိပဿနာတရားတွေ အားထုတ်ပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါ၊ ဝိမောက္ခရှစ်ပါ၊ အဘိညာဥ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူပါတယ်။

ဒီနေ့ "ကဆုန်လပြည့်+ဗုဒ္ဓနေ့"မှာ ဗောဓိပင်မှာ အောင်စေသွန်းကာ ညောင်ရေသွန်းနေကြတဲ့ ဒကာ ဒကာမတွေ အစစအရာရာ အောင်မြင်ကြပါစေ၊ အနာရောဂါတွေ ကင်းဝေးကြပါစေ၊ သောကဟူသမျှ မြူတစ်စိလောက်မျှ မရောက်ကြပါစေ၊ သောကရောက်နေရင်လည်း သောကတွေ အမြတ်ပျောက်ကြပါစေ၊ သောကကင်းဝေး ငြိမ်းချမ်းအေးမြကြပါစေ၊ ကိုယ်ပူ စိတ်ပူ အပူကင်းဝေး ငြိမ်းချမ်း အေးမြကြပါစေလို့ ဆုပေး ဆုတောင်းပြီးတော့ ကဗျာလေးတွေနဲ့ တရားသိမ်းကြရအောင်။

* ပဒုမုတ္တရာ မြတ်ဘုရားရဲ့
ထင်ရှားထင်းရှူး ဗောဓိဝယ်။
* ခြူးပန်း ခြူးနွယ် ဆံနှံကြွယ်အိုးကို
ယူကာသည်ပိုး နှံ့သာချယ်။
* နံ့သာရေတွေ သွန်းလောင်းတုန်းမှာ
မိုးကြီးကောင်းဆုံး ရွာချတယ်။
* မိုးကြီးပစ်ကာ မိုးကြိုးစက်ကြောင့်
ဤငါအသက် ထွက်ရတယ်။
* နတ်ပြည်ရောက်ကာ ဂါထာများကို
သေချာထင်ရှား ရွတ်ပြမယ်။
* ဗုဒ္ဓ မေ့ာ အံ့ဖွယ်ရှိစွ
ဆရာပြည့်ဝ အံ့ဩဖွယ်။
* ငါ့ရဲ့ကိုယ်ဟာ မြေမှာကျလို့
ငါက နတ်ပြည်ပျော်ရတယ်။
* ဘုံဆင့်တစ်ရာ ဗိမာန်ကြီး၌

နတ်သမီးတွေ ခစားတယ်။
* လူနတ်ဖြစ်ရာ အနာဝေးလို့
ကျန်းမာရေးတွေ သိပ်ကောင်းတယ်။
* သောကအပူ မြူတစ်မှုံ
ငါ့ဘဝမှာ ရှိဘူးကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* ကိုယ်ပူ စိတ်ပူ အပူများလည်း
နှလုံးသား၌ ကင်းဝေးကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးမြ ရင်ထဲဝယ်။
* မင်းမြတ်စကြာ 'သံဝံသိတ'
အမှန်တီကျ ဖြစ်သေးတယ်။
* ရဟန္တာပင် အမှန်ဖြစ်ရ
ဗောဓိပူဇ ထူးခြားတယ်။
* ဖြစ်လေရာမှာ အနာဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ သောကဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
* ဖြစ်လေရာမှာ အပူဝေးလို့
ငြိမ်းချမ်းအေးဖို့ ရေလှူကွယ်။
(ဖြေယူမယ်)၂

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ အာယာဂဒါယက ထေရအပဒါန်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ကျောင်းလှူဒါန+ကောင်းကျိုးလှ"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဆွမ်းစားကျောင်း လှူပွဲမှာ ဟောကြားမည့်တရားတော်က "ကျောင်းလှူဒါန+ကောင်းကျိုးလှ" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ကျောင်းလှူဒါန+ကောင်းကျိုးလှ' တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

### စေတီပုထိုး+သူရှိခိုး

ဘုရားရယ်လို့ ဝန်ခံပြောဆိုသူတွေရဲ့အလယ်မှာ ထူးမြတ်တဲ့ သိဒ္ဓိမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ သူဟာ ရွှင်လန်းတဲ့စိတ်နဲ့ မြတ်တဲ့ပုထိုးစေတီတော်ကို ရှိခိုးလိုက်ပါတယ်။

### ဆွမ်းစားကျောင်းတော် ဆောက်ခိုင်းပျော်

သူဟာ လက်သမားတွေကို ခေါ်ပြီးတော့ ဆွမ်းစားကျောင်းရဲ့ ပဏာမကို ပြောပြလိုက်ပါတယ်။ တန်ရာတန်ကြေး အဖိုးလက်ခပေးပြီးတော့ ရွှင်လန်းရွှင်ပြတဲ့ စိတ်နဲ့ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကို ဆောက်လုပ်ခိုင်းပါတယ်။

### ဆွမ်းကျောင်းလှူကာ+ပီတိဖြာ

အဲဒီစိတ်ထဲမှာ တကယ်နှစ်သက်စရာကောင်းတဲ့ ဆွမ်းစားကျောင်းတော်ကြီး ဆောက်ပြီးတဲ့အခါမှာတော့ ရဟန်းသံဃာတွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်ပါတယ်။ သူဟာ သူ့ရဲ့ကျောင်းဒါန၊ ဆွမ်းဒါနတွေကို တော်တော်လေး စိတ်ထဲကြည်လင်ပြီး ပီတိတွေ ဖြစ်နေပါတယ်။

## လူ နတ်ဖြစ်ရ + ကျောင်းဒါန

သူဟာ ရှစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာပဲ လူ့ဘဝနဲ့ မရောနှောဘဲ နေရပါတယ်။ ကြွင်းတဲ့ကမ္ဘာတွေမှာတော့ သူဟာ လူ့ဘဝ၊ နတ်ဘဝ ရောနှောပြီးတော့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက် ကျင်လည်ရပါတယ်။

ဆွမ်းစားကျောင်းလှူတဲ့ ကောင်းမှုဒါနကြောင့် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရတယ်နော်။

(မှန်လှပါ ဘုရား)

## အဆိပ်ကင်းရ + ကျောင်းဒါန

နောက်ပြီးတော့ သူ့ရဲ့ကိုယ်မှာ အဆိပ်တွေ မတက်နိုင်ဘူး၊ မပြန့်နိုင်ဘူးတဲ့။ အဆိပ်ဘေးကင်းတဲ့ ကောင်းကျိုးနော်။

(မှန်လှပါ ဘုရား)

ဒီနေရာလေးကြည့်ပြီးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဆိပ်ဘေးကင်းဝေးချင်တယ်ဆိုရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရဟန်းသံဃာတွေနေတဲ့ ကျောင်းမှာ ဆွမ်းစားကျောင်းဟာ တကယ်အရေးမကြီးဘူးလား?

(ကြီးပါတယ် ဘုရား)

ဒါကြောင့် ရှေးက ဆရာတော်ကြီးတွေက "ဆွမ်းစားကျောင်းသာ အမိ၊ ဆွမ်းစားကျောင်းသာ အဖ" လို့ မိန့်တော်မူကြတယ်။

## ကြည်နူးအားရ + ကျောင်းဒါန

ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ဝမ်းသာရမှာက တကယ်အရေးကြီးတဲ့ ဆွမ်းစားကျောင်းဒါနကြီး ပြုနေရပါလားလို့ တအားကြည်နူးရမယ်၊ တအားဝမ်းသာရမယ်နော်။

(မှန်လှပါ ဘုရား)

## လက်နက်ဘေးကင်း + ကျောင်းလှူခြင်း

နောက်ပြီးတော့ သူ့ကို လက်နက်တွေ မစူးမရှနိုင်ဘူးတဲ့။ လက်နက်ဘေးကင်းဝေးတဲ့ ကောင်းကျိုးရတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့လက်နက်ဘေး ကင်းဝေးချင်ရင် ဘာလှူရမတဲ့လဲ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ဒီနေ့ ကမ္ဘာကြီး ဘာလုပ်နေလဲ၊ လက်နက်တွေ အပြိုင်အဆိုင် လုပ်နေ၊ ထုတ်နေကြတယ်နော်။

(မှန်လှပါ ဘုရား)

လုပ်ချင်သလောက် လုပ်၊ ထုတ်ချင်သလောက် ထုတ်စမ်းပါစေ၊ ဒီနေ့ ဆွမ်းစားကျောင်းဒကာ ဒကာမတွေ ကြောက်စရာလိုသေးရဲ့လား?

(မလိုပါဘူး ဘုရား)

လိုရင်လည်း သွားတောင်းလိုက်ကြပေါ့ဗျာ။

(အားလုံး ရယ်ကြ)

## ပျင်းတောင်ပျင်းသေး စကားလေး

လက်နက်ဘေး ကင်းဝေးတာလောက်တော့ တွံတေးသိန်းတန်စကားနဲ့ ပြောရရင် ဘယ်လိုပြောမလဲ?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

ပျင်းလည်း အိပ်လိုက်တော့ဗျာ။

(အားလုံး ရယ်ကြ)

## ရေဘေးကင်းရ ကျောင်းဒါန

နောက်ပြီးတော့ ရေနစ်ပြီးတော့ မသေရဘူးတဲ့၊ ရေဘေးကင်းဝေးတယ်နော်။

(မှန်လှပါ ဘုရား)

ဒီတော့ ရေဘေးကင်းဝေးချင်ရင် ဘာလှူ?

(ဆွမ်းစားကျောင်း လှူရမှာပါ ဘုရား)

ရေဘေးကင်းဝေးတာလောက်တော့– ဆက်လိုက်ပါဦး?

(ပျင်းတောင် ပျင်းပါသေးတယ် ဘုရား)

အဲဒီလို အဆိပ်ဘေး၊ လက်နက်ဘေး၊ ရေဘေးတွေ ကင်းဝေးတာဟာ ရှည်လျားတဲ့ ဆွမ်းစားကျောင်းကြီး လှူရတဲ့ ကောင်းကျိုးတွေ ဖြစ်တယ်ဆိုတာ တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

## မိုးရွာ နတ်တွေ + လိုလိုက်ပေ

နောက်ပြီးတော့ သူက မိုးကို အလိုရှိတယ်ဆိုရင် မိုးရွာချပေးရတယ်တဲ့။ နတ်တွေကလည်း သူ့အလိုကို လိုက်ပေးကြရတယ်တဲ့။ အဲဒီလို ထူးခြားဆန်းကြယ်တဲ့ ကောင်းကျိုးတွေ ရတာဟာ ကောင်းမှုကံရဲ့ အကျိုးတွေပဲ ဖြစ်တယ်တဲ့။

## စကြာမင်းလှ + ကျောင်းဒါန

နောက်ပြီးတော့ သူဟာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းအကြိမ် ၃၀ ဖြစ်ရတယ်။

## မထီမဲ့မြင် မပြုအင်

သူ့ကို ဘယ်သူကမှ မထီမဲ့မြင် မပြုဝံ့ကြဘူးတဲ့။ ဒီကောင်းကျိုးတွေဟာ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးလှတွေပဲ ဖြစ်တယ်။

## အပါယ်လွတ်ရ + ကျောင်းဒါန

ဒီဘဒ္ဒကမ္ဘာမှ ၃၁ ကမ္ဘာထက်မှာ ဆွမ်းစားကျောင်းရှည်ကို ဆောက်လုပ်လှူဒါန်းခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး မရောက်ရပါဘူး။

ဒီအပါယ်လေးပါး ကင်းဝေးတဲ့ ကောင်းကျိုးဟာလည်း ရှည်လျားတဲ့ ဆွမ်းစားကျောင်း လှူရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ သဒ္ဓါတရားနဲ့ ရဟန်းပြုကာ ဝိပဿနာတရား ကြိုးစားအားထုတ်ပြီးတော့ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး ပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

ဒီလို ကောင်းကျိုးလှတွေ စုံစုံလင်လင် ရရှိတာဟာ ဆွမ်းစားကျောင်း လှူတဲ့ ဒါနကြောင့် ဖြစ်တယ်နော်။

(မှန်လှပါ ဘုရား)

## နေ့နေ့ညည သတိရပါ

ဒီနေ့ ဆွမ်းစားကျောင်းလှူကြတဲ့ ဦး (   ) ဒေါ် (   ) မိသားစုတွေလည်း အခုဟောပြီးခဲ့တဲ့ ကောင်းကျိုးတွေ ပိုင်ဆိုင်ရရှိမှာ မလွဲပါဘူးလို့ မှတ်သားကြပါ၊ ပီတိဖြစ်ကြပါ၊ ကိုယ်လှူတဲ့ ကျောင်းဒါနကို နေ့နေ့ညည သတိရကြပါ၊ အောက်မေ့ အမှတ်ရကြပါ၊ ဆင်ခြင်နှလုံးသွင်းကြပါလို့ မှာချင်ပါတယ်။

ကဲ– ကျောင်းလှူဒါန ကောင်းကျိုးလှ ကဗျာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ဆွမ်းစားကျောင်းတော် အရှည်ကြီးကို
သဒ္ဓါဦးစီး လှူခဲ့တယ်။
* ကျောင်းဆောက်ပြီးသော် သံဃာများကို
ပင့်ကာထားလို့ ဆွမ်းကပ်တယ်။
* ဆွမ်းကျောင်းလှူကာ သူ့ရင်ဦး၌
ပီတိထူးဆိုက် ကြည်နူးတယ်။
* ရှစ်ကမ္ဘာမှာ နတ်ပြည်ဖြစ်ရ
လူ့ဘဝနဲ့ မရောကွယ်။
* ကြွင်းကမ္ဘာမှာ လူ နတ်ရောလို့
အံ့ဩလောက်အောင် ဖြစ်ရတယ်။
* အဆိပ်ဘေးတွေ ကင်းစင်ဝေးရ
သူ့ဘဝမှာ အေးချမ်းတယ်။
* လက်နက်ဘေးတွေ ကင်းစင်ဝေးရ
လက်နက်ဒုက္ခ ရောက်ဘူးကွယ်။
* ရေဘေးတွေပါ ကင်းစင်ဝေးရ
ရေမှာနစ်ကျ သေဘူးကွယ်။
* ပူအိုက်မိုးကို သူလိုလားက
မိုးတွေများစွာ ရွာချတယ်။
* သူ့အလိုကို နတ်အများက
မပြတ်မနား လိုက်ပေးတယ်။
* ရတနာတွေ အစုံရတဲ့
မင်းလှစကြာ ဖြစ်ရတယ်။
* မထီမဲ့မြင် ဘယ်သူကမှ
မပြုဝံ့ကြ သူ့ကိုကွယ်။
* အပါယ်ဆိုတာ ရောက်ဖို့ဝေးစွ
သိရုံလေးမျှ သိဘူးကွယ်။
* မြတ်ရဟန္တာ တကာယ်ဖြစ်ရ
ဆွမ်းကျောင်းဒါန ကောင်းကျိုးကွယ်။

* ကျောင်းလှူရတာ ကောင်းကျိုးလှကို
ကြောင်းကျိုးပြကာ ကဗျာချယ်။
* ဆွမ်းကျောင်းလှူသူ ပီတိပွားဖို့
ကဗျာလေးများ ရေးစပ်တယ်။
(မှတ်ကွယ်)၂

"ကျောင်းလှူဒါန၊ ကောင်းကျိုးလှ" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ နာဂသမလဝဂ်၊
ပဒသညကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ခြေတော်ရာဖူး+ကောင်းကျိုးထူး"

## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) မိသားစုတို့ရဲ့ ဗုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က "ခြေတော်ရာဖူး+ကောင်းကျိုးထူး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('ခြေတော်ရာဖူး+ကောင်းကျိုးထူး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ခြေတော်ရာဖူး အထူးစိတ်ကြည်

နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ တိဿမြတ်စွာဘုရား နင်းသွားတော်မူတဲ့ ခြေတော်ရာကို ဖူးမြင်ရတဲ့ ပဒသညကမထေရ်အလောင်း သူတော်ကောင်းလေးဟာ သူ့စိတ်ထဲ တော်တော်လေး ရွှင်လန်းသွားတယ်။ ခြေတော်ရာမှာ စိတ်ကို အထူးပဲ ကြည်လင်စေပါတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ မှာကြားချင်တာကတော့ ခြေတော်ရာတွေ သွားဖူးတဲ့အခါမှာ အထူးပဲ စိတ်ကြည်လင်ပါစေလို့ မှာချင်တာပါပဲ။

### ပဒစေတီ+ပြုလေပြီ

တိဿဘုရားရှင် ကိုယ်တော်မြတ်က ပဒသကမထေရ်အလောင်း သူတော်ကောင်းလေးရဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတာကို သိပြီးတော့ "ဒီဒကာလေး ခြေတော်ရာကို မြင်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ပဒစေတီ (ခြေတော်ရာစေတီ) ကို ပြုတော်မူတာပါပဲ။ (အပဒါန၊ ၄၊ ၂၊ ၉၉)

## အပါယ်လေးဖြာ မသိပါ

ဒီဘဒ္ဒကမ္ဘာမှ ၉၂ ကမ္ဘာထက်မှာ ဘုရားရှင်ရဲ့ ခြေတော်ရာဆိုတဲ့ အမှတ်သညာကို ရခဲ့တဲ့အခါကစပြီးတော့ အပါယ်လေးပါး လားရတယ်ဆိုတာ မသိဘူးပါဘူးတဲ့။

ဒီအပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးဟာ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒီတော့ ခြေတော်ရာဖူးရတဲ့၊ ခြေတော်ရာရယ်လို့ မှတ်သားရတဲ့ ကောင်းကျိုးထူးဟာ အပါယ်လေးပါး လွတ်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ?

(ခြေတော်ရာဖူး ကောင်းကျိုးထူး တရားပါ ဘုရား)

## ခြေတော်ရာမှတ် ကောင်းကျိုးမြတ်

နောက်ပြီးတော့ ထပ်မှတ်လိုက်ပါဦး။ ခြေတော်ရာမှတ် ကောင်းကျိုးမြတ်တဲ့။ ဘာတဲ့လဲ?

(ခြေတော်ရာမှတ် ကောင်းကျိုးမြတ်ပါ ဘုရား)

အပါယ်လေးပါး လွတ်တဲ့ ကောင်းကျိုးမြတ်နော်။

(မှန်လှပါ ဘုရား)

## မင်းမြတ်စကြာ + ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံကာ များမြတ်ဗိုလ်ပါ အင်အားများစွာရှိတဲ့ သုမေဓလို့ခေါ်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

အဲဒီစကြဝတေးမင်း ဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာဖူးရ၊ ခြေတော်ရာ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

## မြတ်ရဟန္တာ ဖြစ်ရရှာ

သူဟာ လူ့ နတ်စည်းစိမ်တွေ ခံစားပြီးတော့ ဒီဘုရားလက်ထက်မှာ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ လာဖြစ်တယ်။ နောက်တော့ သဒ္ဓါတရားနဲ့ ရဟန်းပြုလာ

တယ်။ မကြာခင်မှာပဲ ဝိပဿနာတရား ပွားများကာ ပဋိသမ္ဘိဒါ လေးပါး ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

ဒီရဟန္တာဖြစ်ရတဲ့ ကောင်းကျိုးအထူးဟာလည်း ခြေတော်ရာကို ဖူးမြင်ပူဇော်ရ မှတ်သားရတဲ့ ကောင်းကျိုးပါပဲ။

ကဲ– ကဗျာလေးနဲ့ တရားသိမ်းကြရအောင်။

* တိဿတွင်ခေါ် မြတ်ဘုရားရဲ့
နင်းကြွသွားတဲ့ ခြေတော်ရာ။
* ရှင်လန်းသာကြည် ဖူးမြင်ရင်းနဲ့
ပူဇော်ခြင်းကွဲ့ မှတ်သားတာ။
* လူ နတ်ချမ်းသာ တကယ်ရလို့
အပါယ်မှလည်း လွတ်သေးတာ။
* သုမေဓခေါ် စကြာမင်းလည်း
သေချာရှင်းရှင်း ဖြစ်ရတာ။
* ခြေတော်ရာကို ဖူးမြင်ခဲ့ရ
ထူးမွန်လှတဲ့ ကောင်းကျိုးပါ။
* ခြေတော်ရာကို နေ့နေ့ညည
မမေ့ကြဘဲ ဖူးကြပါ။
(ထူးရမှာ)၂

"ခြေတော်ရာဖူး+ ကောင်းကျိုးထူး" တရားတော် ပြီး၏။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာဝဂ်ပါဠိတော်၊
ကောသမ္ဗိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "တကယ်ငြိမ်းသွား+မီးသုံးပါး"

## တရားတော်

ဒီနေ့ "ကဆုန်လပြည့် ဗုဒ္ဓနေ့"မှာ ဗောဓိပူဇာ မင်္ဂလာပွဲ ဆင်ကာနွဲနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်တဲ့။

ဘာတရားတဲ့လဲ?

('တကယ်ငြိမ်းသွား+မီးသုံးပါး' တရားတော်ပါ ဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

### ဆည်းကပ်ခစား+မြတ်ဘုရား

ဒီကောသမ္ဗိယမထေရ်အလောင်း သူတော်ကောင်းဟာ အတ္ထဒဿီဘုရားလက်ထက်မှာ 'ဝရုဏ'လို့ ခေါ်တဲ့ ထင်ရှားတဲ့ သိကြားနတ်မင်း ဖြစ်ဖူးတယ်။ သူဟာ မြတ်စွာဘုရားကို ဖူးမြင်ရပြီးတော့ အင်မတန် ကြည်ညိုကာ ဆင်မြင်းဗိုလ်ပါယာဥ်များစွာနဲ့တကွ မြတ်စွာဘုရားကို ဆည်းကပ်ခစားတယ်။

### ဗောဓိပင်ဆီ+သူသွားပြီ

လူတွေရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ သူဟာ တူရိယာအားလုံးကို ယူပြီးတော့ မြတ်တဲ့ဗောဓိပင်ကို သွားတယ်။

### သက်တော်ထင်ရှား ပူဇော်ငြားသို့

သူဟာ မောင်းကြေးနင်းခွက်ခွင်းနဲ့တကွ တီးမှုတ်ကခုန်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်မှောက်မှာပဲ ဆည်းကပ်ပူဇော်သလို မြတ်သောဗောဓိပင်ကို ဆည်းကပ်ပူဇော်ပါတယ်။

ဒီနေရာမှာ ဒကာ ဒကာမတွေ သတိထားကာ မှတ်သားရမှာကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ဆည်းကပ်ခြင်းဆိုတာပဲ နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးတွေက + အတူရ

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ဓာတ်ပုံ၊ ပန်းချီကား၊ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ စေတီပုထိုး အမျိုးမျိုးသော ဘုရားတွေမှာ သဒ္ဓါ ပညာ အတူထားကာ ပူဇော်ရင် ကောင်းကျိုးတရားတွေ အတူတူပဲ ရတယ် နော်။

(မှန်လှပါ ဘုရား)

ဒီတော့ မှာချင်တာက လေးလေးနက်နက် ပူဇော်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို ပူဇော်ပါလို့ မှာချင်တာပါပဲ။

## ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ

ဒီနေရာမှာ ဝေဘူဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒစကားလေး ပြောချင်ပါသေးတယ်။

ဒကာ ဒကာမတွေက "ဘုရားကို မတွဲတွဲသူငယ်ချင်း အိမ်လာတာလောက်မှ ဂရုမစိုက်ချင်ဘူး"တဲ့။

မတွဲတွဲသူငယ်ချင်း အိမ်လာရင် သောက်ပါဦး၊ စားပါဦး၊ ထိုင်ပါဦး၊ နေပါဦးနဲ့ ပျာပျာသလဲ လုပ်သေးတယ်တဲ့။ ဘုရားအပေါ်ကျတော့ ပျာပျာသလဲ မလုပ်ကြဘူး။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး မကပ်ချင်ကြဘူးတဲ့။

မင်းတို့ ဒကာ ဒကာမတွေ ဆင်းရဲနေတာ မတွဲတွဲသူငယ်ချင်း အိမ်လာတာလောက်မှ ဘုရားကို ဂရုမစိုက်လို့ ဆင်းရဲနေကြတာပေါ့လို့ မိန့်တော်မူပါတယ်။ ဒီစကားလေးဟာ မှတ်သားစရာ တကယ်ကောင်းပါတယ်။ ဒကာ ဒကာမတွေကို မေးရဦးမယ်။ ဒကာ ဒကာမတွေ တစ်နေ့ ရေဘယ်နှစ်ခါသောက်လဲ?

(ခဏခဏသောက်ပါတယ် ဘုရား)

ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မဖြေ၊ အားလုံး ရယ်နေကြ)

မနေ့က တရားထောက်တဲ့ဒကာကြီးကို မေးမယ်။ ဒကာဆွေ၊ ဘုရားကို တစ်နေ့ ရေဘယ်နှစ်ခါ ကပ်လဲ?

(မနက်တစ်ခါပဲ ကပ်ပါတယ် ဘုရား)၊ (အားလုံး ရယ်ကြ)

ဒါဆိုရင် ဒကာကြီးလည်း တစ်နေ့ ရေတစ်ခါတည်းပဲ သောက်သလား?

(တစ်ခါမက မကြာမကြာသောက်ပါတယ် ဘုရား)

တော်တော်ကောင်းတယ်နော်။ ဘုရားကျတော့ တစ်ခါ၊ သူကျတော့ မကြာမကြာ)

(အားလုံး ရယ်ကြ)

ဒီတော့ ဝေဘူဆရာတော်ကြီး ပြောတဲ့စကား မမှန်ဘူးလား?

(မှန်ပါတယ် ဘုရား)

မှန်မှာပေါ့ဗျာ ဝေဘူဆရာတော်ဆိုတာ ရဟန္တာလို့ ထင်ရှားတယ်။ ပြောကြ၊ ဟောကြ၊ ရေးကြတယ်နော်။

(မှန်လှပါ ဘုရား)

## အနာခံကာ လမ်းလျှောက်လာ

ဆက်စပ်နေလို့ ဝေဘူဆရာတော်ကြီးအကြောင်း ဖတ်ဖူး ကြားဖူးတာလေး ပြောဦးမယ်။

တစ်နေ့ ဝေဘူဆရာတော်ထံ ဒကာကြီးတစ်ယောက် ရောက်လာတယ်။

ဆောင်းတွင်း နံနက်ပိုင်းမှာ ဝေဘူဆရာတော်ကြီးက လမ်းလျှောက်နေတယ်။ ဘာလုပ်နေလဲ?

(လမ်းလျှောက်နေပါတယ် ဘုရား)

အဲဒီဒကာကြီးက "ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကို လူတွေက အနာဂါမ်လို့ ပြောနေကြပါတယ် ဘုရား၊ အဲဒါ ဟုတ်သလား" တဲ့။

အဲဒီလိုလျှောက်တော့ ဝေဘူဆရာတော်ကြီးက "ဒကာ ငါဒီမှာခံပြီး လမ်းလျှောက်နေတာ နင်မမြင်ဘူးလား" လို့ မိန့်တော်မူတယ်တဲ့။

## သူ့ပစ္စည်း သူယူတာ + ယူပါစေ

တစ်ခါတော့လည်း ဝေဘူဆရာတော်ကြီးရဲ့ ကျောင်းဆောင်ထဲက တိုင်ကပ်နာရီကြီးကို သူခိုးတစ်ယောက်က ခိုးနေတာကို ဝေဘူဆရာတော်ကြီးက ဘာမှ မပြောပါဘူး။ ကပ္ပိယကြီးကမြင်တော့ "သူခိုး၊ သူခိုး"လို့ အော်တဲ့အခါ ဝေဘူဆရာတော်ကြီးက "ဟဲ့၊ ကပ္ပိယ၊ သူ့ပစ္စည်းသူ ယူတာ ယူပါစေ၊ မအော်နဲ့"လို့ မိန့်တော်မူပါသတဲ့။

ဒီတော့ ဒကာ ဒကာမတွေ၊ ဝေဘူဆရာတော်ကြီးနည်းယူပြီးတော့ ကိုယ့်အိမ်က ပစ္စည်းတွေ သူခိုးများ လာခိုးရင် ဘယ်လိုသဘောထားမလဲ?

(မဖြေ၊ ရယ်နေကြ)

သူ့ပစ္စည်း သူယူတာ ယူပါစေ၊ ဒီလိုသဘောထားရမှာနော်။

(မှန်လှပါ ဘုရား)

ကဲ- ထားပါတော့၊ ရှေ့ဆက်ကြရအောင်။

## ဖောဇိပင်မှာ သေဆုံးရှာ

သူဟာ မြေမှာပေါက်နေတဲ့ ဖောဇိပင်ကို ပူဇော်ဆည်းကပ် ပူဇော်ပြီးတော့ ကိုယ်ကို ထက်ဝယ်ဖွဲ့ခွေကာ အဲဒီဖောဇိပင်ရင်းမှာပဲ သေဆုံးခဲ့တယ်။

## နိမ္မာနတ်ပြည် + သူရောက်ပြီ

သူဟာ မိမိလုပ်ရမည့်ကုသိုလ်လုပ်ငန်းတွေမှာ အားထုတ်ပြီးသူ ဖြစ်တယ်။ မြတ်သောဖောဇိပင်ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည်ညိုခဲ့သူဖြစ်တယ်။ သူ့ရဲ့စိတ်ကြည်လင်ခြင်း၊ ကြည်ညိုခြင်းကြောင့် နိမ္မာနရတိနတ်ဘုံမှာ ရောက်ရပါတယ်၊

## တူရိယာတွေ ခစားနေ

လူပြည်၊ နတ်ပြည် ဘဝကြီးငယ် ဖြစ်လေရာဘဝတိုင်းမှာ တူရိယာပေါင်းခြောက်သောင်းက သူ့ကို အမြဲတစေ ခြံရံခစားနေကြတယ်။

## တကယ်ငြိမ်းသွား + မီးသုံးပါး

သူ့မှာ ဘောဂမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ မီးသုံးပါး၊ မီးဘယ်နှစ်ပါးလဲ?

(မီးသုံးပါးပါ ဘုရား)

အဲဒီမီးသုံးပါး တကယ်ငြိမ်းသွားရတယ်တဲ့။ ဒီနေရာလေး ကြည့်ပြီးတော့ တရားနာမည်လေး ပေးထားတာနော်။

(မှန်လှပါ ဘုရား)

ဘာတရားတဲ့လဲ?

(တကယ်ငြိမ်းသွား မီးသုံးပါးတရားပါ ဘုရား)

တရားပေါ်ပြီလား။

(ပေါ်ပါပြီ ဘုရား)

အဲဒီမီးသုံးပါးထဲမှာ ဘယ်မီးကောင်းသလဲ?

(ဘယ်မီးမှ မကောင်းပါ ဘုရား)

သက်မဲ့သက်ရှိ အရာရာလိုချင်တဲ့ လောဘမီး ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

## ကိုယ်တွင်းဖြစ်လာ+ပျက်စီးမှာ

ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်း ဘုရားထံရောက်လာပါတယ်။ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရှိခိုးပြီး သူနဲ့သင့်တော်တဲ့နေရာမှာ ထိုင်နေပြီးတော့ မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ ဘယ်လိုမေးလျှောက်သလဲဆိုတော့ "မြတ်စွာဘုရား၊ သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဘယ်လိုတရားတွေ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်ပေါ်လာနိုင်ပါသလဲ? လို့ မေးလျှောက်ပါတယ်။

ဘုရားရှင်က "မင်းကြီး၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးပါး သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေပျက်စီးမယ်၊ ကိုယ်စိတ်ဆင်းရဲရမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်"လို့ ဟောတော်မူပါတယ်။ (သံ၊ ပါ၊ ၁၊ ၇၀)

ဒီတော့ ပရိသတ်ရေ၊ လောဘမီး ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာရင် ကောင်းကျိုးစီးပွားတွေ ပျက်စီးမယ်၊ ဆင်းရဲမယ်၊ ချမ်းသာစွာ မနေရခြင်းတွေ ဖြစ်မယ်နော်။

(မှန်လှပါ ဘုရား)

## ကောင်းကျိုးစီးပွား+ပျက်စီးသွား

ဒီနေရာမှာ လောဘကြောင့် ကောင်းကျိုးစီးပွား ပျက်စီးပုံလေးကို ပြောချင်ပါသေးတယ်။

ဘုန်းကြီးကိုးကွယ်တဲ့ ဒကာကြီးမိသားစုဟာ လက်သမား၊ ပန်းရန်ကိစ္စတွေ ကျွမ်းကျင်တတ်မြောက်ကြပါတယ်။ စည်းကမ်းလည်းကောင်း၊ သပ်ရပ်မှုလည်း ရှိတဲ့အတွက် သူတို့သားအဖတွေ အလုပ်ကောင်းကြပါတယ်။

သူတို့နေတဲ့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်ကြတဲ့အခါ ဒကာကြီးက ကျောင်းထိုင်ဘုန်းကြီးကို လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော်သားကို နေ့တွက်နှုန်း ပိုပေးပါ၊ အပြင်မှာလည်း သူ့အနေအထားဆိုရင် တပည့်တော်

တိုးပေးဖို့ လျှောက်တာထက်တောင် ရနေပါတယ်''လို့ လျှောက်တော့ ကျောင်းထိုင်ဆရာတော်ကြီးက ''မပေးနိုင်ဘူးကွာ၊ မလုပ်ချင် နေ''လို့ မိန့်တော်မူပါသတဲ့။

ဒကာကြီးကလည်း ''မလုပ်တော့ဘူး ဘုရား''ဆိုပြီးတော့ မလုပ်တော့ဘဲ အိမ်ပြန်လာခဲ့သတဲ့။

ကျောင်းထိုင်ဆရာတော်ကြီးက ကျောင်းဒကာ ဒကာမတွေကို ခေါ်ပြီးတော့ အကျိုးအကြောင်းခေါ်ပြီးတော့ ပြောပြတဲ့အခါ အားလုံးက ''ဆရာတော်၊ အဲဒီဒကာကြီး တိုးတောင်းတာ မှန်တယ်၊ အပြင်မှာ သူတို့လက်ရာလောက် မကောင်းတဲ့သူတွေတောင် သူတို့ထက် လက်ခယူနေကြတယ်၊ သူတို့သားအဖတွေကို တောင်းတဲ့အတိုင်း ပေးသင့်ပါတယ်။ သူတို့သားအဖတွေက လက်ရာကောင်းတယ်၊ ပြန်ခေါ်ပြီး အလုပ်ခိုင်းပါ''လို့ လျှောက်ကြပါသတဲ့။

ဆရာတော်ကြီးက ''ဒကာကြီးတို့ သားအဖကို ခေါ်ပြီးတော့ ခိုင်းဖို့ရန်အတွက် ဒကာကြီးကို ခေါ်ပြီးတော့ လက်ခတိုးပေးမယ် ပြန်လုပ်ပါ''လို့ ပြောပါသတဲ့၊

ဒကာကြီးက မလုပ်တော့ဘူးလို့ ပြန်လျှောက်ပါတယ်။ ဘုန်းကြီးက ''ဘာကြောင့် မလုပ်ချင်တာတုံး''လို့ ပြန်မေးပါသတဲ့။

အဲဒီလိုမေးတဲ့အခါ ဒကာကြီးက ''တပည့်တော်ကလည်း လောဘကြောင့် တိုးတောင်းမိတာ၊ အရှင်ဘုရားကလည်း လောဘကြောင့် တိုးမပေးချင်တာ ဖြစ်တယ်။ ဒီတော့ လောဘသမား အချင်းချင်း ဆက်လုပ်နေရင် အဆင်ပြေမှာမဟုတ်ပါ ဘုရား''လို့ လျှောက်ပြီးတော့ ပြန်လာခဲ့သတဲ့။

ဒီစကားလေးကို ကောက်ချက်ချလိုက်တော့ လောဘကြောင့် ဘုန်းကြီးကော ဒကာကြီးပါ အဆင်မပြေတာဖြစ်တယ်၊ ဒီတော့ ဘုန်းကြီးကျောင်းလည်း ပြီးရမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ မပြီးဘဲ အချိန်တွေ ကြာသွားတယ်။ ဒကာကြီးတို့မိသားစုလည်း အလုပ်ရက် နည်းနည်းနားလိုက်ရတော့ ငွေတွက်တွေ လျော့သွားတယ်။ ဒီအကြောင်းလေးကို ဒကာကြီးက ကိုယ်တိုင်ပြောပြပါတယ်။ ဒီနေရာမှာ လောဘကြောင့် သူရောကိုယ်ပါ အကျိုးမရှိတာကို သိစေချင်လို့ ဖော်ပြတာပါပဲ။

## လောဘလိုက + ဆင်းရဲရ

အောက်ပါကဗျာလေးကိုလည်း ရေးသားမိပါတယ်။

''လောဘလိုသော၊ ထိုသဘောကြောင့်၊ ကိုယ်ရောသူပါ၊ သတ္တဝါတို့၊ ခါခါနွေညှ၊ ဆင်းရဲရ၊ လောဘနည်းအောင်လုပ်'' ဆိုတဲ့ ကဗျာလေးပါပဲ။

## လောဘနည်းသူ စိတ်ထားဖြူ

ဒီနေရာမှာ လောဘနည်းအောင် ကိုယ့်ကိုယ်ကို အမြဲတစေ ဆုံးမနေတဲ့ ဒကာမတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။ သူပြောပြတာကတော့ သူတို့အိမ်မှာ ညီမဝမ်းကွဲတစ်ယောက် ကျောင်းလာနေပါတယ်တဲ့။ မိဘတွေက စားစရာ သောက်စရာတွေ ခွဲဝေပေးရင် ညီမဝမ်းကွဲလေးကို ကြိုက်တာ အရင်ယူခိုင်းပါတယ်တဲ့။ ပြီးမှ သူက ယူပါသတဲ့။ တစ်နေ့တော့ မိဘတွေက လက်စွပ်လေး နှစ်ကွင်း လုပ်ပြီးတော့ ကောင်းတဲ့လက်စွပ်လေးကို သူ့ပေးပြီးတော့ တန်ဖိုးနည်းတဲ့ လက်စွပ်လေးကို ညီမဝမ်းကွဲလေးကို ပေးပါသတဲ့။ သူက မိဘတွေရှေ့မှာပဲ ညီမလေး၊ အစ်မလက်စွပ်ကြိုက်ရင် အစ်မလက်စွပ်ကို ယူပါလို့ ပေးပါသတဲ့။ ညီမဝမ်းကွဲလေးကလည်း ကြိုက်တယ်ဆိုပြီး ယူကာ သူဝတ်ထားတဲ့လက်စွပ်ကို အစ်မဝမ်းကွဲကို ပေးလိုက်ပါသတဲ့။ အဲဒီမြင်ကွင်းလေးကို တွေ့လိုက်ရတဲ့ မိဘတွေက ကွယ်ရာမှာ သမီးကိုခေါ်ပြီးတော့ သမီးက ဘာပြုလို့ ကောင်းတဲ့လက်စွပ်ကို ညီမလေး ပေးလိုက်ရတာလဲ၊ သမီးအတွက် သီးသန့်လုပ်လာတာလို့ ပြောပြီး ဆူငေါက်ပါတယ်။

အဲဒီလို မိဘတွေက ဆူငေါက်တော့ သူပြောတဲ့စကားလေးက "အမေရယ်၊ အဖေရယ်၊ သမီးတို့အိမ် သူလာနေတဲ့အချိန်မှာ သမီးက ကောင်းတာ၊ ကြိုက်တာ ယူလိုက်ရင် ညီမလေး စိတ်မကောင်းဖြစ်မှာ၊ အားငယ်မှာစိုးလို့ပါ"တဲ့။ တော်တော်လေး မွန်မြတ်တဲ့စိတ်ထားကောင်း ဖြစ်ပါတယ်။ သူက ငယ်ငယ်လေးထဲက အဲဒီလို လောဘနည်းအောင် အမြဲတစေဆုံးမပြီး နေခဲ့ကြောင်း လျှောက်ပြတာ ကောင်းလွန်းလို့ ရေးပြလိုက်တာပါပဲ။

စိတ်ထားကောင်းသူတွေရဲ့အကြောင်း ကြားရတာ၊ ရေးရတာ တကယ် အရသာရှိပါတယ်။ ကြားရ၊ ရေးရချိန်လေးမှာလည်း ရင်ထဲမှာ တကယ်ပဲ အေးချမ်းလှပါတယ်။ တကယ်တော့ **လောဘနည်းသူဟာ စိတ်ထားဖြူသူပါပဲ။**

အောက်ပါကဗျာလေးကိုလည်း ရေးသား မှတ်တမ်းတင်မိပါတယ်။

"လောဘတရား၊ လွန်နည်းပါးသူ၊ စကားဖြူလှ၊ ကြားလိုက်ရစဉ်၊ ရေးနေစဉ်၌၊ ရွှေရင်စိတ်မှာ၊ အေးချမ်းလာ၍၊ ဤငါလည်းပဲ၊ လောဘနည်းမှ၊ ဆင်းရဲထွေထွေ၊ နည်းနိုင်ပေဟု၊ ဆုံးမပြုသည်၊ သုံးချအနုကဗျာတည်း"

ဒီကဗျာလေးဟာ ကိုယ့်ကိုယ်ကိုဆုံးမတဲ့ကဗျာလေးပါပဲ။ တကယ်ပဲ အသုံးချ လိုက်နာကျင့်သုံးရမယ့် ကဗျာလေးနော်။

(မှန်လှပါ ဘုရား)

လိုချင်တဲ့ လောဘမီး။ မကောင်းတာ ပြောပြီးပြီနော်။

(မှန်လှပါ ဘုရား)

## အရာရာတို့ + ဒေါသဆို

ဒီတစ်ခါ အလိုမကျတာ အရာရာကို တိုတတ်တဲ့ ဒေါသမီးအကြောင်း ပြောရအောင်။ ကဗျာလေး ဆိုလိုက်ပါဦး။

* အလိုမကျတာ၊ အရာရာ၊ တိုတာ ဘာမီးလဲ။

အလိုမကျတာ၊ အရာရာ။ တိုတာ ဒေါသပဲ။

ပရိသတ်ရေ၊ တိုတာ ဘာမီးတဲ့လဲ။

(ဒေါသမီးပါ ဘုရား)

ဒေါသဆိုတဲ့ တရားဟာ အဆိုးတွေကိုပဲ ဖန်ဆင်းတယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသကြီးကာ ရုပ်မလှ

ဒီနေရာမှာ ဒေါသဆိုးကျိုး အမျိုးမျိုးတွေကို ဘုရားဟောထားတဲ့အတိုင်း မှတ်သားကြည့်ကြရအောင်။

ကောဓနော ဒုဗ္ဗဏ္ဏော ဟောတိ။ (အံ၊ ၄။ ၂၊ ၄၇၁)

ဒေါသကြီးသူ ရုပ်အဆင်းမလှတော့ဘူးတဲ့။

ဘယ်လောက်ကြီးပဲ ချောမောလှပစေကာမူ ဒေါသထွက်နေတဲ့အချိန် ကြည့် မကောင်းတော့ဘူး၊ မလှတော့ဘူးနော်။

(မှန်လှပါ ဘုရား)

ဒေါသထွက်နေတဲ့အချိန် ကိုယ့်ရုပ်ကို မှန်ထဲသွားကြည့်၊ ဘယ်လိုနေမလဲ။

(ရုပ်ဆိုးပါတယ် ဘုရား)

ရုပ်ဆိုးတာဟာ ဘာ့ကြောင့်လဲ? (ဒေါသဆိုတဲ့ စိတ်ဆိုးလို့နော်)

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေ ရုပ်ဆိုးချင်သလား၊ ရုပ်ချောချင်သလား။

(ရုပ်ချောချင်ပါတယ် ဘုရား)

အေး– ရုပ်ချောချင်ရင် စိတ်ချောပါ၊ စိတ်မဆိုးပါနဲ့။

## ဆင်းရဲအိပ်ရ တို့ဒေါသ

အထော ဒုက္ခံ သေတိ သော၊

နောက်ပြီးတော့ ဒေါသကြီးတဲ့သူဟာ ဆင်းဆင်းရဲရဲ အိပ်ရ နေရတယ်တဲ့။ ဘယ်တော့မှ အိပ်မပျော်ဘူးတဲ့။ ဘယ်လိုကောင်းတဲ့နေရာကြီးပေါ်မှာ အိပ်ရအိပ်ရ အရသာမရှိတော့ဘူး။ ဆင်းရဲနေတာပဲနော်။

(မှန်လှပါ ဘုရား)

## အကျိုးစီးပွား + ပျက်စီးသွား

အထော အတ္ထံ ဂဟေတွာန၊

အနတ္ထံ အဓိပဇ္ဇတိ။

နောက်ပြီးတော့ လုပ်လိုက်တာကတော့ အကျိုးစီးပွားရှိမယ်ထင်ပြီး လုပ်လိုက်တာပါပဲ။ တကယ်တော့ အကျိုးစီးပွား ပျက်စီးသွားတာပဲ ဖြစ်သွားတယ်။ ဟုတ်မယ် ကောင်းမယ်ထင်ပြီး လုပ်လိုက်တာ မဟုတ်တာ မကောင်းတာ ဖြစ်သွားတယ်နော်။

(မှန်လှပါ ဘုရား)

ဒီနေရာမှာ တပည့်ဦးဇင်းလေးတစ်ပါးအကြောင်း တင်ပြချင်ပါသေးတယ်။ ဒကာမတစ်ယောက်က စနေသား ဦးဇင်းတစ်ပါးကို ဖေဒင်ဆရာက သင်္ကန်းကပ်ပေး လိုက်ပါလို့ စနေသား ဦးဇင်းတစ်ပါး ရှာပေးပါ၊ သင်္ကန်းကပ်ချင်ပါတယ်ဘုရား လို့ လာလျှောက်ပါတယ်။

အဲဒီလို လာလျှောက်တဲ့ ဒကာမကို စနေသားဦးဇင်းတော့ မရှိဘူး။ အသက် ပြည့်ပြီး ရဟန်းမခံရသေးတဲ့ စနေသား ကိုရင်တော့ ရှိတယ်။ ဦးဇင်းဖြစ်ပြီးသား စနေသားကို သင်္ကန်းကပ်ပေးတာထက် ဦးဇင်းမဖြစ်သေးတဲ့ စနေသား ကိုရင်ကို ရဟန်းဘောင်ရောက်အောင် ချီးမြှောက်ပေးတာက ပိုအကျိုးရှိတယ်လို့ ပြောတော့ ဒကာမက ဆရာတော်ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဘုရားဆိုပြီးတော့ ပရိက္ခရာရှစ်ပါး စုံလင်စွာ သေတ္တာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခြုံထည်၊ ဖျာ၊ မျက်နှာသုတ် ပဝါ၊ နေရာထိုင်၊ ထီး၊ ဖိနပ်၊ ယပ်စသည် စုံလင်စွာ အကောင်းတွေချည်းဝယ်ပြီး ရဟန်းခံပေးပါတယ်။ ကျွန်တဲ့အသုံးအဆောင်တွေ၊ စာအုပ်တွေလည်း စုံလင်အောင် ဝယ်လှူပါတယ်။ ဒကာမလေးက တော်တော်လေး စေတနာကောင်းပါတယ်။ လှူတာတွေ များတောင်နေပါသေးတယ်။

စာမေးပွဲဖြေပြီးတော့ ရွာပြန်၊ ရွာကပြန်လာတော့ ဒကာမလည်း ကျောင်းလာခိုက်မှာ ဦးဇင်းလေးကို တွေ့ပေးပြီးတော့ မင့်ဒကာမ ပေးဖို့ ရွာကဘာပါသလဲ၊ ပေးစရာရှိရင် ပေးလိုက်လို့ ပြောတဲ့အခါ ရွာက ဘာမှမပါကြောင်း ပြန်လျှောက်ပါတယ်။

ကျောင်းမှ အပြင်ထွက်လို့ရတဲ့ ဥပုသ်နေ့မှာ ဦးဇင်းလေးဟာ သူ့ဒကာမအိမ်ကို သွားပါတယ်။ သွားပြီးတော့ မုန့်တွေပေးပါတယ်။ သူ့ဒကာမ အပြင်သွားခိုက်မို့ သူ့ဒကာမနဲ့တော့ မတွေ့ခဲ့ပါဘူး။ အခြားအိမ်က လူတွေကို မှာပြီး မုန့်တွေပေးခဲ့ပါတယ်။

ဦးဇင်းလေးတစ်ပါးက မုန့်တွေ ပေးခဲ့တယ်ဆိုတာ သူ့ဒကာမ အပြင်က ပြန်လာတော့ သိရတဲ့အတွက် ဒကာမက ဘုန်းကြီးဆီကို ဖုန်းဆက်ပါတယ်။ ဆရာတော်၊ ကိုရင် ဦးဇင်းတစ်ပါးပါး အိမ်ကို လွှတ်လိုက်ပါသလား ဘုရားလို့ ဖုန်းဆက် မေးလျှောက်ပါတယ်။ ဘုန်းကြီးက မလွှတ်ကြောင်း ပြန်ပြောလိုက်ပါတယ်။

ဦးဇင်းလေးဟာ ညနေ ၄ နာရီ ပြန်ရောက်ရမယ့်အချိန်မှာ ပြန်မရောက်ပါဘူး။ သံဃာစစ်တော့ မပါဘဲဖြစ်နေပါတယ်။ ညနေ ၅ နာရီလောက်မှ ပြန်ရောက်လာပါတယ်။ သူမလျှောက်ဘဲ ရဟန်းဒကာမအိမ်ကို သွားပြီး မုန့်ပေးတယ်ဆိုတာကို ဘုန်းကြီးက ဖုန်းလာပြီးလို့ သိပြီးဖြစ်နေပါတယ်။

ဦးဇင်းလေး ပြန်ရောက်လာတော့ လာလျှောက်ပါတယ်။ အစတော့ လိမ်ညာပါသေးတယ်။ နောက် လိမ်မရတော့ ဒကာမအိမ် မုန့်သွားပေးကြောင်း လျှောက်ပြပါတယ်။

မလျှောက်ဘဲ သွားတာ၊ နောက်ကျတာကြောင့် နှစ်ချက် ရိုက်လိုက်ပါတယ်။ စည်းကမ်းလိုက်နာတတ်အောင် နောက် သတိထားနိုင်အောင် ရိုက်လိုက်တာပါပဲ။

နောက် မကြာခင်မှာဘဲ သူ့ရဟန်းဒကာမ ရောက်လာပါတယ်။ သူကလည်း သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ မနှင်အောင် လာလျှောက်ဖို့ လိုက်လာတာပါပဲ။

သူရောက်လာတော့ ဒကာမအိမ်ကို မုန့်တွေပေးသွားတာ ဘယ်ကကိုယ်တော်တွေလဲလို့ မေးလိုက်ပါတယ်။ ဒကာမလေးက 'မန္တလေးက အသိကိုယ်တော်တွေပါ ဘုရား' လို့ လျှောက်ပါတယ်။ နင် ငါ့ကို မညာနဲ့နော်၊ မှန်တာပြောလို့ ပြောတဲ့အခါ ဟုတ်ပါတယ် ဘုရား။ မန္တလေးက ကိုယ်တော်တွေပါလို့ ထပ်လျှောက်ပါတယ်။

နင်လည်း ငါ့ကို ညာလျှောက်တယ်၊ ကျောင်းကို ဘယ်တော့မှ မလာခဲ့နဲ့

လို့ ပြောတော့မှ မှန်တဲ့အတိုင်း လျှောက်ပါတယ်။ သူကတော့ သူ့ဦးဇင်းလေးကို နှင်မှာစိုးလို့ လျှောက်တာပါပဲ။

ဘုန်းကြီးက နှင့်ဦးဇင်း မနှင်ပါဘူး၊ စောစောက နှစ်ချက်ရိုက်ပြီးပြီလို့ ပြောပြပါတယ်။

နောက်နေ့မှာ ဦးဇင်းက သူကျောင်းပြောင်းမယ့်အကြောင်း လာလျှောက်ပါတယ်။ တားရိုးထုံးစံမရှိပါဘူး၊ ခွင့်ပြုလိုက်ပါတယ်။ သူ့ဒကာမဆီကိုတော့ ဖုန်းဆက်ပြီး အကြောင်းကြားပေးလိုက်ပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ဒကာမမိသားစု ကျောင်းရောက်လာပါတယ်။ သူ့မှာ ၅ နှစ်သား သားလေးပါ ပါလာပါတယ်။ တော်တော်လေးကြာတော့ ဘုန်းကြီးက ရိုက်တဲ့အကြောင်း၊ ဒကာမက လိမ်ညာတဲ့အကြောင်း၊ ဦးဇင်းလေးကလည်း ကျောင်းကထွက်သွားတဲ့အကြောင်း ပြောကြပါတယ်။

အဲဒီလိုပြောပြီးတော့ ဘုန်းကြီးက ကလေးကို မင်း သေသေချာချာ ပြောစမ်း၊ ဒီကိစ္စမှာ ဘယ်သူမှားသလဲလို့ မေးလိုက်တဲ့အခါ ကလေးက ၃ ယောက်စလုံး မှားတယ်တဲ့။

(အားလုံး ရယ်ကြ)

ဘုန်းကြီးကော သူ့မိခင်ပါ မတွေးတဲ့အတွေးပဲ ဖြစ်ပါတယ်။ ကဲ- ဘယ်လို မှားတာတုံး ပြောစမ်းပါဆိုတော့ ကလေးက ''ဘုန်းဘုန်းကလည်း မရိုက်ဘဲ ဒဏ်လောက်ပေးရင် ပြီးသွားတာပါပဲ၊ ခုတော့ ရိုက်လိုက်တော့ ဘုန်းဘုန်းလည်း မှားတယ်။ မေမေကလည်း လိမ်ညာပြောတဲ့အတွက် မှားတယ်။ ဦးဇင်းလေးကလည်း မလျှောက်ဘဲ သွားတာ၊ နောက်ကျတာ၊ ရိုက်လို့ ကျောင်းကထွက်သွားတာ မှားတယ်လို့ ဆုံးဖြတ်ပေးပါတယ်။

စောစောက ပြောပြတဲ့ဦးဇင်းလေးကိစ္စမှာ ဘုန်းကြီးက နောင် စည်းကမ်းလိုက်နာအောင်၊ မှတ်သွားအောင်ဆိုပြီးတော့ ကောင်းကောင်းလုပ်လိုက်တာပါပဲ၊ ဒါပေမဲ့ ဒေါသကြောင့် ဘုန်းကြီးကလည်း ရိုက်မိ၊ ဦးဇင်းလေးကလည်း ဆရာက ဆုံးမတာကို မကျေနပ်တဲ့ဒေါသကြောင့် ဆရာ့ကျေးဇူး ဒကာမကျေးဇူးကို မထောက်ထားဘဲ ကျောင်းကထွက်သွားတော့ မကောင်းတာတွေဘဲ ဆက်တိုက်ဖြစ်သွားတာပါပဲ။

ကလေးပြောတော့မှ ၃ ယောက်လုံး မှားတယ်ဆိုတာ မှန်တာပဲ၊ ဒီကလေးဟာ တော်တော်လေး အတွေးကောင်းတယ်လို့ ချီးကျူးမိပါတယ်။

ကလေးဉာဏ်ကို ဖွင့်ပေးပါ။ ကလေးဉာဏ်ကို အထင်မသေးပါနဲ့။ ကလေးဉာဏ်ဟာ အတွေးမှန်ကို ပေးတတ်ပါလားလို့ ကောက်ချက်ချမိပါတယ်။

ဒေါသကြောင့် ဆရာလည်း အကျိုးမရှိ၊ ဦးဖင်းလေးလည်း အကျိုးမရှိ၊ ဒကာမလည်း စိတ်မကောင်းဖြစ်ပြီး အကျိုးမရှိပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြလိုက်တာပါပဲ။

ဒေါသနဲ့ ဆောင်ရွက်သမျှ ဘယ်တော့မှ ကောင်းတာ အကျိုးရှိတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ သတိထားမိပါတယ်။ ဒေါသကြောင့် မှား၊ အမှားတစ်ထောင်၊ ဒေါသသမား အမှားမရေနိုင်လို့လည်း မှတ်တမ်းတင်မိပါတယ်။

## ဥစ္စာခနဲ ဆုံးရှုံးရ

တတော ကာယေန ဝါစာယ၊
ဝဓံ ကတ္တာန ကောဓနော။
ကောဓာ ဘိဘူတော ပုရသော၊
ဓနဇာနိံ နိဂစ္ဆတိ။

ဒေါသအမျက် နှိပ်စက်သူဟာ အဲဒီအမျက်ထွက်မှုကြောင့် ကိုယ် နှုတ်နဲ့ သတ်ပုတ်ညှဉ်းဆဲမှု ပြုတတ်တယ်။ (ခြေလွန်၊ လက်လွန် ဖြစ်တတ်တယ်)

အဲဒီလို ခြေလွန် လက်လွန်ဖြစ်ပြီး သတ်ပုတ်ညှဉ်းဆဲမှုကို ပြုမိရင် ဥစ္စာတွေ ဆုံးရှုံးတတ်တယ်။

ဒီနေရာမှာ ဆရာတော်တစ်ပါးအကြောင်း ပြောပြပါဦးမယ်။ ဆရာတော်တစ်ပါးရဲ့ ကျောင်းနားမှာ ရေအိုင်ကြီးတွေ များစွာရှိတယ်။ ရပ်ကွက်ထဲက လူတွေဟာ အဲဒီရေအိုင်ထဲက ငါးတွေကို လာပြီးတော့ ဖမ်းယူလေ့ရှိတယ်။ ဆရာတော်ကြီးက "ငါးမဖမ်းရ၊ ငါးမမျှားရ" ဆိုတဲ့ စာတမ်းတွေ ချိတ်ထား ကပ်ထားတယ်။ ဒါပေမဲ့ လူတွေကတော့ လစ်ရင် လစ်သလို ဖမ်းယူလေ့ရှိတယ်။ တစ်ခါတလေမှာ ဆရာတော်ကြီးက တပည့်လေးငါးပါး ခေါ်ပြီးတော့ ရပ်ကြည့်လေ့ရှိတယ်။ ငါးဖမ်းနေသူတွေဟာ ထွက်ပြေးကြတယ်။ တစ်နေ့တော့ ငါးဖမ်းနေသူတွေ ၁၀ ယောက်လောက် ရှိတယ်။ ဆရာတော်က မဖမ်းကြနဲ့၊ ပြန်သွားကြလို့ ပြောတာကို သူတို့ကလည်း ၁၀ ယောက်လောက်ဆိုတော့ မပြန်ဘဲ ဖမ်းမြဲဖမ်းနေကြတယ်။ ဆရာတော်က သူ့ကျောင်းမှာရှိတဲ့ စာသင်သားများစွာထဲက လက်ရွေးစင် စာသင်သားအပါး ၂၀ လောက်ကို ခေါ်ပြီးတော့ ကဲ– မင်းတို့တုတ်တွေ ကိုယ်စီကိုင်ထားကြ၊ တကယ်တော့ မရိုက်နဲ့၊ သူတို့ပြေးရုံလောက်ပဲ ဟန်ရေးပြတာပေါ့လို့ ပြောပြီး

ကျောင်းအပြင် ထွက်ကြပါတယ်။ ရှစ်ယောက်က မြင်တာနဲ့ ပြေးကြတယ်။ နှစ်ယောက်ကတော့ မပြေးဘဲ ပေကပ်ကပ်လုပ်နေကြတယ်။ အဲဒီပေကပ်ကပ် လုပ်နေတဲ့ နှစ်ယောက်ကို ဆရာတော်က နှစ်ချက် သုံးချက်လောက်စီ ရိုက်ချလိုက်တယ်။ အဲဒီကျမှ ပြေးကြတော့တယ်။

အဲဒီအရိုက်ခံရတဲ့ ကလေးနှစ်ယောက်ဟာ ဘုန်းကြီးသံဃနာယကရုံး သွားတိုင်ကြတယ်။ ရပ်ကွက်သံဃာ့နာယကဆရာတော်က မင်းတို့က သူ့ကျောင်းနား သူ့ဘုရားနား ငါးမဖမ်းရလို့ ရေးထားတာ တွေ့ပါလျက် သွားဖမ်းတာ မင်းတို့ မှားတာပေါ့။ တို့က ဘာမှလုပ်ပေးလို့မရဘူးလို့ ပြောလိုက်ပါတယ်တဲ့။ ကလေးနှစ်ယောက်က တပည့်တော်တို့ နှစ်ယောက်လုံး အရိုက်ခံရတာ ဒဏ်ရာတွေ ဖြစ်နေတယ်။ ဆေးဖိုးလေးတော့ တောင်းပေးပါလို့ ပြောတော့ ရပ်ကွက်သံဃာ့နာယက ဆရာတော်က သူ့ကျောင်းက ဦးဇင်းတစ်ပါးကို စာရေးပြီး ပေးခိုင်းလိုက်တယ်။ စာထဲမှာတော့ "အရှင်ဘုရား၊ ကလေးတွေကို ဆုံးမလိုက်တာ ကောင်းပါတယ်။ ဒဏ်တွေဖြစ်နေတာလည်း တွေ့ရတယ်။ ကလေးတွေက ဆေးဖိုးလေး တောင်းပေးပါလို့ လျှောက်ကြတယ်။ အရှင်ဘုရား စေတနာရှိသလောက် ဆေးဖိုး လေး ပေးလိုက်စေလိုပါတယ်လို့ ပါရှိပါတယ်။ စာဖတ်ပြီးစမှာတော့ မပေးဘူး၊ ပေးစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နောက်တော့ ကုသိုလ်တောင်ဖြစ်ပါသေး တယ်လို့ သနားစိတ်ဝင်ပြီး ဆေးဖိုး ၃၀၀၀ ကျပ် ပေးလိုက်ပါတယ်တဲ့။

အကြောင်းအရာလေးကတော့ ဒါပါပဲ။

တုတ်နဲ့ရိုက်ပုတ် ညှဉ်းဆဲလိုက်တဲ့အတွက်ကြောင့် ငွေ ၃၀၀၀ ကျပ် တစ် ခဏလေးအတွင်းမှာပဲ ပါသွား၊ ဆုံးရှုံးသွားရတယ်ဆိုကာပါပဲ။ ဒေါသဆိုတာ ကောင်းတာမဟုတ်ဘူး၊ ဆုံးရှုံးခြင်းကို ဖြစ်စေတတ်တယ်။

ဒီအကြောင်းအရာလေးကို ကြားနာရတော့ ဒကာ ဒကာမတွေ အဲဒီဆရာ တော်ဟာ ဘယ်ဆရာတော်ပါလိမ့်လို့ မသိချင်ဘူးလား။

(သိချင်ပါတယ် ဘုရား)

သူများအကြောင်းဆို စိတ်ဝင်စားတယ်နော်။

(အားလုံး ရယ်ကြ)

ကဲ- တရားနာပရိသတ်ရေ၊ သိချင်ရင် ဘုန်းကြီးပြောတာ နားထောင်၊ ဘုန်းကြီးဆီကို ကြည့်လိုက်ပါ။ ခုပြောဟောနေတဲ့ ဒီကိုယ်တော်၊ ဒီကိုယ်တော်ပျ။

(အားလုံး ရယ်ကြတယ်)

အဲဒီနေ့က နာရီပိုင်းအတွင်းမှာ ငွေ ၃၀၀၀ ပါသွားတာ နပြောလိုက်တာ။

(အားလုံး ရယ်ကြ)

ပေးချင်တာမဟုတ်ဘူး။ သနားလို့။

(အားလုံး ရယ်ကြ)

ကဲ- ဘားပါတော့၊ ဒေါသကြောင့် ငွေ ၃၀၀၀ ပါသွားတာ၊ ဥစ္စာဆုံးရှုံးပုံလေးကို ကိုယ်တွေ့နဲ့ယှဉ် တင်ပြတာနော်။

(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေလည်း ဒေါသကြောင့် ဆုံးရှုံးပျက်စီးတာ ကိုယ်တွေ့လေးတွေ ရှိမှာပါပဲ။ ပြောရမှာ ရှက်လို့ ဝှက်ထားတာနေမှာပါ။ ဘုန်းကြီးကတော့ ရှက်ပါဘူး။ နောင် ကိုယ်ရော သူပါ သတိထားစရာဆိုပြီးတော့ ပြောလိုက်တာပါပဲ။

## ဒေါသရှောင်ရေး ကဗျာလေး

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ဒေါသအမျက်၊ လွှန်နိုပ်စက်၊ ခြေလက်လွန်သွားကာ။
* သတ်ပုတ်ညှဉ်းဆဲ၊ ပြုရင်လည်း၊ ဆင်းရဲ ဆုံးဥစ္စာ။
* သိက္ခာ ခေနေ၊ စိတ်သာချ၊ မချဆုံးရှုံးမှာ။
* ဒေါသဖြစ်မှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## ကျော်စောကင်းရ+ရှောင်သွားကြ

ကောဓသမ္ဘဒ သမ္ဘတ္တော၊

အာယသက္ချ နိဂစ္ဆတိ။

ဉာတိမိတ္တာ သုဟဇ္ဇာစ၊

ပရိဝဇ္ဇန္တိ ကောဓနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

ဒေါသဖြစ်သူ အခြံအရံ အကျော်အစောမရှိ ဖြစ်တတ်တယ်။ (သူ့အနား ဘယ်သူကမှ မကပ်ချင်ကြဘူး။ အဲဒီလူ အနားကပ်ရတာထက် ကျားမြီးပဲသွားဆွဲလိုက်တယ်ချင်တယ်လို့ ပြောကြတယ်။)

နောက်ပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ချစ်ကျွမ်းဝင်သူတွေအားလုံးက ဒေါသကြီးသူကို ရှောင်ကွင်းသွားကြတယ်။

ဒါလည်း မှန်တာပါပဲ။ ဘုန်းကြီးလည်း ကိုယ်တွေ့လေးတွေ ရှိပါတယ်။ ဒကာ ဒကာမတွေလည်း ရှိမှာပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* ဒေါသကြီးပြန်၊ အခြံရှံ၊ အမှန်ကင်းဝေးမှာ။
* ထင်ပေါ်ကျော်ကြား၊ ကောင်းကျိုးများ၊ ဝေးသွားပျောက်ကွယ်မှာ။
* ဆွေမျိုး မိတ်သင်၊ ချစ်ကျွမ်းဝင်၊ ရှောင်ကြဉ်သွားကြမှာ။
* ဒေါသကြီးမှု၊ သတိပြု၊ ယခုနောင်ခါ ရှောင်ကြဉ်ပါ။

## စိတ်ကိုဖျက်တတ်+ဒေါသမှတ်

အနတ္ထဇနနော ကောဓော၊
ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ဒေါသဆိုတာ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်တယ်။
အမျက်ဒေါသဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
စိတ်ရဲ့အတွင်းမှာ ဘေးကိုဖြစ်စေတတ်တယ်။
အဲဒီအကြောင်းတွေကို ပညာမဲ့သူ (ပညာနည်းသူ) မသိနိုင်ဘူး။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* ဒေါသတရား၊ ကျိုးစီးပွား၊ မှတ်သားဖျက်ဆီးမှာ။
* စိတ်ကိုလည်းပဲ၊ ဒေါသပဲ၊ အမြဲဖျက်ဆီးမှာ။
* စိတ်အတွင်းဝယ်၊ ဘေးကိုကွယ်၊ တကယ်ဖြစ်စေမှာ။
* ပညာနည်းလျှင်၊ မသိမြင်၊ မြတ်ရှင်ဟောကြားတာ။

## ကျိုးကြောင်းသိမြင်+ကင်းဝေးစင်

ကုဒ္ဓေါ အတ္ထံ နဇာနာတိ၊
ကုဒ္ဓေါ ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ ကောဓော သဟတေ နရံ။ (အံ၊ ပါ၊ ၂၊ ၄၇၁)
* အမျက်ထွက်သူဆိုတာ အကျိုးစီးပွားကို မသိနိုင်ဘူး။
* အမျက်ထွက်သူဆိုတာ အကြောင်းတရားကို မမြင်နိုင်ဘူး။

* အမျက်ဒေါသက သတ္တဝါတွေကို နှိပ်စက်တဲ့အခါမှာ အလွန်မိုက်မဲမှု ဖြစ် သွားတယ်။

ကဲ-လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်ငြား၊ ကျိုးစီးပွား၊ မှတ်သားမသိနိုင်။
* အမျက်ထွက်ငြား၊ ကြောင်းတရား၊ မှတ်သား မမြင်နိုင်။
* အမျက်ဒေါသ၊ နှိပ်စက်က၊ သတ္တမိုက်မဲတာ။

## မီးလောင်သလို ပူပန်ရ

ယံ ကုဒ္ဓေါ ဥပရောဓေတိ၊
သုကာရံ ဝိယ ဒုက္ကရံ။
ပစ္ဆာ သော ဝိဂတေ ကောဓေ၊
အဂ္ဂိဒဍ္ဍောဝ တပ္ပတိ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူဆိုတာ ပြုနိုင်ခဲ့တဲ့အမှုကို ပြုလွယ်တဲ့အမှုလိုပဲ ချွတ်ယွင်းစေတယ်။

အဲဒီအမျက်ထွက်သူဟာ နောင် အမျက်ဒေါသပြေပျောက်တဲ့အခါမှာ (ဒေါသကြောင့် မှားသွားတဲ့ အမှားကြီးကို သတိရပြီးတော့ အကြီးအကျယ်) မီးလောင်သလို ပူပန်ခံစားရတတ်တယ်.

ကဲ- လင်္ကာလေးတွေ လိုက်ဆို

* ပြုနိုင်ခဲမှု၊ ပြုလွယ်ဟု၊ ထင်ပြုချွတ်ယွင်းစေ။
* ဒေါသပြေရာ၊ နောင်အခါ၊ ကြီးစွာပူပန်ခံနေ။
* ဒေါသပြေလျှင်၊ မီးလောင်အင်၊ အစဉ်ပူရပေ။

## ရှက် ထိတ်လန့်တာ + မရှိပါ

နာဿ ဟိရီ န ဩတ္တပ္ပံ၊
နဝါစော ဟောတိ ဂါရဝေါ။
ကောဓေန အဘိဘူတဿ၊
န ဒီပံ ဟောတိ ကိဉ္စနံ။

(အံ၊ ပါ၊ ၂၊ ၄၅၁)

အမျက်ထွက်သူ ရှက်တာ ထိတ်လန့်တာ မရှိ၊
အမျက်ထွက်သူ ဆုံးမတဲ့စကား ရှိသေမှုမရှိ၊
အမျက်ဒေါသနှိပ်စက်သူ မှိုင်ရာ တစ်စုံတစ်ရာမရှိ။
ကဲ-လင်္ကာလေးတွေ လိုက်ဆို။

* အမျက်ထွက်သူ၊ လောကလူ၊ ရှက်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ လန့်မှု မရှိပါ။
* အမျက်ထွက်သူ၊ လောကလူ၊ ဝေးမှုရှိသေတာ။
* မှိုင်ရာလည်း၊ မရှိပြီ၊ မှတ်စွဲသေသေချာ။

## အမျက်ထွက်လတ်+မိဘသတ်

ကုဒ္ဓေါ ဟီ ပိတရံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ သမာတရံ။
ကုဒ္ဓေါ ဟိ ဗြာဟ္မဏံ ဟန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနံ။

(အံ၊ ပါ၊ ၂၊ ၄၇၁)

အမျက်ထွက်သူဟာ အဖ အမိ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တတ်တယ်။
ကဲ- လင်္ကာလေးတွေ လိုက်ဆို

* အမျက်ထွက်က၊ မြတ်မိဘ၊ မှချသတ်တတ်သည်။
* အမျက်ထွက်လာ၊ ရဟန္တာ၊ မုန့်စွာသတ်တတ်သည်။
* အမျက်ထွက်လျှင်၊ ပုထုဇဉ်၊ အစဉ်သတ်တတ်သည်။
* အမျက်ထွက်လျှင်၊ အကုန်ပင်၊ အစဉ်သတ်တတ်သည်။
* အမျက်ဒေါသ၊ လူလောက၊ ဘာမှမကောင်းပြီ။
* ပညာရှိလျက်၊ ဒေါသမျက်၊ တစ်သက်မကောင်းပြီ။

## တွေ့ရမြင်ရ+ဒီလောက

ယာယ မာတု ဘတော ပေါသော၊
ဂ္ဂမံ လောကံ အဝေက္ခတိ။
တမ္ဗိ ပါဏာဒိဒ်ိ သန္တိ၊
ဟန္တိ ကုဒ္ဓေါ ပုထုဇ္ဇနော။

(အံ၊ ပါ၊ ၂၊ ၄၇၂)

အမိမွေးမြူလိုက်လို့ သားသမီးဟာ ဒီလောကကို တွေ့မြင်ရတာပါ။ (ဒီလောကမှာ ဖြစ်ပေါ်နေတဲ့ ကောင်းတာ ဆိုးတာ အရာရာကို သိမြင်ခွင့် ရတယ် လို့ ဆိုလိုတာပါ) အသက်ပေးပြီး ချစ်တတ်တဲ့ ငြိမ်းချမ်းအေးမြသူ အမိကိုတောင် အမျက်ထွက်သူဟာ သတ်တတ်တယ်။

ကဲ–လင်္ကာလေးတွေ လိုက်ဆို။

* အမိမွေးမှ၊ သားပုတ္တ၊ လောကတွေ့ရသည်။

* အသက်ပေးချစ်၊ အမေစစ်၊ သတ်ပစ်တတ်ပေသည်။

* အမျက်ထွက်လာ၊ မွေးမာတာ၊ သေချာသတ်တတ်သည်။

## အမျက်ထွက်လတ် + ကိုယ့်ကိုယ်သတ်

အတ္တူပမာ ဟိ တေ သတ္တာ၊
အတ္တာ ဟိ ပရမော ပိယော။
ဟန္တိ ကုဒ္ဓေါ ပုထုတ္တာနံ၊
နာနာရူပေသု မုစ္ဆိတော။

(အံ၊ ပါ။ ၂။ ၄၅၂)

သတ္တဝါတွေဟာ ကိုယ်ချင်းစာတရား ရှိကြတယ်။
မိမိကိုယ်ကို အလွန်ချစ်ခင်တယ်။

အမျက်ထွက်သူဟာ အာရုံအမျိုးမျိုးမှာ တွေဝေတဲ့အတွက် အကြောင်း အမျိုးမျိုးကြောင့် မိမိကိုယ်ကို သတ်တတ်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* များသတ္တဝါ၊ ကိုယ်ချင်းစာ၊ ဓမ္မာရှိကြသည်။

* မိမိကိုယ်ကို၊ အချစ်ပို၊ ပြစ်ဆိုမရပြီ။

* အမျက်ထွက်လျှင်၊ ကိုယ့်ကိုယ်ပင်၊ အစဉ်သတ်တတ်သည်။

## သေအောင်သတ်နည်း + အသီးသီး

အသိနာ ဟန္တိ အတ္တာနံ၊
ဝိသံ ခါဒန္တိ မုစ္ဆိတာ။
ရဇ္ဇုယာ ဗဇ္ဈ မီယန္တိ၊
ပဗ္ဗတာ မပိ ကန္ဒရေ။

(အံ၊ ပါ။ ၂။ ၄၅၂)

မိမိကိုယ်ကို သန်လျက်နဲ့ သတ်ကြတယ်။
တွေဝေတဲ့အတွက် အဆိပ်ကို စားကြတယ်။
ကြိုးနဲ့ နှောင်ဖွဲ့ပြီး သေကြတယ်။
တောင်ပေါ်ကနေ ချောက်ထဲခုန်ချသေကြတယ်။
ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* မိမိကိုယ်ကို သန်လျက်နဲ့
 အမှန်ဆက်ဆက် သတ်တတ်တယ်။
* မသိတွေဝေ အဆိပ်စားလို့
 သေကြောင်းများကွဲ့ ကြတတ်တယ်။
* ကြိုးဆွဲချကာ၊ သေကြေကြလို့
 ချောက်ထဲ ခုန်ချ သေတတ်တယ်။
* သေအောင်သတ်နည်း အသီးသီးကို
 ကဗျာစုပြီး ရေးပြတယ်။
(တွေးကြကွယ်)၂

## တကယ်သေချာ+မသိပါ

ဘူနဟာစွာနိ ကမ္မာနိ၊
အတ္တ မာရဏီယာနိစ။
ကရောန္တ နာဝဗုဇ္ဈန္တိ၊
ကောဓဇာတော ပရာဘဝေါ။ (အံ၊ ပါ၊ ၂၊ ၄၅)

စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိကိုယ်ကို သေစေတတ်တဲ့ အမှုတွေကို ပြုနေကြပေမယ့်လည်း မသိကြပါဘူး။ (ဒေါသကြီးမြဲ ကြီးနေကြတယ်။ ဒေါသပဲ အမြဲတစေ ထွက်နေကြတယ်)

အဲဒီဒေါသဖြစ်လာရင် သူရောကိုယ်ပါ မကောင်းတဲ့ ဆိုးကျိုးတွေကိုသာ ဖြစ်တတ်တယ်ဆိုတာ မသိကြဘူးလား။

(သိကြပါတယ် ဘုရား)

တကယ်သိရဲ့လား?

(မဖြေ၊ အားလုံးရယ်ကြ)

တကယ်မသိကြပါဘူး။ တကယ်မသိတော့ သတိလွတ်ပြီးတော့ ဒေါသတွေ ကြီးမြဲ ကြီးနေကြတယ်နော်။

(မှန်လှပါ ဘုရား)

အဲဒီဒေါသတွေ ကြီးမြှကြီးနေကြတာ ဘယ်သူထင်လဲ?

(မသိပါ ဘုရား)

အေး– သိချင်ရင် ဘုန်းကြီးကိုကြည့်၊ အခု ဒကာ ဒကာမတွေကို ဒေါသ မီး ကင်းအောင် ရေးသားဟောပြနေတဲ့ ပလ္လင်ပေါ်က ဒီဘုန်းကြီးပါ။

(အားလုံး ရယ်ကြ)

ကိုယ့်မကောင်းကြောင်းလေးတွေ ပြောရတာ အရသာရှိလိုက်တာ။

(အားလုံး ရယ်ကြ)

သူများမကောင်းကြောင်း မပြောနဲ့၊ ဘာတဲ့လဲ?

(သူများမကောင်းကြောင်း မပြောနဲ့ပါ ဘုရား)

ဒကာ ဒကာမတွေကော ဒီဘုန်းကြီးကော သူများမကောင်းကြောင်းတွေ ပြောလာတာ များပြီ၊ သူများမကောင်းကြောင်း ပြောရင် အပြစ်ရှိတယ်။ ကိုယ့် မကောင်းကြောင်း ကိုယ်ပြောတာ အပြစ်မရှိဘူး။ အပြစ်ကင်းတယ်။ ဒီတော့ အပြစ်ကင်းအောင် ကိုယ့်အကြောင်းကို ပြောပါ။

## မှားမိတာလေး ပြောပေးပါ

ကိုယ့်အကြောင်း ကိုယ်ပြောဆိုတဲ့နေရာမှာလည်း ကိုယ့်မကောင်းကြောင်း၊ ကိုယ်သတိမထားမိလို့ မှားခဲ့မိတဲ့အကြောင်းလေးတွေကို ပြောရမှာဖြစ်တယ်။ ကိုယ် တော်ကြောင်း၊ ကိုယ်သိကြောင်း၊ ကိုယ်ကောင်းကြောင်းဆိုတဲ့ ကောင်းတာတွေကို ပြောရမှာ မဟုတ်ပါဘူး။ အဲဒါတွေ ပြောမိရင် တကယ်ဟုတ်ဦးတော့ သူများက ကြွားတယ်ထင်ပြီး "လူကြွားကြီး"၊ "လူပေါ်ကြီး" လို့ သတ်မှတ်တာ ခံရတတ် တယ်။

## ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

လောကလူတွေ ပြောကြတာ တစ်ခုရှိတယ် မဟုတ်လား။ "ကိုယ့်ဂုဏ် ကိုယ်ဖော်+မသူတော်" ဆိုတဲ့စကားပါပဲ။ ကိုယ့်ဂုဏ်တွေပဲ ဖော်ပြော၊ ဖော်ဟော နေရင် ဘာတဲ့လဲ? (မသူတော်ပါ ဘုရား)

## မသူတော်ခေါ် + ဒီလိုနော်

မသူတော်ဆိုတာကိုကော သိရဲ့လား?

(မသိပါ ဘုရား)

အေး– မသိရင် သေသေချာချာ မှတ်ထား။ 'မဟုတ်တဲ့နေရာ၊ မကောင်းတဲ့နေရာတွေမှာ သွားပြီးတော်နေတာကို မသူတော်'လို့ ခေါ်တယ်။

## သမီးချော မချော အရပ်ကပြောမယ်

အမှန်ကတော့ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီးတော့ ပြောဟောနေစရာ မလိုပါဘူး။ ကိုယ်တိုင် ကြေြာငြာနေစရာ မလိုပါဘူး။ မြန်မာစကားပုံတစ်ခု ရှိတယ်မဟုတ်လား။ ဘာတဲ့လဲ? "သမီးချော မချော အရပ်က ပြောလိမ့်မယ်" ဆိုတဲ့စကားပဲ မဟုတ်လား။ ကိုယ့်သမီးလေး ချောတယ်၊ မချောဘူးဆိုတာ ကိုယ်ကလည်ပြီး ပြောနေစရာ မလိုပါဘူး။ အရပ်က သူ့ဟာသူ ပြောသွားမှာပဲ မဟုတ်လား။

## ပျက်စီးကြောင်းစစ် အမှန်ဖြစ်

ကဲ– ထားပါတော့၊ နောက်တစ်မျိုး ဆက်ကြရအောင်။

အမျက်ထွက်ခြင်းသဘောဟာ ပျက်စီးကြောင်းဖြစ်တယ်တဲ့။ ကောင်းတဲ့အရာအားလုံး ဆုံးရှုံးကြောင်းဖြစ်တယ်တဲ့။ ဒီအကြောင်းတွေ ရှေ့မှာ တော်တော်လေး ဟောပြောပြီးပါပြီ။ ဘုန်းကြီးကော၊ ဒကာ ဒကာမတွေဟာ အမျက်ထွက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့တာ၊ ကောင်းကျိုးတွေ လက်လွှတ်ခဲ့တာ များပြီနော်။

(မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆို။

* စီးပွားချမ်းသာ၊ ပယ်ဖျက်ဆီးတတ်၊
ကိုယ်ကိုသေ သတ် အမူတွေ။

* သူ့သူငါငါ နေ့ရှေ့ညည
ပြုနေကြလည်း မသိပေ။

* သတိပညာ မပါကြတော့
တစ်ခါတစ်ခါ လွှတ်သွားပေ။

* အမျက်ထွက်ရင် နေ့ရှေ့ညည
တကယ်မုချ ပျက်စီးပေ။

* အဲဒါတွေကို သတိထားလို့
အသိတရားနဲ့ ပြော ပြုနေ။

(ဟော ဆုရွှေ)၂

## ဒေါသဝေးကြောင်း တရားကောင်းများ

ဣတာယံ ကောဓရူပေန၊
ဧမ္ဘုပါသော ဂုဟာသယော။
တံ ဒမေန သမုစ္ဆိန္ဒေ၊
ပညာ ဝီရိယေန ဒိဋ္ဌိယာ။

(အံ၊ ပါ၊ ၂၊ ၄၇၂)

ဒေါသဟာ ကောဓအသွင်နဲ့ဖြစ်တယ်။
နှလုံးအိမ်ဂူမှာ ကိန်းနေတယ်။
သေမင်းရဲ့ ကျော့ကွင်းသဖွယ်ပဲဖြစ်တယ်။

အဲဒီဒေါသကို ဝိပဿနာ၊ ပညာ၊ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ ဆုံးမနိုင်ကွပ်ကြောင်း တရားနဲ့ အကြွင်းမဲ့ ပယ်ဖြတ်ရမယ်။ (အကြွင်းမဲ့ ပယ်ဖြတ်နိုင်အောင် ကြိုးစားရမယ်) ဒီတော့ ဒေါသဝေးကြောင်း၊ ဒေါသပြေးကြောင်း၊ ဒေါသအေးကြောင်း တရားကောင်းတွေဟာ ဝိပဿနာပညာ၊ အဲဒီဝိပဿနာပညာနဲ့ ယှဉ်ဘက် ကာယိက၊ စေတသိကဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ တရားသုံးမျိုးကို တွေ့ရတယ်နော်။

(မှန်လှပါ ဘုရား)

ရုပ်နာမ်မွေ့ သင်္ခါရတရားတွေရဲ့အပေါ်မှာ မြဲတာ ဘာမှမရှိပါလား။ ဆင်းရဲတာချည်းပါလား၊ ပိုင်တာ ဆိုင်တာ အစိုးရတာ ဘာမှမရှိပါလားလို့ မလွတ်တမ်း စစ်ဖမ်းပြီးတော့ ရှုနေ မှတ်နေရင် ဒေါသတွေကို အနိုင်မယူနိုင်ဘူးလား?

(ယူနိုင်ပါတယ် ဘုရား)

ရှုမှတ်နေချိန်လေးမှာပဲ ဒေါသတွေ ဝေးနေ၊ ပြေးနေ၊ အေးမနေဘူးလား?

(နေပါတယ် ဘုရား)

ဒီတော့ ရှုမှတ်ချိန်၊ ဒေါသဝေးတယ်၊ ဒေါသပြေးတယ်၊ ဒေါသ အေးတယ် နော်?

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို

* ဒေါသဆိုတာ ကောဓသဘောနဲ့
လောကတော်မှာ ဖြစ်နေတယ်။
* နှလုံးအိမ်ဂူ အမြဲကိန်းလို့
ထိန်းသိမ်းဖို့လည်း သိပ်ခက်တယ်။
* သူသူ ငါငါ ရှင်သေမင်းရဲ့

ကျော့ကွင်းကြီးကွဲ ဖြစ်ပါတယ်။
* ဝိပဿနာ ပညာမြတ်နဲ့
ဒေါသဆိုးသတ် နှိမ်ရမယ်။
* ဝီရိယ+မဂ္ဂါ သမ္မာ ဒိဋ္ဌိ
မှန်စွာ နှိပ်ဖိ နှိမ်ရမယ်။
* ရှုမှတ်ချိန်မှာ ဒေါသဝေးလို့
ဒေါသပြေးကာ အေးမြမယ်။
* ဒေါသဝေးစေ ပြေးစေကြောင်းကို
ဆုတွေတောင်းလို့ ကဗျာချယ်။

## မသာမယာ + ကင်းရှိန်ဝါ

ယထာ မေတံ အကုသလံ၊
သမုစ္ဆိန္ဒေ ထ ပဏ္ဍိတော။
တထေဝ ခမ္မေ သိက္ခေထ၊
မာ နော ဒုမ္မင်္ကုယံ အဟု။

(အံ၊ ပါ၊ ၂၊ ၄၇)

ငါတို့မှာ ဒေါသကြောင့် မျက်နှာမသာမယာ အရှိန်အဝါမရှိခြင်းတွေ မဖြစ်ပါစေနဲ့လို့ တောင့်တရမယ်။ ဒေါသဖြစ်နေရင် ဘယ်လိုနေလဲ?

(ချက်နှာမသာမယာ ဖြစ်နေပါတယ် ဘုရား)

မယာလေးကို မပြောနဲ့ဦး။ မယာလေးကို ဖြုတ်ထားလိုက်ပါဦး၊ ဘယ်လိုနေ?

(မျက်နှာ မသာ ဖြစ်နေပါတယ် ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာဖြစ်နေ?

(မသာဖြစ်နေပါတယ် ဘုရား)

မသာ (အသုဘ) များ ဘယ်လောက်ပဲ ပြုပြင်ပေးပေး ကြည့်လို့ကောင်းရဲ့လား?

(မကောင်းပါ ဘုရား)

ဒေါသဖြစ်နေသူရဲ့ မျက်နှာ ဘာနဲ့တူ?

(မသာနဲ့ တူပါတယ် ဘုရား)

ဒီတော့ ပရိသတ်ရေ၊ ဆိုလိုက်စမ်းပါ။

* ဒေါသဖြစ်ရင် သတိထား၊

မသာကြီးနဲ့ တူပါလား။
* ဒေါသကြီးရင် သတိထား
မသာ အသုဘ တူကာသွား။

## မသာဖြစ်မှု+သတိပြု

ဒီတော့ ကိုယ့်ဒေါသကြီးရင် ကိုယ်ဘာဖြစ်?

(မသာဖြစ်ပါတယ် ဘုရား)

ကိုယ်မသာဖြစ်နေတာ အမြန်သိပြီးတော့ ဒေါသကိုအုပ်၊ ဒေါသကိုချုပ်ထိန်းရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးသူတွေ တွေ့ရင်လည်း ဟာ မသာကြီးပါလားလို့ သတိထားကာ ရှောင်ရှားရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသကင်းက ချမ်းမြမြ

ဒေါသကင်းသူရဲ့မျက်နှာဟာ သာယာစိုပြေတယ်၊ ကြည့်လို့ကောင်းတယ်၊ အေးမြတယ်၊ မေတ္တာပြည့်ဝတဲ့ အရှိန်အဝါတွေ တွေ့ရတယ်။

## ကောင်းရှိန်ငါတွေ ပျောက်ကွယ်နေ

ဒေါသဖြစ်သူရဲ့မျက်နှာကတော့ သာယာစိုပြေမှု မရှိဘူး။ ကြည့်လို့မကောင်းဘူး။ ပူလောင်နေတယ်။ မေတ္တာစတဲ့ အရှိအဝါတွေလည်း ကွယ်ပျောက်နေတယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသကြီးရင် ဘယ်လောက်ပဲ ရာထူးဂုဏ်သိန် အရှိအဝါတွေရှိရှိ အဲဒီအရှိန်အဝါတွေ ကွယ်ပျောက်ပြီးတော့ "အဲဒီဘုန်းကြီးဟာ၊ အဲဒီလူကြီးဟာ ဒေါသတအားကြီးတယ်"ဆိုတဲ့ သမိုင်းကြီးပဲ တွင်သွားတယ်နော်။

(မှန်လှပါ ဘုရား)

## အေးအေးဆေးဆေး ပြု ပြော တွေး

ဒီတော့ ပရိသတ်ရေ ဒေါသရဲ့အပြစ်တွေကို နားလည်သဘောပေါက်ပြီးတော့ ဒေါသကင်းရပါလို၏လို့ အမြဲတစေ ဆုတောင်းရမယ်။ ဒေါသကင်းစင်

ဘုရားရှင်ကို မြင်ယောင်ရှိခိုးရမယ်။ ဒေါသဆိုးတွေ ဝေးအောင်၊ ပြေးအောင် အရာရာကို အေးအေးဆေးဆေး တွေးတတ်၊ ပြောတတ်၊ ပြုတတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

## ဒေါသဖြစ်လာ ဖြေစရာ

ကဲ- ''ဒေါသဖြစ်လာ၊ ဖြေစရာ'' ''ဒေါသကင်းစင်+ဘုရားရှင်''ဆိုတဲ့ ကဗျာလေး လိုက်ဆို ရှိခိုးပြီး ဆုတောင်းကြရအောင်။

''ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးဒေါသ ကင်းစေသော်''

ဒေါသဖြစ်လာရင် ဒီကဗျာလေး ရွတ်နော်။

(မှန်လှပါ ဘုရား)

## အမျက်ဒေါသ ပယ်ဖြတ်ကြ

ပညာရှိဆိုတာ ဒေါသဆိုတဲ့ အကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်တယ်။

ပရိသတ်ရေ၊ ပညာရှိ ပယ်ဖြတ်သင့်တာ ဘာတဲ့လဲ?

(ဒေါသအကုသိုလ်ပါ ဘုရား)

## မကောင်းလေးပါး သတိထား

ဒီနေရာမှာ မကောင်းလေးပါး ပြောချင်ပါသေးတယ်။ ဘာလေးပါးတဲ့လဲ?

(မကောင်းလေးပါးပါ ဘုရား)

အလသော ဂိဟီ ကာမဘောဂီ နသာဓု။

ကာမစည်းစိမ်ကို ခံစားနေတဲ့လူဟာ ပျင်းနေရင် မကောင်းဘူးတဲ့။

## ရဟန်းဖြစ်ပြီး မစောင့်စည်း

အသညတော ပဗ္ဗဇိတော နသာဓု။

ရဟန်းဖြစ်ပြီးတော့ ကိုယ် နှုတ် နှလုံး မစောင့်ရှောက်ရင် မကောင်းဘူးတဲ့။

## မဆင်ခြင်က မကောင်းလှ

ရာဇာ နသာဓု အနိသမ္မကာရီ။

လောက ဓမ္မ နှစ်ဌာနမှာ မဆင်ခြင်ဘဲ ပြုလေ့ရှိတဲ့မင်းဟာ မကောင်းဘူးတဲ့။

## အမျက်ထွက်တာ မကောင်းပါ

ယော ပဏ္ဍိတော ကောဓနော တံ နသာဓု။

ပညာရှိ အမျက်ထွက်ရင် မကောင်းဘူးတဲ့။

ဒီတော့ ပရိသတ်ရေ ပညာရှိဆိုသူတွေ အမျက်ထွက်ရင် ကောင်းပါ့မလား?

(မကောင်းပါ ဘုရား)

ဒီနေရာမှာ ဘုန်းကြီးစဉ်းစားမိတာလေး ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ "ပညာတကယ်မရှိသေး"လို့ အမျက်ထွက်တာ ဖြစ်မယ်လို့ စဉ်းစားမိတာပါ။

နောက်ပြီးတော့ ရှိသေးတယ်။ ပညာရှိတွေကို သတိပေးတဲ့စကားလေး "ပညာရှိ၊ သတိဖြစ်ခဲ" ဆိုတဲ့ စကားလေးပါ။ ဒါလည်း စဉ်းစားမိတာကတော့ ပညာတကယ်မရှိလို့ သတိလွတ်သွားတာပါဆိုတဲ့ စဉ်းစားချက်လေးပါ။

## မေတ္တာနဲ့ပယ် သတ်ရမယ်

ဒေါသဖြစ်လာရင် အဲဒီဒေါသကို မေတ္တာဆိုတဲ့ အဒေါသနဲ့ သတ်ရမယ်နော်။

(မှန်လှပါ ဘုရား)

ဒေါသဉ္စ ပန မေတ္တာယ

နိဗ္ဗာပေန္တိ နရုတ္တမာ။

(ဣတိဝုတ်၊ ပါ၊ ၂၅၇)

## သ ၀ိ နှစ်ဖြာ ကျင့်ကြံပါ

ပညာရှိဆိုတာ ဒေါသအကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သင့်သလို ထို့အတူပဲ သမထ၊ ဝိပဿနာ တရားတွေကို အမြဲတစေ ဖြည့်ကျင့်နေရမယ်တဲ့။

ဒီတော့ ပညာရှိဆိုတာ ဒေါသကို ပယ်ဖြတ်၊ သမထ၊ ဝိပဿနာဆိုတဲ့ တရားတွေကို ကျင့်နေရမယ်၊ ဒီလိုနော်။

(မှန်လှပါ ဘုရား)

ကဲ– ကဗျာလေးတွေ လိုက်ဆို။

* ဒေါသကင်းစေ ဆုတောင်းပြု
ဒေါသအကု ပယ်ရမယ်။

* သမထခေါ် မြတ်တရားနဲ့
ဝိပဿနာပွားကျင့် နေရမယ်။

* ဒေါသမီးတွေ လောင်နေငြားလည်း
မေတ္တာတရားနဲ့ သတ်ရမယ်။
(မှတ်ကွယ်)၂

## ကိလေသာဝေး ငြိမ်းချမ်းအေး

ဝီတကောဓာ အနုပါယာသာ၊ ဝီတလောဘာ အနုဿုကာ၊
ဒန္တာ ကောဓံ ပဟန္တွာန၊ ပရိနိဗ္ဗန္တိ အနာသဝါ။ (အံ၊ ပါ၊ ၂၊ ၄၇၂)
ပညာရှိဆိုတာ အမျက်ဒေါသကို ပယ်ရမယ်။
အမျက်ဒေါသကင်းအောင် ကြိုးစားရမယ်။
ဒေါသထန်ပြင်း၊ ပင်ပန်းခြင်းမရှိအောင် ကြိုးစားရမယ်။
လောဘကင်းအောင် ကြိုးစားရမယ်။
ကိစ္စကြီးကယ် အသွယ်သွယ်တွေ များမနေရဘူး။ (အလုပ်ရှုပ်မနေရဘူး)
ယဉ်ကျေးသိမ်မွေ့ရမယ်။
ကိလေသာကင်းဝေး ငြိမ်းချမ်းအေးမြမှုရအောင် ကြိုးစားရမယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆို။
* ပညာရှိဟာ ဒေါသကြီးကို
သေချာအပြီး ပယ်ရမယ်။
* လောဘ ဒေါသာ ဖြစ်နေကြလို့
သူငါများတို့ ပင်ပန်းတယ်။
* လောဘ ဒေါသာ ကင်းကွာရေးနဲ့
ကိစ္စနည်းရေး ကြိုးစားမယ်။
* ယဉ်ကျေးလိမ္မာ ကိလေဝေးမှ
ငြိမ်းချမ်းအေးမြ ရနိုင်မယ်။

## မောဟမီးလေး ဆက်ဟောပေး

ကဲ– ဒေါသမီးအကြောင်း မကောင်းပုံကို အကြောင်းစုံစုံလေး ပြောပြီးတော့ မောဟမီးအကြောင်း ပြောကြရအောင်။

မောဟဆိုတာ ဘာလဲ။ မောဟဆိုတာ အမှားနဲ့အမှန်၊ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားမသိတာ၊ သစ္စာလေးပါး မသိတာ၊ သူတော်ကောင်းတရားတွေ မသိတာဟာ မောဟပါပဲ။

## ကျိုးမဲ့ဖြစ်စေတာ မောဟပါ

အနတ္ထဇနနော မောဟော၊
မောဟော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊
တံ ဇနော နာဝဗုဇ္ဈတိ။

(ဣတိဝုတ်ပါဠိ ၂၅၂)

မောဟဆိုတာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။
မောဟဆိုတာ စိတ်ကို ဖျက်ဆီးတတ်တယ်။
အတွင်းစိတ်ထဲမှာဖြစ်တဲ့ မောဟဆိုတဲ့ ဘေးကို လူတွေမသိနိုင်ဘူး။

## မကသဇာတ် သိမှတ်စရာ

ဒီနေရာမှာ မောဟကြောင့် အကျိုးမဲ့ဖြစ်စေတာလေးကို ပြောပြလိုပါတယ်။

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်နေပါတယ်။ ဘုရားလောင်းကတော့ ကုန်သွယ်ခြင်းနဲ့ အသက်မွေးနေပါတယ်။ ကာသိတိုင်းက ရွာတစ်ရွာမှာ လက်သမားတွေ အများကြီး နေကြပါတယ်။ တစ်နေ့တော့ လက်သမားဆရာကြီးတစ်ဦးရဲ့ ဦးခေါင်းမှာ မှတ်ကိုက်နေပါတယ်။ လက်သမားဆရာကြီးက သူ့သားကို မှက်ကိုက်နေကြောင်း။ မှတ်ကို ခြောက်ပေးဖို့အကြောင်း ပြောပါတယ်။ သားက အနားမှာရှိနေတဲ့ ပုဆိန်ကြီးကို ယူပြီးတော့ သူ့ဖခင်အနားရပ်ကာ မှတ်ကို ခြောက်ပေးမယ်ဆိုပြီး ဖခင်ရဲ့ဦးခေါင်းကို ပုဆိန်ကြီးနဲ့ ပေါက်ချလိုက်ပါတယ်။ လက်သမားဆရာကြီးဟာ ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ဒီဝတ္ထုမှာ သားရဲ့ မသိခြင်းမောဟကြောင့် အဖသေဆုံးရတာပဲ ဖြစ်ပါတယ်။

သားဟာ ဖြစ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်ကို မသိခြင်းကြောင့် လုပ်မိတာ ဖြစ်ပါတယ်။

ဘုရားလောင်းလည်း အဲဒီသားအဖ ဖြစ်ရပ်ကို ကြည့်ပြီးတော့ ကောက်ချက် ချလိုက်ပါတယ်။

အဲဒါကတော့ "ရန်သူပညာရှိကတောင် ပိုမြတ်တယ်။ အဲဒီစကား မှန်တယ်။ ရန်သူပညာရှိဟာ ဖြစ်လာမည့်ဘေးရန်၊ ဘေးဒဏ်မှ ကြောက်တဲ့အတွက် လူကို မသတ်ပါဘူး" ဆိုတဲ့ ကောက်ချက်ပဲ ဖြစ်ပါတယ်။

(မကသဇာတ်၊ ဇာ၊ ဋ္ဌ၊ ၁၊ ၁၁)

## အမိုက်မှောင်လွှမ်း အတန်းကြီးဖြစ်

မူဠှော အတ္တံ နဇာနာတိ၊
မူဠှော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံ မောဟော သဟတေ နရံ။

(ဣတိဝုတ်ပါဠိ၊ ၂၅၂)

တွေဝေခြင်းမောဟဖြစ်သူဟာ အကျိုးမသိနိုင်ပါဘူး။

ကောင်းမြတ်မှန်ကန်တဲ့ တရားသဘောကို မမြင်နိုင်ပါဘူး။

မောဟတရားက လူတွေကို လွှမ်းမိုးဖိစီးသွားတဲ့အခါ အမိုက်မှောင် လွှမ်း အကန်းကြီးလို ဖြစ်သွားတယ်။

မောဟဖြစ်ရင် ကောင်းတာ ဆိုးတာ၊ မှန်တာ မှားတာ မခွဲခြားတတ်တော့ဘူး နော်။

(မှန်လှပါ ဘုရား)

ကဲ–, ကဗျာ လင်္ကာလေးတွေ လိုက်ဆို။

* မောဟဖြစ်သူ ရှင်လူများမှာ
  ကောင်းကျိုးစီးပွား ဖျက်သွားတယ်။
* မောဟဖြစ်ရင် စိတ်ဖျက်ဆီးတတ်
  သတိမပြတ် ထားရမယ်။
* မောဟတွင်းမှာ ဖြစ်လာငြားက
  ဘေးဆိုးများကို သိဘူးကွယ်။
* မကသခေါ် ဇာတ်တရားနဲ့
  မှတ်သားဖို့ကို ပြထားတယ်။
* ဖခင်ခေါင်းမှာ မှက်ကကိုက်တော့
  ဖခင်သားမိုက် ခြောက်နိုင်းတယ်။
* ပုဆိန်ယူကာ ဖခင်ခေါင်းကို
  သားမောင်ပေစောင်းပေါက် ခြောက်တယ်။
* လက်သမား တော်ဖခင်ကြီးဟာ
  ပွဲချင်းပြီးပဲ သေသွားတယ်။
* အဲဒီချိန်မှာ ဘုရားလောင်းက

ကောက်ချက် အကောင်းချပြတယ်။

* ပညာရှိသူ ရန်သူကတောင်
ဉာဏ်ထူသားထက် ပိုမြတ်တယ်။

* ပညာရှိသူ ရန်သူများက
ဘေးဒဏ်ကြောက်ခြား သတ်ဘူးကွယ်။

(မှတ်ဦးတကာယ်)၂

## မောဟမီးသတ် ပညာမြတ်

အဲဒီမသိခြင်း မောဟမီးကို သိခြင်းပညာနဲ့ ပယ်သတ်ရမယ်နော်။
(မှန်လှပါ ဘုရား)
မောဟဂ္ဂိ ပန ပညာယ၊
ယာယံ နိဗ္ဗေဓဂါမိနီ။ (ဣတိဝုတ်ပါဠိ၊ ၂၅၇)

## တော်တော်လေးပင် ဟောစုံလင်

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးပါး ငြိမ်းသွားတော်မူတဲ့ ကောသနိယ မထေရ်အကြောင်း ဟောပြောလိုက်တာ တော်တော်လေး စုံသွားပြီနော်။
(မှန်လှပါ ဘုရား)

## မီးငြိမ်းဖို့ရာ ကြိုးစားပါ

ဒီတရားကို ဟောကြားရသူ၊ နာကြားရသူ၊ တရားလှူသူတွေလည်း အဲဒီ မီးသုံးပါးရဲ့ မကောင်းကျိုးပေးပုံတွေကို သိပြီးတော့ အဲဒီမီးသုံးပါး နည်းပါးအောင်၊ ငြိမ်းသွားအောင် ကြိုးစားရမယ်နော်။ (မှန်လှပါ ဘုရား)

## ဘဝသီးသီး ပယ်နုတ်ပြီး

သူဟာ ဘဝအားလုံးကို ပယ်နုတ်ပြီးသူဖြစ်တယ်။ မြတ်စွာဘုရားရဲ့သာသနာ တော်မှာ အဆုံးဖြစ်တဲ့ ကိုယ်ကိုဆောင်တယ်တဲ့။

## မင်းမြတ်စကြာ+ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာ ၅၀၀ ထက်မှာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့ "သုမာဟ" လို့ ခေါ်တဲ့ ထင်ရှားတဲ့ စကြဝတေးမင်း ၃၄ ကြိမ် ဖြစ်ဖူးတယ်တဲ့။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

## ဆုတောင်းမေတ္တာ+ပတ္ထနာ

ဒီနေ့ တရားဟော တရားနာ တရားလှူရတဲ့ ကုသိုလ်ကောင်းမှု အံ့စုစုကြောင့် "တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော်လာ ကောသနိယမထေရ်လို တကယ်မီးတွေ ငြိမ်းသွားအောင် ကြိုးစားနိုင်ကြပါစေ။

"တကယ်ငြိမ်းသွား+မီးသုံးပါး" တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တုဝဂ္ဂဒါယကဝဂ်၊ ဓာတုပူဇက
ထေရအပဒါနကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "ဓာတုပူဇာ+မင်္ဂလာ"

## တရားတော်

ဒီနေ့ မြတ်စွာဘုရားရဲ့ ကိုယ်ပွား၊ ကိုယ်စား ဓာတ်တော်များကို လေးစား ကြည်ညိုပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က 'ဓာတုပူဇာ+မင်္ဂလာ' တရားတဲ့

ဘာတရားတဲ့လဲ?

('ဓာတုပူဇာ၊ မင်္ဂလာ' တရားပါ ဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်။

### ဓာတ်တော်တစ်ဆူ+ရခဲ့သူ

လူတွေထက် မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ ခြေနှစ်ချောင်းရှိတဲ့ နတ်လူတွေကို အစိုးရပြီးတော့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဓာတော်တစ်ဆူကို ဟောဒီဓာတုပူဇကမထေရ် အလောင်း သူတော်ကောင်းလေးဟာ ရရှိလာခဲ့တယ်။

ဓာတ်တော်ဘယ်နှစ်ဆူရခဲ့သတဲ့လဲ? (တစ်ဆူပါ ဘုရား)

သူရခဲ့တာ ဓာတ်တော်တစ်ဆူတည်းနော်။ (မှန်လှပါ ဘုရား)

### သူပူဇော်တာ + ငါးနှစ်ကြာ

သူဟာ နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားရဲ့ ဓာတ်တော်ကို ယူပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသလိုပဲ ငါးနှစ်ပတ်လုံး ပြုစုလုပ်ကျွေးခဲ့တယ်။

ဒါ သေသေချာချာမှတ်ပါ။ ဓာတ်တော်ပဲဆိုပြီးတော့ ပေါ့တော့တော့ ပူဇော်

တာ မဟုတ်ပါဘူး။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်သလို လေးလေး နက်နက် ပူဇော်တာ၊ လုပ်ကျွေးတာနော်။ (မှန်လှပါ ဘုရား)

ဘယ်နှစ်နှစ် လုပ်ကျွေး? (ငါးနှစ်ပါ ဘုရား)

ပရိသတ်ရေ၊ သေသေချာချာထပ်ပြော? (ငါးနှစ်ပါ ဘုရား)

## ဒကာတစ်ယောက် + ငါးနှစ်ပေါက်

ဒီတရား တစ်နေရာမှာဟောတော့ ဘုန်းကြီးက ပြုစုလုပ်ကျွေးတဲ့နှစ်ကို နှစ်ခါ သုံးခါလောက် မှတ်မိအောင် မေးလိုက်ပါတယ်။ ဒကာတစ်ယောက်က သူ့ဟာသူ အတွေးပေါက်ပြီး (၅၂) လို့ နှစ်လုံးနံပါတ်ကောက်ပြီး ထိုးလိုက်တာ ပေါက်သွားပါတယ်။ နောက်နေ့ကျတော့ အဲဒီဒကာက ကျောင်းကို လှူဖွယ်ဝတ္ထု တွေနဲ့ ရောက်လာပါတယ်။ ဘုန်းကြီးက.ဒကာ ဘာအတွက် လှူတာလဲ၊ ပြောပါဦး။ ရေစက်ချရအောင်ဆိုပြီးတော့ မေးလိုက်ပါတယ်။ အဲဒီဒကာက ဘာအတွက်မှ မဟုတ်ပါဘူး ဘုရား။ ဆရာတော် မနေ့က မွှာရုံလာ တရားဟောတော့ ငါးနှစ် လုပ်ကျွေးတာ နှစ်ခါသုံးခါမေးတော့ ဒါ အတိတ်ပေးတာပဲဆိုပြီး အဲဒါ ကောက်ထိုး လိုက်တာ၊ ပေါက်တဲ့အတွက် လာလှူတာပါ ဘုရားတဲ့။ (အားလုံး ရယ်ကြ)

ဖြစ်မှ ဖြစ်ရလေ ဒကာရယ်၊ ဘုန်းကြီးက နံပါတ်ပေးတဲ့ဘုန်းကြီး မဟုတ် ပါဘူး။ တရားဟောတဲ့ဘုန်းကြီးပါလို့ ပြောရပါတယ်။

## နှစ်လုံးရောဂါ ရနေရှာ

လူတွေဟာ အဲဒီရောဂါ ရနေကြတယ်နော်။ (မှန်လှပါ ဘုရား)

ဘယ်ရောဂါလဲ? (နှစ်လုံးရောဂါ ပါဘုရား)

လုပ်နေကျဆိုတော့ သိတယ်နော်။ (အားလုံး ရယ်ကြ)

## နောက်နေ့အတွက် ပေးတစ်ကွက်

အဲဒီဒကာက ဘုန်းကြီးကို ဆက်လျှောက်တယ်။

ဆရာတော် ၅၂ တော့ မှန်သွားပြီ။ နောက်နေ့အတွက် တစ်ကွက်လောက် အတိတ်ပေးပါဦး ဘုရားလို့ လျှောက်ပါတယ်။

## သေချင်းဆိုးပေး မွဲပုံလေး

အဲဒီလိုလျှောက်တော့ အဲဒီဒကာကို ဘုန်းကြီးက 'ဒကာ၊ ဘုန်းကြီး ခုပြော

မည့်စကားကို သေသေချာချာ နားထောင်ပါ။ ဟိုတုန်းက နေ့စဉ် အချိန်မှန်မှန်ကြွ တဲ့ ဆွမ်းခံကိုယ်တော်လေးတစ်ပါး ရှိတယ်။ အဲဒီကိုယ်တော်လေးဟာ ချမ်းသာ ကြွယ်ဝတဲ့ အိမ်တစ်အိမ်က ဒကာမကြီးတစ်ယောက်နဲ့ သားအမိလို ရင်းနှီးတယ်။ ဒကာမကြီးဟာ ချမ်းသာကြွယ်ဝသူပီပီ လက်ဝတ်တန်ဆာတွေ တော်တော်လေး ဝတ်စားထားလေ့ရှိတယ်။ အိမ်မှာလည်း အသုံးအဆောင် ပရိဘောဂပစ္စည်းတွေ တော်တော်လေးစုံလင်ပါတယ်။ ဆွမ်းခံကိုယ်တော်လေးကတော့ နေ့စဉ်ပဲ အကဲခတ် ကြည့်နေပါတယ်။ ဒကာမကြီး လက်ဝတ်တန်ဆာတွေလည်း ကုန်လုနီးပါး ဖြစ်နေ တာ တွေ့ရပါတယ်။ နောက်ပြီးတော့ အိမ်ရှိပရိဘောဂတွေလည်း တစ်နေ့တစ်မျိုး လျော့နေတာ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတော့ ကိုယ်တော်လေးက ဒကာမကြီး နဲ့ သားအမိလို ရင်းနှီးသူဖြစ်နေတော့ 'ဒကာမကြီး၊ ဒကာမကြီးရဲ့ လက်မှာ လည်မှာ လက်ဝတ်တန်ဆာတွေလည်း သိပ်မတွေ့ရတော့ပါလား၊ ပရိဘောဂပစ္စည်း တွေလည်း တစ်နေ့တစ်မျိုး လျော့နေပါလား' အဲဒါ ဘာကြောင့်ပါလဲ? လို့ မေးပါ တယ်။

အဲဒီဒကာမကြီးက 'တပည့်တော် အခုလိုမွဲနေတာ မပြောချင်ပါဘူး ဘုရား' တဲ့။ မပြောချင်ပါဘူးဆိုလေ၊ ကိုယ်တော်လေးက ပြောပါ ဒကာမကြီးရဲ့၊ ပြောပါ။ ဒကာမကြီးရဲ့လို့ ခဏခဏပြောနိုင်းပါတယ်။ ဒကာမကြီးကတော့ 'ပြောချင်ပါဘူး ကိုယ်တော်၊ ပြောချင်ပါဘူး ကိုယ်တော်'လို့ ခဏခဏပြန်လျှောက်ပါတယ်။

နောက်ဆုံးတော့ ကိုယ်တော်လေးက ခဏခဏပြောနိုင်းတဲ့အတွက် ဒကာ မကြီးက 'ကိုယ်တော်လေးရယ်၊ သေသေချာချာ နားထောင်ပါတဲ့။ တပည့်တော် ခုလိုမွဲရတာ ကျောင်းက သေချင်းဆိုးဘုန်းကြီး ပေးတိုင်း ထိုးလို့ မွဲရတာ'တဲ့။

(အားလုံးရယ်ကြ)

ဘယ်ကျောင်းကတဲ့တော့ မသိဘူး။ (အားလုံးရယ်ကြ)

ကဲ- ဒကာ ဘယ်လိုလဲ? နှစ်လုံးနံပါတ် အတိတ်တောင်းဦးမှာလားလို့ မေးလိုက်ပါတယ်။

အဲဒီဒကာက တောင်းဦးမှာဘုရားလို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုန်းကြီး က ဒကာတောင်းလည်း ဘုန်းကြီးက မပေးဘူး။ ဘုန်းကြီးက ဟိုဒကာမကြီး ပြောတဲ့ 'သေချင်းဆိုး ဘုန်းကြီး'လို့ အပြောမခံနိုင်ဘူးလို့ ပြောလိုက်ရပါတယ်။

ဒီတော့ ပရိသတ်ရေ၊ မွဲရင်၊ မပေါက်ရင် ဘာဘုန်းကြီးတဲ့လဲ?

(သေချင်းဆိုး ဘုန်းကြီးပါ ဘုရား)

ဘုန်းကြီးကတော့ အဲဒီလိုအပြောမခံနိုင်ဘူးနော်။
(အားလုံး ရယ်ကြ)
အဲဒီဒကာလေးကို ခုလည်း (ငါးနှစ်) သွားမလုပ်နဲ့ဦး၊ မွဲရင် မပေါက်ရင် ဘုန်းကြီးကို သေချင်းဆိုးဘုန်းကြီး ပြောနေဦးမယ်။
(အားလုံး ရယ်ကြ)

## အလုံးလေးတွေ အကြောင်း

အဲဒီအလုံးတွေအကြောင်း ဆက်ပြောဦးမယ်။ နားထောင်မယ်မဟုတ်လား။
(နားထောင်ပါမယ် ဘုရား)
ဒါမျိုးကျတော့ ဝါသနာပါတယ်နော်။
(အားလုံး ရယ်ကြ)
အလုံးတွေအကြောင်း။ ဘာအကြောင်းတဲ့လဲ?
(အလုံးတွေအကြောင်းပါ ဘုရား)

## တိုက်ဆိုင်ရှေ့ဆုံး + ဒကာလုံး

ဒီနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရှေ့က တရားထောက်ဒကာကြီးက လည်း ဦးလုံးဖြစ်နေတယ်။
(အားလုံး ရယ်ကြ)
ဒကာလုံး။ (ဘုရား)
အလုံးရောဂါဆိုတာ ဘာကိုပြောတာပါလိမ့်?
(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)
ဒကာလုံးတို့က လုံးနေကျဆိုတော့ သိတယ်နော်။
(အားလုံး ရယ်ကြ)
ပရိသတ်ကို မေးမယ်၊ ပရိသတ်ရေ၊ အလုံးရောဂါဆိုတာ ဘာပါလိမ့်?
(နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပါ ဘုရား)
ပရိသတ်ကလည်း လုပ်နေကျဆိုတော့ သိတယ်နော်။
(အားလုံး ရယ်ကြ)

## သုံးမလောက်တာ 'လုံး' ကြောင့်ပါ

တစ်နေ့ တောမှာ ကျောင်းထိုင်တဲ့ သူငယ်ချင်းတွေ ရောက်လာကြတယ်။

ဆွမ်းစားပြီး ရေနွေးပွဲမှာ ဘုန်းကြီးက 'ကိုယ်တော်၊ ဘယ်နှယ်လဲ၊ တောမှ ကျောင်းထိုင်ရတာ အဆင်ပြေရဲ့လား။ ဆွမ်း ကွမ်း လာဘ်လာဘ စသည်ပေါ့ ကိုယ်တော်' လို့ မေးလိုက်ပါတယ်။

အဲဒီလိုမေးလိုက်တော့ တောမှာကျောင်းထိုင်တဲ့ သူငယ်ချင်းဆရာတော်က "တပည့်တော်ရွာက အိမ်ခြေတစ်ထောင်လောက်ရှိတယ်။ ကျောင်းကလည်း တပည့်တော် တစ်ကျောင်းတည်းပါပဲ။ ဆွမ်း ကွမ်း လာဘ်လာဘစသည်အားလုံး အဆင်ပြေပါတယ်။ ဒါပေမယ့် တပည့်တော်ကတော့က နှစ်လုံး သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လောင်းကစားလုပ်တဲ့အတွက် သုံးလို့မလောက်ဘူးတဲ့။

(အားလုံး ရယ်ကြ)

## တုံးမွဲ ထုံးမွဲ

အဲဒီကိုယ်တော်က 'ဘုန်းကြီး၊ ဘုန်းကြီးက စာရေးတာဆိုတော့ စာရေးရင် ထည့်ရေးလို့ရအောင် ကဗျာလေး ယူဦးမလား'လို့ မေးပါတယ်။

ဘုန်းကြီးက လုပ်စမ်းပါဦး ကိုယ်တော်၊ ကိုယ်တော့်ကဗျာလေး မှတ်ပါရစေဦး။ ရွတ်လိုက်စမ်းပါဆိုတော့ 'ဘုန်းကြီး သေသေချာချာမှတ်နော်' တဲ့။ တပည့်တော်တို့ရွာမှာ ဒီကဗျာလေး ခေတ်စားနေတယ်တဲ့။ အဲဒီကဗျာလေးကတော့–

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ နှစ်လုံးထီပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ သုံးလုံးထီပဲ။

* ကတုံးလည်းမွဲ၊ ဆံထုံးမွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။

(အားလုံး ရယ်ကြ)

ပရိသတ်ရေ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ 'လုံးသုံးလုံး' လုပ်ရင် ဘာတဲ့လဲ? (ကတုံးလည်း မွဲ၊ ဆံထုံးလည်းမွဲပါ ဘုရား)

ဆံထုံးဆိုတာ ဘယ်သူတွေပါလိမ့်? (ဒကာမတွေပါ ဘုရား)

သိရင် ပြီးတာပဲ။ (အားလုံး ရယ်ကြ)

## ရာသီစာလေး ပြောမနေး

ဒီနေရာလေးမှာ 'နှစ်လုံး၊ သုံးလုံး'တွေ များစွာလုပ်တဲ့ ဒကာမကြီးတစ်ယောက်အကြောင်း ပြောရဦးမယ်။ အဲဒီဒကာမကြီးကို ဘုန်းကြီးက ဒါတွေဟာ ဘဝပျက်သွားနိုင်တယ်၊ ဘဝပျက်သူတွေ များတာလည်း ဒကာမကြီး မြင်နေကြားနေရတာပဲ။ အဲဒီနှစ်လုံး သုံးလုံး မလုပ်ပါနဲ့တော့၊ မလုပ်တော့ပါဘုရားလို့

ဘုန်းကြီးကို ဂတိပေးပါလို့ ပြောတော့ အဲဒီဒကာမကြီးက –

"ဂတိမပေးပါရစေနဲ့ ဘုရား။ ရာသီစာလေးဆိုတော့ မနေနိုင်လို့ပါ' ဘုရား" တဲ့။ (အာလုံး ရယ်ကြ)

ပရိသတ်ရော့ ဘာလေးတဲ့လဲ? (ရာသီစာလေးပါ ဘုရား)

ဒီပရိသတ်ထဲမှာ ရာသီစာ ဒကာ ဒကာမတွေ ဘယ်လောက်ပါလဲ၊ ကြည့်လိုက်စမ်းမယ်၊ ဟာ မနည်းပါလား။ (အားလုံး ရယ်ကြ)

## ခဏာခဏာ သေပေးကြ

မြို့တစ်မြို့ တရားဟောရောက်တော့လည်း အဲဒီမြို့က သုံ့ငယ်ချင်း ကျောင်းထိုင်ဆရာတော်ကို အခြေအနေ ကောင်းရဲ့လားစသည် မေးကြည့်တော့ သူဖြေပုံလေးက သေသေချာချာ နားထောင်နော်။

'ဒီမြို့မှာ ကျောင်းထိုင်ရတာ မဆိုးပါဘူး ဘုန်းကြီးရယ်။ မသာလေးကတော့ သုံးလို့စွဲလို့ရအောင် ခဏာခဏာ သေပေးသား၊ ဒါပေမဲ့ ကိုယ်က နှစ်လုံး သုံးလုံး ဘောလုံး လောင်းတော့ သုံးလို့မလောက်ဘူး' လို့ ပြောပါတယ်။ (အားလုံး ရယ်ကြ)

အဲဒီကိုယ်တော်ကလည်း ဘုန်းကြီးက စာရေးတာ တရားဟောတာဆိုတော့ ကဗျာလေး မှတ်သွားပါဦးလားလို့ ပြောပါတယ်။ သူရဲ့ကဗျာလေးတွေကတော့–

* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ နှစ်လုံးထီပဲ။
* မင်းထိုးလည်း မွဲ၊ ငါထိုး မွဲ၊ အဲဒါ သုံးလုံးထီပဲ။
* မင်းလောင်းလည်း မွဲ၊ ငါလောင်း မွဲ၊ အဲဒါ ဘောလုံးပွဲ တဲ့။ (အားလုံး ရယ်ကြ)

## လောင်းကစားရှောင် ကောင်းစားအောင်

ကဲ– ထားပါတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီနှစ်လုံး၊ သုံးလုံး၊ ဘောလုံးဆိုတဲ့ လောင်းကစားတွေ ရှောင်ကြရမယ်နော်။

(မှန်လှပါ ဘုရား)

လောင်းကစားကြောင့် ကောင်းစားသူတွေဆိုတာ ရှားတယ်နော်။

(မှန်လှပါ ဘုရား)

ကောင်းစားချင်သူတွေကို မှာချင်တာကတော့ လောင်းကစား ရှောင်ပါလို့ မှာချင်တာပါပဲ။

## အပါယ်လွတ်ရ + သုဘာဝ

ဒီဘဒကမ္ဘာမှ ၉၄ ကမ္ဘာထက်မှာတော့ ဓာတ်တော်ပူဇော်ခဲ့တဲ့အခါမှ စပြီးတော့ အပါယ်လေးပါး လားရောက်ရကယ်ဆိုတာ မသိဘူးပါတဲ့။ အဲဒီလို အပါယ်လေးပါး လွတ်ရတာဟာ ဓာတ်တော်ကို ပူဇော်လုပ်ကျွေးရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါ ဘုရား)

## မြတ်ရဟန္တာ + ဖြစ်ရရှာ

ဒီဘုရားလက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

သူ့အကြောင်းတွေကို သူကိုယ်တိုင် ဒီအတိုင်းပဲ ပြန်ဟောပြတယ်နော်။

(မှန်လှပါ ဘုရား)

## ဓာတုပူဇာ + မင်္ဂလာ

သိဒ္ဓတ္ထဘုရားရဲ့ ဓာတ်တော်တစ်ဆူကို လေးလေးနက်နက် ပူဇော်လုပ်ကျွေးလိုက်တော့ သုဘာဝမှာ အပါယ်လေးပါးလွတ်၊ လူနတ်ကောင်းရာဘဝတွေမှာပဲ ဖြစ်ပြီး နောက်ဆုံး ဓာတုပူဇကမထေရ်ဆိုတဲ့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးတွေရကာ မင်္ဂလာဖြစ်သွားတယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ ?

(ဓာတုပူဇာ မင်္ဂလာ တရားပါဘုရား)

ဒီနေ့ဓာတ်တော်ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီဓာတုပူဇကမထေရ် ရတဲ့ကောင်းကျိုးတွေ ရမှာမလွဲဘူးနော်။ (မှန်လှပါ ဘုရား)

ကဲ– လင်္ကာလေးတွေကို လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* သိဒ္ဓတ္ထတွင်၊ ဘုရားရှင်၊ စံဝင်ပရိနိဗ္ဗာန်။
* ဓာတ်တော်တစ်ဆူ၊ ရခဲ့သူ၊ ကြည်ဖြူပူဇော်ပြန်။
* သက်တော်ထင်ရှား၊ မြတ်ဘုရား၊ တူထားပူဇော်ပြန်။
* ငါးနှစ်လုံးပင်၊ စိတ်ကြည်လင်၊ အစဉ်ပူဇော်ပြန်။
* အပါယ်လွတ်ကာ၊ ရဟန္တာ၊ သေချာဖြစ်ရပြန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ရတာကောင်းကျိုးမှန်။
* ဓာတုပူဇာ၊ မင်္ဂလာ၊ ပြုပါကုသိုလ်မြန်။

သာဓု သာဓု သာဓု။

ကျမ်းညွှန်း– အပဒါနပါဠိ ၁၊ ၂၅၂။
၅/မ ဖွင့်၊ မြန်မာပြန် ၁၊ ၂၆၂

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနိစ္စလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# “မမြဲတစ်ခု + စွဲမြဲရှု”

# တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ အနိစ္စာအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## တောထွက်ကြိုးစား ရဟန်းငါးရာ

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူပြီးတော့ တောထဲသွား ကြိုးစားအားထုတ်ကြပါတယ်။

သူတို့ဟာ ကြိုးစားအားထုတ်ပေမယ့်လည်း တရားထူး မရကြပါဘူး။ အရဟတ္တဖိုလ်ကို မရောက်ကြပါဘူး။

## ရဟန်းငါးရာ ပြန်ရောက်လာ

အရဟတ္တဖိုလ်ကို မရောက်တဲ့အတွက် ထူးထူးခြားခြား ကမ္မဋ္ဌာန်းတွေ သင်ယူဦးမယ်၊ နာကြားဦးမယ်လို့ ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရားထံ ပြန်ရောက်လာကြတယ်။

## စဉ်းစားဆင်ခြင် ဘုရားရှင်

အဲဒီရဟန်းငါးရာ ပြန်ရောက်လာတော့ မြတ်စွာဘုရားက စဉ်းစားဆင်ခြင်တော်မူပါတယ်။

ဘယ်လိုစဉ်းစားဆင်ခြင်တော်မူသလဲဆိုတော့ ဒီရဟန်းငါးရာနဲ့ သင့်တော်တဲ့ ကမ္မဋ္ဌာန်းဟာ ဘယ်ကမ္မဋ္ဌာန်းဖြစ်မလဲလို့ ဒီလိုဆင်ခြင်တော်မူပါတယ်။

## မမြဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

အဲဒီလို ဘုရားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ အဲဒီရဟန်းငါးရာဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အနှစ်နှစ်သောင်း ကြာအောင် မမြဲခြင်းအနိစ္စလက္ခဏာကို စွဲစွဲမြဲမြဲရှုမှတ် ကြိုးစားအားထုတ်ဖူးတာကို တွေ့ရပါတယ်။

## ဖြစ်ပြီး ပျက်ရ အနိစ္စ

အဲဒီလို မမြဲခြင်းအနိစ္စတရားကို စွဲစွဲမြဲမြဲ ရှုတာကို တွေ့ရတဲ့အတွက်ကြောင့် မမြဲခြင်းအနိစ္စလက္ခဏာနဲ့ အဲဒီရဟန်းငါးရာကို ဂါထာတစ်ပုဒ် ရွေးကာထုတ်ပြီးတော့ တရားဟောသင့်တယ်လို့ ကြံတွေးဉာဏ်မြင် ဆင်ခြင်တော်မူပြီးတော့ "ချစ်သား ရဟန်းတို့ ကာမဘဝအစရှိသည်တို့မှာ အားလုံးသောသင်္ခါရတရားတွေဟာ ဖြစ်ပြီး ရင် မရှိခြင်းဆိုတဲ့ အနက်သဘောကြောင့် အနိစ္စသာဖြစ်တယ်"လို့ မိန့်ကြား တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူလိုက်ပါတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၅၂၊ ၂၇၅)

ဘိက္ခဝေ– မမြဲတရား မြဲစွာရှုပွားခဲ့ဖူးသည့် အိုချစ်သား ရဟန်းများတို့။

သဗ္ဗေ၊ အားလုံးကုန်သော။ သင်္ခါရာ–ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာ တို့၊ ကောင်းစွာပြုဖန်၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိစ္စာ– ဖြစ်ပြီး ပျက်ရ၊ သဘာဝကြောင့်၊ မှချပုံသေ၊ အမြဲမရှိကြလေကုန်။ ဣတိ– ဤသို့။ ယဒါ– တရား အလုပ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်လေရာ၊ အကြင်အခါ၌။ ပညာယ– အထူး ရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ထင်ထင်၊ ထိုသို့ရှုမြင်လေသော်၊ ဒုက္ခေ– ခန္ဓာဆောင်ရ၊ ပင်ပန်းရ မြဲ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ– ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေညစ်ကြေး၊ အပြစ်ဘေးတို့ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေ တော့၏။

ကံ, စိတ်, ဥတု. အာဟာရဆိုတဲ့ အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားအားလုံးဟာ အမြဲမရှိဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်

သိမြင်လာတဲ့အခါ ဒီခန္ဓာကိုယ်ကို ဆောင်ရခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှာ စိတ်ပျက်ပြီး ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာ စင်ကြယ်ခြင်းရဲ့ လမ်းကြောင်းဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဖြစ်ပြီး ပျက်ရ မမြဲခြင်း အနိစ္စ၊ မပြတစ်ခု စွဲမြဲရှုဆိုတဲ့ ဒီတရားဒေသနာတော်ရဲ့ အဆုံးမှာတော့ အဲဒီရဟန်းငါးရာဟာ (ဖြစ်ပြီးပျက်ရ အနိစ္စ၊ မပြတစ်ခု စွဲမြဲရှု) တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## ဆုတောင်းမိတာ ဒီလိုပါ

ဖြစ်ပြီးပျက်ရ၊ မမြဲခြင်းအနိစ္စသဘောတရားကို စွဲစွဲမြဲမြဲရှုမှတ်ဆင်ခြင် နှလုံးသွင်းခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိစေတာကို တွေ့ရပါတယ်။

ဒီ "မပြတစ်ခု စွဲမြဲရှု" ဆိုတဲ့ တရားတော်ကို နာကြားရသူ၊ လေ့လာဖတ်ရှုရသူများလည်းပဲ ရဟန်းငါးရာလို ရဟန္တာဖြစ်အောင် "မပြတစ်ခုကို စွဲစွဲမြဲမြဲ လေးလေးစားစား အရေးထားကာ ရှုပွားဆင်ခြင် နှလုံးသွင်းနိုင်ကြပါစေ"လို့ ဆုတောင်းမိပါတယ်။

## အထူးသတိလေး ကူညီရေး

မိဘတို့ မိဘာ၊ ဆရာသမား၊ ဆွေမျိုးစတဲ့ ပုဂ္ဂိုလ်တွေ နေမကောင်းတဲ့အခါ၊ သို့မဟုတ် သေခါနီးအချိန်တွေမှာ ဒီဂါထာလေးတွေ ရွတ်ပေးသင့်တယ်။ ဝိပဿနာ ရှုပွားစေသင့်တယ်။ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းနိုင်တယ်။ တရားထူးလည်း ရသွားနိုင်တယ်။ ဘဝကူးလည်း ကောင်းသွားနိုင်တယ်။

နေမကောင်းသူ၊ သေခါနီးသူများကို အထူးကူညီသင့်ပါတယ်။ ရောဂါပျောက်ရေး၊ ဘဝကူးကောင်းရေး အထူးသတိပေး ကူညီသင့်ပါတယ်။

## အရှင်သောဏ မှေကာထိက

ဒီနေရာမှာ ဆက်စပ်နေတဲ့အတွက် သောဏတောင်ခြေက အစလကျောင်းတိုက်မှာ နေတော်မူတဲ့ အရှင်သောဏ မှေကာထိကဆရာတော်ရဲ့ အဖေကို ကျေးဇူး

ဆပ်ပုံကောင်းလေးကို ပြောပြချင်ပါတယ်။ ဘ၀ကူးကောင်းရေး နိမိတ်ဖြစ်ပြီး အထူးကျညီသတိပေးပုံလေးကို ပြောပြချင်ပါတယ်။

## သောဏဖခင် မုဆိုးပင်

အရှင်သောဏရဲ့အဖေက ခွေးမုဆိုးဖြစ်နေပါတယ်။ ခွေးတွေနဲ့ လှည့်လည်ပြီး သားကောင်တွေကို သတ်ဖြတ်နေပါတယ်။

## ပြောဆိုဆုံးမ သူမရ

အရှင်သောဏက ပြောဆိုဆုံးမပေမယ့် မရပါဘူး။ ဆက်ပြီး လုပ်မြဲလုပ်နေပါတယ်။

အသက်အရွယ်ကြီးလာတဲ့အခါမှာ သနားတာနဲ့ သက်န်းဝတ်ရန် အလိုမရှိတဲ့ဖခင်ကြီးကို အရှင်သောဏက အတင်းပဲ သက်န်းဝတ် ရဟန်းပြုပေးလိုက်ပါတယ်။

## အတင်းလုပ်ပေး ကုသိုလ်ရေး

(ဒီနေရာလေးကို ကြည့်ပြီးတော့ မိဘများကို ကောင်းတဲ့ကုသိုလ်အလုပ်တွေကို ဖွတ်အတင်း လုပ်ပေးဖို့ လိုတယ်လို့ ကောက်ချက်ချမိပါတယ်။

## စားတော့မည့်ဟန် ခွေးဝိုင်းရံ

အဲဒီတောထွက်ရဟန်းကြီး နေမကောင်းလို့ အိပ်နေစဉ်မှာ ငရဲနိမိတ်ထင်လာပါတယ်။ သောဏတောင်ခြေက ခွေးကြီးတွေလာပြီး ကိုက်စားတော့မလို ဝိုင်းရံနေကြပါတယ်။ တောထွက်ရဟန်းကြီးက အလွန်ကြောက်လန့်ပြီးတော့ ''ချစ်သား သောဏ တားမြစ်ပေးပါဦး၊ ချစ်သားသောဏ တားမြစ်ပေးပါဦး''လို့ ပြောနေပါတယ်။

## အစုံပြောပြ သောဏဖခင်

အရှင်သောဏက ''ဘာလဲ ဦးပဉ္ဇင်းကြီးရဲ့''လို့ မေးတော့ ဦးပဉ္ဇင်းကြီးက ''ချစ်သားသောဏ သင်မမြင်ဘူးလား''လို့ ပြောပြီးတော့ ခွေးကြီးတွေ ဝိုင်းနေတယ်ဆိုတဲ့အကြောင်းစုံကို ပြောပြပါတယ်။

## စေတီရင်ပြင် ပန်းတွေတင်

ဒီတော့ အရှင်သောဏက ''ငါလို ဓမ္မကထိကရဟန်းတစ်ပါးရဲ့အဖေက ဘာ့ကြောင့်ငရဲဖြစ်ရမှာလဲ၊ ငါဟာ ဖခင်ဦးပဥ္စင်းကြီးရဲ့ ထောက်တည်ရာဖြစ်ရတော့မယ်''ဆိုတဲ့ အကြံနဲ့ ကိုရင်တွေကို ပန်းကွေ့ချူးခိုင်းလိုက်ပါတယ်။ ကိုရင်တွေ ချူးလာတဲ့ပန်းတွေနဲ့ စေတီရင်ပြင် ဗောဓိရင်ပြင်တွေမှာ တစ်ပြင်လုံး ပန်းတွေခင်း ပူဇော်မှုနဲ့ နေရာကို ပူဇော်မှုတွေ အလုပ်ခိုင်းထားပါတယ်။

## ဖခင်တွက်ပါ ပန်းနေရာ

ဖခင်ဦးပဥ္စင်းကြီးကို ခုတင်နဲ့ စေတီရင်ပြင်ပေါ်ကို ယူလာပါတယ်။ ဦးပဥ္စင်းကြီးကို ခုတင်ပေါ်မှာ လဲလျောင်းနေစေပြီး ''ဦးပဥ္စင်းကြီး၊ ဒီပန်းတွေ ဒီနေရာတွေဟာ ဦးပဥ္စင်းကြီးအတွက် ပူဇော်ထားတာဖြစ်တယ်။

## ပြောဟောသင်ပြ သားသောဏ

''မြတ်စွာဘုရား၊ တပည့်တော်ရဲ့ဒီပူဇော်မှုဟာ သူဆင်းရဲရဲ့လက်ဆောင်လေးဖြစ်ပါတယ်လို့ နှုတ်ကလည်း ဆိုလိုက်ပါဦး။ ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလိုက်ပါ။ စိတ်ကလည်း လျှို့ရတာ၊ ရှိခိုးရတာတွေကို ဝမ်းသာပြီး ကြည်ညိုနေပါ၊ ကြည်လင်နေပါ။ (စိတ်ကို ကြည်လင်ပါစေ)'' သို့ ဓမ္မကထိကပီပီ သင်ပြဟောပြောပေးပါတယ်။

## ကြည်ညိုကြည်လင် နတ်ပြည်ထင်

ဦးပဥ္စင်းကြီးကလည်း ပန်းပူဇော်ထားတာကို ကြည့်ရှုပြီး သားတော်သောဏ သင်ပြဟောပြောပေးတဲ့အတိုင်း ပြောဆိုပြုလုပ်ကာ စိတ်ကိုကြည်ညိုစေပါတယ်။ (စိတ်ကို ကြည်ကြည်လင်လင်လေး ထားလိုက်ပါတယ်။)

အဲဒီအချိန်မှာပဲ ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ် ထင်လာပါတယ်။ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ ဗိမာန်တွေ၊ နတ်ကချေသည်တွေ ခြံရံလို့ တည်နေကြသလို ဖြစ်နေကြပါတယ်။

## တွေ့ရမြင်ရ ဖယ်ပေးကြ

ဒါတွေကိုတွေ့ရတော့ ဦးပဥ္စင်းကြီးက ''ချစ်သားသောဏ၊ ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါ''လို့ ပြောနေပါတယ်။

## မယ်တော်များစွာ လာနေတာ

အဲဒီလိုပြောတော့ အရှင်သောဏက "ဦးပဥ္စင်းကြီး၊ ဘာတွေပြောနေတာလဲ၊ ဘာတွေလဲ" လို့ မေးတဲ့အခါမှာ ဦးပဥ္စင်းကြီးက "ချစ်သားသောဏ၊ သင့်မယ်တော်တွေ (သင့်မိထွေးတွေ) လာနေကြတယ်လို့ ပြန်ပြောပြပါတယ်။

## နိမိတ်ကောင်းထင်+သားသိမြင်

အဲဒီလို ဖခင်ဦးပဥ္စင်းကြီးရဲ့ ပြောပြတာကို ကြားရတော့ အရှင်သောဏက "ငါ့ဖခင်ဦးပဥ္စင်းကြီးမှာ နတ်ပြည်နိမိတ်ထင်လာပြီ"လို့ စဉ်းစားဆင်ခြင် သိမြင်သွားပါတယ်။ ဖခင်ဦးပဥ္စင်းကြီးကို နိမိတ်ကောင်းထင်လာအောင် ကြိုးစားပြုပြင်ပေးရကျိုး နပ်သွားပါတယ်။ (သမ္မောဟဝိနောဒနီ၊ ၄၊ ၄၂၀)

## အထူးနွေးညှ ကျေးဇူးကြီး

အရှင်သောဏ (ဓမ္မကထိက) ဆရာတော်နဲ့ သူ့ဖခင်အကြောင်းကို ဖတ်ရှုပြီးတဲ့အခါမှာ သားကောင်း ဓမ္မကထိက အရှင်သောဏလို မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း ကျေးဇူးရှိသူအပေါင်းတွေ ဘဝနိဂုံးချုပ်ခါနီးမှာ ဂတိကောင်းအောင်၊ ဘဝကူးကောင်းအောင်၊ ကောင်းရာရောက်အောင် အထူးကူညီသတိပေးနိုင်ကြပါစေ၊ အထူးကူညီသတိပေးတတ်ကြပါစေ။

## ဘဝကူးကောင်းမှာ မလွဲပါ

မိမိအပေါ်မှာ ကျေးဇူးတရား အလွန်များကြတဲ့–

၁။ ပထမဆုံးရဲ့ဟန်းဒါယကာကြီး ဦးသိန်း (မော်လမြိုင်ကျွန်းမြို့)။

၂။ ဖခမည်းတော်ကြီး ဦးကြည်မောင် (ကင်မွန်းတောင့်ရွာ၊ ဆိပ်ဖြူမြို့နယ်)။

၃။ ဆရာတော်ဦးကေလာသ (စာချဆရာတော်၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်းမြို့)၊ (မိမိအား ဆင်ဖြူတောင်ကျောင်း လွှဲအပ်သွားသော ဆရာတော်)။

၄။ ဒေါ်အမာ (ကျောက်တန်းမြို့။ ကျောင်း၊ ပလ္လင်၊ ဘုရားများလှူ)

၅။ ဒေါ်ဝင်းဝင်းရီ (ဝိဇိတာရုံငါးထပ်တိုက်ကျောင်းတော်ကြီး၊ ဝင်းမေတ္တာမြေညီထပ် တိုက်ကျောင်း ဒါယိကာမ၊ ရဟန်းဒါယိကာမကြီး) တို့ကား မိမိဟောပြော ရွတ်ဖတ်ပေးနေတဲ့ အနိစ္စစသောတရားများ၊ ပရိတ်ပဌာန်းဇာတ်ရားတော်များကို နာကြားရင်း ဘဝနိဂုံးချုပ်သွားကြတယ်။

သူတို့ဘဝများကား ဘဝကူးကောင်းမှာ မလွဲပါဟု ကောက်ချက်ချမိပါတယ်။

## အကျိုးများတဲ့ တရားတစ်ပုဒ်

ဒီ ''မမြဲတစ်ခု+စွဲမြဲရှု''ဆိုတဲ့ တရားတော်ကို နာကြားရန် ရောက်လာကြတဲ့ တရားနာပရိသတ်တွေအတွက်လည်း ''မမြဲတစ်ခုကို စွဲမြဲစွာ ရှုမှတ်ဆင်ခြင် ပွားများခြင်းဟာ ရဟန္တာဖြစ်သည်အထိ အကျိုးရှိတဲ့တရားတော်ဖြစ်တယ်။ ငါတို့လည်း မမြဲခြင်းတရားကို စွဲစွဲမြဲမြဲ ရှုပွားသင့်တယ်''ဆိုတဲ့ အသိဉာဏ်တွေ တိုးပွားစေကာ အကျိုးရှိတဲ့၊ အကျိုးများတဲ့ တရားတော်ကြီးတစ်ပုဒ် ဖြစ်သွားပါတယ်။

## မမြဲတစ်ခု စွဲကြိုရှု

မမြဲတစ်ခုကို စွဲစွဲမြဲမြဲရှုပါ၊ ကြိုရှုပါ။ မမြဲတာတွေ တွေ့လာရင် ခံနိုင်ရည်ရှိမယ်၊ ရှုမထားရင်တော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

ကြိုတင်ပြီး ရှုထားရင် ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမယ်။

## ဝိပဿနာ+မြတ်ကဗျာ

* ရုပ်နာမ်ဝမ္ဘ၊ သခါရ၊ ဘာမှမမြဲပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်္ဂတွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မမြဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မမြဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မေ့ပဒ၊ ၅၊ ၂၊ ၂၀၀၅)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ ဒုက္ခလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ''ဆင်းရဲတစ်ခု + စွဲမြဲရှု''

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေသင်္ခါရာ ဒုက္ခာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရား တော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်း ငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါကယ်။

### ရဟန်းငါးရာ ပြန်ရောက်လာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး ဟောထားတဲ့ တရား အားထုတ်နေကြတယ်။ တရားထူးမရတော့ အခြားကမ္မဋ္ဌာန်းတရား နာကြားသင်ယူ မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားထံပြန်ရောက်လာကြပါတယ်။

### ဆင်းရဲတစ်ခု စွဲမြဲရှုတာ တွေ့ရပါ

ဘုရားက သူတို့အတွက် သင့်တော်မည့်ကမ္မဋ္ဌာန်းတရားကို စဉ်းစားဆင်ခြင် တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက ဆင်းရဲခြင်းဒုက္ခ လက္ခဏာမှာ စွဲစွဲမြဲမြဲ ရှုမှတ်ဆင်ခြင်နှလုံးသွင်း အားထုတ်ဖူးတာကို တွေ့ရတဲ့ အတွက် ''ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ အဖန်တလဲလဲ နှိပ်စက်ခြင်းဆိုတဲ့ အနက်ကြောင့် ဆင်းရဲဒုက္ခတွေပဲ ဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူပါတယ်။

> သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
> ယဒါ ပညာယ ပဿတိ။
> အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
> ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ၊ ၃၊ ၂၊ ၂၇၈)

သဗ္ဗေ– အလုံးစုံကုန်သော။ သင်္ခါရာ– ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ ဒုက္ခာ– အမြဲမပြတ်၊ နှိပ်စက်တတ်သော၊ ထိုသဘောကြောင့်၊ ဆိုပြောအစုံ၊ ဆင်းရဲကုန်၏။ ဣတိ–ဤသို့။ ယဒါ– ဝိပဿနာဉာဏ်၊ ရင့်သန်လာရာ၊ အကြင်အခါ၌။ ပညာယ– အထူးရှုတတ်၊ ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့်ကောင်းစွာ၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ခန္ဓာဆောင်ရ ပင်ပန်းရမြဲ၊ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲစိတ်မှာ၊ ငြီးငွေ့လာ၏။ သေ–ဝသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်း အစစ်၊ အမှန်ပင်ဖြစ်ပါပေတော့၏။

အကြောင်းတရားတွေက ပြုပြင်အပ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးဟာ ဆင်းရဲတွေပဲလို့ ဝိပဿနာဉာဏ်ပညာဖြင့် အမှန်ကိုသိမြင်လာတဲ့အခါ သံသရာဝဋ်ဆင်းရဲမှာ ငြီးငွေ့လာတယ်။ အဲဒီလိုငြီးငွေ့ခြင်းဟာ ကိလေသာတွေ စင်ကြယ်ကြောင်းဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တယ်လို့ ဟောကြားတော်မူလိုက်ပါတယ်။

## ရဟန်းငါးရာ ရဟန္တာ

ဒီတရားတော်ရဲ့အဆုံးမှာ ဆင်းရဲတစ်ခုကို စွဲစွဲမြဲမြဲရှုခဲ့တဲ့ ရဟန်းငါးရာဟာ ဆင်းရဲတစ်ခုကို စွဲမြဲစွာရှုလိုက်တဲ့အတွက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

## အကျိုးများသော တရားတစ်ပုဒ်

ဒီ 'ဆင်းရဲတစ်ခု စွဲမြဲရှု' ဆိုတဲ့ တရားတော်ဟာ တရားနာရောက်လာသူတွေ အတွက်လည်း အကျိုးများတဲ့၊ အကျိုးကြီးတဲ့ အသိဉာဏ်တွေ အများကြီးရစေတဲ့ တရားကောင်းတစ်ပုဒ် ဖြစ်သွားပါတယ်။

## ဆင်းရဲတစ်ခု စွဲကြိုးရှု

ဆင်းရဲတဲ့ဒုက္ခတရားကို စွဲစွဲမြဲမြဲ ကြိုးကြိုးတင်တင် ရှုထားရင် ဆင်းရဲဒဏ်တွေ တွေ့လာရင် ဆင်းရဲဒဏ်ခံနိုင်ရည်ရှိမယ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် အကျိုးရှိမယ်။

## အားပေးတာဟာ အားဆေးပါ

ဆင်းရဲတဲ့ ရောဂါဝေဒနာဒဏ်တွေ ခံစားနေရသူများကို ဒီတရားစကား ဂါထာလေးအတိုင်း ပြောပေး ဟောပေး အားပေးသင့်တယ်။ အားပေးတာဟာ အားဆေးကောင်းဖြစ်တယ်။ ဝိပဿနာဆိုင်ရာ ဂါထာတွေ၊ ကဗျာလင်္ကာတွေ၊ စကားပြေဝတ္ထုသွား ပြောဟောပေးမှုတွေဟာ အကောင်းဆုံးအားပေးမှု၊ အကောင်းဆုံး အားဆေးအစုဖြစ်တယ်။

### ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်မေ့၊ သခါရ၊ ဒုက္ခဆင်းရဲတာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ သတိပြုစရာ။
* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝင်္ဍတွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* ဆင်းရဲတစ်ခု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* ဆင်းရဲတရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(မေ့ပဒေ၊ ၄း ၂၊ ၂၅၅၊ ၂၅၆)

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၊ အနတ္တလက္ခဏာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "စွဲမြဲရှုပါ+မပိုင်တာ"

## တရားတော်

### ရဟန်းငါးရာ အကြောင်းပြုကာ ဟော

သဗ္ဗေဓမ္မာ အနတ္တာတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

### တောထဲကိုသွား ရဟန်းငါးရာ

ရဟန်းငါးရာဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းတောင်းယူပြီး တောထဲသွား တရားအားထုတ်နေကြတယ်။

### တရားမရ ပြန်လာကြ

တရားထူးမရတော့ ဘုရားထံ ပြန်ရောက်လာကြတယ်။ သူတို့ပြန်လာတာကတော့ အခြားကမ္မဋ္ဌာန်း သင်ယူနိုကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်လာတာပါပဲ။

### ဆင်ခြင်ဟောပြ အနတ္တ
### စွဲမြဲရှုပါ မပိုင်တာ

ဘုရားက သူတို့နဲ့ သင့်တော်မည့်တရားကို စဉ်းစားဆင်ခြင်တော်မူလိုက်တဲ့အခါမှာ ကဿပဘုရားလက်ထက်တော်အခါက မပိုင်ခြင်း၊ မနိုင်ခြင်း၊ အလိုသို့မလိုက်ခြင်း၊ အစိုးမရခြင်းဆိုတဲ့ အနတ္တလက္ခဏာမှာ အဖန်တလဲလဲ စွဲမြဲစွာ အားထုတ်ဖူးတာကို သိရတဲ့အတွက်–

ချစ်သားရဟန်းတို့၊ ခန္ဓာအားလုံးဟာ မိမိရဲ့အလိုသို့ မလိုက်ခြင်းဆိုတဲ့

အနက်သဘောကြောင့် အနတ္တဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါ စွဲမြဲရှုပါ မပိုင်တာ ဂါထာတော်ကို ဟောကြားတော်မူပါတယ်။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ ၅၊ ၂၊ ၂၅၆)

သဗ္ဗေ– အလုံးစုံကုန်သော။ ဓမ္မာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ– မအိုခါခါ၊ မသေပါလို၊ တောင်းဆုဆိုလည်း၊ ဆိုကာမရ၊ အစိုးမရကုန်။ ဣတိ– ဤသို့။ ယဒါ– ဉာဏ်မြင်ရင့်လာ၊ အကြင်အခါ၌။ ပညာယ– ဝိပဿနာ၊ ဉာဏ်ပညာဖြင့်။ ပဿတိ– ကောင်းစွာမသွေ၊ ရှုမြင်လေ၏။ အထ– ဉာဏ်ဖြင့် ထင်ထင်၊ ထိုသို့ရှုမြင်ရာအခါ၌၊ ဒုက္ခေ– ကိုယ်ကောင်ဆောင်ရ၊ ပင်ပန်းရမြဲ၊ ဝဋ္ဋဆင်းရဲ၌။ နိဗ္ဗိန္ဒတိ– အမြဲခါခါ၊ ငြီးငွေ့လာ၏။ ဧသ–ဧသော= ဤသို့စိတ်မှာ၊ ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ– ကိလေသာညစ်ကြေး၊ အပြစ်ဘေးတို့၊ ဖြူဖွေးရာမှန်၊ မြတ်နိဗ္ဗာန်၏။ မဂ္ဂေါ– မတိမ်းမစောင်း၊ လမ်းကောင်းအစစ်၊ အမှန်ပင် ဖြစ်ပါပေတော့၏။

ခန္ဓာငါးပါး အလုံးစုံသော ရုပ်နာမ်တရားတွေဟာ မအိုပါစေနဲ့ မသေပါစေနဲ့ လို့ တောင်းဆုဆိုလို့ မရနိုင်ဘူး။ ကိုယ့်အလို ကိုယ့်အကြိုက် ဘာတစ်ခုမှ အလို မလိုက် အကြိုက်မဆောင်ကြဘူး။ အစိုးမရကြဘူးလို့ ဝိပဿနာဉာဏ်ပညာနဲ့ အမှန်ကို သိမြင်တဲ့အခါ သံသရာဝဋ္ဋဆင်းရဲမှာ ငြီးငွေ့စိတ်ပျက်လာတယ်။

အဲဒီငြီးငွေ့စိတ်ပျက်ခြင်းဟာ ကိလေသာစင်ကြယ်ကြောင်း၊ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းလမ်းမြတ်ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ ''စွဲမြဲ ရှုပါ မပိုင်တာ''ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာတော့ ရဟန်းငါးရာဟာ အရဟတ္တ ဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပါတယ်။

တရားနာရောက်လာ ပရိသတ်များစွာအတွက်လည်းပဲ အကျိုးရှိတဲ့ တရား ကောင်းတစ်ပုဒ် ဖြစ်သွားပါတော့တယ်။

## ဝိပဿနာ မြတ်ကဗျာ

* ရုပ်နာမ်ဓမ္မ၊ အနတ္တ၊ မှတ်ကြမပိုင်တာ။
* စွဲမြဲစွာရှု၊ မပိုင်မှု၊ သတိပြုစရာ။

F 31 R

* ပညာဖြင့်ပင်၊ ရှုမှတ်လျှင်၊ ဝဋ်တွင်ငြီးငွေ့လာ။
* ငြီးငွေ့အမှန်၊ ဖြူစင်ပြန်၊ နိဗ္ဗာန်ရောက်ကြောင်းပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဟောပြုဘုရားပါ။
* မပိုင်အမှု၊ စွဲမြဲရှု၊ ဖြစ်မှုရဟန္တာ။
* မပိုင်အမှု၊ စွဲမြဲရှု၊ များမှုကောင်းကျိုးပါ။
* မပိုင်တရား၊ အမြဲပွား၊ ဖြစ်သွားရဟန္တာ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၅၊ ၂၅၆)

## ဆရာတော်ဦးသီလ စကားလှ
## အနတ္တလက်ဆောင်

ဒီနေရာမှာ ဆက်စက်နေတဲ့အတွက် ရဟန္တာလို့ ကျော်ကြားတော်မူတဲ့ ဆရာတော်ဦးသီလရဲ့အကြောင်းကို တင်ပြချင်ပါတယ်။

တစ်နေ့ ဆရာတော်ဦးသီလထံကို မြို့ပိုင်၊ နယ်ပိုင်ကြီးတွေ သွားရောက်ပြီး ဖူးမြော်ကြပါတယ်။

ဆရာတော်ကြီးက ရောက်လာတဲ့ ဒကာကြီးတွေကို ဘယ်ကလဲစသည်ဖြင့် မေးတဲ့အခါမှာ ဒကာကြီးတစ်ယောက်က "တပည့်တော်က ဘယ်မြို့က မြို့ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။

နောက်တစ်ယောက်ကလည်း "တပည့်တော်က ဘယ်နယ်က နယ်ပိုင်ကြီး ဘယ်သူဖြစ်ပါတယ် ဘုရား"လို့ အားရပါးရ ဂုဏ်ထူးတွေဖော်ပြီး လျှောက်ထားကြပါတယ်။

အဲဒီဒကာကြီးတွေ လျှောက်ထားပြီးတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒီဘက်က ဒကာကြီးက မြို့ပိုင်ကြီး ဟုတ်လား" လို့ မေးတော်မူပါတယ်။

မြို့ပိုင်ဒကာကြီးက ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ တော်လိုက်တာ၊ မြို့တောင်ပိုင်တယ်၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်ကိုတောင် မပိုင်ဘူးဗျာ"လို့ မိန့်တော်မူပါတယ်။

နောက်ဆက်ပြီးတော့ ဆရာတော်ဦးသီလက "ဟိုဘက်က ဒကာကြီးက နယ်ပိုင်ကြီးဆိုတာ ဟုတ်လား"လို့ မေးတော်မူပါတယ်။

နယ်ပိုင်ကြီးကလည်း ဟုတ်ကြောင်းလျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးသီလက "ဒကာကြီးတို့များ

တော်လိုက်တာ၊ ဘုန်းကြီးတို့များ ကိုယ့်ကိုယ်တောင် မပိုင်ဘူးဗျာ''လို့ မိန့်တော်မူလိုက်ပါသတဲ့။

ဆရာတော်ကြီးက အနတ္တသဘောကို နားမလည်သူတွေကို အနတ္တသဘော နားလည်သွားအောင် တရားပြ၊ တရားဟောလိုက်တာပါပဲ။ မြို့ပိုင်၊ နယ်ပိုင်ကြီးတွေရဲ့ ''ပိုင်''ဆိုတဲ့ စကားလုံးလေးကို ''မပိုင်''ဆိုတဲ့ ''အနတ္တ''တရားလေး မြင်အောင် ပြင်ပေးလိုက်တာပါပဲ။

ဆရာတော်ဦးသီလရဲ့ သီလတွေကလည်း ရဟန္တာလို့ ကျော်ကြားသည်အထိ လှပတော်မူပါတယ်။ မြို့ပိုင် နယ်ပိုင်ကြီးတွေကို ဆုံးမလိုက်တဲ့ တရားစကားကလည်း တကယ်လှပတော်မူပါတယ်။

## ပြုံးစိပြုံးစိ ဖုံးဖိကာပြန်

မြို့ပိုင်၊ နယ်ပိုင်ကြီးတွေဟာ ဆရာတော်ကြီးဖူးပြီး စကားကောင်း၊ တရားကောင်း အဆုံးအမကောင်းလေးကို နာကြားမှတ်ယူပြီး ပြုံးစိပြုံးစိနဲ့ သူတို့ရဲ့ မြို့ပိုင် နယ်ပိုင်ဆိုတဲ့ ဂုဏ်ထူးကို ဖုံးကာဖိကာ ပြန်သွားကြပါတယ်။

## အမြဲတွေး အမြဲမေးကာ အတွေးခွာ

အိုလူသား သတိထားပါ၊ အသိများပါ၊ သင်ကော ငါပါ
ဘယ်အရာတွေ ပိုင်သလဲ?
ဘယ်အရာတွေ နိုင်သလဲ?
ဘယ်အရာတွေ ဆိုင်သလဲ?
ဘယ်အရာတွေ မယိုင်မြဲ?
ဘယ်အရာတွေ အစိုးရသလဲ?
ဘယ်အရာတွေ အလိုလိုက်သလဲ?
ဘယ်အရာတွေ အကြိုက်ဆောင်သလဲ?
အမြဲတွေးကာ အမြဲမေးပါ။
* အနတ္တသဘောတရားတွေကို
အမှတ်တရ တွေး၊ အမှတ်တရမေးကာ
အတွေးကွာ အတွေးခွာနိုင်ကြပါစေ။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်၊ ပဥ္စသတဘိက္ခုဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
# "ပန်းနွဲ့ပြိုင်ကာ ကြိုးစားပါ"
တရားတော်

## ရဟန်းငါးရာ အကြောင်းပြုကာ ဟော

ဝဿိကာဝိယ ပုပ္ဖာနိ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

## ပန်းကြွေမြင်ရ တဒင်္ဂဝယ်

အဲဒီရဟန်းငါးရာဟာ မြတ်စွာဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲသွားတရားအားထုတ်ကြတဲ့အခါ နံနက်စောစောပိုင်းက ပွင့်ကြတဲ့ မြတ်လေးပန်းတွေဟာ ညနေချမ်းအချိန်ရောက်တော့ အညှာမှကြွေကျ မြေခနေတာကို တွေ့မြင်ကြရပါတယ်။

ပန်းတွေက ရဟန်းတွေကို တရားပြနေသလို ရဟန်းတွေမှာ ခံစားရပါတယ်။

လောကကြီးမှာ မြင်တတ် ရှုတတ်မယ်ဆိုရင် အရာအားလုံးဟာ တရားတွေချည်းပါပဲလို့ ဆိုချင်ပါတယ်။

ခုပဲကြည့်လေ၊ မြတ်လေးပန်းအထွေထွေက ရဟန်းတွေကို တရားပြနေသလိုပါပဲ။

ဝိပဿနာရှုမှတ်တဲ့ ရဟန်းမြတ်တွေဆိုတော့ မြတ်လေးပန်းတွေ ကြွေကျလို့ အခြေအနေမလှမပ မြေအခ မြင်ကွင်းလေးကိုကြည့်ပြီးတော့ သတိထား၊ အသိပွားပြီးတော့ တရားရှုကြတယ်။

## ပန်းနွဲ့ပြိုင်ယှဉ် ကြိုးစားစဉ်

ဘယ်လိုရှုကြသလဲ၊ ရှုပုံလေးက ဒီလိုပါ။ ဟော့ ပန်းကလေးတွေ သင်တို့

အညာတွေကနေပြီးတော့ ကြွေမကျခင်မှာဘဲ ငါတို့ဟာ ရာဂအစရှိတဲ့ တရားဆိုးတွေက လွတ်အောင် ကြိုးစားအားထုတ်ပြမယ်လို့ ဆုံးဖြတ်ပြီး ပန်းတွေနဲ့ပြိုင်ကာ တရားအားထုတ် ကြိုးစားနေကြပါတယ်။

## ရောင်ခြည်လွှတ်ကာ ဟောကြားရှာ

မြတ်စွာဘုရားက အဲဒီရဟန်းတွေကို ကြည့်ရှုတော်မူပြီးတော့ "ချစ်သားရဟန်းတို့၊ ရဟန်းဆိုတာ အညာကနေ လွတ်ထွက်ကြွေကျနေတဲ့ ပန်းနဲ့တူစွာ ပန်းနဲ့ပြိုင်ပြီးတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ကြိုးစားအားထုတ်ရမယ်လို့ (ပန်းနဲ့ပြိုင်ကာ ကြိုးစားဝါလို့) မိန့်တော်မူကာ ဂန္ဓကုဋိမှာ နေတော်မူပြီးတော့ ရောင်ခြည်တော်အလင်းရောင်ကို ဖြန့်နှံ့စေကာ (ရောင်ခြည်တော်လွှတ်ပြီး) ဒီဂါထာတော်ကို ဟောကြားတော်မူပါတယ်။

## မြတ်စွာဟောပြ ပန်းခွေချ

ဝဿိကာ ဝိယ ပုပ္ဖာနိ၊
မဒ္ဒဝါနိ ပမုဉ္စတိ။
ဝေံ ရာဂဉ္စ ဒေါသဉ္စ၊
ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

(ဓမ္မပဒ၊ ၅၊ ၂၊ ၃၇၇)

ဝဿိကာ– မိုးရာသီရောက်၊ မိုးရေသောက်ကာ၊ ပွင့်လာတွင်တွင်၊ မြတ်လေးပင်သည်။ မဒ္ဒဝါနိ– ပွင့်ပြီးနောက်မှာ၊ ညှိုးနွမ်းလာကြကုန်သော။ ပုပ္ဖာနိ– တစ်ညဉ့်လွန်လျက်၊ တစ်ရက်ကူးပြောင်း၊ ပန်းပွင့်ဟောင်းတို့ကို။ ပမုဉ္စတိဝိယ– လေကအသုတ်၊ ညှာမှဖြုတ်ကာ၊ ခွေချပါသကဲ့သို့။ ဝေံ– ပမာနှိုင်းယှဉ်၊ ဤအတူပင်လျှင်။ ဘိက္ခဝေါ– သံသရာဘေး၊ တွေ့မည့်ရေးကို၊ မျှော်တွေးကြောက်ငြား အိုရဟန်းများတို့။ တုမှေ– သံသရာဘေး၊ လွတ်ရေးရည်မှန်း၊ သင်ရဟန်းတို့သည်။ ရာဂဉ္စ– တဏှာရမက်၊ အလိုပျက်ကိုလည်းကောင်း။ ဒေါသဉ္စ– ဖျက်ဆီးတတ်လှ၊ မျက်ဒေါသကိုလည်းကောင်း။ ဝိပ္ပမုဉ္စေထ– ကိုယ်မှလွှဲသုန်၊ လွတ်မြောက်စေကြကုန်လော့။

(ဓမ္မပဒပန်းကုံး–၄၃၄)

## ကြွေကျအောင် ခွေချရမယ်

မြတ်လေးပန်းပင်ဟာ ရင့်ရော်ညှိုးနွမ်းနေကြတဲ့ အပွင့်တွေကို ကြွေကျစေ

သလို (ခြွေချသလို) ရဟန်းတို့ သင်တို့ကလည်း သင်တို့ရင်မှာ တွယ်ကပ်ခိုအောင်းကာ ပွင့်လန်းနေကြတဲ့ ရာဂပန်း၊ ဒေါသပန်းတွေကို ကြွေကျအောင် ခြွေချရမယ်လို့ အားပေးတရား ဟောကြားတော်မူပါတယ်။

## ပန်းရွှေပြိုင်ကာ ရဟန္တာ

အဲဒီမြတ်စွာဘုရားရဲ့ အားပေးစကား အားပေးတရားနဲ့ ကြိုးစားအားထုတ်လိုက်ကြတာ "ပန်းရွှေပြိုင်ကာ ကြိုးစားပါ" ဆိုတဲ့ ဒီတရားတော်ရဲ့အဆုံးမှာ ရဟန်းတော် ငါးရာဟာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်တော်မူကြပါတယ်။

## ကြိုးစားနိုင်စေ တောင်းဆုချွေ

ပန်းရွှေပြိုင်ကာ ရဟန္တာဖြစ်အောင် ဝိပဿနာတရားတွေ ကြိုးစားအားထုတ်နိုင်ကြပါစေ။

ပန်းရွှေပြိုင်ကာ ကြိုးစားပါ တရားတော် ပြီးပြီ။

## ၁။ စုန္ဒီသုတ္တံ

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

အထခေါ စုန္ဒီ ရာဇကုမာရီ ပဉ္စဟိ ရထသတေဟိ ပဉ္စဟိ ကုမာရိသတေဟိ ပရိဝုတာ ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊

ဧကမန္တံ နိသိန္နာ ခေါ စုန္ဒီ ရာဇကုမာရီ ဘဂဝန္တံ ဧတဒဝေါစ–

အမှာကံ ဘန္တေ ဘာတာ စုန္ဒော နာမ ရာဇကုမာရော ဧဝမာဟ "ယဒေဝ သော ဟောတိ ဣတ္ထီ ဝါ ပုရိသော ဝါ ဗုဒ္ဓံ သရဏံ ဂတော, ဓမ္မံ သရဏံ ဂတော, သံဃံ သရဏံ ဂတော,

ပါဏာတိပါတာ ပဋိဝိရတော,
အဒိန္နာဒါနာ ပဋိဝိရတော,
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော,
မုသာဝါဒါ ပဋိဝိရတော,
သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော,

သော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိ"န္တိ။

သာဟံ ဘန္တေ ဘဂဝန္တံ ပုစ္ဆာမိ–

* ကထံရူပေ ခေါ ဘန္တေ သတ္ထရိ ပသန္နော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံယေဝ ဥပပဇ္ဇတိ နော ဒုဂ္ဂတိံ၊
* ကထံရူပေ ဓမ္မေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။
* ကထံရူပေ သံဃေ ပသန္နော (ပ) နော ဒုဂ္ဂတိံ။
* ကထံရူပေသု သီလေသု ပရိပူရကာရီ (ပ) နော ဒုဂ္ဂတိန္တိ။

* ယာဝတာ စုန္ဒိ သတ္တာ အပဒါဝါ, ဒွိပဒါဝါ, စတုပ္ပဒါဝါ, ဗဟုပ္ပဒါဝါ, ရူပိနောဝါ, အရူပိနောဝါ, သညိနောဝါ, အသညိနောဝါ, နေဝသညီ နာသညိနောဝါ။

တထာဂတော တေသံ အဂ္ဂမက္ခာယတိအရဟံ သမ္မာသမ္ဗုဒ္ဓေါ။
ယေ ခေါ် စုန္ဒ ဗုဒ္ဓေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ ဓမ္မာ သင်္ခတာ၊
အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတိ။
ယေ ခေါ် စုန္ဒ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါ်ပန ပသန္နနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ ဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ၊
ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ မဒနိမ္မဒနော
ဝိပါသဝိနယော
အာလယသမုဂ္ဃါတော
ဝဋ္ဋုပစ္ဆေဒေါ
တဏှက္ခယော
ဝိရာဂေါ
နိရောဓော
နိဗ္ဗာနံ။
ယေ ခေါ် စုန္ဒ ဝိရာဂေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ
အဂ္ဂေ ခေါ်ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒ သံဃာဝါ ဂဏာဝါ၊
တထာဂတသာဝကသံဃော တေသံ အဂ္ဂမက္ခာယတိ၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌပုရိသပုဂ္ဂလာ

သေဝဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ယေ ခေါ် စုန္ဒိ သံဃေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

* ယာဝတာ စုန္ဒိ သီလာနိ၊
အရိယကန္တာနိ သီလာနိ တေသံ အဂ္ဂမက္ခာယတိ။
ယဒိဒံ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ၊ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။
ယေ ခေါ် စုန္ဒိ အရိယကန္တေသု သီလေသု ပရိပူရကာရိနော၊
အဂ္ဂေ တေ ပရိပူရကာရိနော၊
အဂ္ဂေ ခေါပန ပရိပူကာရီနံ အဂ္ဂေါ ဝိပါကော ဟောတီတိ။

* အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
* အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ။ ပုညက္ခေတ္တေ အနုတ္တရေ။

* အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ၊
* အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော၊
ဒေဝဘူတော မနုဿောဘဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတီတိ။

## ခင်ပုတ်ငှက်ဝတ္ထု

ဘဂဝါ ကိရ ဝေဒိသကပဗ္ဗတေ ဣန္ဒသာလဂုဟာယံ ပဋိဝသတိ။
အထေကော ဥလူကသကုဏော ဘဂဝတိ ဂါမံ ဝိဏ္ဍာယ ပဝိသန္တေ ဥပဍ္ဎမဂ္ဂံ အနုဂစ္ဆတိ၊
နိက္ခန္တေ ဥပဍ္ဎမဂ္ဂံ ပစ္စုဂ္ဂမနံ ကရောတိ။
သော ကေဒိဝသံ သမ္မာသမ္ဗုဒ္ဓံ သယာနုသမယေ ဘိက္ခုသံဃပရိဝုတံ နိသိန္နံ ပဗ္ဗတာ ဩရုယှ ဝန္ဒိတွာ ပက္ခေ ပဏာမေတွာ အဉ္ဇလိံ ပဂ္ဂယှ သီသံ ဟေဋ္ဌာ ကတွာ ဒသဗလံ နမဿမာနော အဋ္ဌာတိ၊
ဘဂဝါ တံ ဩလောကေတွာ သိတံ ပါတွာကာသိ။
အာနန္ဒတ္ထေရော "ကောနုခေါဘန္တေ" ဟေတု ကော ပစ္စယော သိတဿ ပါတုကမ္မာယ"တိ ပုစ္ဆိ၊

"ပဿာနန္တ တ္တမံ ဉလူကသကုဏာံ၊
အယံ မယိစ ဘိက္ခုသံဃေစ စိတ္တံ ပသာဒေတွာ
သတသဟဿကပ္ပေ ဒေဝေသုစ မနုဿေသုစ သံသရိတွာ
သောမနဿောနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ" တိ အာဟ။

* ဥလူကမဏ္ဍလက္ခိက၊ ဝေဒိသကေ စီရဒီဃဝါသိက။
သုခိတောသိ တွံ အယျကောသိယ၊ ကာလုဋ္ဌိတံပဿသိ ဗုဒ္ဓဝရံ။

* မယိ စိတ္တံ ပသာဒေတွာ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပာနံ သတသဟဿာနိ၊ ဒုဂ္ဂတေသော နဂစ္ဆတိ။
(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၃၂၂)

## အပါယ်မရောက် +နတ်ပြည်ရောက်

* ယေကေစိ ဗုဒ္ဓံ သရဏံဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။
(ဒီပါဠိ၊ ၂-၂၀၄။ သံပါဠိ-၁၊ ၂၅)

## တကာယ်သိမှတ် + ပီတိဖြတ်

* ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏာနုပိ ဇမ္ဗုဒီပဿ။
(ဒီ ဋ္ဌ၁၊ ၅၄။ ထုတိဝုတ်၊ ဋ္ဌ-၂၇၁)

## ကောင်းကျိုးဆယ်ဖြာ+ရအသာ

သာဝုခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏာဂမနံ ဟောတိ၊
ဗုဒ္ဓံ သရဏာဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

တေအညေဒေဝေ ဒသဟိ ဌာနေဟိ အဓိဂ္ဂဏှန္တိ-

ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေန ဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန,

ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ, ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖေဋ္ဌဗ္ဗေဟိ။

(သံ၊ ပါ၊ ၂၊ ၄၆၇)

## ရှိခိုးကြည်ဖြူ+သင်ဘယ်သူ

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

## တရားနာစဉ်+သေပွဲဝင်

မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

## ဆင်ခြင်သမှု+ကြည်ညိုတော်မူပါ

မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

## ပျော်ပျော်နေ့ည+နာကြားရ
## စိုးရိမ်ခဝ်သိမ်း+ကင်းငြိမ်းမှာပါ

ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာ တေ အစလံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။
(ဝိမာနဝတ္ထု၊ ပါဠိ၊ ၇၃၊ ၄-၂၀၁)

## ဗုဒ္ဓပူဇာ+မင်္ဂလာ

* ဓရမာနံ ဘဂဝန္တံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သက္ကရောန္တာ,
* ပရိနိဗ္ဗုတံ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ ဥပဋ္ဌဟန္တာ, ပူဇေန္တာ, သံက္ကရောန္တာ, ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။

## ဓမ္မပူဇာ+မင်္ဂလာ

* "ဓမ္မံ ပူဇေဿမာ" တိ ဓမ္မဓရေ ပုဂ္ဂလေ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ၊
ဓမ္မဉ္စ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

## သံဃပူဇာ+မင်္ဂလာ

* တထာ အရိယသံဃံ စတူဟိပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာသက္ကရောန္တာ တံ ဥဒ္ဒိဿ ဣတရသ္မိမ္ပိ တထာ ပဋိပဇ္ဇန္တာ သံဃေ ဒါနံ ဒဒန္တိနာမ။
(အံ၊ ဋ္ဌ၊ ၂၊ ၂၉၀)

## ရာဇဗြိုလ်မြို့သူ+ဆွမ်းပင့်လှူ

တတ္ထ အညတရာ ကုလဓီတာ သဒ္ဓါ ပသန္နာ အညတရံ ခီဏာသဝတ္ထေရံ ပိဏ္ဍာယ စရန္တံ ဒိသွာ အတ္တနော ဂေဟံ ပဝေသေတွာ ဘောဇနံ အဒါသိ။

(ဝိမာန၊ ၄–၁၀၈)

## နတ်ပြည်ရောက်ရ+သူ့ဘဝ

သာအပရေနသမယေန ကာလံ ကတွာ
တာဝတိံသဘဝနေ၊ နိဗ္ဗတ္တိ။ (ဝိမာန၊ ၄။ ၁၀၈)

## အရှင်နိသဘထံ+သီလခံယူ

* အနောမဒဿိဿ မုနိနော၊ နိသဘော နာမ သာဝကော။
တမဟံ ဥပသင်္ကမ္မ၊ ပဉ္စသိက္ခာ ပဒဂ္ဂဟိံ။
* ဝဿတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ ပဉ္စသီလာနိ၊ ပရိပုဏ္ဏာနိ ဂေါပယိံ။

## ငါးပါးသီလ+အမှတ်ရ
## တာဝတိံသာ+ရောက်ရရှာ

* မစ္စုကာလေစ သမ္ပတ္တေ၊ ဒေဝါ အဿာသယန္တိ မံ။
ရထော သဟဿယုတ္တော တေ၊ မာရိသာ'ယံ ဥပဋ္ဌိတော။
* ဝတ္တန္တေ စရိမေ စိတ္တေ၊ မမ သီလံ အနုဿရိံ။
တေနကမ္မေန သုကတေန၊ တာဝတိံသံ အဂစ္ဆဟံ။

## နတ်မင်းစကြာ+ကြိမ်များစွာ

* တိံသက္ခတ္တုံစ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
ဒိဗ္ဗသုခံ အနုဘဝိံ၊ အစ္ဆရာဟိ ပုရက္ခတော။
* ပဉ္စသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။

## ပြည့်ဝချမ်းသာ+အမျိုးမှာ

* ဒေဝလောကာ စဝိတွာန၊ သုက္ကမူလေန စောဒိတော။
ပုရေ ဝေသာလိယံ ဇာတော၊ မဟာသာလေ သုအဍ္ဎကေ။

## တစ်ထိုင်တည်းမှာ+ရဟန္တာ

* ဝဿူပနာယိကေ ကာလေ၊ ဒိဗ္ဗန္တေ ဓိနသာသနေ။
မာတာစ မေ ပိတာစေဝ၊ ပဉ္စသိက္ခာ ပဒဂ္ဂဟုံ။
* တာဝသုတ္တာန ဟံ သီလံ၊ မမ သီလ် အနုဿရိံ။
ကောသဇ္ဇနေ နိသီဒိတွာ၊ အရဟတ္တ မပါပုဏိံ။

## ငါးနှစ်သားလေး+ရဟန်းပြုပေး

* ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တ မပါပုဏိံ
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏာမညာယ စက္ခုမာ။

## ငါးပါးသီလ စောင့်ရှောက်ရကျိုး အမျိုးမျိုး

* ပရိပုဏ္ဏာနိ ဂေါပေတွာ၊ ပဉ္စသိက္ခာ ပဒါန ဟံ။
အပရိမေယျေ ကပ္ပမှိ၊ ဝိနိပါတံ နဂစ္ဆဟံ။

## ၂။ သရဏာဂမနိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၁၊ ၁၆၂)

၁။ ဥဘိန္နံ ဒေဝရာဇူနံ၊ သင်္ဂါမော သမုပဋ္ဌိတော။
အဟောသိ သမုပဗျူဠှော၊ မဟာဃောသော အဝတ္တထ။

၂။ ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
အန္တလိက္ခေ ဌိတော သတ္ထာ၊ သံဝေဇေသိ မဟာဇနံ။

၃။ သဗ္ဗေ ဒေဝါ အတ္တမနာ၊ နိက္ခိတ္တကဝစာဝုဓာ။
သမ္ဗုဒ္ဓံ အဘိဝါဒေတွာ၊ ဧကဂ္ဂါ'သိံသု တာဝဒေ၊

၄။ မယှံ သင်္ကပ္ပမညာယ၊ ဝါစာသဘိ'မုဒီရယိ။
အနုကမ္ပကော လောကဝိဒူ၊ နိဗ္ဗာပေသိ မဟာဇနံ။

၅။ ပဒုဋ္ဌစိတ္တော မနုဇော၊ ဧကပါဏံ ဝိဟေဌယံ။
တေနစိတ္တပ္ပဒေါသေန၊ အပါယံ ဥပပဇ္ဇတိ။

၆။ သင်္ဂါမသီသေ နာဂေါဝ၊ ဗဟူပါဏေ ဝိဟေဌယံ။
နိဗ္ဗာပေထ သကံစိတ္တံ၊ မာ ဟညိတ္ထော ပုနပ္ပုနံ။

၇။ ဒွိန္နမ္ပိ ယက္ခရာဇူနံ၊ သေနာ သာ ဝိမှိတာ အဟု။
သရဏဉ္စ ဥပါဂစ္ဆုံ၊ လောကဇေဋ္ဌံ သုတာဒိနံ။

၈။ သညာပေတွာန ဇနတံ၊ ပဒမုဒ္ဓရိ စက္ခုမာ။
ပေက္ခမာနောဝ ဒေဝေဟိ၊ ပက္ကာမိ ဥတ္တရာမုခေါ။

၉။ ပဌမံ သရဏံ ဂစ္ဆိံ၊ ဒွိပဒိန္ဒဿ တာဒိနော။
ကပ္ပာနံ သတသဟဿံ၊ ဒုဂ္ဂတိံ နုပပဇ္ဇဟံ။

၁၀။ မဟာဒုန္ဒုဘိနာမစ၊ သောဠသာသုံ ရထေသဘာ။
တိံသကပ္ပသဟဿမှိ၊ ရာဇာနော စက္ကဝတ္တိနော။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၃။ ယညသာမိကတ္ထေရအပဒါန

၁။ ဇာတိယာ သတ္တဝဿောဟံ၊ အဟောသိံ မန္တပါရဂူ။
ကုလဝတ္တံ အဓာရေသိံ၊ ယညော ဥဿာဟိတော မယာ။

၂။ စုလ္လာသီတိ သဟဿာနိ၊ ပသူ ဟညန္တိ မေ တဒါ။
သာရထမ္ဘုပနီတာနိ၊ ယညတ္ထာယ ဥပဋ္ဌိတာ။

၃။ ဥက္ကာမုခပဟဋ္ဌောဝ၊ ခဒိရင်္ဂါရသန္နိဘော။
ဥဒယန္တောဝ သူရိယော၊ ပုဏ္ဏမာ ယေဝ စန္ဒိမာ။

၄။ သိဒ္ဓတ္ထော သဗ္ဗသိဒ္ဓတ္ထော၊ တိလောကမဟိတော ဟိတော။
ဥပဂန္တွာန သမ္ဗုဒ္ဓေါ၊ ဣဒံ ဝစန မဗြဝိ။

၅။ အဟိံသာ သဗ္ဗပါဏီနံ၊ ကုမာရ မမ ရုစ္စတိ။
ထေယျာစ အတိစာရာစ၊ မဇ္ဇပါနာ စ အာရတိ။

၆။ ရတိ စ သမစရိယာယ၊ ဗာဟုသစ္စံ ကတညုတာ။
ဒိဋ္ဌေ ဓမ္မေ ပရတ္ထစ၊ ဓမ္မာ ဧတေ ပသံသိယာ။

၇။ ဧတေ ဓမ္မေ ဘာဝယိတွာ၊ သဗ္ဗသတ္တဟိတေ ရတော။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဘာဝေဟိ မဂ္ဂမုတ္တမံ။

၈။ ဣဒံ ဝတွာန သဗ္ဗညူ၊ လောကဇေဋ္ဌော နရာသဘော။
မမေဝံ အနုသာသိတွာ၊ ဝေဟာသံ ဥဂ္ဂတော ဂတော။

၉။ ပုဗ္ဗေ စိတ္တံ ဝိသောဓေတွာ၊ ပစ္ဆာ စိတ္တံ ပသာဒယိံ။
တေန စိတ္တပ္ပသာဒေန၊ တုသိတံ ဥပပဇ္ဇဟံ။

၁၀။ စတုန္နဝုတိတော ကပ္ပေ၊ ယဒါ စိတ္တံ ပသာဒယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။

၁၁။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၉၆)

## ၄။ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သုမေဓေ အဂ္ဂပုဂ္ဂလေ။
ပသန္နစိတ္တော သုမနော၊ ထူပပူဇံ အကာသဟံ။
၂။ ယေစ ခီဏာသဝါ တတ္ထ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တေ ဟံ တတ္ထ သမာနေတွာ၊ သံဃဘတ္တံ အကာသဟံ။
၃။ သုမေဓဿ ဘဂဝတော၊ ဥပဋ္ဌာကော တဒါ အဟု။
သုမေဓော နာမ နာမေန၊ အနုမောဒိတ္ထ သော တဒါ။
၄။ တေန စိတ္တပ္ပသာဒေန၊ ဝိမာနံ ဥပပဇ္ဇဟံ။
ဆဠာသီတိ သဟဿာနိ၊ အစ္ဆရာယော ရမိံသု မေ။
၅။ မမေဝ အနုဝတ္တန္တိ၊ သဗ္ဗကာမေဟိ တာ သဒါ။
အညေ ဒေဝေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၆။ ပဉ္စဝီသတိ ကပ္ပမှိ၊ ဝရုဏော နာမ ခတ္တိယော။
ဝိသုဒ္ဓဘောဇနော အာသိံ၊ စက္ကဝတ္တီ အဟံ တဒါ။
၇။ န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။
၈။ တတ္ထ ရဇ္ဇံ ကရိတွာန၊ ဒေဝတ္တံ ပုန ဂစ္ဆဟံ။
တဒါပိ ဧဒိသာ မယှံ၊ နိဗ္ဗတ္တာ ဘောဂသမ္ပဒါ။
၉။ န မံ မိတ္တာ အမိတ္တာဝါ၊ ဟိံသန္တိ သဗ္ဗပါဏိနော။
သဗ္ဗေသမ္ပိ ပိယော ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။
၁၀။ တိံသကပ္ပသဟဿမှိ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဂန္ဓာလေပဿိဒံ ဖလံ။
၁၁။ ဣမသ္မိံ ဘဒ္ဒကေ ကပ္ပေ၊ ဧကော အာသိံ ဇနာဓိပေါ။
မဟာနုဘာဝေါ ရာဇာဟံ၊ စက္ကဝတ္တီ မဟဗ္ဗလော။
၁၂။ သောဟံ ပဉ္စသု သီလေသု၊ ဌပေတွာ ဇနတံ ဗဟုံ။
ပါပေတွာ သုဂတိံယေဝ၊ ဒေဝတာနံ ပိယော အဟုံ။
၁၃။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၆၅)

## ၅။ ဥဒယသုတ် (သံ၊ ပါ၊ ၁၊ ၁၇၅)

သာဝတ္ထိ နိဒါနံ။

အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။

အထခေါ ဥဒယော ဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေသိ။

ဒုတိယမ္ပိ ခေါ ဘဂဝါ (ပ) တေနုပသင်္ကမိ၊

တတိယမ္ပိခေါ ဥဒယောဗြာဟ္မဏော ဘဂဝတော ပတ္တံ ဩဒနေန ပူရေတွာ ဘဂဝန္တံ ဧတဒဝေါစ

"ပကဋ္ဌကောယံ သမဏောဂေါတမော ပုနပ္ပုနံအာဂစ္ဆတီ"တိ။

၁။ ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊
ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊
ပုနပ္ပုနံ ဓညံ မုပေတိ ရဋ္ဌံ။

၂။ ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊
ပုနပ္ပုနံ သဂ္ဂ မုပေန္တိ ဌာနံ။

၃။ ပုနပ္ပုနံ ခီရနိကာ ဒုဟန္တိ၊
ပုနပ္ပုနံ ဝစ္ဆော ဥပေတိ မာတရံ။
ပုနပ္ပုနံ ကိလမတိ ဖန္ဒတိစ၊
ပုနပ္ပုနံ ဂဗ္ဘ မုပေတိ မန္ဒော။

၄။ ပုနပ္ပုနံ ဇာယတိ မီယတိစ၊
ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဉ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊
န ပုနပ္ပုနံ ဇာယတိ ဘူရိပညော။

ဧဝံဝုတ္တေ ဥဒယော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘော ဂေါတမ (ပ) သရဏံဂတ"န္တိ။

E 33 R

## ၆။ ဂိဟိသာမီစိသုတ္တန်

အထခေါ အနာထပိဏ္ဍိကော ဂဟပတိ ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ဧကမန္တံ နိသိန္နံ ခေါ အနာထပိဏ္ဍိကံ ဂဟပတိံ ဘဂဝါ ဧတဒဝေါစ– စတူဟိ ခေါ ဂဟပတိ ဓမ္မေဟိ သမန္နာဂတော၊ အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကံ။

ကတမေဟိ စတူဟိ——

၁။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ စီဝရေန။

၂။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ ပိဏ္ဍပါတေန။

၃။ ဣဓ ဂဟပတိ အရိယသာဝကော ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတော ဟောတိ သေနာသနေန။

၄။ ဣဓ ဂဟပတိ အရိယသာဝကော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန။

ဣမေဟိ ခေါ ဂဟပတိ စတူဟိဓမ္မေဟိသမန္နာဂတော အရိယသာဝကော ဂိဟိသာမီစိပဋိပဒံ ပဋိပန္နော ဟောတိ ယသောပဋိလာဘိနိံ သဂ္ဂသံဝတ္တနိကန္တိ။

* ဂိဟိသာမီစိပဋိပဒံ၊ ပဋိပဇ္ဇန္တိ ပဏ္ဍိတာ။
သမ္ပန္နေ သီလဝန္တေ၊ စီဝရေန ဥပဋ္ဌိတာ။
ပိဏ္ဍပါတသယနေန၊ ဂိလာနပ္ပစ္စယေနစ။

* တေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
သဂ္ဂဉ္စ ကမတိဋ္ဌာနံ၊ ကမ္မံ ကတွာန ဘဒ္ဒကန္တိ။
(အံ၊ ပါ၊ ၁၊ ၃၇၆)

## ၇။ သုမနာဝေဠိယတ္ထေရအပဒါန

၁။ ဝေဿဘုဿ ဘဂဝတော လောကဇေဋ္ဌဿ တာဒိနော။
သဗ္ဗေဇနာ သမာဂမ္မ၊ မဟာပူဇံ ကရောန္တိ တေ။

၂။ သုဓာယ ပိဏ္ဍံ ကတွာန၊ အာဝေဠံ သုမနာယဟံ။
သီဟာသနဿ ပုရတော၊ အဘိရောပေသဟံ တဒါ။

၃။ သဗ္ဗေဇနာ သမာဂမ္မ၊ ပေက္ခန္တိ ပုပ္ဖမုတ္တမံ။
ကေနိဒံ ပူဇိတံ ပုပ္ဖံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။

၄။ တေနစိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
အနုဘောမိ သကံကမ္မံ၊ ပုဗ္ဗေ သုကတမတ္တနော။

၅။ ယံ ယံ ယောနု' ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေသာနံ ပိယော ဟောမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

၆။ နာဘိဇာနာမိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။
သံယတာနံ တပဿီနံ၊ ကတံ အက္ကောသိတံ မယာ။

၇။ တေန သုစရိတေနာ ဟံ၊ စိတ္တဿ ပဏိဓီဟိ စ။
သဗ္ဗေသံ ပူဇိတော ဟောမိ၊ အနက္ကောသဿိဒံ ဖလံ။

၈။ ဣတော ကောဒသေ ကပ္ပေ၊ သဟဿာရောသိခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၉။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၃၀၁)

## ဆ။ သယနဒါယကတ္ထေရအပဒါနံ

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ ပါဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ တေန သယနဒါနေန၊ သုခေတ္တေ ဗီဇသမ္ပဒါ။
ဘောဂါ နိဗ္ဗတ္တရေ တဿ၊ သယနဿ ဣဒံဖလံ။

၃။ အာကာသေ သေယျံ ကပ္ပေမိ၊ ဓာရေမိ ပထဝိံ ဣမံ။
ပါဏေသု မေ ဣဿရိယံ၊ သယနဿ ဣဒံ ဖလံ။

၄။ ပဉ္စကပ္ပသဟဿမှိ၊ အဋ္ဌ အာသုံ မဟာတေဇာ၊
စတုတ္တိံသေ ကပ္ပသတေ၊ စတုရော စ မဟဗ္ဗလာ။

၅။ ပဋိသမ္ဘိဒါ စတဿော၊ (ပ) သာသနံ။ (အပဒါန၊ ပါ၊ ၁၊ ၁၁၆)

## ဇ။ ဓဇဒါယကတ္ထေရအပဒါနံ

၁။ တိဿော နာမ အဟု သတ္ထာ၊ လောကဇေဋ္ဌော နရာသဘော။
တယော ပမိက္ခယေ ဒိသွာ၊ ဓဇံ အာရောပိတံ မယာ။

၂။ တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

၃။ သတာနံ တီဏိက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇံ အကာရယိံ။
သတာနံ ပဉ္စက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။

၄။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၅။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓဇဒါနဿိဒံ ဖလံ။

၆။ ဣစ္ဆမာနော စ ဟံ အဇ္ဇ၊ သကာနနံ သပဗ္ဗတံ။
ခေါမဒုဿေန ဆာဒေယျံ၊ တဒါ မယှံ ကတေ ဖလံ။

၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၃၁၉၊ ၃၂၀)

## ၁၀။ သေတစ္ဆတ္တိယတ္ထေရအပဒါနံ

၁။ ...င်္ဂါရဇာတာ ပထဝီ ကုက္ကုဠာနုဂတာ မဟီ။
...ဒုမုတ္တရော ဘဂဝါ၊ အဗ္ဘောကာသမှိ စင်္ကမိ။

၂။ ပဏ္ဍရံ ဆတ္တမာဒါယ၊ အဒ္ဓါနံ ပဋိပဇ္ဇဟံ။
တတ္ထ ဒိသွာန သမ္ဗုဒ္ဓံ၊ ဝိတ္တိ မေ ဥပပဇ္ဇထ။

၃။ မရီစိယောတ္ထဋာ ဘူမိ၊ အင်္ဂါရာဝ မဟီ အယံ။
ဥပဟန္တိ မဟာဝါတာ၊ သရီရဿာ သုခေပနာ။

၄။ သီတံ ဥဏှံ ဝိဟနန္တံ၊ ဝါတာတပနိဝါရဏံ။
ပဋိဂ္ဂဏှ ဣမံ ဆတ္တံ၊ ဖဿယိဿာမိ နိဗ္ဗုတိံ။

၅။ အနုကမ္ပကော ကာရုဏိကော၊ ပဒုမုတ္တရော မဟာယသော။
မမ သင်္ကပ္ပ မညာယ၊ ပဋိဂ္ဂဏှိ တဒါ ဇိနော။

၆။ တိံသကပ္ပာနိ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သတာနံ ပဉ္စကတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။

၇။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သကံ ကမ္မံ၊ ပုဗ္ဗေ သုကတ မတ္တနော။

၈။ အယံ မေ ပစ္ဆိမာ ဇာတိ၊ စရိမော ဝတ္တတေ ဘဝေါ။
အဇ္ဇာပိ သေတစ္ဆတ္တံ မေ၊ သဗ္ဗကာလံ ဓရီယတိ။

၉။ သတသဟဿိတော ကပ္ပေ၊ ယံ ဆတ္တ မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဆတ္တဒါနဿိဒံ ဖလံ။

၁၀။ ကိလေသာ (ပ) အနာသဝေါ။
၁၁။ သွာဂတံ ဝတ (ပ) သာသနံ။
၁၂။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၂၊ ၃၅၊ ၃၆)

## ၁၁။ ခဇ္ဇကဒါယကတ္ထေရအပဒါန

၁။ တိဿဿ ခေါ ဘဂဝတော၊ ပုဗ္ဗေ ဖလ မဒါသဟံ။
နာဠိကေရဉ္စ ပါဒါသိံ၊ ခဇ္ဇကံ အဘိသမ္မတံ။
၂။ ဗုဒ္ဓဿ တမဟံ ဒတွာ၊ တိဿဿ တု မဟေသိနော။
မောဒါမဟံ ကာမကာမီ၊ ဥပပဇ္ဇိံ ယမိစ္ဆကံ။
၃။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဖလဒါနဿိဒံ ဖလံ။
၄။ ဣတော တေရသကပ္ပမှိ၊ ရာဇာ ဣန္ဒသမော အဟု။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။
၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁၊ ၂၀၂)

## ၁၂။ ပဉ္စဒီပကတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ သဗ္ဗဘူတာနုကမ္ပိနော။
သဒ္ဓဟိတွာန သဒ္ဓမ္မေ၊ ဥဇုဒိဋ္ဌိ အဟောသဟံ။
၂။ ပဒီပဒါနံ ပါဒါသိံ၊ ပရိဝါရေတွာန ဗောဓိယံ။
သဒ္ဒဟန္တော ပဒီပါနိ၊ အကရိံ တာဝဒေ အဟံ။
၃။ ယံ ယံ ယောနုံ ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာကာသေ ဥက္ကံ ဓာရေန္တိ၊ ဒီပဒါနဿိဒံ ဖလံ။
၄။ တိရောကုဋ္ဋံ တိရောသေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ ဒဿနံ အနုဘောမဟံ။
၅။ တေနကမ္မာဝသေသေန၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ ဒီပဒိန္နဿ သာသနေ။
၆။ စတုတ္တိံသေကပ္ပသတော၊ သတစက္ခုသနာမကာ။
ရာဇ ဟေသုံ မဟာတေဇာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။
၇။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၁၉၊ ၁၂၀)

## ၁၃။ ကေဓမ္မသာဝနီယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၂၊ ၁၀)

၁။ ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
စတုသစ္စံ ပကာသေန္တော၊ သန္တာရေသိ ဗဟုံ ဇနံ။

၂။ အဟံတေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။
ဓုနန္တော ဝါကစီရာနိ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

၃။ ဗုဒ္ဓသေဋ္ဌဿ ဥပရိ၊ ဂန္တုံ န ဝိသဟာမဟံ။
ပက္ခီဝ သေလမာသဇ္ဇ၊ ဂမနံ နလဘာမဟံ။

၄။ ဥဒကေ ဝေါက္ကမိတွာန၊ ဧဝံ ဂစ္ဆာမိ အမ္ဗရေ။
န မေ ဣဒံ ဘူတပုဗ္ဗံ၊ ဣရိယာပထဝိကောပနံ။

၅။ ဟန္ဒ မေတံ ဂဝေသိဿံ၊ အပ္ပေဝဏ္ဏံ လဘာမဟံ။
ဩရောဟန္တော အန္တလိက္ခာ၊ သဒ္ဒမဿောသိ သတ္ထုနော။

၆။ သရေန ရဇနီယေန၊ သဝနီယေန ဝဂ္ဂုနာ။
အနိစ္စတံ ကထေန္တဿ၊ တညေဝ ဥဂ္ဂဟိံ တဒါ။
အနိစ္စသညာ ဥဂ္ဂယှ၊ အဂမာသိ မမဿမံ။

၇။ ယာဝတာယုံ ဝသိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။
စရိမေ ဝတ္တမာနမှိ၊ သဒ္ဓမ္မဿဝနံ သရိံ။

၈။ တေနကမ္မေန သုကတေန၊ စေတနာပဏိဓီဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

၉။ တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိံ အဟံ။
ဧကပညာသက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇမကာရယိံ။

၁၀။ ဧကသတ္တတိက္ခတ္တုဉ္စ၊ စက္ကဝတ္တီ အဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။

၁၁။ အနုဘောမိ သကံ ပုညံ၊ သုခိတောဟံ ဘဝါဘဝေ။
အနုဿရာမိ တံသညံ၊ သံသရန္တော ဘဝါဘဝေ။
န ကောဋိံ ပဋိဝိဇ္ဈာမိ၊ နိဗ္ဗာနံ အစ္စုတံ ပဒံ။

၁၂။ ပိတုဂေဟေ နိသီဒိတွာ၊ သမဏော ဘာဝိတိန္ဒြိယော။
ကထံသ ပရိဒီပေန္တော၊ အနိစ္စ တ မုဒါဟရိ။

၁၃။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပာဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၁၄။ သဟ ဂါထံ သုဏိတွာန၊ ပုဗ္ဗသည မနုဿရိံ။
ကောသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။

၁၅။ ဓာတိယာ သတ္တဝဿေန၊ အရဟတ္တ မပါပုဏိံ။
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဓမ္မဿဝနသိဒ္ဒံ ဖလံ။

၁၆။ သတာသဟာဿိတော ကပ္ပေ၊ ယံ ဓမ္မ မသုဏိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓမ္မဿဝနသိဒ္ဒံ ဖလံ။

၁၇။ ကိလေသာ (ပ) အနုသာသနေါ်။

၁၈။ သွာဂတံဝတ (ပ) သာသနံ။

၁၉။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ၁၄။ သပရိဝါရာသနတ္ထေရအပဒါန

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ ပိဏ္ဍပါတံ အဒါသဟံ။
ဂန္တွာ ကိလိဋ္ဌကံ ဠာနိ၊ မလ္လိကာဟိ ပရိက္ခိတံ။

၂။ တမှာသနမှိ အာသီနော၊ ဗုဒ္ဓေါ လောကဂ္ဂနာယကော။
အကိတ္တယိ ပိဏ္ဍပါတံ၊ ဥဇုဘူတော သမာဟိတော။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

၄။ တထေဝါယံ ပိဏ္ဍပါတော၊ သုခေတ္တေ ရောပိတော တယာ။
ဘဝေ နိဗ္ဗတ္တမာနမှိ၊ ဖလံ တေ တောသယိဿတိ။

၅။ ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ လေဇုတ္တမ နာမကော။
ပဏ္ဍပါတံ ဂဟေတွာန၊ ပက္ကာမိ ဥတ္တရာမုခေါ။

၆။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသု စ ပဉ္စသု။
ပဝိဝေကာ မနုယုတ္တော၊ ဝိဟရာမိ အနာသဝေါ။

၇။ ပဋ္ဌိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါဠိ၊ ၁–၁၁၉)

## ၁၅။ မေဏ္ဍကပိယတ္ထေရအပဒါန

၁။ ယဒါ ဒီပင်္ကရော ဗုဒ္ဓေါ၊ သုမေဓံ ဗျာကရိ ဇိနော။
အပရိမေယျေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
၂။ ဣမဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော။
၃။ ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။
အဿတ္ထမူလေ သမ္ဗုဒ္ဓေါ၊ ဗုဇ္ဈိဿတိ မဟာယသော။
၄။ ဥပတိဿော ကောလိတော စ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
အာနန္ဒော နာမ နာမေန၊ ဥပဋ္ဌိဿတိ မံ ဇိနံ။
၅။ ခေမာ ဥပ္ပလဝဏ္ဏာ စ၊ အဂ္ဂါ ဟေဿန္တိ သာဝိကာ။
စိတ္တော အာဠဝကော စေဝ၊ အဂ္ဂါ ဟေဿန္တု ပါသကာ။
၆။ ခုဇ္ဇုတ္တရာ နန္ဒမာတာ၊ အဂ္ဂါ ဟေဿန္တု ပါသိကာ။
ဗောဓိ ဣမဿ ဝီရဿ၊ အဿတ္ထောတိ ပဝုစ္စတိ။
၇။ ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ နမဿန္တိ ကတဉ္ဇလီ။
၈။ တဒါဟံ မာဏဝေါ အာသိံ၊ မေဃော နာမ သုသိက္ခိတော။
သုတွာ ဗျာကရဏံ သေဋ္ဌံ၊ သုမေဓဿ မဟာမုနေ။
၉။ သံဝိသဋ္ဌော ဘဝိတွာန၊ သုမေဓေ ကရုဏာလယေ။
ပဗ္ဗဇန္တဉ္စ တံ ဝီရံ၊ သဟာဝ အနုပဗ္ဗဇိံ။
၁၀။ သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသု စ ပဉ္စသု။
သုဒ္ဓါဇီဝေါ သတော ဝီရော၊ ဇိနသာသနကာရကော။
၁၁။ ဧဝံ ဝိဟရမာနောဟံ၊ ပါပမိတ္တေန ကေနစိ။
နိယောဇိတော အနာစာရေ၊ သုမဂ္ဂါ ပရိဓံသိတော။

၁၂။ ဝိတက္ကဝသိကော ဟုတွာ၊ သာသနတော အပက္ကမိ။
ပဏ္ဍာ တေန ကုမိတ္တေန၊ ပယုတ္တော မာတုယာတနံ။
၁၃။ အဂါရံ အာနန္ဒရိယံ၊ ယာတယိ ဒုဋ္ဌမာနသော။
တတော စုတော မဟာဝီစိံ၊ ဥပပန္နော သုဒါရုဏံ။
၁၄။ ဝိနိပါတဂတော သန္တော၊ သံသရံ ဒုက္ခိတော စိရံ။
န ပုနော အဒ္ဒသံ ဝီရံ၊ သုမေဓံ နရပုင်္ဂဝံ။
၁၅။ အသ္မိံ ကပ္ပေ သမုဒ္ဒမှိ၊ မစ္ဆော အာသိံ တိမင်္ဂလော။
ဒိသွာ ဟံ သာဂရေ နာဝံ၊ ဂေါစရတ္ထ မုပါဂမိံ။
၁၆။ ဒိသွာ မံ ဝါဏိဇာ သီတာ၊ ဗုဒ္ဓသေဋ္ဌ မနုဿရုံ။
ဂေါတမောတိ မဟာ ဃောသံ၊ သုတွာ တေဟိ ဥဒီရိတံ။
၁၇။ ဗုဒ္ဓသညံ သရိတွာန၊ တတော ကာလင်္ကတော အဟံ။
သာဝတ္ထိယံ ကုလေ ဣဒ္ဓေ၊ ဇာတော ဗြာဟ္မဏဇာတိယံ။
၁၈။ အာသိံ ဓမ္မရုစိ နာမ၊ သဗ္ဗပါပဇိဂုစ္ဆကော။
ဒိသွာဟံ လောကပဇ္ဇောတံ၊ ဇာတိယာ သတ္တဝဿိကော။
၁၉။ မဟာဇေတဝနံ ဂန္တွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
ဥပေမိ ဗုဒ္ဓံ တိက္ခတ္တုံ၊ ရတ္တိယာ ဒိဝသဿ စ။
၂၀။ တဒါ ဒိသွာ မုနိ အာဟ၊ စိရံ ဓမ္မရုစီတိ မံ။
တတော ဟံ အဝစံ ဗုဒ္ဓံ၊ ပုဗ္ဗကမ္မပဘာဝိတံ။
၂၁။ သုစိရံ သတပုညလက္ခဏံ၊ ပတိပုဗ္ဗေန ဝိသုဒ္ဓပစ္စယံ။
အဟ မဇ္ဇ သုပေက္ခနံ ဝတ၊ တဝ ပဿာမိ နိရုပမံ ဝိဂ္ဂဟံ။
၂၂။ သုစိရံ ဝိဟတတ္တမော မယာ၊ သုစိရက္ခေန နဒီ ဝိသောသိတာ။
သုစိရံ အမလံ ဝိသောဓိတံ၊ နယနံ ဉာဏမယံ မဟာမုနေ။
၂၃။ စိရကာလသမင်္ဂိတော တယာ၊
အဝိနဋ္ဌော ပုနရန္တရံ စိရံ။
ပုန ရဇ္ဇသမာဂတော တယာ၊
န ဟိ နဿန္တိ ကတာနိ ဂေါတမ။
၂၄။ ကိလေသာ (ပ) အနာသဝေါ။
၂၅။ သွာဂတံ (ပ) သာသနံ။
၂၆။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

## ဓမ္မရုစိယတ္ထေရအပဒါန
## အဋ္ဌကထာကောက်နုတ်ချက်

ယဒါ သုမေဓပဏ္ဍိတော ဒီပင်္ကရဒသဗလဿ သန္တိကာ ဗျာကရဏံ လဘိ။ တဒါ အယံ မေဃော နာမ ဗြာဟ္မဏမာဏဝေါ ဟုတွာ သုမေဓတာပသေန သဟ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ သိက္ခာပဒေသု သိက္ခိတော ကေနစိ ပါပသဟာယေန သံသဋ္ဌော သံသဂ္ဂဒေါသေန ပါပဝိတက္ကာဒိဝသံ ဂတော မာတုဃာတကမ္မံ ကတွာ တေန နရကေ အဂ္ဂိဇာလာဒိဒုက္ခမနုဘဝိတွာ တတော စုတော သမုဒ္ဒေ တိမိင်္ဂလမဟာမစ္ဆော ဟုတွာ နိဗ္ဗတ္တော။

သမုဒ္ဒမဇ္ဈေ ဂစ္ဆန္တံ မဟာနာဝံ ဂိလိတုကာမော ဂတော၊ ဒိသွာ မံ ဝါဏိဇာ ဘီတာ "အဟော ဂေါတမော ဘဂဝါ" တိ သဒ္ဒ မကံသု။

အထ မဟာမစ္ဆော ပုဗ္ဗဝါသနာဝသေန ဗုဒ္ဓဂါရဝံ ဥပ္ပာဒေတွာ တတော-စုတော သာဝတ္ထိယံ ဝိဘဝသမ္ပန္နော ဗြာဟ္မဏကုလေ နိဗ္ဗတ္တော သဒ္ဓေါ ပသန္နော သတ္ထုဓမ္မဒေသနံ သုတွာ ပဗ္ဗဇိတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ ဒိဝသဿ တိက္ခတ္တုံ ဥပဋ္ဌာနံ ဂန္တွာ သရမာနော ဝန္ဒတိ။

တဒါ ဘဂဝါ "စိရံ ဓမ္မရုစီ"တိ မံ အာဟ။

အထ သော ထေရော "သုစိရံ သတပုညလက္ခဏာ"န္တိ အာဒီဟိ ဂါထာဟိ ထောမေသိ။

ဂေါတမ သဗ္ဗညု ဗုဒ္ဓ တယာ သဒ္ဓိံ ကတာနိ သမာဂမာဒီနိ န ဟိ နဿန္တိ ယာဝ ခန္ဓပရိနိဗ္ဗာနာ နဝိနာ ဘဝိဿန္တီတိ အတ္ထော။

(အပဒါန၊ ဋ္ဌ၊ ၂၊ ၂၁၀၊ ၂၁၁၊ ၂၁၂)

## ၁၆။ အဝိမုတ္တတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ။
ဥပဋ္ဌဟိံ ဘိက္ခုသံဃံ၊ ဝိပ္ပသန္နေန စေတသာ။

၂။ နိမန္တေတွာ ဘိက္ခုသံဃံ၊ ဥဇုဘူတံ သမာဟိတံ။
ဥစ္ဆုနာ မဏ္ဍပံ ကတွာ၊ ဘောဇေသိံ သံဃမုတ္တမံ။

၃။ ယံ ယံ ယောနု' ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
သဗ္ဗေ သတ္တေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။

၄။ အဋ္ဌာရသေ ကပ္ပသတေ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥစ္ဆုဒါနဿိဒံ ဖလံ။

၅။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁–၉၈)

## ၁၇။ ဂန္ဓောဒကိယတ္ထေရအပဒါန

(အပဒါန၊ ပါ၊ ၁–၁၁၇)

၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟု။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒက မဒါသဟံ။

၂။ နှာနကာလေစ ဗောဓိယာ၊ မဟာမေဃော ပဝဿထ။
နိန္နာဒေါစ မဟာ အာသိ၊ အသနိယာ ဖလန္တိယာ။

၃။ တေနေဝါ သနိဝေဂေန၊ တတ္ထ ကာလင်္ကတော အဟံ။
ဒေဝလောကေ ဌိတောသန္တော၊ ဣမာ ဂါထာ အဘာသဟံ။

၄။ အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသမ္ပဒါ။
ကဠေဝရံ မေ ပတိတံ၊ ဒေဝလောကေ ရမာမဟံ။

၅။ ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

၆။ အဗာဓာ မေ နဝိဇ္ဇန္တိ၊ သောကော မယှံ နဝိဇ္ဇတိ။
ပရိဠာဟံ နပဿာမိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ အဋ္ဌဝီသေ ကပ္ပသတေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

## ၁၈။ အာယာဂဒါယကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိခိမှိ ဝဒတံ ဝရေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အဝန္ဒိံ ထူပမုတ္တမံ။

၂။ ဝဍ္ဍကီဟိ ကထာပေတွာ၊ မူလံ ဒတွာနဟံ တဒါ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာယာဂံ ကာရပေသ'ဟံ။

၃။ အဋ္ဌကပ္ပာနိ ဒေဝေသု၊ အဗ္ဘောကိဏ္ဏံ ဝသိံ အဟံ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သံသရိံ အဟံ။

၄။ ကာယေ ဝိသံ နကမတိ၊ သတ္ထာနိ န စ ဟန္တိ မေ။
ဥဒကေ ဟံ န မိယျာမိ၊ အာယာဂဿ ဣဒံဖလံ။

၅။ ယဒိစ္ဆာမိ အဟံ ဝဿံ၊ မဟာမေဃော ပဝဿတိ။
ဒေဝါပိ မေ ဝသံ ဧန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၆။ သတ္တရတနသမ္ပန္နော၊ တိံသက္ခတ္တုံ အဟောသဟံ။
န မံ ကေစာ'ဝဇာနန္တိ၊ ပုညကမ္မဿိဒံ ဖလံ။

၇။ ဧကတ္တိံသေ ဣတော ကပ္ပေ၊ အာယာဂံ ယ မကာရယိံ။
ဥဂ္ဂတိံ နာဘိဇာနာမိ၊ အာယာဂဿ ဣဒံ ဖလံ။

၈။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁-၉၈)

## ၁၉။ ပဒသညကတ္ထေရအပဒါန

၁။ အက္ကန္တဉ္စ ပဒံ ဒိသွာ၊ တိဿဿာဒိစ္စဗန္ဓုနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဒေ စိတ္တံ ပသာဒယိံ။

၂။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ သည မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဒသညာယိဒံ ဖလံ။

၃။ ဣတော သတ္တမကေ ကပ္ပေ၊ သုမေဓော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။ (အပဒါန၊ ပါဠိ၊ ၁-၁၃၂)

## ၂၀။ ကောသနိယတ္ထေရအပဒါန

၁။ ဝရုဏောနာမ နာမေန၊ ဒေဝရာဇာ အဟံ တဒါ၊
ဥပဋ္ဌဟေသိံ သမ္ဗုဒ္ဓံ၊ သယောဂ္ဂဗလဝါဟနော။

၂။ နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿိ နရုတ္တမေ၊
တူရိယံ သဗ္ဗမာဒါယ၊ အဂမံ ဗောဓိ မုတ္တမံ။

၃။ ဝါဒိတေန စ နစ္စေန၊ သမ္မတာဠ သမာဟိတော၊
သမ္မုခါဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌိံ ဗောဓိမုတ္တမံ။

၄။ ဥပဋ္ဌဟိတွာ တံဗောဓိံ၊ ဓရဏီရုဟပါဒပံ၊
ပလ္လင်္ကံ အာဘုဇိတွာန၊ တတ္ထ ကာလင်္ကတော အဟံ။

၅။ သကကမ္မာ ဘိရဒ္ဓေါဟံ၊ ပသန္နာ ဗောဓိမုတ္တမေ၊
တေနစိတ္တပ္ပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။

၆။ သဋ္ဌိတူရိယသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ၊
မနုဿေသု စ ဒေဝေသု၊ ဝတ္တမာနံ ဘဝါဘဝေ။

၇။ တိဝိဓဂ္ဂီ နိဗ္ဗုတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ၊
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

၈။ သုဗာဟူနာမ နာမေန၊ စတုတ္တိံသာသု ခတ္တိယာ၊
သတ္တရတနသမ္ပန္နာ၊ ပဉ္စကပ္ပသတေ ဣတော။

၉။ ပဋိသမ္ဘိဒါ စတဿော (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၁၆၃)

## ၂၁။ ဓာတုပူဇကတ္ထေရအပဒါန

၁။ နိဗ္ဗုတေ လောကနာထမှိ၊ သိဒ္ဓတ္ထမှိ နရုတ္တမေ။
ဧကာ ဓာတု မယာ လဒ္ဓါ၊ ဒွိပဒိန္ဒဿ တာဒိနော။

၂။ တာဟံ ဓာတုံ ဂဟေတွာန၊ ဗုဒ္ဓဿာဒိစ္စ ဗန္ဓုနော။
ပဉ္စဝဿေ ပရိစရိံ၊ တိဋ္ဌန္တံဝ နရုတ္တမံ။

၃။ စတုနဝုတိတော ကပ္ပေ၊ ယံ ဓာတုံ ပူဇယိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဓာတုပဋ္ဌဟနေ ဖလံ။

၄။ ပဋိသမ္ဘိဒါ (ပ) သာသနံ။

(အပဒါန၊ ပါ၊ ၁၊ ၂၅၂)

## ၂၂။ အနိစ္စလက္ခဏာဝတ္ထု

သဗ္ဗေသင်္ခါရာ အနိစ္စာတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ ဂန္တွာ အရညေ ဝါယမန္တာပိ အရဟတ္တံ အပ္ပတွာ “ဝိသေသေတွာ ကမ္မဋ္ဌာနံ ဥဂ္ဂဏှိဿာမာ”တိ သတ္ထု သန္တိကံ အာဂမိံသု။

သတ္ထာ “ကိံနုခေါ ဣမေသံ သပ္ပာယ” န္တိ ဝီမံသန္တော “ဣမေ ကဿပဗုဒ္ဓကာလေ ဝီသတိဝဿသဟဿာနိ အနိစ္စ လက္ခဏေ အနုယုဉ္ဇိံသု၊ တသ္မာ အနိစ္စလက္ခဏေနေဝ ဧတေသံ ဧကံ ဂါထံ ဒေသေတုံ ဝဋ္ဋတီ”တိ စိန္တေတွာ “ဘိက္ခဝေ ကာမဘဝါဒီသု သဗ္ဗေပိ သင်္ခါရာ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ ဧဝါ”တိ ဝတွာ ဣမံ ဂါထမာဟ–

“သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ”တိ။

ဒေသနာဝသာနေ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု၊
သမ္ပတ္တပရိသာနမ္ပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသီတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၅၅)

## ၂၃။ ဒုက္ခလက္ခဏဝတ္ထု

ဒုတိယဂါထာယပိ ဧဝမေဝ ဝတ္ထု။

တဒါ ဟိ ဘဂဝါ တေသံဘိက္ခူနံ ဒုက္ခလက္ခဏေ ကတာဘိယောဂဘာဝံ ဉတွာ “ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ ပဋိပီဠနဋ္ဌေန ဒုက္ခာဝေါ”တိ ဝတွာ ဣမံဂါထမာဟ–

“သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ”တိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၅)

## ၂၄။ အနတ္တလက္ခဏဝတ္ထု

တတိယဂါထာယပိ ဧသေဝနယော။

ကေဝလဉှိ ဧတ္ထ ဘဂဝါ တေသံ ဘိက္ခူနံ ပုဗ္ဗေအနတ္တလက္ခဏေ အနုယုတ္တဘာဝံ ဉတွာ “ဘိက္ခဝေ သဗ္ဗေပိ ခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာဝေါ”တိ ဝတွာ ဣမံဂါထ မာဟ–

“သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ”တိ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၆)

## ၂၅။ ပဉ္စသတဘိက္ခုဝတ္ထု

ဝဿိကာ ဝိယ ပုပ္ဖာနီတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စသတေ ဘိက္ခူ အာရဗ္ဘ ကထေသိ။

တေ ကိရ သတ္ထု သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ အရညေ သမဏဓမ္မံ ကရောန္တာ ပါတောဝ ပုပ္ဖိတာနိ ဝဿိကပုပ္ဖာနိ သာယံ ဝဏ္ဋတော မုစ္စန္တာနိ ဒိသွာ “ပုပ္ဖာနံ ဝဏ္ဋေဟိ မုစ္စနတော မယံ ပဌမတရံ ရာဂါဒီဟိ မုစ္စိဿာမာ”တိ ဝါယမိံသု။

သတ္ထာ တေ ဘိက္ခူ ဩလောကေတွာ “ဘိက္ခဝေ ဘိက္ခုနာ နာမ ဝဏ္ဋတော မုစ္စနပုပ္ဖေန ဝိယ ဒုက္ခတော မုစ္စိတုံ ဝါယမိတဗ္ဗမေဝါ”တိ ဝတွာ ဂန္ဓကုဋိယံ နိသိန္နောဝ အာလောက် ဖရိတွာ ဣမံ ဂါထ မာဟ–

ဝဿိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ''တိ။

ဒေသနာဝသာနေ သဗ္ဗေပိ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသူတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၇၇)